WWW.DHAMMARANSI.COM

မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘုရားကြီး

# မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ



သာသနာ - ၂၅၅၅ ၂၀၁၁ ကောဇာ - ၁၃၇၃

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်မှ ရိုက်နှိပ်သည်။

WWW.DHAMMARANSI.COM

# နိုင်ငံတော်ဗုဒ္ဓသာသန

# မဟာဗုဒ္ဓဝင်

## ပဥ္စမတွဲ

---


တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ
ဦးစီးရေးသားသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၃၉ ကောဇာ-၁၃၅၇ ၁၉၉၅

WWW.DHAMMARANSI.COM

ဆဋ္ဌသံဂါယနာ ဝိသဇ္ဇက ဆရာတော်



ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ ဝဋ္ဋံသကာဘွဲ့
သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့
အစိုးရပဌမကျော်ဘွဲ့
ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋကကောဝိဒဘွဲ့
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက-ဘွဲ့ရ
အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်
ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်း ပြုစုနေပုံ

WWW.DHAMMARANSI.COM

# မဟာဗုဒ္ဓဝင် (ပဉ္စမတွဲ)


| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမအကြိမ် ရိုက်နှိပ်ခြင်း | အုပ်ရေ-၅၀၀၀ | ၁၉၇၁-ခုနှစ် |
| ဒုတိယအကြိမ် (ပြန်လည်)ရိုက်နှိပ်ခြင်း | အုပ်ရေ-၅၀၀၀ | ၁၉၈၆-ခုနှစ် |
| တတိယအကြိမ်(ပြန်လည်)ရိုက်နှိပ်ခြင်း | အုပ်ရေ-၃၀၀၀ | ၁၉၉၁-ခုနှစ် |
| စတုတ္ထအကြိမ် (ပြန်လည်)ရိုက်နှိပ်ခြင်း | အုပ်ရေ-၅၀၀၀ | ၁၉၉၅-ခုနှစ် |

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/၀၂၅၂၇)က
ပုံနှိပ်ထုတ်ဝေသည်။

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

# ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ကျမ်းပြုဆရာတော်



ဆဋ္ဌသံဂီတိဝိသဇ္ဇက
တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ
ဆရာတော်၏ပုံ

# ဗုဒ္ဓသာသနာ-မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ

# အသေးစိတ် မာတိကာ

## အခန်း-၃၈


အကြောင်းအရာ စာမျက်နှာ

မြတ်စွာဘုရား၏ ရှေးဘဝက မိဟောင်းဖဟောင်း ဖြစ်ခဲ့သော ပုဏ္ဏားကြီး ဇနီးမောင်နှံအကြောင်း .... ၁-၈
ဘုရားရှင်ကို မြင်လျှင်မြင်ခြင်း သားဟု ခေါ်ကြခြင်း၊ ပွေ့ဖက်၍ ငိုကြခြင်း၊ အိမ်သို့ပင့်၍ ဆွမ်းကျွေးခြင်း၊ သောတာပန် တည်ခြင်း၊ ဘုရားရှင်၏ ခမည်းတော် မယ်တော်၊ မိကြီးဖကြီး၊ မိထွေးဖထွေး-ဘဝပေါင်းရာစီ ဆက်ကာ ဖြစ်ခဲ့ကြပုံ၊ ပုဏ္ဏားကြီးဇနီးမောင်နှံ အထက် မဂ်သုံးပါးရ၍ ပရိနိဗ္ဗာန် စံကြခြင်း။

ပုဏ္ဏားကြီး ဇနီးမောင်နှံတို့၏ ပရိနိဗ္ဗာန်စံပွဲ၌ သတ္တဝါ ပေါင်း ရှစ်သောင်းလေးထောင် အကျွတ်တရားရခြင်း ၆-၈
ပုဏ္ဏားအမျိုးများနှင့် အရိယာသီတင်းသုံးဘော်တို့က ရုပ်ကလာပ်ကို ပြာသာဒ်ပန်းနှံ့သာတို့ဖြင့် ပူဇော်ခြင်း၊ မြတ်စွာဘုရား ကြွလာပြီး ဇရာသုတ်ကို ဟောတော် မူခြင်း။

မိတ္တဗုန္ဒိမည်သော ဝိဋ္ဋဋူဘမင်းအကြောင်း .... ၈-၄၄
ကျောင်းနေဘက်သုံးဦး—ပသေနဒီမင်းသား၊ မဟာ-လိမင်းသား၊ ဗန္ဓုလမင်းသား၊ မဟာလိမင်းသား မျက်စိပျက်၍ အခွန်တသိန်းထွက်သည့် တံခါးကိုအပိုင် စားရခြင်း၊ ဗန္ဓုလဓားစွမ်းပြပုံ၊ နောက်ဆုံးဝါးစည်း၌ သံချောင်းထည့်ထားပုံ၊ မလ္လမင်းတို့အလှည့်ကျ မင်း ပြုပုံ၊ ဗန္ဓုလ ကောသလမင်းထံ သွားရောက်ခြင်း၊ စစ် သေနာပတိ အခန့်ခံရခြင်း။

WWW.DHAMMARANSI.COM

## [ ၁ ] မဟာဝဂ္ဂပါဠိ ပဌမတွဲ


အကြောင်းအရာ — စာမျက်နှာ

ပသေနဒိကောသလမင်းကြီး သာသနာတော်နှင့် အကျွမ်းဝင်ရန် စီမံခြင်း .... .... ၁၀-၂၄
ဘုရားရှင်နှင့် သံဃာတထောင်ပင့်၍ ခုနစ်ရက် ဆွမ်းကျွေးခြင်း၊အရှင်အာနန္ဒာနှင့် ရဟန်းငါးရာကို နေ့စဉ်ဆွမ်းစားကြွရန် ပင့်ခြင်း၊ ခုနစ်ရက်ကျော်လျှင်မင်းကြီးမေ့နေ၍ ရဟန်းများ မကြွရောက်ကြပဲ အရှင်အာနန္ဒာတပါးသာကြွပုံ။

ကုလသုတ္တန်တရားတော် .... .... .... ၁၄-၁၆
ရဟန်းတော်များ ချဉ်းကပ်သင့်သောအိမ်နှင့် မချဉ်းကပ်သင့်သောအိမ်၊ ရဟန်းသံဃာနှင့် အကျွမ်းဝင်ရန် သာကီဝင်မင်းသမီးကို မိဖုရားမြှောက်လိုပုံ၊ ကျွန်မသမီး ဝါသဘခတ္တိယာကို သာကီဝင်တို့ကပေးလိုက်၍ မိဖုရားကြီး တင်မြှောက်ခြင်း၊ သားတော်ဝိဋူဍဘကို စစ်သူကြီးခန့်ခြင်း၊ ဝိဋူဍဘ ကပ္ပိလဝတ်သို့သွားခြင်း၊ ထိုင်သောပျဉ်ချပ်ကို နွားနို့ဖြင့်ဆေးခြင်း၊ သာကီဝင်တို့အား လက်စားချေ ရန် ကြံခြင်း၊ ကျွန်မမှန်းမင်းကြီးသိ၍ ဝါသဘခတ္တိယာနှင့် ဝိဋူဍဘကို ရာထူးမှချခြင်း။

အမိမျိုးထက် အဖမျိုးသာ ပဓာနဖြစ်ခြင်း .... ၂၃-၂၄
ထင်းခွေသည်မဝတ္ထု = ကဋ္ဌဝါဟနဇာတ်ကို ဟောတော်မူခြင်း၊ သားအမိနှစ်ယောက် ရာထူးပြန်ရခြင်း။

ဗန္ဓုလစစ်သူကြီးနှင့် ဇနီးမလ္လိကာတို့အကြောင်း .... ၂၄-၃၄
မလ္လိကာသားမရ၍ အနှင်ခံရခြင်း၊ ဘုရားရှင်က သားရမည့် အရိပ်နိမိတ်ဟောသောကြောင့် အိမ်ပြန်ခြင်း၊ မလ္လိကာ ဝေသာလီမင်းတို့၏ အဘိသိက်သွန်းသည့် ရေကန်၌ ရေချိုးရန် ချင်ခြင်းတပ်ပုံ၊ ဗန္ဓုလလိုက်ပို့ခြင်း၊ လိစ္ဆဝီမင်းငါးရာတို့ လိုက်ဖမ်း၍ မဟာလီမင်းသား

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

တားခြင်း၊ ဗန္ဓုလက မြှားတစင်းတည်းဖြင့် အားလုံးကို သေစေခြင်း၊ မလ္လိကာ သားသုံးကျိပ်နှစ်ယောက် ဖွားခြင်း။

ဗန္ဓုလစစ်သေနာပတိ တရားရုံး၌ တရားစီရင်ခြင်း .... ၂၉

ဗန္ဓုလတရားစီရင်ပုံကို ပြည်သူတို့နှစ်မြို့က်ခြင်း၊ ရာထူးကျသည့် တရားသူကြီးလေးဦးက ကုန်းချောခြင်း၊ ဗန္ဓုလနှင့်သားများ အကောက်ဉာဏ်ဖြင့် အသတ်ခံရခြင်း၊ မလ္လိကာတရားပြည့်ဝ၍ မတုန်လှုပ်ပုံ၊ မဟာလတာတန်းဆာဖြင့် ဘုရားရှင်ကို ပူဇော်ပုံ၊ မဟာလတာတန်းဆာ ရှိသူသုံးဦး၊ ကောသလမင်းကြီးက ဗန္ဓုလ၏တူ ဒီဃကာရာယနကို စစ်သူကြီးခန့်ခြင်း၊ မင်းကြီးဘုရားဖူးနေစဉ် ဒီဃကာရာယနကမင်းမြောက်တန်းဆာများကိုယူ၍ ဝိဋူဍဘကို မင်းမြှောက်ခြင်း၊ ကောသလမင်းကြီး အဇာတသတ်မင်းထံ စစ်ကူတောင်းသွားရာတွင် စရပ်၌ နတ်ရွာစံခြင်း၊ ဝိဋူဍဘ ကပ္ပိလဝတ်သို့ စစ်ချီခြင်း၊ သုံးကြိမ်တိုင်တိုင် မြတ်စွာဘုရား တားခြင်း၊ သူ့အသက် မသတ်သော သာကီဝင်များ ပရိယာယ်ဖြင့် ခုခံပုံ၊ သာကီဝင်ဟူသမျှကို နို့စို့သူငယ်မကျန် သတ်ခြင်း၊ မဟာနာမ်မင်းကြီး ရေထဲဆင်းသေခြင်း။

ဝိဋူဍဘမင်း ပရိသတ်နှင့်တကွ ပျက်စီးခြင်း .... ၄၁-၂

အကုသိုလ်ကံ အကျိုးပေးချိန်ကျသူတို့ ဘေးအန္တရာယ်ရှိရာသို့ရောက်ရပုံ၊ ကုသိုလ် အကျိုးပေးချိန်ကျသူတို့ ဘေးကင်းရာသို့ရောက်ရပုံ၊ မိုးကြီးရွာ၍ ဝိဋူဍဘမင်းနှင့်တကွ စစ်တပ်ကြီး အစိရဝတီမြစ်တွင်း မျော၍ သမုဒ္ဒရာရောက်ကာ နစ်မြုပ်သေကြခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

သာကီဝင်မင်းတို့၏ ရှေးအကုသိုလ်ကံ .... ၄၃-၄
သာကီဝင်တို့ သေရခြင်းသည် ရှေးမကောင်းမှု ကံကြောင့် သေရ၍သင့်လျော်ပုံ၊မြစ်ချောင်း၌ ငါးများကို အဆိပ်ခတ်သတ်ခဲ့ခြင်း၊ သေမင်းသည် မွေ့လျော်နေသူတို့ကို အပါယ်သို့ ဆောင်ယူပုံတရားတော်။

ကောသလမလ္လိကာနှင့် ဗန္ဓုလမလ္လိကာတို့အကြောင်း .... ၄၅-၇
ပန်းသည်သမီးက မိဖုရားကြီးဖြစ်လာသူ၊ မုယောမုန့် သုံးခုလှူရသော အကျိုးကို နေ့ခြင်းခံစားရပုံ၊ အသံကြား၍ ကောသလမင်းတပ်မက်ခြင်း၊ ဘုန်းကံရှိသူတို့ ရဲရင့်ခြင်း။

အခန်း-၃၉

အာဋာနာဋိယသုတ်ကို ဟောတော်မူခြင်း .... ၄၈-၆၁
စတုမဟာရာဇ် နတ်မင်းကြီးများ သိကြားမင်းအတွက် အစောင့်ချထားပုံ၊ အာဋာနာဋိယပရိတ်စီကုံးကြခြင်း၊ နတ်မင်းကြီးလေးပါး မြတ်စွာဘုရားထံ ချဉ်းကပ်ပုံ၊ ဝေဿဝဏ်နတ်မင်း၏ လျှောက်ထားချက်၊ ငါးပါးသီလကို မနှစ်သက်သော နတ်များရှိပုံ၊ ဘုရားရှင်၏ တပည့်သာဝကတို့ကို နှိပ်စက်တတ်ပုံ၊ အာဋာနာဋိယပရိတ်၏တန်ခိုး၊ ဝေဿဝဏ်နတ်မင်း၏ လျှောက်ထားချက်ကို ဘုရားရှင်လက်ခံတော်မူခြင်း။

အာဋာနာဋိယပရိတ်အရံအတား(ပါဠိ) .... .... ၅၁-၅
အာဋာနာဋိယသုတ်ရွတ်သူကို နတ်ဆိုးတို့ ညှဉ်းဆဲနှောက်ယှက်လျှင် တိုင်ကြားနည်း၊ နတ်ဆိုးတို့ ခံရမည့် အပြစ်ဒဏ်။

ရဟန်းတို့အား မြတ်စွာဘုရားရှင်က တဖန်ပြန်၍ ဟောတော်မူခြင်း .... .... .... ၅၇-၀

WWW.DHAMMARANSI.COM



# အသေးစိတ် မာတိကာ

အကြောင်းအရာ စာမျက်နှာ

ပရိတ်ရွတ်ရန် အစီအမံမှတ်ဖွယ် .... .... ၅၀-၆၁

ပရိတ်ကို အနက်, သဒ္ဒါ, ပုဒ်ဖျည်းပြည့်စုံစွာ သင်ယူရခြင်း၊ လာဘ်ကိုမငဲ့ရခြင်း၊ မေတ္တာထားရခြင်း၊ အာဋာနာဋိယပရိတ်မရွတ်မီ ရွတ်ရမည့်ပရိတ်များ၊ ပရိတ်ရွတ်လျှင်—ရှောင်ရမည့် အရာများ၊ ပြုရမည့်အရာများ၊ ပြောဆိုရမည့်စကားများ။

သက္ကပဉ္စသုတ်ကို ဟောတော်မူခြင်း .... .... ၆၁-၁၉၅

နတ်တို့သေအံ့သော ပုဗ္ဗနိမိတ်ငါးပါး၊ သိကြားမင်း သေဘေးကြောက်ပုံ၊ ဘုရားဖူးရန်သွားခြင်း၊ ပဉ္စသိခ နတ်သားကို စေ့ပြေးစေလွှတ်ခြင်း။

ပဉ္စသိခ၏ စောင်းချင်းဂါထာများ .... .... ၆၇-၇၆

ပဉ္စသိခကို ဘုရားရှင်ချီးမွမ်းခြင်း၊ တူရိယာသံ သီချင်းသံကို ဘုရားရှင် ချီးမွမ်းခြင်းအကြောင်း ရှင်းချက်၊ သူရိယဝစ္ဆသာကြောင့် သီချင်းစီကုံးခဲ့ပုံ။

မြတ်စွာဘုရားထံ သိကြားမင်းဆည်းကပ်ခြင်း .... ၇၇

ဣန္ဒသာလလိုဏ်ဂူ ထူးခြားလာပုံ၊ နတ်တို့၏ပူဇော်ဖွယ်ကိစ္စ၊ တသိန်းတန် ကျောင်းတော်ကြီးလေးခု၊ ဝေဿဝဏ် နတ်မင်း၏မိဖုရား ဘူဇတိနတ်သမီး။

မြတ်စွာဘုရားပွင့်သောအခါ နတ်ပြည်စည်ကားကြောင်း ၈၂

ဂေါပကနတ်သားဝတ္ထု .... .... .... ၈၂

သာကီဝင်မင်းသမီး ဂေါပိကာ သိကြားမင်းသား ဖြစ်ခြင်း၊ ဆွမ်းခံကိုယ်တော်သုံးပါး ကခြေသည်နတ် ဖြစ်ခြင်း၊ နတ်သားနှစ်ဦး ဗြဟ္မာဖြစ်ခြင်း၊ သီလစင်ကြယ် လျက် ဘဝနိကန္တိကြောင့် ယုတ်နိမ့်သောနတ် ဖြစ်ရပုံ၊ မြင်းလိမ္မာလေးမျိုး ဥပမာနှင့် ယောကျ်ားလိမ္မာ လေး မျိုးအကြောင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ                                        စာမျက်နှာ

မဃလုလင်ဝတ္ထု .... .... .... ၇၉-၁၀၀

သိကြားမင်း ရှည်စွာသော ကာလမှ စ၍ အကျင့်စင်ကြယ်ပုံ၊ မစလရွာ၌ သာယာဖွယ်ပြုလုပ်ခြင်း၊ ရွာလယ်၌ သဲဖြူခင်းခြင်း၊ ရွာသားများ မီးလှုံစရာ ပြုလုပ်ခြင်း၊ ကောင်းမှုကုသိုလ်ဖြင့် လူ့နတ်စည်းစိမ်ကို ရနိုင်ခြင်း၊ လမ်းကိုရှင်းလင်းပြုပြင်ခြင်း၊ စရပ်မဏ္ဍပ်ဆောက်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း၊ တံတားခင်းခြင်း၊ မစလရွာသား အဖော် သုံးကျိပ်သုံးယောက်ဖြစ်လာပုံ၊ မဃလုလင်၏ကုသိုလ်ကောင်းမှု အဓိပ္ပါယ်ဖော်ပြချက်။

မစလရွာစား လူယုတ်မာ၏အကြံ .... .... ၉၂-၃

လူယုတ်မာသည် မကောင်းကြံကိုက်ပုံ၊ ဘုရင့်ထံ သွား၍ ဂုံးတိုက်စကားပြောပုံ။

မဃလုလင်တို့အဖွဲ့ အဖမ်းခံရခြင်း .... .... ၉၃

ကောင်းမှုလုပ်ရန် စည်းဝေးနေစဉ် လာဖမ်းခြင်း၊ မဃလုလင်တို့၏ ဇနီးများက လင်ယောကျ်ားအဖမ်းခံရ၍ ဝမ်းသာစကား ပြောကြပုံ။

ဆင်ကိုအနင်းခိုင်း၍ သတ်ရန်စီမံခြင်း .... .... ၉၄-၅

မဃ၏အဖော်များကို ဆုံးမစကား-သံသရာကျင်လည်ရသမျှ ဘေးကြုံရခြင်း၊ သစ္စာဆိုပုံ၊ ဆင်မနင်းဝံ့ပုံ။

မင်းကြီးအမြင်မှန်ရ၍ မဃလုလင်တို့အဖွဲ့ကို ရွာစားခန့်ကာ ဆုလာဘ်များစွာပေးခြင်း .... .. ၉၅-၇

သစ္စာသည် ဆင်မနင်းဝံ့သော မန္တာန်၊ လူယုတ်မာရွာစားသည် မဃ၏ကျွန်ဖြစ်ခြင်း၊ ပစ္စည်းဥစ္စာများနှင့် ဆင်တော်ကိုပေးခြင်း၊ မယားများနှင့် ရေစက်မဆုံလိုကြခြင်း( = ကုသိုလ်ပြုရာ၌ ဝိုင်းပယ်ထားကြခြင်း)။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

အပန်းဖြေစရပ်ကြီး ဆောက်လုပ်ခြင်း .... ၉၇-၁၀၁
မဃ၏ မယားလေးယောက်–မသုဇာ, မသုဓမ္မာ, မစိတ္တာ, မနန္ဒာ၊ မသုဓမ္မာ စရပ်ဆောက်ရာ၌ ကုသိုလ်ပါဝင်ရန်ကြံပုံ၊ သုဓမ္မာစရပ် အမည်ပေးပုံ၊ သုဓမ္မာစရပ်ကို သုံးပိုင်းခွဲ၍ အသုံးပြုပုံ။

စရပ်ကြီး၌ တာဝန်အသီးသီးခွဲထားပုံ .... ၁၀၁

မဃလုလင်တို့ အိမ်သားစု၏ ကုသိုလ်များ .... ၁၀၁-၂
မဃလုလင် ကသစ်ပင်စိုက်၍ ကျောက်ဖျာခင်းခြင်း၊ မနန္ဒာရေကန်တူးခြင်း၊ မစိတ္တာ ပန်းဥယျာဉ်စိုက်ခြင်း၊ မသုဇာ ကုသိုလ်မပြု အလှပြင်မှု ဦးစားပေးခြင်း။

မဃလုလင် အဖွဲ့သားတို့၏ တမလွန်ဘဝ .... ၁၀၂
မဃလုလင် သိကြားမင်းဖြစ်ခြင်း၊ အဖွဲ့သားများ နတ်သားဖြစ်ခြင်း၊ သုဓမ္မာ, နန္ဒာ, စိတ္တာတို့ သိကြားနတ်မိဖုရားဖြစ်ခြင်း၊ မသုဇာ ဗျိုင်းမဖြစ်ခြင်း။

သိကြားမင်း၏ အသုံးအဆောင်များ .... ၁၀၂-၃
ဝေဇယန္တာနန်းပြာသာဒ်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍု-ကမ္ဗလာ၊ သုဓမ္မာနတ်သဘင်၊ နန္ဒာကန်တော်၊ စိတ္တ-လတာဥယျာဉ်၊ သုဇာဗျိုင်းမကို နတ်ပြည်ဆောင်ခြင်း။

ကခြေသည် နတ်သမီးတို့ သုဇာဗျိုင်းမကို ပြက်ရယ်ပြုကြခြင်း .... .... .... ၁၀၃-၅
ဗျိုင်းမသည် နတ်ပြည်၌မပျော် တောင်ကြားမှာပျော်ခြင်း၊ ဗျိုင်းမ ငါးပါးသီလစောင့်ခြင်း၊ သိကြားမင်းက သီလစမ်းခြင်း။

သုဇာဗျိုင်းမ အိုးထိန်းသည်သမီးဖြစ်ခြင်း .... ၁၀၅-၆
ငါးပါးသီလကို အသက်အသေခံ၍ စောင့်ခြင်း၊ သီလတန်ခိုးကြောင့် ဗျိုင်းဘဝမှ လူ့ဘဝရခြင်း၊ လူဘဝ၌လည်း သီလကို ဆောက်တည်နေပုံ၊ သုဇာအား သိကြားမင်းက ရွှေသခွါးသီးများ လာပေးခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ  စာမျက်နှာ

သုဇာအမျိုးသမီး အသုရာနတ်မင်းကြီး၏ သမီးဖြစ်ခြင်း ၁၀၆-၈
သီလတန်ခိုးကြောင့်--လူ့ဘဝမှ နတ်ဘဝရခြင်း၊ အလှူ
လှူပခြင်း၊ ပန်းကုံးစွပ်၍ ကျင်းပခြင်း၊ သိကြားမင်း
ပန်းကုံးစွပ်ခံရခြင်း၊ သုဇာ၏ဖခင် ဝေပစိတ္တိအသုရာ
နတ်မင်းကြီး ကျေနပ်ခြင်း၊ သုဇာနတ်မိဖုရားကြီး ဖြစ်
ခြင်း၊ သိကြားမင်းထံ ဆုတောင်းပုံ။

သိကြားမင်း ပြဿနာမေးလျှောက်၍ မြတ်စွာဘုရားရှင်
ဖြေကြားတော်မူခြင်း .... .... ၁၀၉-၁၀၄

(၁) ပဌမ အမေးနှင့်အဖြေ .... ၁၀၉-၁၁၀
သတ္တဝါတို့ ရန်,ဒဏ်,ဆင်းရဲ အမျက်ထွက်ခြင်းကင်းလို
ကြလျက် မကင်းရခြင်းအကြောင်း ဣဿာနှင့်မစ္ဆရိယ
သံယောဇဉ်၊ ဣဿာ၏လက္ခဏာစသည် စမ္မဝဝတ္ထုန်
လေးပါး၊ ဣဿာတရား ရဟန်းနှင့်လူတို့၌ဖြစ်ပုံ၊ မစ္ဆ-
ရိယ၏ လက္ခဏာစသည် စမ္မဝဝတ္ထုန်လေးပါး၊ မစ္ဆ-
ရိယငါးပါး၊ မစ္ဆရိယငါးပါးအပြစ်၊ ဣဿာနှင့်မစ္ဆရိယ
အထူး။

(၂) ဒုတိယ အမေးနှင့်အဖြေ .... ၁၁၀-၁၂၂
ဣဿာနှင့် မစ္ဆရိယတို့သည် ချစ်ခြင်းနှင့် မုန်းခြင်း
ကြောင့်ဖြစ်ပုံ။

(၃) တတိယ အမေးနှင့်အဖြေ .... ၁၂၂-၃
ချစ်ခြင်း မုန်းခြင်းသည် တဏှာဆန္ဒကြောင့် ဖြစ်ပုံ၊
တဏှာဆန္ဒငါးပါး။

(၄) စတုတ္ထ အမေးနှင့်အဖြေ .... ၁၂၄-၅
တဏှာဆန္ဒသည် ဝိနိစ္ဆယဝိတက်ကြောင့်ဖြစ်ပုံ။

(၅) ပဉ္စမ အမေးနှင့်အဖြေ .... .... ၁၂၆-၇
ဝိနိစ္ဆယဝိတက်သည် ပပဉ္စသညာကြောင့်ဖြစ်ပုံ။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

(၆-၇-၈)ဆဋ္ဌ, သတ္တမ, အဋ္ဌမ, အမေးနှင့်အဖြေ ၁၂၇-၁၆၂
ပပဉ္စသညာချုပ်စေရန် ကျင့်နည်း၊ ဝေဒနာကမ္မဋ္ဌာန်း၊ သောမနဿ, ဒေါမနဿ, ဥပေက္ခာ-ဝေဒနာသုံးပါးကို မှီဝဲအပ်, မမှီဝဲအပ် ခွဲပြပုံ၊ ကမ္မဋ္ဌာန်းနှစ်မျိုး— ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်း၊ ဖဿပဉ္စမကတရားကို သိမ်းဆည်းပုံ၊ အကျင့် ပဋိပဒါသုံးမျိုး— သုံးလကျင့်စဉ်၊ ခြောက်လကျင့်စဉ်၊ ကိုးလကျင့်စဉ်။

မဟာသိဝမထေရ်ကြီးဝတ္ထု .... .... ၁၄၈-၁၅၅
မိမိကိုယ်ကို ရဟန္တာထင်ခြင်း၊ တပည့်က ရဟန္တာ မဖြစ်သေးကြောင်း လာသတိပေးခြင်း၊ မီရာတကဲပျဉ် ဥပမာ၊ သေရန်ပင် အချိန်မရှိအောင် အလုပ်ရှုပ်သလောဟု မေးခြင်း၊ မဟာသိဝမထေရ် တောထွက်ခြင်း၊ နှစ်ပေါင်းသုံးဆယ် အားထုတ်သော်လည်း တရားထူးမရ၍ ငိုခြင်း၊ နတ်သမီးက သတိပေးမှ သတိရ၍ ရဟန္တာဖြစ်ခြင်း၊ ရဟန္တာဖြစ်သောအခါ သိကြားမင်းလာ၍ ခြေဆေးပေးခြင်း။

သိကြားမင်း သောတာပန်တည်ခြင်း .... .... ၁၅၉
ဝေဒနာကမ္မဋ္ဌာန်းအဆုံး၌ သောတာပန်ဖြစ်ပုံ။

ဘုရားရှင်၏ ဥက္ကဋ္ဌဆန္ဒတော် .... .... ၁၅၉
တရားဟောလျှင် အရဟတ္တဖိုလ်အထွတ်တပ်၍ဟောပုံ၊ သားတော်များကို ထမင်းခွံ့သည့် မင်းကြီးဥပမာ (ထမင်းလုပ်မည်မျှကြီးကြီး ပါးစပ်နှင့်တန်ရုံစားရပုံ)။

သိကြားမင်း သိကြားဘဝသစ်ရပုံ .... .... ၁၆၀-၂
မြတ်စွာဘုရားရှေ့မှောက်၌ နတ်သက်ကြွေ၍ သိကြားဘဝသစ်ပြန်ရပုံ၊ နတ်များသေ၍ အလောင်းမကျန်ပုံ ရှင်းချက်။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

(၉-၁၀-၁၁) နဝမ, ဒသမ, ဧကာဒသမ အမေးနှင့် အဖြေ .... .... .... ၁၆၂-၁၇၁
ပါတိမောက္ခသံဝရသီလအကျယ်၊ ကိုယ်,နှုတ် အကျင့်များနှင့် ရှာမှီးခြင်းများကို မှီဝဲအပ်, မမှီဝဲအပ်ခွဲပြခြင်း။

(၁၂) ဒွါဒသမ အမေးနှင့်အဖြေ .... .... ၁၇၂-၀
ဣန္ဒြိယသံဝရသီလအကျယ်၊ အာရုံခြောက်ပါးကို မှီဝဲအပ်, မမှီဝဲအပ် ခွဲပြခြင်း။

မထေရ်မြတ်သုံးပါးဝတ္ထု .... .... .... ၁၇၇-၉
အကုသိုလ်စိတ် မဖြစ်အောင် စောင့်ထိန်းကြပုံ—
၁-ကျောင်းဝိုင်းအတွင်း၌သာ စိတ်ကိုထားခြင်း၊ ၂-ကျောင်းအတွင်း၌သာ စိတ်ကိုထားခြင်း၊ ၂-ခန္ဓာကိုယ်အတွင်း၌သာ စိတ်ကိုထားခြင်း။

(၁၃) တေရသမ(အနေကဓာတု)အမေးနှင့်အဖြေ .... ၁၇၉
သမဏဗြာဟ္မဏအားလုံး အဆုံးအမ အကျင့် အဆုံးအပြီး မတူကြပုံနှင့် မတူကြရခြင်းအကြောင်း။

(၁၄) စုဒ္ဒသမ(အစ္စန္တနိဋ္ဌာ)အမေးနှင့်အဖြေ .... ၁၈၁-၄
သမဏ ဗြာဟ္မဏအမည်ခံတိုင်း နိဗ္ဗာန်မရနိုင်ခြင်း၊ အရိယမဂ်ရှိမှသာ နိဗ္ဗာန်ရနိုင်ခြင်း။

သိကြားမင်း၏ တရားတော်၌ ဝမ်းမြောက်စကား ၁၈၄-၁၉၂
တဏှာသည် ရောဂါ, အနာ, ငြောင့်တံကျင်မည်ပုံ၊ သာသနာပ သမဏဗြာဟ္မဏတို့ သိကြားမင်းအမေးကို မဖြေနိုင်ပုံ၊ ဤမျှဝမ်းမြောက်မှု မဖြစ်ဘူးပုံ၊ တရားနာရ၍ သိကြားမင်းရရှိသည့် အကျိုးထူးခြောက်ပါး—
စုတိပြီး သိကြားပြန်ဖြစ်ခြင်း, နောက်ဘဝ လူအမျိုးမြတ်ဘဝရမည်ဖြစ်ခြင်း, မြတ်သောတရား သိနိုင်မည်ဖြစ်ခြင်း, သကဒါဂါမိဖြစ်ရခြင်း, တဖန် သိကြားဘဝရမည် ဖြစ်

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

ခြင်း, ထိုမှ အဣန္နိဋ္ဌမြဗ္ဗာတုံရောက်၍ ပရိနိဗ္ဗာန်စံရမည်ဖြစ်ခြင်း၊ ဘုံစဉ်စံ ၃-ဦး—သိကြား, အနာထပိဏ်, ဝိသာခါ။

သိကြားမင်း၏ ဘုရားရှိခိုးသုံးဂါထာ .... .... ၁၉၃-၄

ပဉ္စသိခနတ်သားအား သိကြားမင်းဆုပေးခြင်း .... ၁၉၅
ပဉ္စသိခ ဆုနှစ်မျိုးကို ရခြင်း—ဂန္ဓဗ္ဗနတ်မင်းဖြစ်ခြင်း, သူရိယဝစ္ဆသာရခြင်း၊ သိကြားမင်း နမောတဿဖြင့် ဘုရားကိုရှိခိုးခြင်း၊ သိကြားမင်းနှင့် နတ်ရှစ်သောင်း သောတာပန်ဖြစ်ခြင်း။

**အခန်း—၄၀**

အပရိဟာနိယ(ကြီးပွါးကြောင်းတရား)တို့ကို ဟောကြားတော်မူခြင်း .... .... .... ၁၉၇-၂၆၅
ပဋ္ဌမဗောဓိ(=ပဌမဝါနှစ်ဆယ်)၌ ထိုထို မြို့ရွာတို့၌ ဝါကပ်၍ ပစ္ဆိမဗောဓိ(=နောက်နှစ်ဆဲ့လေးဝါ)၌ သာဝတ္ထိ၌ ဝါကပ်ခြင်း၊ လေးဆဲ့လေးဝါ၌ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်သို့ ကြွတော်မူခြင်း၊ ဂိဇ္ဈကုဋ် အမည်ရှင်းပြချက်၊ အဇာတသတ်မင်း ဝေသာလီသို့ စစ်ချီလို၍ မြတ်စွာဘုရားထံ တမန်စေ စူးစမ်းခြင်း၊ အဇာတသတ်မင်း ဝေသာလီပြည်ကို တိုက်ခိုက်လိုခြင်း၏အကြောင်း—လှည်းဆိတ်ရွာ အရေးတော်ပုံ၊ ဝဿကာရပုဏ္ဏား မြတ်စွာဘုရားထံသွား၍ စူးစမ်းပုံ။

မင်းတို့၏ကြီးပွါးကြောင်းတရား ခုနစ်ပါး .... ၂၀၁-၂၁၅
ဝဿကာရပုဏ္ဏားအမေးကို မဖြေမူ၍ အရှင်အာနန္ဒာအား အပရိဟာနိယတရားဟောပုံ—၁-အကြိမ်များစွာ စည်းဝေးခြင်း၊ ၂-အညီအညွတ် အစည်းအဝေးမှထခြင်း၊ ၃-ရှေးမင်းတို့ပညတ်ချက်ကို မလွန်ကျူးခြင်း၊ ၄-အသက်ကြီးသူတို့ကို ရိုသေလေးမြတ် ပူဇော်၍

WWW.DHAMMARANSI.COM




အကြောင်းအရာ စာမျက်နှာ

စကားနာယူခြင်း၊ ၅-အမျိုးသမီးများကို အတင်းမသိမ်းပိုက်ခြင်း၊ ၆-နတ်ကွန်းများကို ရိုသေလေးမြတ်စွာ ပူဇော်ခြင်း၊ ၇-မကြွလာသေးသော ရဟန္တာများ ကြွလာ၍,လာပြီး ရဟန္တာများ မွေ့လျော်ခြင်း။

ဝေသာလီပြည် ပျက်စီးခြင်း .... .... ၂၀၅-၂၁၀

အဇာတသတ်မင်းသည် ဝေသာလီမင်းတို့ စိတ်ဝမ်းကွဲအောင်ပြုလုပ်ရန် ဝဿကာရကို လွှတ်ခြင်း။

စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်း .... .... ၂၁၀-၉

တိုးတိုးပြော၍ ပြည်ပျက်ပုံ။

ဝေသာလီတပြည်လုံး ပျက်ပြုန်းခြင်း .... .... ၂၁၉-၂၂၁

လိစ္ဆဝီမင်းတို့ စိတ်ဝမ်းကွဲသောအခါ အဇာတသတ်မင်း ချီတက်တိုက်ခိုက်ခြင်း၊ မညီညွတ်သောမင်းတို့ စစ်ရှုံးပျက်စီးကြရပုံ။

ရဟန်းတို့ ကြီးပွါးကြောင်းတရား(ပဌမ)ခုနစ်ပါး ၂၂၁-၂၃၂

အပရိဟာနိယတရားသည် သံသရာဝဋ်မှ လွှတ်စေ၍ သာသနာအစွန့်ရှည်စွာ တည်စေနိုင်ခြင်း။

ဒုတိယကြီးပွါးကြောင်းတရား ခုနစ်ပါး .... ၂၃၂-၆

၁-ကိစ္စမများခြင်း၊ ၂-စကားပြောနေမှု၌ မမွေ့လျော်ခြင်း၊ ၃-အိပ်နေမှု၌ မမွေ့လျော်ခြင်း၊ ၄-အပေါင်းအဖော်နှင့် စုရုံးနေမှု၌ မမွေ့လျော်ခြင်း၊ ၅-အလိုဆိုးကင်းခြင်း၊ ၆-ယုတ်သောအဆွေခင်ပွန်း မရှိခြင်း၊ ၇-အနည်းငယ်သော တရားရရုံမျှဖြင့် အရဟတ္တမိုလ် မရောက်မီ ရပ်မနေခြင်း။

တတိယကြီးပွါးကြောင်းတရား ခုနစ်ပါး ၂၃၆-၂၄၁

၁-သဒ္ဓါတရားရှိခြင်း၊ ၂-ဟိရီတရားရှိခြင်း၊ ၃-ဩတ္တပ္ပတရားရှိခြင်း၊ ၄-ဗဟုသုတရှိခြင်း၊ ၅-ဝီရိယရှိခြင်း၊ ၆-သတိရှိခြင်း၊ ၇-ဝိပဿနာပညာရှိခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

စတုတ္ထကြီးပွါးကြောင်းတရား ခုနစ်ပါး.... .... ၂၄၁-၂
မဂ်၏အကြောင်းဖြစ်သော ဗောဇ္ဈင်ခုနစ်ပါးရှိခြင်း။

ပဉ္စမကြီးပွါးကြောင်းတရား ခုနစ်ပါး .... .... ၂၄၂-၄
၁-မမြဲဟုသိမှတ်မှု=အနိစ္စသညာ၊ ၂-အတ္တ မဟုတ်ဟု သိမှတ်မှု=အနတ္တသညာ၊ ၃-မတင့်တယ်ဟုသိမှတ်မှု= အသုဘသညာ၊ ၄-အပြစ်ဟုသိမှတ်မှု = အာဒီနဝ သညာ၊ ၅-ပယ်ဖို့ရန်သိမှတ်မှု=ပဟာနသညာ၊ ၆-တပ် မက်ခြင်းကင်းရန် သိမှတ်မှု=ဝိရာဂသညာ၊ ချုပ်ငြိမ်း ခြင်းနိဗ္ဗာန်ကို သိမှတ်မှု = နိရောဓသညာ—ဟူသော သညာခုနစ်ပါး ပွါးခြင်း။

ရဟန်းတို့ ကြီးပွါးကြောင်းတရား ခြောက်ပါး .... ၂၄၄-၂၆၅
သီတင်းသုံးဖော်တို့၌— ၁-မေတ္တာကာယကံထားခြင်း၊ ၂-မေတ္တာဝစီကံထားခြင်း၊ ၃-မေတ္တာမနောကံထား ခြင်း၊ ၄-ဓမ္မိယလာဘ်ကို ဝေမျှသုံးဆောင်ခြင်း၊ ၅- အယူသီလတူမျှခြင်း၊ ၆-အရိယပညာ တူမျှခြင်း။

သမ္မုခါမေတ္တာ, ပရမ္မုခါမေတ္တာ(=မျက်မှောက်, မျက် ကွယ်မေတ္တာ)ရှင်းပြချက် .... .... ၂၄၀-၉

သာရဏီယဝတ်အကျင့်နှင့်စပ်၍ သိမှတ်ဖွယ် .... ၂၅၀-၂၆၄
၁၂-နှစ်ပြည့်မှအောင်ခြင်း၊ သာရဏီယဝတ် ဖြည့်ကျင့် ရခြင်းအကျိုး ၆-ပါး၊ အကျိုးပြဝတ္ထုများ—သေန ကျောင်းနေ တိဿထေရ်ဝတ္ထု၊ နာဂထေရီမကြီးဝတ္ထု၊ နာဂထေရ်၏ အံ့ဩဖွယ်စကား၊ မကျိုး, မပေါက်, မပြောက်, မကျားသောသီလ ရှင်းချက်။

သီလ,သမာဓိ,ပညာ=တရားကို များစွာဟောတော်မူခြင်း ၂၆၅

အမ္ဗလဋ္ဌိကသရက်ဥယျာဉ်သို့ ကြွတော်မူခြင်း .... ၂၆၆

နာဠန္ဒမြို့သို့ ကြွတော်မူခြင်း .... .... .... ၂၆၇

WWW.DHAMMARANSI.COM




အကြောင်းအရာ　　　　　　　　　　　　စာမျက်နှာ

အရှင်သာရိပုတ္တရာ ရဲရင့်သောစကားကို ဆိုခြင်း .... ၂၆၀-၂၇၂
　ပညာရှိမြို့တံခါးစောင့် ဥပမာ။

သီလပျက်စီးသူ၏ အပြစ် ၅-ပါး .... .... ၂၇၂-၆
　ပါဋလိရွာသို့ ကြွတော်မူခြင်း၊ ဘုရားရှင်ကြွလာရာ၌
　သင့်လျော်အောင် စီမံကြပုံ။

သီလရှိသူ၏ အကျိုး ၅-ပါး .... .... ၂၇၆-၂၀၀
　သီလပျက်ခြင်း အပြစ်ပြလက်ာ၊ သီလရှိခြင်း အကျိုးပြ
　လက်ာ၊ အပြစ်နှင့်အကျိုးတို့ကို ရှင်းပြချက်များ။

ပါဋလိပုတ်ပြည် တည်ထောင်ဖန်ဆင်းခြင်း .... ၂၀၀-၀
　ဦးစီးသုနီဓနှင့် ဝဿကာရပုဏ္ဏားတို့ စီမံကြပုံ၊ တန်ခိုး
　ကြီးသောနတ်တို့ နေရာယူပုံ၊ ပါဋလိပုတ်ပြည်၌ဖြစ်မည့်
　ဘေး ၃-မျိုး၊ ကာဋ္ဌကဏ္ဍကီသတ္တဝါရှင်းချက်၊ မြို့သစ်
　မင်္ဂလာ အနုမောဒနာတရား၊ ဂေါတမဆိပ်, ဂေါတမ
　တံခါးဟု အမည်ပေးခြင်း။

အရိယသစ္စာလေးပါးကို ဟောတော်မူခြင်း .... ၂၀၀-၂၉၀
　ကောဋိရွာသို့ ကြွတော်မူခြင်း၊ သစ္စာ-မသိ၍ သံသရာ၌
　ကျင်လည်ရပုံ။

နာတိကရွာသို့ ကြွတော်မူခြင်း .... .... ၂၉၁
　နာတိက-အမည်ရှင်းချက်၊ သေသူတို့၏ ဖြစ်ရာဘဝကို
　ဟောခြင်း။

ဓမ္မာဒါသမည်သော ကြေးမုံတရားကို ဟောတော်မူခြင်း ၂၉၅-၀
　မိမိလားရမည့်ဘဝကို သိနိုင်သည့် နည်းပေးတရား။

ဝေသာလီပြည် အမ္ဗပါလိသရက်ဥယျာဉ်သို့ ကြွတော်မူ
　ခြင်း.... .... .... .... ၂၉၀-၃၀၇
　ရဟန်းသစ် ရဟန်းငယ်များကို သတိပေးသောတရား၊
　အမ္ဗပါလီပြည့်တန်ဆာမ ဘုရားရှင်ထံရောက်လာပုံ၊

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

လိစ္ဆဝီမင်းများရောက်လာပုံ၊ အမ္ဗပါလီ၏သဒ္ဓါတရား၊ လိစ္ဆဝီမင်းတို့ကို တာဝတိံသာနတ်နှင့်နှိုင်း၍ ချီးမွမ်းတော်မူခြင်း၊ သရက်ဥယျာဉ်ကို အလှူခံတော်မူခြင်း။

ဝေဠုဝရွာ၌ နောက်ဆုံးဝါကပ်တော်မူခြင်း .... ၃၀၇
ရဟန်းများကို ဝေသာလီပြည်ပတ်ဝန်းကျင်၌ ဝါကပ်ရန် မိန့်တော်မူခြင်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလောက်အောင် ကြမ်းတမ်းသော ဝေဒနာကပ်ရောက်လာခြင်း .... ၃၀၈-၃၁၅
ရောဂါကို သမာပတ်ဖြင့် တားတော်မူခြင်း၊ အာယုသင်္ခါရ-အရကောက်၊ ဖလသမာပတ်အမျိုးမျိုးရှင်းချက်၊ ဘုရားရှင်သည်—တရားကိုချန်ထား၍မဟော, ရဟန်းသံဃာကို ငါသာ သိမ်းယူအံ့ဟု လိုလားခြင်းမရှိပုံ, ရဟန်းသံဃာ မိမိကိုယ်သာကိုးကွယ်ရာရှိပုံ, တရားသာကိုးကွယ်ရာရှိပုံ။

အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်စံခြင်း .... .... ၃၁၅-၇
သာဝတ္ထိ၌ အရှင်သာရိပုတ္တရာစေတီတည်ခြင်း၊ ရာဇဂြိုဟ်၌ အရှင်မောဂ္ဂလ္လာန်စေတီတည်ခြင်း။

ပရိနိဗ္ဗာန်စံရမည့် အရိပ်အရောင်ပြခြင်း .... ၃၁၇-၃၂၁
ဣဒ္ဓိပါဒ်ပွါး၍ အသက်အာယုကပ်တည်နိုင်ပုံ၊ အာယုကပ်ယူပုံ ဝါဒအမျိုးမျိုး၊ ဝိပလ္လာသ ၁၂-ပါး။

ပရိနိဗ္ဗာန်စံရန် မာရ်နတ်တောင်းပန်ခြင်း .... ၃၂၁-၈
ဘုရားရှင်တပည့် ရှင်,လူတို့ လိမ္မာ၍တရားသိမှ ပရိနိဗ္ဗာန်စံမည်ဟု မိန့်ဘူးခြင်း၊ ပရိနိဗ္ဗာန်စံရန် ဝန်ခံတော်မူခြင်း။

အာယုသင်္ခါရ လွှတ်တော်မူခြင်း .... .... ၃၂၈
သတိရှိလျက်, ဆင်ခြင်လျက် အာယုသင်္ခါရလွှတ်ခြင်းကို ရှင်းပြချက်၊ အာယုသင်္ခါရနှစ်မျိုး၊ ဥဒါန်းကျူးခြင်း

WWW.DHAMMARANSI.COM



အကြောင်းအရာ — စာမျက်နှာ

အမိပ္ပါယ်၊ အာယုသင်္ခါရလွှတ်သောအခါ—မြေလှုပ်ခြင်း, တော်လည်းခြင်း။

မြေ(ငလျင်)လှုပ်ခြင်းအကြောင်း ရှစ်ပါး .... ၃၃၃-၃၄၁
မြေလှုပ်ခြင်းအကြောင်း ၈-မျိုး လင်္ကာနှင့်ဖြေရှင်းချက်များ၊ သံဃရက္ခိတသာမဏေဝတ္ထု။

ပရိသတ်ရှစ်ပါး .... .... .... ၃၄၂-၆
ဘုရားရှင် ပရိသတ်အမျိုးမျိုး၌ ရုပ်သွင်အမျိုးမျိုး ဖန်ဆင်း၍ တရားဟောပုံ။

အဘိဘာယတန ၈-ပါး .... .... ၃၄၇-၃၅၄
အဘိဘာယတန ၈-ပါးသရုပ်၊ အဘိဘာယတနဈာန် အမိပ္ပါယ်၊ အဘိဘာယတနဈာန်ကို ရအောင် အားထုတ်နည်း၊ အဘိဘာယတနဈာန်၏အကျိုး။

ဝိမောက္ခ ၈-ပါး .... .... ၃၅၄-၃၅၇
ဝိမောက္ခ ၈-ပါးသရုပ်၊ ဝိမောက္ခအမိပ္ပါယ်၊ ဝိမောက္ခတရားတို့ကို ဝင်စားနေရခြင်းအကျိုး။

အာယုသင်္ခါရ လွှတ်တော်မူကြောင်း အကျယ်မိန့်ကြားတော်မူခြင်း .... .... ၃၅၇-၃၆၁
အဋ္ဌမသတ္တာဟ အဇပါလ ဆိတ်ကျောင်းညောင်ပင်ရင်း၌ ပဌမအကြိမ် မာရ်နတ်တောင်းပန်ခြင်း၊ ဒုတိယ စာပါလစေတီ၌ လျှောက်ထားပြန်ခြင်း။

အရှင်အာနန္ဒာ တောင်းပန်လျှောက်ထားခြင်း ၃၆၁-၃၆၃
မြတ်စွာဘုရားအား အာယုကပ်ပတ်လုံး တည်နေပါရန် ၃-ကြိမ် လျှောက်ထားပုံ၊ ဣဒ္ဓိပါဒ်တရား ပွါးများလျှင် အာယုကပ်ပတ်လုံး တည်နေနိုင်ကြောင်း၊ အာယုကပ်ပတ်လုံး တည်နေရန် ရှေးက မတောင်းပန်မိခဲ့သဖြင့် အရှင်အာနန္ဒာ၏ ချွတ်ယွင်းချက်ဖြစ်ရပုံ။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

ရှေးကလည်း အရိပ်အရောင် ပြခဲ့ဘူးကြောင်း မိန့်ကြား၍ သောကတရား ခေါင်းပါးစေခြင်း .... ၃၆၃

သောကတရား ခေါင်းပါးစေတော်မူခြင်း ၃၆၃-၃၇၁

မြတ်စွာဘုရား အာယုကပ်ပတ်လုံး တည်နေနိုင်ခြင်း၊ မြတ်စွာဘုရား အာယုကပ်ပတ်လုံး တည်ရှိမနေခြင်းသည် ရှင်အာနန္ဒာ၏ အပြစ်ဖြစ်ကြောင်း၊ ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သိတင်းသုံးရာ ၁၀-နေရာ၊ ဝေသာလီပြည်၌ မြတ်စွာဘုရား သိတင်းသုံးရာ ၆-နေရာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် ကြွေငြာတော်မူခြင်း။

သာသနာအရှည် တည်တံ့ရေးတရား ၃၇-ပါး ၃၇၁-၃၇၄

ဗောဓိပက္ခိယတရား ၃၇-ပါးနှင့် ၎င်းတို့၏ အကျိုးများ၊ အပ္ပမာဒတရားတော်များနှင့် အကျိုးများ။

ဆင်ပြောင်ကြီးကဲ့သို့ ပြန်ကြည့်တော်မူခြင်း ၃၇၄-၃၇၆

ဝေသာလီပြည်ကို နောက်ဆုံး ကြည့်တော်မူခြင်း၊ နောက်ဆုံး ကြည့်တော်မူခြင်းဖြင့် ရအပ်သောအကျိုးများ။

ဘဏ္ဍုရွာ၌ တရားဟောခြင်း .... ၃၇၆-၃၇၉

သံသရာလည်ရခြင်း အကြောင်းတရား ၄-ပါး၊ သံသရာပြတ်ခြင်း၏ အစ၊ သီလ, သမာဓိ, ပညာတို့၏ အကျိုးများ။

ဘောဂမြို့၌ မဟာပဒေသ လေးပါးကို ဟောကြားတော်မူခြင်း .... .... .... ၃၇၉

မဟာပဒေသ အဓိပ္ပါယ်၊ မြတ်စွာဘုရား၏ စကားတော်ဆိုတိုင်း မယုံကြည်သင့်ကြောင်း၊ မဟာထေရ်၏ စကားတော်ဆိုတိုင်း မယုံကြည်သင့်ကြောင်း၊ ပညာရှိ

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

၏ စကားဆိုတိုင်း မယုံကြည်သင့်ကြောင်း၊ ဗဟုသုတ ရှိသူ၏ စကားဆိုတိုင်း မယုံကြည်သင့်ကြောင်း။

ပြိုးပြွမ်းမှတ်ဖွယ် ပကိဏ္ဏကအဓိပ္ပါယ် ၃၈၄-၃၈၉

သုတ္တန်မဟာပဒေသ ၄-ပါး၊ ဝိနည်းမဟာပဒေသ ၄-ပါး၊ အမေးအဖြေ ၄-ပါး၊ ဝိနယ ၄-ပါး၊ သံဂါယနာ ၃-တန်။

စုန္ဒရွှေပန်းထိမ်သည်ဝတ္ထု .... ....၃၉၀-၃၉၃

ကျောင်းဒါယကာစုန္ဒ၊ သူကရမဒ္ဒဝ ခဲဖွယ်ဘောဇဉ်၊ ဝမ်းသွေးသွန် ရောဂါဖြစ်ခြင်း၊ ကုသိနာရုံပြည်သို့ ကြွတော်မူခြင်း။

သောက်ရေဆောင်စေတော်မူခြင်း .... ၃၉၄-၃၉၆

ချောင်းရေနောက်နေကြောင်း လျောက်ထားပုံ၊မြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် ချောင်းရေကြည်လင်ပုံ။

ဝဋ်တော် ၁၂-ပါးအကြောင်း .... ၃၉၆-၄၀၀

၁-သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခံရခြင်း၊ ၂-စိဉ္စမာန်၏စွပ်စွဲခံရခြင်း၊ ၃-သာဝကတို့ အစွပ်စွဲခံရခြင်း၊ ၄-ခြေမတော် ကျောက်လွှာထိခိုက် ခံရခြင်း၊ ၅-လူသတ်လေးသမားများ စေလွှတ်ခံရခြင်း၊ ၆-နာဠာဂိရိဆင်ဖြင့် အတိုက်ခံရခြင်း၊ ၇-ဇီဝက ခွဲခံရခြင်း၊ ၈-ခေါင်းကိုက်ရောဂါ ရရှိခြင်း၊ ၉-ဝေရဉ္စာပြည်၌ မုယောဆန် စားရခြင်း၊ ၁၀-ခါးကိုက်ရောဂါ စွဲကပ်ခြင်း၊ ၁၁-သွေးဝမ်းသွန်ဝေဒနာ ခံရခြင်း၊ ၁၂-ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူရခြင်း။

ပုက္ကုသ-မလ္လမင်းသားဝတ္ထု .... ၄၀၁-၄၁၀

ဒါယကာတဦးနှင့် အာဠာရဂိုဏ်းဆရာကြီးတို့ အနီး၌ လှည်း၅၀၀ ရောဖြတ်သွားသည်ကို မသိပုံ မေးဖြေဟန်၊ ဗုဒ္ဓဘုရားနှင့် ဒါယကာတဦးတို့ မိုးချုန်းသံ မိုးကြိုး

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

ပစ်သံကို မသိပုံ မေးဖြေခန်း၊ ပုက္ကုသ-မလ္လမင်းသား က ဘုရားရှင်အား ဝတ်လဲတော်လှူခြင်း၊ မြတ်စွာ ဘုရား၏ကိုယ်တော် အလွန်စင်ကြယ်ရာ ၂-ခါ။

ဆွမ်း ၂-မျိုး အကျိုးတူညီကြောင်း .... ၄၁၀-၄၁၇

ဆွမ်း ၂-မျိုး၊ အကျိုးပေးခြင်းတူမျှပုံ၊ နေ့စဉ်ဝင်စား သော သမာပတ်တော်များ။

ကုသိနာရုံပြည်သို့ ရောက်ခြင်း .... ၄၁၇-၄၂၁

အင်ကြင်းဥယျာဉ်၌ အပန်းဖြေပုံ၊ ကုသိနာရုံပြည်သို့ ကြွလာတော်မူရခြင်းအကြောင်းများ၊ အင်ကြင်းပင်နှင့် နတ်တို့က ပူဇော်ကြပုံ။

အမြတ်ဆုံးသော ပူဇော်မှု .... ....၄၂၁-၄၂၃

အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်ပုံ၊ နတ်များ အမွှေးနံ့သာပူဇော်ကြပုံ။

အလွန်ကြီးစွာသော နတ်ပန်းကုံးကြီး .... ၄၂၃-၄၂၈

ပန်းကုံးကြီးပြုလုပ်ဆောင်ယူ ပူဇော်ကြပုံ၊ အာမိသ ပူဇော်မှုကို ကဲ့ရဲ့၍ ဓမ္မပူဇော်မှုကို ချီးမွမ်းတော်မူ ကြောင်း၊ ဓမ္မာနုဂ္ဂဟဖြင့် ပူဇော်နည်း။

ဥပဝါဏမထေရ် .... .... .... ၄၂၈-၄၃၄

မြတ်စွာဘုရား၏ အလုပ်အကျွေးဟောင်း ဖြစ်ဘူး ကြောင်း၊ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုခါနီး နတ်ဗြဟ္မာ အပေါင်း စုဝေးရောက်လာကြခြင်း၊ ဥပဝါဏမထေရ် ကိုယ်ခန္ဓာကြီး၍တန်ခိုးကြီးကြောင်း၊ ကဿပဘုရားရှင့် စေတီစောင့်နတ် ဖြစ်ခဲ့ကြောင်း၊ ဝိပဿီဘုရားရှင့် စေတီတော်၊ မြတ်ဘုရားပရိနိဗ္ဗာန်ပြုခါနီး နတ်ဗြဟ္မာတို့ ငိုကြွေးကြပုံ၊ နတ်ဗြဟ္မာများ ပကတိမြေကြီးပေါ်၌ မရပ်တည်နိုင်ကြကြောင်း။

WWW.DHAMMARANSI.COM



## မဟာဗုဒ္ဓဝင် ပဉ္စမတွဲ


အကြောင်းအရာ — စာမျက်နှာ

**သံဝေဂရစေမည့် ဌာန ၄-ပါး .... .... ၄၃၅-၄၃၉**

တနှစ်တွင်း ရဟန်းတို့စည်းဝေးမှု ၂-ကြိမ်၊ အရှင်အာနန္ဒာ ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံပုံ၊ သံဝေဂရစေမည့် ၄-ဌာန၊ ၎င်း ၄-ဌာနသို့ သွားလာဖူးမြော်ကြသူတို့အကျိုး။

**အရှင်အာနန္ဒာ၏ အသေးစိတ်မေးလျှောက်ခွန်း .... ၄၃၉-၄၄၃**

ရဟန်းများ မာတုဂါမနှင့်စပ်လျဉ်း၍ ကျင့်သုံးရန်နည်းလမ်းများ၊ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်နှင့်စပ်၍ ဆောင်ရွက်ရန် ညွှန်ကြားတော်မူချက်၊ စကြဝတေးမင်း၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်ကြပုံနှင့် စေတီတည်ကြပုံ။

**စေတီထိုက်သောပုဂ္ဂိုလ်လေးမျိုး .... .... ၄၄၃-၄၄၅**

စေတီတည်ထိုက်သောပုဂ္ဂိုလ် ၄-ဦး၊ ဘုရားသခင်စေတီထိုက်ခြင်းအကြောင်း၊ ပစ္စေကဗုဒ္ဓါ စေတီထိုက်ခြင်း အကြောင်း၊ အရိယာပုဂ္ဂိုလ် စေတီထိုက်ခြင်းအကြောင်း၊ စကြဝတေးမင်း စေတီထိုက်ခြင်း အကြောင်း၊ သီလဝန္တပုထုဇဉ်ရဟန်းအတွက် စေတီကိုခွင့်ပြုတော်မမူခြင်းအကြောင်း။

**အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများ .... ....၄၄၅-၄၅၅**

အရှင်အာနန္ဒာအား မငိုကြွေးရန်နှင့် ကမ္မဋ္ဌာန်းအလုပ်အားထုတ်ရန် တိုက်တွန်းတော်မူခြင်း၊ မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ အရှင်အာနန္ဒာ၏အံ့ဖွယ်ဂုဏ် ၄-ပါး၊ စကြဝတေးမင်း၏ အံ့ဖွယ်ဂုဏ် ၄-ပါး။

**မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း .... ၄၅၅-၄၆၀**

ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန် စံတော်မူရခြင်းအကြောင်း၊ မလ္လမင်းတို့အား မြတ်စွာဘုရား ကြွလာခြင်း သတင်းပို့ရကြောင်း၊ မလ္လမင်းတို့ ရှိခိုးကန်တော့ကြခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ                                   စာမျက်နှာ


သုဘဒ္ဒပရိဗိုဇ်ဝတ္ထု .... .... ၄၆၀-၄၇၆

သုဘဒ္ဒပရိဗိုဇ် ၃-ဦး၊ အညာသိကောဏ္ဍညဝတ္ထု၊ သုဘဒ္ဒ၏ အတိတ်အကြောင်း၊ သုဘဒ္ဒက မြတ်စွာဘုရားအား တိတ္ထိတို့ အယူအဆ မှန်-မမှန် မေးခြင်း၊ သုဘဒ္ဒအား တရားဟောခြင်း၊ သုဘဒ္ဒ ရှင်အဖြစ်, ရဟန်းအဖြစ်မှ ရဟန္တာဖြစ်ခြင်း၊ပစ္ဆိမသာဝက ၃-မျိုး၊ သုဘဒ္ဒဝတ္ထု ၁-မျိုး။

မြတ်စွာဘုရား၏ နောက်ဆုံးဩဝါဒ စကားတော် ၄၇၆-၄၀၂

ဩဝါဒ ၆-ခု၊ မြဟ္မဒဏ်၊ နောက်ဆုံးဩဝါဒ။

ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း .... ၄၀၂-၄၀၆

ရူပအရူပကြိယာဈာန်တို့ကို အဆင့်ဆင့် အပြန်ပြန် အလှန်လှန် ဝင်စားတော်မူခြင်း၊ ဘဝင်စိတ်ဖြင့် ပရိ-နိဗ္ဗာန် ဝင်စံချုပ်ငြိမ်းတော်မူခြင်း။


## အခန်း-၄၁


သံဝေဂကထာများ .... .... ၄၀၇-၄၉၀

သဟမ္ပတိဗြဟ္မာကြီး၏ သံဝေဂကထာ၊ သိကြားမင်း၏ သံဝေဂကထာ၊ အရှင်အနုရုဒ္ဓါ၏ သံဝေဂကထာ၊ အရှင်အာနန္ဒာ၏ သံဝေဂကထာ၊ အရှင်အနုရုဒ္ဓါ၏ သတိပေး သံဝေဂစကား၊ မလ္လမင်းတို့အား အရှင်အာနန္ဒာက မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်း သွားရောက် ပြောကြားခြင်း၊ မလ္လမင်းတို့ ငိုကြွေးကြ၍ အမျိုးမျိုးပူဇော်ကြကြောင်း၊ မလ္လမင်းတို့နှင့် နတ်များ သဘောကွဲလွဲကြ၍ အလောင်းတော် မ-ချီ မရခြင်း၊ အလောင်းတော်ကို မကုဋဗန္ဓနစေတီ ဌာနသို့ ပင့်ဆောင်ကြခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ — စာမျက်နှာ

မလ္လိကာက မဟာလတာတန်းဆာဖြင့် ပူဇော်ခြင်း ၄၉၀-၄၉၉
မဟာလတာတန်းဆာ ၃-ခု၊ မဟာလတာတန်းဆာဖြင့် ပူဇော်ပုံ၊ မလ္လိကာ၏ဆုတောင်း။

ဥတုဇရုပ်ကလာပ်တော်၌ ဆောင်ရွက်ကြပုံ ၅၀၀-၅၀၁
စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ စီမံဆောင်ရွက်ပုံ၊ မလ္လမင်းများ မြတ်စွာဘုရား၏ ဥတုဇ ရုပ်ကလာပ်ကို စီမံဆောင်ရွက်ကြပုံ။

မဟာကဿပမထေရ်ဝတ္ထု .... ၅၀၂-၅၀၅
အရှင်မဟာကဿပမထေရ် ကုသိနာရုံသို့ ဘုရားဖူးကြွခြင်း၊ မန္ဒာရဝနတ်ပန်းကို မြင်တွေ့ရချိန်များ၊ တက္က-တွန်းအား မြတ်စွာဘုရားအပေါ် လေးစားခြင်းဖြင့် အဖြေရရန် မေးမြန်းပုံ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသည့် သတင်းကြောင့် အချို့တပည့်များ ငိုကြွေးကြပြီး အချို့ တရားနှင့် ဖြေကြပုံ၊ သုဘဒ်တောထွက်ရဟန်းကြီး၏ တွေးခေါ်ပြောဆိုချက်။

သုဘဒ်တောထွက် ရဟန်းကြီးအကြောင်း ၅၀၆-၅၁၄
မြတ်စွာဘုရားအမှူးရှိ သံဃာတော်တို့အား ယာဂုအလှူကြီးပေးရန် သား ၂-ယောက်တို့အား ပစ္စည်းစုစေပုံ၊ ယာဂုကို ကိုယ်တိုင်ကြပ်မပ်စီမံပုံ၊ ထပ်ထပ်သော ယာဂု၊ ၎င်းနှင့်စပ်၍ သိက္ခာပုဒ် ၂-ခု ပညတ်တော်မူပုံ၊ သုဘဒ်ရဟန်းကြီး၏ စကားကို ကြား၍ အရှင်မဟာ-ကဿပ မမ္မသံဝေဂဖြစ်တော်မူပုံ၊ ထို့နောက် သံဂါ-ယနာတင်ရန် စိတ်အကြံပေါ်လာပုံ။

ဥတုဇရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ကြခြင်း ၅၁၅-၅၁၉
မြတ်စွာဘုရား၏ရုပ်ကလာပ်ကို မလ္လမင်းတို့ မီးတိုက်ကြသော်လည်း မစွဲလောင်ခြင်းအကြောင်း၊ အရှင်မဟာကဿပ အမှူးရှိသော သံဃာတော်များ ခြေတော်အစုံကို ဖူးမြော်ကြရပုံ၊ တေဇောဓာတ်မီး လောင်ကျွမ်းခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

သရီရဓာတ်တော်များအကြောင်း .... ၅၁၉-၅၂၁
သရီရဓာတ်တော်များ အဆူဆူ ကွဲပြားရန် မြတ်စွာဘုရား အဓိဋ္ဌာန်တော်မူခဲ့ကြောင်း၊ အဝိပ္ပကိဏ္ဏနှင့် ဝိပ္ပကိဏ္ဏဓာတ်တော် ၂-မျိုး၊ ငယ်, လတ်, ကြီး ဓာတ်တော် ၃-မျိုး၊ တေဇောဓာတ်မီးငြိမ်းပုံ။

သာဓုကီဠနသဘင် ဆင်ယင်ကျင်းပခြင်း ၅၂၁-၅၂၃
မလ္လမင်းတို့ ဓာတ်တော်များကို မြို့တွင်းသို့ ယူကြပုံ၊ ဓာတ်တော်များကို အစောင့်အနေ လုံခြုံစွာချပြီး သာဓုကီဠနသဘင် ဆင်ယင်ကြပုံ။

သရီရဓာတ်တော်များကို ဝေဘန်ခြင်းအကြောင်း ၅၂၃-၅၃၀
အဇာတသတ်မင်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်း ကြားသိပုံ၊ ထို့နောက် လှည့်လည်သွားလာ ငိုကြွေးရှာပုံ၊ အဇာတသတ်မင်းအပါ ၇-ပြည်ထောင် သောမင်းတို့ ဓာတ်တော်ပင့်ရန်ထွက်ကြပုံ၊ မလ္လမင်းတို့ ဓာတ်တော် မပေးလိုကြကြောင်း။

ဒေါဏပုဏ္ဏား ဓာတ်တော်များကို ခွဲဝေပေးခြင်း ၅၃၀-၅၃၄
ဒေါဏပုဏ္ဏား ၇-ပြည်ထောင်မင်းများနှင့် မလ္လမင်းတို့ စစ်မဖြစ်အောင် ဆောင်ရွက်ပုံ၊ ဘုရားဂုဏ်ကို ချီးမွမ်း ကြီးဝါးချက်=ဒေါဏဂဇ္ဇိတ-ဂါထာများ ရွတ်ဆိုနိုင်ပုံ၊ မင်းသားတို့၏ ဆရာကြီးဖြစ်၍ သြဇာညောင်းသဖြင့် ဓာတ်တော်များ ၈-ပုံပုံ၍ ဝေပေးပုံ၊ဒေါဏပုဏ္ဏားကြီး ဝှက်ထားသော လက်ျာစွယ်တော် နတ်ပြည်ရောက်ပုံ၊ အဝေမတတ် ဆရာငတ်ဖြစ်ရပုံ၊ မောရိယမင်းတို့မှာ နောက်ကျကြသဖြင့် မီးသွေးသာ ရသွားကြပုံ။

ဓာတ်တော်စေတီကို ပူဇော်ခြင်း .... ....၅၃၅
ရှေးဦးစွာ လူ့ပြည်၌ မြတ်စွာဘုရားဓာတ်တော်မှ စေတီတော် ၁၀-ဆူ ဖြစ်ပေါ်လာပုံ။

WWW.DHAMMARANSI.COM



အကြောင်းအရာ                                                    စာမျက်နှာ

အဇာတသတ်မင်း စေတီတည်ထားခြင်းအကြောင်း ၅၃၆-၅၃၀

အဇာတသတ်မင်း မိမိရရှိသော ဓာတ်တော်များကို ကြီးကျယ်ခမ်းနားစွာ ၇-နှစ်ကျော်ကြာမျှ ရာဇဂြိုဟ်ပြည်သို့ ယူဆောင်ပုံ၊ မိဿာအယူရှိသူများ ရတနာသုံးပါးအပေါ် စိတ်ပြစ်မှားမိကြ၍ အပါယ်ဘုံ၌ အဖြစ်မများစေရန် နတ်တို့ချောက်လှန့်၍ ဓာတ်တော်များကို အမြန်ယူဆောင်စေပုံ။

လျှို့ဝှက်သော ဓာတ်တော်ဌာပနာတိုက်ကြီး တည်ထားခြင်း .... .... .... ၅၃၉-၅၄၄

အရှင်မဟာကဿပထေရ်က အဇာတသတ်မင်းအား လျှို့ဝှက်သောဓာတ်တော်ဌာပနာတိုက် တည်ဆောက်ရန် မိန့်ကြားခြင်း၊ အရှင်မဟာကဿပ ကိုယ်တော်တိုင် ၆-ပြည်တောင်မှ ဓာတ်တော်များကို တောင်းယူပေးတော်မူခြင်း၊ ဓာတ်တော်များကို ကြုတ်အထပ်ထပ်၌ ထည့်သွင်းဌာပနာခြင်း၊ ဌာပနာတိုက်အတွင်း၌ ပန်း, နံ့သာ, ဆီမီးနှင့် ကမ္ဗည်းစာများ, အစောင့်များ ထည့်သွင်းထားရှိခြင်း။

အသောကမင်း စေတီအနှံ့အပြားတည်ခြင်း .... ၅၄၅-၅၄၉

အသောကမင်းကြီး အဇာတသတ်မင်းဌာပနာခဲ့သော ဓာတ်တော်များကို ရှာဖွေပုံ၊ မထေရ်မြတ်ကြီးတပါးထံမှ ဓာတ်တော်တိုက်နေရာ သဲလွန်စရပုံ၊ ဌာပနာတိုက်ထဲမှ ယန္တရားစက်ရုပ်များကို ဖယ်ရှားပုံ၊ ဌာပနာတိုက်ထဲသို့ဝင်၍ ဓာတ်တော်များကိုယူကာ စေတီတော် ရှစ်သောင်းလေးထောင် တည်ခြင်း။

ဗုဒ္ဓရတနာခဏ်းနိဂုံး .... .... .... ၅၅၀-၅၅၂

ခုနစ်နေ့ဘုရားရှိခိုးလင်္ကာ၊ ခုနစ်နေ့ ပေါရာဏလင်္ကာ။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

## ဓမ္မရတနာ

### အခန်း—၄၂

ဘုရားဂုဏ်တော် ၉-ပါး .... .... ၅၅၃-၅၉၂
ဘုရားဂုဏ်တော် ၉-ပါးပြပါဠိ၊ ဘုရားဂုဏ်တော် ၉-ပါး ဘာသာပြန်(ပါဠိနှင့်သဿယ)၊ ဂုဏ်တော်ကိုးပါး အဓိပ္ပါယ်၊ ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး၊ စရဏ ၁၅-ပါး၊ သူတော်ကောင်းတရား ၇-ပါး၊ စကား ၆-ခွန်း၊ အဘယရာဇကုမာရသုတ် အကျဉ်း ( မြန်မာပြန် )၊ တောသားအဖိုးအိုဝတ္ထု။

လောကဝိဒူဂုဏ်တော် .... .... .... ၅၉၃
လောကအရ ဥပါဒါနက္ခန္ဓာ၊ လောကသုံးပါး၊ သင်္ခါရလောကတပါးမှ တဆဲ့ရှစ်ပါးပြားပုံ၊ သတ္တဝါတို့၏ အာသယ၊ အနုသယ၊ စရိတ၊ အဓိမုတ္တိကို ပိုင်းခြားသိပုံ၊ ဩကာသလောက၊ စကြဝဠာတည်နေပုံ၊ သုံးဆဲ့တဘုံ တည်နေပုံ။

အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် .... .... ၆၀၈
အနုတ္တရဂုဏ်တော်၊ ပုရိသဒမ္မသာရထိဂုဏ်တော်။

သတ္ထာဒေဝမနုဿာနံဂုဏ်တော် .... .... ၆၁၁
လှည်းမှူးကြီးနှင့်တူပုံ၊ ဖားနတ်သားဝတ္ထု။

ဗုဒ္ဓဂုဏ်တော် .... .... .... .... ၆၁၇

ဘဂဝါဂုဏ်တော် .... .... .... ၆၁၈
ဇူဿရိယဘုန်းတော်၊ ရေမီးအစုံအစုံသော တန်ခိုး၊ အဏိမာ-သေးငယ်နိုင်ခြင်း၊ မဟိမာ-ကြီးမားနိုင်ခြင်း၊ လဃိမာ-ပေါ့ပါးခြင်း၊ ပတ္တိ-လိုရာအရပ်သို့ ရောက်ခြင်း၊ ပါကမ္မ-လိုတိုင်းပြီးစေနိုင်ခြင်း၊ ဤသိတာ-သတ္တဝါတို့ကို အစိုးရခြင်း၊ ဝသိတာ-ဈာန်သမာပတ်၌

WWW.DHAMMARANSI.COM



အကြောင်းအရာ　　　　　　　　　　　　　　　　　စာမျက်နှာ

လော့လာနိုင်နင်းခြင်း၊ ယတ္တကာမဝသာယိတာ-အလို တော်အတိုင်း ပြီးဆုံးစေနိုင်ခြင်း၊ ဓမ္မဘုန်းတော်၊ ယသဘုန်းတော်၊ သိရီဘုန်းတော်၊ ကာမဘုန်းတော်၊ ပယတ္တဘုန်းတော်။

ဂုဏ်တော်အကျဉ်းချုပ် .... .... .... ၆၃၀

အတ္တဟိတပြည့်စုံမှု၊ ပရဟိတကျင့်ဆောင်မှု၊ လုပ်ဆောင်မှုစင်ကြယ်ခြင်း၊ ရည်ရွယ်ချက်စင်ကြယ်ခြင်း၊ အကြောင်းဂုဏ်၊အကျိုးဂုဏ်၊သတ္တဝါတို့အား ကျေးဇူးပြုသောဂုဏ်။

ဗုဒ္ဓါနုဿတိဘာဝနာ .... .... .... ၆၃၃

ဘုရားဂုဏ်တော် ပွါးများခြင်း၏အကျိုး၊ ကိုယ်စိတ်ငြိမ်းချမ်းခြင်း၊ ဗျာန်မရနိုင်ခြင်းအကြောင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ ဒုက္ခခံနိုင်ခြင်း၊ သုဂတိဘဝရောက်ရခြင်း။

တရားဂုဏ်တော်ခြောက်ပါး အနက်မြန်မာပြန်ဆိုခြင်း ၆၃၀

သွာက္ခာတဂုဏ်တော် .... .... .... ၆၄၁

စလယ်ဆုံးကောင်းခြင်း၊ သီလသမာဓိပညာ၊ သာသနဗြဟ္မစရိယ၊ မဂ္ဂဗြဟ္မစရိယ၊ ဗျဉ္ဇနဗုဒ္ဓိ(ရွတ်ဖတ်နည်း) ဆယ်ပါး၊ အနက်အဓိပ္ပါယ် ဖောက်ပြန်ချွတ်ယွင်းခြင်း မရှိ၊ ဝေသာရဇ္ဇဉာဏ်တော်လေးပါး၊ သဗ္ဗညုတဉာဏ်၊ အရဟတ္တဖလဉာဏ်၊ အန္တရာယ်ပြုတတ်သော တရားများကို မှန်ကန်စွာဟောခြင်း၊သံသရာမှ ထွက်မြောက်ကြောင်းကို မှန်ကန်စွာဟောခြင်း။

သန္ဒိဋ္ဌိကဂုဏ်တော် .... .... .... ၆၅၄

ကိုယ်တိုင်သိမြင်တိုက်ခြင်း၊ နီးမွှမ်းအပ်သော မဂ်ဉာဏ်ဖြင့် ကိလေသာကို အောင်နိုင်ခြင်း၊ ဉာဏ်ဖြင့် မျက်ဝါး ထင်ထင် တွေ့မြင်ခြင်း။

WWW.DHAMMARANSI.COM



အကြောင်းအရာ ... ... စာမျက်နှာ

အကာလိကဂုဏ်တော် .... .... .... ၆၅၇

အရိယမဂ်တရားသာလျှင် အကာလိက၊ လောကီကုသိုလ်နှင့် မဂ်ကုသိုလ်အကျိုးပေးပုံချင်း နှိုင်းယှဉ်ချက်။

ဧဟိပဿိကဂုဏ်တော် .... .... .... ၆၅၈

လာလှည့်ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်ခြင်း၊ လောကုတ္တရာတရားအစုသည် ထင်ရှားရှိ၍ စင်ကြယ်ခြင်း။

ဩပနေယျိကဂုဏ်တော် .... .... .... ၆၅၉

တရားထူးရလျှင် အပါယ်ဒုက္ခပြတ်ခြင်း၊ လက်သည်းခွံပေါ်ကမြေမှုန့်ဥပမာ၊ ဦးခေါင်းကိုစွဲသောမီးကို မငြိမ်းဝဲ ကိလေသာမီးကို ငြိမ်းစေရမည်။

ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် .... .... ၆၆၁

အရိယာသုံးမျိုး——ဥဃဋိတညူ၊ ဝိပဉ္စိတညူ၊ နေယျ၊ ကိုယ်စီကိုယ်င သီးခြားစီ သိအပ်ခြင်း။

ဓမ္မာနုဿတိဘာဝနာ .... .... ၆၆၂

ကိုယ်စိတ် ငြိမ်းချမ်းခြင်းစသော တရားဂုဏ်တော်ပွါးများရခြင်း၏အကျိုး။

တရားဂုဏ်တော် ခြောက်ပါးကို ဝိသုဒ္ဓိမဂ်မဟာဋီကာဖွင့်ဆိုချက်, ပရိယတ္တိ၌ တရားဂုဏ်တော် ခြောက်ပါးရနိုင်ပုံ။ .... .... .... ၆၆၅

သံဃဂုဏ်တော်ကိုးပါး အနက်မြန်မာပြန်ဆိုချက် ၆၆၇

သာဝကသံဃာအကြောင်း .... .... ၆၇၁

သုပ္ပဋိပန္နစသော ဂုဏ်တော်လေးပါး ... ၆၇၂

အကျင့်မြတ်ကို လိုက်နာကျင့်သုံးပုံ၊ မဆုတ်မနစ်ဖြောင့်ဖြောင့်ကျင့်ပုံ၊ နိဗ္ဗာန်အားလျော်စွာကျင့်ပုံ၊ လော-

WWW.DHAMMARANSI.COM

[ လ ]  မဟာဗုဒ္ဓဝင် ပဌမတွဲ

အကြောင်းအရာ  စာမျက်နှာ

ကုဏ္ဍရာတရားနှင့် လျော်စွာကျင့်ပုံ၊ မှန်ကန်သော အကျင့်ကိုကျင့်ခြင်း၊ဒွါရသုံးပါး၌အကောက်သုံးပါးကို ပယ်ရန်ကျင့်ခြင်း၊ နိဗ္ဗာန်ကို သိရန်ကျင့်ခြင်း၊ အရှိ အသေ ခံထိုက်အောင်ကျင့်ခြင်း၊ အရိယာပုဂ္ဂိုလ် ရှစ်ယောက်။

အာဟုနေယျဂုဏ်တော် .... .... ၆၇၆

အဝေးမှပင်ဆောင်ယူလှူဒါန်းထိုက်ခြင်း၊ အဝေးမှပင် လာရောက်လှူဒါန်း ပူဇော်ထိုက်ခြင်း၊ အလှူဒါန၏ အကျိုးကြီးမြတ်မှုကို ဖြစ်စေနိုင်ခြင်း။

ပါဟုနေယျဂုဏ်တော် .... .... ၆၇၉

ဧည့်သည်အတွက်ထားသော လက်ဆောင်ပဏ္ဏာများ ကို ဧည့်သည်ထက် အလျင်လက်ဦး ခံယူထိုက်ပုံ။

ဒက္ခိဏေယျဂုဏ်တော် .... .... ၆၈၀

ပါးစပ်က မရှိဘူး ပြောရုံမျှဖြင့် တမလွန်လောက ပျောက်မသွားချေ၊ ရေသောက်မြစ် မပြတ်သေးသော သစ်ပင်ဥပမာ၊ တမလွန်ချမ်းသာရေးအတွက် လှူဒါန်း သော အလှူကို ခံယူနိုင်ခြင်း၊ အလှူကို အကျိုးကြီးမြတ် အောင် စင်ကြယ်စေခြင်း။

အဉ္ဇလိကရဏီယဂုဏ်တော် .... .... ၆၈၂

လက်အုပ်ချီထိုက်ခြင်း။

အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော် .... ၆၈၂

သံဃာတော်သည် လယ်ယာမြေနှင့်တူပုံ။

သံဃာနုဿတိ ဘာဝနာ .... .... ၆၈၄

သံဃာနုဿတိ ဘာဝနာ၏အကျိုး .... ၆၈၆

WWW.DHAMMARANSI.COM

# အသေးစိတ် မာတိကာ



ပါကြောင်းအရာ စာမျက်နှာ


အနုဿတိ ကမ္မဋ္ဌာန်းနှစ်မျိုး .... .... ၆၇၇

(က) စိတ်ရွှင်လန်းရန် ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တော်များကို ပွါးရခြင်း, ဓားမကြီးကို ပန်းပဲဖို၌ သပုံ။

(ခ) မဂ်ဖိုလ်၏ အခြေခံဖြစ်အောင်ပွါးပုံ။

ပဋိစ္စသမုပ္ပါဒ်တရား .... .... ၆၇၉

အခက်ကြီးလေးခု၊ သစ္စာလေးပါး၊ သတ္တဝါအကြောင်း၊ ပဋိသန္ဓေတည်ပုံ၊ ကြောင်းကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ်တရား။

ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်ကို အနက်မြန်မာပြန်ဆိုပုံ ၆၉၁

လယ်တီဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်လင်္ကာ ပဌမပိုဒ် ၆၉၂

အဝိဇ္ဇာ၊ သစ္စာလေးပါးကို မသိခြင်းမောဟ၊ ဘဝသံသရာရထားကြီး၊ အင်္ဂါလေးပါးရှိသော မှောင်ကြီး၊ အဝိဇ္ဇာမှောင်ကြီးကြောင့် မီးလောင်စာ ထပ်၍ရှာပုံ၊ ကောင်းမှု, မကောင်းမှုကို သည်းပူးရှာဖွေ အားထုတ်ပုံ။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ ဒုတိယပိုဒ် .... .... ၆၉၉

သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ၊ ကုသိုလ် အကုသိုလ် စေတနာတို့ကြောင့် ပဋိသန္ဓေဝိညာဏ်၊ ပဝတ္တိဝိညာဏ်များဖြစ်ပုံ၊ စေတနာသမင်္ဂီတာ၊ ကမ္မသမင်္ဂီတာ၊ ဥပဋ္ဌာနသမင်္ဂီတာ၊ ဝိပါကသမင်္ဂီတာ၊ ရုပ်တရားအချုပ် တေဇောခေတ်၊ နာမ်တရားအချုပ်ဝိညာဏ်၊ ဝိညာဏ်နှင့် ဘုရင်တူပုံ။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ တတိယပိုဒ် .... ၇၀၄

ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံ၊ ဝိညာဏ်နှင့်ယှဉ်ဘက် စေတသိက်များကို နာမ်ဟု ခေါ်ခြင်း၊ မဟာဘုတ်

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

ဥပါဒါရုပ်များကို ရုပ်ဟု ခေါ်ခြင်း၊ စိတ်ဆန်းကြယ်သောကြောင့် သတ္တဝါများ မတူ ထူးခြားပုံ။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ စတုတ္ထပိုဒ် .... .... ၇၀၆

နာမ်ရုပ်ကြောင့် အာယတနခြောက်ပါးဖြစ်ပုံ၊ သတ္တဝါလေးမျိုး၊ အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဩပပါတိက၊ စိတ်ဝိညာဏ်နှင့် နာမ်တရား အပြန်အလှန်ကြောင်းကျိုးပြုပုံ၊ သစ်ပင်နှင့်သစ်စေ့ ဥပမာ၊ မီးနှင့် လေ ဥပမာ၊ ရူပါရုံထင်ရာ၌ သစ်ခက်ငှက်နား ဥပမာ၊ သဠာယတန၌ ငရဲအိုးကြီးနှင့်တူသော ပုထုဇန်။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ ပဉ္စမပိုဒ် .... .... ၇၁၁

အာရုံနှင့် ဒွါရတိုက်ဆိုင်မိသောအခါ ဖဿဓာတ်များ တဖြန်းဖြန်းထပုံ၊ ဖဿကကြိတ်ချေပေးသဖြင့် အရသာပေါ်လာပုံ။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ ဆဋ္ဌမပိုဒ် .... .... ၇၁၄

အာရုံ၏ကောင်းသောအရသာ မကောင်းသောအရသာကို ဝေဒနာက ခံစားပုံ၊ ဝေဒနာခြောက်ပါးပြားပုံ၊ သုခဝေဒနာဓာတ်ကြီးရရန် ကြိုးစားကြပုံ။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ သတ္တမပိုဒ် .... .... ၇၁၇

ဝေဒနာကြောင့် တဏှာဖြစ်ခြင်း၊ သုခဝေဒနာကြောင့် ရှင်လန်းဖွံ့ဖြိုးလာပုံ၊ တဏှာခြောက်ပါး၊ တဏှာ နယ်ချဲ့ပုံ။

ပဋိစ္စသမုပ္ပါဒ်လင်္ကာ အဋ္ဌမပိုဒ် .... .... ၇၂၀

တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံ၊ ဥပါဒါန်လေးပါး၊ အားကြီးသောတဏှာသည် ကာမုပါဒါန်၊ မိစ္ဆာဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန်၊ မှားယွင်းသော အလေ့အကျင့်၌ စွဲလမ်းမှု သီလဗ္ဗတုပါဒါန်၊ နွားအကျင့် ခွေးအကျင့်များ၊ ငါဟု ထင်မှတ်မှု အတ္တဝါဒုပါဒါန်။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

ပဋိစ္စသမုပ္ပါဒ်လက်ာ နဝမပိုဒ် .... .... ၇၂၃
ငါ့ဖွဲ့ ဥပါဒါန်ကြောင့် ကောင်းမှု မကောင်းမှုများ ပြုလုပ်ခြင်း၊ ကာမုပါဒါန်ကြောင့် ဒုစရိုက် သုစရိုက် များပြုပုံ၊ အပါယ်ဘုံ၊ ကာမသုဂတိဘုံ၊ ဗြဟ္မာဘုံတို့၌ ဖြစ်ရပုံ၊ ဥစ္ဆေဒဒိဋ္ဌိအမြင်ဖြင့် ကုသိုလ်ပြုပုံ၊ အတ္တဝါဒ အစွဲဖြင့် ဗြဟ္မာဘုံရောက်ရန် အားထုတ်ပုံ၊ အလေ့ အကျင့် စွဲလမ်းမှုကြောင့် ကုသိုလ်ပြုပုံ။

ပဋိစ္စသမုပ္ပါဒ်လက်ာ ဒသမပိုဒ် .... .... ၇၂၈
ကမ္မဘဝကြောင့် ပဋိသန္ဓေဇာတိဖြစ်ပုံ၊ ဇာတိလေးမျိုး ပြားပုံ။

ပဋိစ္စသမုပ္ပါဒ်လက်ာ ဧကာဒသမပိုဒ် .... .... ၇၃၁
ဇာတိပဋိသန္ဓေကြောင့် ဇရာမရဏဖြစ်ပုံ၊ ခဏဇရာနှင့် သန္တတိဇရာ၊ အသက်ကြီးသူအားသာ သွားကျိုးဆံဖြူ ဖြစ်ရခြင်း၊ ဇရာကို မျက်စိဖြင့် မမြင်နိုင်၊ ခဏိကမရဏ - လျှပ်တပြက်အတွင်း အကြိမ်ပေါင်း ကုဋေတသိန်း ကျော်၊ သမုစ္ဆေဒမရဏ - ပရိနိဗ္ဗာန်စံခြင်း၊ သမ္မုတိ-မရဏ - တဘဝတခါသေခြင်း၊ သမ္မုတိမရဏလေးမျိုး - သက်တမ်းကုန်ခြင်း၊ ကံကုန်ခြင်း၊ နှစ်ပါးစုံကုန်ခြင်း၊ အကုသိုလ်ကံ ဖြတ်တောက်ခြင်း၊ ဇာတိဇရာမရဏတို့ သည် လူသတ်သမားသုံးဦးနှင့် တူပုံ။

ပဋိစ္စသမုပ္ပါဒ်လက်ာ ဒွါဒသမပိုဒ် .... .... ၇၃၈
ပျက်စီးခြင်းငါးပါး။

ပဋိစ္စသမုပ္ပါဒ်လက်ာ တေရသမပိုဒ် .... .... ၇၃၉

ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး .... .... ၇၃၉
အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်၊ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်၊ အသိ ကောင်းဉာဏ်ကောင်းသော ဓမ္မကထိကဥပမာ။

WWW.DHAMMARANSI.COM



အကြောင်းအရာ စာမျက်နှာ

အသာဓာရဏဉာဏ်တော်ခြောက်ပါး .... .... ၇၄၄
ဣန္ဒြိယပရောပရိယတ္တဉာဏ်–ဣန္ဒြေအနုအရင့်ကိုသိခြင်း၊ အာသယာနုသယဉာဏ် – နှလုံးသွင်း အတွင်းမျိုးစေ့ ဓာတ်ကိုသိခြင်း၊ယမကပါဋိဟိရဉာဏ်–ရေမီးအစုံအစုံ သော တန်ခိုးပြာဋိဟာ၊ မဟာကရုဏာသမာပတ္တိ ဉာဏ်–သတ္တဝါတို့ကို ကြီးစွာသောသနားမှု၊ သဗ္ဗညုတ ဉာဏ်–အလုံးစုံကို အကုန်သိမြင်ခြင်း၊ အနာဝရဏ ဉာဏ်–အပိတ်အပင် အတားအဆီးမရှိသော ဉာဏ် တော်။

ဒသဗလဉာဏ် .... .... .... .... ၇၄၇
ဉာဏ်တော်ဆယ်ပါး အသုံးပြုတော်မူပုံ။

ဗုဒ္ဓဉာဏ်တော်တဆဲ့လေးပါး .... .... ၇၅၀

အာဝေဏိကဂုဏ်တော် ပါဠိနှင့်အနက် .... .... ၇၅၁

ဓမ္မစက္ကပဝတ္တနသုတ္တန် အထူးမှတ်ဖွယ် .... .... ၇၅၈
ဓမ္မစကြာအရ မဂ်ဉာဏ်လေးပါးနှင့် ဒေသနာဉာဏ် တော်ဖြစ်သင့်ပုံ။

အနတ္တလက္ခဏသုတ္တန် အထူးမှတ်ဖွယ် .... .... ၇၆၂
သုံးပါးဆွမ်းခံ၍ ခြောက်ပါး မျှတပုံ၊ ဝါဆိုလပြည့် ကျော် ၅-ရက်နေ့၌ အနတ္တလက္ခဏသုတ်ဟောခြင်း၊ အနတ္တသဘော မြင်နိုင်ခဲပုံ၊ ပဉ္စဝဂ္ဂီရဟန်းတို့ ရဟန္တာ ဖြစ်ကြခြင်း၊ ခန္ဓာငါးပါး ဝိပဿနာရှုရန် လက်ာ ငါးပုဒ်။

ရတနသုတ် ပါဠိနှင့်အနက် .... .... .... ၇၆၇
အရိယာ တရား ရှစ်ပါး။

ရတနသုတ် နိဂုံးချုပ် အာသီသလင်္ကာ .... .... ၇၉၂

မဟာဗုဒ္ဓဝင် ပဉ္စမတွဲ မာတိကာ ပြီး၏။

WWW.DHAMMARANSI.COM

# နိုင်ငံတော်ဗုဒ္ဓသာသနာ

# မဟာဗုဒ္ဓဝင်

## ပဉ္စမတွဲ

## ဧကါဒသမဗုဒ္ဓဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## မုဒ္ဒြရာဇာနုဘာ

## အခန်း-၃၇

### မြတ်စွာဘုရားရှင်၏ မိဖဟောင်း

### သာကေတပုဏ္ဏားကြီး ဇနီးမောင်နှံအကြောင်း

အခါတပါး မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်၌ ဝါကပ်ဆိုတော်မူပြီးနောက် ကိုယ်တော်၏ကျန်းမာရေးကို ပြည့်စုံစေခြင်း, မဖြစ်သေးသော သိက္ခာပုဒ်ကို ပညတ်တော်မူခြင်း, ကျွတ်ထိုက်သောသတ္တဝါတို့အား ချီးမတော်မူခြင်း ထိုထိုသို့သော အဋ္ဌုပ္ပတ္တိအလိုက် ဇာတ်တော်စသည်ကို ဟောကြားခြင်း - အစရှိသော အကြောင်းများကို စဉ်းစားဆင်ခြင်တော်မူ၍ သာဝတ္ထိပြည်မှ ဒေသစာရီ ကြွချီတော်မူခဲ့၍ အစဉ်သဖြင့် သာကေတမြို့သို့ ညချမ်းအခါ ရောက်ရှိတော်မူကာ အဉ္ဇနမည်သော တောအုပ်သို့ ဝင်တော်မူလေ၏။

WWW.DHAMMARANSI.COM



သာကေတ မြို့သူ-မြို့သားတို့သည် မြတ်စွာဘုရားရှင် ကြွလာတော်မူကြောင်း သတင်းစကား ကြားသိကြ၍ "ယခုအခါ ညဉ့်အချိန်ဖြစ်၍ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် အခါမဟုတ်ချေ"ဟု ကြံစည်ကြကာ မြတ်စွာဘုရားရှင် အထံတော်သို့ ညဉ့်အချိန်၌ မသွားရောက်ကြပဲ နံနက်မိုးသောက် ရောက်သောအခါမှ ပန်းနံ့သာ စသည်တို့ကို လက်စွဲကုန်လျက် မြတ်စွာဘုရားရှင် အထံတော်သို့ သွားရောက် ဆည်းကပ်ကြ၍ ပူဇော်ခြင်း, ရှိခိုးခြင်း, ဝမ်းမြောက်ဝမ်းသာစကား လျှောက်ထားပြောကြားခြင်း-စသည်ကို ပြုလုပ်ကြပြီးလျှင် မြတ်စွာဘုရားရှင် ဆွမ်းခံဝင်တော်မူချိန်တိုင်အောင် ဝန်းရံ၍ တည်နေကြလေကုန်၏။

ထိုနောက် ဆွမ်းခံချိန် ရောက်လတ်သော် မြတ်စွာဘုရားရှင်သည် ရဟန်းအပေါင်းခြံရံလျက် သာကေတမြို့အတွင်းသို့ ဆွမ်းခံကြွဝင်တော်မူလေ၏။ ထိုသို့ မြတ်စွာဘုရား ဆွမ်းခံကြွဝင်တော်မူလာသည်ကို စီးပွါးဥစ္စာ များစွာကြွယ်ဝသော သာကေတမြို့သားပုဏ္ဏားကြီးတယောက်သည် မြို့မှ ထွက်၍အလာ မြို့တံခါးဝ၌ ပက်ပင်းပါ ဖူးတွေ့ရ၍ သားဟူသောချစ်ခြင်း ဖြင်းစွာဖြစ်ပြီးလျှင် "ချစ်သား....ငါသည် ချစ်သားကို မမြင်ရသည်မှာ ကြာလှပါပြီ" ဟု ငိုကြွေးလျက် မြတ်စွာဘုရားရှင် အထံတော်သို့ ရှေးရှုလာရောက်လေ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့....ဤ သာ-ကေတပုဏ္ဏားကြီးသည် အလိုရှိရာကို ပြုပါစေ၊ မတားမြစ်ကြလင့်"ဟု စောစီးကပင် ကြိုတင်၍ အသိပေးထားတော်မူနှင့်လေသည်။ ပုဏ္ဏားကြီးသည်လည်း သားငယ်နွားကို ချစ်သော မိခင်နွားမကြီးကဲ့သို့ လာရောက်၍ မြတ်စွာဘုရားရှင်၏ ကိုယ်တော်ကို ရှေ့, နောက်, ဝဲ, ယာ = လေးမျက်နှာမှ လှည့်လည်ပြီးလျှင် "ချစ်သား....ချစ်သားကို မမြင်ရသည်မှာ ကြာလှလေပြီ၊ ကွဲကွာနေသည်မှာ ကြာလှလေပြီ"ဟု ပြောဆိုလျက် ပွေ့ဖက်လေ၏။ ။ (အထူးအားဖြင့် ထိုပုဏ္ဏားကြီးသည် ထိုကဲ့သို့မှ မြတ်နိုးယုယမှု မပြုရလျှင် နှလုံးကွဲ၍(= ရင်ကွဲနာနှင့်) သေလေရာ၏)။

WWW.DHAMMARANSI.COM



သာကေတပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အရှင်ဘုရားတို့နှင့် အတူတကွ ကြွလာတော်မူသော ရဟန်းတို့အား အကျွန်ုပ်သည်ပင် ဆွမ်းလှူခြင်းငှါ စွမ်းနိုင်ပါသည်၊ အကျွန်ုပ်အားပင် သနားချီးမြှောက်မှု ပြုတော်မူပါကုန်" ဟူ၍ လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ် နေတော်မူသဖြင့် ပုဏ္ဏားကြီး ပင့်လျှောက်ချက်ကို လက်ခံတော်မူလေ၏။ သာကေတပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်၏ သပိတ်ကိုယူ၍ ရှေ့မှသွားလျက် ပုဏ္ဏေးမကြီးအထံသို့ "ငါ့သားကြီး ကြွလာပြီ၊ နေရာခင်းထားလိုက်ပါ"ဟု လူလွှတ်၍ ပြောကြားစေလေ၏။ ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီး မှာကြားလိုက်သည့်အတိုင်း ပြုလုပ်ပြီးလျှင် မြတ်စွာဘုရားရှင် ကြွလာတော်မူမည်ကို စောင့်မျှော်ရပ်တည် ကြည့်ရှုနေစဉ် မြတ်စွာဘုရားရှင်ကို လမ်းခရီးအကြား၌ပင် ဖူးမြင်ရ၍ သားဟူသောချစ်ခြင်း ပြင်းပြစွာ ဖြစ်ရှိလျက် "ချစ်သား····ငါသည် ချစ်သားကို မမြင်ရသည်မှာ ကြာမြင့်လှလေပြီ"ဟု ပြောဆိုကာ မြတ်စွာဘုရားရှင်၏ ခြေတော်တို့၌ ပိုက်ဖက်ငိုကြွေးလျက် မိမိတို့အိမ်သို့ ပင့်ဆောင်ပြီးလျှင် ရိုသေစွာ ဆွမ်းဆက်ကပ်ကြလေ၏။ မြတ်စွာဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးလတ်သော် သာကေတပုဏ္ဏားကြီးကိုယ်တိုင် သပိတ်တော်ကို ဖဲဆောင်ဆေးကြောမှု ပြုလေသည်။

မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကြီး ဇနီးမောင်နှံတို့အား သပ္ပါယဖြစ်လောက်သော တရားစကားကို ဟောကြားတော်မူလေ၏၊ ဒေသနာနိဂုံး ဆုံးလတ်သောအခါ ပုဏ္ဏားကြီး ဇနီးမောင်နှံတို့ သောတာပန်အရိယာတို့ ဖြစ်ကြလေကုန်၏။ ထိုနောက်မှ ပုဏ္ဏားကြီးဇနီးမောင်နှံတို့သည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား····ရှင်ပင်ဘုရားသည် ဤသာကေတမြို့၌ သီတင်းသုံးနေတိုင်တော်မူသမျှ ကာလပတ်လုံး တပည့်ရဟန်းအပေါင်းနှင့်တကွ တပည့်တော်တို့၏ အိမ်၌သာ ဆွမ်းအလှူခံတော်မူပါဘုရား"ဟု တောင်းပန်စကား လျှောက်ထားကြလေကုန်၏။

WWW.DHAMMARANSI.COM



ထိုအခါ မြတ်စွာဘုရားရှင်က "ပုဏ္ဏားကြီး ဇနီးမောင်နှံတို့.... မြတ်စွာဘုရားရှင်တို့သည် ဤသို့ သင်တို့ လျှောက်ထားကြသည့် အတိုင်း အမြဲတစေ တနေရာတည်းသို့ ဆွမ်းခံကြွရောက်ရိုး မရှိကုန်"ဟု မြစ်ပယ်စကား မိန့်ကြားတော်မူလေလျှင် ပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ထိုသို့ဖြစ်လျှင် အရှင်ဘုရားတို့သည် ရဟန်းအပေါင်းနှင့်တကွ ဆွမ်းခံကြွတော်မူပြီးလျှင်လည်း ဤတပည့်တော်တို့နေအိမ်၌သာလျှင် ဆွမ်းဘုဉ်းပေးမှု ပြုတော်မူ၍ တရားဟောပြီးမှ ကျောင်းတော်သို့ ကြွတော်မူပါကုန်"ဟူ၍ တဖန်တောင်းပန်လျှောက်ထားကြပြန်၏။ မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကြီး ဇနီးမောင်နှံတို့အား ချီးမြှောက်တော်မူရန် တောင်းပန်လျှောက်ထားကြသည့် အတိုင်း ပြုတော်မူလေ၏။

ထိုအချိန်မှစ၍ လူများအပေါင်းသည် ပုဏ္ဏားကြီးကို "မြတ်စွာဘုရား၏ ခမည်းတော်"ဟူ၍၎င်း, ပုဏ္ဏေးမကြီးကို "မြတ်စွာဘုရား၏ မယ်တော်"ဟူ၍၎င်း ခေါ်ပေါ် ပြောဆိုကြလေ၏။ ထိုသာကေတပုဏ္ဏားကြီး၏ အမျိုးသည်လည်း "မြတ်စွာဘုရား၏ အမျိုး"ဟူသောအမည်ကို ရရှိလေတော့၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....အကျွန်ုပ်သည် မြတ်စွာဘုရား၏ မယ်တော်,ခမည်းတော်တို့ကို (မဟာမာယာဒေဝီနှင့် သုဒ္ဓေါဒနမင်းကြီးတို့ဟူ၍)သိပါ၏၊ထိုသို့ဖြစ်ပါလျက်ဤသာကေတပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် 'ငါသည် ဘုရားမယ်တော်, ငါသည် ဘုရားခမည်းတော်'ဟူ၍ အဘယ့်ကြောင့်ပြောဆိုကြပါသနည်း"ဟု မေးလျှောက်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ.... ဤပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် ဘဝငါးရာဆက်ကာ ငါဘုရား၏ မယ်တော်, ခမည်းတော်များ ဖြစ်ခဲ့ကြပြီ၊ ဘဝငါးရာဆက်ကာ မိကြီး, ဖကြီး ဖြစ်ခဲ့ကြပြီ၊ ဘဝငါးရာဆက်ကာ ငါဘုရား၏ မိထွေး, ဖထွေး

WWW.DHAMMARANSI.COM



ဖြစ်ခဲ့ကြပြီ၊ ထိုပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် ရှေး၌ ဖြစ်ဘူးသော မေတ္တာအချစ်ထူးဖြင့်ပင်ပြောဆိုကြလေသည်”ဟု မိန့်တော်မူ၍—

ပုဗ္ဗေ ဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ပုဗ္ဗေ = ရှေးရှေးဘဝ ကာလများက။ သန္နိဝါသေန ဝါ= တကွမကွာ မေတ္တာယှက်ကူး အတူနေထိုင်ဘူးသော ကြောင့်ရင်း။ ပစ္စုပ္ပန္နဟိတေန ဝါ = ပစ္စုပ္ပန် ဤဘဝဝယ် အကျိုးရအောင် ရွက်ဆောင် သည်ပိုးခြင်းကြောင့်ရင်း။ ဧဝံ = ဤသို့ပေါင်းစပ် ကြောင်းနှစ်ရပ်ကြောင့်။ ပေမံ = တဏှာပေမ, မေတ္တာပေမ နှစ်ဝအပြား အချစ်ဓာတ်တရားသည်။ ဇာယတေ = ဥပါဒ်ထင်ရှား ဖြစ်ပွါးလာ၏။ (ကိမိဝ = အဘယ်ကဲ့သို့နည်းဟူမူကား)။ ဥပ္ပလံ ဝါ= ကြာသည်ရင်း။ အညံ့ ဝါ = ကြာမှတပါး အခြားရေ၌ ဖြစ်သောပန်းသည်ရင်း။ (ဒွေ ကာရဏာနိ = ရေနှင့်ကား ညွန် ကြောင်းနှစ်တန်တို့ကို)။ နိဿာယ = အမှီပြု၍။ ဇာယတေ ယထာ = ဖြစ်သကဲ့သို့တည်း။—

ဟူသော ဤဂါထာကိုလည်း ဟောကြားတော်မူလေ၏။

ထိုနောက် မြတ်စွာဘုရားရှင်သည် သာကေတမြို့၌ ချေချွတ် သင့်သော သတ္တဝါတို့ရှိသလောက် သီတင်းသုံးနေထိုင်တော်မူ ပြီး၍ တဖန် ဒေသစာရီ ကြွချီတော်မူလတ်သော် သာဝတ္ထိပြည် သို့ပင် ဆိုက်ရောက်တော်မူလေ၏။ ထို သာကေတပုဏ္ဏားကြီး ဇနီးမောင်နှံတို့သည် ရဟန်းတော်အရှင်မြတ်တို့ထံ ဆည်းကပ်၍ သင့်လျော်ပတ်သော တရားဒေသနာကို ကြားနာကြရသဖြင့် ကြွင်းသော အထက်မဂ်သုံးပါးတို့သို့ အစဉ်အတိုင်း ရောက်ရှိကြ ပြီးလျှင် အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံကြလေကုန်၏။

WWW.DHAMMARANSI.COM



ပုဏ္ဏားကြီးဇာနီးမောင်နှံတို့၏ ပရိနိဗ္ဗာန်စံပွဲ၌ သတ္တဝါပေါင်း
ရှစ်သောင်းလေးထောင်တို့ အကျွတ်တရားရကြခြင်း

ထိုအခါ သာကေတမြို့နေ ပုဏ္ဏားအပေါင်းတို့သည် "ငါတို့၏ ဆွေမျိုးများကို ပူဇော်ကြကုန်အံ့"ဟု ကြံစည်ကြကာ တညီတညွတ်တည်း စည်းဝေးကြလေကုန်၏။ သောတာပန်အရိယာ, သကဒါဂါမိအရိယာ, အနာဂါမိအရိယာဖြစ်ကြသော ဥပါသကာ ဥပါသိကာအပေါင်းတို့သည်လည်း "ငါတို့၏သီတင်းသုံးဖော် သူတော်တရား ပွါးများဖက်တို့ကို ပူဇော်ကြကုန်အံ့" ဟု ကြံစည်ကြကာ တညီတညွတ်တည်း စည်းဝေးကြလေကုန်၏။ ထိုပုဏ္ဏားအပေါင်း, အရိယာအပေါင်း သူတော်ကောင်းတို့သည် ပုဏ္ဏားကြီး ဇာနီးမောင်နှံတို့၏ ဥတုဇရုပ်ကလာပ် အစုံကို အထွတ်တပ်သော ပြာသာဒ်တခုတည်းသို့ တင်ဆောင်ကြ၍ ပန်း, နံ့သာ-စသည်တို့ဖြင့် ပူဇော်ကြကုန်လျက် မြို့မှ ထုတ်ဆောင်ကြလေကုန်၏။

မြတ်စွာဘုရားရှင်သည်လည်း ထိုနေ့အဖို့ရာ နံနက်မိုးသောက်ထအခါ (အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိဉာဏ်တည်းဟူသော) ဗုဒ္ဓစက္ခုတော်အစုံဖြင့်သတ္တလောကကို ကြည့်ရှုတော်မူလတ်သော် ထိုပုဏ္ဏားကြီးဇာနီးမောင်နှံတို့ ပရိနိဗ္ဗာန်ဝင်စံကြသောအဖြစ်ကို သိတော်မူ၍ "ထိုပုဏ္ဏားကြီး ဇာနီးမောင်နှံတို့၏ ချာပနပွဲကျင်းပရာသို့ ငါဘုရား သွားရောက်လတ်လျှင် တရားဒေသနာကို ကြားနာကြရ၍ လူများအပေါင်း၏ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်း ဖြစ်ပေလိမ့်မည်" ဟု ဆင်ခြင်သိရှိတော်မူကာ ကိုယ်တော်တိုင်ပင် သပိတ်သင်္ကန်းကို ယူဆောင်တော်မူ၍ သာဝတ္ထိပြည်မှ ကြွလာတော်မူပြီးလျှင် ချာပနပွဲကျင်းပရာ သုသာန်သို့ ကြွဝင်တော်မူလေ၏။

လူအပေါင်းတို့သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ကြရ၍ "မယ်တော်, ခမည်းတော်တို့၏ ဥတုဇရုပ်ကလာပ်ကို ဖုတ်ကြည်းသဂြိုဟ်ရန် မြတ်စွာဘုရား ကြွလာတော်မူပြီ" ဟု ပြောဆိုကြကာ ရိုသေမြတ်နိုး ရှိခိုးရပ်တည်ကြလေကုန်၏။ မြို့သူ မြို့သား လူအများတို့သည်လည်း ဥတုဇရုပ်ကလာပ် တင်ဆောင်အပ်သော ပြာသာဒ်

WWW.DHAMMARANSI.COM



ကို ပူဇော်ကြလျက် သုသာန်အရောက် ဆောင်ခဲ့ကြပြီးလျှင် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. လူအရိယာဖြစ်ကြသည့် ဤပုဏ္ဏားကြီးဇနီးမောင်နှံတို့ကို အဘယ်သို့ ပူဇော်ကြရပါမည်နည်း"ဟု မေးလျှောက်ကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် "ရဟန္တာပုဂ္ဂိုလ်တို့ကို ပူဇော်အပ်ကုန်သကဲ့သို့ ထိုအတူ ဤပုဏ္ဏားကြီးဇနီးမောင်နှံတို့ကို ပူဇော်ကြရမည်"ဟူသော အလိုတော်ဖြင့် ထို ပုဏ္ဏားကြီးဇနီးမောင်နှံတို့၏ ရဟန္တာ ရဟန်းအဖြစ်ကို ပြတော်မူလို၍—

> အဟိံသကာ ယေ မုနယော၊ နိစ္စံ ကာယေန သံဝုတာ။
> တေ ယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။
>
> ယေ မုနယော = အကြင် ရဟန္တာသခင် အရှင်မြတ်တို့သည်။ အဟိံသကာ = သူတပါးကို ညှဉ်းပန်းနှိပ်စက်ခြင်း အလျှင်းပင်ရှိတော်မမူကြကုန်။ ကာယေန = ကိုယ်ဖြင့်။ (ဝါ) ကိုယ်, နှုတ်, နှလုံး = သုံးဒွါရဖြင့်။ နိစ္စံ = အမြဲ။ သံဝုတာ = အကုသိုလ်မှ မပြုမိအောင် ကြဉ်ရှောင်စောင့်စည်းတော်မူကြကုန်၏။ တေ မုနယော = ထိုရဟန္တာသခင် အရှင်မြတ်တို့သည်။ ယတ္ထ = အကြင်နိဗ္ဗာန်သို့။ ဂန္တွာ = အသိဉာဏ်ပေါက် သွားရောက်၍။ န သောစရေ = န သောစန္တိ = မစိုးရိမ်ရကုန်။ အစ္စုတံ = လျှောကျပြတ်ကြွေ စုတေခြင်း အလျှင်းမရှိသော။ တံ ဌာနံ = ထိုနိဗ္ဗာန်အရပ်သို့။ ယန္တိ = မဂ်လေးတန် ဖိုလ်လေးတန် အသိဉာဏ်ပေါက် သွားရောက်ကြကုန်၏။—

ဟူသော ဓမ္မပဒကျမ်းလာ ဤဂါထာကို ဟောကြားတော်မူလေ၏။ (ထိုတရားဒေသနာ ဂါထာနိဂုံး ဆုံးလတ်သောအခါ များစွာသော လူအပေါင်းတို့ သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ဆိုက်ကြလေကုန်၏။ ။ဓမ္မပဒအဋ္ဌကထာအဆို)။

မြတ်စွာဘုရားရှင်သည် ဖော်ပြရာပါ ဓမ္မပဒဂါထာကို ဟောကြားတော်မူပြီးလျှင် ထိုသာကေတမြို့သူ မြို့သား ပရိသတ်အများ

WWW.DHAMMARANSI.COM



ကို ကြည့်ရှုတော်မူ၍ ထို ခဏအားလျော်က်ပတ်စွာ တရားဟော တော်မူလိုသည်ဖြစ်၍ (သုတ္တနိပါတ်ပါဠိတော်၊ ၄-အဋ္ဌကဝဂ်၊ ၆-ခုမြောက်) ဇရာသုတ်ကို ဟောကြားတော်မူလေ၏။ (ထိုဇရာ သုတ်ကို သုတ္တနိပါတ်ပါဠိတော် ပိဋကတ်မြန်မာပြန်မှ ကြည့်ရှု မှတ်သားကုန်ရာ၏)။

ထိုဇရာသုတ် ဒေသနာနိဂုံး ဆုံးသောအခါ ရှစ်သောင်းလေး ထောင်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ် တမ်းဝင်ကြလေကုန်၏။

ဤကား သာကေတပုဏ္ဏားကြီး ဇနီးမောင်နှံအကြောင်းတည်း။

---

## (မိတ္တဒုဗ္ဘိမည်သော) ဝိဋ္ဋဋူဘမင်းအကြောင်း

(၁) သာဝတ္ထိပြည်ရှင် မဟာကောသလ ဘုရင်မင်းမြတ်၏ သား ပသေနဒီမင်းသား, (၂) ဝေသာလီပြည် လိစ္ဆဝီမင်းသား ဖြစ်သော မဟာလိလိစ္ဆဝီမင်းသား, (၃) ကုသိနာရုံပြည် မလ္လ-မင်း၏ သားဖြစ်သော ဗန္ဓုလမင်းသား– ဤသုံးဦးသောမင်းသား တို့သည် ဒိသာပါမောက္ခဆရာကြီး၏ အထံ၌ အတတ်ပညာ သင်ယူရန် တက္ကသိုလ်ပြည်သို့ သွားကြ၍ မြို့၏ပြင်ပ စရပ်တခု၌ တွေ့ဆုံမိကြ၍ အချင်းချင်း တယောက်သည် တယောက်၏ လာခဲ့သောအကြောင်းကိုငှင်း,အမျိုးအနွယ်ကိုငှင်း,အမည်ကိုငှင်း မေးမြန်းကြပြီးလျှင် မေတ္တာနှီးရင်း သူငယ်ချင်းဖြစ်ကြလျက် အတူ တကွ ဒိသာပါမောက္ခဆရာကြီးထံသို့ ချဉ်းကပ်ကြကာ အတတ် ပညာကို သင်ကြကုန်သည်ရှိသော် မကြာမြင့်မီပင် ပညာတတ် မြောက်ကြ၍ ဆရာကြီးကို ပန်ကြားကြပြီး အတူတကွပင် တက္က-သိုလ်ပြည်မှ ထွက်ခဲ့ကြ၍ မိမိတို့၏ တိုင်းပြည်တို့သို့ ပြန်သွား ကြလေ၏။

ထိုမင်းသား သုံးဦးတို့အနက် ပသေနဒီမင်းသားသည် ဖ-ခမည်းတော် မဟာကောသလမင်းအား မိမိအတတ်ကို ပြ၍ ခမည်းတော်မင်းတရားက အလွန်နှစ်လိုအားရဖြစ်ရှိကာ မင်း

WWW.DHAMMARANSI.COM



အဖြစ်၌ အဘိသိက်အမြှောက်ခံရကာ သာဝတ္ထိပြည်ရှင် ဘုရင် ပသေနဒီကောသလမင်း ဖြစ်လာလေသည်။

မဟာလိမင်းသားသည် လိစ္ဆဝီမင်းတို့အား မိမိအတတ်ကို ပြသည်ရှိသော် ကြီးစွာသောလုံ့လဖြင့် အတတ်ပညာကို ပြသည် ဖြစ်၍ ထိုမဟာလိမင်းသား၏ မျက်လုံးနှစ်ဖက်တို့ ကွဲပျက်၍သွား လေကုန်သည်၊ လိစ္ဆဝီမင်းတို့သည် "ဩ....ငါတို့၏ဆရာ မဟာ-လိမင်းသားသည် မျက်စိနှစ်ဖက် ပျက်ခြင်းသို့ ရောက်ရှာလေပြီ၊ ထိုမဟာလိမင်းသားကို ငါတို့သည် စွန့်ပစ်၍မထားကြပဲ ပြုစု လုပ်ကျွေးကြကုန်အံ့"ဟု တညီတညွတ်တည်း တိုင်ပင်ပြောဆို ကြကာ အခွန်တသိန်း တသိန်းကောက်ခံရရှိသော တံခါးတခုကို အပိုင်စား ပေးကြလေ၏။ မဟာလိမင်းသားသည် ထိုတံခါးကို အမှီပြု၍ လိစ္ဆဝီမင်းသား ငါးရာတို့ကို အတတ်ပညာ သင်ကြား ပြသလျက် နေထိုင်လေ၏။

ဗန္ဓုလမင်းသားသည် မလ္လမင်းများက အလယ်၌ (ဗန္ဓုလ မင်းသားမသိရအောင်) သံချောင်းကိုထည့်၍ ဝါးအလုံး (၆၀) ခြောက်ဆယ်လျှင် ဝါးတစည်း တစည်း ပြုလုပ်ကြကာ ထိုဝါး အစည်းပေါင်း (၆၀) ခြောက်ဆယ်တို့ကို စိုက်ထောင်ထားပြီး လျှင် "ချစ်သား....သင်ကား ဤဝါးအစည်း ခြောက်ဆယ်တို့ကို ခုတ်ဖြတ်လော့"ဟု ပညာကို စမ်းသပ်သောအားဖြင့် ပြောကြား အပ်သည်ရှိသော် ကောင်းကင်သို့ အတောင် (၈၀) ရှစ်ဆယ်မြင့် အောင်ခုန်ပျံ၍ သန်လျက်ဖြင့် ထိုဝါးအစည်း (၆၀) ခြောက်ဆယ် တို့ကို အစဉ်အတိုင်း ခုတ်ဖြတ်လေ၏။ ဗန္ဓုလမင်းသားသည် နောက်ဆုံးဝါးစည်း၌ ပါရှိသောသံချောင်း၏ (ကိရိ-ဟူသော) အသံကို ကြား၍ "ဤအသံသည် အဘယ်နည်း"ဟု မေးမြန်း၍ ဝါးအစည်း (၆၀) ခြောက်ဆယ်လုံးမှာပင် အတွင်းက မသိ ရအောင် သံချောင်းများ ထည့်ထားကြောင်း သိရှိရလျှင် သန်လျက်ကို စွန့်ပစ်ကာ ငိုကြွေးလျက် "ဤမျှ များပြားလှစွာသော ငါ၏ဆွေမျိုး မိတ်သင်္ဂဟတို့အနက် တဦးတယောက်မျှလည်း ချစ်ခင်ရင်းနှီးသောစိတ်ရှိကာ ဤအကြောင်းကို မပြောကြားလှာ

WWW.DHAMMARANSI.COM



ချေ၊ အကယ်၍များ စောစီးကကြိုတင် ဤအကြောင်းကို ငါသိရလျှင် သံချောင်း၏အသံကို မဖြစ်ပေါ်စေပဲပင် ဖြတ်တောက်နိုင်လေရာ၏”ဟု ပြောဆိုပြီးလျှင် မိခင်ဖခင် ကျေးဇူးရှင်တို့အား “အကျွန်ုပ်သည် ဤမလ္လမင်းအားလုံးတို့ကိုသတ်၍ မင်းပြုပေအံ့” ဟူ၍ ပြောဆိုလေ၏၊ မယ်တော်ခမည်းတော်တို့က “ချစ်သား.... ဤ အလှည့်ကျအားဖြင့် မင်းပြုခြင်းမည်သည် မလ္လမင်းတို့၏ ရာဇဝင်အစဉ်အဆက်မှ ဆင်းသက်လာသော အစီအစဉ် ဖြစ်ပေသည်၊ ဤယခု ချစ်သားကြံစည်သည့်အတိုင်း ပြုလုပ်ရန်အခွင့်မရနိုင်”ဟူ၍ အမျိုးမျိုးမြစ်တား ပြောကြားကြလေသော် ဗန္ဓုလမင်းသားသည် “ထိုသို့ဖြစ်လျှင် သားတော်၏သူငယ်ချင်း ပသေနဒီ ကောသလမင်းအထံသို့ သွားပေတော့အံ့”ဟု ပြောဆို၍ သာဝတ္ထိပြည်သို့ သွားရောက်နေထိုင်လေ၏။

ပသေနဒီကောသလမင်းသည် ဗန္ဓုလမင်းသား မိမိပြည်သို့ လာရောက်ကြောင်းကို ကြားသိရ၍ ခရီးဦး ကြိုဆိုမှု ပြုပြီးလျှင် ကြီးစွာသောပူဇော်သက္ကာရ အခမ်းအနားဖြင့် ဗန္ဓုလမင်းသားကို မြို့တွင်းသို့ သွင်းဆောင်ခဲ့၍ စစ်သေနာပတိအရာ၌ ခန့်ထားလေ၏။ ဗန္ဓုလစစ်သေနာပတိသည် မယ်တော် ခမည်းတော်တို့ကို အခေါ်လွှတ်၍ သာဝတ္ထိပြည်၌ပင် နေထိုင်ကြစေလေ၏။ ။ ဤကား ကောသလမင်းသား, မဟာလိလိစ္ဆဝီမင်းသား, ဗန္ဓုလမလ္လမင်းသား သုံးဦးတို့၏အကြောင်းတည်း။

### ပသေနဒီကောသလမင်းကြီး သာသနာတော်နှင့် အကျွမ်းဝင်ရင်းနှီးရန် စီမံခြင်း

တနေ့သ၌ ပသေနဒီကောသလမင်းကြီးသည် ရွှေနန်းပြာသာဒ်ထက်၌ ရပ်လျက် မြို့တွင်းလမ်းကို လှမ်းမျှော်ကြည့်ရှုလတ်သော် အနာထပိဏ်သူဌေးကြီး၏အိမ်, စူဠအနာထပိဏ် သူဌေး၏ အိမ်, ဝိသာခါ ကျောင်းအမကြီး၏အိမ်, သုပ္ပဝါသာသူဌေးကတော်၏ အိမ်တို့သို့ နိစ္စဗတ်ဆွမ်းအလို့ငှါ ကြွတော်မူကြသည့် ထောင်ပေါင်းများစွာသော ရဟန်းတို့ကို မြင်ရ၍ မင်းချင်းတို့ကို “အရှင်မြတ်တို့သည် အဘယ်အရပ်သို့ ကြွသွားတော်မူကြမည်နည်း” ဟု မေး၍

WWW.DHAMMARANSI.COM



မင်းချင်းတို့က“အရှင်မင်းကြီး....အနာထပိဏ်သူဌေးကြီး၏ အိမ်၌ အမြဲနိစ္စဗဒိဆွမ်း,စာရေးတံဆွမ်း, သူနာဆွမ်း-စသည်အလိုငှါ နေ့တိုင်းနေ့တိုင်း ရဟန်းတော်ပေါင်း(၂၀၀၀)ပါးရေ နှစ်ထောင်တို့ ကြွတော်မူကြပါသည်၊ စူဠအနာထပိဏ်သူဌေး၏ အိမ်၌ ရဟန်းတော်ပေါင်း (၅၀၀)ပါးရေ ငါးရာတို့ ကြွတော်မူကြပါသည်၊ ဝိသာခါကျောင်းအမကြီး အိမ်သို့လည်း ထိုအတူပင် ငါးရာ၊ သုပ္ပဝါသာ သူဌေးကတော်၏အိမ်သို့လည်း ထိုအတူပင် ရဟန်းတော်ပေါင်း (၅၀၀)ပါးရေ ငါးရာတို့ ကြွတော်မူကြပါသည်”ဟူ၍ လျှောက်ထားကြလေသော် မင်းကြီးသည် မိမိကိုယ်တိုင်လည်း ရဟန်းသံဃာကို ဆွမ်းပြုစုလုပ်ကျွေးလိုသဖြင့် ဇေတဝန်ကျောင်းတိုက်သို့ သွားရောက်၍ ရဟန်းတော်ပေါင်း (၁၀၀၀) ပါးရေ တထောင်နှင့်တကွ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိကမြောက်အလှူဒါနပေးလှူပြီးလျှင် ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုး၍“ဘုန်းတော်ကြီးသော မြတ်စွာဘုရား····အရှင်မြတ်ဘုရားတို့သည် ရဟန်းငါးရာတို့နှင့် အတူတကွ အမြဲမပြတ် တပည့်တော်၏ ဆွမ်းကို အလှူခံတော်မူကြပါ ဘုရား”ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က“မြတ်သောမင်းကြီး··· ဘုရားရှင်တို့မည်သည် တနေရာတည်း၌ အမြဲမပြတ် ဆွမ်းကို ခံယူကြရိုးမရှိကုန်၊ လူအပေါင်းတို့သည် မြတ်စွာဘုရားတို့၏ ကြွလာတော်မူခြင်းကို တောင့်တကြကုန်၏”ဟူ၍ မိန့်တော်မူလေသော် မင်းကြီးသည် “ထိုသို့ဖြစ်လျှင် ရဟန်းငါးရာနှင့်တကွ နိဗဒ္ဓရဟန်းတပါးကိုမူ စေလွှတ်တော်မူပါဘုရား”ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာ မထေရ်အား တာဝန်ပေးအပ်တော်မူ၏။

မင်းကြီးသည် “ရဟန်းသံဃာများ ကြွလာလတ်သော် သဗိတ်ကို ဆီးကြိုယူငင်ကြ၍ ဤမည်ဤမည်သောသူများက ပြုစုလုပ်ကျွေးကြရမည်”ဟု စီမံခန့်ခွဲမှု မပြုပဲ ခုနစ်ရက်ပတ်လုံး မိမိကိုယ်တိုင်ပင်

WWW.DHAMMARANSI.COM



ပြုစုလုပ်ကျွေးပြီးနောက် ရှစ်ရက်မြောက်နေ့၌ မင်းမှုကိစ္စ အဝဝ၌ စိတ်ပြန့်လွင့်နေရကား သံဃာတော်များကို ဆွမ်းလုပ်ကျွေးရန် မေ့လျော့၍ နေလေ၏။

မင်း၏ နန်းတော်၌မည်သည် စေခိုင်းမှုမပြုအပ်ကုန်လျှင် နေရာများခင်းကျင်း၍ ရဟန်းတို့ကို ထိုင်နေစေလျက် ဆွမ်းပြုစုလုပ်ကျွေးခြင်းငှါ အခွင့်မရကြကုန်၊ (သို့ရကား တဦးတယောက်မျှ ရဟန်းတို့ကို အလေးဂရုပြုကာ ဆွမ်းလုပ်ကျွေးမှု မပြုကြချေ)။ များစွာသော ရဟန်းတို့သည် "ငါတို့ ဤနေရာ၌ မရပ်တည်နိုင်ကြကုန်" ဟု ကြံစည်ကြကာ ဖဲသွားကြလေကုန်၏။ မင်းကြီးသည် နောက်တနေ့လည်း မေ့မြဲမေ့၍ နေလေ၏၊ ထိုနောက်တနေ့၌လည်း ထိုနည်းအတူပင် များစွာသော ရဟန်းတို့သည် ဖဲသွားကြလေကုန်၏၊ မင်းကြီးသည် တတိယနေ့၌လည်း မေ့မြဲမေ့၍နေလေ၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်မှတပါး ကြွင်းကျန်သော ရဟန်းအားလုံးတို့ ဖဲသွားကြလေသည်၊ အရှင်အာနန္ဒာမထေရ် တပါးသာ ကျန်ရှိနေရစ်လေသည်။

ဘုန်းရှင်ကံရှင် သူတော်စင်တို့မည်သည် အကြောင်းကြောင်းကိုထောက်မြော်၍ နေတော်မူလေ့ရှိကုန်၏၊ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူလေ့ရှိကုန်၏။ ဆက်ဦးအံ့—မြတ်စွာဘုရား၏ (၁) အရှင်သာရိပုတ္တရာ (၂) အရှင်မဟာမောဂ္ဂလ္လာန်ဟူသော အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး (၁) ခေမာထေရီ (၂) ဥပ္ပလဝဏ်ထေရီဟူသော အဂ္ဂသာဝိကာထေရီမကြီးနှစ်ပါး, ဥပါသကာ ဒါယကာတို့အနက် (၁) စိတ္တသူကြွယ် (၂) ဟတ္ထကာဠဝက (မင်းသား) သီတင်းသည် ဟူသော အဂ္ဂဥပါသကာ ဒါယကာနှစ်ဦး, ဥပါသိကာ ဒါယိကာမတို့အနက် (၁) ဝေဠုကဏ္ဍကမြို့သူ နန္ဒမာတာ သူဌေးကတော် (၂) ရှင်မခုဇ္ဇုတ္တရာ ဟူသော အဂ္ဂဥပါသိကာ ဒါယိကာမနှစ်ဦး ဤရှစ်ဦးသောသူတို့ကို အစပြုကာ တေဒဂ်ရာထူးသို့ရောက်တော်မူကြသည့် သာဝကအားလုံးတို့သည် (မြတ်စွာဘုရား

ကို ထောက်စာလျှင်) တစိတ်တဒေသအားဖြင့် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်အပ်ပြီးဖြစ်ကြသောကြောင့် ဘုန်းရှင်ကံရှင် ဈေးဆုတောင်းနှင့် ပြည့်စုံသောသူတို့ပင် ဖြစ်ကြကုန်၏။ အရှင်အာနန္ဒာမထေရ်သည်လည်း ကမ္ဘာတသိန်းပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်အပ်ပြီးဖြစ်၍ ဈေးဆုတောင်းနှင့် ပြည့်စုံသူ ဘုန်းရှင်ကံရှင်ဖြစ်တော်မူရကား ကိုယ်တော်တိုင်ကပင် အကြောင်းကြောင်းကို ထောက်မြော်၍ နေတော်မူလေ့ ရှိခြင်းကြောင့် ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူလျက် တပါးတည်းသာ ချန်၍ နေရစ်တော်မူလေသည်။

ထိုသို့ တပါးတည်းသာ ကျန်ရှိနေရစ်သော အရှင်အာနန္ဒာမထေရ်ကို နေရာထိုင်ခင်းပေးကာ မင်းချင်းတို့သည် ဆွမ်းပြုစုကြရလေသည်။ ပသေနဒီကောသလမင်းကြီးသည် ရဟန်းတော်များဖဲကြွသွားပြီးသောအခါမှ လာရောက်၍ ခဲဖွယ်ဘောဇဉ်များ မူလအတိုင်း တည်ရှိသည်တို့ကို မြင်ရလေလျှင် “အရှင်မြတ်များ မကြွလာကြဘူးလား” ဟု မေး၍ “အရှင်မင်းကြီး.... အရှင်အာနန္ဒာမထေရ်တပါးတည်းသာ ကြွလာတော်မူပါသည်”ဟု မင်းချင်းတို့လျှောက်ထားချက်ကို ကြားသိရလေသော် “မချွတ်ပင် ရဟန်းတို့သည် ငါ၏ ဤမျှသော အစာထမင်း ပျက်စီးခြင်းကို ပြုကုန်ဘိ၏” ဟု ရဟန်းတို့အား အမျက်ထွက်လျက် မြတ်စွာဘုရားရှင် အထံတော်သို့ သွားရောက်၍ “ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အကျွန်ုပ်သည် ရဟန်းငါးရာတို့အတွက် ဆွမ်းကို စီမံ၍ ထားအပ်ပါသည်၊ အရှင်အာနန္ဒာ မထေရ် တပါးတည်းသာလျှင် ကြွလာတော်မူပါသတဲ့၊ စီမံထားအပ်သော ဆွမ်းသည် ထိုသို့ စီမံထားသည့်အတိုင်းပင် တည်ရှိနေပါသည်၊ ရဟန်း ငါးရာတို့သည် အကျွန်ုပ်၏ နန်းတော်၌ (ပင့်ထားသည်ဟုမျှ) အမှတ်မပြုကြကုန်၊ အကြောင်း အသို့နည်း” ဟု မေးလျှောက်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့၏အပြစ်ကို မိန့်ကြားတော်မမူပဲ “မြတ်သောမင်းကြီး.... ငါဘုရား၏ တပည့်သား

WWW.DHAMMARANSI.COM



ရဟန်းတို့အဖို့ရာ သင်မင်းကြီးတို့နှင့် အကျွမ်းဝင်မှု, ရင်းနှီးမှုမရှိချေ၊ ထို့ကြောင့် မလာရောက်သည်ဖြစ်ပေလိမ့်မည်" ဟု မိန့်တော်မူပြီးလျှင် အမျိုးလေးဖြာ ဒါယကာများအိမ်သို့ မချဉ်းကပ်မသွားရောက်သင့်သော အကြောင်းကိုးပါး (နှင့်) ချဉ်းကပ်သွားရောက်သင့်သော အကြောင်းကိုးပါးကို အကျယ် ဟောကြားတော်မူလိုသည်ဖြစ်၍ ရဟန်းတို့ကို တရားနာခံထား၍ (အင်္ဂုတ္တရနိကာယ်၊ နဝကနိပါတ် ၁-ပဌမပဏ္ဏာသက၊ ၂-သီဟနာဒဝဂ်၊ ၇-ခုမြောက်ဖြစ်သော) ကုလသုတ္တန်တရားကို ဤဆိုလတ္တံ့သောအတိုင်း ဟောကြားတော်မူလေ၏။—

## ကုလသုတ္တန်တရားတော်

### (သွားရောက်ချဉ်းကပ်သင့်သော ဒါယကာအိမ်နှင့် မသွားရောက်မချဉ်းကပ်သင့်သော ဒါယကာအိမ်)

ရဟန်းတို့...အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့ အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် မသင့်၊ သွားရောက်ပြီးသော်ကား ထိုင်နေရန် မသင့်၊ အဘယ်ကိုးမျိုးတို့နည်းဟူမူ—

(၁) မြတ်နိုးသဖြင့် ခရီးဦး မကြိုဆိုကြခြင်း,

(၂) မြတ်နိုးသဖြင့် ရှိမခိုးကြခြင်း,

(၃) မြတ်နိုးသဖြင့် နေရာထိုင်ခင်းမပေးကြခြင်း,

(၄) ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ရဟန်းတို့အား လျှို့ဝှက်ကြခြင်း,

(၅) လှူဖွယ်ဝတ္ထုများစွာရှိပါလျက် အနည်းသာ ပေးလှူကြခြင်း,

(၆) မွန်မြတ်သော လှူဖွယ်ဝတ္ထုရှိပါလျက် ရှုန့်ရင်းကြမ်းတမ်းသော လှူဖွယ်ဝတ္ထုကို ပေးလှူကြခြင်း,

WWW.DHAMMARANSI.COM



(၇) ရှိသေစွာ မပေးလှူပဲ မရှိမသေပေးလှူကြခြင်း,
(၈) တရားနာရန် ရဟန်းထံသို့ မချဉ်းကပ် မနေထိုင်ကြခြင်း,
(၉) ထိုရဟန်း ဟောသောတရားကို ရှိသေစွာ မနာယူကြခြင်း—

ရဟန်းတို့....ဤအင်္ဂါ ကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် မသင့်၊ သွားရောက်ပြီးသော်ကား ထိုင်နေရန် မသင့်။

ရဟန်းတို့....အင်္ဂါကိုးမျိုးတို့နှင့် ပြည့်စုံသော ဒါယကာတို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန် သင့်၏၊ သွားရောက်ပြီးသော်ကား ထိုင်နေရန် သင့်၏၊ အဘယ်ကိုးမျိုးတို့နည်းဟူမူ—

(၁) မြတ်နိုးသဖြင့် ခရီးဦး ကြိုဆိုကြခြင်း,
(၂) မြတ်နိုးသဖြင့် ရှိခိုးကြခြင်း,
(၃) မြတ်နိုးသဖြင့် နေရာထိုင်ခင်း ပေးကြခြင်း,
(၄) ထင်ရှားရှိသော လှူဖွယ်ဝတ္ထုကို ရဟန်းတို့အား မလျှို့ဝှက်ကြခြင်း,
(၅) လှူဖွယ်ဝတ္ထု များစွာရှိသော် များစွာပင် ပေးလှူကြခြင်း,
(၆) မွန်မြတ်သော လှူဖွယ်ဝတ္ထုရှိသော် ထိုမွန်မြတ်သောလှူဖွယ်ဝတ္ထုကို ပေးလှူကြခြင်း,
(၇) မရှိမသေ မပေးလှူပဲ ရှိသေစွာ ပေးလှူကြခြင်း,
(၈) တရားနာရန် ရဟန်းထံသို့ ချဉ်းကပ်ထိုင်နေကြခြင်း,
(၉) ထိုရဟန်း ဟောသောတရားကို ရှိသေစွာ နာယူကြခြင်း—

WWW.DHAMMARANSI.COM



ရဟန်းတို့…ဤအင်္ဂါ ကိုးမျိုးတို့နှင့် ပြည့်စုံသောဒါယကာ
တို့အိမ်သို့ မသွားရောက်ရသေးသော် သွားရောက်ရန်
သင့်၏၊ သွားရောက်ပြီးသော်ကား တိုင်နေရန် သင့်၏။ ။

ဤကား ကုလသုတ္တန်တရားတော်တည်း။

"မြတ်သောမင်းကြီး …. ဤသို့လျှင် ငါဘုရား၏ တပည့်သား ရဟန်းတို့သည် သင်မင်းကြီးတို့၏ အထံမှ အကျွမ်းဝင်မှု = ရင်းနှီးမှုကို မရရှိကြကုန်သည်ဖြစ်၍ ဖဲသွားကြခြင်း ဖြစ်ပေလိမ့်မည်။ မှန်၏-ရှေးပညာရှိတို့သည်လည်း အကျွမ်းဝင်မှု = ရင်းနှီးမှုမရှိရာဌာန၌ ရိုသေစွာ ပြုစုလုပ်ကျွေးအပ်ပါကုန်သော်လည်း သေဆုံးမည့်ဝေဒနာ စွဲရောက်လာလျှင် အကျွမ်းဝင်မှု = ရင်းနှီးမှုရှိရာဌာနသို့သာလျှင် သွားရောက်ဘူးကြလေပြီ" ဟု မိန့်တော်မူ၍ ပသေနဒီကောသလမင်းကြီး တောင်းပန် မေးလျှောက်သဖြင့် စတုက္ကနိပါတ်လာ ကေသဝဇာတ်ကို ဟောကြားတော်မူ၏။ ။ (ဤကေသဝဇာတ်ကို အောက်ဖြစ်သော(စ-တွဲ နှာ-၄၄၁) "ဗက-ဗြဟ္မာကို ဆုံးမ ချေချွတ်သော အခန်း၌ ရေးသားဖော်ပြခဲ့ပြီ)။

ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်ကို ကြားနာရ၍ "ငါသည် ရဟန်းသံဃာနှင့် အကျွမ်းဝင် = ရင်းနှီးမှုရှိအောင် ပြုမှ သင့်မည်၊ ဘယ်လိုများ ပြုလုပ်ရပါမည်နည်း" ဟု စဉ်းစားဆင်ခြင်လတ်သော် "မြတ်စွာဘုရားရှင်၏ ဆွေတော်မျိုးတော်ဖြစ်သော သာကီဝင်မင်းသမီး တယောက်ကို ငါ၏ ရွှေနန်းတော်၌ မိဖုရားကြီးတင်မြှောက်မှ သင့်တော်မည်၊ ဤသို့ တင်မြှောက်လတ်သော် ရဟန်းငယ်တို့နှင့် သာမဏေများပါ မကျန် 'မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်ဖြစ်သော မင်းကြီးပေတည်း'ဟု အောက်မေ့ကြကာ ငါ၏အထံသို့ အကျွမ်းတဝင် ခင်မင်ရင်းနှီးကြလျက် အမြဲမပြတ် လာကြပေလိမ့်မည်"ဟု ကြံစည်၍ သာကီဝင်မင်းများအထံသို့ "ငါ့အား သာကီဝင်မင်းသမီးတယောက်ကို ဆက်သကြလော့"ဟု ရာဇသံသဝဏ်လွှာကို ပေးပို့စေလေ၏။ ရာဇသံသဝဏ်လွှာ သွားရောက်ပေးပို့ရမည့် တမန်အမတ်တို့က "အဘယ်သာကီဝင်မင်း၏ သမီးကို

WWW.DHAMMARANSI.COM



ယူဆောင်ခဲ့ကြရပါမည်နည်း” ဟု မေးလျှောက်ကြပြန်လေရာ ပသေနဒိ ကောသလမင်းကြီးသည် “အဘယ်သာကီဝင်မင်း၏ သမီးကိုမဆို သာကီဝင်မင်းသမီး ဟုတ်မှန်ကြောင်းကိုသာ သိအောင်ပြု၍ ယူဆောင်ခဲ့ကြလော့”ဟု မိန့်ဆို၍ တမန်အမတ်တို့ကို စေလွှတ်လိုက်လေ၏။

တမန်အမတ်တို့သည် ကပိလဝတ်ပြည်သို့ သွားရောက်၍ သာကီဝင်မင်းတို့ကို သမီးတော်ကို တောင်းကြလေကုန်၏။ သာကီဝင်မင်းတို့သည် အစည်းအဝေးခေါ်၍ “ကောသလမင်းကြီးသည်ကား ငါတို့နှင့် ပြည်ထောင်ပြိုင်ဖက် မင်းတပါးဖြစ်လေသည်၊ အကယ်၍ ငါတို့က သမီးတော်တပါးပါးကို မပေးကြလျှင် ငါတို့ကို ဧကန်ပင် ရန်ပြုဖျက်ဆီးလိမ့်မည်၊ စင်စစ်သော်ကား ထိုပသေနဒိကောသလမင်းကြီးသည် ငါတို့နှင့် မျိုးဇာတ်အန္တယ်တူသူမဟုတ်ချေ၊ အဘယ်သို့ ပြုသင့်သနည်း”ဟု တိုင်ပင်စကားဆွေးနွေးပြောကြားကြလေ၏။ ထိုအခါ မဟာနာမ သာကီဝင်မင်းက “ငါ၏(နာဂမုဏ္ဍာမည်သော) ကျွန်မမှ မွေးဖွားသောရုပ်ရည်အဆင်း တင့်တယ်ခြင်းနှင့် ပြည့်စုံသည့် **ဝါသဘခတ္တိယာ**မည်သော သမီးတယောက်ရှိလေသည်၊ ထိုကျွန်မသမီး ဝါသဘ-ခတ္တိယာကို ပေးကြကုန်စို့”ဟု တိုင်ပင်ပြောဆို၍တမန်အမတ်တို့ကို “ကောင်းပြီ တမန်အမတ်တို့····သင်တို့၏အရှင် ဘုရင်ကောသလမင်းအား သတို့သမီးရတနာကို ငါတို့ ပေးကြကုန်အံ့”ဟု ဝန်ခံစကား ပြောကြားကြလေ၏။

ထိုအခါ တမန်အမတ်တို့က“ယခုပေးမည့် ထိုသတို့သမီးသည် အဘယ်သာကီဝင်မင်း၏ သမီးပါနည်း”ဟု မေးမြန်းကြလေလျှင် သာကီဝင်မင်းတို့သည် “အမတ်တို့····မြတ်စွာဘုရားရှင်၏ဖထွေးတော် (အမိတောဒန သာကီဝင်မင်း)၏ သားတော်ဖြစ်သူ (မြတ်စွာဘုရားနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူ) မဟာနာမ သာကီဝင်မင်း၏ သမီးတော် ဝါသဘခတ္တိယာမည်သော သတို့သမီးဖြစ်ပါသည်”ဟု ပြောဆိုကြကုန်၏။ တမန် အမတ်တို့သည် သာဝတ္ထိပြည်သို့ပြန်ခဲ့ကြ၍ ကောသလမင်းကြီးအား ထိုအကြောင်း

WWW.DHAMMARANSI.COM



ကို လျှောက်ထားကြလေကုန်၏။ ကောသလမင်းကြီးသည် "ယင်းသို့ဖြစ်လျှင် ကောင်းလှပြီ၊ အလျင်အမြန်ခေါ်ဆောင်ခဲ့ကြလော့၊ အထူးမှာကြားလိုသည်မှာ မင်းတို့မည်သည် မာယာများလှ၏၊ ကျွန်မသမီးကိုသော်လည်း မင်းသမီးဟုဆိုကာ ပို့ဆက်ကုန်လေရာ၏၊ ထို့ကြောင့် ဖခမည်းတော်နှင့် အတူတကွ ထမင်းပွဲတော်စာ တပွဲတည်း၌စားသော သတို့သမီးကို ခေါ်ဆောင်ခဲ့ကြလော့"ဟု မှာတမ်း၍ စေလွှတ်လိုက်လေ၏။

တမန်အမတ်တို့သည် ကပိလဝတ်ပြည်သို့ သွားရောက်၍ "အရှင်သာကီဝင်မင်းတို့နှင့် အတူတကွ ပွဲတော်စာတပွဲတည်း၌ စားသော မင်းသမီးကိုမှ အကျွန်ုပ်တို့၏သခင် ကောသလာဘုရင်မင်းကြီးက အလိုရှိတော်မူပါသည်"ဟု သာကီဝင်မင်းတို့အား လျှောက်ထားကြလေကုန်၏။ မဟာနာမ သာကီဝင်မင်းသည် "ကောင်းပါပြီ အမောင်တို့····"ဟုပြောဆို၍ ဝါသဘခတ္တိယာ သတို့သမီးကို တန်းဆာစုံလင် ဆင်စေပြီးလျှင် မိမိပွဲတော်စာ စားသုံးသောအခါ၌ ဝါသဘခတ္တိယာ သတို့သမီးကို အခေါ်ခိုင်း၍ ထိုသတို့သမီးနှင့် အတူတကွ ပွဲတော်စာ စားသုံးသော အခြင်းအရာကို ပြ၍ တမန်တို့အား အပ်နှင်းလိုက်လေ၏။

(ဤ၌-မဟာနာမသာကီဝင်မင်းတို့ လှည့်ပတ်လိုက်ပုံမှာ.... တမန်တို့က "အရှင်သာကီဝင်တို့နှင့် အတူတကွ ပွဲတော်စာစားသုံးသော မင်းသမီးကိုမှ ခေါ်ဆောင်သွားနိုင်ကြမည်" ဟု အရေးဆိုသောအခါ သာကီဝင်မင်းတို့သည် တမန်တို့အား နေရာပေးပြီးနောက် "အဘယ်သို့ပြုကြမည်နည်း"ဟု ကြံစည်တိုင်ပင်ကြလေသော် မဟာနာမသာကီဝင်မင်းက "သင်တို့သည် တွေးရာလေးပါး အကြံမများကြလင့်၊ ငါသည် ဥပါယ်တမျဉ်ကို ပြုပေအံ့၊ သင်တို့သည် ငါပွဲတော်စာ စားသုံးသောအခါ၌ ဝါသဘခတ္တိယာသတို့သမီးကို တန်းဆာစုံလင် ဆင်ယင်ကြ၍ ငါ့ထံသို့ ခေါ်ဆောင်ခဲ့ကြပြီးလျှင် အတူတကွ ပွဲတော်စာ စားသုံးဟန်ပြုသောအခါ၌ ငါက ထမင်းတလုပ်ကို ဆုပ်ယူမိကာမျှမှာပင် 'အရှင်မင်းမြတ်.... ဤမည်သောမင်းက သဝဏ်လွှာ ပို့သလိုက်ပါသည်၊ ဤသဝဏ်လွှာကို နာတော်မူဦးလော့' ဟု ပြောဆိုကြကာ သဝဏ်လွှာကို ငါ့အားဆက်သပြကြကုန်လော့"ဟု ဥပါယ်တမျဉ်စကား ပြောကြားလေ၏။ ဤဥပါယ်

WWW.DHAMMARANSI.COM



တမျဉ်ကို အားလုံးသောသာကီဝင်မင်းတို့ သဘောတူလက်ခံကြကာ ထိုအတိုင်း ပြုမူကြခြင်းဖြစ်သည်)။

တမန်အမတ်တို့သည် ဝါသဘခတ္တိယာ သတို့သမီးကို ယူဆောင်၍ သာဝတ္ထိပြည်သို့ ပြန်လာကြပြီးလျှင် ထိုအကြောင်းကို ပသေနဒိကောသလမင်းကြီးအား လျှောက်ထားကြလေ၏။ မင်းကြီးသည် လွန်စွာအားရ နှစ်သက်လှ၍ ဝါသဘခတ္တိယာသတို့သမီးကို မောင်းမမိဿံ ငါးရာတို့၏ အကြီးအကဲပြုကာ အဂ္ဂမဟေသီမိဖုရားခေါင်ကြီးအရာ၌ အဘိသိက်သွန်း၍ မြှောက်စားမြတ်နိုးလေ၏။ ဝါသဘခတ္တိယာမိဖုရားကြီးသည် မကြာမြင့်မီပင် ရွှေရောင်အဆင်းရှိသော သားကို ဖွားမြင်လေ၏။

ထိုနောက် မင်းသားကို အမည်မှည့်အံ့သောနေ့၌ ကောသလမင်းကြီးသည် သားတော်၏အဖိုးဖြစ်သူ မဟာနာမသာကီဝင်မင်းထံသို့ "သာကီဝင်မင်းသမီးဖြစ်သူ ဝါသဘခတ္တိယာ မိဖုရားကြီးသည် သားတော်ကို ဖွားမြင်ပါပြီ၊ ထိုသားတော်ကို အဘယ်သို့အမည်မှည့်ခေါ်ရပါမည်နည်း" ဟု သဝဏ်လွှာပို့သစေလေ၏။ အထူးအားဖြင့် ထိုသဝဏ်လွှာကို ယူဆောင်သွားသော တမန်အမတ်သည် အနည်းငယ် နားလေး၍ နေသူဖြစ်၏၊ ထိုအမတ်သည် ကပိလဝတ်ပြည်သို့ သွားရောက်၍ မင်းသား၏ ဘိုးတော်ဖြစ်သော မဟာနာမ သာကီဝင်မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားလေ၏။

မဟာနာမ သာကီဝင်မင်းကြီးသည် ထိုသတင်း စကားကို ကြားသိရလေလျှင် "ဝါသဘခတ္တိယာသည် သားကို မဖွားမီကပင် သူခပ်သိမ်းကို လွှမ်းမိုးအုပ်စိုးရသူဖြစ်ခဲ့၏၊ ယခုမူကား သားတော် ဖွားမြင်သည့်အတွက် ကောသလမင်းကြီး၏ အလွန့် အလွန် အကျွမ်းဝင် = ရင်းနှီးသူ ဖြစ်ချေတော့မည်" ဟု နှုတ်မြွက်ပြောဆိုလေ၏။ နားလေးသော တမန်အမတ်သည် ဝလ္လဘာ (=အကျွမ်းဝင်ရင်းနှီးသူ) ဟူသော စကားကို နားကြားလွဲ၍ "ဝိဋူဋဘ" ဟု မှတ်ယူကာ ပသေနဒိကောသလမင်းကြီးထံသို့ ပြန်ရောက်ခစား၍ "အရှင်မင်းကြီး...မင်းသား၏အမည်ကို **ဝိဋူဋဘ** ဟု မှည့်ခေါ်ကြ

WWW.DHAMMARANSI.COM



ပါတဲ့”ဟု လျှောက်ထားလေလျှင် ကောသလမင်းကြီးသည် “ဤဝိဋဋူဘဟူသော အမည်သည် ငါတို့၏ ဆွေစဉ်မျိုးဆက် ဆင်းသက်လာသော အမည်ဟောင်း ဖြစ်ပေလိမ့်မည်” ဟု ကြံစည်အောက်မေ့ကာ မင်းသား၏အမည်ကို “ဝိဋဋူဘ”ဟူ၍ မှည့်ခေါ်လေ၏။ ထိုနောက် ပသေနဒီကောသလမင်းကြီးသည် “မြတ်စွာဘုရားရှင် နှစ်သက်အောင် ပြုလုပ်မည်” ဟူသော ရည်ရွယ်ချက်ဖြင့် ဝိဋဋူဘမင်းသားအား အသက်အရွယ် ငယ်စဉ်ကပင် စစ်သေနာပတိရာထူးကို ပေးအပ်ဆောင်နှင်းလေ၏။

ဝိဋဋူဘမင်းသားသည် မင်းသားတို့ အဆောင်အယောင်ဖြင့် ကြီးပွါးခဲ့ရာ အသက်ခုနစ်နှစ် အရွယ်ရှိသောအခါ၌ အခြားမင်းသားတို့အတွက် အမိဖက်ဆိုင်ရာ အဖိုးအဖွားတို့ထံမှ ဆင်ရုပ်, မြင်းရုပ်-အစရှိသော လက်ဆောင်များ ပို့ဆောင်အပ်သည်တို့ကို မြင်၍ မိခင်ဖြစ်သူ ဝါသဘခတ္တိယာမိဖုရားကြီးကို “အို မယ်တော်.... အခြားမင်းသားတို့အတွက်တော့ အမိဖက်ဆိုင်ရာ အဖိုးအဖွားတို့ထံမှ ဆင်ရုပ်, မြင်းရုပ်-အစရှိသော လက်ဆောင် ပဏ္ဏာများကို ပို့ဆောင်အပ်ပေ၏၊ သားတော်၏အတွက်တော့ တဦးတယောက်သော အဖိုး အဖွားကမျှ တစုံတခုသော လက်ဆောင်ပဏ္ဏာကို မပို့သအပ်ချေ၊ အသို့နည်း မယ်တော်သည် အမိ အဖမရှိသူ ဖြစ်သလော”ဟု မေးလေ၏။ ထိုအခါ ဝိဋဋူဘမင်းသားကို မယ်တော်ဝါသဘခတ္တိယာမိဖုရားကြီးသည် “ချစ်သား····သာကီဝင်မင်းတို့သည် သင်ချစ်သား၏ အမိဖက်ဆိုင်ရာ အဖိုး အဖွားများဖြစ်ကြကုန်၏၊ သို့သော် မောင့်အဖိုး မောင့်အဖွားတို့သည် ဝေးခြားသော အရပ်၌ နေကြသောကြောင့် တစုံတခုသော လက်ဆောင်ပဏ္ဏာကိုမျှ မပို့သနိုင်ပဲရှိကြကုန်၏”ဟူ၍ လှည့်ဖြားပြောဆိုလေ၏။

ဝိဋဋူဘမင်းသားသည် တဆယ့်ခြောက်နှစ်အရွယ် ရှိသောအခါ “အို မယ်တော်....မယ်တော်ဖက်ဆိုင်ရာ အဖိုး အဖွားတို့၏ နန်းတော်ကို ကြည့်မြင်လိုပါသည်”ဟု ပြော၍ မယ်တော်မိဖုရားက “ချစ်သား···· သွား၍ မသင့်လျော်ပါ၊ မယ်တော်ဖက်ဆိုင်ရာ အဖိုး အဖွားတို့၏ နန်းတော်သို့ သွား၍ အဘယ်မှုပြုအံ့နည်း ＝

WWW.DHAMMARANSI.COM



ဘာလုပ်မည်နည်း” ဟု တားမြစ်စကား ပြောကြားအပ်ပါသော်လည်း ဝိဋ္ဋဋ္ဌူဘမင်းသားသည် သွားဖို့ရန်သာ အဖန်ဖန် တောင်းပန်လေ၏၊ ထိုအခါ မယ်တော် မိဖုရားသည် မတားနိုင်သည့်အဆုံး၌ “ထိုသို့ဖြစ်လျှင် သွားလော့” ဟု လက်လျှော့ဝန်ခံလိုက်ရလေ၏။

ဝိဋ္ဋဋ္ဌူဘမင်းသားသည် ခမည်းတော်မင်းကြီးအား လျှောက်ထား၍ ကြီးစွာသော စစ်သည်ဗိုလ်ပါ အခြံအရံဖြင့် သာဝတ္ထိမြို့မှ ထွက်လေ၏။ ဝါသဘခတ္တိယာမိဖုရားကြီးသည် အလျင်လက်ဦး ကြိုတင်၍ “ကျွန်တော်မသည် ဤသာဝတ္ထိပြည်မှာ ချမ်းသာစွာ မိဖုရားကြီးအဖြစ်ဖြင့် နေရပါသည်၊ အရှင်သာကီဝင်မင်းတို့သည် ဝိဋ္ဋဋ္ဌူဘမင်းသားအား တစုံတရာ ထူးခြားချက်ကို ပြတော်မမူကြပါကုန်လင့်”ဟု လျှို့ဝှက်စွာ သဝဏ်လွှာကို ပို့သလေ၏။ သာကီဝင်မင်းတို့သည် ဝိဋ္ဋဋ္ဌူဘလာကြောင်းကို သိရှိကြ၍ “ငါတို့သည် ကျွန်မသား ဝိဋ္ဋဋ္ဌူဘကို ရှိမခိုးနိုင်ကုန်” ဟု ဇာတိမာန် ခက်ထန်ကြကာ ဝိဋ္ဋဋ္ဌူဘအောက် အသက်အရွယ် ငယ်ကုန်ငယ်ကုန်သော မင်းသားတို့ကို စောစီးကပင် ကြိုတင်၍ ဇနပုဒ်တိုက်နယ်သို့ စေလွှတ်ထားကြပြီးလျှင် ဝိဋ္ဋဋ္ဌူဘမင်းသား ကပိလဝတ်ပြည်သို့ ရောက်လေသော် မင်းကွန်း (ဗိုလ်တဲ) ၌ စည်းဝေးညီမူကြလေကုန်၏။

ဝိဋ္ဋဋ္ဌူဘမင်းသားသည် ထိုမင်းကွန်း(ဗိုလ်တဲ)သို့ သွားရောက်ရပ်တည်လေ၏။ ထိုအခါ သာကီဝင်မင်းတို့သည် ဝိဋ္ဋဋ္ဌူဘမင်းသားကို “ချစ်သား····ဤသူကား မောင့်အဖိုး (အမေ့အဖေ) တည်း၊ ဤသူကား မောင့်ဦးကြီး ဦးလေး(အမေ့မောင်)တည်း”ဟု ပြောဆိုကြကာ ရှိခိုးစေကြကုန်လေ၏၊ ဝိဋ္ဋဋ္ဌူဘမင်းသားသည် သာကီဝင်မင်းအားလုံးတို့ကို လှည့်လည်ရှိခိုး၍ မိမိကိုရှိခိုးမည့် သာကီဝင်မင်းကိုကား တယောက်မျှ မတွေ့ရ၍ “ကျွန်ုပ်ကို ရှိခိုးရမည့် သာကီဝင်မင်းတို့ကား မရှိကြဘူးလော”ဟု မေးလေသော် သာကီဝင်မင်းတို့သည် “ချစ်သား····သင်၏ ညီငယ်မင်းသားတို့သည် ဇနပုဒ်တိုက်နယ်သို့ အလည်အပတ် သွားကြကုန်၏”ဟု

WWW.DHAMMARANSI.COM



ပြောဆိုကြ၍ ဝိဋ္ဋူဘမင်းသားအား ကြီးစွာသောသည့်ခံကျွေးမွေးမှု ပြုကြလေကုန်၏။

ဝိဋ္ဋူဘမင်းသားသည် နှစ်ရက်သုံးရက်ကြာမျှ ကပိလဝတ် ပြည်၌ နေ၍ များစွာသော စစ်သည်ဗိုလ်ပါအခြံအရံဖြင့် ထွက်ခွာလေ၏။ ထိုအခါ ကျွန်မတယောက်သည် မင်းကွန်း(ဗိုလ်တဲ)၌ ဝိဋ္ဋူဘမင်းသား နေထိုင်သွားသော ပျဉ်ချပ်ကို "ဤပျဉ်ချပ်ကား ဝါသဘခတ္တိယာမည်သော ကျွန်မ၏သား ဝိဋ္ဋူဘနေထိုင်သွားသော ပျဉ်ချပ်တည်း"ဟု ဆဲရေးစကား ပြောကြားရေရွတ်ကာ နွားနို့ရေ(နွားနို့နှင့်ရောသောရေ)ဖြင့် ဆေးကြောလေ၏။ ဝိဋ္ဋူ-ဘ၏ မင်းချင်းယောကျ်ား တယောက်သည် မိမိ၏ လက်နက်ကို မေ့ကျန်ရစ်၍ တဖန်ပြန်လာကာ ထိုလက်နက်ကို ယူလေသော် ဝိဋ္ဋူဘမင်းသားအား ဆဲရေးရေရွတ်သော အသံကို ကြား၍ ထိုအကြောင်းကို မေးမြန်းလေလျှင် "ဝါသဘခတ္တိယာသတို့သမီးသည် မဟာနာမသာကီဝင်နှင့် သင့်မြတ်၍ နာဂမုဏ္ဍာမည်သော ကျွန်မမှ ဖွားမြင်သူဖြစ်ကြောင်းကို" သိရ၍မိမိ၏ရဲမက်ဗိုလ်ပါအား ထိုအကြောင်းကို ပြောကြားလေ၏၊ သို့ရကား"ဝါသဘခတ္တိယာ မိဖုရားကြီးသည် ကျွန်မ၏သမီးတဲ့"ဟု လူအများ ပြောကြားမှု သတင်းပြန့်နှံ့မှု အုတ်အုတ်ကျက်ကျက် = ကောလာဟလကြီးစွာ ဖြစ်ပေါ်လာလေ၏။

ထိုအကြောင်းကို ဝိဋ္ဋူဘမင်းသား ကြားသိရ၍ "ဤသာကီဝင်မင်းတို့သည် ငါနေထိုင်ရာပျဉ်ချပ်ကို နွားနို့ရေဖြင့် ဆေးကြောနှင့်ကြဦး၊ ငါတမူကား မင်းဖြစ်သောအခါထိုသာကီဝင်မင်းတို့၏လည်ချောင်းသွေးကို ယူဆောင်ပြီးလျှင် ငါနေထိုင်ရာ ပျဉ်ချပ်ကို ချင်းတို့၏ လည်ချောင်းသွေးဖြင့် ဆေးကြောပေအံ့"ဟု ရန်ငြိုးကြီးစွာ ဖွဲ့လေ၏။

ဝိဋ္ဋူဘမင်းသား သာဝတ္ထိပြည်သို့ ရောက်လတ်သော် အမတ်တို့သည် ထိုအကြောင်းကို ပသေနဒိကောသလ မင်းကြီးအား လျှောက်တားကြလေကုန်၏။ မင်းကြီးသည် "ငါ့သို့စင် မင်းမြတ်အား ကျွန်မကိုပေးကြကုန်ဘိ၏"ဟုသာကီဝင်မင်းတို့အား အမျက်

WWW.DHAMMARANSI.COM



ထွက်၍ ဝါသဘခတ္တိယာမိဖုရားကြီးနှင့် သားတော် ဝိဋူဋ္ဌဘတို့အား ပေးအပ်ပြီးသော မိဖုရားကြီးရာထူးနှင့်တကွ အဆောင်အယောင် အခမ်းအနား, စစ်သေနာပတိ ရာထူးနှင့် အဆောင်အယောင် အခမ်းအနားများကို ရုပ်သိမ်း၍ ကျွန်ယောကျ်ားကျွန်မိန်းမတို့ ရသင့်သည့် အသုံးအဆောင်မျှကိုသာ ပေးစေလေ၏။

ထိုနောက် နှစ်ရက်သုံးရက်လွန်မြောက်သောအခါ၌ မြတ်စွာဘုရားရှင်သည် ပသေနဒီကောသလမင်းကြီး၏ ရွှေနန်းတော်သို့ကြွသွားတော်မူ၍ ခင်းထားအပ်သော ဗုဒ္ဓါသန နေရာတော်၌ထိုင်နေတော်မူလေ၏။ မင်းကြီးသည် လာလတ်၍ မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသောမြတ်စွာဘုရား····အရှင်ဘုရားတို့၏ ဆွေတော် မျိုးတော်များသည် ကျွန်မသမီးကို (မင်းသမီးပြုလုပ်ကာ) အကျွန်ုပ်အား ပေးအပ်ပါကုန်ပြီတဲ့၊ ထို့ကြောင့် အကျွန်ုပ်သည် ထိုကျွန်မသမီး ဝါသဘခတ္တိယာအား သားဝိဋူဋ္ဌဘနှင့်တကွ ဆောင်နှင်းပေးအပ်ပြီးဖြစ်သော မိဖုရားကြီး၏ အဆောင်အယောင် အခမ်းအနား, စစ်သေနာပတိ၏ အဆောင် အယောင် အခမ်းအနားများကို ရုပ်သိမ်း၍ ကျွန်ယောကျ်ား ကျွန်မိန်းမတို့ ရသင့်သည့် အသုံးအဆောင်မျှကိုသာ ပေးစေခဲ့လေပြီ" ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားရှင်သည် "မြတ်သောမင်းကြီး....သာကီဝင်မင်းတို့သည် မသင့်လျော်သောအမှုကို ပြုအပ်ခဲ့လေပြီ၊ ပေးသောသူတို့မည်သည် ဇာတ်အနွယ်တူသော သတို့သမီးကိုသာ ပေးသင့်ပေ၏။ သို့သော် မြတ်သောမင်းကြီး····သင်မင်းကြီးကို ငါဘုရားအထူးမိန့်ကြားလိုသည်မှာ— ဝါသဘခတ္တိယာ သတို့သမီးသည် မင်းမျိုးဖြစ်သော မဟာနာမ သာကီဝင်မင်း၏ သမီးတော်တယောက်ဖြစ်လေသည်သာမက ခတ္တိယဇာတ် မြတ်သောသင်မင်းကြီး ရွှေနန်းတော်၌ မိဖုရားကြီးအဖြစ် အဘိသိက်သွန်းခံရသူဖြစ်လေသည်။ ဝိဋူဋ္ဌဘမင်းသားသည်လည်း ခတ္တိယဇာတ် မြတ်သော သင်မင်းကြီးကိုသာ စွဲ၍ ဖြစ်သော သားတော်တယောက်

WWW.DHAMMARANSI.COM



ဖြစ်လေသည်။ အမိ၏ အန္တယ်မည်သည် အဘယ်ပြုနိုင်အံ့နည်း၊ အဖ၏ အန္တယ်သည်သာ ပမာဏဂရု အလေးပြုလောက်၏ဟု အသိမှန်ရရှိကာ ရှေးပညာရှိတို့သည် ထင်းခွေသည် ဆင်းရဲသူမအား အင်္ဂမဟေသီ မိဖုရားကြီးရာထူးကို ပေးဘူးလေကုန်ပြီ၊ ထိုဆင်းရဲသူ ထင်းခွေသည်မ၏ ဝမ်း၌ မွေးဖွားသောသူငယ်သည်လည်း ဆယ့်နှစ်ယူဇနာ ကျယ်ဝန်းသော ဗာရာဏသီပြည်၌ မင်းအဖြစ်သို့ ရောက်၍ ကဋ္ဌဝါဟနမည်သောမင်း ဖြစ်ခဲ့ဘူးလေပြီ”ဟု မိန့်တော်မူ၍ ဧကကနိပါတ်လာ ကဋ္ဌဝါဟန ဇာတ်ကို ဟောတော်မူလေ၏။

ပသေနဒီ ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်၏ တရားစကားကို ကြားနာရ၍ “ဖခင်၏ အန္တယ်သည်သာ ပမာဏဂရု အလေးပြုလောက်၏တဲ့”ဟု နှစ်သက်ကျေနပ်အားရကာ ဝါသဘ-ခတ္တိယာ မိဖုရားအားငှင်း၊ သားဝိဋူဍဘမင်းသားအားငှင်း နဂိုရ် ပကတိပေးမြဲတိုင်းသော မိဖုရားကြီးအဆောင်အယောင် အခမ်းအနား၊ စစ်သေနာပတိ အဆောင်အယောင် အခမ်းအနားကိုပင် တဖန်ပြန်၍ ပေးစေလေ၏။

### ဗန္ဓုလစစ်သေနာပတိနှင့် ဇနီးမလ္လိကာတို့အကြောင်း

ပသေနဒီကောသလမင်းကြီး၏ စစ်သေနာပတိဖြစ်သူ ဗန္ဓုလ (မလ္လမင်းသား)၏ ဇနီးဖြစ်သူ မလ္လိကာစစ်သေနာပတိကတော်သည်ကား ကုသိနာရုံပြည် မလ္လမင်း၏ သမီးတော်ဖြစ်၏၊ ထိုမလ္လိ-ကာ စစ်သေနာပတိကတော်သည် ကာလရှည်မြင့်စွာ ဗန္ဓုလ စစ်သေနာပတိနှင့် ပေါင်းသင်းနေထိုင်ပါသော်လည်း သားသမီး တယောက်မျှ မထွန်းကား မမွေးဖွားချေ၊ ထိုအခါ မလ္လိကာကို ဗန္ဓုလသည် “မိမိ၏ မိဖနေအိမ်သို့သာ ပြန်လော့”ဟု လွှတ်လိုက်လေ၏။ မလ္လိကာသည် “မြတ်စွာဘုရားကို ဖူးမြင်ပြီးမှပင် မိဖရပ်ဌာန် ပြန်ပေအံ့”ဟု အကြံပြုကာ ဇေတဝန်ကျောင်းတိုက်သို့ ဝင်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးလတ်သော် မြတ်စွာဘုရားရှင်က“အဘယ်သို့ သွားမည်နည်း” ဟု မေး၍ “ဘုန်းတော်ကြီးသော မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရား····တပည့်တော်မကို အရှင်သခင် လင်ဖြစ်သူ ဗန္ဓုလစစ်သေနာပတိက မိဖနေအိမ်သို့ ပြန်၍ လွှတ်လိုက်ပါသည်ဘုရား" ဟု လျှောက်ထားလေ၏။ "အဘယ်အကြောင်းကြောင့်နည်း"ဟု မြတ်စွာဘုရားရှင်က မေးတော်မူသည်တွင် "တပည့်တော်မသည် သားသမီး မထွန်းကားသူ ဖြစ်ပါသည်၊ ထို့ကြောင့် စစ်သေနာပတိက မိဖနေအိမ်သို့ ပြန်၍ လွှတ်လိုက်ပါသည်ဘုရား" ဟု ပြန်ကြား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က "ယင်းသို့ဖြစ်လျှင် မိဖနေအိမ်သို့ ပြန်သွားဖွယ်ကိစ္စမရှိ၊စစ်သေနာပတိအိမ်သို့ပင် ပြန်သွားလော့"ဟု မိန့်တော်မူလေသော် မလ္လိကာသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကာ မြတ်စွာဘုရားရှင်ကို ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် နေအိမ်သို့ တဖန် ပြန်ခဲ့၍ အိမ်သို့ရောက်လျှင် ဗန္ဓုလစစ်သေနာပတိက "သင်သည် အဘယ့်ကြောင့် ပြန်လာသနည်း"ဟု မေးအပ်သည်တွင် "မြတ်စွာဘုရားရှင်က နေအိမ်သို့ တဖန် အပြန်ခိုင်းသောကြောင့် ပြန်လာပါသည်" ဟု ဖြေကြားလေ၏။ ဗန္ဓုလစစ်သေနာပတိသည် "အရှည် မြင်တော်မူသော မြတ်စွာဘုရားရှင်သည် သားသမီး ထွန်းကားအံ့သောအကြောင်းကို မြင်တော်မူသည် ဖြစ်လိမ့်မည်" ဟု ဆင်ခြင်စဉ်းစားကာ မလ္လိကာကို လက်ခံသိမ်းပိုက်မြဲ သိမ်းပိုက်ထားလေ၏။

မလ္လိကာသည် မကြာမြင့်မီပင် ကိုယ်ဝန်ရ၍ ချင်ခြင်းတပ်ကာ ဗန္ဓုလစစ်သူကြီးအား "အို အရှင်···· ကျွန်တော်မအား ချင်ခြင်းဖြစ်လတ်ပါပြီ"ဟု ကြားလျှောက်လေ၏။ "အဘယ်သို့သော ချင်ခြင်းနည်း" ဟု စစ်သေနာပတိက မေးလေသော် "အို အရှင်···· ဝေသာလီပြည်ဝယ် ပြည်ထောင်စုလိစ္ဆဝီမင်းအပေါင်းတို့၏အဘိသိက်သွန်းရာ မင်္ဂလာရေကန်၌ သက်ဆင်းရေချိုး၍ ထိုရေကို သောက်လိုပါသည်"ဟု မလ္လိကာက လျှောက်ထားပြောဆိုလေ၏။ ထိုအခါ ဗန္ဓုလစစ်သေနာပတိသည် "ကောင်းပြီ" ဟု ပြောဆို၍ ပိုလ်တထောင်တင်လေးကို ယူဆောင်လျက် မလ္လိကာကို ရထားထက်သို့ တင်ပြီးလျှင် သာဝတ္ထိပြည်မှ ထွက်ခဲ့၍ ရထားကို မောင်းနှင်လျက် မဟာလိလိစ္ဆဝီမင်းအား အပိုင်စား ပေးအပ်သော

WWW.DHAMMARANSI.COM



တံခါးဖြင့် ဝေသာလီပြည်သို့ ဝင်လေ၏။ မဟာလိလိစ္ဆဝီမင်း၏ နေအိမ်သည်ကား ထိုတံခါးအနီး၌ပင် တည်ရှိလေသည်။

မဟာလိလိစ္ဆဝီမင်းသည် ဗန္ဓုလစီးနင်း လိုက်ပါလာသော ရထား၏ တံခါးခုံ၌ ထိခိုက်သောအသံကို ကြားရလျှင်ပင် "ဤအသံကား ဗန္ဓုလ၏ ရထားသံဖြစ်သည်၊ ယနေ့ လိစ္ဆဝီမင်းတို့အဖို့ရာ ကြီးစွာသောဘေးကြီး ဖြစ်ပေါ်လိမ့်မည်"ဟု ပြောဆိုလေ၏။ မင်္ဂလာရေကန်၏ အတွင်း,အပ နှစ်ဌာန၌ပင် အစောင့်အရှောက် မိုလ်ပါကား များလှ၏၊ ရေကန်အထက်၌ သံကွန်ရက်ကို ဖြန့်ကြက်အုပ်မိုး၍ ထားအပ်သဖြင့် ငှက်တို့သော်မှလည်း ဝင်နိုင်ခွင့် မရှိချေ။

ဗန္ဓုလစစ်သေနာပတိသည်ကား ရထားမှ ဆင်းသက်၍ အစောင့်ချထားသောလူများကို ကြိမ်လုံးဖြင့် ရိုက်နှက်ကာ လွတ်ရာသို့ ပြေးသွားစေလျက် သံကွန်ရက်ကို သန်လျက်ဖြင့် ဖျက်ချိုးပြီးသော် ရေကန်အတွင်း၌ မိမိမယား မလ္လိကာကို ရေချိုးစေ, မိမိလည်း ရေချိုးပြီးလျှင် တဖန် ဇနီးမယား မလ္လိကာကို ရထားထက်သို့ တင်လျက် ဝေသာလီပြည်မှ ထွက်၍ လာခဲ့သော လမ်းအတိုင်းပင် ရထားကို မောင်းနှင်ကာ ပြန်လာခဲ့လေ၏။

အစောင့်ချထားသော လူများတို့သည် လိစ္ဆဝီမင်းတို့အား ထိုအကြောင်းကို လျှောက်ထားကြလေကုန်၏၊ လိစ္ဆဝီမင်းတို့သည် ပြင်းစွာအမျက်ထွက်ကြ၍ ရထားအစီး ငါးရာတို့သို့ အသီးအသီး တက်စီးကြလျက် "မလ္လမင်းသား ဗန္ဓုလစစ်သေနာပတိကို လက်ရဖမ်းယူကုန်အံ့"ဟု စစ်ထွက်ခဲ့ကြလေကုန်၏၊ ထိုအကြောင်းကို မင်းချင်းတို့က မဟာလိလိစ္ဆဝီမင်းအား လျှောက်ထား ပြောကြားကြလေသော် မဟာလိလိစ္ဆဝီမင်းသည် "အမောင်လိစ္ဆဝီမင်းတို့····မလိုက်သွားကြလင့်၊ မှန်၏—ထိုဗန္ဓုလစစ်သေနာပတိသည် အမောင်တို့ လိစ္ဆဝီမင်းအားလုံးကို သတ်လိမ့်မည်" ဟု တားမြစ်စကား ပြောကြားလေ၏။ လိစ္ဆဝီမင်းတို့သည်လည်း "ကျွန်ုပ်တို့သည် အဘယ်နည်းနှင့်မျှ သည်းခံ၍ မနေနိုင်ကုန်၊ လိုက်ကြမည်သာ" ဟု ပြောဆိုကြလေကုန်၏။

WWW.DHAMMARANSI.COM



ထိုအခါ မဟာလိစ္ဆဝီမင်းသည် ကျောင်းနေဖက် သူငယ်ချင်း ဖြစ်၍ ဗန္ဓုလအကြောင်းကို ကောင်းစွာသိသူ ဖြစ်ရကား လိစ္ဆဝီမင်းများကို—

အမောင်လိစ္ဆဝီမင်းတို့...ထိုသို့ဖြစ်လျှင် (＝မလိုက်ပဲ မနေနိုင်ကြလျှင်) အမောင်တို့သည် ဗန္ဓုလစီးနင်းသော ရထားဘီး ပုံတောင်း＝အချက်တိုင်အောင် မြေသို့ မြုပ်ဝင်သွားသောအရပ်ကို မြင်ကြလျှင် ထိုမြင်ရာအရပ်မှပင် ပြန်ခဲ့ကြလော့။

ထိုအရပ်မှ မပြန်ခဲ့ကြလျှင် ရှေ့သို့ ဆက်၍လိုက်သော် မိုးကြိုးသံကဲ့သို့သော အသံကို ကြားကြရလိမ့်မည်၊ ထိုကြားရာ အရပ်မှ ပြန်ခဲ့ကြလော့။

ထိုအရပ်မှ မပြန်ခဲ့ကြလျှင် သင်တို့၏ ရထားဦးတို၌ အပေါက်ကို မြင်ကြရလိမ့်မည်၊ ထိုမြင်ရာ အရပ်မှ ပြန်ခဲ့ကြလော့၊ ရှေ့သို့ဆက်၍ မလိုက်ကြကုန်လင့်—

ဟု မှာကြား ပြောဆိုလိုက်လေ၏။ လိစ္ဆဝီမင်းတို့သည် မဟာလိစ္ဆဝီမင်း ပြောဆိုသောစကားဖြင့် မပြန်နစ်ကြပဲ ဗန္ဓုလစစ်သေနာပတိနောက်သို့ လိုက်ကြလေကုန်၏။

မလ္လိကာ စစ်သေနာပတိကတော်သည် လိစ္ဆဝီမင်းများ လိုက်လာသောရထားတို့ကို မြင်၍ "အို အရှင်.... ရန်သူရထားများ လိုက်လာသည်တို့ကို မြင်ရပါသည်" ဟု ပြောဆိုလေ၏။ ဗန္ဓုလသည် "ရှင်မ....ထိုသို့ဖြစ်လျှင် ရထားငါးရာတို့ကို ရထားတစီးတည်းကဲ့သို့ ထင်ရမြင်ရသောအခါ၌ ငါ့ကို ပြောကြားလော့" ဟု ဆိုလေ၏။

မလ္လိကာသည် ရထားအားလုံး တစီးတည်းကဲ့သို့ ထင်ရမြင်ရသောအခါ၌ "အို အရှင်....ရထားဦး တခုတည်းကဲ့သို့ ထင်ရမြင်ရပါပြီ" ဟု ပြောကြားလေလျှင် ဗန္ဓုလစစ်သေနာပတိသည် "ထိုသို့ဖြစ်လျှင် ဤကြိုးများကိုသင်ဆွဲထားလော့" ဟု မလ္လိကာအား မြင်းကြိုးများကို ပေး၍ ရထားပေါ်၌ ရပ်လျက်ပင် မိုလ်တထောင်

WWW.DHAMMARANSI.COM



တင်လေးကို တင်လေ၏၊ ရထားဘီးသည် ပုံတောင်း = အချက်တိုင်အောင် မြေသို့ မြှုပ်ဝင်၍ သွားလေ၏။ လိစ္ဆဝီမင်းတို့သည် ထိုအရပ်ကို မြင်ကြရပါသော်လည်း မပြန်နှစ်ကြပဲ လိုက်မြဲလိုက်ကြလေ၏။ ဗန္ဓုလစစ်သေနာပတိသည် အတန်ငယ် သွား၍ လေးညို့ = လေးကြိုးကို ခတ်လေ၏ = ညှိလေ၏၊ ထိုလေးညို့ = လေးကြိုးကို ခတ်သော = ညှိသော အသံသည် မိုးကြိုးသံကဲ့သို့ ဖြစ်လေ၏၊ လိစ္ဆဝီမင်းတို့သည် ထိုအရပ်မှလည်း မပြန်နှစ်ကြပဲ ရှေ့သို့ချီတက်လိုက်မြဲ လိုက်ကြလေကုန်၏။ ဗန္ဓုလစစ်သေနာပတိသည် ရထားထက်၌ ရပ်လျက်ပင် မြှားတစင်းကို ပစ်လိုက်လေ၏၊ ထိုမြှားသည် ရထား ငါးရာတို့၏ ရထားဦးတို့ကို ဖောက်လျက် လိစ္ဆဝီမင်း ငါးရာတို့ကို ချပ်ဝတ်တန်းဆာ ဖွဲ့ချည်ရာ(ရင်ဝ)ဌာန၌ ထုတ်ချင်းဖောက်၍ မြေသို့ ဝင်လေ၏။

လိစ္ဆဝီမင်းငါးရာတို့သည် မိမိတို့ မြှားအမှန်ခံရသည်ကို မသိကြမူ၍ "ဟယ် ဗန္ဓုလ····ရပ်လော့" ဟု ပြောဆိုကြကာ လိုက်မြဲလိုက်ကြလေကုန်၏။ ဗန္ဓုလစစ်သေနာပတိသည် ရထားကို အနည်းငယ်ရပ်၍ "သင်လိစ္ဆဝီမင်းတို့သည် သေပြီးသူများသာ ဖြစ်ကြကုန်၏၊ သေသူတို့နှင့် ငါ့အဖို့ရာ စစ်ထိုးရန် မရှိ"ဟု ဆိုလေ၏။ လိစ္ဆဝီမင်းတို့က "သေပြီး သူတို့မည်သည် ငါတို့ကဲ့သို့ မဟုတ်ကုန်"ဟု ပြောဆိုကြလေသော် "ထိုသို့ဖြစ်လျှင် နောက်ဆုံးလိစ္ဆဝီမင်း၏ ချပ်ဝတ်တန်းဆာကို ဖြေ၍ ကြည့်ကြလော့" ဟု ဗန္ဓုလစစ်သေနာပတိက ဆိုလေ၏။

လိစ္ဆဝီမင်းတို့သည် ဗန္ဓုလ၏ စကားအတိုင်း နောက်ဆုံးလိစ္ဆဝီမင်း၏ ချပ်ဝတ်တန်းဆာကို ဖြေ၍ ကြည့်ကြလေကုန်၏၊ ထိုနောက်ဆုံးလိစ္ဆဝီမင်းသည် ချပ်ဝတ်တန်းဆာကို ဖြေလျှင် ဖြေချင်းပင် စုတိပြတ်ကြွေ သေလွန်တိမ်းလည်း၍ သွားလေတော့၏။ ထိုအခါ ဗန္ဓုလစစ်သေနာပတိသည် ကျန်သောလိစ္ဆဝီမင်းတို့ကို "သင်တို့အားလုံးပင် ဤနည်းအတူ သေပြီးသူများဖြစ်ကြ၏၊ မိမိတို့နန်းအိမ်တို့သို့ အမြန်ပြန်သွားကြ၍ စီမံသင့်သမျှ စီမံကြလျက် သားမယားများကို မှာထားသင့်သမျှ မှာထားဆုံးမပြီးမှ ချပ်ဝတ်တန်း

WWW.DHAMMARANSI.COM



ဆာကို ဖြေကြလော့”ဟု နောက်ဆုံးသတိပေးစကား ပြောကြား လေ၏။ လိစ္ဆဝီမင်းတို့သည် ဗန္ဓုလပြောသည့်အတိုင်း ပြုလုပ်ကြ ပြီး အားလုံးပင် အသက်ကုန်ခြင်းသို့ ရောက်ကြလေကုန်၏။

ဗန္ဓုလစစ်သေနာပတိသည်လည်း မလ္လိကာကို သာဝတ္ထိပြည်သို့ ချမ်းသာစွာ ဆောင်ယူခဲ့လေ၏။ မလ္လိကာသည် တဆယ့်ခြောက် ကြိမ်တိုင်တိုင် အစုံအစုံသော သားတို့ကို မွေးဖွားခဲ့လေ၏။ အားလုံး သုံးကျိပ်နှစ်ယောက်သော သားတို့သည်လည်း အလွန် ရဲရင့်ကြလျက် အားအစွမ်းနှင့် ပြည့်စုံသူများချည်း ဖြစ်ကြကုန်၏၊ ခပ်သိမ်းသော အတတ်မျိုးတို့၏ အပြီးအဆုံးရောက် တတ်မြောက် ကြသူများ ဖြစ်ကြကုန်၏။ သားတယောက် တယောက်လျှင် လူစွမ်းကောင်းယောကျ်ား တထောင်စီ တထောင်စီ အခြံအရံ ရှိ၏။ ဖခင်ဖြစ်သူ ဗန္ဓုလစစ်သေနာပတိနှင့် အတူတကွ မင်းနန်း တော်သို့ သွားကြသည်ရှိသော် ထို ဗန္ဓုလနှင့် သားသုံးကျိပ် နှစ်ယောက် အခြံအရံ လူစွမ်းကောင်းယောကျ်ား သုံးသောင်း နှစ်ထောင်တို့ဖြင့်ပင် မင်းယင်ပြင်တခုလုံး ပြည့်၍နေလေတော့၏။

### ဗန္ဓုလစစ်သေနာပတိ တရားရုံး၌ တရားစီရင်ခြင်း

တနေ့သ၌ တရားလွှတ်ရုံးဝယ် မတရား အဆုံးအဖြတ်ခံရ၍ တရားရှုံးကြသော လူများသည် ဗန္ဓုလစစ်သေနာပတိ လာလတ် သည်ကို မြင်ကြ၍ သည်းစွာဟစ်အော် ကြွေးကြော်ကြကုန်လျက် လွှတ်တော်တရားသူကြီးတို့၏ မတရား ဆုံးဖြတ်ကြသော အ ကြောင်းကို ဗန္ဓုလစစ်သေနာပတိအား တိုင်ကြား ပြောဆိုကြ လေ၏။ ဗန္ဓုလစစ်သေနာပတိသည် တရားလွှတ်ရုံးသို့ သွား၍ ထို တရားမှုခင်းကို တဖန် စစ်ဆေးပြီးလျှင် အရှင်ဖြစ်ထိုက်သူကို သာ အရှင်ဖြစ်အောင် ဆုံးဖြတ်မှု တရားသဖြင့် ပြုလေ၏။ လူ အပေါင်းသည် ကျယ်စွာသော အသံဖြင့် သာဓု ကောင်းကြီး ပေးကြလေ၏။

ပသေနဒီကောသလမင်းကြီးသည် သာဓုကောင်းကြီး ပေးသံ ကို ကြားရ၍ “ဤအသံကား အဘယ်အသံနည်း”ဟု မေးတော်

WWW.DHAMMARANSI.COM



မူသဖြင့် ထိုအကြောင်းကို ကြားသိရလျှင် လွန်စွာနှစ်သက်အားရ တော်မူ၍ ထိုလွှတ်ရုံးတရားသူကြီးအားလုံးတို့ကို ရာထူးချပြီးလျှင် ဗန္ဓုလစစ်သေနာပတိအားပင် တရားလွှတ်ရုံးကို အပ်နှင်းလေ၏။ ဗန္ဓုလသည် ထိုအချိန်မှစ၍ တရားနှင့်အညီ အဆုံးအဖြတ်ပေး လေ၏။

ထိုအခါ ရာထူးကျတရားသူကြီးဟောင်းတို့သည် အနည်းငယ် မျှသော လက်ဆောင်တံစိုးကို မရကြသည်ဖြစ်၍ လာဘ်လာဘ နည်းပါးကုန်ရကား "ဗန္ဓုလစစ်သေနာပတိသည် မင်းအဖြစ်ကို တောင့်တ၍ နေ၏"ဟု မင်းနန်းတော်၌ စိတ်ဝမ်းကွဲပြားအောင် ဂုံးတိုက်စကား ပြောကြားကြလေ၏။ ကောသလမင်းကြီးသည် ထို ရာထူးကျတရားသူကြီးဟောင်းတို့၏ ဂုံးတိုက်စကား ကြားသိရ၍ ယုံကြည်ပြီးလျှင် မိမိစိတ်ကို နှိပ်၍မရနိုင်လောက်အောင်ပင် ရှိ လေ၏။ "ဤဗန္ဓုလကို ဤသာဝတ္ထိပြည်အတွင်း၌ပင်သတ်စေခဲ့လျှင် ငါ့အား လူအပေါင်းတို့ ကဲ့ရဲ့ရှုတ်ချမှု ဖြစ်ပေလိမ့်မည်"ဟု တဖန် ကြံစည်၍ တဖက်လှည့် နည်းပရိယာယ်သုံးကာ မိမိ၏မင်းချင်း ယောကျ်ားတို့ကို တိုင်းစွန်ပြည်နား၌ သူပုန်ထစေပြီးသော် ဗန္ဓုလ စစ်သေနာပတိကို ခေါ်စေ၍ "အမောင်စစ်သေနာပတိ····ငါ၏ တိုင်းစွန်ပြည်နား ပစ္စန္တရစ်အရပ်များသည် သူပုန်ဘေးကြောင့် ပျက်စီးလုမတတ်ရှိနေသည်၊ အမောင်စစ်သေနာပတိ၏ သားများ နှင့် အတူတကွ သွားရောက်၍ သူပုန်လူဆိုးတို့ကို ဖမ်းရမည်"ဟု အမိန့်ပေး စေလွှတ်၍ "ဤမြို့ဖြင့် အရပ်၌ပင် သားသုံးကျိပ် နှစ်ယောက်တို့နှင့်တကွ ဗန္ဓုလ၏ဦးခေါင်းများကိုဖြတ်၍ယူဆောင် ခဲ့ကြရမည်"ဟု လျှို့ဝှက်အမိန့်ပေးကာ ထိုဗန္ဓုလသားအဖတို့နှင့် အတူတကွ အခြားလူစွမ်းကောင်း စစ်ဗိုလ်ကြီးတို့ကို ထည့်လိုက် လေ၏။

ဗန္ဓုလစစ်သေနာပတိသည် ပစ္စန္တရစ်အရပ်သို့ ရောက်လတ် လျှင်ပင် "စစ်သေနာပတိကြီး လာပြီတဲ့"ဟု အယောင်ဆောင် မင်းချင်းသူပုန်များသည် တိမ်းရှောင် ထွက်ပြေးကြလေကုန်၏။ ဗန္ဓုလစစ်သေနာပတိသည် ထိုပစ္စန္တရစ်အရပ်ကို လူနေစည်ကား

WWW.DHAMMARANSI.COM



အောင် ခန့်ထားစီမံပြီးမှ ပြန်ခဲ့လေ၏။ ထိုနောက် မြို့မှ(သာဝတ္ထိပြည်မှ) မနီးမဝေးသောအရပ်၌ မင်းကြီးလျှို့ဝှက်အမိန့်ပေးလိုက်သော လူစွမ်းကောင်း စစ်ဗိုလ်ကြီးတို့သည် သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ ဗန္ဓုလစစ်သေနာပတိ၏ ဦးခေါင်းများကို ဖြတ်ကြလေကုန်၏။

ထိုနေ့၌ကား မလ္လိကာစစ်သူကြီးကတော်သည် ရဟန်းငါးရာတို့နှင့်တကွ အဂ္ဂသာဝကကြီးနှစ်ပါး (= အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်)တို့ကို ဆွမ်းဘုဉ်းပေးကြွရောက်ရန် ဖိတ်မန်အပ်ပြီးဖြစ်ကုန်၏၊ ထိုအခါ မလ္လိကာအား နံနက်စောစောပင် "သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ သင်၏အရှင်လင် ဗန္ဓုလစစ်သေနာပတိ၏ ဦးခေါင်းများကို ဖြတ်အပ်လေပြီ"ဟု သဝဏ်လွှာကို ပို့ဆောင်ပေးအပ်ကြလေကုန်၏။ မလ္လိကာသည် ထိုသတင်းကို ကြားသိရ၍ တဦးတယောက်သောသူအားမျှ တစုံတရာ မပြောကြားပဲ သဝဏ်လွှာကို ရင်ခွင်(အင်္ကျီအိတ်အတွင်း)၌ထား၍ အဂ္ဂသာဝကကြီးနှစ်ပါး အမှူးပြုသည့် ရဟန်းသံဃာကိုသာလျှင် ဆွမ်းပြုစုလုပ်ကျွေးနေလေ၏။

ထိုအခါ မလ္လိကာ၏ အိမ်ဖော်မိန်းမများ ရဟန်းတို့အား ဆွမ်းလှူပြီး၍ ထောပတ်အိုးကို ယူဆောင်လာခဲ့ကြရာ မတော်တဆ မထေရ်မြတ်တို့၏ ရှေ့မှောက်၌ ထောပတ်အိုးကြီး ကွဲသွားခဲ့လေသည်။ တရားစစ်မှူးဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်သည် "ကွဲပျက်ခြင်းသဘောရှိသော ဝတ္ထုဖြစ်၍ ကွဲပျက်သွားလေပြီ၊ ထွေရာလေးပါး စိတ်အကြံမများလင့်"ဟူ၍ မလ္လိကာအား မိန့်ကြားတော်မူလေ၏၊ မလ္လိကာသည် ရင်ခွင်(အင်္ကျီအိတ်တွင်း)မှ သဝဏ်လွှာကို ထုတ်၍"အရှင်ဘုရား....သားသုံးကျိပ်နှစ်ယောက်တို့နှင့်တကွ အဖဖြစ်သူ ဗန္ဓုလစစ်သေနာပတိ၏ ဦးခေါင်းများကို ဖြတ်အပ်လေပြီ ဟူသော ဤသဝဏ်လွှာကို တပည့်တော်မအား ပို့အပ်လာကြပါသည်၊ တပည့်တော်မသည် ဤအကြောင်းကို ကြား၍သော်မှလည်း ထွေရာလေးပါး စိတ်အကြံ မများခဲ့ပါ၊ ထောပတ်အိုးကွဲခြင်းကြောင့်ကား အဘယ်မှာလျှင် ထွေရာလေး

WWW.DHAMMARANSI.COM



ပါး စိတ်အကြံများပါအံ့နည်း ဘုရား”ဟူ၍ ပြန်ကြားလျှောက်ထား လေ၏။ အရှင်သာရိပုတ္တရာမထေရ်သည်” အနိမိတ္တမနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ—”ဤသို့အစရှိသော(သုတ္တနိပါတ်ပါဠိတော်၊ ၃-မဟာဝဂ်၊ ၇-သလ္လသုတ်)တရားဒေသနာကို ဟောကြားတော်မူ၍ နေရာမှထတော်မူကာ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

သံဃာတော်များကို ဆွမ်းပြုစုလုပ်ကျွေးပြီးနောက် မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို အခေါ်ခိုင်း၍ “ချွေးမတို့.... သင်တို့၏ အရှင်သခင်လင်ယောကျ်ားများသည် အပြစ်တစုံတရာ မရှိကြကုန်ပဲ မိမိ၏ ရှေးကံအကျိုးကို ရရှိကြလေပြီ၊ သင်တို့သည် မစိုးရိမ်, မပူဆွေး, မငိုကြွေးကြကုန်လင့်၊ ကောသလမင်းကြီး၏ အပေါ်၌ စိတ်ပြစ်မှားခြင်းကိုလည်း မပြုကြကုန်လင့်”ဟူ၍ ဆုံးမ စကား ပြောကြားလေ၏။ ကောသလမင်းကြီး၏သူလျှိုယောကျ်ားများသည် ထိုစကားကို ကြားကြ၍ မင်းကြီးထံ သွားရောက်ကြပြီးလျှင် ဗန္ဓုလသားအဖတို့၏ အပြစ်မရှိသောအဖြစ်ကို ကြားလျှောက်ကြလေကုန်၏၊ ကောသလမင်းကြီးသည် ထိတ်လန့်ခြင်း = သံဝေဂသို့ရောက်ရှိကာ မလ္လိကာ၏ နေအိမ်သို့ သွားရောက်၍ မလ္လိကာကိုငင်း, သူ၏ချွေးမ သုံးကျိပ်နှစ်ယောက်တို့ကိုငင်း သည်းခံစေကြောင်း တောင်းပန်စကား ပြောကြားပြီးလျှင် မလ္လိကာအား အလိုရှိရာဆု တခုကို ယူရန် ပြောကြားလေ၏။

မလ္လိကာသည် “အရှင်မင်းကြီး···· ဘုရားကျွန်တော်မသည် ဆုယူပြီးသားပင်ဖြစ်ပါစေ”ဟု ပြန်ကြားလျှောက်ထား၍ မင်းကြီး ပြန်သွားလတ်သော် ကုပ္ပီးထမင်းကျွေးမွေးလှူဒါန်း (ဆွမ်းသွတ်)ပြီးနောက် ရေမိုးချိုးပြီးလျှင် မင်းကြီးထံမှောက်သို့ သွားရောက်ရှိခိုး၍“အရှင်မင်းကြီး····အရှင်မင်းကြီးတို့သည် ကျွန်တော်မအား ဆုပေးအပ်ပြီး ဖြစ်ပါသည်၊ ကျွန်တော်မ၏ အဖို့ရာမှာလည်း အခြားဆုများဖြင့် အလိုမရှိပါ၊ ကျွန်တော်မ၏ ချွေးမသုံးကျိပ်နှစ်ယောက်တို့ကိုငင်း, ကျွန်တော်မကိုငင်း မိဖနေအိမ်သို့ ပြန်ဘို့ရန် ခွင့်ပြုတော်မူပါကုန်”ဟူ၍ ခွင့်ပန်စကား လျှောက်ထားလေလျှင်

WWW.DHAMMARANSI.COM



ပသေနဒီ ကောသလမင်းကြီးသည် မလ္လိကာ၏ ခွင့်ပန်လျှောက် ထားချက်ကို ကျေနပ်စွာ လက်ခံတော်မူလေ၏။ မလ္လိကာသည် ချွေးမသုံးကျိပ်နှစ်ယောက်တို့ကို မိဖနေအိမ်သို့ အသီး အသီး ပို့ ဆောင်ပြီးနောက် မိမိကိုယ်တိုင်လည်း ကုသိနာရုံပြည် မိဖနေအိမ် သို့ ပြန်သွားလေ၏။

(မလ္လိကာ၏ အကြောင်းအဆက်။ ။မလ္လိကာသည် ကုသိနာရုံ ပြည်မိဖတို့နေအိမ်၌ ကာလရှည်မြင့်စွာနေထိုင်၍ နောက်တချိန် မြတ်စွာ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသဖြင့် မြတ်စွာဘုရားရှင်၏ အလောင်း တော်ကို မလ္လမင်းများ ကုသိနာရုံပြည်တွင်းသို့ ထမ်းဆောင်သယ်ယူ လာကြသောသတင်းကို ကြားသိရလေလျှင် မိမိ၏ အရှင်သခင် လင် ယောကျ်ားဖြစ်သူ ဗန္ဓုလစစ်သေနာပတိ ကွယ်လွန်သော အခါ်မှစ၍ မသုံးဆောင်ပဲ သိမ်းဆည်းထားခဲ့သော မဟာလတာ တန်ဆာကို ထုတ်၍ "ဤမဟာလတာတန်ဆာဖြင့် မြတ်စွာဘုရားရှင်ကို ငါပူဇော် အံ့"ဟု ကြံစည်ကာ ထိုမဟာလတာတန်ဆာကို ပွတ်တိုက်၍ နံ့သာရေ ဖြင့် ဆေးကြောပြီးလျှင် အိမ်တံခါးဝက စောင့်မျှော်လျက်နေလေ၏။

ထိုမဟာလတာ တန်ဆာကား (သုတ်မဟာဝါအဋ္ဌကထာအလို) ၁-ဝိသာခါ, ၂-ဗန္ဓုလစစ်သေနာပတိကတော် မလ္လိကာ, ၃-ဒေဝဒါနိယ ခိုးသူ=ဤသုံးဦးတို့ အိမ်၌သာလျှင် ရှိ၏။ (ဓမ္မပဒအဋ္ဌကထာအလို) မြေပြင်အဝန်း၌ ၁-ဝိသာခါ, ၂-ဗန္ဓုလစစ်သေနာပတိကတော် မလ္လိကာ, ၃-ဗာရာဏသီသူဌေးသမီး = ဤသုံးယောက်သော မိန်းမတို့သည်သာ လျှင် မဟာလတာတန်ဆာကို ရရှိကြကုန်၏။

မလ္လိကာသည် မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ် အလောင်း တော် မိမိအိမ်တံခါးဝသို့ ဆိုက်ရောက်လတ်သော် "အမောင်တို့.... မြတ်စွာဘုရား၏ ရုပ်ကလာပ်အလောင်းတော်ကို ခေတ္တချကြပါဦး"ဟု ပြောဆို၍ ထိုမိမိ၏ မဟာလတာတန်ဆာကို မြတ်စွာဘုရားရှင်၏ ကိုယ်တော်၌ စွပ်၍ဝတ်၍ ပေးလေ၏၊ ဦးခေါင်းတော်မှစ၍ စွပ်အပ် ဝတ် အပ်သော ထိုမဟာလတာတန်ဆာသည် ခြေတော်အပြင်တိုင်အောင် ဖုံးအုပ်မိလေ၏။ ရွှေအဆင်းရှိသော မြတ်စွာဘုရားရှင်၏ ကိုယ်တော် သည် ရတနာခုနစ်ပါးဖြင့်ပြီးသော မဟာလတာတန်ဆာဖြင့် တန်း ဆာဆင်အပ်သည်ရှိသော် အလွန်လျှင် တင့်တယ်လှပေ၏။

WWW.DHAMMARANSI.COM



မလ္လိကာသည် ထိုသို့တင့်တယ်လှသည်ကိုမြင်၍ အလွန်ကြည်ညိုသော စိတ်ဖြစ်ရှိကာ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....တပည့်တော်မ၏ အဖို့ရာ သံသရာဝဋ်၌ ကျင်လည်ရသမျှ ကာလပတ်လုံး အသီးအခြား အဆင်တန်းဆာ ဆင်မြန်းရသောကိစ္စဟူ၍ မဖြစ်ရ,မရှိရပါစေသတည်း၊ အမြဲတစေ တပည့်တော်မ၏ ကိုယ်သည် အဆင်တန်းဆာ ဝတ်ပြီးဆင်ပြီး ကဲ့သို့ ဖြစ်ပါစေသား"ဟူ၍ ဆုတောင်းပတ္ထနာမှု ပြုလေ၏။ ။(သုတ် မဟာဝါအဋ္ဌကထာ၊ မဟာပရိနိဗ္ဗာနသုတ်အဖွင့် စာမျက်နှာ ၁၇၉-မှ)။

မလ္လိကာသည် နောက်အခါ၌ စုတိပြုတ်ကြွေ သေလွန်၍ တာဝတိံ-သာ နတ်ပြည်၌ နတ်သမီးဖြစ်၍ သူ၏ဆုတောင်းအတိုင်း အခြားနတ် တို့နှင့်မတူ ထူးခြား တောက်ပြောင်သော ရွှေရောင် အဆင်းရှိလျက် ရတနာခုနစ်ပါးဖြင့် ပြီးသော အဝတ်,အဆင်တန်းဆာ, ဗိမာန်ရှင်တဦး ဖြစ်ရလေ၏။ (အကြောင်းအရာအကျယ်ကို ဝိမာနဝတ္ထုအဋ္ဌကထာ၊ ၃-ပါရိစ္ဆတ္တကဝဂ်၊ ၈-မလ္လိကာဝိမာနဝတ္ထုအဖွင့်မှ ထုတ်နုတ်မှတ်ယူရာ၏)။

ပသေနဒီကောသလမင်းကြီးသည်လည်း ဗန္ဓုလ စစ်သေနာ-ပတိ၏ တူဖြစ်သူ ဒီဃကာရာယန-မည်သောသူအား စစ်သေနာ-ပတိရာထူးကို ဆက်လက်၍ ပေးလေသည်။ ထိုသို့ပင် ပေးအပ် ပါသော်လည်း ဒီဃကာရာယနသည် "ငါ၏ ဦးကြီးတော်ကို ဤ မင်းသည် အပြစ်မဲ့ သတ်ခဲ့လေပြီ"ဟု အောက်မေ့ကာ ကောသလ မင်းကြီးအား လက်စားချေနိုင်ရန် အခွင့်အပေါက်ကိုသာ ရှာ လျက် နေထိုင်လေ၏။

ကောသလမင်းကြီးသည်လည်း အပြစ်မရှိပဲလျက် ဗန္ဓုလစစ် သေနာပတိကို သတ်စေပြီးသောအချိန်မှစ၍ နှလုံးမသာမယာခြင်း ပြင်းစွာဖြစ်ရှိ၍ စိတ်သက်သာရာကို မရချေ၊ မင်းစည်းစိမ်ကို မြိန် ယှက်စွာ မခံစားနိုင်ချေ။ ထိုအခါ မြတ်စွာဘုရားရှင်သည် သာကီ ဝင်မင်းတို့၏ ပိုင်နက်ဖြစ်သည့် မေဒဠုပနိဂုံး၌ နေထိုင်တော်မူဆဲ ဖြစ်၏။ ကောသလမင်းကြီးသည် မေဒဠုပနိဂုံးသို့ သွားရောက်၍ ဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတိုက်အရာမ်မှ မနီး မဝေးသောအရပ်၌ သစ်ခက်တနန်း (ယာယီစံနန်း) ၌ နေထိုင် ပြီးလျှင် အနည်းငယ်မျှသော အခြံအရံဖြင့် "ဘုရားဖူးအံ့"ဟု ကျောင်းတိုက်သို့ သွားရောက်လျက် မင်းမြောက်တန်းဆာငါးပါး

WWW.DHAMMARANSI.COM



တို့ကို ဒီဃကာရာယနစစ်သေနာပတိအား ပေးအပ်ခဲ့၍ မင်းကြီး တဦးတည်းသာလျှင် ဂန္ဓကုဋီကျောင်းတော်သို့ ဝင်သွားလေ၏။

(ဤ၌-ကောသလမင်းကြီးက မင်းမြောက်တန်းဆာငါးပါးကို ဒီဃ-ကာရာယနလက်သို့ ပေးအပ်လိုက်ခြင်းမှာ—(၁)"အလွန်အလေးပြုအပ် ရှိသေအပ်သော မြတ်စွာဘုရား၏ အထံတော်သို့ ပြန့်လွင့်သောသဘော ရှိသည့် မင်း၏အသွင်ဖြင့် သွားရန်မသင့်" ဟူသော ရည်ရွယ်ချက်ဖြင့် ၎င်း, (၂) "မိမိတဦးတည်း မြတ်စွာဘုရားရှင်ကို ဆည်းကပ်ပြီးလျှင် မိမိစိတ်ကြိုက် ဝမ်းမြောက် ဝမ်းသာစကား ပြောကြားမည်" ဟူသော ရည်ရွယ်ချက်ဖြင့်၎င်း=ဤရည်ရွယ်ချက်နှစ်ပါးဖြင့် ပေးအပ်လိုက်ခြင်း ဖြစ်သည်။ မှန်၏—မင်းမြောက်တန်းဆာငါးပါးတို့ ပြန်လာလျှင် "အသင် ပြန်လော့" ဟု တဦး တယောက်ကိုမျှ ဆိုဖွယ်မရှိ၊ မင်းချင်းအားလုံး တို့သည်ပင် အလိုလို ပြန်ကြလေကုန်၏။

ကောသလမင်းကြီး တဦးတည်း ကျောင်းတော်သို့ ဝင်သွားသော အခါ ဒီဃကာရာယန၏ စိတ်သန္တာန်ဝယ် "ဤမင်းသည် ရှေးကလည်း ရဟန်းဂေါတမနှင့် နှစ်ဦးကြား(လေးနား) အတိုင်အပင် ပြုလုပ်ပြီးလျှင် ငါ့ဦးကြီးတော် ဗန္ဓုလ စစ်သေနာပတိကို သားသုံးကျိပ်နှစ်ယောက်တို့ နှင့်တကွ ဖမ်းယူသတ်ဖြတ်စေခဲ့လေပြီ၊ ယခုလည်း နှစ်ဦးကြား (လေး နား) အတိုင်အပင်ကို တိုင်ပင်လို၏၊ အသို့နည်း ငါ့ကိုများ ဖမ်းယူ သတ်ဖြတ်စေဦးအံ့လော"ဟု အမျက်၏ အစွမ်းဖြင့် စိတ်အကြံအစည် ဖြစ်ရှိလေ၏)။

ထိုအခါ ဒီဃကာရာယန စစ်သေနာပတိသည် မင်းကြီး ဂန္ဓ-ကုဋီကျောင်းတော်သို့ ဝင်လေလျှင် မင်းမြောက်တန်းဆာ ငါးပါး တို့ကို ယူဆောင်ခဲ့၍ ဝိဋ္ဋူဘ မင်းသားကို အနိုင်အထက်ပြောဆို ကာ ထိုနေရာ၌ပင် မင်းမြောက်၍ ကောသလမင်းကြီး အတွက် မြင်းတစီး, သန်လျက်တခု, အလုပ်အကျွေး မောင်းမတယောက် ကိုသာ ထားခဲ့၍ "မင်းကြီးသည် အသက်ရှင်လိုလျှင် မလိုက်ခဲ့ နှင့်"ဟု ပြောဆိုမှာထားပြီးလျှင် ဝိဋ္ဋူဘမင်းသားအား ထီးဖြူကို ဆောင်းမိုးခေါ်ယူကာ သာဝတ္ထိပြည်သို့သာ ပြန်သွားလေ၏။

ကောသလမင်းကြီးသည် မြတ်စွာဘုရားရှင်နှင့် အတူတကွ ချစ် ဖွယ်စကား ပြောကြားပြီး၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီး ကျောင်း တိုက်မှ ထွက်လေသော် စစ်တပ်ကို မမြင်မတွေ့ရတော့ပဲ ထိုမောင်း

WWW.DHAMMARANSI.COM



မငယ်ကို မေး၍ ထိုအကြောင်းကို ကြားသိရလေလျှင် "ငါသည် တူတော်အဇာတသတ်မင်းကို စစ်ကူခေါ်ငင်ကာ သာဝတ္ထိပြည်သို့ သွားရောက်၍ ဝိဋူဍဘကို ဖမ်းယူသတ်ဖြတ်မည်" ဟူသော အကြံဖြင့် ရာဇဂြိုဟ်ပြည်သို့ သွားသည်တွင် လမ်းခရီးအကြား၌ ဆန်ကွဲထမင်းကိုလည်း စားရ၏၊ ရေနောက်ကိုလည်း သောက်ရ၏၊ အလွန်သိမ်မွေ့နူးညံ့ခြင်း ပင်ကိုယ်ပကတိသဘောရှိသူဖြစ်ရကား ကောသလမင်းကြီးအဖို့ရာ ထိုအစာကြမ်း ရေကြမ်းသည် ကောင်းစွာ မကြေကျက်လေ။ မင်းကြီးသည် ရာဇဂြိုဟ်ပြည်သို့ ရောက်ပြန်ပါသော်လည်း အချိန်မဲ့၍ မြို့တံခါးများ ပိတ်တော့မှ ရောက်ရှိကာ "ငါသည် ယနေ့တညတာ မြို့ပြင်စရပ်မှာ အိပ်ပြီးလျှင် နက်ဖြန်ကျမှ ငါ့တူအဇာတသတ်မင်းကို တွေ့ကြကုန်တော့အံ့" ဟု ကြံစည်ပြီးလျှင် မြို့ပြင်စရပ်တခု၌ အိပ်လေ၏။

ကောသလမင်းကြီးအား ညဉ့်အခါဝယ် (သလိပ်, သည်းခြေ, လေ) ဒေါသသုံးပါးတို့ ထကြွသောင်းကျန်းကြသဖြင့် အစာမကြေကျက်သော ရောဂါ နှိပ်စက်ဖိစီးလေရာ မင်းကြီးသည် နှစ်ကြိမ်သုံးကြိမ်သာ အပြင်သို့ ထွက်နိုင်၏၊ ထိုအခါမှစ၍ ခြေဖြင့် မသွားနိုင်တော့ပဲ ထိုမောင်းမငယ်၏ ရင်ခွင်၌အိပ်၍ မိုးသောက်အားကြီး လင်းခါနီးအချိန်တွင် နတ်ရွာစံလေ၏။ ။(ကောသလမင်းကြီး နတ်ရွာစံသော အချိန်မှာ အသက်ရှစ်ဆယ် အရွယ်ရှိလေပြီ၊ ထိုအချိန်၌ မြတ်စွာဘုရားရှင်သည်လည်း သက်တော်ရှစ်ဆယ် အရွယ်တော်ရှိလေပြီ။ ။မဇ္ဈိမပဏ္ဏာသပါဠိ၊ ဓမ္မစေတိယသုတ် စာမျက်နှာ ၃၂၀-မှ)။

မောင်းမငယ်သည် မင်းကြီးနတ်ရွာစံကြောင်း သိရှိလေလျှင် "ကျွန်တော်မ၏သခင် ကောသလဘုရင်မင်းကြီးသည် ကာသိတိုင်း,ကောသလတိုင်း=နှစ်တိုင်းတို့၌ မင်းပြုလုပ်ပြီးမှ ယခုအခါ သူတပါး၏ မြို့ပြင်ပဝယ် ကိုးကွယ်ရာမဲ့သူတို့နေရာ စရပ်အိုဝ်၌ ကိုးကွယ်ရာမဲ့ နတ်ရွာစံယူ လျောင်းတော်မူရရှာပြီ"—ဤသို့စသည် ပြောဆိုမြည်တမ်းကာ ကျယ်စွာသောအသံဖြင့် ငိုကြွေးလေ၏။ လူအများကြားသိ၍ အဇာတသတ်မင်းအား ထိုအကြောင်းကို

WWW.DHAMMARANSI.COM



လျှောက်ထားကြလေလျှင် အဇာတသတ်မင်းသည် လာလတ်၍ ကြည့်ရှုလေသော် ဦးကြီးတော်မှန်း သိပြီးလျှင် လာခဲ့သော အကြောင်းကို မေးမြန်းသိရှိပြီးနောက် ကြီးစွာသောအခမ်းအနား ဖြင့် ဖုတ်ကြည်းသင်္ဂြိုဟ်မှုပြု၍ "ဝိဋူဋဘကို ဖမ်းယူပေအံ့" ဟု မြို့ တော်၌ စည်လည်စေ၍ စစ်သည်ဗိုလ်ပါ စုရုံးစေလေ၏။

အဇာတသတ်မင်း၏ အမတ်တို့သည် အဇာတသတ်မင်း၏ ခြေတို့၌ ဦးတိုက်၍ "အရှင်မင်းကြီး.... အရှင်မင်းကြီးတို့၏ ဦးကြီး တော် (=ကောသလမင်းကြီး) အသက်ရှင်ကာ ကျန်းမာနေလျှင် အရှင်မင်းကြီးတို့ သွားဖို့သင့်ပါ၏၊ ယခုအခါ၌မူကား ညီတော် ဝိဋူဋဘမင်းသားသည်လည်း အရှင်မင်းကြီးတို့ကို အမှီပြု၍ ထီး ဖြူစိုက်ဆောက် မင်းအဖြစ်သို့ ရောက်ခြင်းငှါ ထိုက်တန်လှပါသည်" ဟု အသိဉာဏ်ပေးစကား လျှောက်ထား တားမြစ်ကြလေကုန်၏။

ဝိဋူဋဘမင်းသားသည်လည်း မင်းအဖြစ်ကို ရပြီးနောက် ထို ရှေးကဖွဲ့ဘူးသည့် ရန်ငြိုးကို အမှတ်ရ၍ "အလုံးစုံသော သာကီ ဝင်မင်းတို့ကို ငါသတ်တော့အံ့" ဟု ကြံစည်ပြီးလျှင် များစွာသော စစ်သည်ဗိုလ်ပါအပေါင်းဖြင့် သာဝတ္ထိပြည်မှ ထွက်ခဲ့လေ၏။ ထို နေ့၌ မြတ်စွာဘုရားရှင်သည် မိုးသောက်ထအခါ သတ္တလောကကို ကြည့်ရှုတော်မူလေသော် ဆွေတော်မျိုးတော်အပေါင်း၏ ပျက် စီးအံ့သော ဘေးကို မြင်တော်မူ၍ "ဆွေမျိုးတို့အား ချီးမြှောက် ခြင်းအမှု ငါပြုသင့်၏" ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် နံနက် အခါ ဆွမ်းခံလှည့်လည်တော်မူပြီးနောက် ဆွမ်းခံရာမှ ဖဲတော်မူ ခဲ့၍ ဂန္ဓကုဋိကျောင်းတော်၌ ခြင်္သေ့မင်းပမာ လက်ျာနံတောင်း ဖြင့် လျောင်းတော်မူပြီးသော် ညနေချမ်းအခါ၌ ကောင်းကင်ခရီး ဖြင့် ကပိလဝတ်ပြည်နယ်သို့ ကြွတော်မူ၍ ကပိလဝတ်ပြည်၏ အနီး အရိပ်ကျဲသော သစ်ပင်ရင်းတခု၌ ထိုင်နေတော်မူလေ၏။

ထိုသစ်ပင်မှ မနီးမဝေးအရပ်ဝယ် ဝိဋူဋဘမင်း၏ နယ်စပ်၌ အရိပ်ထူထဲသော ပညောင်ပင်တပင်သည် ရှိ၏။ ဝိဋူဋဘမင်း သည် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ ဆည်းကပ်ဝပ်လျှိုး ရှိခိုးပြီး လျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... အဘယ့်ကြောင့် ဤ

WWW.DHAMMARANSI.COM



သို့ပူပြင်းသောအခါ၌ ဤအရိပ်ကျဲသော သစ်ပင်ရင်း၌ နေတော်မူကြပါသနည်း၊ ရှင်တော်ဘုရား.... တပည့်တော်၏ နယ်စပ်ဝယ် တည်ရှိသော ထိုအရိပ်ထူထဲသည့် ပညောင်ပင်ရင်း၌ ထိုင်နေတော်မူပါကုန်ဘုရား”ဟု လျှောက်ထားလတ်သော် မြတ်စွာဘုရားရှင်သည် “ရှိပါစေ မြတ်သောမင်းကြီး....၊ ဆွေမျိုးတို့၏ အရိပ်မည်သည် အေးမြလှဘိ၏” ဟု မိန့်တော်မူလေ၏။ ထိုအခါ ဝိဋူဋဘမင်းသည် “ဆွေမျိုးတို့ကို စောင့်ရှောက်ရန် မြတ်စွာဘုရားကြွလာတော်မူသည် ဖြစ်လိမ့်မည်” ဟု ကြံစည်အောက်မေ့ကာ မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုးပြီး၍ မိမိ၏တပ်ကို ရုပ်သိမ်းကာ သာဝတ္ထိပြည်သို့သာ ပြန်လေ၏။ မြတ်စွာဘုရားရှင်သည်လည်း ကောင်းကင်သို့ ပျံတက်၍ ဇေတဝန်ကျောင်းတော်သို့သာ ပြန်ကြွတော်မူလေ၏။

ဝိဋူဋဘမင်းသည် သာကီဝင်မင်းတို့၏ မိမိအပေါ် ရှေးကပြုခဲ့သော အပြစ်ကို အမှတ်ရပြန်၍ ဒုတိယအကြိမ်မြောက် ရှေးနည်းအတူ ထွက်ခဲ့ပြန်လေသော် ထိုအတူပင် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ တဖန်ပြန်နစ်ပြန်လေ၏။ တတိယအကြိမ်၌လည်း ကြီးစွာသော စစ်တပ်ကြီးဖြင့် ထွက်ခဲ့၍ ထိုအတူပင် မြတ်စွာဘုရားရှင်ကို ဖူးမြင်ရ၍ တဖန်ပြန်နစ်ပြန်လေ၏။

စတုတ္ထအကြိမ်မြောက် ဝိဋူဋဘမင်း ထွက်လတ်သော်ကား မြတ်စွာဘုရားရှင်သည် သာကီဝင်မင်းတို့၏ ရှေးကံဟောင်းကို ကြည့်ရှုတော်မူလေသော် ထိုသာကီဝင်မင်းတို့၏ အတိတ် တခုသော နေ့ရက်က မြစ်(=ချောင်း) တခုဝယ် အဆိပ်ကို လောင်းထည့်ခဲ့ဘူးသော မကောင်းမှု အကုသိုလ်ကံ၏ မတားမြစ်နိုင်အောင် အကျိုးပေးခွင့် ဆိုက်ရောက်လာသည်ကို သိမြင်တော်မူ၍ ထို စတုတ္ထအကြိမ်၌ ကြွတော်မမူတော့ချေ။

ဝိဋူဋဘမင်းသည် “ငါသည် သာကီဝင်မင်းတို့ကို သတ်တော့အံ့”ဟု များစွာသော စစ်သည်ဗိုလ်ပါ အပေါင်းဖြင့် ထွက်ခဲ့လေ၏။ မြတ်စွာဘုရား၏ ဆွေတော်မျိုးတော် သာကီဝင်မင်းတို့သည်

WWW.DHAMMARANSI.COM



ကား သတ္တဝါတဖက်သားကို သတ်ဖြတ်ကြသူများ မဟုတ်ကုန်၊ မိမိတို့ပင် သေရကုန်သော်လည်း သူတပါးတို့ကို မသတ်ဖြတ်ကုန်၊ သို့ရကား ဆွေတော်မျိုးတော် သာကီဝင်မင်းတို့သည် "ငါတို့ကား လေးအတတ်ကို တဖက်ကမ်းခတ် တတ်မြောက်သူများ ဖြစ်ကြကုန်၏၊ သို့သော်လည်း ငါတို့သည် သူတပါးကို သတ်ဖြတ်ရိုးထုံးစံ မရှိကြကုန်၊ မိမိတို့၏ လေးအတတ်ကို ပြ၍သာ ရန်သူတို့ကို ပြေးစေကုန်အံ့" ဟု ကြံစည်ကြ၍ ချပ်ဝတ်တန်းဆာများ ဆင်ယင်ကြပြီးလျှင် ကပိလဝတ်ပြည်မှ ထွက်၍ စစ်ထိုးဟန်အမူ ပြုကြလေကုန်၏၊ ထို သာကီဝင်မင်းတို့ ပစ်လွှတ်အပ်သော မြှားတို့သည် ဝိဋူဋ္ဘမင်း၏ စစ်သည်တော်များ အကြားအကြားမှ သွားလေကုန်၏၊ ကာကြား နားပေါက်ကြား-စသည်တို့မှ အလျှိုအလျှို ထွက်၍ သွားလေကုန်၏။

ဝိဋူဋ္ဘမင်းသည် ထိုအခြင်းအရာကို မြင်၍ တကယ်ပင် ပစ်လွှတ်သည်ဟု မှတ်ထင်ကာ "အချင်းတို့...သာကီဝင်မင်းတို့သည် 'ငါတို့ကား သတ္တဝါတဖက်သားကို မသတ်ဖြတ်သူများ ဖြစ်ကုန်၏'ဟု ပြောဆိုကြသည် မဟုတ်လော၊ ထိုသို့ဖြစ်လျက် ယခုအခါ ငါ၏ စစ်သည်တော်သားများကို မြှားဖြင့်ပစ်ခတ် ဖျက်ဆီးသတ်ဖြတ်ကြကုန်၏" ဟု ပြောဆိုလေ၏။ ထိုအခါ ဝိဋူဋ္ဘမင်းကို မင်းချင်းတယောက်က "အရှင်····ပြန်၍များ မိမိစစ်တပ်ကို ကြည့်မိ၏လော" ဟု မေးလေသော် ဝိဋူဋ္ဘမင်းသည် "အမောင်···· သာကီဝင်မင်းတို့သည် ငါ၏ စစ်သည်တော် တပ်သားတို့ကို မြှားဖြင့်ပစ်ခတ် ဖျက်ဆီးသတ်ဖြတ်ကြကုန်၏"ဟု ပြောဆိုလေ၏။ ထိုအခါ မင်းချင်းယောကျ်ားက "အရှင်မင်းကြီးတို့ဖက်က စစ်သည်တပ်သား တယောက်မျှ ကျဆုံးသည်ဟူ၍ မရှိပါ၊ အကျွန်ုပ်တိုက်တွန်းစကား လျှောက်ထားလိုပါသည်မှာ ယခုပင် အရှင်မင်းကြီး၏ စစ်သည်တပ်သားများကို ရေတွက်စေတော်မူပါကုန်လော့"ဟု ရဲရဲတင်းတင်း လျှောက်ထားသဖြင့် စစ်သည်တပ်သားများကို ရေတွက်စေသည်တွင် တယောက်မျှ ကျဆုံးသည်ကို မတွေ့ရချေ။

WWW.DHAMMARANSI.COM



ဝိဋ္ဋဋ္ဋုဘမင်းသည် ထိုအရပ်မှ အနည်းငယ် နောက်သို့ဆုတ်ပြီးလျှင် "အချင်းတို့····ငါတို့ သာကီဝင်မင်းများ ဟု ပြောဆိုသူအားလုံးကို သတ်ဖြတ်ကြကုန်လော့၊ သို့သော် ငါ၏ အဖိုးဖြစ်သူမဟာနာမသာကီဝင်မင်း၏ အနီး၌ တည်နေသော သာကီဝင်မင်းတို့အားကား အသက်ချမ်းသာ ပေးကြလော့"ဟု အမိန့်တော်မြွက် မှတ်လေ၏။ ဝိဋ္ဋဋ္ဋုဘမင်း၏ စစ်သည်တပ်သားတို့က အပြင်းအထန် ချီတက်ထိုးခုတ်သတ်ဖြတ်ကြလေသော် သာကီဝင်မင်းတို့သည် ကိုင်စရာ တွယ်စရာ တစုံတရာကိုမျှ မမြင်ကြရပဲ အချို့သာကီဝင်တို့က မြက်ကိုကိုက်၍, အချို့သာကီဝင်တို့ကမူ ကျူပင်ကိုကိုင်၍ ရပ်တည်နေကြလေကုန်၏။ "သင်တို့သည် သာကီဝင်မင်းတို့ မဟုတ်ကြလော"ဟု မေးအပ်ကုန်သည်ရှိသော် သာကီဝင်မင်းတို့မည်သည် သေကုန်သော်လည်း မုသားစကား ပြောကြားရိုးထုံးစံ မရှိသောကြောင့် မြက်ကို ကိုက်၍ ရပ်တည်ကြသော သာကီဝင်မင်းတို့သည် "နော သာကော၊ တိဏံ = ကျွန်း မဟုတ်၊ မြက်တည်း"ဟု ပြောကြလေကုန်၏။ ကျူပင်ကို ကိုင်၍ ရပ်တည်ကြသော သာကီဝင်မင်းတို့သည် "နော သာကော၊ နဠော = ကျွန်း မဟုတ်၊ ကျူပင်တည်း"ဟု ပြောကြလေကုန်၏။ ထိုသာကီဝင်များနှင့် မဟာနာမသာကီဝင်မင်း အနီး၌ တည်နေကြသော သာကီဝင်မင်းတို့သာ အသက်ချမ်းသာရာ ရကြကုန်၏။ ထိုသာကီဝင်မင်းတို့အနက် မြက်ကို ကိုက်၍ တည်နေကြသော သာကီဝင်တို့သည် တိဏသာကီဝင်မည်ကြလေသည်၊ ကျူပင်ကို ကိုင်၍ တည်နေကြသော သာကီဝင်တို့သည် နဠသာကီဝင်တို့ မည်ကြလေသည်။

ဝိဋ္ဋဋ္ဋုဘမင်းသည် ကြွင်းသော သာကီဝင်တို့ကို နို့စို့သူငယ်ကလေးများကိုသော်မှ မလွတ်စေပဲ သတ်ဖြတ်စေကာ သွေးချောင်းစီးစေလျက် ထိုသာကီဝင်မင်းတို့၏ လည်ချောင်းသွေးဖြင့် မိမိနေရာ ဖျဉ်ချပ်ကို ဆေးကြောစေ၏။ ဤသို့လျှင် သာကီယမင်းတို့၏ အနွယ်အဆက်သည် ဝိဋ္ဋဋ္ဋုဘကြောင့် ပြတ်ခဲ့လေ၏။

WWW.DHAMMARANSI.COM



ဝိဋ္ဋဋ္ဋူဘမင်းသည် ဖိုးတော်မဟာနာမသာကီဝင်မင်းကို အရှင်လက်ရဖမ်းယူစေ၍ ပြန်နစ်လာသည်ရှိသော် နံနက် ပွဲတော်စာတည်ခင်းချိန်၌ "နံနက်စာ စာသုံးမှု ပြုပေအံ့" ဟု ကြိုစည်ကာ တခုသော နေရာ၌ သက်၍ နံနက်စာပွဲတော် တင်ဆက်လာသော အခါ၌ "ငါ့အဖိုးနှင့် အတူတကွ ပွဲတော်စာ စားသုံးကြမည်" ဟု ဆို၍ ဖိုးတော်မဟာနာမသာကီဝင်မင်းကို အခေါ် ခိုင်းလေ၏။ အထူးအားဖြင့် မင်းမျိုးတို့သည် အသက်ကိုပင် စွန့်ရသော်လည်း ကျွန်မသားတို့နှင့် အတူတကွ ထမင်း မစားသုံးကြကုန်၊ ထို့ကြောင့် မဟာနာမမင်းသည် ရေအိုင်တခုကို ကြည့်ရှု၍ "ငါ့မြေး....ငါသည် ညစ်နွမ်းသောကိုယ်ရှိ၏၊ ရေချိုးဦးအံ့" ဟု ဆိုလေသော် ဝိဋ္ဋဋ္ဋူဘမင်းသည် "ကောင်းပါပြီ အဖိုး .... ရေချိုးတော်မူကြပါ" ဟု သာယာနူးညွတ် ခွင့်လွှတ်လေ၏။

မဟာနာမမင်းသည် "၍ ဝိဋ္ဋဋ္ဋူဘကား အတူတကွ ထမင်း မစားလျှင် ငါ့ကို သတ်ချေတော့မည်၊ မိမိအလိုလို(=ငါ့ဘာသာ) ငါသေရခြင်းက မြတ်လှသေး၏" ဟု အောက်မေ့ဆင်ခြင်ကာ ဆံတို့ကို ဖြေ၍ အဖျား၌ အထုံးပြုပြီးလျှင် ထိုဆံတို့၌ ခြေမနှစ်ဖက်တို့ကို သွင်းထား၍ ရေ၌ ငုပ်လေတော့၏။ မဟာနာမမင်း၏ ဂုဏ်ကျေးဇူးအရှိန်အဝါကြောင့် နဂါးပြည် ပူနွေးသောအခြင်းအရာကို ပြသဖြင့် နဂါးမင်းသည် "အကြောင်း အသို့နည်း" ဟု စူးစမ်းဆင်ခြင်လတ်သော် ထိုအကြောင်းကို သိရှိကာ မဟာနာမသာကီဝင်မင်းအထံသို့ လာ၍ ထိုမင်းကို မိမိပါးပျဉ်း၌ ထိုင်စေပြီးလျှင် နဂါးပြည်သို့ ပို့သွင်းယူဆောင်သွားလေ၏။ မဟာနာမသာကီဝင်မင်းသည် တဆယ့်နှစ်နှစ်ကြာ ထိုနဂါးပြည်၌ပင် နေလေ၏။

**ဝိဋ္ဋဋ္ဋူဘမင်း ပရိသတ်နှင့်တကွ ပျက်စီးခြင်း**

ဝိဋ္ဋဋ္ဋူဘမင်းသည် "ငါ၏ အဖိုးသည် ယခုပင် လာလိမ့်မည်၊ ယခုပင် လာလိမ့်မည်" ဟု ငံ့မျှော်လျက် ထိုင်နေလေ၏၊ မဟာနာမသာကီဝင်မင်း (မလာသည်မှာ) အလွန်ကြာမြင့်မှ ( = အလွန်ကြာမြင့်၍ မဟာနာမမင်း မလာတော့မှ) ရေအိုင် တခုလုံးကို

WWW.DHAMMARANSI.COM



မွေနှောက်ရှာဖွေစေလေသည်၊ ရေအိုင်၌ ရှာ၍ မတွေ့သောအခါ ပုန်းလျှိုး၍ နေလိုနေငြား မင်းချင်းယောကျာ်းတို့၏ အကြား အကြား ဆီမီးရောင်ဖြင့် ရှာဖွေကြည့်ရှုစေသော်လည်း မတွေ့မြင် ရတော့မှ "ငါ့အဖိုးသည် တိမ်းရှောင်ထွက်ပြေးသည် ဖြစ်လိမ့် မည်" ဟု အောက်မေ့ကာ စစ်တပ်နှင့်တကွ ဖဲခွါသွားလေ၏။

ဝိဋူဍဘမင်းသည် ညဥ့်အချိန်တိုင်မှ အစိရဝတီမြစ်သို့ ရောက် ၍ (မြို့တွင်းသို့ မဝင်နိုင်ပဲ) ထိုမြစ်ကမ်းနားမှာပင် ယာယီတဲနန်း ဆောက်လုပ်နေထိုင်လေ၏။ အချို့သော သူတို့သည် မြစ်အတွင်း သဲသောင်အပြင်၌ လျောင်းစက်ကြလေ၏၊အချို့သော သူတို့သည် ကြည်းကုန်းထက်၌ လျောင်းစက်ကြလေ၏။ မြစ်အတွင်း သဲ သောင်ပြင်ဝယ် လျောင်းစက်ကြသော သူတို့တွင်လည်း ရှေးက အကုသိုလ်မှု မပြုခဲ့သူတို့ ပါရှိကြကုန်၏၊ မြစ်အပြင်ပ ကြည်းကုန်း ထက်ဝယ် လျောင်းစက်ကြသော သူတို့တွင်လည်း ရှေးက အကုသိုလ်မှု ပြုခဲ့သူတို့ ပါရှိကြကုန်၏၊ ထိုသူ နှစ်မျိုးလုံးတို့ လျောင်းစက်ကြသောနေရာ၌ ခြပုန်းပိုးရွကောင်တို့ ဆီးတားမရ နိုင်လောက်အောင်ပင် ထကြွ သောင်းကျန်းကြကုန်၏။ ထိုသူ နှစ်မျိုးလုံးတို့ပင် "ငါ၏ လျောင်းစက်ရာနေရာ၌ ခြပုန်းကောင် များ ထကြွကုန်၏၊ ငါ၏ လျောင်းစက်ရာနေရာ၌ ခြပုန်းကောင် များ ထကြွကုန်၏"ဟု ညည်းညူပြောဆို၍ နေရာမှ ထကြပြီးလျှင် ရှေးက အကုသိုလ်မှု မပြုခဲ့ကြသော သဲသောင်ပြင်နေ လူတို့သည် မြစ်မှတက်၍ ကြည်းကုန်းထက်ဝယ် အိပ်စက်ကြလေကုန်၏။ ရှေးက အကုသိုလ်မှု ပြုခဲ့ကြသော ကြည်းကုန်းနေ လူတို့သည် မြစ်အတွင်း သို့ဆင်း၍ သဲသောင်ပြင်ထက်ဝယ် အိပ်စက်ကြလေကုန်၏။

ထိုခဏ၌ မိုးကြီးတက်၍ တခဲနက်မိုးသီးမိုးပေါက်ကို ပြင်းထန် စွာ ရွာသွန်းချလိုက်လေသည်၊ အစိရဝတီမြစ်ကမ်းပြည့်အောင် မိုးကျချောင်းရေကြီး သည်းစွာလာ၍ ဝိဋူဍဘမင်းကို (သူ၏) ပရိသတ်နှင့်တကွ သမုဒ္ဒရာသို့သာလျှင် ပို့ဆောင်တိုက်မျောသွား လေ၏။ တယောက်မကျန် အားလုံးတို့သည်ပင် ငါးစာ လိပ်စာ ဖြစ်ကြလေကုန်၏။

WWW.DHAMMARANSI.COM



## သာကီဝင်မင်းတို့၏ ရှေးအကုသိုလ်ကံ

ထိုအခါ လူများအပေါင်းသည် "အချင်းတို့…. သာကီဝင်မင်းတို့၏ သေရခြင်းကား မသင့်လျော်လိုက်လေ၊ ဤပုံ ဤပန်း ကလေး သူငယ်ကိုမျှမချန် သာကီဝင်မင်းတို့ကို ခုတ်ကာဖြတ်ကာ သတ်အပ်ကုန်၏ ဟူသော ဤ ဖြစ်ရပ်သည် မလျော်ကပ်ပတ်လှချေတကား"ဟု စကားပြောဆိုကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုလူတို့ပြောဆိုကြသော စကားကို ကြားတော်မူ၍ "ရဟန်းတို့…. ဤဘဝ ခန္ဓာကိုယ်အဖြစ်၌ သာကီဝင်မင်းတို့၏ ဤသို့ သေရခြင်းသည် မသင့်လျော်လှသော်လည်း ရှေးက ပြုအပ်ခဲ့သောမကောင်းမှု အကုသိုလ်ကံနှင့် ဆက်စပ်၍ ကြည့်ပါမူ ထိုသာကီဝင်မင်းတို့သည် အကြောင်းကံနှင့် သင့်လျော်ကပ်ပတ်သည့် သေခြင်းကို ရအပ်ပေပြီ"ဟု မိန့်တော်မူလေ၏။ ရဟန်းတို့က "ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ထို သာကီဝင်မင်းတို့သည် ရှေးက အဘယ်သို့သော မကောင်းမှုကို ပြုခဲ့ပါကုန်သနည်း" ဟု မေးလျှောက်ကြလေသော် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့ …. ထို ကွယ်လွန်သူ သာကီဝင်မင်းအားလုံးတို့သည် တခုသောဘဝဝယ် တပေါင်းတည်း တစိတ်တည်း ဖြစ်ရှိကြ၍ မြစ်ချောင်းတခု၌ အဆိပ်ကို ပစ်ချခဲ့ဘူးကြလေပြီ" ဟူ၍ သာကီဝင်မင်းတို့၏ ရှေးအကုသိုလ်ကံကို အကျဉ်းအားဖြင့် ဟောကြားတော်မူလေ၏။

တဖန် နောက်တနေ့၌ ဓမ္မသဘင်ဝယ် ရဟန်းတို့သည် "ငါ့ရှင်တို့….ဝိဋဋူဘမင်းသည် ဤမျှများလှစွာသော သာကီဝင်မင်းတို့ကို သတ်၍ ပြန်လာလတ်သော် မိမိ၏စိတ်နှလုံးအလို အထွတ်အထိပ်ရောက် မအောင်မြောက်မီပင် ဤမျှများလှစွာသော မိမိပရိသတ်ကို ယူဆောင်ကာ မဟာသမုဒ္ဒရာအတွင်း၌ ငါးစာ လိပ်စာ ဖြစ်ခဲ့လေပြီ"ဟု ဆွေးနွေးစကား ပြောကြားကြလေ၏။ မြတ်စွာဘုရားရှင်သည် ဓမ္မသဘင်သို့ ကြွလာတော်မူ၍ "ရဟန်းတို့…. ယခုငါဘုရား ကြွလာသောအခါ အဘယ်စကားဖြင့် ညီမူစည်းဝေး၍ နေကြကုန်သနည်း"ဟု မေးတော်မူ၍ "ဤမည်သောစကားဖြင့်ညီမူစည်းဝေး၍ နေကြပါသည်"ဟု ရဟန်းတို့က လျှောက်

WWW.DHAMMARANSI.COM



ထားအပ်လေသော် မြတ်စွာဘုရားရှင်သည် "ရဟန်းတို့…ဤ သတ္တဝါတို့အား စိတ်နှလုံးအလို အတွတ်အထိပ်ရောက် မအောင် မြောက်မီပင် အိပ်ပျော်နေသော ရွာသူအားလုံးကို ကြီးစွာသော ရေအယဉ်သည် တိုက်မျော၍ သမုဒ္ဒရာ၌ နစ်မြုပ်စေဘိသကဲ့သို့ သေမင်းသည် အိပ်ပျော်မေ့လျော့နေသူ လူအပေါင်း၏အသက်ကို ဖြတ်တောက်၍ အပါယ်လေးဘုံတည်းဟူသော သမုဒ္ဒရာ၌ နစ်မြုပ် စေလေ၏"ဟု မိန့်တော်မူ၍ ဤဆိုလတ္တံ့သော တရားဂါထာကို ဟောကြားတော်မူ၏—

> ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ ဗျာသတ္တမနသံ နရံ။
> သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့ …. ။ ပုပ္ဖါနိ = ရန့်လှိုင်ထုံ ပန်းမျိုးစုံတို့ကို။ ပစိနန္တံ ဣဝ = ကောင်းနိုးရာရာ အာသာမူးမူး ဆွတ်ခူးသောသူကဲ့သို့။ ဗျာသတ္တမနသံ နရံ = ငါးပါးအာရုံ ကာမဂုဏ်ကို ခုံမင် ကြောင့်ကြ တပ်မက်သည့်လောဘဖြင့် မရသေးသည်ကို တောင့်တ ရပြီးသည်ကိုတွယ်တာ လွန်စွာကပ်ငြိသော စိတ်ရှိသူကို။ မဟောဃော = ကြီးစွာသော ရေအယဉ် သည်။ သုတ္တံ ဂါမံ = အိပ်မောကျတုန်း ရွာနေသူလူအား လုံးကို။ အာဒါယ ဂစ္ဆတိ ဣဝ = သမုဒ္ဒရာသို့ရောက်အောင် ယူဆောင်တိုက်မျော၍ သွားသကဲ့သို့။ မစ္စု = မစ္စုမည် လျှင်း ရှင်သေမင်းသည်။ အာဒါယ ဂစ္ဆတိ = အပါယ် လေးဖြာ သမုဒ္ဒရာသို့ရောက်အောင် ယူဆောင်တိုက်မျော၍ သွားပေ၏။

ဒေသနာနိဂုံး ဆုံးလတ်သောအခါ၌ များစွာသောသတ္တဝါတို့ သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်ရကား ဤ တရားဒေသနာသည် လူများအဖို့ရာ များစွာအကျိုးရသော တရား ဒေသနာ ဖြစ်လေသတည်း။

(မိတ္တဒုဗ္ဘိမည်သော) ဝိဋူဍဘမင်းအကြောင်း ပြီး၏။

WWW.DHAMMARANSI.COM



## ကောသလမလ္လိကာနှင့် ဗန္ဓုလမလ္လိကာတို့အကြောင်း

သာဝတ္ထိပြည်၌(၁) ကောသလမင်းကြီး၏ မိဖုရား မလ္လိကာ, (၂)ဗန္ဓုလစစ်သေနာပတိကတော် မလ္လိကာဟူ၍ မလ္လိကာနှစ်ဦး ရှိလေသည်။ ထိုနှစ်ဦးတို့အနက် ဗန္ဓုလစစ်သေနာပတိကတော် မလ္လိကာမှာ ကုသိနာရုံပြည် မလ္လမင်း၏ သမီးတဦးဖြစ်ကြောင်း (အောက်စာမျက်နှာ ၂၄-က စ၍) အကျယ်ဖော်ပြခဲ့ပြီးဖြစ်လေသည်။ ဤ၌ (၁)အမှတ်ပါ ကောသလမင်းကြီး၏ မိဖုရား မလ္လိကာအကြောင်းကို သိသာရုံ ဖော်ပြပေအံ့—

ကောသလမင်းကြီး၏ မိဖုရားဖြစ်မည့် မလ္လိကာသတို့သမီးသည် သာဝတ္ထိပြည်ဝယ် ပန်းသည်ကြီးတဦး၏ သမီးဖြစ်သည့်ပြင် လှပတင့်တယ်သော ရုပ်အဆင်း ရှေးဘုန်း ရှေးကံ အထူးတို့နှင့် ပြည့်စုံသူဖြစ်သည်။ ထိုသတို့သမီးသည် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ တနေ့သ၌ အဖော်သတို့သမီးများနှင့် အတူ တကွ ပန်းခူးရန် ပန်းခြံသို့သွားသည်ရှိသော် မုယောမုံ့ဆုပ် သုံးခု တို့ကို ပန်းတောင်း၌ထည့်ကာ ယူဆောင်၍ သွားလေ၏။

ထိုသတို့သမီးသည် မြို့မှ ထွက်သောအခါ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်၍ ရဟန်းအပေါင်းခြံရံကာ မြို့တွင်းသို့ ကြွဝင်လာသော မြတ်စွာဘုရားရှင်ကို ဖူးတွေ့ရ၍ အလွန့်အလွန် သဒ္ဓါရွှန်းစို ကြည်ညိုသောစိတ်ရှိကာ မိမိယူဆောင်လာသော မုယောမုံ့ဆုပ် သုံးခုတို့ကို မြတ်စွာဘုရားရှင်အား လှူဒါန်း ဆက်ကပ်လေ၏။ မြတ်စွာဘုရားရှင်သည် စတုမဟာရာဇ်နတ်မင်းကြီး လေးဦးတို့ လှူဒါန်းအပ်သော သပိတ်ဖြင့် ထိုမလ္လိကာ သတို့သမီး လှူဒါန်းအပ်သော မုယောမုံ့ဆုပ်သုံးခုကို အလှူခံတော်မူလေ၏။

မလ္လိကာသတို့သမီးသည်လည်း မြတ်စွာဘုရားရှင်၏ ခြေတော် အစုံတို့ကို ဦးခေါင်းဝပ်လျှိုး ရှိခိုးပြီးသော် ဘုရားဂုဏ်လျှင် အာရုံ ရှိသော နှစ်သက်ခြင်းပီတိကိုရယူကာ သင့်လျော်ကပ်ရာအရပ်၌ ရပ်တည်နေလေ၏။ မြတ်စွာဘုရားရှင်သည် မလ္လိကာသတို့သမီး ကိုကြည့်ရှုတော်မူ၍ပြုံးရွှင်တော်မူလေ၏။ အရှင်အာနန္ဒာမထေရ်

WWW.DHAMMARANSI.COM



က ပြုံးရွှင်တော်မူခြင်း၏ အကြောင်းကို မေးလျှောက်သည်တွင် မြတ်စွာဘုရားရှင်သည် "ချစ်သားအာနန္ဒာ···· ဤသတို့သမီးသည် ဤမုယောမုံ့ဆုပ်သုံးခုတို့ကို လှူဒါန်းရသော ကောင်းမှု(=ပဋ္ဌမဇောစေတနာ)အာနုဘော်ကြောင့် ဤယနေ့ပင်လျှင် ကောသလမင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်ပေလိမ့်မည်"ဟု ပြုံးတော်မူခြင်း၏ အကြောင်းကို အရှင်အာနန္ဒာအား ဖြေကြားတော်မူ၏။

မလ္လိကာ သတို့သမီးသည်လည်း ထိုစကားကို ကြားသိဝမ်းမြောက်ကာ ပန်းခြံသို့ အဖော်သတို့သမီးများနှင့် အတူတကွ သွားရောက်လေ၏။ ထိုနေ့၌ပင် ကောသလမင်းကြီးသည် တူတော် အဇာတသတ်မင်းနှင့် စစ်ပြိုင်ကြရာ စစ်ရှုံးသဖြင့် ထွက်ပြေး တိမ်းရှောင်ကာ မြင်းကိုစီး၍ လာလတ်သည်တွင် မလ္လိကာသတို့သမီး သီဆိုသော သီချင်းသံကိုကြား၍ တပ်နှစ်သက်သော စိတ်ရှိလျက် စီးတော်မြင်းကို ထိုပန်းခြံသို့ ရှေးရှုနှင်လေ၏။ အဖော်သတို့သမီးများသည် မင်းကြီးကို မြင်၍ ကြောက်လန့်ကြကာ တိမ်းရှောင်ပုန်းအောင်းကြသော်လည်း မလ္လိကာ သတို့သမီးသည်ကား မိဖုရားကြီးဖြစ်မည့် ဘုန်းကံပါရှိသူဖြစ်၍ မတိမ်းရှောင် မပုန်းအောင်းပဲ ရဲတင်းစွာလာလတ်၍ မြင်း၏ဇက်ကြိုးကို ဆီးကြိုဆွဲယူလေ၏။

ကောသလမင်းကြီးသည် မြင်းကျောက်ကုန်း၌ ထိုင်နေရင်းကပင်"ကာမပိုင်အရှင်သခင် လင်ယောကျ်ားရှိသလော၊ မရှိဘူးလော"ဟု မေးတော်မူ၍ ကာမပိုင်အရှင်သခင် လင်ယောကျ်ားမရှိသူဖြစ်ကြောင်းကို သိရှိပြီးသော် မြင်းမှသက်ဆင်း၍ လေ,နေပူတို့ဖြင့် ပင်ပန်းနွမ်းနယ်လှရကား မလ္လိကာ၏ ရင်ခွင်၌ လျောင်းစက်ကာ တခဏမျှ အပန်းဖြေပြီးလျှင် မလ္လိကာသတို့သမီးကို မြင်းကျောက်ကုန်းထက်သို့ တင်ဆောင်၍ စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် မြို့တော်သို့ ဝင်တော်မူပြီးသော် မလ္လိကာကို မိဖအိမ်သို့ပို့စေတော်မူလေ၏။ ညနေချမ်းအချိန်၌ မိဖုရားကြီးတို့ စီးသောယာဉ်တော်ကို လွှတ်၍ ကြီးစွာသော အဆောင်အယောင် အခမ်းအနားဖြင့် မိဖအိမ်မှ တခမ်းတနားဆောင်ယူခဲ့ကာ ရတနာအစု

WWW.DHAMMARANSI.COM



အပုံပေါ်၌ထား၍ အဘိသိက်ရေချမ်း သွန်းဖျန်းတော်မူပြီးလျှင် မိဖုရားကြီးအဖြစ် တင်မြှောက်လေ၏။ ထိုအချိန်မှစ၍ မလ္လိကာသည် မင်းကြီးအလွန်တရာချစ်မြတ်နိုးအပ်သည့် မိဖုရားခေါင်ကြီး ဖြစ်လာလေသည်။ ။(ဤအကြောင်း အရာများကို ဇာတ်အဋ္ဌကထာ တတိယအုပ် သတ္တကနိပါတ် ၁၀-ကုမ္မာသပိဏ္ဍိဇာတ် အဖွင့် စာမျက်နှာ ၃၀၄-မှ ထုတ်နုတ်ဖော်ပြအပ်သည်)။

ဤသို့လျှင် ကောသလမင်းကြီး၏ မိဖုရား မလ္လိကာသည် ပန်းသည်ကြီး၏ သမီးဖြစ်လေသည်။ ဗန္ဓုလစစ်သေနာပတိကတော် မလ္လိကာသည် ကုသိနာရုံပြည် မလ္လမင်းတဦး၏ သမီးတော်ဖြစ်လေသည်။

ဤကား ကောသလမလ္လိကာနှင့် ဗန္ဓုလမလ္လိကာတို့အကြောင်းတည်း။

ဤတွင် အခဏ်း ၃၀-ပြီး၏။

WWW.DHAMMARANSI.COM



## အခန်း-၃၉

## အာဋာနာဋိယသုတ်ကို ဟောတော်မူခြင်း

အခါတပါး၌ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၏ အနီး ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်း မွေ့လျော် နေတော်မူ၏။ ထိုအခါ ဓတရဋ္ဌ, ဝိရူဠှက, ဝိရူပက္ခ, ကုဝေရဟူသော စတုမဟာ-ရာဇ်နတ်မင်းကြီးလေးပါးတို့သည် သိကြားမင်း အတွက် အရပ်လေးမျက်နှာတို့၌ များပြားလှစွာသော ယက္ခနတ်စစ်သည်, ဂန္ဓဗ္ဗနတ်စစ်သည်, ကုမ္ဘဏ္ဍနတ်စစ်သည်, နဂါးနတ်စစ်သည်များကို (အသုရာရန်မှ တားမြစ်ရန်) အစောင့်အနေ လုံလောက်စွာ ချထားပြီးလျှင် ကုဝေရနတ်မင်းကြီး၏ နေရာ အာဋာနာဋနတ်မြို့၌ နတ်မင်းကြီး လေးဦးတို့ စည်းဝေးညီမူကြကာ ခုနစ်ဆူသော ဘုရားရှင်တို့ကို အကြောင်းပြု၍ အာဋာနာဋိယပရိတ်ကို စီကုံး ဖွဲ့ဆိုကြပြီးလျှင် "မြတ်စွာဘုရားရှင်၏ ဓမ္မစက်, ငါတို့၏ အာဏာစက်ကို မလိုက်နာ ကျူးလွန်သူတို့အား ဤသို့ ဤသို့သော ဒဏ်ထားမှုကို ပြုကြကုန်အံ့" ဟု ကြွေးကြော်ကျေညာမှု ပြုကြ၍ မိမိတို့အတွက်လည်း အရပ်လေးမျက်နှာတို့၌ များပြားလှစွာသော ယက္ခနတ်စစ်သည်များ, ဂန္ဓဗ္ဗနတ်စစ်သည်များ, ကုမ္ဘဏ္ဍနတ်စစ်သည်များ, နဂါးနတ်စစ်သည်များကို အစောင့်အနေ လုံလောက်စွာ ချထားကြပြီးလျှင် သန်းခေါင်ယံအခါ၌ အလွန် နှစ်လိုဖွယ်သော အဆင်းရှိကြလျက် ဂိဇ္ဈကုဋ်တောင်ယံ တခုလုံးကို မိမိတို့၏ ကိုယ်ရောင်ဖြင့် ထွန်းလင်း တောက်ပစေကြ၍ မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဝပ်လျိုး ရှိခိုးဦးညွှတ်ကြကာ အပြစ်ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်နေကြလေကုန်၏။

(နတ်တို့အဖို့ရာ မြတ်စွာဘုရားရှင်၏ အနီးထံတော်ပါး ဆည်းကပ်ကြသောအခါ ထိုင်နေကြသည်ကား နည်းပါးလှ၏၊ များသောအားဖြင့် ရပ်တည်၍သာ နေကြ၏၊ ဤသုတ်၌ကား အာဋာနာဋိယပရိတ်ကို ရိုသေလေးစားသောအားဖြင့် ထိုင်နေကြခြင်း ဖြစ်သည်။ ။အဋ္ဌကထာ)။

စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့နှင့် အတူတကွ ပါလာကြသော ထိုယက္ခနတ်တို့သည်လည်း အချို့က မြတ်စွာဘုရားရှင်ကို

WWW.DHAMMARANSI.COM



ရှိသေမြတ်နိုး ရှိခိုးကြ၍ အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ အချို့က မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တသက်ပတ်လုံး အောက်မေ့ထိုက်သောစကားကို ပြောကြားပြီးလျှင် အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ အချို့က မြတ်စွာဘုရား ရှိတော်မူရာဘက်သို့ လက်အုပ်ကို ညွှတ်ကိုင်းပြီးလျှင် အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ အချို့က မိမိတို့၏ အမည်အနွယ်များကို ထုတ်ဖော်ပြောဆိုကြကာ အပြစ်ခြောက်ပါး ကင်းစင်ရာအရပ်၌ ထိုင်နေကြကုန်၏၊ အချို့က စကားမပြော တုဏှီဘောသာ ထိုင်နေကြကုန်၏။

ယင်းသို့ နတ်ပရိသတ်ကြီး ညီမူစည်းဝေးမိသောအခါ ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားရှင်ကို ဤသို့ လျှောက်ထားလေ၏—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ···· တန်ခိုးကြီးသော ယက္ခနတ်တို့သည် မြတ်စွာဘုရား၏အပေါ်၌ ကြည်ညိုကြသည်လည်း ရှိပါသည်၊ မကြည်ညိုကြသည်လည်း ရှိပါသည်။ (ထို့အတူပင်) တန်ခိုး အလယ်အလတ်ရှိသော ယက္ခနတ်, တန်ခိုးသေးငယ်သော ယက္ခနတ်တို့သည်လည်း မြတ်စွာဘုရား၏ အပေါ်၌ ကြည်ညိုကြသည်လည်း ရှိပါသည်၊ မကြည်ညိုကြသည်လည်း ရှိပါသည်။

မြတ်စွာဘုရား.... ယက္ခနတ်တို့သည် မြတ်စွာဘုရား၏ အပေါ်၌ မကြည်ညိုကြသည်ကသာ များပါကုန်၏၊ အကြောင်းသော်ကား—မြတ်စွာဘုရား....ရှင်တော်ဘုရားသည် သူ့အသက်ကိုသတ်ခြင်း,သူ့ဥစ္စာကိုခိုးယူခြင်း,ကာမတရားတို့၌ ဖောက်ပြန်မှားယွင်းစွာ ကျင့်ကြံခြင်း, မဟုတ်မမှန်စကား ပြောကြားခြင်း, သေအရက်ကို သောက်စားခြင်းတို့မှ ရှောင်ကြဉ်ဖို့ရန် တရားကို ဟောတော်မူပါ၏၊ မြတ်စွာဘုရား····ယက္ခနတ်တို့သည် သူ့အသက်ကို သတ်ခြင်းမှ မရှောင်ကြဉ်ကြသူကသာ များပါကုန်၏၊ သူ့ဥစ္စာကို ခိုးယူခြင်း, ကာမတရားတို့၌ ဖောက်ပြန်မှားယွင်းစွာ

WWW.DHAMMARANSI.COM



ကျင့်ကြံခြင်း, မဟုတ်မမှန်စကား ပြောကြားခြင်း, သေအရက်ကို သောက်စားခြင်းတို့မှ မရှောင်ကြဉ်ကြသူကသာ များပါကုန်၏။ ထိုဒုဿီလဖြစ်ကြသော ယက္ခနတ်တို့အဖို့ရာ ငါးပါးသီလအကျင့်မြတ်သည် မချစ်နှစ်သက်ဖွယ်သာဖြစ်၍ နေပါ၏။

မြတ်စွာဘုရား....မြို့စွန်ရွာဖျား တောကျောင်းများ၌ နေထိုင်ကြသည့် အရှင်ဘုရား၏ တပည့်သာဝက ရဟန်းတော် အများအပြား ရှိကြပါသည်၊ ထိုမြို့စွန်ရွာဖျား တောအရပ်များဝယ် ဤဘုရားသာသနာ၌ မသဒ္ဓါမကြည်ညိုကြသည့် တန်ခိုးကြီးလှသော ယက္ခနတ်ပေါင်းများစွာ အမြဲနေထိုင်လျက် ရှိကြပါသည်၊ မြတ်စွာဘုရား....ထိုယက္ခနတ်များ သဒ္ဓါကြည်ညိုဖြစ်ရှိကြရန် ရှင်တော်ဘုရားသည် အာဋာနာဋိယ ပရိတ်အရံအတားကို ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ ယက္ခနတ်တို့ အညှဉ်းဆဲမခံရခြင်းငှါ ဣရိယာပထလေးပါး၌ ချမ်းသာစွာ နေထိုင်ကြရခြင်းငှါ သင်ကြားပေးတော်မူပါလော့”——

ဤကဲ့သို့ လျှောက်ထားလေသည်။ ။(ဤ၌ နတ်မင်းကြီးလေးပါး လာရောက်ကြရာဝယ် ဝေဿဝဏ်နတ်မင်းကြီးကား မြတ်စွာဘုရားရှင်နှင့် အထူး အကျွမ်းဝင်သည့်ပြင် စကား အလျှောက်အဆိုလည်း လိမ္မာလှသောကြောင့် ထိုနတ်မင်းကြီးကသာ မြတ်စွာဘုရားကို လျှောက်ထားလေသည်)။ ။မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ် နေတော်မူခြင်းဖြင့် ဝေဿဝဏ်နတ်မင်းကြီး တင်လျှောက်ချက်ကို လက်ခံတော်မူ၏။

ထိုအခါ ဝေဿဝဏ် နတ်မင်းကြီးသည် မြတ်စွာဘုရားရှင် လက်ခံတော်မူကြောင်း ကောင်းစွာသိ၍ ထိုအချိန်၌ ဤအာဋာနာဋိယ ပရိတ်အရံအတားကို ရွတ်ဆိုလျှောက်ထားလေ၏——

WWW.DHAMMARANSI.COM



## အာဋာနာဋိယပရိတ်အရံအတား

(၁) ဝိပဿိဿ စ နမတ္ထု၊ စက္ခုမန္တဿ သိရီမတော။
သိခိဿပိ စ နမတ္ထု၊ သဗ္ဗဘူတာနုကမ္ပိနော။

(၂) ဝေဿဘုဿ စ နမတ္ထု၊ နှာတကဿ တပဿိနော။
နမတ္ထု ကကုသန္ဓဿ၊ မာရသေနာပမဒ္ဒိနော။

(၃) ကောဏာဂမနဿ နမတ္ထု၊ ဗြာဟ္မဏဿ ဝုသီမတော။
ကဿပဿ စ နမတ္ထု၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ။

(၄) အင်္ဂီရသဿ နမတ္ထု၊ သကျပုတ္တဿ သိရီမတော။
ယော ဣမံ ဓမ္မံ ဒေသေသိ၊ သဗ္ဗဒုက္ခာပနူဒနံ။

(၅) ယေ စာပိ နိဗ္ဗုတာ လောကေ၊ ယထာဘူတံ ဝိပဿိသုံ။
တေ ဇနာ အပိသုဏာထ၊ မဟန္တာ ဝီတသာရဒါ။

(၆) ဟိတံ ဒေဝမနုဿာနံ၊ ယံ နမဿန္တိ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ မဟန္တံ ဝီတသာရဒံ။

(၇) ယတော ဥဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စုဂ္ဂစ္ဆမာနဿ၊ သံဝရီပိ နိရုဇ္ဈတိ။
ယဿ စုဂ္ဂတေ သူရိယေ၊ ဒိဝသောတိ ပဝုစ္စတိ။

(၈) ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

(၉) ဣတော သာ ပုရိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

(၁၀) ဂန္ဓဗ္ဗာနံ အဓိပတိ၊ ဓတရဋ္ဌောတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ဂန္ဓဗ္ဗေဟိ ပုရက္ခတော။

(၁၁) ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

(၁၂) တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

WWW.DHAMMARANSI.COM



(၁၃) နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

(၁၄) ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

(၁၅) ယေန ပေတာ ပဝုစ္စန္တိ၊ ပိသုဏာ ပိဋ္ဌိမံသိကာ။
ပါဏာတိပါတိနော လုဒ္ဒါ၊ စောရာ နေကတိကာ ဇနာ။

(၁၆) ဣတော သာ ဒက္ခိဏာ ဒိသာ၊
ဣတိ နံ အာစိက္ခတိ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊
မဟာရာဇာ ယသဿိ သော။

(၁၇) ကုမ္ဘဏ္ဍာနံ အဓိပတိ၊ ဝိရူဠှော ဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

(၁၈) ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟာဗလာ။

(၁၉) တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

(၂၀) နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

(၂၁) ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

(၂၂) ယတ္ထ စောဂ္ဂစ္ဆတိ သူရိယော၊ အာဒိစ္စော မဏ္ဍလီ မဟာ။
ယဿ စောဂ္ဂစ္ဆမာနဿ၊ ဒိဝသောပိ နိရုဇ္ဈတိ။
ယဿ စောဂ္ဂတေ သူရိယေ၊ သံဝရီတိ ပဝုစ္စတိ။

WWW.DHAMMARANSI.COM



(၂၃) ရဟဒေါပိ တတ္ထ ဂမ္ဘီရော၊ သမုဒ္ဒေါ သရိတောဒကော။
ဧဝံ တံ တတ္ထ ဇာနန္တိ၊ သမုဒ္ဒေါ သရိတောဒကော။

(၂၄) ဣတော သာ ပစ္ဆိမာ ဒိသာ၊ ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿိ သော။

(၂၅) နာဂါနဉ္စ အဓိပတိ၊ ဝိရူပက္ခောတိ နာမသော။
ရမတီ နစ္စဂီတေဟိ၊ နာဂေဟေဝ ပုရက္ခတော။

(၂၆) ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

(၂၇) တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

(၂၈) နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

(၂၉) ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

(၃၀) ယေန ဥတ္တရကုရုဝှော၊ မဟာနေရု သုဒဿနော။
မနုဿာ တတ္ထ ဇာယန္တိ၊ အမမာ အပရိဂ္ဂဟာ။

(၃၁) န တေ ဗီဇံ ပဝပန္တိ၊ နပိ နီယန္တိ နင်္ဂလာ။
အကဋ္ဌပါကိမံ သာလိံ၊ ပရိဘုဉ္ဇန္တိ မာနုသာ။

(၃၂) အကဏံ အထုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ။
တုဏ္ဍိကီရေ ပစိတွာန၊ တတော ဘုဉ္ဇန္တိ ဘောဇနံ။

(၃၃) ဂါဝိံ ဧကခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပသုံ ဧကခုရံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

(၃၄) ဣတ္ထိံ ဝါ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ပုရိသံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

WWW.DHAMMARANSI.COM



(၃၅) ကုမာရိံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။
ကုမာရံ ဝါဟနံ ကတွာ၊ အနုယန္တိ ဒိသောဒိသံ။

(၃၆) တေ ယာနေ အဘိရုဟိတွာ၊
သဗ္ဗာ ဒိသာ အနုပရိယာယန္တိ။
ပစာရာ တဿ ရာဇိနော။

(၃၇) ဟတ္ထိယာနံ အဿယာနံ၊ ဒိဗ္ဗံ ယာနံ ဥပဋ္ဌိတံ။
ပါသာဒါ သိဝိကာ စေဝ၊ မဟာရာဇဿ ယသဿိနော။

(၃၈) တဿ စ နဂရာ အဟု၊
အန္တလိက္ခေ သုမာပိတာ။
အာဋာနာဋာ ကုသိနာဋာ ပရကုသိနာဋာ၊
နာဋသုရိယာ ပရကုသိဋနာဋာ။

(၃၉) ဥတ္တရေန ကသိဝန္တော၊
ဇနောဃမပရေန စ။
နဝနဝုတိယော အမ္ဗရအမ္ဗရဝတိယော၊
အာဋကမန္ဒာ နာမ ရာဇဓာနီ။

ကုဝေရဿ ခေါ ပန မာရိသ မဟာရာဇဿ ဝိသာဏာ နာမ ရာဇဓာနီ၊ တသ္မာ ကုဝေရော မဟာရာဇာ၊ ဝေဿဝဏောတိ ပဝုစ္စတိ။

(၄၀) ပစ္စေသန္တော ပကာသေန္တိ၊
တတောလာ တတ္တလာ တတောတလာ။
ဩဇသိ တေဇသိ တတောဇသီ၊
သူရော ရာဇာ အရိဋ္ဌော နေမိ။

(၄၁) ရဟာဒေါပိ တတ္ထ ဓရဏီ နာမ၊
ယတော မေဃာ ပဝဿန္တိ။
ဝဿာ ယတော ပတာယန္တိ၊
သဘာပိ တတ္ထ သာလဝတီ နာမ။

WWW.DHAMMARANSI.COM



(၄၂) ယတ္ထ ယက္ခာ ပယိရုပါသန္တိ၊ တတ္ထ နိစ္စဖလာ ရုက္ခာ။
နာနာ ဒိဇဂဏာ ယုတာ၊ မယူရကောဉ္စာဘိရုဒါ။
ကောကိလာဒီဟိ ဝဂ္ဂုဟိ။

(၄၃) ဇီဝဉ္ဇီဝကသဒ္ဒေတ္ထ၊ အထော ဩဋ္ဌဝစိတ္တကာ။
ကုက္ကုဋကာ ကုဠီရကာ၊ ဝနေ ပေါက္ခရသာတကာ။

(၄၄) သုကသာဠိကသဒ္ဒေတ္ထ၊ ဒဏ္ဍမာဏဝကာနိ စ။
သောဘတိ သဗ္ဗကာလံ သာ၊ ကုဝေရနဠိနီ သဒါ။

(၄၅) ဣတော သာ ဥတ္တရာ ဒိသာ၊ ဣတိ နံ အာစိက္ခတီ ဇနော။
ယံ ဒိသံ အဘိပါလေတိ၊ မဟာရာဇာ ယသဿီ သော။

(၄၆) ယက္ခာနဉ္စ အဓိပတိ၊ ကုဝေရော ဣတိ နာမသော။
ရမတိ နစ္စဂီတေဟိ၊ ယက္ခေဟိ ပုရက္ခတော။

(၄၇) ပုတ္တာပိ တဿ ဗဟဝေါ၊ ဧကနာမာတိ မေ သုတံ။
အသီတိ ဒသ ဧကော စ၊ ဣန္ဒနာမာ မဟဗ္ဗလာ။

(၄၈) တေ စာပိ ဗုဒ္ဓံ ဒိသွာန၊ ဗုဒ္ဓံ အာဒိစ္စဗန္ဓုနံ။
ဒူရတောဝ နမဿန္တိ၊ မဟန္တံ ဝီတသာရဒံ။

(၄၉) နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
ကုသလေန သမေက္ခသိ၊ အမနုဿာပိ တံ ဝန္ဒန္တိ။
သုတံ နေတံ အဘိဏှသော၊ တသ္မာ ဧဝံ ဝဒေမသေ။

(၅၀) ဇိနံ ဝန္ဒထ ဂေါတမံ၊ ဇိနံ ဝန္ဒာမ ဂေါတမံ။
ဝိဇ္ဇာစရဏသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမ ဂေါတမံ။

(ဤကား အာဋာနာဋိယ ပရိတ်အရံအတားတည်း။)

ဝေဿဝဏ်နတ်မင်းကြီးသည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား .... ဤလျှောက်ဆိုအပ်ပြီးသည်ကား ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့၏ အကာအကွယ် အစောင့်အရှောက် ဖြစ်ခြင်းငှါ ယက္ခနတ်တို့ အညှဉ်းဆဲ မခံရခြင်းငှါ ဣရိယာပထလေးပါး၌ ချမ်းသာစွာ နေထိုင်ကြရခြင်းငှါ အာဋာနာဋိယ ပရိတ်အရံအတား ဖြစ်ပါ

WWW.DHAMMARANSI.COM



သည်။ မြတ်စွာဘုရား····ဤအာဋာနာဋိယ ပရိတ်အရံအတားကို ကောင်းစွာသင်ကြား လေ့လာထားသည့် ရဟန်းယောကျ်ားကို ဖြစ်စေ, ရဟန်းမိန်းမကိုဖြစ်စေ, ဥပါသကာယောကျ်ားကိုဖြစ်စေ, ဥပါသိကာမိန်းမကိုဖြစ်စေ ယက္ခနတ်တဦးဦး ဂန္ဓဗ္ဗနတ်တဦးဦး ကုမ္ဘဏ္ဍာနတ်တဦးဦး နာဂနတ်တဦးဦးသည် နှောက်ယှက် ဖျက်ဆီးလိုသော စိတ်ရှိသည်ဖြစ်၍ ထံပါးကပ်ကာ လိုက်ပါ တည်နေလျှင် ထိုယက္ခနတ်သည် ရွာနိဂုံးတို့၌ အကျွန်ုပ်၏ အခွင့် အရေးဖြစ်သည့် အရိုအသေပြုခြင်း အလေးအမြတ်ပြုခြင်းများကို မရရာ၊ မြတ်စွာဘုရား···· ထိုယက္ခနတ်သည် အကျွန်ုပ်၏ အာဋာကမန္တာမည်သော မင်းနေပြည်၌ ဗိမာန်အိမ်ရာကိုငှင်း, အမြဲနေခြင်းကိုငှင်း မရရာ" —— ဤသို့ အစရှိသည်ဖြင့် ထို နှောက်ယှက်ပူးကပ်သော ယက္ခနတ်၏ အခွင့်အရေးဆုံးရှုံးမှု အစ ရှိသည်ကို လျှောက်ထား၍ မင်း၏ အမိန့်အာဏာကို မနာခံ ဖီဆန်ကုန်သော လူဆိုး သူဆိုးများရှိသကဲ့သို့ စတုမဟာရာဇ် နတ်မင်းကြီးတို့၏ အမိန့်အာဏာကို မနာခံ ဖီဆန်ကုန်သော ယက္ခနတ်ဆိုးများလည်းရှိကြောင်း, အကယ်၍ ထို ယက္ခနတ်ဆိုး များသည် ပရိသတ်လေးပါး (ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမ) မြတ်စွာဘုရား၏ တပည့်သာဝက သာဝိကာတဦးဦးကို ပူးကပ်နှောက်ယှက်ခဲ့လျှင် ဣန္ဒနတ်, သောမနတ်, ဝရုဏနတ်-အစရှိသော နတ်စစ်သူကြီး (၃၈)သုံးကျိပ်ရှစ်ဦးတို့ကို "ဤဘီလူးသည် ဤသူကို ဖမ်းစားပူးဝင် နှိပ်စက်ညှဉ်းဆဲ ဆင်းရဲစေ၏၊ ပင်ပန်းစေ၏၊ ဤဘီလူးသည် မလွှတ်လို" ဟူ၍ တိုင်တန်း ပြောဆိုရန်အကြောင်း လျှောက်ထား ပြီးလျှင် "အရှင်ဘုရား....အကျွန်ုပ်တို့သည် ကိစ္စပြုဖွယ် များကြွယ် သူများဖြစ်ကြပါ၍ ယခုအခါ အကျွန်ုပ်တို့သည် သွားပါကုန်တော့ အံ့" ဟူ၍ လျှောက်ထားခွင့်ပန်လေ၏။ ။ (ဤအာဋာနာဋိယ သုတ် ပရိတ်အရံအတား၏ အနက်မြန်မာနှင့်တကွ ဝေဿဝဏ် နတ်မင်းကြီး၏ နောက်ဆက်တွဲ လျှောက်ထားချက် အကျယ်ကို ပါထိကဝဂ်ပါဠိတော်မြန်မာပြန်၊ စာမျက်နှာ ၁၇၇-မှစ၍ ကြည့်ရှု မှတ်ယူကုန်ရာ၏)။

WWW.DHAMMARANSI.COM



"နတ်မင်းကြီးတို့ ···· ယခုအခါ၌ သွားရန်အချိန်ကို သင်တို့ သိကုန်၏" ဟူ၍ မြတ်စွာဘုရားရှင်က ခွင့်ပြုစကား မိန့်ကြားတော်မူသောအခါ စတုမဟာရာဇ်နတ်မင်းကြီးလေးဦးတို့သည် နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ထိုအရပ်၌ပင် ကွယ်ကြလေကုန်၏၊ အခြံအရံဖြစ်သော ယက္ခနတ်တို့သည်လည်း လာစဉ်ကနည်းတူ အချို့က နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြု၍ ထိုအရပ်၌ပင် ကွယ်ကြလေကုန်၏၊ အချို့က မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ တသက်ပတ်လုံး အောက်မေ့ထိုက်သောစကားကို ပြောကြားပြီးဆုံးစေပြီးလျှင် ထို အရပ်၌ပင် ကွယ်ကြလေကုန်၏၊ အချို့က မြတ်စွာဘုရားရှိတော်မူရာဘက်သို့ လက်အုပ်ချီညွှတ်ပြီးလျှင် ထိုအရပ်၌ပင် ကွယ်ကြလေကုန်၏၊ အချို့က မိမိတို့၏ အမည်အနွယ်များကို ထုတ်ဖော်ပြောဆိုကြကာ ထိုအရပ်၌ပင် ကွယ်ကြလေကုန်၏။ အချို့ကမူ စကားမပြော တုဏှိဘောသာ ထိုအရပ်၌ပင် ကွယ်ကြလေကုန်၏။

နတ်မင်းကြီး လေးဦး လျှောက်ထားခဏ်း ပြီး၏။

---

ရဟန်းတို့အား မြတ်စွာဘုရားရှင်က တဖန်မြန်၍ ဟောကြားတော်မူခြင်း

ထို့နောက် မြတ်စွာဘုရားရှင်သည် ထိုညဉ့်လွန်မြောက် နောက်တနေ့သို့ ရောက်သောအခါ ရဟန်းတို့ကို ယမန်နေ့ညဉ့် ဖြစ်ရပ်အားလုံးကို (ရှေးဖော်ပြရာပါအတိုင်း)မိန့်တော်မူ၍ အာဋာနာဋိယသုတ် ပရိတ်အရံအတားကို ဟောကြားတော်မူပြီးနောက်—

"ရဟန်းတို့ ··· အာဋာနာဋိယ ပရိတ်အရံအတားကို သင်ယူကြကုန်လော့၊ အဖန်ဖန် လေ့လာကြကုန်လော့၊ နှုတ်တက်အာဂုံ ဆောင်ကြကုန်လော့။ ရဟန်းတို့....အာဋာနာဋိယပရိတ်အရံအတားသည် အကျိုးစီးပွါးနှင့် စပ်ယှဉ်၏၊ ရဟန်း ယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား,ဥပါသိကာမိန်းမတို့၏အကာအကွယ်အစောင့် အရှောက်ဖြစ်ခြင်းငှါ ယက္ခနတ်တို့ အညှဉ်းဆဲမခံရခြင်းငှါ

WWW.DHAMMARANSI.COM



ဇာရိယာပထလေးပါး၌ ချမ်းသာစွာ နေထိုင်ကြရခြင်းငှါ ဖြစ်ပေ၏"—

ဟူ၍ တိုက်တွန်းအားပေးစကား မိန့်ကြားတော်မူလေ၏။

**ပရိတ်ရွက်ရန် အစီအမံမှတ်ဖွယ်**

ပရိတ်ရွတ်မည့်ပုဂ္ဂိုလ်သည် သက်ဆိုင်ရာပရိတ်ကို အနက်သဒ္ဒါ ပြည့်စုံစင်ကြယ်စွာ သင်ယူအပ်ပြီး ဖြစ်ရပေမည်၊ ပုဒ်ဗျည်းများကို မယုတ်လျော့စေပဲ အပြည့်အစုံ သင်ယူအပ်ပြီး ဖြစ်ရပေမည်။မှန်၏- အနက်နှင့်ပါဠိကို ချွတ်ယွင်းစေ၍ဖြစ်စေ (သို့မဟုတ်) အလုံးစုံ လေ့လာနိုင်နင်းမှု မရှိမူ၍ဖြစ်စေ ရွတ်ဆိုသောပုဂ္ဂိုလ်၏ ပရိတ်သည် တန်ခိုးအာနုဘော် မကြီးနိုင်ချေ၊ အလုံးစုံ လေ့လာနိုင်နင်းမှုရှိ၍ ရွတ်ဆိုမှသာ တန်ခိုးအာနုဘော် ကြီးမြတ်နိုင်သည်။

လာဘ်ပူဇော်သက္ကာရကို ရယူလိုမှုကြောင့် သင်ယူ၍ရွတ်သော ပုဂ္ဂိုလ်၏ ပရိတ်သည်လည်း လိုအပ်သောအကျိုးကို မပြီးစေနိုင်၊ သံသရာဝဋ်မှ ကျွတ်လွတ်လိုမှုကို အဓိကထား၍ မေတ္တာတရား ရှေ့သွားပြုကာ ရွတ်ဆိုမှသာလျှင် လိုအပ်သောအကျိုးကို ပြီးစေနိုင်၏။ ။(ပါထိကဝဂ္ဂအဋ္ဌကထာ၊ မျက်နှာ ၁၅၀-မှ)။

ပရိတ်ရွတ်ဆိုသောပုဂ္ဂိုလ်သည် အလျင်လက်ဦး အာဋာနာဋိယသုတ်ကို မရွတ်ဆိုရ၊ မေတ္တသုတ်, ဓဇဂ္ဂသုတ်, ရတနသုတ်-ဤသုတ်များကို ရှေးဦးစွာ ခုနစ်ရက်ပတ်လုံး ရွတ်ဆိုရာ၏၊ ထိုသို့ ရွတ်သဖြင့် ပူးကပ်နေသော ယက္ခနတ်တို့ လွတ်လျှင်လည်း ကောင်းပေ၏၊ မလွတ်မှသာလျှင် အာဋာနာဋိယသုတ်ကို ရွတ်ဆိုရာ၏။

အာဋာနာဋိယသုတ်ကို ရွတ်ဆိုသောရဟန်းသည် မုံ့ညက်ဖြင့် ပြုလုပ်အပ်သောမုံ့များ အသားများ ငါးဟင်းစသော အညှီအဟောက်များကို မစားရာ၊ သုသာန်၌ မနေရာ၊ အကြောင်းကား ထိုအစာ ထိုဌာနများမှာ ယက္ခနတ်တို့ (=ဘီလူးတို့) နှစ်သက်အပ်သောအစာ နှစ်သက်အပ်သော နေရာဖြစ်ခြင်းကြောင့် ထို

WWW.DHAMMARANSI.COM



ယက္ခနတ်(=ဘီလူး)တို့ ပူးဝင်နိုင်ခွင့် အလွယ်တကူနှင့် ရယူနိုင်သောကြောင့်ဖြစ်သည်။

ပရိတ်ရွတ်မည့်နေရာကို နွားချေးအစိုဖြင့်လိမ်းကျံ၍ ထိုနေရာ၌ သန့်ရှင်းစင်ကြယ်သော. ထိုင်စရာ(နေရာထိုင်)ကို ခင်းစေပြီးမှ ပရိတ်ရွတ်မည့်ရဟန်း ထိုင်နေရာ၏၊ ထိုပရိတ်ရွတ်မည့် ရဟန်းကလည်း စင်ကြယ်သောပုဂ္ဂိုလ် ဖြစ်ရပေမည်။

ပရိတ်ရွတ်မည့်ရဟန်းကို ကျောင်းမှ အိမ်သို့ ပင့်ဆောင်သူတို့သည် ဒိုင်း ကာ လက်နက်တို့ဖြင့် ဝန်းရံ၍ပင့်ဆောင်ရာ၏။ ဟင်းလင်းအပြင် လွင်တီးခေါင်၌ထိုင်၍ ပရိတ်ကို မရွတ်ရာ၊ တံခါးမ လေသာတံခါးတို့ကို ပိတ်၍ အိမ်တွင်း၌ထိုင်နေကာ အတွင်းအပြင် အစောင့်အရှောက် ဖြစ်စိမ့်သော၄ါ လက်နက်စွဲသောသူများ ဝန်းခြံကာ မေတ္တာစိတ်ကို ရှေ့သွားပြု၍ ရွတ်ဆိုရာ၏၊ ဤကဲ့သို့ လက်နက်စွဲသူတို့ ဝန်းခြံခြင်းတည်းဟူသော အပြင်အပ အစောင့်အနေ,မေတ္တာစိတ်ကို ရှေ့သွားပြုခြင်း တည်းဟူသော အတွင်းအစောင့်အနေများကို စီမံပြီး ရွတ်ဆိုမှသာလျှင် ယက္ခနတ် (=ဘီလူး)တို့ ပရိတ်ရွတ်ဆိုမှု၏ အန္တရာယ်ကို မပြုနိုင်ကြပဲရှိမည်။

ရှေးဦးစွာ သူနာကို သိက္ခာပုဒ်များကို ဆောက်တည်စေ၍ သီလ၌ တည်သောသူနာအား ပရိတ်ရွတ်ဆိုမှု အရံအတားကို ပြုရာ၏။ (ဤအစီအမံအတိုင်း ပရိတ်အရံအတား ပြုလုပ်လျှင် ယက္ခနတ်(=ဘီလူး)တို့ ပူးကပ်မှု ငြိမ်းအေးနိုင်ပေ၏)။

ဤနည်းဖြင့် ယက္ခနတ်(=ဘီလူး)တို့ ပူးကပ်မှု မငြိမ်းခဲ့သော် သူနာကိုကျောင်းတိုက်သို့ ယူဆောင်၍ စေတီယင်ပြင်၌ ချောင်းစက်စေလျက် မြတ်စွာဘုရားအား နေရာတော်ဖြင့် ပူဇော်မှုပြုလုပ်စေပြီးလျှင် ဆီမီးတို့ကို ညှိထွန်း၍ စေတီယင်ပြင်တော်ကို တံမြက်လှည်းပြီးနောက် ရှေးဦးအစီအမံအနေဖြင့် မင်္ဂလာဂါထာများကို ရွတ်ဆိုရမည်၊ ထိုကျောင်းတိုက် (သို့မဟုတ် ထိုဂါမခေတ်)၌ နေထိုင်ကြသည့် ရဟန်းအားလုံးတို့ စည်းဝေးဘို့ရန်"စေတီတော်ယင်ပြင်၌ ရဟန်းတော်အားလုံးတို့ စည်းဝေးကြရမည်"ဟု ကြွေး

WWW.DHAMMARANSI.COM



ကြော်ရာ၏။ ကျောင်းတိုက်၏အနီးဖြစ်သော တောအုပ်အတွင်း၌ တောစိုးသစ်ပင် ( = နတ်ရဲသစ်ပင်)ဟူ၍ ရှိလေသည်၊ ထိုတော စိုးသစ်ပင်(=နတ်ရဲသစ်ပင်)၌"အသင်နတ်ဘီလူးတို့၏လာရောက် ခြင်းကို ရဟန်းသံဃာသည် တောင့်တလင့်ဆို အလိုရှိ၏"ဟူ၍ တမန်လွှတ်ကာ ပြောကြားရာ၏။ ရဟန်းအားလုံး စည်းဝေးရာ အရပ်၌ ပူးဝင်သောနတ်ဘီလူးသည် မြတ်စွာဘုရားရှင်နှင့် စတု- မဟာရာဇ်နတ်မင်းကြီးတို့၏ အာဏာကို ကြောက်ရွံ့သဖြင့် မလာ ရောက်ပဲ မနေနိုင်။

ထိုနောင်မှ ဘီလူးဖမ်းသောသူနာကို "သင်သည် အဘယ် အမည်ရှိသူနည်း"ဟု မေးရာ၏။ (ဤ၌ ဘီလူးဖမ်းစားအပ်သော သူနာကို ဦးတည်သဖြင့် ဖမ်းစားတတ်သူ နတ်ဘီလူးကိုပင် မေး အပ်သည်ဖြစ်လေသည်)။ ဖမ်းစားသူနတ်ဘီလူးက မိမိအမည်ကို ထုတ်ဖော်ပြောကြားလျှင် ထိုအမည်ဖြင့်ပင် ရဟန်းတို့က ဤဆို လတ္တံ့သောအတိုင်း ပြောဆိုရမည်—

> "အမောင် × × မည်သော နတ်ဘီလူး ‥ ပန်းနံ့သာ စသည် ပူဇော်ရသော ကောင်းမှု, နေရာတော် ပူဇော် ရသောကောင်းမှု, ဆွမ်းလှူရသော ကောင်းမှုကုသိုလ်များ ၏ အဖို့ဘာဂကို အမောင့်အား အမျှပေးဝေပါ၏၊ ရဟန်း သံဃာတော်သည် အမောင့်အတွက် လက်ဆောင်ပဏ္ဏာ ဖြစ်ပါစေခြင်းငှါ မဟာမင်္ဂလာ ဂါထာများကို ရွတ်ဆို ဟောကြားအပ်ပါကုန်ပြီ၊ ရဟန်းသံဃာတော်၌ ရိုသေ လေးစားသောအားဖြင့် ဤ သူနာကို အမောင်သည် လွှတ်လော့"—

ဟူ၍ မေတ္တာစကားပြောကြားကာ လွှတ်စေရာ၏၊ ဤကဲ့သို့ မေတ္တာ စကား ပြောကြား၍မှ မလွှတ်ခဲ့သော် ဇုန္ဒနတ်,သောမနတ်,ဝရုဏ နတ်-အစရှိသော နတ်စစ်သူကြီး (၃၈) သုံးကျိပ်ရှစ်ဦးတို့အား "အသင်နတ်စစ်သူကြီးများ အသိပင်ဖြစ်ကြပါသည်၊ ဤဘီလူးသည် ငါတို့၏ မေတ္တာရှေ့ထား ပြောကြားချက်ကို မလိုက်နာပေ၊ ငါတို့ သည် မြတ်စွာဘုရားရှင်၏ အာဏာတော်အတိုင်း ပြုလုပ်ကြရပါ

WWW.DHAMMARANSI.COM



တော့မည်”ဟု တိုင်ကြားပြောဆိုပြီးလျှင် ဤအာဋာနာဋိယသုတ် ပရိတ်အရံအတား ရွတ်ဆိုမှုကို ပြုရာ၏။ ။(ဤကား လူ၀တ်ကြောင် သူနာများအတွက် အစီအမံဖြစ်သည်)။

ရဟန်းဖြစ်သောသူနာကို ဘီလူးပူးကပ်လျှင် နေရာများကို ဆေးကြောသုတ်သင်၍ ရဟန်းအားလုံးစည်းဝေးရန် ကြွေးကြော်စေလျက် နံ့သာပန်းစသည် ပူဇော်ရသော ကောင်းမှုအဖို့ဘာဂကို အမျှပေးဝေပြီးလျှင် (အမျှပေးမေတ္တာရပ်၍ မရမှ) အာဋာနာဋိယပရိတ်ကို ရွတ်ဆိုရာ၏။ ။(ဤကား ရဟန်းသူနာအတွက် အစီအမံဖြစ်သည်)။

---

## သက္ကပဥှသုတ်ကို ဟောတော်မူခြင်း

**အခါ**တပါး၌ မြတ်စွာဘုရားရှင်သည် မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့မျက်နှာ အမ္ဗသဏ္ဍာမည်သော ပုဏ္ဏားရွာ၏မြောက်အရပ်ဝယ် ဝေဒိယက တောင်ယံ နံ့ပဲပင်ပေါက်ရောက်ရာ “ဣန္ဒသာလ”မည်သော လိုဏ်ဂူ၌ သီတင်းသုံး နေထိုင်တော်မူ၏။

(သရက်ပင်စဉ် ဥယျာဉ်အနီး၌ တည်သောရွာ ဖြစ်သောကြောင့် ထိုပုဏ္ဏားရွာ၏ အမည်သည် အမ္ဗသဏ္ဍာမည်တွင်လေသည်။ တောင်ခြေကိုပတ်လျက် နီလာပွတ်လုံးများပမာ အစီအရီ ပေါက်ရောက်သည့် သစ်ပင်အပေါင်း တောအရေးဖြင့် ဝန်းရံအပ်သောကြောင့် ထိုတောင်၏ အမည်သည် ဝေဒိယက မည်တွင်လေသည်။

ဂူ (နှင့်) လိုဏ်အထူးမှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော တောင်ခေါင်းမျိုးကို ပါဠိလို ဂုဟာ(မြန်မာလို ဂူ)ဟု ခေါ်၍ ထိုတောင်ခေါင်းကို အင်းကတေ, အုတ်, ကျောက်, အသားတို့ဖြင့် နံရံတံခါးပေါက် ပန်းပြောက်စသည် ခြယ်လှယ်မွမ်းမံပြုပြင်အပ်သည်ကို ပါဠိလို လေဏ (မြန်မာလို လိုဏ်)ဟု ခေါ်ဆိုလေသည်။

ယခု မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူသော လိုဏ်မှာ (လိုဏ်မပြုမီ) ရှေးအခါက တောင်နှစ်လုံးတို့၏အကြားဝယ် အလိုလို သယံဇာတဖြစ်ပေါ်နေသော တောင်ခေါင်း ဂူဖြစ်သည့်ပြင် ထိုဂူ၏ အဝဝယ် နံ့ပဲပင်လည်း ပေါက်ရောက်နေသောကြောင့် ပါဠိလို ဣန္ဒသာလဂုဟာ (မြန်မာလို ဣန္ဒသာလဂူ)ဟူ၍ မည်တွင်လေသည်။ နောက်အခါမှာမှ

WWW.DHAMMARANSI.COM



ဒကာ ဒကာမတို့က ထိုဂူကို အုတ်, ကျောက်, အင်းကတေ, သစ်သားတို့ဖြင့် နံရံပတ်လည် တက်ကာ ဝင်တံခါး လေသောက်တံခါးများ တပ်ဆင်ကြလျက် အင်းကတေခြုံးပန်း နွယ်ပန်းများ အဆန်းတကြယ် ပြုလုပ်ကြပြီးလျှင်(လိုဏ်ပြုလုပ်ကြပြီးလျှင်) မြတ်စွာဘုရားရှင်အား လှူဒါန်းကြလေသည်။ သို့ရကား မြတ်စွာဘုရားရှင် ယခုသီတင်းသုံးနေထိုင်တော်မူသောအချိန်မှာ လိုဏ်ကြီးဖြစ်နေ၍ ဣန္ဒသာလလိုဏ် (ဣန္ဒသာလလေဏ)ဟု ခေါ်ဆိုသင့်သော်လည်း ရှေးအမည်ဖြင့်ပင် ဣန္ဒသာလဂူ (ဣန္ဒသာလဂုဟာ)ဟူ၍သာ လူအများ အသိအမှတ် ပြုလေသည်)။

## သိကြားမင်းအား သေအံ့သော ပုဗ္ဗနိမိတ်ငါးပါး ထင်ရှားဖြစ်ပေါ်ခြင်း

ထိုသို့ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဒိယကတောင်ယံနံ့ပဲပင်ပေါက်ရောက်ရာ ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေထိုင်တော်မူသောအခါ သိကြားမင်း၏ အသက်တမ်း ကုန်ခါနီးပြီဖြစ်ရကား (၁-ပန်းများညှိုးခြင်း၊ ၂-အဝတ်များ ညစ်နွမ်းခြင်း၊ ၃-သက်ကတီး (ချိုင်း)ကြား တို့မှ ချွေးယိုထွက်ခြင်း၊ ၄-ရုပ်ရည်အဆင်း ဖောက်ပြန်ခြင်း = အရုပ်ဆိုးခြင်း၊ ၅-မိမိနေရာ၌ မမွေ့လျော်ခြင်းတည်းဟူသော) သေအံ့သော ပုဗ္ဗနိမိတ် ငါးပါးတို့ကို မြင်၍ "ယခုအခါ ငါ၏အသက်တမ်းကား ကုန်ခဲ့လေပြီ"ဟု ကောင်းစွာဆင်ခြင် သိမြင်လေ၏။

သေနိမိတ်ငါးပါး ထင်ရှားဖြစ်ပေါ်လာသောအခါ အားနည်းသော ကုသိုလ်ကံကြောင့် နတ်ပြည်၌ဖြစ်ကြသော နတ်တို့သည် "ယခုအခါ ငါတို့သည် အဘယ်ဘုံဘဝ၌ ဖြစ်ကြမှာပါလိမ့်"ဟု အောက်မေ့ ဆင်ခြင်ကာ ကြောက်ရွံ့ကြ ထိတ်လန့်ကြကုန်၏၊ အားကြီးသော ကုသိုလ်ကံ များမြတ်သော ကုသိုလ်ကံကြောင့် နတ်ပြည်၌ ဖြစ်ကြသောနတ်တို့သည် မိမိတို့လှူဒါန်းခဲ့သော အလှူဒါန, စောင့်သုံးခဲ့သောသီလ, ပွါးများခဲ့သော ဘာဝနာ ကောင်းမှုကုသိုလ်ကံကို အစွဲပြုကာ "ငါတို့သည် ယခုအခါ အထက်နတ်ပြည်၌ စည်းစိမ်ကို ခံစားကြရကုန်တော့အံ့"ဟု အောက်မေ့ဆင်ခြင်ကြလျက် မကြောက်ရွံ့ကြ မထိတ်လန့်ကြကုန်။

WWW.DHAMMARANSI.COM



သိကြားနတ်မင်းသည်ကား ရှေးဖော်ပြခဲ့ရာပါ မိမိသေအံ့သော ပုဗ္ဗနိမိတ်ငါးပါးကို တွေ့မြင်ရသောအခါ ယူဇနာ တသောင်း ကျယ်ဝန်းသော တာဝတိံသာနတ်ပြည်, ယူဇနာတထောင် မြင့်သော ဝေဇယန္တာနန်းပြာသာဒ်, ယူဇနာသုံးရာကျယ်ဝန်းသော သုဓမ္မာနတ်သဘင် = နတ်ဓမ္မာရုံကြီး, ယူဇနာ တရာမြင့်သော ပင်လယ်နတ်ကသစ်ပင်, အလျားယူဇနာခြောက်ဆယ် အနံယူဇနာ ငါးဆယ် အထုယူဇနာ တဆယ့်ငါးရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ,နှစ်ကုဋေငါးသန်း အရေအတွက်ရှိသော ကခြေသည် နတ်သမီးများ, စတုမဟာရာဇ် တာဝတိံသာနတ်ပြည်နှစ်ထပ်၌ရှိသော မိမိ၏အခြွေအရံ နတ်ပရိသတ်ကြီး, နန္ဒဝန်ဥယျာဉ်, စိတ္တလတာဥယျာဉ်, မိဿကဥယျာဉ်, ဖာရုသကဥယျာဉ်တည်းဟူသော နတ်ဥယျာဉ်ကြီးများ ဤသို့သောသိကြားစည်းစိမ်အားလုံးကိုကြည့်ရှုကာ "အိုး….ငါ၏ ကြီးကျယ်ခမ်းနားသော ဤသိကြားစည်းစိမ်ကြီးကား ပျက်စီးခြင်းမလှ ပျက်စီးရတော့မည်တကား" ဟု စိုးရိမ်ပူဆွေး သေရအံ့သောဘေးမှ ကြောက်သွေးမွှန်လျက် ရှိချေ၏။

ထိုနောင်မှ သိကြားမင်းသည် "ငါ၏နှလုံး၌ စူးဝင်နေသော ဤသောကမြှားငြောင့်ကို နုတ်ပယ်၍ ဤနတ်စည်းစိမ်ကို မြဲမြဲခိုင်ကျည် တည်အောင်ပြုနိုင်မည့် တစုံတယောက်သော သာသနာပြင်ပ ရဟန်း,ပုဏ္ဏား,ဗြဟ္မာများရှိလေသလား" ဟု စဉ်းစားကြည့်ရှုလေသော် တဦးတယောက်ကိုမျှ မတွေ့မမြင်ရပဲ တဖန်ဆက်၍ စဉ်းစားဆင်ခြင်လေလျှင် "မြတ်စွာဘုရားရှင်သည် ငါကဲ့သို့သော သိကြားနတ်မင်းအသိန်းတို့၏ သန္တာန်၌ ဖြစ်ပွါးသည့် သောကမြှားငြောင့်ကို နုတ်ပယ်တော်မူခြင်းငှါ စွမ်းနိုင်ပါပေ၏" ဟု မြတ်စွာဘုရားရှင်ကို မြင်လေ၏။ ထိုသို့ စဉ်းစားဆင်ခြင် မြတ်စွာဘုရားရှင်ကို မြင်သောအခါ သိကြားမင်း၏ စိတ်သန္တာန်ဝယ် မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန် ထက်သန်သောအလိုဆန္ဒ ပြင်းပြစွာ ဖြစ်ရှိလေ၏။

ထိုအခါ သိကြားမင်းသည် "ယခုအခါ မြတ်စွာဘုရားသည် အဘယ်အရပ်၌ သီတင်းသုံး နေထိုင်တော်မူသနည်း" ဟု ကြည့်ရှု

WWW.DHAMMARANSI.COM



ဆင်ခြင်လတ်သော် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်ယံ နံ့ပဲပင် ပေါက်ရောက်ရာ ဇုန္နသာလလိုဏ်ဂူ၌ မြတ်စွာဘုရား သီတင်းသုံး နေတိုင်တော်မူသည်ကို ကောင်းစွာသိမြင်၍ တာဝတိံသာနတ်တို့ ကို "အချင်းနတ်အပေါင်းတို့...မြတ်စွာဘုရားသည် ယခုအခါ ရာဇ ဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းယံ နံ့ပဲပင်ပေါက်ရောက်ရာ ဇုန္နသာလ လိုဏ်ဂူ၌ သီတင်းသုံး နေထိုင်တော်မူလျက်ရှိ၏၊ အချင်းနတ် အပေါင်းတို့.... ငါတို့သည် ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်း ကပ်ကြရမှု ကောင်းလေစွ" ဟု ပြောဆိုလေလျှင် တာဝတိံသာ နတ်တို့သည် "ကောင်းပါပြီ အရှင်သိကြားမင်း"...ဟု ဝန်ခံစကား ပြောကြားကြလေ၏။

(ဤ၌။ ။သိကြားမင်းသည် ရှေးလွန်ခဲ့သော နှစ်ရက် သုံးရက် ခန့်က မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတိုက်အတွင်း ထင်းရှူးဂန္ဓ ကုဋိကျောင်း (ကောသလမင်းကြီး၏ ကောင်းမှုကျောင်း)၌ သီတင်း သုံးနေထိုင်တော်မူစဉ် အခြားသော နတ်ပရိသတ်မပါပဲ မိမိ၏ အခြံအရံ မာတလိနတ်သား စသည်တို့နှင့်အတူတကွ မြတ်စွာဘုရားရှင်ကို ဖူးမြော် ရန် သွားရောက်ခဲ့လေသည်၊ မြတ်စွာဘုရားရှင်သည် "ယခုအခါသိကြား မင်း၏ ဉာဏ်ကား မရင့်သန်သေး၊ နှစ်ရက် သုံးရက် လွန်မြောက်မှ ငါ ဘုရား ဣန္ဒသာလဂူ၌နေစဉ် ပုဗ္ဗနိမိတ်ငါးမျိုးတို့ကို မြင်၍ သေရမည့် ဘေးမှ ကြောက်လန့်ကာ စတုမဟာရာဇ်, တာဝတိံသာ နတ်ပြည်နှစ် ဘုံ၌ရှိကြသော နတ်တို့နှင့် အတူတကွ ငါဘုရားထံသို့ ချဉ်းကပ်၍ ပြဿ နာ (၁၄)တဆယ့်လေးရပ်တို့ကို မေးမြန်းလိမ့်မည်၊ ထိုအခါ ဥပေက္ခာ ဝေဒနာနှင့် စပ်သော ပြဿနာကို ဖြေဆိုပြီးသောအဆုံး၌ ဤသိကြား မင်းသည် နတ်ပေါင်း (၈၀၀၀၀) ရှစ်သောင်းတို့နှင့် အတူတကွ သော- တာပတ္တိဖိုလ်၌တည်ပေလိမ့်မည်" ဟု ဆင်ခြင်စဉ်းစား သိရှိတော်မူသော ကြောင့် သိကြားမင်း ဖူးမြော်ခွင့်မရရှိအောင် ဖလသမာပတ်ချမ်းသာ ဖြင့်သာ နေတော်မူခဲ့လေသည်။

ယခုအကြိမ်၌ကား သိကြားမင်းသည် "ရှေးလွန်ခဲ့သောသုံးရက်က နတ်ပရိသတ်မပါရှိပဲ ငါတဦးတည်း ဘုရားဖူးသွားရောက်ခဲ့ခြင်းကြောင့် ငါ့အား မြတ်စွာဘုရားသည် ဖူးမြော်ခွင့်ကို မပြုအပ်ခဲ့ချေ၊ ကေန္တပင် ငါ့အဖို့ရာ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု=ဥပနိဿယရှိမည်မထင်။ တဦးတယောက်သောသူအား မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု=ဥပ- နိဿယရှိလျှင်ကား မြတ်စွာဘုရားသည် စကြဝဠာ အဆုံးတိုင်ရှိသော

WWW.DHAMMARANSI.COM



ပရိသတ်အား တရားဟောတော်မူမြဲ ဖြစ်ချေသည်၊ ကေန္တပင် နတ်နှစ်ပြည်မှ နတ်အများ ခေါ်၍ သွားရလျှင် ထိုနတ်များအနက်မှ တဦးတယောက်အား မဂ်ဖိုလ်ရကြောင်း ရေးကောင်းမှု=ဥပနိဿယ ရှိပေလိမ့်မည်၊ ထိုဥပနိဿယရှိသောနတ်ကို ရည်၍ မြတ်စွာဘုရားသည် တရားဟောတော်မူလိမ့်မည်၊ ထိုတရားကို ကြားနာရလျှင် ငါသည်လည်း မိမိ၏ နှလုံးမသာယာမှုကို ငြိမ်းစေနိုင်ပေလိမ့်မည်ဟု ကြံစည်ဆင်ခြင်၍ တာဝတိံသာ နတ်တို့ကို အဖော်သဟဲဖြစ်ဖို့ရန် ဤကဲ့သို့ ခေါ်ဝေါ် ပြောဆိုလေသည်-ဟု အထူးမှတ်ယူရာ၏။ ။အဋ္ဌကထာမှ)။

ထိုနောင်မှ သိကြားမင်းသည် "စတုမဟာရာဇ်, တာဝတိံသာ နတ်နှစ်ရွာ၌ ရှိကြသော နတ်တို့ကို ခေါ်ဆောင်၍ ရထားဦးဖြင့် ပုတ်ခတ်သကဲ့သို့ ငါ့အဖို့ရာ မြတ်စွာဘုရားရှင်ကို ဆည်းကပ်ရန် မသင့်လျော်ချေ၊ ဤပဉ္စသိခနတ်သားကား မြတ်စွာဘုရားရှင်၏ အလုပ်အကျွေး နတ်သားဖြစ်သည့်ပြင် အကျွမ်းဝင်သူလည်းဖြစ်၍ သူအလိုရှိတိုင်း အလိုရှိတိုင်းသောခဏမှာပင် မြတ်စွာဘုရားထံသို့ သွားရောက်၍ ပြဿနာမေးလျှောက်ကာ တရားနာနေကျဖြစ်သည်၊ ဤပဉ္စသိခနတ်သားကို အလျင်လက်ဦး စေလွှတ်၍ ဖူးမြော်ခွင့်ရအောင် ဆောင်ရွက်စေပြီးလျှင် ဤပဉ္စသိခနတ်သား မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရအောင် ရွက်ဆောင်ပြုလုပ်ပြီးသောအခါမှ ငါသည် မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်၍ ပြဿနာကိုမေးလျှောက်ပေအံ့" ဟု ကြံစည်စဉ်းစားပြီးလျှင် ဘုရားဖူးခွင့်ရအောင် ပြုလုပ်ရန် ပဉ္စသိခ နတ်သားကို "အမောင်ပဉ္စသိခ···· ယခုအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဒိယကတောင်ယံ နံ့ဝဲပင် ပေါက်ရောက်ရာ ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေထိုင်တော်မူလျက်ရှိ၏၊ အမောင်ပဉ္စသိခ····ငါတို့သည် ထိုမြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ကြရမူ ကောင်းလေစွ" ဟု ပြောဆိုလေလျှင် ပဉ္စသိခ ဂန္ဓဗ္ဗနတ်သားသည် "ကောင်းပါပြီ အရှင်သိကြားမင်း...." ဟု ဝန်ခံစကား ပြောကြား၍ ဗေလုဝပဏ္ဍု-မည်သော နတ်စောင်းကို ပိုက်ယူကာ သာယာလေးတွဲ့စွာ တီးခတ်သီဆိုလျက် အခြားနတ်တို့ကိုလည်း သိကြားနတ်မင်း သွားအံ့သောအချိန်ကို သိစေကာ သိကြားမင်း၏ အနီး၌ ရပ်တည်လေ၏။

WWW.DHAMMARANSI.COM



ထိုသို့ ပဉ္စသိခနတ်သား၏ စောင်းသံ သီချင်းသံဖြင့် နတ်အများ စုဝေးပြီးသောအခါ သိကြားနတ်မင်းသည် တာဝတိံသာနတ်တို့ ခြံရံအပ်လျက် ပဉ္စသိခဂန္ဓဗ္ဗနတ်သားကို ရှေ့ဆောင်ပြု၍ ခွန်အားကြီးသော ယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ငှင်း, ဆန့်သောလက်ကို ကွေးသကဲ့သို့ငှင်း ဤအတူပင် တာဝတိံသာနတ်ပြည်မှ ကွယ်ခဲ့၍ မဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အရှေ့အရပ်ရှိ အမ္ဗသဏ္ဍာမည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယက တောင်၌ ထင်ရှားပေါ်လာလေ၏။

ထိုစဉ်အခါ ဝေဒိယကတောင်နှင့် အမ္ဗသဏ္ဍာ ပုဏ္ဏားရွာသည် နတ်တို့၏ အရောင်ဖြင့် တပြောင်ပြောင် တောက်ပလျက်ရှိ၏၊ သို့ရကား ထက်ဝန်းကျင်ရွာတို့၌ နေကုန်သောလူတို့သည် "ယနေ့ ဝေဒိယကတောင်သည် တောက်လှချည့်တကား၊ ယနေ့ ဝေဒိယကတောင်သည် လောင်စလိလိ ရှိလှချည့်တကား၊ ယနေ့ ဝေဒိယက တောင်နှင့် အမ္ဗသဏ္ဍာပုဏ္ဏားရွာသည် အဘယ့်ကြောင့် အလွန့်အလွန် တောက်ပြောင်ပါဘိသနည်း" ဟု ပြောဆိုကုန်လျက် ထိတ်လန့်ကြ ကြက်သီးမွေးညှင်း တဖျဉ်းဖျဉ်းထလျက် ရှိကြကုန်၏။

(လူများ ပကတိ ညစာစားပြီးစအချိန် ရွာအလယ်၌ ကလေးများ ကစားနေကြစဉ် သိကြားမင်းသည် ဝေဒိယကတောင်သို့ ရောက်ရှိလေသည်၊ ထို့ကြောင့် လူအများ မြင်ကြ၍ ရှေး၌ ဆိုအပ်ခဲ့သည့်အတိုင်း ပြောဆိုကြလေသည်။ ။နတ်ဗြဟ္မာတို့သည် သန်းခေါင်ယံ၌ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်ကြမြဲဓမ္မတာ ဖြစ်သော်လည်း သိကြားနတ်မင်းသည် သေဘေးမှ ထိတ်လန့်ကြောက်ရွံ့လှသောကြောင့် ပဌမယံ=ညဉ့်ဦးယံ၏ ရှေ့ပိုင်းအချိန်မှာပင် လာရောက်ခြင်းဖြစ်လေသည်)။

ထိုအခါ သိကြားနတ်မင်းသည် ပဉ္စသိခနတ်သားကို "အမောင် ပဉ္စသိခ.... မြတ်စွာဘုရားတို့သည် ဈာန်ဝင်စားလေ့ရှိတော်မူကုန်၏၊ ဈာန်၌ မွေ့လျော်တော်မူကုန်၏၊ ထိုအခိုက် = ထိုအချိန်၌ တပါးတည်း ကိန်းအောင်းတော်မူကုန်၏၊ (သို့ရကား) ငါကဲ့သို့သော လောဘ ဒေါသ မောဟမကင်းသူသည် ချဉ်းကပ်ရန်

WWW.DHAMMARANSI.COM



မလွယ်ကူလှချေ၊ အမောင်ပဉ္စသိခ...သင်သည် မြတ်စွာဘုရားကို ရှေးဦးစွာ ခွင့်ပန်ပါလော့၊ အမောင်ခွင့်ပန်အပ်ပြီးသည့်နောက်မှ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်ရပါမူ ကောင်းလေစွ"ဟု ပြောဆိုလေလျှင် ပဉ္စသိခ နတ်သားသည် "ကောင်းပါပြီ အရှင်သိကြားမင်း····"ဟု ဝန်ခံစကား ပြောကြား၍ ရှေးခရီးသွားစဉ်က ပခုံး၌ လွယ်အပ်သော ဗေလုဝပဏ္ဍု နတ်စောင်းကို တီးခတ်ရန် လက်ဝဲလက်၌ထား၍ကာ ယူဆောင်၍ ဣန္ဒသာလလိုဏ်ဂူရှိရာသို့ ချဉ်းကပ်ပြီးလျှင် "ဤမျှလောက်ဆိုက မြတ်စွာဘုရားသည် ငါနှင့် မဝေးလွန်း မနီးလွန်းဖြစ်၍ ငါ၏ စောင်းသံကိုလည်း ကြားတော်မူလိမ့်မည်"ဟု နှလုံးသွင်းကာ တခုသောနေရာ၌ ရပ်တည်လေ၏။

### ပဉ္စသိခနတ်သား၏ စောင်းချင်းဂါထာများ

ယင်းသို့ ရပ်တည်ပြီးသော် ပဉ္စသိခနတ်သားသည် ဗေလုဝ- ပဏ္ဍုနတ်စောင်းကို တီးလေ၏၊ ဘုရားနှင့်စပ်သော, တရားနှင့်စပ် သော, သံဃာနှင့်စပ်သော, ရဟန္တာနှင့်စပ်သော, ကာမဂုဏ်နှင့် စပ်သော ဤ(ဆိုလတ္တံ့သော)ဂါထာတို့ကိုလည်း သီဆိုလေ၏—

(မှတ်ချက်။ ။ဤပဉ္စသိခစောင်းချင်း ဂါထာများအနက်ကို(၁) နရိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု (၂)နရိန္ဒာဘိသိရိသဒ္ဓမ္မ ဇောတိပါလဓဇမဟာဓမ္မရာဇာဓိရာဇဂုရု (မင်းတုန်းမင်းတရား လှူ ဒါန်းသည့် တံဆိပ်တော် ၂-ရပ်နှင့်) ၃-နရိန္ဒာဘိဓဇအတုလဓိပတိသိရိ- ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု(သီပေါမင်းတရား လှူဒါန်းသည့် တံဆိပ် တော်) ဤတံဆိပ်တော်သုံးထပ်ရ ပဉ္စမသံဂါယနာအမှူး ဖြစ်တော်မူ သော ဆီးဘန်နီဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သည့်အတိုင်း ကဝိမဏ္ဍနမေဒနီကျမ်းမှ ထုတ်ဆောင်၍ ဤကျမ်း၌ ဖော်ပြအပ်ပေ သည်)။

(၁) ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊ တိမ္ဗရုံ သူရိယဝစ္ဆသေ။
ယေန ဇာတာသိ ကလျာဏီ၊ အာနန္ဒဇနနီ မမ။

သူရိယဝစ္ဆသေ = နေလုလင်ဝင်း တက်သစ်ဆင်းနှင့် မယွင်း ထပ်တူ ကိုယ်ရောင်ယူသော။ ဘဒ္ဒေ = အိုအရှင်မ ···။ ယေန

WWW.DHAMMARANSI.COM



တိမ္ဗရုဒေဝရာဇေန = အကြင်တိမ္ဗရုအမည်ရှိသော ခမည်းတော် နတ်မင်းကြောင့်။ တွံ = သင်ချစ်နှမသည်။ ကလျာဏီ = နှာရှ, မံသ, သရ, အဋ္ဌိ, ပရိမဏ္ဍလ = ငါးဝကလျာ ကိုယ်အင်္ဂါနှင့် ပြည့်စုံသည်။ ဟုတွာ = ဖြစ်၍။ ဇာတာ = ဖြစ်လာသည်။ အသိ = ထင်ရှား၏။ မမ = ဝါးမှည့်ရောင်ထင် ငါစောင်းရှင်၏။ အာနန္ဒဇနနီ = နှစ်သက်ကြင်ကျွမ်း ပိုက်ယမ်းပွေ့ဖက် နွဲ့ယှက်ခင်မွတ်ခြင်းကိုဖြစ်စေတတ်သည်လည်း။ အသိ = ဖြစ်ပေတမှုံ။ တေ = ရှင်မ သူရိယဝစ္ဆသာ၏။ ပိတရံ = ခမည်းတော်ဖြစ်သော။ တံ တိမ္ဗရုံ = ထို တိမ္ဗရုဒေဝ ဂန္ဓဗ္ဗနတ်မင်းကို။ အဟံ = ဗေလုဝစောင်းရှင် ငါလုလင်သည်။ ကာရဏာ = သင့်ကိုလိုချင်ခြင်း ဟူသော အကြောင်းကြောင့်။ ဝန္ဒေ = ရှိခိုး၏။

(၂) ဝါတောဝ သေဒတံ ကန္တော၊ ပါနီယံဝ ပိပါသတော။
အင်္ဂီရသိ ပိယာမေသိ၊ ဓမ္မော အရဟတာမိဝ။

(၃) အာတုရဿေဝ ဘေသဇ္ဇံ၊ ဘောဇနံဝ ဇိဃစ္ဆတော။
ပရိနိဗ္ဗာပယ မံ ဘဒ္ဒေ၊ ဇလန္တမိဝ ဝါရိနာ။

အင်္ဂီရသိ = ကိုယ်ရောင်ထွန်းပ ရွှန်းရွှန်းလှသော သူရိယဝစ္ဆသာ····။ သေဒတံ = သေဒန္တာနံ = ကိုယ်၏ညစ်ကြေး ချွေးယိုကုန်သောသူတို့သည်။ ဝါတော = ဧဆော်သွင်း လေဖြည်းညှင်းကို။ ကန္တော ဣဝ = တောင့်တလင့်ဆို လိုဘိ၏သို့။ ပိပါသတော = ပိပါသန္တဿ = ပန်းလူးခွေလိပ် ရေမွတ်သိပ်သောသူသည်။ ပါနီယံ = သန့်မြိန်ချို သောက်ရေကိုလျှင်။ ကန္တံ ဣဝ = တောင့်တလင့်ဆို လိုဘိ၏သို့။ အရဟတာ = သံသရာရဟတ် ကန့်ကွပ်ဖျက်ဖြို မြတ်ပုဂ္ဂိုလ်သည်။ ဓမ္မော = လောကုတ္တရာ မြတ်ကိုးဖြာကို။ ကန္တော ဣဝ = တောင့်တလင့်ဆို လိုဘိ၏သို့။

အာတုရဿ = ပန်းလျှညှိုးနွမ်း ကိုယ်မကျန်းသော သူသည်။ ဘေသဇ္ဇံ = ရောဂါစဲပြတ် ဆေးကောင်းမြတ်ကို။ ကန္တံ ဣဝ = တောင့်တလင့်ဆို လိုဘိ၏သို့။ ဇိဃစ္ဆတော = တေဇောပြောင်ပြောင် ခေတ်မီးလောင်၍ ဝမ်းခေါင်ဟင်းလင်း စာမယွင်းရ မွတ်သိပ်လှသောသူသည်။ ဘောဇနံ = ဘောဇဉ်ငါးဖြာ အရသာကို။

WWW.DHAMMARANSI.COM



ကန္တံ့ ဣဝ = တောင့်တလင့်ဆို လိုဘိ၏သို့။ မေ = မယာ = ငါ ပဥ္စသိ နတ်ဒေဝိနိသည်။ တံ=ရှင်မ သူရိယဝစ္စသာကို။ ပိယာ = ကမ္ဘာဆက်ဆက် စုံမက်မြတ်နိုးလိုသည်။ အသိ = ဖြစ်၏။ဘဒ္ဒေ = ကိုယ်ရေကိုယ်သား ညှံ့တွားနုလှ အိုရှင်မ....။ ဇလန္တံ = အလျှံဝင်းရှိန် ထိန်တပြောင်ပြောင် စွဲညိလောင်သည့် အရောင်ညီးညီး မီးပုံကြီးကို။ ဝါရိနာ = သီတာလေ့ ရေချမ်းမြဖြင့်။ ပရိနိဗ္ဗာပေတိ ဣဝ = ငြိမ်းစေဘိ၏သို့။ တဝ = ရှင်မ၏။ ကာရဏာ = မာယာ သွယ်သွယ် ပြုံးရယ်ခြင်း-စသော အကြောင်းကြောင့်။ ဥပ္ပန္နံ = ဖြစ်သော။ ကာမရာဂပရိဠာဟံ = တေဇောသံဝဇ္ဇ တူမမျှသည့် ရာဂတည်းဟူသော ပူပန်ခြင်းကို။ ပရိနိဗ္ဗာပယ = ရာဂကင်းဝေး ငြိမ်းပါစေလော့။

(၄) သီတောဒကံ ပေါက္ခရဏိံ၊ ယုတ္တံ ကိဉ္စက္ခရေဏုနာ။
နာဂေါ ဃမ္မာဘိတတ္တောဝ၊ ဩဂါဟေ တေ ထနူဒရံ။

ဃမ္မာဘိတတ္တော = နေမင်းတန်ဆောင် ဝင်းဝင်းပြောင်၍ ပူလောင်ခြင်းဖြင့် နှိပ်စက်အပ်သော ကိုယ်ရှိသော။ နာဂေါ = ဆင်ပြောင်သည်။ ကိဉ္စက္ခရေဏုနာ = ပဒုမာရုံ ကြာဝတ်မှုံဖြင့်။ ယုတ္တံ = ပြည့်ထသော။ သီတောဒကံ = ရေနောက်မြူနည် ကင်းဝေးတည်လျက် ချမ်းကြည်စွာဘိ ရေသန့်ရှိသော။ ပေါက္ခရဏိံ = တာအပြန်ပြန် လေးထောင့်ကန်သို့။ ဩဂါဟေ ဣဝ = သက်ဆင်း လိုဘိ၏သို့။ တေ = ရှင်မသူရိယဝစ္စသာ၏။ ထနူဒရံ = နတ်ပန်း ရန့်မွှေးပျံ့သင်းထုံ အစုံနှစ်ပါး ရင်ခွင်ကြားသို့။ ဩဂါဟေ = ရှေးရှုသက်ဝင် ဝပ်ချင်စွာ့တကား။

(၅) အင်္ကုသာတိဂေါ ဝ နာဂေါဝ၊ ဇိတံ မေ တုတ္တတောမရံ။
ကာရဏံ နပ္ပဇာနာမိ၊ သမ္မတ္တော လက္ခဏူရုယာ။

ဘဒ္ဒေ = အိုရှင်မ သူရိယဝစ္စသာ....။ အင်္ကုသာတိဂေါ = ချွန်းကို လွန်ထသော။ (ဝါ)ချွန်းဖြင့်ချိတ်လည်း နှိပ်ခြင်းငှါမတတ်နိုင် ထသော။ နာဂေါ = ဆင်ပြောင်သည်။ မဒမတ္တနေ = နား,မျက်စိ, သို = သုံးရပ်ထိုင်၌ စီးယိုသုန်သုန် မာန်ယစ်မှန်ကြောင့်။ တုတ္တ-တောမရံ = ခမိုးဦးကင်း နားရင်းမင်းတိုင် ချိတ်ကိုင်ရှုးရှူး မိန်းထူး

WWW.DHAMMARANSI.COM



စိတ်သန် မြူးလှုံ့ချွန်းတောင်းကို။ ဇိတံ = ကျင်နာမထင် အောင်မြင်ပြီးသည်ဖြစ်၍။ ကာရဏာကာရဏံ = အကောင်း, မကောင်း ကျိုးအကြောင်းကို။ နပ္ပဇာနာတိ ဣဝ = မသိနိုင်သကဲ့သို့။ ဧဝံ = ပမာထိုတူ။ အဟံ = စောင်းမင်းသခင် ငါလုလင်သည်။ တေ = ရှင်မ၏။ လက္ခဏူရုယာ = လက္ခဏာနှင့် ပြည့်စုံသော ပေါင်ရှိသည်၏ အဖြစ်ကြောင့်။ သမ္မတ္တော = ရာဂဖြင့် ယစ်သည်ဖြစ်၍။ ကာရဏာကာရဏံ = အကောင်း, မကောင်း ကျိုးအကြောင်းကို။ နပ္ပဇာနာမိ = မသိနိုင်ပြီ။

(၆) တယိ ဂေဓိတစိတ္တောသ္မိ၊ စိတ္တံ ဝိပရိဏာမိတံ။
ပဋိဂန္တုံ န သက္ကောမိ၊ ဝင်္ကဃသ္တောဝ အမ္ဗုဇော။

သူရိယဝစ္ဆသေ = နေလုလင်တမျှ ထွန်းဝင်းပသည့် သူရိယဝစ္ဆသာ....။အဟံ = စောင်းမင်းသခင် ငါလုလင်သည်။ တယိ = သင်နတ်အမိ၌။ ဂေဓိတစိတ္တော = မက်မောတပ်ပြွေ့ လွှမ်းရှိန်ငွေ့လျက် အောက်မေ့သောစိတ်ရှိသည်။ အသ္မိ = ဖြစ်သည်တမုံ့။ ကိမိဝ = အတန္တုကား။ ဝင်္ကဃသ္တော = သံမျှားချိတ်ကို အစာလို၍ မျိုမိသော။ အမ္ဗုဇော = ငါးဖယ်, ငါးသိုင်း, ငါးရံ့တိုင်းသည်။ ပဋိဂန္တုံ = ထွေးပစ်တတန် တဖန်နစ်ခြင်းငှါ။ နသက္ကော-တိဣဝ = မစွမ်းနိုင်ပလေ နေရ၏သို့။ ဧဝံ = တထာ = ပမာထိုတူ။ မေ = ဗေလုဝစောင်းရှင် ငါလုလင်၏။ စိတ္တံ = မက်မောတပ်ပြွေ့ လွှမ်းရှိန်ငွေ့လျက် အောက်မေ့သောစိတ်သည်။ ဝိပရိ-ဏာမိတံ = တန့်ရပ်မတည် ချာချာလည်၏။ အဟံ = ပဏ္ဍု-သခင် ငါလုလင်သည်။ ပဋိဂန္တုံ = တဖန်ဆုတ်နစ် ကံမြစ်ခြင်းငှါ။ န သက္ကောမိ = ဆည်းထပိုင်ပိုင် မတတ်နိုင်။

(၇) ဝါမူရူ သဇ မံ ဘဒ္ဒေ၊ သဇ မံ မန္ဒလောစနေ။
ပလိဿဇ မံ ကလျာဏိ၊ ဧတံ မေ အဘိပတ္ထိတံ။

ဝါမူရူ = ဆယ်မီးကျီရှောင်း လွန်ပျော့ပျောင်းသည့် ရွှေချောင်းနှုန်းဘိ ပေါင်လုံးရှိသော။ ဘဒ္ဒေ သူရိယဝစ္ဆသေ = အိုသူ-ရိယ ဝစ္ဆသာ....။ မံ = ဦးစွန်းငါးဖြာ နတ်သားငါကို။ သဇ =

WWW.DHAMMARANSI.COM



အာလိဂ် = စုံမက် နှစ်သက် လည်ကိုဖက်လေဘိ။ မန္ဒလောစနေ = ဖြည်းဖြည်းညှင်းညှင်း မြော်တင်းရှုလေ့ရှိသော။ဘဒ္ဒေ = အိုအရှင်မ....။ မံ = ဦးစွန်းငါးဖြာ နတ်သားငါကို။ သဇ = အာလိဂ် = ယုယပိုက်ဖွေ့ ရွှေရင်ငွေ့ဖြင့် သိမ်မွေ့ငြိမ်သက် လည်ကိုဖက်လေဘိ။ ကလျာဏီ = အညီငါးပါး အပြားခြောက်ဆယ် စွန်းကယ်လေးခု စတုသဋ္ဌိ မှတ်ကြောင်းရှိသော သူရိယဝစ္စသာ....။ မံ = ဦးစွန်းငါးဖြာ နတ်သားငါကို။ ပလိဿဇ = အလုံးစုံသော အဖို့အားဖြင့် လည်ကိုဖက်လေဘိ။ တံ = ထိုသို့ ဖြည်းဖြည်းညှင်းညှင်း လည်ကိုဖက်ခြင်းကို။ မေ = မယာ = ငါပဉ္စသိ နတ်ဒေဝိန်သည်။ အဘိပတ္ထိတံ = အကြိမ်များစွာ တောင့်တပါ၏။

(၈) အပ္ပကော ဝတ မေ သန္တော၊
ကာမော ဝေလ္လိတကေသိယာ။
အနေကဘာဝေါ သမုပ္ပါဒိ၊
အရဟန္တေဝ ဒက္ခိဏာ။

မေ = မမ = ဗေလုဝစောင်းရှင် ငါလုလင်၏။ ကာမော = ကာမရာဂသည်။ အပ္ပကော ဝတ = ရှင်မဘုန်းဖော့ မတွေ့ခင်ဝယ် အနည်းငယ်သာလျှင်။ သန္တော = ဖြစ်ပါလျက်။ ဝေလ္လိတကေသိယာ = ညွှန့်ညွှန့်ရှည်သွယ် နွယ်သောဆံရှိသော ရှင်မကြောင့်။ အရဟန္တေ = ရဟန္တာသခင် အရှင်မြတ်၌။ ဒက္ခိဏာဣဝ = သဒ္ဓါကြည်ဖြူ မြတ်သောအလှူကဲ့သို့။ အနေကဘာဝေါ = မတည်တံ့နိုင် ခွေယိုင်တုန်ဆတ် တိမ်းမတ်သောသဘောရှိသည်။ ဟုတွာ = ခါခါဖန်ဖန် ဖြစ်လာပြန်၍။ သမုပ္ပါဒိ = ဖြစ်လေဘိ၏။

(၉) ယံ မေ အတ္ထိ ကတံ ပုညံ၊ အရဟန္တေသု တာဒိသု။
တံ မေ သဗ္ဗင်္ဂကလျာဏိ၊ တယာ သဒ္ဓိံ ဝိပစ္စတံ။

သဗ္ဗင်္ဂကလျာဏိ = အညီငါးဖြာ လက္ခဏာနှင့် ပြည့်စုံသော သူရိယဝစ္စသာ....။ မေ = မယာ = ညို့ခုနစ်ချောင်း ရွှေစောင်းတော်ရှင် ငါသခင်သည်။ တာဒိသု = လာဘာလာဘ စသည် ရှစ်ဘန် လောကဓံ၌ သည်းခံကျေးဇူး အထူးရှိလှပေကုန်သော။ အရဟန္တေသု = ရဟန္တာသခင် အရှင်မြတ်တို့၌။ ကတံ =

WWW.DHAMMARANSI.COM



ပစ္စည်းလေးရပ် ကပ်လှူကြည်နူး ပြုခဲ့ဘူးသော။ ယံ ပုညံ = သန့်ရှင်းဖြူစင် အကြင်ကောင်းမှုသည်။ အတ္ထိ = ရှိ၏။ မေ = မမ = ညီ့ခုနစ်ချောင်း ရွှေစောင်းတော်ရှင် ငါသခင်၏။ တံပုညံ = သန့်ရှင်းဖြူနစ် ပွတ်သစ်ခရု ထိုကောင်းမှုသည်။ တယာ = ကလျာစုံလတ် သင်မိနတ်နှင့်။ သဒ္ဓိံ = မကွာလေဘိ။ဝိပစ္စတံ = ဝိပစ္စတု= ယခုမျက်မှောက် ခံစားလောက်အောင် ကျိုးရောက်မသွေ ပေးစေလို၏တည်း။

(၁၀) ယံ မေ အတ္ထိ ကတံ ပုညံ၊ အသ္မိံ ပထဝိမဏ္ဍလေ။
တံ မေ သဗ္ဗင်္ကလျာဏိ၊ တယာ သဒ္ဓိံ **ဝိပစ္စ**တံ။

သဗ္ဗင်္ကလျာဏိ = လုံးစုံလက္ခဏာ ပြည့်စုံလှသော **သူရိယ-ဝစ္ဆသာ....**။ အသ္မိံ ပထဝိမဏ္ဍလေ = မြေမျက်နှာစင် **ဤအပြင်**၌။ မေ = မယာ = ဥသျှစ်မှည့်ဝင်း စောင်းမင်းဆရာ **လုလင်**ငါသည်။ ကတံ = ပစ္စည်းလေးရပ် ကပ်လှူကြည်နူး ပြုခဲ့ဘူး**သော**။ ယံ ပုညံ = သန့်ရှင်းဖြူစင် အကြင်ကောင်းမှုသည်။ **အတ္ထိ** = ရှိသည် တမ္မံ။ မေ = မမ = ဥသျှစ်မှည့်ဝင်း စောင်းမင်းဆရာ လုလင်ငါ၏။ တံ ပုညံ = သံသရာအဟို ကြည်ညိုပြုလစ် ပွတ်သစ်ခရု ထိုကောင်းမှုသည်။ တယာ = အင်္ဂါစုံလတ် သင်မိမြတ်နှင့်။ သဒ္ဓိံ = မကွာ ပေါင်းဖြစ်။ ဝိပစ္စတံ = ဝိပစ္စတု = ယခုမျက်မှောက် ခံစားလောက်အောင် ကျိုးရောက်မသွေ ပေးစေလို၏တည်း။

(၁၁) သကျပုတ္တော၀ ဈာနေန၊
ဧကောဒိ နိပကော သတော။
အမတံ မုနိ ဇိဂီသာနော၊
တမဟံ သူရိယဝစ္ဆသေ။

သူရိယဝစ္ဆသေ = နေလုလင်အတူ ကိုယ်ရောင်ယှူသော သူရိ-ယ ဝစ္ဆသာ....။ သကျပုတ္တော = ခမည်းတော်သုဒ္ဓေါဒန မယ်တော် မဟာမာယာ သာကီဝင်မင်း၏ သားဖြစ်တော်မူထသော။ ဈာနေန = နီဝရဏသကြိုဟ် ထိုထို ဈာန်မြတ်ဖြင့်။ ဧကောဒိ = မရှိအဖော် ကိုယ်တော်ချည်းသာ ဇာရိယာသိမ်မွေ့ နေလတ်သော့ရှိ

WWW.DHAMMARANSI.COM



ထသော။ နိပကော = ပညာဉာဏ်ဖြင့် ပြည့်စုံထသော။ သတော = မမေ့မလျော့ မပေါ့သတိ ရှိတော်မူထသော။ မုနိ = တရားခမ္မရာ့ကိုယ် သော်နှင်း မြတ်စွာသည်။ အမတံ = အို, နာ, သေ, နေ ကင်း လွတ်ကြွေသား ဘုံရွှေသာထွင့် အရိမ်ဒ်ကို။ ဇိဂိသာနော ဈာဝ = ဆန္ဒတော်ရှိ ရှာလေဘိသို့။ တံ = တိမ္ဗရုသည်းပွတ် သင်မိမြတ်ကို။ အဟံ = ဂန္ဓဗ္ဗနတ် ငါစောင်းတတ်သည်။ ဇိဂိသာမိ = ပတ်ပတ် ရှာဖွေ နေ့တိုင်းမွှေ၏။

(၁၂) ယထာပိ မုနိ နန္ဒေယျ၊ ပတ္တွာ သမ္ဗောဓိမုတ္တမံ။
ဧဝံ နန္ဒေယျံ ကလျာဏိ၊ မိဿီဘာဝံ ဂတော တယာ။

ကလျာဏိ = သား, ရိုး, ရှယ်, ဆံ, ရေ = ငါးတန်ဖြင့် ကြန့် စုံလှသော သူရိယဝစ္စသာ....။ မုနိ = ရဟန်းများထွင့် တမ္ဗတ်ဘုန်း ရှိ မြတ်မုနိသည်။ ဥတ္တမံ = အကဲမရှိသော။ သမ္ဗောဓိံ = ဗောဓိရိန့် နှိုင်းဘက် ဉာဏ်စက်သို့။ ပတ္တွာ = ဗိသုဒ္ဓိခုနစ်ပါး တရားစဉ်သင့် ရောက်သဖြင့်လျှင်။ နန္ဒေယျ ယထာ = အားရမ်းအင်ပြည့် နှစ် သက်၏သို့။ ဧဝံ = တထာ = ပမာထိုတူ။ တယာ = တိမ္ဗရုသည်း ပွတ် သင်မိနတ်နှင့်။ မိဿီဘာဝံ = မကွာပေါင်းဖက် ရောယှက် မိသည့်၏ အဖြစ်သို့။ ဂတော = ရောက်ပါတမူကား။ နန္ဒေယျံ = အဆတရာ ဝမ်းမြောက်ပါ၏။

(၁၃) သက္ကော စေ မေ ဝရံ ဒဇ္ဇာ၊ တာဝတိံသာနမိဿရော။
တာဟံ ဘဒ္ဒေ ဝရေယျာဟော၊ ဧဝံ ကာမော ဒဠှာ မမ။

အဟေ = အို သူရိယဝစ္စသာ....။ တာဝတိံသာနံ = တာ- ဝတိံသာ နတ်များစွာတို့ကို။ ဣဿရော = အစိုးရသော။ သက္ကော = ဆင်းရဲချမ်းသာ ပေးငှါပိုင်ပိုင် စွမ်းနိုင်လေငြား နတ်သိကြား သည်။ မေ = မေလှုဝစောင်းရှင် ငါလုလင်အား။ ဝရံ = ဝရာနီ = နတ်ဒေဝရိန် မင်းစည်းစိမ်နှင့် ဂုဏ်ရှိန်ကြီးမြတ် သင်မိနတ်ဟု နှစ်ရပ်အပြား ဆုမြတ်များကို။ စေ ဒဇ္ဇာ = နှစ်သက်ရာမူ အဓမောင် ယူဟု ကြည်ဖြူဆောက်နှင်း အကြွင်းမထား ကယ်ပေးငြားအံ့။ ဧဝံ = ဤသို့ပိုင်စား ပေးသနားသည်ရှိသော်။ အဟံ = ငါးဖွင်းနိုး

WWW.DHAMMARANSI.COM



ငါးဖြာ နတ်သားငါသည်။ တံ = သင်နတ်သမီး ရှုမငြီးကို။ ဝရေယျံ = ဆုမြတ်တဆူ ယူပေရာ၏။ (ဒေဝရဇ္ဇံ = နတ်ဒေဝရာဇ် မင်းအဖြစ်ကို။ န ဝရေယျံ = ဆုမြတ်တဆူ ငါမယူပေရာ)။ ဘဒ္ဒေ သူရိယဝစ္ဆသေ = နေရောင်တမျှ ထွန်းလင်းပသည့် သူရိယဝစ္ဆ-သာ....။ မမ = ဂန္ဓဗ္ဗနတ် ငါစောင်းတတ်၏။ ကာမော = သင် နတ်သမီး ရှုမငြီးကို လိုကြီးလိုလျက် တပ်မက်အပြင်း စွဲလမ်းခြင်း သည်။ ဧဝံ ဒဠှော = ဤသို့ခိုင်လျက် မည်သူဖျက်လည်း မပျက် နိုင်ပဲ သံမှိုစွဲသို့ မြဲပလေ၏တည်း။

(၁၄) သာလံဝ န စိရံ ဖုလ္လံ၊ ပိတရံ တေ သုမေဓသေ။
ဝန္ဒမာနော နမဿာမိ၊ ယဿာသေတာဒိသီ ပဇာ။

သုမေဓသေ = ပညာဆန်းကြွယ် အဝန်းကျယ်သည့် အဘယ် သူရိယဝစ္ဆသာ....။ ယဿ ပိတုနော = အကြင် တိမ္ဗရုဒေဝ အဖ နတ်မင်း၏။ ဧတာဒိသီ = ထိုသို့သဘောရှိသော။ ပဇာ = သမီး ချောသည်။ အသိ = ပဋိသန္ဓေ ဥပပတ် ဖြစ်လာလတ်၏။ နစိရံ = မကြာမြင့်မီ။ ဖုလ္လံ = ရင်းဖျားမလွတ် ပင်လုံးကျွတ်ပွင့်သော။ သာလံ ဣဝ=သန္တာအသွင် အင်ကြင်းပင်ကဲ့သို့။ တေ = အသရေ ခေါင်ထွတ်ရှ် သင်မိနတ်၏။ တံ ပိတရံ = ထိုတိမ္ဗရုဒေဝ အဖခမည်း တော်ကို။ အဟံ = အလေး, အပေါ, အလျော့, အတင်း, အပြင်း, အသာ, အညှံ့ပါသည် = ခုနစ်ဖြာသော စောင်းသံသာခင် ငါလို လင်သည်။ ဝန္ဒမာနော = ရှိခိုးသည်ဖြစ်၍။ နမဿာမိ = သင့် ကို ရလိုမှု ဦးညွှတ်ခြင်းကို ငါပြု၏။ ။(ဤကား ပဉ္စသိခစောင်း ချင်း ၁၄-ဂါထာ ပါဠိ အနက်တည်း)။

ဤသို့ ပဉ္စသိခနတ်သား စောင်းတီး၍ သီချင်းဆိုလတ်သော် မြတ်စွာဘုရားရှင်သည် ပဉ္စသိခနတ်သားကို "ပဉ္စသိခ....သင်၏ စောင်းသံသည် သီချင်းသံနှင့် ကိုက်ညီပေ၏၊ သီချင်းသံသည်လည်း စောင်းသံနှင့် ကိုက်ညီပေ၏။ သင်၏ စောင်းသံသည် သီချင်းသံကို မလွန်ပေ၊ သီချင်းသံသည်လည်း စောင်းသံကို မလွန်ပေ"— (စကားမဆုံးသေး) ဤကဲ့သို့ ချီးမွမ်းစကား မိန့်ကြားတော်မူလေ၏။

WWW.DHAMMARANSI.COM



(ဤ၌။ ။အဘယ့်ကြောင့် မြတ်စွာဘုရားသည် သိချင်းသံနှင့် စောင်းသံကို ချီးမွမ်းတော်မူသနည်း၊ ထိုသီချင်းသံနှင့် စောင်းသံ၌ မြတ်စွာဘုရားရှင်၏ အဖို့ရာ သာယာတပ်မက်ခြင်း ရှိသလော - ဟု မေးမြန်းဖွယ်ရှိ၏။ ။အဖြေကား — သာယာတပ်မက်ခြင်း အလျှင်း မရှိပါ။ ဆဠင်္ဂုပေက္ခာ=အင်္ဂါခြောက်ပါးရှိသော ဥပေက္ခာဖြင့် မုန်းချစ်မဟူ လျစ်လျူရှုတော်မူသော မြတ်စွာဘုရားသည် ဤသို့သော အရာမျိုးတို့၌ အလိုရှိအပ်သောအာရုံ အလိုမရှိအပ်သောအာရုံ ဟူ၍သာ သိမှတ်တော်မူ၏။ ထိုအာရုံအပေါ်၌ တပ်မက်ခြင်း အလျှင်းမရှိချေ၊ (ထိုအကြောင်းကို သဠာယတနဝဂ္ဂသံယုတ် ကောဋ္ဌိကသုတ်၊ သံ ၂-စာမျက်နှာ ၃၇၂-ကို ထောက်၍ သိရာ၏။)

အကယ်၍ မြတ်စွာဘုရားသည် သီချင်းသံနှင့် စောင်းသံကို ချီးမွမ်းမှု ပြုတော်မမူခဲ့သော် ပဉ္စသိခနတ်သားသည် "ငါ့အား မြတ်စွာဘုရား သည် ခွင့်ပြုအပ်ပြီ" ဟူ၍ မသိနိုင်လေရာ၊ ထိုသို့ ဖြစ်ခဲ့သော် သိကြားမင်းသည် "ပဉ္စသိခနတ်သားအား မြတ်စွာဘုရားသည် ခွင့်မပြုအပ်ချေ" ဟု အောက်မေ့ကာ နတ်တို့ကို ခေါ်ဆောင်၍ ထိုနေရာမှပင် ပြန်နှစ်လေရာ၏၊ ထိုသို့ ပြန်နှစ်သည်ရှိသော် ကြီးစွာသော ဆုံးရှုံးနစ်နာမှု ဖြစ်လေရာ၏။ ချီးမွမ်းစကား မိန့်ကြားတော်မူအပ်သော်ကား "ပဉ္စသိခနတ်သားအား မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်ပြီ" ဟု အောက်မေ့ကာ သိကြားမင်းသည် နတ်တို့နှင့် အတူတကွ မြတ်စွာဘုရားအထံသို့ ဆည်းကပ်၍ ပြဿနာကို မေးလျှောက်ပြီးလျှင် အဖြေစကား မိန့်ကြားတော်မူသည့်အဆုံး၌ နတ်ပေါင်းရှစ်သောင်းတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်လိမ့်မည်ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူသောကြောင့် မြတ်စွာဘုရားရှင်သည် သီချင်းသံနှင့် စောင်းသံကို ချီးမွမ်းတော်မူလေသည်)။

ဤကဲ့သို့ ချီးမွမ်းတော်မူပြီးလျှင် မြတ်စွာဘုရားရှင်သည် တဖန်ဆက်၍ ပဉ္စသိခနတ်သားကို "ပဉ္စသိခ ...သင်သည် ဘုရားနှင့် စပ်သော, တရားနှင့် စပ်သော, သံဃာနှင့် စပ်သော, ရဟန္တာတို့နှင့် စပ်သော, ကာမဂုဏ်နှင့် စပ်သော ဤစောင်းချင်း ဂါထာတို့ကို အဘယ်အခါက သီကုံးထုံးဖွဲ့၍ထားသနည်း"ဟု မေးတော်မူ၏။ ထိုအခါ ပဉ္စသိခနတ်သားသည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား .... အခါတပါး၌ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးခါစ ဥရုဝေလတော နေရဉ္ဇရာမြစ်

WWW.DHAMMARANSI.COM



ကမ်းပါးအနီး အဇပါလမည်သော ပညောင်ပင်၌(ဘုရား ဖြစ်ပြီးနောက် ရှစ်ခုမြောက်သတ္တာဟဝယ်) စံပယ်မှု လျော် နေတော်မူလျက် ရှိပါ၏။ မြတ်စွာဘုရား....ထိုအခါ အကျွန်ုပ်သည် တိမ္ဗရုနတ်မင်းကြီး၏သမီး ဘဒ္ဒါမည်သော သူရိယဝစ္ဆသာကို မေတ္တာသက်ဝင် ချစ်ကြင်နေပါ၏။ မြတ်စွာဘုရား···· ထိုသူငယ်မသည်ကား ရထားထိန်း မာတလိ၏သား သိခဏ္ဍီမည်သော အခြားသူကို မေတ္တာ သက်ဝင် ချစ်ကြင်နေပါ၏။

မြတ်စွာဘုရား····အကျွန်ုပ်သည် ထိုသူရိယဝစ္ဆသာကို မည်သည့်နည်းနှင့်မျှ မရနိုင်သောအခါ ဗေလုဝပဏ္ဍုနတ်စောင်းကို ယူ၍ တိမ္ဗရုနတ်မင်းကြီး၏ ဗိမာန်သို့ ချဉ်းကပ်လျက် ဗေလုဝပဏ္ဍုနတ်စောင်းကို တီးခဲ့ပါ၏။ ဘုရားနှင့်စပ်သော, တရားနှင့်စပ်သော, သံဃာနှင့် စပ်သော, ရဟန္တာတို့နှင့်စပ်သော, ကာမဂုဏ်နှင့်စပ်သော ဤဂါထာတို့ကိုလည်း သီဆိုခဲ့ပါ၏—

(၁) ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊ တိမ္ဗရုံ သူရိယဝစ္ဆသေ။ ယေန ဇာတာသိ ကလျာဏီ၊ အာနန္ဒဇနနီ မမ။ပ။

(၁၄) သာလံဝ န စိရံ ဖုလ္လံ၊ ပိတရံ တေ သုမေဓသေ။ ဝန္ဒမာနော နမဿာမိ၊ ယဿာသေတာဒိသီ ပဇာ။

(၎င်း ၁၄-ဂါထာအနက် ရှေးက ရေးခဲ့ပြီ)။

မြတ်စွာဘုရား····ဤသို့ သီဆိုအပ်သည်ရှိသော် ဘဒ္ဒါ မည်သော သူရိယဝစ္ဆသာနတ်သမီးသည် အကျွန်ုပ်ကို—

“အရှင်····အကျွန်ုပ်သည် ထိုမြတ်စွာဘုရားကို မျက် မှောက်ထင်ထင် မဖူးမြင်ရဘူးပါ၊သို့သော်လည်း တာဝတိံ သာ နတ်တို့၏ သုဓမ္မာသဘင်၌ အကျွန်ုပ် က-နေစဉ် ထို မြတ်စွာဘုရားအကြောင်းကို ကြားခဲ့ရပါသည်၊ အရှင်···· သင်သည် ထိုမြတ်စွာဘုရားအကြောင်း ပြောဆိုချီးကျူး

WWW.DHAMMARANSI.COM



သည့်အတွက် ယခုနေ့ အကျွန်ုပ်တို့၏ ပေါင်းဆုံရခြင်းသည် ဖြစ်စေရလော့"—

ဟူ၍ ပြောဆိုပါသည်။ မြတ်စွာဘုရား····အကျွန်ုပ်သည် ထိုသူငယ်မနှင့်အတူ လိုချသော ပေါင်းဆုံခဲ့ရပါသည်၊ ထိုမှ နောက် ယခုတိုင်အောင် မပေါင်းဆုံရတော့ပါ"—

ဟူ၍ လျှောက်ထားလေ၏။

## မြတ်စွာဘုရားထံသို့ သိကြားမင်း ဆည်းကပ်ခြင်း

ထိုအခါ သိကြားမင်း၏ စိတ်သန္တာန်၌ "ပဉ္စသိခနတ်သားသည် မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုလျက်ရှိ၏၊ မြတ်စွာဘုရားသည်လည်း ပဉ္စသိခနတ်သားနှင့် ဝမ်းမြောက် ဝမ်းသာ ပြောဆိုလျက်ရှိ၏"ဟု အကြံဖြစ်ပြီးလျှင် သိကြားမင်းသည် ပဉ္စသိခနတ်သားကို "အမောင်ပဉ္စသိခ···သင်သည် ငါ၏ကိုယ်စား မြတ်စွာဘုရားကို 'မြတ်စွာဘုရား····နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏' ဟူ၍ လျှောက်ထားပေးပါလော့"ဟု မိန့်ဆိုလေ၏။ ပဉ္စသိခ နတ်သားသည် "ကောင်းပါပြီ အရှင်သိကြားမင်း...."ဟု သိကြားမင်း၏စကားကို ဝန်ခံပြီးလျှင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား ···· နတ်တို့ သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံ ပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏"ဟူ၍ လျှောက်ဆိုလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "ကောင်းပြီ ပဉ္စသိခ····နတ်တို့ သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံပရိသတ် နှင့်တကွ ချမ်းသာစေသတည်း၊ မှန်၏-နတ်, လူ, အသုရာ, နဂါး, ဂန္ဓဗ္ဗနတ်တို့သည်ရင်း, အခြားသော သတ္တဝါအများတို့သည်ရင်း ချမ်းသာသုခကို အလိုရှိကြသည်ချည်းသာ ဖြစ်ကုန်၏"ဟုမိန့်တော် မူ၏။ ။(မြတ်စွာဘုရားရှင်တို့သည် ဤသို့ တန်ခိုးကြီးနတ်တို့ကို ဤသို့ပင် မိန့်ဆိုတော်မူလေ့ရှိကုန်၏)။

WWW.DHAMMARANSI.COM



ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူသည်ရှိသော် သိကြားနတ်မင်းသည် ဇုန္နသာလဂူသို့ဝင်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ တခုသောနေရာ၌ ရပ်တည်လေ၏၊ ပဉ္စသိခနတ်သားပါ အခြားတာဝတိံသာ နတ်တို့သည်လည်း ဇုန္နသာလလိုဏ်ဂူသို့ဝင်၍ မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကြပြီးလျှင် အပြစ်လွတ်ရာ တခုသောနေရာ၌ ရပ်တည်ကြလေ၏။

ထိုစဉ်အခါ ဇုန္နသာလလိုဏ်ဂူသည် ပင်ကိုယ်က မညီမညာဖြစ်ပါလျက် ညီညာလာ၏၊ ကျဉ်းမြောင်းသည်ဖြစ်ပါလျက် ကျယ်ဝန်းလာ၏၊ နတ်တို့၏အရောင်ဖြင့် (မြတ်စွာဘုရားရှင်၏ ထက်ဝန်းကျင် အတောင်ရှစ်ဆယ်၏ အပြင်အပ) ဂူတွင်း၌ အမိုက်မှောင်ကွယ်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်လာ၏။ (မြတ်စွာဘုရား၏ ထက်ဝန်းကျင် အတောင်ရှစ်ဆယ်အရပ်၌ကား မြတ်စွာဘုရား၏ အရောင်တော်ကြောင့်ပင် အမိုက်မှောင် ကွယ်ပျောက်၏၊ နတ်တို့၏အရောင်က မြတ်စွာဘုရားရှင်၏အရောင်ကို မလွှမ်းမိုးနိုင်ချေ)။

ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားနတ်မင်းကို "ပြုဖွယ်ကိစ္စတွေ အလွန်များလှပါလျက် ကောသိယ အနွယ်ဖြစ်သော အရှင်သိကြား၏ ဤအရပ်သို့ လာနိုင်ခြင်းသည် အံ့ဖွယ်ရှိပေ၏၊ မဖြစ်စဘူး အထူးဖြစ်ပေ၏"ဟူ၍ မိန့်ဆိုတော်မူလေလျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....အကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်လိုသည်မှာ ကာလကြာမြင့်ပါပြီ၊ သို့သော်လည်း တာဝတိံသာနတ်တို့၏ အချို့အချို့သော ပြုဖွယ်ကိစ္စတို့၌* ကြောင့်ကြစိုက်နေရပါသောကြောင့် မြတ်စွာဘုရားကို ဖူးမြော်ရန် မချဉ်းကပ်နိုင်ဝဲ ရှိခဲ့ရပါသည်"ဟု လျှောက်ထားလေ၏ (စကားဆက် မဆုံးသေးပါ)။

(ဤ၌ "တာဝတိံသာနတ်တို့၏ အချို့ချို့သော ပြုဖွယ်ကိစ္စ"ဟူသည်မှာ—နတ်တို့အဖို့ရာ သမီးဖြစ်သောနတ်, သားဖြစ်သောနတ်တို့သည် ရင်ခွင်၌ဥပပတ်ထင်ရှား ဘွားကာနဲ ဖြစ်ပေါ်လာကြကုန်၏၊ အလုပ်အကျွေးနတ်မိဖုရားဖြစ်သည့် နတ်မိန်းမတို့သည် အိပ်ရာပေါ်၌ အထင်အရှားဖြစ်ပေါ်လာကြကုန်၏၊ ထိုနတ်မိဖုရားတို့အား အဆင်တန်းဆာ ပြုပြင်

WWW.DHAMMARANSI.COM



ဆင်ယင်ပေးမည့် ရံရွေမောင်းမ နတ်မိန်းမတို့သည် အိပ်ရာကို ဝန်းရံ၍ ဖြစ်ပေါ်လာကြကုန်၏၊ ဝေယျာဝစ္စ ဆောင်ရွက်ကြရမည့် အစေအပါး နတ်များသည် ဗိမာန်အတွင်း၌ ဖြစ်ပေါ်ကြကုန်၏၊ ဖော်ပြရာပါ ထိုနတ်တို့အတွက် သူပိုင်သည် ငါပိုင်သည်ဟူ၍ တရားဖြစ်မှု လုံးဝမရှိချေ။ နတ်မင်းနှစ်ဦးတို့၏ ဘုံဗိမာန်နယ်စပ်၌ ဖြစ်ပေါ်လာသော နတ်တို့အတွက်သာလျှင် သူပိုင်သည် ငါပိုင်သည်ဟူ၍ အငြင်းအခုံတရား ဖြစ်ပွါးကြကာ သိကြားမင်းထံ ကပ်ရောက်၍ အဆုံးအဖြတ်ခံကြလေသည်။

သိကြားနတ်မင်းသည် အနီးကပ်ဆုံးသော ဗိမာန်ရှင် နတ်မင်း၏ ဥစ္စာအဖြစ် ဆုံးဖြတ်ချက်ချမှတ်ပေး၏။ အကယ်၍ အသစ်ဖြစ်သော နတ်သည် ဗိမာန်နှစ်ခုနှင့် အနီးအဝေးချင်း တူမျှနေလျှင် "အကြင် နတ်မင်း၏ ဗိမာန်ကိုကြည့်လျက် တည်၏၊ ထိုနတ်မင်း၏ ဥစ္စာဖြစ်စေ" ဟု ဆုံးဖြတ်ချက်ချမှတ်ပေး၏။ အကယ်၍ အသစ်ဖြစ်သောနတ်သည် ဗိမာန်နှစ်ခုနှင့် အနီးအဝေးချင်းလည်း တူမျှ၍ မည်သည့်ဗိမာန်ကိုမျှ မကြည့်ပဲ ဖြစ်ပေါ်ခဲ့သော် ထိုနတ်ကို ဗိမာန်ရှင် နတ်မင်းနှစ်ဦးတို့၏ ခိုက်ရန်ငြင်းခုံမှု ငြိမ်းစဲ ပြတ်တောက်ရန် မိမိပိုင်အဖြစ် ဆုံးဖြတ်ချက်ချမှတ်ပေး၏။ ၎င်းကား ပြုဖွယ်ကိစ္စတည်း၊ ထိုမှတပါး မြူးတူးပျော်ပါး ကစားမှု-စသည်သည်လည်း နတ်တို့၏ ပြုဖွယ်ကိစ္စပင်ဖြစ်လေသည်။၎င်းပြုဖွယ်ကိစ္စများကို ရည်၍ သိကြားမင်း လျှောက်ထားခြင်းဖြစ်လေသည်။ ။အဋ္ဌကထာမှ)။

တဖန်ဆက်၍ သိကြားမင်းသည် "မြတ်စွာဘုရား....အခါတပါး (= လွန်ခဲ့သောသုံးရက်ခန့်ကာလ)၌ ရှင်တော်ဘုရားသည် သာဝတ္ထိပြည်(ဇေတဝန် ကျောင်းတိုက်တော်အတွင်း ပသေနဒိ ကောသလမင်း၏ ကောင်းမှုဖြစ်သော) သလဠဂန္ဓကုဋိ=နတ်ထင်းသားတို့ဖြင့် ဆောက်လုပ်အပ်သော ကျောင်းတော်၌ သီတင်းသုံး နေတော်မူလျက် ရှိပါ၏၊ မြတ်စွာဘုရား....ထိုအခါ အကျွန်ုပ်သည် ရှင်တော်ဘုရားကို ဖူးမြော်ရန် သာဝတ္ထိပြည်သို့ သွားရောက်ခဲ့ပါပြီ၊ မြတ်စွာဘုရား....ထိုစဉ်အခါ၌ ရှင်တော်ဘုရားသည် တခုသော သမာဓိ (ဖလသမာပတ်)ကို ဝင်စားနေတော်မူဆဲ ဖြစ်ပါ၏။ ဝေဿဝဏ်နတ်မင်းကြီး၏ မိဖုရား "ဘူဇတိ" မည်သော နတ်သမီးသည် ရှင်တော်ဘုရားကို လက်အုပ်ချီ ရှိခိုးရပ်တည်လျက် ဝတ်ပြုနေပါ၏။မြတ်စွာဘုရား.... ထိုအခါ အကျွန်ုပ်သည် ဘူဇတိနတ်သမီးကို "နှမ....သင်သည် ငါ၏ကိုယ်စား မြတ်စွာဘုရားကို 'မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရား…. နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏' ဟူ၍ လျှောက်ထားပေးပါလော့”ဟု ပြောဆိုပါသည်။ မြတ်စွာဘုရား…. ဤသို့ပြောဆိုသောအခါ ထိုဘူဇတိနတ်သမီးသည် အကျွန်ုပ်ကို “အရှင်သိကြားမင်း….မြတ်စွာဘုရားကို ဖူးမြော်ရန် အခါမဟုတ်ပါ၊ မြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းလျက်ရှိပါသည်”ဟု ပြန်ကြားပြောဆိုပါသည်။ ထိုအခါ အကျွန်ုပ်သည် “နှမ…. ထိုသို့ဖြစ်လျှင် မြတ်စွာဘုရား ထိုသမာဓိ(=ဖလသမာပတ်)မှ ထတော်မူသောအခါ ငါ၏စကားဖြင့် မြတ်စွာဘုရားကို 'မြတ်စွာဘုရား…. နတ်တို့သနင်း သိကြားမင်းသည် အမတ်တို့နှင့်တကွ အခြံအရံပရိသတ်နှင့်တကွ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏' ဟူ၍ လျှောက်ထားပေးပါလော့”ဟု မှာတမ်းခဲ့ပါသည်။ မြတ်စွာဘုရား….အသို့နည်း ထိုဘူဇတိနတ်သမီးသည် ရှင်တော်ဘုရားကို အကျွန်ုပ်၏ ကိုယ်စား လျှောက်ထားပါ၏လော၊ ရှင်တော်ဘုရားသည် ထိုနတ်သမီး၏ စကားကို သတိရတော်မူပါ၏လော” ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် သိကြားမင်းကို “နတ်တို့သနင်း သိကြားမင်း…. ထိုနတ်သမီးသည် ငါဘုရားကို လျှောက်ပေ၏၊ ထိုနတ်သမီး၏ စကားကို ငါဘုရားသည် သတိရပေ၏၊ စင်စစ်သော်ကား ငါဘုရားသည် အရှင်သိကြားမင်း၏ ရထားဘီးသံနှင့် (ပြိုင်လျက်ပင်) ထိုသမာပတ်မှ ထပေ၏” ဟု မိန့်တော်မူ၏။

(ဤ၌ အထူးမှတ်ရန်မှာ – ဇေတဝန်ကျောင်းတိုက်တော် အတွင်း၌ (၁) ကရေရိကုဋီ-ခေါ်သော ကျောင်းတော်, (ထိုကျောင်းတော်၏ အဝယ် ရေခံတက်ပင်များ မဏ္ဍပ်သဖွယ် အကိုင်းအခက်ယှက်လျက် တည်ရှိလေသည်)။ (၂) ကောသမ္ဗကုဋီ-ခေါ်သော ကျောင်းတော်, (ထိုကျောင်းတော်၏ အဝယ် ကြို့ပင်ကြီး တည်ရှိလေသည်)။ (၃) ဂန္ဓကုဋီ-ခေါ်သောကျောင်းတော်, (နံ့သာသားတို့ဖြင့် ဆောက်လုပ်အပ်သော ကျောင်းတော်)။ (၄) သလဠာဂါရ – ခေါ်သော ကျောင်းတော် (=နတ်ထင်းသားတို့ဖြင့် ဆောက်လုပ်အပ်သော

WWW.DHAMMARANSI.COM



ကျောင်းတော်)ဟူ၍ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ ကျောင်းတော်ကြီး ၄-ကျောင်းရှိလေသည်၊ တကျောင်း တကျောင်းလျှင် တသိန်း တသိန်း ထိုက်တန်၏။ ထိုကျောင်းတော်ကြီး ၄-ကျောင်းတို့အနက် သလဠာဂါရ ကျောင်းတော်ကို ပသေနဒိကောသလမင်းကြီး ဆောက်လုပ်လှူဒါန်းအပ်သည်၊ ကျန်သော ကျောင်းတော်ကြီး ၃-ကျောင်းတို့မှာ အနာထပိဏ်သူဌေး၏ ကောင်းမှုများဖြစ်လေသည်။ ။ဒီ-ဋ္ဌ ၂၊ မျက်နှာ ၁-မှ။

သက္ကပဉှသုတ်ကိုမဟောမီ သုံးရက်ခန့်က မြတ်စွာဘုရားရှင် သလဠာဂါရ ကျောင်းတော်၌ သီတင်းသုံးနေထိုင်တော်မူစဉ် သိကြားမင်းသည် မြတ်စွာဘုရားထံသို့ အဖူးအမြော် လာရောက်လေသည်။ ထိုအချိန်၌ သိကြားမင်း၏ ဣန္ဒြေများ မရင့်ကျက်သေးသဖြင့် မြတ်စွာဘုရားရှင်သည် သိကြားမင်းကို အဖူးအတွေ့ မခံပဲ အချိန်ဖြင့်ပိုင်း၍ ဖလသမာပတ်ကို ဝင်စားနေတော်မူလေသည်။

ဘုဇတိနတ်သမီးမှာ ဝေဿဝဏ်နတ်မင်းကြီး၏ နတ်မိဖုရားတဦးဖြစ်သည်၊ ထိုဘုဇတိ နတ်သမီးသည် သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ်တည်း ဟူသော အောက်အရိယဖိုလ်နှစ်ပါးသို့ ရောက်ရှိသူ အရိယသာဝိကာဖြစ်သောကြောင့် ထိုနတ်သမီးအဖို့ရာ နတ်ပြည်၌ မွေ့လျော်ပျော်ပိုက်ခြင်းမရှိ၊ ထို့ကြောင့်ပင် အမြဲတစေ မြတ်စွာဘုရားထံတော်သို့ ဆည်းကပ်လျက် လက်အုပ်ကို ဦးခေါင်း၌ တင်ထားပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးကာ ရပ်တည်ဝတ်ပြုလျက် နေလေ၏။

သိကြားမင်းသည် ဘုဇတိနတ်သမီးကို မှာထားပြီးနောက် "ယခုအခါ မြတ်စွာဘုရားသည် ငါ့အား ဖူးမြော်ခွင့်ပြုတော်မမူ"ဟု ကြံစည်ကာ သလဠာဂါရကျောင်းကို အရိုအသေပြု၍ ရထားကို ပြန်နှစ်ကာ နတ်ပြည်သို့ရှေးရှု မောင်းနှင်လေသည်၊ ကျောင်းတော်ပရိဝုဏ်တခုလုံး ရထားသံ လွှမ်းဖုံးအပ်ရကား တူရိယာငါးမျိုးကဲ့သို့ ဖြစ်ရှိနေလေ၏။ မြတ်စွာဘုရားရှင် ရည်မှတ်ပိုင်းခြားအပ်သော အချိန်စေ့သဖြင့် ဖလသမာပတ်မှ ထတော်မူသောကာလနှင့် သိကြားမင်း ရထားကို ပြန်နှစ်ကာ နတ်ပြည်သို့ရှေးရှု မောင်းနှင်သောကာလ ပြိုင်မိလေသည်၊ သို့ရကား မြတ်စွာဘုရားရှင်၏ သန္တာန်တော်၌ ဖလသမာပတ်မှ ထတော်မူသောအခါ သိကြားမင်း၏ ရထားဘီးသံကို အာရုံပြုဆင်ခြင်သော အာဝဇ္ဇန်းစိတ် ရှေးဦးစွာ ဖြစ်ရှိလေသည်။ ရထားသံကြောင့် ဖလသမာပတ်မှ ထတော်မူခြင်းမဟုတ်၊ ရည်မှတ်ပိုင်းခြားအပ်သော အချိန်

WWW.DHAMMARANSI.COM



ဓေ့ရှောက်သောကြောင့်သာ ဖလသမာပတ်မှ ထတော်မူခြင်းဖြစ်သည်၊ ဖလသမာပတ်မှ ထတော်မူချိန်နှင့် ရထားဘီးသံ ဖြစ်ပေါ်ချိန် ပြိုင်မိကြလေသည်၊ ထို့ကြောင့် မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖလသမာပတ်မှ ထတော်မူသောအခါ ရထားဘီးသံကို ဆင်ခြင်သည့် အာဝဇ္ဇန်းစိတ် ရှေးဦးစွာ ဖြစ်သည်ဟု အထူးမှတ်ယူရာ၏။ ။ ဒီ-ဋ္ဌ ၂၊ မျက်နှာ ၂၉၀-မှ)။

### မြတ်စွာဘုရား ပွင့်တော်မူသောအခါ နတ်ပြည်စည်ကားကြောင်း

သိကြားမင်းသည် တဖန်ဆက်၍ (မြတ်စွာဘုရား ပွင့်တော်မူသောအခါ နတ်ပြည်စည်ကားကြောင်းကို) မြတ်စွာဘုရားရှင်အား လျှောက်ထားသည်မှာ––

"မြတ်စွာဘုရား ···· အကျွန်ုပ်တို့ထက် အလျှင်စောစွာ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြသော နတ်တို့၏ မျက်မှောက်မှ "အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်တို့ ပွင့်တော်မူကြသောအခါ အသုရာအပေါင်းတို့ဆုတ်ယုတ်ကြလျက် နတ်အပေါင်းတို့ ပြည့်နှက်စည်ကားကုန်၏" ဟု ဤအကြောင်းကို အကျွန်ုပ်သည် ကြားနာသိမှတ်ခဲ့ရပါ၏၊ မြတ်စွာဘုရား....အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်သည် လောက၌ ပွင့်တော်မူသောအခါမှစ၍ အသုရာအပေါင်းတို့ ဆုတ်ယုတ်ကြလျက် နတ်အပေါင်းတို့ ပြည့်နှက်စည်ကားနေကြောင်းကို အကျွန်ုပ်ကိုယ်တိုင် မျက်မှောက်ထင်ထင် တွေ့မြင်နေရပါပြီဘုရား။

### ဂေါပကနတ်သား ဝတ္ထု

မြတ်စွာဘုရား....ဤ ကပိလဝတ်ပြည်၌ပင်လျှင် ဘုရား, တရား, သံဃာ၌ ကြည်ညို၍ ငါးပါးသီလကို စောင့်ထိန်းလေ့ရှိသည့် ဂေါပိကာမည်သော သာကီဝင်မင်းသမီးသည် ရှိခဲ့ပါ၏၊ ထိုမင်းသမီးသည် မိန်းမ ဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျ်ားဖြစ်ကြောင်းကို ဖြည့်ကျင့်၍

WWW.DHAMMARANSI.COM



ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်၌ ကောင်းသော လားရာ တာဝတိံသာ နတ်ပြည်ဝယ် အကျွန်ုပ်တို့၏သား အဖြစ်သို့ ရောက်လာပါ၏၊ ထို တာဝတိံသာနတ်ပြည်၌ လည်း ထို နတ်သားကို "ဂေါပကနတ်သား ဂေါပကနတ် သား" ဟူ၍ ခေါ်ကြပါကုန်၏။

မြတ်စွာဘုရား····အခြား ရဟန်းသုံးပါးတို့သည်ကား ရှင်တော်ဘုရားအထံ၌ မြတ်သောအကျင့်ကို ကျင့်ကြပါ လျက် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်(＝ကခြေသည်နတ်) မျိုး၌ ဖြစ်လာပါကုန်၏၊ ထိုနတ်တို့သည် ကာမဂုဏ်ငါးပါး တို့ဖြင့် ကုံလုံပြည့်စုံစွာ ခံစားပျော်ရွှင်ကြလျက် အကျွန်ုပ် တို့အား ခစားဖျော်ဖြေရန် သုဓမ္မာနတ်သဘင်သို့ လာ ရောက်ကြပါကုန်သည်။ အကျွန်ုပ်တို့အား ခစားဖျော်ဖြေ ရန် လာရောက်ကြသော ထိုနတ်တို့ကို ဂေါပကနတ်သား သည်—

"အရှင်တို့....သင်တို့သည် အဘယ်သို့ ဩဏ်ဦးလှည့်၍ ထို မြတ်စွာဘုရား၏ တရားတော်ကို နာခဲ့ကြပါသနည်း၊ အကျွန်ုပ်သည်ကား ဘုရား, တရား, သံဃာ၌ ကြည်ညို၍ ငါးပါးသီလမျှကို စောင့်ထိန်းလေ့ရှိသော မိန်းမငယ်ပင် ဖြစ်လင့်ကစား မိန်းမ ဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျာ်းဖြစ်ကြောင်းကို ဖြည့်ကျင့်သဖြင့် ကိုယ်ခန္ဓာပျက် ကြွေ စုတေသည်မှနောက်၌ ကောင်းသောလားရာ တာ- ဝတိံသာ နတ်ပြည်ဝယ် နတ်တို့သနင်း သိကြားမင်း၏ သားအဖြစ်သို့ ရောက်လာပါ၏၊ ဤ တာဝတိံသာနတ် ပြည်၌လည်း အကျွန်ုပ်ကို "ဂေါပကနတ်သား ဂေါပက နတ်သား"ဟူ၍ ခေါ်ကြပါကုန်၏။

အရှင်တို့····သင်တို့သည်ကား မြတ်စွာဘုရား အထံ တော်၌ မြတ်သောအကျင့်ကို ကျင့်ခဲ့ကြပါလျက် ယုတ်နိမ့် သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်လာရကုန်၏၊ အရှင်တို့····တရား ကျင့်ဖက်ပုဂ္ဂိုလ်တို့ ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ဖြစ်နေ

WWW.DHAMMARANSI.COM



ကြသည်တို့ကို မြင်ရကုန်သော အကျွန်ုပ်တို့သည် မမြင်
သင့်သော သဘောကို မြင်ရကုန်လေစွ၊ တကား''—

ဟု သတိပေးစကား ပြောကြားပါသည်။ မြတ်စွာဘုရား....
ဂေါပကနတ်သားက သတိပေးစကား ပြောကြားအပ်ကုန်
သော ထိုနတ်သား သုံးယောက်တို့အနက် နတ်သား
နှစ်ယောက်တို့သည် မျက်မှောက်ဘဝ၌ပင် ပဌမဈာန်
သတိကို ရကြလျက် ဗြဟ္မပုရောဟိတဘုံသို့ ရောက်ကြပါ
သည်၊ နတ်သား တယောက်သည်ကား ကာမဘုံ၌ပင်
ပျော်၍ နေပါ၏''—

ဟူ၍ လျှောက်ထားလေသည်။ (သိကြားမင်း၏ လျှောက်ထား
ချက် မပြီးဆုံးသေးပါ)။

(ဤကား ဂေါပကနတ်သား ဝတ္ထုဖြစ်သည်၊ ဤဂေါပကနတ်သား
ဝတ္ထု၌ အထူးမှတ်သားရန်မှာ—ဤဂေါပကနတ်သားဝတ္ထုပါ သမဏ
နတ်သားသုံးယောက်တို့မှာ လူ့ပြည်ရဟန်းဘဝတုန်းက စင်ကြယ်သော
သီလရှိကြသူများ ဖြစ်ပါလျက် အဘယ့်ကြောင့် ယုတ်နိမ့်သော ဂန္ဓဗ္ဗ
နတ်(=ကခြေသည်နတ်) မျိုး၌ ဖြစ်ကြရသနည်းဟူမူ ရှေး၌ဖြစ်သော
ဘဝနိကန္တိကြောင့် ဟု ဖြေဆိုရာ၏၊ ထင်ရှားစေဦးအံ့—ထို သမဏနတ်
သား သုံးဦးတို့သည် ရှေးကလည်း ထိုဂန္ဓဗ္ဗ(=ကခြေသည်) နတ်မျိုး၌
ဖြစ်ခဲ့ရပေါင်း များလှလေပြီ၊ ထို့ကြောင့် ထိုကခြေသည် နတ်ဘဝ၌
တွယ်တာတပ်မက်သော(ဘဝနိကန္တိ) တဏှာလောဘ၏ အစွမ်းကြောင့်
ထိုကခြေသည် နတ်ဘဝ (=စတုမဟာရာဇ် နတ်ဘုံ)၌ ဖြစ်ကြရလေ
သည်။

ဂေါပကနတ်သား သတိပေးစကား ပြောကြားသော အခါ၌—
'ဂေါပကနတ်သားသည် ထိုသမဏနတ်သား=ကခြေသည်သုံးယောက်
တို့ကို မြင်လတ်သော် "ဤ ကခြေသည် နတ်သားတို့သည် အလွန်လျှင်
တင့်တယ်ကြ လှပကြကုန်၏၊ အဘယ်သို့သော ကုသိုလ်ကံကိုပြု၍ လာခဲ့
ကြသနည်း" ဟု ဆင်ခြင်စဉ်းစားသည်ရှိသော် ရှေးဘဝက ရဟန်းများ
ဖြစ်ခဲ့ကြသည်ကို မြင်လေသည်၊ ထိုနောင်မှ "ရဟန်းများဖြစ်ကြလျှင်
ရှိပစေ၊ သီလတို့၌ ဖြည့်ကျင့်ခဲ့သူများ ဖြစ်ခဲ့ကြ၏လော" ဟု ဆက်၍
စူးစမ်းပြန်သော် "သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်ခဲ့ကြသူများ" ဟူ၍
သိမြင်လေသည်။ "သီလတို့၌ ပြည့်စုံစွာ ဖြည့်ကျင့်ခဲ့ကြသူများ ဖြစ်ကြ

WWW.DHAMMARANSI.COM



လျှင် ရှိပစေ၊ ထိုသူတို့မှာ အခြား အထက်ဖြစ်သော ဂုဏ်ကျေးဇူးများ ရှိခဲ့သလော၊ မရှိခဲ့သလော''ဟု ဆင်ခြင်ပြန်သော် ''စျာန်ရပုဂ္ဂိုလ်များ'' ဟူ၍ သိမြင်လေသည်။ ''စျာန်ရ ပုဂ္ဂိုလ်များ ဖြစ်ကြလျှင် ရှိပစေ၊ အဘယ်အရပ်၌ နေကြသူများ ဖြစ်သနည်း''ဟု စူးစမ်းဆင်ခြင်ပြန်သော် ''ငါ၏အိမ်၌ ဆွမ်းခံကိုယ်တော်များ'' ဟူ၍ သိမြင်လေသည်။ ''သီလ စင်ကြယ်သော ပုဂ္ဂိုလ်တို့မည်သည် နတ်ပြည်ခြောက်ထပ်တို့တွင် မိမိတို့ အလိုရှိရာ နတ်ပြည်၌ ဖြစ်နိုင်ကြကုန်၏၊ ဤ ရဟန်းတို့သည်ကား အထက် နတ်ပြည်၌လည်း မဖြစ်ကြကုန်၊ စျာန်ရပုဂ္ဂိုလ်တို့မည်သည် ဗြဟ္မာ့ပြည်၌ ဖြစ်ကြရကုန်၏။ ဤ ရဟန်းတို့သည်ကား ဗြဟ္မာ့ပြည်၌ မဖြစ်ကြကုန်။ ငါတမူကား ထို ရဟန်းတို့၏ အဆုံးအမသြဝါဒ၌ တည်ခဲ့သောကြောင့် နတ်တို့သနင်း သိကြားမင်း၏ ရင်ခွင်၌ သားရင်းတယောက် ဖြစ်လာ ရ၏၊ ဤရဟန်းတို့သည်ကား ယုတ်နိမ့်သော ဂန္ဓဗ္ဗ(=ကခြေသည်)နတ် မျိုး၌ ဖြစ်ကြကုန်၏၊ဤနတ်တို့သည် အင်္ဂဝေဝေပုဂ္ဂိုလ်များဖြစ်ကုန်ရကား လိုမ့်၍ လိုမ့်၍ အပြင်းအထန် ထိုးဆွရိုက်နှက်သည့်အလား ပြောကြား သင့်သော ပုဂ္ဂိုလ်များဖြစ်ကုန်၏''ဟု ကြံစည်ဆင်ခြင်ကာ ''အရှင်တို့.... သင်တို့သည် အဘယ်သို့ ဉာဏ်ဦးလှည့်ကြ၍ မြတ်စွာဘုရား၏ တရား တော်ကို နာခဲ့ကြပါသနည်း''— အစရှိသော စကားတို့ဖြင့် နာနာ ပြင်းပြင်း သတိပေးစကား ပြောကြားလေသည်။

ဤစကားရပ်၌ ''အင်္ဂဝေဝေပုဂ္ဂိုလ်များ''ဟူသော စကားနှင့်စပ်၍ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် တတိယပဏ္ဏာသက ၂-ကေသိဝဂ် ၃-ပတောဒသုတ် (အံ ၁၊၄၂၉-မျက်နှာ)လာ မြင်းလိမ္မာ ၄-မျိုးနှင့် ယောကျ်ားလိမ္မာ ၄-မျိုးတို့ကို အကျဉ်းချုပ် မှတ်သားရာ၏—

မြင်းလိမ္မာ ၄-မျိုးဟူသည်မှာ....(၁)ကြိမ်လုံးအရိပ်ကိုမြင်ရုံနှင့် ထိတ် လန့်ကြောက်ရွံ့ကာ လိမ္မာသော ဆာယာဒိဋ္ဌမြင်းလိမ္မာ, (၂)ကြိမ်လုံး အရိပ်ကိုမြင်သော်လည်း မလိမ္မာသေးပဲ အမွေးကျွတ်အောင် ပုတ်ခတ် ရိုက်နှက်မှ ထိတ်လန့်ကာ လိမ္မာသော လောမဝေဓမြင်းလိမ္မာ, (၃) ရှေ့ နှစ်နည်းဖြင့် မလိမ္မာသေးပဲ အရေစုတ်အောင် ပုတ်ခတ်ရိုက်နှက် ထိုးဆွမှ ထိတ်လန့်ကာ လိမ္မာသော စမ္မဝေဓမြင်းလိမ္မာ, (၄) ရှေ့သုံးနည်းဖြင့် မလိမ္မာသေးပဲ အရိုးခိုက်အောင် ရိုက်နှက်ပုတ်ခတ်ထိုးဆွမှ ထိတ်လန့်ကာ လိမ္မာသော အဋ္ဌိဝေဓ မြင်းလိမ္မာ= ဤကဲ့သို့ မြင်းလိမ္မာ ၄-မျိုးရှိ သကဲ့သို့—

ယောကျ်ားလိမ္မာလည်း ၄-မျိုးပင်ရှိလေသည်၊ ၄-မျိုးဟူသည်မှာ.... (၁) ''ဤမည်သော မြို့,ရွာဝယ် ဤမည်သော မိန်းမ,ယောကျ်ားတို့

WWW.DHAMMARANSI.COM



ဆင်းရဲဒုက္ခ ရောက်ရှိနေသည်၊ (သို့မဟုတ်) စုတိပြတ်ကြွေ သေလွန်သည်တဲ့”ဟူသော သတင်းစကား ကြားရုံမျှဖြင့် ထိတ်လန့်သံဝေဂရရှိကာ ဝိပဿနာပညာ မဂ်ပညာတို့ကို ရအောင်ကြိုးကုတ် အားထုတ်သော ယောကျ်ားလိမ္မာ = ဆာဃာဒိဋ္ဌပုဂ္ဂိုလ် (ပဌမမြင်းလိမ္မာနှင့် တူ၏)၊ (၂) ပဌမနည်းဖြင့် ထိတ်လန့်သံဝေဂမရသေးပဲ ကိုယ်တိုင်ဒိဋ္ဌ မိန်းမ ယောကျ်ား တဦးဦး ဆင်းရဲဒုက္ခ ရောက်ရှိနေသည်ကို(သို့မဟုတ်) စုတိပြတ်ကြွေ သေလွန်သည်ကို မြင်ရမှ ထိတ်လန့်သံဝေဂရရှိကာ ဝိပဿနာပညာ မဂ်ပညာတို့ကို ရအောင်ကြိုးကုတ် အားထုတ်သောယောကျ်ားလိမ္မာ=လောမဝေဓပုဂ္ဂိုလ် (ဒုတိယမြင်းလိမ္မာနှင့်တူ၏)၊ (၃) ရှေးနှစ်နည်းဖြင့် ထိတ်လန့်သံဝေဂမရသေးပဲ မိမိ၏ဆွေမျိုးတဦးဦး ဆင်းရဲဒုက္ခ ရောက်ရှိနေသည်ကို(သို့မဟုတ်)စုတိပြတ်ကြွေ သေလွန်သည်ကို မြင်ရမှ ထိတ်လန့်သံဝေဂရရှိကာ ဝိပဿနာပညာ မဂ်ပညာတို့ကို ရအောင်ကြိုးကုတ် အားထုတ်သော ယောကျ်ားလိမ္မာ=စမ္မဝေဓ ပုဂ္ဂိုလ်(တတိယမြင်းလိမ္မာနှင့်တူ၏)၊ (၄) ရှေးသုံးနည်းဖြင့် ထိတ်လန့်သံဝေဂ မရသေးပဲ မိမိကိုယ်တိုင် ရောဂါကြီး အနာကြီးအစရှိသော ဆင်းရဲဒုက္ခတွေ့ကြုံခံစားရမှ ထိတ်လန့်သံဝေဂရရှိကာ ဝိပဿနာပညာ မဂ်ပညာတို့ကို ရအောင်ကြိုးကုတ် အားထုတ်သော ယောကျ်ားလိမ္မာ = အဋ္ဌိဝေဓ ပုဂ္ဂိုလ် (စတုတ္ထမြင်းလိမ္မာနှင့်တူ၏)=ဤသို့ ယောကျ်ားလိမ္မာ ၄-မျိုး ရှိလေသည်။ (အကျယ်ကို ဖော်ပြရာပါ အင်္ဂုတ္တိုရ်ပါဠိတော် ပိဋကမြန်မာပြန် ပဌမတွဲ၊ စာမျက်နှာ ၄၄၂-မှ ထုတ်ယူမှတ်သားရာ၏)၊ ဤ ယောကျ်ားလိမ္မာ ၄-မျိုးတို့တွင် စတုတ္ထ ယောကျ်ားလိမ္မာကို ရည်စူး၍ “ဤနတ်တို့သည် အဋ္ဌိဝေဓပုဂ္ဂိုလ်များ ဖြစ်ကုန်ရကား”— အစရှိသည်ဖြင့် ဂေါပကနတ်သား စဉ်းစားကြံစည်ခြင်းဖြစ်လေသည်။

သိကြားမင်းလျှောက်ထားသော စကားရပ်တွင် “ထိုနတ်သား သုံးယောက်တို့အနက် နတ်သားနှစ်ယောက်တို့သည် မျက်မှောက်ဘဝ၌ပင် ပဌမဈာန်သတိကိုရကြလျက် ဗြဟ္မပုရောဟိတဘုံသို့ ရောက်ကြပါသည်” ဟူသော စကားရပ်ဝယ် အကျယ်မှတ်သားဖွယ်ကား—ဂေါပက နတ်သားက သတိပေးစကား ပြောကြားသောအခါ ကခြေသည် နတ်သား သုံးဦးတို့အနက် နတ်သားနှစ်ဦးတို့သည် “က-ကြ သီ-ကြ တီးမှုတ်ကြသော ကခြေသည်တို့မည်သည် ဆုလာဘ်တို့သာ ရသင့်ပါ၏၊ ဤဂေါပက နတ်သားသည်ကား ငါတို့ကို တွေ့မြင်ရသောအချိန်မှစ၍ ခံလောက်အတွင်း ဆားကိုပစ်ချအပ်ဘိသကဲ့သို့ တဖျစ်ဖျစ်အပြစ်တင်စကားကိုသာ ပြောကြားနေ၏၊ ဤဖြစ်ရပ်သည် အဘယ်သို့နည်း”ဟု ဆင်ခြင်ကြသည်

WWW.DHAMMARANSI.COM



ရှိသော် ရှေးလူဖြစ်စဉ်ဘဝက မိမိတို့မှာ ရဟန်းများဖြစ်ခဲ့ကြသည်ကိုရင်း, စင်ကြယ်သောသီလ ရှိခဲ့ကြသည်ကိုရင်း, ဈာန်ရပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြသည်ကိုရင်း, ထိုဂေါပက နတ်သားအလောင်း=ဂေါပိကာ သာကီဝင်မင်းသမီး၏အိမ်၌ ဆွမ်းခံကိုယ်တော်များဖြစ်ခဲ့ကြသည်ကိုရင်း ကောင်းစွာထင်ထင် သိမြင်ကြ၍ "စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်တို့မည်သည် ကာမာဝစရ နတ်ပြည်ခြောက်ထပ်တို့တွင် မိမိတို့နှစ်သက်ရာ နတ်ပြည်၌ဖြစ်ကြကုန်၏၊ ဈာန်ရပုဂ္ဂိုလ်တို့မည်သည် ဗြဟ္မာ့ပြည်၌ ဖြစ်ကြကုန်၏၊ ငါတို့သည်ကား အထက်နတ်ပြည်၌ရင်း, ဗြဟ္မာ့ပြည်၌ရင်း ဖြစ်ခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ငါတို့၏ အဆုံးအမပြဲ(ဝါဒ)၌ တည်သောကြောင့် ဤမိန်းမငယ်သည် အထက်နတ်ပြည်၌ ဖြစ်ရ၏၊ ငါတို့ကား ရဟန်းများဖြစ်ကြကာ မြတ်စွာဘုရားရှင် အထံတော်၌ မြတ်သောအကျင့်ကို ကျင့်သုံးကြပါကုန်လျက် (ရှေး ဘဝနိကန္တိတဏှာကြောင့်) ယုတ်နိမ့်သော ကခြေသည်နတ်မျိုး၌ ဖြစ်ကြရကုန်၏၊ ထို့ကြောင့် ငါတို့ကို ဤဂေါပကနတ်သားသည် ဤကဲ့သို့ နှိပ်ကွပ်စကား ပြောကြား၏" ဟူ၍ စဉ်းစားမိ သိရှိကြကာ ဂေါပကနတ်သား၏ သတိပေးစကားကို ကြားနာကြကုန်စဉ်ပင် (ထိုနတ်သားသုံးယောက်တို့အနက်) နတ်သားနှစ်ယောက်တို့သည် ပဌမဈာန်သတိကို ရရှိကြ၍(=ပဌမဈာန်ကို ရရှိကြ၍)ထိုပဌမဈာန်ကို အခြေပါဒက ပြုကြလျက် ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟူ ဆင်ခြင်သုံးသပ်ကြသဖြင့် အနာဂါမိဖိုလ်၌ (ထိုနေရာမှာပင်) တည်ကြလေကုန်၏။

ထိုအခါ ထိုနတ်သားတို့၏ လက်ရှိ တန်ခိုးသေးငယ်သော ကာမာဝစရ ကခြေသည်နတ်ခန္ဓာသည် အနာဂါမိဖိုလ်တည်းဟူသော လောကုတ္တရာဂုဏ်ကျေးဇူးကို ဆောင်ထားခြင်းငှါ မစွမ်းနိုင်ရကား ထိုခဏမှာပင် နတ်သက်ကြွေစုတေ၍(မဇ္ဈိမဖြစ်သော ပဌမဈာန်ကို ရရှိသူများဖြစ်သောကြောင့်) ရူပါဝစရ ပဌမဈာန်သုံးဘုံတို့တွင် ဗြဟ္မပုရောဟိတဗြဟ္မာဘုံ၌ ဖြစ်ကြလေ၏။ အထူးအားဖြင့် "ဗြဟ္မပုရောဟိတဗြဟ္မာဘုံ၌ ဖြစ်ကြလေ၏" ဟု ဆိုသော်လည်း ထိုဗြဟ္မာနှစ်ဦးတို့၏ ကိုယ်ခန္ဓာသည် အထက် ဗြဟ္မပုရောဟိတဘုံ၌ ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား ထို တာဝတိံသာ နတ်ပြည် (သုဓမ္မာနတ်သဘင်) ၌ပင် ရပ်တည်ကြရင်း (ကခြေသည် နတ်ခန္ဓာကိုယ်ပျောက်၍) ဗြဟ္မပုရောဟိတဗြဟ္မာ၏ ခန္ဓာကိုယ် ထင်ရှားဖြစ်ပေါ်လာလေသည်။

အခြား ကခြေသည် (သမဏ) နတ်သားတဦးသည်ကား ထိုကခြေသည်နတ်ဘဝ၌ တွယ်တာတပ်မက်သော တဏှာလောဘကို ပယ်ဖြတ်

WWW.DHAMMARANSI.COM



ခြင်းငှါ မတတ်နိုင်သောကြောင့် ထိုစတုမဟာရာဇ် ကာမာဝစရ ကခြေ သည် နတ်ဘဝ၌ပင် ကျန်ရစ်လေတော့၏။ ။ဤကား ဂေါပကနတ် သား ဝတ္ထုနှင့်စပ်၍ မှတ်သားဖွယ်အကျယ်ကို အဋ္ဌကထာမှ ထုတ်နုတ် ပြဆိုချက်တည်း)။

နတ်တို့သနင်း သိကြားမင်းသည် ရှေး၌ ဆိုအပ်ပြီးသော အတိုင်း ဂေါပကနတ်သား၏ အကြောင်းအရာဝတ္ထုကို စကားပြေ (= စုဏ္ဏိယ) ဖြင့် မြတ်စွာဘုရားရှင်အား လျှောက်ထားပြီးလျှင် ထိုအကြောင်းအရာကို တဖန်ထပ်၍ ဂါထာကြီး (၁၅) ဂါထာ တို့ဖြင့် လျှောက်ထား၍ တဖန်ဆက်ကာ သုံးဂါထာတို့ဖြင့် ဤသာ- သနာ၌ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးများကိုငင်း မိမိတို့ သည်လည်း ထိုမြဟ္မာနှစ်ဦးတို့ရရှိသော လောကုတ္တရာ မဂ်ဖိုလ်ကို ရရှိရန် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ ယခုရောက်ရှိလာ ပါကြောင်းကိုငင်း မြတ်စွာဘုရားရှင်က အခွင့်ပြုတော်မူပါလျှင် အမေးပုစ္ဆာ ပြဿနာ လျှောက်ထားလိုပါကြောင်းကိုငင်း လျှောက်ထားပြန်လေသည်။ (ထိုဂါထာပါဠိနှင့် အနက်တို့ကို ပါဠိ တော်နှင့် ပိဋကမြန်မာပြန်မှ ထုတ်ယူမှတ်သားကုန်ရာ၏၊ ထို ၁၈- ဂါထာတို့တွင် နောက်ဆုံးလျှောက်သည့် ဂါထာကိုသာ ဖော်ပြ ပါတော့အံ့)—

တဿ ဓမ္မဿ ပတ္တိယာ၊ အာဂတမှာသိ မာရိသ။
ကတာဝကာသာ ဘဂဝတာ၊ ပဉှံ ပုစ္ဆေမု မာရိသ။

မာရိသ = ဒုက္ခဝိသိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား····။ (မယံ = အကျွန်ုပ်တို့သည်)။ တဿ ဓမ္မဿ = ထိုမြဟ္မာနှစ်ဦး ရရှိသော လောကုတ္တရာတရားထူးသို့။ ပတ္တိယာ = ရောက်ကြ ရကြပါခြင်းငှါ။ အာဂတာ = ရှင်တော်ထံမှောက် ယခုလာရောက် ကြကုန်သည်။ အမှ = ဖြစ်ပါကုန်၏။ (အာသိ အနက်မရှိ၊ စကား တန်းဆာမျှ)။ မာရိသ = ဒုက္ခဝိသိမ်း ငြိမ်းတော်မူသော မြတ်စွာ ဘုရား····။ မယံ = အကျွန်ုပ်တို့သည်။ ဘဂဝတာ = ဘုန်းတော် သခင် ရှင်ပင်ဘုရားက။ ကတာဝကာသာ = ကရုဏာရှေးရှု အခွင့်ပြုအပ်ကြပါကုန်မူ။ ပဉှံ = ပြဿနာကို။ ပုစ္ဆေမု = သံသယ

WWW.DHAMMARANSI.COM



ကင်းဝေး သိလိုရေးဖြင့် မေးလျှောက်လိုကြပါကုန်သည်ဘုရား···· ဟူ၍ ပြဿနာမေးလျှောက်ရန် ခွင့်ပန်လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်၏ စိတ်သန္တာန်၌ "ဤသိကြားမင်း သည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး စင်ကြယ်သောအကျင့်ရှိခဲ့၏၊ မည်သည့်ပြဿနာကို မေးသည်ဖြစ်စေ အကြောင်းနှင့် စပ်သော ပြဿနာ( = အကျိုးဖြစ်ထွန်းမည့်ပြဿနာ) ကိုသာ မေးပေလိမ့် မည်၊ အကြောင်းနှင့် မစပ်သော ပြဿနာ ( = အကျိုးမဖြစ်ထွန်း မည့် ပြဿနာ)ကို မေးလိမ့်မည်မဟုတ်၊ ထိုသိကြားမင်းမေး၍ ငါ ဘုရား ဖြေဆိုလတ်သော် ထိုအဖြေကို လျင်မြန်စွာပင် သိပေလိမ့် မည်" ဟူ၍ အကြံတော် ဖြစ်ရှိလေ၏။

## မဃလုလင်ဝတ္ထု

(ဤ၌-"ဤသိကြားမင်းသည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး စင် ကြယ်သော အကျင့်ရှိခဲ့၏" ဟူသောစကားနှင့် စပ်၍ သိကြားမင်း၏ ရှည်စွာသော အတိတ်ကာလကပင် စင်ကြယ်သော အကျင့်ရှိခဲ့ပုံကို မဃ လုလင်ဝတ္ထုဖြင့် အဋ္ဌကထာ၌ ဖွင့်ပြသည့်အတိုင်း အဋ္ဌကထာလာ "မဃလုလင် ဝတ္ထု"ကို အကျဉ်းချုပ် ဖော်ပြဦးအံ့-

ဤသိကြားမင်းကား မြတ်စွာဘုရားရှင် ပွင့်တော်မမူမီ မဂဓတိုင်း ဝယ် မစလရွာ၌ မဃလုလင်ဖြစ်ခဲ့သော အချိန်မှ စ၍ပင် စင်ကြယ် သော အကျင့်ရှိသူဖြစ်ခဲ့၏၊ ချဲဦးအံ့- ဤသိကြားမင်းသည် ထိုမစလ ရွာ၌ မဃလုလင် ဖြစ်ခဲ့သောအခါ တနေ့သ၌ စောစောထ၍ ရွာ အလယ်တွင် လူအပေါင်းတို့၏ ရွာမှုကိစ္စပြုလုပ်ရာဌာနသို့ သွားရောက်၍ မိမိရပ်တည်နေရာအရပ်ကို ခြေဖျားဖြင့်ပင် မြေမှုန့်အမှိုက်သရိုက်များကို ဖယ်ရှားလျက် တလင်း စင်ကြယ် မွေ့လျော်ဖွယ်ရှိအောင် ပြုခဲ့လေသည်၊ အခြား လူတယောက်သည် ထိုနေရာကို နှစ်သက်သဘောကျ၍ မဃ လုလင် သုတ်သင်ရှင်းလင်းထားသော ထိုနေရာ၌ လာရောက်ရပ်တည် လေ၏။

မဃလုလင်သည် ထိုမျှဖြင့်ပင် သတိရ၍ ရွာအလယ်၌ ကောက် နယ်တလင်းမျှ ကျယ်ဝန်းသော အရပ်ကို သုတ်သင်၍ သဲဖြူဖြန့်ခင်း လျက် ထင်းများကို သယ်ဆောင်၍ အေးသောအခါ၌ မီးဖိုလေသည်၊

WWW.DHAMMARANSI.COM



ရွာနေသူ ကြီးကြီး ငယ်ငယ် လူတို့သည် ထိုနေရာသို့ လာရောက်ကြကာ ဝမ်းမြောက် ဝမ်းသာ မီးလှုံ၍ ချမ်းသာစွာ ထိုင်နေကြလေ၏။

ထိုနောက် တနေ့သ၌ မဃလုလင်၏ စိတ်သန္တာန်ဝယ် "ငါတို့သည် မြိုရောက်ကြသည်ရှိသော် မင်း,မင်း၏ အမတ်စသော စည်းစိမ်ရှင်တို့ကို မြင်ရကုန်၏၊ ဤအထက် ကောင်းကင်ဝယ် လှည့်လည်နေသော လဗိမာန်တို့၌ လနတ်သား နေနတ်သားတို့ ထင်ရှားရှိကြောင်း လူအပေါင်းတို့ ပြောဆိုကြ၏၊ အဘယ်အမှုကို ပြု၍ ထိုမင်း,မင်း၏ အမတ်စသောသူ, လနတ်သား, နေနတ်သားတို့သည် ထိုစည်းစိမ်တို့ကို ရရှိကြကုန်သနည်း" ဟု ဆင်ခြင်စဉ်းစားမှု ဖြစ်ရှိလာ၏။ ထို့နောက်မှ မဃလုလင်သည် "တစုံတခု အခြားအမှုကို ပြု၍ ရကြလိမ့်မည်မဟုတ်၊ ဖြူစင်သော ကောင်းမှုကုသိုလ်ကို ပြု၍သာ ထိုသူတို့သည် ထိုစည်းစိမ်တို့ကို ရရှိကြသည် ဖြစ်ကုန်ရာ၏" ဟု အမှန်အတိုင်း ကြံစည်စဉ်းစားမိ၍ "ငါသည်လည်း ဤသို့သော စည်းစိမ်ကို ပေးစွမ်းနိုင်သည့် ဖြူစင်သော ကောင်းမှု ကုသိုလ်ကိုသာ ပြုသင့်၏" ဟု ဆက်၍ တဖန် ကြံစည်စဉ်းစား မိပြန်လေ၏။

ထိုသို့ စဉ်းစားကြံစည်ပြီးနောက် မဃလုလင်သည် စောစောထ၍ ယာဂုကို သောက်ပြီးလျှင် ပဲခွပ်, ပုဆိန်, ပေါက်တူး, တင်းပုတ်လက်နက်များကို စွဲကိုင်လျက် လမ်းလေးဆုံသို့ သွားရောက်ကာ တင်းပုတ်=သံတူကြီးဖြင့် ကျောက်ခဲများကို ထုနှက်ရိုက်ဖော် ထုတ်နုတ်၍ လမ်းဘေးအပသို့ လှိမ့်ချဖယ်ရှင်းလေ၏၊လှည်းများ ရထားများ ဝင်ရိုးနှင့် တိုက်မိမည့် သစ်ပင်များကိုလည်း ခုတ် လှည်းပယ် ရှင်း လေ ၏၊ မညီညွတ်သော လမ်းမြေအပြင်ကိုလည်း ညီညွတ်အောင် ပြုလုပ်လေ၏၊ လမ်းလေးဆုံ၌ တည်းခိုရန် အရိပ်မဏ္ဍပ်စရပ်ကို ပြုလုပ်တည်ဆောက်လေ၏၊ လေးထောင့်ရေကန်ကိုလည်း တူးဖော်လေ၏၊ အသွားခက်သော လမ်းခရီးများ၌ တံတား နင်းကြမ်းခင်း၍ ပေးလေ၏။ ဤနည်းဖြင့် နေ့အဖို့ရာ ကုသိုလ်ကောင်းမှုကိုပြု၍ နေဝင်သောအခါမှ အိမ်သို့ပြန်လာ၏။

ထိုမဃလုလင်ကို အခြားလူတယောက်က "အမောင်မဃ... အမောင်သည် နံနက်စောစောကပင် ရွာမှထွက်၍ ညချမ်းကာလမှ တောက ပြန်လာ၏၊ အဘယ်အမှုကို အမောင်ပြုသနည်း" ဟု မေးလေလျှင် ထိုလူကို မဃလုလင်သည် "အို မိတ်ဆွေ...အကျွန်ုပ်သည် ဖြူစင်သော ကုသိုလ်ကောင်းမှုကိုပြုပါသည်၊ နတ်ပြည်ရောက်ကြောင်း လမ်းကောင်းကို သုတ်သင်ရှင်းလင်းပါသည်" ဟု ဖြေကြားလေ၏။ တဖန်ဆက်၍

WWW.DHAMMARANSI.COM



ထို မိတ်ဆွေလုလင်နှင့် မဃလုလင်တို့ အပြန်အလှန် မေးကြ ဖြေကြပြန်သည်မှာ—

**မိတ်ဆွေ။** ။အို အမောင်မဃ.... ဖြူစင်သော ကုသိုလ်ကောင်းမှုဟူသည်မှာ အဘယ်အရာကို ခေါ်ပါသနည်း။

**မဃ။** ။မိတ်ဆွေ....သင်သည် ဖြူစင်သော ကုသိုလ်ကောင်းမှုကို မသိဘူးလော။

**မိတ်ဆွေ။** ။အိမ်း....ငါမသိပါ။

**မဃ။** ။မြို့သို့ရောက်သောအခါ သင်သည် မင်း, မင်း၏ အမတ်ကြီးစသော=စည်းစိမ်ရှင်ကြီးများကို မြင်ဘူးသည်မဟုတ်လော။

**မိတ်ဆွေ။** ။အိမ်း....မြင်ဘူးပါ၏။

**မဃ။** ။ထိုမင်း, မင်း၏အမတ်ကြီးစသော=စည်းစိမ်ရှင်ကြီးများသည် ဖြူစင်သော ကုသိုလ်ကောင်းမှုကို ပြုခဲ့ကြ၍ ထို မင်းအဖြစ်, မင်း၏ အမတ်ကြီးအဖြစ်စသော ရာထူးများကို ရအပ်လေသည်၊ ငါသည်လည်း ဤသို့သဘောရှိသည့် မင်းစည်းစိမ် အမတ်ကြီးစည်းစိမ်မျိုး အကျိုးပေးနိုင်သည့် ကောင်းမှုကို ပြုလုပ်ပါ၏၊ သင်သည် လနတ်သား, နေနတ်သားဆိုသည်ကို ကြားဘူးပါ၏လော။

**မိတ်ဆွေ။** ။အိမ်း ...ကြားဘူးပါသည်။

**မဃ။** ။ငါသည် အဲဒီ နတ်ရွာလမ်းကြောင်းကို သုတ်သင်နေပါ၏။

**မိတ်ဆွေ။** ။အမောင်မဃ....ဤ သင်ယခုပြောသော ကုသိုလ်ကောင်းမှုကို အမောင် တယောက်သာ ပြုကောင်းပါသလော၊ အခြားသူ တဦးတယောက်ကမူ မပြုကောင်းဘူးလော။

**မဃ။** ။အို မိတ်ဆွေ....ဤကောင်းမှုကို တဦး တယောက်အားမျှ (မပြုကောင်းဘူးဟု) တားမြစ်ချက်မရှိပါ။

**မိတ်ဆွေ။** ။အမောင်မဃ....ယင်းသို့ဖြစ်လျှင် နက်ဖြန်ခါ အမောင်တောသို့သွားသောအခါ ငါ့အားလည်း အသံပေးပါဦး"—

ဤကဲ့သို့ အပြန်အလှန် မေးကြဖြေကြ စကားအပေးအယူ ပြုကြလေသည်။ နောက်တနေ့၌ မဃလုလင်သည် ထို မိတ်ဆွေယောကျ်ားကို ခေါ်၍ တောသို့ သွားလေ၏။ ဤနည်းဖြင့် မစလရွာသား အားကောင်း

WWW.DHAMMARANSI.COM



မောင်းသန် လုလင် (၃၃) သုံးကျိပ် သုံးယောက်တို့သည် မဃလုလင်၏ အတုလိုက်ကာ ကုသိုလ်ကောင်းမှု ပြုဖော်ပြုဖက်များသာ ဖြစ်ကြလေကုန်၏။

ထို မဃလုလင်နှင့်တကွ သုံးကျိပ်သုံးယောက်သော လူတို့သည် တူညီသော ကုသိုလ်ဆန္ဒရှိကြလျက် ကုသိုလ်ကောင်းမှုများကို ပြုလုပ်ကြကာ လှည့်လည်ကျက်စား သွားလာနေထိုင်ကြကုန်၏၊ ပြုလုပ်ကြပုံမှာ–အကြင်အရပ်သို့ သွားရောက်ကြကုန်၏၊ ထိုအရပ်၌ လမ်းခရီးကို သာယာညီညွတ်အောင် ပြုလုပ်ကြသော် တရက်တည်းဖြင့်ပင် ပြီးစီးအောင် အားစိုက်ခွန်စိုက် ပြုလုပ်ကြကုန်၏၊ ရေကန်ကို တူးဖော်ကြသော်၎င်း, စရပ်ကို ဆောက်လုပ်ကြကုန်သော်၎င်း, တံတားနင်းကြမ်းကို ဖွဲ့ချည်တည်ဆောက်ကြသော်၎င်း တရက်တည်းဖြင့်ပင် ပြီးစီးအောင် အားစိုက်ခွန်စိုက် ပြုလုပ်ကြကုန်၏။

## မစလရွာစား လူယုတ်မာ၏အကြံ

ထိုအခါ ထိုလူတို့၏ နေထိုင်ရာ မစလရွာစား၏ စိတ်သန္တာန်ဝယ် "ငါသည် ရှေးအခါက ထိုလူများ သေအရက်သောက်စားကြကုန်သော်၎င်း, တယောက်နှင့်တယောက် ရိုက်နှက်ပုတ်ခတ်သတ်ဖြတ်ခြင်းစသော ရာဇဝတ်မှုများ ပြုလုပ်ကြသော်၎င်း အသပြာကျပ်စသည်အားဖြင့်၎င်း, ဒဏ်တပ်သော အခွန်အတုတ်အားဖြင့်၎င်း (=သေအရက်ရောင်းရ၍ အသပြာတကျပ် နှစ်ကျပ်စသည်, ထိုသူများရာဇဝတ်မှုဖြစ်ပွါး၍ ဒဏ်ငွေ စသည်အားဖြင့်) များစွာသောဥစ္စာကို ရရှိခဲ့၏၊ ယခုအခါ ထိုလူများ ကုသိုလ်ကောင်းမှုပြုသော အချိန်မှ အစပြု၍ ဤမျှသော အတိုးအပွါး ဥစ္စာဟူ၍ မရှိတော့ချေ၊...ကိုင်း....ထိုလူများကို မင်း၏ ရှေ့နန်းတော်၌ အထင်လွဲမှား စိတ်ဝမ်းကွဲပြားအောင် ဂုံးချောစကား ပြောကြားပေတော့အံ့" ဟု အကြံအစည် ဖြစ်ရှိလေ၏။

မစလရွာစား လူယုတ်မာသည် ဤကဲ့သို့ ကြံစည်ပြီးလျှင် မဂဓမင်း ထံမှောက်သို့ သွားရောက်ဆည်းကပ်၍ "မြတ်သောမင်းကြီး....လူဆိုး သူဆိုးများကို တွေ့မြင်နေရပါသည်" ဟု လျှောက်ထားလေ၏။ မင်းကြီး က "အမောင်....အဘယ်အရပ်၌ တွေ့မြင်ရသနည်း" ဟု မေးမြန်းလတ်သော် ရွာစားလူယုတ်မာသည် "မြတ်သောမင်းကြီး....အကျွန်ုပ်၏ မစလရွာ၌ တွေ့မြင်နေရပါသည်" ဟု ပြန်ကြားလျှောက်ထားလေ၏။ "အမောင် ရွာစား....ဘယ်လို လူဆိုးသူဆိုးများ ဖြစ်ကြသနည်း" ဟု မင်းကြီးက မေးလေသော် ရွာစားလူယုတ်မာသည် "အရှင်မင်းမြတ်....

WWW.DHAMMARANSI.COM



ရာဇဝတ်မှု ကျူးလွန်ကြသော လူဆိုးသူဆိုးများ ဖြစ်ကြပါသည်" ဟု ဂုံးတိုက်စကား လျှောက်ထားလေ၏။ တဖန်ဆက်၍ မင်းကြီးက "ယခု ရာဇဝတ်မှု ကျူးလွန်ကြသော လူဆိုး သူဆိုးများသည် အဘယ်အမျိုး အနွယ်ရှိကြသူများ ဖြစ်သနည်း" ဟု မေး၍ ရွာစားလူယုတ်မာက "အရှင်မင်းမြတ်....သူကြွယ်အမျိုးဇာတ် ရှိကြသူများဖြစ်ကြပါသည်"ဟု လျှောက်ထားလေလျှင် မင်းကြီးသည် "သူကြွယ်မျိုးဇာတ် ရှိသူတို့သည် အဘယ်အမှု ပြုနိုင်ကုန်ချိမ့်နည်း၊ မောင်မင်းသည် သိပါလျက် အဘယ့် ကြောင့် ငါ့အား စောစီးစွာ မလျှောက်ထားသနည်း"ဟု မေးလေ၏။ "မြတ်သောမင်းကြီး .... အကျွန်ုပ်သည် ထိုလူဆိုးသူဆိုးများ အန္တရာယ် ပြုမည်မှ ကြောက်လန့်သောကြောင့် စောစီးစွာ မလျှောက်ထား မိပါ၊ ယခုအခါ အကျွန်ုပ်အပြစ် ပြုတော်မမူပါလင့်" ဟု လူယုတ်မာ ရွာစားက ယုံကြည်လောက်အောင် ပြောကြားလေလျှင် မင်းကြီးသည် "ဤ ရွာစားသည် ငါ့အား အခိုင်အမာစကား ရဲရဲစွာ ပြောကြား၏"ဟု ရွာစား (=သူကြီး) အား ယုံကြည်၍ "ထိုသို့ဖြစ်လျှင် ယခုပင် သွားလော့၊ သင့်ကိုယ်တိုင်ပင် ထိုလူဆိုး သူဆိုးများကို ဖမ်းဆောင်ယူ ခဲ့ရမည်" ဟု မိန့်ဆိုကာ စစ်သည်ဗိုလ်ပါကို အကူပေး၍ စေလွှတ်လိုက် လေ၏။

## မဃလုလင်တို့အဖွဲ့ အဖမ်းခံရခြင်း

ယုတ်မာသောရွာစား (=သူကြီး)သည် မစလရွာသို့ ပြန်သွား၍ တနေ့ပတ်လုံး တောအရပ်၌ ကုသိုလ်မှုပြုလုပ်ကြပြီးလျှင် ညစာစားပြီး နောက် ရွာ၏အလယ်၌ စည်းဝေးထိုင်နေကြ၍ "နက်ဖြန်ခါ အဘယ် ကောင်းမှုကို ငါတို့ပြုကြရပါမည်နည်း၊လမ်းခရီးကိုတည်း ညီညွတ်အောင် ပြုလုပ်ကြရမည်လော၊ ရေကန်ကိုတည်း တူးကြရမည်လော၊ တံတား နင်းကြမ်းကိုတည်း ဖွဲ့ချည်တည်ဆောက်ကြရမည်လော" ဟု တိုင်ပင် ဆွေးနွေးနေကြသည်သာဖြစ်သော ထိုမဃလုလင်အမှူးပြုသည့် သုံးကျိပ် သုံးဦးသောလူတို့ကို ဝိုင်းရံ၍ "မလှုပ်ကြနှင့်၊မင်း၏အာဏာဖြစ်သည်"ဟု ပြောဆိုကာ ဖမ်းဆီးတုပ်နှောင်၍ မင်းထံသို့ ခေါ်ဆောင်သွားလေ၏။

ထိုအခါ ထိုလုလင်တို့၏ အိမ်ရှင်မိန်းမတို့သည် "မယ်မင်းတို့၏အရှင် သခင် လင်ယောကျ်ားတို့ကို ရာဇဝတ်မှုကျူးလွန်ကြသည့် လူဆိုးသူဆိုး များဟု ဖမ်းဆီးတုပ်နှောင် ခေါ်ဆောင်သွားအပ်ကုန်ပြီ" ဟူသော သတင်းစကားကို ကြားသိကြ၍ "အလွန်ကြာမြင့်စွာကပင် လိမ်လည် ကောက်ကျစ်သူများ ဖြစ်ကြလေသည်၊ ထိုမောင်တို့သည် 'ကုသိုလ်

WWW.DHAMMARANSI.COM



ကောင်းမှု ငါတို့ပြုကြသည်’ဟု လိမ်လည်လှည့်ဖြား ပြောကြားကြကာ နေ့စဉ်နေ့စဉ် တော၌သာ နေထိုင်ကြကုန်၏၊ အလုံးစုံသော အိမ်မှုကိစ္စများ ပျက်ပြားဆုတ်ယုတ်ခဲ့ကုန်၏၊ အိမ်၌ တစုံတရာသော အကျိုးမျိုး တိုးတက်ခြင်းမရှိချေ၊ (သို့ရကား) တုပ်နှောင် ဖွဲ့ချည်အပ်ကုန်သည်မှာ လွန်စွာကောင်းလှ၏၊ ဖမ်းဆီးအပ်ကုန်သည်မှာ လွန်စွာကောင်းလှ၏။ (ဖွဲ့ချည်တုပ်နှောင် ဖမ်းဆီးခေါ်ဆောင်ခံရတာပဲ ကောင်းတယ်)”ဟု အပြစ်တင်စကား ပြောကြားကြကုန်၏။

**ဆင်ကိုအနင်းခိုင်း၍ သတ်ရန်စီမံခြင်း**

လူယုတ်မာရွာစား(=သူကြီး)သည်လည်း ထိုမဃလုလင်တို့ အဖွဲ့ကို ဖမ်းဆောင်၍ မင်းကြီးအား ပြသလေ၏၊ မင်းကြီးသည် မစုံးစမ်း မဆင်ခြင်ပဲသာလျှင်“ဆင်ကိုအနင်းခိုင်း၍ ထိုသူများကို သတ်စေကုန်လော့” ဟု အမိန့်ချမှတ်လေသည်။ ထိုမဃလုလင်အဖွဲ့ကို ဆင်ဖြင့်နင်းသတ်မည့် နေရာသို့ ခေါ်ဆောင်အပ်လေလျှင် မဃလုလင်သည် ကျန်သောလုလင် တို့ကို“အမောင်တို့....ငါ့စကားကို လိုက်နာနိုင်ကြပါမည်လော”ဟု မေးမြန်းလေ၏။ ကျန်သောလုလင်တို့က “အမောင်မဃ....မောင့်စကားကို လိုက်နာကြစဉ်ပင် ဤယခု သေဘေးသို့ ငါတို့ရောက်ခဲ့ကြရပြီ၊ ဤသို့ပင် ဖြစ်သော်လည်း မောင့်စကားကို လိုက်နာမြဲ လိုက်နာကြပါကုန်အံ့၊ အို အမောင်မဃ....အမောင်ပြောပါလော့၊ အဘယ်အမှုကို ကျွန်ုပ်တို့ ပြုကြရမည်နည်း”ဟု ပြောဆိုကြလေလျှင် မဃလုလင်သည် “အိုအမောင် တို့........ဤသံသရာဝဋ်အတွင်းဝယ် ကျင်လည်ကုန်သောသူတို့ အဖို့အရာ ဤကဲ့သို့ ဘေးရောက်ကြမြဲဓမ္မတာ ဖြစ်ပါသည်၊ အမောင်တို့သည်(ထိုလူယုတ်မာရွာစား(=သူကြီး)ပြောသည့်အတိုင်း) ခိုးသူတို့ ဧကန်စင်စစ် ဖြစ်ကြသလော”ဟု မေးမြန်းလေ၏။ ကျန်သောလုလင်တို့က “ငါတို့သည် ခိုးသူတို့မဟုတ်ကြပါကုန်”ဟု ပြန်ကြားပြောဆိုကြလေလျှင် မဃလုလင်သည် “အမောင်တို့....သစ္စာဆိုမှုပြုခြင်းသည် ဤလောကကြီး၏ မှီခိုရာကြီးဖြစ်ပါသည်၊ ထို့ကြောင့် အမောင်တို့အားလုံးပင် ‘အကယ်၍ အကျွန်ုပ်တို့သည် (ရွာစားသူကြီး ပြောသည့်အတိုင်း)ခိုးသူတို့မှန်ကြပါလျှင် ဆင်တော်သည် ငါတို့ကို နင်းပါစေသတည်း၊ အကယ်၍ ခိုးသူတို့ မဟုတ်သည်မှန်ပါမူ ဆင်တော်သည် မနင်းပါစေသတည်း’ဟု သစ္စာဆိုမှုကို ပြုကြလော့”ဟူ၍ အကြံပေးစကား ပြောကြားလေ၏။

ထိုသုံးကျိပ်သုံးယောက်သော လုလင်တို့သည် မဃလုလင်ပြောကြားသည့်အတိုင်း သစ္စာဆိုမှုပြုကြလေလျှင် ဆင်တော်သည် နင်းဖို့ရန်ဝေး

WWW.DHAMMARANSI.COM



စွာ မဃလုလင်တို့အဖွဲ့အနီးသို့ ကပ်ရောက်ရန်ပင် မစွမ်းနိုင်ပဲ ကြောက်ရွံ့သောအသံကို ဟစ်အော်လျက် တိမ်းရှောင်ထွက်ပြေးလေ၏။ နောက်တဖန်ဆင်တော်ကို သံချွန်တပ်သော နားရင်းတုတ်, မှိန်း, ချွန်း တို့ဖြင့် ထိုးဆွထိန်းအုပ် တဖန်ကပ်ရောက်ရန် ပြုလုပ်ကြသော်လည်း မဃလုလင်တို့အဖွဲ့အနီးသို့ ကပ်ရောက်စေရန် မင်းချင်းဆင်ထိန်းများ မတတ်နိုင်ပဲ ရှိကြလေ၏။

"ဆင်တော်ကို မဃလုလင်တို့အဖွဲ့အနီးသို့ ကပ်ရောက်စေရန် မတတ်နိုင်ကြပါကုန်"ဟု မင်းချင်းတို့က မင်းကြီးအား လျှောက်ထားကြလေလျှင် မင်းကြီးသည် "ထိုသို့ဖြစ်လျှင် ထိုသူများ၏အထက်၌ ဖျာဖြင့်အုပ်ဖုံး၍ ဆင်တော်ကို နင်းစေကြရမည်"ဟု မိန့်ပြန်လေ၏။ မင်းကြီး၏ အမိန့်အတိုင်း မဃလုလင်တို့အထက်၌ ဖျာကို အုပ်ဖုံးအပ်လေသော် ဆင်တော်သည် ရှေးကထက် နှစ်ဆတိုး၍ ကြောက်ရွံ့သော အသံကို ဟစ်အော်လျက် တိမ်းရှောင်ထွက်ပြေးလေ၏။

## မင်းကြီးအမြင်မှန်ရ၍ မဃလုလင်တို့အဖွဲ့ကို ရွာစားခန့်အပ်ကာ ဆုလာဘ်များစွာပေးခြင်း

မင်းကြီးသည် ထိုအကြောင်းကိုကြားသိ၍ ဂုံးချောသမား လူယုတ်မာ ရွာစား(=သူကြီး)ကို ရှေ့တော်သို့ အခေါ် ခိုင်းပြီးလျှင်"အမောင်ရွာစား....ဆင်တော်က ထိုသူများကို မနင်းလိုဆိုပါတကား"ဟု မိန့်ကြားလေ၏။ ဂုံးချောသမား လူယုတ်မာ ရွာစား(=သူကြီး)က"မှန်ပါသည် အရှင်မင်းကြီး....ထိုသူတို့အနက် အကြီးအကဲဖြစ်သူ (မဃ)လုလင်သည် ဆင်မနင်းဝံ့သော မန္တာန်ကို တတ်သိသူဖြစ်ပါသည်၊ ဤယခု ဆင်တော် မနင်းဝံ့ခြင်းသည် မန္တာန်၏အာနုဘော်ဖြစ်ပါသည်"ဟု လျှောက်ထားလေလျှင် မင်းကြီးသည် မဃလုလင်ကို ရှေ့တော်သို့ခေါ် စေ၍"အမောင့်အား ဆင်မနင်းဝံ့သော မန္တာန်ရှိသတဲ့၊မှန်သလား"ဟု မေးလေ၏။

ထိုအခါ မဃလုလင်က "အရှင်မင်းမြတ်....အကျွန်ုပ်မှာ ဆင်မနင်းဝံ့သော မန္တာန်မရှိပါ၊ စင်စစ်သော်ကား အကျွန်ုပ်တို့သည် 'အကယ်၍ ငါတို့သည် မင်းကြီး၏ ရန်သူလူဆိုးသူဆိုးများ ဖြစ်ကြပါလျှင် ဆင်တော်သည် နင်းပါစေသတည်း၊ မင်းကြီး၏ရန်သူ လူဆိုးသူဆိုးများ မဟုတ်ကြသည် မှန်ပါလျှင် ဆင်တော်သည် မနင်းပါစေသတည်း'ဟု သစ္စာဆိုမှုကို ပြုကြပါသည်၊ ဤယခု ဆင်တော်မနင်းခြင်းသည် သစ္စာဆိုမှု၏ အာနုဘော်ဖြစ်ပါသည်" ဟု လျှောက်ဆိုလေ၏။ ထိုအခါ မင်းကြီးက " အမောင်မဃ.... အမောင်တို့သည် အဘယ်အမှုကို ပြုကြကုန်

WWW.DHAMMARANSI.COM



သနည်း” ဟု မေးလေလျှင် မဃလုလင်သည် “အရှင်မင်းမြတ်.... အကျွန်ုပ်တို့သည် မညီညွတ်သော ခရီးကို ညီညွတ်အောင် ပြုလုပ်ကြပါသည်၊ လမ်းလေးဆုံ၌ လူသူလေးပါး နားနေအပန်းဖြေရန် စရပ်ကို တည်ဆောက်ကြပါသည်၊ ရေကန်ကို တူးကြပါသည်၊ တံတားနင်းကြမ်းကို ဖွဲ့ချည်တည်ဆောက်ကြပါသည်၊ ဤသို့သဘောရှိသော ကောင်းမှုကုသိုလ်များကို ပြုကြကာ လှည့်လည်ကျက်စား သွားလာနေထိုင်ကြပါသည်” ဟူ၍ အကျယ်တဝင့် ပြန်ကြားလျှောက်ထားလေ၏။

“အမောင်မဃ....အမောင်တို့ကို ဤရွာစား(=သူကြီး)က အဘယ့်ကြောင့် ဂုံးချောစကား ပြောကြားသနည်း” ဟု မင်းကြီးက မေးလေလျှင် မဃလုလင်သည် “အရှင်မင်းကြီး....ဤရွာစား(=သူကြီး)သည် အကျွန်ုပ်တို့ မူးယစ်သောက်စား ပျော်ပါးမေ့လျော့နေသောအခါ ဤမည် ဤမည်သော ဥစ္စာများကို ရပါသည်၊ အကျွန်ုပ်တို့ ယခုကဲ့သို့ မမေ့မလျော့သောအခါ ထိုဥစ္စာများကို ရရှိမှု အလှူင်းပင်မရှိတော့ပါ၍ ဤအကြောင်းကြောင့် ဂုံးချောစကား ပြောကြားပါသည်”ဟုလျှောက်ထားလေ၏။

ထိုအခါ မင်းကြီးသည် မဃလုလင်ကို “အမောင်မဃ.... ဤဆင်တော်သည် တိရစ္ဆာန်ပင်ဖြစ်လင့်ကစား အမောင်တို့၏ဂုဏ်ကျေးဇူးကို သိပေ၏၊ ငါတမူကား လူသားစင်စစ် ဖြစ်ပါလျက်လည်း အမောင်တို့၏ ဂုဏ်ကျေးဇူးကို မသိခဲ့ချေ၊ အမောင်တို့၏ နေထိုင်ရာ မစလရွာကို အမောင်တို့အားပင် တဖန်ရုပ်သိမ်းမှု မပြုပဲ အပိုင်စား ပေးသနားပါ၏၊ ဤဆင်တော်သည်လည်း အမောင်တို့၏ ဆင်ပင်ဖြစ်စေ၊ ဂုံးချောသမား ရွာစားသူကြီးဟောင်းသည်လည်း အမောင်တို့၏ပင် ကျွန်ဖြစ်စေ၊ ဤအခါမှစ၍ ငါ့အတွက်လည်း ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြပါ”ဟု ပြောဆို၍ ဥစ္စာများစွာကို ဆုလာဘ်အဖြစ် ပေးအပ်ကာ မဃလုလင်တို့တဖွဲ့လုံးကို လွှတ်လိုက်လေ၏။

ထိုမဃလုလင်တို့အဖွဲ့သားများသည် မင်းကြီးပေးလိုက်သော ဥစ္စာကို ယူခဲ့ကြ၍ တယောက်တလှည့်စီ ဆင်ကိုစီးကြကာ သွားကြကုန်စဉ် “အမောင်တို့....ကုသိုလ်ကောင်းမှုမည်သည်ကို လာလတ္တံ့သော အနာဂတ် ဘဝအတွက် ပြုလုပ်အပ်ပေ၏၊ ငါတို့အဖို့မှာမူ ရေအတွင်း၌ ကြာညိုပန်း ပွင့်သကဲ့သို့ ဤယခုဘဝကိုယ်အဖြစ်၌ပင် ကောင်းကျိုးကို ပေးခဲ့လေပြီ၊ ယခုအခါ ရှေးကထက်တိုး ဆတပိုးလျှင် ကုသိုလ်ကောင်းမှုကို ပြုကြကုန်စို့”ဟု တိုင်ပင်စကား ပြောကြားကြကုန်၏။ တဖန်ဆက်၍

WWW.DHAMMARANSI.COM



"အဘယ်သို့သော ကုသိုလ်ကောင်းမှု ပြုကြမည်နည်း" ဟူ၍ ရှေးနည်း တိုင်ပင်ကြပြန်လေလျှင် "လမ်းလေးဆုံ၌ အခိုင်အမာ ထာဝရပြု၍ လူများ အပေါင်း၏ အပန်းဖြေစရပ်ကြီး တဆောင် ဆောက်လုပ်ကြကုန်အံ့၊ အထူးအားဖြင့်ကား ငါတို့၏ အိမ်ရှင်မများနှင့် ကုသိုလ်ကောင်းမှု အဖို့ရေစက်မပါအောင် ဆောက်လုပ်ကြကုန်အံ့၊ မှန်ပါပေသည် – ငါတို့ကို 'လူဆိုးသူဆိုးများ' ဟု ပြောဆိုကာ မတရား ဖမ်းဆောင်အပ်ကုန်သည်ရှိသော် ငါတို့၏ အိမ်ရှင်မိန်းမများတွင် တယောက်မျှလည်း လွတ်မြောက်ဖို့ရန် အကြံအစည်ကိုမျှ မပြုကြပဲ 'ကောင်းစွာဖွဲ့နှောင် အပ်ကုန်ပြီ၊ ကောင်းစွာဖမ်းဆီးအပ်ကုန်ပြီ=အဖွဲ့အနှောင် ခံကြရဒါပဲ ကောင်းတယ်၊ အဖမ်းအဆီး ခံကြရဒါပဲ ကောင်းတယ်'ဟု ဝမ်းမြောက်စကား ပြောကြား လကြွခဲ့ကြလေကုန်ပြီ၊ သို့ရကား ထိုအိမ်ရှင်မိန်းမများအား ကုသိုလ်ကောင်းမှု အဖို့ဝေစုကို မပေးကြစတမ်း" ဟု သဘောတူ တိုင်ပင်ဆုံးဖြတ်ကြလေကုန်၏။

## အပန်းဖြေစရပ်ကြီး ဆောက်လုပ်ကြခြင်း

ထိုသုံးကျိပ်လေးဦးသော "မဃလုလင်" အဖွဲ့သားတို့သည် မိမိတို့၏ အိမ်များသို့ ရောက်ရှိကြလေသော် ဆင်တော်အား နေ့စဉ်နေ့စဉ် ထမင်းတလုပ်စီ မြက်တဆုပ်စီ ပေးကြလေ၏၊ ထိုထမင်းတလုပ်စီ မြက်တဆုပ်စီသည် ဆင်တော်အတွက် ဝမ်းပြည့်အောင် လုံလောက်လေသည်။ ထို "မဃလုလင်" အဖွဲ့သားတို့သည် တောသို့ဝင်၍ သစ်ပင်တို့ကို ခုတ်လှဲကြကုန်၏၊ ခုတ်ပြီး ခုတ်ပြီးတိုင်းသော သစ်ပင်များကို ဆင်တော်သည် ဆွဲ၍ လှည်းလမ်းအနီး၌ ချထားလေ၏။ ထို "မဃလုလင်" အဖွဲ့သားတို့သည် သစ်ပင်များကို ရွေကြ၍ အပန်းဖြေစရပ်ကြီး တည်ဆောက်မှုကို စတင်အားထုတ်ကြလေကုန်၏။

မဃလုလင်၏ အိမ်၌ မသုဇာ, မသုဓမ္မာ, မစိတ္တာ, မနန္ဒာဟူ၍ မယားလေးယောက်တို့ ရှိကြလေသည်၊ ထိုလေးယောက်တို့ အနက် သုဓမ္မာသည် လက်သမားဆရာကြီးကို "အိုဖခင်.... ဤကိုမဃတို့ သူငယ်ချင်း သုံးကျိပ်လေးဦးတို့သည် နံနက်စောစောပင် တောသို့သွားကြ၍ ညချမ်းကာလမှ အိမ်သို့ ပြန်လာကြပါသည်၊ အဘယ်အမှုကို ပြုကြပါသနည်း" ဟု မေးမြန်းလေ၏။ လက်သမား ဆရာကြီးက "အမိ....မဃလုလင်တို့ သူငယ်ချင်း သုံးကျိပ်လေးဦးတို့သည် အပန်းဖြေစရပ်ကြီး ဆောက်လုပ်နေကြပါသည်"ဟု ပြောလေလျှင် သုဓမ္မာသည်"အိုဖခင်.... ကျွန်တော်မအားလည်း အပန်းဖြေစရပ်ကြီးအတွက် ကုသိုလ်ကောင်းမှု

WWW.DHAMMARANSI.COM



အဖို့အစုပါအောင် ပြုလုပ်ပေးပါလော့" ဟူ၍ တောင်းပန်စကား ပြောကြားလေ၏။ ထိုအခါ လက်သမားဆရာကြီးက "အိုအမိ.... 'အိမ့်ရှင်မိန်းမတို့နှင့် ကုသိုလ်ကောင်းမှု အဖို့ရေစက်မပါအောင် ဆောက်လုပ်ကြမည်' ဟု ထိုမဃတို့ အဖွဲ့သားများက ပြောကြားကြပါသည်" ဟု ဆိုလေလျှင် သုဓမ္မာအိမ့်ရှင်မသည် လက်သမားဆရာကြီးအား အသပြာ ရှစ်ကျပ် လက်ဆောင်တံစိုးပေး၍ "အိုဖခင်.... တနည်းနည်းဖြင့် ကျွန်တော်မအတွက် ကုသိုလ်ကောင်းမှု အဖို့ရေစက်ပါအောင် ပြုလုပ်ပေးပါလော့" ဟု တောင်းပန်စကား ပြောကြားလေ၏။

လက်သမားဆရာကြီးသည် "ကောင်းပြီ အမိ...." ဟု ပြောဆို၍ အလျှင်လက်ဦး ပဲခွပ်=ခေါးဖ ပုဆိန်များကို ယူဆောင်လျက် ရွာအလယ်၌ ရပ်တည်ကာ "အမောင်တို့.... အသို့နည်း=ဘယ့်နှယ်လဲ၊ ယနေ့ယခုအချိန်၌သော်လည်း ရွာမှ မထွက်ကြသေးဘူးလော" ဟု ကျယ်လောင်ဟစ်အော် နှိုးဆော်သော အသံကိုပြု၍ "အားလုံးသော အဖွဲ့သားများ ခရီးသို့ တက်ရောက်ကြပြီ" ဟု သိရှိလတ်သော် "အမောင်တို့.... သင်တို့သည် သွားနှင့်ကြဦးလော့၊ ငါ့အဖို့ရာ နှောင့်နှေးဖွယ်ရာကိစ္စတခု ရှိနေပါသည်" ဟု ပြောဆိုကာ ထိုအဖွဲ့သား သုံးကျိပ်လေးယောက်တို့ကို ရှေ့ကသွားနှင့်အောင် ပြုလုပ်၍ မိမိကမူ အခြားခရီးတခုသို့ သွား၍ အထွတ်ပြုလုပ်ရန် သင့်လျော်ကျက်ပတ်သော (=ပိန္နဲတိုင်ပြုလုပ်ရန် သင့်လျော်သော) သစ်ပင်ကို ခုတ်လှဲကာ ရွေ၍ ချောပြေအောင် ပြုလုပ်ပြီးလျှင် ရွာသို့ယူဆောင်ခဲ့၍ သုဓမ္မာအိမ့်ရှင်မ၏အိမ်၌ "ကျွန်ုပ်က 'ပေးလိုက်ပါ' ဟု ပြောဆိုသောနေ့၌ အိမ်မှထုတ်၍ ပေးလိုက်လော့" ဟု ပြောဆိုမှာတမ်း၍ ထားခဲ့လေ၏။

ထို့နောက် သစ်အဆောက်အဦများ စုဆောင်းခြင်းကိစ္စ ပြီးစီးလတ်သော် မြေတွင်းဝန်းခြင်း မြေသုတ်သင်ခြင်း အမှုမှစ၍ အကျည်ဖွဲ့ခြင်း=အောက်အခြေခံ အုတ်ခုံတည်ဆောက်ခြင်း, သည်တိုင်စိုက်ထူခြင်း, ထုပ်လျောက်တင်ခြင်း, (အထွတ်တင်သည့်အခါ တက်ရောက်ဖွယ်ရာ) ငြမ်းဖွဲ့ခြင်း အမှုများကို ပြုလုပ်ပြီးစီးလတ်လျှင် လက်သမားဆရာကြီးသည် အထွတ်တင်စရာငြမ်း၌ ထိုင်၍ အရပ်လေးမျက်နှာတို့မှ အခြင်ယနယ်များကို ချိမလျက် "အမောင်တို့... ငါတို့ တခုမေ့နေသည့်အရာရှိ၏" ဟု စကား စ-လိုက်လေ၏။ အဖွဲ့သားတို့က "အို လက်သမားဆရာကြီး....အဘယ်အရာကို မေ့နေပါသနည်း၊ သင်ဆရာကြီးသည် အလုံးစုံကိုပင် မေ့လျော့ဘိ၏" ဟု အပြစ်တင်စကား ပြောကြားကြ

WWW.DHAMMARANSI.COM



လေလျှင် လက်သမားဆရာကြီးသည် (ထိုသူတို့ အပြစ် တင်ချက်ကို လျစ်လျူရှု၍) "အမောင်တို့... ဤ အခြင်ယနယ်များသည် အဘယ်၌ သွားရောက်ပေါင်းစုတည်ကြမည်နည်း၊ အခြင်ယနယ်များ ပေါင်းစု၍ တည်နေရာအတွက် (=ပိန္နဲတိုင်)မည်သည်ကို ရမှသင့်မည်"ဟု ပြောဆို လေ၏။ "အို လက်သမားဆရာကြီး... ယခု အချိန်ကျမှ အဘယ်က ရနိုင်မည်နည်း" ဟု ပြောကြလေလျှင် လက်သမားဆရာကြီးသည် "အမျိုးတို့၏ အိမ်၌ ရနိုင်ဖွယ်ရာရှိပါ၏၊ အိမ်ပေါက်စေ့ လှည့်လည်၍ မေးမြန်းကြပါလော့"ဟု ပြောဆိုလေ၏။

မဃလုလင် အဖွဲ့သားတို့သည် ရွာတွင်းသို့ဝင်၍ မေးမြန်းကြလေ သော် သုဓမ္မာအမျိုးသမီးအိမ်ဝ၌ ရပ်တည်ကြ၍ "ဤအိမ်၌ အထွတ် ပြုရန် သစ်သားရှိသလော" ဟု မေးကြလေကုန်၏။ သုဓမ္မာအမျိုး သမီးက "ရှိပါသည်" ဟု ဆိုခလေလျှင် မဃလုလင်အဖွဲ့သားတို့သည် "ယခု အဖိုးကို ယူပါလော့" ဟု ပြောဆိုကြလေ၏။ "တန်ဖိုးကို မယူလိုပါ၊ အကယ်၍ ကျွန်တော်မအတွက်တာ ကုသိုလ်ကောင်းမှုအဖို့ ဝေစုကို ပြုကြပါလျှင် ဤအထွတ်ပြုရန် သစ်သားကို ပေးပါမည်" ဟု ဆိုလေလျှင် မဃလုလင်အဖွဲ့သားတို့သည် "အမောင်တို့....လာကြလော့၊ မာတုဂါမအားတော့ ဘယ်လိုနည်းဖြင့်မှ အဖို့ဝေစုကို မပြုနိုင်ကုန်၊ တောသို့ သွားရောက်၍ အထွတ်ပြုလောက်သော သစ်ပင်ကို ခုတ်လှဲ ကုန်အံ့"ဟု ပြောဆိုကြကာ ရွာမှ ထွက်ခဲ့ကြကုန်၏။

ထိုအခါ လက်သမားဆရာကြီးက "အမောင် တို့.... အသို့နည်း= ဘယ့်နှယ်လဲ၊အထွတ်ပြုရန်သစ်သားကို မရခဲ့ဘူးလော"ဟု မေးလေလျှင် မဃလုလင် အဖွဲ့သားတို့သည် ထိုအကြောင်းကို ပြန်ကြား ပြောဆိုကြ လေကုန်၏။ လက်သမားဆရာကြီးသည် အထွတ်တင်ရန် (ဖွဲ့ချည်ထား သည့်)မြမ်း၌ ထိုင်နေရင်းကပင် ကောင်းကင်ကို မော်ကြည့်၍ "အို အမောင်တို့....ယနေ့ နက္ခတ်အချိန် အလွန်ကောင်းလှပါသည်၊ ဤနက္ခတ် အချိန်မျိုးကို နောက်တနှစ်ကျော်မှ ရနိုင်ပါသည်၊ အမောင်တို့သည် လည်း သစ်အဆောက်အဦများကို ဆင်းဆင်းရဲရဲ ဆောင်ယူအပ်ခဲ့ကုန် ပြီ၊ ထို သစ်အဆောက်အဦများသည် တနှစ်လုံးလုံးထားခဲ့လျှင် ဤ နေရာ၌ပင် ပုပ်၍ ဆွေး၍ သွားကြပေလိမ့်မည်။ နတ်ပြည်၌ဖြစ်သော အခါဝယ် ထို သုဓမ္မာအမျိုးသမီးအတွက်လည်း တထောင့်တကွေးက ဗိမာန်စရပ် ဖြစ်ပါစေ၊ ထို သုဓမ္မာအမျိုးသမီးအိမ်က အထွတ်သစ်ကိုပင် ယူဆောင်ခဲ့ကြပါကုန်လော့"ဟု ပြောဆိုလေ၏။

WWW.DHAMMARANSI.COM



သုဓမ္မာအမျိုးသမီးသည်လည်း ထိုမဃလုလင်အဖွဲ့သားတို့ တဖန်ပြန်၍ မလာကြမီပင် အထွတ်၏ အောက်အပြင်၌ "ဤစရပ်သည် သုဓမ္မာစရပ်မည်၏" ဟု အက္ခရာကမ္ဗည်းတို့ကို ထွင်းစေပြီးလျှင် ထိုနေရာကို အဝတ်အသစ်ဖြင့် ရစ်ပတ်ဖုံးအုပ်၍ ထားနှင့်လေ၏။ စရပ်ဆောက်လုပ်သောသူတို့သည် လာကြ၍ "အိုသုဓမ္မာ....အထွတ်ကို ယူဆောင်ခဲ့ပါလော့၊ ဖြစ်လိုရာဖြစ်ပါစေတော့၊ သင့်အားလည်း ကုသိုလ်ကောင်းမှုအဖို့ရအောင် ပြုကြကုန်အံ့" ဟူ၍ ပြောဆိုကြလေ၏။ သုဓမ္မာအမျိုးသမီးသည် အထွတ်သစ်သားကို အိမ်မှထုတ်ဆောင်၍ "အမောင်တို့...အခြင်ယနယ် ရှစ်လုံးဖြစ်စေ တဆယ့်ခြောက်လုံးဖြစ်စေ တင်၍ မပြီးသေးမီ ဤ အဝတ်ကို မဖြေကြပါကုန်လင့်" ဟု မှာတမ်းပြောဆို၍ ပေးလိုက်လေ၏။

ထိုစရပ်ဆောက်လုပ်သော သူတို့သည် "ကောင်းပြီ" ဟု ဝန်ခံကြ၍ ယူဆောင်သွားကြပြီးလျှင် အခြင်ယနယ်တို့ကို တင်ပြီးမှ အုပ်ထားသောအဝတ်ကို ဖြေကြလေကုန်၏။ မျက်စိအမြင်စူးရှသောရွာကြီးသားလူတယောက်သည် အထက်သို့ မော့်၍ ကြည့်ရှုလတ်သော် အက္ခရာကမ္ဗည်းတို့ကို မြင်လတ်၍ "အမောင်တို့....ဤအရာကား အဘယ်နည်း=ဘာနည်း" ဟု ပြောဆို၍ စာဖတ်တတ်သူ လူတယောက်ကို ခေါ်ပြလေ၏။ ထိုစာဖတ်တတ်သူသည် "ဤစရပ်သည် သုဓမ္မာစရပ်မည်၏" ဟု ပြန်ကြားပြောဆိုလေ၏။

ထိုအခါ မဃလုလင်တို့အဖွဲ့သားများသည် "အမောင်တို့ .... ထိုအထွတ်ကို ဖယ်ရှားကြလော့၊ ငါတို့သည် အစမှ စ၍ စရပ်ကို ဆောက်လုပ်ကြပါလျက် အမည်မျှကိုလည်း မရကြကုန်၊ ဤ သုဓမ္မာအမျိုးသမီးသည် တတောင်မျှလောက်သော အထွတ်သစ်သားဖြင့် စရပ်တဆောင်လုံးကို မိမိအမည်ဖြင့် (ခေါ်တွင်ရအောင်) ပြုလုပ်စေ၏" ဟု ကျယ်လောင်စွာ ဟစ်အော် ပြောဆိုကြလေကုန်၏။ လက်သမားဆရာကြီးသည် ထိုလူတို့ ကျယ်လောင်စွာဟစ်အော် ပြောဆိုနေကြကုန်စဉ်ပင် အခြင်ယနယ်တို့ကို သွင်း၍ မယ်န (=ဗရစ်) များကို အပြီး ရိုက်နက်ကာ စရပ်ကြီးဆောက်လုပ်မှုကို ပြီးဆုံးစေလေ၏။

မဃလုလင်အဖွဲ့သားများသည် ဆောက်လုပ်ပြီးသော အပန်းဖြေစရပ်ကြီးကို သုံးပုံ သုံးပိုင်း ခွဲခြားကန့်သတ်မှု ပြုကြကုန်၏—(၁) တပုံ တစု၌ မင်းအစိုးရများ နေထိုင်ရာအရပ်ကို ပြုကြကုန်၏၊ (၂) တပုံ

WWW.DHAMMARANSI.COM



တစု၌ ဆင်းရဲသားများနေထိုင်ရာ အရပ်ကို ပြုကြကုန်၏၊ (၃) တပုံ တစု၌ မမာမကျန်းသူများ နေထိုင်ရာ အရပ်ကို ပြုကြကုန်၏။

## စရပ်ကြီး၌ တာဝန်အသီးသီး ခွဲထားပုံ

အဖွဲ့သား သုံးကျိပ်သုံးယောက်တို့သည် ပျဉ်ချပ်အခင်း သုံးဆယ့်သုံးခုတို့ကို ခင်းထားကြ၍ မင်းကြီးပေးလိုက်သောဆင်အား "အမောင်ဆင်တော်....ဧည့်သည်သည် လာရောက်၍ အကြင်သူ၏ ပျဉ်ချပ်အခင်း၌ ထိုင်နေ၏၊ ထိုဧည့်သည်ကို ခေါ်ဆောင်၍ ပျဉ်ချပ်အခင်းရှင်၏ အိမ်သို့သာ ပို့ပါလော့၊ ထိုဧည့်သည်တော်၏ အတွက် ခြေဆုပ်လက်နယ်ပြုမှုခံဖွယ်ဘောဇဉ် ကျွေးမွေးမှု အိပ်ရာနေရာ ပေးမှုတည်းဟူသော အလုံးစုံသော ဧည့်ဝတ်များသည် ပျဉ်ချပ်ရှင်၏သာ တာဝန်ဖြစ်ပေလိမ့်မည်" ဟု အချက်အမှတ်ပြုကာ သင်ကြားထားကြလေကုန်၏။ ဆင်တော်သည် လာတိုင်း လာတိုင်းသော ဧည့်သည်ကို ခေါ်ဆောင်၍ ပျဉ်ချပ်အခင်းရှင်၏အိမ်သို့ ပို့ဆောင်လေ၏၊ ပျဉ်ချပ်အခင်းရှင်သည် ဧည့်သည်၏ အတွက် ထိုနေ့အဖို့ရာ ပြုဖွယ်ဧည့်ဝတ်များကို အပြည့်အစုံပြုလုပ်လေ၏။

## မဃလုလင်တို့အိမ်သားစု၏ ကုသိုလ်များ

(၁) မဃလုလင်သည် အပန်းဖြေ စရပ်ကြီးမှ မနီးမဝေးသော အရပ်၌ ပင်လယ်ကသစ်ပင်ကို စိုက်ပျိုးစေ၏၊ ထို ပင်လယ်ကသစ်ပင်၏ အရင်း၌ ကျောက်ဖျာကြီးကိုလည်း ခင်းထားစေ၏။ (၂) မဃလုလင်၏ နန္ဒာမည်သော အိမ့်ရှင်မသည် စရပ်ကြီးမှ မနီးမဝေးသော အရပ်၌ ရေကန်ကြီးကို တူးဖော်စေ၏။ (၃) စိတ္တာမည်သော အိမ့်ရှင်မသည် စရပ်ကြီးမှ မနီးမဝေးသော အရပ်၌ ပန်းဥယျာဉ်ကို စိုက်ပျိုးစေ၏။

(၄) အိမ့်ရှင်မ အကြီးဆုံးဖြစ်သူ သုဇာသည်ကား ကြေးမုံ(မှန်)ကို စွဲကိုင်ကာ မိမိကိုယ်ခန္ဓာ အတ္တဘောကို တန်းဆာဆင်လျက်သာ (ကုသိုလ်မှု မပြုပဲ) ဖာဝင့်ကြွားကြွား ကျက်စားလှည့်လည်၍သာ နေလေ၏။ မဃလုလင်သည် ထို မယားကြီးသုဇာကို "ရှင်မသုဇာ.... သုဓမ္မာအိမ့်ရှင်မသည် အပန်းဖြေစရပ်ကြီးအတွက် အဖို့ဝေစုရသူဖြစ်ခဲ့လေပြီ၊ နန္ဒာအိမ့်ရှင်မသည် ရေကန်ကြီးကို တူးဖော်စေခဲ့လေပြီ၊ စိတ္တာအိမ့်ရှင်မသည် ပန်းဥယျာဉ်ကြီး စိုက်ပျိုးစေခဲ့လေပြီ၊ သင့်မှာကား ကုသိုလ်ကောင်းမှု ဟူ၍ တခုမျှ မရှိချေ၊ ကုသိုလ်ကောင်းမှု တခုခုကို ပြုပါလော့ ရှင်မသုဇာ...." ဟု တိုက်တွန်းစကား ပြောကြားလေ၏။ သုဇာအိမ့်ရှင်မကြီးသည် "အရှင် .... အရှင်သည် ဘယ်သူ့ကြောင့်

WWW.DHAMMARANSI.COM



ကုသိုလ်ကောင်းမှုပြုပါသနည်း၊ အရှင် ပြုအပ်သော ကောင်းမှုသည် ကျွန်တော်မ၏ ကောင်းမှုပင် ဖြစ်သည်မဟုတ်လော” ဟု ပြောဆိုကာ မိမိကိုယ်ကို တန်းဆာဆင်ခြင်းအမှုကိုသာ ဦးစားပေးအားထုတ်လေ၏။

## မဃလုလင်အဖွဲ့သားတို့၏ တမလွန်ဘဝ

မဃလုလင်သည် အသက်တမ်းအတိုင်း တည်နေ၍ ထိုဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်လေ၏။ ထိုအဖွဲ့ဝင် သုံးကျိပ်သုံးယောက်သော ရွာသားတို့သည်လည်း စုတေကြ၍ နတ်သား သုံးကျိပ်သုံးဦးတို့ ဖြစ်ကြပြီးလျှင် သိကြားမင်း၏ အနီးထံပါး၌ ဖြစ်ကြ လေ၏။ (မဃလုလင်၏ ဇနီးအိမ်ရှင်မ လေးဦးတို့အနက် သုဓမ္မာ, စိတ္တာ, နန္ဒာဟူသော ဇနီးအိမ်ရှင်မသုံးဦးတို့သည်လည်း ထိုဘဝမှ စုတေ ကြလတ်သော် သိကြားမင်း၏ နတ်မိဖုရားကြီး သုံးဦးတို့ ဖြစ်ကြလေ သည်။ ဇနီး အိမ်ရှင်မအကြီးဆုံး သုဇာမှုကား မဃလုလင်၏စကားကို နားမထောင်ပဲ ဝတ်စားပြင်ဆင် တန်းဆာဆင်ကာသာ မေ့လျော့စွာ နေခဲ့ခြင်းကြောင့် ထိုဘဝမှ စုတေလတ်သော် တောင်ကြားတခု၌ ဗျိုင်းအောက်မကလေး ဖြစ်၍ နေလေ၏)။

## သိကြားမင်း၏ အသုံးအဆောင်များ

သိကြားမင်း၏ ဘုံဗိမာန် ဝေဇယန္တာနန်းပြာသာဒ်သည် ယူဇနာ ခုနစ်ရာ အမြင့်ရှိ၏၊ အောင်လံတံခွန်သည် ယူဇနာသုံးရာ အမြင့်ရှိ၏၊ ပင်လယ်ကသစ်ပင်ကို စိုက်လှူခဲ့ခြင်း ကောင်းမှုရှင်းကြောင့် ထက်ဝန်း ကျင် ယူဇနာသုံးရာ အဝန်းကျယ်ပြန့်၍ တဆယ့်ငါးယူဇနာ လုံးပတ် ရှိသည့် (ယူဇနာတရာ အမြင့်ရှိသော) ပင်လယ်နတ်ကသစ်ပင်ကြီး ထင်ရှားဖြစ်ပေါ်လာလေသည်။ လူဖြစ်စဉ်အခါ ပင်လယ်ကသစ်ပင်ရင်း ၌ ကျောက်ဖျာကို ခင်းလှူခဲ့သော ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်ဝယ်ပင်လယ်နတ်ကသစ်ပင်ရင်း၌ အလျားယူဇနာခြောက်ဆယ် (အနံယူဇနာငါးဆယ် အထုယူဇနာ တဆယ့်ငါးယူဇနာ)ရှိသော ပဏ္ဍု ကမ္ဗလာ မြကျောက်ဖျာကြီး ထင်ရှားဖြစ်ပေါ်လာလေသည်။

သုဓမ္မာအမျိုးသမီး၏အတွက် သစ်သား လှူဒါန်းခဲ့သောကောင်းမှု ကြောင့် ယူဇနာသုံးရာရှိသော သုဓမ္မာနတ်သဘင် (=တရားခန်းမ ဆောင်ကြီး) ထင်ရှားဖြစ်ပေါ်လာလေသည်။ နန္ဒာအမျိုးသမီး၏ ရေကန်တူးဖော် လှူဒါန်းခဲ့သော ကောင်းမှုကြောင့် ယူဇနာငါးဆယ် ကျယ်ပြန့်သော နန္ဒာမည်သော ရေကန်ကြီး ထင်ရှားဖြစ်ပေါ်လာလေ

WWW.DHAMMARANSI.COM



သည်။ စိတ္တာအမျိုးသမီး၏ ပန်းဥယျာဉ် စိုက်ပျိုးလှူဒါန်းခဲ့သော ကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာခြောက်ဆယ် ကျယ်ပြန့်သော စိတ္တလတာမည်သော နတ်ဥယျာဉ်ကြီး ထင်ရှား ဖြစ်ပေါ်လာလေသည်။

သိကြားနတ်မင်းသည် သုဓမ္မာနတ်သဘင် (=တရားခန်းမဆောင်) ဝယ် တယူဇနာရှိသော ရွှေပလ္လင်၌ ထိုင်နေလျက် သုံးယူဇနာရှိသော နတ်ထီးဖြူကြီးကို ဆောင်းမိုးအပ်လျက် သုံးကျိပ်သုံးဦးသော နတ်မှူးတို့ဖြင့်၎င်း သုံးဦးသော နတ်မိဖုရားတို့ဖြင့်၎င်း နှစ်ကုဋေ့ငါးသန်းသော ကခြေသည် နတ်သမီးတို့ဖြင့်၎င်း စတုမဟာရာဇ်, တာဝတိံသာ= နတ်ပြည်နှစ်ထပ်၌ရှိကြသော နတ်အပေါင်းတို့ဖြင့်၎င်း ခြံရံအပ်လျက် မိမိ၏ကြီးစွာသော သိကြားမင်းစည်းစိမ်ကို ကြည့်ရှုလေလျှင် သုဓမ္မာ, နန္ဒာ, စိတ္တာဟူသော နတ်မိဖုရားကြီး သုံးယောက်တို့ကိုမြင်၍ "ဤ နတ်မိဖုရားကြီး သုံးယောက်တို့ကား ထင်ရှားကြကုန်ပြီ၊ သုဇာ တယောက်သည်ကား အဘယ်ဘုံ၌ ဖြစ်လေသနည်း" ဟု ကြည့်ရှုပြန်သော် "ဤသုဇာသည် ငါ့စကားကို မလိုက်နာခြင်းကြောင့် တောင်ကြား၌ ဗျိုင်းအောက်မကလေးဖြစ်၍ နေချေပြီ"ဟု မျက်ဝါးထင်ထင် တွေ့မြင်ရ၍ တာဝတိံသာနတ်ပြည်မှ ဆင်းသက်ခဲ့၍ ထို သုဇာဗျိုင်း အောက်မကလေး၏ အထံသို့ သွားလေ၏။

သုဇာဗျိုင်းအောက်မသည် သိကြားမင်းကို မြင်လျှင်ပင် မှတ်မိ၍ မျက်နှာအောက်ချ နေရှာလေ၏။ သိကြားမင်းသည် "ဟယ်အမိုက်မ ကလေးသုဇာ...သင်သည် ယခုမှ အဘယ့်ကြောင့်ဦးခေါင်းကို မချိုးတိသနည်း၊ သင်သည် ငါ့စကားကို မလိုက်နာပဲ ခန္ဓာကိုယ်အတ္တဘောကိုသာ တန်းဆာဆင်လျက် အခါကို ကုန်လွန်စေခဲ့၏၊ သုဓမ္မာအမျိုးသမီး အားရင်း, နန္ဒာအမျိုးသမီးအားရင်း, စိတ္တာအမျိုးသမီးအားရင်း ကြီးစွာသော နတ်မိဖုရားစည်းစိမ်သည် ဖြစ်ခဲ့လေပြီ၊ လာ လိုက်ခဲ့လော့၊ ငါတို့၏စည်းစိမ်ကို ကြည့်ရှုလော့"ဟု ပြောဆို၍ တာဝတိံသာ နတ်ပြည်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင် နန္ဒာနတ်ရေကန်ကြီး၌ လွှတ်ထားခဲ့၍ ဝေဇယန္တာနန်းပြာသာဒ်အတွင်း မူလထိုင်နေရင်း ရွှေပလ္လင်၌ ထိုင်မြဲ ထိုင်နေလေ၏။

## ကခြေသည်နတ်သမီးတို့ သုဇာဗျိုင်းမကို ပြက်ရယ်ပြုကြခြင်း

ကခြေသည် နတ်သမီးတို့သည် သိကြားမင်းကို "အရှင်သိကြားမင်း အဘယ်အရပ်သို့ ကြွသွားပါသနည်း"ဟု မေးကြလေ၏။ သိကြား

WWW.DHAMMARANSI.COM



မင်းသည် ထိုအကြောင်းကို မပြောကြားလိုသော်လည်း ကခြေသည် နတ်သမီးတို့က အတင်းအကြပ် မေးမြန်းအပ်ရကား "သူဇာ၏အထံသို့ ငါသွား၍နေပါ၏"ဟု ဖြေကြားလေ၏။ "အရှင်သိကြားမင်း....ရှင်မ သူဇာသည် ယခုအခါ အဘယ်အရပ်၌ ဖြစ်နေပါသနည်း"ဟု ကခြေသည် နတ်သမီးတို့က တဖန်မေးမြန်းကြလေလျှင် သိကြားမင်းသည်"တောင် ကြားတခု၌ ဖြစ်၍နေပေ၏"ဟု ဖြေကြားလေ၏။ "ယခု အဘယ်မှာ နည်း"ဟု နတ်ကခြေသည်တို့က မေးကြလေလျှင် သိကြားမင်းသည် "နန္ဒာနတ်ရေကန်ကြီးထဲ၌ ငါလွှတ်၍ထားခဲ့သည်"ဟု ဖြေကြားလေ၏။

ကခြေသည်နတ်သမီးတို့သည် "ရှင်မတို့...လာ သွားကြစို့၊ ငါတို့၏ အရှင်မသူဇာကို ကြည့်ရှုကြကုန်စို့"ဟု ပြောဆို တိုင်ပင်ကြပြီးလျှင် အလုံးစုံသော ကခြေသည်နတ်သမီးတို့ပင် ထိုနန္ဒာနတ်ရေကန်ကြီးသို့ သွားရောက်ကြလေကုန်၏။ သူဇာဗျိုင်းမသည် ရှေးလူဖြစ်စဉ်ဘဝက အားလုံးတို့ထက် အကြီးအကဲဖြစ်ခဲ့၍ ထိုသူမတို့ကို မထိမဲ့မြင်မှု ပြုခဲ့လေပြီ၊ ယခုအခါ၌ ထိုကခြေသည်နတ်သမီးတို့သည်လည်း သူဇာဗျိုင်းမကို တွေ့မြင်ကြရလေလျှင် "အိုရှင်မတို့....ငါတို့၏အရှင် သခင်မသူဇာ၏ ပုဇွန်လုံးကိုထိုးသည့် သံတံကျင်နှင့်တူသော နှုတ်သီးကို ကြည့်ကြကုန်လော့" ဤသို့စသည် ပြောဆိုကုန်လျက် ပြက်ရယ် ပြောင်လှောင်မှုကို ပြုကြလေကုန်၏။

သူဇာဗျိုင်းမသည် အလွန်လျှင် ရှက်နိုးလှ နာကျည်းလှရကား သိကြားနတ်မင်းကို "အိုအရှင်သိကြားမင်း....ဤရွှေဗိမာန် ငွေဗိမာန် ပတ္တမြားဗိမာန်တို့သည်၎င်း, နန္ဒာရေကန်ကြီးသည်၎င်း ကျွန်တော်မ၏ အဖို့ရာ အဘယ်မှုစအံ့နည်း=ဘာ အသုံးကျမည်နည်း၊ အရှင်သိကြား မင်း....သတ္တဝါတိုင်း၏အဖို့ရာ မိမိမွေးဖွားရာ မြေအရပ်သည်သာလျှင် ချမ်းသာပါသည်၊ သို့ရကား ကျွန်တော်မကို (ဇာတိရပ်မြေဖြစ်သည့်) ထို တောင်ကြား၌ပင် တဖန်ပြန်၍ လွှတ်ပါလော့"ဟု ပြောဆိုလေ၏။ သိကြားမင်းသည် သူဇာဗျိုင်းမကို ထိုတောင်ကြားအရပ်၌ လွှတ်၍ "ငါ့စကားကို လိုက်နာမည်လော"ဟု မေးလေလျှင် သူဇာဗျိုင်းမသည် "လိုက်နာပါမည် အရှင်သိကြားမင်း...."ဟု ဖြေကြားလေ၏။ သိကြား မင်းက "ငါးပါးသီလတို့ကို ခံယူဆောက်တည်ပြီးလျှင် မကျိုးမပေါက် ရအောင် စောင့်ရှောက်လော့၊ နှစ်ရက်သုံးရက်ဖြင့်ပင် သင့်ကို ထိုနတ် သမီးတို့၏ အကြီးအကဲ တင်မြှောက်မည်"ဟု ပြောဆိုလေလျှင် သူဇာ ဗျိုင်းမသည် သိကြားမင်း ပြောဆိုသည့်အတိုင်း လိုက်နာကာ ငါးပါး သီလကို ခံယူဆောက်တည်ကျင့်သုံးလေ၏။

WWW.DHAMMARANSI.COM



သိကြားမင်းသည် နှစ်ရက်သုံးရက်လွန်သောအခါ "သူဇာဗျိုင်းမ သည် သီလကိုစောင့်ခြင်းငှါ စွမ်းနိုင်ပါ၏လော"ဟု ထိုအရပ်သို့သွား၍ ငါးယောင်ဆောင်၍ ပက်လက် ပေါလော သူဇာဗျိုင်းမ၏ရှေ့၌ ရေစုန် မျောချလိုက်ပါလေ၏။ သူဇာဗျိုင်းမသည် "ငါးသေဖြစ်လိမ့်မည်"ဟု ထိုငါးရှိရာသို့သွား၍ ဦးခေါင်း၌ ကိုက်ယူလေ၏။ ငါးသည် အမြီးကိုလှုပ် လေ၏။ သူဇာဗျိုင်းမသည် "ငါးအရှင်ထင်ပါ၏"ဟု အောက်မေ့ကာ ရေ၌တဖန် ပြန်၍လွှတ်လိုက်လေ၏။ သိကြားမင်းသည် ကောင်းကင်၌ ရပ်တည်၍ "သာဓု သာဓု သင်သည် သိက္ခာပုဒ်ကို ကောင်းစွာ စောင့် ရှောက်ပေ၏၊ ဤကဲ့သို့ သိက္ခာပုဒ်ကို မကျိုးမပေါက်ရအောင် စောင့် ရှောက်သောသင့်ကို နှစ်ရက်သုံးရက်ဖြင့်ပင် ကခြေသည် နတ်သမီးတို့၏ အကြီးအကဲဖြစ်အောင် ငါပြုပေအံ့"ဟု အားပေးစကား ပြောကြားကာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။

## သူဇာဗျိုင်းမ အိုးထိန်းသည်သမီး ဖြစ်ပြန်ခြင်း

သူဇာဗျိုင်းမ၏အသက်ကား နှစ်ပေါင်းငါးရာ ရှည်ကြာလေသည်။ တရက်မျှပင် ဝမ်းပြည့်အောင် အစာအာဟာရကို မရခဲ့ချေ၊ တနေ့ တခြား အသားအရေခေါင်းပါး ခြောက်သွေ့၍ ညှိုးနွမ်းသော်လည်း သူဇာဗျိုင်းမသည် ငါးပါးသီလကို မကျိုးမပေါက် စောင့်ရှောက်၍ ထို ဘဝမှ စုတေလတ်သော် ဗာရာဏသီပြည်ဝယ် အိုးထိန်းသည်အိမ်၌ အိုးထိန်းသည်၏သမီး ဖြစ်လေ၏။

သိကြားမင်းသည် "သူဇာသည် အဘယ်အရပ်၌ ဖြစ်လေသနည်း" ဟု ကြည့်ရှုလတ်သော် အိုးထိန်းသည်သမီးဖြစ်၍ နေသည်ကို မြင်၍ "ထိုအိုးထိန်းသည်အိမ်မှ ဤတာဝတိံသာနတ်ပြည်သို့ ဆောင်ယူခြင်းငှါ မတတ်ကောင်းချေ၊ ထိုသူဇာအား ငါသည် အသက်မွေးကြောင်း ဥစ္စာ ကို ပေးပေအံ့"ဟု ကြံစည်၍ ရွှေသခွါးသီးများ လှည်းအပြည့် တင် ဆောင်ပြီးလျှင် အိုးထိန်းသည်ရွာအလယ်၌ အဖိုးအိုအသွင်ဖြင့် ထိုင်နေ ပြီးသော် "သခွါးသီးများကို ဝယ်ယူကြပါလော့"ဟု ကြွေးကြော် ဟစ် အော်လေ၏။

အရပ်လေးမျက်နှာ ရွာသူရွာသားတို့သည် အဖိုးအိုထံ လာရောက် ကြ၍ "အဖိုး....သခွါးသီးကို ပေးပါလော့"ဟု အဝယ်စကား ပြောကြား ကြလေသော် အဖိုးအိုသည် "အမောင်တို့ အမိတို့....ငါသည် သီလကို စောင့်သူတို့အားသာ သခွါးသီးများကို ပေးနိုင်မည်၊ အမောင်တို့ အမိတို့သည် သီလကို စောင့်ကြ၏လော"ဟု မေးမြန်းလေ၏။ ရွာသူ

WWW.DHAMMARANSI.COM



ရှာသားတို့က "အဖိုး....ကျွန်တော့်ကျွန်တော်မတို့သည်သီလဆိုသည်မှာ မည်သည့် အရာဟူ၍မျှ မသိကြပါ၊ တန်ရာတန်ဖိုးဖြင့်သာ သခွါးသီးများကို ပေးပါလော့"ဟု တောင်းခံစကား တဖန်ပြောကြားကြလေသော် အဖိုးအိုသည် "သီလကို စောင့်သော သူတို့အားသာ ငါပေးနိုင်မည်" ဟု တင်းတင်းပင် ပြောဆိုလေ၏။ ထိုအခါ ရှာသူ ရှာသားအားလုံးတို့သည် "အချင်းတို့ .... လာ သွားကြစို့၊ ဤသခွါးသီးသယ်အဖိုးကြီးကား ဘယ်လိုအဖိုးကြီး ဖြစ်တိသနည်း (=ဘယ်လို အဖိုးကြီးမှန်း မသိပါဘူး)" ဟု ရေရွတ်စကား ပြောကြားကြကာ ပြန်သွားကြလေကုန်၏။

ထိုရှာသူ ရှာသားတို့ ပြန်လာကြသည်ကိုမြင်၍ အိုးထိန်းသည်သမီးသည် "မိခင် ဖခင်တို့....ရှင်တို့သည် သခွါးသီး ဝယ်ယူဖို့ရန် သွားကြပါလျက် လက်အချည်းနှီး သခွါးသီးမပါ ပြန်လာကြသလော"ဟု ဆီးကြိုမေးမြန်းလေ၏။ ရှာသူ ရှာသားတို့က အိုးထိန်းသည်သမီးကို "ချစ်သမီး....သခွါးသီးသယ် အဖိုးကြီးကား ဘယ်လိုအဖိုးကြီးမှန်းမသိပါဘူး၊ 'ငါသည် သီလစောင့်သူတို့အားသာ သခွါးသီးကို ပေးအံ့' ဟု ပြောဆိုနေတိ၏၊ ဤအဖိုးကြီး၏ သမီးများသည် သီလကိုစား၍ ဖြစ်ပွါးလာကြကြီးပြင်းလာကြသည် ထင်ပါကုန်၏၊ ငါတို့ကား သီလကိုပင် မည်သည့်အရာဟူ၍ မသိကြပါကုန်"ဟု ပြန်လည်ဖြေကြား ပြောဆိုကြလေလျှင် အိုးထိန်းသည်သမီးသည် "ငါ့အတွက်တာ ယူဆောင်လာအပ်သည် ဖြစ်လိမ့်မည်" ဟု ဆင်ခြင်စဉ်းစား၍ ထိုအရပ်သို့ သွားရောက်ပြီးလျှင် "အိုဖခင်....ကျွန်တော်မအား သခွါးသီးကို ပေးပါလော့"ဟု တောင်းဆို ပြောကြားလေ၏။ သိကြားမင်း အဖိုးအိုက "ချစ်သမီး....သင်သည် သီလတို့ကို စောင့်ရှောက်ပါ၏လော"ဟု မေးလေလျှင် အိုးထိန်းသည်သမီးသည် "အိုဖခင် ... ကျွန်တော်မသည် သီလတို့ကို မကျိုးမပေါက်အောင် စောင့်ရှောက်ပါ၏"ဟု ဖြေကြား ပြောဆိုလေ၏။ ထိုအခါ သိကြားမင်း=အဖိုးအိုသည် "ဤရွှေသား သခွါးသီးများကို ငါသည် သင့်အတွက်ပင် ဆောင်ယူအပ်ခဲ့ပေပြီ"ဟု ပြောဆိုကာ ထိုအိုးထိန်းသည်သမီးတို့၏ အိမ်တံခါးဝ၌ လှည်းနှင့်တကွ ထားခဲ့၍ တာဝတိံသာနတ်ပြည်သို့ ဖဲသွားလေ၏။

### သူဇာအမျိုးသမီး အသုရာနတ်မင်းကြီး၏ သမီး ဖြစ်ပြန်ခြင်း

ထိုအိုးထိန်းသည် သမီးသည်လည်း အသက်ထက်ဆုံး ငါးပါးသီလကို မကျိုးမပေါက်ရအောင် စောင့်ရှောက်၍ ထိုဘဝမှ စုတေလတ်သော်

WWW.DHAMMARANSI.COM



ဝေပစိတ္တိ အသုရာ နတ်မင်းကြီး၏ သမီးတော်ဖြစ်လေ၏။ ဗျိုင်းမ ဘဝ, အိုးထိန်းသည် သမီးဘဝတို့က စောင့်ရှောက်ခဲ့သော သီလ၏ အကျိုးဆက်ကြောင့် အလွန်တင့်တယ် ကြည်ညိုဖွယ်သော အဆင်းရှိသူ တယောက် ဖြစ်လေ၏။ ဝေပစိတ္တိ အသုရာနတ်မင်းကြီးသည် "ငါ့သမီးတော်အတွက် ထိမ်းမြားမင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပအံ့" ဟုအသုရာနတ်တို့ကို စည်းဝေးစေလေ၏။

သိကြားမင်းသည် "ယခုအခါ သုဇာသည် အဘယ်အရပ်၌ ဖြစ်လေသနည်း" ဟု ကြည့်ရှုလတ်သော် "အသုရာနတ်ဘုံ၌ ဖြစ်နေလေပြီ၊ ယနေ့ ထိုသုဇာအသုရာနတ်သမီးအတွက် ထိမ်းမြားမင်္ဂလာပွဲသဘင် ဆင်ယင်ကြပေလိမ့်မည်" ဟု သိမြင်လတ်၍ "ယခုအခါ ငါသည် သုဇာ အသုရာနတ်သမီးကို တနည်းနည်းဖြင့် ရအောင် ယူဆောင်သင့်၏" ဟု ကြံစည်၍ အသုရာနတ်အသွင် ဖန်ဆင်း၍ ထိမ်းမြားမင်္ဂလာပွဲသို့ သွားပြီးလျှင် အသုရာနတ်တို့၏ အလယ်၌ ရောနှောရပ်တည် နေလေ၏။

ဖခင်ဖြစ်သော ဝေပစိတ္တိ အသုရာနတ်မင်းသည် "ချစ်သမီး....သင် ချစ်သမီး၏ အရှင်သခင် လင်ဖြစ်သူကို ပြောဆိုလော့" ဟု ဆို၍ "ချစ်သမီးအလိုရှိသောသူ၏ အထက်၌ ပစ်လေလော့" ဟု ပြောဆိုကာ ထိုသုဇာ နတ်သမီး၏လက်၌ ပန်းကုံးပန်းဆိုင်းကို နှင်းအပ်လေ၏။ သုဇာ အသုရာ နတ်သမီးသည် ထိုမှ ဤမှ ကြည့်ရှုလတ်သော် (အသုရာနတ် အသွင် ဖန်ဆင်းထားသော) သိကြားမင်းကိုမြင်၍ ရှေးရှေးဘဝတို့က အတူတကွ ဆက်ဆံပေါင်းသင်းနေထိုင်ခဲ့ခြင်း အကြောင်းရင်းကြောင့် အချစ်စိတ်ဓာတ် ပြင်းထန်စွာ ဖြစ်ပေါ်လတ်ရကား "ဤသူသည် ကျွန်တော်မ၏ အရှင်သခင် လင်ယောကျ်ားတည်း" ဟု ပြောဆိုကာ သိကြားမင်း၏ အထက်၌ ပန်းကုံးပန်းဆိုင်းကို ပစ်ချလေ၏။

သိကြားမင်းသည် သုဇာအသုရာ နတ်သမီးကို လက်ရုံး၌ တအားစွဲကိုင်၍ ကောင်းကင်သို့ ပျံတက်လေ၏။ ထိုခဏ၌ အသုရာနတ်တို့သည် သိကြားမင်းဖြစ်ကြောင်းကို သိကြ၍ "အချင်းတို့....သိကြားအိုကို ဖမ်းကြလော့၊ ဤသိကြားအိုကား ငါတို့၏ ရန်သူဖြစ်သည်၊ ငါတို့သည် ဤသိကြားအိုအား သုဇာအသုရာနတ်ကညာကို ဘယ်လိုနည်းဖြင့်မျှမပေးနိုင်ကြဘူး" ဟု ဟစ်အော်ကြွေးကြော်ကြကာ သိကြားမင်း၏ နောက်မှ လိုက်ကြလေ၏။

ဝေပစိတ္တိအသုရာ နတ်မင်းကြီးသည် အသုရာနတ်တို့ကို "ငါ့သမီးကို အဘယ်သူသည် ယူဆောင်အပ်သနည်း" ဟု မေးလေ၏။ အသုရာ နတ်

WWW.DHAMMARANSI.COM



တို့က "မြတ်သော မင်းကြီး.... သိကြားအိုသည် သုဇာနတ်ကညာကို ယူဆောင်အပ်ပါပြီ" ဟု ပြောဆိုကြလေလျှင် ဝေပစိတ္တိအသုရာနတ်မင်းကြီးသည် "ငါမှုကြွင်းသူ နတ်ဟူသမျှတို့တွင် ဤသိကြားမင်းသည်သာ အမြတ်ဆုံးဖြစ်ပေသည်၊ အမောင်တို့.... ဖယ်ရှားကြလော့" ဟု တားမြစ်စကား ပြောကြားလေ၏။ သိကြားမင်းသည် သုဇာအသုရာနတ်သမီးကို တာဝတိံသာ နတ်ပြည်သို့ ယူဆောင်သွားပြီးလျှင် ကဋေသည် နတ်သမီးပေါင်း နှစ်ကုဋေငါးသန်းတို့၏ အကြီးအကဲ နတ်မိဖုရားကြီး အရာ၌ တင်မြှောက်ထားလေ၏။

သုဇာ အသုရာ နတ်သမီးသည် သိကြားမင်းကို "အရှင်သိကြားမင်း....ကျွန်တော်မမှာ ဤတာဝတိံသာ နတ်ပြည်၌ အမိ အဖ မောင် ညီမ အမ-ဟူ၍ မရှိပါ၊ အရှင်သိကြားမင်း သွားလေရာရာ ကျွန်တော်မကို ခေါ်၍သာ သွားတော်မူပါလော့"ဟု ဆုတောင်းမှုကို ပြုလေသည်။ သိကြားမင်းသည် "ကောင်းပါပြီ" ဟု ပဋိညာဉ်ဝန်ခံချက်ကို ပေးလေသတည်း။ ။ဤကား မဃလုလင် ဝတ္ထုတည်း)။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် မစလရွာငယ်၌ မဃလုလင် ဖြစ်သောအခါမှ စ၍ သိကြားမင်း၏ စင်ကြယ်သော အကျင့်ရှိသည်၏အဖြစ်ကို ကောင်းစွာ သိမြင်တော်မူသည်ဖြစ်၍ "ဤသိကြားမင်းသည် ရှည်စွာသော နေ့ညဉ့်ပတ်လုံး စင်ကြယ်သော အကျင့်ရှိခဲ့၏၊ မည်သည့်ပြဿနာကို မေးသည်ဖြစ်စေ အကြောင်းနှင့် စပ်သောပြဿနာ (= အကျိုးဖြစ်ထွန်းမည့်ပြဿနာ)ကိုသာ မေးပေလိမ့်မည်၊ အကြောင်းနှင့် မစပ်သော ပြဿနာ (= အကျိုးမဖြစ်ထွန်းမည့်ပြဿနာ)ကို မေးလိမ့်မည်မဟုတ်၊ ထို သိကြားမင်း မေး၍ ငါဘုရား ဖြေဆိုလတ်သော် ထိုအဖြေကို လျင်မြန်စွာပင် သိရှိလိမ့်မည်" ဟု ကြံစည်ဆင်ခြင်တော်မူလေသည်။

ထိုနောက် မြတ်စွာဘုရားရှင်သည် သိကြားမင်းကို—

"ပုစ္ဆ ဝါသဝ မံ ပဉှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။
တဿ တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိ-တေ။

ဝါသဝ = နတ်တို့သနင်း အိုသိကြားမင်း....။ တွံ = သင်သိကြားမင်းသည်။ ယံ ကိဉ္စိ = အမှတ်မထင် အကြင်တစုံတခုသော ပြဿနာကို။ မနသိ = သင်၏ စိတ်၌။

WWW.DHAMMARANSI.COM



ဇာနန္တိ = တောင့်တလင့်ဆို မေးလို ေျပာက်လို၏။ တံ ပဉ္ဟံ = ထို သင်မေးလိုရာ ပြဿနာကို။ မံ = လူသုံးပါးတို့ ဆရာ ဘုရားငါကို။ ပုစ္ဆ = ယုံမှားပျောက်စေ သင်မေးပေ လော့။ အဟံ = လူသုံးပါးတို့ဆရာ ဘုရားငါသည်။ တေ = နတ်တို့သနင်း သင်သိကြားမင်းအား။ တဿ တဿေဝ ပဉှဿ = ထိုထို အသင်မေးအပ် ပြဿနာ အရပ်ရပ် အတွက်။ အန္တံ ကရောမိ = သင့်သန္တာန်ဝယ် အဖန်ဖန် ဖြစ်ပွါး ဝိစိကိစ္ဆာတရားကို ပယ်ရှားခုတ်ချိုင် အဆုံးတိုင် ပြေကင်းအောင် ဖြေရှင်းသုတ်သင်ပေအံ့”—

ဟူသော ဤဂါထာဖြင့် သဗ္ဗညုမြတ်စွာဘုရားတို့၏ ဖိတ်မန်စကား ကို မိန့်ကြားတော်မူလေ၏။

### သိကြားမင်း ပြဿနာမေးလျှောက်၍ မြတ်စွာဘုရားရှင် ဖြေကြားတော်မူခြင်း

(၁) မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူလတ်ရကား သိကြား နတ်မင်းသည် မြတ်စွာဘုရားရှင်ကို—

“မြတ်စွာဘုရား····‘ရန်ငြိုးကင်းကုန်လျက်, ဒဏ်ကင်း ကုန်လျက်, ရန်သူကင်းကုန်လျက်, စိတ်ဆင်းရဲခြင်းကင်း ကုန်လျက်, အမျက်ထွက်ခြင်း ကင်းကုန်လျက် ငါတို့နေလို ပါကုန်၏ = နေကြရပါစေ’ ဟု နတ်, လူ, အသုရာ, နဂါး, ဂန္ဓဗ္ဗနတ်တို့နှင့်တကွ အခြားများစွာသော သတ္တဝါတို့ သန္တာန်ဝယ် တောင့်တခြင်း ပြင်းစွာ ဖြစ်ရှိကြပါသည်၊ ယင်းသို့ ဖြစ်ရှိသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိ ကုန်လျက်, ဒဏ်ရှိကုန်လျက်, ရန်သူရှိကုန်လျက်, စိတ်ဆင်း ရဲခြင်းရှိကုန်လျက်, အမျက်ထွက်မှုရှိကြကုန်လျက် နေကြရ ပါကုန်၏။ ဤသို့ နေကြရခြင်းသည် အဘယ်သံယောဇဉ် = အနှောင်အဖွဲ့ကြောင့်ပါနည်း မြတ်စွာဘုရား”—

WWW.DHAMMARANSI.COM



ဟူသော ဤပြဿနာကို ရှေးဦးစွာ မေးလျှောက်လေ၏။ ထိုသို့ သိကြားမင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း....'ရန်ငြိုးကင်းကုန်လျက်, ဒဏ်ကင်းကုန်လျက်, ရန်သူကင်းကုန်လျက်, စိတ်ဆင်းရဲခြင်း ကင်းကုန်လျက်, အမျက်ထွက်ခြင်း ကင်းကုန်လျက်ငါတို့ နေလိုပါကုန်၏ = နေကြရပါစေ' ဟု နတ်, လူ, အသုရာ, နဂါး, ဂန္ဓဗ္ဗနတ်တို့နှင့်တကွ အခြားများစွာသော သတ္တဝါတို့သန္တာန်ဝယ် တောင့်တခြင်းပြင်းစွာဖြစ်ရှိပေ၏၊ ယင်းသို့ ဖြစ်ရှိသော်လည်း ထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်, ဒဏ်ရှိကုန်လျက်, ရန်သူရှိကုန်လျက်, စိတ်ဆင်းရဲခြင်းရှိကုန်လျက်, အမျက်ထွက်မှု ရှိကုန်လျက် နေကြရကုန်၏။ ဤသို့ နေကြရခြင်းသည် **ဣဿာ, မစ္ဆရိယ = သံယောဇဉ် = အနှောင်အဖွဲ့နှစ်ပါးကြောင့်** ဖြစ်၏"—

ဟူ၍ ဤပဌမပြဿနာကို ဖြေကြားတော်မူ၏။

(ဤ၌–ဣဿာ, မစ္ဆရိယနှင့် စပ်၍ မှတ်သားဖွယ် အထူးကို ပြဆိုဦးအံ့—

သူတပါးတို့၏ စည်းစိမ်ကို မနာလို မကြည်ဖြူ ငြူစူခြင်း သဘောသည် ဣဿာမည်၏၊ ထို ဣဿာသည် (၁) သူတပါးတို့ရပြီး, ရလတ္တံ့ဖြစ်သော စည်းစိမ်တို့၌ မနာလို မကြည်ဖြူ ငြူစူခြင်းသဘောလက္ခဏာရှိ၏။ (သတ္တဝါ တဦးတယောက်စည်းစိမ်ဥစ္စာကို ရပြီးသည်ကို သို့မဟုတ် ရလိမ့်မည်ကို မြင်ရ ကြားရလျှင် မမြင်လို မကြားလို မရှုစိမ့်သောသူတို့သန္တာန်၌ ဤဣဿာစေတသိက် ဖြစ်ပွါးနေ၏-ဟု ဣဿာတရားဆိုး၏ သဘောလက္ခဏာကို တွေ့မြင်ရလျှင် သဘာဝဗေဒ အဘိဓမ္မာဉာဏ်ပညာဖြင့် ထို ဣဿာဖြစ်သူ၏ သန္တာန်၌ ဖြစ်ပေါ်နေသော ဣဿာစေတသိက် အကုသိုလ် တရားဆိုးကို သိရှိရာ၏)။ ။(၂) သူတပါးတို့၏ စည်းစိမ်၌ မမွေ့လျော်နိုင်ခြင်း ဝမ်းမမြောက်နိုင်ခြင်း ကိစ္စရှိ၏၊ (သူတပါးတို့ စည်းစိမ်ဥစ္စာ ရရှိသည်ကို မြင်သော်ငြား ကြားသော်ငြား ဝမ်းမမြောက်နိုင်ခြင်း မခံနိုင် မရပ်နိုင်ဖြစ်ခြင်းသည် ဣဿာတရားဆိုး၏ အလုပ်ကိစ္စဖြစ်၏)။ ။(၃) သူတပါးတို့၏ စည်းစိမ်မှ မျက်နှာ လွှဲတတ်သော

WWW.DHAMMARANSI.COM



တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝယ် ထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန် ရှိ၏။ (ဤဣဿာတရားဆိုး လွှမ်းမိုးနှိပ်စက် ခံနေရသောသူသည် သူတပါးတို့ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ကို မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ မကြည်နိုင်ပဲ မျက်နှာလွှဲ၍သာ နေ၏၊ ဣဿာတရား ဟူသော အကြောင်းကြောင့် သူတပါးတို့ စည်းစိမ်မှ မျက်နှာလွှဲခြင်း တည်းဟူသော အကျိုးတရားပေါ်လာရသည်၊ ထို့ကြောင့် ယောဂီသူမြတ်များ ဣဿာတရားကို နှစ်နှောစွာဆင်ခြင် ဉာဏ်ပညာဖြင့် ကြည့်ရှုလျှင် "ဣဿာတရားဟူသည်မှာ သူတပါးတို့စည်းစိမ်မှ မျက်နှာလွှဲတတ်သော တရားပါတကား" ဟူ၍ ဉာဏ်ဝ၌ ထင်လာလေသည်၊ ပစ္စုပဋ္ဌာန် ၄-မျိုးတို့တွင် ဖလပစ္စုပဋ္ဌာန်တည်း) ။ ။ (၄) ဣဿာတရားသည် သူတပါးတို့၏ စည်းစိမ်လျှင် နီးစွာသောအကြောင်းရင်း=ပဒဋ္ဌာန် ရှိ၏။ (သူတပါးစည်းစိမ်ကို မြင်ရ, ကြားရမှ ဣဿာ ဖြစ်သည်၊မမြင်ရ,မကြားရလျှင် ဣဿာ မဖြစ်၊ သို့ရကား သူတပါးတို့စည်းစိမ်သည် ဣဿာ တရားဆိုးဖြစ်ပွါးဖို့ရန် အနီးကပ်ဆုံးသော အကြောင်းရင်း ဖြစ်သည်ဟူလို)။ (အဘိ-ဋ္ဌ ၁၊ မျက်နှာ ၂၉၉-မှ)။

ဤဣဿာတရားဆိုး၏ မနာလိုခြင်း မကြည်ဖြူငြူစူခြင်း=သဘောလက္ခဏာကို လူ,ရဟန်း=နှစ်မျိုးလုံးတို့ဖြင့်ပင် ပြဆိုသင့်၏၊ ချွဲဦးအံ့-အချို့သောလူသည် လယ်လုပ်ခြင်း ကုန်သွယ်ခြင်း - စသည်တို့တွင် တပါးပါးသော အသက်မွေးမှုဖြင့် မိမိ၏ ယောကျ်ားတို့လုပ်ရည် အစွမ်းသတ္တိကိုမှီ၍ လှည်း,ရထား,မော်တော်ကား—စသော အသက်မဲ့ယာဉ်ကောင်းကိုသော်ငင်း ဆင်,မြင်း,ကျွဲ,နွား—စသော အသက်ရှိ ယာဉ်ကောင်းကိုသော်ငင်း စိန်, ရွှေ, ပတ္တမြားစသော ရတနာကောင်းကိုသော်ငင်း ရရှိတတ်၏။ ထိုသူ၏ လာဘ်ရခြင်းကို မနာလို မရှုစိမ့်သော ဣဿာသမား အခြားလူတယောက်သည် ထိုသူလာဘ်ကောင်းရခြင်းအတွက် ဘယ်နည်းနှင့်မှ မနှစ်သက်နိုင်သည့်ဖြင် "ဤသူသည် ဘယ်သောအခါ၌ ဤစည်းစိမ်မှ လျှောကျဆုတ်ယုတ်၍ အထီးကျန်ကပ်ပါး ဆင်းရဲသားတယောက်ဖြစ်ကာ မချမ်းမသာ လှည့်လည်သွားလာရပါလိမ့်မည်နည်း" ဟု ထိုသူ၏ ပျက်စီးခြင်းကိုသာ အမြဲကြံစည်အောက်မေ့၍နေ၏၊ တခုခုသောအကြောင်းကြောင့် ထိုစည်းစိမ်ရှင်သည် ထိုရရှိသော စည်းစိမ်မှ လျှောကျဆုတ်ယုတ်လျှင် ထိုဣဿာသမားသည် လွန်စွာ အားရနှစ်သက်တတ်၏။

မနာလို မကြည်ဖြူ ငြူစူခြင်း ဣဿာနှင့်ယှဉ်သော စိတ်ရှိသူ ရဟန်းတပါးသည်လည်း အခြားရဟန်းတော်တပါး မိမိ၏အကြားအမြင် ဗဟု-

WWW.DHAMMARANSI.COM



သူတနှင့် ပြည့်စုံခြင်း, ကျမ်းဂန်ပေစာ သင်ကြားပို့ချခြင်း—အစရှိသည်တို့ကို အကြောင်းပြုကာ လာဘ်ပူဇော်သက္ကာရနှင့် ပြည့်စုံနေသည်ကို မြင်ရလျှင် ဝမ်းမသာနိုင်ပဲ "ဘယ်သောအခါ၌ ဤရဟန်းသည် ဤလာဘ်ပူဇော်သက္ကာရစသည်မှ လျှောကျဆုတ်ယုတ်ပါလိမ့်မည်နည်း" ဟု ထိုရဟန်း၏ ပျက်စီးခြင်းကိုသာ ကြံစည်အောက်မေ့၍ နေတတ်ပေ၏၊ အကြင်အခါ တခုခုသောအကြောင်းကြောင့် ထိုရဟန်းလာဘ်ပူဇော်သက္ကာရစသည်တို့မှ လျှောကျဆုတ်ယုတ်သည်ကို မြင်ရ၏၊ ထိုအခါ ထိုဣဿာလွှမ်းမိုးရဟန်းဆိုးသည် ဝမ်းမြောက်ဝမ်းသာဖြစ်လေတော့၏။ ဤသို့လျှင် ဣဿာတရားဆိုးသည် သူတပါးတို့၏ စည်းစိမ်တို့၌ မနာလိုမကြည်ဖြူ ငြူစူခြင်းသဘောလက္ခဏာရှိ၏။ (အဘိ-ဋ္ဌ ၁၊ မျက်နှာ ၄၁၅-မှ)။

ဣဿာတရားဆိုးသည် သူတပါးတို့၏ပကတိအားဖြင့် ရရှိအပ်သော စည်းစိမ်ကို မြင်ရသည်ဖြစ်စေ ကြားရသည်ဖြစ်စေ မခံနိုင်တတ်၊ ထိုစည်းစိမ်၏ ပျက်စီးခြင်းကိုသာ အလိုရှိတတ် တောင့်တတတ်၏။ "ဤမည်သောသူသည် ဤမည်သောစည်းစိမ်ကို ရလိမ့်မည်တဲ့" ဟူသော သတင်းစကားကို ကြားရလျှင်လည်း မခံမရပ်နိုင်ပဲ ထိုသူ လာဘ်မရမှုကိုသာ အလိုရှိတတ် တောင့်တတတ်၏။ (လယ်တီဆရာတော်၏ ပရမတ္ထဒီပနီဋီကာ စေတသိက်ပိုင်း စာမျက်နှာ ၉၉-မှ)။ ။ဤကား ဣဿာနှင့် စပ်၍ မှတ်ဖွယ်တည်း။

မိမိစည်းစိမ်ကို ဝန်တိုစေးနဲ့ နှမြောခြင်းသဘောသည် မစ္ဆရိယမည်၏၊ ထိုမစ္ဆရိယသည်(၁) ရပြီး,ရလတ္တံ့ ဖြစ်သည့်မိမိစည်းစိမ်များကို လျှို့ဝှက်ခြင်း သဘောလက္ခဏာရှိ၏။(မစ္ဆရိယ အကုသိုလ်တရားဆိုးလွှမ်းမိုးနှိပ်စက်အပ်သောသူသည် မိမိရပြီးစည်းစိမ်, ရလတ္တံ့ဖြစ်သော စည်းစိမ်များကို သူတပါးတို့အား အသိမပေးလို ဝန်တိုလျှို့ဝှက်တတ်၏)။ ။(၂)ထို မိမိစည်းစိမ်များ သူတပါးနှင့် ဆက်ဆံမည်ကို မခံနိုင်ခြင်း ရသရှိ၏။ (မစ္ဆရိယတရားဆိုး လွှမ်းမိုးနှိပ်စက်အပ်သောသူသည် မိမိစည်းစိမ်များကို သူတပါးတို့အား ခွဲခြမ်းပေးရမည်ဆိုလျှင် မခံနိုင်မရပ်နိုင် ဖြစ်တတ်၏၊ ထိုသို့ဖြစ်ခြင်းသည် မစ္ဆရိယ၏အလုပ်ကိစ္စ ဖြစ်သည်)။ ။(၃) မပေးရက်လို တွန့်တိုခြင်း=ပစ္စုပဋ္ဌာန်ရှိ၏။(တနည်း) မနေရမှု နိုင်ထက်ယူသော် မီးပူ၌တား ပုံအလားသို့ စပ်ခါးအမျက်ထွက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (တနည်း)ယောက်မဖျားဖြင့် နည်းပါးဆိပ်ဆွန်ကော်သွန်ပေးကမ်း လှူဒါန်းပူဇော်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (မစ္ဆရိယ၏ သဘောကို ယောဂီသူမြတ်တို့ ဆင်ခြင်လတ်သောအခါ မပေးရက်လို

WWW.DHAMMARANSI.COM



တွန့်တိုသောတရားဟူ၍ ထင်မြင်လာ၏၊ သဘာဝပစ္စုပ္ပဋ္ဌာန်တည်း။ (တနည်း) သူတဖက်သားတို့က အနိုင်အထက် မိမိစည်းစိမ်ကို လုယူသောအခါ ပြင်းစွာ အမျက်ထွက်တတ်သော တရားပင်ဟု ဉာဏ်၌ ထင်လာ၏၊ ကိစ္စပစ္စုပ္ပဋ္ဌာန်တည်း။ (တနည်း) မနေသာ၍ ပေးပြန်ပါလည်း ယောက်မဖျား ဇွန်းဖျားဖြင့် ဘုရားစူး ကျမ်းစူးလွှတ် ပေးသည်ဆိုရုံမျှ ပေးတတ်သော တရားဟူ၍ ဉာဏ်၌ ထင်လာ၏၊ ဖလပစ္စုပ္ပဋ္ဌာန်တည်း။ ။(၄) မိမိစည်းစိမ်လျှင် နီးစွာသောအကြောင်း = ပဒဋ္ဌာန်ရှိ၏။ ။(အဘိ-ဋ္ဌ ၁၊ စာမျက်နှာ ၂၉၄-မှ)။

### မစ္ဆရိယ ၅-ပါး

ထိုမစ္ဆရိယသည် (၁) အာဝါသမစ္ဆရိယ = ကျောင်း, တိုက်တာ, အရာမ်, တိုက်ခန်း, နေ့နေရာ, ညဉ့်နေရာ-အစရှိသော နေရာဌာန အမျိုးမျိုး၌ ဝန်တိုခြင်း, နှမြောခြင်း၊ (၂) ကုလမစ္ဆရိယ = အဆွေအမျိုး ဒါယကာတို့၌ သူတပါးတို့နှင့် ဆက်ဆံမည်ကို ဝန်တိုနှမြောခြင်း၊ (၃) လာဘမစ္ဆရိယ = ပစ္စည်းလေးဖြာ လာဘ်လာဘ၌ ဝန်တိုနှမြောခြင်း၊ (၄) ဝဏ္ဏမစ္ဆရိယ = ရုပ်ရည်အဆင်း, ဂုဏ်သတင်း၌ ဝန်တိုနှမြောခြင်း၊ (၅) ဓမ္မမစ္ဆရိယ = ပရိယတ္တိဓမ္မ၌ ဝန်တိုနှမြောခြင်းဟူ၍ = ၅-ပါး အပြားရှိ၏။

(၁) ထို ၅-ပါးတို့တွင် ကျောင်းတိုက်တခုလုံးကိုရင်း, ပရိဝုဏ် တခုကိုရင်း, တိုက်ခန်းတခုကိုရင်း, နေ့နေရာ ညဉ့်နေရာ-စသည်တို့ကိုရင်း အာဝါသဟူ၍ခေါ်၏။ ထိုဖော်ပြရာပါ အာဝါသတို့၌ နေထိုင်သူတို့သည် ချမ်းသာစွာ နေထိုင်ရ၍ ပစ္စည်းလေးပါးတို့ကို ရရှိကုန်၏။ မစ္ဆရိယ သမား ရဟန်းသည် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသည့် သီလဝန္တအခြား ရဟန်းတပါး ထိုအာဝါသ၌ လာရောက်နေထိုင်သည်ကို 'အလိုမရှိနိုင်၊ ထိုသီလဝန္တရဟန်း လာရောက်နေထိုင်လျှင်လည်း မြန်မြန်သွားပါစေ'ဟု ကြံစည်တောင့်တတတ်၏၊ ဤသို့ ဝန်တိုခြင်း, နှမြောခြင်းသည် အာဝါသမစ္ဆရိယမည်၏။ အထူးအားဖြင့်— ခိုက်ရန်ငြင်းခုံမှု ပြုတတ်သောရဟန်း စသည်တို့ ထိုအာဝါသ၌ နေထိုင်မှုကို အလိုမရှိသောရဟန်းအားမူ အာဝါသမစ္ဆရိယ မဖြစ်ပေ။

(၂) အလုပ်အကျွေး ဒကာ ဒကာမ ဆွေမျိုးများကို ကုလဟူ၍ ခေါ်၏။ ထိုမိမိ၏ ပစ္စည်းလေးပါး ဒကာ ဒကာမ, ဆွေမျိုးဒကာ ဒကာမတို့ အထံ၌ အခြားရဟန်းတပါး ချဉ်းကပ်ဆက်ဆံမှုကို အလိုမရှိခြင်းသည် ကုလမစ္ဆရိယမည်၏။ အထူးအားဖြင့်— ယုတ်မာသော ဒုဿီလပုဂ္ဂိုလ်

WWW.DHAMMARANSI.COM



တို့ ချဉ်းကပ်ဆက်ဆံမှုကို အလိုမရှိခြင်းသည်ကား ကုလမစ္ဆရိယမဟုတ်ပေ။ မှန်၏—ထိုဒုဿီလပုဂ္ဂိုလ်သည် ဒကာ ဒကာမတို့၏ သဒ္ဓါတရားပျက်စီးအောင် ကျင့်တတ်၏၊ ထို့ကြောင့် ထိုဒုဿီလ ပုဂ္ဂိုလ်၏ ချဉ်းကပ်ဆက်ဆံမှုကို အလိုမရှိခြင်းသည် ကုလမစ္ဆရိယ မဟုတ်ချေ။ သဒ္ဓါတရားကို စောင့်ရှောက်နိုင်သော သီလဝန္တရဟန်း၏ ထိုဒကာ ဒကာမတို့အထံ၌ ဆက်ဆံချဉ်းကပ်မှုကို အလိုမရှိခြင်းသည်သာလျှင် ကုလမစ္ဆရိယမည်၏။

(၃) သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး=ပစ္စည်းလေးပါးကို လာဘ်လာဘဟု ခေါ်၏၊ ထိုပစ္စည်းလေးပါးကို အခြားသီလဝန္တရဟန်းတပါး ရရှိနေသည်ကို 'မရပါစေသတည်း'ဟု ကြံစည်သော ရဟန်းအား လာဘမစ္ဆရိယဖြစ်၏။ အထူးအားဖြင့်— ဒကာ ဒကာမများ သဒ္ဓါသဖြင့် လှူဒါန်းအပ်သော ပစ္စည်းလေးပါးကို အလွဲသုံးစား ပြုလုပ်တတ်သော ရဟန်း, လုံးဝမသုံးစွဲခြင်း, မကောင်းသဖြင့် သုံးစွဲခြင်းတို့ဖြင့် ဒကာ ဒကာမတို့ သဒ္ဓါဒေယျပစ္စည်းများကို ဖျက်ဆီးတတ်သောရဟန်း, ပုပ်သည် သိုးသည် တိုင်အောင် သူတပါးအား မပေးရက်သော ရဟန်းများရှိ၏၊ ထိုရဟန်းမျိုးကိုမြင်၍ "ဤပစ္စည်းလေးပါးကို ဤရဟန်းမရရှိပဲ အခြားသီလဝန္တရဟန်းတပါး ရရှိခဲ့သော် သုံးဆောင်ခြင်းသို့ ရောက်လေရာ၏၊ ကောင်းလေရာ၏" ဟု ကြံစည်သော ရဟန်းအားကား လာဘမစ္ဆရိယ မဖြစ်။

(၄) ကိုယ်ရေအဆင်းနှင့် ဂုဏ်ကျေးဇူးကို ဝဏ္ဏဟု ခေါ်၏၊ ထိုဝဏ္ဏနှစ်မျိုးတို့အနက် ကိုယ်ရေအဆင်း၌ ဝန်တိုခြင်း မစ္ဆရိယရှိသောပုဂ္ဂိုလ်သည် "အခြားသူတယောက် ရုပ်ရည်အဆင်း တင့်တယ်ခြင်းရှိ၏၊ ကြည်ညိုဖွယ်ရှိ၏" ဟု ပြောဆိုအပ်လျှင် ထိုအကြောင်းကို လုံးဝမပြောဆိုလို၊ မိမိသာလျှင် တင့်တယ်လို လှပလို၏။ ဂုဏ်ကျေးဇူး တည်းဟူသော ဝဏ္ဏ၌ ဝန်တိုခြင်း မစ္ဆရိယရှိသော ပုဂ္ဂိုလ်သည် သူတပါး၏ သီလဂုဏ် ဓုတင်ဂုဏ် ပဋိပတ်ဂုဏ် အကျင့်ဂုဏ်များကို လုံးဝ မပြောလိုပဲရှိ၏။

(၅) ဓမ္မသည် ပရိယတ္တိဓမ္မ, ပဋိဝေဓဓမ္မ=မဂ်ဖိုလ်နိဗ္ဗာန် တရားထူးဟူ၍=၂-မျိုးရှိ၏၊ ထို ၂-မျိုးတို့တွင် ပဋိဝေဓဓမ္မသည် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏၊ အရိယာပုဂ္ဂိုလ်များသည် မိမိတို့ရရှိသော ပဋိဝေဓတရားကို ခွန့်ကိုကြကုန်၊ မိမိတို့ ရရှိအပ်သော ပဋိဝေဓတရားများကို လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ ရကြသိကြရန် အလိုရှိကြကုန်၏၊ ထိုမိမိသိရှိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်=ပဋိဝေဓ တရားထူးကို "အခြားသူတို့ သိကြပါစေကုန်သတည်း" ဟု တောင့်တကြ အလိုရှိကြကုန်၏။ ပရိယတ္တိ

WWW.DHAMMARANSI.COM



တရား၌သာလျှင် ဓမ္မမစ္ဆရိယမည်သည် ဖြစ်နိုင်၏၊ ထိုဓမ္မမစ္ဆရိယရှိသော ပုဂ္ဂိုလ်သည် မိမိတတ်သိသော လျှို့ဝှက်ခဲခက်သည့် ပါဠိ အဋ္ဌကထာကို သူတပါးကို မသိစေလို၊ မိမိသာ သိလို၏။ အထူးအားဖြင့် — အကြင်ပုဂ္ဂိုလ်သည်ကား ပုဂ္ဂိုလ်ကို ငဲ့စမ်းဆင်ခြင်၍ တရားတော်ကို ချီးမြှောက် စောင့်ရှောက်သောအားဖြင့်ရင်း, တရားတော်ကို ငဲ့စမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကို ချီးမြှောက် စောင့်ရှောက်သောအားဖြင့်ရင်း မိမိတတ်သိသော လျှို့ဝှက်ခဲခက်သည့် ပါဠိ အဋ္ဌကထာ ကျမ်းစာတရားကို သူတပါးအား မပေး၊ ထိုသူ၏ မပေးခြင်းသည်ကား ဓမ္မမစ္ဆရိယမဟုတ်ချေ။

ထိုစကားရပ်၌ လောကဝယ် အချို့သောပုဂ္ဂိုလ်သည် ရံခါ ရဟန်းဖြစ်လိုက်, ရံခါ ပုဏ္ဏားဖြစ်လိုက်, ရံခါ တက္ကတွန်းဖြစ်လိုက်နှင့် လျှပ်ပေါ်လော်လည် မတည်ကြည်သူဖြစ်၏၊ အကြင်ရဟန်းသည် "ဤလျှပ်ပေါ်လော်လည် မတည်ကြည်သူကား အဆက်ဆက်က ဆင်းသက်လာသော သိမ်မွေ့နူးညံ့သည့် ပါဠိတော်ကို ကုသိုလ်စသော တရားကို အကုသိုလ်စသော တရားမျိုး ပြု၍သော်ရင်း မိမိကိုယ်တိုင်က လျှပ်ပေါ်လော်လည် မတည်ကြည်သူဖြစ်သောကြောင့် မြတ်စွာဘုရား ဟောကြားအပ်သော တရားကို တိတ္ထိတို့ ဟောကြားအပ်သော တရားမျိုး ပြု၍သော်ရင်း လှောက်လှက်ရှုပ်ထွေးအောင် ပြုပေလိမ့်မည်" ဟု လေးနက်စွာ ဆင်ခြင်ပြီးလျှင် မိမိတတ်သိသည့် လျှို့ဝှက်ခဲခက်သော ပရိယတ္တိဓမ္မကို ထိုသူအား မပေး၊ ဤရဟန်းသည် ပုဂ္ဂိုလ်ကိုငဲ့စမ်းဆင်ခြင်၍ တရားတော်ကို ချီးမြှောက် စောင့်ရှောက်သောအားဖြင့် မပေးသူမည်၏။ အကြင်ရဟန်းသည်ကား "ဤတရားသည် သိမ်မွေ့နူးညံ့လှ၏၊ အကယ်၍ ဤပုဂ္ဂိုလ်သင်ယူတတ်မြောက်ခဲ့လျှင် မိမိကိုယ်ကို ရဟန္တာမဟုတ်ပဲ ရဟန္တာအနေ ရှင်လူတို့အား ပြောကြား၍ ပျက်စီးသွားပေလိမ့်မည်" ဟု ဆင်ခြင်စဉ်းစားပြီးလျှင် မိမိတတ်သိသည့် လျှို့ဝှက်ခဲခက်သော ပရိယတ္တိဓမ္မကို ထိုသူအား မပေး၊ ဤရဟန်းသည် တရားတော်ကို ငဲ့စမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကို ချီးမြှောက် စောင့်ရှောက်သောအားဖြင့် မပေးသူမည်၏။ ဤရဟန်း နှစ်မျိုးလုံးအားပင် ဓမ္မမစ္ဆရိယမဖြစ်ပေ၊ အကြင်သူသည်ကား "အကယ်၍ ဤသူသည် ဤတရားကို သင်ကြား တတ်မြောက်သွားလျှင် ငါတို့၏ အယူဝါဒကို ဖျက်ဆီးနိုင်သူ ဖြစ်သွားလိမ့်မည်၊ ငါတို့ထက် သာလွန်သူ ဖြစ်သွားလိမ့်မည်" ဟု အောက်မေ့ကာ မိမိတတ်သိသည့် ပရိယတ္တိဓမ္မကို သူတပါးအား မပေး၊ ထိုသူ၏ မပေးခြင်းသည်သာ ဓမ္မမစ္ဆရိယဖြစ်၏။

WWW.DHAMMARANSI.COM



## မစ္ဆရိယ ၅-ပါး၏ အပြစ်

ဤမစ္ဆရိယ ၅-ပါးတို့တွင်– (၁) အာဝါသမစ္ဆရိယကြောင့် သေပြီးသည့်နောက် ဘီလူးသေ်ဗုဒ်ရင်း, ပြိတ္တာသော်ရင်း ဖြစ်ပြီးလျှင် (အာဝါသ၌ ငြိကပ်စွဲလမ်းမှု အလိုဆန္ဒ ယုတ်ညံ့မှုကြောင့်) ထိုမိမိဝန်တိုနှမြောခဲ့သည့် အာဝါသ၏ အမှိုက်သရိုက်ကို ဦးခေါင်းဖြင့် ချီရွက်၍ လှည့်လည်ကာ နေရတတ်၏။

(၂) ကုလမစ္ဆရိယကြောင့် ထိုမိမိ၏ ဆွေမျိုး ဒကာ ဒကာမများ, ပစ္စည်းလေးပါး ဒကာ ဒကာမများ အိမ်၌ အခြားပုဂ္ဂိုလ်တို့အား အလှူပေးမှု မြတ်နိုးမှု-စသည် ပြုလုပ်ကြသည်တို့ကို မြင်ရလျှင် "ဤဒကာ ဒကာမများသည် ငါနှင့် စိတ်ဝမ်းကွဲပြားခဲ့လေပြီ" ဟု ကြံစည်ပူပန်သော ရဟန်းအား (စိတ်၏ပင်ပန်းခြင်းဖြင့် အလွန်ပူလောင်သော နှလုံးရှိရကား) သွေးသော်မူလည်း အန်တတ်၏၊ ဝမ်းသော်မူလည်း လားတတ်၏၊ အအူများသော်မူလည်း အပိုင်းအပိုင်းပြတ်လျက် အပသို့ ထွက်တတ်၏။

(၃) လာဘမစ္ဆရိယကြောင့် သံဃာ၏လာဘ်၌ဖြစ်စေ, ဂိုဏ်း၏ လာဘ်၌ဖြစ်စေ ဝန်တိုနှမြော၍ ပုဂ္ဂလိက အသုံးအဆောင်ကဲ့သို့ အောက်မေ့ကာ မိမိသာ သုံးဆောင်ခြင်းကြောင့် သေပြီးသည့်နောက် ဘီလူးသော်ရင်း, ပြိတ္တာသော်ရင်း, စပါးကြီးမြွေကြီးသော်ရင်း ဖြစ်ရတတ်၏။

(၄) ရုပ်ရည်အဆင်း, ဂုဏ်ကျေးဇူးသတင်းတို့၌ ဝန်တိုခြင်း ဝဏ္ဏမစ္ဆရိယကြောင့် မိမိ၏ ရုပ်ရည်အဆင်း,ဂုဏ်ကျေးဇူးသတင်းများကိုသာ ချီးမွမ်း၏၊ သူတပါးတို့၏ ရုပ်ရည်အဆင်း, ဂုဏ်ကျေးဇူးသတင်းများ၌ "ဤသူသည် ဘယ်လိုအဆင်း, ဂုဏ်ကျေးဇူးသတင်း ရှိသူနည်း" ဤသို့စသည်ဖြင့် ထိုထိုအပြစ်ကို ပြောဆိုလျက် တမလွန်ဘဝ၌ အဆင်းမလှသူ ဖြစ်ရတတ်၏။

(၅) (မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ပဋိဝေဓဓမ္မကား အရိယာသူမြတ်တို့၏ သန္တာန်၌သာလျှင် ဖြစ်သောတရား, ထိုအရိယာသူမြတ်တို့သာ ရပိုင်သောတရားဖြစ်၏၊ ထိုအရိယာသူမြတ်တို့သည်လည်း မစ္ဆရိယ အကုသိုလ်ကို အကြွင်းမဲ့ မဂ်ဖြင့် ပယ်သတ်ပြီး ဖြစ်ကြသောကြောင့် ထိုမိမိတို့ရရှိသိအပ်သော ပဋိဝေဓတရားကို ဝန်တိုတော်မမူကြကုန်၊ သို့ရကား ဓမ္မမစ္ဆရိယ အရာ၌ ပုထုဇန်တို့၏ မိမိတို့တတ်သိသော ပရိယတ္တိဓမ္မ၌ ဝန်တိုခြင်းကိုသာ ရအပ်ပေ၏)။ ယင်းပရိယတ္တိဓမ္မမစ္ဆရိယကြောင့် မိမိ

WWW.DHAMMARANSI.COM



တတ်သိသော ပရိယတ္တိဓမ္မကို ဝန်တိုနှမြော၍ တစုံတယောက်သော သူအားမျှ တစုံတရာသော ပရိယတ္တိဓမ္မကို မပေးကမ်းသည့်အတွက် တမလွန်ဘဝ၌ ဉာဏ်ပညာထုံထိုင်း မှိုင်းအ-သူ ဒုပ္ပညပုဂ္ဂိုလ် ဖြစ်ရတတ်၏။

တနည်းကား–(၁) အာဝါသမစ္ဆရိယကြောင့် သံပူရေ၌ ကျက်ရတတ်၏၊ (သူတပါးတို့အား အာဝါသကြောင့် ရရှိမည့် စီးပွါးချမ်းသာကို တားမြစ်ခဲ့သောကြောင့်တည်း)။ (၂) ကုလမစ္ဆရိယကြောင့် လာဘ်လာဘ လုံးဝကင်းမဲ့သူ ဖြစ်ရတတ်၏၊ (ဒကာ ဒကာမတို့အိမ်၌ သူတပါးတို့ရရှိမည့် လာဘ်လာဘကို တားမြစ်ခဲ့သောကြောင့်တည်း)။ (၃) လာဘမစ္ဆရိယကြောင့် ဘင်ပုပ်(=မစင်)ရေ၌ ဖြစ်ရ၏၊ (မစင်=ဘင်ပုပ်ရေသည် လုံးဝ သာယာဖွယ်ကင်းမဲ့သော ရေဖြစ်၏၊ လာဘ-မစ္ဆရိယ ရဟန်းသည် သူတပါးတို့ လာဘ်လာဘဟူသော အကြောင်းကြောင့် ရရှိမည့် သာယာဖွယ်ကို တားမြစ်ခဲ့သူ ဖြစ်၏၊ ထို့ကြောင့် ထို လာဘမစ္ဆရိယသမား ရဟန်းသည် သူတပါးတို့ လာဘ်လာဘကို အကြောင်းပြု၍ ရရှိမည့်သာယာဖွယ်ကို တားမြစ်ခဲ့သူဖြစ်သောကြောင့် လုံးဝ သာယာဖွယ် ကင်းမဲ့သော မစင်=ဘင်ပုပ်ရေ၌ ဖြစ်ရလေ၏)။ (၄) ဝဏ္ဏမစ္ဆရိယကြောင့် သံသရာဘဝ ဖြစ်သမျှ၌ ရုပ်ရည်အဆင်း၊ ဂုဏ်ကျေးဇူးသတင်း ဟူသော=ဝဏ္ဏနှစ်ပါးသည် အမည်မျှလောက်ပင် ထို ဝဏ္ဏမစ္ဆရိယသမားအား မဖြစ်တော့ချေ၊ ထို ဝဏ္ဏမစ္ဆရိယသမားသည် သံသရာဘဝ၌ အရုပ်ဆိုးသူသာ ဖြစ်ရ၏၊ အဆင်းဖောက်ပြန် အရုပ်ဆိုးသော သန္တာန်၌ များသောအားဖြင့် သီလ-စသော ဂုဏ်ကျေးဇူးသတင်းကောင်းတို့သည် ထောက်တည်ရာကိုမျှ မရနိုင်ပဲ ရှိကုန်၏၊ ထောက်တည်ရာရမည့် ဂုဏ်ကျေးဇူးများလည်း ထိုသူ့သန္တာန်ဝယ် ညှဉ့်အခါ ပစ်အပ်သောမြှားကဲ့သို့ မထင်ရှား မဖြစ်ပွါးပဲ နေတတ်ကုန်၏။ (၅) ဓမ္မမစ္ဆရိယကြောင့် ပြာပူရေ၌ ဖြစ်ရတတ်၏။ (အဘိ-ဋ္ဌ ၁၊ မျက်နှာ ၄၀၅-၆- တို့မှ)။

ဣဿာသည် သူတပါးစည်းစိမ်ကို အာရုံပြု၍ ဖြစ်၏၊ မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၍ ဖြစ်၏၊ ဤသို့ အာရုံကွဲပြားကြသောကြောင့် ထို ဣဿာနှင့် မစ္ဆရိယတို့သည် တပေါင်းတည်း မဖြစ်နိုင်ကြကုန်။

လောက၌ တဦးနှင့် တဦး ရန်ငြိုးဖွဲ့ခြင်း ဒဏ်ထားခြင်း ရန်မူခြင်းများသည် ဤ ဣဿာ, မစ္ဆရိယသံယောဇဉ် တရားဆိုး နှစ်မျိုးကြောင့် ဖြစ်ရ၏၊ ဤ ဣဿာ, မစ္ဆရိယသံယောဇဉ် နှစ်ပါးကို သောတာပတ္တိမဂ်

WWW.DHAMMARANSI.COM



ဖြင့်သော အကြင်းမဲ့ ပယ်သတ်နိုင်၏၊ သို့ရကား သောတာပတ္တိမဂ်ဖြင့် ယင်း ဣဿာ, မစ္ဆရိယသံယောဇဉ် နှစ်ပါးကို အကြွင်းမဲ့ မပယ်သတ်ရသေးသမျှ ကာလပတ်လုံး နတ်လူတို့သည် ရန်ငြိုးကင်းခြင်း-စသည်တို့ကို တောင့်တကြကုန်သော်လည်း ရန်ငြိုးဖွဲ့ခြင်း-စသည်တို့မှ မလွတ်နိုင်ကြပဲ ဆင်းရဲပင်ပန်းစွာသာ နေကြရကုန်၏၊ ထို့ကြောင့် "များစွာသော နတ်လူတို့သည် ရန်ငြိုးဖွဲ့ခြင်း-စသည်ကင်း၍ ဆင်းရဲမရှိ ချမ်းသာစွာ နေလိုကြပါလျက် အဘယ့်ကြောင့် ရန်ငြိုးဖွဲ့ခြင်း - စသည်မကင်းပဲ ဆင်းရဲပင်ပန်းစွာသာ နေကြရပါသနည်း" ဟူသော သိကြားမင်း၏ မေးမြန်းချက်ကို မြတ်စွာဘုရားရှင်သည် "ဣဿာ, မစ္ဆရိယသံယောဇဉ် အနှောင်အဖွဲ့နှစ်ပါးကြောင့်" ဟု ဖြေကြားတော်မူ၏)။

ဤသို့ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူသော အခါ သိကြားနတ်မင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏ တရားတော်ကို—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား ···· ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား····ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ရှင်တော်ဘုရား၏ ဖြေကြားချက်ကို ကြားနာရသောကြောင့် ဤ ပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက်အပ်ပါပြီ၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီ"—

ဟု ဝမ်းမြောက်စွာ ခံယူလေ၏။

ပဌမ အမေး အဖြေ ပြီး၏။

---

## (၂) ဒုတိယ အမေး အဖြေ

ဤသို့လျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရား၏တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား....ဣဿာ, မစ္ဆရိယသည်ကား အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန်) အကြောင်း, တိုးတက်

WWW.DHAMMARANSI.COM



ဖြစ်ပွါးရာ (သမုဒယ) အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ ( ဇာတိ ) အကြောင်း, အမွန်အစဖြစ်ပွါးရာ ( ပဘဝ ) အကြောင်း ရှိပါသနည်း ( = အဘယ်တရားကြောင့် ဣဿာ, မစ္ဆရိယ ဖြစ်သနည်းဟု မေးလိုရင်းဖြစ်သည်)၊ အဘယ်တရားရှိသော် ဣဿာ, မစ္ဆရိယဖြစ်၍ အဘယ်တရားမရှိသော် ဣဿာ, မစ္ဆရိယ မဖြစ်ပါသနည်း"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏။ ထိုသို့ သိကြားမင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း ···· ဣဿာ, မစ္ဆရိယ တရားနှစ်ပါးသည် **ချစ်အပ်သောသတ္တဝါ,သင်္ခါရ, မုန်းအပ်သော သတ္တဝါ,သင်္ခါရလျှင်** အခြေခံဖြစ်ရာ (နိဒါန) အကြောင်း, တိုးတက်ဖြစ်ပွါးရာ (သမုဒယ)အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ(ဇာတိ)အကြောင်း,အမွန်အစဖြစ်ပွါးရာ(ပဘဝ) အကြောင်း ရှိပေ၏၊ ( = ချစ်အပ်သောသတ္တဝါ, သင်္ခါရ နှင့် မုန်းအပ်သော သတ္တဝါ, သင်္ခါရ = ဤနှစ်ပါးကြောင့် ဣဿာ, မစ္ဆရိယသံယောဇဉ် ဖြစ်၏ဟု ဖြေလိုရင်း ဖြစ်သည်၊) ချစ်အပ်သော သတ္တဝါ, သင်္ခါရ, မုန်းအပ်သော သတ္တဝါ, သင်္ခါရရှိသော် ဣဿာ, မစ္ဆရိယဖြစ်၏၊ ချစ်အပ် သောသတ္တဝါ, သင်္ခါရ, မုန်းအပ်သောသတ္တဝါ, သင်္ခါရမရှိ သော် ဣဿာ,မစ္ဆရိယမဖြစ်"—

ဟူ၍ ဖြေကြားတော်မူ၏။

(ဤဒ္ဓ။ ။မိမိပိုင်ဆိုင် သိမ်းဆည်းအပ်သော သတ္တဝါ, သင်္ခါရဖြစ် လျှင် ထိုဝတ္ထုက မနှစ်သက်ဖွယ်ဝတ္ထုပင် ဖြစ်လင့်ကစား ကိလေသာတို့၏ ဖောက်ပြန်စွာ ဖြစ်ခြင်းရှိသောကြောင့် ချစ်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရပင် ဖြစ်၍နေတော့၏။ သူတပါးပိုင်ဆိုင် သိမ်းဆည်းအပ်သော သတ္တဝါ,သင်္ခါရဖြစ်ခဲ့လျှင် ထိုဝတ္ထုက ကောင်းမြတ်သောဝတ္ထုပင် ဖြစ် လင့်ကစား အမျက်ထွက်သောသူ၏အဖို့ရာ မချစ်မနှစ်သက်အပ်သော

WWW.DHAMMARANSI.COM



သတ္တဝါ, သင်္ခါရပင် ဖြစ်၍နေတော့၏။ ။ဤကား သုတ်မဟာဝါ အဋ္ဌကထာ ဋီကာတို့မှ ကောက်နုတ်ချက်တည်း။

မနုဿရိယသည်ချစ်နှစ်သက်အပ်သောသတ္တဝါ, သင်္ခါရလျှင်အကြောင်းရင်းရှိ၏။ (=ချစ်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရကြောင့် မနုဿရိယဖြစ်သည်ဟုဆိုလိုသည်)။ဣဿာသည် မချစ်မနှစ်သက်အပ်သောသတ္တဝါ, သင်္ခါရလျှင် အကြောင်းရင်းရှိ၏။ (=မချစ်မနှစ်သက်အပ်သောသတ္တဝါ, သင်္ခါရကြောင့် ဣဿာဖြစ်သည်ဟု ဆိုလိုသည်)။

တနည်း ဣဿာ, မနုဿရိယ နှစ်ပါးလုံးပင် ချစ်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ, မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ=နှစ်မျိုးလုံးလျှင် အခြေခံအကြောင်းရင်းရှိ၏၊ (ချစ်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ, မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ=နှစ်မျိုးလုံးကြောင့်ပင် ဣဿာလည်းဖြစ်၏၊ မနုဿရိယလည်း ဖြစ်၏ဟုဆိုလိုသည်)။

ခွဲခြားအံ့—ရဟန်း၏အဖို့ရာ သဒ္ဓိဝိဟာရိကတပည့်စသော ချစ်နှစ်သက်အပ် တောင့်တအပ် မြတ်နိုးအပ်သော သတ္တဝါတို့ ရှိကြ၏၊ လူဖြစ်သောသူ၏ အဖို့ရာ သားသမီး-စသော ဆင်မြင်းစသော ချစ်နှစ်သက်အပ်သော တောင့်တအပ် မြတ်နိုးအပ်သော သတ္တဝါတို့ ရှိကြ၏၊ ထိုချစ်နှစ်သက်အပ်သော သတ္တဝါတို့ကို တခဏမျှပင် မမြင်ရလျှင် သည်းမခံနိုင်အောင်ရှိ၏၊ ထိုရဟန်းဖြစ်သောသူ လူဖြစ်သောသူသည် မိမိမှတပါး အခြားရဟန်းတဦးဦး လူတဦးဦး ထိုကဲ့သို့ချစ်နှစ်သက်အပ်သောသဒ္ဓိဝိဟာရိကတပည့်စသော သားသမီး ဆင်မြင်းစသော ချစ်နှစ်သက်အပ်သော သတ္တဝါကို ရရှိသည်ကို မြင်ရလျှင် မနာလို မကြည်ဖြူ၊ ငြူစူမှု=ဣဿာကို ပြုတတ်၏။ "ဤ သင်၏ သဒ္ဓိဝိဟာရိကတပည့်စသည် သားသမီး ဆင်မြင်းစသည်ဖြင့် ငါတို့မှာ အလုပ်တခုရှိ၍ ထိုသူကို ငါတို့အား တခဏမျှ ပေးပါကုန်"ဟု ထိုချစ်အပ်သော သတ္တဝါကို အခြားသူတို့က တောင်းခံအပ်လျှင်"မပေးနိုင်ပါ၊ ထိုကျွန်ုပ်ချစ်အပ်သော တပည့်သားသမီး ဆင်မြင်းစသည်သည် ပင်ပန်းသော်မူ ပင်ပန်းလိမ့်မည်၊ သို့မဟုတ် ပျင်းရိသော်မူ ပျင်းရိလိမ့်မည်" ဤသို့စသည် ပြောဆို၍ ဝန်တိုမှု ပြုတတ်၏=မနုဿရိယဖြစ်တတ်၏။ ဤကား ချစ်နှစ်သက်အပ်သော သတ္တဝါကြောင့် ဣဿာ, မနုဿရိယ နှစ်ပါးစုံ ဖြစ်ပုံတည်း။

ရဟန်းတို့၏အဖို့ရာ သပိတ်သက်န်းစသော ချစ်နှစ်သက်အပ်သော ပရိက္ခရာမျိုးရှိ၏၊ လူ၏အဖို့ရာ အဆင်တန်းဆာစသော ချစ်နှစ်သက်အပ်သော အသုံးအဆောင်မျိုးရှိ၏၊ ထိုအရာများသည် ချစ်နှစ်သက်

WWW.DHAMMARANSI.COM



အပ်သော သခ်ါရများ ဖြစ်ကြ၏။ ထိုရဟန်း ထိုလူသည် မိမိမှတပါး အခြားရဟန်း အခြားလူမှာ ထိုကဲ့သို့ ချစ်နှစ်သက်အပ်သော ပရိက္ခရာမျိုး အသုံးအဆောင်မျိုး ဖြစ်ရှိသည်ကို မြင်ရလျှင် "ထိုရဟန်း ထိုလူအား ဤသို့သော ပရိက္ခရာမျိုး အသုံးအဆောင်မျိုး မဖြစ်ရှိပါမူ ကောင်းလေစွ" ဟု မနာလို မကြည်ဖြူ ငြူစူခြင်း=ဣဿာတရားကို ဖြစ်ပွါးစေ၏။ ထိုချစ်နှစ်သက်အပ်သော ပရိက္ခရာမျိုး အသုံးအဆောင်မျိုးကို သူတပါးတို့က ခေတ္တခဏ ငှါးရမ်းအပ်လျှင်လည်း "ငါတို့သော်မှ ဤပစ္စည်းများကို မြတ်နိုးလှသောကြောင့် မသုံးဆောင်ရက်ပါကုန်၊ သင်တို့အား မပေးနိုင်ပါကုန်" ဟု ပြောဆိုကာ ဝန်တိုခြင်း=မစ္ဆရိယကို ပြုတတ်ကြကုန်၏။ ဤကား ချစ်နှစ်သက်အပ်သော သခ်ါရကြောင့် ဣဿာ, မစ္ဆ-ရိယ နှစ်ပါးစုံ ဖြစ်ပုံတည်း။

ထိုမှတပါး ရဟန်းဖြစ်စေ လူဖြစ်စေ မိမိ မချစ်မနှစ်သက်အပ်သော ဆိုအပ်ပြီးသည့် တပည့်ဆိုး သားဆိုးသမီးဆိုး ဆင်ဆိုး မြင်းဆိုးစသော သတ္တဝါ, မကောင်းသော သပိတ်သက်န်းပရိက္ခရာအသုံးအဆောင်အဆင်တန်းဆာစသော သခ်ါရများကို ရရှိပြီးနောက် ထိုရဟန်း ထိုလူ၏အဖို့ရာ ဖော်ပြရာပါ သတ္တဝါ, သခ်ါရတို့သည် မချစ်မနှစ်သက်အပ်သောသတ္တဝါ, သခ်ါရတို့ပင် ဖြစ်ကုန်သော်လည်း ကိလေသာတရားတို့၏ ဖောက်ဖောက်ပြန်ပြန် ဖြစ်ပွါးတတ်သော သဘောရှိခြင်းကြောင့် (ချစ်နှစ်သက်အပ်သောသတ္တဝါ,သခ်ါရတို့ကဲ့သို့ဖြစ်ရှိကြကာ) "ငါ့ကိုထား၍ အခြားမည်သူတယောက်သည် ဤသို့သောသတ္တဝါ, သခ်ါရတို့ကို ရနိုင်အံ့နည်း" ဟူ၍ မိမိကိုယ်ကို မြှောက်ပင့်သော အတ္တုက္ကံသန လောဘတရား ဖြစ်ပွါးပြီးလျှင် ထိုလောဘကို အကြောင်းပြု၍ သူတပါးတို့ ထိုကဲ့သို့သောသတ္တဝါ, သခ်ါရကို ရရှိမည်ကို မနာလို မကြည်ဖြူ ငြူစူမှု=ဣဿာကို ပြုတတ်၏၊ (ဤဣဿာကား သူတပါးတို့ ရရှိလတ္တံ့သော သမ္ပတ္တိကို အာရုံပြု၍ဖြစ်သော ဣဿာမျိုးတည်း)။ တနည်း-ရှေးဆိုအပ်ပြီးအတိုင်း မိမိကိုယ်ကို မြှောက်ပင့်သော အတ္တုက္ကံသန လောဘတရား ဖြစ်ပွါးပြီးလျှင် ထိုလောဘကိုပင် အကြောင်းပြု၍သူတပါးမှာ ထိုကဲ့သို့သော အပိယသတ္တ-ဝါ,သခ်ါရ ဖြစ်ရှိသည်ကို မြင်၍လည်း "ထိုသူအား ဤသို့သဘောရှိသော သတ္တဝါ, သခ်ါရမဖြစ်မူ ကောင်းလေစွ" ဟု ငြူစူမှု မခံနိုင်မှု မနာလိုမှု ဣဿာကိုလည်း ပြုတတ်၏၊ (ဤဣဿာကား သူတပါးတို့ရဆဲ ရပြီးသော သမ္ပတ္တိကို အာရုံပြု၍ဖြစ်သော ဣဿာမျိုးတည်း။ ဤနောက်နည်းကို အဋ္ဌကထာ၌ ဆိုအပ်ပြီးသော နည်းရှိသောကြောင့် မပြတော့ချေ၊ ရှေ့နည်းကိုသာ ဝက်ဝုတ္တိအားဖြင့် ဖော်ပြသည်၊ ထိုအဋ္ဌကထာလာ ဝက်ဝုတ္တိ

WWW.DHAMMARANSI.COM



စကားရပ်ကို ဋီကာနှင့် အဋ္ဌသာလိနီမူလဋီကာတို့ကို အမှီပြု၍ စကားဖြောင့်အောင် ဤကျမ်း၌ ရေးသားခဲ့သည်)။ ထိုအပွဲယဖြစ်သောသတ္တဝါ၊သင်္ခါရတို့ကို သူတပါးတို့က တောင်းအပ်သည်ရှိသော် အခိုက်အတန့် တခဏမျှလည်း မပေးနိုင်ပဲ ဝန်တိုမှု=မစ္ဆရိယကို ပြုတတ်၏။ ဤကား မချစ်မနှစ်သက်အပ်သော သတ္တဝါ၊ သင်္ခါရတို့ကြောင့် ဣဿာ၊မစ္ဆရိယ နှစ်ပါးတို့ ဖြစ်ပုံတည်း)။

ဒုတိယ အမေး အဖြေ ပြီး၏။

---

## (၃) တတိယ အမေး အဖြေ

ထိုနောက် သိကြားနတ်မင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လို ဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား....ချစ်ခြင်း မုန်းခြင်းသည်ကား အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန) အကြောင်း, တိုးတက်ဖြစ်ပွါးရာ (သမုဒယ) အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း, အမွန်အစဖြစ်ပွါးရာ (ပဘာဝ) အကြောင်း ရှိပါသနည်း၊ (=အဘယ်တရားကြောင့် ချစ်ခြင်း မုန်းခြင်း ဖြစ်ပါသနည်းဟု မေးလိုရင်းဖြစ်သည်)။ အဘယ်တရားရှိသော် ချစ်ခြင်း မုန်းခြင်းဖြစ်၍ အဘယ်တရားမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်ပါသနည်း"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏။ ထိုသို့ သိကြားမင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း····ချစ်ခြင်း မုန်းခြင်းသည် လိုချင်ခြင်း = ဆန္ဒ တဏှာဟူသော အခြေခံဖြစ်ရာ (နိဒါန) အကြောင်း, တိုးတက် ဖြစ်ပွါးရာ(သမုဒယ) အကြောင်း, ထင်ရှား ဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း, အမွန်အစ ဖြစ်ပွါးရာ (ပဘာဝ) အကြောင်းရှိပေ၏၊ (လိုချင်ခြင်း = ဆန္ဒ တဏှာကြောင့် ချစ်ခြင်း မုန်းခြင်းဖြစ်သည်ဟု ဖြေလို

WWW.DHAMMARANSI.COM



ရင်းဖြစ်သည်)။ လိုချင်ခြင်း = ဆန္ဒ တဏှာရှိသော် ချစ်ခြင်း မုန်းခြင်းဖြစ်၏၊ လိုချင်ခြင်း = ဆန္ဒ တဏှာမရှိသော် ချစ်ခြင်း မုန်းခြင်း မဖြစ်"—

ဟူ၍ ဖြေကြားတော်မူ၏။

(ဤဉ္စ။ ။ဆန္ဒသည်(၁) ထိုထိုအာရုံကို မြင်လို ကြားလို နမ်းရှုလို လျက်လို ထိလို သိလိုမှု=ဆန္ဒစေတသိက် တည်းဟူသော ကတ္တုကမျတာဆန္ဒ၊ (၂) ထိုထို အာရုံကို သာယာတပ်မက် နှစ်သက်သောအားဖြင့် လိုချင်ခြင်း=လောဘ စေတသိက်တည်းဟူသော တဏှာဆန္ဒဟူ၍ နှစ်ပါးရှိ၏၊ ထိုတွင် ဤနေရာ၌ လောဘ စေတသိက်ကို အရကောက်ယူရသော တဏှာဆန္ဒကို ဆိုလို၏။

တဏှာဆန္ဒ ၅-ပါး

ထိုတဏှာဆန္ဒသည် (၁) ကာမဝတ္ထုတို့ကို ရှာမှီးသောအားဖြင့်ဖြစ်သော တဏှာဆန္ဒ=ကာမဝတ္ထုတို့ကို ရှာဖွေသောအခါဖြစ်သည့် တဏှာဆန္ဒတည်းဟူသော ပရိယေသနဆန္ဒ၊ (၂) ကာမဝတ္ထုတို့ကို ရရှိခြင်းကို အကြောင်းပြု၍ဖြစ်သော တဏှာဆန္ဒတည်းဟူသော ပဋိလာဘဆန္ဒ၊ (၃) ထိုကာမဝတ္ထုတို့ကို သုံးဆောင်သောအားဖြင့်ဖြစ်သော (ဝါ) သုံးဆောင်သောအခါဖြစ်သော တဏှာဆန္ဒတည်းဟူသော ပရိဘောဂဆန္ဒ၊ (၄) ထိုရရှိအပ်သော ကာမဝတ္ထုတို့ကို သိုမှီးသိမ်းဆည်းစောင့်ရှောက်လုံခြုံစေသောအားဖြင့်ဖြစ်သော (ဝါ) သိုမှီးသိမ်းဆည်း စောင့်ရှောက်လုံခြုံစေသော အခါဖြစ်သော တဏှာဆန္ဒ တည်းဟူသော သန္နိဓိဆန္ဒ၊ (၅) "ဤ မင်းမှုထမ်းများသည် ငါ့ကို စောင့်ရှောက်ဝန်းရံ ကာကွယ်ကြလိမ့်မည်"ဟု အောက်မေ့ကာ မင်းတို့၏ အမှုထမ်းများအား ဆုလာဘ်ရိက္ခာ ပေးကမ်း စွန့်ကြဲခြင်းမျိုးကဲ့သို့ ပစ္စုပ္ပန်ဘဝ၌ အကာအကွယ် အစောင့်အရှောက်ရခြင်း စသော အကျိုးကို မြော်ကိုးကြံစည်၍ ပေးစွန့်သောအားဖြင့်ဖြစ်သော (ဝါ) ပေးစွန့်သော အခါဖြစ်သော တဏှာဆန္ဒတည်းဟူသော ဝိဿဇ္ဇနဆန္ဒဟူ၍=၅-ပါး အပြားရှိ၏။

"လိုချင်ခြင်း တဏှာဆန္ဒကြောင့် ချစ်ခြင်း မုန်းခြင်းဖြစ်သည်" ဟူရာ၌ ထိုထိုကာမဝတ္ထုများကို လိုချင်၍ ရရှိလျှင် ချစ်ခြင်းဖြစ်သည်၊ လိုချင်ပါလျက် မရရှိလျှင် မုန်းခြင်းဖြစ်သည်)။

တတိယ အမေး အဖြေ ပြီး၏။

WWW.DHAMMARANSI.COM



## (၄) စတုတ္ထ အမေး အဖြေ

ထိုနောက် သိကြားနတ်မင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား ···· လိုချင်ခြင်း = တဏှာဆန္ဒသည် ကား အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန)အကြောင်း,တိုးတက်ဖြစ်ပွါးရာ (သမုဒယ)အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ(ဇာတိ)အကြောင်း, အမွန်အစဖြစ်ပွါးရာ (ပဘဝ) အကြောင်း ရှိပါသနည်း၊ ( = အဘယ် တရားကြောင့် လိုချင်ခြင်း တဏှာဆန္ဒ ဖြစ်ပါသနည်းဟု မေးလိုရင်းဖြစ်သည်)။ အဘယ်တရားရှိသော် လိုချင်ခြင်း = တဏှာဆန္ဒဖြစ်၍ အဘယ်တရားမရှိသော် လိုချင်ခြင်း = တဏှာဆန္ဒ မဖြစ်ပါသနည်း"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏၊ ထိုသို့ သိကြားနတ်မင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း····လိုချင်ခြင်း = တဏှာဆန္ဒသည် **ဆုံးဆုံးဖြတ်ဖြတ်ကြံစည်ခြင်းတည်းဟူသော ဝိနိစ္ဆယဝိတက်လျှင်** အခြေခံဖြစ်ရာ (နိဒါန) အကြောင်း, တိုးတက်ဖြစ်ပွါးရာ (သမုဒယ) အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း, အမွန်အစ ဖြစ်ပွါးရာ (ပဘဝ) အကြောင်းရှိပေ၏၊ ( = ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း = ဝိနိစ္ဆယ ဝိတက်ကြောင့် လိုချင်ခြင်း = တဏှာဆန္ဒ ဖြစ်ရသည်ဟု ဖြေလိုရင်းဖြစ်သည်)။ ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း = ဝိနိစ္ဆယ ဝိတက်ရှိသော် လိုချင်ခြင်း = တဏှာဆန္ဒဖြစ်၏၊ ဆုံးဆုံး ဖြတ်ဖြတ် ကြံစည်ခြင်း = ဝိနိစ္ဆယ ဝိတက်မရှိသော် လိုချင်ခြင်း = တဏှာဆန္ဒမဖြစ်"—

ဟူ၍ ဖြေကြားတော်မူ၏။

WWW.DHAMMARANSI.COM



(ဤအရာ၌။ ။ကြံစည်ခြင်း ဝိတက်အရ အမှတ်မထင် ဝိတက်ကို ကောက်ယူရမည်မဟုတ်၊ ဆုံးဆုံးဖြတ်ဖြတ် ကြံစည်တတ်သော ဝိတက်ကို သာလျှင် ကောက်ယူရမည်။ ဆုံးဖြတ်မှုသည်လည်း (၁) တဏှာဝိစရိုက် အပြား ၁၀၈-ပါးတည်းဟူသော တဏှာဖြင့် ဆုံးဖြတ်မှု=တဏှာဝိနိစ္ဆယ, (၂) မိစ္ဆာဒိဋ္ဌိအပြား ၆၂-ပါးတည်းဟူသော ဒိဋ္ဌိဖြင့် ဆုံးဖြတ်မှု=ဒိဋ္ဌိ-ဝိနိစ္ဆယဟူ၍=နှစ်ပါးရှိကြောင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်၊ ထိုသို့ ဟောတော်မူအပ်သော တဏှာဝိနိစ္ဆယဖြင့် ကောင်းသည်, ဆိုးသည် ချစ်နှစ်သက်ဖွယ်ရှိသည်, မရှိသည်များကို ပိုင်းပိုင်းပြတ်ပြတ် မဆုံးဖြတ်နိုင်၊ မှန်၏-ပစ္စည်းဝတ္ထု တခုတည်းပင် အချို့သူ၏ အဖို့ရာ အလိုရှိအပ်သောဝတ္ထုဖြစ်၍ အချို့သူ၏ အဖို့ရာ အလိုမရှိအပ်သော ဝတ္ထုဖြစ်၍နေ၏၊ (ဥပမာ) တိတ္ထေး (=တိကောင်)သည် ပစ္စန္တရစ်မင်းများအဖို့ အလွန်အလိုရှိအပ်သော ဣဋ္ဌဝတ္ထုဖြစ်၍ မဇ္ဈိမတိုက် မင်းများအဖို့မှာမူ အလွန်စက်ဆုပ်ရွံရှာအပ်သော အနိဋ္ဌဝတ္ထုဖြစ်၍ နေ၏။ သမင်သားသည် မဇ္ဈိမတိုက်မင်းများအဖို့ အလွန် အလိုရှိအပ်သော ဣဋ္ဌဝတ္ထုဖြစ်၍ ပစ္စန္တရစ်မင်းများ အဖို့မှာမူ အလိုမရှိအပ်သော အနိဋ္ဌဝတ္ထုဖြစ်၍ နေသကဲ့သို့တည်း။ စင်စစ်သော်ကား တဏှာဝိနိစ္ဆယဖြင့် မဆုံးဖြတ်အပ် ရရှိအပ်သောဝတ္ထုပေါ်၌ "ဤရွေ ဤမျှကား ရူပါရုံအတွက်ဖြစ်စေ၊ ဤရွေ ဤမျှကား သဒ္ဒါရုံအတွက်, ဂန္ဓာရုံအတွက်, ရသာရုံအတွက်, ဖောဋ္ဌဗ္ဗာရုံအတွက်ဖြစ်စေ၊ ဤရွေ ဤမျှကား ငါ့အတွက် ဖြစ်လိမ့်မည်၊ ဤရွေ ဤမျှကား သူတပါးအတွက် ဖြစ်လိမ့်မည် ဖြစ်ပစေ၊ ဤရွေ ဤမျှကို သိမ်းဆည်း၍ထားမည်၊ ဤရွေ ဤမျှကို သူတပါးအား ပေးမည်" ဟူ၍ ပိုင်းပိုင်းပြတ်ပြတ် ဆုံးဖြတ်နိုင်မှုသည် ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်းတည်းဟူသော ဝိတက္ကဝိနိစ္ဆယကြောင့် ဖြစ်ရ၏။

ဆိုလိုရင်းကား-မိမိရရှိအပ်သော ဝတ္ထုပေါ်၌ ဆိုအပ်ပြီးသည့် အတိုင်း ဝိတက်ဖြင့် ပိုင်းပိုင်းပြတ်ပြတ် ဆုံးဖြတ်သည်၊ ယင်း ဆုံးဖြတ်အပ်ပြီးသော ဝတ္ထု၌ တဏှာဆန္ဒဖြင့် သာယာတပ်မက် နှစ်သက်သည်၊ ထို့ကြောင့် "ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း=ဝိနိစ္ဆယဝိတက်ကြောင့် လိုချင်ခြင်း တဏှာဆန္ဒဖြစ်ရသည်" ဟု မြတ်စွာဘုရား ဖြေကြားတော်မူသည်)။

စတုတ္ထ အမေး အဖြေ ပြီး၏။

WWW.DHAMMARANSI.COM



(၅) ပဉ္စမ အမေး အဖြေ

ထိုနောက် သိကြားနတ်မင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····ဆုံး ဆုံး ဖြတ် ဖြတ် ကြံစည်ခြင်း = ဝိနိစ္ဆယဝိတက်သည် အဘယ်တရားလျှင် အခြေခံဖြစ်ရာ (နိဒါန) အကြောင်း, တိုးတက်ဖြစ်ပွါးရာ (သမုဒယ) အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း, အမွန်အစဖြစ်ပွါးရာ (ပဘဝ) အကြောင်း ရှိပါသနည်း၊ (= ဝိနိစ္ဆယဝိတက်သည် အဘယ်တရားကြောင့် ဖြစ်ပါသနည်းဟု မေးလိုရင်းဖြစ်သည်)။ အဘယ်တရားရှိသော် ဝိနိစ္ဆယဝိတက်ဖြစ်၍ အဘယ်တရားမရှိသော် ဝိနိစ္ဆယဝိတက် မဖြစ်ပါသနည်း"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏၊ ထိုသို့ သိကြားနတ်မင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း ···· ဆုံး ဆုံး ဖြတ် ဖြတ် ကြံစည်ခြင်း = ဝိနိစ္ဆယဝိတက်သည် **သံသရာကို ချဲ့ထွင်တတ်သည့် ပပဉ္စတရားနှင့် ယှဉ်သော သညာတရားအစုလျှင်** အခြေခံဖြစ်ရာ(နိဒါန)အကြောင်း, တိုးတက်ဖြစ်ပွါးရာ(သမုဒယ)-အကြောင်း, ထင်ရှားဖြစ်ပေါ်ရာ (ဇာတိ) အကြောင်း, အမွန်အစဖြစ်ပွါးရာ (ပဘဝ) အကြောင်း ရှိပေ၏၊ (= ပပဉ္စသညာတရား အစုကြောင့် ဝိနိစ္ဆယဝိတက်ဖြစ်ရသည်ဟု ဖြေလိုရင်း ဖြစ်သည်)။ ပပဉ္စသညာတရား အစုရှိသော် ဝိနိစ္ဆယဝိတက်ဖြစ်၍ ပပဉ္စသညာတရား အစုမရှိသော် ဝိနိစ္ဆယဝိတက် မဖြစ်"—

ဟူ၍ ဖြေကြားတော်မူ၏။

WWW.DHAMMARANSI.COM



(ဤ၌။ ။တဏှာ, မာန, ဒိဋ္ဌိ=တရားသုံးပါးကို သံသရာ၌ ချဲ့ထွင်တတ်သောကြောင့် ( တနည်း ) ထို တရားတို့နှင့် ပြည့်စုံသောသူကို "တပ်မက်တတ်သူ, မာန်ယစ်သောသူ, အမှားနှလုံးသွင်းတတ်သူ"ဟူ၍ ထင်ရှားစွာပြတတ်သောကြောင့်(တနည်း)မာန်ယစ်သော အခြင်းအရာ မေ့လျော့သော အခြင်းအရာသို့ ရောက်စေတတ်သောကြောင့် ပပဉ္စ တရားဟူ၍ ခေါ်ဆိုအပ်၏၊ ဤ၌ တဏှာပပဉ္စကို အလိုရှိအပ်၏၊ ထို ပပဉ္စတရားနှင့် ယှဉ်သောသညာသည် ရူပသညာ, သဒ္ဒသညာ, ဂန္ဓသညာ စသည်ဖြင့် အာရုံအလိုက် ၆-ပါး=၆-စု ရှိလေသည်၊ ထို သညာတရား အစုကြောင့် ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း ဝိနိစ္ဆယဝိတက် ဖြစ်လေသည်)။

ပဉ္စမ အမေး အဖြေ ပြီး၏။

---

## (၆-၇-၈) ဆဋ္ဌ, သတ္တမ, အဋ္ဌမ အမေး အဖြေ

ထိုနောက် သိကြားနတ်မင်းသည် ရှေးနည်းအတူ မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····အဘယ်သို့ ကျင့်သော ရဟန်းသည် သံသရာ၌ ချဲ့ထွင်တတ်သည့် ပပဉ္စတရားနှင့် ယှဉ်သော သညာတရား အစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကို ကျင့်သည် မည်ပါ သနည်း"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်၏။

### ဝေဒနာကမ္မဋ္ဌာန်း

"(က) နတ်တို့သနင်း သိကြားမင်း ···· ဝမ်းမြောက်ခြင်း = သောမနဿဝေဒနာကိုလည်း မှီဝဲအပ်သော ဝမ်းမြောက်ခြင်း, မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း ဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏။

WWW.DHAMMARANSI.COM



(ခ) နတ်တို့သနင်း သိကြားမင်း....နှလုံးမသာခြင်း= ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော နှလုံးမသာ ခြင်း, မမှီဝဲအပ်သော နှလုံးမသာခြင်း ဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏။

(ဂ) နတ်တို့သနင်း သိကြားမင်း....လျစ်လျူရှုခြင်း = ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း, မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ = နှစ်ပါးအပြားအား ဖြင့် ငါဘုရား ဟော၏။ (အကျဉ်း)။

(က) နတ်တို့သနင်း သိကြားမင်း ···· 'ဝမ်းမြောက် ခြင်း = သောမနဿ ဝေဒနာကိုလည်း မှီဝဲအပ်သော ဝမ်း မြောက်ခြင်း, မမှီဝဲအပ်သောဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏' ဟူသော ဤစကားကို (ငါဘုရား) မိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းကို စွဲ၍ ဤ စကားကို ငါဘုရား မိန့်ဆိုခဲ့သနည်းဟူမူ—ထိုဝမ်းမြောက် ခြင်းနှစ်ပါးတို့တွင် 'ဤဝမ်းမြောက်ခြင်းကို မှီဝဲသော ငါ့ အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏' ဟု အကြင်ဝမ်းမြောက်ခြင်းကို သိငြား အံ့၊ ဤသို့သဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်။ (= အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့် ဝမ်းမြောက်ခြင်း = သောမနဿဝေဒနာ မျိုးကို မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း = သောမနဿ ဝေဒနာခေါ်၏ဟု ဆိုလိုသည်၊ နောက်နှစ်ပါး၌လည်း ဤနည်းအတူ ဆိုလိုရင်းကို မှတ်ယူရာ၏)။

ထိုဝမ်းမြောက်ခြင်းနှစ်ပါးတို့တွင် 'ဤဝမ်းမြောက်ခြင်း ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏' ဟု အကြင်ဝမ်းမြောက် ခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော ဝမ်းမြောက်ခြင်း ကို မှီဝဲအပ်၏။ (= အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးမည့် ဝမ်းမြောက်ခြင်း = သော-

WWW.DHAMMARANSI.COM



မနသာဝေဒနာမျိုးကို မှီဝဲအပ်သော ဝမ်းမြောက်ခြင်း = သောမနဿဝေဒနာခေါ်၏ဟု ဆိုလိုသည်၊ နောက် ဒေါ- မနဿ ဥပေက္ခာတို့၌လည်း ဤနည်းအတူ ဆိုလိုရင်းကို မှတ်ယူရာ၏)။

ထို မှီဝဲအပ်သော ဝမ်းမြောက်ခြင်း = သောမနဿ- ဝေဒနာ၌ အကြင်ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်း = ဝိတက်နှင့်လည်း တကွဖြစ်၏၊ သုံးသပ်ခြင်း = ဝိစာရနှင့် လည်း တကွဖြစ်၏၊ (သဝိတက္ကသဝိစာရသောမနဿခေါ် သည်)။ အကြင် ဝမ်းမြောက်ခြင်းသည် ကြံစည်ခြင်း = ဝိတက်လည်း မရှိ၊ သုံးသပ်ခြင်း = ဝိစာရလည်းမရှိ၊(အဝိ- တက္ကအဝိစာရ သောမနဿခေါ်သည်)။ ထိုဝမ်းမြောက် ခြင်းနှစ်ပါးတို့တွင် ကြံစည်ခြင်း = ဝိတက်လည်းမရှိ၊ သုံး သပ်ခြင်း = ဝိစာရလည်း မရှိသော ဝမ်းမြောက်ခြင်း (အဝိတက္ကအဝိစာရ သောမနဿ)သည် သာ၍လွန်၍ မြင့် မြတ်၏။(က-စကားရပ် အကျယ်)။

နတ်တို့သနင်း သိကြားမင်း.... 'ဝမ်းမြောက်ခြင်း = သောမနဿဝေဒနာကိုလည်း မှီဝဲအပ်သောဝမ်းမြောက် ခြင်း,မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍ နှစ်ပါးအပြား အားဖြင့် ငါဘုရား ဟော၏'ဟူသော ဤစကားကို ထိုဆို ခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏။ (က- စကားရပ်၏ နိဂုံး)။

(ခ) နတ်တို့သနင်း သိကြားမင်း.... 'နှလုံးမသာ ခြင်း = ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော နှလုံး မသာခြင်း,မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏'ဟူသော ဤစကားကို ငါဘုရား မိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကား ကို ငါဘုရား မိန့်ဆိုခဲ့သနည်းဟူမူ—ထို နှလုံးမသာခြင်း နှစ်ပါးတို့တွင် 'ဤနှလုံးမသာခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့တိုးပွါး၍ ကုသိုလ်တရားတို့ဆုတ်ယုတ်

WWW.DHAMMARANSI.COM



ကုန်၏’ဟု အကြင် နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့ သဘောရှိသော နှလုံးမသာခြင်းကို မမှီဝဲအပ်။

ထို နှလုံးမသာခြင်းနှစ်ပါးတို့တွင် ‘ဤနှလုံးမသာခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏’ဟု အကြင်နှလုံးမသာခြင်းကို သိငြားအံ့၊ ဤသို့သဘောရှိသော နှလုံးမသာခြင်းကို မှီဝဲအပ်၏။

ထိုမှီဝဲအပ်သော နှလုံးမသာခြင်း = ဒေါမနဿဝေဒနာ၌ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်း = ဝိတက်နှင့်လည်း တကွဖြစ်၏၊ သုံးသပ်ခြင်း = ဝိစာရနှင့်လည်း တကွဖြစ်၏၊(သဝိတက္ကသဝိစာရ ဒေါမနဿခေါ်သည်)။ အကြင်နှလုံးမသာခြင်းသည် ကြံစည်ခြင်း = ဝိတက်လည်း မရှိ၊ သုံးသပ်ခြင်း = ဝိစာရလည်းမရှိ၊ (အဝိတက္ကအဝိစာရဒေါမနဿခေါ်သည်)။ ထိုနှလုံးမသာခြင်း နှစ်ပါးတို့တွင် ကြံစည်ခြင်း = ဝိတက်လည်းမရှိ၊ သုံးသပ်ခြင်း = ဝိစာရလည်းမရှိသော နှလုံးမသာခြင်း( = အဝိတက္ကအဝိစာရဒေါမနဿ)သည် သာလွန်၍ မြင့်မြတ်၏။ (ခ-စကားရပ် အကျယ်)။

နတ်တို့သနင်း သိကြားမင်း···· ‘နှလုံးမသာခြင်း = ဒေါမနဿဝေဒနာကိုလည်း မှီဝဲအပ်သော နှလုံးမသာခြင်း, မမှီဝဲအပ်သော နှလုံးမသာခြင်းဟူ၍ နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏’ ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏။ (ခ-စကားရပ်၏ နိဂုံး)။

(ဂ) နတ်တို့သနင်း သိကြားမင်း····‘လျစ်လျူရှုခြင်း = ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း, မမှီဝဲအပ်သောလျစ်လျူရှုခြင်းဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏’ဟူသော ဤစကားကို ငါ

WWW.DHAMMARANSI.COM



ဘုရား မိန့်ဆိုခဲ့၏၊ အဘယ်အကြောင်းကိုစွဲ၍ ဤစကားကို ငါဘုရား မိန့်ဆိုခဲ့သနည်းဟူမူ—ထို လျစ်လျူရှုခြင်း နှစ်ပါးတို့တွင် 'ဤလျစ်လျူရှုခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏' ဟု အကြင် လျစ်လျူရှုခြင်းကို သိပြားအံ့၊ ဤသို့သဘောရှိသော လျစ်လျူရှုခြင်းကို မမှီဝဲအပ်။

ထိုလျစ်လျူရှုခြင်းနှစ်ပါးတို့တွင် 'ဤလျစ်လျူရှုခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏' ဟု အကြင် လျစ်လျူရှုခြင်းကို သိပြားအံ့၊ ဤသို့သဘောရှိသော လျစ်လျူရှုခြင်းကို မှီဝဲအပ်၏။

ထို မှီဝဲအပ်သော လျစ်လျူရှုခြင်း = ဥပေက္ခာဝေဒနာ၌ အကြင် လျစ်လျူရှုခြင်းသည် ကြံစည်ခြင်း = ဝိတက်နှင့်လည်း တကွဖြစ်၏၊ သုံးသပ်ခြင်း = ဝိစာရနှင့်လည်း တကွဖြစ်၏၊ (သဝိတက္ကသဝိစာရ ဥပေက္ခာခေါ်သည်)။ အကြင်လျစ်လျူရှုခြင်းသည် ကြံစည်ခြင်း=ဝိတက်လည်းမရှိ၊ သုံးသပ်ခြင်း = ဝိစာရလည်းမရှိ၊ (အဝိတက္က-အဝိစာရဥပေက္ခာ ခေါ်သည်)။ ထိုလျစ်လျူရှုခြင်း နှစ်ပါးတို့တွင် ကြံစည်ခြင်း = ဝိတက်လည်း မရှိ၊သုံးသပ်ခြင်း = ဝိစာရလည်း မရှိသော ( = အဝိတက္ကအဝိစာရ) လျစ်လျူရှုခြင်းသည် သာလွန်၍ မြင့်မြတ်၏။ (ဂ - စ ကားရပ် အကျယ်)။

နတ်တို့သနင်း သိကြားမင်း.......... 'လျစ်လျူရှုခြင်း = ဥပေက္ခာဝေဒနာကိုလည်း မှီဝဲအပ်သော လျစ်လျူရှုခြင်း, မမှီဝဲအပ်သော လျစ်လျူရှုခြင်းဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏'ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကိုစွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏။ (ဂ-စကားရပ်၏ နိဂုံး)။

WWW.DHAMMARANSI.COM



နတ်တို့သနင်း သိကြားမင်း.......... ဤသို့ ကျင့်သော ရဟန်းသည် သံသရာ၌ ချဲ့ထွင်တတ်သည့် ပပဉ္စတရားနှင့် ယှဉ်သော သညာတရားအစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကျင့်သည် မည်ပေ၏"—

ဟူ၍ မြတ်စွာဘုရားရှင်သည် ဝေဒနာကမ္မဋ္ဌာန်းကို ခွဲခြမ်း စိတ်ဖြာ၍ ဟောကြားတော်မူလေ၏။ ဤသို့ မြတ်စွာဘုရားရှင်က ပြဿနာကို ဖြေကြားတော်မူလတ်သော် သိကြားနတ်မင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏ တရားတော်ကို—

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... ဟောတော်မူ သည့်အတိုင်း မှန်လှပါ၏၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား....ဟောတော် မူသည့်အတိုင်း မှန်လှပါ၏၊ ရှင်တော်ဘုရား၏ ဖြေကြား ချက်ကို ကြားနာရခြင်းကြောင့် ဤပြဿနာ၌ အကျွန်ုပ် သည် ယုံမှားခြင်းကို လွန်မြောက်အပ်ပါပြီ၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွား ပါပြီ"—

ဟု ဝမ်းမြောက်စွာ ခံယူလေ၏။

(ဤ၌ အထူးမှတ်ဖွယ်ကို အဋ္ဌကထာမှ ထုတ်ဆောင်၍ ပြဦးအံ့—

ဤယခုပြဿနာ၌ သိကြားမင်းက နိဗ္ဗာန်ရောက်ကြောင်း အကျင့် ကို (ပုဂ္ဂလာဓိဋ္ဌာနနည်းအားဖြင့်) မေးသည်၊ မြတ်စွာဘုရားရှင်က ဝေဒနာသုံးပါး (ဝေဒနာကမ္မဋ္ဌာန်း)ဖြင့် (ဓမ္မာဓိဋ္ဌာနနည်းအားဖြင့်) ဖြေကြားတော်မူသည်၊ ယင်းသို့ ဖြေကြားရာ၌ သောမနဿဝေဒနာ ကမ္မဋ္ဌာန်း, ဒေါမနဿဝေဒနာကမ္မဋ္ဌာန်း, ဥပေက္ခာဝေဒနာကမ္မဋ္ဌာန်း အားဖြင့် အဖြေသုံးချက် ထွက်သောကြောင့် ဤအဖြေသုံးချက်သို့ လိုက်၍ အဋ္ဌကထာ၌ သောမနဿပဉှာ, ဒေါမနဿပဉှာ, ဥပေက္ခာ ပဉှာဟူ၍=ပြဿနာသုံးချက် ရေတွက်၍ ပြတော်မူသည်။

ဤ၌–သိကြားမင်းက "အဘယ်သို့ကျင့်သောရဟန်းသည် နိဗ္ဗာန် ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်သနည်း"ဟု မေးလျှောက်ရာ

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင်က "ဤသို့ ဤပုံ ကျင့်သောရဟန်းသည် နိဗ္ဗာန် ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်၏"ဟု ဖြေကြားတော်မမူပဲ "သိကြားမင်း.... ဝမ်းမြောက်ခြင်း=သောမနဿဝေဒနာကိုလည်း မှီဝဲ အပ်သော ဝမ်းမြောက်ခြင်း, မမှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူ၍= နှစ်ပါးအပြားဖြင့် ငါဘုရား ဟော၏" စသည်ဖြင့် ဖြေဆိုတော်မူချက်နှင့် စပ်၍ ဓမ္မသဘော ဟောတော်မူပုံ၌ မကျွမ်းကျင်သူတို့အဖို့ရာ အမေး တပါး အဖြေတခြားကဲ့သို့ ထင်မှားဖွယ်ရှိ၏၊ ထို့ကြောင့် ထိုသူတို့အဖို့ရာ အဋ္ဌကထာ၌—

"ဤခြောက်ခုမြောက်ပုစ္ဆာ၌ မြတ်စွာဘုရားသည် သိကြားမင်းက မေးအပ်သည်ကိုပင် ဖြေအပ်သလော၊ မမေးအပ်သည်ကို ဖြေအပ် သလော။ အနုသန္ဓေ=စကားအဆက်အစပ်ရှိသည်ကိုပင် ဖြေကြားအပ် သလော၊ အနုသန္ဓေ= စကားအဆက်အစပ်မရှိသည်ကို ဖြေကြားအပ် သလော၊ (တနည်း) သိကြားမင်း မေးမြန်းချက်နှင့် ဘုရားရှင်ဖြေကြား ချက်သည် စကားချင်း ဆက်စပ်မိ၏လော၊ မဆက်စပ်မိသလော" ဟု အမေးတပါး အဖြေတခြားကဲ့သို့ ထင်မှားကာ စောဒက၏ မေးပုံကို ဖော်ပြလေသည်။

**အဖြေကား**—ဤပုစ္ဆာဝယ် ပုဂ္ဂလာဓိဋ္ဌာနနည်း=ကျင့်သောပုဂ္ဂိုလ် ကို ဦးတည်၍ အကျင့်ပဋိပတ်ကို မေးမြန်းသောနည်းဖြင့် သိကြားမင်း က နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ်ကို မေးသည်၊ မြတ်စွာ ဘုရားရှင်ကလည်း ထိုနိဗ္ဗာန်ရောက်ကြောင်း အကျင့်ပေါင်းများစွာ ရှိသည့်အနက် သိကြားမင်း၏ အလိုအဇ္ဈာသယနှင့် လိုက်လျောညီညွတ် စွာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သည့် နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာတရား အဦးမူ၍ ဟောကြားတော်မူလိုရကား ဝေဒနာသုံးပါးကို အားထုတ်တော်မူ တရားစ-တော်မူသည်၊ ထို့ကြောင့် သိကြားမင်းမေး အပ်သည့် "နိဗ္ဗာန်ရောက်ကြောင်း အကျင့် ပဋိပတ်ကိုပင်" မြတ်စွာ ဘုရားရှင်က "ဝေဒနာသုံးပါးကို အဦးမူ၍ နာမ်ကမ္မဋ္ဌာန်း နိဗ္ဗာန်ရောက် ကြောင်း အကျင့်လမ်းကို" ဖြေကြားတော်မူအပ်ရကား သိကြားမင်း မေးမြန်းချက်နှင့် ဘုရားရှင် ဖြေကြားချက်သည် စကားချင်း ဆက်စပ် မိ၏။ (ဤကား အဖြေအကျဉ်းတည်း)။

**အကျယ်အဖြေကား**— နတ်တို့အဖို့ရာ ရုပ်တရားထက် နာမ်တရားက သာလွန်၍ထင်ရှား၏၊ နာမ်တရားတွင်လည်း ဝေဒနာသည် သာလွန်၍ ထင်ရှား၏၊ အကြောင်းသော်ကား နတ်တို့မှာ ကရဇကာယခေါ်သော

WWW.DHAMMARANSI.COM



ခန္ဓာကိုယ်အတ္တဘောသည် လူများထက် အပြန်ပြန် နူးညံ့လှ သိမ်မွေ့လှ၏၊ သာလွန်မြင့်မြတ်သော ကုသိုလ်ကံ အကြောင်းကြောင့် ဖြစ်သောကြောင့်၎င်း, အလွန်လေးတွဲ့ချိုမြိန် သိမ်မွေ့လှသော နတ်သုဒ္ဓါကိုပင် ကြေကျက်စေနိုင်သောကြောင့်၎င်း ကမ္မဇတေဇော= ဝမ်းမီးဓာတ်သည် အားကြီးလှ၏၊ ယင်းသို့ ကရဇကာယခေါ်သော ခန္ဓာကိုယ်အတ္တဘောက လူများထက် အပြန်ပြန်နူးညံ့သိမ်မွေ့လှသောကြောင့်၎င်း, ကမ္မဇတေဇော=ဝမ်းမီးဓာတ်က အားကြီးလှသောကြောင့်၎င်း အစာအာဟာရ တကြိမ်မျှကိုပင် လွန်၍ မတည်နိုင်ကြကုန်၊ တနပ်စာမျှ နတ်သုဒ္ဓါကို မစားကြရလျှင် ဒုက္ခဝေဒနာ ပြင်းထန်စွာ ဖြစ်ရှိပြီးလျှင် လောလောပူသည့် ကျောက်ပြားပေါ်၌ တင်ထားအပ်သော ထောပတ်ခဲကဲ့သို့ ထိုနတ်တို့၏ ခန္ဓာကိုယ် အတ္တဘောသည် ကြေမွပျက်စီး၍ သွားရလေသည်။

ဤအချက်ကို ထောက်ဆသဖြင့် နတ်တို့၏ သန္တာန်၌ ဒုက္ခဝေဒနာသည် အလွန်ထင်ရှားလှ၏။ ထို့အတူပင် လွန်ကဲမြင့်မြတ် ကောင်းမွန်လှသောအာရုံတို့၌ အဆင့်ဆင့် အနှိပ်အကွပ်မရှိ ဖြစ်ပေါ်ရသော သုခဝေဒနာ, သန္တပဏီတသဘောရှိသော ဥပေက္ခာ ဝေဒနာသည်လည်း အလွန်ထင်ရှားလှ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သိကြားမင်းအတွက် သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတည်းဟူသော ဝေဒနာသုံးပါး ကမ္မဋ္ဌာန်းတရားကို ဟောကြားအားသစ်တော်မူလေသည်။

ဆက်၍ ခွဲဦးအံ့ – ကမ္မဋ္ဌာန်း= တရားနှလုံး ကျင့်သုံးသိမ်းဆည်းခြင်းသည် ၁-ရုပ်ကမ္မဋ္ဌာန်း=ရုပ်တရားကို သိမ်းဆည်းခြင်း ရုပ်တရားကို ဦးတည်၍ ဝိပဿနာနှလုံး ကျင့်သုံးခြင်း, ၂-နာမ်ကမ္မဋ္ဌာန်း=နာမ်တရားကို သိမ်းဆည်းခြင်း နာမ်တရားကို ဦးတည်၍ ဝိပဿနာနှလုံး ကျင့်သုံးခြင်း ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် မြတ်စွာဘုရားသည် ရုပ်တရား ထင်ရှားသော ဝေနေယျသတ္တဝါအား အကျဉ်းနှလုံးသွင်းနည်းအားဖြင့်သော်၎င်း, အကျယ်နှလုံးသွင်းနည်းအားဖြင့်သော်၎င်း စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို (များသောအားဖြင့်) အကျယ်ဖွင့်ပြလျက် ရုပ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၏၊ နာမ်တရား ထင်ရှားသော ဝေနေယျသတ္တဝါအား နာမ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၏။ ယင်းသို့ နာမ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူသည်ရှိသော် ထိုနာမ်တရား၏ တည်ရာဖြစ်သော ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဖော်ပြပြီးမှသာ ဟောကြားတော်မူ၏။ (သို့ရကား သိကြားမင်းအား နာမ်ကမ္မဋ္ဌာန်းကို

WWW.DHAMMARANSI.COM



ဟောကြားတော်မူရာဝယ် ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို တစိတ်တဒေသ အားဖြင့် ဖော်ပြဟောကြားပြီးမှသာ နာမ်ကမ္မဋ္ဌာန်းကို အကျယ်ဟော ကြားတော်မူ၏၊ ပါဠိတော်၌ကား နာမ်ကမ္မဋ္ဌာန်းဟောကြားတော်မူ သည်ကိုသာ ဒေသနာအစဉ် တင်ထားအပ်၏ဟု မှတ်ယူရာ၏)။

နတ်တို့မှာကား နာမ်တရား ထင်ရှားပေါ်လွင်သောကြောင့် ထို နာမ်ကမ္မဋ္ဌာန်း အနေအားဖြင့် ဝေဒနာသုံးပါးတို့ကို တရားစ-တော်မူ ၏။ ချဲ့ဦးအံ့—နာမ်ကမ္မဋ္ဌာန်းအရာ၌ အစအဦး အားထုတ်ခြင်း နှလုံး သွင်းခြင်းသည် ၁-ဖဿ၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း, ၂-ဝေဒနာ ၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်း, ၃-စိတ်၏အစွမ်းအားဖြင့် နှလုံး သွင်းခြင်း ဟူ၍ = သုံးမျိုးရှိလေသည်။ (ဤသို့ ခွဲခြမ်းဝေဘန်ရသည်မှာ တရားအလုပ် စ၍ အားထုတ်ခြင်း လေ့လာခြင်း၌သာ ဖြစ်သည်၊ စတင် အားထုတ်လေ့လာ၍ နာမ်တရားများ သဘောပိုင်နိုင်လာပြီးနောက် သမ္မသနဉာဏ်=အနိစ္စ, ဒုက္ခ, အနတ္တ-ဟု သုံးသပ်သော ဉာဏ်အလုပ် သည်ကား အလုံးစုံသော တရားတို့ကိုပင် သိမ်းဆည်းပြီး၍ ဖြစ်လေ သည်)။

ချဲ့ဦးအံ့—(၁) အချို့ပုဂ္ဂိုလ်အား ရုပ်ကမ္မဋ္ဌာန်းကို အကျဉ်းအား ဖြင့် ဖြစ်စေ, အကျယ်အားဖြင့် ဖြစ်စေ သိမ်းဆည်းအပ်ပြီးသည်ရှိသော် ထို ရုပ်ကမ္မဋ္ဌာန်းအာရုံ၌ စိတ်စေတသိက်တို့၏ ရှေးဦးစွာ ကျရောက်ခြင်း သဘောဖြစ်သည့် ထိုအာရုံကို တွေ့ထိလျက်ဖြစ်ပွါးသော ဖဿနာမ် တရားသည် ထင်ရှား၏။ (၂) အချို့ပုဂ္ဂိုလ်အား ထိုအာရုံ၏အရသာ ကို ခံစားလျက်ဖြစ်ပွါးသော ဝေဒနာနာမ်တရားသည် ထင်ရှား၏။ (၃) အချို့ပုဂ္ဂိုလ်အား ထိုအာရုံကို ပိုင်းပိုင်းဖြတ်ဖြတ် သိတတ်သော ဝိညာဏ်သည် ထင်ရှား၏။

## ဖဿပဉ္စမကတရားတို့ကို သိမ်းဆည်းရခြင်း

ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင် (၁) မိမိဉာဏ်၌ ဖဿနာမ်တရား ထင်ရှား သောပုဂ္ဂိုလ်သည်လည်း (ထိုထင်ရှားသည့် ဖဿနာမ်တရားတခုကိုသာ သိမ်းဆည်းရမည်မဟုတ်၊ စင်စစ်ကား) "ဩ ...ထိုရုပ်ကမ္မဋ္ဌာန်းအာရုံ၌ ဖဿတရားသက်သက်သာ ဖြစ်သည်မဟုတ်၊ ထိုဖဿနှင့် အတူတကွ တွဲဖက်လျက် ထို အာရုံ၏ အရသာကို ပိုင်နိုင်စွာ ခံစားတတ်သည့် ဝေဒနာတရားသည်လည်း ဖြစ်၏၊ ထို အာရုံကို မှတ်သားတတ်သည့် သညာတရားသည်လည်း ဖြစ်၏၊ အာရုံ၌ ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို စေ့ဆော်တိုက်တွန်းပေးတတ်သော စေတနာတရားသည်လည်း ဖြစ်၏၊

WWW.DHAMMARANSI.COM



အာရုံကို ပိုင်းပိုင်းဖြတ်ဖြတ် သိတတ်သော ဝိညာဏ်တရားသည်လည်း ဖြစ်၏၊ (ဝါ) ဖြစ်စွာ့တကား''ဟူ၍ ဖဿ, ဝေဒနာ, သညာ, စေတနာ, စိတ်တည်းဟူသော ဖဿပဉ္စမကတရား (စိတ်မှနောက်ပြန်ရေတွက်လျှင် ဖဿလျှင် ၅-ခုမြောက် ရှိသော တရားအစု) တို့ကိုပင်လျှင် ဉာဏ်ဖြင့် သိမ်းဆည်းရလေသည်။

(၂) မိမိဉာဏ်၌ ဝေဒနာတရား ထင်ရှားသော ပုဂ္ဂိုလ်သည်လည်း (ထိုထင်ရှားသည့် ဝေဒနာတရားတခုကိုသာ သိမ်းဆည်းရမည် မဟုတ်၊ စင်စစ်ကား) ''ဩ....ထို ရုပ်ကမ္မဋ္ဌာန်းအာရုံ၌ ဝေဒနာတရားသက်သက်သာ ဖြစ်သည် မဟုတ်၊ ထို ဝေဒနာနှင့် အတူတကွ ထိုအာရုံကို တွေ့ထိတတ်သော ဖဿတရားသည်လည်း ဖြစ်၏၊ မှတ်သားတတ်သည့် သညာတရားသည်လည်း ဖြစ်၏၊ စေ့ဆော်တိုက်တွန်းပေးတတ်သော စေတနာတရားသည်လည်း ဖြစ်၏၊ အာရုံကို ပိုင်းပိုင်းဖြတ်ဖြတ် သိတတ်သော ဝိညာဏ်တရားသည်လည်းဖြစ်၏၊ (ဝါ)ဖြစ်စွာ့တကား''ဟူ၍ ဖဿပဉ္စမကတရားတို့ကိုပင်လျှင် ဉာဏ်ဖြင့် သိမ်းဆည်းရလေသည်။

(၃) မိမိဉာဏ်၌ စိတ်ဝိညာဏ်တရား ထင်ရှားသော ပုဂ္ဂိုလ်သည်လည်း (ထို ထင်ရှားသည့် ဝိညာဏ်=စိတ်တရားတခုကိုသာ သိမ်းဆည်းရမည် မဟုတ်၊ စင်စစ်ကား) ''ဩ....ရုပ်ကမ္မဋ္ဌာန်းအာရုံ၌ စိတ်ဝိညာဏ်တရားသက်သက်သာ ဖြစ်သည် မဟုတ်၊ ထို ဝိညာဏ်နှင့် အတူတကွ ထိုအာရုံကို တွေ့ထိတတ်သော ဖဿတရားသည်လည်း ဖြစ်၏၊ ခံစားတတ်သည့် ဝေဒနာတရားသည်လည်း ဖြစ်၏၊ မှတ်သားတတ်သည့် သညာတရားသည်လည်း ဖြစ်၏၊ စေ့ဆော် တိုက်တွန်းပေးတတ်သော စေတနာတရားသည်လည်း ဖြစ်၏၊ (ဝါ) ဖြစ်စွာ့တကား'' ဟူ၍ ဖဿပဉ္စမကတရားတို့ကိုပင် ဉာဏ်ဖြင့် သိမ်းဆည်းရလေသည်။

ထိုသို့ဖဿပဉ္စမကတရားတို့ကို သိမ်းဆည်းလေ့လာပြီးသော ယောဂီသူမြတ်သည် ''ဤဖဿပဉ္စမကတရားတို့သည် အဘယ်တရား၌ မှီကြသနည်း'' ဟု ဆက်၍ စူးစမ်းဆင်ခြင်ရ၏၊ ထိုသို့ စူးစမ်းဆင်ခြင်သည်ရှိသော် ''ဤဖဿပဉ္စမကတရားတို့သည် ဝတ္ထုခေါ်ဆို ဤ ကရဇခန္ဓာကိုယ်အတ္တဘော၌ မှီကြကုန်၏'' ဟု ကွဲကွဲပြားပြား သိမြင်လာ၏။ ထို ဝတ္ထုခေါ်ဆို ကရဇခန္ဓာကိုယ်အတ္တဘော ဟူသည်လည်း တရားကိုယ်အားဖြင့် ဘူတရုပ် ဥပါဒါရုပ်တို့သာလျှင် ဖြစ်၏၊ ဤသို့လျှင် မှီတတ်သော ဖဿပဉ္စမကတရား, မှီရာဝတ္ထုခေါ်သည့် ကရဇကာယအတ္တဘော =ဤနှစ်ပါးတို့အနက် ''မှီရာဝတ္ထုဖြစ်သော ကရဇခန္ဓာကိုယ်အတ္တဘော

WWW.DHAMMARANSI.COM



သည် ရုပ်တရားပါတကား၊ မှီတတ်သော ဖဿပဉ္စမကတရားအစုကား နာမ်တရားပါတကား" ဟု နာမ်, ရုပ်တရား နှစ်ပါးမျှကိုသာ ဉာဏ်ဖြင့် ထင်ထင် မြင်လာလေ၏။ ဤ နာမ်,ရုပ်တရား နှစ်ပါးတို့တွင်လည်း ရုပ်သည် ရူပက္ခန္ဓာတည်း၊ နာမ်သည် ခန္ဓာလေးပါးတို့တည်း၊ ဤသို့လျှင် ခန္ဓာငါးပါးမျှသာဖြစ်၏။ မှန်၏—နာမ်, ရုပ် နှစ်ပါးမှလွတ်သော ခန္ဓာဟူ၍ မရှိ၊ ခန္ဓာငါးပါးမှလွတ်သော နာမ်ရုပ်ဟူ၍လည်း မရှိချေ။

ထို ယောဂီသူမြတ်သည် "ဤခန္ဓာငါးပါးတို့သည် အဘယ်တရားလျှင် အကြောင်းရှိကြသနည်း" ဟု ဆင်ခြင်ရပြန်၏၊ ထိုသို့ ဆင်ခြင်သည် ရှိသော် "ဤ ခန္ဓာငါးပါးတို့သည် အဝိဇ္ဇာ, တဏှာ, ကံ-စသည်လျှင် အကြောင်းရှိကုန်၏၊ (ဝါ) အဝိဇ္ဇာ, တဏှာ, ကံ-စသည်ကြောင့် ဤ ခန္ဓာငါးပါးတို့ ဖြစ်ကြကုန်၏" ဟု အမှန်အတိုင်း သိမြင်လာ၏။ ထို့နောင်မှ ထိုယောဂီသူမြတ်သည် "ဤ ခန္ဓာအစဉ်သည် အကြောင်းတရားနှင့် အကျိုးတရားသာ ဖြစ်စွာတကား၊ အကြောင်းတရား အကျိုးတရားမှတပါး အခြားပုဂ္ဂိုလ်ဟူ၍ သတ္တဝါဟူ၍ မရှိပါတကား၊ သက်သက် သင်္ခါရတရားတို့၏ အစုအပုံမျှသာ ဖြစ်စွာတကား" ဟူ၍ အကြောင်းနှင့် တကွသော နာမ်ရုပ်တရားတို့ကို ဉာဏ်ဖြင့်ပိုင်ပိုင် သိမ်းဆည်းနိုင်ပြီးလျှင် ထို သိမ်းဆည်းအပ်ပြီးသော အကြောင်းနှင့် တကွသော နာမ်, ရုပ်တရား နှစ်ပါး၏အစွမ်းဖြင့် လက္ခဏာရေးသုံးပါး တင်၍ ဝိပဿနာဉာဏ်စဉ်အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တ ဟု အဖန်ဖန် ဆင်ခြင်သုံးသပ်လျက် လှည့်လည် နေထိုင်တော်မူလေ၏။ (ဤစကားရပ်ဖြင့် ဗလဝဝိပဿနာကို ပြသည်)။

ထိုသို့ ဗလဝဝိပဿနာသို့ ရောက်ရှိသော ယောဂီသူမြတ်သည် "ငါ ယနေ့ပင် မဂ်ဖိုလ်ရတော့မည်ဟဲ့၊ ငါယနေ့ပင် မဂ်ဖိုလ်ရတော့မည်ဟဲ့" ဟု မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို လိုလားတောင့်တလျက် ဝိပဿနာအလုပ်ကို ဆက်လက် အားထုတ်လေရာ မဂ်ဖိုလ်ရရန် လျောက်ပတ်သင့်မြတ်သော နေ့၌ သပ္ပါယဖြစ်သောဥတု, သပ္ပါယဖြစ်သောပုဂ္ဂိုလ်,သပ္ပါယဖြစ်သော ဘောဇဉ်အစာ,သပ္ပါယဖြစ်သောတရားနာရခြင်း=ဤသပ္ပါယ လေးပါးကိုရ၍ တင်ပလ္လင်ခွေ တထိုင်တည်းဖြင့် ထိုင်နေလျက်ပင် မိမိ၏ဝိပဿနာအလုပ်ကို အထွတ်အထိပ် (ဝုဋ္ဌာနဂါမိနီဝိပဿနာ)သို့ ရောက်စေ၍ အရဟတ္တဖိုလ်၌ တည်လေတော့၏။

ဤသို့လျှင် ဖဿတရား ထင်ရှားသောပုဂ္ဂိုလ်,ဝေဒနာတရား ထင်ရှားသောပုဂ္ဂိုလ်, စိတ်ဝိညာဏ်တရား ထင်ရှားသောပုဂ္ဂိုလ်=ဤပုဂ္ဂိုလ်

WWW.DHAMMARANSI.COM



သုံးမျိုးတို့အတွက် အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းတရား မြတ်စွာဘုရားရှင် ဟောကြားအပ်ပြီးသာလျှင် ဖြစ်၏။

ဤ၌ယခု သက္ကပဥ္စသုတ်၌ကား မြတ်စွာဘုရားသည် နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူရာ ဝေဒနာသုံးပါးကို ဦးတည်၍ ဟောတော်မူ၏။ မှန်၏— ဤသိကြားမင်းအမှူးပြုသော နတ်အပေါင်းတို့အဖို့မှာ ဖဿကို ဦးတည်၍ဖြစ်စေ, စိတ်ဝိညာဏ်ကို ဦးတည်၍ဖြစ်စေ နာမ်ကမ္မဋ္ဌာန်းကို ဟောကြားအပ်လျှင် (ဝေဒနာကမ္မဋ္ဌာန်းကဲ့သို့) ထင်ရှားမည်မဟုတ်၊ အမိုက်မှောင်ကဲ့သို့သာ ထင်ပေမည်။ နတ်တို့အဖို့ရာ ဝေဒနာတရားတို့၏ ဖြစ်ပွါးပုံ ထင်ရှားသောကြောင့် ဝေဒနာကို ဦးတည်၍ ဟောမှသာ နာမ်ကမ္မဋ္ဌာန်း ထင်ရှားနိုင်မည်။

ခွဲဦးအံ့— သုခဝေဒနာ, ဒုက္ခဝေဒနာတို့၏ဖြစ်ပုံသည် ထင်ရှားလှ၏၊ သုခဝေဒနာဖြစ်ပေါ်သောအခါ တကိုယ်လုံး ချောက်ချား,လွှမ်းမိုး,ပြန့်နှံ့, ယိုစီးစေလျက် အကြိမ်တရာ စစ်အပ်ပြီးသော ထောပတ်ကို စားစေသကဲ့သို့၎င်း, အကြိမ်တရာ ချက်အပ်ပြီးသောဆီကို လိမ်းစေသကဲ့သို့၎င်း, ရေကြည်အိုးအလုံးတထောင်ဖြင့် ပူလောင်ခြင်းကို ငြိမ်းစေသကဲ့သို့၎င်း "သြ...ချမ်းသာစွ၊ သြ....ချမ်းသာစွ" ဟု ဝေဒနာရှင်ကို ဝမ်းမြောက်စကား မြွက်ကြားစေလျက်သာလျှင် ဖြစ်ပေါ်လာလေသည်။ ဒုက္ခဝေဒနာ ဖြစ်ပေါ်သောအခါမှာလည်း တကိုယ်လုံးကို ချောက်ချား, လွှမ်းမိုး,ပြန့်နှံ့, ယိုစီးစေလျက် လောလောပူသော သံတွေခဲကို ခန္ဓာကိုယ်တွင်း သွင်းလိုက်သကဲ့သို့၎င်း, သံရည်ပူကျဲကျဲဖြင့် ခန္ဓာကိုယ်တွင်း သွန်းလိုက် လောင်းလိုက် သကဲ့သို့၎င်း, မြက်ခြောက် သစ်ပင်ခြောက်တို့ ပြည့်နှက်နေသော တောအတွင်း၌ ထင်းမီးစည်းကြီးကို ပစ်သွင်းလိုက်သကဲ့သို့၎င်း "သြ....ဆင်းရဲလှဘိ၏၊ သြ....ဆင်းရဲလှဘိ၏" ဟု ဝေဒနာရှင်ကို ဂယောင်ဂယမ်း မြည်တမ်းပြောဆိုစေလျက်သာ ဖြစ်ပေါ်လာလေသည်။ ဤသို့လျှင် သုခဝေဒနာ, ဒုက္ခဝေဒနာ=ဤဝေဒနာနှစ်ပါးတို့၏ဖြစ်ပုံသည် ထင်ရှားလှ၏။

ဥပေက္ခာဝေဒနာကား ပြရန်ခဲယဉ်း၏၊ အမိုက်မှောင်ဖြင့် လွှမ်းမိုးထားအပ်သကဲ့သို့ ဖြစ်၏၊ ထိုဥပေက္ခာဝေဒနာသည် သုခဒုက္ခဝေဒနာတို့ ကင်းကွာလတ်သော် သက်သာမှုလည်းမဟုတ် မသက်သာမှုလည်းမဟုတ်ပဲ အလယ်အလတ် မထင်မရှား လျစ်လျူခံစားမှုသဘောသည် ဥပေက္ခာဝေဒနာမည်၏ဟု အနုမာန မှန်းဆသောနည်းအားဖြင့် မှတ်ယူသော ယောဂီ၏အဖို့ရာ ထင်ရှား၍လာ၏။ ဥပမာအားဖြင့် ကျောက်ဖျာပေါ်

WWW.DHAMMARANSI.COM



သို့တက်၍ ပြေးသော သမင်၏နောက်သို့ ဖဝါးခြေထပ် ထက်ကြပ်လိုက်ပါလာသော သားမုဆိုးသည် ကျောက်ဖျာ၏ ဤမှာဖက်၌ တက်သော ခြေရာ ထိုမှာဖက်၌ သက်ဆင်းသောခြေရာကို ကြည့်ရှုတွေ့မြင်၍ ကျောက်ဖျာအလယ်၌ ခြေရာကို မမြင်ရသော်လည်း "ဤအရပ်မှ တက်သည်၊ ဤအရပ်မှ သက်ဆင်းသည်၊ သို့ရကား ကျောက်ဖျာအလယ်၌ ဤအရပ်ဖြင့် သွားလိမ့်မည်" ဟု အနုမာန မှန်းဆသောနည်းအားဖြင့် ကျောက်ဖျာအလယ်၌ သမင်သွားသည့်အရပ်ကို မှတ်ယူသကဲ့သို့ ဤအတူ ကျောက်ဖျာပေါ်သို့ တက်ရာအရပ်၌ ခြေရာကဲ့သို့ သုခဝေဒနာ၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ ကျောက်ဖျာမှ သက်ဆင်းရာအရပ်၌ ခြေရာကဲ့သို့ ဒုက္ခဝေဒနာ၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ "ဤအရပ်မှတက်၍ ဤအရပ်မှသက်၍ အလယ်၌ ဤသို့သွားလေသည်" ဟု အနုမာန မှန်းဆသောနည်းအားဖြင့် မှတ်ယူခြင်းကဲ့သို့ သုခဒုက္ခဝေဒနာတို့ ကင်းကွာလတ်သော် "သက်သာမှုလည်းမဟုတ် မသက်သာမှုလည်း မဟုတ်ပဲ အလယ်အလတ် မထင်မရှား လျစ်လျူ ခံစားမှုသဘောသည် ဥပေက္ခာဝေဒနာမည်၏" ဟု အနုမာန မှန်းဆသောနည်းအားဖြင့် မှတ်ယူသိမ်းဆည်းသော ယောဂီ၏အဖို့ရာ ဥပေက္ခာဝေဒနာသည် ထင်ရှား၍လာ၏။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သိကြားမင်းအား ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို ဟောပြီးမှ နောက် နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာသုံးပါး၏အစွမ်းဖြင့် ခွဲခြမ်းထုတ်ဖော်၍ ဟောပြတော်မူ၏။ ဤသို့ ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကိုဟောပြီးမှ နောက်၌ နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာသုံးပါး၏အစွမ်းဖြင့် ဝေနေယျပုဂ္ဂိုလ်အလိုက် ဟောကြားတော်မူခြင်းမှာ ဤသက္ကပဉ္ဟသုတ်၌သာ မဟုတ်သေး၊ မဟာသတိပဋ္ဌာနသုတ်၊ မဇ္ဈိမနိကာယ် သတိပဋ္ဌာနသုတ်၊ စူဠတဏှာသင်္ခယသုတ်၊ မဟာတဏှာသင်္ခယသုတ်၊ စူဠဝေဒလ္လသုတ်၊ မဟာဝေဒလ္လသုတ်၊ ရဋ္ဌပါလသုတ်၊ မာဂဏ္ဍိယသုတ်၊ ဓာတုဝိဘင်္ဂသုတ်၊ အာနေဉ္ဇသပ္ပါယသုတ်တို့နှင့်တကွ ဝေဒနာသံယုတ်တခုလုံး၌လည်း ဤနည်းအတူ ဟောပြတော်မူသည်၊ ဤသို့လျှင် များစွာသော သုတ္တန်တို့၌ ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို ဟောပြီး၍နောက်၌ နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာသုံးပါး၏အစွမ်းဖြင့် ခွဲခြမ်းထုတ်ဖော်၍ ဟောပြတော်မူ၏။ ထိုထိုဖော်ပြရာပါ သုတ်များ၌ကဲ့သို့ပင် ဤသက္ကပဉ္ဟသုတ်၌လည်း သိကြားမင်းအမှူးပြုသည့် နတ်အပေါင်း တည်းဟူသော ဝေနေယျပုဂ္ဂိုလ်တို့၏ အဇ္ဈာသယအလိုက် ရှေးဦးစွာရုပ်ကမ္မဋ္ဌာန်းကို ဟောပြီးမှ နောက်၌ နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာသုံးပါး၏အစွမ်းဖြင့် ခွဲခြမ်းထုတ်ဖော်၍ ဟောပြတော်မူ၏။

WWW.DHAMMARANSI.COM



"ဤသက္ကပဉ္စသုတ်၌ ရုပ်ကမ္မဋ္ဌာန်းကို ဝေဒနာ၏အာရုံမျှဖြစ်၍ ချုံး အပ်လေပြီ၊ ထို့ကြောင့် ပါဠိတော်၌ မတင်အပ်သည် ဖြစ်ပေလိမ့်မည်" ဤကား အဋ္ဌကထာ၌ အထူးဖွင့်ပြချက်တည်း၊ ဤအဋ္ဌကထာဖွင့်ပြ ချက်သည် လျှို့ဝှက်ခဲကပ်သော အဓိပ္ပါယ်ရှိသည်။ ထို့ကြောင့် အဋ္ဌ-ကထာဆရာတော်၏ ဆိုလိုရင်းအနက် အဓိပ္ပါယ်ကို ဤသို့သိအပ်၏—

"သိကြားမင်းအမှူးပြုသော နတ်အပေါင်းတို့အား ထိုသူတို့၏ အဇ္ဈာသယအလိုက် ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို ဟောပြီးမှ နောက်၌ နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာသုံးပါး၏ အစွမ်းဖြင့် ခွဲခြမ်းထုတ်ဖော်၍ ဟောပြတော်မူ၏"ဟူသော အဋ္ဌကထာစကားရပ်၌ ပါဠိတော်ဝယ် ရုပ်ကမ္မဋ္ဌာန်းဟောပြချက် လုံးဝမပါရှိသောကြောင့် စောဒကပုဂ္ဂိုလ်က "ဤသက္ကပဉ္စသုတ်၌ ရုပ်ကမ္မဋ္ဌာန်းကို မြတ်စွာဘုရားရှင် အဘယ်သို့ ဟောတော်မူအပ်သနည်း၊ ပါဠိတော်၌ မတွေ့ရပါတကား၊ မထင်ပါ တကား"ဟူ၍ မေးဖွယ်ရှိ၏။ အဖြေကား — သိကြားမင်းအမှူးပြုသော နတ်အပေါင်းတို့မှာ နာမ်တရားထင်ရှားသော ဝေနေယျတို့ဖြစ်ကြသည်။ ထိုနာမ်တရားတွင်လည်း ဝေဒနာတရား အထူးသဖြင့် ထင်ရှားသော ဝေနေယျတို့ ဖြစ်ကြသည်။ မြတ်စွာဘုရားရှင်သည်လည်း နာမ်တရား ထင်ရှားသော သတ္တဝါတို့အတွက် ရုပ်တရား=ရုပ်ကမ္မဋ္ဌာန်းကို သာမန် မျှသာ သိသာရုံ ရှေးဦးစွာ ဟောပြပြီးမှ နာမ်တရား=နာမ်ကမ္မဋ္ဌာန်းကို အကျယ်ဟောပြတော်မူလေ့ရှိသည်၊ သို့ရကား ဤယခု သက္ကပဉ္စသုတ်၌ မြတ်စွာဘုရားရှင်သည် သိကြားမင်းအမှူးပြုသော နတ်အပေါင်းတို့က နာမ်တရားထင်ရှားသော ဝေနေယျတို့ ဖြစ်သည့်အတွက် ထိုသူတို့အား ရှေးဦးစွာ ရုပ်တရား=ရုပ်ကမ္မဋ္ဌာန်းကို ဟောပြရာဝယ် အကျယ်မဟော ပြတော့ပဲ ဝေဒနာ၏အာရုံဖြစ်သော ရုပ်တရားမျိုးမျှလောက်ကိုသာ "ဤတရားစုသည် ရုပ်တရားများဖြစ်သည်"ဟု သာမန်အကျဉ်းဆုံး ချုံး၍ ဟောပြတော်မူပြီးနောက်မှ နာမ်ကမ္မဋ္ဌာန်းဆိုင်ရာ ဝေဒနာ သုံးပါးကို အကျယ်အားဖြင့် ဟောပြတော်မူသည်၊ သို့ရကား ဤ သက္ကပဉ္စသုတ်ဝယ် ရုပ်ကမ္မဋ္ဌာန်းဆိုင်ရာကို မြတ်စွာဘုရားရှင်သည် ဝေဒနာ၏အာရုံဖြစ်သော ရုပ်မျှလောက်ကိုသာ သာမန်အကျဉ်းဆုံး ချုံး၍ ဟောအပ်သောကြောင့် ပါဠိတော်၌ မတင်အပ်ပဲ ရှိလေသည်" ဤကဲ့သို့ ဆိုလိုရင်းဖြစ်သည်။

ယခုအခါ ရှေးဖော်ပြရာပါ ဝေဒနာသုံးပါး ကမ္မဋ္ဌာန်းအကျယ် ပြသည့် (က) စကားရပ် (ခ) စကားရပ် (ဂ) စကားရပ်တို့၌

WWW.DHAMMARANSI.COM



အဋ္ဌကထာ ဋီကာတို့ ဖွင့်ပြအတူးမိန့်မှာချက်ကို အတတ်နိုင်ဆုံး အကျဉ်း ချုံး၍ ရေးသားပြဆိုတော့မည်—

(က) စကားရပ်။ ။ပဌမစာခေါင်းပါ "အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့်(မမှီဝဲအပ်သော)ဝမ်းမြောက် ခြင်း"ဟူသည်မှာ ကာမဂုဏ်၌မှီသော ဝမ်းမြောက်ခြင်း=သောမနဿ ဝေဒနာဖြစ်သည်။ ဤသောမနဿဝေဒနာကို ဂေဟသိတသောမနဿ ဝေဒနာဟု ခေါ်၏၊ (အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, မမွှသဘော=ဤ ၆-ပါးသော ကာမတရားအစု=ကာမဂုဏ်များကို ကာမတဏှာ၏ နေအိမ်ကြီးသဖွယ် ဖြစ်သောကြောင့် ဂေဟဟူ၍ခေါ်၏၊ ထိုဂေဟမည်သော ကာမတရားအစု=ကာမဂုဏ်ကို အကြောင်းပြု၍ ဖြစ်သော တဏှာနှင့် ယှဉ်ဖော်ယှဉ်ဖက်(တွဲဖက်၍)ဖြစ်သော ဝမ်း မြောက်ခြင်း သောမနဿဝေဒနာကို ဂေဟသိတသောမနဿဝေဒနာ ခေါ်၏)။ ဤဂေဟသိတသောမနဿဝေဒနာကို မှီဝဲလျှင်(=ထပ် တလဲလဲ ဖြစ်ပွါးစေလျှင်) အကုသိုလ်တရားတို့သာ တိုးပွါး၍ ကုသိုလ် တရားတို့ တနေ့တခြား ဆုတ်ယုတ်လေသည်၊ ထို့ကြောင့် ထိုဂေဟသိတ သောမနဿဝေဒနာကို မမှီဝဲအပ်=မမှီဝဲကောင်းဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

(က) စကားရပ်။ ။ဒုတိယစာခေါင်းပါ "အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးမည့် (မှီဝဲအပ်သော)ဝမ်းမြောက် ခြင်း"ဟူသည်မှာ နေက္ခမ္မ၌မှီသော (=နေက္ခမ္မသိတ) ဝမ်းမြောက် ခြင်း=သောမနဿဝေဒနာ ဖြစ်သည်။ ဤ၌ ရှင်ရဟန်းပြုခြင်း, ပဌမ စျာန်, နိဗ္ဗာန်, ဝိပဿနာတို့နှင့်တကွ ခပ်သိမ်းသော ကုသိုလ်တရားတို့ကို ထိုထိုအိမ်ရာအနှောင်အဖွဲ့, နီဝရဏ-စသော ဆန့်ကျင်ဖက်တရားတို့မှ လွတ်မြောက်သောကြောင့် နေက္ခမ္မဟူ၍ ခေါ်၏။ ထင်ရှားစေဦးအံ့— "သံသရာဝဋ်ဒုက္ခမှ ငါထွက်မြောက်ရတော့မည်"ဟု ရည်ရွယ်မှန်းထား ကာ ရှင်ရဟန်းပြုဖို့ရန် ရဟန်းတို့ထံသို့ သွားသောသူ, သွားရောက်ပြီး ရှင်ရဟန်းပြုသောသူ, ရှင်ရဟန်းပြုပြီးလျှင် စတုပါရိသုဒ္ဓိသီလ၌ ကြံ့ကြံ့ ခိုင်ကျည်တည်သောသူ, ထိုစတုပါရိသုဒ္ဓိသီလကို စင်ကြယ်စွာ ကျင့်ကြံ သောသူ, ဓုတင်ပဋိပတ်တို့ကို ဆောက်တည်ကျင့်ကြံသောသူ, ကသိုဏ်း ပရိကံ စီမံပွါးများအားထုတ်သူ, ယင်းသို့ ပွါးများအားထုတ်သဖြင့် ရူပါဝစရပဌမဈာန်စသည်ကို ရသောသူ, ထိုဈာန်ကို အခြေပါဒပြု၍ ဝိပဿနာတရားပွါးများသောသူ၏ ပဋိပတ်လုပ်ငန်းရပ်များကို နေက္ခမ္မ ဟူ၍ ခေါ်ဆို၏၊ ယင်းနေက္ခမ္မလုပ်ငန်းရပ်ကို အကြောင်းပြု၍ဖြစ်သော

WWW.DHAMMARANSI.COM



ဝမ်းမြောက်ခြင်း=သောမနဿဝေဒနာကို နေက္ခမ္မသိတသောမနဿဝေဒနာဟု ခေါ်၏၊ ယင်းနေက္ခမ္မသိတသောမနဿဝေဒနာကို မှီဝဲလျှင် (=ထပ်တလဲလဲ ဖြစ်ပွါးစေလျှင်) အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးလေသည်။ ထို့ကြောင့် ထိုနေက္ခမ္မသိတသောမနဿဝေဒနာကို မှီဝဲအပ်၏=မှီဝဲကောင်း၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

(ဤ၌။ ။မမှီဝဲအပ်သော ဂေဟသိတသောမနဿဝေဒနာသည် ၆-ဒွါရမှ ထင်လာသော ဣဋ္ဌအာရုံ ၆-ပါးတို့ကို သာယာတပ်မက်သော တဏှာလောဘနှင့် တွဲဖက်၍ ဖြစ်ပေါ်လာသော သောမနဿဝေဒနာဖြစ်၍ အာရုံအပြားသို့လိုက်၍ ၆-ပါးပင် အပြားရှိလေသည်။ မှီဝဲအပ်သော နေက္ခမ္မသိတသောမနဿဝေဒနာသည်လည်း ရှင်ရဟန်းပြုရန် ရဟန်းတို့ထံ သွားရောက်သည်မှအစ လောကီ လောကုတ္တရာ ပဌမဈာန် ဒုတိယဈာန် တတိယဈာန်တို့ကို ရရှိသည်တိုင်အောင် ဤအတွင်း၌ဝယ် ဣဋ္ဌအာရုံ ၆-ပါးတို့ကို အာရုံပြုကာ နေက္ခမ္မပဋိပတ်လုပ်ငန်းရပ်တို့ကို ပွါးများအားထုတ်သော စိတ္တုပ္ပါဒ်နှင့် ယှဉ်ဖော်ယှဉ်ဖက်ဖြစ်သည့် သောမနဿဝေဒနာဖြစ်၍ အာရုံအပြားသို့လိုက်၍ ၆-ပါးပင် အပြားရှိလေသည်။ ထို့ကြောင့် ကျမ်းဂန်ဓမ္မနယ်ပယ်၌ "ဂေဟသိတသောမနဿဝေဒနာ ၆-ပါး, နေက္ခမ္မသိတသောမနဿဝေဒနာ ၆-ပါး"ဟူ၍ စကားတွင်ကျယ်လျက်ရှိသည်။ နောက်ဖော်ပြလတ္တံ့သော ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့၌လည်း ဂေဟသိတ ၆-ပါး, နေက္ခမ္မသိတ ၆-ပါးဟူ၍ သုံးနှုန်းခေါ်ဆိုရာဝယ် ဤနည်းအတူပင် အာရုံ ၆-ပါးသို့လိုက်၍ ခေါ်ဆိုသည်ဟု ဓမ္မဝေါဟာရ၌ ကျမ်းကျင်လိမ္မာကုန်ရာ၏။)

(က) စကားရပ်။ ။တတိယစာခေါင်း၌ "မှီဝဲအပ်သော နေက္ခမ္မသိတ သောမနဿဝေဒနာသည် (၁) သဝိတက္ကသဝိစာရသောမနဿ=ဝိတက်ဝိစာရနှင့်တကွဖြစ်သော သောမနဿ (ရဟန်းပြုရန် ရဟန်းတို့ထံသို့ သွားရောက်သည်မှအစ ပဌမဈာန်ကို ရသည်တိုင်အောင် ဤအတွင်းဖြစ်ပွါးသမျှသော နေက္ခမ္မသိတသောမနဿ) ဝေဒနာ, (၂) အဝိတက္ကအဝိစာရ သောမနဿ=ဝိတက်ဝိစာရနှင့်မယှဉ်သော သောမနဿ (ဒုတိယဈာန် တတိယဈာန်တို့၌ ပါရှိသော နေက္ခမ္မသိတ သောမနဿ) ဝေဒနာဟူ၍=နှစ်မျိုးရှိရာ (၂) အမှတ်ပြ အဝိတက္ကအဝိစာရ သောမနဿ ဝေဒနာသည် သာလွန်၍ မြင့်မြတ်၏"ဟု ဆိုလိုသည်။

ဤတတိယ စာခေါင်းပါ စကားရပ်စုဖြင့် မြတ်စွာဘုရားသည် အဘယ်ကို ဟောကြားအပ်သနည်းဟူမူ—နှစ်ဦးသော ရဟန်းတို့၏ အရဟတ္တဖိုလ်ကို ဟောကြားတော်မူအပ်သည်။ ချဲ့ဦးအံ့—(က) တဦးသော ရဟန်းသည် သဝိတက္ကသဝိစာရသောမနဿဝေဒနာ (=ကာမာ-

WWW.DHAMMARANSI.COM



ဝစရသောမနသာဝေဒနာနှင့် ရူပါဝစရပဥ္စမဈာန် သောမနဿဝေဒနာ) ၌ ဝိပဿနာအလုပ် အားထုတ်သည်ရှိသော် "ဤသောမနဿဝေဒနာသည် အဘယ်၌မှီသနည်း"ဟု ဆင်ခြင်လေ၏၊ ထိုသို့ဆင်ခြင်လတ်သော် ကရဇကာယတည်းဟူသော ခန္ဓာကိုယ်အတ္တဘော၌ မှီ၏ဟု ပိုင်းခြားသိမြင်လာလေ၏။ ထို့နောက် အောက်စာမျက်နှာ (၁၃၅) မှစ၍ ပြဆိုခဲ့သောနည်းအတိုင်း တရားအလုပ် ဆက်လက်ပွါးများ အားထုတ်လေလျှင် အစဉ်သဖြင့် အရဟတ္တဖိုလ်၌ တည်လေ၏။

(ခ) အခြား ရဟန်းတပါးသည် အဝိတက္ကအဝိစာရသောမနဿဝေဒနာ(ရူပါဝစရဒုတိယဈာန် တတိယဈာန်တို့နှင့်ယှဉ်သော သောမနဿဝေဒနာ)၌ ဝိပဿနာအလုပ် အားထုတ်သည်ရှိသော် ရှေး၌ ဆိုအပ်ပြီးသော နည်းအတိုင်း အရဟတ္တဖိုလ်၌ တည်လေသည်။ ထိုရဟန်းနှစ်ပါးတို့ နှလုံးသွင်းသိမ်းဆည်းအပ်, သုံးသပ်အပ်သော သောမနဿဝေဒနာတို့အနက် ပဌမရဟန်း နှလုံးသွင်း သိမ်းဆည်းအပ်, သုံးသပ်အပ်သော (အာရုံဖြစ်သည့်) သဝိတက္ကသဝိစာရ သောမနဿ ဝေဒနာထက် ဒုတိယရဟန်း နှလုံးသွင်း သိမ်းဆည်းအပ်, သုံးသပ်အပ်သော (အာရုံဖြစ်သည့်) အဝိတက္ကအဝိစာရ သောမနဿဝေဒနာက သာလွန်မြင့်မြတ်၏၊ ထိုဝေဒနာနှစ်ပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုသော စိတ္တုပ္ပါဒ်တွင်လည်း ပဌမရဟန်း၏ သန္တာန်၌ဖြစ်သော (အာရမ္မဏိကဖြစ်သည့်) သဝိတက္ကသဝိစာရဝိပဿနာထက် ဒုတိယရဟန်း၏ သန္တာန်၌ဖြစ်သော (အာရမ္မဏိကဖြစ်သည့်) အဝိတက္ကအဝိစာရ ဝိပဿနာက သာလွန် မြင့်မြတ်၏၊ ပဌမ ရဟန်းရရှိသည့် သဝိတက္ကသဝိစာရ သောမနဿ ဖလသမာပတ်ထက် ဒုတိယရဟန်း ရရှိသည့် အဝိတက္ကအဝိစာရ သောမနဿဖလသမာပတ်က သာလွန်မြင့်မြတ်လှ၏။ ထို့ကြောင့် "အဝိတက္ကအဝိစာရ သောမနဿဝေဒနာသည် သာလွန် မြင့်မြတ်၏" ဟု မြတ်စွာဘုရား ဟောကြားတော်မူအပ်၏။

ဤကား (က) စကားရပ်၌ မှတ်ဖွယ်အထူးတည်း။

(ခ) စကားရပ်။ ။ပဌမစာခေါင်းပါ "အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့် (မမှီဝဲအပ်သော) နှလုံးမသာခြင်း= ဒေါမနဿဝေဒနာ" ဟူသည်မှာ ဂေဟသိတဒေါမနဿဝေဒနာဖြစ်သည်။ ဂေဟသိတ ဒေါမနဿဝေဒနာဟူသည်လည်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော ခြောက်ဒွါရတို့၌ အလိုရှိအပ် တောင့်တ အပ်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, ဓမ္မ-

WWW.DHAMMARANSI.COM



သဘော=ဤခြောက်ပါးသော ကာမဝတ္ထု တရားအစု=ကာမဂုဏ်တို့ကို တောင့်တတိုင်း မရသဖြင့် "ငါ့မှာ ဤကာမတရားတို့ကို မရလေခြင်း" ဟု နှလုံးပူပန်သောသူ့, ရပြီးသော ကာမဝတ္ထု တရားအစုတို့ ပျက်စီးချုပ်ပျောက်ရာ၌ "ငါ့မှာ ရှိရင်းစွဲ ကာမတရားအစုတို့ ပျက်စီးချုပ်ပျောက်ကုန်ပြီတကား"ဟု နှလုံးပူပန်သောသူတို့၏ သန္တာန်၌ ကာမဝတ္ထု တရားအစုကို မှီ၍ (အာရုံပြု၍) ဖြစ်သော နှလုံးမသာခြင်း=ဒေါမနဿဝေဒနာဖြစ်သည်။

ယင်း ဂေဟသိတဒေါမနဿဝေဒနာကို မှီဝဲလျှင် (=ထပ်တလဲလဲဖြစ်စေလျှင်) အကုသိုလ်တရားတို့သာ တိုးပွါး၍ ကုသိုလ်တရားတို့ တနေ့တခြား ဆုတ်ယုတ်လေသည်၊ ထို့ကြောင့် ထိုဂေဟသိတဒေါမနဿဝေဒနာကို မမှီဝဲအပ်=မမှီဝဲကောင်းဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

(ခ) စကားရပ်။ ။ဒုတိယစာခေါင်းပါ "အကုသိုလ် တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးမည့် (မှီဝဲအပ်သော) နှလုံးမသာခြင်း= ဒေါမနဿဝေဒနာ" ဟူသည်မှာ နေက္ခမ္မသိတဒေါမနဿ-ဝေဒနာဖြစ်သည်။ နေက္ခမ္မသိတဒေါမနဿဝေဒနာဟူသည်လည်း ရှေး၌ဆိုအပ်ခဲ့သည့် ရှင်ရဟန်းပြုရန် ရဟန်းတော်တို့ထံ သွားရောက်ခြင်းစသော နေက္ခမ္မအလုပ် ဝိပဿနာဘာဝနာ အလုပ်, အနုဿတိဘာဝနာ အလုပ်-စသည်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်သူမြတ်၏ သန္တာန်ဝယ် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, ဓမ္မသဘော ဟူသော အာရုံခြောက်ပါးတို့၏ မမြဲသောသဘော ဖောက်ပြန်ပျက်စီးချုပ်ပျောက်သော သဘောကို ပိုင်းခြားသိမြင်ပြီးနောက် အတိတ်က ဖြစ်သော အာရုံခြောက်ပါး တရားများ, ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဖြစ်သော အာရုံခြောက်ပါး တရားများ=ဤတရားအားလုံးတို့သည် မမြဲသော သဘောတို့ပါတကား, ဆင်းရဲသော သဘောတို့ပါတကား, ဖောက်ပြန်ပျက်စီးတတ်သော သဘောတို့ပါတကား ဟု အမှန်အတိုင်း ဝိပဿနာ ဉာဏ်ပညာဖြင့် သိမြင်သောအခါ ထိုအာရုံခြောက်တန် ရုပ်နာမ်နှစ်ဝ သခ်ါရဒုက္ခမှ လွတ်ငြိမ်းရာ နိဗ္ဗာန်ကိုအာရုံပြုသော လောကုတ္တရာ အရိယဖိုလ်တရားတို့၌ လိုလားတောင့်တမှု ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်လာ၏။

(ဤ၌။ ။"လောကုတ္တရာ အရိယဖိုလ်တရားတို့၌ လိုလားတောင့်တမှုပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်လာ၏"ဟူရာဝယ် ကေန်တိုက်ရိုက် လောဘတရားက အရိယဖိုလ်ကို အာရုံပြု၍ တောင့်တသည်ဟု ဆိုလိုသည်

WWW.DHAMMARANSI.COM



မဟုတ်၊ မှန်၏- လောဘကဲ့သို့သော အကုသိုလ်တရားတို့ကို မဆိုထားဘိ၊ ဉာဏ-ဝိပ္ပယုတ် ကုသိုလ်များကပင်သော်လည်း လောကုတ္တရာတရားကို လုံးဝ တိုက်ရိုက် အာရုံ မပြုနိုင်ချေ။ အမှန်စင်စစ်သော်ကား "အရိယဖိုလ်တို့သည် ဤသို့ ဤသို့သော အာနုဘော်ထူး ဂုဏ်ကျေးဇူးရှိကုန်၏" စသည်ဖြင့် တဆင့်ကြား၍ ဖြစ်စေ၊ ကျမ်းဂန်စာပေ သင်ကြားခြင်း, သမထဝိပဿနာ ဘာဝနာတရား ပွါးများခြင်း အစွမ်းသတ္တိကြောင့် ထင်ရှားလာသော လောကုတ္တရာတရားတို့၏ အခြင်းအရာ အာကာရသဘောသွားကို မှတ်သားတတ်သည့် ဉာဏ်ပညာ၌ တည်၍ ဖြစ်စေ အနုမာန မှန်းဆသောအားဖြင့် လောကုတ္တရာ အရိယဖိုလ်တရားတို့ကို တောင့်တကြလေသည်။ တိုက်ရိုက်ဖော်ပြရလျှင် အလွန်မှန်မြတ် သိမ်မွေ့သော စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့၏ ပညတ်များသည်လည်း ထို တရားတို့ကဲ့သို့ပင် မွန်မြတ်သိမ်မွေ့သော သဘောရှိကုန်၏။ သို့ရကား ပုထုဇန်သူငါတို့ မိမိတို့ မရသေး မသိသေးသော စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို တိုက်ရိုက် အာရုံပြု၍ တောင့်တနိုင်ကြသည် မဟုတ်၊ ထိုတရားတို့၏ စျာန်ဟူသောပညတ်, မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသောပညတ် (အလွန်သိမ်မွေ့လှသည့်ပညတ်) တို့ကို အာရုံပြု၍သာ ထိုစျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို ရော်ရမ်းမှန်းဆ အနုမာနအားဖြင့်သာ တောင့်တကြရလေသည်။ ထို့ကြောင့် ဤ ယခုအရာ၌ ပုထုဇန်ယောဂီရဟန်းတို့ တဆင့်ကြား =သုတပရိယတ်အားဖြင့် သိရှိအပ်သည့် လောကုတ္တရာ အရိယဖိုလ်တရားတို့ကို ရော်ရမ်းမှန်းဆ၍ ထို အရိယဖိုလ်တရားတို့၏ "လောကုတ္တရာ အရိယဖိုလ်" ဟူသော ပညတ်ကိုသာ အာရုံပြု၍ လိုလားတောင့်တမှု **ပိဟာ**ခေါ်သော သိမ်မွေ့သော လောဘတရားကို ဖြစ်စေကြသည်ကိုပင် "လောကုတ္တရာ အရိယဖိုလ်တရားတို့၌ လိုလားတောင့်တမှု ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်လာ၏" ဟု ရေးသားဖော်ပြခြင်း ဖြစ်သည်။ ။သိမ်မွေ့စွာ)။

ထိုသို့ လောကုတ္တရာ အရိယဖိုလ်တရားတို့၌ လိုလားတောင့်တမှု ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်ပြီးနောက် ထို လောကုတ္တရာ အရိယဖိုလ်တရားတို့ကို ရရှိနိုင်ရန် ဝိပဿနာတရားကို မနေမနား ပွါးများကြိုးကုတ် အားထုတ်ပါလျက် အရိယဖိုလ်သို့မရောက် နိုင်သော ယောဂီပုဂ္ဂိုလ်၏သန္တာန်ဝယ် "သြ .... ငါကား ဤပက္ခ, ဤလ, ဤနှစ်ပတ်လုံး ဝိပဿနာတရား မနေမနား ပွါးများကြိုးကုတ် အားထုတ်ပါလျက် ငါတောင့်တသည့် အရိယဖိုလ်သို့ မရောက်နိုင်စွာ့ တကား" ဟု အဖန်ဖန် စိုးရိမ်ပူပန်သောအခါ ဖြစ်ပွါးသော နှလုံး မသာခြင်း = ဒေါမနဿဝေဒနာကို နေက္ခမ္မသိတဒေါမနဿဝေဒနာဟု ခေါ်၏။ ယင်း နေက္ခမ္မသိတဒေါမနဿဝေဒနာကို မှီဝဲလျှင် (=ထပ် တလဲလဲ ဖြစ်စေလျှင်) ထို ဒေါမနဿဝေဒနာမှ ဥပနိဿယပစ္စည်းကိုရ၍ အကုသိုလ်တရားများ ဆုတ်ယုတ်ကာ ကုသိုလ်တရားတို့ တနေ့တခြား တိုးပွါးလာလေသည်၊ ထို့ကြောင့် ထို နေက္ခမ္မသိတဒေါမနဿဝေဒနာကို မှီဝဲအပ်၏၊ မှီဝဲကောင်း၏ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

WWW.DHAMMARANSI.COM



(ခ) စကားရပ်။ ။တတိယစာခေါင်းပါ "သဝိတက္ကသဝိစာရ-ဒေါမနဿ, အဝိတက္ကအဝိစာရဒေါမနဿ" ဟူရာ၌ ဒေါမနဿဝေဒနာမှန်က ကေန်မုချ သဝိတက္ကသဝိစာရတမျိုးသာ ဖြစ်သော်လည်း ယောဂီရဟန်း၏ စွဲမှတ်ယူဆချက်အားဖြင့် ဂေဟသိတဒေါမနဿဝေဒနာကို သဝိတက္ကသဝိစာရဒေါမနဿ, နေက္ခမ္မသိတဒေါမနဿဝေဒနာကို အဝိတက္ကအဝိစာရဒေါမနဿဝေဒနာဟူ၍ ခွဲခြား ဟောကြားတော်မူအပ်လေသည်။

ခွဲဦးအံ့—ဤသာသနာတော်၌ ယောဂီရဟန်းသည် ဥပစာရစျာန်ကို အခြေပါဒပြု၍ဖြစ်စေ, သို့မဟုတ် ပဋ္ဌမစျာန်စသည်တို့ကို အခြေပါဒပြု၍ ဖြစ်စေ မဂ်ဖိုလ်တရားတို့ကို ဖြစ်စေအံ့ဟု ဝိပဿနာတရားကို ပွါးများ ကြိုးကုတ် အားထုတ်လေရာ ထိုမဂ်ဖိုလ်တရားတို့ကို မရနိုင်သည်ရှိသော် ဒေါမနဿ=နှလုံးမသာယာခြင်း ဝေဒနာများ ဖြစ်ပွါးလာတတ်သည်၊ ထိုသို့ ဒေါမနဿဝေဒနာတရား ဖြစ်ပွါးလာသောအခါ အခြေပါဒဖြစ်သော ဥပစာရစျာန်တရား, ပဋ္ဌမစျာန်စသော စျာန်တရားတို့ကို ဖလူ-ပစာရအားဖြင့် ဒေါမနဿဟူ၍ ခေါ်ဆိုအပ်လေသည်။ အကြင်ယောဂီရဟန်းသည်ကား ထိုသို့ နှလုံးမသာယာမှု = ဒေါမနဿဝေဒနာတရား ဖြစ်ပွါးသော်လည်း လုံ့လဝီရိယကို မလျှော့ချပဲ အစဉ်သဖြင့် ဝိပဿနာ အလုပ် ကြိုးကုတ်အားထုတ်လေရာ မဂ်ဖိုလ်တရားတို့ကို ရရှိလာ၏၊ ထိုသို့ ရရှိလာသော မဂ်ဖိုလ်တရားများကို ကာရဏူပစာရအားဖြင့် ဒေါမနဿဟူ၍ ခေါ်ဆိုအပ်လေသည်။

ယောဂီ ရဟန်းသည် နှလုံး မသာယာမှု = ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော သဝိတက္ကသဝိစာရတရား အဝိတက္ကအဝိစာရတရားတို့ကို သဝိတက္ကသဝိစာရဒေါမနဿ, အဝိတက္ကအဝိစာရဒေါမနဿဟူ၍ မှတ်ယူပြီးလျှင် "ငါသည် အဘယ်နံ့ရောအခါ၌ သဝိတက္ကသဝိစာရ-ဒေါမနဿတရား, အဝိတက္ကအဝိစာရဒေါမနဿတရားများ၌ ဝိပဿနာ အလုပ် အားထုတ်နိုင်ပါမည်နည်း" ဟူ၍၎င်း, သဝိတက္ကသဝိစာရ-ဒေါမနဿတရားကို အကြောင်းပြု၍ ရရှိသောဖိုလ်တို့ကို သဝိတက္က-သဝိစာရဒေါမနဿဖလသမာပတ်ဟူ၍၎င်း, အဝိတက္ကအဝိစာရဒေါမနဿတရားကို အကြောင်းပြု၍ ရရှိသော ဖိုလ်တို့ကို အဝိတက္ကအဝိစာရ-ဒေါမနဿဖလသမာပတ်ဟူ၍၎င်း မှတ်ယူပြီးလျှင် "ငါသည် အဘယ် နံ့ရောအခါ၌ သဝိတက္ကသဝိစာရဒေါမနဿဖလသမာပတ်, အဝိတက္က-အဝိစာရဒေါမနဿဖလသမာပတ်ကို ဖြစ်စေနိုင်ပါမည်နည်း" ဟူ၍၎င်း ကြံစည်စဉ်းစားပြီးလျှင် သုံးလကြာ ကျင့်ရသော=တေမာသိကပဋိပဒါ,

WWW.DHAMMARANSI.COM



ခြောက်လကြာ ကျင့်ရသော = ဆမာသိကပဋိပဒါ၊ ကိုးလကြာကျင့်ရသော=နဝမာသိကပဋိပဒါ=ဤအကျင့်ပဋိပဒါသုံးမျိုးကို အစဉ်သဖြင့် အရယူကျင့်ကြံလေ၏။

ပဌမရှေးဦးစွာ တေမာသိကပဋိပဒါ=သုံးလကျင့်စဉ်ကို ယူပြီးလျှင် ပဌမတလအတွင်း၌ ညဉ့်သုံးယံတွင် တစ်ယံ ဝိပဿနာအလုပ်ကို အားထုတ်၍ နှစ်ယံအိပ်စက်ခွင့်ကို ပြုလေသည်၊ မဇ္ဈိမလ=ဒုတိယလအတွင်း၌ ညဉ့်သုံးယံတွင် နှစ်ယံဝိပဿနာအလုပ် အားထုတ်၍ တစ်ယံအိပ်စက်ခွင့်ကို ပြုလေသည်၊ ပစ္ဆိမလ=တတိယလအတွင်း၌ကား လုံးဝအိပ်စက်ခွင့် မပြုတော့ပဲ ညဉ့်သုံးယံပတ်လုံး ရဟန်းတရား အားထုတ်၍ စင်္ကြံလျှောက်ခြင်း ထိုင်ခြင်းဖြင့်သာလျှင် မျှတစေ၏။ ဤနည်းဖြင့် အရဟတ္တဖိုလ်ကိုရလျှင် ကောင်း၏၊ ရလျှင် ရ၊ ဤနည်းဖြင့်မှ အရဟတ္တဖိုလ်ကို မရနိုင်ခဲ့သော် လုံ့လကို မလျှော့ချပဲ ဆမာသိကပဋိပဒါ = ခြောက်လကျင့်စဉ်ကို ယူပြန်လေ၏။

ထိုသို့ ဆမာသိကပဋိပဒါ=ခြောက်လကျင့်စဉ်ကို ယူပြီးလျှင် (ပဌမနှစ်လ, ဒုတိယနှစ်လ=အလယ်နှစ်လ, တတိယနှစ်လ=အဆုံးနှစ်လဟူ=အချိန်သုံးပိုင်းထား၍) ရှေးနည်းအတူ ကျင့်ပြန်၍ အရဟတ္တဖိုလ်ကို မရနိုင်ပြန်သော် လုံ့လကို မလျှော့ချပဲ နဝမာသိကပဋိပဒါ=ကိုးလကျင့်စဉ်ကို ယူပြန်လေ၏။

ထိုသို့ နဝမာသိကပဋိပဒါ=ကိုးလကျင့်စဉ်ကို ယူပြီးလျှင် (ပဌမသုံးလ, ဒုတိယသုံးလ=အလယ်သုံးလ, တတိယသုံးလ=အဆုံးသုံးလဟူ=အချိန်သုံးပိုင်းထား၍) ပဌမသုံးလအတွင်း၌ ညဉ့်သုံးယံတွင် တစ်ယံ ဝိပဿနာအလုပ်ကို အားထုတ်၍ နှစ်ယံအိပ်စက်ခွင့်ကို ပြုလေသည်၊ ဒုတိယသုံးလ=အလယ်သုံးလအတွင်း၌ ညဉ့်သုံးယံတွင် နှစ်ယံ ဝိပဿနာ အလုပ် အားထုတ်၍ တစ်ယံသာ အိပ်စက်ခွင့်ကိုပြုလေသည် (=အိပ်စက်လေသည်)၊ တတိယသုံးလ=အဆုံးသုံးလ၌ကား လုံးဝအိပ်စက်ခွင့် မပြုတော့ပဲ (=လုံးဝမအိပ်စက်တော့ပဲ) ညဉ့်သုံးယံပတ်လုံး ရဟန်းတရား အားထုတ်၍ စင်္ကြံလျှောက်ခြင်း ထိုင်ခြင်းဖြင့်သာလျှင် ခန္ဓာကိုယ်ကိုမျှတစေ၏။ ဤနည်းကျင့်ကြံ၍မှ အရဟတ္တဖိုလ်ကို မရနိုင်သော ယောဂီရဟန်း၏သန္တာန်ဝယ် ''ငါသည် သီတင်းသုံးဖော်တို့နှင့် အတူ တကွ ဝိသုဒ္ဓိပဝါရဏာကို ဖိတ်ကြားခြင်းငှါ မရအပ်လေစွတကား''ဟု စဉ်းစားဆင်ခြင်သည်ရှိသော် ရွာနီးလိုဏ်ကျောင်း = ဂါမန္တပဗ္ဘာရ၌ သီတင်းသုံးသော မဟာသီဝမထေရ်မြတ်၏ သန္တာန်၌ကဲ့သို့ နှလုံးမသာ

WWW.DHAMMARANSI.COM



ယာမှု=ဒေါမနဿဝေဒနာတရား ဖြစ်ပွါးလာတတ်၏၊ မျက်ရည်အယဉ်တို့ တသွင်သွင် ယိုစီးကျလာတတ်ကုန်၏။

## မဟာသိဝမထေရ်ကြီးဝတ္ထု

သီဟိုဠ်ကျွန်းဝယ် မဟာသိဝ—မည်သော မထေရ်မြတ်ကြီးသည် ဂိုဏ်းကြီး တဆယ့်ရှစ်ဂိုဏ်း=ရဟန်းတော်ပေါင်း တဆယ့်ရှစ်သင်းတို့ကို စာပေပို့ချနေထိုင်တော်မူ၏၊ ထိုမထေရ်မြတ်ကြီး၏ အဆုံးအမ ဩဝါဒ၌ တည်ကြ၍ ရဟန်းတော်ပေါင်း သုံးသောင်းတို့ အရဟတ္တဖိုလ်သို့ ရောက်တော်မူကြပြီး ဖြစ်လေသည်။ ထိုအခါ တပည့်ရဟန္တာပေါင်း သုံးသောင်းတို့အနက် ရဟန္တာတပါးသည် "ငါ၏သန္တာန်မှာ သီလ-စသော ဂုဏ်ကျေးဇူးတို့ကား မနိုင်းယှဉ်နိုင်လောက်အောင်ပင် မြား မြောက်လှကုန်၏၊ ငါ၏ဆရာ မဟာသိဝမထေရ်မြတ်ကြီး၏သီလ-စသော ဂုဏ်ကျေးဇူးတို့ကား အဘယ်သို့နည်း"ဟု ဆင်ခြင်လေလျှင် ပုထုဇန်သာ ဖြစ်ရှိနေသေးသည်ကို မြင်၍ "ဩ....ငါတို့၏ဆရာ မဟာသိဝမထေရ်မြတ်ကြီးသည် သူတပါးတို့၏ မှီခိုကိုးစား အားထားရာသာဖြစ်၍ မိမိ၏ မှီခိုကိုးစား အားထားရာဖြစ်ဖို့ရန်ကား မတတ်နိုင်ရှာချေ၊ ငါသည် ငါတို့ ဆရာ မဟာသိဝမထေရ်မြတ်ကြီးအား အဆုံးအမ ဩဝါဒကို ပေးပေအံ့"ဟု ကြံစည်၍ ကောင်းကင်ခရီးဖြင့် ဈာန်ယာဉ်စီး၍ ကြွသွားပြီး ကျောင်းတိုက်၏အနီး၌ သက်ဆင်း၍ နေ့သန့်ရာအရပ်၌ ထိုင်နေတော်မူသော ဆရာဖြစ်သူ မဟာသိဝမထေရ်မြတ်ကြီးအထံသို့ ဆည်းကပ်လျက် အရိုအသေ ဝတ်ပြုပြီးသော် အပြစ်လွတ်ရာ တနေရာ၌ ထိုင်နေလေ၏။

ထို့နောက် ဆရာတပည့်နှစ်ပါး အပြန်အလှန် အာလာပ,သလ္လာပ စကား ပြောကြားတော်မူကြသည်မှာ—

(ဆရာ) ငါ့ရှင် ပိဏ္ဍပါတိက=ပိဏ္ဍပါတ်ဓုတင်ဆောင် .... သင်သည် အဘယ်အကြောင်းကြောင့် လာရောက်သနည်း၊ (ရှေးမထေရ်တို့သည် ဝိပဿနာတရား အားထုတ်သောတပည့်များကို ပိဏ္ဍပါတိက=ပိဏ္ဍပါတ်ဓုတင်ဆောင်ငါ့ရှင်—ဟူ၍ ချစ်မြတ်နိုးစွာ ခေါ်ဝေါ်ကြလေသည်)။

(တပည့်) အနုမောဒနာတရားတပုဒ် သင်ယူရန် လာရောက်ပါသည် အရှင်ဘုရား....။

(ဆရာ) အခွင့်ရနိုင်မည် မဟုတ်ချေ ငါ့ရှင်....။

WWW.DHAMMARANSI.COM



(တပည့်) "ယနေ့ အဘယ်အရပ်သို့ငါဆွမ်းခံသွားရပါမည်နည်း" ဟု ကြံစည်စဉ်းစားရာ တန်ဆောင်းဝန်း၌ အရှင်ဘုရား ရပ်တည်သော အခါ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုနေရာ၌ အခြားရဟန်းများ ပြဿနာမေးလျှောက်ကြသည် ငါ့ရှင်....။

(တပည့်) ဆွမ်းခံကြွရာ လမ်းခရီး၌ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုနေရာ၌လည်း အခြားရဟန်းများ ပြဿနာ မေးလျှောက်ကြသည် ငါ့ရှင်... ။

(တပည့်) သင်္ကန်းကို နှစ်ထပ်ပြု၍ ဝတ်ရာအရပ်, ရှင်းရုံရာအရပ်, သပိတ်ကို(ဆွမ်းခံခါနီး) အိတ်မှထုတ်ရာဌာန, ရွာတွင်း၌ ဆွမ်းခံလှည့်လည်ပြီး၍ (မြို့တွင်း,ရွာတွင်း) ဆွမ်းစားဇရပ်၌ ယာဂုသောက်တော်မူသောအခါ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုနေရာ၌လည်း အဋ္ဌကထာ၏ အနက်အဓိပ္ပါယ်ကို မေးမြန်းကြသောမထေရ်များ မိမိတို့ယုံမှားသံသယကို ပယ်ဖျောက်ကြသည် ငါ့ရှင်....။

(တပည့်) မြို့ရွာတွင်းမှ ဆွမ်းခံပြီး၍ ထွက်ကြွလာသော အခါ၌ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာ မေးလျှောက်ကြသည် ငါ့ရှင်....။

(တပည့်) ဆွမ်းခံပြီး၍ ရွာမှ ကျောင်းသို့အပြန် လမ်းခရီးအကြား၌ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာ မေးလျှောက်ကြသည် ငါ့ရှင်....။

(တပည့်) ကျောင်းတိုက်သို့ရောက်၍ ဆွမ်းစားကျောင်း၌ ဆွမ်းစားခြင်းကိစ္စပြီးဆုံးသောအခါ မေးမြန်းပါရစေ အရှင်ဘုရား....၊(ပ)၊ နေ့သန့်ရာအရပ်ဝယ် ခြေဆေးသောအခါ၌ မေးမြန်းပါရစေ အရှင်ဘုရား....။ မျက်နှာသစ်သောအခါ၌ မေးမြန်းပါရစေ အရှင်ဘုရား....။

WWW.DHAMMARANSI.COM



(ဆရာ) ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာ မေးလျှောက်ကြသည် ငါ့ရှင်....၊ထိုအချိန်မှစ၍ နောက်တနေ့ နေ့အရုဏ်တက်သည်တိုင်အောင် အခြားအခြားရဟန်းများတို့ အကြားမလပ်အောင် ပြဿနာမေးလျှောက်ကြသည် ငါ့ရှင်....။

(တပည့်) အရုဏ်တက်၍ ဒန်ပူကိုစားပြီးလျှင် မျက်နှာသစ်ရန် ကြွသွားသောအခါ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာ မေးလျှောက်ကြသည် (အခွင့်မရနိုင်ဘူး) ငါ့ရှင်... ။

(တပည့်) မျက်နှာသစ်ပြီး၍ ကျောင်းတွင်းသို့ ပြန်လာသောအခါ မေးမြန်းပါရစေ အရှင်ဘုရား။

(ဆရာ) ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာမေးလျှောက်ကြသည် (အခွင့်မရနိုင်ဘူး)ငါ့ရှင်....။

(တပည့်) ကျောင်းတွင်းသို့ဝင်၍ ထိုင်နေသောအခါ မေးမြန်းပါရစေ အရှင်ဘုရား....။

(ဆရာ) ထိုအချိန်မှာလည်း အခြားရဟန်းများ ပြဿနာမေးလျှောက်ကြသည် (အခွင့်မရနိုင်ဘူး)ငါ့ရှင်....။

(တပည့်) အရှင်ဘုရား........တကယ်ဆိုလျှင် မျက်နှာသစ်ပြီး၍ ကျောင်းတွင်းသို့ဝင်လျက် ထက်ဝယ်တင်ပလ္လင်ခွေ သုံး, လေးကြိမ်မျှ ပြောင်းလဲကာ ကိုယ်ငွေ့ကို ယူကြပြီးလျှင် ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးမှုပြုကြသော အရှင်ဘုရားတို့အဖို့ရာ အခွင့်ရနိုင်သောအချိန် ရှိသင့်ပါသည်၊ ဤအတိုင်းသာဆိုလျှင် အရှင်ဘုရားတို့သည် သေရမည့်အချိန်ကိုလည်း မရနိုင်ကြတော့ဘူးလော၊ အရှင်ဘုရား....အရှင်ဘုရားတို့သည် မီးရှူးတံကဲပျဉ်နှင့် တူတော်မူကြကုန်၏၊ သူတပါး၏ မီးရှူးသာဖြစ်၍ မိမိ၏ မီးခိုးအားတားရာ ဖြစ်ကြရန်ကား မတတ်နိုင်ကြကုန်၊ တပည့်တော်အား အရှင်ဘုရားတို့အထံမှ အနုမောဒနာတရား သင်ကြားဖို့ရန် အမှန်စင်စစ် အလိုမရှိပါဘုရား....။(ဤကဲ့သို့) တပည့်ရဟန္တာမထေရ်မြတ်သည် သတိပေးစကား ပြောကြားလျှောက်ထား၍ ကောင်းကင်သို့ ပျံတက်ကာ ကြွသွားတော်မူလေ၏။

WWW.DHAMMARANSI.COM



## မဟာသီဝမထေရ်ကြီး တောထွက်ခြင်း

မဟာသီဝမထေရ်ကြီးသည်"ဤရဟန်း၏အဖို့ရာ ပရိယတ်ဖြင့် ပြုဖွယ်ကိစ္စမရှိ၊ စင်စစ်သော်ကား ဤရဟန်းသည် ငါ့အတွက်တာ ဆုံးမနိုင်ကွပ်ကြောင်း ချွန်းတောင်းသဖွယ် ဖြစ်ပေအံ့ဟု ရည်ရွယ်ကာ လာရောက်လေသည်"ဟု အမှန်အတိုင်း စဉ်းစားသိရှိ၍ "ယခုအခါ တောထွက်သွားရန်အခွင့် မဖြစ်နိုင်သေးပေ၊ မိုးသောက်ထအခါမှ ငါတောထွက်၍သွားပေအံ့"ဟု ကြံစည်၍ သပိတ်သက်န်းများကို အနီး၌ အသင့်ထားပြီးလျှင် တနေ့ပတ်လုံးငှင်း, ပဌမယံနှင့် မဇ္ဈိမယံပတ်လုံးရင်း ကျမ်းဂန်စာပေပို့ချ၍ မိုးသောက်ယံရောက်သောအခါ မထေရ်တပါးပါဠိသင်ပြီး၍ထွက်လတ်သော် အသင့်ပြင်ထားသော သပိတ်သင်္ကန်းကို ယူဆောင်၍ ထိုပါဠိသင်သော မထေရ်နှင့် အတူဘက္ကပင်(စာသင်သော ရဟန်းတပါး အသွင်ဖြင့်)ထွက်ခဲ့လေ၏။

စာသင်ဖို့ရန် အသင့်ရောက်ရှိထိုင်နေကြသော တပည့်ရဟန်းတို့သည် "ငါတို့ဆရာ မဟာသီဝမထေရ်မြတ်သည် တစုံတရာ ကိုယ်လက်သုတ်သင်ရန်ကိစ္စဖြင့် ခေတ္တအပြင်သို့ ထွက်သွားသည်"ဟူ၍သာ အောက်မေ့မှတ်ထင်ကြကုန်၏။ အတူတကွ ထွက်ကြသွားသော ပါဠိသင်သည့် မထေရ်ကလည်း "ဆရာတူ ရဟန်းတပါးပင်"ဟု မှတ်ထင်လေသည်၊ (မိမိ၏ဆရာ မဟာသီဝမထေရ်ဟူ၍ မသိချေ)။

မဟာသီဝမထေရ်မြတ်ကြီးသည်ကား "ငါကဲ့သို့သော ပုဂ္ဂိုလ်အား အရဟတ္တဖိုလ်မည်သည် အဘယ်မှာ ရခဲအံ့နည်း၊ နှစ်ရက်သုံးရက်ဖြင့်ပင် ငါသည် အရဟတ္တဖိုလ်ရောက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်ပြီးလျှင် ပြန်လာအံ့"ဟူ၍ ကြံစည်စဉ်းစားတော်မူ၍ တပည့်များအား ပန်ကြားမှုပြုတော်မမူပဲ ဝါဆိုလဆန်း တဆယ့်သုံးရက်နေ့၌ တောထွက်ကြွသွားတော်မူ၍ ဂါမန္တပဗ္ဘာရ=ရွာနီးလိုဏ်ကျောင်းသို့ ကြွသွားတော်မူလျက် စင်္ကြံထက်သို့ တက်၍ ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံးတော်မူလေရာ ထိုနေ့၌ အရဟတ္တဖိုလ်ကို ရယူဖို့ရန် မတတ်နိုင်ပဲ ရှိလေ၏။ လပြည့်ဥပုသ်နေ့သို့ ရောက်လတ်သော် "ဩ.. ငါသည် နှစ်ရက်သုံးရက်ဖြင့် အရဟတ္တဖိုလ်ကို အရယူမည်ဟု လာခဲ့၏၊ သို့သော် အရယူခြင်းငှါ မစွမ်းနိုင်ပါတကား၊ (ဝါတွင်းသုံးလတို့ကို သုံးရက်လောက်မျှ နှလုံးထားတော်မူကာ) သီတင်းကျွတ်လပြည့် = မဟာပဝါရဏာနေ့တိုင်လျှင် သိရောပေါ့"ဟု အားတင်းကြံစည်တော်မူကာ ထိုနှစ်ဝါတွင်း ထိုကျောင်း၌ပင် ဝါကပ်၍ ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ပါသော်လည်း အရဟတ္တဖိုလ်ကို ရယူဖို့ရန် မတတ်နိုင်ပဲ ရှိပြန်လေ၏။

WWW.DHAMMARANSI.COM



သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့သို့ ရောက်လတ်သော် "ဩ...ငါသည် နှစ်ရက်သုံးရက်ဖြင့် အရယူမည်ဟု လာခဲ့၏၊ ဝါတွင်း သုံးလဖြင့်လည်း အရဟတ္တဖိုလ်ကို အရယူခြင်းငှါ မစွမ်းနိုင်ပါတကား၊ ငါ၏ သီတင်းသုံးဖော် သံဃာတော်တို့သည်ကား ဝိသုဒ္ဓိပဝါရဏာ (= အာသဝေါကုန်ခန်း ရဟန္တာအရှင်မြတ်တို့၏ ဖိတ်ကြားမှု = ပဝါရဏာ)ကို ပြုတော်မူကြ၏"ဟူ၍ ကြံစည်စဉ်းစားတော်မူလေ၏၊ ထိုသို့ ကြံစည်သောအခါ မဟာထေရ်မြတ်ကြီးမှာ မျက်ရည်အယဉ်တို့ တသွင်သွင် ယိုစီး၍ ကျလာကုန်၏။

ထိုနောက် "ညောင်စောင်း=ခဋ္ဌင်၌ လျောင်း, ထိုင်, ရပ်, သွား =ဣရိယာပုထ်လေးပါးတို့ဖြင့် အလှည့်အလည် နေထိုင်သော ငါ့အဖို့ရာ မဂ်ဖိုလ်တရားများ ဖြစ်ပွါးလိမ့်မည် မဟုတ်၊ အရဟတ္တဖိုလ်သို့ မရောက်သေးသမျှ ငါသည် ညောင်စောင်း=ခဋ္ဌင်၌ ကျောက်(ကျောပြင်)ကို မဆန့်တော့အံ့၊ ခြေတို့ကိုလည်း မဆေးကြောတော့အံ့"ဟု ကြံစည်တော်မူ၍ ညောင်စောင်း=ခဋ္ဌင်ကို သင့်လျော်ရာနေရာ၌ ထောင်၍ထားလေ၏။ နောက်တဖန် ဝါတွင်းသို့ ရောက်ခဲ့ပြန်ပြီ၊ သို့သော် မဟာသီဝမထေရ်မြတ်ကြီးကား အရဟတ္တဖိုလ်ကို ရယူဖို့ရန် မစွမ်းနိုင်သေးပဲသာလျှင် ရှိချေ၏။ နှစ်အလိုအားဖြင့် နှစ်ဆယ့်ကိုးနှစ်(ပဝါရဏာအလိုအားဖြင့် ပဝါရဏာပြုရသည့် အကြိမ်ပေါင်း နှစ်ဆယ့်ကိုးကြိမ်)တို့၌ မျက်ရည်အယဉ်တို့ တသွင်သွင် ယိုစီး၍ ကျလာကုန်၏။

ရွာသားသူငယ်တို့သည် မဟာသီဝမထေရ်မြတ်ကြီး၏ ခြေတော် နှစ်ဖက်တို့၌ ကွဲအက်သောနေရာများကို ဆူးတို့ဖြင့် ချုပ်စပ်၍ ပေးကြကုန်၏။ တယောက်နှင့် တယောက် မြူးထူးကျီစယ် ပြက်ရယ်မှုပြုကြသော အခါမှာလည်း "အရှင်မဟာသီဝမထေရ်မြတ်ကြီး၏ ခြေများကဲ့သို့ ငါတို့ခြေများသည်လည်း ကွဲအက်သည်သာ ဖြစ်ပါစေကုန်သတည်း"ဟု မြူးထူးကျီစယ် ပြက်ရယ်မှု ပြုကြလေသည်။

## နတ်သမီး သတိပေး၍ ရဟန္တာဖြစ်ခြင်း

မဟာသီဝမထေရ်မြတ်ကြီးသည် နှစ်ပေါင်းသုံးဆယ်မြောက် သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မှီရာတံကဲပျဉ်ချပ်ကိုမှီ၍ ရပ်တည်တော်မူလျက် "ငါ့အဖို့ရာ ရဟန်းတရား အားထုတ်ခဲ့သည်မှာ ယခုအခါ အနှစ်သုံးဆယ် ရှိခဲ့လေပြီ၊ သို့စေကာမူ ငါသည် အရဟတ္တဖိုလ်သို့ မရောက်နိုင်သေးပါတကား။ ငါ့အဖို့ရာ ဤ ယခုဘဝ၌ ဧကန္တပင် မဂ်ဖိုလ်တရားများ ဖြစ်ပွါးနိုင်မည် မဟုတ်ချေ၊ ဩ...ငါသည် သီတင်းသုံး

WWW.DHAMMARANSI.COM



ဖော် အရှင်မြတ်တို့နှင့် အတူတကွ ဝိသုဒ္ဓိပဝါရဏာကို ပြုခွင့်မရတော့ ချေတကား”ဟု စဉ်းစားကြံစည်တော်မူလေ၏၊ ထိုသို့ကြံစည်စဉ်ပင်လျှင် မထေရ်မြတ်၏ သန္တာန်၌ နှလုံးမချမ်းသာမှု=ဒေါမနဿဝေဒနာတရား တရိပ်ရိပ် ဖြစ်ပွါးလာလေတော့၏၊ မျက်ရည်အယဉ်တို့ တသွင်သွင် ယိုစီး၍ ကျလာကုန်၏။

ထိုအခါ မထေရ်မြတ်၏ မနီးမဝေးအရပ်၌ နတ်သမီးတယောက် သည် တရှုပ်ရှုပ် ငိုကြွေးလျက် ရပ်တည်လာ၏။ မထေရ်မြတ်ကြီးက “ဤအရပ်၌ လာရောက်ငိုကြွေးသူကား အဘယ်သူနည်း”ဟု မေးလေ လျှင် နတ်သမီးသည် “အရှင်ဘုရား....တပည့်တော်မသည် နတ်သမီး ဖြစ်ပါသည်ဘုရား”ဟု လျှောက်ထားလေ၏။ တဖန် မထေရ်မြတ်ကြီးက “အဘယ့်ကြောင့် တရှုပ်ရှုပ် ငိုကြွေးနေသနည်း” ဟု မေးမြန်းတော် မူလေလျှင် နတ်သမီးသည် “အရှင်ဘုရား .... ငိုကြွေးသောသူသည် မဂ်ဖိုလ်တရားကို ဖြစ်ပွါးစေနိုင်လိမ့်မည်လားဟု (အရှင်ဘုရားကို အတု ယူကာ) တပည့်တော်မသည်လည်း တမဂ်တဖိုလ်, နှစ်မဂ်နှစ်ဖိုလ်တို့ကို ဖြစ်စေအံ့ဟု ကြံစည်အောက်မေ့ကာ ငိုကြွေးနေပါသည်ဘုရား....” ဟု ပြက်ရယ်စကား လျှောက်ထားလေ၏။

ထိုအခါ မထေရ်မြတ်ကြီးသည် “အို မဟာသီဝမထေရ်....နတ်သမီး ငယ်များကသော်လည်း သင်နှင့် ဖက်ပြိုင်ကာ ပြက်ရယ်မှု ပြုကြလေပြီ၊ သင့်အဖို့ရာ ဤကဲ့သို့ နတ်သမီးငယ်တို့က ပြက်ရယ်မှု အပြုခံရခြင်းသည် လျော်ကန်သင့်မြတ်ပါအံ့လော (ရှက်ဖွယ်လိလိ မဟုတ်ပါလော)” ဟု သံဝေဂကြီးစွာ ဖြစ်ရှိကာ သမ္မပ္ပဓာန်လုံ့လကို ရှေးကထက် ထက်သန် စေလျက် ဝိပဿနာတရားကို ပွါးများကြိုးကုတ် အားထုတ်တော်မူ၍ ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်ကို ရယူတော်မူလေ ၏၊ (=ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူလေ၏—ဟု ဆိုလိုသည်)။

မဟာသီဝမထေရ်မြတ်ကြီးသည် “ကိုင်း .... ယခုအခါ ငါသည် အနည်းငယ် ဣရိယာပထ မျှတရုံ ကျောဆန့်လျောင်းစက်ဦးအံ့” ဟု ကြံစည်၍ ကျောင်းအိပ်ရာနေရာကို သုတ်သင်ပြီးလျှင် ထောင်ထားသော ညောင်စောင်းကို တဖန်ခင်းပြီးနောက် သောက်ရေ သုံးရေများကို တည်ထားတော်မူ၍ “ငါသည် နှစ်ပေါင်းသုံးဆယ်ကြာ မဆေးကြော ရသောခြေများကို ယခုမှ ဆေးရတော့အံ့” ဟု ကြံစည်တော်မူ၍ စောင်းတန်းဦး ပျဉ်ချပ်၌ ထိုင်နေတော်မူလေ၏။

WWW.DHAMMARANSI.COM



## သိကြားမင်း လာရောက်၍ ခြေဆေးပေးခြင်း

မဟာထေရ်မြတ်ကြီး၏ တပည့်များသည်လည်း "ငါတို့၏ဆရာ မဟာသီဝမထေရ်မြတ်ဘုရား ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်တော်မူရန် ကြွသွားတော်မူသည်မှာ အနှစ်သုံးဆယ်တင်းတင်း ရှိခဲ့လေပြီ၊ မဂ်ဖိုလ်တရားထူးကို ဖြစ်စေရန် စွမ်းနိုင်ပြီလော၊ မစွမ်းနိုင်ပြီလော" ဟု ဆင်ခြင်ကြသည်ရှိသော် "ယခုအခါ အရဟတ္တဖိုလ်သို့ ရောက်၍ ခြေဆေးရန် စောင်းတန်းဦး ပျဉ်ချပ်၌ ထိုင်နေတော်မူပြီ" ဟု သိမြင်ကြ၍ "ငါတို့ဆရာသည် ငါတို့ကဲ့သို့သော တပည့်များ ထင်ရှားတည်ရှိနေကြပါလျက် ကိုယ်တိုင်ပင် ခြေတို့ကို ဆေးကြောလိမ့်မည်ဟူသော ဤအချက်သည် အကြောင်းမဟုတ်ချေ၊ (=ကိုယ်တိုင် ခြေဆေးဖို့ရန် အကြောင်းမရှိ)၊ ငါ ဆေးကြောပေးပေအံ့၊ ငါ ဆေးကြောပေးပေအံ့" ဟု ပြောဆိုကြကာ တပည့်ရဟန္တာ သုံးသောင်းလုံးတို့ပင် ကောင်းကင်ခရီးဖြင့် ကြွသွားကြ၍ ရှိသေစွာ ရှိခိုးကြလျက် "အရှင်ဘုရား....တပည့်တော်များ ခြေဆေး၍ ပေးကြပါမည်ဘုရား" ဟု လျှောက်ထားကြလေ၏။

ထိုအခါ မဟာသီဝမထေရ်ကြီးသည် မိမိ၏ တပည့်များကို "ငါ့ရှင်တို့....ငါ၏ခြေများကို မဆေးမကြောပဲ ထားရှိခဲ့သည်မှာ အနှစ်သုံးဆယ်တင်းတင်း ပြည့်ခဲ့လေပြီ၊ ငါသည်ပင်လျှင် ဆေးကြောပေအံ့" ဟု မိန့်တော်မူလေ၏။ နတ်တို့သနင်း သိကြားမင်းသည်လည်း စဉ်းစားဆင်ခြင်လတ်သော် "ငါ၏ အရှင်ဖြစ်တော်မူသော မဟာသီဝမထေရ်မြတ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးဖြစ်၍ 'ခြေဆေး၍ ပေးကြကုန်အံ့'–ဟု လာရောက်ကြသည့် တပည့်ရဟန္တာပေါင်း သုံးသောင်းတို့အား ခြေဆေးခွင့်ကို ပေးတော်မမူချေ၊ ငါကဲ့သို့သော အလုပ်အကျွေး ဒါယကာတယောက် ထင်ရှားတည်ရှိနေပါလျက် ငါ့အရှင်မြတ်ကြီးသည် ကိုယ်တိုင်ခြေဆေးဖို့ရန် အကြောင်းမရှိ၊ ငါသည်ပင် သွားရောက်၍ ဆေးကြောပေးပေအံ့" ဟု ဆုံးဖြတ်ချက်ချမှတ်၍ သုဇာနတ်မိဖုရားနှင့် အတူတကွ ရဟန်းတော်ပေါင်း သုံးသောင်း၏ အနီးထံပါး၌ ထင်ရှားဖြစ်လာလေ၏၊ သိကြားမင်းသည် သုဇာအသူရာနတ်သမီးကို ရှေ့မှထား၍ "ဖယ်ရှားတော်မူကြပါ အရှင်ဘုရားတို့.... မာတုဂါမ ပါလာပါသည်" ဟု လျှောက်ထားကာ ခွင့်ပြုစေ၍ မဟာသီဝမထေရ်မြတ်သို့ ဆည်းကပ်ရှိခိုးလျက် ရှေ့မှ ဆောင့်ကြောင့်ထိုင်နေပြီးလျှင် "ခြေများကို ဆေးကြောပေးပါရစေဘုရား" ဟု လျှောက်ထားလေ၏။

WWW.DHAMMARANSI.COM



မဟာသီဝမထေရ်မြတ်က "ကောသိယနွယ်ဖွား ဒါယကာသိကြား.... ငါ၏ ခြေများကို မဆေးမကြောပဲ တားရှိခဲ့သည့်မှာ ယခုအခါ အနှစ် သုံးဆယ်တင်းတင်း ပြည့်ခဲ့လေပြီ၊ နတ်တို့အဖို့ရာမှာလည်း ပင်ကိုယ် ပကတိအားဖြင့်ပင် လူတို့၏ ကိုယ်နံ့မည်သည် စက်ဆုပ်ဖွယ် ဖြစ်ပေ၏၊ ယူဇနာတရာ၌ တည်နေကြသော နတ်တို့အားပင်သော်လည်း လည် ပင်း၌ ဆွဲချိတ်အပ်သော အကောင်ပုပ်ကဲ့သို့ ဖြစ်ရှိချေ၏၊ ငါသည်ပင် လျှင် ဆေးကြောပေအံ့" ဟု မိန့်ဆိုတော်မူလေလျှင် သိကြားနတ်မင်း သည် "အရှင်ဘုရား... ယခု အရှင်ဘုရား မိန့်ကြားသည့် ပကတိကိုယ် အနံ့သည် တပည့်တော်များအဖို့မှာ မထင်ရှားပါ၊ အရှင်ဘုရားတို့၏ သီလတည်းဟူသော ရနံ့ကောင်းသည်ကား ကာမာဝစရနတ်ပြည် ခြောက်ထပ်ကိုပင် ကျော်လွန်၍ အထက်ဘဝဂ်သို့တိုင်ရောက်၍ တည်နေ ပါ၏။ သီလတည်းဟူသောရနံ့ထက် သာလွန်သည့် အခြားရနံ့ကောင်း မည်သည် မရှိပါ အရှင်ဘုရား....၊ အရှင်ဘုရားတို့၏ သီလတည်းဟူသော ရနံ့ကြောင့် တပည့်တော်များ မနေသာပဲ လာရောက်ကြရပါသည် ဘုရား" ဟု လျှောက်ထား၍ လက်ဝဲလက်ဖြင့် မထေရ်မြတ်၏ ဖမျက် အစပ်၌ မြဲမြံစွာဆုပ်ကိုင်၍ လကျာလက်ဖြင့် ခြေဖဝါးအပြင်ကို ပွတ် တိုက်ဆေးကြော သုတ်သင်ပေးလေ၏။ ထိုအခါ မထေရ်မြတ်၏ ခြေ တော်တို့မှာ ကလေးသူငယ်၏ ခြေများကဲ့သို့ နုထွတ်နီတွေး၍ နေလေ ကုန်၏။ ဤသို့လျှင် သိကြားနတ်မင်းသည် မထေရ်မြတ်၏ခြေတို့ကို ဆေးကြောပြီးလျှင် ရှိသေမြတ်နိုးရှိခိုး၍ နတ်ပြည်သို့သာလျှင် ပြန်သွား လေ၏။ ။ဤကား မဟာသီဝမထေရ်ကြီး၏ ဝတ္ထုတည်း။

ဤသို့လျှင် "ငါသည် သီတင်းသုံးဖော်အရှင်မြတ်တို့နှင့် အတူတကွ ဝိသုဒ္ဓိပဝါရဏာကို ပြုဖို့ရန် အခွင့်မရချေတကား" ဟု ဆင်ခြင်သော ယောဂါဝစရရဟန်း၏ သန္တာန်ဝယ် ဖြစ်ပေါ်လာသော နှလုံးမချမ်းသာ မှု=ဒေါမနဿဝေဒနာကို အမှီပြု၍ ထိုယောဂီရဟန်း၏ စွဲလမ်းမှတ်ထင် ချက်၏ အစွမ်းဖြင့် ဝိပဿနာ၏ အာရုံဖြစ်သော ဥပစာရဈာန် ပဌမ ဈာန်-စသည်ကိုငှင်း, ဝိပဿနာကိုငှင်း, မဂ်ကိုငှင်း, ဖိုလ်ကိုငှင်း (ထိုက် သက်ရာရာ ကာရဏူပစာ ဖလူပစာအားဖြင့်) သဝိတက္ကသဝိစာရဒေါမန- ဿဟူ၍ငှင်း, အဝိတက္ကအဝိစာရဒေါမနဿဟူ၍ငှင်း မြတ်စွာဘုရား ဟောကြားတော်မူအပ်၏ဟု ကောင်းစွာသိမှတ်ရာ၏။

ထိုစကားရပ်၌ ယောဂါဝစရ ရဟန်းတပါးသည် သဝိတက္ကသဝိစာရ- ဒေါမနဿ-ဟူ၍ ခေါ်ဆိုအပ်သော ဥပစာရဈာန် (သို့မဟုတ်) ပဌမဈာန် တရား၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုဆင်ခြင်မှုကို ဖြစ်စေလတ်သည်

WWW.DHAMMARANSI.COM



ရှိသော် ဤဒေါမနဿတရားစုသည် အဘယ်၌ မိသနည်းဟု စူးစမ်း ဆင်ခြင်လျှင် ဝတ္ထုခေါ်သော ဤကရဇကိုယ်ခန္ဓာ၌ မိ၏ဟူ၍ သိမြင်လာလေ၏—ဤသို့အစရှိသည်ဖြင့် အောက်စာမျက်နှာ(၁၃၆)ဖဿာပဉ္စမကအခဏ်း၌ ဆိုအပ်ပြီးသောနည်းအတိုင်း အစဉ်သဖြင့် အရဟတ္တဖိုလ်၌ တည်လေ၏။

အခြား ယောဂါဝစရရဟန်းတပါးသည် အဝိတက္ကအဝိစာရဒေါမနဿဟူ၍ခေါ်ဆိုအပ်သော ဒုတိယဈာန်, တတိယဈာန်-စသော တရားအစု၌ အနိစ္စ,ဒုက္ခ,အနတ္တဟု ဝိပဿနာရှုဆင်ခြင်မှုကို ဖြစ်စေလတ်သည်ရှိသော် ရှေး၌ဆိုအပ်ပြီးသောနည်းအတိုင်း အရဟတ္တဖိုလ်၌ တည်လေ၏။

ထိုသို့ ယောဂါဝစရရဟန်းတော်နှစ်ပါး အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်တော်မူကြရာဝယ် ထိုရဟန်းတို့နှလုံးသွင်းအပ်သော (ဝိပဿနာ၏အာရုံဖြစ်သည့်) ဒေါမနဿ ခေါ်ဆိုရသော တရားတို့တွင်လည်း သဝိတက္ကသဝိစာရ ဒေါမနဿတရားထက် အဝိ-တက္ကအဝိစာရဒေါမနဿတရားက သာလွန်၍ မြင့်မြတ်ပေ၏၊ သဝိ-တက္ကသဝိစာရဒေါမနဿ ဝိပဿနာထက်လည်း အဝိတက္ကအဝိစာရ-ဒေါမနဿဝိပဿနာက သာလွန်၍ မြင့်မြတ်ပေ၏၊ သဝိတက္ကသဝိစာရ-ဒေါမနဿဖလသမာပတ်ထက်လည်း အဝိတက္ကအဝိစာရဒေါမနဿ ဖလ-သမာပတ်က သာလွန်၍ မြင့်မြတ်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် "ထိုနှလုံးမသာခြင်း နှစ်ပါးတို့တွင် ကြံစည်ခြင်း=ဝိတက်လည်း မရှိ၊ သုံးသပ်ခြင်း=ဝိစာရလည်းမရှိသော နှလုံးမသာခြင်း (=အဝိ-တက္ကအဝိစာရ ဒေါမနဿ)သည် သာလွန်၍မြင့်မြတ်၏" ဟူ၍(အောက်စာမျက်နှာ ၁၃ဝ-၌)ဟောကြားတော်မူလေသည်။

ဤကား (ခ)စကားရပ်စု၌ မှတ်ဖွယ်အထူးတည်း။

(ဂ) စကားရပ်။ ။ပဥ္စမစာခေါင်းပါ " အကုသိုလ် တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့်(မမှီဝဲအပ်သော)လျစ်လျူရှုခြင်း=ဉပေက္ခာ"ဟူသည်မှာ ဂေဟသိတဉပေက္ခာဖြစ်သည်။ ဂေဟ-သိတဉပေက္ခာဟူသည်လည်း မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဟူသော=ခြောက်ဒွါရတို့၌ အလိုရှိအပ် တောင့်တအပ်သော အဆင်း, အသံ, အနံ့,အရသာ, အတွေ့အထိ, ဓမ္မသဘော=ဤခြောက်ပါးသော အာရုံတို့ ထင်လတ်သည်ရှိသော် တင်လဲစိုင်(=ထန်းလျက်ခဲ)၌ နားမိသော ယင်ကောင်ကဲ့သို့ အဆင်း-စသောအာရုံ၌ ကိလေသာတို့ကို

WWW.DHAMMARANSI.COM



မလွန်မြောက်နိုင်ပဲ (ထိုအာရုံတို့ကိုပင် သာယာဖွယ်တွေဟူ၍ ရှုကြည့်ရကား) ထိုအာရုံတို့၌ပင် အဖြည်ခက်အောင် အခွါခက်အောင် ငြိကပ်တွယ်တာသောအားဖြင့် ဖြစ်ပွါးသည့် ကာမဝတ္ထု တရားအစုကို မှီ၍ အာရုံပြု၍ ဖြစ်သော လျစ်လျူရှုမှု=ဥပေက္ခာဖြစ်သည်။

ယင်း ဂေဟသိတဥပေက္ခာကို မှီဝဲလျှင်(=ထပ်တလဲလဲဖြစ်စေလျှင်) အကုသိုလ်တရားတို့သာ တိုးပွါး၍ ကုသိုလ်တရားတို့ တနေ့တခြား ဆုတ်ယုတ်လေသည်၊ ထို့ကြောင့် ထိုဂေဟသိတဥပေက္ခာကို မမှီဝဲအပ်= မမှီဝဲကောင်းဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

(ဂ) စကားရပ်။ ။ဒုတိယစာခေါင်းပါ "အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးမည့် (မှီဝဲအပ်သော) လျစ်လျူရှုခြင်း=ဥပေက္ခာ" ဟူသည်မှာ နေက္ခမ္မသိတဥပေက္ခာဖြစ်သည်။နေက္ခမ္မ-သိတဥပေက္ခာ ဟူသည်လည်း မျက်စိ, နား,နှာ, လျှာ, ကိုယ်, စိတ်ဟူသော=ခြောက်ဒွါရတို့၌ အလိုရှိအပ်, အလိုမရှိအပ်, တောင့်တအပ်, မတောင့်တအပ်သော ဣဋ္ဌ,အနိဋ္ဌဖြစ်သည့် အဆင်း,အသံ,အနံ့,အရသာ, အတွေ့အထိ,ဓမ္မသဘော=ဤခြောက်ပါးသော အာရုံတို့ ထင်လတ်သည် ရှိသော် အလိုရှိအပ် တောင့်တအပ်သော ဣဋ္ဌအာရုံ၌ လောဘတရားကို မဖြစ်ပွါးစေပဲ, အလိုမရှိအပ် မတောင့်တအပ်သော အနိဋ္ဌအာရုံ၌လည်း ဒေါသတရားကို မဖြစ်ပွါးစေပဲ, ထိုဣဋ္ဌ,အနိဋ္ဌအာရုံ=နှစ်ပါးစုံ၌ပင် မညီမညွတ်ကြည့်ရှုမှု=မောဟတရားကိုလည်း မဖြစ်ပွါးစေပဲ ထင်လာတိုင်းသော အာရုံခြောက်ပါး တရားအစုတို့ကို အနိစ္စ,ဒုက္ခ,ဝိပရိဏာမတရားအစုပါတကားဟု အမှန်အတိုင်း ရှုဆင်ခြင်သော ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပွါးသည့် ဉာဏ်နှင့်ယှဉ်သော ဥပေက္ခာဝေဒနာဖြစ်သည်။ (တနည်း) ဝေဒနာသဘောရှိသော တတြမဇ္ဈတ္တတာ ဥပေက္ခာသည်လည်း ဤအရာ၌ ဥပေက္ခာမည်၏။ (ဤဥပေက္ခာအရာ၌ လျစ်လျူရှု၍ ခံစားမှု ဝေဒနုပေက္ခာ, ထိုထိုဣဋ္ဌအနိဋ္ဌအာရုံတို့၌ အလယ်အလတ် စိတ်ထားမှု တတြမဇ္ဈတ္တုပေက္ခာ နှစ်ပါးလုံးကိုပင် ဥပေက္ခာအရ ယူရမည် ဟု ဆိုလိုသည်)။

သို့ရကား ရှင်ရဟန်းပြုရန် ရဟန်းတို့ထံ သွားသည်မှအစ ဝိပဿနာတရား အားထုတ်သောအခါ,အနုဿတိတရား ပွါးများသောအခါ,ပဌမ-စျာန် ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့ကို ရသောအခါများ၌ ဖြစ်သော နေက္ခမ္မသိတဥပေက္ခာ ၆-ပါးကိုမှီဝဲလျှင်(=ထပ်တလဲလဲ ဖြစ်စေလျှင်)အကုသိုလ်တရားတို့ဆုတ်ယုတ်၍ကုသိုလ်တရားတို့တိုးပွါးလေသည်၊

WWW.DHAMMARANSI.COM



ထိုကြောင့် ထိုနေ့ကမှသိတဥပေက္ခာကို မှီဝဲအပ်၏=မှီဝဲကောင်း၏ ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည်။

(၈) စကားရပ်။ ။တတိယစာခေါင်း၌ "မှီဝဲအပ်သော နေ့ကမှ- သိတဥပေက္ခာသည် (၁) သဝိတက္ကသဝိစာရဥပေက္ခာ (=ရဟန်းပြုရန် ရဟန်းတို့ထံသို့ သွားရောက်သည်မှအစ ဝိပဿနာပွါးများသောအခါ၊ အနုဿတိတရား ပွါးများသောအခါ၊ ပဌမစျာန်ကိုရရှိသောအခါ ဖြစ် ပေါ်သော လျစ်လျူရှုမှု),(၂) အဝိတက္ကအဝိစာရ ဥပေက္ခာ(=ဒုတိယ စျာန်စသည်ကိုရသောအခါ ဖြစ်ပေါ်သော လျစ်လျူရှုမှု) ဟူ၍ နှစ်မျိုး ရှိရာ (၂) အမှတ်ပြ အဝိတက္ကအဝိစာရဥပေက္ခာသည် သာလွန်၍ မြင့် မြတ်၏" ဟု ဆိုလိုသည်။

ဤစကားရပ်ဖြင့် ယောဂါဝစရ ရဟန်းနှစ်ပါးတို့၏ အရဟတ္တဖိုလ် ကို ဟောကြားတော်မူအပ်၏။ ချဲ့ဦးအံ့-(က) တဦးသောရဟန်းသည် သဝိတက္ကသဝိစာရဥပေက္ခာတရား၌ ဝိပဿနာအလုပ် အားထုတ်သည် ရှိသော် "ဤဥပေက္ခာသည် အဘယ်ကိုမှီသနည်း" ဟု စူးစမ်းဆင်ခြင် လေလျှင် "ကရဇကာယတည်းဟူသော ခန္ဓာကိုယ်အတ္တဘော၌ မှီ၏" ဟု ပိုင်းခြားသိမြင်လာလေ၏၊ ဤသို့အစရှိသည်ဖြင့် အောက်စာမျက် နှာ (၁၃၅) မှစ၍ ပြဆိုခဲ့သော နည်းအတိုင်း တရားအလုပ် ဆက်လက် ပွါးများ အားထုတ်လေလျှင် အစဉ်သဖြင့် အရဟတ္တဖိုလ်၌ တည်လေ၏။

(ခ) အခြား ရဟန်းတပါးသည် အဝိတက္ကအဝိစာရ ဥပေက္ခာ (ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်တို့နှင့် ယှဉ်သောဥပေက္ခာ)၌ ဝိပဿနာအလုပ် အားထုတ်သည်ရှိသော် ရှေး၌ဆိုအပ်ပြီးသော နည်း အတိုင်း အရဟတ္တဖိုလ်၌ တည်လေ၏။

ထိုရဟန်းနှစ်ပါးတို့ နှလုံးသွင်းသိမ်းဆည်းအပ်, သုံးသပ်အပ်သော ဥပေက္ခာတို့အနက် ပဌမရဟန်း နှလုံးသွင်း သိမ်းဆည်းအပ်, သုံးသပ် အပ်သော (အာရုံဖြစ်သည့်) သဝိတက္ကသဝိစာရ ဥပေက္ခာထက် ဒုတိယ ရဟန်း နှလုံးသွင်းသိမ်းဆည်းအပ်, သုံးသပ်အပ်သော (အာရုံဖြစ်သည့်) အဝိတက္က အဝိစာရ ဥပေက္ခာက သာလွန်မြင့်မြတ်၏။ ထိုဥပေက္ခာနှစ် ပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုသော စိတ္တုပ္ပါဒ်တွင်လည်း ပဌမရဟန်း၏ သန္တာန်၌ ဖြစ်သော (အာရမ္မဏိကဖြစ်သည့်) သဝိတက္က- သဝိစာရ ဥပေက္ခာဝိပဿနာထက် ဒုတိယရဟန်း၏ သန္တာန်၌ဖြစ်သော (အာရမ္မဏိကဖြစ်သည့်) အဝိတက္ကအဝိစာရ ဥပေက္ခာဝိပဿနာက သာလွန်မြင့်မြတ်၏။ ပဌမရဟန်းရရှိသည့် သဝိတက္ကသဝိစာရ ဥပေက္ခာ

WWW.DHAMMARANSI.COM



ဖလသမာပတ်ထက် ဒုတိယရဟန်းရရှိသည့် အဝိတက္ကအဝိစာရ ဥပေက္ခာ ဖလသမာပတ်က သာလွန်မြင့်မြတ်လှ၏၊ ထို့ကြောင့် "အဝိတက္က အဝိစာရ ဥပေက္ခာသည့် သာလွန်မြင့်မြတ်၏" ဟု မြတ်စွာဘုရား ဟောကြားတော်မူအပ်၏။

ဤကား (၈) စကားရပ်စု၌ မှတ်ဖွယ်အထူးတည်း။

## သိကြားမင်း သောတာပန်တည်ခြင်း

မြတ်စွာဘုရားရှင်သည် ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာ= ဤဝေဒနာ သုံးရပ်လုံး၌ပင် အရဟတ္တဖိုလ်အထွတ်တပ်ကာ အကျယ်ဟောပြတော်မူ၍—

"နတ်တို့သနင်းသိကြားမင်း....ဤသို့ကျင့်သော ရဟန်းသည် သံသရာ၌ ခံ့ထွင်တတ်သည့် ပပဉ္စတရားနှင့်ယှဉ်သော သညာတရားအစု၏ ချုပ်ခြင်းအားလျော်၍ ထိုချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကျင့်သည်မည်ပေ၏"—

ဟု ဒေသနာတော်မြတ် နိဂုံးကမ္ဘတ် အဆုံးသတ်တော်မူလေသည်။ သိကြားမင်းသည်ကား သောတာပတ္တိဖိုလ်သို့ ရောက်ရှိလေသည်။

## ဘုရားရှင်တို့၏ ဥက္ကဋ္ဌဆန္ဒတော်

မှန်၏—ဘုရားရှင်တို့၏ အလိုဆန္ဒတော်သည် ယုတ်ညံ့သောဟူ၍ မရှိ၊ အမြဲတစေ ဥက္ကဋ္ဌ မြတ်သောဆန္ဒတော်သာ ဖြစ်၏၊ ဝေနေယျသတ္တဝါတယောက်အားဖြစ်စေ, အများအားဖြစ်စေ တရားတော်ကို ဟောတော်မူကြလျှင် အရဟတ္တဖိုလ်အထွတ်တပ်၍သာ (အရဟတ္တဖိုလ်ပေါက် ပဋိပတ်ကို ဖော်ပြ၍သာ) ဟောကြားတော်မူကြကုန်၏၊ ဝေနေယျသတ္တဝါတို့သည်ကား မိမိ မိမိတို့၏ သင့်လျော်လျောက်ပတ်သော မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု=ဥပနိဿယ၌ တည်ကြ၍ အချို့သောတာပန်ဖြစ်ကြ၍ အချို့သကဒါဂါမ်, အချို့ အနာဂါမ်, အချို့ရဟန္တာ ဖြစ်ကြလေသည်။

ဥပမာအားဖြင့် မြတ်စွာဘုရားသည် ခမည်းတော်မင်းကြီးနှင့် တူတော်မူ၏၊ ဝေနေယျသတ္တဝါတို့သည် မင်းသားများနှင့် တူကြ၏။ ထင်ရှားစေဦးအံ့—ခမည်းတော်မင်းကြီးသည် ပွဲတော်စာ စားသုံးသော အခါ မိမိ၏ စားသုံးနေကျ ပမာဏအတိုင်း ထမင်းလုပ်ကို ဆုပ်၍ ထုတ်၍ မင်းသားတို့အား ကျွေးမွေးခွံ့၍ ပေးလေသည်၊ မင်းသားတို့

WWW.DHAMMARANSI.COM



သည် ထိုခမည်းတော်မင်းကြီး ကျွေးမွေးခံ့ရ၍ပေးသော ထမင်းလုပ်မှ မိမိတို့ ခံတွင်း ဆံ့သလောက်သာ ထမင်းလုပ်ကို စားသုံးကြကုန်သကဲ့သို့ ထို့အတူပင် မြတ်စွာဘုရားတည်းဟူသော ခမည်းတော်မင်းကြီးသည် ကိုယ်တော်၏ ကြီးမြတ်သော ဥက္ကဋ္ဌဆန္ဒတော်အတိုင်း အရဟတ္တဖိုလ် အထွတ်တပ်ကာ တရားဒေသနာထမင်းလုပ်ကို ဝေနေယျသတ္တဝါတည်းဟူသော မင်းသားတို့အား ကျွေးမွေးခံ့ရ၍ ပေးလေသည်၊ ဝေနေယျသတ္တဝါတည်းဟူသော မင်းသားတို့သည်ကား မိမိ မိမိတို့၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှု= ဥပနိဿယတည်းဟူသော ခံတွင်းဆံ့သလောက်သာ မြတ်စွာဘုရား ကျွေးမွေးခံ့ပေးသော တရားဒေသနာထမင်းလုပ်ကြီးမှ အချို့သောတာပတ္တိဖိုလ်မျှကို ခံယူစားသုံးနိုင်ကြလေသည်၊ အချို့ သကဒါဂါမိဖိုလ်, အချို့ အနာဂါမိဖိုလ်, အချို့ အရဟတ္တဖိုလ်ပေါက် ခံယူစားသုံးကြလေသည်။ သိကြားမင်းသည်ကား မိမိ၏ ဥပနိဿယ ခံတွင်းဆံ့သလောက်သာ သောတာပန် ဖြစ်လေသည်။

## သိကြားမင်း သိကြားဘဝအသစ်ကို ရရှိခြင်း

သိကြားမင်းသည် သောတာပန်အရိယာဖြစ်ပြီးလျှင် မြတ်စွာဘုရားရှင်၏ ရှေ့တော်မှောက်၌ပင် နတ်သက်ကြွေ စုတေ၍ သိကြားနတ်မင်းဘဝအသစ်ကို တဖန် ရရှိပြန်လေ၏။

အထူးမှတ်ရန်ကား—နတ်သက်ကြွေ စုတေသော နတ်တို့အဖို့ရာ ကိုယ်ခန္ဓာအတ္တဘောကို (လူတို့မှာကဲ့သို့) သယ်ယူပို့ဆောင် သင်္ဂြိုဟ်ရသောဟူ၍ မရှိ၊ ထိုနတ်တို့ စုတေသောအခါ ကိုယ်ခန္ဓာအတ္တဘောသည် ဆီမီးညွန့် ငြိမ်းပျောက်သကဲ့သို့ ငြိမ်း၍ပျောက်၍ သွားလေ၏။ မှန်၏–အမိဝမ်းခေါင်း ကိန်းအောင်းသန္ဓေ တည်နေကြသော လူတို့မှာ စုတေသောအခါ ရှေးဦးစွာ ကမ္မဇရုပ်ချုပ်လေသည်၊ ကမ္မဇရုပ် နောက်ဆုံးချုပ်ရာ စုတိစိတ်မှနောက် စိတ္တက္ခဏာဆယ့်ခုနစ်ချက်ခန့်လောက် အချိန်မှာ စိတ္တဇရုပ်များ ချုပ်ပျောက်လေသည်၊ အာဟာရဇရုပ်များလည်း ဗဟိဒ္ဓသြဇာအထောက်အပံ့ မရတော့သဖြင့် ကာလအနည်းငယ်အတွင်းမှာပင် ချုပ်ပျောက်ကြလေသည်။ ဥတုဇရုပ်အဆက်ဆက်ကား ကာလရှည်ကြာစွာ သန္တာန်ဆက်၍ ဖြစ်နေလေသေးသည်။ နတ်တို့မှာကား ထိုကဲ့သို့ မဟုတ်ချေ၊ မှန်၏–ထိုနတ်တို့မှာ ဥပပါတ်ပဋိသန္ဓေတည်နေကြသူများ ဖြစ်သောကြောင့် ကမ္မဇရုပ်ချုပ်ကွယ်လျှင်ပင် ကျန်သော စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည်လည်း ထိုကမ္မဇရုပ်နှင့် တပါတည်းပင် ချုပ်ကွယ်ကြလေသည်၊

WWW.DHAMMARANSI.COM



ထို့ကြောင့် ထိုနတ်များ စုတေသောအခါ လူ့ပြည်လူသားတို့ကဲ့သို့ ကိုယ်ခန္ဓာအတ္တဘောကို သယ်ယူပို့ဆောင်သင်္ဂြိုဟ်ရသောဟူ၍ အလျှင်းပင် မရှိတော့ချေ၊ စုတေသော နေရာမှာပင် ဆီမီးတောက်ငြိမ်းသကဲ့သို့ တခါတည်း ငြိမ်းပျောက်ချုပ်ကွယ်၍ သွားလေတော့၏။

ဤအရာ၌။ ။လူတို့မှာ စုတေပြီးနောက် ဥတုဇရုပ်ကောင်ကြီး ကာလရှည်စွာ ကျန်ရှိရစ်၍ နတ်တို့မှာ ထိုကဲ့သို့ ဥတုဇရုပ်ကောင်ကြီး မကျန်ရစ်မှုကို ပဋိသန္ဓေကာလ လူ့ဘဝခန္ဓာကိုယ် နတ်ဘဝခန္ဓာကိုယ်တို့ ဖြစ်ကြပုံကို နှစ်နှစ်နှောနှော ဆင်ခြင်ကြည့်ရှုမှ သဘောကျ ကျေနပ်နိုင်သည်၊ ဆင်ခြင်စဉ်းစားကြည့်ရှုရန်မှာ—

(၁) လူများမှာ ပဋိသန္ဓေ တည်နေသောခဏဝယ် ကာယဒသကကလာပ်, ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်တည်းဟူသော=ဤကမ္မဇရုပ်ကလာပ် သုံးမျိုးတို့ ပရမာနုမြူကလေး သုံးခုခန့်မျှ၍ ဘဝအိမ် တည်ဆောက်ကြလေသည်၊ကမ္မဇကလာပ်ရုပ်များ, (မိမိအချိန်ကျရောက်၍ ဖြစ်ပေါ်သော)စိတ္တဇရုပ်ကလာပ်များ, ဥတုဇရုပ်ကလာပ်များ, အာဟာရဇရုပ်ကလာပ်များတို့ ဋ္ဌီခဏသို့ ရောက်တိုင်း ရောက်တိုင်းမှာ ထိုကလာပ်များအတွင်း၌ ပါရှိသော တေဇောဓာတ်တည်းဟူသော ဥတုတခုတခုစီက ဥတုဇရုပ်ကလာပ် တခုစီ တခုစီကို ဖြစ်ပွါးစေပြန်သဖြင့် တချိန်ထက်တချိန် ခန္ဓာအိမ်ကြီးထွားလာသောအခါ တကိုယ်လုံးမှာ ဥတုဇရုပ်ကလာပ်က နေရာကို အလျှင်လက်ဦးယူထားသကဲ့သို့ အာဝါသိက အိမ်နေသဖွယ်ဖြစ်၍နေလေ၏။ ကျန်သော ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်တို့မှာ ဧည့်သည်အာဂန္တုသဖွယ် ဖြစ်၍နေလေ၏၊ ထို့ကြောင့် လူများမှာငင်း, ဂဗ္ဘသေယျက ပဋိသန္ဓေတည်နေကြသော သတ္တဝါတို့မှာငင်း စုတေသောအခါ ဧည့်သည်အာဂန္တုသဖွယ်ဖြစ်သည့် ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့ ချုပ်ပျောက်ကွယ်ပကြသော်လည်း အာဝါသိက အိမ်ရှင်သဖွယ်ဖြစ်သော ဥတုဇရုပ်တို့မှာ သန္တာန်ဆက်ကာ ကာလမြင့်ကြာ ဖြစ်ကြသဖြင့် ဥတုဇရုပ်အလောင်းကြီး ကျန်ရစ်ကာ အခါမြင့်ရှည် တည်နေလေသည်။

(၂) နတ်တို့မှာမူ ဥပပတ်ပဋိသန္ဓေ တည်နေစအချိန်မှာပင် ရသင့်ရထိုက်သော ကမ္မဇရုပ်ကလာပ်တို့က တပြိုင်နက်တည်း သုံးဂါဝုတ်မျှပမာဏရှိသည့် ကိုယ်ဒြပ်ကြီး ဖြစ်ရှိလာအောင် နေရာအနှံ့ မူလ(မ)တည် ဖြစ်ရှိကြ၍ ထိုကမ္မဇရုပ်တို့က တကိုယ်လုံး နေရာယူပြီး အာဝါသိက အိမ်ရှင်သဖွယ်ဖြစ်၍ နေလေသည်၊ ကျန်သော စိတ္တဇ,

WWW.DHAMMARANSI.COM



ဥတုဇ, အာဟာရဇရုပ်တို့မှာမူ ညှော်သည်အာဂန္တုသဖွယ် အာဝါသိက ကမ္မဇရုပ်တို့၏အကြား၌ နေရာယူကာ ဖြစ်ပွါးကြရလေသည်၊ ထို့ကြောင့် ဥပပတ်မျိုးဖြစ်ကြသည့် နတ်ဗြဟ္မာတို့ စုတေသောအခါ အိမ်ရှင်အာဝါသိကသဖွယ်ဖြစ်သော ကမ္မဇရုပ်တို့ ချုပ်ပျောက်ကွယ်ပကြလျှင်ပင် အာဂန္တုညှော်သည်သဖွယ်ဖြစ်သည့် စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည်လည်း ထိုကမ္မဇရုပ်တို့နှင့် တပါတည်း ချုပ်ပျောက်ကွယ်ပကြလေသည်၊ ထို့ကြောင့် နတ်ဗြဟ္မာတို့ စုတေသောအခါ ဥတုဇရုပ်အလောင်းကြီး မကျန်ရစ်ပဲ ရှိလေတော့သည်။ ။ဤအချက်ကား နက်နဲသော သဘောဖြစ်သည်၊ ရုပ်ဝီထိဖြစ်စဉ် နာမ်ဝီထိဖြစ်စဉ်ကို သေချာစွာ လေ့လာလိုက်စားမှ ဤအချက်ကို နှစ်သက်ကျေနပ်စွာ လက်ခံနိုင်ပေလိမ့်မည်။ ။ဤကား အထူးမှတ်ရန်တည်း။

သိကြားမင်းမှာ နတ်သက်ကြွေ စုတေပြီးနောက် ထိုက္ခဏသာလ လိုက်ဂူအတွင်း တရားနာနေသော နေရာမှာပင် သိကြားဘဝအသစ်တဖန်ဖြစ်ပြန်သောကြောင့် ကြွင်းသောနတ်တို့သည် သိကြားမင်း စုတေ၍ သိကြားမင်းပင် ပြန်၍ဖြစ်လာကြောင်းကို မသိရှိကြကုန်။ သိကြားမင်းသည်ကား ကိုယ်တိုင်နတ်သက်ကြွေ စုတေရသူဖြစ်သောကြောင့်၎င်း, မြတ်စွာဘုရားရှင်သည်ကား သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသောကြောင့်၎င်း ထိုသို့ သိကြားမင်းစုတေ၍ သိကြားမင်းပင် ပြန်၍ဖြစ်လာကြောင်းကို သိကြားမင်းနှင့် ဘုရားရှင် ဤနှစ်ဦးတို့သာ သိရှိကြလေကုန်၏။

ဆဋ္ဌ,သတ္တမ,အဋ္ဌမ အမေး အဖြေ ပြီး၏။

---

## (၉,၁၀,၁၁)နဝမ,ဒသမ,ဧကာဒသမ အမေး အဖြေ

ထို့နောက် သိကြားနတ်မင်းသည် "မြတ်စွာဘုရားသည် ငါ့အား သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ကို ဖြေဆို၍ ပြီးဆုံးရာ သုံးဌာနတို့၌ ထောပတ်စိုင်ထောပတ်ခဲမှ ထောပတ်အကြည်ကို ထုတ်နုတ်ယူအပ်သည့်အလားအကြောင်းဖြစ်သော ပဋိပတ်ဖြင့် ဖြစ်စေအပ် ရောက်ဆိုက်အပ်သော လောကုတ္တရာမဂ်ဖိုလ်တရားကိုသာလျှင် ဟောကြားတော်မူအပ်ပေ၏၊ ဤလောကုတ္တရာမဂ်ဖိုလ်တရားကိုလည်း ငှက်ကဲ့သို့ကောင်းကင်သို့ ပျံတက်၍ ရယူခြင်းငှါ စွမ်းနိုင်သည် မဟုတ်

WWW.DHAMMARANSI.COM



ချေ၊ ဤလောကုတ္တရာမဂ်ဖိုလ်တရားအစု၏ (ရရှိရန်) အကြောင်းဖြစ်သော ရှေ့အဖို့ဝယ် လိုက်နာကျင့်သုံးရမည့် အကျင့်ပဋိပတ်သည် ထင်ရှားရှိ၏၊ ငါသည် ယခုအခါ၌ အထက်ရဟန္တာပုဂ္ဂိုလ်၏ (အရဟတ္တဖိုလ်ကို ရရှိနိုင်ရန်) ရှေ့အဖို့ဝယ် လိုက်နာကျင့်သုံးရမည့် အကျင့်ပဋိပတ်ကို မေးမြန်းပေတော့အံ့”ဟူ၍ ကြံစည်စဉ်းစားပြီးနောက် ထိုရဟန္တာဖြစ်ကြောင်း ရှေ့ပိုင်း ပုဗ္ဗဘာဂအကျင့်ပဋိပတ်ကို မေးမြန်းလိုရကား—

“မြတ်စွာဘုရား····အဘယ်သို့ ကျင့်သော ရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည် မည်ပါသနည်း”–

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်လေ၏။ ထိုသို့ သိကြားနတ်မင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

“နတ်တို့သနင်း သိကြားမင်း····( ၊ ) ကိုယ်အကျင့် = ကာယသမာစာရကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့်ဟူ၍ နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏၊

နတ်တို့သနင်း သိကြားမင်း····( ၊၊ ) နှုတ်အကျင့် = ဝစီသမာစာရကိုလည်း မှီဝဲအပ်သော နှုတ်အကျင့်၊ မမှီဝဲအပ်သော နှုတ်အကျင့်ဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏၊

နတ်တို့သနင်း သိကြားမင်း····( ၊၊၊ ) ရှာမှီးခြင်း = ပရိယေသနာကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏။

( ၊ ) နတ်တို့သနင်း သိကြားမင်း····‘ကိုယ်အကျင့် = ကာယသမာစာရကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့် ဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏’ ဟူသော ဤစကားကို ငါဘုရား

WWW.DHAMMARANSI.COM



မိန့်ဆိုခဲ့၏၊ အဘယ် အကြောင်းကို စွဲ၍ ဤ စကားကို ငါဘုရား မိန့်ဆိုခဲ့သနည်း ဟူမူ—ထို ကိုယ်အကျင့် = ကာယသမာစာရနှစ်ပါးတို့တွင် 'ဤ ကိုယ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏'ဟု အကြင် ကာယသမာစာရကို သိငြားအံ့၊ ဤသို့ သဘောရှိသော ကိုယ်အကျင့် = ကာယသမာစာရကို မမှီဝဲအပ်။ (အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်မည့်ကိုယ်အကျင့်မျိုးကို မမှီဝဲအပ်သော ကိုယ်အကျင့် = ကာယသမာစာရ ခေါ်၏-ဟု ဆိုလိုသည်။ နောက်နှစ်ပါး၌လည်း ဤနည်း အတူ ဆိုလိုရင်းကို မှတ်ယူရာ၏)။

ထိုကိုယ်အကျင့် = ကာယသမာစာရ နှစ်ပါးတို့တွင် 'ဤ ကိုယ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏' ဟု အကြင်ကာယသမာစာရကို သိငြားအံ့၊ ဤသို့ သဘောရှိသော ကိုယ်အကျင့် = ကာယသမာစာရကို မှီဝဲအပ်၏။ (အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးမည့် ကိုယ်အကျင့်မျိုးကို မှီဝဲအပ်သော ကိုယ်အကျင့် = ကာယသမာစာရ ခေါ်၏-ဟု ဆိုလိုသည်။ နောက်နှစ်ပါး၌လည်း ဤနည်းအတူ ဆိုလိုရင်းကို မှတ်ယူရာ၏)။

နတ်တို့သနင်း သိကြားမင်း....'ကိုယ်အကျင့် = ကာယ-သမာစာရကိုလည်း မှီဝဲအပ်သော ကိုယ်အကျင့်၊ မမှီဝဲအပ်သော ကိုယ်အကျင့်ဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရားဟော၏'ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကို စွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏။

(၁၁)နတ်တို့သနင်း သိကြားမင်း····'နှုတ်အကျင့် = ဝစီသမာစာရကိုလည်း မှီဝဲအပ်သော နှုတ်အကျင့်၊ မမှီဝဲအပ်သော နှုတ်အကျင့် ဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏' ဟူသော ဤစကားကို ငါဘုရား မိန့်

WWW.DHAMMARANSI.COM



ဆိုခဲ့၏၊ အဘယ် အကြောင်းကို စွဲ၍ ဤစကားကို ငါဘုရား မိန့်ဆိုခဲ့သနည်းဟူမူ—ထို နှုတ်အကျင့် = ဝစီသမာစာရ နှစ်ပါးတို့တွင် 'ဤ နှုတ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏' ဟု အကြင် ဝစီသမာစာရကို သိငြားအံ့၊ ဤသို့ သဘောရှိသော နှုတ်အကျင့် = ဝစီသမာစာရကို မမှီဝဲအပ်။

ထိုနှုတ်အကျင့် = ဝစီသမာစာရနှစ်ပါးတို့တွင် 'ဤနှုတ်အကျင့်ကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏'ဟု အကြင် ဝစီသမာစာရကို သိငြားအံ့၊ ဤသို့ သဘောရှိသော နှုတ်အကျင့် = ဝစီသမာစာရကို မှီဝဲအပ်၏။

နတ်တို့သနင်း သိကြားမင်း···· 'နှုတ်အကျင့် = ဝစီသမာစာရကိုလည်း မှီဝဲအပ်သော နှုတ်အကျင့်, မမှီဝဲအပ်သော နှုတ်အကျင့်ဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏'ဟူသော ဤစကားကို ထိုဆိုခဲ့ပြီးသော အကြောင်းကို စွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏။

(၊၊၊) နတ်တို့သနင်း သိကြားမင်း····'ရှာမှီးခြင်း = ပရိယေသနာကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း, မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏'ဟူသော ဤစကားကို ငါဘုရားမိန့်ဆိုခဲ့၏၊ အဘယ် အကြောင်းကို စွဲ၍ ဤစကားကို ငါဘုရား မိန့်ဆိုခဲ့သနည်းဟူမူ—ထို ရှာမှီးခြင်း = ပရိယေသနာ နှစ်ပါးတို့တွင် 'ဤ ရှာမှီးခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏'ဟု အကြင်ရှာမှီးခြင်း = ပရိယေသနာကို သိငြားအံ့၊ ဤသို့ သဘောရှိသော ရှာမှီးခြင်း = ပရိယေသနာကို မမှီဝဲအပ်။

ထို ရှာမှီးခြင်း = ပရိယေသနာနှစ်ပါးတို့တွင် 'ဤရှာမှီးခြင်းကို မှီဝဲသော ငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်

WWW.DHAMMARANSI.COM



၍ ကုသိုလ်တရားတို့ တိုးပွါးကုန်၏’ဟု အကြင် ရှာမှီးခြင်း = ပရိယေသနာကို သိပြီးအံ့၊ ဤသို့ သဘောရှိသော ရှာမှီးခြင်း = ပရိယေသနာကို မှီဝဲအပ်၏။

နတ်တို့သနင်း သိကြားမင်း.... ‘ရှာမှီးခြင်း = ပရိယေ-သနာကိုလည်း မှီဝဲအပ်သော ရှာမှီးခြင်း, မမှီဝဲအပ်သော ရှာမှီးခြင်းဟူ၍ = နှစ်ပါး အပြားအားဖြင့် ငါဘုရား ဟော၏’ ဟူသော ဤ စကားကို ထို ဆိုခဲ့ပြီးသော အကြောင်းကို စွဲ၍ ငါဘုရား မိန့်ဆိုခဲ့၏။

နတ်တို့သနင်း သိကြားမင်း....ဤသို့ ကျင့်သောရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည်မည်၏”—

ဟူ၍ ဖြေကြားတော်မူလေ၏။ ဤသို့ မြတ်စွာဘုရားရှင်က ပြဿနာကို ဖြေကြားတော်မူလတ်သော် သိကြားနတ်မင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏တရားတော်ကို—

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား··· ဟောတော်မူသည့်အတိုင်း မှန်လှပါ၏၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား····ဟောတော်မူသည့်တိုင်း မှန်လှပါ၏၊ ရှင်တော်ဘုရား၏ ဖြေကြားချက်ကို ကြားနာရခြင်းကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက်အပ်ပါပြီ၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီ”—

ဟု ဝမ်းမြောက်စွာ ခံယူလေ၏။

(ဤအရာဝယ် မှတ်ဖွယ်အထူးကား— အောက်ဖြစ်သော ဆဋ္ဌ, သတ္တမ, အဋ္ဌမပြဿနာများ၌ သိကြားမင်းက ပပဉ္စသညာတရားအစုန်း ချုပ်ခြင်းအား လျောက်ပတ်၍ ထိုသို့ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ်ကို မေးအပ်သော မြတ်စွာဘုရားရှင်သည် ထိုပပဉ္စသညာ တရားနှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ်၏ အခြေခံအကြောင်း ဖြစ်သော ဝေဒနာသုံးပါးကို သေဝိတဗ္ဗ = မှီဝဲအပ်သော ဝေဒနာ, အသေဝိတဗ္ဗ=မမှီဝဲအပ်သောဝေဒနာအားဖြင့် နှစ်ပါးစီခွဲခြား၍ ဟော ကြားတော်မူအပ်လေသည်။ ထိုသို့ ဟောကြားရာ၌ မမှီဝဲအပ်သော

WWW.DHAMMARANSI.COM



ဝေဒနာတရားကား နိဗ္ဗာန်ရောက်ကြောင်းအကျင့်မဟုတ်၊ မှီဝဲအပ်သော ဝေဒနာတရားသာလျှင် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်သည်။ သို့ရကား မမှီဝဲအပ်သော ဝေဒနာတရားအစုမှာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်၍(ဘုရားရှင်၏ အလိုတော်ကို မသိသော စေဒကပုဂ္ဂိုလ်များအဖို့)ထိုမမှီဝဲအပ်သော ဝေဒနာတရားအစုကို မဟောကြားသင့်-ဟူ၍ ထင်မှားဖွယ်ရှိသော်လည်း ပြဿနာရှင်သိကြားမင်း၏ အလိုအဇ္ဈာသယအားလျော်စွာ မမှီဝဲအပ်သောဝေဒနာ = သံကိလေသတရားကို ပယ်ရှားနိုင်မှ မှီဝဲအပ်သောဝေဒနာ=ဖြူစင်သော ဝေါဒါနတရားတို့ ပြည့်စုံလုံလောက်နိုင်သည်၊ ထို့ကြောင့် မမှီဝဲအပ်သောဝေဒနာ=သံကိလေသတရားအစုကို ပယ်ရှားရှောင်ကြဉ်နိုင်ရန် (နှင့်) မှီဝဲအပ်သော ဝေဒနာ=ဖြူစင်သော ဝေါဒါနတရားအစုကို ဖြည့်ကျင့်ခြင်း ပဋိပဒါတရား အပြည့်အစုံဖြစ်ရန်အတွက် မမှီဝဲအပ်သောဝေဒနာ, မှီဝဲအပ်သော ဝေဒနာ=နှစ်ပါးစုံကို ဟောကြားတော်မူသကဲ့သို့—

ဤယခု ပါတိမောက္ခသံဝရသီလ ပြဿနာ၌လည်း မမှီဝဲအပ်သော ကာယသမာစာရ, မမှီဝဲအပ်သော ဝစီသမာစာရ, မမှီဝဲအပ်သော ပရိယေသနာတရားအစုတို့မှာ ပါတိမောက္ခသံဝရသီလပင် မဟုတ်သော်လည်း မမှီဝဲအပ်သည့် ထိုတရားသုံးမျိုးကို ပယ်ရှားနိုင်မှ မှီဝဲအပ်သော ကာယသမာစာရ, မှီဝဲအပ်သောဝစီသမာစာရ, မှီဝဲအပ်သော ပရိယေသနာ ဤဖြူစင်သောဝေါဒါန တရားအစုတို့ ပြည့်စုံလုံလောက်နိုင်သည်၊ ထို့ကြောင့် ညစ်ညူးသော သံကိလေသတရားအစုဖြစ်သည့် ထိုမမှီဝဲအပ်သည့် တရားသုံးမျိုးတို့ကို ပယ်ရှားရှောင်ကြဉ်နိုင်ရန် (နှင့်) ဖြူစင်သော ဝေါဒါနတရားအစုဖြစ်သည့် ထိုမှီဝဲအပ်သည့် တရားသုံးမျိုးတို့ကို ဖြည့်ကျင့်ခြင်း ပဋိပဒါတရား အပြည့်အစုံဖြစ်ရန်အတွက် ပြဿနာရှင်သိကြားမင်း၏ အလိုအဇ္ဈာသယအားလျော်စွာ မမှီဝဲအပ်, မှီဝဲအပ်သည့် ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာသုံးမျိုးတို့ကို အစုံအစုံ ဟောကြားတော်မူသည်။

ဆိုလိုရင်းမှာ—မမှီဝဲအပ်, မှီဝဲအပ်သည့် တရားအစုံလိုက် ဟောမှသာလျှင် သိကြားမင်း၏ အလိုအဇ္ဈာသယနှင့်လည်း လျော်လျောက်ပတ်သည်၊ မမှီဝဲအပ်သောတရားတို့ကို ပယ်ရှားရှောင်ကြဉ်နိုင်မှ မှီဝဲအပ်သောတရားတို့ကို အောင်မြင်ပြည့်စုံစွာ ဖြည့်ကျင့်နိုင်သည်၊ (ဤတရား ဤတရားစုကား မမှီဝဲအပ်သောတရားစုတည်း—ဟု မသိလျှင် ထိုတရားတို့ကို ရှောင်ကြဉ်နိုင်မည်မဟုတ်၊ ထိုသို့မရှောင်ကြဉ်နိုင်က မှီဝဲအပ်သော တရားစုကို အပြည့်အစုံ ဖြည့်ကျင့်နိုင်မည်မဟုတ်)၊ ထို့ကြောင့် မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားသည် ရှေးပြဿနာ၌ရင်း ယခုပြဿနာ၌ရင်း လာမည့်ဣန္ဒြိယ-သံဝရပြဿနာ၌ရင်း မမှီဝဲအပ်၊ မှီဝဲအပ်သည့် တရားအစုံ အစုံကို ဟော ကြားတော်မူသည် ဖြေဆိုတော်မူသည်—ဟု ဆိုလိုရင်းဖြစ်သည်။

ဤယခုပြဿနာ၏ အဖြေစကားရပ်ဝယ် မှီဝဲအပ်သော ကာယသမာ-စာရ, ဧဝင်းဝစီသမာစာရ, ဧဝင်းပရိယေသနာ ဤတရားသုံးမျိုးသာလျှင် ပါတိမောက္ခသံဝရသီလဖြစ်သည်၊ မမှီဝဲအပ်သော ကာယသမာစာရ-စသည်သုံးမျိုးတို့ကား ပါတိမောက္ခသံဝရသီလမဟုတ်၊ ပယ်ရှား ရှောင် ကြဉ်ရမည့် သံကိလေသတရားစုကို ပြလို၍သာ သိကြားမင်း၏ အလို အဇ္ဈာသယအားလျော်စွာ ဟောကြားတော်မူအပ်လေသည်။

မှီဝဲအပ်သည့်ကာယသမာစာရ-စသော တရားသုံးမျိုးတည်းဟူသော သီလအကြောင်းကို ပြောဆိုလိုက ကမ္မပထနှင့်စပ်၍သော်ရင်း, ပညတ် တော်မူအပ်သော သိက္ခာပုဒ်နှင့်စပ်၍သော်ရင်း ပြောဆိုရာ၏၊ ပြောဆို ပုံမှာ—

(၁) မမှီဝဲအပ်သော ကိုယ်အကျင့်=ကာယသမာစာရဟူသည်မှာ သူ့အသက်ကိုသတ်ခြင်း=ပါဏာတိပါတ, သူ့ဥစ္စာကိုခိုးယူခြင်း=အဒိန္နာ-ဒါန, သူ့အိမ်ရာကိုပြစ်မှားခြင်း= ကာမေသုမိစ္ဆာစာရ—ဤအကုသိုလ် ကာယကံသုံးမျိုးတို့ဖြစ်သည်၊ (ဤကား ကမ္မပထအားဖြင့် ပြောဆိုပုံ တည်း)။ ကာယဒွါရ၌ မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းသည် မမှီဝဲအပ်သောကိုယ်အကျင့်= ကာယသမာစာရမည်၏၊ (ဤကား သိက္ခာပုဒ်အားဖြင့် ပြောဆို ပုံတည်း)။

မှီဝဲအပ်သော ကိုယ်အကျင့်=ကာယသမာစာရဟူသည်မှာ သူ့ အသက်ကိုသတ်ဖြတ်မှု = ပါဏာတိပါတဒုစရိုက်မှ ရှောင်ကြဉ်ခြင်း= ပါဏာတိပါတဝိရတိ, သူ့ဥစ္စာကိုခိုးယူမှု=အဒိန္နာဒါနဒုစရိုက်မှ ရှောင် ကြဉ်ခြင်း = အဒိန္နာဒါနဝိရတိ, သူ့အိမ်ရာကိုပြစ်မှားမှု = ကာမေသု-မိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း= ကာမေသုမိစ္ဆာစာရဝိရတိ—ဤကုသိုလ် ကာယကံသုံးမျိုးတို့ ဖြစ်သည်၊ (ဤကား ကမ္မပထအားဖြင့် ပြောဆိုပုံ တည်း)။ ကာယဒွါရ၌ မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို မလွန်ကျူးပဲ စောင့်ထိန်းခြင်းသည် မှီဝဲအပ်သော ကိုယ်အကျင့်=ကာယသမာစာရ မည်၏၊ (ဤကား သိက္ခာပုဒ်အားဖြင့် ပြောဆိုပုံတည်း)။ (နောက်ဖြစ်သော ဝစီသမာစာရ၌လည်း နည်းတူပင် ဖြစ်သည်၊ စကားအသွားအလာကို ကြည့်ရှု၍ ဤကား ကမ္မပထ

WWW.DHAMMARANSI.COM



အားဖြင့် ပြောဆိုပုံတည်း၊ ဤကား သိက္ခာပုဒ်အားဖြင့် ပြောဆိုပုံတည်းဟု ခွဲခြားသိမှတ်ကုန်ရာ၏။)

(ii) မုသာဝါဒ-အစရှိသော ဝစီဒုစရိုက်လေးပါး, ဝစီဒွါရ၌ မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းများသည် မမှီဝဲအပ်သော နှုတ်အကျင့်=ဝစီသမာစာရမည်၏။ မုသာဝါဒမှ ရှောင်ကြဉ်ခြင်း-စသော ဝစီသုစရိုက်လေးပါး=ကုသိုလ်ဝစီကံလေးပါး, ဝစီဒွါရ၌ မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို မလွန်ကျူးခြင်း စောင့်ထိန်းခြင်းသည် မှီဝဲအပ်သော နှုတ်အကျင့်=ဝစီသမာစာရ မည်၏။

(iii) ရှာမှီးခြင်း=ပရိယေသနာဟူသည်ကား ကိုယ်နှုတ်တို့ဖြင့် ရှာမှီးခြင်းပင် ဖြစ်သည်၊ ထိုရှာမှီးခြင်း=ပရိယေသနာကို ကာယသမာစာရ, ဝစီသမာစာရ နှစ်ပါးတို့ကို ယူလိုက်(=ဆိုလိုက်)လျှင်ပင် ယူပြီး(=ဆိုပြီး)ဖြစ်သော်လည်း "အာဇီဝဋ္ဌမကသီလမည်သည် ကောင်းကင်၌ ဖြစ်သည်မဟုတ်၊ ထိုကာယဒွါရ, ဝစီဒွါရ နှစ်ပါး၌ပင် ဖြစ်သောကြောင့်" ထိုအာဇီဝဋ္ဌမကသီလကိုပြဆိုရန် ထိုရှာမှီးခြင်း=ပရိယေသနာတရားကို သီးခြား ဟောကြားတော်မူအပ်လေသည်။ ထိုရှာမှီးခြင်း=ပရိယေသနာဟူသည် တရားကိုယ်အားဖြင့် ပစ္စည်းကို ရှာမှီးသော အခြင်းအရာအားဖြင့်ဖြစ်သော ဗျာပါရလုံ့လပင်တည်း။

(က) ထိုရှာမှီးခြင်း=ပရိယေသနာအရာ၌ မူလပဏ္ဏာသပါဠိတော် ပါသရာသိသုတ်ဝယ် အကျယ်ဟောကြားတော်မူအပ်သော(အချုပ်အားဖြင့်)မိမိကိုယ်တိုင်က ပဋိသန္ဓေတည်နေခြင်းသဘော=ဖြစ်ခြင်းသဘော, အိုမင်းရင့်ရော်ခြင်းသဘော, စုတိပြတ်ကြွေ သေလွန်ပျက်ဆုံးခြင်းသဘော-စသည်ရှိသူဖြစ်ပါလျက် ထိုသို့ ပဋိသန္ဓေတည်နေခြင်းသဘော =ဖြစ်ခြင်းသဘော, အိုမင်းရင့်ရော်ခြင်းသဘော, စုတိပြတ်ကြွေ သေလွန်ပျက်ဆုံးခြင်းသဘော-စသည်ရှိသည့် သားသမီး, မယား, ကျွန်ယောကျ်ား, ကျွန်မိန်းမ, သိုး, ဆိတ်, ကြက်, ဝက်, ဆင်, နွား, မြင်း, မြည်း-စသော သက်ရှိဝတ္ထု, ရွှေ,ငွေစသော ရတနာစသော သက်မဲ့ဝတ္ထုတို့ကို ရှာမှီးခြင်းတည်းဟူသော မမြတ်သောရှာမှီးခြင်း=အနရိယပရိယေသနာသည် မမှီဝဲအပ်သော အသေဝိတဗ္ဗရှာမှီးခြင်း မည်၏။ ။ မိမိကိုယ်တိုင်က ပဋိသန္ဓေတည်နေခြင်း-စသည် သဘောရှိနေသူဖြစ်၍ ပဋိသန္ဓေတည်နေခြင်း-စသည် သဘောရှိသော တရားအစု၌ အပြစ်ကို မြင်၍ ထိုပဋိသန္ဓေတည်နေခြင်း-စသည် သဘောကင်းရာ နိဗ္ဗာန်ကို

WWW.DHAMMARANSI.COM



ရှာမှီးခြင်းတည်းဟူသော မြတ်သောရှာမှီးခြင်း=အရိယပရိယေသနာသည် မှီဝဲအပ်သော သေဝိတဗ္ဗရှာမှီးခြင်း မည်၏။ (အကျယ်ကို ပါသရာသိသုတ်၌ ကြည့်ရှု မှတ်ယူရာ၏)။

(ခ) တနည်း ၁-ကုဟနာ=အံ့ဖွယ်သရဲဖြစ်စေ၍ လာဘ်ကိုရှာမှီးခြင်း, ၂-လပနာ=မြှောက်ပင့်ပြောဆို၍ လာဘ်ကိုရှာမှီးခြင်း, ၃-နေမိတ္တိကတာ=အရိပ်နိမိတ်စကား ပြောကြား၍ လာဘ်ကိုရှာမှီးခြင်း, ၄-နိပ္ပေသိကတာ=မလှုပဲမနေနိုင်အောင် ဖိကြိတ်နှိပ်စက်ပြောဆို၍ လာဘ်ကို ရှာမှီးခြင်း, ၅-လာဘေနလာဘနိဇိဂီသနတာ=မိမိက အလျှင်လက်ဦး လာဘ်ကိုပေး၍ ဒကာတို့ထံမှ လာဘ်ကိုရှာမှီးခြင်း=ဤ ၅-ပါးသော ရှာမှီးခြင်းသည်၎င်း, (ပျို+ပဏ္ဍုက်+သူရာ+၊ပြည့်တန်းဆာ+၊လင်ကွာ+ ရဟန်းမ။ မကျက်စားအပ် အရပ် ၆-ပါး သတိထား-ဟူသောအတိုင်း) အပျိုကြီးအိမ်, ပဏ္ဍုက်အိမ်, သေတင်းကုတ်=အရက်ဆိုင်, ပြည့်တန်းဆာမအိမ်,လင်ကွာမိန်းမ မုဆိုးမအိမ်, ရဟန်းမိန်းမကျောင်း ဤ ၆-ပါး သော အဂေါစရဌာနတို့၌ လာဘ်ကိုရှာမှီးခြင်းသည်၎င်း, ရှေး၌ ဆိုအပ်ခဲ့ပြီးသော အနေသန=မအပ်သောရှာမှီးခြင်း ၂၁-ပါးတို့ဖြင့် လာဘ်ကို ရှာမှီးခြင်းသည်၎င်း မမြတ်သောရှာမှီးခြင်း=အနရိယပရိယေသနာပင် ဖြစ်၍ မမှီဝဲအပ်သော အသေဝိတဗ္ဗရှာမှီးခြင်း မည်၏။ ။ကုဟနာ-စသော ၅-မျိုး, အဂေါစရဌာန ၆-မျိုး, အနေသန ၂၁-မျိုးတို့ကို ရှောင်ကြဉ်၍ ဆွမ်းခံလှည့်လည်ခြင်းဖြင့် တရားနှင့်အညီ လာဘ်ကို ရှာမှီးခြင်းသည် မြတ်သောရှာမှီးခြင်း အရိယပရိယေသနာဖြစ်၍ မှီဝဲ အပ်သော=သေဝိတဗ္ဗရှာမှီးခြင်း မည်၏။

ဤအရာဝယ် "မမှီဝဲအပ်"ဟူ၍ ဟောကြားအပ်သော ကာယသမာစာရ-စသည်ကို ရှေ့ပိုင်းအဖို့ဝယ် ပါဏာတိပါတ-စသော ဒုစရိုက်မှုတို့အတွက် လက်နက်, အဆိပ်-စသော အဆောက်အဦကို ရှာမှီးသော အခါမှစ၍၎င်း လှုံ့လကိုပြုသောအခါမှစ၍၎င်း ထိုဒုစရိုက်မှုအကျိုးငှါ သွားသောအခါမှစ၍၎င်း မမှီဝဲအပ် မမှီဝဲကောင်းသည်သာတည်း။ "မှီဝဲအပ်၏"ဟူ၍ ဟောကြားတော်မူအပ်သော ကာယသမာစာရ-စသည်ကို အစမှပင်စ၍ မှီဝဲအပ် မှီဝဲကောင်း၏။ မစွမ်းနိုင်သူ ဖြစ်ပါမူကား ကာယသုစရိုက်စသည်ကို ငါပြုအံ့ဟူ၍ စိတ်ကိုသော်မူလည်း ဖြစ်စေရာ၏၊ မှန်၏-ကောင်းသောအမှု၌ "ငါပြုမည်"ဟု စိတ်ကိုမျှပင် ဖြစ်စေသောသူသည် အကြောင်းအပေါင်း ညီညွတ်လတ်သော် ထိုထို ကောင်းမှု၌ အားသစ်သောလှုံ့လကို ပြုဖြစ်၍ အကျင့်ပဋိပတ်၏ အထွတ်အထိပ်ကို ရယူနိုင်လေသည်။

WWW.DHAMMARANSI.COM



တနည်းကား—(၊) သံဃာသင်းခွဲရန် စသည်အတွက် အားထုတ်သော ဒေဝဒတ်-အစရှိသောသူတို့၏ ကိုယ်အကျင့်=ကာယသမာစာရကဲ့သို့သော ကိုယ်အကျင့်မျိုးကို မမှီဝဲအပ် မမှီဝဲကောင်း။ တနေ့တနေ့လျှင် နှစ်ကြိမ်သုံးကြိမ် ရတနာသုံးရပ်ကို ဆည်းကပ်ရန်သွားခြင်းစသောအားဖြင့်ဖြစ်သော အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်စသည်တို့၏ ကိုယ်အကျင့်=ကာယသမာစာရကဲ့သို့သော ကိုယ်အကျင့်မျိုးကို မှီဝဲအပ် မှီဝဲကောင်း၏။ (။) လူသတ်လေးသမားများကို စေလွှတ်ခြင်းစသည်ဖြင့် နှုတ်မြွက်စကား ပြောကြားကြသူ ဒေဝဒတ်အစရှိသော သူတို့၏ နှုတ်အကျင့်=ဝစီသမာစာရကဲ့သို့သော နှုတ်အကျင့်မျိုးကို မမှီဝဲအပ် မမှီဝဲကောင်း။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ပြောကြားခြင်းစသည်ဖြင့်ဖြစ်သော အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်စသည်တို့၏ နှုတ်အကျင့် = ဝစီသမာစာရကဲ့သို့သော နှုတ်အကျင့်မျိုးကို မှီဝဲအပ် မှီဝဲကောင်း၏။ (၊၊၊) မမြတ်သော ရှာမှီးမှုကို ရှာမှီးကြသည့် ဒေဝဒတ် စသော သူတို့၏ ရှာမှီးခြင်း=ပရိယေသနာကဲ့သို့သော ရှာမှီးခြင်းကို မမှီဝဲအပ် မမှီဝဲကောင်း။ မြတ်သောရှာမှီးမှုကိုသာ ရှာမှီးတော်မူကြသည့် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်စသည်တို့၏ ရှာမှီးခြင်း=ပရိယေသနာကဲ့သို့သော ရှာမှီးခြင်းကို မှီဝဲအပ် မှီဝဲကောင်း၏။

ဤ ပါတိမောက္ခသံဝရပြဿနာ၌လည်း သိကြားမင်းမေးအပ်သော ပုစ္ဆာမှာ တချက်တည်းပင် ဖြစ်သော်လည်း မြတ်စွာဘုရား ဖြေကြားတော်မူချက်မှာ ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာဟူ၍ အဖြေသုံးချက် ထွက်ရှိသောကြောင့် ပြဿနာသုံးချက်ဟူ၍ အဋ္ဌကထာဆရာတော်မြတ် ရေတွက်ပြတော်မူလေသည်။

ဤ ပြဿနာ၏အဖြေ နိဂုံးပါ "ဤသို့ ကျင့်သော ရဟန်းသည်" စသော စကားဝါကျဖြင့် "နတ်တို့သနင်း သိကြားမင်း....ဤသို့လျှင် မမှီဝဲအပ်သော ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာ= ဤသုံးပါးကို ပယ်ရှားရှောင်ကြဉ်၍ မှီဝဲအပ်သော ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာ = ဤ သုံးမျိုးတို့ ပြည့်စုံလုံလောက်ရန် ကျင့်ကြံသော ရဟန်းသည် အထွတ်အမြတ် အကြီးအကဲ ဖြစ်သည့် ပါတိမောက္ခသံဝရသီလအလို့ငှါ ကျင့်ကြံသော ရဟန်းမည်၏" ဟူ၍ မြတ်စွာဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်၏ အကြောင်းရင်းဖြစ်သော ရှေ့ပိုင်းအကျင့် ပဋိပတ်ကို ဖြေကြားတော်မူခြင်း ဖြစ်သည်။)

နဝမ, ဒသမ, ဧကာဒသမ အမေး အဖြေ ပြီး၏။

WWW.DHAMMARANSI.COM



## (၁၂) ဇာဂရိယသံဝရ အမေးအဖြေ

ဤသို့လျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····အဘယ်သို့ကျင့်သော ရဟန်းသည် ဣန္ဒြိယသံဝရ = ဣန္ဒြေစောင့်စည်းခြင်း သီလကို ကျင့်သည် မည်ပါသနည်း"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်လေ၏၊ ထိုသို့ သိကြားနတ်မင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း....မျက်စိဖြင့်သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကိုလည်း မှီဝဲအပ်သော ရူပါရုံ, မမှီဝဲအပ်သော ရူပါရုံ ဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏၊

နတ်တို့သနင်း သိကြားမင်း····နားဖြင့် သိအပ်သော အသံမျိုးစုံ သဒ္ဒါရုံကိုလည်း မှီဝဲအပ်သော သဒ္ဒါရုံ, မမှီဝဲအပ်သော သဒ္ဒါရုံ ဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏၊

နတ်တို့သနင်း သိကြားမင်း····နှာခေါင်းဖြင့် သိအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံကိုလည်း မှီဝဲအပ်သော ဂန္ဓာရုံ, မမှီဝဲအပ်သော ဂန္ဓာရုံ ဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏၊

နတ်တို့သနင်း သိကြားမင်း ···· လျှာဖြင့် သိအပ်သော အရသာမျိုးစုံ ရသာရုံကိုလည်း မှီဝဲအပ်သော ရသာရုံ, မမှီဝဲအပ်သော ရသာရုံ ဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏၊

နတ်တို့သနင်း သိကြားမင်း ····ကိုယ်ဖြင့် သိအပ်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကိုလည်း မှီဝဲအပ်သော ဖောဋ္ဌဗ္ဗာ-

WWW.DHAMMARANSI.COM



ရုံ, မမှီဝဲအပ်သော ဖောဋ္ဌဗ္ဗာရုံဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏၊

နှတ်တို့သနင်း သိကြားမင်း … စိတ်ဖြင့် သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကိုလည်း မှီဝဲအပ်သောဓမ္မာရုံ, မမှီဝဲအပ်သောဓမ္မာရုံဟူ၍ = နှစ်ပါးအပြားအားဖြင့် ငါဘုရား ဟော၏"—

ဟူ၍ အကျဉ်းဥဒ္ဒေသ အဖြေစကားကို ဟောကြားတော်မူအပ်လေလျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား … ရှင်တော်ဘုရား အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤတရားတော်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် အကျွန်ုပ် ဤသို့ သိပါ၏—

မြတ်စွာဘုရား … မျက်စိဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော အဆင်းမျိုးစုံ ရူပါရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်ငြားအံ့၊ ဤသို့ သဘောရှိသော မျက်စိဖြင့်သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို မမှီဝဲအပ် မမှီဝဲကောင်း။ အကြင်သို့ သဘောရှိသော မျက်စိဖြင့် သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်ငြားအံ့၊ ဤသို့ သဘောရှိသော မျက်စိဖြင့် သိအပ်သော အဆင်းမျိုးစုံ ရူပါရုံကို မှီဝဲအပ် မှီဝဲကောင်း၏။

မြတ်စွာဘုရား … နားဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော အသံမျိုးစုံ သဒ္ဒါရုံကို မှီဝဲသော သူအား ၊(ပ)၊ နှာခေါင်းဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော အနံ့မျိုးစုံ ဂန္ဓာရုံကို မှီဝဲသောသူအား၊ (ပ)၊ လျှာဖြင့်သိအပ်သော အကြင်သို့သဘောရှိသော အရသာမျိုးစုံ ရသာရုံကို မှီဝဲသောသူအား၊ (ပ)၊ ကိုယ်ဖြင့်သိ

WWW.DHAMMARANSI.COM



အပ်သော အကြင်သို့ သဘောရှိသော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို မှီဝဲသောသူအား၊ (၁)၊ စိတ်ဖြင့် သိအပ်သော အကြင်သို့ သဘောရှိသော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်ငြားအံ့၊ ဤသို့ သဘောရှိသော စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မမှီဝဲအပ် မမှီဝဲကောင်း။ အကြင်သို့ သဘောရှိသော စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မှီဝဲသောသူအား အကုသိုလ်တရားတို့ဆုတ်ယုတ်၍ ကုသိုလ်တရားတို့ တိုးပွါးကုန်ငြားအံ့၊ ဤသို့ သဘောရှိသော စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို မှီဝဲအပ် မှီဝဲကောင်း၏။

မြတ်စွာဘုရား ···· ရှင်တော်ဘုရား အကျဉ်းအားဖြင့် ဟောကြားတော်မူအပ်သော ဤ တရားတော်၏ အနက်အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဤသို့ သိသော အကျွန်ုပ်သည် ရှင်တော်ဘုရား၏ ဖြေကြားချက်အကျဉ်းကို ကြားနာရခြင်းကြောင့် ဤပြဿနာ၌ ယုံမှားခြင်းကို လွန်မြောက်အပ်ပါပြီ၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီ''—

ဟူ၍ လျှောက်ထားလေ၏။

(ဤ၌ အထူးမှတ်ရန်ကား—သိကြားမင်းသည် အောက်က သောမနဿ, ဒေါမနဿ, ဥပေက္ခာ, ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာပြဿနာတို့၏ အကျဉ်း, အကျယ်ဖြစ်သော အဖြေစကားကို ကြားနာအပ်ပြီး ဖြစ်လေသောကြောင့် ''ဤဣန္ဒြိယသံဝရ၏ အကျယ်ဖြစ်သော အဖြေစကားသည်လည်း ဤကဲ့သို့ ဖြစ်သင့်၏'' ဟု ထိုးထွင်းသိမြင်သော ပဋိဘာန်ဉာဏ်ပညာတရား ထင်ရှားဖြစ်ရှိရကား မြတ်စွာဘုရားရှင်က အကျဉ်းဥဒ္ဒေသ အဖြေကို ဟောကြားလိုက်လျှင်ပင် အကျယ်နိဒ္ဒေသအဖြေစကားရပ်ကို ဖော်ပြရာပါအတိုင်း လျှောက်ထားလေသည်။

မြတ်စွာဘုရားရှင်သည်လည်း သိကြားမင်းအား လျှောက်ထားခွင့်ပြုတော်မူကာ ဆိတ်ဆိတ်နေတော်မူလေသည်။ ချဲ့ဦးအံ့ — အဖြေ

WWW.DHAMMARANSI.COM



စကား လျှောက်ထားလိုသော်လည်း အနက်အဓိပ္ပါယ်ကို အပြည့်အစုံ မလျှောက်ဆိုနိုင်သောသူအားငှင်း, အနက်အဓိပ္ပါယ်ကို အပြည့်အစုံ လျှောက်ပင်လျှောက်ဆိုနိုင်သော်လည်း အဖြေစကား မလျှောက်ထား လိုသောသူအားငှင်း မြတ်စွာဘုရားသည် လျှောက်ထားဖြေဆိုခွင့် ပြုတော်မမူ။ ဤယခု သိကြားမင်းသည်ကား အဖြေစကားကို လျှောက် လည်း လျှောက်ထားလို၏၊ အနက်အဓိပ္ပါယ်ကို အပြည့်အစုံလျှောက် လည်း လျှောက်ဆိုနိုင်သူဖြစ်၏၊ ထို့ကြောင့် သိကြားမင်းအား မြတ်စွာ ဘုရားသည် လျှောက်ထားဖြေဆိုခွင့် ပြုတော်မူ၏။

မှီဝဲအပ်သော ရူပါရုံ, မမှီဝဲအပ်သော ရူပါရုံ-စသည်၌—

(၁) အကြင် အဆင်းရူပါရုံကို ကြည့်ရှုသော ရဟန်း၏ သန္တာန်၌ ရာဂအစရှိသော ကိလေသာတရားတို့ ဖြစ်ကုန်ငြားအံ့၊ ထိုသို့သော အဆင်းရူပါရုံကို မမှီဝဲအပ် မမှီဝဲကောင်း မကြည့်ရှုအပ် မကြည့်ရှု ကောင်း။ အကြင် အဆင်းရူပါရုံကို ကြည့်ရှုသော ရဟန်း၏ သန္တာန်၌ အသုဘသညာသော်မူလည်း ဖြစ်နိုင်ငြားအံ့၊ သဒ္ဓါတရားသော်မူလည်း ဖြစ်နိုင်ငြားအံ့၊ အနိစ္စသညာကို ရခြင်းသော်မူလည်း ဖြစ်ငြားအံ့၊ ထိုသို့သော အဆင်းရူပါရုံကို မှီဝဲအပ် မှီဝဲကောင်း ကြည့်ရှုအပ် ကြည့်ရှု ကောင်း၏။

(၂) ဆန်းကြယ်လှစွာ အက္ခရာ, ပုဒ်, ဗျည်းရှိသော အကြင်အသံ သဒ္ဒါရုံကိုလည်း နားထောင်သော ရဟန်း၏ သန္တာန်၌ ရာဂအစရှိသော ကိလေသာတရားတို့ ဖြစ်ပွါးကုန်ငြားအံ့၊ ထိုသို့သော အသံသဒ္ဒါရုံမျိုးကို မမှီဝဲအပ် မမှီဝဲကောင်း နားမထောင်အပ် နားမထောင်ကောင်း။ အိုးထိန်းသည်ကျွန်မတို့ သီချင်းသံပင် ဖြစ်လင့်ကစား အကြောင်းတရား အကျိုးတရားကိုမှီသည့် အကြင်အသံကို နားထောင်သောရဟန်း၏ သန္တာန်၌ သဒ္ဓါတရား ဖြစ်ပွါးနိုင်ငြားအံ့၊ သံသရာဝဋ်၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သော်မူလည်း ဖြစ်နိုင်ငြားအံ့၊ ထိုသို့သော အသံသဒ္ဒါရုံမျိုးကို မှီဝဲအပ် မှီဝဲကောင်း နားထောင်အပ် နားထောင်ကောင်း၏။

(၃) အကြင်အနံ့ဂန္ဓာရုံကို နမ်းရှုသောရဟန်း၏ သန္တာန်ဝယ် ရာဂ-အစရှိသော ကိလေသာတရားတို့ ဖြစ်ကုန်ငြားအံ့၊ ထိုသို့သော အနံ့ဂန္ဓာရုံကို မမှီဝဲအပ် မမှီဝဲကောင်း မနမ်းရှုအပ် မနမ်းရှုကောင်း။ အကြင်ဂန္ဓာရုံကို နမ်းရှုသောရဟန်း၏ သန္တာန်ဝယ် အသုဘသညာ စသည်ကိုရခြင်း ဖြစ်နိုင်ငြားအံ့၊ ထိုသို့သော အနံ့ဂန္ဓာရုံမျိုးကို မှီဝဲအပ် မှီဝဲကောင်း နမ်းရှုအပ် နမ်းရှုကောင်း၏။

WWW.DHAMMARANSI.COM



(၄) အကြင်အရသာ(=ရသာရုံ)ကို လျက်သော စားသော ရဟန်း၏သန္တာန်ဝယ် ရာဂ-အစရှိသော ကိလေသာတရားတို့ ဖြစ်ကုန်ငြားအံ့၊ ထိုသို့သော အရသာမျိုးစုံ ရသာရုံကို မမှီဝဲအပ် မမှီဝဲကောင်း မလျက်အပ် မလျက်ကောင်း။ အကြင်အရသာမျိုးစုံ ရသာရုံကို လျက်သောရဟန်း၏ သန္တာန်ဝယ် အာဟာရေပဋိကူလသညာကိုမူလည်း ရနိုင်ငြားအံ့၊ လျက်ခြင်းစားခြင်းဟူသောအကြောင်းကြောင့် ဖြစ်ပေါ်သော ကာယဗလကို အမှီပြု၍ အရိယဘုံသို့ တက်ရောက်ခြင်းငှါ စွမ်းနိုင်ငြားအံ့၊ မဟာသီဝမထေရ်၏တူ သီဝသာမဏေကဲ့သို့ စားသုံးစဉ်မှာပင် ကိလေသာကုန်ခန်းမှု ဖြစ်နိုင်ငြားအံ့၊ ထိုသို့သော အရသာမျိုးစုံ ရသာရုံကို မှီဝဲအပ် မှီဝဲကောင်း စားသုံးအပ် စားသုံးကောင်း၏။ (ဤ၌ ဆွမ်းစားစဉ် ကိလေသာကုန်ခန်းသော မဟာသီဝမထေရ်၏တူ သီဝသာမဏေဝတ္ထုကို ဋီကာကလည်း မဖွင့်၊ ဝိသုဒ္ဓိမဂ်၌ တတ်နိုင်သလောက် ရှာဖွေပါသော်လည်း သီဝသာမဏေဝတ္ထုကို မတွေ့ရ၊ ဆွမ်းစားစဉ် ကိလေသာကုန်ခန်း ရဟန္တာဖြစ်သည့် ဘာဂိနေယျသံဃရက္ခိတ သာမဏေဝတ္ထုကိုသာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ် သီလနိဒ္ဒေသအဖွင့် စာမျက်နှာ ၄၃-၌ တွေ့ရှိရပါသည်)။

(၅) အကြင်အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသောရဟန်း၏ သန္တာန်ဝယ် ရာဂ-အစရှိသော ကိလေသာတရားတို့ ဖြစ်ပွါးကုန်ငြားအံ့၊ ထိုသို့သော အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို မမှီဝဲအပ် မမှီဝဲကောင်း မတွေ့ထိအပ် မတွေ့ထိကောင်း။ အကြင်အတွေ့အထိ (မှီဝဲသင့်သော) ဖောဋ္ဌဗ္ဗာရုံကို ရဟန်းကိစ္စမပြီးသေးမီ တွေ့ထိသောရဟန်း၏ သန္တာန်ဝယ် အရှင်သာရိပုတ္တရာထေရ်စသည်တို့၏ သန္တာန်၌ကဲ့သို့ အာသဝေါတရားတို့၏ ကုန်ခန်းခြင်းသည်၎င်း, ဝီရိယကို ကောင်းစွာ ချီးမြှောက်အပ်သည်၎င်း, နောင်လာနောက်သား ရဟန်းများကိုလည်း မြင်အပ်သည်ကို အတုလိုက်ခြင်း(=ဒိဋ္ဌာနုဂတိ)ကို ဖြစ်စေခြင်းဖြင့် ချီးမြှောက်အပ်သည်၎င်း ဖြစ်ငြားအံ့၊ ထိုသို့သော အတွေ့အထိမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို မှီဝဲအပ် မှီဝဲကောင်း တွေ့ထိအပ် တွေ့ထိကောင်း၏။

အထူးမှတ်ရန်မှာ—အရှင်သာရိပုတ္တရာမထေရ်သည် အနှစ်သုံးဆယ်တို့ပတ်လုံး ညောင်စောင်း၌ ကျောကိုဆန့်တော်မမူ။ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်လည်း ထို့အတူပင်။ အရှင်မဟာကဿပ မထေရ်သည် အနှစ်တရာ့နှစ်ဆယ်တို့ပတ်လုံး ညောင်စောင်း၌ ကျောကို ဆန့်တော်မမူ။ အရှင်အနုရုဒ္ဓါမထေရ်သည် အနှစ်ငါးဆယ်တို့ပတ်လုံး, အရှင်ဘဒ္ဒိယမထေရ်သည် အနှစ်သုံးဆယ်တို့ပတ်လုံး, အရှင်သောဏ

WWW.DHAMMARANSI.COM



မထေရ်သည် တဆယ့်ရှစ်နှစ်တို့ပတ်လုံး, အရှင်ရဋ္ဌပါလမထေရ်သည် ဆယ့်နှစ်နှစ်တို့ကာလပတ်လုံး, အရှင်အာနန္ဒာမထေရ်သည် တဆယ့်ငါးနှစ်တို့ပတ်လုံး, အရှင်ရာဟုလာမထေရ်သည် ဆယ့်နှစ်နှစ်တို့ပတ်လုံး, အရှင်ဗာကုလမထေရ်သည် အနှစ်ရှစ်ဆယ်တို့ပတ်လုံး, (မောနေယျအကျင့်ကို ကျင့်သူ) အရှင်နာလကမထေရ်သည် ပရိနိဗ္ဗာန်စံတော်မူသည်တိုင်အောင် ညောင်စောင်း၌ ကျောကို ဆန့်တော်မမူ။

(၆) အကြင်(စိတ်ဖြင့်သိအပ်သော) ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့ကို နှလုံးသွင်းဆင်ခြင်သော ရဟန်း၏ သန္တာန်ဝယ် ရာဂ-အစရှိသော ကိလေသာတရားတို့ ဖြစ်ပွါးကုန်ငြားအံ့။ အကြင်ဓမ္မာရုံတို့ကို နှလုံးသွင်းဆင်ခြင်သောရဟန်း၏သန္တာန်ဝယ်"သူတပါးတို့၏ဥစ္စာအသုံးအဆောင်များသည် ငါ့ဥစ္စာ ဖြစ်ကုန်ပါမူ ကောင်းလေစွ"—ဤသို့ အစရှိသည် အဘိဇ္ဈာစသောအခြင်းအရာဖြင့် အကြင်ဓမ္မာရုံတို့သည် ထင်ကုန်ငြားအံ့၊ ထိုသို့သောဓမ္မာရုံတို့ကို မမှီဝဲအပ် မမှီဝဲကောင်း နှလုံးမသွင်းအပ် နှလုံးမသွင်းကောင်းကုန်။

အကြင်ဓမ္မာရုံတို့ကို နှလုံးသွင်းဆင်ခြင်သောရဟန်း၏သန္တာန်ဝယ် "ခပ်သိမ်းသောသတ္တဝါတို့ ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ"—ဤသို့စသည့် မေတ္တာဖြာပွမ်းစိုရွှဲစသော အခြင်းအရာအစွမ်းဖြင့် မနောဒွါရဝယ် ထင်လာသော ဓမ္မာရုံတို့သည်၎င်း, မထေရ်မြတ်သုံးဦးတို့၏ မနောဒွါရဝယ် ထင်လာသော အကြင်ဓမ္မာရုံတို့သည်၎င်း ရှိကုန်၏၊ ထိုသို့သော ဓမ္မာရုံတို့ကို မှီဝဲအပ် မှီဝဲကောင်း နှလုံးသွင်းအပ် နှလုံးသွင်းကောင်းကုန်၏။

## မထေရ်မြတ်သုံးပါးဝတ္ထု

မထေရ်မြတ်သုံးပါးတို့သည် ဝါဆိုဝါကပ်မည့်နေ့၌ "ကာမဝိတက် အစရှိသော အကုသိုလ်အကြံအစည်များကို မကြံစည်ကြစတမ်း"ဟု ကတိကဝတ်ကိုထား၍ ကျောင်းတိုက်အရာမ်တခုဝယ် ဝါဆိုတော်မူကြကုန်လေ၏။

ထို့နောက် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ သံဃမထေရ်သည် အငယ်ဆုံးမထေရ်ကို "ငါ့ရှင်....ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် အဘယ်မျှသောအရပ်၌ စိတ်အား ပြေးသွားဖြစ်ပွါးခွင့်ကို ပေးအပ်သနည်း"ဟု မေးလေ၏။ ထိုအခါ အငယ်ဆုံးမထေရ်က "အရှင်ဘုရား.... တပည့်တော်သည် ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် ကျောင်းပရိ-

WWW.DHAMMARANSI.COM



ဝုဏ်အပိုင်းအခြားမှ အပြင်အပသို့ စိတ်အား ပြေးသွားဖြစ်ပွါးခွင့်ကို မပေးခဲ့ပါ''ဟူ၍ ဖြေကြားလျှောက်ထားလေ၏။ ဤ၌ ''ကျောင်းပရိ· ဝုဏ်အပိုင်းအခြားမှ အပြင်အပသို့ စိတ်အား ပြေးသွားဖြစ်ပွါးခွင့်ကို မပေးခဲ့ပါ''ဟူသော အဖြေစကားရပ်ဖြင့်''ပရိဝုဏ်အတွင်းသို့ ရောက်လာသော ရူပါရုံစသည်ကိုသာ အာရုံပြု၍ ဤဝါတွင်းသုံးလအတွင်း၌ ကမ္မဋ္ဌာန်းမှလွတ်သော စိတ်သည် တရံတခါ ဖြစ်ဘူးပါ၏၊ ပရိဝုဏ်၏ အတွင်း၌လည်း ဝိသဘာဂဖြစ်သော ရူပါရုံစသည်တို့ လုံးဝမရှိပါ၊ ထို့ကြောင့် အာရုံလွှေပြား ပြန့်နှံ့သောဝိတက်၏အစွမ်းအားဖြင့် မိမိစိတ်ကို အပြင်အပသို့ ထွက်ခွင့်မပေးခဲ့ပါ''ဟူသော အနက်အဓိပ္ပါယ်ကို ဖော်ပြသည်။

တဖန် သံဃမထေရ်ကြီးက ဒုတိယသံဃမထေရ်ကို ''ငါ့ရှင်.... ဤဝါတွင်းသုံးလအတွင်းဝယ် အဘယ်မျှသောအရပ်၌ သင့်စိတ်အား ပြေးသွားဖြစ်ပွါးခွင့်ကို ပေးအပ်ခဲ့ပါသနည်း''ဟု မေးမြန်းလေသော် ဒုတိယသံဃမထေရ်က ''အရှင်ဘုရား....တပည့်တော်သည် ဤဝါတွင်း သုံးလကာလအတွင်းဝယ် မိမိနေသောကျောင်းခန်းအတွင်းမှ အပြင်အပသို့ စိတ်အား ပြေးလွှား ထွက်သွားခွင့်ကို မပေးခဲ့ပါ''ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မထေရ်ငယ်နှစ်ပါးလုံးကပင် သံဃမထေရ်ကြီးကို ''အရှင်ဘုရား.... အရှင်ဘုရားတို့သည်လည်း ဤဝါတွင်းသုံးလအတွင်းဝယ် အဘယ်မျှသောအရပ်၌ မိမိစိတ်အား ပြေးသွားဖြစ်ပွါးခွင့်ကို ပေးအပ်ခဲ့ပါသနည်း''ဟု မေးကြလေသော် သံဃမထေရ်ကြီးက ''ငါ့ရှင်တို့.... ငါသည် ဤဝါတွင်းသုံးလ ကာလအတွင်းဝယ် မိမိ၏ခန္ဓာကိုယ်အတွင်းမှ အပြင်အပသို့ စိတ်အား ပြေးလွှား ထွက်သွားခွင့်ကို မပေးခဲ့ပါ''ဟူ၍ ဖြေကြားတော်မူလေ၏။ မှန်၏—မထေရ်ကြီးသည် မိမိပုဗ္ဗယ်ကိစ္စအလုံးစုံကို ကမ္မဋ္ဌာန်းကို အဦးမူသဖြင့်သာလျှင် ပြုကျင့်တော်မူလေသည်။ ထိုအခါ မထေရ်ငယ်နှစ်ပါးတို့က ''အရှင်ဘုရား .. အရှင်ဘုရားတို့သည် ပြုနိုင်ခဲသောအမှုကို ပြုတော်မူအပ်ပါပေ၏''ဟု ချီးမွမ်းစကား လျှောက်ထားကြလေသည်။ ဤမထေရ်မြတ်သုံးပါးတို့၏ မနောဒွါရဝယ် ထင်လာသော ဓမ္မာရုံမျိုးကို မှီဝဲအပ် မှီဝဲကောင်း နှလုံးသွင်းအပ် နှလုံးသွင်းကောင်းပေ၏။ ဤကား အထူးမှတ်သားရန်တည်း)။

ဒွါဒသမ အမေး အဖြေ ပြီး၏။

WWW.DHAMMARANSI.COM



## (၁၃) အနေကဓာတုအမေးအဖြေ

ဤသို့လျှင် သိကြားနတ်မင်းသည် မြတ်စွာဘုရား၏တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····အလုံးစုံသော သမဏ,ဗြာဟ္မဏတို့သည် တူသောအဆုံးအမ,တူသောအကျင့်, တူသောအယူ, တူသောပြီးဆုံးရာ ရှိပါကုန်သလော"—

ဟု နောက်ထပ်တဖန် ပြဿနာကို မေးလျှောက်ပြန်လေ၏။ ထိုသို့ သိကြားနတ်မင်းက မေးလျှောက်အပ်လေသော် မြတ်စွာဘုရားရှင်သည်—

"နတ်တို့သနင်း သိကြားမင်း····အလုံးစုံသောသမဏ, ဗြာဟ္မဏတို့သည် တူသောအဆုံးအမ, တူသောအကျင့်, တူသောအယူ,တူသောပြီးဆုံးရာ မရှိကြကုန်"—

ဟု ဖြေကြားတော်မူ၏။

(ဤ၌။ ။သိကြားမင်းသည် ရှေးအခါ (အရိယာမဖြစ်မီ) မိမိကြားအပ်ပြီးသော များစွာသောသမဏ, ဗြာဟ္မဏခေါ် ဆို ထိုထိုဝါဒီပုဂ္ဂိုလ်တို့၏ မတူထူးခြား ကွဲပြားသော အဆုံးအမ, အကျင့်, အယူ, ပြီးဆုံးရာများကို ယခု အရိယာဖြစ်သောအခါ၌ အနှစ်သာရမရှိသော အနေဖြင့် ပိုင်းပိုင်းခြားခြား သိရှိကာ ထိုမတူထူးခြား အမျိုးမျိုးကွဲပြားသော ထိုသူတို့၏ အဆုံးအမ, အကျင့်, အယူ, ပြီးဆုံးရာ၏ အကြောင်းကို မေးလိုသဖြင့် ဤပြဿနာကို စချီမေးလျှောက်လေသည်)။

တဖန် သိကြားမင်းသည် ဆက်၍ မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····အလုံးစုံသော သမဏ, ဗြာဟ္မဏတို့သည် အဘယ့်ကြောင့် တူသောအဆုံးအမ, တူသောအကျင့်, တူသောအယူ, တူသော ပြီးဆုံးရာ မရှိကြပါသနည်း"

ဟု မေးလျှောက်ပြန်လေ၏။မြတ်စွာဘုရားရှင်သည်လည်း သိကြားမင်းကို—

WWW.DHAMMARANSI.COM



"နတ်တို့သနင်း သိကြားမင်း····များစွာသောသတ္တဝါ အပေါင်းတည်းဟူသော ဤသတ္တလောကကြီးသည် များသောနှလုံးသွင်း အဇ္ဈာသယဓာတ်, အမျိုးမျိုးသောနှလုံးသွင်း အဇ္ဈာသယဓာတ် ရှိပေ၏၊ (သတ္တဝါအပေါင်းသည် တယောက်နှင့်တယောက် နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ချင်း မတူညီကြ-ဟု ဆိုလိုသည်)။ မတူထူးခြား များသောနှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ရှိသော သတ္တလောက၌ သတ္တဝါတို့သည် အကြင် အကြင် အဇ္ဈာသယဓာတ်ကို စွဲလမ်းကုန်၏၊ ထိုထိုအဇ္ဈာသယဓာတ်ကိုသာလျှင် ပြင်းထန်မြဲမြံစွာ စွဲလမ်းကြ၍ 'ဤငါ၏ အယူသာ မှန်၏၊ တပါးသောသူတို့၏ အယူသည် အချည်းနှီးသာတည်း'ဟု ပြောဆိုကုန်၏။ ထို့ကြောင့် အလုံးစုံသော သမဏ, ဗြာဟ္မဏတို့သည် တူသော အဆုံးအမ, တူသော အကျင့်, တူသောအယူ,တူသောပြီးဆုံးရာ မရှိကြကုန်"— ဟု ဖြေကြားတော်မူ၏။

(ဤ သတ္တဝါအပေါင်းသည် တယောက်နှင့်တယောက် နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ချင်း မတူကြချေ၊ တယောက်က သွားလိုလျှင် တယောက်က ရပ်လို၏၊ တယောက်က ရပ်လိုလျှင် တယောက်က အိပ်လို၏။ အလိုအဇ္ဈာသယဓာတ်ချင်း တူညီကြသည့် သတ္တဝါနှစ်ယောက် မည်သည်ကို လောက၌ ရခဲလှ၏။ ဤသို့ ဂူရိယာပုထ်မှာပင် အလိုအဇ္ဈာသယဓာတ်ချင်း မတူညီကြသော သတ္တဝါတို့သည် အယူ, အကျင့်, အဆုံးအမဝါဒ၌ အဘယ်မှာ တူညီနိုင်ကုန်အံ့နည်း၊ မတူညီကြသည်သာလျှင်တည်း။ ထို့ကြောင့် ဤပြဿနာ၌ "သတ္တဝါတို့ အလိုအဇ္ဈာသယဓာတ်ချင်း မတူသောကြောင့် အဆုံးအမ, အကျင့်, အယူ, ပြီးဆုံးရာချင်း မတူညီပဲ ရှိကြသည်" ဟု ဖြေတော်မူလိုရင်းဖြစ်သည်)။

တေရသမ အမေး အဖြေ ပြီး၏။

WWW.DHAMMARANSI.COM



## (၁၄) အစ္စန္တနိဋ္ဌာ အမေး အဖြေ

တဖန်ဆက်၍ သိကြားမင်းသည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား····အလုံးစုံသော သမဏ,ဗြာဟ္မဏတို့သည်ပင် ပျက်စီးခြင်းကို လွန်မြောက်သော မှိခိုအားထားရာ = နိဗ္ဗာန်တရား ရှိကြပါသလော၊ ပျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ = နိဗ္ဗာန်တရား ရှိကြပါသလော၊ ပျက်စီးခြင်းကို လွန်မြောက်သော = နိဗ္ဗာန်တရား အလို့ငှါ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်မှန်ကို ကျင့်ကြံကြပါကုန်သလော၊ ပျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ = နိဗ္ဗာန်တရားရှိကြပါကုန်သလော"—

ဟု မေးလျှောက်လေသည်၊ (လောက၌ သမဏ,ဗြာဟ္မဏအမည်ခံ ဝါဒရှင် အားလုံးတို့သည်ပင် ပရမတ္ထနိဗ္ဗာန်ကို ရရှိကြပါကုန်သလော၊ ထိုဝါဒရှင်အားလုံးတို့သည်ပင် နိဗ္ဗာန်ကိုရရှိရန် အရိယမဂ် အကျင့်မှန်ကို ကျင့်ကြံကြသူတို့ ဖြစ်ပါသလော-ဟု မေးလျှောက်လိုရင်း ဖြစ်သည်)။ ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားမင်းကို—

"နတ်တို့သခင်း သိကြားမင်း····အလုံးစုံသော သမဏ, ဗြာဟ္မဏတို့သည်ပင် ပျက်စီးခြင်းကို လွန်မြောက်သော မှိခို အားထားရာ = နိဗ္ဗာန်တရား မရှိကြကုန်၊ ပျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ = နိဗ္ဗာန်တရားမရှိကြကုန်၊ ပျက်စီးခြင်းကို လွန်မြောက်သော = နိဗ္ဗာန်တရား အလို့ငှါအရိယမဂ်တည်းဟူသော မြတ်သောအကျင့်မှန်ကို ကျင့်ကြံကြသည် မဟုတ်ကုန်၊ ပျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ = နိဗ္ဗာန်တရား မရှိကြကုန်"—

ဟု ဖြေကြားတော်မူ၏။ (လောက၌ သမဏ, ဗြာဟ္မဏအမည်ခံ ဝါဒရှင်အားလုံးတို့သည် အလိုအဇ္ဈာသယဓာတ်ချင်း မတူညီကြသောကြောင့် အဆုံးအမ, အကျင့်သီလ, အယူ, ပြီးဆုံးရာချင်း မတူညီဘဲ ရှိကြသည်၊ ထိုသို့ မတူညီကြသော ဝါဒရှင်အားလုံးတို့

WWW.DHAMMARANSI.COM



သည် အဘယ်မှာလျှင် ပရမတ္ထနိဗ္ဗာန်ကို အတူအညီ ရရှိနိုင်ကြကုန်အံ့နည်း၊ မရနိုင်ကြသည်သာ။ ထို့ကြောင့် မြတ်စွာဘုရားသည် သိကြားမင်းအား "ဒါယကာသိကြားမင်း... သမဏ, ဗြာဟ္မဏ အမည်ခံ ဝါဒရှင်အားလုံး အတူအညီ ပရမတ္ထနိဗ္ဗာန်ကို မရရှိကြကုန်၊ နိဗ္ဗာန်ရောက်ကြောင်း အရိယမဂ်အကျင့်မှန်ကို ကျင့်ကြံကြသူတို့သာ ပရမတ္ထနိဗ္ဗာန်ကို ရရှိကြသည်" ဟုဖြေတော်မူလိုရင်းဖြစ်သည်)။

ထို့နောက်မှ သိကြားမင်းသည် မြတ်စွာဘုရားရှင်ကို နောက်ဆုံးပြဿနာ မေးလျှောက်သောအားဖြင့်—

"မြတ်စွာဘုရား... အဘယ့်ကြောင့် အလုံးစုံသော သမဏ, ဗြာဟ္မဏတို့သည် ပျက်စီးခြင်းကို လွန်မြောက်သော မှီခိုအားထားရာ = နိဗ္ဗာန်တရား မရှိကြပါကုန်သနည်း၊ ပျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ = နိဗ္ဗာန်တရား မရှိကြပါကုန်သနည်း၊ ပျက်စီးခြင်းကို လွန်မြောက်သော = နိဗ္ဗာန်တရားအလို့ငှါ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်မှန်ကို ကျင့်ကြံကြသည် မဟုတ်ပါကုန်သနည်း၊ ပျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ = နိဗ္ဗာန်တရား မရှိကြပါကုန်သနည်း"—

ဟု မေးလျှောက်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားမင်းကို—

"နတ်တို့သနင်း သိကြားမင်း... တဏှာကို ကုန်ခန်းစေတတ်သော အရိယမဂ်ဖြင့် ကိလေသာမှ လွတ်ကုန်သော ရဟန်းတို့သည် (တနည်း တဏှာ၏ကုန်ရာ နိဗ္ဗာန်၌ အရိယမဂ်ဖြင့် ညွတ်ကုန်သောရဟန်းတို့သည်) ပျက်စီးခြင်းကို လွန်မြောက်သော အားထားမှီခိုရာ = နိဗ္ဗာန်တရား ရှိကြကုန်၏၊ ပျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ = နိဗ္ဗာန်တရား ရှိကြကုန်၏၊ ပျက်စီးခြင်းကို လွန်မြောက်သော = နိဗ္ဗာန်တရားအလို့ငှါ အရိယမဂ်တည်း

WWW.DHAMMARANSI.COM



ဟူသော မြတ်သော အကျင့်မှန်ကို ကျင့်ကြံကြသည်မည်ကုန်၏၊ ပျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ = နိဗ္ဗာန်တရား ရှိကြကုန်၏။ ထို့ကြောင့် အလုံးစုံသော သမဏ,ဗြာဟ္မဏတို့သည် ပျက်စီးခြင်းကို လွန်မြောက်သော မှီခိုအားထားရာ = နိဗ္ဗာန်တရား မရှိကြကုန်၊ ပျက်စီးခြင်းကို လွန်မြောက်သော ယောဂကုန်ရာ = နိဗ္ဗာန်တရား မရှိကြကုန်၊ ပျက်စီးခြင်းကို လွန်မြောက်သော = နိဗ္ဗာန်တရား အလို့ငှါ အရိယမဂ်တည်းဟူသော မြတ်သော အကျင့်မှန်ကို ကျင့်ကြံကြသည်မဟုတ်ကုန်၊ ပျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ = နိဗ္ဗာန်တရားမရှိကြကုန်"—

ဟု ဖြေကြားတော်မူ၏။ (အမြတ်ဆုံးအရိယာဖြစ်သော မြတ်စွာဘုရားရှင်နှင့် အရိယာဖြစ်သော သိကြားမင်းတို့ ပရမတ္ထနိဗ္ဗာန်သို့ဆိုက်ရောက်မှုနှင့်စပ်၍ အရိယဝေါဟာရ အရိယဘာသာဖြင့် မေးကြ ဖြေကြသောအရာဖြစ်၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးအလား ပြည့်ပြည့်စုံစုံ ဖြိုင်ဖြိုင်ရိုင်ရိုင် ရှိလှပေ၏၊ အရိယာမဟုတ်ကြသေးသည့် ငါတို့ပုထုဇန်များ နားမျက်စိဖြင့် နားမလည်နိုင်အောင် ရှိလှပေ၏။ ဆိုလိုရင်းမှာ—"သိကြားမင်း····တဏှာကို ကုန်ခန်းစေတတ်သည့် အရိယမဂ်ဖြင့် ကိလေသာ ခပ်သိမ်းတို့မှ အပြီးတိုင် လွတ်မြောက်ကြသည့် (= တဏှာသင်္ခယဝိမုတ္တ) ရဟန္တာ ရဟန်းတို့သာလျှင် ဧကန်စင်စစ် ပရမတ္ထနိဗ္ဗာန်ကို ရရှိကြသောကြောင့် သမဏ,ဗြာဟ္မဏအမည်ခံ ဝါဒရှင်တိုင်း နိဗ္ဗာန်ကို မရနိုင်ကြ-ဟု ငါဘုရား ဖြေဆိုခြင်းဖြစ်သည်"ဟု ဆိုလိုရင်းဖြစ်၏)။

ဘုရားရှင်၏ သာသနာတော်သည် ပရမတ္ထနိဗ္ဗာန်လျှင် အပြီးအဆုံးရှိသောကြောင့် အမေးအဖြေနှင့်စပ်၍ ပရမတ္ထနိဗ္ဗာန်အမေးအဖြေပြီးဆုံးက ပြဿနာအားလုံး ပြီးဆုံးလေတော့၏။

ဤသို့ မြတ်စွာဘုရားရှင်က ဖြေကြားတော်မူသော အခါ သိကြားနတ်မင်းသည် နှစ်လိုအားရစွာ မြတ်စွာဘုရား၏ တရားတော်ကို—

WWW.DHAMMARANSI.COM



"ဘုန်းတော်ကြီးသော မြတ်စွာဘုရား…. ဟောတော်မူသည့် အတိုင်း မှန်လှပါ၏၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား…. ဟောတော်မူသည့် အတိုင်း မှန်လှပါ၏၊ ရှင်တော်ဘုရား၏ ဖြေကြားချက်ကို ကြားနာရသောကြောင့် ဤပြဿနာ၌ အကျွန်ုပ်သည် ယုံမှားခြင်းကို လွန်မြောက်အပ်ပါပြီ၊ အကျွန်ုပ်၏ သို့လော သို့လော တွေးတောခြင်းသည် ကင်းကွာသွားပါပြီ"—

ဟု ဝမ်းမြောက်စွာ ခံယူလေ၏။

စုဒ္ဒသမ အမေး အဖြေ ပြီး၏။

ဤသို့လျှင် နတ်တို့သနင်း သိကြားမင်းသည် မြတ်စွာဘုရား၏ တရားတော်ကို နှစ်လိုဝမ်းမြောက်စွာ ခံယူပြီးလျှင် မြတ်စွာဘုရားရှင်ကို ဤသို့ လျှောက်ထားလေ၏—

"မြတ်စွာဘုရား….တဏှာသည် ရောဂါလည်း မည်ပါ၏၊ အိုင်းအမာလည်း မည်ပါ၏၊ ငြောင့်တံသင်းလည်း မည်ပါ၏၊ တဏှာသည် ဤသတ္တဝါအပေါင်းကို ထိုထိုဘဝ၌ ဖြစ်စေရန် ဆွဲငင်ပါ၏၊ ထို့ကြောင့်ပင် ဤသတ္တဝါအပေါင်းသည် မြတ်သော ဘဝ, ယုတ်သော ဘဝသို့ ရောက်ရပါ၏။

မြတ်စွာဘုရား….ဤသာသနာတော်မှအပ အခြားသော သမဏ, ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့အထံ၌ အကျွန်ုပ် မေးခွင့်ကိုမျှ မရခဲ့သော ပြဿနာတို့ကို ရှင်တော်ဘုရားသည် အကျွန်ုပ်အား ဖြေကြားတော်မူပါပေ၏၊ အကျွန်ုပ်၏ သန္တာန်ဝယ် ရှည်မြင့်စွာသော ကာလပတ်လုံး ကိန်းအောင်း၍လာခဲ့သော သို့လော သို့လော တွေးတော ယုံမှားခြင်း ငြောင့်တံသင်းကိုလည်း ရှင်တော်ဘုရားသည် နုတ်ပယ်တော်မူအပ်ပါပြီ"—

WWW.DHAMMARANSI.COM



ဟု လျှောက်ထားလေ၏။ ထိုနောက် မြတ်စွာဘုရားရှင်နှင့် သိကြားမင်းတို့ အပြန်အလှန် မိန့်ဆို လျှောက်ထားကြသည်မှာ—

(ဘုရား) နတ်တို့သနင်း သိကြားမင်း........သင်သည် ဤပြဿနာများကို အခြားသော သမဏ, ဗြာဟ္မဏတို့ကို မေးဘူးသည်ကို မှတ်မိပါ၏လော။

(သိကြား) မှတ်မိပါသည် မြတ်စွာဘုရား။

(ဘုရား) နတ်တို့သနင်း သိကြားမင်း........ထိုသမဏ, ဗြာဟ္မဏတို့က အဘယ်သို့ ဖြေကြားကြသနည်း၊ အကယ်၍ သင့်အဖို့ရာ ဝန်မလေးပါမူ ပြောကြားစေချင်၏။

(သိကြား) ·မြတ်စွာဘုရားဖြစ်စေ, မြတ်စွာဘုရားကဲ့သို့ သော ပုဂ္ဂိုလ်ဖြစ်စေ ထိုင်နေရာအရပ်၌ အကျွန်ုပ်၏အဖို့ရာ လျှောက်ထားပြောကြားရန် ဝန်မလေးပါဘုရား....။

(ဘုရား) နတ်တို့သနင်း သိကြားမင်း....ထိုသို့ဖြစ်လျှင် ပြောကြားလော့။

(သိကြား) မြတ်စွာဘုရား........“ဆိတ်ငြိမ်ရာ တောကျောင်းနေပုဂ္ဂိုလ်တို့” ဟူ၍ အကျွန်ုပ် မှတ်ထင်ယုံကြည်ရသော သမဏ, ဗြာဟ္မဏတို့ထံ ချဉ်းကပ်၍ ဤပြဿနာတို့ကို အကျွန်ုပ် မေးဘူးပါ၏၊ အကျွန်ုပ် မေးအပ်သော ထိုသမဏ, ဗြာဟ္မဏတို့သည် မဖြေကြားနိုင်ကြသည့်ပြင် အကျွန်ုပ်ကိုပင် တဖန်ပြန်၍ “အရှင်သည် အဘယ်အမည် ရှိသူပါနည်း”ဟု မေးမြန်းကြပါသည်။ ထိုသမဏ,ဗြာဟ္မဏတို့က မေးအပ်သည်ဖြစ်၍ အကျွန်ုပ်သည် “အရှင်တို့........ အကျွန်ုပ်ကား သိကြားနတ်မင်းတည်း”ဟု ဖြေကြားပါ၏။ ထိုအခါ ထိုသမဏ, ဗြာဟ္မဏတို့သည် အကျွန်ုပ်ကိုပင် “နတ်တို့သနင်း သိကြားမင်း....အရှင်သည် အဘယ်သို့ သောကံကိုပြု၍ ဤသိကြားနေရာသို့ ရောက်ပါသနည်း”ဟု ထပ်၍ မေးကြပြန်ပါသည်။ ထိုအခါ မိမိကြားဘူးသင်ဘူး သည့်အတိုင်း သိကြားဖြစ်ကြောင်း အကျင့်ကောင်းခုနစ်

WWW.DHAMMARANSI.COM



ပါး တရားကို ထိုသမဏ, ဗြာဟ္မဏတို့အား အကျွန်ုပ် ဟောပါ၏၊ ထိုသူတို့သည် ထိုမျှဖြင့်ပင်လျှင် "ငါတို့သည် သိကြားနတ်မင်းကိုလည်း မြင်ရလေပြီ၊ ငါတို့ မေးမြန်း အပ်သော ပြဿနာကိုလည်း သိကြားနတ်မင်းသည် ရှင်းလင်းဖြေကြားခဲ့လေပြီ"ဟု ထိုသမဏ, ဗြာဟ္မဏတို့ သည် အားရဝမ်းသာ ဖြစ်ရှိကြပါကုန်သည်။ စင်စစ် အားဖြင့် ထိုသမဏ,ဗြာဟ္မဏတို့သည် အကျွန်ုပ်၏ တပည့် များသာလျှင် ဖြစ်ကြပါကုန်၏၊ အကျွန်ုပ်သည်ကား ထို သူတို့၏တပည့် မဖြစ်ပါ။ မြတ်စွာဘုရား........အကျွန်ုပ် သည်ကား အပါယ်လေးပါးသို့ ကျရောက်ခြင်း သဘော မရှိသော, ကိန်းသေမြဲသော, အထက်မဂ်သုံးပါးလျှင် လားရာရှိသော မြတ်စွာဘုရား၏ တပည့်သာဝက သော- တာပန်အရိယာ ဖြစ်ပါ၏"ဟူ၍ လျှောက်ထားလေ၏။

**ဝမ်းမြောက်မှုကို ရရှိခြင်း**

ထိုအခါ မြတ်စွာဘုရားရှင်သည် သိကြားနတ်မင်းကို "နတ်တို့ သနင်း သိကြားမင်း....သင်သည် ဤယခုမှ ရှေးအခါက ဤသို့ သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိပါ၏လော"ဟု မေးတော်မူ၏။ သိကြားနတ်မင်းက "မြတ်စွာ ဘုရား....အကျွန်ုပ်သည် ဤယခုမှ ရှေးအခါက ဤသို့သဘောရှိ သော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူးသည်ကို မှတ်မိ ပါ၏"ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် သိကြား နတ်မင်းကို "နတ်တို့သနင်း သိကြားမင်း....ဤယခုမှ ရှေးအခါက ဤသို့သဘောရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုး ရဘူး သည်ကို သင်အဘယ်သို့ မှတ်မိသနည်း"ဟု မေးမြန်းလတ်သော် သိကြားနတ်မင်းသည်——

"အရှင်ဘုရား....ရှေး၌ဖြစ်ဘူးသည်ကား တာဝတိံသာ နတ်တို့နှင့် အသုရာနတ်တို့ စစ်ပွဲကြီးဖြစ်ခဲ့ပါသည်၊ မြတ်စွာ ဘုရား....ထိုစစ်ပွဲ၌ တာဝတိံသာနတ်တို့က အောင်နိုင်၍ အသုရာနတ်တို့က ရှုံးကြပါသည်။ မြတ်စွာဘုရား........

WWW.DHAMMARANSI.COM



ထိုစစ်ကို အောင်နိုင်သောကြောင့် စစ်နိုင်သော အကျွန်ုပ်၏သန္တာန်မှာ "ယခုအခါ တာဝတိံသာနတ်တို့၏ အစာအာဟာရ, အသုရာနတ်တို့၏ အစာအာဟာရဟူ၍= နှစ်မျိုးရှိရာ ဤနှစ်မျိုးလုံးကိုပင် တာဝတိံသာနတ်တို့ ချည်းသာ သုံးဆောင်ကြရကုန်တော့မည်"ဟု နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရှိပါ၏။ မြတ်စွာဘုရား....အကျွန်ုပ်၏ ထို နှစ်သက်ဝမ်းမြောက်မှုကို ရရှိခြင်းသည် တုတ်,ဓားလက်နက် ကိုင်ဆောင်ရသော ချမ်းသာမျိုး ဖြစ်ပါ၏၊ သံသရာဝဋ်၌ ငြီးငွေ့ရန်, တပ်မက်ခြင်းကင်းရန်, ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်, ရာဂစသည် ငြိမ်းရန်, ထူးသောဉာဏ်ဖြင့် သိရန်, သစ္စာလေးပါးကို သိရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် မဖြစ်နိုင်ပါ။

မြတ်စွာဘုရား........ရှင်တော်ဘုရား၏ တရားတော်ကို ကြားနာရ၍ အကျွန်ုပ် ဤယခုအခါရရှိသော နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးကသာ တုတ်,ဓားလက်နက် မကိုင်ဆောင်ရသော ချမ်းသာခြင်းမျိုး ဖြစ်ပါ၏၊ စင်စစ် သံသရာဝဋ်၌ ငြီးငွေ့ရန်, တပ်မက်ခြင်းကင်းရန်, ဝဋ်ဆင်းရဲ ချုပ်ငြိမ်းရန်, ရာဂစသည် ငြိမ်းရန်, ထူးသောဉာဏ်ဖြင့် သိရန်, သစ္စာလေးပါးကို သိရန်, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဖြစ်ပါသည်"—

ဟု လျှောက်ထားလေ၏။

တဖန် ဆက်၍ မြတ်စွာဘုရားရှင်က "နတ်တို့သနင်း သိကြားမင်း···· သင်သည် အဘယ်အကျိုးထူးကို မြင်၍ ဤသို့ သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူး ပြောဆိုပါသနည်း" ဟု မေးမြန်းတော်မူသဖြင့် သိကြားနတ်မင်းသည် ဤဆိုလတ္တံ့သောအတိုင်း ပြန်ကြားလျှောက်ထားလေ၏—

"မြတ်စွာဘုရား····အကျွန်ုပ်သည် ခြောက်ပါးသောအကျိုးထူးတို့ကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏၊ အကျိုးထူး ခြောက်ပါးတို့မှာ—

WWW.DHAMMARANSI.COM



(၁) ရုစေဝ တိဋ္ဌမာနဿ၊ ဒေဝဘူတဿ မေ သတော။
ပုနရာယု စ မေ လဒ္ဓေါ၊ ဧဝံ ဇာနာဟိ မာရိသ။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား....။ မေ = မဃဝ-ဟု နာမသမုတ် အကျွန်ုပ်သည်။ ဣဓေဝ = ဤဇုန္နသာလ လိုဏ်ဂူ၌ပင်။ တိဋ္ဌမာနဿ = သောက ငြိမ်းကြောင်း တရားကောင်းကို နှစ်ထောင်း ကြည်ဖြူ နာယူတည်နေလျက်။ ဒေဝဘူတဿ = နတ်တို့ သနင်း သိကြားမင်းဖြစ်၍ ဖြစ်သည်။ သတော = သန္တဿ =ဖြစ်သော။ မေ = မဃဝ-ဟု နာမသမုတ် အကျွန်ုပ်သည်။ ပုန = ဘဝအသစ် အဖြစ်တဖန်။ အာယု စ = လူနှစ်အနေ သုံးကုဋေခြောက်သန်း ဂဏန်းပွါးတက် တာဝတိံ-သာ နတ်သက်ကိုလည်း။ လဒ္ဓေါ = ကံတပါးကြောင့် စံစားဖို့ရန် လျှော်ကန်သင့်မြတ် ရရှိအပ်ပါပြီ။ (ဤစကားရပ်ဖြင့် သိကြားမင်းသည် မိမိ၏ နတ်သက်ကြွေ စုတေပြီးနောက် တဖန် သိကြားနတ်မင်း ဖြစ်လာပြန်သည်ကို ထင်စွာ ဖော်ပြသည်)။ မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား....။ တွံ = အရှင်ဘုရားသည်။ ဧဝံ = ဤသို့။ ဇာနာဟိ = သတိစွဲချပ် သိမှတ်တော်မူပါဘုရား....။

မြတ်စွာဘုရား.... အကျွန်ုပ်သည် ရှေးဦးစွာသော ဤအကျိုးထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၂) စုတာဟံ ဒိဗ္ဗိယာ ကာယာ၊ အာယုံ ဟိတွာ အမာနုသံ။
အမူဠော ဂဗ္ဘမေဿာမိ၊ ယတ္ထ မေ ရမတီ မနော။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား....။ အဟံ = မဃဝ-ဟု နာမသမုတ် အကျွန်ုပ်သည်။ ဒိဗ္ဗိယာ ကာယာ = နတ်၌ဖြစ်သော ဤခန္ဓာကိုယ်အတ္တဘောမှ။ စုတော = နတ်သက် လျှောကြွေ စုတေလတ်သည် ရှိသော်။ အမာနုသံ အာယုံ = လူနှစ်အနေ

WWW.DHAMMARANSI.COM



သုံးကုဋေ ခြောက်သန်း ဂဏန်းပြည့်နှက် တာဝတိံသာ နတ်သက်ကို။ ဟိတွာ = စွန့်လွှတ်ပြီးလျှင်။ အမူဠ္ဟော = မတွေဝေဘဲ သတိရှိလျက်။ ယတ္ထ = အကြင်မင်းနှင့်ပုဏ္ဏား သူကြွယ်အားဖြင့် ကြီးမားဖွံ့ဖြိုး မြင့်မြတ်သော အမျိုး၌။ မေ = အကျွန်ုပ်၏။ မနော = စိတ်သည်။ ရမတိ = မွေ့ လျော်နှစ်ခြိုက် ပျော်ပိုက်ပါ၏။ တတ္ထ = ထိုအကျွန်ုပ်၏ စိတ်နှလုံး ရွှင်ပြုံးမွေ့လျော်ရာ မဟာကုလ မင်းမျိုးစသည် တို့၌။ ဂဗ္ဘံ = ပဋိသန္ဓေ တည်နေရခြင်းသို့။ ဩသာမိ = ဆင်းရဲကင်းစွာ ရောက်ရပါအံ့။

(အမူဠ္ဟော ဂဗ္ဘမောသာမိ = မတွေဝေဘဲ သတိရှိလျက် အမိဝမ်း ခေါင်း ကိန်းအောင်းသန္ဓေ တည်နေရပါလိမ့်မည်-ဟူသော စကားရပ် ဖြင့် အရိယသာဝကတို့မှာ အန္ဓပုထုဇန်များမှာကဲ့သို့ တွေတွေဝေဝေ သေရခြင်း, သတိသမ္ပဇဉ်ကင်းလျက် အမိဝမ်းသို့သက်ရခြင်း အလျှင်း မရှိပဲ မတွေမဝေသေရခြင်း, သတိသမ္ပဇဉ်ယှဉ်လျက် အမိဝမ်းသို့သက်ရ ခြင်း ဖြစ်သည်-ဟု ပြဆိုသည်။ အရိယသာဝကတို့သည် ဂတိမြဲသော ကြောင့် လူ့ ရပ်နတ်ရွာ ကောင်းရာသုဂတိဘဝတို့၌သာလျှင် ဖြစ်ကြ ကုန်၏၊ ထို သုဂတိဘဝတို့တွင်လည်း လူ့ ဘဝတို့၌ ဖြစ်ကြရကုန်သည် ရှိသော် မြတ်သောမင်းမျိုး ပုဏ္ဏားမျိုးတို့၌သာလျှင် ပဋိသန္ဓေ တည်နေ ကြလေသည်။ သိကြားမင်း၏ စိတ်သန္တာန်မှာလည်း ထိုကဲ့သို့ပင် အလို ရှိလေသည်)။

မြတ်စွာဘုရား ···· အကျွန်ုပ်သည် နှစ်ခုမြောက်ဖြစ်သော ဤ အကျိုးထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက် မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၃) သွာဟံ အမူဠ္ဟပညဿ၊ ဝိဟရံ သာသနေ ရတော။
ဉာယေန ဝိဟရိဿာမိ၊ သမ္ပဇာနော ပဋိဿတော။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာ ဘုရား····။ အမူဠ္ဟပညဿ = မတွေဝေဘဲ သဗ္ဗညုတဉာဏ် ပညာရှိတော်မူသော မြတ်စွာဘုရား၏။ သာသနေ = သုံးပါးသိက္ခာ သာသနာတော်၌။ ရတော = မွေ့လျော် နှစ်ခြိုက် ပျော်ပိုက်သည်ဖြစ်၍။ ဝိဟရံ = ဝိဟရန္တော =

WWW.DHAMMARANSI.COM



ဣရိယာပထ မျှတကြံ့ခိုင် နေထိုင်ပါသော။ သွာဟံ = သော အဟံ = မဃဝ-ဟု နာမတွင်ခေါ် ထိုတပည့်တော်သည်။ သမ္ပဇာနော = ကောင်းစွာမြော်မြင် သမ္ပဇဉ် ရှိသည် ဖြစ်၍။ ပဋိဿတော = မမေ့မလျော့ မပေါ့မတန် ထက်သန်သော သတိရှိသည်ဖြစ်၍။ ဉာယေန = အရိယာ အဖြစ်နှင့် စင်စစ်လျော်ညီစွာ။ ဝိဟရိဿာမိ = တရားနှင့် မွေ့လျော် နေစံပျော်ရပါလတ်အံ့။

မြတ်စွာဘုရား···· အကျွန်ုပ်သည် သုံးခုမြောက်ဖြစ်သော ဤ အကျိုးထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၄) ဉာယေန မေ စရတော စ၊ သမ္ဗောဓိ စေ ဘဝိဿတိ။
အညာတာ ဝိဟရိဿာမိ၊ သွေဝ အန္တော ဘဝိဿတိ။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား····။ ဉာယေန = အရိယာအဖြစ်နှင့် စင်စစ်လျော်ညီစွာ။ စရတော = တရားအလုပ် အားထုတ်ကျင့်ကြံသော။ မေ = မဃဝ-ဟု နာမသမုတ် အကျွန်ုပ်၏သန္တာန်၌။ သမ္ဗောဓိ = သကဒါဂါမိ မည်ရှိခေါ်တွင် အထက်မဂ်ဉာဏ် အမြင်သည်။ စေ ဘဝိဿတိ = အကယ်၍တိ ဖြစ်ရှိတုံငြားအံ့။ အညာတာ = အနာဂါမိမဂ်ဉာဏ် အရဟတ္တမဂ်ဉာဏ်ကို သိရန်စိတ်ထား လိုလားသည် ဖြစ်၍။ ဝိဟရိဿာမိ = တရားအလုပ် အားထုတ်ကြံ့ခိုင် နေထိုင်ရပါအံ့။ သွေဝ = သော ဧဝ = ထို သကဒါဂါမိမဂ်ဉာဏ်ကို ရသည့် လူ့ဘဝသည်ပင်။ အန္တော = လူ့အဖြစ်ကိုရ နောက်ဆုံးဘဝသည်။ ဘဝိဿတိ = ဧကန်စင်စစ် ဖြစ်ပါလိမ့်မည်ဘုရား။

မြတ်စွာဘုရား····အကျွန်ုပ်သည် လေးခုမြောက်ဖြစ်သော ဤ အကျိုးထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၅) စုတာဟံ မာနုသာ ကာယာ၊ အာယုံ ဟိတွာန မာနုသံ။
ပုန ဒေဝေါ ဘဝိဿာမိ၊ ဒေဝလောကမှိ ဥတ္တမော။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား။....အဟံ = မဃဝ-ဟု နာမသမုတ် အကျွန်ုပ်သည်။ မာနုသာ ကာယာ = လူ၌ဖြစ်သော ခန္ဓာကိုယ်အတ္တဘောမှ။ စုတော = လျှောကျပြုတ်ကြွေ စုတေလတ်သည်ရှိသော်။ မာနုသံ အာယုံ = လူ၌ဖြစ်သော အသက်ကို။ ဟိတွာန = စွန့်လွှတ်ပြီးလျှင်။ ဒေဝလောကမှိ = တာဝတိံသာ နတ်တို့ရွာ၌။ ဥတ္တမော ဒေဝေါ = နတ်တကာ ထက်မြတ် သိကြားနတ်မင်းသည်။ ဘဝိဿာမိ = ကံကောင်းထောက်မ ဖြစ်ရပါလတ်အံ့။

မြတ်စွာဘုရား ···· အကျွန်ုပ်သည် ငါးခုမြောက်ဖြစ်သော ဤအကျိုးထူးကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(၆) တေ ပဏီတတရာ ဒေဝါ၊ အကနိဋ္ဌာ ယသဿိနော။
အန္တိမေ ဝတ္တမာနမှိ၊ သော နိဝါသော ဘဝိဿတိ။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား····။ အကနိဋ္ဌာ = ဘဝဂ်ခေါ်ငြား အကနိဋ္ဌဘုံသားဖြစ်ကုန်သော။ တေ ဒေဝါ = မိုးနတ်အရိယာ ထိုဗြဟ္မာတို့သည်။ ပဏီတတရာ = အသက်ပညာ အစဖြာသား သချာများပြား ကျေးဇူးအားဖြင့် အခြားသောနတ်ဗြဟ္မာတို့ထက် ဆတက်ကဲချွန် သာလွန်မြင့်မြတ်ကြကုန်၏။ ယသဿိနော = များသောအခြံအရံ ရှိကြကုန်၏။ မေ = မဃဝ-ဟု နာမသမုတ် အကျွန်ုပ်၏။ အန္တိမေ = နောက်ဆုံးကြိုရ ဘုံဘဝသည်။ ဝတ္တမာနမှိ = ဖြစ်လတ်သော်။ သော = ထို အကနိဋ္ဌ ဗြဟ္မာ့ဘုံသည်။ နိဝါသော = နေရာသည်။ ဘဝိဿတိ = ဧကန်စင်စစ် ဖြစ်ပါလိမ့်မည် ဘုရား။

WWW.DHAMMARANSI.COM



မြတ်စွာဘုရား .... အကျွန်ုပ်သည် ခြောက်ခုမြောက်ဖြစ်သော ဤ အကျိုးထူးကို မြင်၍ ဤသို့ သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းကို ချီးကျူးပြောဆိုပါ၏။

(ဤ၌ အကျိုးထူး ၆-ပါးတို့မှာ—(၁) ဤယခု ဣန္ဒသာလလိုဏ်ဂူ၌ တရားနာရ၍ သောတာပန်အရိယာဖြစ်ပြီးလျှင် ထိုနေရာ၌ပင် နတ်သက်ကြွေ စုတေကာ သိကြားနတ်မင်း တဖန်ဖြစ်ရခြင်း, (၂) ထို သိကြားဘဝမှ စုတေလတ်သော် လူ့ပြည်လောကဝယ် မိမိစိတ်နှလုံး မွေ့လျော်နှစ်သက်ရာ မင်းမျိုးစသည်၌ သတ္တက္ခတ္တုပရမသောတာပန် အဖြစ်ဖြင့် ပဋိသန္ဓေ မတွေမဝေ တည်နေရခြင်း, (၃) ထိုသို့ ဘဝ ပဋိသန္ဓေ တည်နေရသော်လည်း မွေ့လျော်ခြင်းမရှိပဲ အရိယာအဖြစ်နှင့် ညီလျော်စွာ တရားအလုပ် အားထုတ်နေထိုင်ခြင်း, (၄) ယင်းသို့ တရားအလုပ် အားထုတ်နေထိုင်သဖြင့် သကဒါဂါမိမဂ်ဉာဏ်ကို ရရှိကာ လူ့ဘဝ အဆုံးသတ်ရခြင်း, (၅) သကဒါဂါမ်အရိယာ အဖြစ်ဖြင့် လူ့ဘဝမှ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ တဖန် သိကြား နတ်မင်း ဖြစ်ရခြင်း, (၆) ထို သိကြားဘဝ၌ အနာဂါမိမဂ်ကို ရရှိပြီး လျှင် ထို သိကြားဘဝမှ စုတေလတ်သော် ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်အရိယာဖြစ်၍ အဝိဟာဘုံ အတပ္ပါဘုံ သုဒဿာဘုံ သုဒဿီဘုံ အကနိဋ္ဌဘုံတည်းဟူသော သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံ ၅-ဘုံတို့၌ အစဉ် အတိုင်း ဖြစ်ရှိကာ နောက်ဆုံး အကနိဋ္ဌဘုံ၌ ရဟန္တာဖြစ်၍ ဘဝဇာတ် သိမ်း ငြိမ်းရမည်ဖြစ်ခြင်း=ဤကား အကျိုးထူး ၆-ပါးတို့တည်း။

ဤ သိကြားမင်းသည် ၆-ခုမြောက် အကျိုးထူးအရ အနာဂါမ် အရိယာ သိကြားမင်းဘဝမှ စုတေလတ်သော် အဝိဟာဘုံ၌မဟာကပ် တထောင်, ထို ဘဝမှ စုတေ၍ အတပ္ပါဘုံ၌ မဟာကပ်နှစ်ထောင်, ထို ဘဝမှ စုတေ၍ သုဒဿာဘုံ၌ မဟာကပ်လေးထောင်, ထို ဘဝမှ စုတေ၍ သုဒဿီဘုံ၌ မဟာကပ်ရှစ်ထောင်, ထိုဘဝမှ စုတေ၍ အကနိဋ္ဌ (ဘဝဂ်) ဘုံ၌ မဟာကပ်ပေါင်း တသောင်းခြောက်ထောင် = ဤသို့ အားဖြင့် မဟာကပ်ပေါင်း သုံးသောင်းတထောင်တို့ကာလပတ်လုံး ဗြဟ္မာ့အသက် ဗြဟ္မာ့စည်းစိမ်ကို ခံစားသုံးဆောင်ရလတ္တံ့။ (၁) သိကြားမင်း, (၂) အနာထပိဏ်သူဌေးကြီး, (၃) ဝိသာခါဒါယိကာမကြီး= ဤ အရိယာကြီးသုံးဦးတို့သည် ဘဝအသက်တမ်းချင်း တူမျှကြကုန်၏၊ ဤ သုံးဦးတို့နှင့်တူသည့် ချမ်းသာသုခအဖို့ရသော ဝဋ္ဋာဘိရတသတ္တဝါတို့မည်သည် မရှိကုန်)။

WWW.DHAMMARANSI.COM



မြတ်စွာဘုရား....အကျွန်ုပ်သည် ဤအကျိုးထူး ခြောက်ပါးတို့ကို မြင်၍ ဤသို့သဘောရှိသော နှစ်သက်မှု ဝမ်းမြောက်မှုမျိုး ရခြင်းများကို ချီးကျူးပြောဆိုပါ၏”—

ဤကဲ့သို့ သိကြားမင်းသည် အကျိုးထူးခြောက်ပါးတို့ကို မြင်၍ နှစ်သက်ဝမ်းမြောက်မှု ရခြင်းကို ချီးကျူးစကား လျှောက်ထား ပြောဆိုပြီးနောက် ဂါထာ (၆)ဂါထာတို့ဖြင့် “မိမိသည် ရှေးက ဆိတ်ငြိမ်ရာတောကျောင်းနေ သမဏ, ဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့ထံ ဤပြဿနာတို့ကို လျှောက်ထားပါသော်လည်း မဖြေကြားနိုင်ကြပဲ မိမိကသာ သိကြားဖြစ်ကြောင်း အကျင့်ကောင်း ခုနစ်ပါးတို့ကို ဟောကြားခဲ့ရကြောင်း” (ရှေး၌ ဆိုအပ်ပြီးသော အတိုင်း) လျှောက်ထားပြီးနောက်—

တဏှာသလ္လဿ ဟန္တာရံ၊ ဗုဒ္ဓံ အပ္ပဋိပုဂ္ဂလံ။
အဟံ ဝန္ဒေ မဟာဝီရံ၊ ဗုဒ္ဓမာဒိစ္စဗန္ဓုနံ။

တဏှာသလ္လဿ = တဏှာခေါ်လျှင်း ငြောင့်တံသင်းကို။ ဟန္တာရံ = ဓမ္မဒေသနာ ဂါထာမန်းမှုတ် မန္တာန်စုပ်၍ ပယ်နှုတ်တော်မူတတ်ပေထသော။ ဗုဒ္ဓံ = သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင်သိမြင်၍ လူရှင်တို့အား ဟောကြားတော်မူထသော။ အပ္ပဋိပုဂ္ဂလံ = အတုမဲ့ခေါ်ဆို ပုဂ္ဂိုလ်သူမြတ်ဖြစ်တော်မူထသော။ မဟာ-ဝီရံ = ကြီးမားမြင့်မြတ်သည့် ဝီရိယဓာတ်ရှိတော်မူထသော။ အာဒိစ္စဗန္ဓုနံ = နေနတ်သားလည်း ဂေါတမ အနွယ်, မြတ်စွာဘုရားလည်း ဂေါတမအနွယ်ဖြစ်၍ နွယ်တော်ဝံသ တူညီမျှ၍ အာဒိစ္စမည်လျှင်း နေနတ်မင်း၏ ဆွေရင်းမျိုးချာ ဖြစ်ပါထသော။ (ဝါ) အာဒိစ္စဗန္ဓုနံ = နေနတ်သား၏ ဖွားနတ်ကျော် လောကဗန္ဓုရာခမည်းတော် ဖြစ်တော်မူထသော။ ဗုဒ္ဓံ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားကို။ အဟံ = မဃဝ-ဟု နာမသမုတ်

WWW.DHAMMARANSI.COM



အကျွန်ုပ်သည်။ ဝန္ဒေ = ဝန္ဒာမိ = လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

ယံ ကရောမသိ ဗြဟ္မုနော၊ သမံ ဒေဝေဟိ မာရိသ။
တဒဇ္ဇ တုယှံ ဒဿာမ၊ ဟန္ဒ သာမံ ကရောမ တေ။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား....။မယံ = အကျွန်ုပ်တို့သည်။ ပုဗ္ဗေ = ရှေးအခါ၌။ ဒေဝေဟိ = အပေါင်းများစွာ နတ်တကာတို့နှင့်။သမံ = အတူတကွ။ ဗြဟ္မုနော = ဗြဟ္မာမင်းအား။ ယံ = အကြင်ရှိသေမြတ်နိုး ရှိခိုးခြင်းကို။ ကရောမသိ = ပြုခဲ့ပါကုန်၏။ တံ = ထိုရှိသေမြတ်နိုး ရှိခိုးခြင်းကို။ အဇ္ဇ = ဤယနေ့မှနောက်ကာလ၌။တုယှံ = အရှင်ဘုရားအား။ဒဿာမ = သဒ္ဓါရှေးရှု ပေးလှူကြပါကုန်အံ့။ ဟန္ဒ = ယခု။ တေ = ရှင်တော်ဘုရားအား။ သာမံ = ကိုယ်တိုင်ပြုစု ရှိခိုးခြင်း လုံ့လမှုကို။ ကရောမ = သဒ္ဓါလုလု ပြုကြပါကုန်၏ ဘုရား။

တွမေဝ အသိ သမ္ဗုဒ္ဓေါ၊ တုဝံ သတ္ထာ အနုတ္တရော။
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ တေ ပဋိပုဂ္ဂလော။

မာရိသ = ဒုက္ခခပ်သိမ်း ငြိမ်းတော်မူသော မြတ်စွာဘုရား....။ တွမေဝ = အရှင်ဘုရားသည်သာလျှင်။ သမ္ဗုဒ္ဓေါ = ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားသိမြင် ဘုရားရှင်သည်။ အသိ = ဖြစ်တော်မူပါ၏။ တုဝံ = အရှင်ဘုရားသည်။ အနုတ္တရော သတ္ထာ = သာလွန်မြင့်မြတ် လူနတ်တို့၏ ဆရာသည်။ အသိ = ဖြစ်တော်မူပါ၏။ သဒေဝကသ္မိံ = နတ်ဗြဟ္မာနှင့်တကွသော။ လောကသ္မိံ = သတ္တလောက၌။ တေ = အရှင်ဘုရားနှင့်။ ပဋိပုဂ္ဂလော = သဂိရဂုဏ် ဓမ္မဂုဏ်ဖြင့် နှိုင်းပိုင်ယှဉ် အတူဖြစ်သော ပုဂ္ဂိုလ်သည်။ နတ္ထိ = တစိုးတစိ မရှိပါဘုရား။

WWW.DHAMMARANSI.COM



## ပဉ္စသိခနတ်သားအား သိကြားမင်း ဆုပေးခြင်း

သိကြားမင်းသည် ဤဖော်ပြရာပါ သုံးဂါထာတို့ဖြင့် မြတ်စွာဘုရားအား ရှိခိုးမှု ချီးမွမ်းထောမနာမှု ပြုလုပ်ပြီးလျှင် ပဉ္စသိခ ဂန္ဓဗ္ဗနတ်သားကို—

"အမောင်ပဉ္စသိခ....အမောင်သည် မြတ်စွာဘုရားကို ရှေးဦးစွာ ခွင့်ပန်ပေးသည့်အတွက် ငါတို့သည် အရဟံ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုဘုရားသခင်ကို ဖူးမြင်ရန် ချဉ်းကပ်ကြရပါကုန်၏၊ (သို့ရကား) အမောင်သည် ငါ့အပေါ်မှာ ကျေးဇူးဥပကာရ များလှသူ ဖြစ်ပါပေ၏။ ငါသည် သင့်အား သင့်အဖရာထူး(ဂန္ဓဗ္ဗနတ်မင်းရာထူး)၌လည်း ထားပေအံ့၊ သင်သည် ဂန္ဓဗ္ဗနတ်မင်း ဖြစ်ရပေတော့မည်။ ကောင်းမြင်းလက္ခဏာနှင့် ပြည့်စုံသော သင်အလွန် တောင့်တအပ်သည့် သူရိယဝစ္ဆသာ နတ်သမီးကိုလည်း သင့်အား ငါပေးအံ့"—

ဟူ၍ ကျေးဇူးတင်စကား ဆုပေးစကား ပြောကြားလေ၏။

ထိုနောက် သိကြားနတ်မင်းသည် (နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် သူငယ်ချင်းတယောက်က သူငယ်ချင်းတယောက်ကို မိမိလက်ဖြင့် သူငယ်ချင်း၏လက်၌ ပုတ်ခတ်သကဲ့သို့) မိမိလက်ဖြင့် မြေကို ပုတ်၍ "နမော တဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ"ဟုသုံးကြိမ် ဥဒါန်းကျူးရင့်လေ၏။

(ဤ၌။ ။သိကြားမင်းသည် "ငါကား ဤမြေကြီး၌ တည်နေလျက် ဤအံ့ချီးထိုက်သော လောကုတ္တရာတရားကို ရအပ်ပေပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသောကြောင့်၎င်း, "ဤမဟာပထဝီမြေကြီး၌ ဤမျှလောက် အံ့ဩချီးမွမ်းဖွယ်ရာ ဘုရားရတနာ ဖြစ်ပွင့်တော်မူပါ ကလား"ဟု အံ့ဩချီးမွမ်းစိတ် ဖြင့်စွာဖြစ်လာသောကြောင့်၎င်း မြေကြီးကို မိမိလက်ဖြင့် ပုတ်ခတ်လေသည်)။

ဤအမေးအဖြေနှင့် တကွဖြစ်သော တရားဒေသနာတော်ကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သည် ရှိသော် "ဖြစ်ခြင်း

WWW.DHAMMARANSI.COM



သဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏”ဟု သိကြားနတ်မင်း၏သန္တာန်ဝယ် ကိလေသာမှုအညစ်အကြေးကင်း သော တရားမျက်စိ (= သောတာပတ္တိမဂ်ဉာဏ်)သည် ထင်ရှား ဖြစ်ပေါ်လေ၏။ တပါးသော ရှစ်သောင်းသောနတ်တို့၏ သန္တာန် ၌လည်း တရားမျက်စိ (= သောတာပတ္တိမဂ်ဉာဏ်) သည် ထင် ရှား ဖြစ်ပေါ်လေ၏။

### သက္ကပဉှ-ဟု ခေါ်တွင်ကြောင်း

ဤသို့ နတ်တို့သနင်း သိကြားမင်း တောင်းပန်အပ်သော ပြဿ-နာတို့ကို မြတ်စွာဘုရား ဖြေကြားတော်မူအပ်သောကြောင့် ဤ တရားဒေသနာတော်၏ အမည်သည် **သက္ကပဉှာ** ဟူ၍ သာလျှင် တွင်လေသတည်း။

သက္ကပဉှသုတ်ကို ဟောတော်မူခြင်းအကြောင်း ပြီး၏။

ဤတွင် အခန်း ၃၉-ပြီး၏။

WWW.DHAMMARANSI.COM



## အခန်း – ၄၀

## အပရိဟာနိယ (ကြီးပွါးကြောင်း)တရားတို့ကို ဟောကြားတော်မူခြင်း

မြတ်စွာဘုရားရှင်သည် (ရှေး၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း)ပဌမ ဗောဓိ=ရှေ့ပိုင်း ဝါတော်နှစ်ဆယ်ကို ထိုထိုမြို့ရွာတို့၌ ဝါကပ် သီတင်းသုံးတော်မူကာ သတ္တဝါတို့ကို တရားရေအေး အမြိုက် ဆေး တိုက်ကျွေးတော်မူပြီး၍ ပစ္ဆိမဗောဓိခေါ်သော နောက်ပိုင်း နှစ်ဆယ့်လေးဝါတို့ကို သာဝတ္ထိပြည်၌သာ ဝါကပ်သီတင်းသုံး တော်မူ၍ ဝါကျွတ်သောအခါ ထိုက်သည့်အားလျော်စွာ (ရှေး ဖော်ပြရာပါ)ခရီးအဝန်းသုံးပါးဖြင့် ဒေသစာရီ ကြွချီတော်မူကာ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူလေသည်။ ထိုသို့ တိုက်ကျွေး အပ်သည့်တရားရေအေး အမြိုက်ဆေးတို့ကား ကျယ်ဝန်းများပြား လှ၍ ဤ (မဟာဗုဒ္ဓဝင်) ကျမ်း၌ အပြည့်အစုံ မဖော်ပြနိုင်ပါ။ မဟာသမုဒ္ဒရာရေ၏ ဆားငန်အရသာကို သိရှိရန် ရေအထုများ စွာမှ ရေကြည် တပေါက်နှစ်ပေါက်ခန့်ကို ထုတ်ယူပြသ သုံးစွဲစေ သော ယောကျာ်းကဲ့သို့ အကျွန်ုပ်တို့သည်လည်း ထိုများစွာသော တရားဒေသနာအစုမှ ဓမ္မအရသာကို စာဖတ်ပရိသတ်တို့ သိရှိရုံမျှ ဖော်ပြသောအနေဖြင့် အနည်းငယ်မျှသော သုတ္တန်များကိုသာ ရေးသား ဖော်ပြခဲ့ရပါသည်။ ကျယ်ဝန်းများပြားလှသော တရား ဒေသနာတို့ကို လေ့လာလိုက်စား မှတ်သားနာယူလိုသော သူ တော်စင်တို့သည် ပိဋကတ်တော် မြန်မာပြန် ကျမ်းဂန်များကို (အဋ္ဌကထာ ဋီကာနှင့် ညှိနှိုင်း၍) လေ့လာသုံးသပ် ကြည့်ရှု မှတ် သားကုန်ရာ၏။ အကျွန်ုပ်တို့သည်ကား မြတ်စွာဘုရားရှင် ပရိ-နိဗ္ဗာန် စံဝင်ခါနီး (၄၄) လေးဆယ့်လေးဝါခန့် အချိန်မှစ၍ ဖြစ်သော တရားဒေသနာ အဋ္ဌုပ္ပတ် အကြောင်းအရာတို့ကိုသာ ရေးသားဖော်ပြပါတော့အံ့—

ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် အခါတပါး(ဝါတော် ၄၄-ဝါခန့် ရပြီးတော်

WWW.DHAMMARANSI.COM



မူသောအချိန်)၌ ရာဇဂြိုဟ်ပြည်၏အနီး ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်းမွေ့လျော် စံနေတော်မူဆဲ ဖြစ်၏။ (တောင်ထွတ်တို့၌ လင်းတများ နားနေကြသည် များသောကြောင့် တနည်း လင်းတငှက်တို့နှင့်တူသော တောင်ထွတ်များ အများအပြား ရှိသောကြောင့် ထိုတောင်ကို ဂိဇ္ဈကုဋ်တောင်ဟူ၍ ခေါ်၏)။

ထိုအခါ အဇာတသတ်မင်းသည် ဝေသာလီပြည် လိစ္ဆဝီ=ဝဇ္ဇီမင်းတို့ကို စစ်ခင်းနှိမ်နင်းရန် သွားလိုရကား "ငါသည် ဤသို့ တန်ခိုး အာနုဘော်ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့"ဟူ၍ မင်းမာန်စကား ကြုံးဝါး ပြောဆိုလျက် ရှိ၏၊ ထိုသို့ ပြောဆိုခြင်း၏ အကြောင်းရင်းကား—

ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည်=ဤနှစ်ပြည်တို့၏ အကြား၌ ဂင်္ဂါမြစ်ကြီး (အရှေ့ အနောက် စီးသွား) ခြားလျက် ရှိလေသည်၊ ရာဇဂြိုဟ်ပြည်ကား ဂင်္ဂါမြစ်၏ တောင်ဘက်၌ တည်ရှိလေသည်၊ ထိုဂင်္ဂါမြစ်၏ အနီး၌ (ပဋ္ဋနဂါမ-ခေါ်) လှည်းဆိပ် ရွာကြီးတရွာ ရှိလေသည်။ (ယနေ့ အိန္ဒိယတိုင်းသားတို့ "ပါဋ္ဌနား"ဟု ခေါ်သော မြို့ကြီးသည် ထိုစဉ်က ထိုရွာပင် ဖြစ်တန်ရာ၏)။ ထိုပဋ္ဋနဂါမ(=လှည်းဆိပ်ရွာ)ကို အမှီပြု၍ ယူဇနာဝက်သည် အဇာတသတ် မင်း၏ အာဏာစက်ပြန့်နှံ့ရာဌာန ဖြစ်၏၊ ယူဇနာဝက်သည် လိစ္ဆဝီမင်းတို့၏ အာဏာစက်ပြန့်နှံ့ရာဌာန ဖြစ်၏။

ထိုပဋ္ဋနရွာ( =လှည်းဆိပ်ရွာ)၌ တောင်ခြေမှ အဖိုးများစွာ ထိုက်သော ဥစ္စာဘဏ္ဍာ ထွက်ပေါ်သက်ဆင်းလာလေသည်၊ ထိုအကြောင်းကို ကြားသိရ၍"ယနေ့သွားမည်၊ နက်ဖြန်သွားမည်" ဟု အဇာတသတ်မင်း စီမံခန့်ခွဲနေစဉ်ပင် လိစ္ဆဝီမင်းတို့သည် ညီညွတ်ဝမ်းမြောက်ကြကုန်လျက် အလျင်လက်ဦး သွားရောက်ကြ၍ အလုံးစုံသော အဖိုးထိုက်တန်သည့် ဘဏ္ဍာများကို သိမ်းယူကြလေကုန်၏။ အဇာတသတ်မင်းသည် နောက်မှလာရောက်၍ ထိုသတင်းကို ကြားသိရလေလျှင် အမျက်ထွက်ကာ ပြန်သွားလေ၏။

WWW.DHAMMARANSI.COM



လိစ္ဆဝီမင်းတို့သည် နောက်တနှစ်၌လည်း ထိုအတူပင် ပြုလုပ်ကြကုန်၏။ ထိုအခါ အဇာတသတ်မင်းသည် ရန်ငြိုးကြီးစွာ ဖြစ်ရှိလတ်ရကား "ငါသည် ဤသို့ တန်ခိုး, အာနုဘော်ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့"ဟု လျော်ငြင်း, ထိုင်, ရပ်, သွား = ဣရိယာပုထ်လေးပါးလုံး၌ပင် ဤစစ်စကားကိုသာ ပြောကြားရုံမျှမက "သွားရောက်ရန် စီမံကြလော့"ဟုပင် မိမိ၏ စစ်သည် ရဲမက် ဗိုလ်ပါ အပေါင်းကို အာဏာထား အမိန့်ပေးလေသည်။

ထို့နောက်မှတဖန် အဇာတသတ်မင်းသည် "စစ်သည်ဗိုလ်ပါ ရဲမက်အပေါင်းနှင့် စစ်ထိုးရခြင်းသည် ဝန်လေးလှ၏၊ ပျက်စီးမှု, အကျိုးမပြီး အချည်းနှီးပစ်ခတ်ထိုးခုတ်မှု တခုမျှ မရှိချေ၊ (ပစ်ခတ်ထိုးခုတ်တိုင်း ပျက်စီးကြသည်သာ ဖြစ်၏)။ စင်စစ်သော်ကား ပညာရှိတဦးတယောက်နှင့် တိုင်ပင်၍ ပြုလုပ်လျှင် အပြစ်မရှိ၊ မြတ်စွာဘုရားနှင့်တူသော ပညာရှိပုဂ္ဂိုလ်လည်း လောက၌ မရှိ၊ ယခုအခါ မြတ်စွာဘုရားသည်လည်း ငါ၏မြို့ဦး ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူဆဲ ရှိ၏၊ ကိုင်း....ငါသည် ပညာရှိအမတ်တယောက်ယောက်ကို စေလွှတ်၍ မေးလျှောက်ဦးအံ့၊ ငါသွားသဖြင့် အကယ်၍ တစုံတရာ အကျိုးရှိမည်ဖြစ်လျှင် မြတ်စွာဘုရားသည် ဆိတ်ဆိတ်သာ နေတော်မူလိမ့်မည်၊ အကျိုးမဲ့ ဖြစ်မည်ဆိုလျှင်ကား 'မင်းကြီးအဖို့ရာ ထိုအရပ်သို့ သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု မိန့်ကြားတော်မူလိမ့်မည်'' ဟု ကြံစည်ဆင်ခြင်ပြီးလျှင် ဝဿကာရပုဏ္ဏားကို—

"ပုဏ္ဏား....သင်သွားလော့၊ သင်သည် မြတ်စွာဘုရား ထံတော်သို့ ချဉ်းကပ်၍ ငါ၏စကားဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလော့၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို လျှောက်ထားမေးမြန်းလော့—'မြတ်စွာဘုရား.... ဝေဒေဟီမိဖုရား၏သား မဂဓ တိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား၏

WWW.DHAMMARANSI.COM



ခြေတော်တို့ကို ရှိခိုး၍ဦးခိုက်လိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာနေရကြောင်းများကို မေးလိုက်ပါ၏'ဟု သင် လျှောက်လေလော့။

ထိုပြင် 'မြတ်စွာဘုရား..........အဇာတသတ်မင်းသည် ဝေသာလီပြည် လိစ္ဆဝီ = ဝဇ္ဇီမင်းတို့ကို စစ်ခင်းနှိမ်နင်းရန် သွားလိုသည်ဖြစ်၍ 'ငါသည် ဤသို့ တန်ခိုး, အာနုဘော်ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊ ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့'ဟု မင်းမာန်တက်ကြွား ကြုံးဝါး ပြောဆိုလျက် ရှိပါသည်' ဟူ၍လည်း လျှောက်ထားလေလော့။ မြတ်စွာဘုရား မိန့်ကြားတော်မူသည့်အတိုင်း ကောင်းစွာမှတ်သား၍ ငါ့အား ပြန်ကြားလော့။ မြတ်စွာဘုရားတို့မည်သည် ချွတ်ယွင်းသောစကားကို မိန့်ကြားတော်မမူကြကုန်"——

ဟု မိန့်ဆိုလေ၏။ ဝဿကာရပုဏ္ဏားသည် "ကောင်းပါပြီ အရှင်မင်းကြီး...."ဟု ဝန်ခံကာ ရထားတစ်ကြီးဖြင့် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဂိဇ္ဈကုဋ်တောင်ကျောင်းတိုက်သို့ သွားရောက်၍ မြတ်စွာဘုရားထံတော်မှောက်သို့ ချဉ်းကပ်လျက် မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီးဆုံးစေပြီးနောက် အပြစ်လွတ်ရာ တခုသောနေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်ကို——

"အရှင်ဂေါတမ........ အဇာတသတ်မင်းသည် အရှင်ဂေါတမ၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးလိုက်ပါ၏၊ အနာကင်းကြောင်း ရောဂါကင်းကြောင်း ကျန်းမာကြောင်း သန်စွမ်းကြောင်း ချမ်းသာစွာ နေရကြောင်းများကိုလည်း မေးလျှောက်လိုက်ပါ၏၊ အရှင်ဂေါတမ....အဇာတသတ်မင်းသည် ဝေသာလီပြည် လိစ္ဆဝီ ဝဇ္ဇီမင်းတို့ကို စစ်ခင်းနှိမ်နင်းရန် သွားလိုသည်ဖြစ်၍ 'ငါသည် ဤသို့ တန်ခိုး, အာနုဘော်ကြီးကုန်သော ဤဝဇ္ဇီမင်းတို့ကို မျိုးဖြုတ်အံ့၊

WWW.DHAMMARANSI.COM



ဖျက်ဆီးအံ့၊ ပျက်စီးပြုန်းတီးစေအံ့’ဟု မင်းမာန်တက်ကြွား ကြုံးဝါးပြောဆိုလျက် ရှိပါသည်”—

ဟူ၍ လျှောက်ထားလေ၏။

## မင်းတို့၏ ကြီးပွါးကြောင်းတရား ခုနစ်ပါး

ထိုစဉ်အခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို ယပ်ခပ်လျက် မြတ်စွာဘုရားရှင်၏ နောက်တော်၌ ရပ်တည်နေဆဲ ဖြစ်၏။ (ဤ၌ အရှင်အာနန္ဒာမထေရ်သည် ဝတ်ကို အဦးမူသဖြင့် မြတ်စွာဘုရားရှင်ကို ယပ်ခပ်ပေးခြင်း ဖြစ်သည်၊ စင်စစ်သော် ကား မြတ်စွာဘုရားရှင်အဖို့ရာ မခံသာအောင် အေးမှု,ပူမှုဟူ၍ မရှိချေ၊ ဘုရားရှင်ပွင့်တော်မူရာ ထိုအခါ၌ ဘုရားရှင်တို့၏ကုသိုလ် ကောင်းမှု အာနုဘော်ကြောင့် ဥတုသည် အချမ်းအပူ မျှတလျက် သာရှိ၏)။ မြတ်စွာဘုရားရှင်သည် ပုဏ္ဏားလျှောက်ထားသော စကားကို ကြားသိတော်မူလေလျှင် ပုဏ္ဏားနှင့် တစုံတရာ ပြော ကြားတိုင်ပင်မှု ပြုတော်မမူပဲ အရှင်အာနန္ဒာမထေရ်နှင့်သာ အတုံ့ အလှယ်စကား မိန့်ကြားတော်မူလိုသည်ဖြစ်၍—

### (၁) ပဌမ ကြီးပွါးကြောင်းတရား

(ဘုရား) ချစ်သားအာနန္ဒာ....ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်၏လော၊ အကြိမ်များစွာ စည်းဝေးကုန်၏လော၊ သင်ချစ်သား အဘယ်သို့ ကြားရသနည်း။

(အရှင်အာနန္ဒာ) မြတ်စွာဘုရား........“ဝဇ္ဇီမင်းတို့သည် မကြာ မကြာ စည်းဝေးကုန်၏၊ အကြိမ်များစွာ စည်းဝေးကုန်၏”ဟု အကျွန်ုပ် ကြားသိရပါသည်။

(ဘုရား) ချစ်သားအာနန္ဒာ.... ဝဇ္ဇီမင်းတို့သည် မကြာမကြာ စည်းဝေးကုန်လျက် အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလ ပတ်လုံး ဝဇ္ဇီမင်းတို့၏အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ် ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(ဤ၌။ ။တနေ့လျှင် သုံးကြိမ်ကျ စည်းဝေးကြလျှင်၎င်း, အကြား အကြား၌ စည်းဝေးကြလျှင်၎င်း မကြာမကြာ စည်းဝေးကြသည် မည်၏။ "ငါတို့သည် ယမန်နေ့ကလည်း စည်းဝေးခဲ့ကြပြီ၊ ရှေးနေ့ ကလည်း စည်းဝေးခဲ့ကြပြီ၊ တဖန် ယနေ့ အဘယ်အကျိုးငှါ စည်းဝေး ကြကုန်အံ့နည်း၊ (မစည်းဝေးကြပါနှင့်ဦး)"ဟု ဆုတ်နစ်ခြင်းသို့ မရောက် ကြလျှင် အကြိမ်များစွာ စည်းဝေးကြသည် မည်၏။

မကြာမကြာ စည်းဝေးခြင်း, မစည်းဝေးခြင်း၌ အကျိုးအပြစ် ကား—(က) မကြာမကြာ မစည်းဝေးကြလျှင် တူရူအရပ် အထောင့် အရပ်တို့မှ လာသော သတင်းစကားကို မကြားကြရကုန်၊ ထိုသို့ မကြားရသောကြောင့် "ဤမည်သော ရွာ,နိဂုံးနယ်စပ်များ ချောက် ချားနှောက်ယှက် ပျက်စီးလျက်ရှိသည်၊ ဤမည်သောအရပ်၌ လူဆိုး သူဆိုးတို့ ထကြွသောင်းကျန်းကြသည်"ဟူ၍ မသိနိုင်ကြကုန်၊ လူဆိုး သူဆိုးများကလည်း "မင်းများ မေ့လျော့နေကြသည်"ဟု သိရှိကြကာ ရွာ,နိဂုံးစသည်တို့ကို လုယက်တိုက်ဖျက် နှိပ်စက်ကြကုန်လျက် တိုက်နယ် အလုံးကို ဖျက်ဆီးကြကုန်၏၊ ဤသို့ဖြစ်လတ်သော် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူတို့အဖို့ ဆုတ်ယုတ်ခြင်း ဖြစ်လေတော့၏။

(ခ) မကြာမကြာ စည်းဝေးကြလျှင်ကား ထိုထိုသတင်းစကားကို ကြားသိရကုန်၏၊ ထိုသို့ ကြားသိရသောကြောင့် ဝစ်သည်ဗိုလ်ပါကို စေလွှတ်၍ ရန်သူတို့အား နှိမ်နင်းမှုကို အချိန်မီ ပြုလုပ်နိုင်ကုန်၏။ လူဆိုး သူဆိုးတို့သည်လည်း "မင်းများသည် မမေ့မလျော့ကြကုန်၊ ငါတို့သည် အသင်းအဖွဲ့လိုက် လှည့်လည်ကျက်စားခြင်းငှါ မတတ်နိုင်ကြ ကုန်တော့"ဟု တိုင်ပင်ကာ လူစုခွဲ၍ ထွက်ပြေးကြကုန်၏။ ဤသို့ ဖြစ်လတ်သော် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သူတို့၏ ကြီးပွါးတိုးတက် ခြင်းသည် ဖြစ်လေတော့၏)။

## (၂) ဒုတိယ ကြီးပွါးကြောင်းတရား

**(ဘုရား)** ချစ်သားအာနန္ဒာ....ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်၏လော၊ အညီအညွတ် အစည်းအဝေးမှ ထကြကုန် ၏လော၊ ဝဇ္ဇီတိုင်းရေးပြည်ရာကိစ္စများကို အညီအညွတ် ဆောင် ရွက်ကုန်၏လော၊ သင်ချစ်သား အဘယ်သို့ ကြားရသနည်း။

**(အရှင်အာနန္ဒာ)** မြတ်စွာဘုရား........"ဝဇ္ဇီမင်းတို့သည် အညီ အညွတ် စည်းဝေးကုန်၏၊ အညီအညွတ် အစည်းအဝေးမှ ထကြ

WWW.DHAMMARANSI.COM



ကုန်၏၊ ဝဇ္ဇီတိုင်းရေးပြည်ရာကိစ္စများကို အညီအညွတ် ဆောင်ရွက်ကုန်၏''ဟု အကျွန်ုပ် ကြားသိရပါသည်။

(ဘုရား) ချစ်သား အာနန္ဒာ....ဝဇ္ဇီမင်းတို့သည် အညီအညွတ် စည်းဝေးကုန်လျက် အညီအညွတ် အစည်းအဝေးမှ ထကြကုန်လျက် ဝဇ္ဇီတိုင်းရေးပြည်ရာကိစ္စများကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့၏အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(ဤ၌။ ။စည်းဝေးဖို့ရန် အချက်ပေးစည်, ခေါင်းလောင်း တီးခတ်လိုက်လျှင် ''ယနေ့ ငါ့မှာ အခြားကိစ္စတခုရှိသည်၊ မင်္ဂလာမှုတခု ရှိနေသည်''–ဤသို့စသည် ဆင်ခြေစကား ပြောကြားကြကာ ပြန့်လွင့်မှု အစည်းအဝေးမတက်မှု ပြုလုပ်ကြလျှင် အညီအညွတ်စည်းဝေးကြသည်မမည်။ အချက်ပေးစည်သံ, ခေါင်းလောင်းသံကို ကြားရလျှင်ပင် ထမင်းစားနေဆဲသူများ, တန်းဆာဆင်နေဆဲသူများ, အဝတ်ဝတ်နေဆဲသူများပင်သော်လည်း စား၍တဝက်တပြက်, တန်းဆာဆင်၍ တဝက်တပြက်, အဝတ်ဝတ်နေ၍ တဝက်တပြက်နှင့်ပင် စည်းဝေးကြလျှင် အညီအညွတ်စည်းဝေးကြသည် မည်၏။

အားလုံးညီမူ စည်းဝေးကြ၍ ကြံစည်တိုင်ပင်သင့်သမျှကို ကြံစည် တိုင်ပင်ကြလျက် ပြုလုပ်သင့်သမျှကို တညီတညွတ်တည်း ပြုလုပ်ကြပြီး လျှင် တပေါင်းတည်း(=တပြိုင်နက်) အစည်းအဝေးပြုရာဌာနမှ မထ ကြလျှင် အညီအညွတ် အစည်းအဝေးမှ ထကြသည်မမည်၊ ဤကဲ့သို့ မညီမညွတ် တချို့က ထ၍ တချို့က ချန်နေရစ်ခဲ့ကြလျှင် ထ၍သွားကြ သော မင်းတို့၏သန္တာန်ဝယ် ''ငါတို့သည် အရေးမကြီးသည့် အပြင်အပ စကားမျှကိုသာ ကြားရကုန်၏၊ ငါတို့ ထလာပြီးနောက် ယခုအခါမှ အရေးကြီးသည့် အဆုံးအဖြတ်စကား ဖြစ်ရစ်တော့မည်''ဟု စိတ်ဝမ်း ကွဲပြားဖွယ် အကြံမှား အစည်မှား ဖြစ်တတ်သည်။

တိုင်ပင်ဆွေးနွေး စည်းဝေး၍ပြီးလျှင် အားလုံးတညီတညွတ်တည်း စည်းဝေးရာဌာန(=ခန်းမဆောင်)မှ ထွက်ကြထကြမှသာ အညီအညွတ် အစည်းအဝေးမှ ထကြသည်မည်၏။ (တနည်း) ''ဤမည်သောအရပ် တို့၌ ရွာစပ်နယ်စပ်များ ချောက်ချားနှောက်ယှက် ဖျက်ဆီးလျက် ရှိသည်၊ လူဆိုး သူဆိုးများ တကြွသောင်းကျန်းလျက် ရှိကြသည်''ဟု သတင်းစကား ကြားသိရ၍ ''ဤရန်သူများကို အဘယ်သူသွားရောက်၍

WWW.DHAMMARANSI.COM



နှိမ်နင်းမည်နည်း”ဟု တိုင်ပင်စကား ပြောကြားလတ်သော် “ငါအလျင် သွားမည်, ငါအလျင်သွားမည်”ဟု ပြောဆို၍ သူ့ထက်ငါဦးအောင် သွားကြလျှင်လည်း အညီအညွတ် အစည်းအဝေးမှ ထကြသည့်မည်၏။

မင်းတဦးဦး၏ အလုပ်ကိစ္စ ဆုတ်ယုတ်နေလျှင် ကျန်သောမင်းများ က သားများ, ညီများကို စေလွှတ်၍ ထိုမင်း၏ အလုပ်ကိစ္စကို ကူညီ ထောက်ပံ့ကြလျှင်ရင်း, ဧည့်သည်မင်းများ ရောက်ရှိလာလျှင် “ဤ မည်သော မင်း၏အိမ်သို့ သွားရောက်တည်းခိုပါ၊ ဤမည်သောမင်း၏ အိမ်သို့ သွားရောက်တည်းခိုပါ”ဟု တာဝန်တိမ်းရှောင်သည့်စကား မပြောကြားကြပဲ မင်းအားလုံးပင် တပေါင်းတည်း ညီညွတ်စွာ ချီးမြှောက်ပူဇော်ကြလျှင်ရင်း, မင်းတဦးဦးမှာ မင်္ဂလာကိစ္စဖြစ်စေ ရောဂါတခုခုဖြစ်စေ အခြားသောသုခဒုက္ခ ကိစ္စတခုခုဖြစ်စေ ဖြစ်ပေါ် လာလျှင် မင်းအားလုံးပင် ထိုကိစ္စ၌ အဖော်သဟဲအဖြစ် ကူညီဆောင် ရွက်ကြလျှင်ရင်း ဝဇ္ဇီတိုင်းရေးပြည်ရာများကို အညီအညွတ်ဆောင်ရွက် ကြသည် မည်၏)။

## (၃) တတိယ ကြီးပွါးကြောင်းတရား

**(ဘုရား)** ချစ်သားအာနန္ဒာ......ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့ သော အရာကို မပညတ်ပဲ ရှိကုန်၏လော၊ ပညတ်ပြီးသောအရာကို မပယ်ဖျက်ပဲ ရှိကုန်၏လော၊ ပညတ်ထားသမျှသော ရှေးဟောင်း ဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာကျင့်သုံးကုန်၏လော၊ သင်ချစ်သား အဘယ်သို့ ကြားရသနည်း။

**(အရှင်အာနန္ဒာ)** မြတ်စွာဘုရား....“ဝဇ္ဇီမင်းတို့သည် မပညတ် ခဲ့သောအရာကို မပညတ်ကုန်၊ ပညတ်ပြီးသောအရာကို မပယ်ဖျက် ကုန်၊ ပညတ်ထားသမျှသော ရှေးဟောင်းဝဇ္ဇီကျင့်ထုံးတို့ကို လိုက်နာကျင့်သုံးကုန်၏”ဟု အကျွန်ုပ် ကြားသိရပါသည်။

**(ဘုရား)** ချစ်သားအာနန္ဒာ........ဝဇ္ဇီမင်းတို့သည် မပညတ်ခဲ့ သော အရာကို မပညတ်ကြပဲ ပညတ်ပြီးသောအရာကို မပယ်ဖျက် ကြပဲ ပညတ်ထားသမျှသော ရှေးဟောင်းဝဇ္ဇီကျင့်ထုံးတို့ကို လိုက် နာကျင့်သုံးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့၏အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(ဤ၌။ ။ရှေးမင်းများလက်ထက်က မကောက်ယူဘူးသော အခွန်အတုတ် ငွေဒဏ်စသည်ကို ကောက်ယူကြလျှင် မပညတ်သောအရာကို ပညတ်ကြသည် မည်၏။ ရှေးမင်းတို့လက်ထက်က အစဉ်အဆက် ဆင်းသက်လာသော အခွန်အတုတ် ငွေဒဏ်စသည်ကို မကောက်ယူကြလျှင် ပညတ်ပြီးသောအရာကို ပယ်ဖျက်ကြသည် မည်၏။ "ဤသူကား လူဆိုးသူခိုးတည်း"ဟု ဖမ်းယူအပ်နှံလတ်သော် မစစ်မဆေးပဲ သတ်ရန် ဖြတ်ရန် ဆုံးဖြတ်ကြလျှင် ရှေးဟောင်းဝဇ္ဇီကျင့်ထုံးကို မလိုက်နာ မကျင့်သုံးကြသည် မည်၏။ ရှေးမင်းတို့ မပညတ်ခဲ့သောအရာကို အသစ်တဖန် ပညတ်ကြသော မင်းတို့၏ တိုင်းနိုင်ငံ၌ အခွန်သစ်စသည်တို့ဖြင့် အနှိပ်စက်ခံရကုန်သော တိုင်းသူပြည်သားတို့သည် "ငါတို့သည် အလွန်အမင်း အနှိပ်အစက် ခံနေရကုန်၏၊ ဤမျှမတရားသောမင်းတို့၏ နိုင်ငံ၌ အဘယ်သူ နေလိမ့်မည်နည်း"ဟု ညည်းတွားစိတ်ပျက်ကြကာ ပစ္စန္တရစ်သို့ ဝင်ရောက်၍ ကိုယ်တိုင်ပင် လူဆိုး သူဆိုးများ ဖြစ်ကြ၍သော်၎င်း, သို့မဟုတ် လက်ရှိလူဆိုးသူဆိုးတို့၏ အပေါင်းအသင်း ဖြစ်ကြ၍သော်၎င်း ဇနပုဒ်တိုက်နယ်ကို လုယက်တိုက်ဖျက် ပုတ်ခတ်ကြလေကုန်၏။

ရှေးမင်းတို့လက်ထက်က အစဉ်အဆက် ဆင်းသက်လာသော အခွန်အတုတ် ငွေဒဏ်စသည်ကို မကောက်ယူကြသော ပညတ်ပြီးသော အရာကို ပယ်ဖျက်ကြသည့် မင်းတို့၏ ဥစ္စာကျီကြများ တနေ့တခြား လျော့ပါးဆုတ်ယုတ်လေ၏၊ ထိုအခါ ဆင်, မြင်း, စစ်သည်ဗိုလ်ပါ, မောင်းမမိဿံ–စသော သူတို့သည် ရမြဲတိုင်းသော စားနပ်ရိက္ခာ လာဘ်သပ်ပကာကို မရကြကုန်ရကား အစွမ်းအားမှ ဆုတ်ယုတ်ကြကုန်ရကား စစ်မထိုးနိုင် မခစားနိုင်ကြပဲ ရှိကြရကုန်၏။

ရှေးဟောင်းဝဇ္ဇီကျင့်ထုံးကို မလိုက်နာမကျင့်သုံးကြသော မင်းတို့၏ နိုင်ငံ၌ လူတို့သည် "ငါတို့၏ သားကို အဖကို ညီကို အစ်ကိုကို ခိုးသူမဟုတ်ပါပဲလျက် ခိုးသူဟု ပြုလုပ်ကြကာ ဤမင်းတို့သည် သတ်ခဲ့ကြ ဖြတ်ခဲ့ကြလေပြီ"ဟု အမျက်ထွက်ကြ၍ ပစ္စန္တရစ်သို့ ဝင်ရောက်ပြီးလျှင် ကိုယ်တိုင်ပင် လူဆိုးသူဆိုးများ ဖြစ်ကြ၍၎င်း, သို့မဟုတ် လက်ရှိလူဆိုးသူဆိုးတို့၏ အသင်းအပင်း သူငယ်ချင်းများ ဖြစ်ကြ၍သော်၎င်း ဇနပုဒ်တိုက်နယ်ကို လုယက်တိုက်ဖျက် ပုတ်ခတ်ကြလေကုန်၏။ ဤသို့ ဖြစ်လတ်သော် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူတို့အဖို့ဆုတ်ယုတ်ခြင်း ဖြစ်လေတော့၏။

WWW.DHAMMARANSI.COM



ရှေးမင်းတို့ ပညတ်ခဲ့သောအရာကိုသာ ပညတ်ကြသော မင်းတို့၏ တိုင်းနိုင်ငံ၌ကား "ရာဇဝင်စဉ်ဆက် ဆင်းသက်လာသည်ကိုသာ မင်းတို့သည် ပြုလုပ်ကြသည်၊ အသစ်တဖန် ပညတ်ကြသည်မဟုတ်"ဟု အောက်မေ့ကြကာ တိုင်းသားပြည်သူ လူအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာဖြစ်ကြလျက် လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း–စသော မိမိတို့၏ အလုပ်များကို ပြည့်စုံစေကြကုန်၏။

ပညတ်ပြီးသောအရာကို မပယ်ဖျက်ကြပဲ ရှေးမင်းတို့လက်ထက်က အစဉ်အဆက် ဆင်းသက်လာသော အခွန်အတုတ်–စသည်ကို ကောက်ယူကြသော မင်းတို့၏ ဥစ္စာကျီကြများသည် တနေ့တခြား တိုးပွါးလေ၏၊ ထိုအခါ ဆင်, မြင်း, စစ်သည်ဗိုလ်ပါ, မောင်းမမိဿံ–စသော သူတို့သည် ရမြဲတိုင်းသော စားနပ်ရိက္ခာ လာဘ်သပ်ပကာကို ရကြကုန်ရကား ကိုယ်အား ဉာဏ်အား နှစ်ပါးနှင့် ပြည့်စုံကြကာ စစ်ထိုးနိုင်ကြ ခစားလုပ်ကျွေးနိုင်ကြလေကုန်၏။

ရှေးအခါက ဝဇ္ဇီမင်းတို့သည် "ဤသူကား သူခိုးဖြစ်ပါသည်"ဟု ခေါ်ဆောင်၍ ပြလာလျှင် "ထိုခိုးသူကို ဖမ်းကြလော့"ဟု လွယ်လွယ်ကူကူ ပေါ့ပေါ့စားစား မပြောကြားကြပဲ တရားစစ်ဆေးသူ အမတ်ကြီးတို့ထံ အပ်နှံကြကုန်၏၊ ထိုအမတ်ကြီးတို့သည် ထိုသူကို စိစိစစ်စစ် မေးမြန်းကြပြီးလျှင် ခိုးသူမဟုတ်က လွှတ်လိုက်ကြ၏၊ အကယ်၍ ခိုးသူဟု အမှတ်ရှိကြလျှင် မိမိတို့ကိုယ်တိုင်က မကောင်းမှုမှ ကြောက်ကြသောကြောင့် တစုံတရာ ဆုံးဖြတ်စကား မပြောကြားကြပဲ တရားဆုံးဖြတ်သူ အမတ်ကြီးတို့အား အပ်နှင်းပေးပို့ကြကုန်၏။ ထိုအမတ်ကြီးတို့ကလည်း စစ်ဆေးမေးမြန်းကြ၍ ခိုးသူမဟုတ်က လွှတ်လိုက်ကြ၏၊ အကယ်၍ ခိုးသူဟု အမှတ်ရှိကြ ယူဆကြလျှင် နီတိကျမ်းဆောင် သူခမိန်တို့ထံ ပေးပို့အပ်နှံကြကုန်၏။ ထိုသူခမိန်တို့ကလည်း စစ်ဆေးမေးမြန်းကြ၍ ခိုးသူမဟုတ်က လွှတ်လိုက်ကြ၏။ အကယ်၍ ခိုးသူဟု အမှတ်ရှိကြ ယူဆကြလျှင် (အဆက်ဆက်ဆောင်အပ်သည့် အမျိုးကြီးရှစ်ပါးတို့၌ ဖြစ်ပွါးကြ၍ အဂတိလေးပါးမှ ရှောင်ရှားကြသည့်) ခုံအဖွဲ့ဝင် လူကြီးရှစ်ဦးတို့ထံ အပ်နှံကြပြန်၏၊ ထိုလူကြီးတို့ကလည်း ရှေးနည်းအတူပြု၍ စစ်သူကြီးအား အပ်နှင်းကြကုန်၏။ စစ်သူကြီးမှတဆင့် အိမ်ရှေ့မင်း, အိမ်ရှေ့မင်းမှတဆင့် မင်းကြီးအား အပ်နှင်း၏။ မင်းကြီးသည် စစ်ဆေးမေးမြန်း၍ ခိုးသူမဟုတ်က လွှတ်လိုက်၏၊ အကယ်၍ ခိုးသူစင်စစ် ဖြစ်နေခဲ့လျှင် အစဉ်အဆက် ဆင်းသက်လာသော ဓမ္မသတ်ကျမ်းကို ဖတ်စေ၏။

WWW.DHAMMARANSI.COM



ထိုကျမ်း၌ "အကြင်သူသည် ဤမည်သောအမှုကိုပြုအံ့၊ ထိုသူအား ဤမည်သောဒဏ် ပေးရမည်"ဟု အတိအလင်း ရေးသားထားအပ်လေသည်။ မင်းကြီးသည် ထိုသူ၏အမှုကို ထိုဓမ္မသတ်ကျမ်းနှင့် ညှိနှိုင်းပြီးမှ ထိုအမှုအား လျော်သောဒဏ်ကို ချမှတ်တော်မူလေသည်။

ဤသို့လျှင် ဤဖော်ပြရာပါ ရှေးဟောင်းဝဇ္ဇီကျင့်ထုံးကို လိုက်နာကျင့်သုံးကြသော မင်းတို့အား လူတို့သည် မကဲ့ရဲ့ကြပဲ "မင်းများသည် ရှေးဟောင်းကျင့်ထုံးအတိုင်း အမှုကို ဆုံးဖြတ်ကြလေသည်၊ ဤမင်းတို့အား အပြစ်မရှိ၊ ဤမင်းတို့၏ အပြစ်မဟုတ်၊ ငါတို့၏ အပြစ်သာဖြစ်ချေသည်"ဟု အောက်မေ့ကျေနပ်ကြကာ မမေ့မလျော့ မိမိတို့၏ အလုပ်များကို ရိုးသားစွာ ပြုလုပ်ကြကုန်၏၊ ဤသို့ ပြုလတ်သော် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သော သူတို့အဖို့ တိုးတက် ကြီးပွါးခြင်း ဖြစ်လေတော့၏)။

## (၄) စတုတ္ထ ကြီးပွါးကြောင်းတရား

**(ဘုရား)** ချစ်သားအာနန္ဒာ....ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော၊ ထို အသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည် ဟု ထင်မှတ်ကြကုန်၏လော၊ သင်ချစ်သား အဘယ်သို့ ကြားသိရသနည်း။

**(အရှင်အာနန္ဒာ)** မြတ်စွာဘုရား...."ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ ထို အသက်ကြီးသူတို့၏ စကားကိုလည်း နာယူသင့်သည်ဟု ထင်မှတ်ကြကုန်၏"ဟု အကျွန်ုပ် ကြားသိရပါသည်။

**(ဘုရား)** ချစ်သားအာနန္ဒာ....ဝဇ္ဇီမင်းတို့သည် အသက်ကြီးသော ဝဇ္ဇီမင်းတို့ကို အရိုအသေပြုကုန်လျက် အလေးပြုကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်ကုန်လျက် ထိုအသက်ကြီးသူတို့၏စကားကိုလည်း နာယူသင့်သည် ဟု ထင်မှတ်ကြ၍ နေကြသမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့၏အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(ကောင်းသောဥပကာရအထူး ကျေးဇူးပြုသည်ကို အရိုအသေ ပြု၏ဟု ခေါ်၏။ "ဤသူတို့ကား ငါတို့၏ ကျောက်ထီးအတူ အလေး မူအပ်သောသူတို့တည်း" ဟု အလေးမူသောစိတ်ကို အဖန်ဖန်ဖြစ်စေ၍ ပြုလုပ်သည်ကို အလေးပြု၏ဟု ခေါ်၏။ စိတ်ပါလက်ပါ ချစ်ခင်စွာ ပြုမူသည်ကို မြတ်နိုး၏ဟု ခေါ်၏။ မာန်မာန နှိမ့်ချ၍ ပြုမူသည်ကို ပူဇော်၏ဟု ခေါ်၏။ ထိုသူတို့ထံ တနေ့လျှင် ၂-ကြိမ် ၃-ကြိမ် ဆည်း ကပ်၍ ပြောဆိုအပ်သည်ကို နာကြားမှုကို "ထိုသူတို့၏ စကားကို နာကြားသင့်သည်ဟု မှတ်ယူခြင်း" ဟု ခေါ်၏။

ဤကဲ့သို့ အသက်ကြီးသော မင်းတို့၏အပေါ်မှာ အရိုအသေပြုခြင်း စသော အမှုကို မပြုကြသော, အဆုံးအမခံယူရန် ထိုအသက်ကြီးသော မင်းတို့ထံ မဆည်းကပ်ကြသော မင်းပျိုမင်းလွင်များမှာ ထိုအသက် ကြီးသော မင်းတို့က ဥပေက္ခာပြု လျစ်လျူရှုကာ အစွန့်အပစ်ခံကြရ ကုန်သည်ဖြစ်၍ အဆုံးအမ ဩဝါဒကို မရရှိကြပဲ မူးထူးပျော်ပါး ကစားမူးမေ့ကြကုန်လျက် မင်းစည်းစိမ်မှ ဆုတ်ယုတ်ဆုံးရှုံးကြကုန်၏။

အသက်ကြီးသော မင်းတို့၏ အပေါ်မှာ အရိုအသေမှု-စသည်ကို ပြုကြသော မင်းတို့အား အသက်ကြီးသော မင်းတို့သည် "ဤ အမှုကို ပြုသင့်၏၊ ဤအမှုကို မပြုသင့်" ဟု ရှေးအစဉ်အလာ ကျင့်ထုံးများကို ပြောကြားကြကုန်၏၊ စစ်ရေး ကြုံလာလျှင်လည်း "ဤသို့ ဝင်သင့်၏၊ ဤသို့ ထွက်သင့်၏" စသည်ဖြင့် နည်းလမ်းဥပါယ်ကို ပြကြကုန်၏၊ ထို မင်းတို့သည် ထိုအသက်ကြီးသော မင်းတို့က ဆုံးမနည်းညွှန်အပ်ကုန် ရကား ဆုံးမသည့်အတိုင်း ကျင့်ကြကုန်သည်ဖြစ်၍ မင်းအစဉ်အဆက် =ရာဇဝင်ကို ကာလမြင့်ရှည် တည်အောင် ရှက်ဆောင်နိုင်စွမ်း ရှိကြ လေကုန်၏)။

## (၅) ပဉ္စမ ကြီးပွါးကြောင်းတရား

(ဘုရား) ချစ်သားအာနန္ဒာ ···· ဝဇ္ဇီမင်းတို့သည် အမျိုးသမီး ကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်း ပိုက်ပဲ ရှိကြ၏လော၊ သင်ချစ်သား အဘယ်သို့ ကြားသိရသနည်း။

(အရှင်အာနန္ဒာ) မြတ်စွာဘုရား···· "ဝဇ္ဇီမင်းတို့သည် အမျိုး သမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကြကုန်" ဟု အကျွန်ုပ် ကြားသိရပါသည်။

WWW.DHAMMARANSI.COM



(ဘုရား) ချစ်သားအာနန္ဒာ ···· ဝဇ္ဇီမင်းတို့သည် အမျိုးသမီးကြီး အမျိုးသမီးငယ်တို့ကို အတင်းဆွဲငင်၍ အနိုင်အထက် မသိမ်းပိုက်ကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့၏ အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(ဤဥ်။ ။အိမ့်ရှင်မ အမျိုးသမီးကြီးများနှင့် သမီးပျိုများကို "ငါ့မင်းပဲ" ဟု အတင်းဆွဲငင်၍ အနိုင်အထက် သိမ်းပိုက်ကြသော မင်းတို့၏ နိုင်ငံ၌ လူတို့သည် "ငါတို့အိမ်မှာ သားသယ်မိခင်တို့ကိုငင်း, တံတွေး, နှပ်-စသည်တို့ကို မရွံမရှာ ခံတွင်းဖြင့် စုတ်ယူဖယ်ရှားကြကာ တမြတ်တနိုး ပြုစုမွေးကျွေးသုတ်သင် ကြီးပွါးစေခဲ့ရသော သမီးပျိုများကိုငင်း ဤမင်းတို့သည် အနိုင်အထက် သိမ်းပိုက်ကြ၍ မိမိနန်းအိမ်၌ နေစေကြကုန်၏" ဟု အမျက်ထွက်ကြကာ ပစ္စန္တရစ်သို့ ဝင်ရောက်ကြပြီးလျှင် ကိုယ်တိုင်ပင် လူဆိုး သူဆိုးများဖြစ်ကြ၍သော်ငင်း, လက်ရှိလူဆိုး သူဆိုးတို့၏ အပင်းအသင်း သူငယ်ချင်းဖြစ်ကြ၍သော်ငင်း ဇနပုဒ် တိုက်နယ်ကို လုယက်တိုက်ဖျက် ပုတ်ခတ်ကြလေကုန်၏၊ ဤသို့ဖြစ်လတ်သော် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သော သူတို့အဖို့ ဆုတ်ယုတ်ခြင်း ဖြစ်လေတော့၏။

အိမ့်ရှင်မ အမျိုးသမီးကြီးများနှင့် သမီးပျိုများကို အနိုင်အထက် မသိမ်းပိုက်ကြသော မင်းတို့၏ နိုင်ငံ၌ကား လူတို့သည် စိုးရိမ်ကြောင့်ကြခြင်း ကင်းကြလျက် မိမိတို့ဆိုင်ရာ အလုပ်ကိစ္စများကို ရှက်ဆောင်ပြုလုပ်ကြကာ မင်း၏ဥစ္စာဘဏ္ဍာကျီကြကို တိုးပွါးစေကြကုန်၏၊ ဤသို့ဖြစ်လတ်သော် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သောသူတို့အဖို့ တိုးတက်ကြီးပွါးခြင်း ဖြစ်လေတော့၏)။

## (၆) ဆဋ္ဌ ကြီးပွါးကြောင်းတရား

(ဘုရား) ချစ်သားအာနန္ဒာ....ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ ရှေးဝဇ္ဇီမင်းတို့၏ နတ်ကွန်း (= စေတီ) များကို အရိုအသေပြုကုန်၏လော၊ အလေးပြုကုန်၏လော၊ မြတ်နိုးကုန်၏လော၊ ပူဇော်ကုန်၏လော၊ ထို နတ်ကွန်းတို့အား ရှေးကပေးမြဲ, ပြုမြဲဖြစ်သော တရားနှင့် လျော်သည့် ဗလိနတ်စာကိုလည်း မဆုတ်ယုတ်စေပဲ ရှိကုန်၏လော၊ သင်ချစ်သား အဘယ်သို့ ကြားသိရသနည်း။

WWW.DHAMMARANSI.COM



(အရှင်အာနန္ဒာ) မြတ်စွာဘုရား…. "ဝဇ္ဇီမင်းတို့သည် မြို့တွင်း မြို့ပြင်ရှိ ရှေးဝဇ္ဇီမင်းတို့၏ နတ်ကွန်း (=စေတီ) များကို အရို အသေပြုကုန်၏၊ အလေးပြုကုန်၏၊ မြတ်နိုးကုန်၏၊ ပူဇော်ကုန်၏၊ ထိုနတ်ကွန်းတို့အား ရှေးကပေးမြဲ, ပြုမြဲဖြစ်သော တရားနှင့်လျော် သည့် ဗလိနတ်စာကိုလည်း မဆုတ်ယုတ်စေကုန်" ဟု အကျွန်ုပ် ကြားသိရပါသည်။

(ဘုရား) ချစ်သားအာနန္ဒာ....ဝဇ္ဇီမင်းတို့သည် မြို့တွင်းမြို့ပြင်ရှိ ရှေးဝဇ္ဇီမင်းတို့၏ နတ်ကွန်း(=စေတီ)များကို အရိုအသေပြုကြ လျက် အလေးပြုကြလျက် မြတ်နိုးကြလျက် ပူဇော်ကြလျက် ထို နတ်ကွန်းတို့အား ရှေးကပေးမြဲ, ပြုမြဲဖြစ်သော ဗလိနတ်စာကို လည်း မဆုတ်ယုတ်စေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့ အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(မြို့တွင်း မြို့ပြင်ရှိ ရှေးဟောင်းနတ်ကွန်း(=စေတီ) များကို ရိုသေ လေးမြတ်ပူဇော်မှု မပြုကြပဲ ရှေးကပေးမြဲ, ပြုမြဲဖြစ်သော တရားနှင့် ညီလျော်သည့် ဗလိနတ်စာကို ဆုတ်ယုတ်စေကြ=မပေးကြသော မင်း တို့အား နတ်တို့သည် အစောင့်အရှောက် ကောင်းစွာချထားမှုကို မပြုကြ ကုန်၊ မဖြစ်သေးသော ဆင်းရဲဒုက္ခကို ဖြစ်စေရန် မစွမ်းနိုင်ကြသော် လည်း ဖြစ်နေဆဲရှိသော ချောင်းဆိုးနာ ခေါင်းခဲနာ-စသည်တို့ကို တိုးပွါးစေတတ်ကုန်၏။ စစ်ရေးစစ်ပွဲ ကြုံလတ်သော် အဖော်သဟာ မဖြစ် ကြကုန်၊ ထိုသို့ ဖြစ်လတ်သော် မင်းတို့အဖို့ ဆုတ်ယုတ်ခြင်း ဖြစ်လေ တော့၏။

တရားနှင့်ညီလျော်သည့် ဗလိနတ်စာကို မဆုတ်ယုတ်စေကြ=ပေးမြဲ ပေးကြ ပြုမြဲပြုကြသော မင်းတို့အားကား နတ်တို့သည် အစောင့်အရှောက် ကောင်းစွာချထားမှု ပြုကြကုန်၏၊ မဖြစ်သေးသော ချမ်းသာသုခကို ဖြစ်စေရန် မစွမ်းနိုင်ကြသော်လည်း ဖြစ်နေဆဲရှိသော ချောင်းဆိုးနာ ခေါင်းခဲနာ-စသည်တို့ကို လျင်စွာပျောက်ကင်းစေကုန်၏၊ စစ်ရေးစစ်ပွဲ ကြုံလတ်သော် စစ်ဦး၌ မိမိဖက်က စစ်သည်ဗိုလ်ပါကို နှိပ်ဆိတ် သံးဆယ်(တဖက်ရန်သူတို့)ထင်မြင်စေခြင်း, ထို တဖက်ရန်သူတို့အား ကြောက်မက်ဖွယ်အဖြစ်ကို ပြခြင်း-စသည်ဖြင့် အဖော်သဟာ ဖြစ်ကြ ကုန်၏၊ ထိုသို့ ဖြစ်လတ်သော် မင်းတို့အဖို့ တိုးတက် ကြီးပွါးခြင်း ဖြစ်လေတော့၏)။

WWW.DHAMMARANSI.COM



(၇) သတ္တမ ကြီးပွါးကြောင်းတရား

(ဘုရား) ချစ်သားအာနန္ဒာ ··· ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့ ကြွလာခြင်း၄ါ, ကြွရောက်လာပြီးသောရဟန္တာတို့လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာ နေရခြင်း၄ါ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့အား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လျက် လုံခြုံစေမှုကို ကောင်းစွာ စီမံပေးကုန်၏လော၊ သင်ချစ်သား အဘယ်သို့ ကြားသိရသနည်း။

(အရှင်အာနန္ဒာ) မြတ်စွာဘုရား··· "ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့ ကြွလာခြင်း၄ါ, ကြွရောက်လာပြီးသော ရဟန္တာတို့လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေရခြင်း၄ါ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့အား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်ကြလျက် လုံခြုံစေမှုကို ကောင်းစွာ စီမံပေးကုန်၏" ဟု အကျွန်ုပ်ကြားသိရပါသည်ဘုရား။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ ···· ဝဇ္ဇီတိုင်းသို့ မကြွလာသေးသော ရဟန္တာတို့ ကြွလာခြင်း၄ါ, ကြွရောက်လာပြီးသော ရဟန္တာတို့လည်း ဝဇ္ဇီတိုင်း၌ ချမ်းသာစွာနေရခြင်း၄ါ ဝဇ္ဇီမင်းတို့သည် ရဟန္တာတို့အား တရားနှင့်အညီ စောင့်ရှောက်ကာကွယ်ကြလျက် လုံခြုံစေမှုကို ကောင်းစွာ စီမံပေးနေကြသမျှ ကာလပတ်လုံး ဝဇ္ဇီမင်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အကြောင်းမရှိပေ။

(ဤ၌။ ။အလိုမရှိအပ်သည့် အန္တရာယ်များ မရောက်အောင် ပြုလုပ်ပေးမှုကို စောင့်ရှောက်မှု, ကာကွယ်မှုဟု ခေါ်၏။ အလိုရှိအပ်သော အရာဝတ္ထုများ မပျက်စီးအောင် ထိန်းသိမ်းမှုကို လုံခြုံစေမှုဟုခေါ်၏။ ထိုသို့ စောင့်ရှောက်ကာကွယ်လုံခြုံစေရာ၌ စစ်သည်ဗိုလ်ပါတပ်ကြီးဖြင့် ဝန်းရံ၍ စောင့်ရှောက်ခြင်းသည် ရဟန်းတို့အဖို့ရာ တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လုံခြုံစေခြင်း မမည်၊ စင်စစ်သော်ကား ကျောင်းတိုက်၏ အနီးဖြစ်သော တော၌ သစ်ပင်များကို မခုတ်လှည်းအောင်, မုဆိုးများ သားကောင်တို့ကို ဖမ်းဆီးပစ်ခတ် သတ်ဖြတ်မှုမပြုအောင်, ကျောင်းတိုက် အနီး ရေကန်များ၌ လူများ ငါးတို့ကို မဖမ်းယူအောင် ပြု

WWW.DHAMMARANSI.COM



လုပ်ပေးခြင်းသည် တရားနှင့်အညီ စောင့်ရှောက်ကာကွယ်လုံခြုံစေခြင်း မည်၏။

"တုံ့ ထုံ့ ကာမာ၊ စသည်မှာ၊ စိတ်သာမှတ်သားစွဲ" ပါဠိဘာသာ၌ ကတ္တုံ၊ ကရဏတ္ထံ၊ ကာတုကာမော-စသည်ဖြင့်ရင်း၊ မြန်မာဘာသာ၌ ပြုခြင်းငှါ၊ ပြုလိုသည်ဖြစ်၍-စသည်ဖြင့်ရင်း ဟောကြားရေးသားလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်၏ မနသာဝဝတ္ထာပိတခေါ်သော စိတ်နှလုံးသွင်းကို ဖော်ပြသည်။

ထို့ကြောင့် ဤ၌"မကြွလာသေးသော ရဟန္တာတို့ ကြွလာခြင်းငှါ၊ ကြွရောက်လာပြီးသော ရဟန္တာတို့လည်း ချမ်းသာစွာ နေရခြင်းငှါ" ဟူသော စကားရပ်ဖြင့်"ငါတို့နိုင်ငံသို့ ဘယ်လိုနည်းဖြင့် မလာရောက်ကြသေးသော ရဟန္တာများ လာရောက်ကြပါမည်နည်း၊ ဘယ်လိုနည်းဖြင့် ကြွရောက်လာပြီးသော ရဟန္တာတို့ ချမ်းသာစွာ နေကြရပါမည်နည်း"ဟူ၍ ထိုဝဇ္ဇီမင်းတို့၏ သန္တာန်၌ နှလုံးသွင်း စိတ်ဖြစ်ပုံကို ပြဆိုသည်။

ထိုစကားရပ်၌ မကြွလာသေးသော ရဟန္တာတို့ ကြွလာခြင်းကို အလိုမရှိကြသော မင်းတို့သည် သဒ္ဓါတရားမရှိသူ ရတနာသုံးပါး၌ မကြည်ညိုသူများ ဖြစ်ကြကုန်၏၊ ထိုမျှသာမကသေး ထိုမင်းများသည် မိမိတို့နိုင်ငံသို့ ရဟန်းတော်များ ရောက်ဆိုက်လာသောအခါ ခရီးဦးကို မကြိုကြကုန်၊ သွားရောက်၍ ဖူးမျှော်မှု မပြုကြကုန်၊ အစေ့အစပ်စကား မပြောကြားကြကုန်၊ ပြဿနာကို မမေးလျှောက်ကြကုန်၊ တရားကို မနာကြကုန်၊ အလှူဒါနကို မပေးကြကုန်၊ အနုမောဒနာတရား မနာကြားကြကုန်၊ ထိုရဟန်းတို့အတွက် နေရာထိုင်ခင်း အလျှင်းမစီမံကြကုန်။ ထိုအခါ ထိုမင်းတို့အဖို့ရာ "ဤမည်သောမင်းသည် သဒ္ဓါတရားမရှိ၊ ရတနာသုံးပါး၌ မကြည်ညို၊ ရဟန်းတော်များ မိမိနိုင်ငံသို့ ရောက်ဆိုက်လာသောအခါ ခရီးဦးကြိုဆိုမှုကို မပြု၊ (ပ)၊နေရာထိုင်ခင်း အလျှင်းမစီမံချေ"ဟူ၍ မကောင်းသတင်း ပြန့်နှံ့ကျော်စောလေ၏။ ထိုအကြောင်းကိုကြား၍ ရဟန်းတို့သည် ထိုမင်း၏မြို့တံခါးဖြင့် ခရီးမသွားကြတော့ကုန်၊ မတတ်သာ၍ မြို့တံခါးအနီးမှ ခရီးသွားကြသော်လည်း မြို့တွင်းသို့ မဝင်ကြတော့ကုန်၊ ဤသို့ဖြစ်လတ်သော် မလာရောက်သေးသော ရဟန္တာတို့၏ မလာရောက်ခြင်းသာလျှင် ဖြစ်လေတော့၏။

ကြွရောက်လာပြီးသောရဟန်းတို့ ချမ်းသာစွာ နေထိုင်ရမှု မရှိလျှင်လည်း မသိ၍ လာရောက်ကြသောရဟန်းတို့ပင် "ငါတို့သည် ဤမြို့၌ နေကုန်အံ့ဟု ကြံစည်၍ လာမိကြကုန်၏၊ သို့သော်လည်း ဤမင်းတို့

WWW.DHAMMARANSI.COM



ဤနည်းအတိုင်းသာ ကျင့်ကြံနေကြလျှင် အဘယ်သူသည် နေတော့အံ့နည်း"ဟု ကဲ့ရဲ့ပြောဆိုကာ ထွက်သွားကြလေကုန်၏။ ဤသို့ မလာသေးသောရဟန်းတို့ မလာရောက်ကြလျှင်ငင်း, ကြွရောက်လာပြီးသောရဟန်းတို့ ဆင်းရဲစွာ နေကြရကုန်လျှင်ငင်း ထိုအရပ်ဒေသသည် ရဟန်းတို့၏နေရာ မဟုတ်တော့ချေ၊ ထိုအခါ နတ်တို့အစောင့်အရှောက်ဟူ၍ မရှိတော့ချေ၊ နတ်တို့စောင့်ရှောက်မှု မရှိလတ်သော် ဘီလူးတို့သည် အခွင့်ရကြလေကုန်၏၊ ထိုဘီလူးများ ပြောများလတ်သော် မဖြစ်သေးသော အနာရောဂါ (=မဖြစ်ဘူးသောအနာရောဂါ) ကို ဖြစ်စေကြကုန်၏၊ သီလရှိသူပုဂ္ဂိုလ်မြတ်တို့ကို ဖူးမြော်ခြင်း ပြဿနာမေးလျှောက်ခြင်း စသည်လျှင် အကြောင်းရင်းရှိသော ကုသိုလ်ကောင်းမှုလည်း မဖြစ်ပွါးတော့ချေ။ ထိုသို့ဖြစ်လတ်သော် မင်းတို့အဖို့ ဆုတ်ယုတ်ခြင်း ဖြစ်လေတော့၏။ ။ဤမှ အပြန်အားဖြင့် တိုးတက်ကြီးပွါးခြင်းကို ရှေးနည်းကို မှီး၍ သိအပ်၏။)

ထို့နောက် မြတ်စွာဘုရားရှင်သည် မဂဓတိုင်းအမတ်ကြီးဖြစ်သူ ဝဿကာရပုဏ္ဏားကို—

"ပုဏ္ဏား....အခါတပါး၌ (=တချိန်က)ငါဘုရားသည် ဝေသာလီပြည် သာရန္ဒဒနတ်ကွန်း၌ နေစဉ် ဝဇ္ဇီမင်းတို့အား ဤအပရိဟာနိယ(=ကြီးပွါးကြောင်း)တရား ခုနစ်ပါးတို့ကို ဟောကြားခဲ့လေပြီ။

ပုဏ္ဏား.... ဤအပရိဟာနိယ (=ကြီးပွါးကြောင်း) တရားခုနစ်ပါးတို့သည် ဝဇ္ဇီမင်းတို့၌ တည်၍ ဝဇ္ဇီမင်းတို့သည်လည်း ဤအပရိဟာနိယတရား ခုနစ်ပါး တို့ ကို ကောင်းစွာ ကျင့်သုံးနေကြသမျှကာလပတ်လုံး ဝဇ္ဇီမင်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်း မရှိပေ"—

ဟု မိန့်ဆိုတော်မူလေ၏။ ထိုအခါ ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားရှင်ကို—

"အရှင်ဂေါတမ....အပရိဟာနိယတရား တပါးပါးနှင့် ပြည့်စုံလျှင်ပင် ဝဇ္ဇီမင်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပါ၏၊

WWW.DHAMMARANSI.COM



ဆုတ်ယုတ်ရန် အလျှင်းမရှိပါ၊ အပရိဟာနိယတရား ခုနစ်ပါးလုံးတို့နှင့် ပြည့်စုံကြပါမူကား အဘယ်မှာ ဆိုဖွယ်ရာ ရှိပါအံ့နည်း။

အိုအရှင်ဂေါတမ ···· အဇာတသတ်မင်းသည် (၁) ဖြားယောင်းမှုကိုဖြစ်စေ (၂)အချင်းချင်း စိတ်ဝမ်းကွဲစေမှုကိုဖြစ်စေ မပြုလုပ်ပဲ စစ်တိုးကာမျှဖြင့် ဝဇ္ဇီတိုင်းကို သိမ်းပိုက်နိုင်ဖွယ်မရှိပါ။

အိုအရှင်ဂေါတမ ···ကိုင်း··· အကျွန်ုပ်တို့သည် ယခုအခါ သွားပါကုန်အံ့၊ အကျွန်ုပ်တို့သည် များသောကိစ္စ များသောပြုဖွယ်ရှိသူများ ဖြစ်ကြပါသည်"—

ဟု လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ဝဿကာရပုဏ္ဏားကို "ပုဏ္ဏား....ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏ (＝သွားရန်မှာ သင်၏အလိုအတိုင်းပင် ဖြစ်၏)"ဟု ခွင့်ပြုစကားမိန့်ကြားတော်မူလေ၏။ ထိုအခါ ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရား၏ စကားကို အလွန်နှစ်သက်စွာ ခံယူ၍ ဝမ်းမြောက်စွာ ချီးကျူးပြီးနောက် နေရာမှထကာ ပြန်သွားလေ၏။

(မြတ်စွာဘုရားရှင် ပွင့်တော်မမူမီ ထိုနေရာ၌ သာရန္ဒဒနတ်ဘီလူး၏ နေထိုင်ရာနတ်ကွန်းစေတီဖြစ်ခဲ့၏၊ ထိုနောက် ဘုရားရှင် ပွင့်တော်မူလာသောအခါ ထိုနေရာ၌ မြတ်စွာဘုရားရှင်အတွက် ကျောင်းတိုက် ဆောက်လုပ်လှူဒါန်းကြသဖြင့် ထိုကျောင်းတိုက်သည် သာရန္ဒဒနတ်ကွန်းကျောင်းတိုက်ဟု အမည်တွင်လေသည်။

ပုဏ္ဏားပြန်၍ ပြောကြားသောစကားရပ်၌—(၁) ဖြားယောင်းမှုဟူသည်မှာ "ငါတို့အဖို့ရာ ခိုက်ရန်ငြင်းခုံမှုပြုသဖြင့် အကျိုးမရှိပါ၊ ယခုအခါ ညီညွတ်ကြပါစို့"ဟု ငြိမ်းချမ်းရေးစကား ပြောဆိုကာ ဆင်,မြင်း,ရထား,ရွှေ,ငွေ-စသော လက်ဆောင်ပဏ္ဏာများကို ပို့ဆက်၍ချီးမြှောက်မှု(＝ရန်သူ၏စိတ်ကို မိမိအလိုပါအောင် ဆွဲယူမှု) ပြုခြင်းကို ခေါ်ဆိုသည်။ ဤကဲ့သို့ သင်္ဂြိုဟ်ချီးမြှောက်မှု＝ဖြားယောင်းမှုကို ပြုပြီးမှ ရင်းနှီးခင်မင် အကျွမ်းဝင်လာသောအခါ အလွယ်တကူနှင့် ဖမ်းယူသိမ်းပိုက်နိုင်မည်-ဟု ဆိုလိုရင်းဖြစ်သည်။ (၂) အမှတ်ပါ စကားရပ်ဖြင့် ဝဇ္ဇီမင်းများကို အချင်းချင်းစိတ်ဝမ်းကွဲပြားအောင် ပြုလုပ်၍လည်း ဖမ်း

WWW.DHAMMARANSI.COM



ယူသိမ်းပိုက်နိုင်မည်-ဟူသောအဓိပ္ပါယ်ကိုဖော်ပြ၏။ ဤနည်းလမ်းဥပါယ် (၂)ရပ်ကို ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရား၏ ဟောကြားချက်ဖြင့် နည်းမှီးရ၍ လျှောက်ဆိုလေသည်။ ဤ၌ မေး,ဖြေဖွယ်ရှိသည်ကား—

(မေး) မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်က ဤကဲ့သို့ ဟောလိုက်လျှင် ဝဿကာရပုဏ္ဏားကြီး (ဝဇ္ဇီမင်းတို့ကို သိမ်းပိုက်ရန်) နည်းရသွားမည်ကို မသိဘူးလော။

(ဖြေ) မသိမဟုတ် သိပါ၏။

(မေး) သိတော်မူပါလျက် အဘယ့်ကြောင့် ဟောတော်မူသနည်း။

(ဖြေ) ဝဇ္ဇီမင်းတို့ကို သနားစောင့်ရှောက်သဖြင့် ဟောကြားတော်မူ၏။ ချဲ့ဦးအံ့-မြတ်စွာဘုရားရှင်၏ ရွှေဉာဏ်တော်ဝယ် "ငါဘုရားမဟောကြားလျှင်လည်း အဇာတသတ်မင်းသည် နှစ်ရက်သုံးရက်အတွင်း သွားရောက်၍ ဝဇ္ဇီမင်းအားလုံးတို့ကို ဖမ်းယူသိမ်းပိုက် သတ်ဖြတ်လိမ့်မည်၊ ဟောကြားလျှင်ကား(အကြမ်းနည်းမဖက်ပဲ) ဘေဒဥပါယ်ကို သုံးကာ ညီညွတ်နေသော လိစ္ဆဝီ=ဝဇ္ဇီမင်းတို့ကို စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်လျက် သုံးနှစ်ကြာမှ သွားရောက်၍ ဝဇ္ဇီမင်းအားလုံးတို့ကို ဖမ်းယူသိမ်းပိုက် သတ်ဖြတ်လိမ့်မည်၊ ဤမျှ သုံးနှစ်ကြာ အသက်ရှည်နေရခြင်းသည်လည်း ချီးမွမ်းအပ် မြတ်လှပေ၏၊ မှန်၏-ဤမျှသုံးနှစ်ကြာ အသက်ရှင်ကြရကုန်လျှင်ပင် လိစ္ဆဝီ=ဝဇ္ဇီမင်းတို့သည် မိမိတို့၏ ထောက်တည်ရာကုသိုလ်ကောင်းမှုကို ပြုလုပ်နိုင်ကြပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်သိမြင်ခြင်းဖြစ်လေသည်။ ထို့ကြောင့် ဝဇ္ဇီမင်းတို့ကို သနားစောင့်ရှောက်သဖြင့် ဟောကြားတော်မူ၏)။

### ဝဿာလီပြည် ပျက်စီးခြင်း

ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားရှင်ထံတော်မှ ဖဲခွဲလေ၍ အဇာတသတ် မင်းထံသို့ ရောက်ရှိလေလျှင် အဇာတသတ်မင်းသည် ဝဿကာရပုဏ္ဏားကို "ဆရာ....မြတ်စွာဘုရားရှင်က ဘယ်လိုများ မိန့်ကြားတော်မူလိုက်ပါသနည်း" ဟု မေးလေ၏။ ဝဿကာရပုဏ္ဏားသည် "အိုအရှင်မင်းမြတ်....ရဟန်းဂေါတမ၏ စကားအရဆိုလျှင် ဝဇ္ဇီမင်းတို့ကို အခြားနည်းလမ်းဖြင့် ဖမ်းဆီးသိမ်းပိုက်ရန် မစွမ်းနိုင်၊ စင်စစ်သော်ကား ဖြားယောင်းခြင်းဖြင့်

WWW.DHAMMARANSI.COM



သော်၎င်း, အချင်းချင်းကွဲပြားအောင် ပြုလုပ်ခြင်းဖြင့်သော်၎င်း ဤနှစ်နည်းသာ ဖမ်းဆီးသိမ်းပိုက်ခြင်းငှါ စွမ်းနိုင်၏”ဟု တင်လျှောက်လေ၏။

ထိုအခါ အဇာတသတ်မင်းသည် ဝဿကာရပုဏ္ဏားကို “ဖြားယောင်းခြင်းဖြင့် (= ဖြားယောင်းသည့်နည်းကို သုံးလျှင်) ငါတို့၏ ဆင်, မြင်း စသည်တို့ ပျက်စီးကုန်ကြလိမ့်မည်၊ စိတ်ဝမ်းကွဲပြားအောင် ပြုလုပ်ခြင်း = ဘေဒဥပါယ်ဖြင့်သာ ထိုဝဇ္ဇီမင်းတို့ကို ဖမ်းဆီးသိမ်းပိုက်ပေအံ့၊ အဘယ်သို့ ပြုရမည်နည်း ဆရာ....”ဟု မေးလေ၏။ ဝဿကာရပုဏ္ဏားက “မြတ်သောမင်းကြီး.... ထိုသို့ဖြစ်လျှင် အရှင်မင်းကြီးတို့သည် ဝဇ္ဇီမင်းများကို အကြောင်းပြု၍ မှူးမတ် ဗိုလ်ပါ ပရိသတ်အစုံအညီ၌ ဝဇ္ဇီမင်းများနှင့် စစ်ထိုးမည့်အကြောင်းစကား ပြောကြားတော်မူပါလော့၊ ထိုအခါ အကျွန်ုပ်က ‘မြတ်သောမင်းကြီး.... အရှင်မင်းကြီးမှာ ထိုဝဇ္ဇီမင်းတို့ဖြင့် (= ထိုဝဇ္ဇီမင်းများနှင့် စစ်ထိုးခြင်းဖြင့်) အဘယ်အကျိုးရှိအံ့နည်း၊ ထိုဝဇ္ဇီမင်းတို့သည် မိမိတို့၏ ဥစ္စာတို့ဖြင့် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း စသည်တို့ကို ပြုလုပ်ကြ၍ အသက်ရှင်ကြပါကုန်စေ’ဟု ပြောဆိုကာ (သဘောမတူသော အမူအရာဖြင့်) နေရာမှထ၍ သွားပါအံ့။ ထိုအခါ အရှင်မင်းကြီးတို့သည် ‘အချင်းတို့....ဤဝဿကာရပုဏ္ဏားက ဝဇ္ဇီမင်းတို့ကို အကြောင်းပြု၍ ငါစစ်ထိုးမည်ဟူသောစကားကို အဘယ့်ကြောင့် တားမြစ်ရသနည်း’ဟု အမျက်ထွက်သည့်အဟန် မိန့်ဆိုတော်မူကြပါ။ ထို့ပြင်လည်း ကျွန်ုပ်က နေ့ခင်းကြောင်တောင်မှာပင် ဝဇ္ဇီမင်းတို့ထံ လက်ဆောင်ပဏ္ဏာကို ပို့ဆက်ပါမည်၊ ထိုလက်ဆောင်များကိုလည်း ဖမ်းယူစေ၍ အရှင်မင်းကြီးတို့သည် အကျွန်ုပ်အပေါ်မှာ အပြစ်တင်တော်မူကြပြီးလျှင် နှောင်ဖွဲ့ခြင်း,ရိုက်ပုတ်ခြင်း-စသည်ကိုမပြုကြဘဲ အကျွန်ုပ်ကို ခေါင်းတုံးရိတ်မှု သက်သက်ကိုသာ ပြုပြီးလျှင် မြို့မှ နှင်ထုတ်စေတော်မူပါကုန်လော့။ ထိုအခါ အကျွန်ုပ်သည် ‘သင့်မြို့တော်၌ တံတိုင်းများ ကျုံးများကို အခြားသူ ကြပ်မပြုလုပ်အပ်သည်မဟုတ်၊ ငါ ကြပ်မပြုလုပ်အပ်ခဲ့သည်၊ ငါသည် သင့်မြို့တော်၌ တံတိုင်းမီး

WWW.DHAMMARANSI.COM



တား အားနည်းသောနေရာ, ကျုံးအပြင်ဝယ် ရေတိမ်သော နေရာ, ရေနက်သောနေရာများကို သိသူဖြစ်သည်၊ ယခုအခါ မကြာမြင့်မီပင် ရန်သူမင်းများကို ခေါ်ဆောင်လာကာ ငါသည် ထိုသင့်မြို့တော်တံတိုင်းနှင့် ကျုံးများကို ပျက်စီးအောင် ရှက်ဆောင်ကာ တဖြောင့်တည်း (မြေတပြင်တည်း) ဖြစ်သွားအောင် ပြုလုပ်ပေအံ့' ဟု ဆန့်ကျင်စကား ပြောကြားပါမည်၊ ထိုအကြောင်းကို ကြားသိတော်မူလျှင် အရှင်မင်းကြီးတို့က အကျွန်ုပ်ကို 'ယခုအမြန် တိုင်းပြည်မှ ထွက်သွားရမည်' ဟု ပြည်နှင်ဒဏ်စကား အပြင်း အထန် မိန့်ကြားတော်မူကြပါလော့" ဟု အကြံပေးစကား လျှောက်ထားလေ၏။ အဇာတသတ်မင်းသည်လည်း ပုဏ္ဏား အကြံပေးသမျှအားလုံးကို ပြုလုပ်လေ၏။

လိစ္ဆဝီမင်းတို့သည် ဝဿကာရပုဏ္ဏား ရာဇဂြိုဟ်မှထွက်လာကြောင်း သတင်းစကားကို ကြားသိကြ၍ "ဝဿကာရပုဏ္ဏားသည် ကောက်ကျစ်စဉ်းလဲသူဖြစ်၏၊ သူ့အား ဂင်္ဂါမြစ် ဤဖက်ကမ်းသို့ ကူးသန်းခွင့်မပေးကြနှင့်" ဟု အပြင်းအထန် ကန့်ကွက်စကား ပြောကြားကြကုန်၏။ ထိုလိစ္ဆဝီမင်းတို့အနက် အချို့သောလိစ္ဆဝီမင်းတို့က "ငါတို့ကို အကြောင်းပြု၍ ပြောကြားအပ်သောကြောင့် ထိုဝဿကာရပုဏ္ဏားကို အဇာတသတ်မင်းက ဤသို့ပြည်နှင်ဒဏ်ခတ်အပ်သတဲ့"ဟု အမျက်ဖြေစကား တင်သွင်းပြောကြားအပ်သည်ရှိသော် လိစ္ဆဝီမင်းအားလုံးတို့သည် "အချင်းတို့....ထိုသို့ဖြစ်လျှင် ပုဏ္ဏား လာပါစေ" ဟု သဘောတူစကား ပြောကြားကြလေ၏။

ဝဿကာရပုဏ္ဏားသည် သွားရောက်၍ လိစ္ဆဝီမင်းတို့ကို တွေ့မြင်ပြီးလျှင် "အဘယ့်ကြောင့် လာရောက်ကုန်သနည်း" ဟု လိစ္ဆဝီမင်းတို့က မေးအပ်သည်ရှိသော် ထိုအကြောင်းကို လျှောက်ထားလေ၏။ လိစ္ဆဝီမင်းတို့သည် "အနည်းငယ်မျှ မပြောပလောက်သော အကြောင်းဖြင့် ဤသို့စင် ကြီးလေးသော အပြစ်ဒဏ်ကို ပြုဖို့ရန်မသင့်ချေ"ဟု ပြောဆိုကြ၍ "ထိုရာဇဂြိုဟ်ပြည်၌သင်၏ ရာထူးကား အဘယ်ရာထူးနည်း" ဟု မေးကြလေ၏။

WWW.DHAMMARANSI.COM



ဝဿကာရပုဏ္ဏားက "အကျွန်ုပ်သည် တရားဆုံးဖြတ်သည့် အမတ်ကြီးဖြစ်ပါသည်" ဟု ပြောဆိုလေလျှင် လိစ္ဆဝီမင်းတို့သည် "သင့်အတွက်တာ ထိုတရားဆုံးဖြတ်သည့် အမတ်ကြီးရာထူးပင် ဖြစ်စေ" ဟု ပြောဆိုကြကာ ပုဏ္ဏားအား တရားဆုံးဖြတ်သည့် အမတ်ရာထူးကို ပေးကြလေကုန်၏။

ဝဿကာရပုဏ္ဏားသည် အလွန့်အလွန် ကောင်းမွန်အောင် တရားဆုံးဖြတ်ပေးလေ၏၊ လိစ္ဆဝီမင်းသားတို့သည် ထိုပုဏ္ဏား၏ အထံ၌ အတတ်ကို သင်ယူကြကုန်၏။

**စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်း**

ဝဿကာရပုဏ္ဏားသည် ဆရာတယောက် အလေးပြုလောက်အောင် ဂုဏ်ကျေးဇူး ကြီးမြောက်လာသူဖြစ်လတ်သော် တနေ့သ၌ လိစ္ဆဝီမင်းတယောက်ကို ခေါ်၍ သင့်လျောက်ပတ်ရာအရပ်သို့ သွားပြီးလျှင် "အရှင်မင်း၏ လူငယ်များ လယ်ထွန်ကြပါ၏လား" ဟု မေးလေ၏။ "လယ်ထွန်ကြပါသည် ဆရာ...." ဟု လိစ္ဆဝီမင်းက ပြောကြားလေလျှင် "နွားနှစ်ကောင် က-၍ ထွန်ကြသလား" ဟု မေးပြန်လေ၏။ လိစ္ဆဝီမင်းကလည်း "ဟုတ်ပါသည် ဆရာ····နွားနှစ်ကောင်က-၍ ထွန်ကြပါ၏" ဟု ဖြေဆိုလေ၏။ ဤမျှသာ ပြောဆိုပြီး မိမိနေရာသို့ ပြန်လာခဲ့လေ၏။ (ဤကဲ့သို့ လိစ္ဆဝီမင်းတယောက်တည်း ခွဲခေါ်၍ အရေးကြီးသည့်စကား ပြောကြားသည့်ဟန် ပြုလုပ်ခြင်းမှာ ထိုမင်းများ စိတ်ဝမ်းကွဲပြားအောင် ဘေဒဥပါယ်သုံးခြင်းတည်း)။ ထိုအခါ ထို (ပုဏ္ဏားနှင့် စကားပြောသည့်) လိစ္ဆဝီမင်းကို အခြားလိစ္ဆဝီမင်းတယောက်က "ဆရာကြီးက ဘာစကားကိုများ ပြောကြားသနည်း" ဟု မေး၍ ထိုအမေးခံ လိစ္ဆဝီမင်းက ပြန်ကြားပြောဆိုအပ်သည်ကို မယုံကြည်နိုင်ပဲ "ဤလိစ္ဆဝီမင်းသည် ငါ့အား ဟုတ်တိုင်းမှန်ရာကို မပြောချေ" ဟု အောက်မေ့အထင်လွဲကာ ထိုအမေးခံ လိစ္ဆဝီမင်းနှင့် စိတ်ဝမ်းကွဲပြားလေ၏။

WWW.DHAMMARANSI.COM



ဝဿကာရပုဏ္ဏားသည် အခြားတပါးသောနေ့၌ အခြား လိစ္ဆဝီမင်းတယောက်ကို သင့်လျောက်ပတ်ရာ အရပ်သို့ ခေါ် ဆောင်သွားပြီးလျှင် "အရှင်မင်း.... အဘယ်ဟင်းဖြင့် ပွဲတော်စာ စားသုံးခဲ့ပါသနည်း" ဟု ဤမျှသာမေး၍ ပြန်လာခဲ့လေ၏။ ထို လိစ္ဆဝီမင်းကိုလည်း အခြားလိစ္ဆဝီမင်းတယောက်က မေး၍ ထို အမေးခံလိစ္ဆဝီမင်း၏ အမှန်အတိုင်း ဖြေကြားချက်ကို မယုံကြည် နိုင်ပဲ စိတ်ဝမ်းကွဲပြားလေပြန်၏။

ဝဿကာရပုဏ္ဏားသည် ထိုပြင် အခြားတပါးသောနေ့၌ လိစ္ဆ- ဝီမင်းတယောက်ကို သင့်လျောက်ပတ်ရာအရပ်သို့ ခေါ်ဆောင် သွားပြီးလျှင် "အရှင်မင်းသား.... အရှင်မင်းသားသည် အလွန် ဆင်းရဲသတဲ့-ဆိုသည်မှာ မှန်ပါသလား"ဟု မေးလေ၏။ "အဘယ် သူက ဤကဲ့သို့ ပြောသနည်း" ဟု အမေးခံရသော လိစ္ဆဝီမင်းက မေးလေလျှင် "ဤမည်သောလိစ္ဆဝီမင်းက ပြောပါသည်"ဟု ဂုံး ချောစကား ပြောကြားလေ၏။ ယင်းသို့ ပုဏ္ဏား ဂုံးချောစကား ပြောကြားမှုကြောင့် ထိုလိစ္ဆဝီမင်းနှစ်ပါးတို့လည်း စေ့စပ်၍ မရ နိုင်အောင် စိတ်ဝမ်းကွဲပြားကြလေ၏။

ပုဏ္ဏားသည် အခြားလိစ္ဆဝီမင်းတပါးကို သင့်လျောက်ပတ်ရာ အရပ်သို့ ခေါ်ဆောင်သွားပြီးလျှင် "အရှင့်သားသည် ကြောက် တတ်သတဲ့-ဆိုသည်မှာ မှန်ပါသလား" ဟု မေးလေ၏။ "အဘယ် သူက ဤသို့ ပြောသနည်း" ဟု အမေးခံရသော လိစ္ဆဝီမင်းက ပြန်၍မေးလေလျှင် "ဤမည်သောလိစ္ဆဝီမင်းက ပြောပါသည်"ဟု ဂုံးချောစကား ပြောကြားလေ၏၊ ထိုလိစ္ဆဝီမင်း နှစ်ပါးတို့လည်း စေ့စပ်၍မရနိုင်အောင် စိတ်ဝမ်းကွဲပြားကြလေ၏။

### ဝေသာလီတပြည်လုံး ပျက်ပြုန်းခြင်း

ဤနည်းဖြင့် ဝဿကာရပုဏ္ဏားသည် အခြားလိစ္ဆဝီမင်းတဦး က မပြောဆိုအပ်သည်ကိုပင် အခြားလိစ္ဆဝီမင်းတဦးအား ပြော ကြားလျက် သုံးနှစ်ကာလဖြင့် ထိုလိစ္ဆဝီမင်းတို့ကို အချင်းချင်း စိတ်ဝမ်းကွဲအောင်ပြုလုပ်၍ မင်းနှစ်ဦးတို့ အတူတကွ လမ်းခရီး

WWW.DHAMMARANSI.COM



တခုဖြင့် မသွားနိုင်ကြအောင် ပြုလုပ်ပြီးလျှင် (မည်မျှ စိတ်ဝမ်းကွဲ ပြားကြသည်ကို သိသာအောင်) အစည်းအဝေး ဖိတ်ခေါ်သော စည်ကြီးကို လည်စေလေ၏။

လိစ္ဆဝီမင်းတို့သည် "ချမ်းသာကြွယ်ဝ အစိုးရသော မင်းတို့ သည် စည်းဝေးကြကုန်လော့၊ ငါတို့ကား ဆင်းရဲစွာလှ အစိုး မရသူများသာ ဖြစ်ကြကုန်၏။ ရဲရင့်သောမင်းတို့သည် စည်းဝေး ကြကုန်လော့၊ ငါတို့ကား သူရဲဘောနည်းသူများ ဖြစ်ကြကုန်၏၊ ထိုစည်းဝေးရာ အရပ်သို့သွား၍ ငါတို့အဘယ်အမှုကို ပြုရကုန်အံ့ နည်း" ဟု မခံချင်သောစကား မကျေနပ်သောစကားကို ပြော ကြားကြကာ အစည်းအဝေး မတက်ရောက်ကြကုန်။

ဝဿကာရပုဏ္ဏားသည် "ယခုအခါကား ဝေသာလီပြည် အလုံးကို သိမ်းပိုက်နိုင်ရာကာလဖြစ်ပါသည်၊ အရှင်မင်းကြီးသည် လျှင်မြန်စွာသာ စစ်ချီ၍ လာတော်မူပါလော့" ဟု အဇာတသတ် မင်းထံ လျှို့ဝှက်သတင်းစကားကို ပို့စေလေ၏။ အဇာတသတ် မင်းသည် ထိုသတင်းကို ကြားသိရလျှင်ပင် စစ်ချီစစ်တက်သော စည်ကို လည်စေ၍ ရာဇဂြိုဟ်ပြည်မှ ထွက်ခဲ့လေ၏။

ဝေသာလီမင်းတို့သည် ထိုအကြောင်းကိုကြားရ၍ "ငါတို့သည် အဇာတသတ်မင်းအား ဂင်္ဂါမြစ်ကို ကူးဖို့ရန်ပင် အခွင့်မပေး ကုန်အံ့"ဟု ဆို၍ အစည်းအဝေးစည်ကြီးကို လည်စေပြန်ကုန်၏။ ထိုအကြောင်းကို ကြား၍လည်း လိစ္ဆဝီမင်းတို့သည် "ရဲရင့်သော မင်းတို့သည် သွားကြကုန်လော့"-ဤသို့ အစရှိသဖြင့် မကျေနပ် စကား ပြောကြားကြကာ အစည်းအဝေး မတက်ရောက်ကြကုန်။

တဖန် ဝေသာလီမင်းတို့သည် အဇာတသတ်မင်း ဂင်္ဂါမြစ် ဤဖက်ကမ်းသို့ ကူးမိသောအခါ "ငါတို့၏ မြို့တွင်းသို့ ဝင်ခွင့်ကို မပေးကြကုန်အံ့၊ မြို့တံခါးများကို ပိတ်၍ အခိုင်အမာရပ်တည်ကြ ကာ ခံစစ်ဆင်ကြကုန်အံ့" ဟု ဆို၍ အစည်းအဝေးစည်ကြီးကို လည်စေကြပြန်ပါသော်လည်း လိစ္ဆဝီမင်းတဦးမျှ အစည်းအဝေး မတက်ရောက်တော့ချေ။

WWW.DHAMMARANSI.COM



အဇာတသတ်မင်းသည် မိမိ၏ စစ်တပ်ကြီးနှင့်တကွ အသင့် ဖွင့်ပြီးသောတံခါးများမှပင် ဝေသာလီပြည်တွင်းသို့ အလွယ်တကူ ဝင်ရောက်ကာ လိစ္ဆဝီမင်းအားလုံးတို့ကို အသက်ဆုံး ပျက်စီး ပြုန်းတီးစေပြီးလျှင် ရာဇဂြိုဟ်ပြည်သို့ စစ်နိုင်ကာ ပြန်သွားလေ၏။ ။ဤကား ဝေသာလီပြည် ပျက်စီးခြင်း အကြောင်းအရာ တည်း။

(ဤ "ဝေသာလီပြည် ပျက်စီးခြင်းအကြောင်းအရာ" ဖြစ်ရပ်များ ကား မြတ်စွာဘုရားရှင် နောက်ဆုံးပရိနိဗ္ဗာန် စံတော်မူမည့်နှစ်နှင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် နှစ်နှစ်=ဤသုံးနှစ်ကာလ အတွင်း၌ဖြစ်သော ဖြစ်ရပ်များတည်း။ ဤ ဖြစ်ရပ်များကို စကား အလျဉ်းသင့်၍ အဋ္ဌကထာ၌ ဖွင့်ပြသည့်အတိုင်း ဤကျမ်း၌ ထုတ်ဖော် ရေးသားခြင်း ဖြစ်သည်။ အသင် ဗုဒ္ဓဝင်စာတော်ဖတ် ပရိသတ် သူတော်စင်သည် မြတ်စွာဘုရားရှင်က ဝဿကာရပုဏ္ဏားကြီးအား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ပေါ် ကျောင်း၌ ရာဇအပရိဟာနိယ (=မင်းတို့၏ ကြီးပွါးကြောင်း)တရား ခုနစ်ပါးကို ဟောကြားတော် မူပြီးလျှင် ပုဏ္ဏားကြီး ထိုဂိဇ္ဈကုဋ်တောင်ပေါ် ကျောင်းမှ ထွက်ခွါသွား သောအချိန်ကို မှန်းမျှော်အာရုံပြု၍ ထားစေလိုသည်)။

## ရဟန်းတို့၏ ကြီးပွါးကြောင်းတရား ခုနစ်ပါး

မြတ်စွာဘုရားရှင်သည် ဝဿကာရပုဏ္ဏားအား မင်းတို့၏ ကြီးပွါးကြောင်းတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူစဉ်က ပင် "ဤမင်းတို့ကြီးပွါးကြောင်း တရားစကားသည် သံသရာဝဋ်မှ မလွတ်မြောက်စေပဲ သံသရာဝဋ်၌သာ မှီသောစကား ဖြစ်ချေ သည်။ စင်စစ်သော်ကား ငါဘုရား၏ သာသနာတော်၌ ဤ ကြီးပွါးကြောင်း = အပရိဟာနိယတရားစကား ဟောကြားသင့် ပေ၏၊ ထိုသာသနာအတွက် ဟောကြားအပ်သည့် အပရိဟာ- နိယတရားစကားသည် သံသရာဝဋ်မှ ထွက်မြောက်စေတတ်၍ ဝဋ်မှကင်းရာ နိဗ္ဗာန်ကိုမှီသော တရားစကားဖြစ်၏၊ ယင်းတရား စကားကြောင့် သုံးပါးသိက္ခာသာသနာသည် ငါဘုရားပရိနိဗ္ဗာန် စံလွန်ပြီးနောက် အနှစ်ရှည်စွာ ကာလမြင့်ကြာ တည်ရစ်လိမ့် မည်" ဟု ကြံစည်ဆင်ခြင်တော်မူခဲ့လေသည်။

WWW.DHAMMARANSI.COM



ထိုကြောင့်ပင် မြတ်စွာဘုရားရှင်သည် ဝဿာကာရပုဏ္ဏားပြန်သွား၍ မကြာမြင့်မီ အရှင်အာနန္ဒာကို "ချစ်သားအာနန္ဒာ.... သင်သွားချေ၊ ရာဇဂြိုဟ်ပြည်ကို အမှီပြုနေသော ရဟန်းအားလုံးတို့ကို ဓမ္မာရုံ၌ စုဝေးစေလော့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည် "ကောင်းပါပြီ မြတ်စွာဘုရား····"ဟု မြတ်စွာဘုရားရှင်၏ မိန့်ကြားချက်ကို ဝန်ခံခဲ့၍ ရာဇဂြိုဟ်ပြည်ကို အမှီပြုနေသော ရဟန်းအားလုံးတို့ကို ဝေးသောကျောင်းတို့၌ နေကြသောရဟန်းတို့ထံ တန်ခိုးရှင်ရဟန်းတို့ကို စေလွှတ်၍၎င်း, နီးသောကျောင်းတို့၌ နေကြသော ရဟန်းတို့ထံ ကိုယ်တိုင် သွားရောက်၍၎င်း "အရှင်တို့····စည်းဝေးကြလော့၊ မြတ်စွာဘုရားသည် အရှင်တို့၏ စည်းဝေးခြင်းကို အလိုရှိတော်မူ၏"ဟု လျှောက်ထားကာ ဓမ္မာရုံ၌ စည်းဝေးစေပြီးလျှင် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးပြီးကာ လျောက်ပတ်သောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား····ရဟန်းအားလုံး စုဝေးမိကြပါပြီ၊ မြတ်စွာဘုရား....ယခု အခါ၌ ကြွတော်မူရန်အချိန်ကို မြတ်စွာဘုရားပင် သိတော်မူပါသည်၊ (=ကြွရန်မှာ ရှင်တော်ဘုရား၏ အလိုတော်အတိုင်းပင် ဖြစ်ပါသည်)"ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဓမ္မာရုံသို့ ကြွရောက်ပြီးလျှင် ခင်းထားအပ်သော နေရာ၌ ထိုင်တော်မူလျက် ရဟန်းတို့ကို "ရဟန်းတို့····သင်တို့အား ငါဘုရားသည် အပရိဟာနိယ (=ကြီးပွါးကြောင်း)တရား ခုနစ်ပါးတို့ကို ဟောပေအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားပေအံ့"ဟု မိန့်တော်မူလတ်သော် ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား····"ဟု လျှောက်ထားဝန်ခံကြကုန်၏။ မြတ်စွာဘုရားသည် ဤ ဆိုလတ္တံ့သော (အပရိဟာနိယ) ကြီးပွါးကြောင်းတရား ခုနစ်ပါးကို ဟောကြားတော်မူ၏—

WWW.DHAMMARANSI.COM



(၁) ရဟန်းတို့ ···· ရဟန်းတို့သည် မကြာမကြာ စည်းဝေး ကြလျက် အကြိမ်များစွာ စည်းဝေးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်း မရှိပေ။

(၂) ရဟန်းတို့···· ရဟန်းတို့သည် အညီအညွတ် စည်းဝေး ကုန်လျက် အညီအညွတ် အစည်းအဝေးမှ ထကြလျက် သံဃ ကိစ္စကို အညီအညွတ် ဆောင်ရွက်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်း မရှိပေ။

(၃) ရဟန်းတို့····ရဟန်းတို့သည် ဘုရားရှင်မပညတ်ခဲ့သော အရာကို မပညတ်ကြပဲ ဘုရားရှင်ပညတ်ပြီးသောအရာကို မပယ် ဖျက်ကြပဲ ဘုရားရှင် ပညတ်ထားသမျှသော သိက္ခာပုဒ်တို့ကို ကောင်းစွာဆောက်တည်၍ ကျင့်နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်း မရှိပေ။

(၄) ရဟန်းတို့ ···· ရဟန်းတို့သည် ရဟန်းဝါရင့်ကုန်လျက် ရဟန်းသက်ကြီးကြသည့် သံဃဦးစီး မထေရ်ကြီး ရဟန်းတို့ကို အရိုအသေပြုကုန်လျက် အလေးပြုကုန်လျက် မြတ်နိုးကုန်လျက် ပူဇော်ကုန်လျက် ထိုမထေရ်ကြီးတို့၏ စကားကိုလည်း နာယူသင့် သည်ဟု ထင်မှတ်၍ နေကြသမျှကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၅) ရဟန်းတို့····ရဟန်းတို့သည် ဖြစ်ပေါ်လာသော တဖန် ဘဝသစ်အကျိုးပေးတတ်သည့် တဏှာ၏အလိုသို့ မလိုက်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ် ယုတ်ရန် အလျှင်းမရှိပေ။

(၆) ရဟန်းတို့····ရဟန်းတို့သည် တောကျောင်းတို့၌ (နေ ထိုင်ရန်)လိုလားသောစိတ်ရှိနေကြသမျှ ကာလပတ်လုံး ရဟန်းတို့ အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(၇) ရဟန်းတို့ ···· ရဟန်းတို့သည် မရောက်လာကုန်သေးသော သီလကို ချစ်မြတ်နိုးကြသည့် သီတင်းသုံးဖော်တို့ ရောက်လာကြခြင်းငှါ, ရောက်လာကုန်ပြီးသော သီလကို ချစ်မြတ်နိုးကြသည့် သီတင်းသုံးဖော်တို့ ချမ်းသာစွာ နေကြရခြင်းငှါ ကိုယ်စီကိုယ်ငှ သတိပြုနေသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

ရဟန်းတို့····ဤ ကြီးပွါးကြောင်း (＝အပရိဟာနိယ)တရားခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်နေကြ၍ ရဟန်းတို့သည်လည်း ဤကြီးပွါးကြောင်း (＝အပရိဟာနိယ) တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။ (မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသည့်စကား မပြီးဆုံးသေး)။

(ဤ ဆိုအပ်ပြီးသည့် တရားခုနစ်ပါးတို့ကို "ပဌမ-ရဟန်းတို့၏ ကြီးပွါးကြောင်းတရား ခုနစ်ပါး" ဟု ခေါ်၏။

(၁) ထို ခုနစ်ပါးတို့အနက် ရှေးဦးစွာသော အပရိဟာနိယတရားလာ "မကြာမကြာ စည်းဝေးကြမှု" မှာ ဝဇ္ဇီမင်းတို့အတွက် ဟောကြားအပ်သော ၁-အမှတ် အပရိဟာနိယတရား၌ ဆိုအပ်ပြီးသည်နှင့်တူ၏။

ဤပဌမ-အပရိဟာနိယတရား၌လည်း မကြာမကြာ မစည်းဝေးကြလျှင် ထိုထိုအရပ်တို့၌ ဖြစ်ပေါ်သောသတင်း ထိုထိုအရပ်တို့မှ လာရောက်သော ရဟန်းသံဃာနှင့်ဆိုင်ရာ သတင်းများကို မကြားကြရကုန်၊ ထိုသို့ သတင်းစကား မကြားရခြင်းကြောင့် "ဤမည်သော ကျောင်းတိုက်သိမ်သည် ရေယှက်လျက်ရှိ၏၊ ထိုသို့ ရေယှက်ခြင်းကြောင့် ဥပုသ်, ပဝါရဏာများ မပြုလုပ်ပဲ ရပ်နားထားရ၏။ ဤမည်သောအရပ်၌ ရဟန်းတို့သည် ဆေးကုခြင်း တမန်မှုကို ပြုခြင်း စသည်များကို ပြုလုပ်နေကြကုန်၏။ အတောင်းအရမ်း ထူပြောကြကာ မန်းပေးခြင်း-စသည်တို့ဖြင့် အသက်မွေးကြကုန်၏"—ဤသို့အစရှိသော အကြောင်းတို့ကို မသိနိုင်ကြကုန်။

ရဟန်းယုတ်တို့သည်လည်း "ရဟန်းသံဃာသည် မေ့လျော့၍နေ၏" ဟု အစုလိုက် အပေါင်းလိုက် ဖြစ်ရှိကြ အင်အားကြီးမားလာကြကာ သာသနာတော်ကို ဆုတ်နစ်စေကြလေကုန်၏။

WWW.DHAMMARANSI.COM



မကြာမကြာ စည်းဝေးကြလျှင်ကား ထိုထိုသတင်းစကားကို ကြား သိကြရသောကြောင့် ရဟန်းသံဃာများကို စေလွှတ်ကာ သိမ်ကို ဖြောင့်မတ်အောင် ပြုလုပ်ကြကာ ဥပုသ်, ပဝါရဏာကံ-စသည်တို့ကို ဖြစ်စေနိုင်ကုန်၏။ မိစ္ဆာဇီဝမှုဖြင့် အသက်မွေးကြသည့် ရဟန်းယုတ်များ ပြောများရာ အရပ်၌ အရိယာသာ၀ကရဟန်းတော်တို့ကို စေလွှတ်၍ အရိယဝံသတရားစကားကို ဟောကြားစေနိုင်ကုန်၏။ ရဟန်းယုတ်များ ကို ဝိနည်းဓိုရ်အရှင်မြတ်များကိုလွှတ်၍ နှိပ်ကွပ်စေနိုင်ကုန်၏။ ရဟန်း ယုတ်တို့သည်လည်း "ရဟန်းသံဃာသည် မမေ့မလျော့ချေ၊ ငါတို့သည် အသင်းအပင်းဖွဲ့ကာ လှည့်လည်ရန် မစွမ်းနိုင်ကြကုန်" ဟု ပြောဆို ကြကာ အစုခွဲ၍ ကစဉ့်ကရဲ ပြေးသွားကြရလေကုန်၏၊ ဤသို့ဖြစ်လတ် သော် ရဟန်းတို့အဖို့ရာ သိက္ခာသုံးပါး ကြီးပွါးလေတော့၏။

(၂) ဒုတိယအပရိဟာနိယတရား၌ "အညီအညွတ် စည်းဝေးကြ သည်" ဟူသည်မှာ— စေတီတော်ကို သုတ်သင်ရန်ဖြစ်စေ, ဗောဓိအိမ် ဥပုသ်အိမ်များ မိုးရန်ဖြစ်စေ, ကတိကာဝတ်ကို ထားဖို့ရန်ဖြစ်စေ, အဆုံး အမကိုပေးရန်ဖြစ်စေ, "သံဃာသည် စည်းဝေးပါလော့" ဟု စည်ကိုဖြစ် စေ, ခေါင်းလောင်းကိုဖြစ်စေ တီးအပ် နှက်အပ်သည်ရှိသော် "ငါ့မှာ သက်န်းချုပ်ရန်ကိစ္စ ရှိနေသည်, ငါ့မှာ သပိတ်ဖုတ်ရန်ကိစ္စ ရှိနေသည်, ငါ့မှာ နဝကမ္မရှိနေသည်" ဟု ဤသို့စသည် ဆင်ခြေစကား ပြောကြား ကြကာ ပြန့်လွင့်မှု အစည်းအဝေးမတက်မှု ပြုလုပ်ကြလျှင် အညီအညွတ် စည်းဝေးကြသည်မမည်။ ဖော်ပြရာပါ သက်န်းချုပ်ခြင်း-အစရှိသော အလုံးစုံသော မိမိတို့၏ ကိုယ်ရေးကိုယ်တာကိစ္စများကို ပစ်ထားခဲ့၍ "ငါ အလျင်ရောက်အောင်သွားမည်၊ ငါ အလျင်ရောက်အောင်သွားမည်" ဟူသော နှလုံးသွင်းဖြင့် တပြိုင်နက် စည်းဝေးကြမှသာ အညီအညွတ် စည်းဝေးကြသည်မည်၏။

တိုင်ပင်ဆွေးနွေး စည်းဝေးကြပြီး ပြုသင့်သမျှကို ပြုလုပ်ကြပြီး နောက် တပေါင်းတည်း (= တပြိုင်နက်) အစည်းအဝေးပြုရာဌာနမှ မထ ကြလျှင် အညီအညွတ် အစည်းအဝေးမှ ထကြသည်မမည်၊ ဤကဲ့သို့ မညီမညွတ် တချို့က-ထ၍ တချို့က-ချန်နေရစ်ခဲ့ကြလျှင် အလျင်လက်ဦး ထ၍သွားကြသော ရဟန်းတို့၏ စိတ်သန္တာန်ဝယ် "ငါတို့သည် အရေး မကြီးသည့် အပြင်အပ စကားမျှကိုသာ ကြားခဲ့ရကုန်၏၊ ငါတို့ ထလာ ပြီးနောက် ယခုအခါမှ အရေးကြီးသည့် အဆုံးအဖြတ်စကား ဖြစ်ရစ် တော့မည်" ဟု စိတ်ဝမ်းကွဲပြားဖွယ် အကြံများ အစည်များ အထင်များ အမြင်များ ဖြစ်တတ်သည်။

WWW.DHAMMARANSI.COM



တိုင်ပင်ဆွေးနွေး စည်းဝေး၍ပြီးလျှင် အားလုံး တညီတညွတ်တည်း စည်းဝေးရာဌာန (=ခန်းမဆောင်)မှ ထွက်ကြ၊ ထကြမှသာ အညီအညွတ် အစည်းအဝေးမှ ထကြသည်မည်၏။ (တနည်း)"ဤမည်သော အရပ်၌ ကျောင်းတိုက်သိမ်သည် ရေယုက်လျက်ရှိ၏၊ ထိုသို့ရေယုက်ခြင်းကြောင့် ဥပုသ်၊ ပဝါရဏာများ မပြုလုပ်နိုင်ပဲ ရပ်နားထားရ၏၊ ဤမည်သောအရပ်၌ ဆေးကုမှုစသည် ပြုလုပ်ကြသော ရဟန်းယုတ်များ ပြောများလျက်ရှိကြ၏"ဟူသော သတင်းစကားကို ကြားသိရ၍ "ထိုရဟန်းယုတ်တို့ကို အဘယ်သူ သွားရောက်၍ နှိမ်နင်းမည်နည်း"ဟု တိုင်ပင်စကား ပြောကြားလတ်သော် "ငါ အလျင်သွားမည်၊ ငါ အလျင်သွားမည်"ဟု ပြောဆို၍ သူ့ထက်ငါ ဦးအောင် သွားကြလျှင်လည်း အညီအညွတ် အစည်းအဝေးမှ ထကြသည်မည်၏။

ထို့ပြင် အာဂန္တု ရဟန်းတပါးပါး လာရောက်သည်ကို မြင်လျှင် "ဤပရိဝုဏ်သို့ သွားပါလေ၊ ထိုပရိဝုဏ်သို့ သွားပါလေ၊ ဤရဟန်းကား အဘယ်သူနည်း" စသည်ဖြင့် တဝန် တိမ်းရှောင်သည့် စကား မပြောကြားကြပဲ ရဟန်းအားလုံးတို့ အာဂန္တုကဝတ်ကို တညီတညွတ် ပြုကြလျှင်၎င်း, သပိတ်သင်္ကန်း ဟောင်းနွမ်းရှိရှား ခေါင်းပါးသော ရဟန်းကို မြင်ကြလတ်သော် ထိုရဟန်းအတွက် ဆွမ်းခံလှည့်လည်သောဝတ်ဖြင့် သပိတ်သင်္ကန်းကို ရှာမှီးကြလျှင်၎င်း, သူနာရဟန်းအတွက် တညီတညွတ်တည်း ဆေးပစ္စည်းကို ရှာကြလျှင်၎င်း, ကိုးကွယ်ရာမဲ့သော သူနာရဟန်းကို "ဤမည်သော ပရိဝုဏ်သို့ သွားလေ၊ ဤမည်သော ပရိဝုဏ်သို့ သွားလေ" စသည်ဖြင့် တဝန်တိမ်းရှောင်သည့် စကား မပြောကြားကြပဲ မိမိ မိမိတို့၏ ပရိဝုဏ်=ကျောင်းအရာမ်၌ ခေါ်ဆောင်ကြကာ ပြုစုကြလျှင်၎င်း, ဘုရားဟောဒေသနာ ကျမ်းစာ တခုခု ပါဠိအားဖြင့်သော်၎င်း အနက်အားဖြင့်သော်၎င်း ပျောက်ပျက်တော့မည့်အဖြစ်မျိုးကို တွေ့ကြုံလာလျှင် ဉာဏ်ပညာ ထက်မြက်သော ရဟန်းတပါးပါးကို ပစ္စည်းလေးပါးတို့ဖြင့် ဝိုင်းဝန်း ချီးမြှောက်ကြ၍ ထိုဉာဏ်ကောင်းသော ရဟန်း ထိုကျမ်းကို ပါဠိ၊ အနက် မပျောက်ပျက်အောင် သင်ကြားနိုင်ရန် ဝိုင်းဝန်းချီးမြှောက်ကြလျှင်၎င်း "သံဃကိစ္စကို အညီအညွတ် ဆောင်ရွက်နေကြသည်" မည်၏။

(၃) တတိယ အပရိဟာနိယတရား၌ တရားနှင့်မညီသော ကတိကဝတ်အသစ်ကိုသော်၎င်း, သိက္ခာပုဒ်အသစ်ကိုသော်၎င်း ထားကြဖွဲ့ကြလျှင် ဘုရားရှင် မပညတ်ခဲ့သောအရာကို ပညတ်ကြသည် မည်၏။

WWW.DHAMMARANSI.COM



ဝိနယ ပါရာဇိကပါဠိ စာမျက်နှာ ၃၃၆-လာ ၂-ကောသိယဝဂ် ၅-ခုမြောက် သိက္ခာပုဒ်ကို နိသီဒနသန္ထတ သိက္ခာပုဒ်ဟူ၍၎င်း, ပုရာဏသန္ထတသိက္ခာပုဒ်ဟူ၍၎င်း ခေါ်၏၊ ထိုသိက္ခာပုဒ်၌ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းဝယ် ကိန်းအောင်းနေတော်မူစဉ် တချိန်၌ ဘုရားရှင်က ရဟန်းတို့ကို“ရဟန်းတို့.... ငါဘုရားသည် သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းနေထိုင်လိုသည်၊ ငါဘုရားထံမှောက်သို့ ဆွမ်းပို့သော ရဟန်းမှလွဲ၍ အခြားမည်သည့်ရဟန်းမျှ မလာရောက်ရ”ဟု မိန့်တော်မူထားသည်။ ထိုအခါ သာဝတ္ထိပြည်နေ သံဃာတော်များသည် “ငါ့ရှင်တို့....မြတ်စွာဘုရားသည် သုံးလပတ်လုံး တပါးတည်း ကိန်းအောင်းနေထိုင်တော်မူလိုသည်၊ မြတ်စွာဘုရားထံတော်မှောက်သို့ ဆွမ်းပို့သောရဟန်းမှလွဲ၍ အခြားမည်သည့် ရဟန်းမျှ မသွားရောက်ရ၊ မြတ်စွာဘုရားထံတော်မှောက်သို့ သွားရောက်သော ရဟန်းကို ပါစိတ်အာပတ်ကို ဒေသနာကြားစေရမည်၊ (=သွားရောက်သော ရဟန်းမှန်က မည်သူမဆို ပါစိတ်အာပတ်ကို ဒေသနာကြားကြစတမ်း)”ဟူ၍ ကတိကဝတ်ထားကြလေသည်။ (အကြောင်းအရာအကျယ်ကို ပိဋကမြန်မာပြန် ထိုဝတ္ထု(ဝိမြန် ၁၊ စာမျက်နှာ ၃၅၅-၃၅၆)၌ ကြည့်ရှုကုန်ရာ၏)။ ဤသာဝတ္ထိပြည်နေ သံဃာတို့၏ “ဘုရားထံသို့သွားသော ရဟန်းမှန်က ပါစိတ်အာပတ်သင့်သည်ဟု မှတ်ယူကြစတမ်း၊ ပါစိတ်အာပတ်ကို ဒေသနာကြားကြစတမ်း”ဟူသော ကတိကဝတ်သည် ဓမ္မဝိနယနှင့် လုံးဝမညီ၊ ဤသို့လျှင် ထိုသာဝတ္ထိပြည်နေ ရဟန်းတို့ကဲ့သို့ တရားနှင့် မလျော်ညီသော ကတိကဝတ်အသစ်ကို ထားခြင်း—စသည်ကို ပြုကြလျှင် “ဘုရားရှင် မပညတ်ခဲ့သော အရာကို ပညတ်ကြသည်”မည်၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တရာမြောက်ဝယ် ဝေသာလီပြည်သား ဝဇ္ဇီပုတ္တကရဟန်းများကဲ့သို့ ဘုရားရှင်၏ ပညတ်ချက် သိက္ခာပုဒ်ကို ပယ်ဖျက်ကာ အဓမ္မဝတ္ထု ၁၀-ပါးကိုပြခြင်း—စသည်အမှု ပြုလုပ်ကြလျှင်“ဘုရားရှင်ပညတ်ပြီးသောအရာကို ပယ်ဖျက်ကြသည်”မည်၏။ (ဝဇ္ဇီပုတ္တကရဟန်းတို့ အဓမ္မဝတ္ထု ၁၀-ပါးပြကြပုံကို ပိဋကမြန်မာပြန် ဝိနယစူဠဝဂ္ဂပါဠိတော်(စာမျက်နှာ ၄၉၅-၅၁၅)သတ္တသတိကက္ခန္ဓက၌ ကြည့်ရှုကုန်ရာ၏)။

ဘုရားရှင်လက်ထက်တော်အခါက အဿဇိရဟန်း, ပုနဗ္ဗသုကရဟန်းတို့ကဲ့သို့ ခုဒ္ဒါနုခုဒ္ဒကအာပတ်များ(=အာပတ်အငယ်စားများ)ကို လွန်ကျူးလိုသော စေတနာဖြင့် စေ့ဆော်၍ လွန်ကျူးကြလျှင် “ဘုရား

WWW.DHAMMARANSI.COM



ရှင် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်ကြသည်”မမည်။

ပုရာဏသန္တတဝတ္ထု၀ယ် အရှင်ဥပသေန (ရှင်သာရိပုတ္တရာ၏ညီ) ရဟန္တာမထေရ်ကဲ့သို့ တရားနှင့်မညီလျော်သည့် ကတိကဝတ်အသစ်မျိုး သိက္ခာပုဒ်အသစ်မျိုးကို မထားကြ မဖွဲ့ကြလျှင် “ဘုရားရှင် မပညတ်ခဲ့သောအရာကို မပညတ်ကြသည်”မည်၏။

အရှင်ယသ (ဒုတိယသံဂါယနာအမှူး) ရဟန္တာမထေရ်မြတ်ကဲ့သို့ ဓမ္မဝိနယနှင့်အညီ သာသနာ(ဘုရားအဆုံးအမ)ကို ပြုကြလျှင် “ဘုရားရှင် ပညတ်ပြီးသောအရာကို မပယ်ဖျက်ကြသည်”မည်၏။

ပဌမသံဂါယနာ တင်ခါနီးအခါ၀ယ် သံဃာအစည်းအဝေး၌ (ဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီးတွင် ခုဒ္ဒါနုခုဒ္ဒက(=အငယ်စား) သိက္ခာပုဒ်များကို ကိုယ်တော်မြတ်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သံဃာက အလိုရှိလျှင် ပယ်နုတ်နိုင်ကြောင်း ခွင့်ပြုခဲ့ချက်ရှိသော်လည်း) ထိုခုဒ္ဒါနုခုဒ္ဒက(=အငယ်စား)သိက္ခာပုဒ်များကို မပယ်နုတ်ရန် ဉတ်ကမ္မဝါစာဖြင့် အခိုင်အမာ အဆိုတင်သွင်းသော အရှင်မဟာကဿပ(ပဌမသံဂါယနာဦးစီး) ရဟန္တာအရှင်မြတ်ကြီးကဲ့သို့ အငယ်စားသိက္ခာပုဒ်များကိုပင် မပယ်နုတ်ပဲ မလွန်ကျူးကြပဲ လိုက်နာကျင့်သုံးကြလျှင် “ဘုရားရှင် ပညတ်ထားသော သိက္ခာပုဒ်များကို ကောင်းစွာ ဆောက်တည်၍ ကျင့်ကြသည်”မည်၏။

(၄) စတုတ္ထအပရိဟာနိယတရား၌ သံဃဦးစီး မထေရ်ကြီးရဟန်းတို့ကို အရိုအသေမှု-စသည်မပြုကြပဲ ထိုမထေရ်ကြီးတို့ထံ အဆုံးအမခံယူရန် တနေ့လျှင် ၂-ကြိမ် ၃-ကြိမ် မဆည်းကပ်ကြသော ရဟန်းတို့အား သံဃဦးစီး မထေရ်ကြီးတို့သည် အဆုံးအမဩဝါဒကို မပေးကြကုန်၊ ဆရာစဉ်ဆက် ဆင်းသက်လာသော တရားစကားကို မပြောကြားကြကုန်၊ အနှစ်သာရဖြစ်သော လက်ဆုပ်တရားများကို သင်ကြား၍ မပေးကြကုန်။ ထိုသို့ သံဃဦးစီး မထေရ်ကြီးတို့က အစွန့်အပစ်ခံရသော ရဟန်းတို့သည် သီလ-စသော ကျေးဇူးတရား ငါးပါး၊ အရိယဥစ္စာခုနစ်ပါး—ဤသို့အစရှိသော ဂုဏ်ကျေးဇူးတရားတို့မှ ဆုတ်ယုတ်ကြ ဆိုးရှုံးကြကုန်၏။

သံဃဦးစီး မထေရ်ကြီးရဟန်းတို့ကို အရိုအသေမှု—စသည်ပြုကြ၍ ထိုမထေရ်ကြီးတို့ထံ အဆုံးအမခံယူရန် တနေ့လျှင် ၂-ကြိမ် ၃-ကြိမ်

WWW.DHAMMARANSI.COM



ဆည်းကပ်ကြသော ရဟန်းတို့အားကား ထိုမထေရ်ကြီးတို့သည် အဆုံးအမ ဩဝါဒကို ပေးကြကုန်၏၊ "ဤသို့ ငါ့ရှင်သည် ရှေ့သို့တက်ရာ၏၊ ဤသို့ ငါ့ရှင်သည် နောက်သို့ ဆုတ်ရာ၏၊ ဤသို့ ငါ့ရှင်သည် တူရူကြည့်ရှုရာ၏၊ ဤသို့ ငါ့ရှင်သည် တစောင်းကြည့်ရှုရာ၏၊ ဤသို့ ငါ့ရှင်သည် လက်ကိုကွေးရာ၏၊ ဤသို့ ငါ့ရှင်သည် လက်ကိုဆန့်ရာ၏၊ ဤသို့ ငါ့ရှင်သည် ဒုကုဋ်, သပိတ်, သင်္ကန်းများကို ဝတ်ရုံဆောင်ယူရာ၏" ဤသို့စသည်ဖြင့် ဆရာစဉ်ဆက် ဆင်းသက်လာသော တရားစကားကို ဟောကြားကြကုန်၏၊ အနှစ်သာရဖြစ်သော လက်ဆုပ်တရားများကိုလည်း သင်ကြား၍ ပေးကြကုန်၏၊ မုတင်တဆယ့်သုံးပါး ကထာဝတ္ထုဆယ်ပါးတို့ဖြင့် ကံမြစ်ကြကုန်၏၊ ထိုရဟန်းတို့သည် ထိုမထေရ်ကြီးတို့၏ အဆုံးအမဩဝါဒ၌ တည်ကြ၍ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ကြီးပွါးကြကုန်လျက် အရိယဖိုလ်တည်းဟူသော ရဟန်းပြုရကျိုးသို့ ရောက်ဆိုက်ကြရကုန်၏။

(၅) ပဉ္စမအပရိဟာနိယတရား၌ ပစ္စည်းလေးပါး ရလိုမှုကြောင့် ဒါယကာတို့နောက်သို့ ဖဝါးခြေထပ် ထက်ကြပ်မကွာ လိုက်ပါကြ၍ တရွာမှတရွာသို့ တမြို့မှတမြို့သို့ လှည့်လည်ကျက်စား သွားလာနေကြလျှင် တဏှာ၏အလိုအကြိုက်သို့ လိုက်ပါကြသည် မည်ကုန်၏။ ထိုသို့ လိုက်ပါလျှင် ထိုရဟန်းတို့အဖို့ရာ သီလ-စသော ဂုဏ်ကျေးဇူးတို့ ဆုတ်ယုတ်ကြကုန်၏။ ထိုသို့ တဏှာ၏အလိုသို့ မလိုက်ပါကြလျှင် သီလ-စသော ဂုဏ်ကျေးဇူးတို့ ပွါးတိုးစည်ပင်ကုန်၏။

(၆) ဆဋ္ဌအပရိဟာနိယတရား၌ ကုပ်လုပ်လေးတာ အပြန်ငါးရာဝေးသောကျောင်းကို "တောကျောင်း" ဟု ခေါ်၏။ ထိုတောကျောင်းများ၌ နေထိုင်ရန် လိုလားတောင့်တမှု ရှိရမည်ဟု ဆိုလိုသည်။ မှန်၏– မြို့ရွာနှင့်နီးကပ်သော ကျောင်းများ၌ ဈာန်ကိုဝင်စား၍ နေသော်လည်း ထိုဈာန်မှထလျှင်ပင် မိန်းမသံ, ယောကျ်ားသံ, ကလေးသံ-စသည်ကို ကြားနေရ၏၊ ယင်းသို့ ကြားနေရခြင်းကြောင့် ထိုရဟန်း၏အဖို့ရာ ရရှိပြီးသော လောကီဈာန်တရားများလည်း လျော့ကျပျက်စီးဆုံးရှုံးတတ်၏။

တောကျောင်း၌ကား အိပ်ရာမှနိုးလျှင်ပင် ခြင်္သေ့, သစ်, ကျား, ဥဒေါင်း-စသည်တို့၏ အသံများကို ကြားရ၏၊ ယင်းသို့ ကြားရသောကြောင့် တော၌ဖြစ်သော မွေ့လျော်ခြင်း နှစ်သက်ခြင်း=ပီတိတရားကို ရရှိကာ ထိုပီတိကိုပင် သုံးသပ်လျက် အရဟတ္တဖိုလ်သို့ ရောက်ရှိနိုင်၏။

WWW.DHAMMARANSI.COM



ဤသို့လျှင် မြတ်စွာဘုရားရှင်သည် မြို့ရွာနီးသောကျောင်း၌ ဈာန်ဝင်စား၍နေသော ရဟန်းထက် တောကျောင်းဝယ် အိပ်၍နေသော ရဟန်းကို ချီးမွမ်းတော်မူ၏၊ ထို့ကြောင့် ထိုတောကျောင်းနေရဟန်းအဖို့ရာ အရဟတ္တဖိုလ်သို့ အလွယ်နှင့်ရောက်ဆိုက်ရန် အထောက်အပံ့အကြောင်းများကို ရလွယ်မှုတည်းဟူသော အကျိုးကို မြော်တော်မူ၍ မြတ်စွာဘုရားရှင်သည် "တောကျောင်းတို့၌ နေထိုင်ရန် လိုလားသော စိတ်ရှိနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ"ဟု ဟောတော်မူ၏။

(၇) သတ္တမအပရိဟာနိယတရား၌ သီလကို ချစ်မြတ်နိုးကြသည့် သီတင်းသုံးဖော် အရှင်သူမြတ်တို့ မိမိတို့ကျောင်းတိုက်သို့ လာရောက်မှုကို အလိုမရှိကြသော ကျောင်းနေအာဝါသိက ရဟန်းတို့သည် သဒ္ဓါတရား ခေါင်းပါးသူများ ရတနာသုံးပါး၌ မကြည်ညိုသူများသာ ဖြစ်ကြကုန်၏၊ သို့ရကား ထိုကျောင်းနေ အာဝါသိကရဟန်းတို့သည် မိမိတို့ကျောင်းတိုက်သို့ ရောက်ဆိုက်လာကြသော အာဂန္တုရဟန်းတို့အား ခရီးဦးကြိုဆိုမှု, သပိတ်သင်္ကန်းကို ဆီးကြိုယူမှု, နေရာခင်းပေးမှု, ယပ်လေခပ်ပေးမှု-စသော ကျောင်းနေအာဝါသိကရဟန်းတို့ ပြုရမည့် ဝတ်တရားများကို မပြုကြကုန်၊ ထိုအခါ ထိုအာဝါသိကရဟန်းတို့အဖို့ရာ "ဤမည်သော ကျောင်းနေရဟန်းတို့သည် သဒ္ဓါတရား ခေါင်းပါးသူများ, ရတနာသုံးပါး၌ မကြည်ညိုသူများဖြစ်ကြလျက် ကျောင်းတိုက်တွင်းသို့ ဝင်ရောက်လာသော အာဂန္တုရဟန်းတို့အား ဝတ်ကြီးဝတ်ငယ်များကို မပြုကြကုန်"ဟု မကောင်းသတင်း ပြန့်နှံ့လေတော့၏။ ထိုမကောင်းသတင်းကို ကြားကြရ၍ ရဟန်းတို့သည် ကျောင်းတိုက်တံခါးဝမှ ခရီးသွားကြသော်လည်း ထိုကျောင်းတိုက်သို့ မဝင်ရောက်ကြကုန်။ ဤသို့ဖြစ်လတ်သော် မရောက်လာသေးသော လဇ္ဇီရဟန်းတို့၏ မရောက်လာမြဲ မရောက်လာခြင်းသာ ဖြစ်လေ၏။ ထို့မှတပါး ရောက်လာပြီးသော လဇ္ဇီရဟန်းကောင်းတို့အဖို့ရာ ချမ်းသာစွာ နေထိုင်ရမှုမရှိလျှင် မသိ၍ လာရောက်ကြသော ရဟန်းတို့သည်လည်း "ငါတို့သည် နေထိုင်ကုန်အံ့-ဟု လာရောက်ကြပါသည်၊ ဤကျောင်းနေ ကျောင်းခံအာဝါ-သိကရဟန်းတို့၏ ဤသို့ ဝတ်တရားမကျေ နေထိုင်ပုံနည်းဖြင့်ကား အဘယ်သူသည် နေတော့အံ့နည်း"ဟု ရှုတ်ချစကား ပြောကြားကြကာ ထွက်ခွါ၍ သွားကြကုန်၏၊ ဤသို့ဖြစ်လတ်သော် ထိုကျောင်းတိုက်သည် အခြားလဇ္ဇီရဟန်းကောင်းတို့၏ မနေထိုင်ရာသာ ဖြစ်လေ၏။ ထိုအခါ ကျောင်းနေ အာဝါသိကရဟန်းတို့သည် လဇ္ဇီသီလဝန် အရှင်မွန် အရှင်

WWW.DHAMMARANSI.COM



မြတ်တို့ကို ဖူးမြော်ခွင့် မရကြကုန်ရကား မိမိတို့၏ ယုံမှားသံသယ ပယ်ဖျောက်နိုင်မှုကိုရင်း, ကိုယ်ကျင့်သိက္ခာကို သင်ကြားပြသပေးမည့် ဆရာကောင်းကိုရင်း, ချိုမြိန်သော တရားစကား နာကြားရခြင်းကိုရင်း အလျှင်းပင် မရကြတော့ကုန်၊ ထိုကျောင်းနေ အာဂါသိကရဟန်းတို့ အဖို့ရာ မသင်ကြားရသေးသောတရားကို သင်ကြားရမှု, သင်ကြားပြီး သောတရားကို ရွတ်ပွါးသရဇ္ဈာယ်မှု ဟူ၍ အလျှင်းပင် မရှိတော့ရကား သီလစသော ဂုဏ်ကျေးဇူးတရားတို့သည် တနေ့တခြား လျော့ပါး ဆုတ်ယုတ်လေကုန်၏။

သီတင်းသုံးဖော် လဇ္ဇီရဟန်းကောင်းတို့ မိမိတို့ကျောင်းတိုက်သို့ လာရောက်ခြင်းကို အလိုရှိကြ တောင့်တကြသော ကျောင်းနေ အာဂါ- သိကရဟန်းတို့သည်ကား သဒ္ဓါတရား ကြီးမားသူများ ရတနာသုံးပါး၌ ကြည်ညိုသူများ ဖြစ်ကြ၏၊ သို့ရကား မိမိတို့ကျောင်းတိုက်သို့ ရောက် ဆိုက်လာကြသည့် သီတင်းသုံးဖော် လဇ္ဇီရဟန်းတော်တို့အား ခရီးဦး ကြိုဆိုမှု–စသည်ကို ပြုကြ၍ ကျောင်းအိပ်ရာနေရာကို ခင်း၍ပေးကြ ကုန်၏၊ ထိုအာဂန္တုလဇ္ဇီရဟန်းတို့ကို ပင့်ဆောင်၍ ဆွမ်းခံရွာသို့ ဝင် ကြကုန်၏၊ မိမိတို့ယုံမှားသံသယကို ပယ်ဖျောက်ကြကုန်၏၊ ချိုမြိန်သော တရားစကား နာကြားခွင့်ကို ရကြကုန်၏၊ ထိုအခါ ထိုကျောင်းနေ အာဂါသိကရဟန်းတို့အဖို့ရာ "ဤမည်သောကျောင်းတိုက်၌ နေထိုင်ကြ သော ရဟန်းတို့သည် ဤသို့ ဤပုံ သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏၊ ရတနာသုံးပါး၌ ကြည်ညိုကြကုန်၏၊ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံကြ ကုန်၏၊ သီတင်းသုံးဖော် အာဂန္တုလဇ္ဇီရဟန်းတော်တို့အား ချီးမြှောက် ကြကုန်၏" ဟူ၍ ကောင်းသောသတင်း ကျော်စောခြင်း ဖြစ်လေ၏၊ ထိုသတင်းစကားကို ကြားရ၍ အဝေးမှလည်း လဇ္ဇီရဟန်းကောင်းတို့ သည် လာရောက်ကြကုန်၏၊ ထိုအာဂန္တု လဇ္ဇီရဟန်းတော်တို့အား ကျောင်းနေအာဂါသိက ရဟန်းတို့သည် ဝတ်ကြီးဝတ်ငယ်ကို ပြုကြ ကုန်၏၊ အာဂန္တုလဇ္ဇီရဟန်းတော်တို့၏ အနီးသို့ ချဉ်းကပ်ကြကာ သိက္ခာဝါကြီးသော အာဂန္တုလဇ္ဇီရဟန်းကို ရှိခိုး၍ ရှိသေစွာ ထိုင်နေကြ ကုန်၏၊ သီတင်းငယ်အာဂန္တုရဟန်း၏အနီး၌ မိမိတို့၏နေရာထိုင်များကို ယူဆောင်၍ ထိုင်နေကြကုန်၏၊ ထိုသို့ ထိုင်နေကြပြီးသော် "အရှင်မြတ် တို့သည် ဤကျောင်းတိုက်၌ နေတော်မူကြမည်လော၊ သို့မဟုတ် ဆက်၍ ပင် ခရီးကြွချီတော်မူကြမည်လော" ဟု မေးကြကုန်၏။ အာဂန္တုရဟန်း က "ခရီးဆက်၍ သွားပါမည်" ဟု ပြောကြားလျှင် "ဤကျောင်းအိပ်ရာ နေရာသည် အရှင်တို့နှင့် သင့်လျော်လျောက်ပတ် သပ္ပါယဖြစ်ပါသည်၊

WWW.DHAMMARANSI.COM



သွမ်းလည်း ရလွယ်ပါသည်''–ဤသို့စသည်ဖြင့် ဆက်လက်နေချင်ဖွယ် စကားများကို ပြောကြား၍ သွားဖို့ရန် အခွင့်မပေးကြကုန်၊ အာဂန္တုရဟန်းသည် ဝိနည်းဓိုရ်ရဟန်းဖြစ်ခဲ့လျှင် ထိုရဟန်း၏အထံ၌ ဝိနည်းကို သင်ကြားသရဇ္ဈာယ်ကြကုန်၏၊ သုတ္တန်ဆောင်ရဟန်း–စသည်ဖြစ်လျှင်လည်း ထိုရဟန်း၏အထံ၌ ထိုရဟန်းဆောင်သည့် ထိုထိုတရားစုကို သင်ကြားသရဇ္ဈာယ်ကြကုန်၏၊ ထိုကျောင်းနေ အာဝါသိကရဟန်းတို့သည် အာဂန္တုလဇ္ဇီရဟန်းကောင်းတို့၏ အဆုံးအမဩဝါဒ၌ တည်ကြ၍ ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏၊ (=ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ကြလေ၏-ဟု ဆိုလိုသည်)။ အာဂန္တုလဇ္ဇီရဟန်းကောင်းတို့သည် "ငါတို့ကား တရက် နှစ်ရက်မျှ နေကြကုန်အံ့–ဟု လာခဲ့ကြပါသည်၊ သို့သော် ဤအာဝါသိက ရဟန်းတို့နှင့်အတူတကွ နေထိုင်ရသည်မှာ ချမ်းသာလှသောကြောင့် ဆယ်နှစ် ဆယ့်နှစ်နှစ် ကာလရှည်ကြာ ငါတို့ နေထိုင်ကုန်အံ့''ဟု ဝမ်းမြောက်ဖွယ်စကား ပြောကြားကြကုန်၏။ ထိုသို့ဖြစ်လတ်သော် ထိုရဟန်းတို့အဖို့ရာ သီလ–စသော ဂုဏ်ကျေးဇူးတရားတို့ တိုးတက်ကြီးပွါးခြင်းသာလျှင် ဖြစ်လေတော့၏)။

## ဒုတိယ ကြီးပွါးကြောင်းတရား ခုနစ်ပါး

မြတ်စွာဘုရားရှင်သည် တဖန်ဆက်၍ ရဟန်းတို့အား ဒုတိယ ကြီးပွါးကြောင်းတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူလိုရကား "ရဟန်းတို့...သင်တို့အား ငါဘုရားသည် ဆိုခဲ့ပြီးသည်မှ တပါးသော အပရိဟာနိယ (=ကြီးပွါးကြောင်း)တရားခုနစ်ပါးတို့ကိုလည်း ဟောဦးအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားပေအံ့''ဟု မိန့်တော်မူလတ်သော် ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား····''ဟု လျှောက်ထားဝန်ခံကြကုန်၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော အပရိဟာနိယ (=ကြီးပွါးကြောင်း) တရား ခုနစ်ပါးကို ဟောကြားတော်မူ၏—

(၁) ရဟန်းတို့.... ရဟန်းတို့သည် ကိစ္စကြီးငယ်၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(၂) ရဟန်းတို့....ရဟန်းတို့သည် စကားစမြည်ပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်း မရှိပေ။

(၃) ရဟန်းတို့....ရဟန်းတို့သည် ထိုင်းမှိုင်းပျင်းရိလျက် အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလ ပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၄) ရဟန်းတို့···· ရဟန်းတို့သည် အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ် ယုတ်ရန် အလျှင်းမရှိပေ။

(၅) ရဟန်းတို့···· ရဟန်းတို့သည် မရှိသောဂုဏ်ကို ဖော်ပြ တတ်သည့် အလိုဆိုးမှ ကင်းကုန်လျက် အလိုဆိုးတို့၏ ဆွဲဆောင် ရာသို့ မလိုက်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါး ရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၆) ရဟန်းတို့.... ရဟန်းတို့သည် ယုတ်ညံ့သော အဆွေ ခင်ပွန်း အပေါင်းအသင်း မရှိကြမူ၍ ယုတ်ညံ့သူတို့၌ စိတ်မညွတ် ကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၇) ရဟန်းတို့.... ရဟန်းတို့သည် အနည်းငယ်သော တရား ထူးကို ရရုံမျှဖြင့်(အရဟတ္တဖိုလ်သို့မရောက်မီ)လမ်းခွတ်လပ်၌ ရပ် စဲ၍ မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

ရဟန်းတို့....ဤကြီးပွါးကြောင်း (= အပရိဟာနိယ) တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်နေကြ၍ ရဟန်းတို့သည်လည်း ဤကြီးပွါးကြောင်း (= အပရိဟာနိယ) တရားတို့ကို ကျင့်သုံး

WWW.DHAMMARANSI.COM



နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။ (တရားမဆုံးသေး)

(ဤဆိုအပ်ပြီးသည့် တရားခုနစ်ပါးတို့ကို "ဒုတိယ ရဟန်းတို့၏ ကြီးပွါးကြောင်းတရား ခုနစ်ပါး" ဟု ခေါ်၏။

(၁) ထိုခုနစ်ပါးတို့အနက် ရှေးဦးစွာသော အပရိဟာနိယတရားလာ "ကိစ္စကြီးငယ်" ဟူသည်မှာ— သင်္ကန်းစိရင်မှု, သင်္ကန်းချုပ်မှု အထပ်အလွှာ တင်မှု=နှစ်ထပ်သုံးထပ်စသည်ပြုမှု, အပ်ကျည်ပြုလုပ်မှု, သပိတ်အိတ်ချုပ်မှု, ပခုံးဖွဲ့ချုပ်မှု, ခါးပန်းချုပ်မှု, ရေစစ်ချုပ်မှု, သပိတ်ခြေပြုလုပ်မှု, ခြေပွတ်အိုးခြမ်းပြုမှု, တံမြက်စည်း ပြုလုပ်မှု-စသည်ကို ခေါ်၏။

အချို့သော ရဟန်းသည် ဖော်ပြရာပါ ကိစ္စကြီးငယ်တို့ကို ပြုလုပ်သည်ရှိသော် တနေ့ပတ်လုံး ထိုကိစ္စကြီးငယ်တို့ကိုသာ ပြု၍နေ၏၊ ထိုကဲ့သို့သော ရဟန်းမျိုးကို ရည်စူး၍ ဤသို့ ပယ်မြစ်ခြင်းဖြစ်သည်။ ထိုကိစ္စကြီးငယ်တို့ကို ပြုလုပ်သင့်သော အချိန်၌သာ ပြုလုပ်၍ စာသင်ချိန်၌ စာသင်သောရဟန်း, စာအံချိန်၌ စာအံသောရဟန်း, စေတီယင်္ဂဏဝတ်ကို ပြုလုပ်သင့်သောအချိန်၌ ပြုလုပ်သောရဟန်း, ကမ္မဋ္ဌာန်းတရား နှလုံးသွင်းသင့်သောအချိန်၌ နှလုံးသွင်းသောရဟန်း-ဤရဟန်းမျိုးသည်ကား "ကိစ္စကြီးငယ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ နေသော ရဟန်း" မမည်ချေ။

(၂) မိန်းမ၏ ဂုဏ်ကျေးဇူးစကား, ယောကျ်ား၏ ဂုဏ်ကျေးဇူးစကား-စသည်အားဖြင့် မဂ်ဖိုလ်အား ကျေးဇူးမများသော စကားမျိုးကိုသာ ပြောဆိုလျက် နေ့ညဉ့်ကို ကုန်စေသောရဟန်း, ဤသို့သော စကားမျိုး၌ အဆုံးအပိုင်းအခြား ထားမှုကို မပြုသော ရဟန်းမျိုးသည် "စကားစမြည် ပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်နေသော ရဟန်း" မည်၏။ ညဉ့်နေ့ဆက်ကာ တရားဟောသောရဟန်း, ပြဿနာကို ဖြေဆိုသော ရဟန်းသည်ကား "စကားနည်းသောရဟန်း, စကားပြောဆိုမှု၌ အပိုင်းအခြားထားရှိကာ နိုင်းနိုင်းရှည်ရှည် ပြောဆိုသော ရဟန်း" မည်၏။ အကြောင်းကား– "သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ, အရိယော ဝါ တုဏှီဘာဝေါ=ရဟန်းတို့... သင်ချစ်သားတို့အဖို့ရာ ပေါင်းဆုံစည်းဝေးမိကြလျှင် ပြုလုပ်ကြရမည့်ကိစ္စမှာ ၁-တရားဟောခြင်း, ၂-သမာပတ်ဝင်စားကာ ဆိတ်ဆိတ်

WWW.DHAMMARANSI.COM



နေခြင်းဟူ၍= နှစ်ပါးသာရှိ၏"ဟု　(မ၊၁၊၂၁၇-မျက်နှာ၌) မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်တည်း။

(၃) တတိယအပရိဟာနိယတရား၌ သွားသော်ရင်း၊ ထိုင်သော်ရင်း၊ လျောင်းသော်ရင်း (ဝါ-သွားရင်း ထိုင်ရင်း လျောင်းရင်းပင်) ထိန မိဒ္ဓတရား လွှမ်းမိုးနှိပ်စက်ကာ အိပ်သောရဟန်းသည် "ထိုင်းမှိုင်းပျင်း ရိလျက် အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ နေသောရဟန်း" မည်၏။ ရဟန်းတို့ အလုပ်ကို ကြိုးစားအားထုတ်သဖြင့် ကရဇခေါ် ဆို ဤခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်သောကြောင့် စိတ်အစဉ် ဘဝင်သို့သက် ရောက်သောရဟန်းသည်ကား "အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက်သော ရဟန်း" မမည်။

(၄) စတုတ္ထအပရိဟာနိယတရား၌ အဖော်ရဟန်းတပါးရှိလျှင် မိမိ က နှစ်ယောက်မြောက်ဖြစ်၍ရင်း၊ နှစ်ပါးရှိလျှင် သုံးယောက်မြောက် ဖြစ်၍ရင်း၊ သုံးပါးရှိလျှင် လေးယောက်မြောက်ဖြစ်၍ရင်း—ဤသို့စသည် ဖြင့် အဖော်ရဟန်းတို့နှင့် ရောနှောယှက်တင်၍သာ နေသောရဟန်း၊ တပါးတည်းနေရလျှင် သက်သာရာမရသော ရဟန်းမျိုးသည် "အပေါင်း အဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍နေ သော ရဟန်း" မည်၏။ လျောင်း၊ ထိုင်၊ ရပ်၊ သွား= ဣရိယာပုထ် လေးပါးတို့၌ အဖော်မမှီး တကိုယ်ထီး နေရမှ သက်သာရာရသော ရဟန်းသည် "အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော် ပျော်ပိုက် လုံ့လစိုက်၍နေသောရဟန်း" မမည်။

(၅) ပဉ္စမအပရိဟာနိယတရား၌ မိမိက ဒုဿီလပုဂ္ဂိုလ်ဖြစ်ပါလျက် မိမိ၌ မရှိသောဂုဏ်ကို ဖော်ပြတတ်သောရဟန်းသည် အလိုဆိုးရှိသော ရဟန်းမည်၏။ ထိုမှ အပြန်အားဖြင့် အလိုဆိုးမှကင်းသော ရဟန်းကို သိအပ်၏။

(၆) ဆဋ္ဌအပရိဟာနိယတရား၌ မေတ္တာသက်ဝင် ချစ်ခင်အပ်သော သူသည် အဆွေခင်ပွန်း (မိတ်ဆွေ) မည်၏၊ အတူတကွ သွားဖော် လာဖက် စားဖော် သောက်ဖက် ဖြစ်သောသူသည် အပေါင်း အသင်း (=သူငယ်ချင်း=သဟာယ်ချင်း) မည်၏။

(၇) သတ္တမအပရိဟာနိယတရား၌ "သီလစင်ကြယ်ရုံမျှဖြင့်ရင်း၊ ဝိပဿနာမျှဖြင့်ရင်း၊ ဈာန်တရားမျှဖြင့်ရင်း၊ သောတာပန် အဖြစ်မျှဖြင့် ရင်း၊ သကဒါဂါမ်အဖြစ်မျှဖြင့်ရင်း၊ အနာဂါမ်အဖြစ်မျှဖြင့်ရင်း ရပ်စဲတန့်

WWW.DHAMMARANSI.COM



နား၍မနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ''ဟု ဆိုလိုသည်)။

### တတိယ ကြီးပွါးကြောင်းတရား ခုနစ်ပါး

မြတ်စွာဘုရားရှင်သည် တဖန်ဆက်၍ ရဟန်းတို့အား တတိယ ကြီးပွါးကြောင်းတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူလိုရကား'' ရဟန်းတို့.... သင်တို့အား ငါဘုရားသည် ဆိုခဲ့ပြီးသည်မှ တပါးသော အပရိဟာနိယ (=ကြီးပွါးကြောင်း) တရား ခုနစ်ပါးတို့ကိုလည်း ဟောဦးအံ့၊ ထိုတရားကို နာကြကုန်လော့၊ ကောင်းစွာ နှလုံးသွင်းကြကုန်လော့၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားပေအံ့'' ဟု မိန့်တော်မူလတ်သော် ရဟန်းတို့သည် ''ကောင်းပါပြီ မြတ်စွာဘုရား····'' ဟု လျှောက်ထားဝန်ခံကြကုန်၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော အပရိဟာနိယ (=ကြီးပွါးကြောင်း) တရား ခုနစ်ပါးကို ဟောကြားတော်မူ၏—

(၁) ရဟန်းတို့.... ရဟန်းတို့သည် ယုံကြည်ခြင်း= သဒ္ဓါတရားနှင့် ပြည့်စုံကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၂) ရဟန်းတို့····ရဟန်းတို့သည် မကောင်းမှုမှ ရှက်ခြင်း= ဟိရီတရားရှိနေကြသမျှ ကာလပတ်လုံး၊ (ပ)၊

(၃) မကောင်းမှုမှ ကြောက်ခြင်း= ဩတ္တပ္ပတရား ရှိနေကြသမျှ ကာလပတ်လုံး၊ (ပ)၊

(၄) များသော အကြား အမြင်=ဗဟုသုတ ရှိနေကြသမျှ ကာလပတ်လုံး၊ (ပ)၊

(၅) အားထုတ်အပ်သောလုံ့လ ရှိနေကြသမျှ ကာလပတ်လုံး၊ (ပ)၊

(၆) စွဲမြဲသော သတိနှင့် ပြည့်စုံနေကြသမျှ ကာလပတ်လုံး၊ (ပ)၊

WWW.DHAMMARANSI.COM



(၇) ရဟန်းတို့...ရဟန်းတို့သည် ဝိပဿနာပညာနှင့် ပြည့်စုံနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

ရဟန်းတို့....ဤကြီးပွါးကြောင်း (= အပရိဟာနိယ) တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်နေကြ၍ ရဟန်းတို့သည်လည်း ဤ ကြီးပွါးကြောင်း(= အပရိဟာနိယ)တရားတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။ (တရားမဆုံးသေး)

(ဤ ဆိုအပ်ပြီးသည့် တရားခုနစ်ပါးတို့ကို "တတိယ - ရဟန်းတို့၏ ကြီးပွါးကြောင်းတရား ခုနစ်ပါး"ဟု ခေါ်၏။

(၁) ထိုခုနစ်ပါးတို့အနက် ရှေးဦးစွာသော အပရိဟာနိယတရား အရာ၌ သဒ္ဓါတရားသည် (က) အာဂမနီယသဒ္ဓါ (ခ) အဓိဂမသဒ္ဓါ (ဂ) ပသာဒသဒ္ဓါ (ဃ) ဩကပ္ပနသဒ္ဓါဟူ၍ လေးမျိုးရှိ၏၊ ထို လေးမျိုးတို့တွင် (က) သဗ္ဗညုတဉာဏ်ကို ရရှိကြောင်း ကောင်းမြတ်သော ပါရမီ, စာဂ, စရိယအကျင့်တရားတည်းဟူသော အာဂမနီယပဋိပဒါကြောင့် ဘုရားအလောင်းတော်တို့၏ သန္တာန်၌ သူတပါးနည်းညွှန်းဥပဒေသမှုကင်းလျက် ကြည်ညိုဖွယ်ရာဝတ္ထုကို မဖောက်မပြန် သက်ဝင်ကာ ကြည်ညိုဖြစ်ပွါးလာသော သဒ္ဓါတရားကို **အာဂမနီယသဒ္ဓါတရား** ဟု ခေါ်၏။

(ခ) သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိခြင်းကြောင့် အရိယာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ပွါးလာသော (သုရမ္ဗဋ္ဌအရိယာ၏ သဒ္ဓါတရားကဲ့သို့) မည်သူတဦးတယောက်မျှ ဖျက်ဆီး၍ မရသော သဒ္ဓါတရားသည် **အဓိဂမသဒ္ဓါ**မည်၏။ (သုရမ္ဗဋ္ဌအရိယာ အကြောင်းကို သံဃရတနာအခန်းသို့ ရောက်မှ ရေးသား ဖော်ပြပေအံ့)။

(ဂ) မဟာကပ္ပိနမင်း-စသည်တို့၏ သန္တာန်၌ဖြစ်သော သဒ္ဓါတရားကဲ့သို့ "ဘုရား, တရား, သံဃာ" ဟူ၍ ပြောဆိုအပ်သော ထို စကားမျှကို ကြားရလျှင်ပင် သူတပါးတို့က "မြတ်စွာဘုရားသည် ဤသို့ ဤသို့သော ဂုဏ်ကျေးဇူးရှိ၏၊ တရားတော်သည် ဤသို့ ဤသို့သော ဂုဏ်ကျေးဇူးရှိ၏၊ သံဃာတော်သည် ဤသို့ ဤသို့သော ဂုဏ်ကျေးဇူးရှိ၏" စသည်ဖြင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အကျယ်

ဖော်ပြ မပြောကြားရပဲ "သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ=မြတ်စွာဘုရားသည် ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပါပေစွ" ဤသို့ စသည်ဖြင့် ရတနာသုံးပါးတို့၌ ဖြစ်ပွါးလာသော ကြည်ညိုမှု သဒ္ဓါတရားသည် **ပသာဒသဒ္ဓါ**မည်၏။ (အောက်က (တတိယတွဲ စာမျက်နှာ ၁၇၀-မှစ၍)ဖော်ပြခဲ့သော အနာထပိဏ်သူဌေးတို့၏ သဒ္ဓါ တရားမျိုးတည်း)။

(ဃ) "ဘုရား, တရား, သံဃာ" ဟူ၍ သူတပါးက ပြောဆိုအပ်သော် ထို ရတနာသုံးပါး၏ဂုဏ်ကို ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်ကြံစည်ပြီးမှ ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုရသည့်အလား မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားကို **ဩကပ္ပနသဒ္ဓါ**ဟူ၍ ခေါ်၏။ ဤ ပဌမအပရိဟာနိယတရား၌ ပသာဒသဒ္ဓါနှင့် ဩကပ္ပနသဒ္ဓါ=ဤ ၂-ပါးကို ယူရမည်။

(၂-၃) ဒုတိယ, တတိယ အပရိဟာနိယတရားတို့၌ မကောင်းမှုမှ ရှက်ခြင်း စက်ဆုပ်ခြင်း=ဟိရီတရား, မကောင်းမှုမှ ထိတ်လန့်ကြောက်ရွံ့ခြင်း=ဩတ္တပ္ပတရား=ဤ ၂-ပါးတို့၏ သဘောသွား ထူးခြားဟန်ကို ဤ ဆိုလတ္တံ့သော ဥပမာဖြင့် သိရာ၏— ၁-အေးမြ၍ မစင်အညစ်အကြေး လိမ်းထေးပေကျံနေသော သံတွေခဲ, ၂-ရဲရဲပြောင်ပြောင် မီးတောက်လောင်ထားသော သံတွေခဲဟူ၍ = သံတွေခဲ ၂-ခဲရှိရာ ပညာရှိသောသူသည် ၁-အမှတ်ပြုသံတွေခဲကို မစင်လူးမည်မှ စက်ဆုပ်ရွံ့ရှာသောကြောင့် မကိုင်ဝံ့၊ ၂-အမှတ်ပြု သံတွေခဲကို ပူလောင်မည်မှ ကြောက်ရွံ့သောကြောင့် မကိုင်ဝံ့၊ ထို့အတူပင် သူတော်ကောင်းဖြစ်သော သူသည်လည်း ၁-မကောင်းမှုဒုစရိုက်၏ ယုတ်မာသစ်ညှမ်းမှု သဘောတည်းဟူသော အညစ်အကြေးမှ စက်ဆုပ်ရွံ့ရှာခြင်းတည်းဟူသော ဟိရီတရားကြောင့် ထိုသံတွေခဲနှင့်တူသော မကောင်းမှုဒုစရိုက်ကို မကိုင်ဝံ့ မပြုဝံ့ပဲ ရှောင်ဖယ်လေသည်၊ ၂-ထိုမကောင်းမှု ဒုစရိုက်၏ မျက်မှောက်ဘဝ တမလွန်ဘဝတို့၌ ခံရမည့် အပြစ်ဘေးတည်းဟူသော ပူလောင်မည့်အရေးမှ ကြောက်လန့်ခြင်းတည်းဟူသော ဩတ္တပ္ပတရားကြောင့် ထိုသံတွေခဲနှင့်တူသော မကောင်းမှုဒုစရိုက်ကို မကိုင်ဝံ့ မပြုဝံ့ပဲ ရှောင်ဖယ်လေသည်။

(၄) စတုတ္ထ အပရိဟာနိယတရား၌ "များသောအကြားအမြင်=ဗဟုသုတရှိသူ" ဟူရာဝယ် (၁) ပရိယတ္တိဗဟုသုတရှိသူ = ပိဋကတ်ကျမ်းဂန် အကြားအမြင်များစွာရှိသောပုဂ္ဂိုလ် (၂) ပဋိဝေဓဗဟုသုတ

WWW.DHAMMARANSI.COM



ရှိသူ=သစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်သည့် လောကုတ္တရာမဂ်ဉာဏ် ဖိုလ်ဉာဏ် (အကြားအမြင်) များစွာရှိသော ပုဂ္ဂိုလ်ဟူ၍ ဗဟုဿုတ ပုဂ္ဂိုလ်=အကြားအမြင်များစွာရှိသော ပုဂ္ဂိုလ် ၂-မျိုးရှိရာ ဤအရာ၌ ပရိယတ္တိဗဟုဿုတပုဂ္ဂိုလ်ကိုသာ ယူရမည်။ ထို ပရိယတ္တိဗဟုဿုတပုဂ္ဂိုလ်သည်လည်း ၁-နိဿယမုစ္စနကဗဟုဿုတပုဂ္ဂိုလ် = နိဿယည်း လွတ်လောက်အောင် အကြားအမြင် အရည်အချင်းနှင့် ပြည့်စုံသောရဟန်းပုဂ္ဂိုလ်, ၂-ပရိသုပဋ္ဌာကဗဟုဿုတပုဂ္ဂိုလ် = ပရိသတ်မွေးမြူနိုင်လောက်အောင် (ကျောင်းထိုင်ဘုန်းကြီး ပြုလုပ်နိုင်လောက်အောင်) အကြားအမြင် အရည်အချင်း ဗဟုဿုတနှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ် ၃-ဘိက္ခုနောဝါဒကဗဟုဿုတပုဂ္ဂိုလ် = ဘိက္ခုနီမတို့ကို ဆုံးမနိုင်သော ရဟန်းဟူ၍ သမ္မုတိပေးနိုင်လောက်အောင် အကြားအမြင် အရည်အချင်း ဗဟုဿုတနှင့် ပြည့်စုံသောရဟန်းပုဂ္ဂိုလ်, (ဤပုဂ္ဂိုလ် ၃-မျိုး အကျယ်အဓိပ္ပါယ်ကို သမန္တပါသာဒိကာဝိနယအဋ္ဌကထာ ပါစိတ္တိယအဖွင့် ဩဝါဒဝဂ်(ဝိ-ဋ္ဌ ၂၊ ၅၄-မျက်နှာ)၌ ကြည့်ရှုမှတ်ယူရာ၏)။ ၄-သဗ္ဗတ္ထကဗဟုဿုတပုဂ္ဂိုလ်=ရှေးဗဟုဿုတ ပုဂ္ဂိုလ်သုံးမျိုးတို့ကဲ့သို့ ပိဋကသုံးပုံမှ ပိုင်းခြားသတ်မှတ်ရာပါ တစိတ်တဒေသမျှ အကြားအမြင်ရှိသူမဟုတ်ပဲ အရှင်အာနန္ဒာ မထေရ်မြတ်တို့ကဲ့သို့ ပိဋကသုံးပုံ အလုံးစုံ၌ ပြောဆိုဟောကြားနိုင်သော အကြားအမြင် အရည်အချင်း ဗဟုဿုတနှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်ဟူ၍ = လေးမျိုးရှိပြန်ရာ ဤစတုတ္ထ အပရိဟာနိယတရားအရာ၌ လေးယောက်မြောက်ဖြစ်သော သဗ္ဗတ္ထကဗဟုဿုတပုဂ္ဂိုလ်ကို ယူရမည်၊ အကြောင်းကား — ထိုပုဂ္ဂိုလ်ကမှသာ ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ=နှစ်ပါး၏ မူလရင်းဖြစ်သော ပရိယတ္တိသဒ္ဓမ္မ၌ ကောင်းစွာတည်သောကြောင့်တည်း။

(၅) ပဉ္စမ အပရိဟာနိယတရား၌ "အားထုတ်အပ်သော လုံ့လဝီရိယရှိသူ" ဟူသော စကားရပ်ဝယ် ဝီရိယသည် ၁-ကာယိကဝီရိယ= ကိုယ်၌ဖြစ်သောဝီရိယ, ၂-စေတသိကဝီရိယ=စိတ်၌ဖြစ်သောဝီရိယဟူ၍= ၂-ပါးရှိရာ ၁-ကာယသင်္ဂါကာခေါ်သည့် အပေါင်းအသင်းတို့နှင့် ရောထွေးယှက်တင် နေထိုင်မှုကို ပယ်ဖျောက်၍ လျှောင်း, ထိုင်, ရပ်, သွား=ဣရိယာပုထ်လေးပါးတို့၌ ဝီရိယာရမ္ဘဝတ္ထုရှစ်ပါးကို ပွါးများကာ တကိုယ်ရေ တကာယ နေထိုင်ကြသော ရဟန်းတို့သန္တာန်၌ ဖြစ်ပွါးသော ဝီရိယကို **ကာယိကဝီရိယ** ခေါ်၏။ ၂-စိတ္တသင်္ဂါကာခေါ်သည့် စိတ်၏အာရုံခြောက်ပါးတို့နှင့် ကိလေသာတရား တဖွားဖွားဖြစ်ပွါးကာ ရောထွေးယှက်တင် နေထိုင်မှုကို ပယ်ဖျောက်၍ ဈာန်သမာပတ်

WWW.DHAMMARANSI.COM



ရှစ်ပါးကို လေ့လာဝင်စားကာ တကိုယ်ရေ တကာယ နေထိုင်ကြလျက် သွားသော အခါ၌ ဖြစ်သောကိလေသာအား ရပ်တည်သောအခါသို့ ရောက်ခွင့်ကို မပေး, ရပ်တည်သောအခါ၌ ဖြစ်သောကိလေသာအား ထိုင်သော အခါသို့ ရောက်ခွင့်ကို မပေး, ထိုင်သောအခါ၌ ဖြစ်သော ကိလေသာအား လျောင်းသောအခါသို့ ရောက်ခွင့်ကို မပေးပဲ ဖြစ်ရာ ဖြစ်ရာဌာနဌပင် ကိလေသာတို့ကို နှိပ်ကွပ်သောရဟန်းတို့၏ ဝီရိယကို **စေတသိကဝီရိယ** ခေါ်၏။ "ဖော်ပြရာပါ ကာယိကဝီရိယ, စေတသိက-ဝီရိယ=နှစ်ပါးတို့နှင့် ပြည့်စုံ၍နေကြသမျှ ကာလပတ်လုံး ရဟန်းတို့ အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ" ဟု ဆိုလိုသည်။

(၆) ဆဋ္ဌ အပရိဟာနိယတရား၌ "စွဲမြဲသောသတိနှင့် ပြည့်စုံကြ သူများ" ဟူသည်မှာ မဟာဂတိမ္ဗယ အဘယမထေရ်, ဒီဃဘာဏက အဘယမထေရ်, တိပိဋကစူဠာဘယမထေရ်တို့ကဲ့သို့ လွန်ခဲ့သည့် အချိန် ကြာမြင့်စွာက ပြုခဲ့ပြောခဲ့သော ကာယကံမှုဝစီကံမှုတို့ကို မမေ့မပျောက် အောက်မေ့နိုင်သောပုဂ္ဂိုလ်များကို ဆိုလိုသည်။ ဥပမာအဖြစ်ဖြင့် ဖော် ပြအပ်သော ထိုမထေရ်သုံးပါးတို့အနက်—

၁-မဟာဂတိမ္ဗယ အဘယမထေရ်သည် မိမိဖွားမြင်ပြီးနောက် ၅-ရက်မြောက်၌ မင်္ဂလာနို့ထမင်း ကျွေးမွေးသောပွဲလမ်းသဘင်ဝယ် နို့ထမင်းခွက်မှ နို့ထမင်းကိုစားဖို့ရန် နှုတ်သီးကိုဆန့်တန်းသည့်ကျီးကို မြင်၍ "ဟုံ့ ဟုံ့" ဟူသောအသံကို ပြုခဲ့လေသည်၊ ထိုနောက် ထိုသူငယ် သည် ရဟန်းဖြစ်၍ မထေရ်ကြီးဖြစ်သောအခါ တပည့်ရဟန်းတို့က "အရှင်ဘုရား.... အဘယ်အချိန်ကစ၍ ကာယကံမှု ဝစီကံမှုများကို အောက်မေ့အမှတ်ရပါသနည်း" ဟု မေးလျှောက်အပ်လေလျှင် "မွေး ဖွားပြီးနောက် ၅-ရက်မြောက်၌ ကျီးကိုချောက်လှန့်ရန် 'ဟုံ့ ဟုံ့' ဟု ပြုခဲ့ သောအသံမှစ၍ အမှတ်ရ၏ ငါ့ရှင်တို့...." ဟူ၍ မိန့်ကြားတော်မူသတဲ့။

၂-ဒီဃဘာဏက အဘယမထေရ်ဖြစ်မည့်သူငယ် မွေးဖွားပြီးနောက် ၆-ရက်မြောက်နေ့၌ မိခင်ဖြစ်သူသည် သားကို ချစ်မြတ်နိုးလှ၍ "နမ်းစုတ် မည်" ဟု သားမျက်နှာပေါ်သို့ ညွတ်လိုက်ရာ မိခင်ဖြစ်သူ၏ ဆံထုံးကြီး သည် ပြေ၍ကျလေ၏၊ ထိုအခါ တပြည်သားမျှလော မုလေး (မြတ် လေး)ပန်းတို့သည် သူငယ်၏ရင်ပပ်ပေါ်၌ ကျရောက်ကုန်၍ ဆင်းရဲ နာကျင်မှုကို ဖြစ်စေကြလေသည်၊ ထိုသူငယ်သည် ဒီဃဘာဏက အဘ-ယ မထေရ်ကြီးဖြစ်သောအခါ၌ တပည့်ရဟန်းတို့က "အဘယ်အချိန်က

WWW.DHAMMARANSI.COM



စ၍ အမှတ်ရကြပါသနည်း အရှင်ဘုရား....”ဟု မေးလျှောက်အပ်လေလျှင် “မွေးဖွားပြီးနောက် ၆-ရက်မြောက်သောနေ့မှစ၍ အမှတ်ရ၏ ငါ့ရှင်တို့....”ဟု ဖြေကြားတော်မူလေ၏။

၃-တိပိဋကစူဠာဘယ မထေရ်မြတ်သည်ကား တပည့်ရဟန်းတို့က “အဘယ်မျှလောက် အောက်မေ့ မှတ်ဆောင်နိုင်ပါသနည်း အရှင်ဘုရား....”ဟု မေးလျှောက်အပ်လေလျှင် “အနုရာဓမြို့တော်၌ တံခါးမကြီး လေးပေါက်ရှိရာ တံခါးမကြီးသုံးပေါက်ကို ပိတ်ဆို့ထား၍ လူတို့ကို တံခါးပေါက်တခုတည်းမှ အထွက်ခိုင်းလျက် ‘သင်သည် အဘယ်အမည်ရှိသနည်း၊ သင်သည် အဘယ်အမည်ရှိသနည်း’ဟု တယောက်စီ တယောက်စီ လူစေ့မေးပြီး ထိုလူအားလုံးတို့ ပြောကြားဖြေဆိုသော အမည်များကို မှတ်သားထားပြီးနောက် ညနေချမ်း၌ တဖန် မြို့တွင်းသို့ အဝင်ခိုင်းပြီးလျှင် အသစ်မမေးရတော့ပဲ ထိုလူများ၏ အမည်များကို မမှားရအောင် ‘ဤသူကား ဤအမည်ရှိ၏၊ ဤသူကား ဤအမည်ရှိ၏’ ဟု သူ့အမည်နှင့်သူ တပ်၍ ပြောနိုင်၏ ငါ့ရှင်တို့....”ဟု ဖြေကြားတော်မူလေ၏။

(၇) သတ္တမအပရိဟာနိယတရား၌ “ဝိပဿနာပညာ” ဟူသည် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိမ်းဆည်းသိမြင်သော=ဥဒယဗ္ဗယပညာကို ဆိုလို၏။ တနည်း ၆,၇-ဆဋ္ဌ, သတ္တမ အပရိဟာနိယတရားတို့၌လာသော သတိ,ပညာဟူသော စကားနှစ်ရပ်ဖြင့် ဝိပဿနာရှုကြသောရဟန်းတို့၏ ဝိပဿနာအဆောက်အဦဖြစ်သော သမ္မာသတိနှင့် ဝိပဿနာပညာကို ဆိုအပ်ကုန်၏၊ (ဝိပဿနာရှုစဉ်အခါ ဖြစ်သော သတိနှင့်ပညာကို ယူလေဟု ဆိုလိုသည်)။ ဤကား မှတ်ဖွယ်အထူးတည်း)။

## စတုတ္ထ ကြီးပွါးကြောင်းတရား ခုနစ်ပါး

မြတ်စွာဘုရားရှင်သည် ရှေးနည်းအတူ တဖန်ဆက်၍ အပရိဟာနိယတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူပြန်သည်မှာ—

(၁) ရဟန်းတို့....ရဟန်းတို့သည် မဂ်၏အကြောင်းဖြစ်သော အောက်မေ့မှု=သတိသမ္ဗောဇ္ဈင်ကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(၂) ရဟန်းတို့ ··· ရဟန်းတို့သည် မင်္ဂ၏အကြောင်းဖြစ်သော ပညာ = ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို၊ (ပ)၊

(၃) မဂ်၏ အကြောင်းဖြစ်သောလုံ့လ = ဝီရိယသမ္ဗောဇ္ဈင်ကို၊ (ပ)၊

(၄) မဂ်၏အကြောင်းဖြစ်သော နှစ်သိမ့်မှု = ပီတိသမ္ဗောဇ္ဈင်ကို၊ (ပ)၊

(၅) မဂ်၏ အကြောင်းဖြစ်သော ငြိမ်းအေးမှု = ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို၊ (ပ)၊

(၆) မဂ်၏ အကြောင်းဖြစ်သော တည်ကြည်မှု = သမာဓိသမ္ဗောဇ္ဈင်ကို၊ (ပ)၊

(၇) ရဟန်းတို့ ··· ရဟန်းတို့သည် မဂ်၏အကြောင်း ဖြစ်သော လျစ်လျူရှုမှု = ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

ရဟန်းတို့ ··· ဤကြီးပွါးကြောင်း ( = အပရိဟာနိယ) တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်နေကြ၍ ရဟန်းတို့သည်လည်း ဤကြီးပွါးကြောင်း( = အပရိဟာနိယ)တရားတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။ (တရားမဆုံးသေး)

(ဤဗောဇ္ဈင်ခုနစ်ပါး ကြီးပွါးကြောင်းတရားဖြင့် ဝိပဿနာ, မဂ်, ဖိုလ်နှင့်ယှဉ်သော လောကီလောကုတ္တရာအရောဖြစ်သော ဗောဇ္ဈင်တရားတို့ကို ဟောတော်မူသည်)။

### ပဥ္စမ ကြီးပွါးကြောင်းတရား ခုနစ်ပါး

မြတ်စွာဘုရားရှင်သည် ရှေးနည်းအတူ တဖန်ဆက်၍ အပရိဟာနိယတရား ခုနစ်ပါးတို့ကို ဟောကြားတော်မူပြန်သည်မှာ —

WWW.DHAMMARANSI.COM



(၁) ရဟန်းတို့….ရဟန်းတို့သည် မမြဲဟု သိမှတ်မှု = အနိစ္စ သညာကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၂) ရဟန်းတို့….ရဟန်းတို့သည် အတ္တမဟုတ်ဟု သိမှတ်မှု = အနတ္တသညာကို ပွါးများနေကြသမျှ ကာလပတ်လုံး၊(ပ)၊

(၃) မတင့်တယ်ဟု သိမှတ်မှု = အသုဘသညာကို ပွါးများနေကြသမျှ ကာလပတ်လုံး၊(ပ)၊

(၄) အပြစ်ကိုသိမှတ်မှု = အာဒီနဝသညာကို ပွါးများနေကြသမျှ ကာလပတ်လုံး၊(ပ)၊

(၅) ပယ်ဖို့ရန်သိမှတ်မှု = ပဟာနသညာကို ပွါးများနေကြသမျှ ကာလပတ်လုံး၊(ပ)၊

(၆) တပ်မက်ခြင်းကင်းရန်သိမှတ်မှု တပ်ခြင်းကင်းရာနိဗ္ဗာန်ကို သိမှတ်မှု = ဝိရာဂသညာကို ပွါးများနေကြသမျှ ကာလပတ်လုံး၊(ပ)၊

(၇) ရဟန်းတို့ …. ရဟန်းတို့သည် ချုပ်ခြင်းကို သိမှတ်မှု (တနည်း) ချုပ်ရာနိဗ္ဗာန်ကို သိမှတ်မှု = နိရောဓသညာကို ပွါးများနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

ရဟန်းတို့….ဤကြီးပွါးကြောင်း (= အပရိဟာနိယ) တရား ခုနစ်ပါးတို့သည် ရဟန်းတို့၌ တည်နေကြ၍ ရဟန်းတို့သည်လည်း ဤကြီးပွါးကြောင်း (= အပရိဟာနိယ)တရား ခုနစ်ပါးတို့ကို ကျင့်သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန် သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။ (တရားမဆုံးသေး)

(ဤ၌။ ။အနိစ္စဟု အဖန်ဖန်ရှုသော အနုပဿနာပညာနှင့် တကွ ဖြစ်သောသညာသည် အနိစ္စသညာမည်၏၊ အနတ္တသညာ-စသည်တို့၌ လည်း ဤနည်းအတူသာတည်း။ တေဘူမက သင်္ခါရတို့ကို အနိစ္စဟူ၍ ရှုကြောင်းဖြစ်သောပညာ (=အနိစ္စဝိပဿနာ)သည် အနိစ္စာနုပဿနာ

WWW.DHAMMARANSI.COM



မည်၏၊ ထိုပညာနှင့်တကွဖြစ်သော သညာကို ပွါးများလျှင် (=ဖြစ်စေလျှင်) ပညာကိုလည်း ပွါးများအပ် (=ဖြစ်စေအပ်)သည်သာမည်၏၊ ထို့ကြောင့် ပါဠိတော်၌"အနိစ္စသညာ" စသည်ဖြင့် ဟောတော်မူအပ်လေသည်။ (တနည်း)သညာကို အဦးမူသဖြင့် ဝိပဿနာပညာကိုသာ ညွှန်ပြဟောဆိုခြင်းဖြစ်သည်။ အနတ္တသညာ-စသည်တို့၌လည်း ဤနည်းအတူသာတည်း။

ဤသညာခုနစ်ပါး ကြီးပွါးကြောင်းတရားတို့အနက် ရှေ့၅-ပါးသည် လောကီတို့သာဖြစ်၏၊ နောက်နှစ်ပါးကား လောကီ, လောကုတ္တရာ အရောဖြစ်၏။ ဤကား အထူးမှတ်ရန်တည်း)။

## ရဟန်းတို့၏ ကြီးပွါးကြောင်းတရား ၆-ပါး

မြတ်စွာဘုရားရှင်သည် တဖန်ဆက်၍ ရဟန်းတို့အား ကြီးပွါးကြောင်းတရား ၆-ပါးတို့ကို ဟောကြားတော်မူလိုရကား "ရဟန်းတို့⋯⋯သင်တို့အား ငါဘုရားသည် ကြီးပွါးကြောင်းတရား ၆-ပါးတို့ကို ဟောပေအံ့၊ ထိုတရားကို နာကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကုန်ဦးလော့၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားပေအံ့"ဟု မိန့်တော်မူလတ်သော် ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား⋯⋯"ဟု လျှောက်ထား ဝန်ခံကြကုန်၏။ မြတ်စွာဘုရားသည် ဤဆိုလတ္တံ့သော အပရိဟာနိယ (=ကြီးပွါးကြောင်း)တရား ၆-ပါးကို ဟောကြားတော်မူ၏—

(၁) ရဟန်းတို့⋯⋯ရဟန်းတို့သည် သီတင်း သုံးဖော်တို့၏ အပေါ်၌ မေတ္တာစိတ်ဖြင့်ပြုအပ်သော ကိုယ်အမှုအရာ(=ကာယကံ)ကို မျက်မှောက်,မျက်ကွယ်=နှစ်သွယ်လုံး၌ ရှေးရှုထင်စေကြသမျှ(=ဖြစ်စေကြသမျှ)ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၂) ရဟန်းတို့⋯⋯ရဟန်းတို့သည် သီတင်း သုံးဖော်တို့၏ အပေါ်၌ မေတ္တာစိတ်ဖြင့်ပြုအပ်သော နှုတ်အမှုအရာ(=ဝစီကံ)ကို မျက်မှောက်, မျက်ကွယ်=နှစ်သွယ်လုံး၌ ရှေးရှုထင်စေကြသမျှ (=ဖြစ်စေကြသမျှ)ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

WWW.DHAMMARANSI.COM



(၃) ရဟန်းတို့ ···· ရဟန်းတို့သည် သီတင်းသုံးဖော်တို့၏ အပေါ်၌ မေတ္တာစိတ်ဖြင့်ပြုအပ်သော စိတ်အမှုအရာ (＝မနောကံ)ကို မျက်မှောက်,မျက်ကွယ်＝နှစ်သွယ်လုံး၌ ဖြေးရှုထင်စေကြသမျှ (＝ဖြစ်စေကြသမျှ)ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာရှိပေ၏၊ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၄) ရဟန်းတို့........ရဟန်းတို့သည် တရားနှင့်အညီရသော ပစ္စည်းလေးရပ်＝ဓမ္မိယလာဘ်ကို အယုတ်ဆုံးအားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း သီးခြားခွဲ၍ မသုံးဆောင်ပဲ သီလရှိသော သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍ သုံးဆောင်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၅) ရဟန်းတို့....တဏှာ၏ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော, ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော, မှားယွင်းစွာ မသုံးသပ်အပ်ကုန်သော, သမာဓိကို ဖြစ်စေတတ်ကုန်သော, မကျိုး, မပေါက်, မကျား, မပြောက်ကုန်သော သီလတို့ဖြင့် ရဟန်းတို့သည် မျက်မှောက်,မျက်ကွယ်＝နှစ်သွယ်လုံး၌ပင် သီတင်းသုံးဖော်တို့နှင့် သီလချင်းတူမျှလျက် နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

(၆) ရဟန်းတို့....နိဗ္ဗာန်သို့ဆောင်တတ်သော အကြင်အရိယပညာသည် ထိုပညာကို လိုက်နာပြုကျင့်သူအား ဆင်းရဲစင်စစ်ကုန်ဖို့ရန် ဆောင်တတ်၏၊ ထိုသို့သော အရိယပညာအားဖြင့် ရဟန်းတို့သည် မျက်မှောက်, မျက်ကွယ်＝နှစ်သွယ်လုံး၌ပင် သီတင်းသုံးဖော်တို့နှင့် ပညာချင်းတူမျှလျက် နေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ။

ရဟန်းတို့........ဤကြီးပွါးကြောင်း(＝အပရိဟာနိယ)တရား ၆-ပါးတို့သည် ရဟန်းတို့၌ တည်နေကြ၍ ရဟန်းတို့သည်လည်း ဤကြီးပွါးကြောင်း(＝အပရိဟာနိယ)တရား ၆-ပါးတို့ကို ကျင့်

WWW.DHAMMARANSI.COM



သုံးနေကြသမျှ ကာလပတ်လုံး ရဟန်းတို့အဖို့ရာ ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန် အလျှင်းမရှိပေ-ဟူ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား ကြီးပွါးကြောင်းတရား ခုနစ်ပါး ၅-စု, ခြောက်ပါး ၁-စု=၅၌သို့ ခြောက်စုထား၍ ဟောကြားတော်မူ၏။

(၁-၂-၃) မေတ္တာစိတ်ဖြင့် ပြုအပ်သမျှသော ကာယကံ=ကိုယ်အမှုအရာအားလုံးကို မေတ္တာကာယကံဟူ၍ ခေါ်၏၊ မေတ္တာစိတ်ဖြင့် ပြောဆိုအပ်သမျှသော ဝစီကံ=နှုတ်အမှုအရာအားလုံးကို မေတ္တာဝစီကံဟူ၍ ခေါ်၏၊ မေတ္တာစိတ်ဖြင့် ကြံစည်အပ်သမျှ မနောကံ=စိတ်အမှုအရာအားလုံးကို မေတ္တာမနောကံဟူ၍ ခေါ်၏။

ပါဠိတော်၌ ဤမေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံတို့ကို ပရိသတ်လေးပါးတို့တွင် ရဟန်းပရိသတ်က အမြတ်ဆုံးဖြစ်သောကြောင့် ရဟန်းတို့နှင့်စပ်၍ ဟောကြားတော်မူအပ်၏၊ သို့သော်လည်း မြတ်စွာဘုရား၏တရားတော်သည် ပရိသတ်လေးပါးတို့နှင့် ဆက်ဆံသောကြောင့် လူဝတ်ကြောင်တို့၌လည်း ဤမေတ္တာကာယကံ, မေတ္တာဝစီကံ, မေတ္တာမနောကံတို့ကို ရအပ်ကုန်၏။ ရပုံမှာ—

ရဟန်းတို့အဖို့ရာ မေတ္တာစိတ်ဖြင့် ဝတ်ကြီးဝတ်ငယ်ကို ဖြည့်ကျင့်ခြင်းသည် မေတ္တာကာယကံမည်၏။ လူတို့အဖို့ရာ စေတီတော်ကိုဖူးမြော်ရန် ဗောဓိပင်ကိုရှိခိုးရန် သံဃာတော်ကို ပင့်ဖိတ်ရန်သွားခြင်း, ရွာတွင်းသို့ ဆွမ်းခံဝင်လာသော ရဟန်းကို မြင်လျှင် ခရီးဦး ကြိုဆိုခြင်း, သပိတ်ကို ဆီးကြိုယူငင်ခြင်း, နေရာခင်းခြင်း,ရဟန်းပြန်ကြွသောအခါ လိုက်၍ပို့ခြင်း—အစရှိသည်များသည် မေတ္တာကာယကံ မည်၏။

ရဟန်းတို့အဖို့ရာ မေတ္တာစိတ်ဖြင့် လိုက်နာကျင့်သုံးရမည့် သိက္ခာပုဒ်များကို ပြောကြားပြခြင်း, ကမ္မဋ္ဌာန်း

WWW.DHAMMARANSI.COM



တရား ဟောကြားပြသခြင်း, အခြားတရား ဟောပြောခြင်း, အချုပ်အားဖြင့် ပိဋကသုံးပုံကို သင်ကြားပြသပို့ချပေးခြင်းသည် မေတ္တာဝစီကံမည်၏။ လူတို့အဖို့ရာ "စေတီတော်ကို ဖူးမြော်ရန် သွားကြကုန်အံ့၊ ဗောဓိပင်ကို ဖူးမြော်ရန် သွားကြကုန်အံ့၊ တရားနာ သွားကြကုန်အံ့၊ တရားနာမှု ပြုကြကုန်အံ့၊ ဆီမီး ရေချမ်း ပန်းပူဇော်မှု ပြုကြကုန်အံ့၊ သုစရိုက်သုံးမျိုးတို့ကို ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်အံ့၊ စာရေးတံဆွမ်း-စသည်တို့ကို ပေးလှူကြကုန်အံ့၊ ဝါဆိုသင်္ကန်း လှူဒါန်းကြကုန်အံ့၊ ယနေ့ သံဃာတော်အား ပစ္စည်းလေးပါးတို့ကို ပေးလှူကြကုန်အံ့၊ (သံဃာတော်တို့ကို ပင့်ဖိတ်ပြီးသောအခါ) ခဲဖွယ်-စသည်တို့ကို စီမံကြကုန်လော့၊ နေရာတို့ကို ခင်းကြကုန်လော့၊ သောက်ရေကို တည်ထားကြကုန်လော့၊ သံဃာတော်များကို ခရီးဦး ကြိုဆို၍ ပင့်ဆောင်ခဲ့ကြကုန်လော့၊ ခင်းထားအပ်ပြီးသော နေရာ၌ ထိုင်စေကြကုန်လော့၊ ထက်သန်သောဆန္ဒ ထက်သန်သောလုံ့လ ဖြစ်ရှိကြကာ ဝေယျာဝစ္စကို ပြုကြကုန်လော့" ဤသို့စသည် ပြောဆိုသောအခါ မေတ္တာဝစီကံ မည်၏။

ရဟန်းတို့အဖို့ရာ စောစောထ၍ ကိုယ်လက်သုတ်သင်ကာ စေတိယင်္ဂဏဝတ်စသည်တို့ကို ပြုလုပ်ပြီးလျှင် ဆိတ်ငြိမ်သောနေရာ၌ ထိုင်နေ၍ "ဤကျောင်းတိုက်၌ နေကြသော ရဟန်းတို့သည် ချမ်းသာကြပါစေ, ရန်ကင်းကြပါစေ, ဒေါသဗျာပါဒ ကင်းကြပါစေ"-ဤသို့ ကြံစည်စဉ်းစား နှလုံးထားခြင်းသည် မေတ္တာမနောကံမည်၏။ လူတို့အဖို့ရာ "အရှင်မြတ်တို့သည် ချမ်းသာကြပါစေ, ရန်ကင်းကြပါစေ, ဒေါသဗျာပါဒကင်းကြပါစေ"-ဤသို့ စသည် ကြံစည်စဉ်းစား နှလုံးထားခြင်းသည် မေတ္တာမနောကံမည်၏။

WWW.DHAMMARANSI.COM



### သမ္မုခါမေတ္တာ, ပရမ္မုခါမေတ္တာ
### (မျက်မှောက်မေတ္တာ, မျက်ကွယ်မေတ္တာ)

မျက်မှောက်၌တွင် မေတ္တာစိတ်ဖြင့် ပြုအပ် ပြောအပ် ကြံအပ်သမျှသော အမှုအရာစုသည် သမ္မုခါမေတ္တာ မည်၏၊ မျက်ကွယ်တွင် မေတ္တာစိတ်ဖြင့် ပြုအပ် ပြောအပ် ကြံအပ်သမျှသော အမှုအရာစုသည် ပရမ္မုခါမေတ္တာ မည်၏။

ထိုနှစ်ပါးတို့တွင် သီတင်းငယ်ရဟန်းတို့၏ သက်နှုန်းချုပ်မှု-စသည်တို့၌ ထေရ်ကြီးတို့က ကူညီဝိုင်းဝန်းပြုလုပ်ပေးမှုသည် ထေရ်ကြီးတို့၏ သမ္မုခါမေတ္တာကာယကံ = မျက်မှောက်မေတ္တာကာယကံ မည်၏။ သီတင်းငယ်တို့က ထေရ်ကြီးတို့အား ခြေဆေးပေးခြင်း, ရှိခိုးခြင်း, ယပ်လေခပ်ပေးခြင်း-စသော အရိုအသေပြုမှု အားလုံးသည် သီတင်းငယ်တို့၏ သမ္မုခါမေတ္တာကာယကံ မည်၏။ သီတင်းငယ်, ထေရ်ကြီး = နှစ်ဦးတို့ အထားမတော်သော သစ်ဘဏ္ဍာ-စသည်တို့ကို ထိုပစ္စည်းရှင် သီတင်းငယ်,ထေရ်ကြီးတို့၌ မထီမဲ့မြင်မှု (အထင်သေးမှု) လုံးဝမပြုပဲ မိမိပင် အထားမတော်သည့် ဘဏ္ဍာများကိုကဲ့သို့ တရိုတသေ သိမ်းဆည်းမှုသည် ပရမ္မုခါမေတ္တာကာယကံ = မျက်ကွယ်မေတ္တာကာယကံ မည်၏။

မျက်မှောက်၌တွင် စကားပြောဆိုသောအခါ "ဒေဝမထေရ်သူမြတ်၊ တိဿမထေရ်သူမြတ်" ဤသို့စသည်ဖြင့် ချိုးချိုးမြွက်မြွက် ပြောကြားခြင်းသည် သမ္မုခါ-မေတ္တာဝစီကံ = မျက်မှောက် မေတ္တာဝစီကံ မည်၏။ ကျောင်းတိုက်၌မရှိသော ရဟန်းကို မေးမြန်းလိုလတ်သော် "အကျွန်ုပ်တို့၏ ဒေဝမထေရ်သူမြတ်သည် အဘယ်မှာနည်း၊ အကျွန်ုပ်တို့၏ တိဿမထေရ်သူမြတ်သည် အဘယ်မှာနည်း၊ အဘယ်အခါ၌ ကြွလာတော်မူပါမည်နည်း"

WWW.DHAMMARANSI.COM



ဤသို့စသည်ဖြင့် မြတ်နိုးတနာ ပြောကြားမေးမြန်းခြင်းသည် ပရမ္မုခါမေတ္တာဝစီကံ = မျက်ကွယ်မေတ္တာဝစီကံ မည်၏။

မျက်မှောက်ထင်ထင် မေတ္တာအစေးတို့ဖြင့် ပြေပြစ်သော စိုစွတ်သော မျက်လုံးတို့ကို ဖွင့်၍ အလွန်ကြည်လင်ရှင်ပျသောမျက်နှာဖြင့် ကြည့်ရှုသောအခါ ယင်းသို့ ကြည့်ရှုကြောင်းဖြစ်သော မေတ္တာစိတ်စေတနာသည် သမ္မုခါ-မေတ္တာမနောကံ = မျက်မှောက် မေတ္တာမနောကံ မည်၏။ (မေတ္တာအစေးဖြင့် ပြေပြစ်စိုစွတ်သော မျက်လုံးတို့ကို ဖွင့်ခြင်း, ကြည်လင်ရွှင်ပျသော မျက်နှာဖြင့် ကြည့်ရှုခြင်းများကား မေတ္တာကာယကံဖြစ်သည်)။ မျက်ကွယ်၌ "ဒေဝမထေရ်သူမြတ် တိဿမထေရ်သူမြတ်သည် ရောဂါ, အနာ ကင်းရှင်းတော်မူပါစေ"ဟု နှလုံးသွင်းခြင်းသည် ပရမ္မုခါမေတ္တာမနောကံ = မျက်ကွယ် မေတ္တာမနောကံ မည်၏။

(၄) စတုတ္ထ အပရိဟာနိယတရား၌ "သီးခြားခွဲ၍ မသုံးဆောင်ဝဲ"ဟူရာဝယ် သီးခြားခွဲမှုသည် ၁-အာမိသ (ပစ္စည်းလာဘ်လာဘ)ကို သီးခြားခွဲမှု, ၂-ပုဂ္ဂိုလ်ကို သီးခြားခွဲမှုဟူ၍ = နှစ်မျိုးရှိ၏၊ ထိုတွင် ၁-"ဤမျှကိုသာ ငါပေးဝေအံ့၊ ဤမျှကိုကား ငါမပေးဝေအံ့" ဤကဲ့သို့ စိတ်ဖြင့်ခွဲဝေမှုသည် အာမိသကို သီးခြားခွဲမှု မည်၏။ ၂-"ဤမည်သောရဟန်းအား ငါပေးမည်၊ ဤမည်သော ရဟန်းအားတော့ ငါမပေး" ဤကဲ့သို့ စိတ်ဖြင့် ခွဲဝေမှုသည်ကား ပုဂ္ဂိုလ်ကို သီးခြားခွဲမှု မည်၏။

ဤ စတုတ္ထအပရိဟာနိယတရားပါ "သီလရှိသော သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍"ဟူသော စကားရပ်၌ သီလဝန္တသီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍ သုံးဆောင်သော ရဟန်း၏ လက္ခဏာကား—အကြင်

WWW.DHAMMARANSI.COM



အကြင် ကောင်းမွန်သောဆွမ်းကို ရအပ်၏၊ ထိုထိုရအပ်သည့် မွန်မြတ်သောဆွမ်းကို လာဘ်ဖြင့် လာဘ်ကိုရှာမှီးခြင်းကို အဦးမူသဖြင့် လူတို့အားလည်း မပေး၊ မိမိကိုယ်တိုင်လည်း လက်ဦးမစား၊ သံဃာအား ခွဲဝေပေးပြီးမှ ကျန်လျှင် မိမိစား၏၊ ခံယူစဉ်ကပင် "သံဃာနှင့်သက်ဆိုင်စေ" ဟူသော နှလုံးသွင်းဖြင့် ခံယူပြီးလျှင် ခေါင်းလောင်းကျောက်စည်ထိုး၍ စားသုံးရမည့် သံဃလာဘ် သံဃိကဥစ္စာကဲ့သို့ ရှုကြည့်၏။ ဤအကျင့်ကို သာသနာတော်၌ **သာရဏီယဝတ်အကျင့်** ဟူ၍ ခေါ်၏။

### သာရဏီယဝတ်အကျင့်နှင့် စပ်၍ သိမှတ်ဖွယ်

ဤသာရဏီယဝတ်အကျင့်ကို အဘယ် ရဟန်းသည် ကျင့်နိုင်သနည်း၊ အဘယ်ရဟန်းသည် မကျင့်နိုင်သနည်း ဟူမူ——ရှေးဦးစွာ ဒုဿီလရဟန်းသည် မဖြည့်ကျင့်နိုင်၊ မှန်၏–ထို ဒုဿီလရဟန်း၏ဥစ္စာကို သီလဝန္တရဟန်းတော်တို့သည် အဘယ်နည်းဖြင့်မျှ မခံယူကြကုန်၊ ထို့ကြောင့် ဒုဿီလရဟန်းသည် ဤသာရဏီယဝတ်အကျင့်ကို မဖြည့်ကျင့်နိုင်။

ထက်ဝန်းကျင် စင်ကြယ်သောသီလရှိသော ရဟန်းသည်သာ ဖြည့်ကျင့်နိုင်၏၊ ထိုသီလဝန္တရဟန်းသည်လည်း ဤသာရဏီယဝတ်အကျင့်ကို မကျိုးမပြတ်စေပဲ ဖြည့်ကျင့်ရ၏၊ ထိုသာရဏီယဓမ္မအရာ၌ ဤဆိုလတ္တံ့သည်ကား ကျင့်ပုံတည်း——

အကြင်ရဟန်းသည် ရည်ညွှန်းပိုင်းခြားမှုကို ပြု၍ အမိအားဖြစ်စေ, အဖအားဖြစ်စေ, ဆရာဥပဇ္ဈာယ်စသည့်တို့အားဖြစ်စေ ပေးငြားအံ့၊ ထိုရဟန်းသည် ပေးသင့်သည်ကို ပေးသောရဟန်းသာ ဖြစ်၏၊ သူ၏ပေးခြင်းသည် သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ခြင်း မဟုတ်ပေ၊ ပလိဗောဓကို သုတ်သင်ခြင်းဟူ၍သာ သာသနာတော်၌ ခေါ်၏။

WWW.DHAMMARANSI.COM



မှန်၏-သာရဏီယဝတ်အကျင့်သည် ပလိဗောဓ ကျွတ်လွတ်ပြီးသော ရဟန်းအားသာ သင့်၏။

သာရဏီယဝတ်အကျင့်ကို တကယ်ဖြည့်ကျင့်လိုသော ရဟန်းသည် ရည်ညွှန်းပိုင်းခြားမှုပြု၍ ပေးလိုလျှင် သူနာရဟန်း, သူနာပြုရဟန်း, အာဂန္တုရဟန်း, ခရီးသွားရဟန်းနှင့် သင်္ကန်းကိုင်ပုံ သပိတ်ကိုင်ပုံ မကျွမ်းကျင်မလိမ္မာသေးသည့် ရဟန်းသစ် = ဤသူများအား ပေးသင့်၏၊ ပေးနိုင်၏၊ ထိုသူများအား ပေးပြီးနောက် (သပိတ်ထဲ၌ ဆွမ်းကျန်ရှိသေးလျှင်) မထေရ်ကြီး၏ နေရာမှ စ၍ (အနည်းငယ်သာ မပေးပဲ) ထေရ်ကြီးစသော ရဟန်းတို့ ခံယူလိုသလောက် ပေးရာ၏။ သပိတ်ထဲ၌ ဆွမ်းကျန်မရှိခဲ့သော်(ဆွမ်းကုန်၍ ဆွမ်းခံရန်အချိန်ရှိသေးသော်)တဖန် ဆွမ်းခံလှည့်လည်၍ မထေရ်ကြီး နေရာမှစ၍ (= ထေရ်ကြီးက စ၍ဟု ဆိုလိုသည်) ထိုအရှင်မြတ်တို့ အလိုရှိအပ်သည့် မွန်မြတ်ရာရာဆွမ်းကို အလိုရှိသမျှ ပေးလှူပြီးမှ သပိတ်၌ ဆွမ်းကျန်သေးလျှင် မိမိစားရာ၏။ (သပိတ်၌လည်း ဆွမ်းမကျန်, ဆွမ်းခံချိန်ကလည်း မရှိတော့လျှင် စိတ်မပျက်ရ၊ မိမိဖြည့်ကျင့်အပ်သော သာရဏီယဝတ်အကျင့်ကို အောက်မေ့ကာ ဝမ်းမြောက်နှစ်သက်စွာ ပီတိပါမောဇ္ဇဖြင့် နေရာ၏)။ အထူးမှတ်ရန်ကား-ပါဠိတော်၌ "သီလရှိသော သီတင်းသုံးဖော်တို့နှင့်"ဟူ၍ ဝိသေသနဖြင့် ဟောတော်မူအပ်သောကြောင့် ဒုဿီလ ရဟန်းအား မပေးခြင်းငှါလည်း အပ်ပါ၏၊ ပေးလိုကလည်း သနားသဖြင့် ပေးနိုင်ပါ၏၊ ဝတ်ကို ဖြည့်ကျင့်သောအနေဖြင့်ကား ပေးရန် မဟုတ်ပေ။

သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ပုံ အစီအရင်၌ ကောင်းစွာတတ်သိ ကျွမ်းကျင်လိမ္မာသော သံဃပရိသတ်၌ ဤသာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ရန် လွယ်ကူ၏၊ သံဃပရိသတ်က ထိုအကျင့်ကို ဖြည့်ကျင့်ပုံ အစီအရင်၌

WWW.DHAMMARANSI.COM



မကျွမ်းကျင် မလိမ္မာသော ပရိသတ်ဖြစ်လျှင် ဖြည့်ကျင့်ရန် မလွယ်ကူချေ၊ ဆင်းရဲလှဘိ၏။

ကောင်းစွာတတ်သိ ကျွမ်းကျင်လိမ္မာသော သံဃပရိ-သတ်ဖြစ်က ဖြည့်ကျင့်ရန် လွယ်ကူချမ်းသာပုံမှာ- ထိုတတ်သိကျွမ်းကျင်လိမ္မာသော သံဃပရိသတ်၌ အခြားမှ ဆွမ်းရသောရဟန်းသည် မခံယူချေ၊ အခြားမှ ဆွမ်းမရသော ရဟန်းကလည်း(ထိုဝတ်ကျင့်သောရဟန်း ပင်ပန်းဆင်းရဲမှု မရှိစေရန်) အတိုင်းအရှည်ပမာဏနှင့် ယှဉ်၍သာလျှင် ခံယူ၏၊ အပိုအလျှံ မခံယူပေ၊ သို့ရကား တတ်သိကျွမ်းကျင်လိမ္မာသော သံဃပရိသတ်ဖြစ်က ထိုသာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ရန် လွယ်ကူချမ်းသာလှ၏။ ထိုအကျင့်ကို ဖြည့်ကျင့်ပုံ အစီအရင်၌ မတတ်သိ မလိမ္မာ မကျွမ်းကျင်သော သံဃပရိသတ်၌ကား အခြားမှ ဆွမ်းရခဲ့သော ရဟန်းကလည်း လောဘတိုက်ကာ ခံယူတတ်၏၊ အခြားမှ ဆွမ်းမရသော ရဟန်းကလည်း အတိုင်းအရှည်ပမာဏထက် အပိုအလျှံ ခံယူတတ်၏၊ ထိုအခါ အချိန်ရှိသမျှ ထပ်ခါထပ်ခါ ဆွမ်းခံရ၊ ရသမျှကလည်းကုန်၊ ဝတ်ကျင့်သော ရဟန်းမှာ ဆွမ်းငတ်ရမှုနှင့် နေ့ဆက်ရက်ဆက် ကြုံရတတ်သောကြောင့် မတတ်သိ မကျွမ်းကျင် မလိမ္မာသော သံဃပရိသတ်ဖြစ်က ထိုသာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ရန် မလွယ်ကူချေ၊ ဆင်းရဲလှဘိ၏။

### ဆယ့်နှစ်နှစ်ကြာ ဖြည့်ကျင့်မှ အောင်မြင်ခြင်း

ဤဆိုအပ်ပြီးသောအတိုင်း ထပ်ခါထပ်ခါ ဆွမ်းခံ၍ ရတိုင်းရတိုင်းသောဆွမ်းကို သီတင်းသုံးဖော် သီလဝန္တရဟန်းတော်တို့အား လှူဒါန်းသော ( ဝတ်ဖြည့်သည့် ) ရဟန်းအဖို့ရာမှာလည်း ဆယ့်နှစ်နှစ် တင်းတင်း ပြည့်အောင် ဖြည့်ကျင့်မှ ဤသာရဏီယဝတ်အကျင့် ပြည့်စုံ

WWW.DHAMMARANSI.COM



အောင်မြင်လေသည်၊ ဆယ့်နှစ်နှစ်မပြည့်လျှင် မအောင် မြင်နိုင်။

အကယ်၍ ဆယ့်နှစ်နှစ်ပြည့်သောနေ့၌ သာရဏီယ ဝတ်အကျင့်ကို ဖြည့်ကျင့်သော ရဟန်းသည် ဆွမ်းဖြင့် ပြည့်သောသပိတ်ကို ဆွမ်းစားကျောင်း၌ထား၍ ရေချိုးရန် သွားနေစဉ် သံဃမထေရ်ကြီးက "ဤသပိတ်သည် အဘယ် သူ၏ သပိတ်နည်း"ဟု မေး၍ အခြားရဟန်းတို့က "သာရ- ဏီယဝတ်အကျင့်ကို ဖြည့်ကျင့်သော ရဟန်း၏ သပိတ်ဖြစ် ပါသည်" ဟု လျှောက်ထားကြလေလျှင် သံဃမထေရ်ကြီး သည် "ထိုသို့ဖြစ်လျှင် ထိုသပိတ်ကို ယူခဲ့ကြလော့" ဟု မိန့်တော်မူကာ အလုံးစုံသောဆွမ်းကို ထေရ်စဉ်ဝါလိုက် ပေးဝေဘုဉ်းပေး၍ အချည်းနှီးသောသပိတ်ကို ထားပြေး အံ့၊ ထိုနောက်မှ သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့် သော ရဟန်းသည် ဆွမ်းမရှိသည့် အချည်းနှီးသော သပိတ်ကိုမြင်၍ "ငါ့အတွက်တာ လုံးဝမချန်ကြပဲ စားရက် ကြပေကုန်၏" ဟု နှလုံးမသာယာမှုကို ဖြစ်စေခဲ့လျှင် သာရဏီယဝတ်အကျင့် ပျက်လေတော့၏။ နောက်ထပ် ဆယ့်နှစ်နှစ်ကြာ ဖြည့်ကျင့်ရပြန်၏။ မှန်၏ – ဤသာရဏီယ ဝတ်အကျင့်သည် တိတ္ထိယပရိဝါသ်နှင့် တူ၏၊ တကြိမ် ကျိုးပြတ်လျှင် တဖန် အသစ်ထပ်၍ ဖြည့်ကျင့်ရပြန်၏။

အကြင်သာရဏီယ ဝတ်အကျင့်ကို ဖြည့်ကျင့်သော ရဟန်းသည်ကား ထိုကဲ့သို့ သီတင်းသုံးဖော်တို့က မိမိ မျက်ကွယ်တွင် ဘုဉ်းပေးကြ၍ သပိတ်အချည်းနှီးကို မြင် လေလျှင် (ယခင်ရဟန်းကဲ့သို့ မဟုတ်ပဲ) "သြ ···· ငါ၏ သပိတ်အတွင်းရှိ ဆွမ်းကို မပန်မကြားကြပဲပင် သီတင်းသုံး ဖော်အရှင်သူမြတ်တို့သည် ဘုဉ်းပေးသုံးဆောင်တော်မူကြ ကုန်၏၊ ငါ့အဖို့ရာ အရတော်လေစွ"ဟု ဝမ်းမြောက်မှုကို ဖြစ်စေ၏၊ ထို ရဟန်း၏ သာရဏီယ ဝတ်အကျင့်သည် ပြည့်စုံအောင်မြင်သည်မည်၏။

WWW.DHAMMARANSI.COM



## သာရဏီယဝတ်ကို ဖြည့်ကျင့်ရခြင်းအကျိုး

ဤသို့ ဆယ့်နှစ်နှစ်ကြာ အောင်မြောက်စွာ သာရဏီယ ဝတ်အကျင့်ကို ဖြည့်ကျင့်ပြီးသော ရဟန်း၏ သန္တာန်၌ ကာလမြင့်ကြာ ပွါးအပ်သောဘာဝနာဖြင့် ခါတွက်ပယ် ဖျောက်အပ်သောကြောင့် မနာလိုမှု = ဣဿာတရား, ဝန်တိုမှု = မစ္ဆရိယတရားများ မဖြစ်ပေ(၁)၊ ထိုရဟန်းကို စွန့်ကြဲလှူရှိသည်၏ အဖြစ်ဖြင့် စင်ကြယ်သူဖြစ်သောကြောင့် မြင်မြင်သမျှ လူအပေါင်းတို့ကလည်း ချစ်ခင်မြတ်နိုးအပ်လေသည်(၂)၊ ထိုရဟန်းသည် ဒါနနှင့်စပ်၍ ကုသိုလ်ဆန္ဒ ပြင်းပြအားကြီးသော ပုဂ္ဂိုလ်တို့၏ အလှူဒါနက ဤဘဝ၌ ပင် ပစ္စည်းကိုရမှုတည်းဟူသော အာနိသံသအကျိုးပေး ခြင်းသဘောရှိသောကြောင့် ပစ္စည်းလေးဖြာကို လွယ် ကူစွာ ရရှိ၏(၃)၊ သပိတ်အတွင်းရှိ ဆွမ်းဖြင့် ဆယ့်နှစ်နှစ် ကြာ မြတ်လှစွာသော ဝတ်အကျင့်ကို မပြတ်အောင် ဖြည့် ကျင့်တော်မူခဲ့သောကြောင့် ထိုရဟန်း၏ သပိတ်အတွင်းရှိ ဆွမ်းသည် သူတပါးတို့အား မည်မျှပင် ပေးငြားသော် လည်း မကုန်ခန်းနိုင် (၄)၊ နေ့စဉ်နေ့တိုင်း မြတ်သော အလှူခံ သီတင်းသုံးဖော်တို့အား အကြီးအငယ် ပုဂ္ဂိုလ်မှစ၍ ဆွမ်းအလှူဒါန ပေးလှူအပ်ခဲ့သောကြောင့် သံဃာတော် များ ပစ္စည်းဥစ္စာ ဘဏ္ဍာခွဲဝေပေးရာ၌ အကောင်း ဆုံး အမြတ်ဆုံးသောဘဏ္ဍာကို ရရှိ၏ (၅)၊ လှူဖွယ်ဝတ္ထု, အလှူခံပုဂ္ဂိုလ်တို့ကို ခွဲခြမ်းမှုမပြုပဲ မိမိအတွက် ငဲ့ကွက်လို စိတ် ပိတ်မရှိပဲ ကာလရှည်စွာ ဒါနဝတ်ကို ဖြည့်ကျင့်ခြင်း ဖြင့် ကြည်လင်စေအပ်သော စိတ်နှလုံးရှိခဲ့သောကြောင့် တစုံတရာသောဘေးရန် ဆာလောင် မွတ်သိပ်ခြင်းများ (ဒုဗ္ဘိက္ခဘေးများ) ဖြစ်ပွါးရောက်ဆိုက်သောအခါ နတ် များက ထိုဘေးတို့မှ လွတ်မြောက်အောင် ကြောင့်ကြစိုက် ကူညီကြကုန်၏(၆)။

WWW.DHAMMARANSI.COM



အကျိုးပြ ဝတ္ထုများ

(၁) သေနမည်ဒေသာတောင်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော **တိဿမထေရ်သည် မဟာဂိရိ-မည်** သောရွာကို ဂေါစရဂါမ်အမှီပြု၍ နေတော်မူ၏။ ထိုအခါ မထေရ်ငါးဆယ်တို့သည် **နာဂဒီပ-စေတီတော်ကို** ဖူးမြော် ရန် သွားကြသည်တွင် မဟာဂိရိရွာ၌ ဆွမ်းခံလှည့်လည် ကြ၍ တစုံတရာ တစိုးတစိမျှ မရရှိကြပဲ ရွာမှထွက်တော် မူခဲ့ကြကုန်၏။ အာဝါသိကဖြစ်သော ဖော်ပြရာပါ တိဿ မထေရ်သူမြတ်သည် ဆွမ်းခံဝင်လတ်သော် ထိုမထေရ် ငါးဆယ်တို့ကို မြင်၍"ဆွမ်းရတော်မူခဲ့ကြပါ၏လော အရှင် ဘုရားတို့....."ဟူ၍ မေးလေ၏။ "ဆွမ်းခံလှည့်လည်ခဲ့ကြ ပါပြီ ငါ့ရှင်....."ဟူ၍ မထေရ်ငါးဆယ်တို့က အရိပ်အမြွက် မျှ မိန့်ဆိုကြလေလျှင် တိဿမထေရ်သူမြတ်သည်ထိုမထေရ် ငါးဆယ်တို့ ဆွမ်းမရခဲ့ကြောင်း ကောင်းစွာရိပ်မိ သိရှိ တော်မူ၍ "အရှင်ဘုရားတို့....တပည့်တော် ပြန်လာသည် တိုင်အောင် ဤနေရာမှာပင် သီတင်းသုံးနေတော်မူနှင့် ကြပါဦး"ဟု လျှောက်ထားလေ၏။ မထေရ်ငါးဆယ်တို့က "ငါ့ရှင်....ငါတို့ငါးဆယ်လုံးမှာ သပိတ်စွတ်ရုံမျှသော ဆွမ်း ကိုမျှလည်း မရခဲ့ကြပါကုန်၊(သင်တပါးတည်း အဘယ်သို့ ရနိုင်အံ့နည်း)"ဟု မိန့်ဆိုကြလေသော် တိဿမထေရ် သည်"အရှင်တို့ဘုရား....ရပ်ရွာ၌ အမြဲနေကြသည့် (နေဝါ- သိက) အာဝါသိကပုဂ္ဂိုလ်တို့မည်သည် စွမ်းနိုင်ကြပါသည် ဘုရား၊ ဘုန်းအလွန်မကြီး၍ လာဘ်မများကြသူများပင် ဖြစ်လင့်ကစား ဆွမ်းရနိုင်သည့် ဆွမ်းခံလမ်းခရီးကို သိ တတ်ကြပါသည်ဘုရား"ဟု လျှောက်ထားလေ၏။ မထေရ် ငါးဆယ်တို့သည် ထိုနေရာ၌ပင် စောင့်ဆိုင်းငံ့လင့်၍ နေ တော်မူကြကုန်၏။

တိဿမထေရ်သည် မဟာဂိရိရွာတွင်းသို့ဆွမ်းခံကြွဝင် တော်မူလေ၏၊ ရွာအဝင်စ ပဌမလက်ဦးအိမ်၌ပင် အိမ်ရှင်

WWW.DHAMMARANSI.COM



ဒါယိကာမကြီးသည် နွားနို့ဆွမ်းကို စီမံပြီး၍ တိဿမထေရ်ကို စောင့်မျှော်ရပ်တည်လျက်ရှိလေသည်။ ထိုနောက် မိမိအိမ်တံခါးဝသို့ ရောက်လျှင်ရောက်ခြင်းပင် တိဿမထေရ်မြတ်အား နွားနို့ဆွမ်းကို သပိတ်အပြည့်လောင်းလှူလိုက်လေ၏။

တိဿမထေရ်သည် ထိုဒါယိကာမကြီး လောင်းလှူလိုက်သော နွားနို့ဆွမ်းကို ယူဆောင်ခဲ့၍ မထေရ်ကြီးထံသွားရောက်ပြီးလျှင် သံဃမထေရ်ကြီးကို "အလှူခံတော်မူကြပါ အရှင်ဘုရားတို့...."ဟု လျှောက်ဆိုလေ၏။ သံဃမထေရ်ကြီးသည် "ဤမျှများကြွယ် ငါးဆယ်သောငါတို့သည် သပိတ်စွတ်ရုံမျှ တစိုးတစိ မရရှိအပ်ခဲ့ချေ၊ ဤရဟန်းသည်ကား လျှင်မြန်စွာ နွားနို့ဆွမ်းကို ယူဆောင်၍ လာပေ၏၊ ဘယ်လိုသဘောနည်း"ဟု စဉ်းစားဆင်ခြင်ကာ အံ့ဩသောအမူအရာဖြင့် ကျန်သောရဟန်း (၄၉) လေးကျိပ်ကိုးပါးတို့၏မျက်နှာကို ကြည့်ရှုလေ၏။ တိဿမထေရ်သူမြတ်သည် ကြည့်ပုံအခြင်းအရာဖြင့်ပင် မထေရ်ကြီး၏စိတ်အကြံကို ရိပ်မိသိရှိတော်မူ၍ "အရှင်ဘုရား....တရားနှင့်အညီ ရအပ်သောဆွမ်း ဖြစ်ပါသည်၊ ယုံမှားသံသယကုက္ကုစ္စကင်းစွာသာ ခံယူတော်မူကြပါကုန်"ဟု လျှောက်ထားကာ အစ (သံဃမထေရ်ကြီး)မှ အစပြု၍ မထေရ်ငါးဆယ်လုံးတို့အား အလိုရှိသမျှ ပြည့်ဝအောင် ဆွမ်းလှူပြီးလျှင် နောက်ဆုံးမှ မိမိလည်း အလိုရှိသမျှ ပြည့်ဝအောင် နွားနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူလေ၏။

ထိုအခါ တိဿမထေရ်သူမြတ်ကို ဆွမ်းစားခြင်းကိစ္စပြီးဆုံးသောအခါ၌ မထေရ်ငါးကျိပ်တို့က "ငါ့ရှင်.... သင်သည် အဘယ်အခါလောက်က လောကုတ္တရာတရားကို ထိုးထွင်းသိခဲ့ပါသနည်း"ဟုမေးမြန်းကြလေ၏။ "အရှင်ဘုရားတို့....တပည့်တော်မှာ လောကုတ္တရာတရားမရှိသေးပါဘုရား"ဟု တိဿမထေရ်က ပြန်ကြားလျှောက်ထား

WWW.DHAMMARANSI.COM



လေလျှင် မထေရ်ငါးကျိပ်တို့က တဖန်"ငါ့ရှင်....ထိုသို့ဖြစ်လျှင် သင်သည် လောကီဈာန်ကို ရရှိသူ = ဈာနလာဘီပုဂ္ဂိုလ် ဖြစ်လေသလော"ဟု မေးမြန်းကြပြန်၏။ တိဿမထေရ်က "အရှင်ဘုရားတို့ မိန့်ကြားသည့် ထိုဈာန်တရားလည်း တပည့်တော်မှာ မရှိပါဘုရား...."ဟု ပြန်ကြားလျှောက်ထားလေလျှင် မထေရ်ငါးကျိပ်တို့က "ငါ့ရှင်....ငါတို့ငါးကျိပ်လုံး သပိတ်စွတ်ရုံမျှ ဆွမ်းမရကြပါပဲလျက် သင့်မှာမူ အလွန်မွန်မြတ်သော နွားနို့ဆွမ်းကို အလွယ်တကူ ရရှိခြင်းသည် သင်၏တန်ခိုးပြာဋိဟာပင် မဟုတ်လော"ဟု မိန့်ဆိုကြလေ၏။ ထိုအခါ တိဿမထေရ် သူမြတ်သည့် သာရဏီယအကျင့်မှာ ဥတ္တရိမနုဿဓမ္မ မဟုတ်သောကြောင့်၎င်း, မထေရ်ငါးကျိပ်တို့၏ ယုံမှားသံသယကို ပယ်ဖျောက်လိုသောကြောင့်၎င်း "အရှင်ဘုရားတို့....တပည့်တော်သည် သာရဏီယဝတ်ကို အပြည့်အစုံ ဖြည့်ကျင့်အပ်ခဲ့ပါပြီ၊ တပည့်တော်၏အဖို့ရာ ထိုသာရဏီယဝတ်ကို ဖြည့်ကျင့်ပြီးသော အခါမှစ၍ သိတင်းသုံးဖော်ရဟန်းတော်ပေါင်း တသိန်းပင်ဖြစ်လင့်ကစား ထိုရဟန်းတော်တို့အား ဆွမ်းကိုလှူပါသော်လည်း သပိတ်အတွင်းရှိဆွမ်းသည် မကုန်နိုင်ပါဘုရား"ဟု ဖွင့်ဟဝန်ခံလျှောက်ထားလေ၏။ မထေရ်ငါးကျိပ်တို့သည် "အို သူတော်ကောင်း....ကောင်းစွ ကောင်းစွ၊ ဤတန်ခိုးပြာဋိဟာသည် သင်ကဲ့သို့သော သူတော်ကောင်းအား လျောက်ပတ်သင့်လျော်လှပါပေ၏"ဟု ဝမ်းမြောက်စကား မိန့်ကြားတော်မူကြလေ၏။ ။ဤဆိုအပ်ပြီးသည်ကား "ထိုရဟန်း၏ သပိတ်အတွင်းရှိဆွမ်းသည် သူတပါးတို့အား မည်မျှပင် ပေးဝေသော်လည်း မကုန်ခန်းနိုင်"ဟူသော ၄-အမှတ်ပြ အကျိုး၌ ဝတ္ထုသက်သေတည်း။

"လူအပေါင်းတို့က ချစ်ခင်မြတ်နိုးခြင်း"ဟူသော ၂-အမှတ်ပြအကျိုး, "ပစ္စည်းလေးဖြာကို လွယ်ကူစွာရရှိခြင်း"

WWW.DHAMMARANSI.COM



ဟူသော ၃-အမှတ်ပြ အကျိုးများအတွက်လည်း ဤဝတ္ထု ပင် သက်သေဖြစ်၏၊ သို့သော်လည်း ဤဝတ္ထု၌ သပိတ် အတွင်းရှိ ဆွမ်းမကုန်နိုင်မှုက အထူးသဖြင့် ထင်ရှားသောကြောင့် ဤဝတ္ထုကို ၄-အမှတ်ပြ အကျိုးအတွက် ဝတ္ထုသက်သေတည်းဟု အဋ္ဌကထာ၌ မိန့်ဆိုတော်မူလေသည်။

(၂) ဤအရှင်တိဿမထေရ်သည်ပင် စေတိယတောင် ကျောင်းဝယ် *ဂိရိဘဏ္ဍမဟာပူဇာသဘင် ကျင်းပရာ၌ အလှူပေးရာအရပ်သို့ ရောက်ရှိ၍ "ဤအလှူပေးရာဌာန၌ အကောင်းဆုံး အမြတ်ဆုံးသော လှူဖွယ်ဝတ္ထုကား အဘယ်ဝတ္ထုနည်း"ဟု သီတင်းသုံးဖော် ရဟန်းတို့ကို မေး၍ ရဟန်းတို့က "ချောမွေ့နူးညက်သော သက်န်းလျာ အဝတ်နှစ်ထည်တို့သည် အကောင်းဆုံး အမြတ်ဆုံး လှူဖွယ်ဝတ္ထု ဖြစ်ပါသည်"ဟု လျှောက်ထားကြလေလျှင် တိဿမထေရ်သူမြတ်သည် "ထိုအဝတ်နှစ်ထည်တို့သည် ငါ့အား ရောက်ကြလိမ့်မည်"ဟု မိန့်ဆိုတော်မူလေ၏။ ထိုစကားကိုကြား၍ အမတ်တယောက်သည် မင်းကြီးအား "ရဟန်းငယ်တပါးက ဤကဲ့သို့ ပြောကြားပါသည်"ဟု လျှောက်ထားလေ၏။ မင်းကြီးသည်လည်း "ရဟန်းငယ်၏ သန္တာန်၌ ဤကဲ့သို့ စိတ်ဖြစ်သော်လည်း မထေရ်ကြီးတို့ အားသာ ထိုချောမွေ့နူးညက်သော သက်န်းလျာအဝတ်တို့ သည် သင့်လျော်လျောက်ပတ်ကုန်၏" ဟု ပြောဆိုကာ "မထေရ်ကြီးတို့အား ငါလှူအံ့"ဟု ကြံစည်၍ ထားရှိလေသည်။

---

* ဂိရိဘဏ္ဍမဟာပူဇာသဘင်—ဟူသည်မှာ စေတိယတောင်၌၎င်း၊ သီဟိုဠ်ကျွန်း တကျွန်းလုံး၌၎င်း တယူဇနာမျှလောက်သော သမုဒ္ဒရာ၌လည်း လှေတွဲ-စသည် တည်ထားပြုလုပ်ကြ၍ ဆီမီး၊ ပန်း၊ နံ့သာ-စသည်တို့ဖြင့် ပူဇော်ကျင်းပအပ်သော "ကျွန်းလုံးကျွတ် ပူဇော်ပွဲသဘင်ကြီး" ဖြစ်သည်။

WWW.DHAMMARANSI.COM



ထို့နောက် ရဟန်းသံဃာတော်များ ထေရ်စဉ်ဝါလိုက် ရပ်တည်လတ်သော် မင်းကြီးကိုယ်တိုင် ဆက်ကပ်လှူဒါန်း သောအခါ ထိပ်ဦး၌ ထားရှိအပ်ပါကုန်သော်လည်း ထို အဝတ်နှစ်ထည်တို့သည် မင်းကြီး၏လက်သို့ မတက်ရောက် လာကြပဲ အခြားလှူဖွယ်ဝတ္ထုများသာ တက်ရောက်လာ ကြကုန်၏။ ရဟန်းငယ် အရှင်တိဿအား လှူဒါန်း သောအခါ၌ကား အံ့သြဖွယ်ရာ ထိုအဝတ်နှစ်ထည်တို့ သည် မင်းကြီးလက်သို့ တက်ရောက်လာကုန်၏။

မင်းကြီးသည် ထိုအဝတ်နှစ်ထည်တို့ကို အရှင်တိဿ၏ လက်၌ ဆက်ကပ်လှူဒါန်း၍ အမတ်၏မျက်နှာကို ကြည့် လျက် ရဟန်းငယ်ဖြစ်သော အရှင်တိဿကို ထိုင်နေစေ ပြီးလျှင် လှူဖွယ်များကို ဆက်လက်လှူဒါန်း၍ သံဃာ တော်ကို လွှတ်လိုက်ပြီးနောက် ရဟန်းငယ်အရှင်တိဿ၏ အထံ၌ ထိုင်နေပြီးလျှင် "အရှင်ဘုရား....ဤတရားထူးကို အရှင်ဘုရားတို့သည် အဘယ်အခါက ရတော်မူခဲ့ကြပါ သနည်း"ဟု မေးလျှောက်လေ၏။ အရှင်တိဿမထေရ် သည် ပရိယာယ်အားဖြင့်သော်လည်း မိမိ၌ထင်ရှားမရှိ သော လောကုတ္တရာတရားကို ပြောကြားတော်မမူလို ရကား "မြတ်သောမင်းကြီး....ငါ့မှာ လောကုတ္တရာတရား ထင်ရှားမရှိသေးပါ"ဟု ရိုးသားစွာပင် ဖြေကြားတော်မူ လေ၏။ မင်းကြီးက "အရှင်ဘုရား....အရှင်ဘုရားတို့သည် မလှူမီ ရှေးအဖို့ကပင် 'ထို အဝတ်နှစ်ထည်တို့သည် ငါ့အား ရောက်ကြလိမ့်မည်'ဟု မိန့်တော်မူခဲ့ကြသည် မဟုတ်လော"ဟု လျှောက်ထားလေလျှင် အရှင်တိဿ မထေရ်မြတ်သည် "မြတ်သောမင်းကြီး....အိမ်း ငါပြောခဲ့ သည် မှန်ပါ၏၊ ငါကား သာရဏီယဝတ်ကို ဖြည့်ကျင့်သော ရဟန်းဖြစ်သည်၊ ထိုသာရဏီယဝတ်ကို ဖြည့်ကျင့်ပြီးသော အခါမှ စ၍ သံဃာအား လှူဖွယ်ဝတ္ထုဘဏ္ဍာများကို ဝေဘန်ရာဌာန၌ အဦးအမြတ်ဖြစ်သော လှူဖွယ်ဝတ္ထု

WWW.DHAMMARANSI.COM



ဘဏ္ဍာသည် ငါ့အားသာ ရောက်ရှိပေ၏”ဟု မိန့်တော်မူလေ၏။ မင်းကြီးသည် “အရှင်ဘုရား......ကောင်းစွာ ကောင်းစွာ၊ ဤတန်ခိုးပြာဋိဟာသည် အရှင်ဘုရားအား လျှောက်ပတ်သင့်လျော်လှပါပေ၏”ဟု ပြောဆိုလျှောက်ထားကာ ရှိခိုး၍ ရွှေနန်းတော်သို့ ပြန်သွားလေ၏။ ။ ဤကား “သံဃာတော်များ ပစ္စည်းဥစ္စာ ဘဏ္ဍာခွဲဝေပေးရာဌာန၌ အကောင်းဆုံး အမြတ်ဆုံးသော ဘဏ္ဍာကို ရရှိ၏”ဟူသော ၅-အမှတ်ပြု အကျိုး၌ ဝတ္ထုသက်သေတည်း။

(၃) ထိုမှတပါး သိဟိုဠ်ကျွန်းဝယ် ဗြာဟ္မဏတိဿ ဘေးကြီး ဆိုက်ရောက်သောအခါ၌ ဘာတရ-မည်သော ရွာနေသူလူအပေါင်းတို့သည် နာဂ-မည်သော ထေရီမကြီး အား (အသိမပေး)မပြောကြားကြပဲ ဗြာဟ္မဏတိဿသူပုန် ဘေးကြောင့် အရပ်တပါးသို့ ရှောင်ရှားပြေးသွားကြလေ၏။ နာဂ-ထေရီမကြီးသည် မိုးသောက်ယံ အခါ၌ “ဘာတရရွာကြီးသည် အလွန်လျှင် အသံတိတ်ဆိတ်လှ၏၊ စုံစမ်းကြဦးလော့”ဟု ဘိက္ခုနီမငယ်တို့ကို ပြောဆိုစေလွှတ် လိုက်လေ၏၊ ဘိက္ခုနီမငယ်တို့သည် သွားရောက်ကြ၍ ရွာနေသူ လူအားလုံးတို့ ထွက်ပြေးသွားကြကြောင်းကို သိရှိကြကာ ပြန်လာကြ၍ နာဂထေရီမကြီးအား ထို အကြောင်းကို လျှောက်ထား ပြောကြားကြလေ၏။

နာဂထေရီမကြီးသည် ထိုအကြောင်းကို ကြားသိရလေလျှင် “ရှင်မတို့သည် ထိုရွာနေလူအားလုံးတို့၏ ထွက်ပြေးသွားကြသည်၏ အဖြစ်ကို ထွေရာလေးပါး အကြံများကာ မစိုးရိမ်ကြလင့်၊ မိမိတို့ဆိုင်ရာ ပါဠိသင်ခြင်း, အဋ္ဌကထာသင်ခြင်း, ကမ္မဋ္ဌာန်းအလုပ် အားထုတ် နှလုံးသွင်းခြင်းတို့၌သာလျှင် လုံ့လကြီးကုတ် အားထုတ်ကြလော့”ဟု မိန့်ဆို၍ ဆွမ်းခံချိန်ကျရောက်သောအခါ၌ သင်္ကန်းရုံ၍ မိမိလျှင် တကျိပ်နှစ်ပါးမြောက်ရှိလျက် (မိမိနောက်က

WWW.DHAMMARANSI.COM



ထေရီမတကျိပ်တပါးကို ခေါ်ဆောင်လျက်) ဘာတရန္တာ တံခါးအနီးရှိ ပဿောင်ပင်ကြီးအရင်း၌ ရပ်တည်လေ၏။ ပဿောင်ပင်စောင့် နတ်မင်းသည် ထေရီမတကျိပ်နှစ်ပါး လုံးတို့အား ဆွမ်းအပြည့်အစုံ လှူဒါန်းပြီးလျှင် "အရှင်မ တို့···အရပ်တပါးသို့ မသွားကြပါလင့်၊ အမြတ်မင်း ဤ ဿောင်ပင်သို့သာ ကြွတော်မူခဲ့ကြပါလော့"ဟု ဖိတ်မန် စကား ပြောကြားလေ၏။

အတူးအားဖြင့် နာဂထေရီမကြီး၏ မောင်အငယ်ဖြစ် သော **နာဂ**-မည်သော မထေရ်တပါး ရှိလေသည်၊ ထို နာဂမထေရ်သည် "ဘေးကား ကြီးလှ၏၊ ဤသီတိုဋ္ဌကျွန်း၌ မျှတခြင်းငှါ မစွမ်းနိုင်၊ သမုဒ္ဒရာတဖက်ကမ်းသို့ ငါသွား အံ့"ဟု ကြံစည်ကာ မိမိလျှင် တကျိပ်နှစ်ပါးမြောက်ဖြစ်၍ (မိမိနောက်ပါ ရဟန်းတကျိပ်တပါးကို ခေါ်ဆောင်ခဲ့၍) မိမိနေရာ ကျောင်းတိုက်မှ ထွက်လတ်သော် "အမကြီး နာဂထေရီကို တွေ့မြင်ပြီးမှ ငါသွားအံ့"ဟူသောအကြံဖြင့် ဘာတရန္တာသို့ ကြွလာတော်မူခဲ့လေ၏။ နာဂထေရီမကြီး သည် "မထေရ်မြတ်များ လာရောက်ကြသည်" ဟူသော သတင်းစကားကို ကြားသိရ၍ မထေရ်တို့ထံ သွားရောက် ပြီးလျှင် "အရှင်တို့···အကြောင်းအသို့နည်း" ဟု မေး လျှောက်လေသော် နာဂမထေရ်သည် ထိုအကြောင်းကို ပြောကြားလေ၏။ နာဂထေရီမကြီးသည် "အရှင်တို့··· အရှင်တို့သည် ယနေ့တရက်တော့ဖြင့် ကျောင်းတိုက်၌သာ အပန်းဖြေ နားနေတော်မူကြ၍ နက်ဖြန်ကျမှ ကြွတော်မူ ကြပါကုန်လော့" ဟု တောင်းပန်စကား လျှောက်ထား လေ၏။ မထေရ်တကျိပ်နှစ်ပါးတို့သည် ကျောင်းတိုက်သို့ သွားရောက် နေထိုင်ကြလေကုန်၏။

နာဂထေရီမကြီးသည် နောက်တနေ့၌ ပဿောင်ပင် ရင်း၀ယ် ဆွမ်းခံလှည့်လည်ခဲ့၍ နာဂမထေရ်ထံသို့ ဆည်း ကပ်လျက် "ဤဆွမ်းကို ဘုဉ်းပေးတော်မူကြပါဘုရား" ဟု

WWW.DHAMMARANSI.COM



လျှောက်ထားလေ၏။ နာဂမထေရ်မြတ်သည် "ထေရီမကြီး ... အဝ်စပ်မှ အဝ်စပ်ပါရဲ့လား" ဟု မိန့်ကြားကာ ဆိတ်ဆိတ်သာ ရပ်တည်နေတော်မူလေ၏။ "မောင်ငယ်ဘုရား....ဤဆွမ်းကား တရားသဖြင့်ရအပ်သော ဆွမ်းဖြစ်ပါသည်၊ အဝ်လေသလော မအဝ်လောဟု ကုက္ကုစ္စမှုလုံးဝမပြုပဲ ဘုဉ်းပေးတော်မူကြပါဘုရား" ဟု နာဂထေရီမကြီးက ပြန်ကြားလျှောက်ထားလေလျှင် နာဂမထေရ်မြတ်သည် တဖန်ထပ်၍ "အဝ်စပ်မှ အဝ်စပ်ပါမည်လား ထေရီမကြီး...." ဟု အလိုလိုကုက္ကုစ္စကား မိန့်ကြားတော်မူပြန်လေသည်။

## နာဂမထေရ်၏ ရဲရဲတောက် နှလုံးရည်

ထိုအခါ နာဂထေရီမကြီးသည် သပိတ်ကို ယူတည့်၍ ကောင်းကင်သို့ ပစ်လိုက်လေ၏၊ သပိတ်သည် ကောင်းကင်၌ တည်လေ၏။ နာဂမထေရ်သည် "ထန်းခုနစ်ဆင့်မျှ၌ တည်စေကာမူ ဘိက္ခုနီမ၏ ဆွမ်းပင်ဖြစ်ပါသည် ထေရီမကြီး...." ဟု မိန့်တော်မူ၍ "ဘေးမည်သည် အခါခပ်သိမ်းဖြစ်နိုင်သည် မဟုတ်ပါ၊ ဤဒုဗ္ဘိက္ခဘေး ငြိမ်းအေးလတ်သော် အရိယဝံသ ဓမ္မကထာစကား ပြောကြားသောငါသည် မိမိကိုယ်ကို 'အိုပိဏ္ဍပါတ်ဓုတင်ဆောင် .... ဘိက္ခုနီမ ဆွမ်းကို စားသုံး၍ ဗြဟ္မဇာတိသဘောကို သင်လွန်မြောက်ခဲ့ရလေပြီ' ဟု မိမိစိတ်က ကဲ့ရဲ့စွပ်စွဲစကား အပြောကြားခံရသည်ဖြစ်၍ ကြံကြံခိုင်ကျည် ရပ်တည်နိုင်လိမ့်မည်မဟုတ်၊ မမေ့မလျော့သာ နေရစ်ကြလော့ ထေရီမတို့...." ဟု အပ္ပမာဒ ဩဝါဒစကား မိန့်ကြားတော်မူခဲ့၍ လမ်းခရီးသို့ တက်တော်မူလေ၏။

ပဉ္စောင်ပင်စောင့်နတ်သည်လည်း "အကယ်၍ နာဂမထေရ်သည် နာဂထေရီမကြီး၏ လက်မှ ဆွမ်းကို ခံယူသုံးဆောင်တော်မူခဲ့လျှင် ထို နာဂမထေရ်ကို ပြန်နစ်ဖို့ရန်

WWW.DHAMMARANSI.COM



ငါမလျှောက်ထားအံ့၊ အကယ်၍ ဘုဉ်းပေးသုံးဆောင်တော်မမူလျှင် ပြန်နှစ်ဖို့ရန် တောင်းပန်စကား ငါလျှောက်ထားမည်" ဟု ကြံစည်လျက် ရပ်တည်နေရင်းက နာဂမထေရ်သူမြတ်၏ ထေရီမကြီး၏ ဆွမ်းကို မဘုဉ်းပေးပဲ ခရီးဆက်လက်ကြွသွားခြင်းကို ပက်ပင်းပါ ဖူးမြင်ရသဖြင့် ပဒြောင်ပင်ထက်မှ ဆင်းသက်၍ "သပိတ်ကို ပေးတော်မူကြပါ အရှင်ဘုရားတို့...."ဟု လျှောက်ထားကာ မထေရ်လက်မှ သပိတ်ကို ယူဆောင်လျက် နာဂမထေရ်ကို ပဒြောင်ပင်ရင်းသို့ပင် ပင့်ဆောင်သွားပြီး နေရာကို ခင်းကျင်းပေး၍ ဆွမ်းလှူပြီးနောက် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးပြီးသော နာဂမထေရ်မြတ်ကို ဤအရပ်၌ပင် နေထိုင်ရန် တောင်းပန်လျှောက်ထားကာ မထေရ်မြတ်ထံမှ "နေထိုင်မည်"ဟူသော ဝန်ခံချက်ကို ရယူပြီးလျှင် ရဟန်းမ-တကျိပ်နှစ်ပါး, ရဟန်းယောကျ်ား-တကျိပ်နှစ်ပါးတို့ကို ခုနစ်နှစ်ကြာ ပြုစုလုပ်ကျွေးလေ၏။ ။ဤကား "နတ်များက ထိုဘေးတို့မှ လွတ်မြောက်အောင် စောင့်ကြစိုက် ကူညီကြကုန်၏" ဟူသော ၆-အမှတ်ပြအကျိုး၌ ဝတ္ထုသက်သေတည်း။ ဤဝတ္ထု၌ နာဂထေရီမကြီးသည် သာရဏီယဝတ်အကျင့်ကို ဖြည့်ကျင့်ပြီးသူ ဖြစ်လေသည်။ နာဂမထေရ်အတွက်ကား သီလတန်ခိုးကြောင့်ပင် နတ်က စောင့်ကြစိုက်လေသည်။

(၅) ပဉ္စမအပရိဟာနိယတရား၌ "မကျိုး, မပေါက်, မကျား, မပြောက်သော သီလတို့" ဟူရာဝယ် ရဟန်းတို့အဖို့ရာ ဥဒ္ဒေသ အစဉ်အလိုက် အာပတ်ခုနစ်ပုံတို့အနက်, လူသာမဏေတို့အဖို့ရာ ဆောက်တည်အပ်သော အစဉ်အလိုက် သိက္ခာပုဒ်များရှိသည့်အနက် အစ၌ဖြစ်စေ အဆုံး၌ဖြစ်စေ သိက္ခာပုဒ်ပျက်စီးလျှင် ထိုသူ၏သီလသည် အစွန်းအဖျား ကလနား၌ စုတ်ပြတ်သောအဝတ်ကဲ့သို့ **ကျိုးပြတ်**သော သီလမည်၏။ အလယ်၌ သိက္ခာပုဒ်ပျက်စီးလျှင်

WWW.DHAMMARANSI.COM



ထိုသူ၏ သီလသည် အလယ်၌ပေါက်သော အဝတ်ကဲ့သို့ **ပေါက်**သောသီလမည်၏။ အစဥ်အတိုင်း သိက္ခာပုဒ်နှစ်ပါး သုံးပါး ပျက်စီးလျှင် ထိုသူ၏ သီလသည် ကျောဥ်ဖြစ်စေ ဝမ်း၌ဖြစ်စေ ဖြစ်ပေါ်သော မတူသော အဆင်းဖြင့် ကျားသောနွားမကဲ့သို့ **ကျား**သောသီလမည်၏။ အကြား အကြား၌ သိက္ခာပုဒ်များ ပျက်စီးလျှင် နွားပြောက်မကဲ့သို့ ထိုရဟန်း၏သီလသည် **ပြောက်**သောသီလမည်၏။ ဆိုအပ်ပြီးသည့် အစ၌ဖြစ်စေ အဆုံး၌ဖြစ်စေ သိက္ခာပုဒ်၏ပျက်စီးခြင်း, အလယ်၌ သိက္ခာပုဒ်ပျက်စီးခြင်း, အစဥ်အတိုင်း သိက္ခာပုဒ် နှစ်ပါးသုံးပါးပျက်စီးခြင်း, အကြားအကြား၌ သိက္ခာပုဒ်များ ပျက်စီးခြင်း = ဤလေးမျိုးသော ပျက်စီးခြင်းဖြင့် အလျှင်းပင် မပျက်စီးသော သီလတို့သည်သာ "မကျိုး, မပေါက်, မကျား, မပြောက်သော သီလတို့" မည်ကုန်၏။ (မဟာဗုဒ္ဓဝင်၊ ပဋ္ဌမတွဲ၊ ပဌမပိုင်း၊ အနုဒီပနီ၊ စာမျက်နှာ-ပါး-ဖ-လည်းရှု)

ထို ဖော်ပြရာပါ ဂုဏ်လေးပါးတို့နှင့် ပြည့်စုံသောသီလတို့သည် မဂ်ဖိုလ်၏ ဥပနိဿယည်း ပစ္စည်းအဖြစ်သို့ ရောက်စေနိုင်ကုန်ရကား ထိုသီလနှင့် ပြည့်စုံသူသည် မိမိ အလိုအတိုင်း လွတ်လပ်ချမ်းသာစွာ နေထိုင်နိုင်၍ တဏှာ၏ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်သော သီလတို့မည်ကုန်၏။ အလွန်စင်ကြယ်သော သီလတို့ဖြစ်၍ ဘုရားအစရှိသော ပညာရှိတို့ချီးမွမ်းအပ်သော သီလတို့မည်ကုန်၏။ "ငါသည် ဤသီလဖြင့် ထင်ရှားသောနတ် မထင်ရှားသော နတ် တမျိုးမျိုးဖြစ်ရလို၏" ဟု တဏှာဖြင့်ဖြစ်စေ၊ ထိုနတ်ဘဝ၌ "မြဲ၏၊ ခိုင်၏၊ အခါခပ်သိမ်းဖြစ်နိုင်၏" ဟု ဒိဋ္ဌိဖြင့် ဖြစ်စေ မသုံးသပ်အပ်သောကြောင့်၎င်း, "ဤကား သင်၏ သီလတို့၌ အပြစ်တည်း" ဟု ဝိပတ္တိလေးပါးတို့တွင် တပါးပါးသော ဝိပတ္တိဖြင့်မျှ ပြ၍ သူတပါးတို့ မစွပ်စွဲ မဖျက်ဆီးနိုင်သောကြောင့်ရင်း မှားယွင်းစွာ မသုံးသပ်

WWW.DHAMMARANSI.COM



အပ်သောသီလ (= အပရာမဋ္ဌသီလ) တို့ မည်ကုန်၏။ ဥပစာရသမာဓိ, အပ္ပနာသမာဓိနှစ်ပါးတို့ကို လှလှကြီး ဖြစ်စေနိုင်သောကြောင့် သမာဓိသံဝတ္တနိကသီလ (= သမာဓိကို ဖြစ်စေတတ်ကုန်သော သီလ)တို့ မည်ကုန်၏။ ပုထုဇန်တို့၏ စတုပါရိသုဒ္ဓိသီလမှာ ကေန်စင်စစ် ထပ်မျှ ညီတူ မဖြစ်နိုင်၊ အရိယာတို့၏ သီလကသာလျှင် ကေန် စင်စစ် ထပ်မျှညီတူ ဖြစ်နိုင်သောကြောင့် ဤ ပဋ္ဌမအပရိ- ဟာနိယတရားအရာ၌ လောကုတ္တရာ မဂ်သီလကိုရည်၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်။ ထို့အတူပင် (၆) အမှတ်ပြ အပရိဟာနိယတရားအရာ၌လည်း လော- ကုတ္တရာ အရိယမဂ္ဂ သမ္မာဒိဋ္ဌိပညာကို မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်။ ။(ဤယခု အပရိဟာနိယ တရား ၆-ပါးတို့ကို (အံ ၂-၂၅၅၊ ဒီ ၃၊ ၂၀၂-တို့၌) သာရဏီယတရား ၆-ပါးဟူ၍လည်း မြတ်စွာဘုရား ဟော ကြားတော်မူအပ်၏)။

### သီလ,သမာဓိ,ပညာ=တရားစကားကိုသာ များစွာ ဟောတော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် (လာ မည့် တနှစ်လွန်မြောက် သုံးလရောက်လျှင် ပရိနိဗ္ဗာန် စံလွန်တော် မူတော့မည်ဖြစ်ရကား) ပရိနိဗ္ဗာန် စံလွန်တော်မူရန် အချိန်နီး ကပ်လာပြီဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည် ရှိသော် ဤဆိုလတ္တံ့သော တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏—

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာ တည်း။ သီလ၌တည်၍ ဖြစ်စေအပ်သောသမာဓိသည် များသော အကျိုး, အာနိသင်ရှိ၏၊ သမာဓိ၌တည်၍ ဖြစ်စေအပ်သောပညာ သည် များသောအကျိုး, အာနိသင်ရှိ၏၊ ပညာ၌တည်၍ ဖြစ်စေ

WWW.DHAMMARANSI.COM



အဝ်သောစိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏”ဟု ဟောတော်မူ၏။

**အမ္ဗလဋ္ဌိကာ(သရက်ဥယျာဉ်)သို့ ကြွတော်မူခြင်း**

ထိုအခါ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည်၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို “အာနန္ဒာ····လာ, သွားကြကုန်စို့၊ အမ္ဗလဋ္ဌိကာ(သရက်ဥယျာဉ်)သို့ သွားကြကုန်စို့” ဟု မိန့်တော်မူ၏။ “ကောင်းပါပြီ မြတ်စွာဘုရား....”ဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ မိန့်ကြားချက်ကို ဝန်ခံလျှောက်ကြားလေ၏။

(ဤ၌။ ။အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အနီးအပါး၌ အမြဲတစေ နေတော်မူသောကြောင့် အရှင်အာနန္ဒာကို မြတ်စွာဘုရားရှင် ခေါ်ဝေါ်မိန့်ကြားခြင်းဖြစ်သည်၊ ထိုအချိန်၌ ဘုရားရှင်ထံတော်ဝယ် နေသောရဟန်းများ မရှိသောကြောင့် မဟုတ်၊ မှန်၏—ထိုအချိန်၌ မြတ်စွာဘုရားရှင်ထံတော်ဝယ် နေသောရဟန်းတို့ကား အရေအတွက် အပိုင်းအခြား မျှားလှပေ၏)။

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ထံ ဝန်ခံစကား လျှောက်ကြားပြီးနောက် ရဟန်းတို့အား “ငါ့ရှင်တို့....သပိတ်သင်္ကန်းကို ယူကြလော့၊ မြတ်စွာဘုရားသည် အမ္ဗလဋ္ဌိကာ(သရက်ဥယျာဉ်)သို့ ကြွတော်မူလို၏”ဟု ပြောကြားနှိုးဆော်လေသည်။

ထိုနောက် မြတ်စွာဘုရားရှင်သည် ရဟန်းများစွာခြံရံလျက် အမ္ဗလဋ္ဌိကာ (သရက်ဥယျာဉ်)သို့ ကြွတော်မူ၍ မင်းကွန်း (=မင်းတဲ)၌ သီတင်းသုံး နေတော်မူ၏။ မြတ်စွာဘုရားရှင်သည် ထိုအမ္ဗလဋ္ဌိကာ (သရက်ဥယျာဉ်)အတွင်း မင်းကွန်း (=မင်းတဲ)၌ နေတော်မူစဉ်လည်း ရှေးဖော်ပြရာပါ ပရိနိဗ္ဗာန် စံလွန်တော်မူရန် အချိန်နီးကပ်လာပြီ ဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည်ရှိသော် ဤဆိုလတ္တံ့သော တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏—

WWW.DHAMMARANSI.COM



" ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း။ သီလဖြင့်တည်၍ ဖြစ်စေအပ်သောသမာဓိသည် များသောအကျိုး, အာနိသင်ရှိ၏၊ သမာဓိဖြင့်တည်၍ ဖြစ်စေအပ်သော ပညာသည် များသောအကျိုး, အာနိသင်ရှိ၏၊ ပညာဖြင့်တည်၍ ဖြစ်စေအပ်သောစိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ တည်းဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏"ဟု ဤတရားစကားကိုသာ ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏။

(ဤ၌။ ။"ဤကား သီလ, ဤကား သမာဓိ, ဤကား ပညာ" ဟူသော စကားရပ်ဝယ် သီလ, သမာဓိ, ပညာတို့အရ မဂ်၏အဆောက်အဦဖြစ်သော လောကီစတုပါရိသုဒ္ဓိသီလ, လောကီဥပစာရသမာဓိ အပ္ပနာသမာဓိ,လောကီဝိပဿနာပညာတို့ကို ယူအပ်၏။

"သီလဖြင့်တည်၍ ဖြစ်စေအပ်သောသမာဓိ"ဟူရာ၌ သမာဓိအရ လောကုတ္တရာမဂ်သမာဓိ ဖိုလ်သမာဓိကို ကောက်ယူရာ၏။ ထိုမဂ်သမာဓိ, ဖိုလ်သမာဓိနှစ်ပါးတို့တွင် မဂ်သမာဓိသည် အရိယဖိုလ်တည်းဟူသော များမြတ်သောအကျိုးရှိ၏၊ (အကျိုးရင်းကိုဖလ=အကျိုးဟုဆိုသည်)။ ဝဋ်ဆင်းရဲ၏ငြိမ်းအေးခြင်း တည်းဟူသော များမြတ်သောအာနိသင်ရှိ၏၊ (အကျိုးဆက်အကျိုးဖျားကို အာနိသံသ=အကျိုးဆက်ဟု ဆိုသည်)။ နောက်၌လည်း ဤနည်းအတူတည်း။ ။ဖိုလ်သမာဓိသည် ကိလေသာတို့ကို ပဋိပ္ပဿဒ္ဓိပဟာန်ဖြင့်ပယ်ခြင်းတည်းဟူသော အကျိုးရင်း, ကိလေသာငြိမ်းအေးမှု=နိဗ္ဗုတိချမ်းသာသုခကို ဖြစ်စေခြင်း တည်းဟူသော အကျိုးဆက်ရှိ၏။

"သမာဓိဖြင့်တည်၍ ဖြစ်စေအပ်သောပညာ"ဟူရာ၌ ပညာအရ လောကုတ္တရာ မဂ်ပညာ ဖိုလ်ပညာကို ကောက်ယူရာ၏။ ထိုပညာနှစ်ပါး၏ အကျိုးရင်း အကျိုးဆက် များမြတ်ပုံမှာ သမာဓိနှင့် အလားတူဖြစ်၏။

"ပညာဖြင့်တည်၍ ဖြစ်စေအပ်သောစိတ်"ဟူရာ၌ ပညာအရ လောကီဝိပဿနာပညာ,ဈာန်သမာဓိနှင့်တကွဖြစ်သောပညာတို့ကို ကောက်ယူရာ၏။ စိတ်အရ လောကုတ္တရာ မဂ်စိတ် ဖိုလ်စိတ်တို့ကို ကောက်ယူရာ၏။ မဂ်စိတ်သည် သမုစ္ဆေဒပဟာန်အနေဖြင့်၎င်း ဖိုလ်စိတ်သည် ပဋိပ္ပဿဒ္ဓိပဟာန်အနေဖြင့်၎င်း အာသဝတရားတို့မှ အရိပ်အမြွက်မျှ အငွေ့အသက်မျှ မကျန်ရအောင် လွတ်မြောက်၏–ဟု ဆိုလိုသည်)။

WWW.DHAMMARANSI.COM



## နာဠန္ဒမြို့သို့ ကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည်အမ္ဗလဋ္ဌိကာ(သရက်ဥယျာဉ်)၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ....လာ,သွားကြကုန်စို့၊ နာဠန္ဒမြို့သို့ သွားကြကုန်စို့"ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ မြတ်စွာဘုရား...."ဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ မိန့်ကြားချက်ကို ဝန်ခံလျှောက်ကြားပြီးနောက် ရဟန်းတို့ကို ရှေးနည်းအတူ ပြောကြားနိုးဆော်တော်မူလေသည်။

## အရှင်သာရိပုတ္တရာ ရဲရင့်သောစကားကို ဆိုခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည်များစွာသောရဟန်းအပေါင်းနှင့်အတူတကွ နာဠန္ဒမြို့သို့ကြွရောက်တော်မူ၍ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံး နေထိုင်တော်မူ၏။

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သူမြတ် မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ လာရောက်ချဉ်းကပ် တုံ့ဝပ်ရိုကျိုး ရှိခိုးပြီးလျှင် မြတ်စွာဘုရားရှင်နှင့် အပြန်အလှန် ရဲရဲတောက်စကားလျှောက်ထားမေးမြန်းတော်မူကြသည်မှာ—

(**အရှင်သာရိပုတ္တရာ**) မြတ်စွာဘုရား.... သဗ္ဗညုတဉာဏ်အရာ၌ ရှင်တော်ဘုရားထက် သာလွန်၍သိသော အခြားသမဏ, ဗြာဟ္မဏ မည်သည် ရှိလည်းမရှိခဲ့၊ ရှိလိမ့်မည်လည်း မဟုတ်၊ ယခုလည်း မရှိဟု ရှင်တော်ဘုရားအပေါ်၌ အကျွန်ုပ်သည် ဤသို့ ယုံကြည်လျက်ရှိပါသည်။

(ဗုဒ္ဓ) ချစ်သားသာရိပုတ္တရာ····သင်ချစ်သားသည် "မြတ်စွာဘုရား....သဗ္ဗညုတဉာဏ်အရာ၌ ရှင်တော်ဘုရားထက် သာလွန်၍သိသော အခြားသမဏ,ဗြာဟ္မဏမည်သည် ရှိလည်းမရှိခဲ့၊ ရှိလိမ့်မည်လည်း မဟုတ်၊ ယခုလည်း မရှိဟု ရှင်တော်ဘုရားအပေါ်၌ အကျွန်ုပ်သည် ဤသို့ ယုံကြည်လျက်ရှိပါသည်"ဟူသော ဤကြီးကျယ်ခံ့ညားလှသောစကားကို ဆိုဘိ၏၊ တိကျလှသောစကားကို ဆိုဘိ၏၊ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရဲတောက်စကားကို ဆိုဘိ၏။

WWW.DHAMMARANSI.COM



ချစ်သား သာရိပုတ္တရာ.... အသို့နည်း ရှေးအခါက ပွင့်တော်မူကြပြီးသော အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်အားလုံးတို့ကို "ထိုမြတ်စွာဘုရားတို့သည် ဤသို့သောသီလ, ဤသို့သောသမာဓိ, ဤသို့သောပညာရှိကြကုန်၏၊ ဤသို့သောနေခြင်း, ဤသို့သောလွတ်မြောက်ခြင်း ရှိကြကုန်၏"ဟု ထိုအတိတ်မြတ်စွာဘုရားတို့၏ စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော။

(အရှင်သာရိပုတ္တရာ) မသိပါ မြတ်စွာဘုရား....။

(ဗုဒ္ဓ) ချစ်သားသာရိပုတ္တရာ.... အသို့နည်း နောင်အနာဂတ်ကာလ၌ ပွင့်တော်မူကြမည့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်အားလုံးတို့ကို "ထိုမြတ်စွာဘုရားတို့သည် ဤသို့သောသီလ, ဤသို့သောသမာဓိ, ဤသို့သောပညာ ရှိကြလိမ့်မည်၊ ဤသို့သောနေခြင်း, ဤသို့သောလွတ်မြောက်ခြင်း ရှိကြလိမ့်မည်" ဟု ထိုအနာဂတ်မြတ်စွာဘုရားတို့၏ စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော။

(အရှင်သာရိပုတ္တရာ) မသိပါ မြတ်စွာဘုရား····။

(ဗုဒ္ဓ) ချစ်သားသာရိပုတ္တရာ....အသို့နည်း ယခုအခါ ပွင့်တော်မူဆဲဖြစ်သည့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ငါဘုရားကို "မြတ်စွာဘုရားသည် ဤသို့သောသီလ, ဤသို့သောသမာဓိ, ဤသို့သောပညာ ရှိတော်မူ၏၊ ဤသို့သောနေခြင်း, ဤသို့သောလွတ်မြောက်ခြင်း ရှိတော်မူ၏"ဟု ငါဘုရား၏စိတ်ကို သင်၏စိတ်ဖြင့် ပိုင်းခြား၍ သိပါ၏လော။

(အရှင်သာရိပုတ္တရာ) မသိပါ မြတ်စွာဘုရား ...။

(ဗုဒ္ဓ) ချစ်သားသာရိပုတ္တရာ....ဤအရာ၌ ပွင့်ပြီး, ပွင့်လတ္တံ့, ပွင့်ဆဲဖြစ်ကြသည့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်တို့၏စိတ်ကို ပိုင်းခြား၍သိနိုင်သော = စေတောပရိယဉာဏ်သည် သင်ချစ်သားမှာ မရှိပါပဲလျက်"မြတ်စွာဘုရား.... သမ္ဗောဓိဉာဏ်အရာ၌ ရှင်တော်ဘုရားထက် သာလွန်၍သိသော အခြားသမဏ, ဗြာဟ္မဏမည်သည် ရှိလည်း မရှိခဲ့၊ ရှိလိမ့်မည်

WWW.DHAMMARANSI.COM



လည်း မဟုတ်၊ ယခုလည်း မရှိဟု ရှင်တော်ဘုရားအပေါ်၌ အကျွန်ုပ်သည် ဤသို့ ယုံကြည်လျက် ရှိပါသည်" ဟူသော ဤကြီးကျယ်ခံ့ညားး တိကျပြတ်သားး၍ ခြင်္သေ့ဟောက်သံကဲ့သို့ ရဲရဲတောက်စကားကို အဘယ့်ကြောင့် သင်ချစ်သား ဆိုဘိသနည်း။

(အရှင်သာရိပုတ္တရာ) မြတ်စွာဘုရား.... ပွင့်ပြီး၊ ပွင့်လတ္တံ့၊ ပွင့်ဆဲဖြစ်ကြသည့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်တို့၏ စိတ်ကို ပိုင်းခြား၍ သိနိုင်သော = စေတောပရိယဉာဏ်သည် အကျွန်ုပ်မှာ မရှိပါ၊ ထိုသို့ မရှိငြားသော်လည်း အကျွန်ုပ်သည် မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော = ဓမ္မန္ဝယဉာဏ်ကို ရရှိထားပါသည်။

မြတ်စွာဘုရား -- ဥပမာသော်ကား ခိုင်ခံ့သောမြို့ရိုးအခြေနှင့်တကွ ခိုင်ခံ့သောတံတိုင်း၊ တုရိုဏ်တိုင်ရှိသော တံခါးတပေါက်တည်းသာရှိသော မင်း၏ တိုင်းစွန် ပြည်ဖျားမြို့သည် ရှိရာပါ၏၊ ထိုမြို့၌ လိမ္မာတတ်သိ ပညာရှိ၍(မိမိ)မသိသောသူတို့ကို တားမြစ်လျက် သိသူတို့အားသာ ဝင်ခွင့်ပြုသော တံခါးစောင့်သည် ရှိရာပါ၏၊ ထိုတံခါးစောင့်သည် ထိုမြို့၏ ထက်ဝန်းကျင်ပတ်၍ သွားသော (မြို့ပတ်)လမ်းကို လှည့်လည်ကြည့်ရှုလတ်သော် အယုတ်ဆုံး ကြောင်ကလေးတကောင် ထွက်လောက်ရုံမျှသော တံတိုင်းအစပ်၊ တံတိုင်း အပေါက်ကိုသော်မျှ မတွေ့မြင်ရသည်ဖြစ်ရာ၏၊ ထိုအခါ ထိုတံခါးစောင့်၏ စိတ်သန္တာန်ဝယ်——

"ဤမြို့၌ ဝင်ကြထွက်ကြသမျှ ကြီးသော သတ္တဝါ အားလုံးတို့သည် ဤတံခါးဖြင့်သာ ဝင်ကြထွက်ကြကုန်၏"——

ဟု ဆင်ခြင်ဉာဏ် ဖြစ်လေရာသကဲ့သို့——

မြတ်စွာဘုရား....ဤအတူပင်လျှင် အကျွန်ုပ်သည် မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော = ဓမ္မန္ဝယဉာဏ်ကို ရရှိထားပါသည်၊ မြတ်စွာဘုရား.... အတိတ်အခါ ပွင့်တော်မူကုန်ပြီးသော အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်အားလုံးတို့သည် စိတ်ကိုညစ်ညူးစေတတ် ပညာကို အားနည်းအောင် ပြုလုပ်တတ်သည့်

WWW.DHAMMARANSI.COM



နီဝရဏတရား ငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါး တရားတို့၌ စွဲမြဲသောသတိ ကောင်းစွာတည်သော စိတ်ရှိကြကုန်လျက် နိဗ္ဗာန်ကိုသိကြောင်း ဗောဇ္ဈင်တရားခုနစ်ပါးတို့ကို ဟုတ်မှန်သော အတိုင်း ပွါးများ၍ အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်၍ ဘုရားဖြစ်တော်မူကြလေပြီ၊ (မြတ်စွာဘုရားတို့နှင့်သာ သက်ဆိုင်သော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တို့ကို သမ္မာသမ္ဗောဓိဉာဏ်ဟု ဆိုသည်)။

မြတ်စွာဘုရား ··· နောင်အနာဂတ်အခါ ပွင့်တော်မူကြမည့် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင် အားလုံးတို့သည်လည်း စိတ်ကိုညစ်ညူးစေတတ် ပညာကိုအားနည်းအောင် ပြုလုပ်တတ်သည့် နီဝရဏတရား ငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါး တရားတို့၌ စွဲမြဲသောသတိ ကောင်းစွာတည်သော စိတ်ရှိကြကုန်လျက် နိဗ္ဗာန်ကိုသိကြောင်း ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများကြ၍ အမြတ်ဆုံး ဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်တော်မူကြကာ ဘုရားဖြစ်တော်မူကြပေလိမ့်မည်။

မြတ်စွာဘုရား··· ယခုအခါ ပွင့်တော်မူဆဲဖြစ်သော အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ရှင်ပင်ဘုရားသည်လည်း စိတ်ကို ညစ်ညူးစေတတ် ပညာကို အားနည်းအောင် ပြုလုပ်တတ်သည့် နီဝရဏတရား ငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါး တရားတို့၌ စွဲမြဲသောသတိ ကောင်းစွာတည်သော စိတ်ရှိတော်မူလျက် နိဗ္ဗာန်ကိုသိကြောင်း ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကို ဟုတ်မှန်သောအတိုင်း ပွါးများတော်မူ၍ အမြတ်ဆုံးဖြစ်သော သမ္မာ-သမ္ဗောဓိဉာဏ်သို့ ဆိုက်ရောက်တော်မူကာ ဘုရားဖြစ်တော်မူပေ၏ဟု မျက်မှောက်သိဖြင့် ချင့်ချိန်နိုင်သော ဓမ္မန္ဝယဉာဏ်ကို အကျွန်ုပ်မှာ ရရှိထားပါသည်။ ။(ဤကား အရှင်သာရိပုတ္တရာ မထေရ်နှင့် မြတ်စွာဘုရားရှင်တို့ ရဲရဲတောက်စကား လျှောက်ထား မေးမြန်းတော်မူကြပုံတည်း)။

WWW.DHAMMARANSI.COM



ရှင်သည် ထိုနာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်
ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်လည်း ရှေးဖော်ပြရပါ
မြတ်စွာဘုရားနှင့် မိလ္လွန်တော်မူရန် အချိန်နီးကပ်လာပြီဖြစ်သော
ကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည်ရှိသော် ဤဆိုလတ္တံ့
တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟော
ကြားတော်မူ၏----

ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာ
တည်း၊ သီလဖြင့်တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသော
အကျိုး အာနိသင်ရှိ၏၊ သမာဓိဖြင့်တည်၍ ဖြစ်စေအပ်သော ပညာ
သည် များသောအကျိုး အာနိသင်ရှိ၏၊ ပညာဖြင့်တည်၍ ဖြစ်စေ
အပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ တည်း
ဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင်
ကောင်းစွာ ပင်လျှင် လွတ်မြောက်၏”ဟု ဤတရားစကားကိုသာ
များစွာ ဟောကြားတော်မူ၏။

သိလျက်စီးသူ၏ အဖြစ် ၅-ပါး

ထိုအခါ မြတ်စွာဘုရားသည် နာဠန္ဒမြို့၌ အလိုရှိသမျှ နေတော်
မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို “အာနန္ဒာ... လာ, သွားကြ
ကုန်စို့ ပါဋလိပုတ္တရွာသို့ သွားကြကုန်စို့”ဟု မိန့်တော်မူ၏။
“မှန်ပါ မြတ်စွာဘုရား....”ဟု အရှင်အာနန္ဒာသည် မြတ်စွာ
ဘုရား၏ မိန့်ကြားချက်ကို ဝန်ခံလျှောက်ကြားပြီးနောက် ရဟန်း
များ ကြီးစွာ ခြံရံ၍ ပြောကြား နှိုးဆော်တော်မူလေသည်။ ထို
အခါ မြတ်စွာဘုရားရှင်သည် များစွာသော ရဟန်းအပေါင်းနှင့်
အတူ ပါဋလိပုတ္တရွာသို့ ကြွရောက်တော်မူ၏။

ပါဋလိပုတ္တရွာသား ဥပါသကာများသည် “မြတ်စွာဘုရားရှင်
ပါဋလိပုတ္တရွာသို့ ရောက်တော်မူ၏”ဟူသော သတင်းစကားကို ကြား
သိကြလျှင် “ငါတို့သည် တမင်သွားရောက်၍သော်လည်း
မြတ်စွာဘုရားရှင်ကို ဖူးမြော်ရမည်ဖြစ်သည်၊ ယခုမူ ထိုမြတ်စွာ
ဘုရားသည် ငါတို့နေရာ ပါဋလိပုတ္တရွာသို့ မပင့်ဖိတ်ရပဲ အလိုလိုကိုယ်

WWW.DHAMMARANSI.COM



တော်တိုင်ပင် ကြွရောက်တော်မူလာလေပြီ၊ ယနေ့ မြတ်စွာဘုရား ရှင်ကို ပင့်ဖိတ်ကာ ငါတို့တည်ဆောက်ပြီးစဖြစ်သည့် ဧည့်တည်း ရာစရပ်၌ အနုမောဒနာ မင်္ဂလာတရား ဟောကြားတော်မူစေ ကြမည်”ဟု ကြံစည်တိုင်ပင်ကြပြီးသော် မြတ်စွာဘုရားရှင်ထံတော် မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးဦးညွတ်ကြကာ အပြစ်လွတ် ရာ အရပ်၌ ထိုင်နေကြ၍ “မြတ်စွာဘုရား....ရှင်ပင်ဘုရားသည့် တပည့်တော်များ တည်ထားဆောက်လုပ်ပြီးစဖြစ်သည့် ဧည့် တည်းရာ စရပ်ကို လက်ခံတော်မူပါဘုရား” ဟု တောင်းပန် လျှောက်ထားကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ် နေတော်မူသဖြင့် လျှောက်ထားချက်ကို လက်ခံတော်မူလေ၏။

ထိုအခါ ပါဋလိရွာသား ဥပါသကာများသည် မြတ်စွာဘုရား ရှင် လက်ခံတော်မူသည်ကို သိကြ၍ နေရာမှထကာ မြတ်စွာဘုရား ရှင်ကို ရှိသေမြတ်နိုး ရှိခိုးကြပြီးလျှင် ဧည့်တည်းရာစရပ်သို့ သွား ရောက်ကြ၍ ထိုစရပ်၌ ခင်းနှီးအပြည့်ခင်းခြင်း, နေရာထိုင်တို့ကို ပြင်ထားခြင်း, ရေပြည့်အိုးကြီး တည်ထားခြင်း, ဆီမီးညှိထွန်းခြင်း အမှုတို့ကို ပြုကြပြီးနောက် ရွာတွင်းရှိကလေးများကိုလည်း စော စောစီးစီး အစာကျွေးနိုင်တိုက်၍ သိပ်ထားကြရန် စီမံကြပြီးသော် ဘုရားရှင်ထံတော်မှောက်သို့ တဖန်လာရောက်ဝပ်လျှိုး ရှိခိုးရပ် တည်ကြ၍—

“မြတ်စွာဘုရား....ဧည့်တည်းရာစရပ်ကို ခင်းနှီးအပြည့် ခင်းပြီးပါပြီ၊ နေရာထိုင်တို့ကိုလည်း ပြင်ထားပြီးပါပြီ၊ ရေပြည့်အိုးကြီးကိုလည်း တည်ထားပြီးပါပြီ၊ ဆီမီးကို လည်း ညှိထွန်းပြီးပါပြီ၊ မြတ်စွာဘုရား····ယခု အခါ၌ ကြွတော်မူရန်အချိန်ကို ရှင်ပင်ဘုရား သိတော်မူပါသည် (=ကြွရန်မှာ ရှင်ပင်ဘုရား၏ အလိုတော်အတိုင်း ဖြစ်ပါ သည်)”—

ဟု တောင်းပန်စကား လျှောက်ထားကြလေကုန်၏။

(ဤ၌။ ။လိစ္ဆဝီမင်း, မဂဓမင်းတို့၏ မင်းချင်းများသည် အမြဲ မပြတ် နယ်စပ်ဖြစ်သော ပါဋလိရွာ၌ လာရောက်ကြကာ ရွာနေလူများ

WWW.DHAMMARANSI.COM



ကို မိမိတို့အိမ်မှ ဖယ်ရှားစေ၍ တလ လဝက်စသည် နေထိုင်ကြလေသည်။ ထိုရွာနေလူများသည် အမြဲမပြတ် နေထိုင်မှု ကြပ်တည်းကုန်ရကား "ထိုမင်းချင်းများ လာရောက်ကြသောအခါ နေထိုင်စရာဖြစ်စိမ့်မည်" ဟု တိုင်ပင်ညီညွတ်ကြ၍ ရွာအလယ်တွင် စရပ်ကြီးတဆောင် တည်ဆောက်ကြပြီးလျှင် နေရန် ထိုင်ရန် ဘဏ္ဍာထားရန် အခန်းများ သားနားသပ်ယပ်စွာ ပြုလုပ်ကြလေသည်။ ထိုဩဇာတည်းရာစရပ်ကြီး ဆောက်လုပ်ပြီးစအချိန်တွင်ပင် မြတ်စွာဘုရားရှင် မိမိတို့ရွာသို့ ကြွရောက်တော်မူလာကြောင်း သတင်းကောင်းကြားသိရ၍ ဖော်ပြရာပါအတိုင်း အကြံဖြစ်ကာ သွားရောက်ပင့်လျှောက်ကြလေသည်။

ထိုရွာသားတို့သည် ပဌမ၌ကား "မြတ်စွာဘုရားတို့သည် တောအရပ်၌ မွေ့လျော်တော်မူကြသဖြင့် ရွာတွင်း၌ နေရန် အလိုတော်ရှိချင်မှရှိမည်" ဟု မြတ်စွာဘုရားရှင်၏ စိတ်အလိုတော်ကို မသိကြသည့်အတွက် ဩဇာတည်းရာ စရပ်ကို မသုတ်သင် မပြင်ဆင်ကြပဲ ဘုရားရှင်ထံသို့ လာရောက်ကြလေသည်။ ယခုသော်မူ မြတ်စွာဘုရားရှင်၏ စိတ်အလိုတော်ကို သိရ၍ အလျှင်လက်ဦး သွားရောက်၍ ဩဇာတည်းရာစရပ်ကို ပြင်ဆင်ကြပြီးလျှင် မြတ်စွာဘုရားရှင်ကို ပင့်လျှောက်ကြလေသည်)။

ထိုသို့ ပင့်လျှောက်ကြသောအခါ မြတ်စွာဘုရားသည် ညချမ်းအခါ၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် ရဟန်းအပေါင်းနှင့် အတူတကွ ဩဇာတည်းရာစရပ်သို့ ကြွရောက်တော်မူပြီးလျှင် ခြေဆေးတော်မူ၍ ဩဇာတည်းရာစရပ်သို့ ဝင်ပြီးသော် အလယ်တိုင်ကိုမှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်နေတော်မူလေ၏။ ရဟန်းအပေါင်းသည်လည်း ခြေဆေး၍ ဩဇာတည်းရာစရပ်သို့ ဝင်ပြီးသော် အနောက်ဖက်နံရံကို မှီလျက် အရှေ့အရပ်သို့ မျက်နှာမူကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေလေ၏။ ပါဋလိရွာသား ဥပါသကာတို့သည်လည်း ခြေဆေးကြ၍ ဩဇာတည်းရာစရပ်သို့ ဝင်ကုန်ပြီးသော် အရှေ့ဖက်နံရံကို မှီကုန်လျက် အနောက်အရပ်သို့ မျက်နှာမူကြကာ မြတ်စွာဘုရားကိုသာလျှင် ရှေ့ထား၍ ထိုင်နေကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာများကို ဤဆိုလတ္တံ့သောအတိုင်း သီလပျက်စီးသူ၏အပြစ် ၅-ပါး,

WWW.DHAMMARANSI.COM



သီလရှိသူ၏အကျိုး ၅-ပါးတို့ကို အစဉ်အတိုင်း ဟောကြားတော်မူလေ၏—

ဥပါသကာတို့…သီလမရှိသူ၏ သီလပျက်ခြင်း၌ ဤ ၅-ပါးသော အပြစ်တို့သည် ဖြစ်ကုန်၏၊ အဘယ် ၅-ပါးတို့နည်းဟူမူ—

(၁) ဥပါသကာတို့ …ဤလောက၌ သီလမရှိသော သီလပျက်သောသူသည် မေ့လျော့ခြင်းဟူသော အကြောင်းကြောင့် များစွာသော(ကြီးစွာသော) စည်းစိမ်ဆုံးရှုံးခြင်းသို့ ရောက်ရ၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ ရှေးဦးစွာသော အပြစ်တည်း။

(၂) ဥပါသကာတို့…. တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူ၏ မကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ထွက်၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ နှစ်ခုမြောက်ဖြစ်သော အပြစ်တည်း။

(၃) ဥပါသကာတို့…. တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် မင်းပရိသတ်, ရဟန်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်လတ်သော် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏၊ ဤကား သီလမရှိသူ၏ သီလပျက်ခြင်း၌ သုံးခုမြောက်ဖြစ်သော အပြစ်တည်း။

(၄) ဥပါသကာတို့…. တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် တွေတွေဝေဝေဖြစ်လျက် သေရ၏၊ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ လေးခုမြောက်ဖြစ်သော အပြစ်တည်း။

(၅) ဥပါသကာတို့….တဖန် ထို့ပြင်လည်း သီလမရှိသော သီလပျက်သောသူသည် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှနောက်၌ မကောင်းသောလားရာ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ဖြစ်ရ၏၊ ဤကား သီလမရှိသောသူ၏ သီလပျက်ခြင်း၌ ငါးခုမြောက်ဖြစ်သော အပြစ်တည်း။

WWW.DHAMMARANSI.COM



ဥပါသကာတို့···သီလမရှိသူ၏ သီလပျက်ခြင်း၌ အပြစ်တို့သည် ဤ ၅-ပါးတို့တည်း။

**သီလရှိသူ၏ အကျိုး ၅-ပါး**

ဥပါသကာတို့····သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ဤ၅-ပါးသော အကျိုးတို့သည် ဖြစ်ကုန်၏၊ အဘယ် ၅-ပါးတို့နည်းဟူမူ—

(၁) ဥပါသကာတို့····ဤလောက၌ သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မမေ့မလျော့ခြင်းဟူသော အကြောင်းကြောင့် များစွာသော စည်းစိမ်အစုကို ရရှိ၏၊ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ရှေးဦးစွာသော အကျိုးတည်း။

(၂) ဥပါသကာတို့···· တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူ၏ ကောင်းသောကျော်စောသံတင်းသည် ပြန့်နှံ့၍ထွက်၏၊ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ နှစ်ခုမြောက်ဖြစ်သော အကျိုးတည်း။

(၃) ဥပါသကာတို့···· တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မင်းပရိသတ်, ရဟန်းပရိသတ်, ပုဏ္ဏားပရိသတ်, သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်လတ်သော် မကြောက်မရွံ့ မျက်နှာမညှိုးငယ်ပဲ ချဉ်းကပ်ရ၏၊ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ သုံးခုမြောက်ဖြစ်သော အကျိုးတည်း။

(၄) ဥပါသကာတို့···· တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် တွေဝေခြင်းအလျှင်းမရှိပဲ သေရ၏၊ ဤကား သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ လေးခုမြောက်ဖြစ်သော အကျိုးတည်း။

(၅) ဥပါသကာတို့···· တဖန် ထို့ပြင်လည်း သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် ကိုယ်ခန္ဓာပျက်ကြွေ စုတေသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်၌ ဖြစ်ရ၏၊ ဤကား

WWW.DHAMMARANSI.COM



သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ ငါးခုမြောက်ဖြစ်သော အကျိုးတည်း။

ဥပါသကာတို့ … သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ အကျိုးတို့သည် ဤ ၅-ပါးတို့တည်း—ဟု ဟောကြားတော်မူ၏။

(ဤနိ—

"စည်းစိမ်ပျက်လျှင်း၊ သာတင်းဆိုးနွံ၊ ရဲရင့်ကြောက်လန့်သော မှေးမှေ့ခေ၊ သောကရဲလား၊ ဖြစ်ငါးပါး၊ မှတ်သား ဒုဿီလ။

စည်းစိမ်ရလျှင်း၊ သာတင်းဆောင်းပြန့်၊ ရဲရင့်မကြောက်သော ပင်ကိုမှေ့၊ သေရွာနတ်လား၊ ကျိုးငါးပါး၊ မှတ်သား သီလဝန္တ"—

ဟူသော ဤဆောင်ပုဒ်လင်္ကာကို အရဆောင်ထားရာ၏၊ ဤဒေသနာတော်ကို လူတို့နှင့်စပ်၍ ဟောကြားအပ်သော်လည်း ရဟန်းတို့အတွက်လည်း ရအပ်သည်သာ၊ လူ ရဟန်း နှစ်ဦးလုံးအတွက် ရအပ်ပုံမှာ—

လူဖြစ်သောသူသည် မိမိတတ်သိသော လယ်ထွန်ခြင်း ကုန်သွယ်ခြင်း စသည်ဖြင့် အသက်မွေးမှု အပြစ်ကင်းစွာ ပြုနေရာ၌ ကိုယ်ကျင့်သီလ ဖောက်ပြန်ကာ သူ့အသက်ကိုသတ်ခြင်း-စသည်ဖြင့် မေ့လျော့လတ်သည်ရှိသော် မိမိပြုနေကျဖြစ်သည့် ထိုထိုလယ်ထွန်မှု ကုန်သွယ်မှု စသည်ကို အချိန်မှန်မှန် မပြုလုပ်နိုင်တော့ချေ၊ ထိုအခါ ထိုသူ၏အဖို့ရာ အမြတ်အစွန်း မဆိုထားဘိ၊ အရင်းဥစ္စာပင်သော်လည်း ဆုံးရှုံးပျက်စီးသွားလေ၏။ ပြည့်ရှင်မင်းများက သားငါးကို မသတ်ရ-ဟု စည်းကမ်းကျေညာထားသော အခါမျိုး၌ ပါဏာတိပါတ=သူ့အသက်သတ်မှုကို ပြုခဲ့မိသော်၎င်း၊ သူတပါးဥစ္စာကို ခိုးယူမှုပြုခဲ့သော်၎င်း မင်းပြစ်မင်းဒဏ်သင့်ရောက်ကာ များစွာသော စည်းစိမ်ဥစ္စာ ပျက်ပြန်းဆုံးရှုံးခြင်းသို့ ရောက်ရလေ၏။ သီလမရှိသော သီလပျက်စီးသော ရှင်ရဟန်းသည် မေ့လျော့ခြင်းဟူသော အကြောင်းကြောင့် သီလပညာများမှ၎င်း၊ ဘုရားစကားတော်မှ၎င်း၊ ဈာန်တရားမှ၎င်း၊ အရိယဥစ္စာ ခုနစ်ပါးမှ၎င်း ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်ရလေ၏။ (၁)

သီလမရှိသော သီလပျက်သော လူ၏အဖို့ရာ "ဤမည်သောအမျိုး၌ ဖြစ်သော ဤမည်သောသူသည် သီလမရှိ၊ ယုတ်မာသောကိုယ်ကျင့်ရှိ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သောလောကမှ စွန့်ပစ်အပ်ပြီးသူဖြစ်၏။ စာရေးတံဆွမ်းမျှကိုလည်း လှူသူမဟုတ်၊ စေးနှဲကပ်ကပ်လှ၏" ဤသို့

WWW.DHAMMARANSI.COM



စသည်ဖြင့် ပရိသတ်လေးပါးအလယ်၌ မကောင်းသော ကျော်စော
သတင်းသည် ပြန့်နှံ့၍ထွက်၏။ သီလမရှိသော ရှင်ရဟန်း၏အဖို့ရာ
လည်း "ဤမည်သော ရှင်ရဟန်းသည် သီလကို လုံခြုံအောင် မစောင့်
ရှောက်နိုင်၊ ဘုရားစကားကို မသင်ကြား မနာယူနိုင်၊ ဘုရားရှင် စက်ဆုပ်
အပ်သည့် ဆေးကုခြင်းအမှု-စသည်တို့ဖြင့် အသက်မွေးသူ မိစ္ဆာဇီဝ
သမားဖြစ်သည့်ပြင် အဂါရဝတရား ၆-ပါးတို့နှင့်လည်း ပြည့်စုံသူဖြစ်၏"
ဤသို့စသည်ဖြင့် ပရိသတ်လေးပါးအလယ်၌ မကောင်းသော ကျော်
စောသတင်းသည် ပြန့်နှံ့၍ထွက်၏။ (၂)

သီလမရှိသော သီလပျက်သော လူဝတ်ကြောင်သည် "ကေန်ပင်
လူအများ စည်းဝေးရာဌာန၌ အချို့သောသူတို့သည် ငါ့အမှုကို သိကြ
ပေလိမ့်မည်၊ ထိုအခါ ငါ့ကို နှိပ်ကြလိမ့်မည်"ဟူ၍၎င်း၊ "မင်းထံ
စီးမှောက် ပို့ရောက်ပြသကြလိမ့်မည်"ဟူ၍၎င်း ကြောက်ကြောက်ရွံ့ရွံ့
ပရိသတ်လေးပါးသို့ ချဉ်းကပ်ရ၏၊ ပရိသတ်အလယ်သို့ ရောက်သော
အခါလည်း မျက်နှာမလှ ပခုံးကျုံ့လျက် ဦးခေါင်းငိုက်ဆိုက်(ပရိသတ်ကို
မျှော်မကြည့်ဝံ့ပဲ)မြေ၌သာ ရေးခြစ်၍ ထိုင်နေရ၏၊ ရဲဝံ့စွာ စကားမဆို
နိုင်ချေ။ သီလမရှိသော သီလပျက်သော ရှင်ရဟန်းသည်လည်း "ရဟန်း
များစွာ စည်းဝေးနေကြသည်၊ ကေန်ပင် ထိုရဟန်းတို့အထဲမှ ရဟန်း
တပါးပါးသည် ငါ့အမှုကို သိပေလိမ့်မည်၊ ထိုအခါ ငါ့အား ဥပုသ်၊
ပဝါရဏာ-စသော သံဃကံများကို မြစ်တား၍ ရဟန်းအဖြစ်မှ လျော
ကျရွေ့စေကြကာ သာသနာမှ နှင်ထုတ်ကြပေလိမ့်မည်"ဟု အောက်မေ့
ကာ ကြောက်ကြောက်ရွံ့ရွံ့ ရဟန်းပရိသတ်သို့ ချဉ်းကပ်ရ၏၊ ရဲဝံ့စွာ
စကားမဆိုနိုင်ချေ။ အထူးအားဖြင့် အချို့သော ဒုသီလရဟန်းသည်
မိမိက ဒုသီလပင် ဖြစ်လင့်ကစား ဝင့်ကြွားခေါင်းထောင်ကာ လှည့်လည်
ကျက်စားတတ်သေး၏၊ ထိုဒုသီလရဟန်းသည်ကား အပေါ်ယံက
မည်မျှပင် ဝင့်ကြွားခေါင်းထောင်၍ နေစေကာမူ ထိုသူ၏ အတွင်းစိတ်
အလိုအားဖြင့်ကား မျက်နှာမသာ လွန်စွာညှိုးငယ်လှသည်သာ ဖြစ်
ပေ၏။ (၃)

ရှင်ရဟန်းဖြစ်စေ, လူဖြစ်စေ ဒုသီလပုဂ္ဂိုလ်၏အဖို့ရာ ပကတိ
ကျန်းမာစဉ်အခါ၌ ဟန်လုပ်၍ တဝင့်ကြွားကြွား သွားလာနေထိုင်နိုင်
စေကာမူ သေရာညောင်စောင်း လျောင်းစက်ရသောအခါ၌ကား သူ၏
ဒုသီလအမှုတို့ကို ပြုလုပ်ရာဌာနများသည် ဆိုင်ရာဒွါရ၌ ထင်လာကုန်
တော့၏၊ ထိုသူသည် မျက်စိကိုဖွင့်၍ ဤလောကကိုကြည့်လိုက်, မျက်စိ
ကိုမှိတ်၍ တမလွန်လောကကို ကြည့်လိုက်နှင့် အားကိုးရာမဲ့ဖြစ်၍ နေ

WWW.DHAMMARANSI.COM



လေ၏၊ ထိုသူအား အပါယ်လေးပါးတို့သည် ထင်ရှား၍ လာကုန်၏၊ လုံမအရာဖြင့် ဦးခေါင်း၌ တိုးစိုက်အပ်သကဲ့သို့ ဖြစ်လေ၏၊ ထိုသူသည် "တားကြပါ၊ မြစ်ကြပါ" တစာစာမြည်တမ်းလျက်သာ စုတိပြတ်ကြွေ သေလွန်ရလေ၏။ ထို့ကြောင့် "တွေတွေဝေဝေဖြစ်လျက် သေရ၏" ဟု မြတ်စွာဘုရား ဟောကြားအပ်လေသည်။ (၄)။ ၅-ခုမြောက် အပြစ် ကား ထင်ရှားပေါ်လွင်၏။ ဤကား သီလမရှိသူ၏ အပြစ် ၅-ပါးနှင့် စပ်၍ မှတ်ဖွယ်တည်း။ သီလရှိသူ၏အကျိုး ၅-ပါးနှင့်စပ်၍ မှတ်ဖွယ်ကို လည်း ဆိုအပ်ပြီးသည်မှ အပြန်အားဖြင့် သိရာ၏)။

ထိုအခါ မြတ်စွာဘုရားရှင်သည် ပါဋလိရွာသား ဥပါသကာ များကို ညဉ့်နက်သည်တိုင်အောင် ဒုသီလ၏ အပြစ် ၅-ပါး သီလဝန္တ၏အကျိုး ၅-ပါးတို့မှတပါး အခြားသော တရားစကား ဖြင့်၎င်း, ဧည့်တည်းရာစရပ် အလှူနှင့်စပ်သော အနုမောဒနာ တရားစကားဖြင့်၎င်း အကျိုးစီးပွါးကို သိမြင်စေလျက် တရားကို ဆောက်တည်ကြစေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်း စေပြီးလျှင် "ဥပါသကာတို့....ညဉ့်ဦးယံ လွန်လေပြီ၊ ယခုအခါ၌ သွားရန်အချိန်ကို သင်တို့သိကုန်၏ (= သွားရန်မှာ သင်တို့၏ အလိုအတိုင်းပင် ဖြစ်၏)"ဟု မိန့်ဆိုကာ ပြန်လွှတ်တော်မူလေ၏။

"ကောင်းပါပြီ မြတ်စွာဘုရား...." ဟု ပါဋလိရွာသား ဥပါ- သကာများ ဘုရားရှင်၏ မိန့်ဆိုချက်ကို ဝန်ခံစကား လျှောက်ထား ကြကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးကြကာ ပြန်သွားကြ သောအခါ၌ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာများ ပြန်သွား၍ မကြာမြင့်မီပင် ဆိတ်ငြိမ်ရာသို့ ကပ်ဝင်တော်မူလေ၏။

(ဤ၌။ ။ဆိတ်ငြိမ်ရာအရပ် အသီးအခြားမရှိ၊ စင်စစ်သော်ကား ထိုဧည့်တည်းရာစရပ်၌ပင် နံပါးတနေရာဝယ် တင်းထိမ်ကန့်လန့်ကာ ဝန်းရံကာ၍ "ဤနေရာ၌ မြတ်စွာဘုရားသည် အပန်းဖြေတော်မူလိမ့် မည်" ဟု ပါဋလိရွာသား ဥပါသကာများသည် စောစောကပင် ကြိုတင်၍ ခင်းထားကြလေသည်။ မြတ်စွာဘုရား ရှင်သည် "လျောင်း, ထိုင်, ရပ်, သွား=ဣရိယာပုထ်လေးပါးတို့ဖြင့် ဧည့်တည်းရာစရပ်ကို အသုံးအစွဲပြုအပ်လျှင် ထိုဥပါသကာတို့အဖို့ရာ လွန်စွာအကျိုးကြီးပေလိမ့်မည်" ဟု ဆင်ခြင်တော်မူ၍ ထိုခင်းထားသော

WWW.DHAMMARANSI.COM



စေ့ဝင်း၌ လကျာ်နံတောင်းဖြင့် လျောင်းတော်မူကာ အပန်းဖြေတော်မူလေသည်)။

## ပါဋလိပုတ်မြည် တည်ထောင်ဖန်ဆင်းခြင်း

ထိုစဉ်အခါ မဂဓတိုင်း အမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့တည်ဆောက်လျက် ရှိကြကုန်၏။ ထိုအခါ များစွာသောနတ်တို့သည် ထောင်လိုက် ထောင်လိုက် (=တထောင်စီ တထောင်စီ) စုရုံး၍ ပါဋလိရွာ၌ အိမ်ရာတို့ကို သိမ်းပိုက်လျက် ရှိကြကုန်၏။

တန်ခိုးကြီးသောနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့်အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏၊ တန်ခိုးအလတ်စားနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စား မင်းနှင့်အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏၊ တန်ခိုးငယ်သောနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးငယ်သော မင်းနှင့်အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏။

(ဤ၌။ ။မြေကြွန်အတတ် တတ်သိကြသူ မြို့နန်းတည်ဆောက်သူ ပညာရှိတို့သည် မိမိတို့၏ အတတ်ပညာအာနုဘော်ဖြင့် အောက်မြေအတွင်း အတောင်သုံးဆယ်ခန့်တိုင်အောင်သော အရပ်၌ "ဤမြေအရပ်ဝယ် နဂါးသိမ်းပိုက်ခြင်း ရှိသည်၊ ဤမြေအရပ်ဝယ် ယက္ခနတ် သိမ်းပိုက်ခြင်း ရှိသည်၊ ဤမြေအရပ်ဝယ် ဘုတ်ပြိတ္တာသိမ်းပိုက်ခြင်း ရှိသည်၊ ဤမြေအရပ်ဝယ် ကျောက်ဖျာရှိသည် သင်္ငုတ်ရှိသည်"ဟူ၍ သိမြင်ကြကုန်၏၊ ထိုအခါ ထိုပညာရှိတို့သည် မိမိတို့၏ အတတ်ပညာ ဂါထာမန္တာန်ကို မန်းမှုတ်ပြီးလျှင် နတ်တို့နှင့်တိုင်ပင်၍ တည်ဆောက်သည့်အလား မြို့နန်းကို တည်ဆောက်ကြလေသည်။

WWW.DHAMMARANSI.COM



တနည်း--ထိုပညာရှိတို့၏ကိုယ်၌ နတ်များပူးဝင်ကြကာ ထိုထိုနေရာတို့၌ နန်းအိမ်တို့ကို တည်ဆောက်ရန် စိတ်ကို ညွှတ်စေကြကုန်၏၊ ထိုနတ်များသည် နန်းအိမ်ရာအတွက် ထောင့်လေးထောင့်က ပန္နက်တိုင်များ စိုက်နှက်သတ်မှတ်၍ နန်းအိမ်ရာကို ယူပြီးသောအခါမှ ထိုမြို့နန်းတည် ပညာရှိတို့၏ကိုယ်မှ ထွက်ကြကုန်၏။ သဒ္ဓါတရားရှိသူများအတွက် သဒ္ဓါတရားရှိသောနတ်များက ထိုကဲ့သို့ ပူးဝင်၍ အိမ်ရာသတ်မှတ် သိမ်းပိုက်မှုကို ပြုကြလေသည်။ သဒ္ဓါတရား မရှိသူများအတွက် သဒ္ဓါတရား မရှိသောနတ်များက ထိုကဲ့သို့ ပူးဝင်၍ အိမ်ရာသတ်မှတ် သိမ်းပိုက်မှုကို ပြုကြလေသည်။ အကြောင်းကား--သဒ္ဓါတရားရှိသော နတ်တို့၏ စိတ်သန္တာန်ဝယ် "ဤနေရာ၌ သဒ္ဓါတရားရှိသူ လူတို့သည် နေအိမ်တို့ကို တည်ဆောက်ကြကာ ရှေးဦးစွာ ရဟန်းသံဃာကို ပင့်ဖိတ် နေရာထိုင်ခင်းပေးကြပြီးလျှင် မင်္ဂလာတရား တိုးပွါးစေကြလိမ့်မည်၊ ထိုအခါ ငါတို့သည် သီလရှိသောရဟန်းတို့ကို ဖူးမြော်ခွင့်ကို ရကြပေလိမ့်မည်၊ ထိုအရှင်မြတ်တို့ ဟောကြားအပ်သည့် တရားစကား, အမေး အဖြေ, အနုမောဒနာတရားများကို နာကြားခွင့် ရကြပေလိမ့်မည်၊ လူများသည် အလှူဒါနကို ပေးလှူကြကာ ငါတို့အား ကောင်းမှုကုသိုလ်အဖို့အစုကို အမျှပေးကြပေလိမ့်မည်" ဟု ကြံစည်စဉ်းစားမိကြသောကြောင့် ထိုကဲ့သို့ ပူးဝင်ကာ အိမ်နေရာကို သိမ်းပိုက်သတ်မှတ်ကြလေသည်)။

မြတ်စွာဘုရားရှင်သည် ထောင်လိုက်ထောင်လိုက်(တထောင်စီ တထောင်စီ)စုရုံး၍ ပါဋလိရွာ၌ အိမ်ရာသိမ်းပိုက်ကြသော ထိုနတ်တို့ကို ဒိဗ္ဗစက္ခုရွှေညာဏ်တော်ဖြင့် မြင်တော်မူသောအခါ ညဉ့်၏အဆုံး မိုးသောက်ယံ၌ လျောင်းစက်ရာမှ ထတော်မူ၍ အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ .... အဘယ်သူများသည် ပါဋလိရွာ၌ မြို့ကိုတည်ဆောက်နေကြသနည်း" ဟု မေးတော်မူ၍ "မြတ်စွာဘုရား....မဂဓတိုင်း အမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့ကို တည်ဆောက်နေကြပါသည်" ဟု အရှင်အာနန္ဒာမထေရ်က ပြန်ကြားလျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည်—

WWW.DHAMMARANSI.COM



"ချစ်သားအာနန္ဒာ....မဂဓတိုင်း အမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့ ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆို့ခြင်းငှါ ပါဋလိရွာ၌ မြို့ကို တည်ဆောက်နေကြသည်မှာ တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ တည်ဆောက်ကြသကဲ့သို့ ရှိချေ၏။

ချစ်သားအာနန္ဒာ .... ထောင်လိုက် ထောင်လိုက် (တထောင်စီ တထောင်စီ) စုရုံး၍ ပါဋလိရွာ၌ အိမ်ရာ သိမ်းပိုက်ကြသော နတ်တို့ကို ငါဘုရားသည် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်ရ၏။

ချစ်သားအာနန္ဒာ .... တန်ခိုးကြီးသောနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးကြီးသော မင်းနှင့် အမတ်ကြီးတို့၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏၊ တန်ခိုးအလတ်စားနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးအလတ်စား မင်းနှင့်အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏၊ တန်ခိုးငယ်သောနတ်တို့ အိမ်ရာသိမ်းပိုက်သော ရပ်ကွက်၌ တန်ခိုးငယ်သော မင်းနှင့်အမတ်တို့၏ အိမ်ရာတည်ဆောက်ရန် မြို့နန်းတည်ဆောက်သူ ပညာရှိတို့၏ စိတ်တို့သည် ညွတ်ကြကုန်၏။

ချစ်သားအာနန္ဒာ....အရိယ (= အရိယန်) လူမျိုးတို့၏ စုဝေးနေထိုင်ရာ, ကုန်သည်ရောင်းဝယ်ရာ မြို့တကာတို့တွင်၍ မြို့သစ်သည် ကုန်ထုပ်များကို ဖွင့်လှစ်ရောင်းချရာ "ပါဋလိပုတ်"မည်သော အကြီးဆုံးမြို့ ဖြစ်ပေလိမ့်မည်။

ချစ်သားအာနန္ဒာ .... ပါဋလိပုတ်မြို့၌ မီးကြောင့်၎င်း, ရေကြောင့်၎င်း, အချင်းချင်း စိတ်ဝမ်းကွဲပြားမှုကြောင့်၎င်း = ဤ သုံးပါးသော အကြောင်းကြောင့် မြို့ပျက်ခြင်း အန္တရာယ်တို့ ဖြစ်ပေလိမ့်မည်"—

WWW.DHAMMARANSI.COM



ဟူ၍ မိန့်တော်မူလေ၏။ ။(ပါဋလိပုတ်ပြည် တစုသည် မီးသင့်လောင်သဖြင့် ပျက်စီးလိမ့်မည်။ တစုကို ဂင်္ဂါမြစ်က တိုက်မျှောစား၍ သွားလိမ့်မည်၊ အခြားတစုကား ဂုံးချောသမားတို့၏စကားကို ယုံကြည်မိသဖြင့် လူများအချင်းချင်း စိတ်ဝမ်းကွဲပြား၍ ပျက်စီးလိမ့်မည်ဟု မိန့်တော်မူလိုရင်းဖြစ်သည်)။ ။မြတ်စွာဘုရားသည် ဤကဲ့သို့ မိန့်တော်မူပြီးလျှင် မိုးသောက်ထအခါ ဂင်္ဂါမြစ်ကမ်းသို့ ကြွတော်မူ၍ မျက်နှာတော်သစ်ပြီးကာ ဆွမ်းခံချိန်ကို စောင့်ဆိုင်း၍ ထိုင်နေတော်မူ၏။

ထိုအခါ သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် "ငါတို့၏အရှင် ဘုရင်အဇာတသတ်မင်းသည် ရဟန်းဂေါတမ၏ပစ္စည်းလေးပါး ဒါယကာတဦးဖြစ်သည်၊ ထိုအဇာတသတ်မင်းသည် ငါတို့ကို'မြတ်စွာဘုရားသည် ပါဋလိရွာသို့ ကြွသွားတော်မူသတဲ့၊ အသင်တို့သည် ထိုမြတ်စွာဘုရားထံတော်သို့ သွားရောက်ခဲ့ကြ၏လော၊ မသွားရောက်ခဲ့ကြဘူးလော'ဟု မေးလိမ့်မည်။ 'သွားရောက်ခဲ့ကြပါသည်'ဟု ပြောဆိုလျှင်လည်း 'ဖိတ်ကြား၍ ဆွမ်းများ ဆက်ကပ်ခဲ့ကြ၏လော၊ မဆက်ကပ်ခဲ့ကြဘူးလော'ဟု မေးပေလိမ့်ဦးမည်။ 'မဖိတ်မကြားမိကြပါ'ဟု ပြောဆိုလျှင်လည်း ငါတို့အပေါ် အပြစ်တင်၍ နှိပ်ပေလိမ့်ဦးမည်။ ငါတို့သည် ယခုလာရောက်ရာ ဤပါဋလိရွာ၌ မြို့သစ်တည်ဖန်ဆဲ ဖြစ်ကြလေသည်။ အထူးအားဖြင့် ရဟန်းဂေါတမ၏ ရောက်ရာ ရောက်ရာအရပ်တိုင်း၌ ကြက်သရေမဲ့သည့် ကာဠကဏ္ဏိသတ္တဝါတို့သည် (*)

---

* ကာဠကဏ္ဏိသတ္တဝါ—ဟူသည်မှာ မိမိကိုယ်တိုင်က မည်းနက်သည့် အကုသိုလ်တရား ပြောများသူဖြစ်သောကြောင့်ရင်း, သူတပါးတို့အဖို့လည်း မည်းနက်သော အကုသိုလ်အကျိုး အကျိုးမဲ့ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့်ရင်း "ကာဠ-ကဏ္ဏီ=ဘုန်းကံအသရေမဲ့သူ"ဟူ၍ အများပညတ်ရအပ်သော အမည်ရှိသော သူတပါးတို့အား ဘေးဥပဒ်ကို ဖြစ်စေတတ်သည့် ဘုန်းမဲ့ကံမဲ့သတ္တဝါတို့တည်း။(လောသကတီသတို့ကဲ့သို့သော ပုဂ္ဂိုလ်မျိုးတည်း)။

ကာဠကဏ္ဏိသတ္တာတိ အတ္တနာ ကဏှဓမ္မဗဟုလတာယ ပရေသဥ္စ ကဏှဝိပါကာ-နတ္ထနိဗ္ဗတ္တိနိမိတ္တတာယ "ကာဠကဏ္ဏီ"တိ လဒ္ဓနာမာ ပရူပဒ္ဒဝကရာ အပ္ပေသက္ခသတ္တာ။ [သုတ်မဟာဝါဋီကာ၊မျက်နှာ ၁၃၉-မှ]

WWW.DHAMMARANSI.COM



ဖဲရှားကြမြဲဖြစ်သည်။ ငါတို့သည် ထိုရဟန်းဂေါတမကို ပင့်ဖိတ်ကြကာ မြိန်သစ်နန်းတည် မင်္ဂလာစကား ဟောကြားကြစေအံ့” ဟု ကြံစည်ကြကာ မြတ်စွာဘုရားထံတော်သို့ သွားရောက်ကြ၍ လျှောက်ပတ်ရာအရပ်၌ ရပ်တည်ကြကာ မြတ်စွာဘုရားရှင်နှင့် ဝမ်းမြောက်စဖွယ် အသက်ထက်ဆုံး အောက်မေ့ဖွယ်စကား ပြောကြားကြပြီးလျှင် “အရှင်ဂေါတမသည် ရဟန်းသံဃာနှင့်တကွ ယနေ့အဖို့ အကျွန်ုပ်တို့၏ဆွမ်းကို လက်ခံတော်မူပါ”ဟု မြတ်စွာဘုရားရှင်ကို ဖိတ်မန်စကား လျှောက်ထားကြလေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသဖြင့် ပုဏ္ဏားတို့ ပင့်လျှောက်ချက်ကို လက်ခံတော်မူလေ၏။

ထိုအခါ မဂဓတိုင်းအမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရားရှင်၏လက်ခံတော်မူကြောင်းကို ကောင်းစွာသိကြ၍ မိမိတို့တည်းခိုအိမ်သို့ သွားရောက်ကြပြီးလျှင် ထိုအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို စီမံစေပြီးသော် “အရှင်ဂေါတမ····အချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ”ဟု မြတ်စွာဘုရားအား အချိန်တန်ကြောင်းကို လျှောက်ကြားစေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကိုပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် ရဟန်းအပေါင်းနှင့်အတူတကွ မဂဓတိုင်းအမတ်ကြီးများဖြစ်ကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့၏ တည်းခိုအိမ်သို့ ကြွရောက်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏။ သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရားအမှူးရှိသောရဟန်းအပေါင်းကို မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲတင်းတိမ်၍ “တန်ပြီ”ဟု တားမြစ်သည်တိုင်အောင် ကိုယ်တိုင်ကိုယ်ကျ လုပ်ကျွေးကြလေ၏။ ထို့နောက် သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် မြတ်စွာဘုရား ဆွမ်းစားပြီး၍ သပိတ်မှ လက်တော်ကို ဖယ်ပြီးသောအခါ နိမ့်သောထိုင်စရာတခုကိုယူကြ၍ သင့်လျှောက်ပတ်ရာအရပ်၌ ထိုင်နေကြကုန်၏။

WWW.DHAMMARANSI.COM



ယင့်လျောက်ပတ်ရာအရပ်၌ ထိုင်နေကြသော သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့ကို မြတ်စွာဘုရားသည် ဤဂါထာတို့ဖြင့် အနုမောဒနာ ပြုတော်မူ၏—

ယသ္မိံ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိယော။
သီလဝန္တေတ္ထ ဘောဇေတွာ၊ သညတေ ဗြဟ္မစာရယော။ (၁)

ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏမာဒိသေ။
တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ။ (၂)

တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ ဩရသံ။
ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ။ (၃)

ဗြာဟ္မဏာ = သုနိဓနှင့် ဝဿကာရပုဏ္ဏား အမတ်များတို့....။ ယသ္မိံ ပဒေသေ = အကြင်အရပ်၌။ ပဏ္ဍိတဇာတိယော=ပညာရှိပြီး အမျိုးကောင်းသားသည်။ ဝါသံ = အိမ်ရာဆောက်လုပ် နေထိုင်ခြင်းကို။ ကပ္ပေတိ = ပြု၏။ ဧတ္ထ = ဤအရပ်၌။ သီလဝန္တေ = ကောင်းသော အကျင့်သီလနှင့် ပြည့်စုံကြကုန်သော။ သညတေ = ကိုယ်, နှုတ်,နှလုံး စောင့်သုံးကြကုန်သော။ ဗြဟ္မစာရယော = မြတ်သောအကျင့်ကို ကျင့်ကြံပေတတ် ပုဂ္ဂိုလ်မြတ်တို့ကို။ ဘောဇေတွာ = သဒ္ဓါရေး ဆွမ်းကျွေးကြပြီးလျှင်။ (၁)

တတ္ထ = ထိုအိမ်ရာအရပ်၌။ ယာ ဒေဝတာ = အိမ်ရာစောင့်ကြပ် အကြင်နတ်တို့သည်။ အာသုံ = ထင်ရှားရှိကြကုန်၏။ တာသံ = အိမ်ရာစောင့်ကြပ် ထိုနတ်တို့အား။ ဒက္ခိဏံ = မိမိလှူရ အလှူ၏အဖို့ဘာဂကို။ အာဒိသေ = အမျှနှုတ်ခွန်း မြွက်ညွှန်းလှစ်ခြွေ ပေးဝေရာ၏။ဧဝံ = ဤသို့ အမျှခွန်း ညွှန်းမြွက်သောထွေ ပေးဝေလတ်သည်ရှိသော်။ ပူဇိတာ = မိမိတို့က အမျှပေးလတ် ပူဇော်အပ်ကုန်သော။ တာ ဒေဝတာ = အိမ်ရာစောင့်ကြပ် ထိုနတ်တို့သည်။ နံ= ထိုအိမ့်ရှင်ယောကျ်ား အမျိုးသားကို။ ပူဇယန္တိ = ဘေးမရောက်အောင် စောင့်ရှောက်သောအားဖြင့် ပူဇော်တုံ့

WWW.DHAMMARANSI.COM



တဖန် ပူဇော်ကြပြန်ကုန်၏။ မာနိတာ=ဗလိနတ်စာ ပူဇော သက္ကာရမှု ပြုလုပ်တုံလတ် မိမိကမြတ်နိုးအပ်ကုန်သော။ တာ ဒေဝတာ =အိမ်ရာစောင့်ကြပ် ထိုနတ်တို့သည်။ နံ= ထိုအိမ့်ရှင်ယောကျ်ား အမျိုးသားကို။ မာနယန္တိ = ဖြစ် ပေါ်လာသော ဘေးရန်ကို တွန်းလှန်ပယ်ချိုးသဖြင့် မြတ် နိုးတုံ့တဖန် မြတ်နိုးကြပြန်ကုန်၏။ (၂)

တတော = ထို့ကြောင့်။မာတာ = အမိသည်။ ဩရသံ ပုတ္တံ=ရင်၌ဖွေ့ထား ကြီးပွါးစေအပ်သော သားကို။ အနု-ကမ္ပတိ ဣဝ=စောင့်ရှောက်သကဲ့သို့။ ဒေဝတာ = အိမ်ရာ စောင့်ကြပ် နတ်တို့သည်။ နံ = ထိုပညာရှိပြား အမျိုး ကောင်းသားကို။ အနုကမ္ပန္တိ = မေတ္တာရှေ့ထား သနား စောင့်ရှောက်ကြကုန်၏။ ဒေဝတာနုကမ္ပိတော = အိမ် စောင့်နတ်များ မေတ္တာထား၍ သနားစောင့်ရှောက် အပ်သော။ ပေါသော = ပညာရှိပြား အမျိုးသားသည်။ သဒါ = နေ့ညဉ့်ဆက်ကာ ခပ်သိမ်းသောအခါ၌။ ဘဒြာနိ = ကောင်းမြတ်ချမ်းသာ မင်္ဂလာတို့ကို။ ပဿတိ = နှစ် သက်ဖွယ်အလား ကြား,သိ,တွေ့,မြင်ရလေ၏။ (၃)

ထိုအခါ မြတ်စွာဘုရားရှင်သည် မဂဓတိုင်းအမတ်ကြီးများ ဖြစ်ကြသည့် သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့ကို ဤဂါထာ တို့ဖြင့် အနုမောဒနာပြုတော်မူပြီးလျှင် နေရာမှထ၍ ကြွတော် မူ၏။

ထိုစဉ်အခါ သုနိဓပုဏ္ဏားနှင့် ဝဿကာရပုဏ္ဏားတို့သည် "ယနေ့ အရှင်ဂေါတမ ထွက်သွားရာ တံခါးကို 'ဂေါတမတံခါး' ဟု တွင်စေမည်။ အရှင်ဂေါတမ ကူးသွားရာ ဂင်္ဂါ မြစ်ဆိပ်ကို 'ဂေါတမဆိပ်'ဟု တွင်စေမည်"ဟူ၍ ကြံရွယ်ကြလျက် မြတ်စွာ ဘုရား၏နောက်မှ နောက်မှ အစဉ်တစိုက် လိုက်ကြလေကုန်၏။

ထိုအခါ မြတ်စွာဘုရား ထွက်သွားရာတံခါးသည် "ဂေါတမ တံခါး"ဟု အမည်တွင်လေ၏။ ထို့နောက် မြတ်စွာဘုရားသည်

WWW.DHAMMARANSI.COM



ဂင်္ဂါမြစ်သို့ ကြွရောက်တော်မူ၏။ ထိုစဉ်အခါ၌ ဂင်္ဂါမြစ်သည် ကမ်းမှာနား၍ ကျီးသောက်နိုင်လောက်အောင်ပင် ကမ်းနှင့်အညီ ရေပြည့်လျက်ရှိ၏။

ကမ်းတဖက်မှ ကမ်းတဖက်သို့ သွားရောက်လိုသော အချို့သူတို့သည် လှေကို ရှာကုန်၏။ အချို့သူတို့သည် သစ်ဖောင်ကို ရှာကုန်၏။ အချို့သူတို့သည် ဝါးဖောင်ကို ဖွဲ့ကုန်၏။

ထိုအခါ အားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ငှင်း, ဆန့်သောလက်ကို ကွေးသကဲ့သို့ငှင်း ထို့အတူပင် မြတ်စွာဘုရားသည် ဂင်္ဂါမြစ်၏ ဤမှာဖက်ကမ်းမှ ကွယ်တော်မူခဲ့၍ ထိုမှာဖက်ကမ်း၌ ရဟန်းအပေါင်းနှင့် အတူတကွ ထင်ရှားဖြစ်တော်မူလေ၏။

မြတ်စွာဘုရားသည် ကမ်းတဖက်မှ ကမ်းတဖက်သို့သွားရောက်လိုကုန်၍ အချို့က လှေကိုရှာလျက်, အချို့က သစ်ဖောင်ကို ရှာလျက်, အချို့က ဝါးဖောင်ကို ဖွဲ့လျက်နေသော ထိုသူတို့ကို မြင်တော်မူ၏၊ ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအချိန်တွင် ဤဆိုလတ္တံ့သော ဥဒါန်းစကားကို ကျူးရင့်တော်မူ၏—

> ယေ တရန္တိ အဏ္ဏဝံ သရံ၊
> သေတုံ ကတွာ ဝိသဇ္ဇ ပလ္လလာနိ။
> ကုလ္လံ ဟိ ဇနော ဗန္ဓတိ၊
> တိဏ္ဏာ မေဓာဝိနော ဇနာ။

ယေ = အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ အဏ္ဏဝံ = အပြောကျယ်လျက် နက်လည်းနက်စွာထသော။ သရံ = တဏှာတည်းဟူသောမြစ်ကြီးကို။ တရန္တိ = ကူးကြကုန်၏။ တေ = ထိုအရိယာပုဂ္ဂိုလ်တို့သည်။ သေတုံ = အရိယမဂ် တည်းဟူသော တံတားကို။ ကတွာ = ဆောက်လုပ်ကြ၍။ ပလ္လလာနိ = သံသရာခရီး တဏှာမြစ်ဝယ် ကျွံနစ်ရန် အကြောင်း ကိလေသာညွန်ပျောင်းတို့ကို။ ပဟာယ =

WWW.DHAMMARANSI.COM



ပယ်စွန့်ကုန်လျက်။ တရန္တိ = ကူးသွားကြကုန်၏။ ဇနော ဟိ=မပြောပလောက် ဤဂင်္ဂါမြစ်မျှလောက်ကို ကူးမြောက်လိုတောင်း လူအပေါင်းသည်ကား။ ကုလ္လံ = ဖောင်ကို။ ဗန္ဓတိ=ဖွဲ့၍နေရ၏။ မေဓာဝိနော ဇနာ = ဘုရားပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်း ပညာရှိအပေါင်းတို့သည်ကား။ တိဏ္ဏာ = ဖောင်မဖွဲ့လစ် တဏှာမြစ်ကို ရှစ်ရပ်သော မဂ်တံတားဖြင့် ကူးသွားတော်မူကြကုန်ပြီ။

## အရိယသစ္စာလေးပါးကို ဟောကြားတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာကို "ချစ်သားအာနန္ဒာ····လာ,သွားကြစို့၊ ကောဋိရွာသို့ သွားကြကုန်အံ့"ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ မြတ်စွာဘုရား...."ဟုအရှင်အာနန္ဒာသည် မြတ်စွာဘုရား မိန့်ကြားချက်ကို ဝန်ခံစကား လျှောက်ထား၍ ရှေးနည်းအတူ ရဟန်းတို့ကို စည်းဝေးစေလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်အတူတကွ ကောဋိရွာသို့ ကြွရောက်တော်မူပြီးလျှင် ထိုရွာ၌ သီတင်းသုံးနေတော်မူ၏။ ။ (ဤ၌ မဟာပနာဒမင်း၏ ပြာသာဒ်စွန်းကျရာဌာန၌ တည်သော ရွာဖြစ်သောကြောင့် ထိုရွာ၏အမည်မှာ ကောဋိရွာဟု တွင်လေသည်)။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို ဤဆိုလတ္တံ့သောအတိုင်း အရိယသစ္စာလေးပါး တရားကို ဟောကြားတော်မူ၏——

"ရဟန်းတို့ ···အရိယသစ္စာလေးပါးတို့ကို လျော်ကန်စွာ မသိခြင်း ထိုးထွင်း၍မသိခြင်းကြောင့် ငါဘုရားသည်၎င်း သင်ချစ်သားတို့သည်၎င်း ရှည်လျားလှစွာ ဤသံသရာကာလပတ်လုံး ဘဝတခုမှ ဘဝတခုသို့ မရပ်မနား ပြေးသွားအပ်ခဲ့လေပြီ၊ ဘဝတခု၌ ထပ်ခါထပ်ခါ မရပ်မတည် ကျင်လည်ခဲ့အပ်လေပြီ။ အဘယ်လေးပါးတို့ကို မသိခြင်းကြောင့်နည်း ဟူမူကား——

WWW.DHAMMARANSI.COM



ရဟန်းတို့....ဆင်းရဲအမှန်(=ဒုက္ခအရိယသစ္စာ) ကို လျော်ကန်စွာမသိခြင်း ထိုးထွင်း၍မသိခြင်းကြောင့် ငါဘုရားသည်၎င်း သင်ချစ်သားတို့သည်၎င်း ရှည်လျားလှစွာ ဤသံသရာ ကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။ (၁)။ ရဟန်းတို့.... ဆင်းရဲဖြစ်ကြောင်းအမှန် (=သမုဒယအရိယသစ္စာ) ကို (ပ) (၂)။ ရဟန်းတို့···· ဆင်းရဲချုပ်ရာအမှန် (=နိရောဓအရိယ-သစ္စာ) ကို (ပ) (၃)။ ရဟန်းတို့ ···· ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းလမ်းစဉ်အမှန် (=မဂ္ဂအရိယသစ္စာ) ကို လျော်ကန်စွာမသိခြင်း ထိုးထွင်း၍မသိခြင်းကြောင့် ငါဘုရားသည်၎င်း သင်ချစ်သားတို့သည်၎င်း ရှည်လျားလှစွာ ဤသံသရာကာလပတ်လုံး ပြေးသွားခဲ့ရလှလေပြီ၊ ကျင်လည်ခဲ့ရလှလေပြီ။

ရဟန်းတို့····ယခုအခါ ငါဘုရားသည် ထိုဆင်းရဲအမှန် (=ဒုက္ခအရိယသစ္စာ)ကိုလျော်ကန်စွာသိအပ်ပြီ၊ထိုးထွင်း၍လည်း သိအပ်ပြီ။ ထိုဆင်းရဲဖြစ်ကြောင်းအမှန် (=သမုဒယအရိယသစ္စာ) ကို။ပ။ ထိုဆင်းရဲချုပ်ရာအမှန်(=နိရောဓ အရိယသစ္စာ)ကို။ပ။ ထိုဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ်အမှန်(=မဂ္ဂအရိယသစ္စာ) ကို လျော်ကန်စွာသိအပ်ပြီ၊ ထိုးထွင်း၍လည်း သိအပ်ပြီ၊ ဘဝ၌တပ်မက်တတ်သော ဘဝတဏှာကို အကြွင်းမဲ့ အမြစ်ပြတ်ဖြတ်အပ်လေပြီ၊ ငါဘုရား၏ သန္တာန်ဝယ် ဘဝသစ်သို့ ဆွဲဆောင်တတ်သည့် ကြိုးနှင့်တူစွာ ဘဝတဏှာသည် ကုန်ခဲ့လေပြီ၊ ယခုအခါ ငါဘုရားအဖို့ရာ တဖန်ဘဝအသစ်၌ ဖြစ်ခြင်းမရှိတော့ပြီ” ဟု ဟောကြားတော်မူ၏။ ။(ဤ၌ မဂ်၏ ရှေးအဖို့ လောကီဝိပဿ-နာဉာဏ်ဖြင့် သိခြင်းကို ပါဠိလို အနုဗောဓသိ, မြန်မာလို လျော်ကန်စွာသိခြင်းဟု ခေါ်၏။ မဂ်ဉာဏ်ဖြင့် ကိလေသာကို ဖြိုခွဲဖျက်ဆီး ဖောက်ထွင်းပြီး သိခြင်းကို ပါဠိလို ပဋိဝေဓသိ, မြန်မာလို ထိုးထွင်း၍ သိခြင်းဟု ခေါ်၏)။

မြတ်စွာဘုရားရှင်သည် ဤစကားကို မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော စကားကိုလည်း မိန့်တော်မူပြန်၏—

WWW.DHAMMARANSI.COM



"စတုန္နံ အရိယသစ္စာနံ၊ ယထာဘူတံ အဒဿနာ။
သံသိတံ ဒီဃမဒ္ဓါနံ၊ တာသု တာသွေဝ ဇာတိသု။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့ ··· ။ စတုန္နံ = လေးပါးကုန်သော။ အရိယသစ္စာနံ = အရိယာ အဖြစ်ကို စင်စစ်ပြုတတ်သည့် လေးရပ်သစ္စာ နက်နဲစွာ တို့ကို။ ယထာဘူတံ = မဖောက်မပြန် အမှန် အတိုင်း။ အဒဿနာ = ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ဝေဘန်ထိုး ထွင်း မသိမမြင်ခြင်းကြောင့်။ ဒီဃမဒ္ဓါနံ = ရှည်လျား လှစွာ သံသရာကာလပတ်လုံး။ တာသု တာသွေဝ ဇာတိ-သု = ထိုထိုယုတ်မြတ် ဘဝဇာတ်တို့၌သာလျှင်။ သံသိ-တံ = မရပ်မတည် ကျင်လည်အပ်ခဲ့လှလေပြီ။

တာနိ ဧတာနိ ဒိဋ္ဌာနိ၊ ဘဝနေတ္တိ သမူဟတာ။
ဥစ္ဆိန္နံ မူလံ ဒုက္ခဿ၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ။

ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့····။ မယာ = လူသုံးပါးတို့၏ဆရာ ဘုရားငါသည်။ တာနိ ဧတာနိ = ထိုလေးရပ်သစ္စာ နက်နဲစွာတို့ကို။ ဒိဋ္ဌာနိ = ကိစ္စလေးထောက် အရဟတ္တဖိုလ် တိုင်ရောက်အောင် ပြီး မြောက်ကုန်စင် သိမြင်အပ်ကုန်ပြီ။ ဘဝနေတ္တိ = ဘဝ လွန်ကြိုး တဏှာဆိုးကို။ သမူဟတာ = ကောင်းစွာ ပယ်ဖျောက် နုပ်နုပ်ဖြတ်တောက်အပ်လေပြီ။ ဒုက္ခဿ = စက်သံသာရ ဝဋ်ဒုက္ခ၏။ မူလံ = ဖြစ်စေတုံလျှင်း အကြောင်းရင်းတဏှာလောဘကို။ ဥစ္ဆိန္နံ = အနုသယ အမြစ်မကျန် ပယ်လှန် ဖြတ်တောက်အပ်လေပြီ။ မေ = လူသုံးပါးတို့၏ ဆရာ ဘုရား ငါ၏ အဖို့ရာ။ ပုနဗ္ဘဝေါ = တဖန်ဘဝသစ်ဝယ် ဖြစ်ရခြင်းပဋိသန္ဓေသည်။ နတ္ထိ = တစိုးတစိ မရှိတော့ပြီ"—

ဤတရားဂါထာကိုလည်း ဟောတော်မူပြန်၏။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင်သည် ထိုကောဋိရွာ၌ နေတော်မူစဉ်လည်း ရှေးဖော်ပြရာပါအတိုင်း ပရိနိဗ္ဗာန် စံလွန်တော်မူရန် အချိန်နီးကပ်လာပြီဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည်ရှိသော် ဤဆိုလတ္တံ့သော တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏—

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း။ သီလ၌တည်၍ ဖြစ်စေအပ်သောသမာဓိသည် များသောအကျိုး, အာနိသင်ရှိ၏၊ သမာဓိ၌ တည်၍ ဖြစ်စေအပ်သောပညာသည် များသောအကျိုး, အာနိသင်ရှိ၏၊ ပညာ၌တည်၍ ဖြစ်စေအပ်သောစိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏" ဟု ဤတရားစကားကိုသာ ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏။

## နာတိကရွာသို့ ကြွတော်မူ၍
## ဆုတ်နစ်ခြင်းသဘောမရှိ အထက်မဂ်လျှင်လားရာရှိသူတို့ကို ဟောတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် ကောဋိရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ… လာ, သွားကြကုန်စို့၊ နာတိကရွာသို့ သွားရောက်ကြကုန်အံ့" ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ မြတ်စွာဘုရား...."ဟု အရှင်အာနန္ဒာသည် မြတ်စွာဘုရား မိန့်ကြားချက်ကို ဝန်ခံစကား လျှောက်ထား၍ ရှေးနည်းအတူ ရဟန်းတို့ကို စည်းဝေးစေလေ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့် အတူတကွ နာတိကရွာသို့ ကြွရောက်တော်မူပြီးလျှင် ထိုနာတိကရွာ အုတ်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ။(ဤ၌ တဖက်ဆည်ကန်ကြီးတခုကို အမှီပြု၍ ဘကြီး, ဘထွေး (=ညီအစ်ကိုနှစ်ဦး) တို့၏ သားနှစ်ယောက်တို့ ဦးဆောင်တည်သော ရွာနှစ်ရွာတို့ ရှိကြ၏၊ ထိုရွာတို့ကို ဉာတိကရွာ=ဆွေမျိုးရွာဟု ဆိုလိုလျက် ဥ-အက္ခရာကို

WWW.DHAMMARANSI.COM



နှ-အက္ခရာပြု၍ နာတိကရွာဟူ၍ ခေါ်ဆို၏။ ထိုနာတိကရွာ နှစ်ရွာရှိကြသည့်အနက် တရွာ၌ အုတ်ကျောင်းတော်ဝယ် ဘုရားရှင် သီတင်းသုံးနေထိုင်တော်မူသည်)။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ထံတော်မှောက်သို့ သွားရောက်မေးမြန်းလျှောက်ထားသည်မှာ—

"မြတ်စွာဘုရား… နာတိကရွာ၌ သာဠှမည်သော ရဟန်းသည် စုတေသွားပါ၏၊ ထိုရဟန်း၏ လားရာ = ဂတိကား အဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း။

မြတ်စွာဘုရား….နာတိကရွာ၌ နန္ဒာမည်သော ရဟန်းမိန်းမသည် စုတေသွားပါ၏၊ ထိုရဟန်းမိန်းမ၏ လားရာ = ဂတိကား အဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း။

မြတ်စွာဘုရား….နာတိကရွာ၌ သုဒတ္တမည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထိုဥပါသကာ၏ လားရာ = ဂတိကား အဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း။

မြတ်စွာဘုရား…နာတိကရွာ၌ သုဇာတာ မည်သော ဥပါသိကာမသည် စုတေသွားပါ၏၊ ထိုဥပါသိကာမ၏ လားရာ = ဂတိကား အဘယ်ပါနည်း၊ တမလွန် ဘဝကား အဘယ်ပါနည်း။

မြတ်စွာဘုရား… နာတိကရွာ၌ ကုက္ကုဋမည်သော ဥပါသကာသည်။ပ။ကာဠိမ္ဗမည်သော ဥပါသကာသည်။ ပ။ နိကဋမည်သော ဥပါသကာသည်။ပ။ ကဋိဿဟမည်သော ဥပါသကာသည် ။ပ။ တုဋ္ဌမည်သော ဥပါသကာသည်။ပ။ သန္တုဋ္ဌမည်သော ဥပါသကာသည်။ပ။ ဘဒ္ဒမည်သော ဥပါသကာသည်။ပ။ သုဘဒ္ဒမည်သော ဥပါသကာသည် စုတေသွားပါ၏၊ ထိုဥပါသကာ၏ လား

WWW.DHAMMARANSI.COM



ရာ = ဂတိကား အဘယ်ပါနည်း၊ တမလွန်ဘဝကား အဘယ်ပါနည်း”——

ဤကဲ့သို့ မေးမြန်း လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရား အစဉ်အတိုင်း ဖြေကြားတော်မူသည်မှာ——

“ချစ်သားအာနန္ဒာ ···· သာဠှမည်သော ရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော ကိလေသာမှ လွတ်မြောက်သည့် အရဟတ္တဖိုလ်သမာဓိနှင့် အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေသော ရဟန္တာပေတည်း။

ချစ်သားအာနန္ဒာ···· နန္ဒာမည်သော ရဟန်းမိန်းမသည် အောက်ကာမဘုံ၌ ပဋိသန္ဓေတည်နေခြင်း အဖို့ရှိသည့် ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလိမ့်မည့် ထိုဘုံမှ (အောက်ကာမဘုံသို့) ပြန်နစ်ခြင်း သဘောမရှိသော အနာဂါမ် အရိယာပေတည်း။

ချစ်သားအာနန္ဒာ···· သုဒတ္တမည်သော ဥပါသကာသည် (သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတည်းဟူသော) သံယောဇဉ်အနှောင်အဖွဲ့ သုံးမျိုးတို့ အကြွင်းမဲ့ကုန်သည့်ပြင် တပ်မက်ခြင်း = ရာဂ, အမျက်ထွက်ခြင်း = ဒေါသ, တွေဝေခြင်း = မောဟတို့ ခေါင်းပါးလှခြင်းကြောင့် ထိုလူ့ပြည်သို့ တကြိမ်သာ ပဋိသန္ဓေ အနေလာ၍ ဆင်းရဲ၏အဆုံးကို ပြုလိမ့်မည်ဖြစ်သော **သကဒါဂါမ်** အရိယာပေတည်း။

ချစ်သားအာနန္ဒာ.... သုဇာတာမည်သော ဥပါသိကာမသည် (သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသတည်းဟူသော) သံယောဇဉ်အနှောင်အဖွဲ့ သုံးမျိုးတို့

WWW.DHAMMARANSI.COM



အကြွင်းမဲ့ ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘော အလျှင်းမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါး လျှင် နောက်ဆုံး လားရောက်ရာရှိသော သောတာပန် အရိယာပေတည်း။

ချစ်သားအာနန္ဒာ........ ကက္ကဋမည်သော ဥပါသကာ သည်။ပ။ ကာဠိမ္ဗမည်သော ဥပါသကာသည်။ပ။ နိကဋ မည်သော ဥပါသကာသည်။ ပ ။ ကဋိဿဟမည်သော ဥပါသကာသည်။ပ။ တုဋ္ဌမည်သော ဥပါသကာသည်။ပ။ သန္တုဋ္ဌမည်သော ဥပါသကာသည်။ပ။ ဘဒ္ဒမည်သော ဥပါသကာသည်။ပ။ သုဘဒ္ဒမည်သော ဥပါသကာသည် အောက်ကာမဘုံ၌ ပဋိသန္ဓေတည်နေခြင်း အဖို့ရှိသည့် ဩရမ္ဘာဂိယသံယောဇဉ် ၅-မျိုးတို့ အကြွင်းမဲ့ကုန်ခြင်း ကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာ လျှင် ပရိနိဗ္ဗာန်ပြုလိမ့်မည့် ထိုဘုံမှ အောက်ကာမဘုံသို့ ပြန်နစ်ခြင်းသဘော မရှိသော အနာဂါမ် အရိယာပေ တည်း။

ချစ်သားအာနန္ဒာ........နာတိကရွာမှ စုတေသွားကြ သော ဥပါသကာ ငါးကျိပ်ကျော်တို့သည် အောက် ကာမဘုံ၌ ပဋိသန္ဓေတည်နေခြင်းအဖို့ရှိသည့် ဩရမ္ဘာ- ဂိယသံယောဇဉ် ၅-မျိုးတို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိ- နိဗ္ဗာန်ပြုလိမ့်မည့် အောက်ကာမဘုံသို့ ပြန်နစ်ခြင်းသဘော မရှိသော အနာဂါမ် အရိယာတို့ပေတည်း။

ချစ်သားအာနန္ဒာ....နာတိကရွာမှ စုတေသွားကြသော ဥပါသကာ ကိုးကျိပ်ကျော်တို့သည် (သက္ကာယဒိဋ္ဌိ, ဝိစိ- ကိစ္ဆာ, သီလဗ္ဗတပရာမာသ တည်းဟူသော)သံယောဇဉ် အနှောင်အဖွဲ့ သုံးမျိုးတို့ အကြွင်းမဲ့ကုန်သည့်ပြင် တပ်မက် ခြင်း = ရာဂ, အမျက်ထွက်ခြင်း = ဒေါသ,တွေဝေခြင်း = မောဟတို့ ခေါင်းပါးလှခြင်းကြောင့် ဤလူ့ပြည် သို့တကြိမ်

WWW.DHAMMARANSI.COM



သာ ပဋိသန္ဓေအနေလာ၍ ဆင်းရဲ၏ အဆုံးကို ပြုလိမ့်မည်ဖြစ်သော **သကဒါဂါမ်အရိယာ**တို့ပေတည်း။

ချစ်သားအာနန္ဒာ....နာတိကရွာမှ စုတေသွားကြသော ဥပါသကာ **ငါး**ရာကျော်တို့သည် (သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ တည်းဟူသော)သံယောဇဉ်အနှောင်အဖွဲ့ သုံးမျိုးတို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် **အပါယ်သို့** ကျခြင်းသဘော အလျှင်းမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် နောက်ဆုံးလားရာရှိသော **သောတာပန်အရိယာ**တို့ပေတည်း။

**ဓမ္မာဒါသ ဓမ္မပရိယာယ=ကြေးမုံတရားကို ဟောတော်မူခြင်း**

ချစ်သားအာနန္ဒာ....ဤသေသွားသူ၏ လားရာ = ဂတိနှင့် တမလွန်ဘဝ အကြောင်းအရာကို ပြောကြားမှုသည် တရားနှင့် ပြည့်စုံသူတိုင်း ကိုယ်တိုင်ပင် ပြုလုပ်နိုင်သော အမှုဖြစ်၍ ဘုရားရှင်ကိုယ်တိုင် ဆောင်ရွက်ရလောက်အောင် ခက်ခဲသော အံ့ဖွယ်အထူးအဆန်း မဟုတ်၊ ချစ်သားအာနန္ဒာ....လူသေတိုင်း သေတိုင်းပင် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဤအကြောင်းအရာကို မေးမြန်းနေကြလျှင် မြတ်စွာဘုရားအား ပင်ပန်းစေရုံမျှသာ ဖြစ်ရာ၏။

ချစ်သားအာနန္ဒာ.... သို့ဖြစ်ရကား အကြင်**ကြေးမုံတရား**နှင့် ပြည့်စုံသော အရိယသာဝကသည် ပြောကြားလိုပါမူ "ငါသည် ငရဲဂတိကုန်ပြီးသူဖြစ်၏၊ တိရစ္ဆာန်ဂတိကုန်ပြီးသူ ဖြစ်၏၊ ပြိတ္တာဂတိကုန်ပြီးသူ ဖြစ်၏၊ ကြီးပွါးချမ်းသာခြင်းကင်းရာ ဒုက္ခ၏မှီခိုရာ ဖရိုဖရဲပြိုကွဲပျက်စီး၍ ကျရောက်ရာ အပါယဂတိကုန်ပြီးသူ ဖြစ်၏၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ပျက်စီးကျရောက်ခြင်းသဘော မရှိပြီ၊ ကိန်းသေမြဲသူဖြစ်လေပြီ၊ အထက်မဂ်သုံးပါးလျှင် နောက်ဆုံးလားရာရောက်ရာရှိသူ ဖြစ်လေပြီ"ဟု မိမိကိုယ်တိုင်ပင် မိမိ

WWW.DHAMMARANSI.COM



အကြောင်းကို ပြောကြားနိုင်ပေ၏၊ ထိုကြေးမုံတရားမည်သော ဒေသနာတော်ကို ဟောကြားပေအံ့၊ ချစ်သားအာနန္ဒာ........ ကြေးမုံတရားမည်သော ထိုဒေသနာကားအဘယ်နည်း——

ချစ်သားအာနန္ဒာ........ဤသာသနာတော်၌ အရိယာသာဝက(=ငါဘုရား၏တပည့်သား, တပည့်မ)သည်-

'ထိုမြတ်စွာဘုရားသည် ဤသို့ ဤသို့သော အကြောင်းကြောင့် အရဟံဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏၊ သမ္မာသမ္ဗုဒ္ဓဂုဏ်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်, သုဂတဂုဏ်, လောကဝိဒူဂုဏ်, အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်, သတ္ထာဒေဝမနုဿာနံဂုဏ်, ဗုဒ္ဓဂုဏ်, ဘဂဝါဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏'ဟု **ဘုရားမြတ်စွာ** ရတနာ၌ ကျေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့်သက်ဝင် တွေ့မြင်သိရှိကာ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ (၁)

'မြတ်စွာဘုရား ဟောကြားအပ်သော တရားတော်သည် အပြစ်ကင်းကွာ ကောင်းစွာ ဟောကြားအပ်သဖြင့် သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပါပေ၏၊ မျက်မှောက်ဘဝအကျိုးရနိုင်သဖြင့် သန္ဒိဋ္ဌိကဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏၊ အခါမလင့် အကျိုးပေးတတ်သဖြင့် အကာလိကဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏၊ လာလှည့် ရှုလှည့် ကျင့်ကြံလှည့်ဟု ဖိတ်ခေါ်ကာပြထိုက်သဖြင့် ဧဟိပဿိကဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏၊ မိမိကိုယ်ထဲ စိတ်ထဲ၌ ဆောင်ယူသွင်းထားထိုက်သဖြင့် ဩပနေယျိကဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏၊ အရိယာပညာရှိတို့သာ ကိုယ်စီကိုယ်င သိနိုင်ခံစားနိုင်သဖြင့် ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်နှင့်လည်း ပြည့်စုံပါပေ၏'ဟု **တရားရတနာ**၌ ကျေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့်သက်ဝင် တွေ့မြင်သိရှိကာ မတုန်မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ (၂)

WWW.DHAMMARANSI.COM



'မြတ်စွာဘုရား၏ တပည့်သား သာဝက သံဃာတော်သည် အဓိသီလ, အဓိစိတ္တ, အဓိပညာ = သိက္ခာသုံးရပ်တည်းဟူသော အလွန်ကောင်းမြတ်သည့် ပဋိပတ်ဂုဏ်, အလွန်ဖြောင့်မတ်သည့် ပဋိပတ်ဂုဏ်, အလွန်သင့်မြတ်သည့် ပဋိပတ်ဂုဏ်, ရိုသေလေးစားအပ်သည့် ပဋိပတ်ဂုဏ် = ၌အကြောင်းဖြစ်သော ကျေးဇူးဂုဏ်လေးပါးတို့နှင့် ပြည့်စုံသည့်ပြင် အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့် ရှစ်ပါး အရေအတွက်ရှိသော ထိုမြတ်စွာဘုရား၏ တပည့်သား သာဝက သံဃာတော်သည် အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တန်သောဂုဏ်, ဧည့်သည်တို့အတွက် စီမံထားသော ဝတ္ထုကိုသော်လည်း (ဧည့်သည်ကို ခေတ္တဆိုင်းထား၍) ပေးလှူပူဇော်ရန် ထိုက်တန်သောဂုဏ်, တမလွန်အတွက် ရည်မြော်သော အလှူကို ခံယူထိုက်သောဂုဏ်, လက်အုပ်ချီမိုး ရှိခိုးထိုက်သောဂုဏ်, သတ္တဝါအပေါင်းတို့၏ ကောင်းမှုပြုရန် အမြတ်ဆုံးသော လယ်မြေသဖွယ်ဖြစ်သောဂုဏ် = ၌ အကျိုးဂုဏ်ငါးပါးတို့နှင့်လည်း ပြည့်စုံတော်မူပါပေ၏'ဟု **သံဃာရတနာ**၌ ကျေးဇူးဂုဏ်တို့ကို ဉာဏ်ဖြင့် သက်ဝင်တွေ့မြင် သိရှိကာ မတုန် မလှုပ် ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။ (၃)

တဏှာ၏ကျွန်အဖြစ်မှ ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားယွင်းစွာ မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော မကျိုး, မပေါက်, မကျား, မပြောက်ကုန်သော အရိယာတို့မြတ်နိုးအပ်သည့် သီလတို့နှင့် ပြည့်စုံ၏။ (၄)

ချစ်သားအာနန္ဒာ....အကြင် ဆိုအပ်ပြီးသည့် ကြေးမုံတရား ၄-ပါးနှင့် ပြည့်စုံသော အရိယသာဝကသည်ပြော ကြားလိုပါမူ "ငါသည် ငရဲဂတိကုန်ပြီးသူ ဖြစ်၏၊ တိရစ္ဆာန်ဂတိကုန်ပြီးသူဖြစ်၏၊ ပြိတ္တာဂတိ ကုန်ပြီးသူဖြစ်၏၊ ကြီးပွါး

WWW.DHAMMARANSI.COM



ချမ်းသာခြင်းကင်းရာ ဒုက္ခ၏မှီရာ ဖရိုဖရဲ ပြိုကွဲပျက်စီး၍ ကျရောက်ရာ အပါယဂတိ ကုန်ပြီးသူ ဖြစ်၏၊ ငါသည် သောတာပန်ဖြစ်ပြီ၊ ပျက်စီးကျရောက်ခြင်းသဘော မရှိပြီ၊ ကိန်းသေမြဲသူ ဖြစ်လေပြီ၊ အထက်မဂ် သုံးပါးလျှင် နောက်ဆုံး လားရောက်ရာ ရှိသူဖြစ်လေပြီ”ဟု မိမိကိုယ် တိုင်ပင် မိမိအကြောင်းကို ပြောကြားနိုင်ပေ၏။ ကြေးမုံ တရားမည်သော ထိုဒေသနာကားဤသည်ပင်တည်း”—

ဟု မိန့်တော်မူ၏။

မြတ်စွာဘုရားရှင်သည် ထိုနာတိကရွာ အုတ်ကျောင်းတော်၌ နေတော်မူစဉ်လည်း ရှေးဖော်ပြရာပါအတိုင်း ပရိနိဗ္ဗာန် စံလွန် တော်မူရန် အချိန်နီးကပ်လာပြီဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည်ရှိသော် ဤဆိုလတ္တံ့သော တရားစကား ကိုသာ ရဟန်းတို့အား ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏—

“ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း။ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုး, အာနိသင်ရှိ၏၊ သမာဓိ၌တည်၍ ဖြစ်စေအပ် သော ပညာသည် များသောအကျိုး, အာနိသင်ရှိ၏၊ ပညာ၌ တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏”ဟု ဤ တရားစကားကိုသာ ကြိမ်ဖန်များစွာ ဟောကြားတော်မူ၏။

### ဝေသာလီပြည် အမ္ဗပါလီသရက်ဥယျာဉ်သို့ ကြွတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် နာတိကရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို “အာနန္ဒာ .... လာ, သွားကြကုန်စို့၊ ဝေသာလီပြည်သို့ သွားရောက်ကြကုန်စို့” ဟု မိန့်တော်မူ၏။ “ကောင်းပါပြီ မြတ်စွာဘုရား.... ” ဟု အရှင် အာနန္ဒာသည် မြတ်စွာဘုရား မိန့်ကြားချက်ကို ဝန်ခံစကား လျှောက်ထား၍ ရှေးနည်းအတူ ရဟန်းတို့ကို စည်းဝေးစေလေ

WWW.DHAMMARANSI.COM



၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းနှင့် အတူတကွ ဝေသာလီပြည်သို့ ကြွရောက်တော်မူပြီးလျှင် ထိုဝေသာလီပြည်ဝယ် အမ္ဗပါလီပြည့်တန်းဆာမ၏ သရက်ဥယျာဉ်အရာမ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအချိန်၌ မြတ်စွာဘုရား၏ နောက်တော်ပါ ရဟန်းပေါင်းများစွာတို့အနက် ငါးရာမျှသော ရဟန်းတို့သည် အသက်အရွယ်နုနယ်သူများ ဖြစ်ကြသည့်ပြင် ရဟန်းပြု၍လည်း မကြာသေးသူများဖြစ်ကြ၏၊ လိုံ့လဝီရိယ လျော့ပါးသူများလည်း ဖြစ်ကြ၏၊ မကြာမြင့်မီ အချိန်မှာပင် အမ္ဗပါလီပြည့်တန်းဆာမသည်လည်း မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက်လိမ့်မည် ဖြစ်၏၊ ထိုသို့ လာရောက်လျှင် အမ္ဗပါလီပြည့်တန်းဆာမကို ကြည့်ရှုရာ၌ ထိုရဟန်းငယ်ငါးရာတို့ သတိထားနိုင်ကြစိမ့်သောငှါ မြတ်စွာဘုရားသည် ရဟန်းတို့ကို ကြိုတင်၍ သတိပေးသောအနေဖြင့်—

"ရဟန်းတို့....ရဟန်းသည် သတိရှိလျက် ဆင်ခြင်လျက်နေရာ၏၊ ဤကား သင်တို့အတွက် ငါဘုရားတို့၏ အဆုံးအမပေတည်း။

ရဟန်းတို့ .... အဘယ်သို့လျှင် ရဟန်းသည် သတိရှိရာသနည်း။ ရဟန်းတို့.... ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောက၌ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ခံစားမှု = ဝေဒနာတို့၌ ခံစားမှု = ဝေဒနာဟု အဖန်ဖန်ရှုလျက် ( ပ )။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက်( ပ )။ သဘောတရားတို့၌ သဘောတရား ဟု အဖန်ဖန်ရှုလျက် လောက၌ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ရဟန်းတို့....ဤသို့လျှင် ရဟန်းသည် သတိရှိပေ၏။

WWW.DHAMMARANSI.COM



ရဟန်းတို့ ... အဘယ်သို့လျှင် ရဟန်းသည် ဆင်ခြင်သနည်း။ ရဟန်းတို့...ဤသာသနာတော်၌ ရဟန်းသည် ရှေ့သို့တက်ရာ၌ နောက်သို့ဆုတ်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ တူရူ (တည့်တည့်) ကြည့်ရာ တစောင်း ကြည့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကွေးရာဆန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ဒုကုဋ်, သပိတ်, သင်္ကန်းကို ဆောင်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ စားရာ, သောက်ရာ, ခဲရာ, လျက်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ ကျင်ကြီး, ကျင်ငယ်စွန့်ရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏၊ သွားရာ, ရပ်ရာ, ထိုင်ရာ, အိပ်ရာ, နိုးရာ, ပြောရာ, ဆိတ်ဆိတ်နေရာ၌ ဆင်ခြင်လျက် ပြုလေ့ရှိ၏။ ရဟန်းတို့...ဤသို့လျှင် ရဟန်းသည် ဆင်ခြင်လျက် နေရာ၏။

ရဟန်းတို့.... ရဟန်းသည် သတိရှိလျက် ဆင်ခြင်လျက် နေရာ၏၊ ဤကား သင်တို့အတွက် ငါဘုရားတို့၏ အဆုံးအမပေတည်း"—

ဟု မိန့်တော်မူ၏။

### ဘုရားထံသို့ အမ္ဗပါလီလာရောက်ဆည်းကပ်ခြင်း

အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ဆိုက်ရောက်၍ မိမိ၏ သရက်ဥယျာဉ်၌ နေတော်မူကြောင်းကို ကြားသိလေလျှင် အလွန့်အလွန် ကောင်းမွန်သောယာဉ်တို့ကို က-စေ၍ ကောင်းမွန်သော ယာဉ်ကို စီးလျက် အလွန့်အလွန် ကောင်းမွန်သော အရံယာဉ်တို့နှင့်တကွ ဝေသာလီပြည်မှ ထွက်ခဲ့၍ မိမိအရာမ် ဥယျာဉ်ဆီသို့ သွားလေ၏။ ယာဉ်ဖြင့်သွားသင့်သမျှသော အရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှသက်ပြီးသော် ခြေလျင်သာလျှင် မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးလျှင် အပြစ်လွတ်ရာ တခုသောနေရာ၌ ထိုင်နေလေ၏။

WWW.DHAMMARANSI.COM



ယင်းသို့ အပြစ်လွတ်ရာ တခုသောနေရာ၌ ထိုင်နေသော အမ္ဗပါလီပြည့်တန်ဆာမကို မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်, တရားကိုဆောက်တည်စေကာ, တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်က တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်, တရားကိုဆောက်တည်စေကာ, တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေအပ်ပြီးသော အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....ရှင်တော်ဘုရားသည် ရဟန်းအပေါင်းနှင့်တကွ နက်ဖြန်အဖို့ တပည့်တော်မ၏ဆွမ်းကို လက်ခံတော်မူပါ" ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားရှင်သည် ဆိတ်ဆိတ်နေသဖြင့် အမ္ဗပါလီ၏ ပင့်လျှောက်ချက်ကို လက်ခံတော်မူလေ၏။

ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှထကာ မြတ်စွာဘုရားရှင်ကို ရှိသေ မြတ်နိုး ရှိခိုးလျက် ဖဲခွါသွားလေ၏။

### လိစ္ဆဝီမင်းတို့ မြတ်စွာဘုရားရှင်ကို အဖူးအမြော်လာရောက်ကြခြင်း

ဝေသာလီပြည်၌ နေကုန်သော လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ဆိုက်ရောက်၍ အမ္ဗပါလီ၏ သရက်ဥယျာဉ်၌ နေတော်မူကြောင်းကို ကြားသိကြလေလျှင် အလွန်အလွန် ကောင်းမွန်သောယာဉ်တို့ကို က-စေကြ၍ ကောင်းမွန်သောယာဉ်တို့ကို စီးကြလျက် အလွန်အလွန် ကောင်းမွန်သော အရံယာဉ်တို့နှင့်တကွ ဝေသာလီပြည်မှ ထွက်ခဲ့ကြလေကုန်၏။

ထို လိစ္ဆဝီမင်းတို့အနက် အချို့သော လိစ္ဆဝီမင်းတို့သည် ညိုသောအဝတ်, ညိုသောတန်ဆာရှိကြ၍ ညိုသော အဆင်းအရောင် ရှိကုန်၏။ အချို့သော လိစ္ဆဝီမင်းတို့သည် ဝါသော အဝတ်, ဝါသော တန်ဆာရှိကြ၍ ဝါသော အဆင်းအရောင် ရှိကုန်၏။ အချို့သော လိစ္ဆဝီမင်းတို့သည် နီသောအဝတ်, နီသော တန်ဆာရှိကြ၍ နီသောအဆင်းအရောင်ရှိကုန်၏။ အချို့သော

WWW.DHAMMARANSI.COM



လိစ္ဆဝီမင်းတို့သည် ဖြူသောအဝတ်, ဖြူသောတန်းဆာရှိကြ၍ ဖြူသောအဆင်းအရောင် ရှိကုန်၏။

(ဤ၌—လိစ္ဆဝီမင်းတို့၏ ပကတိ အဆင်းကား ညိုသည်မဟုတ်၊ ညိုသောအဆင်းရှိသော နံ့သာပျောင်းကို လိမ်းကျံထားအပ်သော ကြောင့် ထိုမင်းတို့၏ အဆင်းအရောင်သည် နီလာရောင်ထွက်ကာ ညို၍ နေကုန်၏။ ထိုမင်းတို့၏ ဝတ်စုံများမှာလည်း ညိုသော အဆင်းရှိသော ဝတ်စုံများသာဖြစ်သည့်အပြင် ညိုသောအဆင်းရှိသော ကျောက်မျက် ရတနာ ညိုသောပန်းတို့ဖြင့် ထိုမင်းတို့ကိုယ်မှာ တန်းဆာဆင်၍ ထား အပ်ပေ၏။ ထိုမင်းတို့၏ ရထားများမှာလည်း နီလာကျောက်တို့ဖြင့် ခြယ်စီအပ်၍ ညိုသောအဝတ်တို့ဖြင့် ဖုံးအုပ်အပ်ကုန်သည့်ပြင် ညိုသော အလံတို့ကို တလူလူ လွှင့်ထူအပ်ကုန်လျက် ညိုသောချပ်ဝတ်တန်းဆာ ဆင်ယင်အပ်သည့်မြင်းတို့ဖြင့် က-အပ်ကုန်၏။ ကြိမ်တံတို့မှာလည်း ညိုသောအဆင်း ရှိကုန်၏။ ဤနည်းဖြင့် ကျန်သော ဝါသောအဆင်း, နီသောအဆင်း, ဖြူသောအဆင်းရှိရာတို့၌လည်း အနက်ကို သိအပ်၏)။

ထိုအခါ အမ္ဗပါလီပြည့်တန်းဆာမသည် အသက်အရွယ် ငယ် ကုန် ငယ်ကုန်သော လိစ္ဆဝီမင်းတို့၏ ရထားတို့ကို မိမိရထားနှင့် ဝင်ရိုး ဝင်ရိုးချင်း, ဘီး ဘီးချင်း, ထမ်းပိုး ထမ်းပိုးချင်း တိုက်ခိုက် စေ၏။ ထိုအခါ ထိုလိစ္ဆဝီမင်းတို့သည် အမ္ဗပါလီပြည့်တန်းဆာမ ကို "ဟယ် အမ္ဗပါလီ....မယ်မင်းသည် အသက်အရွယ် ငယ်ကုန် ငယ်ကုန်သော လိစ္ဆဝီမင်းတို့၏ ရထားတို့ကို မယ်မင်း၏ရထား နှင့် ဝင်ရိုး ဝင်ရိုးချင်း, ဘီး ဘီးချင်း, ထမ်းပိုး ထမ်းပိုးချင်း အဘယ့်ကြောင့် တိုက်ခိုက်စေဘိသနည်း" ဟု မေးမြန်းပြောဆိုကြ ကုန်၏။ ထိုအခါ အမ္ဗပါလီပြည့်တန်းဆာမသည် လိစ္ဆဝီမင်းတို့ကို "အရှင့်သားတို့....ရဟန်းအပေါင်းနှင့်တကွ မြတ်စွာဘုရားရှင်ကို နက် ဖြန်ခါ ဆွမ်းဘုဉ်းပေးရန် အကျွန်ုပ် ပင့်ဖိတ်အပ်ခဲ့ပြီ၊ ထို့ကြောင့် တိုက်ခိုက်စေပါသည်" ဟု ပြန်ကြားပြောဆိုလေ၏။

ထိုအခါ လိစ္ဆဝီမင်းများက "ဟယ် အမ္ဗပါလီ....ထိုဆွမ်းကို အသပြာတသိန်းဖြင့် ငါတို့အား ပေးပါလော့" ဟု တောင်းခံ စကား ပြောကြားကြလေလျှင် အမ္ဗပါလီပြည့်တန်းဆာမသည် "အရှင့်သားတို့....စားကျေး = တိုင်းခရိုင်နှင့်တကွ ဝေသာလီ

WWW.DHAMMARANSI.COM



ပြည်ကိုပင် အကျွန်ုပ်အား ပေးကြစေကာမူ ထိုဆွမ်းကို အကျွန်ုပ် မပေးနိုင်ပါ" ဟု ရဲရဲတောက်စကား ပြန်ကြားပြောဆိုလေ၏။ ထိုအခါ လိစ္ဆဝီမင်းတို့သည် "ငါတို့ကို မိန်းမငယ်က နိုင်သွားလေပြီ အမောင်တို့....၊ ငါတို့ကို မိန်းမငယ်က နိုင်သွားလေပြီ အမောင်တို့...."ဟု ပြောဆိုကုန်လျက် လက်ဖျားကို ခါကြကုန်၏။

ထို့နောက် ထိုလိစ္ဆဝီမင်းတို့သည် အမ္ဗပါလီပြည့်တန်းဆာမ၏ သရက်ဥယျာဉ်ရှိရာသို့ ရထားတို့ကို မောင်းနှင်၍ သွားကြလေကုန်၏။ မြတ်စွာဘုရားရှင်သည် အစုလိုက် အငန်းလိုက် ခမ်းနားကြီးကျယ်စွာ လာနေကြသော ထိုလိစ္ဆဝီမင်းတို့ကို အဝေးမှပင် မြင်တော်မူ၍ ရဟန်းတို့ကို—

"ရဟန်းတို့.... တာဝတိံသာနတ်တို့ကို မမြင်ဘူးသော ရဟန်းတို့သည် လိစ္ဆဝီမင်းပရိသတ်ကို ကြည့်ရှုကုန်လော့၊ လိစ္ဆဝီမင်းပရိသတ်ကို အဖန်ဖန် ကြည့်ရှုကုန်လော့၊ လိစ္ဆဝီမင်းပရိသတ်ကို တာဝတိံသာနတ်ပရိသတ်နှင့် အတူထား၍ ကြည့်ရှုကုန်လော့"—

ဟု တိုက်တွန်းစကား မိန့်ကြားတော်မူလေ၏။

(ဤ၌—"လိစ္ဆဝီမင်းပရိသတ်ကို တာဝတိံသာနတ်ပရိသတ်နှင့်အတူထား၍ ကြည့်ရှုကုန်လော့"ဟူသော ဤမိန့်ကြားတော်မူချက်သည် ရဟန်းတို့ကို သုဘနိမိတ်ဟုစွဲယူရန် တိုက်တွန်းခြင်း မဟုတ်ပါပေ၊ စင်စစ်သော်ကား "ဤလိစ္ဆဝီမင်းတို့၏ ဣဿရိယမင်းစည်းစိမ်သည် နတ်စည်းစိမ်နှင့် တူလှပေ၏"ဟု (ဒါနကထာ, သီလကထာ, သဂ္ဂကထာ, ကာမာနံ အာဒီနဝကထာတည်းဟူသော)အနုပုဗ္ဗိကထာ—တရားဒေသနာ ဟောစဉ်တွင် သဂ္ဂကထာကဲ့သို့သော တရားဒေသနာသာ ဖြစ်၏။ သို့သော်လည်း ထိုတရားနာရဟန်းတို့အနက် အချို့သော ရဟန်းတို့အဖို့ရာ ထိုစကားရပ်၌ သုဘနိမိတ်ဟု စွဲယူမှုလည်း ဖြစ်နိုင်လေရာ၏။ သို့ရကား ဤမိန့်ကြားတော်မူချက်၌—

"မြတ်စွာဘုရားရှင်သည် သုတ္တန်ရာပေါင်းများစွာတို့ဖြင့် စက္ခုစသည်တို့၏ ရူပါရုံ-စသည်တို့၌ သုဘနိမိတ်-စသည်စွဲယူမှုကို တားမြစ်တော်မူပါလျက် ဤအရာသို့ကျမှ အဘယ့်ကြောင့် ကြီးစွာသောလုံ့လဖြင့် သုဘနိမိတ်ဟု စွဲယူရန် တိုက်တွန်းတော်မူပါသနည်း"ဟု မေးရန်ရှိ၏။

WWW.DHAMMARANSI.COM



အဖြေကား—"ရဟန်းတို့၏ အကျိုးစီးပွါးကို လိုလားတော်မူသော ကြောင့်" တိုက်တွန်းတော်မူသည်။ ချဲ့ဦးအံ့—ထိုတရားနာရဟန်းပေါင်း များစွာတို့တွင် အချို့သောရဟန်းတို့သည် သမ္မာပဋိပတ်၌ဆုတ်နစ်သော လုံ့လဝီရိယရှိကြကုန်၏၊ ထိုရဟန်းတို့အား ဂုဏ်ထူးရှိယမင်းစည်းစိမ်ဖြင့် ဖြားယောင်းသွေးဆောင်တော်မူလိုသည်ဖြစ်၍ "မမေ့မလျော့ ရဟန်း တရားကို ပွါးများကုန်သူတို့အဖို့ရာ ဤသို့သော ဂုဏ်ထူးရှိယမင်းစည်းစိမ်ကို အလွယ်တကူ ရနိုင်ပေ၏" ဟု ညွှန်ပြတော်မူကာ (အရှင်နန္ဒမထေရ်အား အကျိုးစီးပွါးကို လိုလားတော်မူသောကြောင့် နတ်ရွာ စည်းစိမ်ကို ပြတော်မူခြင်းကဲ့သို့ပင်) ဤ၌လည်း ရဟန်းတရား ပွါးများကြိုးကုတ် အားထုတ်ကြစေရန် ဤကဲ့သို့ ဟောတော်မူသည်။

ထို့ပြင်လည်း "ထိုလိစ္ဆဝီမင်းတို့၏ စည်းစိမ်နှင့် ဆက်စပ်၍ ရဟန်းတို့ အဖို့ရာ အနိစ္စလက္ခဏာ ထင်ရှားရန်လည်း" ထိုကဲ့သို့ ဟောတော်မူ သည်။ ချဲ့ဦးအံ့—ထိုလိစ္ဆဝီမင်းအားလုံးတို့သည်ပင် နောက်အခါ မကြာ မြင့်မီ အဇာတသတ်မင်း၏ တိုက်ဖျက်မှုကြောင့် ပျက်စီးခြင်းသို့ ရောက် ကြပေလိမ့်မည်။ ထိုသို့ပျက်စီးသောအခါ ထိုလိစ္ဆဝီမင်းတို့၏ မင်းအဖြစ် အသရေ စည်းစိမ်ကို မြင်၍ တည်ကြသော ရဟန်းတို့သည် (ယခု ဒိဋ္ဌ ထင်ထင် တွေ့မြင်ရသော ရဟန်းတို့သည် ထိုသို့ပျက်စီးသောအခါ၌) "ထိုသို့သဘောရှိသော ကြီးကျယ်ခမ်းနားလှသည့် မင်းအဖြစ်အသရေ စည်းစိမ်ကြီး၏သော်မှလည်း ပျက်စီးခြင်းသည် ထင်လင်းဘိ၏" ဟု အောက်မေ့ကြကာ အနိစ္စလက္ခဏာကို ပွါးများကြ၍ ပဋိသမ္ဘိဒါဉာဏ် လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြပေလိမ့်မည်။ သို့ရကား ထိုရဟန်းတို့အဖို့ရာ အနိစ္စလက္ခဏာ ထင်ရှားရန် ဤကဲ့သို့ ဟောတော် မူသည်။ ။ဤကားအဖြေတည်း)။

ထိုအခါ ထိုလိစ္ဆဝီမင်းတို့သည် ယာဉ်ဖြင့်သွားသင့်သမျှသော အရပ်ကို ယာဉ်ဖြင့်သွား၍ ယာဉ်မှ သက်ကြပြီးသော် ခြေလျင် သာလျှင် မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်ကြ၍ မြတ်စွာ ဘုရားရှင်ကို ရှိခိုးကြပြီးလျှင် အပြစ်လွတ်ရာ တခုသောနေရာ၌ ထိုင်နေကြလေ၏။ ယင်းသို့ ထိုင်နေပြီးသော လိစ္ဆဝီမင်းတို့ကို မြတ်စွာဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေ လျက်, တရားကို ဆောက်တည်စေကာ, တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်က တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက်, တရား

WWW.DHAMMARANSI.COM



ကိုဆောက်တည်စေကာ,တရားကျင့်သုံးရန် ထက်သန် ရွှင်လန်းစေ အပ်ပြီးသော လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာ ဘုရား....ရှင်တော်ဘုရားသည် ရဟန်းအပေါင်းနှင့်တကွ နက်ဖြန် အဖို့ တပည့်တော်တို့၏ ဆွမ်းကို လက်ခံတော်မူပါဘုရား" ဟု လျှောက်ထားကြလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က "လိစ္ဆဝီ မင်းတို့.... နက်ဖြန်အဖို့ အမ္ဗပါလီ ပြည့်တန်းဆာမ၏ ဆွမ်းကို ငါဘုရား လက်ခံပြီးပြီ"ဟု မိန့်တော်မူလေလျှင် ထိုလိစ္ဆဝီမင်းတို့ သည် "ငါတို့ကို မိန်းမငယ်က နိုင်သွားလေပြီ အမောင်တို့....၊ ငါတို့ကို မိန်းမငယ်က နိုင်သွားလေပြီ အမောင်တို့...."ဟု ပြောဆို ကုန်လျက် လက်ဖျားကို ခါကြကုန်၏။

ထိုနောက် လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားဟောတော်မူ အပ်သောတရားတော်ကို အလွန်နှစ်သက်၍ အနုမောဒနာပြုကြ ပြီးသော် နေရာမှထကာ မြတ်စွာဘုရားရှင်ကို ရိုသေမြတ်နိုး ရှိခိုး ကုန်လျက် ဖဲသွားကြလေကုန်၏။

(ဤ၌—"လိစ္ဆဝီမင်းတို့သည် အမ္ဗပါလီပြည့်တန်းဆာမက မြတ်စွာ ဘုရားအမှူးပြုသော ရဟန်းသံဃာကို ပင့်ဖိတ်အပ်ပြီးဖြစ်ကြောင်း (အမ္ဗပါလီပြောဆိုချက်အရ) သိရှိကြပါလျက် အဘယ့်ကြောင့် ပင့်ဖိတ် ကြသနည်း"ဟု မေးမြန်းဖွယ်ရှိ၏။

**အဖြေကား**— (၁) အမ္ဗပါလီအပေါ်၌ မယုံကြည်ခြင်းကြောင့်ရင်း, (၂) ဒါယကာတို့ လိုက်နာကျင့်သုံးရမည့်ဝတ်ကို အဦးမူသောကြောင့် ရင်း ပင့်ဖိတ်ကြသည်။ ချဲ့ဦးအံ့— (၁)ထိုလိစ္ဆဝီမင်းတို့၏ သန္တာန်ဝယ် "ဤအမ္ဗပါလီ ပြည့်တန်းဆာမသည် မိန်းမပေါ့ မိန်းမပျက် ဖြစ်ရကား မဖိတ်ကြားခဲ့ပါပဲလျက်လည်း ဖိတ်ကြားခဲ့သည်ဟု ပြောလေရာ၏"ဟု ကြံစည် စဉ်းစားမိကြလေသည်။ (၂) ထိုပြင်လည်း တရားနာပြီး၍ ပြန်သွားအံ့သောအခါ၌ ပင့်ဖိတ်၍သွားခြင်းမည်သည်လည်း လူဒါယ-ကာတို့၏ ဓမ္မဝတ်တပါး ဖြစ်လေသည်။ သို့ရကား အမ္ဗပါလီအပေါ်၌ မယုံကြည်ခြင်း, ဒါယကာတို့၏ဝတ်ကို အဦးမူခြင်း = ဤအကြောင်း နှစ်ပါးကြောင့် ပင့်ဖိတ်ကြလေသည်)။

WWW.DHAMMARANSI.COM



## အမ္ဗပါလီသရက်ဥယျာဉ်ကို လှူဒါန်းခြင်း

ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိအရာမ်၌ မွန်မြတ်သောခဲဖွယ်,ဘောဇဉ်ကို စီမံစေပြီးလျှင် "မြတ်စွာဘုရား....ဆွမ်းဘုဉ်းပေးချိန်တန်ပါပြီ၊ ဆွမ်းပြင်ပြီးပါပြီ" ဟု မြတ်စွာဘုရားရှင်အား အချိန်တန်ကြောင်း ကြားလျှောက်စေလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် နံနက်အခါ၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူလျက် ရဟန်းအပေါင်းနှင့် အတူတကွ အမ္ဗပါလီပြည့်တန်ဆာမ၏ အိမ်သို့ * ကြွရောက်တော်မူ၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏။

(ဤ၌ * (ခရေးပွင့်အမှတ်ပြ) အမ္ဗပါလီ၏ အိမ်အရကို ဝေသာလီပြည်အတွင်းမှာရှိသည့် ၎င်း၏အိမ်ကို မယူပဲ သရက်ဥယျာဉ်အတွင်း တနေရာ၌ ဆောက်လုပ်ထားအပ်သည့် တည်းခိုအိမ်ကိုယူမှသာလျှင် ဝိနည်းမဟာဝဂ္ဂပါဠိ ဘေသဇ္ဇက္ခန္ဓကလာ စကားရပ်နှင့်၎င်း, ဤသုတ်မဟာဝါပါဠိ ဤအခဏ်း ရှေ့နောက်စကားရပ်များနှင့်၎င်း ညီညွတ်ပေမည်။ မှန်၏—ဝိနည်း မဟာဝါ ဘေသဇ္ဇက္ခန္ဓက၌ အမ္ဗပါလီပြည့်တန်ဆာမသည် မိမိ၏အရာမ်ဥယျာဉ်အတွင်း တည်းခိုအိမ်၌ ဘုရားအမှူးရှိသောသံဃာတော်ကို ဆွမ်းဆက်ကပ်ပြီးနောက် မိမိပိုင် သရက်ဥယျာဉ်ကို ဗုဒ္ဓပမုခ ဘိက္ခုသံဃာအားလှူဒါန်းကြောင်း လာရှိသည့်ပြင် ဤသုတ်မဟာဝါ ဤအခဏ်းဤစာပိုဒ်အစ၌"မိမိပိုင်အရာမ်အတွင်း၌ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို စီမံစေကြောင်း"နှင့် နောက်၌လည်း "ဣမာဟံ ဘန္တေ အာရာမံ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ=မြတ်စွာဘုရား....အကျွန်ုပ်သည် ဤအရာမ်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအားလှူပါ၏"ဟူ၍ ဣမ-ဟူသောပါဠိသဒ္ဒါ ဤ-ဟူသော မြန်မာသဒ္ဒါတို့ဖြင့် လျှောက်ထားလှူဒါန်းကြောင်း လာရှိသောကြောင့် ဤယခု အမ္ဗပါလီ၏ အိမ်အရကို ဝေသာလီပြည်အတွင်းမှာရှိသည့် ၎င်း၏နေအိမ်ကို မယူပဲ သရက်ဥယျာဉ်အတွင်း တနေရာ၌ ဆောက်လုပ်ထားအပ်သည့် ၎င်းပိုင် တည်းခိုအိမ်ကို ယူသင့်ပေသည်)။

ထိုအခါ အမ္ဗပါလီပြည့်တန်ဆာမသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းကို မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိက သက္ကစ္စမြောက် ဆက်ကပ်

WWW.DHAMMARANSI.COM



ပြီးနောက် လျှောက်ပတ်သောနေရာ၌ ထိုင်ပြီးလျှင် "မြတ်စွာဘုရား....အကျွန်ုပ်သည် ဤအရာမ်ဥယျာဉ်ကို ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူပါ၏" ဟု မြတ်စွာဘုရားအား လျှောက်ထားလှူဒါန်းလေ၏။ မြတ်စွာဘုရားရှင်သည် ထိုအရာမ်ဥယျာဉ်ကို အလှူခံတော်မူပြီးလျှင် အမ္ဗပါလီပြည့်တန်ဆာမကို တရားစကား ဟောကြားပြီးနောက် နေရာမှထ၍ ကြွသွားတော်မူ၏။

မြတ်စွာဘုရားသည် ထိုဝေသာလီပြည် အမ္ဗပါလီ သရက်ဥယျာဉ်၌ နေတော်မူစဉ်လည်း ရှေးနည်းအတူပင် သီလ,သမာဓိ, ပညာ = သိက္ခာသုံးပါး တရားစကားကိုသာ ကြိမ်ဖန်များစွာ ဟောကြားတော်မူလေ၏။

### ဝေဠုဝရွာ၌ နောက်ဆုံးဝါ ကပ်တော်မူခြင်း

ထိုနောက် မြတ်စွာဘုရားရှင်သည် အမ္ဗပါလီသရက်ဥယျာဉ်၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို ရှေးနည်းအတူပင် ဝေဠုဝရွာသို့ သွားရောက်ရန် မိန့်ကြားတော်မူ၍ များစွာသော ရဟန်းအပေါင်းနှင့်အတူတကွ ဝေသာလီပြည်၏ အနီးမှာပင်ရှိသော ဝေဠုဝရွာငယ်သို့ ကြွရောက်တော်မူ၏။

မြတ်စွာဘုရားရှင်သည် ထိုဝေဠုဝရွာငယ်၌ နေတော်မူစဉ် (နောက်ဆုံးလေးဆယ့်ငါးဝါမြောက် ဝါဆိုလပြည့်နေ့လောက်၌) ရဟန်းတို့ကို "ရဟန်းတို့ .... သွားကြကုန်လော့၊ သင်တို့သည် ဝေသာလီပြည်၏ ပတ်ဝန်းကျင် မိတ်ဆွေအသိအကျွမ်း ရဟန်းများရှိရာ ကျောင်းတိုက်၌ ဝါကပ်ကြကုန်လော့၊ ငါဘုရားမူကား ဤဝေဠုဝရွာငယ်၌ပင် ဝါကပ်ဆိုအံ့" ဟု မိန့်တော်မူလေ၏။ ထိုအခါ ရဟန်းတို့သည် "ကောင်းပါပြီ မြတ်စွာဘုရား...." ဟု လျှောက်ထားဝန်ခံကြ၍ ဝေသာလီပြည်၏ ပတ်ဝန်းကျင် မိတ်ဆွေအသိ အကျွမ်း ရဟန်းများရှိရာ ထိုထိုကျောင်းတိုက်တို့၌ ဝါကပ်ကြကုန်၏၊ မြတ်စွာဘုရားသည်ကား ထိုဝေဠုဝရွာငယ်၌ပင် ဝါကပ်တော်မူ၏။

WWW.DHAMMARANSI.COM



(ဤ၌—ဝေဠုဝရွာငယ်မှာ ထိုရဟန်းများစွာ နေထိုင်လောက်အောင် ကျောင်းလည်းမရှိ၊ ဆွမ်းလည်း မှုတမည် မဟုတ်။ ဝေသာလီပြည်၏ ပတ်ဝန်းကျင်၌ကား ကျောင်းတို့လည်း အလွန်များသည့်ပြင် ဆွမ်းပစ္စည်းလည်း ရလွယ်၏၊ ထို့ကြောင့် ထိုရဟန်းတို့ ချမ်းသာစွာ ဝါကပ်နေနိုင်ကြရန် ဤကဲ့သို့ "ဝေသာလီပြည်၏ ပတ်ဝန်းကျင် မိတ်ဆွေ အသိ အကျွမ်း ရဟန်းများရှိရာ ကျောင်းတိုက်၌ ဝါကပ်ကြကုန်လော့"ဟု မိန့်တော်မူလေသည်။

ထိုသို့ဖြစ်လျှင် "ရဟန်းတို့...သင်တို့အလိုရှိတိုင်း ချမ်းသာရာအရပ်သို့ သွားရောက်ကာ ဝါကပ်ကြကုန်လော့"ဟု အဘယ့်ကြောင့် လွတ်လွတ် ကျွတ်ကျွတ် လွှတ်တော်မမူသနည်းဟု မေးဖွယ်ရှိ၏။

**အဖြေကား**—ထိုရဟန်းတို့ကို သနားစောင့်ရှောက်တော်မူသောကြောင့် လွတ်လွတ်ကျွတ်ကျွတ် လွှတ်တော်မမူ။ ချဲ့ဦးအံ့–မြတ်စွာဘုရားရှင်၏ စိတ်သန္တာန်ဝယ် "ငါဘုရားသည် ဆယ်လမျှသာ တည်နေပြီးလျှင် ပရိနိဗ္ဗာန်ဝင်စံလိမ့်မည်၊ အကယ်၍ ဤရဟန်းများ အလွန်ဝေးသောအရပ်၌ သွားရောက်နေထိုင်ကြလျှင် ငါဘုရား ပရိနိဗ္ဗာန်ဝင်စံသောအခါ၌ ဖူးမြော်နိုင်ကြလိမ့်မည် မဟုတ်၊ ထိုသို့ဖြစ်လျှင် ထိုရဟန်းတို့စိတ်သန္တာန်ဝယ် 'မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ဝင်စံတော့မည်ဖြစ်တော်မူပါလျက် ငါတို့အား သတိမျှပေးတော်မမူချေ၊ အကယ်၍ ပရိနိဗ္ဗာန်ဝင်စံတော်မူမည်ကို ငါတို့ကြိုတင်သိရှိကြပါမူ ယခုလို ဝေးသောအရပ်၌ မနေမိကြကုန်လေရာ'ဟု နှလုံးမသာယာမှု ဖြစ်လေရာ၏။ ဝေသာလီပြည်၏ ပတ်ဝန်းကျင်၌ ဝါကပ်နေထိုင်ကြလျှင်ကား တလတလ လျှင် ရှစ်ကြိမ်ရှစ်ကြိမ်ကျ လာရောက်ကြ၍ တရားနာကြရသဖြင့် ဘုရားရှင်အဆုံးအမကို ရကြပေလိမ့်မည်"ဟု ကြံစည်ဆင်ခြင်ခြင်း ဖြစ်၍လေသည်။ သို့ရကား ထိုရဟန်းတို့ကို သနားစောင့်ရှောက်တော်မူသောကြောင့် လွတ်လွတ်ကျွတ်ကျွတ် (သွားလိုရာသွားကြလော့)ဟု လွှတ်တော်မမူ)။

## မြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံလောက်အောင် ကြမ်းတမ်းသောရောဂါကပ်လာခြင်း

ထိုနောက် ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူပြီးလျှင်ပင် မြတ်စွာဘုရားရှင်၏ကိုယ်တော်၌ ကြမ်းတမ်းသော ရောဂါကပ်ရောက်လျက် သေလောက်အောင် ပြင်းထန်သော ဝေဒနာသည် ဖြစ်

WWW.DHAMMARANSI.COM



ပေါ်လာ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရောဂါဝေဒနာကို သတိ,သမ္ပဇဉ် ကိုယ်မတော်ယှဉ်လျက် ပင်ပန်းသည်ဟု မရေတွက်ပဲ သည်းခံတော်မူ၏။ ။(ဤ၌ ရောဂါဝေဒနာ၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောကို ဝိပဿနာဉာဏ်ဖြင့် ပိုင်းခြား ရှုမြင် ဆင်ခြင်တော်မူခြင်းဖြင့် ထိုရောဂါဝေဒနာကို သည်းခံတော်မူသည်)။

ထိုအခါ မြတ်စွာဘုရားရှင်၏ စိတ်သန္တာန်ဝယ် "ငါသည် အလုပ်အကျွေးတို့ကို အသိမပေးပဲ, ရဟန်းသံဃာကို မပန်ကြားပဲ ပရိနိဗ္ဗာန်ပြုခြင်းငှါ မလျောက်ပတ်ချေ၊ ငါသည် ဤယခု စွဲကပ်သော ရောဂါဝေဒနာကို အရဟတ္တဖလသမာပတ်၏ အခြေခံ ရှေ့ပိုင်း ဝိပဿနာဝီရိယ, ဖလသမာပတ္တိ ဝီရိယဖြင့် ပယ်ခွါ တွန်းလှန်၍ အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေရမူ ကောင်းလေစွ"ဟု အကြံဖြစ်တော်မူ၏။ ထို့နောက် မြတ်စွာဘုရားရှင်သည် ကြံစည်တော်မူသည့် အတိုင်း ထိုစွဲကပ် သော ရောဂါဝေဒနာကို အခြေခံ ရှေ့ပိုင်း ဝိပဿနာဝီရိယ, ဖလ သမာပတ္တိဝီရိယ = နှစ်ပါးတို့ဖြင့် ပယ်ခွါတွန်းလှန်၍ အသက် ရှည်စေနိုင်သော သမာပတ်ကို ဝင်စားလျက် နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရား၏ ကိုယ်တော်၌ စွဲကပ်သော ထိုရောဂါ သည် ငြိမ်းလေ၏။

(ဤ၌— ရုပ်ဇီဝိတ နာမ်ဇီဝိတ သန္တာန်အစဉ်ကိုလည်း ဇီဝိတသင်္ခါရ (ကံသည် ပြုပြင်အပ်သောဇီဝိတ)ဟု ခေါ်၏။ ထိုဇီဝိတမည်သော ရုပ်သက် နာမ်သက်ကို ကာလဆက်စည် ရှည်စေနိုင်သော ဖလသမာပတ် ကိုလည်း ဇီဝိတသင်္ခါရဟု ခေါ်၏။ ထိုဇီဝိတသင်္ခါရကိုပင် အာယုသင်္ခါရ ဟူ၍လည်းခေါ်၏။

ဤ၌ မြတ်စွာဘုရား၏ အရဟတ္တသမာပတ်ကို (၁) မဂ္ဂါနန္တရ- ဖလသမာပတ်, (၂) ဝဋ္ဋဥ္စနဖလသမာပတ်, (၃) အာယုသင်္ခါရဖလ- သမာပတ်(တနည်း) အာယုပါလကဖလသမာပတ်ဟူ၍=သုံးမျိုးခွဲခြား မှတ်သားသင့်၏။

ထိုသုံးမျိုးတို့တွင် (၁) မြတ်စွာဘုရားရှင်၏ အရဟတ္တမဂ္ဂဝီထိဝယ် အရဟတ္တမဂ်၏အခြားမဲ့၌(မဂ်ဇော၏ အခါမလင့် အကျိုးပေးခြင်း

WWW.DHAMMARANSI.COM



တည်းဟူသော အကာလိကဂုဏ်ကျေးဇူးသတ္တိကြောင့်)ဖြစ်သော ဖိုလ်ဗေဒသုံးကြိမ်ကို မဂ္ဂါနန္တရဖလသမာပတ်ဟူ၍ မှတ်ယူသင့်၏။ (၂) နောက်အခါ အလိုတော်ရှိသည့်အချိန်၌ အချိန်မရွေး ဝင်စားအပ်သော မြတ်စွာဘုရား၏ အရဟတ္တဖလသမာပတ်ကို ဝဠဉ္ဇနဖလသမာပတ်ဟူ၍ မှတ်ယူသင့်၏၊ (နိဗ္ဗာန်ချမ်းသာကို အသုံးအစွဲပြုသော ဖလသမာပတ်ကို ဆိုလိုသည်)။ ဤဝဠဉ္ဇနဖလသမာပတ်ကို မြတ်စွာဘုရားသည် တရားဒေသနာ ဟောတော်မူသောအခါ၌လည်း တရားနာပရိသတ်တို့ သာဓုအနုမောဒနာ ခေါ် ဆိုနေခိုက် အားလပ်သောအချိန်ကလေးမှာပင် စိတ္တိယာရိယဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့် ဝင်စားတော်မူကာ နိဗ္ဗာန်ချမ်းသာကို သုံးစွဲခံစားတော်မူလေသည်၊ အခြားတပါး အားလပ်ခွင့်ရသော အချိန်၌ကား ဆိုဖွယ်ရာမရှိပြီ။

(၃) ဤယခု ဝေဠုဝရွာငယ်၌ ဝါကပ်တော်မူပြီးနောက် အသက်ကို ဖြတ်တောက်ခြင်းနိုင်လောက်အောင် ပြင်းထန်ကြမ်းတမ်းသော ရောဂါဝေဒနာ ကပ်ရောက်လာသောအခါ မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်၌ ဘုရားဖြစ်တော်မူခါနီးအခါကကဲ့သို့ ရုပ်နာမ်ခမ္မ သင်္ခါရတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောများကို ရူပသတ္တက နာမသတ္တက နည်းတို့ဖြင့် လက္ခဏာယာဉ် သုံးချက်တင်၍ အခြေခံဝိပဿနာတရားပွါးများတော်မူပြီးမှ အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားလုလတ်သော် "ဤမှနောက် ကဆုန်လပြည့်တိုင်အောင် ဆယ်လတို့ပတ်လုံး ဤရောဂါဝေဒနာတို့သည် မဖြစ်ပါစေကုန်သား"ဟု အဓိဋ္ဌာန်တော်မူပြီးမှ အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားတော်မူလေသည်။ (ရူပသတ္တက နာမသတ္တကနည်းများအကြောင်းကို ဝိသုဒ္ဓိမဂ်(ဒုတိယတွဲ ၂၅၃-၂၆၄) မှ ထုတ်နုတ်မှတ်သားကုန်ရာ၏)။ ထိုအရဟတ္တဖိုလ်သမာပတ်၏ တန်ခိုးသတ္တိကြောင့် မြတ်စွာဘုရားရှင်၏ သန္တာန်တော်၌ ထိုသေလောက်သည့် ရောဂါဝေဒနာများ ဆယ်လတိုင်တိုင် မဖြစ်ပွါးတော့ပဲ ငြိမ်းစဲနေကြလေသည်။ သို့ဖြစ်ရကား ရူပသတ္တက နာမသတ္တကနည်းဖြင့် ပွါးများအပ်သော ဝိပဿနာကိုအခြေခံပြု၍ ယခုကဲ့သို့ ဝင်စားအပ်သော ဖလသမာပတ်ကို(အသက်ရှည်အောင် ပြုပြင်နိုင်စွမ်းရှိသောကြောင့်)ဇီဝိတသင်္ခါရဖလသမာပတ်(တနည်း) အာယုပါလကဖလသမာပတ်(တနည်း) အာယုသင်္ခါရဖလသမာပတ်ဟူ၍ ခေါ် ဆိုအပ်၏။

ထိုဖလသမာပတ်သုံးမျိုးတို့တွင် (၁) မဂ္ဂါနန္တရဖလသမာပတ်နှင့် (၂) ဝဠဉ္ဇနဖလသမာပတ်နှစ်ပါးတို့ကို အဋ္ဌကထာ ဋီကာတို့၌ ခဏိကဖလသမာပတ်ဟူ၍ ခေါ် ဆိုသုံးနှုန်းကြသည်။ (၃) အမှတ်ပြ ဖလ-

WWW.DHAMMARANSI.COM



သမာပတ်ကိုကား ဇီဝိတသင်္ခါရ (တနည်း) အာယုသင်္ခါရဖလသမာပတ် ဟူ၍ ခေါ်ဆိုသုံးနှုန်းကြပါသည်။

ဤဝေဠုဝရွာငယ်၌ နောက်ဆုံး ဝါကပ်တော်မူပြီးနောက် အသက်တော်ကို ဖြတ်တောက်နိုင်လောက်အောင် ပေါ်ပေါက်ဖြစ်ပွါးလာသော ရောဂါဝေဒနာကို မြတ်စွာဘုရားရှင်သည် ဖော်ပြရာပါ ဇီဝိတသင်္ခါရဖလ-သမာပတ် (တနည်း) အာယုသင်္ခါရဖလသမာပတ် (တနည်း) အာယုပါလကအရဟတ္တဖိုလ် သမာပတ်ဖြင့် ဟန့်တားပယ်ရှားတော်မူလေသည်၊ ထို့ကြောင့် ထိုရောဂါဝေဒနာသည် ကဆုန်လပြည့်တိုင်ရောက်အောင် မပေါ်တော့ပဲ ငြိမ်းစဲသွားလေသည်ဟု ဆိုလိုသည်။

ဤ၌ "မြတ်စွာဘုရားသည် ဤအခါမှ ရှေးကာလက ဖလသမာပတ်ကို မဝင်စားဘူးလော" ဟု မေးဖွယ်ရှိ၏။ အဖြေကား-မဝင်စားသည် မဟုတ် ဝင်စားတော်မူပါ၏၊ ထိုဝင်စားအပ်သော ဖလသမာပတ်ကား ခဏိကသမာပတ်သာ ဖြစ်၏။ (ဝင်စားလိုသော ခဏမှာပင် ဝိပဿနာသာမန် အခြေခံ၍ ဝင်စားအပ်သော ဖလသမာပတ်ဖြစ်၏ဟု ဆိုလိုသည်)။ ဆက်ဦးအံ့-ခဏိကဖလသမာပတ်သည် သမာပတ်၏အတွင်း၌သာလျှင် ရောဂါဝေဒနာကို ပယ်ခွါတွန်းလှန်နိုင်၏။ မှော်ရှိသော ရေအိုင်အတွင်း၌ ကျောက်ခဲအုတ်ခဲကို ပစ်ချလိုက်လျှင် ထိုကျောက်ခဲအုတ်ခဲ ကျရောက်ချိန်ခဏလောက်သာ မှော်ရှဲ၍ ထိုကျောက်ခဲအုတ်ခဲတို့ ရေထဲသို့ ကျရောက်သွားသောအခါ မှော်များသည် တဖန် လွှမ်းမိုးမြဲ လွှမ်းမိုးသကဲ့သို့ ထိုခဏိကဖလသမာပတ်ကို ဝင်စားသောအခါမှာလည်း သမာပတ်ဝင်စားချိန်အတွင်း၌သာ ရောဂါဝေဒနာတို့ ခွါရှဲ၍ သမာပတ်မှထသောအခါ ရောဂါဝေဒနာများ တဖန်ပြန်၍ လွှမ်းမိုးမြဲ လွှမ်းမိုးလေသည်။

ယခု ဝေဠုဝရွာငယ်၌ အသက်တော်ကို ခြွေနိုင်လောက်သည့် ရောဂါဝေဒနာ စွဲရောက်သောအခါ ဝင်စားတော်မူအပ်သော ဖလသမာပတ်ကား ရူပသတ္တက နာမသတ္တကနည်းများဖြင့် ကြီးစွာသော မဟာ-ဝိပဿနာကို အခြေခံ၍ ဝင်စားအပ်သော ဖလသမာပတ်ဖြစ်လေသည်၊ ထိုဖလသမာပတ်ဖြင့် ရောဂါဝေဒနာကို အချိန်ကြာမြင့်စွာ ပယ်ရှားဟန့်တားထားနိုင်လေသည်။ ဥပမာအားဖြင့် အားကောင်းသော ယောကျ်ားသည် ရေကန်တွင်းသို့ သက်ဆင်း၍ လက်ခြေတို့ဖြင့် တအားကုန်ဖယ်ရှားအပ်သော မှော်အစုသည် အချိန်အလွန်ကြာမြင့်မှ ရေပြင်ကို တဖန်ပြန်၍ ဖုံးလွှမ်းသကဲ့သို့ ဤအကျူပင် ဖော်ပြရာပါ မဟာ-

WWW.DHAMMARANSI.COM



ဝိပဿနာအခြေခံ၍ ဝင်စားအပ်သော ဖလသမာပတ် (အာယုပါလက-ဖလသမာပတ်)မှ ထသော မြတ်စွာဘုရားရှင်၏ ကိုယ်ခန္ဓာတော်မှာ ထိုသေလောက်သည့် ရောဂါဝေဒနာများ ဆယ်လအချိန်ကြာမြင့်စွာ ငြိမ်းစဲ၍ သွားလေသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ထို သေလောက်သောရောဂါ စွဲကပ်သော နေ့၌ မဟာဗောဓိပလ္လင်ဝယ် ဘုရားဖြစ်ခါနီးတုန်းက မဟာဝိပဿနာကို ပွါးများတော်မူသကဲ့သို့ ရူပသတ္တက နာမသတ္တက နည်းတို့ဖြင့် မဟာဝိပဿနာကို ပွါးများ၍ ထို မဟာဝိပဿနာဖြင့် ရောဂါဝေဒနာကို ခွါရှဲတော်မူပြီးလျှင် "ဆယ်လတို့တိုင်တိုင် ဤရောဂါ ဝေဒနာများ မဖြစ်ကြစေသား" ဟု အဓိဋ္ဌာန်တော်မူပြီးမှ အရဟတ္တ-ဖလသမာပတ်ကို ဝင်စားတော်မူလေသည်။ ထို ဇီဝိတသင်္ခါရခေါ်သည့် အာယုပါလကဖလသမာပတ်ဖြင့် ပယ်ခွါအပ်သော ရောဂါဝေဒနာတို့သည် ဆယ်လတိုင်တိုင် မဖြစ်ပွါးတော့ပဲ ငြိမ်းစဲ၍ နေလေကုန်၏)။

ထိုနောက် အနာရောဂါမှ ထမြောက်ပြီးသော မြတ်စွာဘုရားသည် နာလန်ထ၍ မကြာမီ ကျောင်းမှထွက်တော်မူ၍ ကျောင်းအရိပ်တွင် ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်အထံတော်သို့ ချဉ်းကပ်၍ ရှိသေမြတ်နိုး ရှိခိုးပြီးနောက် သင့်လျော်ပတ်သော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား .... အကျွန်ုပ်သည် မြတ်စွာဘုရား၏ ချမ်းသာတော်မူခြင်းကို တွေ့မြင်ရပါပြီ၊ မြတ်စွာဘုရား.... အကျွန်ုပ်သည် ရှင်တော်ဘုရား၏ ကျန်းမာတော်မူခြင်းကို တွေ့မြင်ရပါပြီ၊ မြတ်စွာဘုရား....ယခု ဤသို့တွေ့မြင်ရသော်လည်း ရှင်တော်ဘုရား မကျန်းမာခြင်းကြောင့် အကျွန်ုပ်၏ ခန္ဓာကိုယ်သည် လေးလံတောင့်တင်း နေသကဲ့သို့ ဖြစ်ပါသည်၊ အကျွန်ုပ်၏ အဖို့ရာ အရပ်မျက်နှာတို့လည်း မကွဲပြားပါကုန်၊ သတိပဋ္ဌာန် အစရှိသော တရားတို့သည်လည်း အကျွန်ုပ်၏ ဉာဏ်၌ မထင်လင်းပါကုန်။

မြတ်စွာဘုရား....ထိုသို့ဖြစ်သော်လည်း ရှင်တော်ဘုရားသည် ရဟန်းသံဃာနှင့်စပ်လျဉ်း၍ တစုံတရာ မှာထား

WWW.DHAMMARANSI.COM



ချက်ကို မြွက်ကြားတော်မမူရသေးသမျှ ကာလပတ်လုံး ရှင်တော်ဘုရားသည် ပရိနိဗ္ဗာန် ဝင်စံတော်မူလိမ့်မည် မဟုတ်ဟု အောက်မေ့နေသောကြောင့်သာ အကျွန်ုပ်၏ အဖို့ရာ အနည်းငယ် သက်သာခွင့် ရရှိပါတော့သည် ဘုရား"—

ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာမထေရ်ကို ဤသို့ ဆိုလတ္တံ့သောအတိုင်း ဖြေရှင်းဟောကြားတော်မူ၏—

"ချစ်သားအာနန္ဒာ .... ရဟန်းသံဃာသည် ငါဘုရား ထံမှ အဘယ်အရာကို မျှော်လင့်နေသေးသနည်း၊ ချစ်သား အာနန္ဒာ .... ငါဘုရားသည် အတွင်း, အပြင် မထားပဲ တရားကို ဟောခဲ့ပြီ၊ ချစ်သားအာနန္ဒာ .... ငါဘုရား၏ အဖို့ရာ တရားအရာတို့၌ ဆရာ့လက်ဆုပ် ပြုလုပ်ထားသော လျှို့ဝှက်ချက်မရှိချေ။ ချစ်သားအာနန္ဒာ.... 'ရဟန်းသံဃာ ကို ငါသာလျှင် သိမ်းယူထားအံ့' ဟူ၍၎င်း 'ရဟန်းသံဃာ သည် ငါ့ကိုသာလျှင် အားကိုးရာ ရှိ၍နေစေ' ဟူ၍၎င်း အကြင်သူ့မှာ ဤကဲ့သို့ လိုလားခြင်းရှိရာ၏၊ ထိုသူသည် သာလျှင် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာမှာထား ချက်ကို မြွက်ဆိုရာ၏။ ချစ်သားအာနန္ဒာ....ငါဘုရားမှာ မူကား 'ရဟန်းသံဃာကို ငါသာလျှင် သိမ်းယူထားအံ့' ဟူ၍၎င်း 'ရဟန်းသံဃာသည် ငါ့ကိုသာ အားကိုးရာရှိ၍ နေစေ'ဟူ၍၎င်း ဤသို့သော လိုလားချက်သည် လုံးဝမရှိ ချေ။ ချစ်သားအာနန္ဒာ....ထိုသို့ လိုလားချက်လုံးဝမရှိသော ငါဘုရားသည် ရဟန်းသံဃာနှင့် စပ်လျဉ်း၍ တစုံတရာ မှာထားချက်ကို အဘယ်မှာ မြွက်ဆိုတော့အံ့နည်း။

ချစ်သားအာနန္ဒာ....ယခုအခါ ငါဘုရားသည် အိုမင်း ကြီးရင့်လှလေပြီ၊ အရွယ်လွန်၍ အဆုံးပိုင်းသို့ ရောက်နေ ချေပြီ၊ ယခု ငါဘုရား၏အသက်မှာ အနှစ်ရှစ်ဆယ်ရှိနေပြီ၊

WWW.DHAMMARANSI.COM



ချစ်သားအာနန္ဒာ....လှည်းအိုကြီးသည် ဖွဲ့စည်းတုပ်နှောင်ခြင်းဖြင့် တည်တံ့သကဲ့သို့ ဤအတူပင် ငါဘုရား၏ ခန္ဓာကိုယ်သည်လည်း ဖွဲ့စည်းတုပ်နှောင်ခြင်းနှင့်တူသော အာယုပါလကဖလသမာပတ်ဖြင့် တည်တံ့လျက် ရှိ၏။ ချစ်သား အာနန္ဒာ .... အကြင်အခါ မြတ်စွာဘုရားသည် အလုံးစုံသော အာရုံနိမိတ်တို့ကို နှလုံးမသွင်းခြင်းကြောင့် ၎င်း, အချို့သော (လောကီ) ဝေဒနာတို့ ချုပ်ခြင်းကြောင့် ၎င်း သင်္ခါရနိမိတ်ကို အာရုံမပြု (သင်္ခါရဆိတ်သည့် နိဗ္ဗာန်ကိုသာ အာရုံပြု) သော အရဟတ္တဖိုလ်သမာပ်သို့ ရောက်၍နေ၏။ ချစ်သားအာနန္ဒာ....ထိုအခါ၌ မြတ်စွာဘုရား၏ ခန္ဓာကိုယ်သည် သာလွန်၍ ချမ်းသာ၏။

ချစ်သားအာနန္ဒာ....ထို့သို့ဖြစ်ရကား သင်ချစ်သားတို့သည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာ မရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့၊ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြကုန်လော့။ ချစ်သားအာနန္ဒာ....အဘယ်သို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေသနည်း၊ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍နေသနည်းဟူမူ—

ချစ်သားအာနန္ဒာ....ဤသာသနာတော်၌ ရဟန်းသည် ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ရုပ်ကိုယ်၌ ရုပ်ကိုယ်ဟု အဖန်ဖန်ရှုလျက် လောကဝ၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ပြင်းစွာအားထုတ်လျက် ဆင်ခြင်လျက် သတိရှိလျက် ခံစားမှု = ဝေဒနာတို့၌ ခံစားမှု = ဝေဒနာဟု အဖန်ဖန်ရှုလျက် ( ၂ )။ စိတ်၌ စိတ်ဟု အဖန်ဖန်ရှုလျက် ( ၃ )။ သဘောတရားတို့၌ သဘောတရားဟု

WWW.DHAMMARANSI.COM



အဖန်ဖန်ရှုလျက် လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာခြင်းကို ပယ်ဖျောက်၍ နေ၏။ ချစ်သားအာနန္ဒာ.... ဤသို့လျှင် ရဟန်းသည် မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေ၏၊ တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေ၏။

ချစ်သားအာနန္ဒာ....အကြင်ရဟန်းတို့သည် ယခုအခါ၌ဖြစ်စေ ငါဘုရား ကွယ်လွန်သောအခါ၌ဖြစ်စေ မိမိကိုယ်ကိုသာ မှီခိုရာပြု၍ မိမိမှတပါး ကိုးကွယ်ရာမရှိပဲ မိမိသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍, တရားကိုသာ မှီခိုရာပြု၍ တရားမှတပါး ကိုးကွယ်ရာမရှိပဲ တရားသာလျှင် ကိုးကွယ်ရာရှိသည်ဖြစ်၍ နေကြမည်ဆိုလျှင် ထိုအလုံးစုံသောရဟန်းတို့သည် သိက္ခာသုံးပါး လိုလားကြသည့် ရဟန်းဟူသမျှတို့တွင် အမြတ်ဆုံးပုဂ္ဂိုလ် (= ရဟန္တာပုဂ္ဂိုလ်) စင်စစ်ဖြစ်ကြပေလိမ့်မည်"—

ဟု အရဟတ္တဗိုလ်အထွတ်တပ်၍ ဓမ္မဒေသနာတရား ဖြေရှင်းဟောကြားတော်မူ၏။

## အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်စံခြင်း

မြတ်စွာဘုရားရှင်သည် ဝေဠုဝရွာငယ်၌ နောက်ဆုံးဝါဆိုတော်မူ၍ ဝါကျွတ်လတ်သော် ထိုရွာငယ်မှ ထွက်ကြွတော်မူကာ "သာဝတ္ထိပြည်သို့ သွားအံ့" ဟူ၍ ကြွလာတော်မူရင်း လမ်းစဉ်အတိုင်း ပြန်၍လာခဲ့ရာ အစဉ်သဖြင့် သာဝတ္ထိပြည်သို့ ရောက်၍ ဇေတဝန်ကျောင်းတိုက်သို့ ဝင်တော်မူလေ၏။ (ထိုနေ့ကား တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့လောက်ဖြစ်သည်)။

ထိုနေ့မှာပင် အရှင်သာရိပုတ္တရာသည် မိမိ၏ အာယုသင်္ခါရ ခုနစ်ရက်သာကျန်ရှိတော့ကြောင်း ဆင်ခြင်သိရှိတော်မူ၍ မြတ်စွာဘုရားရှင်ထံ ခွင့်ပန်ပြီးလျှင် ခုနစ်ရက်ခရီးဖြင့် ဖွားတော်မူရာ

WWW.DHAMMARANSI.COM



ရာဇဂြိုဟ်ပြည်နယ် နာဠကရွာသို့ ကြွရောက်၍ မိမိဖွားတော်မူရာ တိုက်ခန်း၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ပရိနိဗ္ဗာန် ဝင်စံတော်မူသည်။ (အကြောင်းအရာ အကျယ်ကို သံဃရတနာအခန်းသို့ ရောက်မှ ဖော်ပြပေအံ့)။

အရှင်သာရိပုတ္တရာ၏ ဈာပနကိစ္စပြီးသောအခါ ညီတော် အရှင်စုန္ဒမထေရ် ဆောင်ယူခဲ့သော အရှင်သာရိပုတ္တရာ၏ သက်နှီး၊ သပိတ်-စသော ပရိဘောဂများ သာရီရိကဓာတ်တော်များကို မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ စေတီတည်စေတော်မူပြီးနောက် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူသည်။ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသောအခါ အရှင်မဟာမောဂ္ဂလ္လာန် မထေရ် တန်ဆောင်မုန်း လကွယ်နေ့တွင် ပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်။ (အကြောင်းအရာ အကျယ်ကို သံဃရတနာအခန်းသို့ ရောက်မှ ဖော်ပြပေအံ့)။

မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ် ပြည်၌ အရှင်မဟာမောဂ္ဂလ္လာန်၏ သာရီရိကဓာတ်တော်များကို စေတီတည်ထားစေပြီးနောက် ခရီးဒေသစာရီ ကြွချီတော်မူခဲ့ရာ အစဉ်သဖြင့် ဥက္ကာစေလသို့ ရောက်တော်မူ၍ ထိုဥက္ကာစေလမြို့ ဂင်္ဂါမြစ်ဆိပ်၌ အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန်စံခြင်းနှင့်စပ်သော တရားဒေသနာ (သံ၊၃၊၁၄၁-မျက်နှာ ဥက္ကာစေလသုတ်)ကို ဟောတော်မူ၍ ထိုဥက္ကာစေလမြို့မှ ထွက်ကြွတော်မူခဲ့ရာ အစဉ်သဖြင့် ဝေသာလီပြည်သို့ ဆိုက်ရောက်တော်မူလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် နံနက်အချိန် ဝေသာလီပြည်တွင်းသို့ ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းဘုဉ်းပေးပြီးနောက် ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးသော် အရှင်အာနန္ဒာမထေရ်ကို "ချစ်သား အာနန္ဒာ....ထိုင်စရာအခင်းကို ယူခဲ့လော့၊ နေ့သန့်စင်နေခြင်းငှါ စာပါလစေတီသို့ သွားရောက်ကြကုန်အံ့" ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ မြတ်စွာဘုရား...." ဟု အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို ဝန်ခံစကား လျှောက်ထား

WWW.DHAMMARANSI.COM



၍ ထိုင်စရာအခင်းကို ယူပြီးလျှင် မြတ်စွာဘုရားရှင်၏ နောက်မှ နောက်မှ အစဉ်လိုက်လေ၏။

## နိမိတ်အရိပ်အရောင် ပြတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် စာပါလစေတီသို့ ကြွရောက်၍ ပြင်ထားသောနေရာ၌ ထိုင်နေတော်မူ၏၊ အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရားရှင်ကို ရှိခိုး၍ အပြစ်ကင်းလွတ်လျောက်ပတ်သောနေရာ၌ ထိုင်နေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို ထင်ရှားသော နိမိတ်အရိပ်အရောင်စကား မိန့်ကြားတော်မူသည်မှာ—

"ချစ်သားအာနန္ဒာ....ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိ၏။

ချစ်သားအာနန္ဒာ....အမှတ်မထင် အကြွင်းတစုံ တယောက်သောသူသည် (ပြီးမြောက်ခြင်း၏ အခြေခံ) = ဣဒ္ဓိပါဒ်တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာဆည်းပူး ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက်ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။

ချစ်သားအာနန္ဒာ....မြတ်စွာဘုရားသည်ကား (ပြီးမြောက်ခြင်း၏အခြေခံ) = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီး

WWW.DHAMMARANSI.COM



ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏။ ချစ်သားအာ-
နန္ဒာ....သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော်
အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍
ဖြစ်စေ တည်နေနိုင်ပေ၏"—

ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားရှင်က ထင်ရှားသောနိမိတ် အရိပ်အရောင်ကို ဤသို့ပင် ပြပါသော်လည်း အရှင်အာနန္ဒာသည်ကား သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ထို့ကြောင့် "မြတ်စွာဘုရား.... လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏အကျိုး,စီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို သနားစောင့်ရှောက်တော်မူပါရန် ရှင်တော်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်နေတော်မူပါလော့"ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ အခြားမာရ်နတ် အနှောက်အယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် အရှင်အာနန္ဒာသည်လည်း ဖြစ်၍နေလေ၏။

(ဤ၌။ ။ဥဒေနဘီလူး၏ နတ်ကွန်းနေရာ၌ ဆောက်လုပ်အပ်သော ကျောင်းကို "ဥဒေနစေတီ"ဟုခေါ်သည်၊ ဂေါတမကစေတီ-စသည်တို့၌လည်း ဤနည်းအတူပင်တည်း။

ဤ၌-"ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပါဝသေသံ ဝါ=( )ကပ်ပတ်လုံးဖြစ်စေ ( )ကပ်ထက်ပိုလွန်၍ဖြစ်စေ နေနိုင်ပေ၏"ဟူသော စကားရပ်ဝယ် ကပ်အရကို အဋ္ဌကထာဆရာတော် ဋီကာဆရာတော်တို့က (အာယု)ကပ်ခေါ်သော ထိုခေတ်လူတို့၏အသက်တမ်း=အနှစ်တရာကို တညီတညွတ်တည်း ယူတော်မူကြ၏။

မဟာသိဝမထေရ်သည်ကား "မြတ်စွာဘုရားတို့မှာ အရာမဟုတ်သည်၌ ကြုံးဝါးခြင်းမည်သည် မရှိ။ ထင်ရှားစေဦးအံ့—ဝေဠုဝရွာငယ်တုန်းက ဖြစ်ပေါ်သည့် သေလောက်သော ရောဂါဝေဒနာကို အာယုပါလကဖလသမာပတ်ဖြင့် ဆယ်လတို့ပတ်လုံး ဟန့်တားပယ်ခွါသကဲ့သို့ ဤအတူ ဆပ်ခါထပ်ခါ ထိုအာယုပါလက ဖလသမာပတ်ကို ဝင်စား၍ ဆယ်လဆယ်လတို့ပတ်လုံး ထိုရောဂါဝေဒနာကို ဟန့်တားပယ်ခွါလျက် ဤဘဒ္ဒကပ်ကမ္ဘာပတ်လုံး တည်နေနိုင်၏။ (ထိုသို့ဖြစ်လျှင် အဘယ့်

WWW.DHAMMARANSI.COM



ကြောင့် မတည်နေသနည်းဟူမူ)၊ ဥပါဒိန္နကရုပ်ခန္ဓာကိုယ် သက်ရှိလူတို့၏ခန္ဓာကိုယ်မည်သည်ကို ဆံဖြူခြင်း, သွားကျိုးခြင်း-စသော ဇရာတရားသည် လွှမ်းမိုးနှိပ်စက်အပ်၏၊ ဘုရားတို့သည်လည်း ဆံဖြူခြင်း, သွားကျိုးခြင်း—စသည်သို့ မရောက်မီ လက်ရှိသတ္တဝါတို့၏ အသက်တမ်း=အာယုကပ်ကို ငါးပုံပြု၍ စတုတ္ထအပုံပြည့်မြောက် ပဉ္စမအပုံသို့ ရောက်လျှင်ပင် လူများအပေါင်း ချစ်ခင်ကြည်ညို လေးစား မြတ်နိုးအပ်သည့်အချိန်၌သာ ပရိနိဗ္ဗာန် ဝင်စံမြဲဓမ္မတာ ဖြစ်ကြကုန်၏။ ထို့ပြင်လည်း ဗုဒ္ဓါနုဗုဒ္ဓ မဟာသာဝကကြီးများ ပရိနိဗ္ဗာန်စံဝင်တော်မူကြပြီးနောက် ကိုယ်တော်အထီးတည်းသော်ငြင်း သို့မဟုတ် ရဟန်းငယ်, သာမဏေများ ခြံရံအပ်လျက်ငြင်း မတင့်မတယ် တည်ရှိနေရစ်လေရာ၏၊ ထိုသို့ဖြစ်လျှင် "သြ....ဘုရားရှင်တို့၏ ပရိသတ်ကား ဖြစ်မှုဖြစ်ရလေ" ဟု လူသူလေးပါး ကဲ့ရဲ့ရှုတ်ချဖွယ်ရာ ဖြစ်လေရာ၏။ ထို့ကြောင့် တည်နေတော်မမူ" ဟူ၍ အခိုင်အမာ မိန့်ဆို၏။ ထိုသို့ပင် ဆိုအပ်သော်လည်း ထိုမထေရ်၏ဝါဒကို မနှစ်သက်အပ်။ ကပ်အရ အာယုကပ်ဟူ၍သာလျှင် ရှေးပကိဏ္ဏကဒေသနာ အဋ္ဌကထာ၌ အခိုင်အမာ မိန့်ဆိုအပ်ကြောင်း အဋ္ဌကထာ၌ ဖွင့်ပြအပ်လေသည်။ (ဒီဋ္ဌ ၂၊၁၄၄-၁၄၅-မှ)။

ဤမဟာသီဝမထေရ်၏ဝါဒကို သုတ်မဟာဝါဋီကာ ဆရာတော်မြတ်ကလည်း "ထိုမထေရ်၏ ဝါဒစကားရပ်ဝယ် 'သက်ရှိလူတို့၏ ခန္ဓာကိုယ်မည်သည်ကို ဆံဖြူခြင်း, သွားကျိုးခြင်း—စသော ဇရာတရားသည် လွှမ်းမိုးနှိပ်စက်အပ်၏'—စသော စကားရပ်ဖြင့်ပင် ဇရာတရားကို တန်ခိုးဣဒ္ဓိပါဒ်ဖြင့် မတားနိုင်သကဲ့သို့ ထို့အတူပင် မရဏတရားကိုလည်း တန်ခိုးဣဒ္ဓိပါဒ်အစွမ်းဖြင့် မတားနိုင်ဟူသော အနက်အဓိပ္ပါယ်ရောက်နေသောကြောင့် 'မြွေးပစ်ရာတခြား မြွေးကျရာတပါး' ကဲ့သို့ ဖြစ်နေသော ထိုမထေရ်၏ဝါဒလက် အဋ္ဌကထာစကားသည်သာလျှင် ခိုင်မာလှ၏" ဟူ၍ မိန့်ဆိုအပ်လေသည်။ (ဒီ ဋီ ၂၊၁၄၉-မျက်နှာမှ)။

ဤ၌—မဟာသီဝမထေရ်ကား ဘုရားအလောင်းတော်တို့၏ နောက်ဆုံး=ပစ္ဆိမဘဝ ပဋိသန္ဓေကျိုးပေးလိုက်သောကံမှာ နှစ်ပေါင်းအသင်္ချေအသက်ရှည်မှုကို ဖြစ်စေနိုင်သော အစွမ်းသတ္တိ ရှိသည်ကိုသာ နှလုံးပိုက်တော်မူ၍ မြတ်စွာဘုရားရှင်တို့၏ အာယုပ၊လက ဖလသမာပတ်၏ အသက်ဆေးရန်ကို တွန်းလှန်ပယ်ခွါနိုင်ကြောင်း ပါဠိတော်၌ တိုက်ရိုက်လာသောကြောင့် "ဤဘဒ္ဒကမ္ဘာပတ်လုံး တည်နေနိုင်၏" ဟု ဆိုတော်မူလေသည်။ ထိုသို့ပင် ဆိုအပ်သော်လည်း ထိုထိုသတ္တဝါတို့၏ ပဋိသန္ဓေကျိုးပေးလိုက်သောကံသည် နှစ်ပေါင်းအသင်္ချေ အသက်ရှည်မှုကို ဖြစ်

WWW.DHAMMARANSI.COM



စေနိုင်သောကံပင် ဖြစ်လင့်ကစား လူတို့၏အသက်တမ်းက နှစ်ပေါင်း အသင်္ချေ အသက်ရှည်သောကာလမျိုး (=အာယုကပ်မျိုး) ဖြစ်မှ နှစ်ပေါင်းအသင်္ချေ အသက်ရှည်စေနိုင်ဧလသည်၊ လူတို့၏အသက်တမ်း က အနှစ်တရာတမ်းမျိုးဖြစ်နေလျှင် အာယုကပ်ကာလ အပိုင်းအခြား အရ အနှစ်တရာသာ အသက်ရှည်စေနိုင်လေသည်၊ မှန်၏—ကံသည် ကာလ, ဥပဓိ, ပယောဂ, ဂတိတို့၏ သမ္ပတ္တိ ဝိပတ္တိသို့လိုက်၍ အကျိုး ပေးလေသည်။ ထို့ကြောင့် ပကိဏ္ဏကဒေသနာ ရှေးအဋ္ဌကထာ၌ အာယုကပ်ကို ဖွင့်ပြကောက်ယူလေသည်။ ထို့ကြောင့်ပင် အရှင်မဟာ- ဗုဒ္ဓဃောသ, အရှင်မဟာဓမ္မပါလ-စသော အဋ္ဌကထာသစ်ဆရာတော် များ ဋီကာဆရာတော်များကလည်း အာယုကပ်ကိုသာ လက်ခံကောက် ယူတော်မူကြလေသည်။

မာရ်နတ် နှောက်ယှက်သောအခါ၌ မှတ်ဖွယ်ကား—ဝိပလ္လာသ တရား=ဖောက်ပြန်စွာ ဖြစ်တတ်သောတရား (၁၂) ပါးရှိသည်၊ (၁၂) ပါးဟူသည်မှာ—

အနိစ္စတရား၌ နိစ္စဟူ၍ဖြစ်သော ၁-သညာဝိပလ္လာသ, ၂-စိတ္တ- ဝိပလ္လာသ, ၃-ဒိဋ္ဌိဝိပလ္လာသဟူ၍ = သုံးပါး၊ ဒုက္ခတရား၌ သုခဟူ၍ ဖြစ်သော ၁-သညာဝိပလ္လာသ, ၂-စိတ္တဝိပလ္လာသ, ၃-ဒိဋ္ဌိဝိပလ္လာသဟူ၍ =သုံးပါး၊ အနတ္တတရား၌ အတ္တဟူ၍ ဖြစ်သော ၁-သညာဝိပလ္လာသ, ၂-စိတ္တဝိပလ္လာသ, ၃-ဒိဋ္ဌိဝိပလ္လာသဟူ၍ = သုံးပါး၊ အသုဘတရား၌ သုဘဟူ၍ဖြစ်သော ၁-သညာဝိပလ္လာသ, ၂-စိတ္တဝိပလ္လာသ, ၃-ဒိဋ္ဌိ- ဝိပလ္လာသဟူ၍=သုံးပါး၊ ဤသို့ ဝိပလ္လာသတရား (၁၂) ပါးရှိသည်။

ထိုဝိပလ္လာသတရား (၁၂)ပါးလုံး ကင်းရှင်းပယ်ခွါပြီးသော ပုဂ္ဂိုလ် ၏စိတ်ကို မာရ်နတ်သည် အနှောက်အယှက် မပေးနိုင်။ (ရှင်မောဂ္ဂလ္လာန် ဝတ္ထုကို ပြန်၍စဉ်းစားရာ၏)။ ထိုဝိပလ္လာသတရား (၁၂)ပါးလုံး မကင်း ရှင်း မပယ်ခွါရသေးသော ပုထုဇန်ပုဂ္ဂိုလ်များနှင့် ထိုဝိပလ္လာသတရား တို့မှ အချို့အဝက်ကိုသာ ပယ်ပြီးဖြစ်၍ အချို့အဝက် ကျန်ရှိနေသေး သော အရိယာပုဂ္ဂိုလ်များ၏ စိတ်ကိုကား မာရ်နတ်သည် အနှောက် အယှက်ပေးနိုင်၏။

အရှင်အာနန္ဒာမထေရ်မှာ ဖော်ပြရာပါ ဝိပလ္လာသ (၁၂) ပါးတို့ အနက် ဒုက္ခတရား၌ သုခဟူ၍ဖြစ်သော သညာဝိပလ္လာသနှင့် စိတ္တ- ဝိပလ္လာသ ၂-ပါး, အသုဘတရား၌ သုဘဟူ၍ဖြစ်သော သညာဝိပလ္လာ- သနှင့် စိတ္တဝိပလ္လာသ ၂-ပါး=ဤလေးပါးသော ဝိပလ္လာသတရားတို့ကို

WWW.DHAMMARANSI.COM



မပယ်ရှားရသေး (ကျန်ဝိပလ္လာသတရား ချစ်ပါးတို့ကိုသာ ပယ်ရှားအပ်ပြီး ဖြစ်သည်)၊ ထို့ကြောင့် အရှင်အာနန္ဒာ၏စိတ်ကို မာရ်နတ်သည် အနှောက်အယှက်ပေးနိုင်၏။

မာရ်နတ်သည် သတ္တဝါတို့၏ စိတ်အနှောက်အယှက်ကို ပြုလုပ်လိုသည်ရှိသော် အဘယ်သို့ပြုလုပ်သနည်းဟူမူ အဖြေကား– ကြောက်မက်ဖွယ်သော အဆင်း=ရူပါရုံကိုမူလည်း ဖန်ဆင်း၍ပြ၏၊ ကြောက်မက်ဖွယ်သော အသံ=သဒ္ဒါရုံကိုသော်မူလည်း ဖန်ဆင်း၍ကြားစေ၏၊ ထိုအခါ ဝိပလ္လာသမကင်းကြသေးသော သတ္တဝါတို့သည် မာရ်နတ် ဖန်ဆင်း၍ ပြအပ်သော ထိုအဆင်းရူပါရုံကို မြင်၍သော်၎င်း အသံသဒ္ဒါရုံကို ကြား၍သော်၎င်း သတိလွတ်ကာ ခံတွင်းဖွင့်ဟလျက် နေကြကုန်၏၊ ထိုသူတို့၏ခံတွင်းမှ မာရ်နတ်သည် မိမိလက်ကိုသွင်း၍ နှလုံးသားကို ကြိတ်ချေသည့်အလား ဆုပ်ကိုင်၍ထားလေသည်၊ ထိုအခါ ထိုသတ္တဝါတို့သည် သတိသညာ လွတ်ကင်းကြကာ မိန်းမောတွေဝေ နစ်မြော၍ နေကြလေသည်၊ ဤနည်းဖြင့် သတ္တဝါတို့၏စိတ်ကို အနှောက်အယှက် ပြုလေသည်။

အရှင်အာနန္ဒာမထေရ်အားကား ထိုမာရ်နတ်သည် ခံတွင်းမှ လက်ကိုသွင်း၍ နှလုံးသားကိုကြိတ်ချေသည့်အလား ညှဉ်းပန်းနှိပ်စက်ခြင်းငှါ မစွမ်းနိုင်၊ စင်စစ်သော်ကား ကြောက်မက်ဖွယ်ကောင်းသော အာရုံကို ပြလေသည်၊ ထိုမာရ်နတ်ပြသော ကြောက်မက်ဖွယ်အာရုံကို မြင်ရ၍ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရား မိန့်ညွှန်ကြားသည့် စကား နိမိတ် အရိပ်အရောင်ကို မသိပဲ ရှိလေသည်)။

မြတ်စွာဘုရားရှင်သည် နှစ်ကြိမ်မြောက်လည်း။ (ပ)။ သုံးကြိမ်မြောက်လည်း အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သားအာနန္ဒာ···ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ ဂေါတမကစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ သတ္တမ္ဗစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ ဗဟုပုတ္တစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ သာရန္ဒဒစေတီသည် မွေ့လျော်ဖွယ်ရှိ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ်ရှိ၏။

WWW.DHAMMARANSI.COM



ချစ်သား အာနန္ဒာ···· အမှတ်မထင် အကြင်တစုံတယောက်သောသူသည် (ပြီးမြောက်ခြင်း၏ အခြေခံ) =ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ယာဉ်ကဲ့သို့ပြုထား၏၊တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာဆည်းပူး, ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။

ချစ်သားအာနန္ဒာ···· မြတ်စွာဘုရားသည်ကား (ပြီးမြောက်ခြင်း၏ အခြေခံ) =ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ကောင်းစွာဆည်းပူးထားပြီး, ကောင်းစွာအားထုတ်ထားပြီးဖြစ်၏။ချစ်သားအာနန္ဒာ.... သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော်အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏"—

ဟု ထင်ရှားသောနိမိတ် အရိပ်အရောင်စကား မိန့်ကြားတော်မူလေ၏။ မြတ်စွာဘုရားရှင်က ထင်ရှားသောနိမိတ် အရိပ်အရောင်ကို ဤသို့ပင်ပြပါသော်လည်း အရှင်အာနန္ဒာသည်ကား သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ချေ၊ ထို့ကြောင့် "မြတ်စွာဘုရား····လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုး,စီးပွါးနှင့်ချမ်းသာအလို့ငှါ လောကကို သနား စောင့်ရှောက်တော်မူပါရန် ရှင်တော်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်နေတော်မူပါလော့" ဟု မြတ်စွာဘုရားကို မတောင်းပန်မိချေ၊ အခြားမာရ်နတ်အနှောက်အယှက်ခံရသော စိတ်ရှိသူကဲ့သို့ပင် အရှင်အာနန္ဒာသည်လည်း ဖြစ်၍နေလေ၏။

WWW.DHAMMARANSI.COM



(ဤ၌—"မြတ်စွာဘုရားရှင်သည် မာရ်နတ်နှောက်ယှက်ထားသည်ကို သိတော်မူလျက်ပင် အဘယ့်ကြောင့် သုံးကြိမ်တိုင်တိုင် ဤသို့ မိန့်ကြားတော်မူပါသနည်း"ဟု မေးဖွယ်ရှိ၏။

**အဖြေကား**—နောက်၌ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"– စသည်ဖြင့် (မာရ်နတ်အနှောက်အယှက်လွတ်၍ သတိရလာသောအခါ) အရှင်အာနန္ဒာသည် တောင်းပန်လိမ့်ဦးမည်၊ ထိုသို့တောင်းပန်သောအခါ "ချစ်သား အာနန္ဒာ....ထိုသို့ မတောင်းပန်ခြင်းသည် သင်၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏"– စသည်ဖြင့် အပြစ်တင်စကား မိန့်ကြားတော်မူကာ အရှင်အာနန္ဒာ၏ စိုးရိမ်သောကတရားပါးအောင်ပြုတော်မူလိုသောကြောင့် သုံးကြိမ်တိုင်တိုင် ဤသို့ မိန့်ကြားတော်မူလေသည်။ ဤကား အဖြေတည်း)။

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သား အာနန္ဒာ.... သင်သွားလော့၊ ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏" ဟု မိန့်တော်မူလေ၏။ အရှင်အာနန္ဒာမထေရ်သည် "ကောင်းပါပြီ မြတ်စွာဘုရား...." ဟု မြတ်စွာဘုရားရှင်၏ မိန့်ကြားချက်ကို ဝန်ခံပြီးလျှင် နေရာမှထကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးလျက် မြတ်စွာဘုရားနှင့် မနီးမဝေး တခုသော သစ်ပင်ရင်း၌ ထိုင်နေလေ၏။

## မာရ်နတ် တောင်းပန်ခြင်း

ထိုအခါ အရှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မီ မာရ်နတ်အယုတ်သည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်၍ တခုသောနေရာ၌ ရပ်တည်ပြီးသော် မြတ်စွာဘုရားရှင်ကို ဤဆိုလတ္တံ့သောအတိုင်း (ပရိနိဗ္ဗာန်စံတော်မူရန်) လျှောက်ထားလေ၏—

"မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သောမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူပါလော့။ မြတ်စွာဘုရား....ယခု

WWW.DHAMMARANSI.COM



အခါသည် ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အချိန် တန်ပါပြီ။

မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် ဤစကားကို မိန့်ကြားတော်မူခဲ့ဘူးပါသည်—'မာရ်နတ်.... ငါဘုရား၏ တပည့် ရဟန်းတို့သည် တတ်သိလိမ္မာ မရှိကြသေးသမျှ၊ ကောင်းစွာဆုံးမပြီး မဖြစ်ကြသေးသမျှ၊ မရဲရင့်ကြသေး သမျှ၊ အကြားအမြင် မများကြသေးသမျှ၊ တရားတော်ကို မဆောင်နိုင်ကြသေးသမျှ၊ လောကုတ္တရာတရားနှင့် လျော် သော တရားကို မကျင့်နိုင်ကြသေးသမျှ၊ လျော်သော အကျင့်ကို မကျင့်နိုင်ကြသေးသမျှ၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေးသမျှ၊မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြော နိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေ ဘန်နိုင် မပေါ်လွင်စေနိုင်ကြသေးသမျှ၊ ပေါ်ပေါက်လာ သော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာ နှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြသေး သမျှကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်စံတော်မူမည် မဟုတ်' ဟု မိန့်ကြားတော်မူခဲ့ဘူးပါသည်။

မြတ်စွာဘုရား....ယခုအခါ ရှင်တော်ဘုရား၏ တပည့် ရဟန်းတို့သည် တတ်သိလိမ္မာ ရှိကြပါပြီ၊ ကောင်းစွာဆုံး မပြီးဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ လောကုတ္တရာတရား နှင့် လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင် ကြပါပြီ၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဘန်နိုင် ပေါ်လွင်စေနိုင် ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါး၏ ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါပြီ။

WWW.DHAMMARANSI.COM



မြတ်စွာဘုရား.... ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူပါလော့။ မြတ်စွာဘုရား....ယခုအခါသည် ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အချိန်တန်ပါပြီ။ (၁)

မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် ဤစကားကို မိန့်ကြားတော်မူခဲ့ဘူးပါသည်—'မာရ်နတ်.... ငါဘုရား၏ တပည့်ရဟန်းမိန်းမတို့သည် (ပ)။ (၂)

ငါဘုရား၏ တပည့် ဥပါသကာတို့သည် (ပ)။(၃)

ငါဘုရား၏ တပည့်ဥပါသိကာမတို့သည်တတ်သိလိမ္မာမရှိကြသေးသမျှ, ကောင်းစွာဆုံးမပြီး မဖြစ်ကြသေးသမျှ, မရဲရင့်ကြသေးသမျှ, အကြားအမြင် မများကြသေးသမျှ, တရားတော်ကို မဆောင်နိုင်ကြသေးသမျှ, လောကုတ္တရာတရားနှင့်လျော်သော တရားကို မကျင့်နိုင်ကြသေးသမျှ, လျော်သောအကျင့်ကို မကျင့်နိုင်ကြသေးသမျှ, တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေးသမျှ, မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဘန်နိုင် မပေါ်လွင်စေနိုင်ကြသေးသမျှ, ပေါ်ပေါက်လာသော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြသေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်စံတော်မူမည်မဟုတ်'ဟု မိန့်ကြားတော်မူခဲ့ဘူးပါသည်။

မြတ်စွာဘုရား....ယခုအခါ ရှင်တော်ဘုရား၏တပည့် ဥပါသိကာမတို့သည် တတ်သိလိမ္မာရှိကြပါပြီ၊ ကောင်းစွာဆုံးမပြီးဖြစ်ကြပါပြီ၊ ရဲရင့်ကြပါပြီ၊ အကြားအမြင်များကြပါပြီ၊ တရားတော်ကို ဆောင်နိုင်ကြပါပြီ၊ လောကုတ္တရာနှင့်လျော်သော တရားကို ကျင့်နိုင်ကြပါပြီ၊ လျော်သော

WWW.DHAMMARANSI.COM



အကျင့်ကို ကျင့်နိုင်ကြပါပြီ၊ တရားနှင့်လျော်စွာ ကျင့်နိုင်ကြပါပြီ၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ ပြောနိုင် ဟောနိုင် ပြနိုင် တည်တံ့စေနိုင် ဖွင့်နိုင် ဝေဘန်နိုင် ပေါ်လွင်စေနိုင်ကြပါပြီ၊ ပေါ်ပေါက်လာသော သူတပါး၏ ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသော တရားကို ဟောပြနိုင်ကြပါပြီ။

မြတ်စွာဘုရား.... ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူပါလော့။ မြတ်စွာဘုရား....... ယခုအခါသည် ရှင်တော်ဘုရား ပရိနိဗ္ဗာန်စံတော်မူရန် အချိန်တန်ပါပြီ။ (၄)

မြတ်စွာဘုရား........ရှင်တော်ဘုရားသည် ဤစကားကို မိန့်ကြားတော်မူခဲ့ဘူးပါသည် – 'မာရ်နတ်........ငါဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာပြနိုင်သည့်တိုင်အောင် မပြည့်စုံသေးသမျှ, မစည်ပင်သေးသမျှ, မပြန့်ပွါးသေးသမျှ,လူအများမသိသေးသမျှ,များစွာမဖြစ်ထွန်းသေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန်စံတော်မူမည် မဟုတ်'ဟု မိန့်ကြားတော်မူခဲ့ဘူးပါသည်။

မြတ်စွာဘုရား........ယခုအခါ ရှင်တော်ဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြနိုင်သည်တိုင်အောင် ပြည့်စုံပါပြီ၊ စည်ပင်ပါပြီ၊ ပြန့်ပွါးပါပြီ၊ လူအများသိပါပြီ၊ များစွာဖြစ်ထွန်းပါပြီ။

မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပါလော့။ မြတ်စွာဘုရား....
ယခုအခါသည် ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူရန်
အချိန်တန်ပါပြီ။ (၅)”—

ဟု လျှောက်ထားတောင်းပန်လေ၏။

(ဤဩ။ ။မာရ်နတ်သည်မြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးစ ရှစ်ခုမြောက်သတ္တာဟဝယ် ဇေယျမိဿကိုင်ကုန်းသို့ပင် လာရောက်၍ “မြတ်စွာဘုရား....အရှင်ဘုရားတို့သည် ဘုရားဖြစ်ရန် ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့သည့်အတိုင်း ယခုအခါ ဘုရားဖြစ်တော်မူပါပြီ၊ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်းရရှိ သိအပ်ပါပြီ၊ အရှင်ဘုရား၏ အဖို့ရာ သတ္တလောကအကျိုးအတွက် တမြို့မှတမြို့သို့ တရွာမှတရွာသို့ လှည့်လည်ကျက်စား တရားဟောခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း”ဟု စကားပလ္လင်ခံ၍ ဤယခု(အာယုသင်္ခါရလွှတ်တော်မူသော)နေ့၌ကဲ့သို့ပင် “မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့”—စသည်ဖြင့် ပရိနိဗ္ဗာန် စံတော်မူရန် တောင်းပန်စကား လျှောက်ထားခဲ့လေသည်။

ထင်ရှားစေဦးအံ့— မြတ်စွာဘုရားရှင် ဘုရားဖြစ်ပြီးစ သတ္တ-သတ္တာဟ စံတော်မူပြီးနောက်အချိန်ဝယ် အဇပါလညောင်ပင်ရင်း၌ သဟမ္ပတိဗြဟ္မာကြီးအားငင်း, သိကြားနတ်မင်းအားငင်း တရားဟောဖို့ရန် ဝန်ခံတော်မူပြီးသော မြတ်စွာဘုရားကို သိရှိကာ မာရ်နတ်မင်းသည် “ယခုအခါ၌ မြတ်စွာဘုရားသည် သတ္တဝါတို့ကို တရားဟောပြောခြင်းဖြင့် ငါ၏နယ်ပယ်ကို လွန်မြောက်စေတော့မည်”ဟု နှလုံးမသာယာဖြစ်ရှိကာ ရပ်တည်ရင်းကပင် “ကိုင်း....ယခုအခါ ငါသည် မြတ်စွာဘုရားကို ဥပါယ်တမျဉ်ဖြင့် ပရိနိဗ္ဗာန်စံစေအံ့၊ ဤသို့ပြုမူခြင်းဖြင့် မြတ်စွာဘုရား၏ စိတ်နှလုံးအလို တမျိုးတမည် ပြောင်းလဲသွားကာ ငါ၏စိတ်နှလုံးအလိုဆန္ဒ ပြည့်ဝပေလိမ့်မည်”ဟု ကြံစည်၍ ဘုရားထံမှောက် သွားရောက်ချဉ်းကပ်လျက် လျှောက်ပတ်ရာအရပ်၌ ရပ်တည်ပြီးလျှင် ရှေးဖော်ပြရာပါအတိုင်း စကားပလ္လင်ခံ၍ ပရိနိဗ္ဗာန်စံတော်မူရန် တောင်းပန်စကား လျှောက်ထားခဲ့လေသည်။

ထိုစဉ်အခါ မြတ်စွာဘုရားရှင်ကလည်း ကိုယ်တော်မြတ်၏ တပည့်သာဝက ရဟန်း, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာမတို့သည် တတ်သိလိမ္မာမရှိကြသေးသမျှ, (ပ)ပေါ်ပေါက်လာသော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို

WWW.DHAMMARANSI.COM



မဟောပြနိုင်သေးသမျှ ကာလပတ်လုံး ကိုယ်တော်မြတ်သည် ပရိနိဗ္ဗာန် စံတော်မူမည်မဟုတ်ကြောင်း မိန့်တော်မူ၍ မာရ်နတ်၏လျှောက်ထား ချက်ကို ပယ်ချတော်မူခဲ့လေသည်။ ထိုအကြောင်းကို ရည်ရွယ်၍ မာရ်နတ်မင်းသည် ယခုအခါ "မြတ်စွာဘုရား....ရှင်တော်ဘုရားသည် ဤစကားကို မိန့်ကြားတော်မူခဲ့ဘူးပါသည်"—အစရှိသော စကားကို တင်ပြလျှောက်ထား တောင်းပန်လေသည်)။

ဤသို့လျှောက်သော် မြတ်စွာဘုရားသည် မာရ်နတ် အယုတ်ကို—

"ဟယ် မာရ်နတ်ယုတ်....သင် မကြောင့်ကြလင့်၊ မြတ်စွာ ဘုရား၏ ပရိနိဗ္ဗာန်စံခြင်းသည် မကြာမီ ဖြစ်လိမ့်မည်၊ ဤနေ့မှ သုံးလလွန်သောအခါ မြတ်စွာဘုရားသည် ပရိ-နိဗ္ဗာန်စံလိမ့်မည်"—

ဟု မိန့်တော်မူ၏။

**အာယုသင်္ခါရ လွှတ်တော်မူခြင်း**

ထိုအခါ မြတ်စွာဘုရားရှင်သည် စာပါလစေတီ၌ နေတော် မူစဉ်ပင် သတိရှိလျက် ဆင်ခြင်တော်မူလျက် အာယုသင်္ခါရ (=အသက်ရှည်ရန် ပြုပြင်နိုင်သော အာယုပါလကဖလသမာ ပတ်)ကို လွှတ်တော်မူ၏။ ထိုအခါ ကြက်သီးမွေးညှင်းထလျက် ကြောက်မက်ဖွယ်ရာ မြေငလျင်အကြီးအကျယ် တုန်လှုပ်လေ၏၊ တော်လည်းသံ(နတ်စည်)တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်း ကြကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော် မူ၍ ထိုအခိုက်ဝယ် ဤဥဒါန်းစကားကို ကျူးရင့်တော်မူ၏—

တုလမတုလဉ္စ သမ္ဘဝံ၊
ဘဝသင်္ခါရမဝဿဇိ မုနိ။
အဇ္ဈတ္တရတော သမာဟိတော၊
အဘိန္ဒိ ကဝစမိဝတ္တသမ္ဘဝံ။

WWW.DHAMMARANSI.COM



မုနိ = ဗုဒ္ဓမုနိဖြစ်တော်မူသော မြတ်စွာဘုရားသည်။ သမ္ဘဝံ= ပဝတ္တအကျိုး၏ဖြစ်ပွါးရာ အကြောင်းဖြစ်သော။ ဘဝသင်္ခါရံ = ကာမဘဝ စသည်ဖြစ်ရန် စီမံပြုပြင်တတ်သော။ တုလဉ္စ = ပိုင်းဖြတ်၍ရသည့် ကာမာဝစရကံကိုငင်း။ အတုလဉ္စ = ပိုင်းဖြတ်၍မရသည့် မဟဂ္ဂုတ်ကံကိုငင်း။ အဝဿဇိ = အရိယမဂ်ဖြင့် ထွေးဟက်စွန့်ပစ်တော်မူပြီ။ အဇ္ဈတ္တရတော = ဝိပဿနာ ဉာဏ်ပညာဖြင့် ခန္ဓာပဉ္စက အဇ္ဈတ္တဝယ် လက္ခဏာယာဉ် သုံးချက်တင် လျက် ဆင်ခြင်ရှုမြော် မွေ့လျော်တော်မူသည်ဖြစ်၍။ သမာဟိ-တော = ဥပစာရ, အပ္ပနာ နှစ်ဖြာသောသမာဓိဖြင့် တည်ကြည်ခြင်း ရှိတော်မူသည်ဖြစ်၍။ ကဝစမိဝ = ချပ်ဝတ်ကဲ့သို့။ အတ္တ-သမ္ဘဝံ = မိမိသန္တာန်ဝယ် ဖန်ဖန်ဖြစ်ပွါး ကိလေသာတရားကို။ အဘိန္ဒိ = မဂ်ဉာဏ်လေးပါး သန်လျက်ဓားဖြင့် ပယ်ရှားဖျက်ဆီး တော်မူခဲ့လေပြီ။

(တနည်း) မုနိ = ဗုဒ္ဓမုနိဖြစ်တော်မူသော မြတ်စွာဘုရား သည်။ အတုလဉ္စ = မနှိုင်းရှည်အပ်ပြား နိဗ္ဗာန်တရားကိုငင်း။ သမ္ဘဝဉ္စ = အဖန်ဖန်ဖြစ်ပွါး ဘဝသုံးပါးကိုငင်း။ တုလံ = တုလေန္တော = "ခန္ဓာငါးဝ သင်္ခါရကား အနိစ္စသာ မှန်လှစွာ၏၊ ခန္ဓာငါးတန် ချုပ်ရာမှန်သည့် နိဗ္ဗာန်မည်ပြား ဤတရားမူ ပျက် ပြားမရှိ မြဲလှတိ"ဟု နှိုင်းရှည့်သုံးသပ် ပညာမြတ်ဖြင့် ဆုံးဖြတ် တော်မူသည်ဖြစ်၍။ ဘဝသင်္ခါရံ = ဘဝအသစ် ဖြစ်ဖို့စီမံ ဘဝဂါ-မိကံကို။ အဝဿဇိ = အရိယမဂ်ဖြင့် ထွေးဟက်စွန့်ပစ်တော် မူပြီ။ (ကထံ အဝဿဇိ = ဘယ်ပုံဘယ်နည်း စွန့်ပစ်သနည်း ဟူမူ)။ အဇ္ဈတ္တရတော = ဝိပဿနာ ဉာဏ်ပညာဖြင့် ခန္ဓာပဉ္စက အဇ္ဈတ္တဝယ် လက္ခဏာယာဉ် သုံးချက်တင်လျက် ဆင်ခြင်ရှုမြော် မွေ့လျော်တော်မူသည်ဖြစ်၍။ သမာဟိတော = ဥပစာရ,အပ္ပနာ နှစ်ဖြာသောသမာဓိဖြင့် တည်ကြည်ခြင်း ရှိတော်မူသည်ဖြစ်၍။ ကဝစမိဝ = ချပ်ဝတ်ကဲ့သို့။ အတ္တသမ္ဘဝံ = မိမိသန္တာန်ဝယ် ဖန်ဖန်ဖြစ်ပွါး ကိလေသာတရားကို။ အဘိန္ဒိ = မဂ်ဉာဏ်လေးပါး သန်လျက်ဓားဖြင့် ပယ်ရှားဖျက်ဆီးတော်မူခဲ့လေပြီ။

WWW.DHAMMARANSI.COM



အဓိပ္ပါယ်မှာ——သမထ,ဝိပဿနာ ဘာဝနာနှစ်ပါး ပွါးများတော်မူသဖြင့် မြတ်စွာဘုရားသည် အရိယမဂ်လေးပါးကို ရတော်မူသည်။ စစ်မြေဦး၌ စစ်သူရဲကောင်းသည် မိမိကိုယ်ဝယ် အတင်းအကြပ် ဝတ်ဆင်၍ထားအပ်သော ချပ်ဝတ်ကို ထက်လှစွာသော သန်လျက်ဖြင့် ခုတ်ဖျက်၍ပစ်သကဲ့သို့ မြတ်စွာဘုရားသည်လည်း အရိယမဂ်ဉာဏ်လေးပါး သန်လျက်ဓားဖြင့် ကိလေသာတရားများကို အကြွင်းမဲ့ခုတ်ဖြတ် ဖျက်ဆီးတော်မူလေသည်။ ထိုကဲ့သို့ ကိလေသာတရားတို့ကို အကြွင်းမဲ့ ဖျက်ဆီးလိုက်သည်နှင့် တပြိုင်နက် (ရေသောက်မြစ်ကိုဖြတ်လိုက်သော သစ်ပင်ကြီး၏အတွင်းဝယ် ရှိရင်းစွဲဖြစ်သော သီးစေနိုင်သော သတ္တိတို့သည် ငြိမ်းစဲသွားကာ မသီးစေနိုင်တော့သကဲ့သို့) မြတ်စွာဘုရား၏ သန္တာန်တော်ဝယ် အတိတ်သံသရာက လိုက်ပါခဲ့သော ဝဋ္ဋဂါမိ လောကီကံများသည်လည်း ပဋိသန္ဓေကျိုး ပဝတ္တိကျိုး ပေးစွမ်းနိုင်သော သတ္တိများ ငြိမ်းစဲသွားကြကာ ပယ်ရှားပြီး ဖြစ်လေတော့၏ ဟု ဆိုလိုသည်။

(ဤ၌—"မြတ်စွာဘုရားသည် သတိရှိလျက် ဆင်ခြင်တော်မူလျက် အာယုသင်္ခါရကို စွန့်လွှတ်တော်မူ၏" ဟူသော စကားရပ်ဝယ်—

"သတိရှိလျက်" ဟူသော ဝိသေသနဖြင့် မြတ်စွာဘုရားရှင်သည် "ကာယ, ဝေဒနာ, စိတ္တ, ဓမ္မအားဖြင့်=လေးထွေပြားသည့် ခန္ဓာကိုယ် အတ္တဘောတည်းဟူသော ဒုက္ခဝန်ထုပ်ကြီးကို ငါဘုရားသည် ရှည်လျားလှစွာ သံသရာကာလပတ်လုံး ပင်ပန်းကြီးစွာ ထမ်းဆောင်ခဲ့ရလေပြီ၊ ယခုအခါ၌ကား ထမ်းဆောင်ရတော့မည် မဟုတ်၊ ဤဒုက္ခဝန်ထုပ်ကြီးကို မထမ်းဆောင်ဖို့ရန် စွန့်ပယ်နိုင်ဖို့ရန် ငါဘုရားသည် လေးအသင်္ချေ ကမ္ဘာတသိန်းကြာအောင် အရိယမဂ်၏ အထောက်အဦ အဆူဆူသော ပါရမီကောင်းမှုတို့ကို ဆည်းစုအပ်ခဲ့လေပြီ၊ ထို ငါ့မြော်ကိုးတောင့်တသည့် အရိယာမဂ်ကို ယခုအခါ ကောင်းစွာထိုးထွင်းသိမြင်ရရှိအပ်ခဲ့လေပြီ၊ ယင်းသို့ ရသောကြောင့်ပင် ဤကာယ, ဝေဒနာ, စိတ္တ, ဓမ္မအားဖြင့် လေးပါးသောတရားတို့ကို အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တအားဖြင့် ပိုင်းခြားထင်ထင် အမှန်အတိုင်း သိမြင်အပ်လေပြီ" ဟု သတိလေးပါးကို သက်ဆိုင်ရာ ကာယ, ဇဝေဒနာ, စိတ္တ, ဓမ္မအာရုံတို့၌

WWW.DHAMMARANSI.COM



ထားပြီးလျှင် သတိလက်မလွှတ်ပဲ အာယုသင်္ခါရကို စွန့်လွှတ်တော်မူကြောင်း ပြဆိုသည်။

"ဆင်ခြင်တော်မူလျက်" ဟူသော ဝိသေသနဖြင့် မြတ်စွာဘုရားရှင်သည် "ဤခန္ဓာဝန်ထုပ်ကြီးကို ထမ်းဆောင်နေရခြင်း၌ ၁-အတ္တဟိတ=မိမိအကျိုးစီးပွါး, ၂-ပရဟိတ=သူတပါး၏အကျိုးစီးပွါးဟူ၍ အကျိုးစီးပွါး=နှစ်မျိုး နှစ်စားရှိရာဝယ် ငါဘုရား၏အတွက် ၁-အတ္တဟိတ=မိမိအကျိုးစီးပွါးကို မဟာဗောဓိပင်ရင်းမှာပင် ပြီးဆုံးစေအပ်ခဲ့လေပြီ။ ဗုဒ္ဓဝေနေယျတို့ကို ဆုံးမချွတ်ခြင်းတည်းဟူသော ၂-ပရဟိတ=သူတပါးတို့၏အကျိုးစီးပွါးကို ရွက်ဆောင်မှုကား မကြာမြင့်မီ လာမည့်သုံးလမြောက် (=ကဆုန်လပြည့်နေ့)၌ ပြီးဆုံးတော့မည်" ဟု ဗုဒ္ဓဉာဏ်တော်ဖြင့် အလုံးစုံကို ဆုံးဖြတ်ပြီးမှ အာယုသင်္ခါရလွှတ်တော်မူကြောင်းကို ပြဆိုသည်။

"မြတ်စွာဘုရားသည် အာယုသင်္ခါရကို လွှတ်တော်မူ၏" ဟူရာဝယ် အာယုသင်္ခါရ-ဟူသည်ကား ရှေး၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း ရုပ်ဇီဝိတ နာမ်ဇီဝိတ သန္တာန်အစဉ်ကိုလည်း (ကံသည် ပြုပြင်အပ်သော တရားဖြစ်သောကြောင့်) **အာယုသင်္ခါရ**ဟုခေါ်၏။ ရှေးဖော်ပြရာပါ အာယုပါလကဖလသမာပတ်ကိုလည်း အသက်ရှည်အောင် ပြုပြင်စောင့်ရှောက်ပေးတတ်သောကြောင့် **အာယုသင်္ခါရ**ဟု ခေါ်၏။

ဤသို့ အာယုသင်္ခါရ နှစ်မျိုးရှိရာ ဤယခု "အာယုသင်္ခါရကို လွှတ်တော်မူ၏" ဟူသော စကားရပ်၌ အာယုသင်္ခါရအရ **အာယုပါလကဖလသမာပတ်**ကို ကောက်ယူရာ၏။ ထို့ကြောင့် "အာယုသင်္ခါရကို လွှတ်တော်မူ၏" ဟူသည်မှာ— မြတ်စွာဘုရားသည် လက်ဖြင့် ခဲကို စွန့်လွှတ်သကဲ့သို့ အာယုသင်္ခါရကို စွန့်လွှတ်တော်မူသည်မဟုတ်၊ စင်စစ်သော်ကား "ငါဘုရားသည် ဤမှနောက် သုံးလတိုင်ရုံသာ (ကဆုန်လပြည့်နေ့တိုင်ရုံသာ) အာယုပါလကဖလသမာပတ်ကို ဝင်စားတော့မည်၊ ထိုမှ နောက်၌ကား မဝင်စားတော့ဘူး" ဟု စိတ်တော်ကိုဖြစ်စေခြင်း= ဆုံးဖြတ်ချက် ချမှတ်တော်မူလိုက်ခြင်းကို အာယုသင်္ခါရ လွှတ်တော်မူခြင်းဟု ခေါ်ဆိုသည်။ ထိုသို့ "သုံးလမှ နောက်၌ အာယုပါလကဖလသမာပတ်ကို ငါမဝင်စားတော့ဘူး" ဟု ဆုံးဖြတ်ချက်ချမှတ်လိုက်သဖြင့်ပင်လျှင် ထို အာယုပါလကဖလသမာပတ်ဖြင့် ပြုပြင်စီရင်အပ်သော ဇီဝိတသန္တာန်အစဉ် တည်းဟူသော အကျိုးအာယုသင်္ခါရကို "ငါမဖြစ်စေတော့ဘူး" ဟူ၍ စွန့်လိုက်ပြီး ဆုံးဖြတ်လိုက်ပြီး ဖြစ်လေတော့၏။

ထိုသို့ အာယုသင်္ခါရကို စွန့်လွှတ်တော်မူလိုက်သောအခါ ကြောက်မက်ဖွယ် ကောင်းလှပေစွာ မဟာပထဝီ မြေကြီးသည် ၁-အရှေ့မှ အနောက်သို့ ယိမ်း၍ တမျိုး, ၂-အနောက်မှ အရှေ့သို့ ယိမ်း၍ တမျိုး, ၃-တောင်မှ မြောက်သို့ ယိမ်း၍ တမျိုး, ၄-မြောက်မှ တောင်သို့ ယိမ်း၍ တမျိုး, ၅-အောက်မှ အထက်သို့ တက်၍ တမျိုး, ၆-အထက်မှ အောက်သို့ သက်၍ တမျိုး=ဤသို့ ၆-မျိုးသော အခြင်းအရာဖြင့် ကိလေသာ မကင်းသူများအဖို့ မွေးညှင်းထ၍ ကြက်သီးထလျက် ကြောက်မက်ဖွယ်ရာ တုန်လှုပ်လေသည်။

ထိုသို့ အာယုသင်္ခါရကို စွန့်လွှတ်တော်မူလိုက်ပြီးသောအခါ မြတ်စွာဘုရားရှင်၏ စိတ်တော်အစဉ်ဝယ် "ငါဘုရားသည် ရှည်လျားလှစွာ သံသရာကာလပတ်လုံး ပင်ပန်းကြီးစွာ ထမ်းဆောင်ခဲ့ရသော ခန္ဓာဝန်ထုပ်ကြီးကို ယခုအခါ မကြာမြင့်မီ သုံးလမြောက်လျှင် စွန့်ချရတော့မည်" ဟု ကြံစည်စဉ်းစား နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း=ပီတိသောမနဿတရားတို့ တဖွားဖွား ဖြစ်လေတော့သည်၊ သို့ရကား (ဆီအိုးအတွင်းသို့ ဆီကို လောင်းထည့်သွန်းသောအခါ ပိုလျှံသောဆီများသည် ဆီအိုးအပေါ်သို့ လျှံ၍ တက်သကဲ့သို့) မြတ်စွာဘုရားရှင်၏ ကိုယ်တော်၌ ဖြစ်ပွါးသော ပီတိတရား သောမနဿတရားတို့သည် တကိုယ်လုံးလွှမ်းခြုံကာ ရင်တွင်းမဆံ့ပဲ အပေါ်သို့ လျှံ၍တက်သည့် အလား "တုလမတုလဉ္စ သမ္ဘဝံ"-အစရှိသော ဥဒါန်းဂါထာစကား ကျူးရင့် ဖြစ်ပွါးလာလေသည်။

ထိုသို့ ဥဒါန်းကျူးရင့်တော်မူသဖြင့်ပင် "မြတ်စွာဘုရားသည် မာရ်နတ်ကို ကြောက်၍ အာယုသင်္ခါရ လွှတ်သည်မဟုတ်" ဟူသော အနက်လည်း ပြီးလေ၏။ မှန်၏—ကြောက်ရွံ့သောသူအားဖို့ရာ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်ခြင်းမည်သည် မရှိ။ ယခု မြတ်စွာဘုရား အာယုသင်္ခါရကို လွှတ်တော်မူသည်မှာ မည်သူကိုမျှ မရွံ့မကြောက် "ခန္ဓာဝန်ကို စွန့်ချ၍ ဒုက္ခငြိမ်းသိမ်းရတော့မည်" ဟု ဉာဏ်အားဖြင့် သိမြင်တော်မူလျက် ဥဒါန်းကျူးရင့်ကာ ဝမ်းမြောက်ဝမ်းသာ အာယုသင်္ခါရကို လွှတ်တော်မူလေသည်)။

ထိုအခါ အရှင်အာနန္ဒာ၏ စိတ်သန္တာန်ဝယ် "အိုး....အံ့ဖွယ် ရှိပါပေစွ၊ မဖြစ်စဖူး အလွန်ဖြစ်ပါပေစွ၊ ကြက်သီးမွေးညှင်း ထစေလျက် ကြောက်မက်ဖွယ်ကောင်းလေသော ငလျင် (လျှင်) လှုပ်ခြင်းသည် ကြီးကျယ်လေစွတကား၊ အလွန်ကြီးကျယ်လေစွ

WWW.DHAMMARANSI.COM



တကား၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းသွားကုန်၏၊ အကြီးအကျယ် မြေ (ငလျင်) လှုပ်ခြင်း၏ ဇာနကအကြောင်းကား အဘယ်ပါလိမ့်နည်း၊ ဥပစ္စယ္ယကအကြောင်းကား အဘယ်ပါလိမ့်နည်း" ဟု အကြံအစည် ဖြစ်ရှိလေ၏။

ထိုနောက် အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဆည်းကပ်လျက် မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးသော် သင့်လျော်လျောက်ပတ်သော နေရာ၌တိုင်နေ၍ မြတ်စွာဘုရားရှင်ကို "အံ့ဖွယ်ရှိပါပေစွ မြတ်စွာဘုရား....၊မဖြစ်စဘူး အထူးဖြစ်ပါပေစွ မြတ်စွာဘုရား....၊ကြက်သီး မွေးညှင်း ထစေလျက် ကြောက်မက်ဖွယ်ကောင်းသော ဤမြေ (ငလျင်) လှုပ်ခြင်းသည် ကြီးကျယ်ပါပေစွ၊ အလွန်ကြီးကျယ်ပါပေစွ၊ တော်လည်းသံ (နတ်စည်) တို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းသွားကုန်၏၊ မြတ်စွာဘုရား....မြေ(ငလျင်)ပြင်းစွာလှုပ်ခြင်း၏ ဇာနကအကြောင်းကား အဘယ်ပါနည်း၊ ဥပစ္စယ္ယကအကြောင်းကား အဘယ်ပါနည်း" ဟု လျှောက်ထားမေးမြန်းလေ၏။

## မြေ(ငလျင်)လှုပ်ခြင်း အကြောင်းရှစ်ပါး

ထိုအခါ မြတ်စွာဘုရားရှင်သည် ရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ....မြေ (ငလျင်) ပြင်းစွာ လှုပ်ခြင်း၏ အကြောင်း အထောက်အပံ့တို့ကား ရှစ်ပါးတို့ရှိကုန်၏၊ ရှစ်ပါးတို့ ဟူသည်မှာ——

(၁) ချစ်သားအာနန္ဒာ....ဤ မဟာပထဝီမြေကြီးသည် ရေ၌ တည်၏၊ ရေသည် လေ၌ တည်၏၊ လေသည် ကောင်းကင်၌ တည်၏။ ချစ်သားအာနန္ဒာ....လေပြင်းစွာ တိုက်ခတ်သောအခါ ထို လေပြင်းတို့သည် ရေကို လှုပ်စေကုန်၏၊ လှုပ်သော ရေသည် မြေကို လှုပ်စေ၏။ ဤကား မြေ (ငလျင်) ပြင်းစွာ လှုပ်ခြင်း၏ ရှေးဦးစွာသော အကြောင်းအထောက်အပံ့တည်း။

WWW.DHAMMARANSI.COM



(၂) ချစ်သားအာနန္ဒာ .... တဖန် ထို့ပြင်လည်း တန်ခိုးရှင်ဖြစ်သော အဘိညာဏ်စိတ်၌ လေ့လာပြီးသော သမဏကဖြစ်စေ, ဗြာဟ္မဏကဖြစ်စေ, ကြီးသော တန်ခိုးအာနုဘော်ရှိသော နတ်ကဖြစ်စေ အားနည်းသော မြေကသိုဏ်းရှုနိုင်သည့်သူနှင့် အားကြီးသော ရေကသိုဏ်းရှုနိုင်သည့်သူတို့ကို ပွါးများပြီးလျှင် ဤမြေကြီးကို လှုပ်စေတတ်, တုန်လှုပ်စေတတ်, ပြင်းစွာတုန်လှုပ်စေတတ်, သွက်သွက်ခါတုန်လှုပ်စေတတ်၏။ ဤကား မြေ (ငလျင်) ပြင်းစွာလှုပ်ခြင်း၏ နှစ်ခုမြောက်ဖြစ်သော အကြောင်းအထောက်အပံ့တည်း။

(၃) ချစ်သားအာနန္ဒာ .... တဖန် ထို့ပြင်လည်း ဘုရားအလောင်းတော် တုသိတာနတ်ပြည်မှ စုတေ၍ သတိရှိလျက် သမ္ပဇဉ်ရှိလျက်(＝သတိသမ္ပဇဉ်လက်မလွှတ်ပဲ)အမိဝမ်းတိုက်သို့ သက်ရောက်သောအခါ ဤမြေကြီးသည် လှုပ်တတ်, တုန်လှုပ်တတ်, ပြင်းစွာတုန်လှုပ်တတ်, သွက်သွက်ခါတုန်လှုပ်တတ်၏။ ဤကားမြေ (ငလျင်) ပြင်းစွာလှုပ်ခြင်း၏ သုံးခုမြောက်ဖြစ်သော အကြောင်းအထောက်အပံ့တည်း။

(၄) ချစ်သားအာနန္ဒာ .... တဖန် ထို့ပြင်လည်း ဘုရားအလောင်း သတိရှိလျက် သမ္ပဇဉ်ရှိလျက် (＝သတိသမ္ပဇဉ်လက်မလွှတ်ပဲ) အမိဝမ်းတိုက်မှ ဖွားမြင်သောအခါ ဤမြေကြီးသည် လှုပ်တတ်, တုန်လှုပ်တတ်, ပြင်းစွာတုန်လှုပ်တတ်, သွက်သွက်ခါတုန်လှုပ်တတ်၏။ ဤကား မြေ (ငလျင်)ပြင်းစွာလှုပ်ခြင်း၏ လေးခုမြောက်ဖြစ်သော အကြောင်းအထောက်အပံ့တည်း။

(၅) ချစ်သားအာနန္ဒာ....တဖန် ထို့ပြင်လည်း မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသောအခါ(ဘုရားဖြစ်တော်မူသောအခါဟု ဆိုလိုသည်) ဤမြေကြီးသည် လှုပ်တတ်, တုန်လှုပ်တတ်, ပြင်းစွာ တုန်လှုပ်တတ်, သွက်သွက်ခါတုန်လှုပ်တတ်၏။ ဤကား မြေ(ငလျင်) ပြင်းစွာလှုပ်ခြင်း၏ ငါးခုမြောက်ဖြစ်သော အကြောင်း အထောက်အပံ့တည်း။

WWW.DHAMMARANSI.COM



(၆) ချစ်သားအာနန္ဒာ = တဖန် ထို့ပြင်လည်း မြတ်စွာဘုရား အမြတ်ဆုံးဖြစ်သော ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ ဤမြေကြီးသည် လှုပ်တတ်, တုန်လှုပ်တတ်, ပြင်းစွာ တုန်လှုပ်တတ်, သွက်သွက်ခါ တုန်လှုပ်တတ်၏။ ဤကား မြေ (လျှော်)ပြင်းစွာလှုပ်ခြင်း၏ ခြောက်ခုမြောက်ဖြစ်သောအကြောင်း အထောက်အပံ့တည်း။

(၇) ချစ်သားအာနန္ဒာ····တဖန် ထို့ပြင်လည်း မြတ်စွာဘုရားရှင် သတိရှိလျက် သမ္ပဇဉ်ရှိလျက် အာယုသင်္ခါရကို စွန့်လွှတ်တော်မူသောအခါ ဤမြေကြီးသည် လှုပ်တတ်, တုန်လှုပ်တတ်, ပြင်းစွာတုန်လှုပ်တတ်, သွက်သွက်ခါတုန်လှုပ်တတ်၏။ ဤကား မြေ (လျှော်) ပြင်းစွာ လှုပ်ခြင်း၏ ခုနစ်ခုမြောက်ဖြစ်သော အကြောင်းအထောက်အပံ့တည်း။

(၈) ချစ်သားအာနန္ဒာ.... တဖန် ထို့ပြင်လည်း မြတ်စွာဘုရားရှင် ခန္ဓာနာမ်ရုပ် အကြွင်းမရှိသည့် ငြိမ်းချမ်းခြင်း သဘော = အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဤမြေကြီးသည် လှုပ်တတ်, တုန်လှုပ်တတ်, ပြင်းစွာတုန်လှုပ်တတ်, သွက်သွက်ခါတုန်လှုပ်တတ်၏။ ဤကား မြေ(လျှော်) ပြင်းစွာလှုပ်ခြင်း၏ ရှစ်ခုမြောက်ဖြစ်သော အကြောင်း အထောက်အပံ့တည်း။

ချစ်သား အာနန္ဒာ···· မြေ (လျှော်) ပြင်းစွာ လှုပ်ခြင်း၏ အကြောင်း အထောက်အပံ့တို့ကား ဤရှစ်ပါးတို့ပေတည်း”ဟု မိန့်တော်မူ၏။ (မြတ်စွာဘုရားရှင်၏ စကားတော်အဆက်ကား မပြီးဆုံးသေးပါ)။

(ဤအရာ၌—

၁-ဓာတ်ချောက်ချားအောင်, ၂-တန်ခိုးရှင်တို့ ဘီလူးဆွမ်းအား စျာန်ကစားနှင့်, ၃-မြတ်များဘိဇ္ဇ ပဋိသန္ဓေ, ၄-ဖွားရာ တလှုပ်, ၅-ဘုရားဖြစ်တည့်, ၆-မိန့်လာစ်စပွတ်, ၇-တချက်အာယု စွန့်လွှတ်မူက, ၈-အနုပါဒိ နိဗ္ဗာန်မို့၊ ၊=ရှစ်လီမြေကြီး လှုပ်ကြောင်း တည်း”—

WWW.DHAMMARANSI.COM



ဟူသော ဤလက်ာကို နှုတ်ရအောင်ထားပြီးမှ ဤဆိုလတ္တံ့သော အခိပ္ပါယ်ကို အထူးမှတ်ယူရာ၏။

၁-ခေတ်ချောက်ချားအင်

ခေတ်ချောက်ချား၍လည်း မြေ (လျှင်) တုန်လှုပ်၏။ ခွဲဦးအံ့— ကမ္ဘာလောကခေတ်ကြီး၏အောက်မှ ယူဇနာပေါင်း (၉၆၀၀၀၀) ကိုးသိန်းခြောက်သောင်း အထုရှိသော လေထုခံလျက်ရှိ၏၊ ထိုလေထု၏အထက်၌ ယူဇနာပေါင်း (၄၈၀၀၀၀)လေးသိန်းရှစ်သောင်းအထုရှိသော ရေထုတည်၏၊ ထိုရေထု၏အထက်၌ ယူဇနာပေါင်း (၂၄၀၀၀၀) နှစ်သိန်းလေးသောင်းအထုရှိသော မြေထုတည်၏။ ထိုမြေထုတွင် အောက်ပိုင်း ယူဇနာပေါင်း (၁၂၀၀၀၀)တသိန်းနှစ်သောင်းကား သိလာမြေ= ကျောက်မြေဖြစ်၏၊ အထက်ပိုင်း ယူဇနာပေါင်း (၁၂၀၀၀၀) တသိန်းနှစ်သောင်းကား ပံသုမြေဖြစ်၏။

ခေတ်ချောက်ချား၍ အောက်ခံလေထုပကတိတွင်ထူးကဲ၍လေပြင်းလေကြမ်း တိုက်ခတ်သောအခါ ဥက္ခေပကလေ-ဟုခေါ်သော (ပကတိရှိရင်းရေထုကိုခံသည့် လေကို ဖြတ်တောက်၍ မူလတည်နေရင်းဌာနမှ လွင့်ပါးစေတတ်သော) ခေတ်ချောက်ချား၍ဖြစ်သည့် လေပြင်း လေကြမ်းများ တိုက်ခတ်ကြကာ ထိုဥက္ခေပကလေတို့က ရေထုကိုခံသော ပကတိမူမှန်လေထုကို ဖြတ်တောက်၍ ပစ်ကြ၏၊ ထိုအခါ ကမ္ဘာရေထုသည် အောက်အဇဋ္ဌာကာသကောင်းကင်သို့ လျှောကျလေ၏၊ထိုကမ္ဘာရေထုအောက်သို့ လျှောကျသော် ကမ္ဘာမြေထုသည်လည်း အောက်သို့ လျှောကျလေ၏။ တဖန်(ဥက္ခေပကဓာတုက္ခောဘလေက ထိုကဲ့သို့ ဖြတ်တောက်တိုက်ခတ်၍ကင်းစဲသွားသောအခါ)ရေထုကိုခံသော ကမ္ဘာလေထုသည် မိမိ၏စွမ်းအားဖြင့်(ရေစစ်မေကရိုက်အတွင်း၌ လေသည် ရေကို အောက်သို့မကျအောင် ဖွဲ့နှောင်ဆွဲဆောင်သကဲ့သို့) ကမ္ဘာရေထုကို ဖွဲ့နှောင်ဆွဲဆောင်၍ယူပြန်၏၊ ထိုအခါ ရေထုသည် အထက်သို့ တက်လာပြန်၏၊ ထိုကမ္ဘာရေထု အထက်သို့တက်လတ်သော် ကမ္ဘာမြေထုသည်လည်း အထက်သို့ တက်လေ၏။ ဤနည်းဖြင့် ဓာတုက္ခောဘ ဥက္ခေပကလေ တိုက်ခတ်သောအခါ ကမ္ဘာရေထု တုန်လှုပ်သောကြောင့် ကမ္ဘာမြေထု(လျှင်)တုန်လှုပ်၏။

ဤခေတ်ချောက်ချား၍ မြေ(လျှင်)တုန်လှုပ်ခြင်းကား ယခုအခါ တိုင်အောင်ပင် အကြားအကြားကာလ၌ ဖြစ်တတ်သည်သာတည်း။

WWW.DHAMMARANSI.COM



ထိုသို့ဖြစ်သော်လည်း မဟာပထဝီ ဤမြေအထုက ထူထဲလှသောကြောင့် အောက်သို့သက်ခြင်း အထက်သို့တက်ခြင်းများ မထင်ရှားပဲရှိလေသည်။

### ၂-တန်ခိုးရှင်တို့ အညာဥ်စွမ်းအား ချွန်ကစားနှင့်

တန်ခိုးကြီးရှင်တို့၏ အဘိညာဉ်ချွန်အစွမ်းကြောင့်လည်း မြေ (လျှော်)တုန်လှုပ်၏။ ထိုကြီးရှင်တို့ မြေ(လျှော်)တုန်လှုပ်စေသောအခါ အာပေါကသိဏချွန်ကို ဦးတည်ဝင်စား၍ တုန်လှုပ်စေကြရသည်၊ ခွဲ၍ ဦးအံ့—ထိုကြီးရှင်တို့၏ မြေကိုတုန်လှုပ်စေရာ၌ (၁) သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကို တုန်လှုပ်စေသော အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကဲ့သို့ သူတပါးတို့ကို ထိတ်လန့်သံဝေဂ ရစေလို၍လည်း တုန်လှုပ်စေတတ်၏၊ (၂) သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ကိုပင် တုန်လှုပ်စေသော (မဟာနာဂမထေရ်၏တူ) သံဃရက္ခိတ သာမဏေ ကဲ့သို့ စုံစမ်းလို၍လည်း တုန်လှုပ်စေတတ်၏၊ ၂-အချက်ကို ခွဲ၍ပြဦး အံ့—

### သံဃရက္ခိတသာမဏေဝတ္ထု

(မဟာနာဂမထေရ်၏တူ) သံဃရက္ခိတသာမဏေသည် သင်မုန်းဦး မှာပင် အရဟတ္တဖိုလ်သို့ရောက်ပြီးလျှင် * "ရှင်ရဟန်းပြုသော နေ့မှာပင် အရဟတ္တဖိုလ်သို့ရောက်၍ သိကြားမင်း၏ ဝေဇယန္တာနန်းပြာသာဒ်ကို

---

* ရှင်ပြုရန် ဆံချသောအခါ တစပဉ္စကကမ္မဋ္ဌာန်းကို သင်ယူ၍ ထိုကမ္မဋ္ဌာန်းကို သိမ်းဆည်းလျက် နောက်ဆုံး ဆံဝန်းဆံအစုကို ရိတ်ချလိုက်သည်နှင့် တပြိုင်နက်ပင် အရဟတ္တဖိုလ်သို့ ရောက်ရှိခြင်းကို "=သင်မုန်းဖျား=ဆံရိတ်ခြင်းကိစ္စအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်ခြင်း" ဟူ၍ ဆိုသည်။ ဤကား (ခုရဂ္ဂေယေဝါတိ ခုရကမ္မပရိယောသာနေယေဝ၊ တစပဉ္စကကမ္မဋ္ဌာနံ ဂဟေတွာ တံ ပရိဂ္ဂဏှန္တော အန္တိမာယ ကေသဝဋ္ဋိယာ ဝေါရောပနာယ သမကာလမေဝ စ အရဟတ္တံ ပါပုဏာတိ ဝုတ္တံ ဟောတိ) ဟူ၍ ဖွင့်သော သာရတ္ထဒီပနီဋီကာ (ပဌမအုပ်၊ စာမျက်နှာ ၁၂၈) ဖွင့်ချက်နှင့်အညီတည်း။

(တတ္ထ ခုရဂ္ဂေယေဝါတိ ကေသောရောပနတ္ထံ ခုရဓာရာယ အဂ္ဂေ သိသေ ဌပိတေ တစပဉ္စကကမ္မဋ္ဌာနမုခေန ဘာဝနံ အနုယုဉ္ဇန္တော အရဟတ္တံ ပတွာ) ဟူ၍ ဖွင့်သော (သံ ဋီ ၂၊ ၂၃၉) သံယုတ္တဋီကာအလို ဆံရိတ်ရန် သင်မုန်းသွားကို ဦးခေါင်းပေါ်၌ ချထားလိုက်လျှင်ပင် တစပဉ္စကကမ္မဋ္ဌာန်းကို အဦးမူကာ ဘာဝနာတရား ပွါးများအားထုတ်လျက် အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို "သင်မုန်းဦး၌ အရဟတ္တဖိုလ်သို့ရောက်ခြင်း" ဟူ၍ ဆိုသည်။ သာရတ္ထဋီကာအလို (ခုရဂ္ဂေယေဝ=သင်မုန်းဖျား၌သာလျှင်) ဟု အနက်ပေး၊ သံယုတ်ဋီကာအလို (သင်မုန်းဦး၌သာလျှင်) ဟု အနက်ပေးရာ၏။

WWW.DHAMMARANSI.COM



တုန်လှုပ်စေသည့် ရှင်ရဟန်းတပါးပါး ပေါ်ပေါက်ဘူးသလော”ဟု စဉ်းစား ဆင်ခြင်လတ်သော် တဦးတယောက်မျှ မပေါ်ပေါက်ဘူးသေးကြောင်း သိရ၍ “ငါသည် တုန်လှုပ်စေမည်”ဟု အဘိညာဉ်တန်ခိုး အစွမ်းဖြင့် ဝေဇယန္တာနန်းပြာသာဒ်ဦးထိပ်၌ ရပ်တည်ပြီးလျှင် ခြေဖြင့်ကန်၍ တုန်လှုပ်အောင် ပြုလုပ်သော်လည်း တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ချေ။

ထိုအခါ သာမဏေကို သိကြားမင်း၏ ကချေသည်နတ်သမီးများက “ချစ်သား သံဃရက္ခိတ....သင်ချစ်သားသည် အပုပ်နှင့်ရောသောရေန့်ရှိသည့် ဦးခေါင်းရှိသူဖြစ်လျက် (=အလွန်အသက်အရွယ် ငယ်သူဖြစ်လျက်ဟု ဆိုလိုသည်) ဝေဇယန္တာနန်းပြာသာဒ်ကို တုန်လှုပ်စေလိုဘိ၏၊ ချစ်သား.... ပြာသာဒ်ကြီးကား ကြံ့ကြံ့ခိုင်ကျည် အလွန်တည်တံ့ပေသည်၊ သင်ချစ်သားသည် အဘယ်မှာလျှင် တုန်လှုပ်စေနိုင်လိမ့်မည်နည်း”ဟု ပြောဆိုကြလေကုန်၏။

သံဃရက္ခိတသာမဏေသည် “ဤနတ်သမီးတို့ကား ငါနှင့်အတူ ပြက်ရယ်မှု ပြုကြကုန်၏=ငါ့ကိုပြက်ရယ်မှုကြကုန်၏၊ငါတမူကား သွန်သင်ပြသ ဆိုဆုံးမသည့် ဆရာ့နည်းကို မရသေးချေ၊ ငါ၏ဆရာ သာမုဒ္ဒိကမဟာနာဂထေရ်သည် ယခုအခါ အဘယ်အရပ်၌ နေတော်မူသနည်း” ဟု ဆင်ခြင်လတ်သော် မဟာသမုဒ္ဒရာအတွင်း၌ ရေလှိုင်းကို ဖန်ဆင်း၍ နေ့သန့်နေထိုင်တော်မူ၏”ဟု သိ၍ ထိုအရပ်သို့ သွားရောက်ကာ မထေရ်ကို ရှိခိုး၍ ရပ်တည်လေ၏။

ထိုအခါ သာမဏေကို မဟာနာဂမထေရ်သည် “ချစ်သား သံဃရက္ခိတ....အသို့နည်း ကောင်းစွာ မတက်မြောက်သေးပဲ စစ်ပွဲဝင်ခဲ့သလော”ဟု မိန့်တော်မူကာ“ချစ်သား....ဝေဇယန္တာနန်းပြာသာဒ်ကို တုန်လှုပ်စေခြင်းငှါ မတတ်နိုင်ခဲ့ဘူးလော”ဟု တိုက်ရိုက်ပင် မေးတော်မူလေ၏။ သံဃရက္ခိတသာမဏေက “အရှင်ဘုရား.... တပည့်တော်သည် ကောင်းစွာသင်ပြ ဆိုဆုံးမသည့် ဆရာ့နည်းကို မရသေးပါဘုရား”ဟု လျှောက်သောအခါ မဟာနာဂမထေရ်သည် သာမဏေကို“ချစ်သား.... သင်ချစ်သားကဲ့သို့သော ဣဒ္ဓိရှင်တဦးကမှ မတုန်လှုပ်စေနိုင်လျှင် အခြားမည်သူတဦးတယောက်သည် တုန်လှုပ်စေနိုင်ချိမ့်မည်နည်း (ဟု အားပေးစကား မိန့်ကြားပြီးလျှင် ဆက်၍)ချစ်သား....သင်ချစ်သားသည် ရေအပြင်၌ နွားချေးခြောက်ခဲ ပေါ်လောမျှောသည်ကို မြင်ဘူးသည် မဟုတ်လော၊ ချစ်သား....အိုးကင်း၌ မုံ့ကို ကြော်သောသူတို့သည်

WWW.DHAMMARANSI.COM



အစွန်အဖျား ကာလနားမှ လှည့်ကာ လှည့်ကာ ဖြတ်တောက်ခွါယူကြကုန်၏။ ဤဥပမာဖြင့် သင်ချစ်သားသည် သိလေလော့''ဟု မိန့်တော်မူလေ၏။

သံဃရက္ခိတသာမဏေသည် ''အရှင်ဘုရား.......ဤမျှလောက်ဖြင့် သင့်လျော်ပတ်ပါလိမ့်မည်''ဟု လျှောက်ထားပြီးလျှင် ''ဝေဇယန္တာနန်းပြာသာဒ်ကြီးတည်ရာအရပ်သည် ရေတပြင့်တည်း ဖြစ်စေသတည်း'' ဟု အဓိဋ္ဌာန်၍ ဝေဇယန္တာနန်းပြာသာဒ်သို့ ရှေးရှုကြွရောက်လေ၏၊ နတ်သမီးတို့သည် သာမဏေကို မြင်ကြ၍ ''ပဋ္ဌမအကြိမ် အရှက်ရ၍ သွားရပြီး သံဃရက္ခိတသာမဏေသည် တဖန်ထပ်၍ လာဘိ၏၊ တဖန်ထပ်၍ လာဘိ၏''ဟု အထင်သေး အမြင်သေးစကား ပြောကြားကြလေ၏။

သိကြားနတ်မင်းသည် ''ငါ့သားနှင့် သင်တို့သည် ပြက်ရယ်စကား မပြောကြားကြလင့်၊ ယခုအခါ ထိုငါ့သားသည် ဆရာကောင်း (ဆရာ့နည်းကောင်း)ကို ရအပ်ခဲ့လေပြီ၊ ခဏအတွင်းမှာပင် ပြာသာဒ်ကြီးကို တုန်လှုပ်စေလိမ့်မည်''ဟု ပြောဆိုလေ၏။ သံဃရက္ခိတသာမဏေသည်လည်း ခြေမဖြင့် ဝေဇယန္တာပြာသာဒ်ထုပ်ကာကို တို့လေ၏။ ပြာသာဒ်ကြီးသည် ရှေ့, နောက်, ဝဲ, ယာ=အရပ်လေးမျက်နှာ ယိမ်းနွဲ့လေ၏။ နတ်သမီးတို့သည် ''ချစ်သား....ပြာသာဒ်ကြီးအား ရပ်တည်ခွင့်ကို ပေးပါလော့၊ ချစ်သား....ပြာသာဒ်ကြီးအား ရပ်တည်ခွင့်ကို ပေးပါလော့''ဟု ယာစ်အော်မြည်တမ်းကြလေ၏။

သံဃရက္ခိတသာမဏေသည် ဝေဇယန္တာနန်းပြာသာဒ်ကြီးကို မူလနေရာ၌ ထားရှိပြီးလျှင် ပြာသာဒ်ထက်၌ ရပ်တည်၍ ဤဆိုလတ္တံ့သော သုံးဂါထာတို့ဖြင့် ဥဒါန်းကျူးရင့်လေ၏—

(၁) အဇ္ဇေဝါဟံ ပဗ္ဗဇိတော၊ အဇ္ဇ ပတ္တာသဝက္ခယံ။
အဇ္ဇ ကမ္ပေမိ ပါသာဒံ၊ အဟော ဗုဒ္ဓဿ ဥဠာရတာ။

(၂) အဇ္ဇေဝါဟံ ပဗ္ဗဇိတော၊ အဇ္ဇ ပတ္တာသဝက္ခယံ။
အဇ္ဇ ကမ္ပေမိ ပါသာဒံ၊ အဟော ဓမ္မဿ ဥဠာရတာ။

(၃) အဇ္ဇေဝါဟံ ပဗ္ဗဇိတော၊ အဇ္ဇ ပတ္တာသဝက္ခယံ။
အဇ္ဇ ကမ္ပေမိ ပါသာဒံ၊ အဟော သံဃဿ ဥဠာရတာ။

(ဤသုံးဂါထာတို့၌ စတုတ္ထအပိုဒ်သာ ထူးသည်၊ ထို့ကြောင့် ထူးရာကိုဖော်ပြလျက် ပေါင်း၍ အနက်ယောဇနာပေအံ့)။

အဟံ=သံဃရက္ခိတ မည်ရခေါ် ထွေ ငါသာမဏေသည်။ အဇ္ဇဝ = ဤနေ့မှာပင်လျှင်။ ပဗ္ဗဇိတော=ရှင်အဖြစ်သို့ စင်စစ်ဆိုက်မြောက် ရောက်ခဲ့လေပြီ။ အဇ္ဇ=ယနေ့။ အာသဝက္ခယံ=အာသဝေါလေးရပ် ကုန်ဆုံးပြတ်သည့် အရဟတ္တဖိုလ်သို့။ ပတ္တော=သင်ခုန်းဦးဝယ် အထူးဆိုက်မြောက် ရောက်ခဲ့လေပြီ။ အဇ္ဇ=ယနေ့။ ပါသာဒံ=သိကြားဗိမာန် ဝေဇယန်ဘုံထွတ် နန်းပြာသာဒ်ကို။ ကမ္ပေမိ=ဆရာ့ထံမှ နည်းကောင်းရ၍ ခဏလျင်ထွေ တုန်လှုပ်စေခဲ့၏။

၁။ ဗုဒ္ဓသ=သဗ္ဗညုဗုဒ္ဓ အမည်ရသား သုံးလောကဆရာ ဘုရားရတနာ၏။ ဥဠာရတာ=ဂုဏ်တော်ဥက္ကဋ္ဌ ကျေးဇူးကြီးမြတ်ခြင်းသည်။ အဟော=စုတ်သတ်ရှင်မော တသြသြလျှင် အတောမသတ် လောကခေတ်ဝယ် ပြောစမှတ်လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား။

၂။ ဓမ္မသ=နိယျာနိက မှန်မောလှသည့် ဓမ္မဆယ်ဖြာ တရားရတနာ၏။ ဥဠာရတာ=ဂုဏ်တော်ဥက္ကဋ္ဌ ကျေးဇူးကြီးမြတ်ခြင်းသည်။ အဟော=စုတ်သတ်ရှင်မော တသြသြလျှင် အတောမသတ် လောကခေတ်ဝယ် ပြောစမှတ်လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား။

၃။ သံဃဿ=ပရမတ္ထအရိယာ သံဃာရတနာ၏။ ဥဠာရတာ=ဂုဏ်တော်ဥက္ကဋ္ဌ ကျေးဇူးကြီးမြတ်ခြင်းသည်။ အဟော=စုတ်သတ်ရှင်မော တသြသြလျှင် အတောမသတ် လောကခေတ်ဝယ် ပြောစမှတ်လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွတကား။

၃-မြတ်ဖျားစိန္တေ ပရမေတို့ သန္တေယျူခါ၊ (ပ)၊ ၈-အနုပါဒိ နိဗ္ဗာန်မှီ

၃-ဘုရားအလောင်းတော်များ ပဋိသန္ဓေ စံနေတော်မူသောအခါ, ၄-ဖွားမြင်တော်မူသောအခါ, ၅-ဘုရားဖြစ်တော်မူသောအခါ, ၆-ဓမ္မစကြာတရား ဟောကြားတော်မူသောအခါ, ၇-အာယုသင်္ခါရလွှတ်တော်မူသောအခါ, ၈-အနုပါဒိသေသသပရိနိဗ္ဗာန် ဝင်စံတော်မူသောအခါ ဤအခါများ၌လည်း မြေ(လျင်)တုန်လှုပ်၏။ ဤသို့ မြေ(လျင်) တုန်လှုပ်ခြင်း ရှစ်မျိုးကို သိမှတ်ရာ၏။

ထိုရှစ်မျိုးတို့တွင် ၁-မြေလှုပ်ခြင်းသည် ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်၏။ ဥက္ကေပကလေဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်၏ဟု ဆိုလိုသည်။ ။ ၂-မြေလှုပ်ခြင်းသည် တန်ခိုးရှင်၏ ဉာဏ်တန်ခိုး, ကမ္မဝိပါကဇတန်ခိုးကြောင့် ဖြစ်၏။ ။ ၃-၄-မြေလှုပ်ခြင်းတို့သည် ဘုရားအလောင်းတော်၏ ကောင်းမှုတန်ခိုးကြောင့် ဖြစ်ကုန်၏။ ။

WWW.DHAMMARANSI.COM



၅-မြေလှုပ်ခြင်းသည် ပဋိဝေဓဉာဏ်တော်၏ အာနုဘော်ကြောင့် ဖြစ်၏။ ။ ၆-မြေလှုပ်ခြင်းသည် ဒေဝတာဉာဏ်တော်၏ အာနုဘော်ကြောင့် ဖြစ်၏။ ထိုသို့ ဓမ္မစကြာတရား ဟောတော်မူသောအခါ ဒေသနာဉာဏ်တော်၏ အာနုဘော်ကြောင့်ဖြစ်သော မြေလှုပ်ခြင်းသည် မဟာပထဝီမြေကြီးက ကောင်းကြီးပေးသကဲ့သို့ ဖြစ်သောကြောင့် ထို ၆-အမှတ်ပြ မြေလှုပ်ခြင်းကို "မြေကြီးက ကောင်းကြီးပေးသောအားဖြင့် ဖြစ်၏" ဟု အဋ္ဌကထာ၌ ဖွင့်ဆိုအပ်လေသည်၊ ဤအဋ္ဌကထာဖွင့်ပြချက်၌ မြေစောင့်နတ်၏ ကောင်းကြီးပေးခြင်းကိုပင် မြေကြီး၏ ကောင်းကြီးပေးခြင်းဟု ဌာနျူပစာအားဖြင့် ဖွင့်ပြချက်ဟု မှတ်ယူရာ၏။ ။ ၇-မြေလှုပ်ခြင်းသည် သစ်တတရားတို့ကို စက်ဆုပ်ငြီးငွေ့သော အခြင်းအရာအားဖြင့် ဖြစ်သော ဉာဏ်တော်အထူး၏ အာနုဘော်ကြောင့် ဖြစ်၏။ ထိုသို့ အာယုသင်္ခါရလွှတ်သောအခါ သင်္ခတတရားတို့ကို စက်ဆုပ်ငြီးငွေ့သော အခြင်းအရာဖြင့်ဖြစ်သော ဉာဏ်တော်အထူး၏ အာနုဘော်ကြောင့် မြေလှုပ်ခြင်းကိုပင် ဤမဟာပထဝီမြေကြီး၏ သနားသောသဘောဖြင့် တည်သကဲ့သို့ဖြစ်ခြင်းကြောင့် အဋ္ဌကထာ၌ ဤ ၇-အမှတ်ပြ မြေလှုပ်ခြင်းကို "မြေကြီးက သနားသောသဘောဖြင့် တုန်လှုပ်ခြင်းဖြစ်သည်" ဟု ဖွင့်ပြလေသည်။ ဤဖွင့်ပြချက်မှာလည်း မြေစောင့်နတ်၏ သနားခြင်းသဘောကို မြေကြီး၏ သနားခြင်းသဘောဟု ဌာနျူပစာအားဖြင့် ဖွင့်ပြချက်ဟု မှတ်ယူရာ၏။ ။ ၈-မြေလှုပ်ခြင်းမှာလည်း ပရိနိဗ္ဗာန်စံတော်မူခါနီး၌ ဖြစ်ပွါးသော အလွန်ထက်မြက်သည့် ဝိပဿနာဉာဏ်တော်, ထိုဝိပဿနာဉာဏ်တော် အခြေခံ၍ ဝင်စားအပ်သော ဖလသမာပတ်တော်တို့၏ အစွမ်းဟုန်တို့ဖြင့် ထောက်ပံ့အပ်သော "ယနေ့ငါဘုရား၏ လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ပါရမီကောင်းမှုတို့ကို ဆည်းစုကာ တောင့်တမျှော်လင့်ခဲ့သော အနုပါဒိသေသနိဗ္ဗာန အငြိမ်းခေတ်ကြီး ပြီးစီးပြည့်စုံတော့မည်" ဟု ဆင်ခြင်တော်မူသောအခါ အလွန်ဝမ်းမြောက်သော မြတ်စွာဘုရားရှင်၏ သန္တာန်တော်၌ ပီတိအဟုန်ပြန့်နှံ့ခြင်း အစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် အထူးပြန့်ပြောအံ့ဖွယ်ကောင်းသည့် သာဝကတို့နှင့် မဆက်ဆံသော ဉာဏ်တော်အထူးဖြစ်ရှိလေသည်၊ ထိုဉာဏ်တော်၏ တန်ခိုးကြောင့် မြေလှုပ်ခြင်းဖြစ်သည်ကိုပင် ထိုအချိန်ဝယ် ဤမြေကြီးကို ငိုကြွေးသောအခြင်းအရာသို့ ရောက်သကဲ့သို့ဖြစ်သောကြောင့် အဋ္ဌကထာ၌ ရှေးနည်းအတူ ဌာနျူပစာအားဖြင့် "မြေကြီး ငိုကြွေးသောအားဖြင့် ဖြစ်သည်" ဟု ဖွင့်ပြတော်မူလေသည်။ အဋ္ဌကထာနှင့် ဋီကာတို့ကို ဆက်စပ်ညှိနှိုင်း၍ ရေးသားဖော်ပြသည်)။

WWW.DHAMMARANSI.COM



ဂိရိမာနန္ဒသုတ်

ဤသို့ မြတ်စွာဘုရားရှင်က မြေ(ငလျင်)လှုပ်ခြင်း အကြောင်း ရှစ်ပါးတို့ကို ဟောကြားတော်မူလိုက်လျှင်ပင် အရှင်အာနန္ဒာ မထေရ်သည် ပညာကြီးသူဖြစ်ရကား "ဧကန္တပင် မြတ်စွာဘုရား သည် ယနေ့ အာယုသင်္ခါရကို လွှတ်တော်မူအံ့ပြီ" ဟု ရိပ်မိသိရှိ တော်မူလေ၏။ မြတ်စွာဘုရားရှင်သည်ကား အရှင် အာနန္ဒာ မထေရ် ကောင်းစွာ ရိပ်မိသိရှိကြောင်း သိတော်မူသော်လည်း အရှင်အာနန္ဒာမထေရ်အား ကောင်းပန်စကား လျှောက်သော ခွင့်ကို ပေးတော်မမူပဲ (မြေငလျင်လှုပ်ခြင်း၏ အကြောင်းရှစ် ပါးမှ) တပါးသော ပရိသတ်ရှစ်ပါး, အဘိဘာယတနရှစ်ပါး, ဝိမောက္ခရှစ်ပါးတို့ကို ဤဆိုလတ္တံ့သောအတိုင်း ဆက်လက်၍ ဟောကြားတော်မူလေသည်။ ။(ဋီကာဆရာတို့ အလိုအားဖြင့် "အလျှင်အမြန် အာယုသင်္ခါရလွှတ်တော်မူကြောင်းကို မိန့်ကြား တော်မူလိုက်လျှင် အရှင်အာနန္ဒာမထေရ်၏ သန္တာန်၌ သောက ကြီးစွာ ဖြစ်လေရာသောကြောင့် ထိုသောကဖြစ်မှုကို ပယ်ရှား တော်မူလိုသည့်အတွက် စကားရှည်ဖြန့်အောင် ပြုတော်မူလိုသည် ဖြစ်၍ ပရိသတ်ရှစ်ပါး, အဘိဘာယတနရှစ်ပါး, ဝိမောက္ခရှစ်ပါး တို့ကို စကားတော် အဆက်မပြတ် ဆက်လက်၍ ဟောကြား တော်မူအပ်လေသည်" ဟု မိန့်ဆိုတော်မူကြ၏)—

"ချစ်သားအာနန္ဒာ...ပရိသတ်အပြား ရှစ်ပါးရှိကုန်၏။ ရှစ်ပါး တို့ဟူသည်မှာ—

မင်းပရိသတ်, ပုဏ္ဏားပရိသတ်, သူဌေးသူကြွယ်ပရိသတ်, ရဟန်းပရိသတ်, စာတုမဟာရာဇ်နတ်ပရိသတ်, တာဝတိံသာ နတ်ပရိသတ်, မာရ်နတ်ပရိသတ်, ဗြဟ္မာပရိသတ် = ဤ ရှစ်ပါးတို့ ပေတည်း။

ချစ်သားအာနန္ဒာ...ငါဘုရားသည် အရာမကသော မင်းပရိ- သတ် အစည်းအဝေးပွဲများသို့ ဝင်ရောက်ခဲ့ဘူးသည်ကို ကောင်း စွာမှတ်မိပေ၏။ ထိုမင်းပရိသတ်များ၌ ငါဘုရားသည် အတူတကွ ထိုင်နေခဲ့ဘူး, ပြောဆိုခဲ့ဘူး, ဆွေးနွေးခဲ့ဘူး၏။ ထိုမင်းပရိသတ်

WWW.DHAMMARANSI.COM



အစည်းအဝေး၌ ထိုမင်းတို့၏ အဆင်း, အသံကဲ့သို့ပင် ငါဘုရား၏ အဆင်း, အသံသည်လည်း ဖြစ်ပေ၏။ ငါဘုရားသည် ထိုမင်းတို့ကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေခဲ့၏၊ ဤသို့ဟောပြောနေစဉ်၌လည်း ထိုမင်းတို့သည် ငါဘုရားကို 'ဤယခု ဟောပြောနေသောသူကား အဘယ်သူနည်း၊ နတ်လော လူလော' ဟု မသိကြကုန်။ ငါဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရွှင်လန်းစေပြီးလျှင် ကွယ်ခဲ့၏၊ ဤသို့ ကွယ်သောအခါ၌လည်း ထိုမင်းတို့သည် ငါဘုရားကို 'ဤယခု ကွယ်သွားသောသူသည် အဘယ်သူနည်း၊နတ်လော လူလော'ဟု မသိကြကုန်။

ချစ်သားအာနန္ဒာ .... ငါဘုရားသည် အရာမကသော ပုဏ္ဏား ပရိသတ် အစည်းအဝေးပွဲများသို့ တက်ရောက်ခဲ့ဘူးသည်ကို ကောင်းစွာ မှတ်မိပေ၏။ပ။

သူဌေးသူကြွယ်ပရိသတ် အစည်းအဝေးပွဲများသို့။ပ။

ရဟန်းပရိသတ် အစည်းအဝေးပွဲများသို့။ပ။

စာတုမဟာရာဇ် နတ်ပရိသတ် အစည်းအဝေးပွဲများသို့။ပ။

တာဝတိံသာနတ်ပရိသတ် အစည်းအဝေးပွဲများသို့။ပ။

မာရ်နတ်ပရိသတ် အစည်းအဝေးပွဲများသို့။ပ။

ချစ်သားအာနန္ဒာ .... ငါဘုရားသည် အရာမကသော ဗြဟ္မာ ပရိသတ် အစည်းအဝေးပွဲများသို့ တက်ရောက်ခဲ့ဘူးသည်ကို ကောင်းစွာ မှတ်မိပေ၏၊ ထို ဗြဟ္မာပရိသတ်များ၌ ငါဘုရား သည် အတူတကွ ထိုင်နေခဲ့ဘူး, ပြောဆိုခဲ့ဘူး, ဆွေးနွေးခဲ့ဘူး၏။ ထိုဗြဟ္မာပရိသတ် အစည်းအဝေးပွဲ၌ ထိုဗြဟ္မာတို့၏ အဆင်း, အသံကဲ့သို့ပင် ငါဘုရား၏ အဆင်း, အသံသည်လည်း ဖြစ်ပေ၏။ ငါဘုရားသည် ထိုဗြဟ္မာတို့ကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် တရားကိုဆောက်တည်စေကာ တရားကျင့်သုံးရန်

WWW.DHAMMARANSI.COM



ထက်သန်ရှင်လန်းစေခဲ့၏၊ ဤသို့ ဟောပြောနေစဉ်၌လည်း ထို မြဟ္မာတို့သည် ငါဘုရားကို 'ဤယခု ဟောပြောနေသောသူကား အဘယ်သူနည်း၊ နတ်လော လူလော'ဟု မသိကြကုန်။ ငါဘုရားသည် တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံးရန် ထက်သန်ရှင်လန်းစေပြီးလျှင် ကွယ်ခဲ့၏၊ ဤသို့ ကွယ်သောအခါ၌လည်း ထိုဗြဟ္မာတို့သည် ငါဘုရားကို 'ဤယခု ကွယ်သွားသောသူသည် အဘယ်သူနည်း၊ နတ်လော လူလော'ဟု မသိကြကုန်။

ချစ်သား အာနန္ဒာ....ပရိသတ်တို့သည်ကား ဤ ရှစ်ပါးတို့ပေတည်း" ဟု မိန့်တော်မူ၏။ (မြတ်စွာဘုရားရှင်၏ စကားတော်အဆက်ကား မပြီးဆုံးသေးပါ)။

(ဤ၌—"အရာမကသော မင်းပရိသတ်အစည်းအဝေးပွဲများ" ဟူသည်မှာ ဗိမ္ဗိသာရမင်းကြီးနှင့် (ဘုရားဖြစ်ပြီး) ပဌမအကြိမ် တွေ့ဆုံသော (မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၅၇၉-မှစ၍ ဖော်ပြခဲ့သည့်) အစည်းအဝေးပွဲမျိုး, ကပိလဝတ်နေပြည်တော်သို့ ပဌမအကြိမ်ကြွတော်မူသောအခါ ဆွေတော် မျိုးတော်မင်းအပေါင်းတို့နှင့် တွေ့ဆုံသော (မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၇၇-မှစ၍ဖော်ပြခဲ့သည့်) အစည်းအဝေးပွဲမျိုး, သုနက္ခတ္တဝတ္ထု၊ သစ္စကဝတ္ထု-စသည်၌ လိစ္ဆဝီမင်းအပေါင်းတို့နှင့် တွေ့ဆုံသော (မဟာဗုဒ္ဓဝင် တတိယတွဲ စာမျက်နှာ ၄၃၄-မှစ၍ ဖော်ပြခဲ့သည့်) အစည်းအဝေးပွဲမျိုးကို ဆိုလိုသည်။ ထိုမင်းပရိသတ်အစည်းအဝေးပွဲမျိုးကား ဤစကြဝဠာမှာသာ မဟုတ်၊ အခြားစကြဝဠာတိုက်တို့၌လည်း ရစကောင်း၏။

"ထိုမင်းတို့၏ အဆင်း, အသံကဲ့သို့ပင် ငါဘုရား၏ အဆင်း, အသံသည်လည်း ဖြစ်ပေ၏"ဟူရာ၌ ထိုမင်းတို့ကား အချို့မှာ ဖြူသောကိုယ်ရေအဆင်း ရှိကြ၏၊ အချို့မှာ မည်းနက်သောကိုယ်ရေအဆင်း ရှိကြ၏။ အချို့မှာ ကြမ်းပိုးကျောက်ကုန်းရောင်အဆင်း ရှိကြကုန်၏၊ မြတ်စွာဘုရားရှင်သည်ကား ရွှေရောင်အဆင်း ဝါဝင်းသောကိုယ်ရေအဆင်း ရှိတော်မူသည်သာဖြစ်၏။ "ထိုမင်းတို့၏ အဆင်းကဲ့သို့ပင် ငါဘုရား၏ အဆင်းသည်လည်း ဖြစ်ပေ၏" ဟူသော ဤစကားဝယ် "အဆင်း" ဟူသော စကားရပ်ကို ပုံပန်းသဏ္ဌာန်ကို စွဲ၍ ဟောတော်မူအပ်၏။ ဆက်ဦးအံ့—ထိုအစည်းအဝေး၌ မြတ်စွာဘုရားရှင်သည် တောင်သူ

WWW.DHAMMARANSI.COM



လူရိုင်းကြီးနှင့် တူတော်မူသည် မဟုတ်၊ ပတ္တမြား နားဒောင်း သွယ် ပျောင်းစုံလင် တန်းဆာဆင်အပ်သည်လည်း မဟုတ်၊ မြတ်စွာဘုရား၏ ပကတိအသွင်တော်ဖြင့်ပင် ထိုင်နေတော်မူ၏။ ထို မင်းတို့သည်ကား မိမိတို့နှင့် တူသောပုံပန်းသဏ္ဌာန်ကိုသာ ဖူးမြင်ကြရလေသည်။ ။ (ဤအချက်ကို ရည်မှန်း၍ ရှေးပညာရှင်တို့သည် မွေ့ပတိချတ်ခဏ်း ဘုရားပုံပန်းသဏ္ဌာန်တော်ကို ပူဇော်ကြလေသည်)။

"ထိုမင်းတို့၏ အသံကဲ့သို့ ငါဘုရား၏ အသံသည်လည်း ဖြစ်ပေ၏" ဟူရာ၌ ထိုမင်းတို့မှာ အချို့က ကွဲပြတ်သော အသံရှိကြ၍ အချို့က အိုမင်းသော အသံရှိကြလျက် အချို့က ကျေးသံကဲ့သို့သော အသံရှိကြ လေသည်၊ မြတ်စွာဘုရားကား ဗြဟ္မာမင်း၏အသံကဲ့သို့သော အင်္ဂါ ရှစ်ဖော်နှင့်ပြည့်စုံသည့် အသံ ရှိတော်မူသည်သာ ဖြစ်၏။ ဤ "အသံတူမှု" ဟူသော စကားရပ်ကို ဘာသာစကား အသံတပါးကို ရည်ညွှန်း၍ မိန့်တော်မူအပ်လေသည်။ အကယ်၍ မြတ်စွာဘုရားသည် မင်းတို့နေရာ ရာဇပလ္လင်၌ ထိုင်နေတော်မူလျက် တရားဟောတော်မူခဲ့လျှင် ထိုနား ထောင်သူတို့၏ စိတ်သန္တာန်ဝယ် မင်း၏ ပုံပန်းသဏ္ဌာန်အသွင်ဖြင့်ပင် ထင်မြင်ကြကာ "ယနေ့ ငါတို့မင်းကြီးသည် ချိုမြိန်သောအသံဖြင့် ပြောဆိုပေ၏" ဟု အကြံအစည် ဖြစ်ရှိလေသည်။ မြတ်စွာဘုရား တရား ဟောပြီး၍ ဖဲသွားတော်မူလတ်သော် တဖန် လာလတ်သော မင်းကို မြင်ကြလျှင် ထိုသို့ မိမိတို့၏ မင်းအစစ်ကို မြင်ကြရမှ "ဤမင်းတို့နေရာ ရာဇပလ္လင်ပေါ်၌ ယခုပင်လျှင် မဂဓဘာသာဖြင့် (သို့မဟုတ် သီဟဠ ဘာသာဖြင့်) ချိုမြိန်သော အခြင်းအရာဖြင့် တရားစကား ဟောပြော လျက် ကွယ်၍သွားသော ဤသူကား အဘယ်သူနည်း၊ နတ်လေလော၊ သို့မဟုတ် လူလေလော" ဤကဲ့သို့ စဉ်းစားဆင်ခြင်ကြလေသည်၊ ထိုသို့ စဉ်းစားဆင်ခြင်ကြသော်လည်း မြတ်စွာဘုရားမှန်း မသိကြကုန်။

ဤ၌ "ဤကဲ့သို့ မသိကြသောသူတို့အား အဘယ်အကျိုးငှါ မြတ်စွာဘုရားသည် တရားဟောတော်မူသနည်း" ဟု မေးဖွယ်ရှိ၏။ အဖြေကား—တရားအထုံဝါသနာ ဖြစ်ပါစေခြင်းငှါ ဟောတော်မူ၏ ဟူပေ၊ ချဲ့ဦးအံ့—ဤကဲ့သို့ တရားဟောသူကိုလည်း မည်သူမှန်းမသိပဲ, တရားသဘောကိုလည်း နှစ်နှစ်ခနှာခနှာ မသိရပဲ နာကြားအပ်သော တရားတော်ပင် ဖြစ်လင့်ကစား တရားတော်၏ သွာက္ခာတတာ-အစရှိ သော အလွန်ကောင်းမြတ်သည့် ကျေးဇူးဂုဏ်ကြောင့် တရားနာသူ၏ အဖို့ရာ နောက်အနာဂတ်အခါ၌ မဂ်ဖိုလ်ရကြောင်း ကောင်းမြတ်သော

WWW.DHAMMARANSI.COM



ဥပနိဿယည်း ပစ္စည်းဖြစ်နိုင်ခဲ့လေသည်၊ ထို့ကြောင့် နောက်အခါ တရားအထုံဝါသနာ ရပါစိမ့်သောငှါ ဟောတော်မူ၏။

"အရာမကသော ပုဏ္ဏားပရိသတ် အစည်းအဝေးပွဲများ"-သည် အတွက်လည်း သောဏဒဏ္ဍပုဏ္ဏားအစည်းအဝေး, ကူဋဒန္တပုဏ္ဏားအစည်းအဝေး—စသည်အားဖြင့်၎င်း အခြားစကြဝဠာ၌ ဖြစ်သော အစည်းအဝေးအားဖြင့်၎င်း ဖြစ်သင့်သည်ကို မှတ်ယူရာ၏။

ဤ၌ "မြတ်စွာဘုရားသည် အဘယ်အကျိုးငှါ ဤပရိသတ်ရှစ်မျိုးကို ထုတ်ဆောင်ဟောပြတော်မူပါသနည်း"ဟု မေးဖွယ်ရှိ၏။ အဖြေကား—ကိုယ်တော်မြတ်၏ မကြောက်ရွံ့ခြင်းကို ပြဆိုရန် ထုတ်ဆောင်ဟောပြတော်မူ၏ဟူပေ၊ ချဲ့ဦးအံ့—မြတ်စွာဘုရားသည် ဤ ပရိသတ်ရှစ်မျိုးအကြောင်းကို ထုတ်ဆောင် ဟောပြတော်မူပြီးလျှင် "ချစ်သားအာနန္ဒာ....ဤ ပရိသတ်ရှစ်မျိုးလုံးသို့ ချဉ်းကပ်သွားရောက်ကာ တရားဟောတော်မူသော မြတ်စွာဘုရားအဖို့ရာ ကြောက်ခြင်း, ရွံ့ခြင်း အလျှင်းပင် မရှိပေ၊ ထိုသို့ ဖြစ်ပါလျက် မာရ်နတ် တယောက်တည်း ယခုလာရောက်သည်ကို မြင်လတ်၍ "မြတ်စွာဘုရားသည် ကြောက်ရွံ့လေရာ၏"ဟု အဘယ်သူသည် ဤသို့သောအမှတ်သညာကို ဖြစ်စေခြင်းငှါ ထိုက်တန်အံ့နည်း၊ မထိုက်တန်သည်သာ။ ချစ်သားအာနန္ဒာ....မြတ်စွာဘုရားသည် မကြောက်မရွံ့ မတုန်မလှုပ်ပဲ သတိရှိလျက် သမ္ပဇဉ်တရားရှိလျက် အာယုသင်္ခါရကို လွှတ်တော်မူသည်"ဟု အရှင်အာနန္ဒာမထေရ်ကို ဖွင့်ဟမိန့်ကြားတော်မူလေသည်။ ဤစကားရပ်ကား သံဂါယနာမတင်အပ်သည့် ပကိဏ္ဏက ဓမ္မဒေသနာပါဠိမျှပင် ဖြစ်လေသည်၊ ထိုထိုအဋ္ဌကထာ၌ ထုတ်ဖော်ပြသအပ်လေသည်)။

## အဘိဘာယတန ရှစ်ပါး

ထို့နောက် မြတ်စွာဘုရားရှင်သည် စကားတော်အယဉ် မပြတ်စေပဲ တဖန်ဆက်၍ ဤဆိုလတ္တံ့သောအတိုင်း အဘိဘာယတနစျာန်ရှစ်ပါးတို့ကို ဟောကြားတော်မူပြန်လေသည်—

"ချစ်သားအာနန္ဒာ···· ဆန့်ကျင်ဘက်တရားနှင့် အာရုံတို့ကို လွှမ်းမိုးနိုင်ကြောင်း = အဘိဘာယတနစျာန်တရားတို့သည် ရှစ်ပါးတို့ ရှိကုန်၏၊ ရှစ်ပါးတို့ဟူသည်မှာ—

WWW.DHAMMARANSI.COM



တဦးသောပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်၌ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာရှိ၍(အဇ္ဈတ္တရုပ်၌ပရိကမ္မဘာဝနာသညာကို ပွါးပြီးနောက်ဟု ဆိုလိုသည်)အပြင်အပ ဗဟိဒ္ဓသန္တာန်၌ ရှိသော ကောင်းသောအဆင်းရှိ မကောင်းသော အဆင်းရှိကြသည့် ငယ်သောကသိုဏ်းရုပ်တို့ကို အပ္ပနာဘာဝနာဖြင့်ရှု၏၊ ထိုငယ်သောကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ ထိုဈာန်မှထသောအခါ ထိုရုပ်တို့ကို "ငါသိသည်၊ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန်ကား ပဌမ-အဘိဘာယတန ဈာန်ပေတည်း။(၁)။ ။(စာဖတ်သူ သူတော်စင်....ဈာန်ရပုဂ္ဂိုလ်တို့၏ဆိုင်ရာ တရားစကားဖြစ်၍ ရုတ်တရက်သော် နားမရှင်းမလင်းပဲ ရှိလိမ့်မည်၊ စိတ်အားမလျှော့ပါလင့်၊ အမိပွါယ် ရှင်းပြသောအခါ ကောင်းစွာ နားလည်လာပါလိမ့်မည်)။

အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာ သညာရှိ၍ (ယင်းသို့သညာရှိပြီးနောက်) အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသော ကောင်းသော အဆင်း,မကောင်းသော အဆင်းရှိကြသည့် ကြီးသောကသိုဏ်းရုပ်တို့ကို အပ္ပနာဘာဝနာဖြင့် ရှု၏၊ ထိုကြီးသောကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ထိုဈာန်မှထသောအခါ ထိုရုပ်တို့ကို "ငါသိသည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန်ကား ဒုတိယအဘိဘာယတန ဈာန်ပေတည်း။ (၂)

အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာ သညာမရှိပဲ (ပရိကမ္မဘာဝနာသညာကိုမပွါးတော့ပဲဟု ဆိုလိုသည်)အပြင်အပ ဗဟိဒ္ဓသန္တာန်၌ ရှိသော ကောင်းသောအဆင်း,မကောင်းသောအဆင်းရှိကြသည့် ငယ်သောကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာသညာ, အပ္ပနာ-ဘာဝနာသညာတို့ဖြင့် အစဉ်အတိုင်းရှု၏၊ ထိုငယ်သောကသိုဏ်းရုပ်တို့ကိုလွှမ်းမိုး၍ အပ္ပနာဈာန်ကိုဝင်စား၏။ ထိုဈာန်မှထသော

WWW.DHAMMARANSI.COM



အခါ ထိုရုပ်တို့ကို "ငါသိသည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန်ကား တတိယအဘိဘာယတန ဈာန်ပေတည်း။ (၃)

အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာ သညာမရှိပဲ အပြင်အပ ဗဟိဒ္ဓ သန္တာန်၌ရှိသော ကောင်းသော အဆင်းရှိ, မကောင်းသော အဆင်းရှိကြသည့် ကြီးသောကသိုဏ်းရုပ်တို့ကို ပရိကမ္မဘာဝနာ သညာ, အပ္ပနာဘာဝနာသညာတို့ဖြင့် အစဉ်အတိုင်းရှု၏၊ ထို ကြီးသောကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ ထိုဈာန်မှ ထသောအခါ ထိုရုပ်တို့ကို "ငါသိသည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန်ကား စတုတ္ထအဘိဘာယတနဈာန်ပေတည်း။ (၄)

အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓ သန္တာန်၌ရှိသော ညိုသောအဆင်း, အသွေး, အရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ,အပ္ပနာ ဘာဝနာသညာနှစ်ပါးတို့ဖြင့် အစဉ်အတိုင်းရှု၏။ ဥပမာအားဖြင့် ညိုသောအဆင်း,အသွေး, အရောင်ရှိသည့် အောက်မဲညို ပန်းကဲ့သို့၎င်း ညိုသောအဆင်း, အသွေး,အရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဖက်ချောအဝတ် ကဲ့သို့၎င်း ဤအတူ ဤအခြားတဦးသောပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တ သန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသော ညိုသောအဆင်း, အသွေး, အရောင်ရှိ သည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ,အပ္ပနာ ဘာဝနာသညာနှစ်ပါး တို့ဖြင့် အစဉ်အတိုင်းရှု၏၊ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာ ဈာန်ကို ဝင်စား၏။ ထိုဈာန်မှထသောအခါ ထိုရုပ်တို့ကို "ငါသိ သည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန် ကား ပဉ္စမအဘိဘာယတနဈာန်ပေတည်း။ (၅)

အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓ

WWW.DHAMMARANSI.COM



သန္တာန်၌ရှိသော ဝါရွှေသော အဆင်း, အသွေး, အရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ,အပ္ပနာ ဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ဥပမာအားဖြင့် ဝါရွှေသောအဆင်း, အသွေး, အရောင်ရှိသည့် မဟာလှေကားပန်းကဲ့သို့၎င်း ဝါရွှေသောအဆင်း, အသွေး, အရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဖက်ချော အဝတ်ကဲ့သို့၎င်း ဤအတူ ဤအခြားတဦးသောပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသော ဝါရွှေသော အဆင်း, အသွေး, အရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ, အပ္ပနာ ဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏၊ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ ထိုဈာန်မှထသောအခါ ထိုရုပ်တို့ကို "ငါသိသည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန်ကား ဆဋ္ဌအဘိဘာယတန ဈာန်ပေတည်း။ (၆)

အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသော နီသော အဆင်း, အသွေး, အရောင် ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ, အပ္ပနာ ဘာဝနာသညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ဥပမာအားဖြင့် နီသောအဆင်း,အသွေး, အရောင်ရှိသည့် မိုးဆွေပန်းကဲ့သို့၎င်း နီသောအဆင်း, အသွေး, အရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဖက်ချော အဝတ်ကဲ့သို့၎င်း ဤအတူ ဤအခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသော နီသောအဆင်း,အသွေး,အရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ,အပ္ပနာ ဘာဝနာသညာနှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏၊ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ ထိုဈာန်မှ ထသောအခါ ထိုရုပ်တို့ကို "ငါသိသည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ်သညာရှိ၏။ ဤဈာန်ကား သတ္တမ အဘိဘာယတန ဈာန် ပေတည်း။ (၇)

WWW.DHAMMARANSI.COM



အခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာသညာမရှိပဲ အပြင်အပ ဗဟိဒ္ဓ သန္တာန်၌ ရှိသော ဖြူသောအဆင်း, အသွေး, အရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ,အပ္ပနာ ဘာဝနာသညာနှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏။ ဥပမာအားဖြင့် ဖြူသောအဆင်း, အသွေး, အရောင်ရှိသည့် သောက်ရှူးကြယ်ကဲ့သို့၎င်း ဖြူသော အဆင်း, အသွေး, အရောင်ရှိသည့် ဗာရာဏသီပြည်ဖြစ် နှစ်ဖက်ချော အဝတ်ကဲ့သို့၎င်း ဤအတူ ဤအခြားတဦးသော ပုဂ္ဂိုလ်သည် မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ အဆင်းရုပ်၌ ပရိကမ္မဘာဝနာ သညာမရှိပဲ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသော ဖြူသောအဆင်း, အသွေး, အရောင်ရှိသည့် ကသိုဏ်းရုပ်တို့ကို ပရိကမ္မ, အပ္ပနာ ဘာဝနာ သညာ နှစ်ပါးတို့ဖြင့် အစဉ်အတိုင်း ရှု၏၊ ထိုကသိုဏ်းရုပ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စား၏။ ထိုဈာန်မှ ထသောအခါ ထိုရုပ်တို့ကို "ငါသိသည်၊ ငါမြင်သည်"ဟု ဤသို့လည်း အမှတ် သညာရှိ၏။ ဤဈာန်ကား အဋ္ဌမအဘိဘာယတန ဈာန်ပေတည်း"(၈) ဟု မိန့်တော်မူ၏။ (မြတ်စွာဘုရားရှင်၏ စကား တော်အဆက်ကား မပြီးဆုံးသေးပါ)။

(ဤ၌။ ။အဘိဘာယတနဈာန်ဟူသည်မှာ—(အဘိဘု=) ဆန့်ကျင်ဘက်နီဝရဏတရားတို့ကို၎င်း အာရုံကို၎င်း လွှမ်းမိုးနိုင်နင်းသည့်+ (အာယတန=) ယောဂီပုဂ္ဂိုလ်၏အတွက် သုခအလူးတို့၏အကြောင်း ဖြစ်သောဈာန်ဟု ဆိုလိုသည်။ ယောဂီပုဂ္ဂိုလ်က အလွန်ဉာဏ်ကြီးမြတ် သူဖြစ်သည့်အတွက် အလွယ်တကူနှင့် ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို လည်း ပယ်ရှားလွှမ်းမိုးနိုင်သည့်ပြင် ဈာန်၏အာရုံတို့ကိုလည်း ငယ် သော ကြီးသောမဟူ အလွယ်တကူနှင့်ပင် နိုင်နင်းစွာ ရှုမှတ်ပွါးများ၍ ရရှိအပ်သောဈာန်ကို အဘိဘာယတနဈာန်ဟူ၍ ခေါ်၏။

ထိုအဘိဘာယတနဈာန်ကို ရရှိအောင် အားထုတ်ရာ၌ အစပျိုး၍ ပွါးများအားထုတ်သော ပရိကမ္မဘာဝနာအလုပ်မှာ မိမိ၏ကိုယ်တွင်းရှိ အဇ္ဈတ္တရုပ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာ အစပျိုးပွါးများသည်လည်း ရှိ၏(၁)။ အပြင်အပ ဗဟိဒ္ဓသန္တာန်ရှိရုပ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာ အစပျိုးပွါးများသည်လည်း ရှိ၏ (၂)။

WWW.DHAMMARANSI.COM



ထိုနှစ်မျိုးတို့တွင် အဇ္ဈတ္တရုပ်၌ နီလကသိုဏ်းပရိကံကို ပြုလုပ်ပွါးများလိုသော ယောဂီပုဂ္ဂိုလ်သည် ဆံပင်၌ဖြစ်စေ, သည်းခြေ၌ဖြစ်စေ, မျက်နက်ဝန်း၌ဖြစ်စေ နီလံ နီလံ နီလံ=အညို အညို အညိုဟု အဖန်ဖန် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။ ထိုအဇ္ဈတ္တရုပ်၌ ပီတကသိုဏ်းပရိကံကို ပြုလုပ်ပွါးများလိုသော ယောဂီပုဂ္ဂိုလ်သည် အဆီခဲ၌ဖြစ်စေ, အရေ၌ဖြစ်စေ, လက်ဖမိုး ခြေဖမိုး၌ဖြစ်စေ, မျက်စိအတွင်း ဝါရွှေသော အရာအရုပ်၌ဖြစ်စေ ပီတံ ပီတံ ပီတံ=အရွှေ အရွှေ အရွှေဟု အဖန်ဖန် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။ ထိုအဇ္ဈတ္တရုပ်၌ လောဟိတကသိုဏ်းပရိကံကို ပြုလုပ်ပွါးများလိုသော ယောဂီပုဂ္ဂိုလ်သည် အသား၌ဖြစ်စေ, အသွေး၌ဖြစ်စေ, လျှာ၌ဖြစ်စေ, မျက်စိအတွင်း နီမြန်းရာအရပ်၌ဖြစ်စေ လောဟိတံ လောဟိတံ လောဟိတံ=အနီ အနီ အနီဟု အဖန်ဖန် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။ ထိုအဇ္ဈတ္တရုပ်၌ ဩဒါတကသိုဏ်းပရိကံကို ပြုလုပ်ပွါးများလိုသော ယောဂီပုဂ္ဂိုလ်သည် အရိုး၌ဖြစ်စေ, သွား၌ဖြစ်စေ, လက်သည်း ခြေသည်း၌ဖြစ်စေ, မျက်ဖြူ၌ဖြစ်စေ ဩဒါတံ ဩဒါတံ ဩဒါတံ=အဖြူ အဖြူ အဖြူဟု အဖန်ဖန် ပရိကမ္မဘာဝနာအလုပ်ကို အားထုတ်ရ၏။

ထိုအဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာသာ ပြည့်စုံနိုင်သည်၊ အပ္ပနာဘာဝနာ မပြည့်စုံနိုင်။ ထိုအဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာပြု၍ ရအပ်သော ကသိုဏ်းနိမိတ်အာရုံသည် ပဋိဘာဂနိမိတ်အာရုံဖြစ်နိုင်လောက်အောင် မစင်ကြယ်နိုင်၊ ထို့ကြောင့် ထိုအဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာအလုပ် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ပရိကမ္မသမာဓိ အားရှိသောအခါ ပဋိဘာဂနိမိတ်အာရုံရရှိရန် အပြင်အပ ဗဟိဒ္ဓရုပ်တို့ကို ပြောင်း၍ တဖန် ဘာဝနာအလုပ် အားထုတ်ရပြန်သည်၊ ထိုသို့ အားထုတ်သော အခါ ပဋိဘာဂနိမိတ်အာရုံရရှိ၍ ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့သို့ ဆိုက်ရောက်ကာ ဈာန်တရားကို ရရှိလေသည်။

(၂) အမှတ်ပြ အပြင်အပ ဗဟိဒ္ဓရုပ်၌ ပရိကမ္မဘာဝနာအလုပ် အားထုတ်သောယောဂီပုဂ္ဂိုလ်သည်ကား ထိုဗဟိဒ္ဓရုပ်၌ပင် အာရုံနိမိတ် သုံးမျိုးထင်လာကာ ဘာဝနာသုံးမျိုး (ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ) ပြည့်စုံသဖြင့် ဈာန်တရားကို ရရှိလေသည်။

ထိုဘာဝနာတို့၏ အာရုံနိမိတ်သည် ငယ်သည်လည်း ရှိ၏၊ ကြီးသည်လည်းရှိ၏။ ငယ်သည်ဖြစ်စေ ကြီးသည်ဖြစ်စေ ဉာဏ်အလွန်ထက်မြက်

WWW.DHAMMARANSI.COM



သော ယောဂီပုဂ္ဂိုလ်သည် ငယ်သောအာရုံနိမိတ်ဖြစ်လျှင် (ငမ်းမိုး ကောင်းသောသူသည် တယောက်ချိုမျှသော အစာထမင်းကို ရရှိလတ်သော် 'ဤထမင်း၌ စားဖွယ်ရာ ဘယ်လောက်များ ရှိရှိနည်း' ဟု အောက်မေ့ကာ ရှိသမျှအစာထမင်းကို စုရုံးပြီးလျှင် တလုပ်မျှသာပြု၍ အလျှင်အမြန် စားသောက်လေသကဲ့သို့) ဤအတူပင် ဉာဏ်အမြင် သန့်ရှင်းသူဖြစ်ရကား "ဤအနည်းငယ်မျှသောအာရုံ၌ ခဲခဲယဉ်းယဉ်း နှလုံးသွင်း ဝင်စားဖွယ်ရာအဘယ်မှာ ရှိအံ့နည်း၊ ဤအာရုံ၌ အပ္ပနာ ချာန်ကို ရဖို့ရန်အလုပ်သည် ငါ့အဖို့ရာ ဝန်လေးသော အလုပ်မဟုတ်" ဟု အောက်မေ့ကာ ထိုအခါင်းရုပ်=အနည်းငယ်မျှသော အာရုံနိမိတ် တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန်ကို ဝင်စားနိုင်၏၊=ပဋိဘာဂနိမိတ်အာရုံ ကို အလွယ်တကူနှင့်ပင် ရရှိကာ ဥပစာရဈာန်ကို ရပြီးသည်၏ အခြား မဲ့မှာပင် အပ္ပနာဈာန်ကို ဖြစ်စေနိုင်လေသည်။ ထိုသို့ရရှိသောဈာန်ကို (ဆန့်ကျင်ဘက်နီဝရဏတရားနှင့်အာရုံတို့ကို အလွယ်တကူနှင့် လွှမ်းမိုး နိုင်နင်း ဖြစ်ပွါးလာသောကြောင့်) အဘိဘာယတနဈာန်ဟူ၍ ခေါ်၏။

ထိုဉာဏ်အလွန်ထက်မြက်သော ယောဂီပုဂ္ဂိုလ်သည် ကြီးသောအာရုံ နိမိတ်ဖြစ်လျှင် (ဝမ်းမီးအလွန်ကောင်း၍ အစားကြီးသော ယောကျ်ား သည် ခူးပြီးပြင်ပြီးသော ထမင်းပွဲကြီးတပွဲကို ရရှိလတ်သော် "အခြား ထမင်းတပွဲပင် ရှိလင့်ဦးတော့၊ ငါ့အဖို့ရာ ထိုထမင်းပွဲသည် အဘယ်မှု စအံ့နည်း=အရေးမလုပ် ကုန်အောင်စားနိုင်သည်သာ" ဟု အောက်မေ့ ကာ ထိုထမင်းပွဲကို ကြီးကျယ်များပြားသောအနေ မရေမတွက်ပဲ အလွယ်တကူနှင့်ပင် ကုန်အောင်စားသုံးပစ်လိုက်သကဲ့သို့) ဤအတူပင် မိမိက ဉာဏ်အမြင်သန့်ရှင်းသူဖြစ်ရကား "ဤကြီးသောအာရုံ၌ ခဲခဲ ယဉ်းယဉ်း နှလုံးသွင်း ဝင်စားဖွယ်ရာ အဘယ်မှာ ရှိအံ့နည်း၊ ဤအာရုံ သည် ငါ့အဖို့ရာ နှလုံးမသွင်းနိုင်လောက်အောင် မဝင်စားနိုင်လောက် အောင် ကြီးကျယ်သော အာရုံ မဟုတ်၊ ဤအာရုံ၌ သမာဓိရအောင် ပြုလုပ်ဖို့ရန် ငါ့အဖို့ရာ ဝန်လေးဖွယ် အနည်းငယ်မျှမရှိ" ဟု အောက် မေ့ကာ ထိုကြီးကျယ်သော အာရုံနိမိတ်တို့ကို လွှမ်းမိုး၍ အပ္ပနာဈာန် ကို ဝင်စားနိုင်၏၊=ပဋိဘာဂနိမိတ်အာရုံကို အလွယ်တကူနှင့်ပင် ရရှိကာ ဥပစာရဈာန်ကို ရပြီးသည်၏ အခြားမဲ့မှာပင် အပ္ပနာဈာန်ကို ဖြစ်စေနိုင်လေသည်။ ထိုသို့ရရှိသောဈာန်ကို (ဆန့်ကျင်ဘက်နီဝရဏ တရားနှင့် အာရုံတို့ကို အလွယ်တကူနှင့် လွှမ်းမိုးနိုင်နင်း ဖြစ်ပွါးလာ သောကြောင့်) အဘိဘာယတနဈာန်ဟူ၍ ခေါ်၏။

WWW.DHAMMARANSI.COM



ရွေးဖော်ပြရာပါ အဘိဘာယတနစျာန်ရှစ်ပါးတို့အနက်—

၁-အမှတ်ပြ အဘိဘာယတနစျာန်မှာ ရှေးဦးစွာ အဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာကို ထူထောင်ပြီးနောက်မှ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ ရှိသည့် ကောင်းသောအဆင်းရှိ, မကောင်းသောအဆင်းရှိသော သေးငယ်သောကသိုဏ်းရုပ်၌ ပဋိဘာဂနိမိတ်အာရုံကိုရရှိကာ အလွယ်တကူ လျင်မြန်စွာ ဥပစာရသမာဓိစျာန်, အပ္ပနာသမာဓိစျာန်ပေါက် ရောက်ရှိသောစျာန်ဖြစ်သည်။ ၂-အမှတ်ပြ အဘိဘာယတနစျာန်မှာ ထိုအတူပင် ကြီးကျယ်သော ကသိုဏ်းရုပ်၌ ဥပစာရသမာဓိ, အပ္ပနာသမာဓိပေါက် ရောက်ရှိသောစျာန်ဖြစ်သည်။ ၃-အမှတ်ပြ အဘိဘာယတနစျာန်မှာ အဇ္ဈတ္တရုပ်၌ ပရိကမ္မဘာဝနာကို မထူထောင်ပဲ အပြင်အပ ဗဟိဒ္ဓသန္တာန်၌ရှိသည့် ကောင်းသောအဆင်းရှိ, မကောင်းသော အဆင်းရှိသော သေးငယ်သောကသိုဏ်းရုပ်၌ ပရိကမ္မနိမိတ်အာရုံ, ဥဂ္ဂဟနိမိတ်အာရုံ, ပဋိဘာဂနိမိတ်အာရုံ= ဤအာရုံသုံးမျိုး အစဉ်အတိုင်းရရှိကာ ပရိကမ္မဘာဝနာ, ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ=ဤဘာဝနာသုံးပါးတို့ အစဉ်အတိုင်း အလွယ်တကူ ပွါးများပေါက်ရောက်ကာ ရရှိအပ်သောစျာန်ဖြစ်သည်။ ၄-အမှတ်ပြ အဘိဘာယတနစျာန်မှာ ထိုအတူပင် ကြီးကျယ်သော ကသိုဏ်းရုပ်၌ ပေါက်ရောက်ရရှိအပ်သော စျာန်ဖြစ်သည်။

၅-၆-၇-၈-အမှတ်ပြ အဘိဘာယတန စျာန်လေးပါးတို့မှာ အလွန်သန့်ရှင်း စင်ကြယ်သောအဆင်းရှိသည့် အပြင်အပ ဗဟိဒ္ဓ နီလ, ပီတ, လောဟိတ, ဩဒါတ= ဤကသိုဏ်းရုပ် လေးအာရုံတို့၌ အလွယ်တကူ ရရှိအပ်သော စျာန်လေးပါးတို့ဖြစ်လေသည်။ အစဉ်အတိုင်းမှတ်ယူလေ။

ထိုအဘိဘာယတနစျာန်ရှစ်မျိုးတို့တွင် ရှေ့စျာန်လေးပါးတို့၌ ဝိတက်စရိုက်ပြောများသော ပုဂ္ဂိုလ်အတွက် ငယ်သောကသိုဏ်းရုပ်စျာန် လာရှိသည်၊ မောဟစရိုက်ပြောများသော ပုဂ္ဂိုလ်အတွက် ကြီးသော ကသိုဏ်းရုပ်စျာန် လာရှိသည်၊ ဒေါသစရိုက်ပြောများသော ပုဂ္ဂိုလ်အတွက် ကောင်းသောအဆင်းရှိသည့် ကသိုဏ်းရုပ်စျာန် လာရှိသည်၊ ရာဂစရိုက်ပြောများသော ပုဂ္ဂိုလ်အတွက် မကောင်းသော အဆင်းရှိသည့် ကသိုဏ်းရုပ်စျာန် လာရှိသည်၊ မှန်၏–ထိုပုဂ္ဂိုလ်လေးမျိုးတို့အား ထိုကသိုဏ်းရုပ်လေးမျိုးတို့သည် အစဉ်အတိုင်း သပ္ပါယဖြစ်ကြကုန်၏။

ဤအဘိဘာယတနစျာန်ရှစ်မျိုးတို့ကို မြတ်စွာဘုရားရှင်သည် ကိုယ်တော်မြတ်မရပဲ မဝင်စားဘူးပဲ ဟောကြားတော်မူသည်မဟုတ်၊ စင်

WWW.DHAMMARANSI.COM



စစ်ကား ကိုယ်တော်တိုင်ရရှိ၍ အကြိမ်ကြိမ်ဝင်စားပြီးသည့်တို့ကို ဟောကြားတော်မူလေသည်။ သာသနာပြင်ပ ဗာဟိရကဖြစ်သည့် အချို့သော ပုဂ္ဂိုလ်၏ အဖို့ရာ အလွန်ပြန့်ကျယ်ကြီးမားသည့် ကသိုဏ်းနိမိတ်အာရုံကို မြင်ရလျှင် "ဤအာရုံကြီးကား အဘယ်သို့သော အာရုံကြီးပေနည်း၊ ဩကာသလောကကြီးတခုလုံး ဖုံးအုပ်လွှမ်းမိုးကာ ယူနေပါတကား" ဟု ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်း ဖြစ်လေရာ၏၊ မြတ်စွာဘုရား၏ အဖို့မှာမူ ထိုသို့ကြောက်ရွံ့ခြင်း ထိတ်လန့်ခြင်း အလျှင်းပင်မရှိချေ၊ သို့ရကား ကိုယ်တော်မြတ်၏ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းတော်မူခြင်းကို ပြဆိုရန် ဤအဘိဘာယတနရှစ်မျိုးတို့ကို အရှင်အာနန္ဒာအား ဟောကြားထုတ်ဖော် ပြသတော်မူ၏။

ဤအဘိဘာယတနရှစ်မျိုးတို့ကို ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ.... ဤသို့သဘောရှိသော အဘိဘာယတနရှစ်ချက် သမာပတ်တို့ကို ဝင်စားတော်မူ ထိုရှစ်ချက်သမာပတ်တို့မှ ထတော်မူသော မြတ်စွာဘုရား၏ အဖို့ရာ ကြောက်ခြင်း ရွံ့ရှားခြင်း အလျှင်းပင်မရှိချေ၊ ထိုသို့ဖြစ်ပါလျက် မာရ်နတ်တယောက်တည်း ယခုလာရောက်သည်ကို မြင်လတ်၍ 'မြတ်စွာဘုရားသည် ကြောက်ရွံ့လေရာ၏' ဟု အဘယ်သူသည် ဤသို့သော အမှတ်သညာကို ဖြစ်စေခြင်းငှါ ထိုက်တန်အံ့နည်း၊ မထိုက်တန်သည်သာ။ ချစ်သားအာနန္ဒာ.... မြတ်စွာဘုရားသည် မကြောက်မရွံ့ မတုန်မလှုပ်ပဲ သတိရှိလျက် သမ္ပဇဉ်တရားရှိလျက် အာယုသင်္ခါရကို လွှတ်တော်မူသည်" ဟု ဖွင့်ဟမိန့်ကြားတော်မူလေသည်။ ဤစကားရပ်ကား သံဂါယနာမတင်အပ်သည့် ပကိဏ္ဏက ဓမ္မဒေသနာ ပါဠိဓမ္မပင် ဖြစ်လေသည်၊ ထိုကို အဋ္ဌကထာ၌ ထုတ်ဖော်ပြသအပ်လေသည်)။

### ဝိမောက္ခ ရှစ်ပါး

ထို့နောက် မြတ်စွာဘုရားရှင်သည် စကားတော်အဆဉ် မပြတ်စေပဲ တဖန်ဆက်၍ အရှင်အာနန္ဒာမထေရ်အား ဤဆိုလတ္တံ့သော အတိုင်း ဝိမောက္ခ (= လွတ်မြောက်ခြင်း) တရား ရှစ်ပါးတို့ကို ဟောကြားတော်မူပြန်လေသည်—

"ချစ်သားအာနန္ဒာ .... လွတ်မြောက်ခြင်း = ဝိမောက္ခတရားတို့သည် ရှစ်ပါးရှိကုန်၏၊ ရှစ်ပါးတို့ဟူသည်မှာ—

WWW.DHAMMARANSI.COM



မိမိသန္တာန်၌ ကသိုဏ်းရုပ်ရှာန်ရှိသည်ဖြစ်၍ ပြင်ပသန္တာန်၌လည်း ကသိုဏ်းရုပ်တို့ကို ရှု၏။ ဤကား ပဌမဝိမောက္ခတည်း။ (၁)

မိမိသန္တာန်၌ အဆင်းရုပ်ကို မရှုမူ၍ ပြင်ပသန္တာန်၌ ကသိုဏ်းရုပ်တို့ကို ရှု၏။ ဤကား ဒုတိယဝိမောက္ခတည်း။ (၂)

တင့်တယ်၏ဟူ၍သာလျှင် နှလုံးသွင်း၏။ ဤကား တတိယဝိမောက္ခတည်း။ (၃)

ရူပသညာတို့ကို လုံးဝလွန်မြောက်၍ ပဋိဃသညာတို့ လုံးဝချုပ်သည့်ပြင် နာနတ္တသညာတို့ကို လုံးဝနှလုံးမသွင်းမူ၍ "ကောင်းကင်သည် အဆုံးမရှိ" ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနဈာန်သို့ ရောက်၍နေ၏။ ဤကား စတုတ္ထဝိမောက္ခတည်း။ (၄)

အာကာသာနဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "ဝိညာဏ်သည် အဆုံးမရှိ"ဟု နှလုံးသွင်းလျက် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၍နေ၏။ ဤကား ပဉ္စမဝိမောက္ခတည်း။ (၅)

ဝိညာဏဉ္စာယတနဈာန်ကို လုံးဝလွန်မြောက်၍ "တစုံတခုမျှ မရှိ"ဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနဈာန်သို့ ရောက်၍နေ၏။ ဤကား ဆဋ္ဌဝိမောက္ခတည်း။ (၆)

အာကိဉ္စညာယတနဈာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနဈာန်သို့ ရောက်၍နေ၏။ ဤကား သတ္တမဝိမောက္ခတည်း။ (၇)

နေဝသညာနာသညာယတနဈာန်ကို လုံးဝလွန်မြောက်၍ သညာ, ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်သို့ ရောက်၍နေ၏။ ဤကား အဋ္ဌမဝိမောက္ခတည်း။ (၈)

ချစ်သားအာနန္ဒာ····လွတ်မြောက်ခြင်း = ဝိမောက္ခတရားတို့သည် ဤရှစ်ပါးတို့တည်း"ဟု မိန့်တော်မူ၏။ (မြတ်စွာဘုရားရှင်၏ စကားတော်အဆက်ကား မပြီးဆုံးသေးပါ)။

WWW.DHAMMARANSI.COM



(ဤ၌—ဆန့်ကျင်ဘက် နီဝရဏတရားစသည်တို့မှ ကောင်းစွာ လွတ်မြောက်သောကြောင့်၎င်း, အဖ၏ရင်ခွင်၌ သားငယ်သည် စိတ်ချ လက်ချ ကိုယ်အင်္ဂါတို့ကို ပစ်ချကာ အိပ်စက်သကဲ့သို့ သက်ဆိုင်ရာ ကသိဏ်းရုပ်-စသောအာရုံ၌ အဖိအနှိပ် အပိတ်အပင်မရှိ ကျွတ်ကျွတ် လွတ်လွတ် ဖြစ်တတ်သောကြောင့်၎င်း ဝိမောက္ခဟူ၍ ခေါ်၏။

ဖော်ပြရာပါ ဝိမောက္ခရှစ်ပါးတို့တွင် ရှေ့သုံးပါးကား ရူပါဝစရစျာန် တို့တည်း။ ထိုတွင် ၁-အမှတ်ပြ ဝိမောက္ခကား အဇ္ဈတ္တ,ဗဟိဒ္ဓကသိဏ်းရုပ် တို့၌ ပွါးများ၍ရအပ်သော ရူပါဝစရစျာန်တို့တည်း။ ၂-အမှတ်ပြ ဝိမောက္ခကား ဗဟိဒ္ဓကသိဏ်းရုပ်တို့၌ ပွါးများ၍ရအပ်သော ရူပါဝစရ စျာန်တို့တည်း။ ၃-အမှတ်ပြ ဝိမောက္ခကား အလွန်သန့်ရှင်းစင်ကြယ် သော နီလ,ပီတ,လောဟိတ, ဩဒါတတည်းဟူသော ဝဏ္ဏကသိဏ်းရုပ် တို့၌ ပွါးများ၍ရအပ်သော ရူပါဝစရစျာန်တို့တည်း။ ဤ ၃-အမှတ်ပြ ဝိမောက္ခ၌ စျာန်ကိုဝင်စားစဉ် အပ္ပနာစျာန်၏အတွင်း၌ စျာန်ရပုဂ္ဂိုလ် မှာ "တင့်တယ်၏"ဟု နှလုံးသွင်းမှု မရှိသော်လည်း သန့်ရှင်းစင်ကြယ် အလွန်တင့်တယ်သော ဝဏ္ဏကသိဏ်းစျာန်တို့ကို ဝင်စား၍နေလျှင်ပင် "တင့်တယ်၏"ဟု နှလုံးသွင်းကာ စျာန်ဝင်စား၍ နေသည်မည်သော ကြောင့် "တင့်တယ်၏-ဟူ၍သာလျှင် နှလုံးသွင်း၏"ဟူ၍ ပါဠိတော်၌ ဟောတော်မူအပ်လေသည်။

၄-၅-၆-၇-အမှတ်ပြ ဝိမောက္ခတို့ကား အစဉ်အတိုင်း အရူပစျာန် လေးပါးတို့တည်း။ ထိုစျာန်တို့သည်လည်း ရူပသညာစသည်တို့မှ လွတ် မြောက်သောကြောင့်၎င်း, ဆိုင်ရာအာရုံ၌ အဖိအနှိပ် အပိတ်အပင်မရှိ ကျွတ်ကျွတ်လွတ်လွတ် ဖြစ်သောကြောင့်၎င်း ဝိမောက္ခတို့ မည်ကြ- ကုန်၏။

၈-အမှတ်ပြ ဝိမောက္ခကား နိရောဓသမာပတ်တည်း။ ထိုနိရောဓ သမာပတ်သည် သညာ ဝေဒနာခေါင်းဆောင်သော နာမ်တရားအား လုံးနှင့် စိတ္တဇရုပ်တည်းဟူသော ရုပ်တစိတ်—ဤ ရုပ်နာမ်သင်္ခါရတို့မှ လွတ်မြောက်သောကြောင့် ဝိမောက္ခမည်လေသည်၊ မှန်၏—နိရောဓ- သမာပတ်ကို ဝင်စားနေခိုက် နာမ်ခန္ဓာလေးပါးနှင့် စိတ္တဇရုပ်တို့ အဖြစ်ရပ်စဲနေကြလေသည်၊ ထို့ကြောင့် ထိုနာမ်ခန္ဓာလေးပါး စိတ္တ- ဇရုပ်တို့မှ လွတ်မြောက်သည်ဟု ဆိုရလေသည်။

တောဘုမကဝဋ္ဋတရား၌ ပျော်ပါးနှစ်ခြိုက်၍နေသော ဝဋ္ဋာဘိရတ ပုဂ္ဂိုလ်အချို့တို့၏အဖို့ရာ မိမိတို့က ဝဋ္ဋာဘိရတပုဂ္ဂိုလ်တွေ ဖြစ်နေသော

WWW.DHAMMARANSI.COM



ကြောင့် ဝိမောက္ခတရားရှစ်ပါးတို့ကို ဝင်စားဖို့ မဆိုထားဘိ၊ ဝိမောက္ခ ဟူသော အသံမျှကို ကြားရလျှင်ပင် အလွန်ကြောက်လန့်ကြလေသည်၊ မြတ်စွာဘုရား၏အဖို့မှာမူ ထိုဝိမောက္ခတရားတို့ကို ဝင်စား၍နေရလျှင် အလွန်ပင် ဝမ်းမြောက်၍ ကြောက်ရွံ့ခြင်း အလျှင်းရှိတော်မမူချေ၊ ထို့ကြောင့် ကိုယ်တော်မြတ်၏ ကြောက်ရွံ့ထိတ်လန့်ခြင်း ကင်းတော်မူခြင်းကို ပြဆိုရန် ဤဝိမောက္ခရှစ်မျိုးတို့ကို အရှင်အာနန္ဒာအား ဟောကြားထုတ်ဖော် ပြသတော်မူ၏။

ဤဝိမောက္ခရှစ်ပါးတို့ကို ဟောကြားတော်မူပြီးနောက် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ....ဤဝိမောက္ခရှစ်ပါးတို့ကို ဝင်စားတော်မူ ထိုသမာပတ်တို့မှ ထတော်မူသော မြတ်စွာဘုရား၏အဖို့ရာ ကြောက်ခြင်း ရွံ့ရှားခြင်း အလျှင်းပင်မရှိချေ၊ ထို့သို့ဖြစ်ပါလျက် မာရ်နတ်တယောက်တည်း ယခုလာရောက်သည်ကို မြင်လတ်၍ 'မြတ်စွာဘုရားသည် ကြောက်ရွံ့လေရာ၏' ဟု အဘယ်သူသည် ဤသို့သောအမှတ်သညာကို ဖြစ်စေထိုက်အံ့နည်း၊ မဖြစ်စေထိုက်သည်သာ။ ချစ်သားအာနန္ဒာ....မြတ်စွာဘုရားသည် မကြောက်မရွံ့ မတုန်မလှုပ် သတိရှိလျက် သမ္ပဇဉ်တရားရှိလျက် အာယုသင်္ခါရကို လွှတ်တော်မူသည်" ဟု ဤပကိဏ္ဏက ဓမ္မဒေသနာစကားကိုလည်း မိန့်ကြားတော်မူလေသည်)။

## အာယုသင်္ခါရလွှတ်တော်မူကြောင်း အကျယ်မိန့်ကြားတော်မူခြင်း

ဤသို့ ဝိမောက္ခရှစ်ပါးတို့ကို ဟောကြားတော်မူပြီးသောအခါ မှာလည်း မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်အား တောင်းပန်စကား လျှောက်ထားခွင့်ကို ပေးတော်မမူသေးပဲ စကားတော်အစဉ်မပြတ်ဆက်ကာ ဤဆိုလတ္တံ့သော အကြောင်း အရာများကို မိန့်ကြားတော်မူပြန်လေသည်—

"ချစ်သားအာနန္ဒာ.......... ငါဘုရားသည် ဘုရားဖြစ်ပြီးစ (အဋ္ဌမသတ္တာဟဖြစ်သော) အခါတပါးဝယ် ဥရုဝေဠတော နေရဉ္စရာမြစ်ကမ်းအနီး အဇပါလ = ဆိတ်ကျောင်းညောင်ပင် ရင်း၌ နေထိုင်စဉ် မာရ်နတ်ယုတ်သည် ငါဘုရားထံသို့ လာရောက် ရပ်တည်လျက် ငါဘုရားကို ဤသို့ လျှောက်ထားဘူးလေပြီ—

WWW.DHAMMARANSI.COM



'မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူပါလော့။ မြတ်စွာဘုရား···· ယခု ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အချိန်တန်ပါပြီ'—

ဟု လျှောက်ထားဘူးလေပြီ။ ချစ်သားအာနန္ဒာ....ဤသို့ လျှောက်ဆိုအပ်လေသော် ငါဘုရားသည် မာရ်နတ်ယုတ်ကို ဤဆိုလတ္တံ့သောစကားကို မိန့်ကြားခဲ့ဘူး၏—

'ဟယ်မာရ်နတ်....ငါဘုရား၏ တပည့်ရဟန်းတို့သည် တတ်သိလိမ္မာ မရှိကြသေးသမျှ, ကောင်းစွာ ဆုံးမပြီး မဖြစ်ကြသေးသမျှ, မရဲရင့်ကြသေးသမျှ, အကြားအမြင် မများကြသေးသမျှ, တရားတော်ကို မဆောင်နိုင်ကြသေးသမျှ, လောကုတ္တရာတရားနှင့် လျော်သောတရားကို မကျင့်နိုင်ကြသေးသမျှ, လျော်သောအကျင့်ကို မကျင့်နိုင်ကြသေးသမျှ, တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေးသမျှ, မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြနိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဘန်နိုင် မပေါ်လွင်စေနိုင်ကြသေးသမျှ, ပေါ်ပေါက်လာသော သူတပါး၏ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ်ရှိသောတရားကို မဟောပြနိုင်ကြသေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူမည် မဟုတ်။

ဟယ်မာရ်နတ်........ငါဘုရား၏ တပည့်ရဟန်းမိန်းမတို့သည်၊ (ပ)၊

ဟယ်မာရ်နတ်........ငါဘုရား၏ တပည့်ဥပါသကာတို့သည်၊ (ပ)၊

ဟယ်မာရ်နတ်........ငါဘုရား၏တပည့် ဥပါသိကာမတို့သည် တတ်သိလိမ္မာမရှိကြသေးသမျှ, ကောင်းစွာဆုံးမပြီး

WWW.DHAMMARANSI.COM



မဖြစ်ကြသေးသမျှ၊ မရဲရင့်ကြသေးသမျှ၊ အကြားအမြင် မများကြသေးသမျှ၊ တရားတော်ကို မဆောင်နိုင်ကြသေး သမျှ၊ လောကုတ္တရာတရားနှင့် လျော်သောတရားကို မကျင့်နိုင်ကြသေးသမျှ၊ လျော်သောအကျင့်ကို မကျင့်နိုင် ကြသေးသမျှ၊ တရားနှင့်လျော်စွာ မကျင့်နိုင်ကြသေးသမျှ၊ မိမိတို့ဆရာ့ဝါဒကို သင်ယူ၍ မပြောနိုင် မဟောနိုင် မပြ နိုင် မတည်တံ့စေနိုင် မဖွင့်နိုင် မဝေဘန်နိုင် မပေါ်လွင် စေနိုင်ကြသေးသမျှ၊ ပေါ်ပေါက်လာသော သူတပါး၏ ဝါဒကို အကြောင်းမှန်ဖြင့် ကောင်းစွာနှိမ်နင်း၍ အံ့ဖွယ် ရှိသောတရားကို မဟောပြနိုင်ကြသေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူမည်မဟုတ်။

ဟယ်မာရ်နတ် .... ငါဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြနိုင်သည်တိုင်အောင် မပြည့်စုံသေးသမျှ၊ မစည်ပင်သေးသမျှ၊ မပြန့်ပွါးသေးသမျှ၊ လူအများ မသိ သေးသမျှ၊ များစွာ မဖြစ်ထွန်းသေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူမည် မဟုတ်'—

ဟု မိန့်ကြားခဲ့ဘူး၏။

ချစ်သားအာနန္ဒာ .... မာရ်နတ်ယုတ်သည် ယနေ့ ယခုပင် စာပါလစေတီ၌ ငါဘုရားထံသို့ ချဉ်းကပ်၍ လျှောက်ပတ်သော နေရာ၌ ရပ်တည်ကာ ငါဘုရားကို ဤသို့လျှောက်ထားသော စကားကို လျှောက်ထားလာပြန်သည်—

'မြတ်စွာဘုရား....ဘုန်းတော်ကြီးသော မြတ်စွာဘုရား သည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်း သောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရား သည် ပရိနိဗ္ဗာန် စံတော်မူပါလော့၊ မြတ်စွာဘုရား....ယခု ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အချိန်တန်ပါပြီ။

WWW.DHAMMARANSI.COM



မြတ်စွာဘုရား .... ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤစကားကို မိန့်ကြားတော်မူခဲ့ဘူးပါသည် 'ဟယ်မာရ်နတ်....ငါဘုရား၏ တပည့်ရဟန်းတို့သည်(ပ)။ ။ ငါဘုရား၏ တပည့် ရဟန်းမိန်းမတို့သည် (ပ)။ ။ ငါဘုရား၏ တပည့် ဥပါသကာတို့သည်(ပ)။ ။ ငါဘုရား၏ တပည့် ဥပါသိကာမတို့သည်(ပ)။ ။ဟယ်မာရ်နတ်....ငါဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤ သာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြနိုင်သည်တိုင်အောင် မပြည့်စုံသေးသမျှ, မစည်ပင်သေးသမျှ, မပြန့်ပွါးသေးသမျှ, လူအများမသိသေးသမျှ, များစွာ မဖြစ်ထွန်းသေးသမျှ ကာလပတ်လုံး ငါဘုရားသည် ပရိနိဗ္ဗာန် စံတော်မူမည် မဟုတ်' ဟု မိန့်ကြားတော်မူခဲ့ဘူးပါသည်။

မြတ်စွာဘုရား.... ယခုအခါ ရှင်တော်ဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော ဤ သာသနာတော်သည် ပညာရှိနတ်လူတို့ ကောင်းစွာ ပြနိုင်သည်တိုင်အောင် ပြည့်စုံပါပြီ၊ စည်ပင်ပါပြီ၊ ပြန့်ပွါးပါပြီ၊ လူအများသိပါပြီ၊ များစွာ ဖြစ်ထွန်းပါပြီ။

မြတ်စွာဘုရား.... ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ယခုအခါ ပရိနိဗ္ဗာန် စံတော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူပါလော့၊ မြတ်စွာဘုရား....ယခု ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူရန် အချိန်တန်ပါပြီ'—

ဟု လျှောက်ထားလာပြန်သည်။ ချစ်သားအာနန္ဒာ .... ဤကဲ့သို့ မာရ်နတ်သား လျှောက်ထားလတ်သော် ငါဘုရားသည် မာရ်နတ်ကို—

'ဟယ်မာရ်နတ်ယုတ်.... သင်မကြောင့်ကြလင့်၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံခြင်းသည် မကြာမီ ဖြစ်လိမ့်မည်၊

WWW.DHAMMARANSI.COM



ဤနေ့မှ သုံးလလွန်သောအခါ မြတ်စွာဘုရားသည် ပရိ-
နိဗ္ဗာန် စံလိမ့်မည်'——

ဟု မိန့်ဆိုလိုက်၏။

ချစ်သားအာနန္ဒာ....မြတ်စွာဘုရားသည် ယနေ့ စာပါလစေတီ၌ နေစဉ် သတိရှိလျက် သမ္ပဇဉ်ရှိလျက် အာယုသင်္ခါရကို ယခုပင် စွန့်လွှတ်လိုက်ပြီ"——ဟု အာယုသင်္ခါရ လွှတ်တော်မူလိုက်ကြောင်းကို အကျယ်မိန့်ကြားတော်မူလေ၏။

### အရှင်အာနန္ဒာ တောင်းပန်လျှောက်ထားခြင်း

ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူလတ်သော် အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို——

"မြတ်စွာဘုရား....လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်တော်မူရန် ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"——

ဟု တောင်းပန်လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ....တန်တော့၊ ယခုအခါ မြတ်စွာဘုရားကို မတောင်းပန်နှင့်တော့၊ မြတ်စွာဘုရားကို တောင်းပန်ရန် ယခု အခါမဟုတ်တော့ပြီ"ဟု မြစ်ပယ်စကား မိန့်ကြားတော်မူလေ၏။ နှစ်ကြိမ်မြောက် အရှင်အာနန္ဒာက ရှေးနည်းအတူ တောင်းပန် လျှောက်ထားသောအခါမှာလည်း မြတ်စွာဘုရားရှင်သည် ထိုအတူပင် မြစ်ပယ်စကား မိန့်ကြားတော်မူလေ၏။ သုံးကြိမ်မြောက် အရှင်အာနန္ဒာမထေရ်က ရှေးနည်းအတူ တောင်းပန်လျှောက်ထားသောအခါ (မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာမထေရ်တို့ အပြန်အလှန် မိန့်ကြား, လျှောက်ထားကြပုံမှာ)——

WWW.DHAMMARANSI.COM



(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ ... သင် ချစ်သားသည် မြတ်စွာဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်သည် မဟုတ်ပါလော။

(အရှင်အာနန္ဒာ) ယုံကြည်ပါသည် မြတ်စွာဘုရား ...။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ....ထိုသို့ ယုံကြည်ပါလျက် သင်ချစ်သားသည် မြတ်စွာဘုရားကို အဘယ့်ကြောင့် သုံးကြိမ်တိုင်အောင် နှိပ်စက်ဘိသနည်း။

(အရှင်အာနန္ဒာ) မြတ်စွာဘုရား....အကျွန်ုပ်သည် ဤ စကားကို ရှင်တော်ဘုရား၏ မျက်မှောက်၌ပင် ကြားနာခဲ့ဘူး ခံယူခဲ့ဘူးပါ၏– "ချစ်သားအာနန္ဒာ....အမှတ်မထင် အကြွင်း တစုံတယောက်သောသူသည် (ပြီးမြောက်ခြင်း၏ အခြေခံ) = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူး, ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။ ချစ်သားအာနန္ဒာ....မြတ်စွာဘုရားသည်ကား ( ပြီးမြောက်ခြင်း၏ အခြေခံ ) = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထားပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီး ဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီး ဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီး, ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏။ ချစ်သားအာနန္ဒာ.... သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏" ဟု ကြားနာခဲ့ဘူး, ခံယူခဲ့ဘူးပါသည်။ (ထို့ကြောင့် သုံးကြိမ်တိုင်တိုင် တောင်းပန်လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား....)။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ .... ထိုတရားကို သင်ယုံကြည်သည် မဟုတ်လော။

(အရှင်အာနန္ဒာ) ယုံကြည်ပါသည် မြတ်စွာဘုရား....။

WWW.DHAMMARANSI.COM



(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ .... မြတ်စွာဘုရားက ထင်ရှားသောနိမိတ် အရိပ်အရောင်ကို ဤသို့ ပြုပါလျက် သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ "မြတ်စွာဘုရား....လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်တော်မူရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသော စကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့" ဟု မြတ်စွာဘုရားကို သင် မတောင်းပန်မိခဲ့ချေ။ ချစ်သားအာနန္ဒာ.... သို့ဖြစ်ရကား ဤသို့ မတောင်းပန်ခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်ချစ်သား၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

ချစ်သားအာနန္ဒာ .... သင်ချစ်သားသည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့လျှင် မြတ်စွာဘုရားသည် သင်ချစ်သား၏ တောင်းပန်ချက်ကို နှစ်ကြိမ်သာလျှင် ငြင်းပယ်တော်မူလေရာ၏၊ သုံးကြိမ်မြောက်မှာမူ လက်ခံတော်မူလေရာ၏။ ချစ်သားအာနန္ဒာ....သို့ဖြစ်ရကား ဤသို့ မတောင်းပန်ခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင် ချစ်သား၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

**ရှေးကလည်း နိမိတ်အရိပ်အရောင် ပြခဲ့ဘူးကြောင်း**
**မိန့်ကြား၍ သောကတရား ခေါင်းပါးစေခြင်း**

(၁) ချစ်သားအာနန္ဒာ....အခါတပါး၌ ငါဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကျောင်း၌ သီတင်းသုံးနေထိုင်ခဲ့စဉ် သင်ချစ်သားကို "ချစ်သားအာနန္ဒာ....ရာဇဂြိုဟ်ပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ချစ်သားအာနန္ဒာ....ဂိဇ္ဈကုဋ်တောင်သည် မွေ့လျော်ဖွယ်ရှိ၏။ ချစ်သားအာနန္ဒာ.... အမှတ်မထင် အကြွင်းတစုံတယောက်သော သူသည် ပြီးမြောက်ခြင်း၏ အခြေခံ = ဣဒ္ဓိပါဒ်တရားလေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့

WWW.DHAMMARANSI.COM



ပြုထား၏၊ တည်ရာကဲ့သို့ ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာဆည်းပူး, ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။ ချစ်သားအာနန္ဒာ...မြတ်စွာဘုရားသည်ကား ပြီးမြောက်ခြင်း၏ အခြေခံ = ဣဒ္ဓိပါဒ်တရားလေးပါးတို့ကို ပွါးများထားပြီး ဖြစ်၏၊ လေ့ကျင့်ထားပြီး ဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီး ဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီး ဖြစ်၏၊ ကောင်းစွာ ဆည်းပူးထားပြီး, ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏။ ချစ်သားအာနန္ဒာ.... သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ ဖြစ်စေ တည်နေနိုင်ပေ၏”ဟု မိန့်ဆိုခဲ့ဘူးပြီ။

ချစ်သားအာနန္ဒာ.... မြတ်စွာဘုရားက ထင်ရှားသောနိမိတ် အရိပ်အရောင်ကို ဤသို့ပြုပါလျက် သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ “မြတ်စွာဘုရား....လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကိုစောင့်ရှောက်တော်မူရန် ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့”ဟု မြတ်စွာဘုရားကို သင်-မတောင်းပန်မိခဲ့ချေ။

ချစ်သားအာနန္ဒာ.... သင်ချစ်သားသည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့လျှင် မြတ်စွာဘုရားသည် သင်ချစ်သား၏တောင်းပန်စကားကို နှစ်ကြိမ်သာလျှင် ငြင်းပယ်တော်မူလေရာ၏၊ သုံးကြိမ်မြောက်မှာမူ လက်ခံတော်မူလေရာ၏။ ချစ်သားအာနန္ဒာ.... သို့ဖြစ်ရကား ဤသို့မတောင်းပန်ခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်ချစ်သား၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

(၂) ချစ်သားအာနန္ဒာ....အခါတပါး၌ ငါဘုရားသည် ထို ရာဇဂြိုဟ်ပြည် ဂေါတမ-မည်သော ပညောင်ပင်၌ သီတင်းသုံး နေထိုင်ခဲ့စဉ်။ (ပ)။

(၃) ထိုရာဇဂြိုဟ်ပြည်၌ပင် စောရပပါတချောက်ကမ်းပါး၌ သီတင်းသုံးနေထိုင်ခဲ့စဉ်။ (ပ)။

(၄) ထိုရာဇဂြိုဟ်ပြည်၌ပင် ဝေဘာရတောင်၏နံပါး (စရည်းပင်ပေါက်ရောက်ရာ) သတ္တပဏ္ဏိလိုဏ်၌ သီတင်းသုံးနေထိုင်ခဲ့စဉ်။ (ပ)။

(၅) ထိုရာဇဂြိုဟ်ပြည်၌ပင်လျှင် ဣသိဂိလိတောင်၏ နံပါး ကာဠသိလာအရပ်၌ သီတင်းသုံးနေထိုင်ခဲ့စဉ်။ (ပ)။

(၆) ထိုရာဇဂြိုဟ်ပြည်၌ပင် ယင်းတိုက်တော သပ္ပသောဏ္ဍိကတောင်ဝှမ်း၌ သီတင်းသုံးနေထိုင်ခဲ့စဉ်။ (ပ)။

(၇) ထိုရာဇဂြိုဟ်ပြည်၌ပင် တပေါဒါရုံကျောင်း၌ သီတင်းသုံး နေထိုင်ခဲ့စဉ်။ (ပ)။

(၈) ထိုရာဇဂြိုဟ်ပြည်၌ပင် ရှဉ့်နက်တို့ကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံး နေထိုင်ခဲ့စဉ်။ (ပ)။

(၉) ထိုရာဇဂြိုဟ်ပြည်၌ပင် ဇီဝက၏သရက်ဥယျာဉ်၌ နေထိုင်ခဲ့စဉ်။ (ပ)။

(၁၀) ထိုရာဇဂြိုဟ်ပြည်၌ပင် မဒ္ဒကုစ္ဆိအရပ် မိဂဒါဝုန်တော၌ နေထိုင်ခဲ့စဉ်လည်း သင်ချစ်သားကို "ချစ်သားအာနန္ဒာ....ရာဇဂြိုဟ်ပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ချစ်သားအာနန္ဒာ.... ၂-ဂေါတမ မည်သော ပညောင်ပင်သည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၃-စောရပပါတချောက်ကမ်းပါးသည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၄-ဝေဘာရတောင်၏နံပါး စရည်းပင်ပေါက်ရောက်ရာ သတ္တပဏ္ဏိလိုဏ်သည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၅-ဣသိဂိလိတောင်၏နံပါး ကာဠသိလာအရပ်သည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၆-ယင်းတိုက်တော သပ္ပသောဏ္ဍိကတောင်ဝှမ်းသည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၇-တ-

WWW.DHAMMARANSI.COM



ပေါဒါရုံကျောင်းသည် မွေ့လျော်ဖွယ် ရှိ၏။ပ။ ၈-ရှဉ့်နက်တို့ကို အစာကျွေးရာ ဝေဠုဝန်ကျောင်းတိုက်သည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၉-ဇီဝက၏သရက်ဥယျာဉ်သည် မွေ့လျော်ဖွယ်ရှိ၏။ပ။ ၁၀-မဒ္ဒကုစ္ဆိအရပ် မိဂဒါဝုန်တောသည် မွေ့လျော်ဖွယ်ရှိ၏။ ချစ်သား အာနန္ဒာ....အမှတ်မထင် အကြင် တစုံတယောက်သော သူသည် ပြီးမြောက်ခြင်း၏အခြေခံ = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာ ဆည်းပူး, ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။ ချစ်သားအာနန္ဒာ.... မြတ်စွာဘုရားသည်ကား ပြီးမြောက်ခြင်း၏အခြေခံ = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာဆည်းပူးထားပြီး, ကောင်းစွာအားထုတ်ထားပြီးဖြစ်၏။ ချစ်သားအာနန္ဒာ....သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏”ဟု မိန့်ဆိုခဲ့ဘူးပြီ။

ချစ်သားအာနန္ဒာ....မြတ်စွာဘုရားက ထင်ရှားသော နိမိတ်အရိပ်အရောင်ကို ဤသို့ပြုပါလျက် သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ “မြတ်စွာဘုရား....လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်တော်မူရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့”ဟု မြတ်စွာဘုရားကို သင်-မတောင်းပန်မိခဲ့ချေ။

ချစ်သားအာနန္ဒာ....သင်ချစ်သားသည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့လျှင် မြတ်စွာဘုရားသည် သင်

WWW.DHAMMARANSI.COM



ချစ်သား၏ တောင်းပန်စကားကို နှစ်ကြိမ်သာလျှင် ငြင်းပယ်တော်မူလေရာ၏၊ သုံးကြိမ်မြောက်မှာမူ လက်ခံတော်မူလေရာ၏။ ချစ်သားအာနန္ဒာ.... သို့ဖြစ်ရကား ဤသို့မတောင်းပန်ခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင်ဖြစ်ချေ၏၊ သင်ချစ်သား၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

(က) ချစ်သားအာနန္ဒာ....အခါတပါး၌ ငါဘုရားသည် ဤဝေသာလီပြည်၌ပင် ဥဒေနစေတီ၌ နေထိုင်ခဲ့စဉ်လည်း သင်ချစ်သားကို "ချစ်သားအာနန္ဒာ····ဝေသာလီပြည်သည် မွေ့လျော်ဖွယ်ရှိ၏၊ ဥဒေနစေတီသည် မွေ့လျော်ဖွယ်ရှိပေ၏။ ချစ်သားအာနန္ဒာ....အမှတ်မထင် အကြောင်းတစုံတယောက်သောသူသည် ပြီးမြောက်ခြင်း၏အခြေခံ = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ ဆောက်တည်ထား၏၊ ကောင်းစွာဆည်းပူး,ကောင်းစွာအားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။ ချစ်သားအာနန္ဒာ.... မြတ်စွာဘုရားသည်ကား ပြီးမြောက်ခြင်း၏အခြေခံ = ဣဒ္ဓိပါဒ်တရား လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီးဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာဆည်းပူးထားပြီး, ကောင်းစွာအားထုတ်ထားပြီးဖြစ်၏။ ချစ်သားအာနန္ဒာ....သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏"ဟု မိန့်ဆိုခဲ့ဘူးပြီ။

ချစ်သားအာနန္ဒာ····မြတ်စွာဘုရားက ထင်ရှားသောနိမိတ်အရိပ်အရောင်ကို ဤသို့ပြပါလျက်လည်း သင်သည် သဘောပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ "မြတ်စွာဘုရား···· လူအများ၏စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်တော်မူရန် ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ

WWW.DHAMMARANSI.COM



လော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့”ဟု မြတ်စွာဘုရားကို သင်=မတောင်းပန်မိခဲ့ချေ။

ချစ်သားအာနန္ဒာ.... သင်ချစ်သားသည် အကယ်၍ မြတ်စွာဘုရားကို ထိုအခါက တောင်းပန်ခဲ့လျှင် မြတ်စွာဘုရားသည် သင်ချစ်သား၏ တောင်းပန်စကားကို နှစ်ကြိမ်သာလျှင် ငြင်းပယ်တော်မူလေရာ၏၊ သုံးကြိမ်မြောက်မှာမူ လက်ခံတော်မူလေရာ၏။ ချစ်သားအာနန္ဒာ.... သို့ဖြစ်ရကား ဤသို့မတောင်းပန်ခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်ချစ်သား၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

(ခ) ချစ်သားအာနန္ဒာ....အခါတပါး၌ ငါဘုရားသည် ဤဝေသာလီပြည်၌ပင် ဂေါတမစေတီ၌ နေထိုင်ခဲ့စဉ်လည်း။(ပ)။

(ဂ) ဤဝေသာလီပြည်၌ပင် သတ္တမ္ဗစေတီ၌ နေထိုင်ခဲ့စဉ်လည်း။(ပ)။

(ဃ) ဤဝေသာလီပြည်၌ပင် ဗဟုပုတ္တစေတီ၌ နေထိုင်ခဲ့စဉ်လည်း။(ပ)။

(င) ဤဝေသာလီပြည်၌ပင် သာရန္ဒဒစေတီ၌ နေထိုင်ခဲ့စဉ်လည်း။(ပ)။

(စ) ချစ်သားအာနန္ဒာ....ယနေ့ စာပါလစေတီ၌နေစဉ် ယခုပင် သင်ချစ်သားကို “ချစ်သားအာနန္ဒာ....ဝေသာလီပြည်သည် မွေ့လျော်ဖွယ် ရှိပေ၏၊ စာပါလစေတီသည် မွေ့လျော်ဖွယ် ရှိပေ၏။ ချစ်သားအာနန္ဒာ.... အမှတ်မထင် အကြင်တစုံ တယောက်သောသူသည် ပြီးမြောက်ခြင်း၏ အခြေခံ = ဣဒ္ဓိပါဒ် တရား လေးပါးတို့ကို ပွါးများထား၏၊ လေ့ကျင့်ထား၏၊ ယာဉ်ကဲ့သို့ပြုထား၏၊ တည်ရာကဲ့သို့ပြုထား၏၊ သောက်တည်ထား၏၊ ကောင်းစွာဆည်းပူး, ကောင်းစွာ အားထုတ်ထား၏၊ ထိုသူသည် အလိုရှိခဲ့သော် အာယုကပ်ပတ်လုံး ဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏။ ချစ်သား အာနန္ဒာ....

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသည်ကား ပြီးမြောက်ခြင်း၏ အခြေခံ = ဣဒ္ဓိပါဒ် တရား လေးပါးတို့ကို ပွါးများထားပြီးဖြစ်၏၊ လေ့ကျင့်ထားပြီး ဖြစ်၏၊ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်၏၊ တည်ရာကဲ့သို့ ပြုထားပြီး ဖြစ်၏၊ ဆောက်တည်ထားပြီးဖြစ်၏၊ ကောင်းစွာဆည်းပူးထားပြီး, ကောင်းစွာ အားထုတ်ထားပြီး ဖြစ်၏။ ချစ်သားအာနန္ဒာ…. သို့ရကား ငါဘုရားသည် အလိုတော်ရှိခဲ့သော် အာယုကပ်ပတ်လုံးဖြစ်စေ အာယုကပ်ထက် ပိုလွန်၍ဖြစ်စေ တည်နေနိုင်ပေ၏” ဟု မိန့်ဆိုခဲ့ပြီ။

ချစ်သားအာနန္ဒာ…. မြတ်စွာဘုရားက ထင်ရှားသောနိမိတ် အရိပ်အရောင်ကို ဤသို့ ပြပါလျက်လည်း သင်သည် သဘော ပေါက်ခြင်းငှါ မစွမ်းနိုင်ခဲ့ချေ၊ “မြတ်စွာဘုရား…. လူအများ၏ စီးပွါးချမ်းသာအလို့ငှါ နတ်လူတို့၏ အကျိုးစီးပွါးနှင့် ချမ်းသာ အလို့ငှါ လောကကို စောင့်ရှောက်တော်မူရန် ဘုန်းတော်ကြီး သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါ လော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့” ဟု မြတ်စွာဘုရားကို သင်-မတောင်းပန်မိခဲ့ချေ။

ချစ်သားအာနန္ဒာ…. သင်ချစ်သားသည် အကယ်၍ မြတ်စွာ ဘုရားကို ထိုအခါက တောင်းပန်ခဲ့လျှင် မြတ်စွာဘုရားသည် သင် ချစ်သား၏ တောင်းပန်စကားကို နှစ်ကြိမ်သာလျှင် ငြင်းပယ်တော် မူလေရာ၏၊ သုံးကြိမ်မြောက်မှာမူ လက်ခံတော်မူလေရာ၏။ ချစ် သားအာနန္ဒာ…. သို့ဖြစ်ရကား ဤသို့ မတောင်းပန်ခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင် ဖြစ်ချေ၏၊ သင်ချစ်သား၏ ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏။

(ဤ၌။ ။(၁) မှစ၍ (၄) တိုင်အောင်သော အကြောင်းအရာစုကို မြတ်စွာဘုရားသည် “ငါဘုရားသည် ဤယခု စာပါလစေတီ၌သာ သင် ချစ်သားကို ထင်ရှားသောနိမိတ် အရိပ်အရောင်ပြသည် မဟုတ်သေး၊ အခြားတပါးသော အခါများကလည်း ပြခဲ့ဘူး ပြောခဲ့ဘူးပြီ၊ ထိုသို့ (၁၅) ကြိမ်တိုင် ပြခဲ့ဘူး ပြောခဲ့ဘူးသည့် ထင်ရှားသောနိမိတ် အရိပ်

WWW.DHAMMARANSI.COM



အရှောင်ကိုလည်း သင်ချစ်သားသည် သဘောမပေါက်မရိပ်မိချေ၊ ဤသို့ ဖြစ်ရခြင်းသည် သင်ချစ်သား၏ အပြစ်သာလျှင် ချို့ယွင်းချက်သာလျှင် ဖြစ်ချေ၏"ဟု ဤကဲ့သို့ အရှင်အာနန္ဒာ၏သန္တာန်ဝယ် စိုးရိမ်သောက တရား ပယ်ရှားတော်မူရန် အမျိုးမျိုးပင် အရှင်အာနန္ဒာမထေရ်၏ အပေါ်၌ အပြစ်တင်ဖို့ရန် မိန့်ကြားတော်မူလေသည်။ ထို ၁၅-ဌာနတို့၌ မိန့်တော်မူစဉ်ကလည်း မာရ်နတ်နှောက်ယှက်ထားသောကြောင့် အရှင် အာနန္ဒာမထေရ်သည် သဘောမပေါက် မရိပ်မိပဲရှိရလေသည်ကို အထူး မှတ်သားရာ၏)။

ချစ်သားအာနန္ဒာ···· ချစ်ခင်မြတ်နိုးအပ်သောသူအားလုံးတို့ နှင့် ရှင်လျက်ကွဲကွာခြင်း = နာနာဘာဝ, သေ၍ကွဲကွာခြင်း = ဝိနာဘာဝ, ဘဝခြားလျက်ကွဲကွာခြင်း = အညထာဘာဝကို ရှေး မဆွကပင် ငါဘုရား ဟောကြားအပ်ခဲ့ပြီမဟုတ်ပါလော။ ချစ်သား အာနန္ဒာ....ဤအရာ၌ အသစ်ဖြစ်ပေါ်လာခြင်း, ထင်ရှားဖြစ်ပေါ် ခြင်း, ပြုပြင်ပေးရခြင်းသဘောရှိ၍ ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီးပါစေလင့်-ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်အံ့နည်း၊ ဤသို့ရနိုင်ရန်အကြောင်း မရှိချေ။

ချစ်သားအာနန္ဒာ···· မြတ်စွာဘုရားသည် အကြင် အာယု သင်္ခါရကို စွန့်လိုက် ထွေးအန်လိုက် လွှတ်လိုက်ပယ်လိုက် ပစ်လွှင့် လိုက် စွန့်လွှတ်လိုက်လေပြီ၊ ထို့ပြင် "မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ပြုခြင်းသည် မကြာမီပင် ဖြစ်လိမ့်မည်၊ ဤနေ့မှနောက် သုံးလလွန် မြောက်သောအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုလိမ့်မည်" ဟု ကေန်မုချ စကားကိုလည်း မိန့်ဆိုလိုက်ပြီ။ မြတ်စွာဘုရားသည် ထိုစွန့်ပယ်လိုက်သော အာယုသင်္ခါရကို အသက်ရှည်စေလိုသော ကြောင့် တဖန်ပြန်၍ ဖြစ်စေအံ့သော အကြောင်းသည် လုံးဝမရှိ တော့ချေ။ "ချစ်သားအာနန္ဒာ····လာ, သွားကြကုန်စို့၊ မဟာဝုန် တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးသို့ သွားကြ ကုန်စို့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည်လည်း "ကောင်း ပါပြီ မြတ်စွာဘုရား····"ဟု ဝန်ခံစကား လျှောက်ကြားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်အတူ မဟာ ဝုန်တော ပြာသာဒ်ဆောင်ပေါက်သော ကျောင်းကြီးသို့ ကြွသွား

WWW.DHAMMARANSI.COM



တော်မူပြီးလျှင် အရှင်အာနန္ဒာကို "ချစ်သားအာနန္ဒာ.... သင် သွားချေ၊ ဝေသာလီပြည်၌ အမှီပြု၍ နေကုန်သော ရဟန်းအား လုံးတို့ကို ညီမူစည်းဝေးရာ = ဓမ္မာရုံ၌ စုဝေးစေလော့"ဟု မိန့် တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူချက်အတိုင်း ရဟန်းအားလုံးကို ညီမူစည်းဝေး ရာ = ဓမ္မာရုံ၌ စုဝေးစေပြီးနောက် မြတ်စွာဘုရားရှင် ထံတော် မှောက်သို့ သွားရောက်ရှိခိုးရပ်တည်ပြီးလျှင် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား.... ရဟန်းအပေါင်းသည် စုဝေးပြီးလျက်ရှိပါပြီ၊ ယခုအခါ ကြွတော်မူရန်အချိန်ကို မြတ်စွာဘုရား သိတော်မူပါ သည် = ကြွရန်မှာ ရှင်တော်ဘုရား၏ အလိုတော်အတိုင်း ဖြစ်ပါ သည်" ဟု လျှောက်ထားလေ၏။

**သာသနာအရှည်တည်တံ့ရေးတရား ၃၇-ပါး**

ထိုအခါ မြတ်စွာဘုရားရှင်သည် ညီမူစည်းဝေးရာ = ဓမ္မာရုံသို့ ကြွရောက်၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူပြီးလျှင် ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏—

"ရဟန်းတို့....ငါဘုရားသည် ထူးသောဉာဏ်ဖြင့် သိ၍ ဟော အပ်သော တရားတော်တို့ကို သင်ချစ်သားတို့သည် ကောင်းစွာ သင်ယူ၍ မှီဝဲအပ်, ပွါးများအပ်, အဖန်ဖန်လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့ မှီဝဲ, ပွါးများ, အဖန်ဖန်လေ့ကျင့်အပ်သည်ရှိသော် ဤ မြတ်သော အကျင့်တည်းဟူသော သာသနာတော်သည် အရှည် ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏၊ ထိုသို့တည်တံ့ခြင်းသည် လူအများ၏ စီးပွါး, ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက် ရန်အလို့ငှါ နတ်လူတို့၏ အကျိုး, စီးပွါး, ချမ်းသာအလို့ငှါ ဖြစ် လေရာ၏။

ထိုတရားတို့ကား အဘယ်နည်းဟူမူ ယင်းတရားတို့ကား (က) သတိပဋ္ဌာန်လေးပါး (ခ) သမ္မပ္ပဓာန်လေးပါး (ဂ) ဣဒ္ဓိပါဒ် လေးပါး (ဃ) ဣန္ဒြေငါးပါး (င) ဗိုလ်ငါးပါး (စ) ဗောဇ္ဈင်

WWW.DHAMMARANSI.COM



ခုနစ်ပါး (ဆ) အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားတို့ဖြစ်သည်။ (ဗောဓိပက္ခိယတရား ၃၇-ပါးဟု ဆိုလိုသည်)။

ရဟန်းတို့··· ငါဘုရားသည် ထူးသောဉာဏ်ဖြင့်သိ၍ ဟောအပ်သော ဤ ၃၇-ပါး (ဗောဓိပက္ခိယ)တရားတို့ကို သင်ချစ်သားတို့သည် ကောင်းစွာသင်ယူ၍ မှီဝဲအပ်, ပွါးများအပ်, အဖန်ဖန်လေ့ကျင့်အပ်ကုန်၏၊ ယင်းသို့မှီဝဲ, ပွါးများ, အဖန်ဖန်လေ့ကျင့်အပ်သည်ရှိသော် ဤမြတ်သောအကျင့်တည်းဟူသော သာသနာတော်သည် အရှည်ခိုင်ခံ့လျက် ကြာမြင့်စွာ တည်တံ့ရာ၏၊ ထိုသို့တည်တံ့ခြင်းသည် လူအများ၏ စီးပွါး, ချမ်းသာအလို့ငှါ လောကကို စောင့်ရှောက်ရန် အလို့ငှါ နတ်လူတို့၏ အကျိုး, စီးပွါး, ချမ်းသာအလို့ငှါ ဖြစ်လေရာ၏"ဟု မိန့်တော်မူ၏။

ထိုနောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ဆက်၍ မိန့်တော်မူပြန်သည်မှာ—

"(ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊) = ရဟန်းတို့.... သင်ချစ်သားတို့အား ယခုအခါ ငါဘုရား မိန့်မှာဦးအံ့။ (ဝယဓမ္မာ သင်္ခါရာ) = ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏။ (အပ္ပမာဒေန သမ္ပာဒေထ) = မမေ့သောသတိတရားဖြင့် ကိစ္စခပ်သိမ်းပြီးစီးအောင် ပြည့်စုံအောင် အားထုတ်ကြကုန်လော့၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် မကြာမီပင် ဖြစ်လိမ့်မည်၊ ဤနေ့မှနောက် သုံးလလွန်မြောက်သောအခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလိမ့်မည်"—

ဟု မိန့်တော်မူ၏။ ဤစကားကို မိန့်ကြားတော်မူပြီးနောက် မြတ်စွာဘုရားသည် တပါးသော ဤစကားကိုလည်း မိန့်ကြားတော်မူပြန်၏—

"ပရိပက္ကော ဝယော မယှံ၊ ပရိတ္တံ မမ ဇီဝိတံ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏမတ္တနော။

WWW.DHAMMARANSI.COM



ဘိက္ခဝေ = ရဟန်းတော်များ အိုချစ်သားတို့....။ မယှံ = ငါဘုရား၏။ ဝယော = အရွယ်တော်သည်။ ပရိပက္ကော = အသက်ရှစ်ဆယ်ပြည့်၍ မှည့်ခဲ့ ရင့်ခဲ့လေပြီ။ မမ = ငါဘုရား၏။ ဇီဝိတံ = အသက်ကြွင်းသည်။ ပရိတ္တံ = သုံးလတာမျှ တည်နေရမည်ကြောင့် နည်းလှခဲ့လေပြီ။ ဝေါ = သင်ချစ်သားတို့ကို။ ပဟာယ = မညှာမငဲ့ စွန့်ပစ်ခဲ့၍။ ဂမိဿာမိ = အနုပါဒါပရိနိဗ္ဗာန် ဝင်စံကြွမြန်းရတော့အံ့။ မေ = ငါဘုရားသည်။ အတ္တနော = မိမိ၏။ သရဏံ = ကိုးကွယ်ရာကို။ ကတံ = ပြုအပ်ပြီးပြီ။

အပ္ပမတ္တာ သတီမန္တော၊
သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတသင်္ကပ္ပါ၊
သစိတ္တမနုရက္ခထ။

ဘိက္ခဝေါ = ရဟန်းတော်များ အိုချစ်သားတို့····။ အပ္ပမတ္တာ = ကုသိုလ်ဆယ်ပါး မြတ်တရား၌ မခြားနှေးညှကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်ထားကြကုန်လျက်။ သတီမန္တော = မမေ့မလျော့ မပေါ့မတန် ထက်သန်သောသတိ ရှိကြကုန်လျက်။ သုသီလာ = ကောင်းမြတ်ပြည့်စုံ လုံခြုံသောသီလ ရှိကုန်ကြသည်။ ဟောထ = ကေန်စင်စစ် ဖြစ်ကြကုန်လော့။ သုသမာဟိတသင်္ကပ္ပါ = ကောင်းစွာတည်ကြည် ကောင်းစွာကြံစည်ခြင်း ရှိကြကုန်လျက်။ သစိတ္တံ = မိမိတို့၏စိတ်ကို။ အနုရက္ခထ = ကိလေဆယ်ထောက် ရန်မနှောက်အောင် စောင့်ရှောက်ကြကုန်လော့။

ယော ဣမသ္မိံ ဓမ္မဝိနယေ၊ အပ္ပမတ္တော ဝိဟဿတိ။
ပဟာယ ဇာတိသံသာရံ၊ ဒုက္ခဿန္တံ ကရိဿတိ။

ဘိက္ခဝေါ = ရဟန်းတော်များ အိုချစ်သားတို့····။ ယော = အမှတ်မထင် အကြင်သူသည်။ ဣမသ္မိံ ဓမ္မ-

WWW.DHAMMARANSI.COM



ဝိနယေ = တရားသဖြင့်ဆုံးမရာ ဤမဓမ္မဝိနယသာသနာ၌။ အပ္ပမတ္တော = အပ္ပမာဒတရား လက်ကိုင်ထားလျက်။ ဝိဟဿတိ = လေးတန်ယာပထ မျှတကြံ့ခိုင် နေထိုင်ဌြားအံ့။ သော = ထိုတရားလက်ကိုင် နေထိုင်သောသူသည်။ ဇာတိသံသာရံ = အဖန်ဖန်ဖြစ်၍ ပြောင်းရွှေ့ကျင်လည်ရာ ဘဝသံသရာကို။ ပဟာယ = စွန့်ပယ်၍။ ဒုက္ခဿ = စက်သံသာရ ဝဋ္ဋဒုက္ခ၏။ အန္တံ = ကမ္ပတ်ပိတ်ဖုံး အပြီးအဆုံးကို။ ကရိဿတိ = မဂ်ဉာဏ်လေးဆိုင် အရပိုင်သဖြင့် ပြုနိုင်ပေလတ္တံ့"—

ဟူသော ဤစကားကိုလည်း မိန့်ကြားတော်မူပြန်၏။

## ဆင်ပြောင်ကြီးကဲ့သို့ ပြန်ကြည့်တော်မူခြင်း

ထိုနောက် မြတ်စွာဘုရားရှင်သည် နံနက်အချိန်၌ သက်န်းကို ပြင်ဝတ်တော်မူ၍ သပိတ်သက်န်းကို ယူဆောင်တော်မူကာ ဝေသာလီပြည်အတွင်းသို့ ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းစားပြီးနောက် ဆွမ်းစားရာမှ ဖဲခွါတော်မူခဲ့၍ ဝေသာလီပြည်ကို ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါ ပြန်လှည့်လျက် ကြည့်ရှုတော်မူပြီးလျှင် "ချစ်သားအာနန္ဒာ····ဤယခု ကြည့်ရှုခြင်းသည် ဝေသာလီပြည်ကို မြတ်စွာဘုရား၏ နောက်ဆုံးကြည့်ရှုခြင်း ဖြစ်ပေသည်။ ချစ်သားအာနန္ဒာ····လာ,သွားကြစို့၊ ဘဏ္ဍုရွာသို့ သွားရောက်ကြကုန်အံ့"ဟု အရှင်အာနန္ဒာမထေရ်ကို မိန့်ဆိုတော်မူလေ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီ မြတ်စွာဘုရား····"ဟု မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို ဝန်ခံစကား ပြန်ကြားလျှောက်ထားလေ၏။

(ဤ၌ အထူးမှတ်ရန်ကား—ပကတိလူများ၏ အရိုးတို့သည် အစွန်းချင်းထိ၍ တည်ကုန်၏။(တွေ့ဆက်ဟု ဆိုလိုသည်)။ ပစ္စေကဗုဒ္ဓါတို့၏ အရိုးတို့သည် ချွန်း,ချွန်းချင်းချိတ်၍ တည်သကဲ့သို့ တည်ကြကုန်၏၊ (ချိတ်ဆက်ဟုဆိုလိုသည်။) မြတ်စွာဘုရားတို့၏ အရိုးတော်တို့သည်ကား ထိုကဲ့သို့ မဟုတ်ကုန်၊ မြတ်စွာဘုရားရှင်တို့၏ အရိုးတော်တို့မှာ သံကြိုးသံခြေကျဉ်းများကဲ့သို့ အချင်းချင်း တစပ်တည်း ဖွဲ့စပ်တည်နေကြကုန်

WWW.DHAMMARANSI.COM



၏၊ (ကွင်းဆက်ဟု ဆိုလိုသည်)။ လက်မောင်းလက်ရိုး ရိုးဆက်အစရှိသည့် အရိုးဆက်ကြီး ၁၂-ပါး, လက်ချောင်းခြေချောင်း အရိုးဆက်ငယ်များကို ချန်၍ ကျန်သော (မြတ်စွာဘုရားရှင်တို့၏) အရိုးဆက်တို့မှာ ကွင်းဆက်သာ ဖြစ်ကြကုန်၏၊ ထို့ကြောင့်ပင် ထိုမြတ်စွာဘုရားတို့၏ ပကတိကိုယ်တော်အားသည် ကာဠာဝကခေါ်သော ပကတိဆင်ပြောင် ကုဋေတထောင်အား မဇ္ဈိမပုရိသ ကုဋေတသောင်းအား ပမာဏ ရှိလေသည်။

ထိုသို့ မြတ်စွာဘုရားရှင်တို့၏ အရိုးတော်တို့မှာ ကွင်းဆက်ကသာ များသောကြောင့် မြတ်စွာဘုရားရှင်တို့ နောက်သို့ပြန်၍ ကြည့်တော်မူလိုသောအခါ၌ လည်တိုင်တော်ချည်းသက်သက် လှည့်၍မကြည့်ရှုနိုင်၊ စင်စစ်သော်ကား ဆင်ပြောင်ကြီးသည် နောက်သို့ပြန်၍ ကြည့်လိုလတ်သော် တကိုယ်လုံးပြန်လှည့်၍ ကြည့်သကဲ့သို့ မြတ်စွာဘုရားရှင်တို့သည်လည်း ကိုယ်တော်ကိုပါ ပြန်လှည့်၍ ကြည့်ရှုတော်မူကြရလေသည်။

ဤ အရာ၌ကား ဝေသာလီပြည် တံခါးဝ၌ ရပ်တည်တော်မူ၍ ဝေသာလီပြည်ကို ကြည့်ရှုတော်မူလိုသောစိတ် မြတ်စွာဘုရားရှင်သန္တာန်တော်၌ ဖြစ်လျှင်ပင် ဤ မဟာပထဝီမြေကြီးသည် "မြတ်စွာဘုရား.... ကမ္ဘာကုဋေထောင်ပေါင်းများစွာ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော အရှင်မြတ်ဘုရားတို့သည် လည်တိုင်တော်ကို လှည့်၍ကြည့်ရှုရမည့်ကံကို (လူသာမန်တို့ကဲ့သို့) ပြုတော်မူခဲ့ကြသည် မဟုတ်ပါဘုရား" ဟု လျှောက်ထားပြောဆိုသည့်အလား အိုးထိန်းစက် (=အိုးလုပ်သူတို့၏ အိုးပြုလုပ်သောဘီး) ပမာ ချာချာလည်၍ မြတ်စွာဘုရားရှင်ကို ဝေသာလီပြည်ဖက်သို့ မျက်နှာတော်မူပြီးသားဖြစ်အောင် ပြုလုပ်လေသည်။ ။ထိုသို့ဖြစ်လျှင် "ဤ ယခု ဝေသာလီပြည်ကို ကြည့်ရှုတော်မူခြင်းသည် နာဂါပလောကိတ=ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါ လှည့်၍ ကြည့်ရှုတော်မူခြင်း အဘယ်သို့ ဖြစ်နိုင်အံ့နည်း" ဟု မေးရန်ရှိပြန်၏။ အဖြေကား—ထိုအချိန်၌ မြတ်စွာဘုရားရှင်က ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါ လှည့်၍ ကြည့်ရှုတော်မူလိုသည်၊ သို့သော်လည်း ကိုယ်တော်မြတ်၏ ကောင်းမှုတေဇော် အာနုဘော်ကြောင့် ကိုယ်တော်မြတ်ရပ်တည်ရာ မဟာပထဝီ ဤ မြေကြီးက သူ့အလိုလိုလည်၍ ပေးရလေသည်၊ သို့ရကား ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါလှည့်၍ ကြည့်ရှုတော်မူလိုသော မြတ်စွာဘုရား၏ အလိုတော်ကို အစွဲပြုကာ ဤယခု ဝေသာလီပြည်ကို ကြည့်ရှုတော်မူခြင်းကို "နာဂါပလောကိတ = ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါလှည့်၍ ကြည့်ရှုတော်မူခြင်း" ဟု ဟောဆိုအပ်လေသည်။

WWW.DHAMMARANSI.COM



ဤ၌ မေးမြန်းဖွယ်ရှိလာပြန်သည်မှာ "ဤယခု ဝေသာလီပြည်မှ ထွက်သောအခါမှသာ ထိုပြည်ကို နောက်ဆုံး ကြည့်ရှုတော်မူခြင်း ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား သာဝတ္ထိပြည်၊ ရာဇဂြိုဟ်ပြည်၊ နာဠန္ဒမြို့၊ ပါဋလိရွာ၊ ကောဋိရွာ၊ နာတိကရွာငယ်တို့မှ ဤယခု နောက်ဆုံး ထွက်ကြွတော်မူသော အခါမှာလည်း ထိုပြည် ထိုမြို့ ထိုရွာများကို ကြည့်ရှုတော်မူခြင်း အားလုံးသည်ပင် နောက်ဆုံး ကြည့်ရှုတော်မူခြင်း ဖြစ်သည် မဟုတ်လော၊ ထိုသို့ဖြစ်လျက် ထိုပြည် ထိုမြို့ ထိုရွာတို့၌ကား အဘယ့်ကြောင့် ဆင်ပြောင်ကြီးကဲ့သို့ ကိုယ်တော်ကိုပါ ပြန်လှည့်၍ ကြည့်တော်မူခြင်းမျိုးကို ကြည့်တော်မမူပါသနည်း" ဟု မေးဖွယ် ရှိလာပြန်၏။

အဖြေကား—ထိုထို မြို့ပြ ပြည်ရွာတိုင်းမှာ ကိုယ်တော်ကိုပါပြန်လှည့်၍ ကြည့်ရှုတော်မူနေလျှင် ထိုသို့ ကြည့်ရှုတော်မူခြင်းသည် အံ့သြဖွယ် မဟုတ်တော့ချေ၊ ထို့ကြောင့် ထိုပြည် ထိုမြို့ ထိုရွာတို့၌ ဆင်ပြောင်ကြီး ကဲ့သို့ ကိုယ်တော်ကိုပါ ပြန်လှည့်၍ ကြည့်တော်မူမှုကို ပြုတော်မမူချေ။

အဖြေတနည်း(လိုရင်း)ကား ထိုအချိန်မှာ ဝေသာလီပြည် လိစ္ဆဝီ မင်းတို့အား ပျက်စီးရန်အချိန်အခါ နီးကပ်နေလေပြီ၊ ထိုအချိန်မှ နောက် သုံးနှစ်မြောက်အထက်၌ အဇာတသတ်မင်းဖျက်၍ ပျက်စီးကြ လိမ့်မည်ဖြစ်သည်။ သို့ဖြစ်၍ "ဤသို့ ဆင်ပြောင်ကြီးပမာ ကိုယ်တော် ကိုပါ ပြန်လှည့်၍ ကြည့်ရှုတော်မူလျှင် ထိုလိစ္ဆဝီမင်းတို့သည် ဝေသာလီ ပြည် တံခါးဝ၌ ထို ဆင်ပြောင်ကြီးကဲ့သို့ ကြည့်ရှုတော်မူရာဌာနကို "နာဂါပလောကိတ = ဆင်ပြောင် ပြန်ကြည့်" အမည်ရှိသော စေတီ တော်ကို တည်ထားကြ၍ နံ့သာပန်းစသည်တို့ဖြင့် ပူဇော်ကြလိမ့်မည်၊ ထိုသို့ ပူဇော်ခြင်းသည် ထို လိစ္ဆဝီမင်းတို့အဖို့ရာ ကာလရှည်မြင့်စွာ စီးပွား ချမ်းသာအလို့ငှါ ဖြစ်ပေလိမ့်မည်" ဟု ဆင်ခြင် အကျိုးထူးကို သိမြင်တော်မူသဖြင့် ထို လိစ္ဆဝီမင်းတို့အား သနားစောင့်ရှောက် ချီးမြှောက်တော်မူလိုသောကြောင့် ဝေသာလီပြည်ကိုသာ ဆင်ပြောင် ကြီးကဲ့သို့ ကိုယ်တော်ကိုပါ ပြန်လှည့်၍ ကြည့်တော်မူသည်။ ဤကား အဖြေတနည်း)။

### ဘဏ္ဍုရွာ၌ တရားဟောခြင်း

ထိုနောက် မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျက် ဘဏ္ဍုရွာသို့ ကြွရောက်တော်မူ၍ ထိုရွာ၌ သီတင်းသုံး နေတော်

WWW.DHAMMARANSI.COM



မှု၏။ ထိုရွာ၌ နေတော်မူစဉ် မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့မိန့်ကြား တရားဟောတော်မူ၏—

"ရဟန်းတို့ .... တရားလေးပါးတို့ကို အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်တို့ဖြင့် လျော်ကန်စွာမသိခြင်း, ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်၎င်း သင်ချစ်သားတို့သည် ၎င်း ဤမျှရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင် လည်ပြေးသွား ကျက်စားခဲ့ရလှလေပြီ။ တရားလေးပါးတို့ ဟူသည်မှာ—

၁-ရဟန်းတို့ ....မြတ်သောအရိယသီလကို အနုဗောဓ ဉာဏ်, ပဋိဝေဓဉာဏ်တို့ဖြင့် လျော်ကန်စွာမသိခြင်း, ထိုး ထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်၎င်း သင်ချစ်သား တို့သည်၎င်း ဤမျှရှည်လျားလှစွာ သံသရာကာလပတ်လုံး ကျင်လည်ပြေးသွား ကျက်စားခဲ့ရလှလေပြီ။

၂-ရဟန်းတို့....မြတ်သောအရိယသမာဓိကို ( ပ )။ ။
၃-ရဟန်းတို့ .... မြတ်သောအရိယပညာကို ( ပ )။ ။
၄-ရဟန်းတို့....မြတ်သော လွတ်မြောက်မှု = အရိယဝိမုတ္တိ ကို အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်တို့ဖြင့် လျော်ကန်စွာ မသိခြင်း, ထိုးထွင်း၍ မသိခြင်းကြောင့် ငါဘုရားသည်၎င်း သင်ချစ်သားတို့သည်၎င်း ဤမျှရှည်လျားလှစွာ သံသရာ ကာလပတ်လုံး ကျင်လည်ပြေးသွား ကျက်စားခဲ့ရလှလေ ပြီ။

ရဟန်းတို့....ငါဘုရားသည် ထို မြတ်သောအရိယသီလ ကို လျော်ကန်စွာသိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ။ ထို မြတ်သောအရိယသမာဓိကို ( ပ )၊ ထိုမြတ်သောအရိယ ပညာကို ( ပ )၊ ထိုမြတ်သောလွတ်မြောက်မှု = အရိယ- ဝိမုတ္တိကို လျော်ကန်စွာ သိအပ်ပြီ၊ ထိုးထွင်း၍ သိအပ်ပြီ။ ဘဝ၌တပ်မက်ခြင်း = ဘဝတဏှာကို အမြစ်ပြတ် ဖြတ် အပ်ပြီ။ ဘဝသစ်သို့ ဆွဲဆောင်တတ်သော ကြိုးနှင့်တူစွာ

WWW.DHAMMARANSI.COM



ဘဝတဏှာသည် ငါဘုရားသန္တာန်၌ ကုန်ခဲ့လေပြီ။ ယခု အခါ တဖန် ဘဝသစ်၌ ဖြစ်ခြင်း မရှိတော့ပြီ”——

ဟု မိန့်တော်မူ၏။ ထိုနောက် မြတ်စွာဘုရားသည် ရဟန်းတို့ကို ဆက်၍ မိန့်တော်မူပြန်သည်မှာ—

“သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။

အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။

ဘိက္ခဝေါ = ရဟန်းတော်များ အို့ချစ်သားတို့....။ အနုတ္တရာ = အတုမရှိ လွန်မြတ်ဘိသော။ သီလဉ္စ = အရိယသီလကိုငင်း။ သမာဓိ စ = အရိယသမာဓိကိုငင်း။ ပညာ စ = အရိယပညာကိုငင်း။ ဝိမုတ္တိ စ = အရိယဝိမုတ္တိကိုငင်း။ ဣမေ ဓမ္မာ = ဤတရားအစုတို့ကို။ ယသဿိနာ= များသောအခြံအရံရှိတော်မူသော။ ဂေါတမေန = ဂေါတမနွယ်ဖွား ရှင်တော်ဘုရားသည်။ အနုဗုဒ္ဓါ = မဖောက်မပြန် အမှန်အတိုင်း သိအပ်ကုန်ပြီ။

ဣတိ ဗုဒ္ဓေါ အဘိညာယ၊ ဓမ္မမက္ခာသိ ဘိက္ခုနံ။

ဒုက္ခဿန္တကရော သတ္ထာ၊ စက္ခုမာ ပရိနိဗ္ဗုတော။

ဣတိ = ဤသို့။ ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောကထွတ်ထား မြတ်ဘုရားသည်။ အဘိညာယ = ထူးသောဉာဏ်ဖြင့် အမှန်သိမြင်တော်မူ၍။ ဘိက္ခုနံ = ရဟန်းတို့အား။ ဓမ္မံ = နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို။ အက္ခာသိ = ကရုဏာရှေ့ထား ဟောကြားတော်မူလေပြီ။ စက္ခုမာ = ဗုဒ္ဓ, ဓမ္မ, သမန္တနှင့် မံသ, ဒိဗ္ဗ = ငါးဖြာသောစက္ခုနှင့် တုမဲ့ကုံလုံ ပြည့်စုံတော်မူသော။ ပရိနိဗ္ဗုတော = ကိလေသာခပ်သိမ်း ငြိမ်းအေးတော်မူပြီးသော။ သတ္ထာ = လူနတ်တို့ဆရာ မြတ်စွာဘုရားသည်။ ဒုက္ခဿန္တကရော = ကိုယ်တော့်သန္တာန် သူ့သန္တာန်ဝယ် သံသရာဝဋ်ဒုက္ခ ဟူသမျှတို့ လုံးဝပျက်ပြုန်းဆုံးအောင်ပြုတော်မူခဲ့လေပြီ”—

ဟူသော ဤစကားကိုလည်း မိန့်ကြားတော်မူပြန်၏။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင်သည် ထိုဘဏ္ဍုရွာ၌ နေတော်မူစဉ်လည်း ရှေးဖော်ပြရာပါအတိုင်း ပရိနိဗ္ဗာန် စံလွန်တော်မူရန် အချိန်နီးကပ် လာပြီဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူလတ်သည် ရှိသော် ဤ ဆိုလတ္တံ့သော တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏—

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာ တည်း။ သီလ၌တည်၍ ဖြစ်စေအပ်သောသမာဓိသည် များသော အကျိုး,အာနိသင်ရှိ၏၊ သမာဓိ၌တည်၍ ဖြစ်စေအပ်သော ပညာ သည် များသောအကျိုး,အာနိသင်ရှိ၏၊ ပညာ၌တည်၍ ဖြစ်စေ အပ်သောစိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ တည်း ဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏"ဟု ဟောတော်မူ၏။

### ဘောဂမြို့၌ မဟာပဒေသလေးပါးကို ဟောကြားတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားရှင်သည် ဘဏ္ဍုရွာ၌ အလိုရှိသမျှ နေ တော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ.... လာ, သွားကြကုန်စို့၊ ဟတ္ထိရွာ(ပ)၊ အမ္ဗရွာ(ပ)၊ ဇမ္ဗုရွာ(ပ)၊ ဘောဂ မြို့သို့ သွားကြကုန်စို့"ဟု မိန့်တော်မူ၏။ "ကောင်းပါပြီ မြတ်စွာ ဘုရား...."ဟု အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို ဝန်ခံစကား ပြန်ကြားလျှောက်ထားလေ ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျက် ဘောဂမြို့သို့ ကြွရောက်တော်မူ၍ ထိုဘောဂမြို့ အာနန္ဒစေတီ၌ သီတင်းသုံးနေတော်မူ၏။ ထိုအာနန္ဒစေတီ၌သီတင်းသုံးနေတော် မူစဉ် မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား မဟာပဒေသ လေးပါး(=ဂုဏ်ကြီးသူတို့ကို ကိုးကား၍ ပြောဆိုသောတရား စကားတို့ကို အမှားအမှန် ဝေဘန်ဆုံးဖြတ်ရန်နည်းညွှန်းဥပဒေသ လေးပါး)တို့ကို ဟောကြားတော်မူသည်မှာ—

(၁) ရဟန်းတို့ ···· ဤသာသနာ၌ တစုံ တယောက်သော ရဟန်းသည် ဤသို့ပြောဆိုငြားအံ့—

WWW.DHAMMARANSI.COM



"ငါ့ရှင်တို့...ငါသည် ဤတရားကို မြတ်စွာဘုရား မျက်မှောက်တော်မှ ကြားနာခဲ့ရ,ခံယူခဲ့ရပါ၏။ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်း"ဟု ပြောဆိုငြားအံ့။

ရဟန်းတို့...ထိုရဟန်း၏ စကားကို အလွယ်တကူနှင့် လက်လည်းမခံသေးပဲ ပယ်လည်းမပယ်သေးပဲ ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်း၍ကြည့်ကြရမည်၊ ဝိနည်းတရားတော်၌ နှီးနှောကြည့်ကြရမည်။

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်, ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်, ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ဤရဟန်း၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့...ဤသို့ ဆုံးဖြတ်ပြီးလျှင် ထိုစကားကို ပယ်ကြ စွန့်ကြလေ။

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်,ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်, ဝိနည်းတရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ဤရဟန်း၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့...ရှေးဦးစွာသော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့။

(၂) ရဟန်းတို့...ထို့ပြင် ဤသာသနာ၌ တစုံတယောက်သော ရဟန်းသည် ဤသို့ ပြောဆိုငြားအံ့—

WWW.DHAMMARANSI.COM



"ဤမည်သော ကျောင်းတိုက်၌ အကြီးအမှူး မထေရ်နှင့်တကွသော သံဃာသည် နေထိုင်လျက်ရှိ၏၊ ငါသည် ထိုသံဃာ၏မျက်မှောက်မှ ကြားနာခဲ့ရ, ခံယူခဲ့ရပါ၏။ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်း"ဟု ပြောဆိုငြားအံ့။

ရဟန်းတို့⋯⋯ထိုရဟန်း၏စကားကို အလွယ်တကူနှင့် လက်လည်းမခံသေးပဲ ပယ်လည်းမပယ်သေးပဲ ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့ကို သုတ်တရားတော်၌ သွင်း၍ကြည့်ကြရမည်၊ ဝိနည်းတရားတော်၌ နှီးနှောကြည့်ကြရမည်။

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်, ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်, ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုသံဃာ၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့....ဤသို့ ဆုံးဖြတ်ပြီးလျှင် ထိုစကားကို ပယ်ကြ စွန့်ကြလေ။

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်,ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်, ဝိနည်းတရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုသံဃာ၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့....နှစ်ခုမြောက်ဖြစ်သော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့။

(၃) ရဟန်းတို့....ထို့ပြင် ဤသာသနာ၌ တစုံတယောက်သောရဟန်းသည် ဤသို့ ပြောဆိုငြားအံ့—

WWW.DHAMMARANSI.COM



"ဤမည်သော ကျောင်းတိုက်၌ အကြားအမြင်လည်း များကုန်သော, ပါဠိတော်ကိုလည်း နှုတ်ငုံဆောင်ကုန်သော, တရားတော် ဝိနည်းတော်ကိုလည်း ဆောင်ကုန်သော, ပါတိမောက်ကိုလည်း ဆောင်ကုန်သော များစွာသော မထေရ်ရဟန်းတို့သည် နေထိုင်လျက်ရှိကြပါ၏။ ငါသည် ထိုမထေရ်တို့၏ မျက်မှောက်မှ ကြားနာခဲ့ရ,ခံယူခဲ့ရပါ၏။ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား မြတ်စွာဘုရား၏အဆုံးအမတော်ပါတည်း"ဟု ပြောဆိုငြားအံ့။

ရဟန်းတို့....ထိုရဟန်း၏စကားကို အလွယ်တကူနှင့် လက်လည်းမခံသေးပဲ ပယ်လည်းမပယ်သေးပဲ ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်း၍ကြည့်ကြရမည်၊ ဝိနည်းတရားတော်၌ နှီးနှောကြည့်ကြရမည်။

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်, ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်, ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုမထေရ်တို့၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့....ဤသို့ ဆုံးဖြတ်ပြီးလျှင် ထိုစကားကို ပယ်ကြ စွန့်ကြလေ။

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်,ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်းသက်ဝင်,ဝိနည်းတရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုမထေရ်တို့၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်"ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့····သုံးခုမြောက်ဖြစ်သော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့။

WWW.DHAMMARANSI.COM



(၄) ရဟန်းတို့⋯⋯ထို့ပြင် ဤသာသနာ၌ တစုံတယောက်သောရဟန်းသည် ဤသို့ ပြောဆိုငြားအံ့—

"ဤမည်သော ကျောင်းတိုက်၌ အကြားအမြင်လည်း များသော, ပါဠိတော်ကိုလည်း နှုတ်ငုံဆောင်သော, တရားတော် ဝိနည်းတော်ကိုလည်းဆောင်သော, ပါတိမောက်ကိုလည်းဆောင်သော တဦးသော မထေရ်သည် နေထိုင်လျက်ရှိပါ၏။ ငါသည် ထိုမထေရ်၏မျက်မှောက်မှ ကြားနာခဲ့ရ, ခံယူခဲ့ရပါ၏။ ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်း" ဟု ပြောဆိုငြားအံ့။

ရဟန်းတို့⋯⋯ထိုရဟန်း၏ စကားကို အလွယ်တကူနှင့် လက်လည်းမခံသေးပဲ ပယ်လည်းမပယ်သေးပဲ ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့ကို ကောင်းစွာမှတ်သား၍ သုတ်တရားတော်၌ သွင်း၍ကြည့်ကြရမည်၊ ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်ကြရမည်။

ယင်းသို့ သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်, ဝိနည်းတရားတော်၌ နှီးနှော၍ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း မသက်ဝင်, ဝိနည်းတရားတော်၌လည်း မနှီးနှောမိကြလျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် မဟုတ်ချေ၊ ထိုမထေရ်၏ မှားယွင်းစွာ သင်ယူထားသော စကားသာ ဖြစ်ချေသည်" ဟု ဤအရာ၌ ဆုံးဖြတ်ကြရမည်။ ရဟန်းတို့⋯⋯ဤသို့ ဆုံးဖြတ်ပြီးလျှင် ထိုစကားကို ပယ်ကြ စွန့်ကြလေ။

သို့မဟုတ် သုတ်တရားတော်၌ သွင်း၍ကြည့်လတ်သော်, ဝိနည်းတရားတော်၌ နှီးနှော၍ ကြည့်လတ်သော် ထိုရဟန်းပြောဆိုသော ပုဒ်ဗျည်းတို့သည် သုတ်တရားတော်၌လည်း သက်ဝင်, ဝိနည်းတရားတော်၌လည်း နှီးနှောမိခဲ့လျှင် "ဤစကားသည် မြတ်စွာဘုရား၏ စကားတော်စင်စစ် ဖြစ်ပေသည်၊ ထိုမထေရ်၏ ကောင်းစွာ သင်ယူထားသော စကားလည်း ဖြစ်ပေသည်" ဟု ဤအရာ၌

WWW.DHAMMARANSI.COM



ဆုံးဖြတ်ကြရမည်။ ရဟန်းတို့...လေးခုမြောက်ဖြစ်သော ဤမဟာပဒေသကို မှတ်သားထားကြကုန်လော့။

ရဟန်းတို့...ဤမဟာပဒေသလေးပါးတို့ကို မှတ်သားထားကြကုန်လော့ဟု မိန့်တော်မူ၏။

### ပြိုးပြွမ်းမှတ်ဖွယ် ပကိဏ္ဏကအဓိပ္ပါယ်

(ဤအရာ၌ ပြိုးပြွမ်း မှတ်ဖွယ် အဓိပ္ပါယ်ကို အဋ္ဌကထာ၌ ညွှန်ပြသည့်အတိုင်း သိသာရုံ ဖော်ပြဦးအံ့—

ဤ၌ (၁) ဤယခု သုတ္တန်ပိဋကတ်၌လာသော မဟာပဒေသကြီးလေးပါး, (၂) ဝိနည်းမဟာဝါပါဠိတော်၌လာသော မဟာပဒေသကြီးလေးပါး, (၃) "ဧကံ, ဝိဘဇ္ဇ, ပဋိ, ဌ= လေးဝဗျာကရဏ" ဟူသော အတိုင်း အမေးပုစ္ဆာကို ဖြေဆိုကြောင်း အဖြေလေးမျိုး, (၄) ဝိနယလေးပါး, (၅) သင်္ဂါယနာသုံးတန် တည်းဟူသော ပြိုးပြွမ်းမှတ်ဖွယ် ပကိဏ္ဏကအဓိပ္ပါယ်ကို နားလည်သိရှိရာ၏။

### ၁-သုတ္တန်ပိဋကလာ မဟာပဒေသလေးပါး

ရှေးဖော်ပြအပ်ပြီးသောအတိုင်း သုတ္တန်ပိဋကလာ မဟာပဒေသလေးပါးတို့ကို သိရှိရာ၏။

### ၂-ဝိနည်းပိဋကလာ မဟာပဒေသလေးပါး

ဝိနည်းပိဋကလာ မဟာပဒေသလေးပါးတို့ဟူသည်မှာ (ဝိနည်းမဟာဝါပါဠိတော်၊ ၆-ဘေသဇ္ဇက္ခန္ဓက၊ စာမျက်နှာ ၃၄၇-၉ တို့၌ လာသော) "(က) ရဟန်းတို့...အကြင်အရာဝတ္ထုကို ငါဘုရားသည် 'ဤအရာဝတ္ထုသည် မအပ်'ဟု မပယ်မြစ်အပ်၊ ထိုအရာဝတ္ထုသည် ဝိနည်းဒေသနာတော်နှင့် ညှိနှိုင်း၍ မအပ်စပ်သည့်ဖက်သို့ ညီလျော်လျက် အပ်စပ်သည့်ဖက်ကို တားမြစ်ခဲ့လျှင် ထိုအရာဝတ္ထုသည် သင်ချစ်သားတို့အဖို့ရာ မအပ်စပ်။ (ခ) ရဟန်းတို့... အကြင်အရာဝတ္ထုကို ငါဘုရားသည် 'ဤအရာဝတ္ထုသည် မအပ်'ဟု မပယ်မြစ်အပ်၊ ထိုအရာဝတ္ထုသည် ဝိနည်းဒေသနာတော်နှင့် ညှိနှိုင်း၍ အပ်စပ်သည့်ဖက်သို့ ညီလျော်လျက် မအပ်စပ်သည့်ဖက်ကို တားမြစ်ခဲ့လျှင် ထိုအရာဝတ္ထုသည် သင်ချစ်သားတို့အဖို့ရာ အပ်စပ်၏။ (ဂ) ရဟန်းတို့...အကြင်အရာဝတ္ထုကို ငါဘုရားသည် 'ဤအရာဝတ္ထုသည် အပ်စပ်၏'ဟု ခွင့်မပြုအပ်၊ ထိုခွင့်မပြုအပ်

WWW.DHAMMARANSI.COM



သောအရာဝတ္ထုသည် ဝိနည်းဒေသနာတော်နှင့် ညှိနှိုင်း၍ မအပ်စပ်သည့်ဖက်သို့ ညီလျော်လျက် အပ်စပ်သည့်ဖက်ကို တားမြစ်ခဲ့လျှင် ထိုအရာဝတ္ထုသည် သင်ချစ်သားတို့အဖို့ရာ မအပ်စပ်။ (ဃ) ရဟန်းတို့.... အကြင်အရာဝတ္ထုကို ငါဘုရားသည် 'ဤအရာဝတ္ထုသည် အပ်စပ်၏'ဟု ခွင့်မပြုအပ်၊ ထိုမှခွင့်မပြုအပ်သော အရာဝတ္ထုသည် ဝိနည်းဒေသနာတော်နှင့် ညှိနှိုင်း၍ အပ်စပ်သည့်ဖက်သို့ ညီလျော်လျက် မအပ်စပ်သည့်ဖက်ကို တားမြစ်ခဲ့လျှင် ထိုအရာဝတ္ထုသည် သင်ချစ်သားတို့အဖို့ရာ အပ်စပ်၏" ဟူ၍ ဟောတော်မူအပ်သော ဥပဒေသကြီး လေးချက်ဖြစ်သည်။

## ၃-အဖြေ လေးမျိုး

"ဧကံ, ဝိဘဇ္ဇ, ပဋိ, ဌ=လေးဝျာကရဏာ" ဟူသော လင်္ကာဆောင်ပုဒ်အတိုင်း (အမေးပုဂ္ဂိုလ်၏ သိလိုရေးဖြင့် မေးအပ်သောအနက်ကို ပဥှ=ပြဿနာ=အမေးဟု ခေါ်သည်၊ ထိုအမေးကို ဖြေဆိုခြင်းကို ပဥှဗျာကရဏဟူ၍ ခေါ်သည်၊ ထိုအမေး အဖြေသည်)—

(က) ဧကံသဗျာကရဏီယအမေး = တခွန်းတည်း တချက်တည်းဖြေဆိုရမည့် အမေးမျိုး, ဧကံသဗျာကရဏအဖြေ = တခွန်းတည်းတချက်တည်း ဖြေဆိုရသည့် အဖြေလည်း တမျိုး, (ဥပမာ "စက္ခုသည် အနိစ္စလော"ဟု မေးအပ်လျှင် "အိမ်း....ဟုတ်သည် စက္ခုသည် အနိစ္စတည်း"ဟု တခွန်းတည်း တချက်တည်း ဖြေဆိုရသည်။ ဤအမေး, အဖြေမျိုးကို ဧကံသဗျာကရဏီယအမေး, ဧကံသဗျာကရဏအဖြေဟု ခေါ်၏)။

(ခ) ဝိဘဇ္ဇဗျာကရဏီယအမေး= ခွဲခြမ်းစိတ်ဖြာ၍ ဖြေဆိုရမည့်အမေးမျိုး, ဝိဘဇ္ဇဗျာကရဏအဖြေ= ခွဲခြမ်းစိတ်ဖြာ၍ ဖြေဆိုရသည့်အဖြေလည်း တမျိုး, (ဥပမာ "အနိစ္စတရားဟူသည် စက္ခုသာလျှင်လော"ဟု မေးအပ်လျှင် "အနိစ္စတရားကား စက္ခုတပါးသာလျှင်မဟုတ်ပေ၊ သောတလည်း အနိစ္စ၊ ဃာနလည်း အနိစ္စ၊ ဇိဝှါလည်း အနိစ္စဖြစ်သည်" ဤသို့စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဖြေဆိုရသည်။ ဤအမေး, အဖြေမျိုးကို ဝိဘဇ္ဇဗျာကရဏီယအမေး, ဝိဘဇ္ဇဗျာကရဏအဖြေဟု ခေါ်၏)။

(ဂ) ပဋိပုစ္ဆာဗျာကရဏီယအမေး = မေးမြန်းသူကို တဖန်ပြန်၍ မေးပြီးမှ ဖြေဆိုရမည့်အမေးမျိုး, ပဋိပုစ္ဆာဗျာကရဏအဖြေ=မေးမြန်း

WWW.DHAMMARANSI.COM



သူကို တဖန်ပြန်၍မေးပြီးမှ ဖြေဆိုရသည့်အဖြေမျိုးလည်းတမျိုး, (ဥပမာ "စက္ခုကဲ့သို့ပင် သောတကို မှတ်ရပါမည်လော၊ သောတကဲ့သို့ပင် စက္ခုကို မှတ်ရပါမည်လော"ဟု မေးအပ်လျှင် ထိုမေးမြန်းသူကို တဖန်ပြန်၍ "အဘယ် အနက်သဘောကို ရည်စူး၍ မေးသနည်း"ဟု မေးရပြန်သည်၊ ထိုမေးမြန်းသူက "မြင်မှုအနက်သဘောကို ရည်စူး၍ မေးပါသည်=စက္ခုကဲ့သို့ပင် သောတသည်လည်း မြင်တတ်သလောဟု မေးပါသည်"ဟုဆိုခဲ့လျှင် "နဟိ=မဟုတ်ပါ" ဟု ဖြေဆိုရသည်။ ထိုမေးမြန်းသူက "အနိစ္စအနက်သဘောကိုရည်စူး၍ မေးပါသည်= စက္ခုကဲ့သို့ပင် သောတသည်လည်း အနိစ္စဖြစ်သလော "ဟု မေးပါသည်"ဟု ဆိုခဲ့လျှင် "အာမ=အိမ်း...ဟုတ်သည် စက္ခုကဲ့သို့ပင် သောတသည်လည်း အနိစ္စဖြစ်သည်"ဟု ဖြေဆိုရသည်။ ဤအမေး, အဖြေမျိုးကို ပဋိပုစ္ဆာဗျာကရဏီယအမေး, ပဋိပုစ္ဆာဗျာကရဏ အဖြေဟု ခေါ်၏)။

(ဃ) ဌပနီယအမေး=အဖြေမပေးပဲ လျစ်လျူရှုကာ ထားရသောအမေးမျိုး, ဌပနီယအဖြေ=အဖြေစကားဟူ၍ သီးခြားမပြောရပဲ မဖြေပဲထားလိုက်ခြင်းသည်ပင် အဖြေမည်သော ဌပနီယ အဖြေမျိုးလည်းတမျိုး၊ (ဥပမာ အတ္တဒိဋ္ဌိနယ်ပယ်၌ ဇီဝ=လိပ်ပြာဟူသောဝေါဟာရ, သရီရ=ကိုယ်ဟူသော ဝေါဟာရရှိသည်၊ ထိုဇီဝ, သရီရ=နှစ်မျိုးလုံးပင် ပရမတ္ထအားဖြင့် တရားသားမရကောင်းသော အရာများဖြစ်ကြသည်။ ထို့ကြောင့် "ဇီဝ=လိပ်ပြာသည်ပင် သရီရ=ကိုယ်မည်သလော (ဝါ) ဇီဝ=လိပ်ပြာနှင့် သရီရ=ကိုယ်ဟူသည် တခုတည်းလော"ဟု မေးခဲ့လျှင် (လောက၌ မိန်းမမြုံသားဟူသည် မရှိချေ၊ မရှိပါပဲလျက် "မိန်းမမြုံသားသည် အမိအပေါ်၌ ကောင်းမွန်ရိုသေစွာ ကျင့်ကြံပါ၏လော" ဟု မေးသောအမေးမျိုးကို အဖြေစကား မပြောကြားပဲ လျစ်လျူရှုကာသာ ထားလိုက်ရသကဲ့သို့ ဤအတူပင်) ယခုအမေး၌လည်း ဇီဝ=လိပ်ပြာဟူသည် ပရမတ္ထအားဖြင့် တရားသား မရကောင်းသော အရာဖြစ်သောကြောင့် "ဤဇီဝ=လိပ်ပြာကို ရှိ၏ဟူ၍ ဘုရားရှင်မဟော" ဟု သိရှိကာ ထိုအမေးကို မဖြေပဲ ထားရ၏၊ ထိုသို့မဖြေပဲ ထားလိုက်ခြင်းသည်ပင် အဖြေမည်လေတော့၏။ ဤအမေး, အဖြေမျိုးကို ဌပနီယအမေး, ဌပနီယအဖြေဟု ခေါ်၏)။ ဤသို့ အမေးလေးမျိုး, အဖြေလေးမျိုးရှိသည်။

WWW.DHAMMARANSI.COM



## (၄) ဝိနယ လေးပါး

၁-သုတ္တ=ပိဋကသုံးပုံကို ခေါ်သည်။ ၂-သုတ္တာနုလောမ=ရှေး ဖော်ပြရာပါ ဝိနည်း၌လာသော မဟာပဒေသလေးပါးနှင့် သုတ္တန်၌ လာသော မဟာပဒေသလေးပါးတို့ကို ခေါ်သည်။ ၃-အာစရိယ-ဝါဒ=မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က ထိုထိုအရပ် ဒေသ၌ အနက်အဓိပ္ပါယ်သတောအနေအားဖြင့် ဟောကြားအပ်သော ပကိဏ္ဏကဒေသနာတော်ကို (ပါဠိပိဋကကို ဖွင့်ပြဟောဆိုကြောင်း ဖြစ် သောကြောင့်) အဋ္ဌကထာဟု ခေါ်သည်၊ ထိုအဋ္ဌကထာကို သံဂါယနာ မထေရ်မြတ်တို့သည် ရှေးဦးစွာ ပိဋကသုံးပုံကို သံဂါယနာတင်ပြီးနောက် ထိုပိဋကတော်၏ အနက်အဖွင့်အားလျော်စွာ ချပ်ပိုသင်ကြားရိုး=ဝါစ-နာမဂ္ဂသို့တင်ထားအပ်လေသည်၊ ထိုအဋ္ဌကထာ=ပကိဏ္ဏကဒေသနာကို ပင် (ဆရာတို့ ပါဠိပိဋကကို ဖွင့်ပြပြောဆိုကြောင်း ဖြစ်သောကြောင့်) အာစရိယဝါဒဟူ၍ ခေါ်သည်၊ ယင်း အာစရိယဝါဒ, အဋ္ဌကထာ, ပကိဏ္ဏကဒေသနာ=သုံးမည်ရသော စကားအစဉ်ကို အရှင်မဟာမဟိန္ဒ မထေရ်သည် သီဟိုဠ်ကျွန်းသို့ ဆောင်ယူအပ်ခဲ့လေသည်၊ ၎င်းကို နောက် တချိန်၌ သီဟိုဠ်ကျွန်းသား မထေရ်များသည် ဂိုဏ်းတပါးအယူနှင့် ရောယှက်ရှုပ်ထွေးမှုမရှိစေရန် သီဟိုဠ်ဘာသာဖြင့် အက္ခရာတင်ထားကြ လေသည်။ အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ်သည် ယင်းသီဟိုဠ် ဘာသာ အဋ္ဌကထာ(=မူလ ပကိဏ္ဏကဒေသနာ)ကိုပင် အထပ်ထပ် လာသော အဆုံများကို ချုံးလျက်၎င်း, သုပိဋက သုနေရာနှင့်သူ သံဝဏ္ဏေတဗ္ဗ သံဝဏ္ဏနာ တွဲဖက်သန့်လျက်၎င်း, အချို့အချို့နေရာတို့၌ သင့်လျော်ရာ ထေရဝါဒများကို(အတ္တနောမတိများကို)ဖော်ပြလျက်၎င်း (သီဟိုဠ်အဋ္ဌကထာကို မာဂဓီဘာသာပြန်ဆိုလျက်) အဋ္ဌကထာသစ်ကို ပြုစီရင်တော်မူသည်၊ ထို့ကြောင့် ဤယခု ဝိနယလေးပါး၌ ၃-ခုမြောက် အာစရိယဝါဒဟူသည်မှာ ယနေ့မျက်မြင် ညွှန်ပြရလျှင် အဋ္ဌကထာ ကိုပင် ညွှန်ပြရပေမည်။ ၄-အတ္တနောမတိ = သုတ္တ,သုတ္တာနုလောမ, အာစရိယဝါဒတည်းဟူသော ရှေးသုံးပါးမှ ရရှိသောနည်းကိုယူလျက် ထိုရှေ့သုံးပါးသို့ အစဉ်လျောက်သော ကိုယ်ပိုင်ဉာဏ်ဖြင့်ဝေဘန်ဆင်ခြင်၍ သိရှိအပ်သော အနက်သဘော(ထေရဝါဒ)များကို ခေါ်သည်။ ဤသို့ လျှင် သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒ, အတ္တနောမတိ တည်းဟူ သော ဝိနယလေးပါးကို သိမှတ်ရာ၏။

WWW.DHAMMARANSI.COM



## (၅) သံဂါယနာသုံးတန်

၁—အရှင်မဟာကဿပမထေရ်ဦးစီး၍ ရဟန္တာ ငါးရာတို့ ပဌမအကြိမ်တင်အပ်သော ပဥ္စသတိကသံဂါယနာ, ၂-အရှင်မဟာယသထေရ် အကျိုးဆောင်လျက် ရဟန္တာခုနစ်ရာတို့ ဒုတိယအကြိမ်တင်အပ်သော သတ္တသတိကသံဂါယနာ, ၃-အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးစီး၍ ရဟန္တာတထောင်တို့ တတိယအကြိမ်တင်အပ်သော သဟဿိကသံဂါယနာ= ဤသို့အားဖြင့် တရားဝင် သံဂါယနာကြီး သုံးမျိုးရှိလေသည်။ ။ဤသို့ ရှေးဦးစွာ (၁) သုတ္တန်လာ မဟာပဒေသလေးပါး, (၂) ဝိနည်းလာ မဟာပဒေသလေးပါး, (၃) အမေး အဖြေလေးပါး, (၄) ဝိနယ လေးပါး, (၅) တရားဝင် သံဂါယနာကြီးသုံးတန်ကို မှတ်သားရာ၏။

ထို့နောက်မှ (၁) "ဤကား တရားတော်ပါတည်း၊ ဤကား ဝိနည်းတော်ပါတည်း၊ ဤကား မြတ်စွာဘုရား၏ အဆုံးအမတော်ပါတည်း"ဟု တဦးတယောက်သောရဟန်းက မြတ်စွာဘုရားကိုဖြစ်စေ သံဃာကိုဖြစ်စေ မထေရ်အများကိုဖြစ်စေ မထေရ်တပါးကိုဖြစ်စေ ကိုးကား၍ ပြောဆိုသဖြင့် ဓမ္မ ဝိနယ ဟုတ် မဟုတ် ဆုံးဖြတ်ရန် အခွင့်ကြုံလာလျှင် သုတ္တန်ကျမ်းလာ မဟာပဒေသလေးပါးတို့ဖြင့် နှိုင်းချိန်၍ ဖြေရှင်းဆုံးဖြတ်ရမည်။ ဤမဟာပဒေသလေးပါးတို့၌ ညီညွတ်သောစကားကိုသာ အမှန်ဟူ၍ မှတ်ယူရာ၏၊ မညီညွတ်သော စကားဖြစ်ခဲ့လျှင် စကားရှင်ရဟန်းက မည်မျှပင် နှုတ်သရမ်း၍ မြည်တမ်းပြောဆိုစေကာမူ အမှန်ဟူ၍ မမှတ်ယူရ။

(၂) "ဤအမှုသည် အပ်စပ်၏၊ ဤအမှုသည် မအပ်စပ်"ဟူ၍ အပ်မှု, မအပ်မှုနှင့်စပ်၍ ဆုံးဖြတ်ဖွယ်အခွင့် ကြုံကြိုက်လာလျှင် ဝိနည်းမဟာဝါပါဠိတော်လာ မဟာပဒေသလေးပါးတို့ဖြင့် နှိုင်းချိန်၍ ဖြေရှင်းဆုံးဖြတ်ရမည်။ (ထိုဝိနည်းကျမ်းလာ မဟာပဒေသလေးပါးတို့၏ အနက်အဓိပ္ပါယ်အကျယ်ကို ဝိနည်းအဋ္ဌကထာမှ ထုတ်ယူမှတ်သားရာ၏) ထိုဝိနည်းကျမ်းလာ မဟာပဒေသလေးပါးတို့ဖြင့် နှိုင်းချိန်ဆင်ခြင်ကြည့်၍ အပ်စပ်သည့်ဘက်သို့ ညီလျော်သောအမှုကိုမူ "ဤအမှုသည် အပ်စပ်၏"ဟူ၍ ဆုံးဖြတ်ရ၏။ ထိုသို့ ဝိနည်းကျမ်းလာ မဟာပဒေသလေးပါးတို့ဖြင့် နှိုင်းချိန်ဆင်ခြင်ကြည့်၍ မအပ်စပ်သည့်ဘက်သို့ ညီလျော်နေသော အမှုမျိုးဖြစ်ခဲ့လျှင် "ဤအမှုသည် မအပ်စပ်"ဟူ၍ ဆုံးဖြတ်ရ၏။

WWW.DHAMMARANSI.COM



(၃) ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း တရားသဘောနှင့်စပ်၍ အမေးပုစ္ဆာ ပြဿနာပေါ်ပေါက်လာလျှင် အမေးလေးပါးနှင့် လိုက်လျောညီညွတ်အောင် အဖြေလေးမျိုးဖြင့် ဖြေဆိုရာ၏။

(၄) သုတ္တ-စသော ဝိနည်းလေးပါးတို့အနက် တဖက်ပုဂ္ဂိုလ်တင်ပြကိုးကားသော စကားသည် တရားဝင်သံဂါယနာကြီးသုံးတန်၌ တင်အပ်သည့် ပိဋကသုံးပုံတည်းဟူသော သုတ္တ-စကားဖြစ်ခဲ့လျှင် ထိုစကားကို မပယ်မြစ်အပ်၊ ထိုသုတ္တ-စကားကို ပယ်မြစ်လျှင် ဘုရားရှင်ကိုပင် ပယ်မြစ်အပ်သည် မည်လေတော့၏။ တဖက်ပုဂ္ဂိုလ်တင်ပြသော စကားသည် သုတ္တာနုလောမဖြစ်ခဲ့လျှင် ထိုစကားကို သုတ္တ-ခေါ်သော ပိဋကပါဠိတော်နှင့်ညီညွတ်မှသာ လက်ခံမှတ်ယူရာ၏၊ မညီညွတ်လျှင် မမှတ်ယူရာ။ အာစရိယဝါဒ = ပကိဏ္ဏကဒေသနာ = အဋ္ဌကထာကိုလည်း အဋ္ဌကထာဆိုတိုင်း ကေန်မှန်ပြီဟု မမှတ်ယူရာ၊ ယင်း အာစရိယဝါဒ= ပကိဏ္ဏကဒေသနာ = အဋ္ဌကထာမှာလည်း ပမာဒပါဌ ပမာဒလေခ (=မေ့လျော့၍ ရွတ်ဆိုမှု မေ့လျော့၍ ရေးသားမှု) အနေအားဖြင့် တရံတခါ ပါဠိပိဋကနှင့် မနီးနှောမိသောအရာလည်း ရှိနိုင်၏၊ ထို့ကြောင့် ထိုအာစရိယဝါဒကိုလည်း သုတ္တ-ခေါ်သော ပါဠိတော်နှင့် ညှိနှိုင်း၍ ညီညွတ်မှသာ အမှန်ဟု မှတ်ယူရာ၏၊ ပမာဒပါဌ ပမာဒလေခဖြစ်၍ သုတ္တ=ပါဠိတော်နှင့် မညီညွတ်လျှင် အမှန်ဟု မမှတ်ယူရာ။ အတ္တနောမတိ (=ထိုထိုမထေရ်တို့၏ အယူအဆဝါဒ)ကား အလုံးစုံအောက် အားနည်းလှ၏၊ ထိုအတ္တနောမတိကိုလည်း သုတ္တ=ပါဠိတော်နှင့် ညီညွတ်မှသာ အမှန်ဟု မှတ်ယူရာ၏။ မညီညွတ်လျှင် အမှန်ဟု မမှတ်ယူရာ။

(၅) ပုဂ္ဂိုလ်တဦးတယောက် ကိုးကားတင်ပြသော ပါဠိသည် "သံဂါယနာတင် ပါဠိဖြစ်ပါသည်"ဟု ဆိုစေကာမူ ရှေးဖော်ပြရာပါ တရားဝင် သံဂါယနာကြီးသုံးရပ်၌ တင်အပ်သည့် ပါဠိဖြစ်မှသာ ပမာဏ ဂရု အလေးပြု၍ မှတ်ယူရာ၏။ ဤသံဂါယနာကြီးသုံးတန်၌ မတင်အပ်သည့် သုတ္တန်မျိုးဖြစ်က ကွဲရှဲအပ်သည့် သုတ္တသာဖြစ်၍ အမှန်ဟု မမှတ်ယူရ။ ။ဤကား ပြိုးပြွမ်းမှတ်ဖွယ် ပကိဏ္ဏက အမိပ္ပါယ်တည်း)။

မြတ်စွာဘုရားရှင်သည် ထိုဘောဂမြို့ အာနန္ဒစေတီ၌ နေတော်မူစဉ်လည်း ရှေးဖော်ပြရာပါအတိုင်း ပရိနိဗ္ဗာန် စံလွန်တော်မူရန် အချိန်နီးကပ်လာပြီဖြစ်သောကြောင့် ရဟန်းတို့ကို ဆုံးမတော်မူ

WWW.DHAMMARANSI.COM



လတ်သည့်ရှိသော် ဤဆိုလတ္တံ့သော တရားစကားကိုသာ ရဟန်းတို့အား အကြိမ်များစွာ ဟောကြားတော်မူ၏—

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း။ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုး, အာနိသင်ရှိ၏၊ သမာဓိ၌ တည်၍ဖြစ်စေအပ်သော ပညာသည် များသောအကျိုး, အာနိသင်ရှိ၏၊ ပညာ၌ တည်၍ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝတည်းဟူသော အာသဝတရားတို့မှ အရိပ်အမြွက်မျှ မကျန်ရအောင် ကောင်းစွာပင်လျှင် လွတ်မြောက်၏"ဟု ဟောတော်မူ၏။

### စုန္ဒရွှေပန်းထိမ်သည်ဝတ္ထု

ထိုအခါ မြတ်စွာဘုရားရှင်သည် ဘောဂနဂြိုဟ်၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ···လာ, သွားကြကုန်စို့၊ ပါဝါပြည်သို့ သွားကြကုန်စို့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီ မြတ်စွာဘုရား" ဟု မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကို ဝန်ခံစကား ပြန်ကြား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းများစွာ ခြံရံလျက် ပါဝါပြည်သို့ ကြွရောက်တော်မူ၍ ထိုပါဝါပြည်ဝယ် စုန္ဒမည်သော ရွှေပန်းထိမ်သည်သား လှူဒါန်းဆောက်လုပ်အပ်သော သရက်ဥယျာဉ်ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။

(ဤ၌။ ။စုန္ဒရွှေပန်းထိမ်သည်သားကား လွန်စွာကြွယ်ဝချမ်းသာသော သူကြွယ်တဦးဖြစ်သည်၊ ထိုစုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင်အား ပဌမအကြိမ် ဖူးမြော်ရစဉ်ကပင် တရားတော်ကို နာယူရ၍ သောတာပန်အရိယာဖြစ်ပြီးလျှင် မိမိပိုင် သရက်ပင်စဉ် ဥယျာဉ်အတွင်း၌ ကျောင်းတိုက်ကြီးတည်ဆောက်ကာ လှူဒါန်းခဲ့လေသည်။ ယခုအခါ မြတ်စွာဘုရားသည် ထိုသရက်ဥယျာဉ် ကျောင်းတိုက်၌ နောက်ဆုံးသီတင်းသုံးနေတော်မူခြင်း ဖြစ်သည်)။

WWW.DHAMMARANSI.COM



ကျောင်းတိုက်ဒါယကာ စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာ၍ မိမိ၏ သရက်ဥယျာဉ် ကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူကြောင်း သတင်း စကား ကြားသိလေလျှင် မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ဝပ်လျှိုး ရှိခိုးဝတ်ပြုကာ အပြစ်လွတ်ရာအရပ်၌ ထိုင်နေ လေ၏။ မြတ်စွာဘုရားရှင်သည်လည်း ကျောင်းတိုက်ဒါယကာ စုန္ဒရွှေပန်းထိမ်သည်သားကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ တရားကျင့်သုံး ရန် ထက်သန်ရွှင်လန်းစေတော်မူ၏။ တရားနာပြီးသောအခါ စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင်ကို "မြတ်စွာ ဘုရား····ရှင်တော်ဘုရားသည် ရဟန်းသံဃာနှင့်တကွ နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ တပည့်တော်၏ဆွမ်းကို လက်ခံတော် မူပါ"ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူသဖြင့် စုန္ဒရွှေပန်းထိမ်သည်သား၏ လျှောက်ထား ပင့်ဖိတ်ချက်ကို လက်ခံတော်မူ၏။

စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားရှင် လက်ခံ တော်မူသည်ကို သိ၍ နေရာမှထကာ မြတ်စွာဘုရားကို ရှိခိုးလျက် အရိုအသေပြုပြီးလျှင် ဖဲခွါသွားခဲ့၍ ထိုညဉ့်လွန်မြောက်ပြီးနောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကိုငှင်း 'သူကရမဒ္ဒဝ' ဟု ခေါ်သည့် မကြီးလွန်း မငယ်လွန်း အလယ်အလတ်ဖြစ်သော တောဝက်၏ နူးညံ့သိမ်မွေ့သောအသားများကိုငှင်း*ကောင်းစွာ ချက်ပြုတ် စီရင်စေပြီးလျှင်"မြတ်စွာဘုရား....ဆွမ်းဘုဉ်းပေးချိန်တန် ပါပြီ၊ဆွမ်းပြင်၍ ပြီးပါပြီ"ဟုဆွမ်းဘုဉ်းပေးရန် အချိန်တန်ကြောင်း မြတ်စွာဘုရားအား ကြားလျှောက်စေလေ၏။

(ဤ၌။ ။*နွားနို့ အရသာငါးမျိုး ကျိုချက်ပြုတ်နည်း အစီ အရင်ဖြင့် ကောင်းစွာစီရင်အပ်သော နူးညံ့သောထမင်းကို သူကရမဒ္ဒဝ-ဟု ကေအာစရာတို့က ဆိုကြကြောင်းနှင့် ရသာယနအ အစီအရင်ဖြင့် ကောင်းစွာ စီရင်ထားသော စားဖွယ်တမျိုးကို သူကရမဒ္ဒဝ-ဟု ခေါ် ဆိုသည်၊ ထိုစားဖွယ်အထူးကို စုန္ဒရွှေပန်းထိမ်သည်သားသည် "မြတ်စွာ ဘုရား၏ ပရိနိဗ္ဗာန် စံလွန်တော်မူခြင်း မဖြစ်လေရာ" ဟု ကြံစည်

WWW.DHAMMARANSI.COM



အောက်မေ့ကာ စီရင်အပ်၏ဟူ၍ ကေစိဆရာတို့က ဆိုကြကြောင်း အဋ္ဌကထာ၌ ဖော်ပြထား၏)။

ထိုအခါ မြတ်စွာဘုရားရှင်သည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်တော်မူ၍ သပိတ်, သင်္ကန်းကို ယူဆောင်တော်မူလျက် ရဟန်းသံဃာနှင့်အတူ စုန္ဒရွှေပန်းထိမ်သည်သား၏ နေအိမ်သို့ ကြွရောက်၍ ခင်းထားအပ်သောနေရာ၌ ထိုင်နေတော်မူ၏။

ထိုသို့ ထိုင်နေတော်မူပြီးနောက် မြတ်စွာဘုရားသည် စုန္ဒရွှေပန်းထိမ်သည်သားကို "စုန္ဒ....သင်စီရင်ထားသည့် နူးညံ့သော တောဝက်သားဖြင့် ငါဘုရားကို လုပ်ကျွေးလော့၊ သင် စီရင်ထားသည့် အခြားခဲဖွယ် ဘောဇဉ်များဖြင့် ရဟန်းသံဃာကို လုပ်ကျွေးလော့" ဟု မိန့်တော်မူ၏။

စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားမိန့်ကြားချက်ကို "ကောင်းပါပြီ မြတ်စွာဘုရား...."ဟု လျှောက်ထားဝန်ခံ၍ မြတ်စွာဘုရားရှင်အမိန့်အတိုင်း မိမိစီရင်ထားသည့် နူးညံ့သော တောဝက်သားဖြင့် မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလေ၏၊ မိမိစီရင်ထားသည့် အခြားခဲဖွယ် ဘောဇဉ်များဖြင့် ရဟန်းသံဃာကို ပြုစုလုပ်ကျွေးလေ၏။

ထိုနောက် မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင်ပင် စုန္ဒရွှေပန်းထိမ်သည်သားကို "စုန္ဒ .... သင်၏ ကြွင်းကျန်သော နူးညံ့သော တောဝက်သားကို တွင်း၌ မြှုပ်လိုက်လော့၊ စုန္ဒ....မြတ်စွာဘုရားကိုထား၍ နတ်, မာရ်နတ်, ဗြဟ္မာနှင့်တကွသော နတ်လောက (နှင့်) သမဏဗြာဟ္မဏ, မင်းများ, လူများနှင့်တကွသော ဤလူ့လောကဝယ် ထိုနူးညံ့သော တောဝက်သားကို စားလျှင် ကောင်းစွာ အစာကြေအံ့သော ပုဂ္ဂိုလ်ကို ငါဘုရား မမြင်မတွေ့ရချေ" ဟု ရဲရဲတောက်စကား မိန့်ကြားတော်မူလေ၏။

စုန္ဒရွှေပန်းထိမ်သည်သားသည် မြတ်စွာဘုရားမိန့်ကြားချက်ကို "ကောင်းပါပြီ မြတ်စွာဘုရား...."ဟု လျှောက်ထားဝန်ခံ၍ မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားရှင်အမိန့်အတိုင်း ထိုကြွင်းကျန်သော နူးညံ့သော တော ဝက်သားကို တွင်း၌ မြှုပ်ပြီးလျှင် မြတ်စွာဘုရားထံတော်သို့ ချဉ်း ကပ်၍ ရှိသေမြတ်နိုး ရှိခိုးဦးညွှတ်ကာ အပြစ်လွတ်ရာအရပ်၌ ထိုင် နေလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် စုန္ဒရွှေပန်းထိမ်သည် သားကို တရားစကား ဟောကြားညွှန်ပြတော်မူကာ နေရာမှ ထ၍ ကြွသွားတော်မူလေ၏။

ထိုနောက် စုန္ဒရွှေပန်းထိမ်သည်သား၏ ဆွမ်းကို ဘုဉ်းပေး တော်မူပြီးသောအခါ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှာ ကြမ်း တမ်းသော အနာရောဂါကပ်ရောက်လျက် သေလောက်အောင် ပြင်းထန်သော ဝမ်းသွေးသွန်သည့် ရောဂါဝေဒနာများ ဖြစ်ပွါး လာကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုဝေဒနာတို့ကို သတိ ရှိလျက် ဆင်ခြင်လျက် ပင်ပန်းသည်ဟု မရေတွက်ပဲ သည်းခံတော် မူ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "အာနန္ဒာ....လာ, သွားကြစို့၊ ကုသိနာရုံပြည်သို့ သွားရောက်ကြ ကုန်စို့" ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာသည်လည်း "ကောင်း ပါပြီ မြတ်စွာဘုရား...." ဟု မြတ်စွာဘုရား မိန့်ကြားချက်ကို လျှောက်ထားဝန်ခံလေ၏။

(ဤ၌။ ။စုန္ဒရွှေပန်းထိမ်သည်သား၏ ဆွမ်းကို ဘုဉ်းပေးတော် မူခြင်းကြောင့် မြတ်စွာဘုရားမှာ ဝမ်းသွေးသွန်သောရောဂါ ဖြစ်သည် မဟုတ်၊ စင်စစ်ကား ဆွမ်းဘုဉ်းပေးပြီးသောအခါ၌ ဝမ်းသွေးသွန်သော ရောဂါဖြစ်သည်ကိုသာ ဆိုလိုသည်။ အကယ်၍ ထိုဆွမ်းကို မဘုဉ်းပေး ရမီ ထို ဝမ်းသွေးသွန်သည့်ရောဂါ ဖြစ်ပွါးခဲ့လျှင် ယခု အခြေအနေ ထက်ပင် မသွားနိုင် မလာနိုင်အောင် အလွန့်အလွန် ရောဂါဝေဒနာ ကြမ်းတမ်းလေရာ၏၊ ယခုမူ ထို ပြေပြစ်နူးညံ့သော စုန္ဒ၏ တောဝက် သားဆွမ်းကို ဘုဉ်းပေးတော်မူရသောကြောင့် သက်သာတန်သလောက် သက်သာစွာ ရောဂါဝေဒနာဖြစ်ပွါးလေသည်၊ ထိုကြောင့်ပင် ကုသိနာ ရုံပြည်သို့ ရောက်အောင် ခြေလျင်ကြွတော်မူနိုင်ခဲ့လေသည်)။

WWW.DHAMMARANSI.COM



သောက်ရေ ဆောင်စေတော်မူခြင်း

ထိုအခါ မြတ်စွာဘုရားသည် လမ်းခရီးမှဖဲ၍ တခုသောသစ်ပင်ရင်းသို့ ချဉ်းကပ်တော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သားအာနန္ဒာ....ငါဘုရား၏ ဒုကုဋ်(=၂-ထပ်) သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊ချစ်သားအာနန္ဒာ....ငါဘုရား ပင်ပန်းလာပြီ၊ ထိုင်ဦးအံ့"—

ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် "ကောင်းပါပြီ မြတ်စွာဘုရား...." ဟု လျှောက်ထားဝန်ခံ၍ ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလေ၏။ ထိုခင်းပြီးသော နေရာ၌ ထိုင်နေတော်မူပြီးသောအခါ မြတ်စွာဘုရားရှင်နှင့် အရှင် အာနန္ဒာတို့ အပြန်အလှန် မိန့်ဆိုလျှောက်ထားတော်မူကြသည်မှာ—

(ဗုဒ္ဓ) ချစ်သားအာနန္ဒာ.... သောက်ရေကို ဆောင်ချေ=ခပ်ချေလော့၊ ချစ်သား အာနန္ဒာ.... ငါဘုရားသည် ရေသောက်တော်မူလို၏၊ ငါဘုရား ရေသောက်အံ့။ (၁)

(အရှင်အာနန္ဒာ) မြတ်စွာဘုရား.... လှည်းအစီး ငါးရာတို့ ယခုပင် ချောင်းကို ဖြတ်ကူးသွားကြပါသည်၊ ထိုသို့ လှည်းများ ဖြတ်ကူးထားသောကြောင့် ထို အနည်းငယ်သော ချောင်းရေသည် ချောက်ချား နောက်ကျုလျက် စီးနေပါ၏၊ မြတ်စွာဘုရား.... ကကုဓာမြစ်သည် မဝေးလှတော့ပါ၊ ထိုမြစ်သည် ကြည်လင်သော ရေရှိပါ၏၊ ချိုမြိန်သောရေ အေးမြသောရေ ညွန်ကင်းသော ရေရှိပါ၏၊ ဆိပ်ကမ်းလည်းသာယာ မွေ့လျော်ဖွယ်ရာလည်းရှိပါ၏၊ ဤကကုဓာမြစ်၌ မြတ်စွာဘုရားသည် ရေကိုလည်း သောက်တော်မူရပါလိမ့်မည်၊ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုတော်မူရပါလိမ့်မည်။

(ဗုဒ္ဓ) ချစ်သားအာနန္ဒာ.... သောက်ရေကို ဆောင်ချေ=ခပ်ချေလော့၊ ချစ်သားအာနန္ဒာ....ငါဘုရားသည် ရေသောက်တော်မူလို၏၊ ငါဘုရား ရေသောက်အံ့။ (၂)

WWW.DHAMMARANSI.COM



• (အရှင်အာနန္ဒာ) မြတ်စွာဘုရား....လှည်းအစီး ငါးရာတို့ ယခုပင် ချောင်းကို ဖြတ်ကူးသွားကြပါသည်၊ ထိုသို့ လှည်းများ ဖြတ်ကူးထားသောကြောင့် ထိုအနည်းငယ်သော ချောင်းရေသည် ချောက်ချားနောက်ကျုလျက် စီးနေပါ၏၊ မြတ်စွာဘုရား....ကကုဓာမြစ်သည် မဝေးလှတော့ပါ၊ ထိုမြစ်သည် ကြည်လင်သောရေ ရှိပါ၏၊ ချိုမြိန်သောရေ အေးမြသောရေ ညွှန်ကင်းသောရေ ရှိပါ၏၊ ဆိပ်ကမ်းလည်းသာယာ မွေ့လျော်ဖွယ်ရာလည်းရှိပါ၏၊ ဤကကုဓာမြစ်၌ မြတ်စွာဘုရားသည် ရေကိုလည်း သောက်တော်မူရပါလိမ့်မည်၊ ကိုယ်တော်ကိုလည်း အေးမြအောင်ပြုတော်မူရပါလိမ့်မည်။

(ဗုဒ္ဓ) ချစ်သားအာနန္ဒာ.... သောက်ရေကို ဆောင်ချေ=ခပ်ချေလော့၊ ချစ်သားအာနန္ဒာ....ငါဘုရားသည် ရေသိပ်လှပြီ (=ရေသောက်တော်မူလိုလှပြီ)၊ ငါဘုရား ရေသောက်အံ့။(၃)

ဤသို့ သုံးကြိမ်တိုင် မြတ်စွာဘုရားရှင်က သောက်တော်ရေ အလိုရှိကြောင်း မိန့်မြွက်တော်မူလေလျှင် အရှင်အာနန္ဒာမထေရ်သည် "ကောင်းပါပြီ မြတ်စွာဘုရား...."ဟု လျှောက်ထားဝန်ခံ၍ သပိတ်ကိုယူဆောင်ကာ ထိုချောင်းငယ်ရှိရာသို့ သွားရောက်လေ၏။ ထိုအခါ လှည်းများဖြတ်ကူးထားသောကြောင့် ချောက်ချားနောက်ကျုလျက် စီးနေသော ထိုချောင်းရေ အနည်းငယ်သည် အရှင်အာနန္ဒာမထေရ် ချဉ်းကပ်ရောက်ရှိလျှင်ပင် အံ့ဩဖွယ်ရာ ကြည်လင်သန့်ရှင်း နောက်ကျုခြင်းကင်းလျက် စီးလေ၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည်—

"အိုး....မြတ်စွာဘုရား၏ တန်ခိုး,အာနုဘော် ကြီးမြတ်တော်မူခြင်းသည် အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ လှည်းများဖြတ်ကူးထားသောကြောင့် ချောက်ချားနောက်ကျုလျက် စီးနေသော ဤချောင်းရေ အနည်းငယ်သည် ငါချဉ်းကပ်ရောက်ရှိလျှင်ပင် ကြည်လင်သန့်ရှင်း နောက်ကျုခြင်းကင်းလျက် စီးလေဘိ၏"—

WWW.DHAMMARANSI.COM



ဟု အံ့ဩစိတ်ဝင် ဆင်ခြင်စဉ်းစားပြီးလျှင် သပိတ်ဖြင့် သောက်ရေကို ခပ်ယူကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားရှင်ကို ဤသို့ လျှောက်ထားလေ၏—

"မြတ်စွာဘုရား.... ရှင်တော်ဘုရား၏ တန်ခိုး, အာနုဘော်ကြီးမြတ်တော်မူခြင်းသည် အံ့ဖွယ်ရှိပါပေစွ၊ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ မြတ်စွာဘုရား....ယခုပင် လှည်းများ ဖြတ်ကူးထားသောကြောင့် ချောက်ချား နောက်ကျုလျက် စီးနေသော ထိုချောင်းရေ အနည်းငယ်သည် အကျွန်ုပ် ချဉ်းကပ်ရောက်ရှိလျှင်ပင် ကြည်လင်သန့်ရှင်း နောက်ကျုခြင်းကင်းလျက် စီးဆင်းနေပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် သောက်ရေကို သုံးဆောင်တော်မူပါလော့၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် သောက်ရေကို သုံးဆောင်တော်မူပါလော့"—

ဟု လျှောက်ထားကာ မြတ်စွာဘုရားရှင်အား သောက်တော်ရေကို ဆက်ကပ်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် သောက်ရေကို သုံးဆောင်တော်မူလေ၏။

## ဝဋ်တော် ၁၂-ပါး အကြောင်း

(ဤအရာ၌ မြတ်စွာဘုရားရှင်၏ "ဝဋ်တော် ၁၂-ပါးအကြောင်း" ကို အကျဉ်းအားဖြင့် ကြားညှပ်၍ ဖော်ပြဦးအံ့—

(၁) ပဌမဝဋ်တော်။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် မုနာဠိ-မည်သော သေသောက်ကြူးဖြစ်၍ သုရဘိ-အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို "ဤသူကား လူသူလေးပါး ဆိတ်ကွယ်ရာ အရပ်၌ ကာမလိုက်စား မွေ့လျော် ပျော်ပါး၍ တရားမရှိ ဒုဿီလပုဂ္ဂိုလ်ဖြစ်ဘိ၏"ဟု စွပ်စွဲစကား ပြောမှားတော်မူခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံကြောင့် ငရဲ၌ နှစ်ပေါင်းများစွာ ဒုက္ခဝေဒနာကို ခံစားခဲ့ရပြီး ဤယခုနောက်ဆုံး=ပစ္ဆိမဘဝ ဘုရားဖြစ်

WWW.DHAMMARANSI.COM



တော်မူသောအခါ လူသူအများ အထင်မှားအောင် သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲခြင်းကို ခံတော်မူရလေသည်။ ဤကား ပဌမဝင်္ဂတော်တည်း။

(၂) **ဒုတိယဝင်္ဂတော်**။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော် ဖြစ်စဉ် တခုသောဘဝဝယ် သဗ္ဗာဘိဘူ–အမည်တော်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ နန္ဒ—မည်သောတပည့်သာဝကဖြစ်ခဲ့၍ ထိုသဗ္ဗာဘိဘူပစ္စေကဗုဒ္ဓါအရှင်မြတ်ကို "သီလမရှိ သူယုတ်မာသာ ဖြစ်ဘိ၏"ဟု စွပ်စွဲစကား ပြောမှားခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကြောင့် အနှစ်တသောင်းကြာ ငရဲ၌ ဒုက္ခဝေဒနာကို ခံစံခဲ့ရပြီး လူဖြစ်သောဘဝများစွာတို့၌လည်း လူသူလေးပါးတို့၏ မဟုတ်မတရား စွပ်စွဲသည်ကို ခံခဲ့ရ၍ ဤယခုနောက်ဆုံး=ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ပရိသတ်ဗိုလ်ပုံအလယ်၌ စိဉ္စမာန်မိန်းမယုတ်၏ မဟုတ်မတရား စွပ်စွဲခြင်းကို ခံတော်မူရလေသည်။ ဤကား ဒုတိယဝင်္ဂတော်တည်း။

(၃) **တတိယဝင်္ဂတော်**။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် လူအများ လေးစားကော်ရော် ပူဇော်အပ်သော ဗေဒင်သုံးရပ် ကမ်းဆုံးခပ်အောင် တတ်မြောက်သူ ပုဏ္ဏားပါမောက္ခဆရာကြီးဖြစ်၍ တပည့်လုလင်ငါးရာတို့ကို မဟာဝုန်တော၌ ဗေဒင်ကျမ်းများကို သင်ကြားပို့ချ ပြသနေစဉ် အဘိညာဉ်တန်ခိုးရှင် ဘီမ-မည်သောရသေ့သူမြတ် ထိုအရပ်သို့ ကြွရောက်လာသည်ကို မြင်ရ၍ (ကြည်ညိုရမည့်အစား နှလုံးသွင်း မှားယွင်းကာ) "ဤရဟသေ့ကား ကာမစည်းစိမ်ကိုခံစားသူ ရဖသေ့စဉ်းလဲဖြစ်သည်" ဟု စွပ်စွဲစကား တပည့်တို့ကို ပြောကြားလေရာ ထိုတပည့်ငါးရာတို့သည်လည်း ဆရာကြီးစကားကို အားရဝမ်းသာ လက်ခံကြကာ မြို့ရွာအတွင်း ဆွမ်းခံကြွနေသော ထိုဘီမရှင်ရဓေ့ကို "ဤရသေ့ကား ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲဖြစ်သည်"ဟု အိမ်တိုင်းအိမ်တိုင်းရှိ လူများအား ပြောကြားကြလေသည်။

ထိုအကုသိုလ်ကံ အကျိုးဆက်ကြောင့် ထိုတပည့် ငါးရာတို့သည် နောက်ဆုံးဘဝ ဘုရားရှင်လက်ထက်တော်အခါ တပည့်ရဟန်းငါးရာဖြစ်လာကြကာ သုန္ဒရီပရိဗိုဇ်မ (တိတ္ထိတို့သတ်၍) သေခြင်း ဟူသော အကြောင်းကြောင့် လူအများ၏ မဟုတ်မတရား စွပ်စွဲကဲ့ရဲ့ခြင်းကို ခံရလေသည်။သာဝကတို့ကို အစွပ်စွဲခံရခြင်းသည်လည်း ကိုယ်တော်မြတ်ကို အစွပ်စွဲခံရသည်သာ မည်လေသည်။ ဤကား တတိယဝင်္ဂတော်တည်း။

WWW.DHAMMARANSI.COM



(၄) စေတုတ္တဝင်္ခတော်။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် မိကျွဲဖတူဖြစ်သောညီငယ်ကို ဥစ္စာကိုလိုချင်တပ်မက်သောကြောင့် သတ်ဖြတ်၍ တောင်ချောက်ကြား၌ ပစ်ချရာ၌မြှမက ကျောက်တုံးဖြင့် တဖန်ထပ်၍ ဖိညှပ်ကြိတ်ချေမှု ပြုခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် နောက်ဆုံးပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါဝယ် ရှင်ဒေဝဒတ် ကျောက်မောင်းဆင်၍ ပစ်ချသည်ကို ခံရ၍ ခြေမတော်ကို ကျောက်ချပ်ကျောက်လွှာစင်ထွက်လာကာ သွေးစိမ်းတည်အောင် အထိအခိုက်ခံတော်မူရလေသည်။ ဤကား စေတုတ္တ ဝင်္ခတော်တည်း။

(၅) ပဥ္စမဝင်္ခတော်။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် အမြော်အမြင် အဆင်အခြင်နည်းပါး ကစားလေလွင့် မသင့်စနိုး သူငယ်ဆိုး (လမ်းသူရဲ) ဖြစ်၍လမ်းခရီးမဝယ် မြူးထူးပျော်ပါး ကစားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကို မြင်ရလျှင် (ကြည်ညိုရမည့် အစား နှလုံးသွင်းလွဲမှားကာ) လမ်းခရီး၌ ရှိသည့် ကျောက်ခဲများကို ကောက်ယူကာ ထိုပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပစ်ခတ်ပြစ်မှားလေသည်။

ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် နောက်ဆုံး= ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ကိုယ်တော်မြတ်ကို အသေသတ်ဖို့ရန် ရှင်ဒေဝဒတ်က လူသတ်လေးသမားများ စေလွှတ်သည်ကို ခံတော်မူရလေသည်။ ဤကား ပဥ္စမဝင်္ခတော်တည်း။

(၆) ဆဋ္ဌဝင်္ခတော်။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် ဆင်ထိန်းယောက်ျားဖြစ်ခဲ့၍ ဆွမ်းခံကြွဝင်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တပါးကို ဆင်ဖြင့်နင်းသတ်တော့မည့်ဟန် အဖန်ဖန် ခြောက်လှန့်ခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံ အကျိုးဆက်ကြောင့် ရာဇဂြိုဟ်ပြည်ဝယ် အရက်များစွာသောက်၍ အကြမ်းစိတ် အရိုင်းစိတ် ပေါက်နေသော နာဠာဂိရိ ဆင်က ကိုယ်တော်မြတ်ကို နင်းသတ်ရန် ရှေးရှုချဉ်းကပ်လာသည်ကို ခံတော်မူရလေသည်။ ဤကား ဆဋ္ဌဝင်္ခတော်တည်း။

(၇) သတ္တမဝင်္ခတော်။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် ပြည့်ရှင်မင်းဖြစ်၍ မင်းမာန်တက်ကာ

WWW.DHAMMARANSI.COM



(ဒုစရိုက်မှုကို မစဉ်းစားပဲ) **ယောကျ်ားတယောက်**ကို ကိုယ်တိုင်ပင် လှံဖြင့်ထိုးဆွ သတ်ဖြတ်ခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် ငရဲ၌ အနှစ်များစွာ ကျက်ခဲ့ရပြီးလျှင် ဤနောက်ဆုံး = ပစ္ဆိမဘဝ၌ (ရှင်ဒေဝဒတ် ကျောက်မောင်းဆင်၍ ချသောအခါ ကျောက်လွှာကျောက်ချပ် ခြေမတော်၌ ထိခိုက်၍ သွေးစိမ်းတည်သော အနာရောဂါကို ကုစားရန်အတွက်) ဆရာဇီဝက ခြေမတော်ကို ဓားဖြင့် ခွဲသည်ကို ခံတော်မူရလေသည်။ ဤကား သတ္တမဝဋ်တော်တည်း။

(၈) **အဋ္ဌမဝဋ်တော်**။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် တခုသောတံငါရွာ၌ တံငါ**သားငယ်**ဖြစ်၍ မိမိဆွေမျိုးတံငါတို့က ငါးတို့ကို ရက်ရက်စက်စက် သတ်ဖြတ်ကြသည်ကိုမြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ရှိခဲ့လေသည်၊ (ကိုယ်တိုင် သတ်သည် မဟုတ်)။

ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် ဤနောက်ဆုံး= ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ **ဦးခေါင်းကိုက်**ရောဂါ မကြာခဏ ဖြစ်သည်ကို ခံတော်မူရလေသည်။ (ရှေးအခါက ငါးတို့ကို ရက်ရက်စက်စက် သတ်ခဲ့ကြသော ဆွေမျိုးတံငါတို့သည်ကား ယခုအခါ **သာကီဝင်မင်း**များ ဖြစ်လာကြ၍ **ဝိဋူဋဘ**၏ ဥပစ္ဆေဒက အသတ်အဖြတ် ခံကြရလေသည်။)။ ဤကား **အဋ္ဌမဝဋ်တော်**တည်း။

(၉) **နဝမဝဋ်တော်**။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် ဖုဿမြတ်စွာဘုရားရှင်၏ သာသနာတော်၌ တပည့်သာဝကရဟန်းတော်တို့ကို "သင်တို့သည် မု**ယော**ကို ခဲကြ စားကြလော့၊ **သလေး**ဆွမ်းတို့ကို မစားကြကုန်လင့်" ဟု ရေရွတ်စကား ပြောမှားခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် ဤနောက်ဆုံး= ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ဝေရဥ္စာပြည်၌ **ဝေရဥ္စာပုဏ္ဏား** လျှောက်ထားပင့်ဖိတ်ချက်အရ ဝါကပ်တော်မူစဉ် ဝါတွင်းသုံးလပတ်လုံး **မုယော**မှုန့်ကိုသာ ဘုဉ်းပေးသုံးဆောင်တော်မူရလေသည်။ ဤကား နဝမဝဋ်တော်တည်း။

(၁၀) **ဒသမဝဋ်တော်**။ ။မြတ်စွာဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် တခုသောဘဝဝယ် **လက်ဝှေ့သမား** ဖြစ်တော်မူ၍ အခြားလက်ဝှေ့သမားတဦးကို **ခါးရိုးကျိုး**အောင် ရိုက်ချိုးထိုးသတ်ခဲ့လေသည်။

WWW.DHAMMARANSI.COM



ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် ဤနောက်ဆုံး= ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူသောအခါ ခါးတော်ညောင်းညာ နာကျင် ကိုက်ခဲခြင်း ဆင်းရဲဒုက္ခကို ခံတော်မူရလေသည်။ ဤကား ဒသမဝဋ္ဋ တော်တည်း။

(၁၁) ဧကာဒသမဝဋ္ဋ်တော်။ ။မြတ်စွာဘုရားရှင်သည် အလောင်း တော်ဖြစ်စဉ် တခုသောဘဝဝယ် ဆေးဆရာဖြစ်ခဲ့၍ ဆေးဖိုးဝါးခ မပေး လိုသော သူဌေးသားတယောက်ကို ဝမ်းလားဆေး တိုက်ကျွေးခဲ့ လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် ဤနောက်ဆုံး= ပစ္ဆိမဘဝ ဘုရားဖြစ်တော်မူ၍ ယခု ပရိနိဗ္ဗာန် စံတော်မူခါနီးအခါ သွေးဝမ်းသွန်သည့် ရောဂါဝေဒနာ ကိုယ်တော်မြတ်မှာ စွဲကပ်လာရ လေသည်။ ဤကား ဧကာဒသမဝဋ္ဋ်တော်တည်း။

(၁၂) ဒွါဒသမဝဋ္ဋ်တော်။ ။မြတ်စွာဘုရားရှင်သည် အလောင်း တော်ဖြစ်စဉ် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဇောတိပါလ မည်သော ပုဏ္ဏားလုလင်ဖြစ်ခဲ့၍ ကဿပမြတ်စွာဘုရားကို "ဤဦးပြည်း ရဟန်းအဖို့ရာ သမ္ဗောဓိဉာဏ်တော်သည် အဘယ်မှာဖြစ်နိုင်အံ့နည်း၊ သမ္ဗောဓိဉာဏ်တော်ဟူသည်မှာ အလွန်တရာရခဲသော တရားဖြစ် သည်"ဟု နှုတ်ဖြင့် ပြစ်မှား ပြောကြားခဲ့လေသည်။

ထိုမကောင်းမှု အကုသိုလ်ကံအကျိုးဆက်ကြောင့် ဤနောက်ဆုံး= ပစ္ဆိမဘဝဝယ် တောထွက်၍ ဘုရားဖြစ်ရန် ဒုက္ကရစရိယာ ကျင့်တော် မူသောအခါ အခြားတပါးသော ဘုရားအလောင်းတို့မှာ ရက်,လ အနည်းငယ်သာ ထိုက်သည်အလျောက် ကျင့်ကြရသော်လည်း ဤ အကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် အလောင်းတော်မှာမူ ဖော်ပြရာပါ ဇောတိပါလ် ဝဋ္ဋ်တော်လိုက်မှုကြောင့် ခြောက်နှစ်ကြာအောင် ဒုက္ကရစရိ- ယာကို ကျင့်တော်မူရလေသည်။ ဤကား ဒွါဒသမဝဋ္ဋ်တော်တည်း။ ။ ဤဝဋ္ဋ်တော် ၁၂-ပါးအကြောင်းကို ခုဒ္ဒကနိကာယ် ထေရာပဒါနပါဠိ ၃၉-အဝဋ္ဋဖလဝဂ္ဂ၊ ၁၀-ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန်၊ စာမျက်နှာ ခု ၃၊၃၄၆-၌ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ဟောကြားတော်မူ အပ်သည်)။

WWW.DHAMMARANSI.COM



## ပုက္ကုသ-မလ္လမင်းသား ဝတ္ထု

ထိုသို့ မြတ်စွာဘုရားရှင် သောက်တော်ရေ သုံးဆောင်ပြီး သစ်ပင်ရင်း၌ ထိုင်နေတော်မူစဉ်အခါ ကာလာမ - အနွယ်ဖြစ်သည့် အာဠာရဂိုဏ်းဆရာကြီး၏ တပည့်ဖြစ်သူ ပုက္ကုသမည်သော မလ္လမင်းသားသည် ကုသိနာရုံမှ ပါဝါပြည်သို့ ခရီးသွားဆဲဖြစ်၏။ ထို ပုက္ကုသ - မလ္လမင်းသားသည် မြတ်စွာဘုရားရှင် တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသည်ကို မြင်လတ်၍ မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ရှိခိုးကာ အပြစ်လွတ်သော နေရာ၌ ထိုင်နေပြီးသော် မြတ်စွာဘုရားရှင်ကို---

"မြတ်စွာဘုရား....အံ့ဖွယ်ရှိပါပေစွ၊ မြတ်စွာဘုရား.... မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွတကား။

မြတ်စွာဘုရား .... ရှေး၌ ဖြစ်ဘူးသည်မှာ--ကာလာမ အနွယ်ဖြစ်သည့် အာဠာရဂိုဏ်းဆရာကြီးသည် ခရီးသွားစဉ် လမ်းမမှ ဖဲ၍ လမ်း၏အနီး တခုသောသစ်ပင်ရင်း၌ နေ့သန့်စင်ရန် ထိုင်နေပါ၏။ မြတ်စွာဘုရား .... ထိုအခါ ငါးရာမျှသော လှည်းတို့သည် ကာလာမအနွယ်ဖြစ်သည့် အာဠာရ- ဂိုဏ်းဆရာကြီးအနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြပါသည်။

မြတ်စွာဘုရား....ထိုအခါ ယောကျ်ားတယောက်သည် ထိုလှည်းငါးရာ၏ နောက်မှ နောက်မှ လိုက်ပါလာလတ်သော် ကာလာမအနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီး ထံသို့ ချဉ်းကပ်ပြီးလျှင်---

(ဒါယကာ) အရှင်ဘုရား....ဤ အနားမှ ဖြတ်သန်းသွားသော လှည်းအစီး ငါးရာတို့ကို မြင်တော်မူလိုက်ပါသလော။

(အာဠာရ) ဒါယကာ....ငါမမြင်လိုက်ပေ။

(ဒါယကာ) အရှင်ဘုရား....အသို့နည်း (= ဘယ့်နှယ်လဲ) ထိုလှည်းများ၏ အသံကို ကြားလိုက်ပါ၏လော။

WWW.DHAMMARANSI.COM



(အာဠာရ) ဒါယကာ... အသံကိုလည်း ငါ မကြား လိုက်ပေ။

(ဒါယကာ) အရှင်ဘုရား...အသို့နည်း (= ဘယ့်နှယ် လဲ)ထိုအချိန်၌ အရှင်ဘုရားသည် အိပ်ပျော်နေပါသလော။

(အာဠာရ) ဒါယကာ ... ငါ အိပ်ပျော်နေသည်လည်း မဟုတ်ပေ။

(ဒါယကာ) အရှင်ဘုရား...အသို့နည်း (= ဘယ့်နှယ် လဲ) ထိုအချိန်၌ အရှင်ဘုရားသည် စိတ်သညာရှိနေပါ၏ လော။

(အာဠာရ) ဒါယကာ ထိုအချိန်၌ငါသည် စိတ်သညာ လည်း ရှိနေပေ၏။

(ဒါယကာ) အရှင်ဘုရား ... အရှင်ဘုရားသည် အနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြသော လှည်းအစီး ငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်း မမြင်လိုက်ရ,အသံကိုလည်း မကြားလိုက်ရဟုဆိုတော်မူ၏၊ သို့သော်လည်း အရှင်ဘုရား၏ ဒုကုဋ်သင်္ကန်း၌ မြူမှုန်တွေ အလိမ်း အလိမ်း ကပ်နေသည် မဟုတ်ပါလော။

(အာဠာရ) ဒါယကာ....အိမ်း ဟုတ်ပေ၏။

မြတ်စွာဘုရား.... ထိုကဲ့သို့ အာဠာရဂိုဏ်းဆရာကြီးနှင့် ဒါယကာတို့ အပြန်အလှန် မေး,ဖြေစကား ပြောကြား ကြပြီးသောအခါ ထိုယောကျ်ားသည်—

"အိုး....အံ့ဖွယ်ရှိပါပေစွ၊ အိုး....မဖြစ်ဘူးမြဲ ဖြစ်ပါပေ စွ၊ ရဟန်းတို့သည် ငြိမ်သက်သောသမာပတ်ဖြင့် နေ တော်မူကြပါပေစွ၊ ဤအာဠာရဆရာကြီးသည် မိမိအနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြသော လှည်း အစီးငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင် လည်း မမြင်လိုက်ပဲရှိတုံဘိ၏၊ အသံကိုလည်း မကြားလိုက် ပဲ ရှိတုံဘိ၏"—

WWW.DHAMMARANSI.COM



ဟု ဆင်ခြင်စဉ်းစားလျက် ကာလာမအနွယ် ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးအပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ကြားပြီးလျှင် ဖဲခွါ၍သွားပါသည်”—

ဟု လျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က ပုက္ကုသ-မလ္လမင်းသားကို “ပုက္ကုသ····ယခု ငါဘုရား မေးမြန်းမည့်စကားကို သင်မည်သို့မှတ်ထင်သဘောကျသနည်း၊ (၁) တဦးသောသူသည် အနီး၌ ကပ်လျက် ကပ်လျက် ဖြတ်သန်းသွားကြသော လှည်းအစီးငါးရာတို့ကို စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်း မမြင်ရာ၊ အသံကိုလည်း မကြားရာ။ (၂) အခြားတဦးသောသူသည်ကား စိတ်သညာရှိ၍ နိုးကြားနေပါလျက် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် မြင်လည်း မမြင်ရာ၊ အသံကိုလည်း မကြားရာ။ ထိုသူနှစ်ဦးတို့တွင် အဘယ်သူ၏အမှုသည် ပြုဖို့ရန်လည်း သာလွန်၍ ခဲယဉ်းသနည်း၊ ဖြစ်ဖို့ရန်လည်း သာလွန်၍ ခဲယဉ်းသနည်း”ဟု မေးမြန်းတော်မူလေလျှင် ပုက္ကုသ-မလ္လမင်းသားသည် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား....လှည်းအစီးငါးရာဖြစ်စေ, ခြောက်ရာဖြစ်စေ, ခုနစ်ရာ။ပ။ ရှစ်ရာ, ကိုးရာ, တထောင်ဖြစ်စေ, လှည်းအစီး တသိန်းပင်ဖြစ်စေ အဘယ်ပြုနိုင်အံ့နည်း၊ = အနီး၌ကပ်လျက် ဖြတ်သန်းသွားကြသော ထိုလှည်းများကို မမြင်ပဲ မကြားပဲ နေနိုင်သူ၏ အမှုသည် ခဲယဉ်းသည်ဟု မဆိုသာပါ။ စင်စစ်သော်ကား မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်ပဲ အသံကိုလည်း မကြားပဲ နေနိုင်သူ၏ အမှုသည်သာလျှင် ပြုဖို့ရန်လည်း သာလွန်၍ ခဲယဉ်းလှပါ၏၊ ဖြစ်ဖို့ရန်လည်း သာလွန်၍ ခဲယဉ်းလှပါ၏”ဟု ပြန်ကြားလျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ပုက္ကုသ–မလ္လမင်းသားကို—

“ပုက္ကုသ....အခါတပါး၌ ငါဘုရားသည် အာတုမမြို့ ကောက်ရိုးတဲကျောင်းဝယ် သီတင်းသုံးနေလျက်ရှိ၏။ ထို

WWW.DHAMMARANSI.COM



အခါ မိုးရွာ၍ တချုန်းချုန်းမိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သောကြောင့် ကောက်ရိုးတဲကျောင်း၏ အနီး၌ နွားလား လေးကောင်နှင့် လယ်သမားညီနောင် နှစ်ယောက်တို့သည် သေကြလေကုန်၏။

ပုက္ကုသ····ထိုအခါ များစွာသော လူအပေါင်းသည် အာတုမမြို့မှ ထွက်လာကြ၍ ထိုနွားလား လေးကောင်နှင့် လယ်သမားညီနောင် နှစ်ယောက်တို့ သေနေရာအရပ်သို့ ချဉ်းကပ်သွားရောက်ကြ၏။ ပုက္ကုသ.... ထိုအခါ ငါဘုရားသည် ကောက်ရိုးတဲကျောင်းမှ ထွက်၍ ထိုတဲကျောင်း၏ အနီး ဟင်းလင်းအပြင် လွင်တီးခေါင်၌ စင်္ကြံသွားလျက် နေ၏။ ပုက္ကုသ....ထိုအခါ ထိုများစွာသော လူအပေါင်း ထည်းမှ ယောကျ်ားတယောက်သည် ငါဘုရားထံသို့ ချဉ်းကပ်၍ ငါဘုရားကို ရှိသေမြတ်နိုး ရှိခိုးပြီးသော် အပြစ်လွတ်ရာ အရပ်၌ ရပ်တည်နေ၏။ ပုက္ကုသ....ထိုအခါ ငါဘုရားနှင့် ထိုယောကျ်ားတို့ အပြန်အလှန် မေး, မြေ ပြောကြားကြသည်မှာ—

(ဗုဒ္ဓ) ဒါယကာ....ဤလူများ အပေါင်းသည် အဘယ့်ကြောင့် စုဝေးနေသနည်း။

(ဒါယကာ) မြတ်စွာဘုရား....မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သောကြောင့် နွားလားလေးကောင်နှင့် လယ်သမား ညီနောင်နှစ်ယောက်တို့ သေဆုံးသွားကြပါသည်၊ ဤအကြောင်းကြောင့် လူများအပေါင်း စုဝေးနေကြပါ၏—

(ဒါယကာ) မြတ်စွာဘုရား···· အရှင်ဘုရားသည်ကား အဘယ်အရပ်မှာ ရှိနေပါသနည်း။

(ဗုဒ္ဓ) ဒါယကာ....ငါဘုရားသည် ဤအရပ်၌ပင် ရှိနေပေ၏။

WWW.DHAMMARANSI.COM



**(ဒါယကာ)** မြတ်စွာဘုရား....အသို့နည်း( = ဘယ့်နှယ်လဲ) မြင်တော်မူလိုက်ပါ၏လော။

**(ဗုဒ္ဓ)** ဒါယကာ···ငါဘုရားသည် မမြင်လိုက်ပေ။

**(ဒါယကာ)** မြတ်စွာဘုရား....အသို့ပါနည်း ( = ဘယ့်နှယ်လဲ) အသံကိုကော ကြားတော်မူလိုက်ပါ၏လော။

**(ဗုဒ္ဓ)** ဒါယကာ.... အသံကိုလည်း ငါဘုရား မကြားလိုက်ပေ။

**(ဒါယကာ)** မြတ်စွာဘုရား.... အသို့ပါနည်း ( = ဘယ့်နှယ်လဲ) ထိုအချိန်၌ ရှင်တော်ဘုရားသည် အိပ်ပျော်နေပါသလော။

**(ဗုဒ္ဓ)** ဒါယကာ....ငါအိပ်ပျော်နေသည်လည်း မဟုတ်ပေ။

**(ဒါယကာ)** မြတ်စွာဘုရား.... အသို့နည်း ( = ဘယ့်နှယ်လဲ) ထိုအချိန်၌ ရှင်တော်ဘုရားသည် စိတ်သညာရှိနေပါ၏လော။

**(ဗုဒ္ဓ)** ဒါယကာ.... ထိုအချိန်၌ ငါဘုရားသည် စိတ်သညာလည်း ရှိနေပေ၏။

**(ဒါယကာ)** မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမြင်တော်မမူလိုက်ပဲ အသံကိုလည်း ကြားတော်မမူလိုက်ပဲ ရှိပါသလော။

**(ဗုဒ္ဓ)** ဒါယကာ....အိမ်း ဟုတ်ပေ၏။

ပုက္ကုသ....ထိုကဲ့သို့ ငါဘုရားနှင့် ထိုဒါယကာတို့ အပြန်အလှန် မေး, ဖြေစကား ပြောကြားကြပြီးသောအခါ ထိုဒါယကာသည်——

WWW.DHAMMARANSI.COM



"အိုး....အံ့ဖွယ်ရှိပါပေစွ၊ အိုး....မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ ရဟန်းတို့သည် ငြိမ်သက်သောသမာပတ်ဖြင့် နေတော်မူကြပါပေစွ။ ဤ မြတ်စွာဘုရားရှင်သည် မိုးရွာ၍ တချုန်းချုန်း မိုးခြိမ်းစဉ် လျှပ်စစ်များပြက်၍ မိုးကြိုးပစ်စဉ် စိတ်သညာရှိ၍ နိုးကြားနေပါလျက် မြင်လည်းမမြင်လိုက်ပဲ ရှိတုံ၏၊ အသံကိုလည်း မကြားလိုက်ပဲ ရှိတုံ၏"—

ဟု ဆင်ခြင်စဉ်းစားလျက် ငါဘုရားအပေါ်၌ လွန်ကဲသော ကြည်ညိုခြင်းကို လျှောက်ကြားပြီးလျှင် ငါဘုရားကို ရှိခိုး၍ အရိုအသေပြုလျက် ဖဲခွါသွားလေသည်"—

ဟု မိန့်တော်မူ၏။

#### ပုက္ကုသ-မလ္လမင်းသား၏ ထူးခြားသော သဒ္ဓါ, စေတနာ

ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူလတ်သော် ပုက္ကုသ-မလ္လမင်းသားသည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား....အကျွန်ုပ်သည် ကာလာမအနွယ်ဖြစ်သော အာဠာရဂိုဏ်းဆရာကြီးအပေါ်၌ ကြည်ညိုနေသော သဒ္ဓါတရားကို လေပြင်းမုန်တိုင်း၌မူလည်း တစုံတခုကို လွင့်ဘိသကဲ့သို့ လွင့်ပစ်လိုက်ပါ၏၊ ရေစီးသန်သော မြစ်၌မူလည်း တစုံတခုကို မျှောဘိသကဲ့သို့ မျှောပစ်လိုက်ပါ၏။

မြတ်စွာဘုရား ... အလွန် နှစ်သက်ဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရား....အလွန် နှစ်သက်ဖွယ် ရှိပါပေစွ၊ မြတ်စွာဘုရား....လောကဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့ငင်း, ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်သကဲ့သို့ငင်း, မျက်စိလည်လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့ငင်း 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်' ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့ငင်း ထို့အတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အား များစွာသောအကြောင်းဖြင့် တရား

WWW.DHAMMARANSI.COM



တော်ကို ထင်ရှားစွာဟောပြတော်မူအပ်ပါပေပြီ။ မြတ်စွာဘုရား .... အကျွန်ုပ်သည် မြတ်စွာဘုရားကိုငင်း, တရားတော်ကိုငင်း, ရဟန်းသံဃာတော်ကိုငင်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အကျွန်ုပ်ကို ယနေ့ကစ၍ အသက်ရှည်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ ဥပါသကာဟူ၍ မှတ်ယူတော်မူပါလော့"—

ဟု လျှောက်ထားကာ သရဏဂုံ ခံယူလေ၏။

ထိုနောက် ပုဏ္ဏသ-မလ္လမင်းသားသည် မင်းချင်းယောကျ်ား တယောက်ကို ခေါ်၍ "အမောင်....ငါ၏ ရွှေအဆင်းရှိသော မင်္ဂလာပွဲထိုင် အဝတ်ချော (ဝတ်လဲတော်) အစုံကို ဆောင်ယူခဲ့လော့" ဟု စေခိုင်းကာ ထို မင်းချင်းယောကျ်ား ယူဆောင်၍ ရောက်ရှိလာသောအခါ ပုဏ္ဏသ-မလ္လမင်းသားသည် "မြတ်စွာဘုရား....ရွှေအဆင်းရှိသော ဤမင်္ဂလာပွဲထိုင် အဝတ်ချောအစုံကို ရှင်တော်ဘုရားသည် အကျွန်ုပ်ကို သနားသမှု အကြောင်းပြု၍ ကရုဏာရှေးရှု အလှူခံတော်မူပါ" ဟု လျှောက်ထား ပြီးလျှင် ရွှေအဆင်းရှိသော ထို မင်္ဂလာပွဲထိုင်အဝတ်ချော အစုံကို မြတ်စွာဘုရားအား ဆက်ကပ်လေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က "ပုဏ္ဏသ .... ထိုသို့ဖြစ်လျှင် အဝတ်တထည်ကို ငါဘုရားအား လှူလော့၊ ကျန်သော အဝတ်တထည်ကို အာနန္ဒာအား လှူလော့" ဟု မိန့်တော်မူသဖြင့် ပုဏ္ဏသ-မလ္လမင်းသားသည် မြတ်စွာဘုရား မိန့်ကြားတော်မူချက်အတိုင်း တထည်ကို မြတ်စွာဘုရားအား လှူ၍ ကျန်တထည်ကို အရှင်အာနန္ဒာအား လှူဒါန်းလေ၏။

(ဤဋ္ဌ— "အရှင်အာနန္ဒာမထေရ်သည် ထို ပုဏ္ဏသ-မလ္လမင်းသား လှူဒါန်းသော အဝတ် တထည်ကို အလှူခံတော်မူသလော" ဟု မေးလျှင် "အလှူခံတော်မူ၏"ဟု ဖြေရာ၏။ "အဘယ့်ကြောင့် အလှူခံတော်မူသနည်း၊ အလုပ်အကျွေးရာထူးကို လက်ခံစဉ်က(ယူလေးသွယ်, ပယ်လေးတန်) ဆုရှစ်တန်တွင် မြတ်စွာဘုရားအား လှူဒါန်းအပ်သည့်

WWW.DHAMMARANSI.COM



သက်န်း-စသည်ကို မိမိအား မပေးရန် ဆုတခုအနေဖြင့် ယူခဲ့သည် မဟုတ်လော”ဟူငြားအံ့၊ အဖြေကား—

(၁) အလုပ်အကျွေး ဥပဋ္ဌာကကိစ္စ အထွတ်အထိပ် အပြီးအဆုံးသို့ ရောက်ပြီဖြစ်သောကြောင့် အလှူခံတော်မူသည်။ ချဲ့ဦးအံ့ — အရှင် အာနန္ဒာသည် အလုပ်အကျွေးရာထူးကို လက်ခံစဉ်က ဤသို့သော မြတ်စွာဘုရားအား လှူဒါန်းအပ်သည့် သင်္ကန်း - စသောလာဘ်ကို မိမိအား မပေးရန် ပယ်စွန့်သော ဆုတခုအနေဖြင့် ယူခဲ့ပြီးမှ ထိုအလုပ် အကျွေး ဥပဋ္ဌာကရာထူးကို လက်ခံခဲ့သည်မှန်သော်လည်း အရှင် အာနန္ဒာ၏အဖို့ရာ ထိုအလုပ်အကျွေး ဥပဋ္ဌာကကိစ္စကား အပြီးအဆုံး အထွတ်အထိပ်သို့ ရောက်ခဲ့လေပြီ၊ ထို့ကြောင့် အလှူခံတော်မူ၏။

(၂) ထို့ပြင်လည်း အကြင်ပုဂ္ဂိုလ်တို့သည် “အရှင်အာနန္ဒာကား မြတ်စွာဘုရားကို နှစ်သက်အားရ ကျေနပ်လောက်အောင် ပြုစုနိုင်သည် မထင်၊ ၂၅-နှစ်ကြာ အရိပ်ပမာ ပြုစုခဲ့ပါလျက် ထိုအရှင်အာနန္ဒာသည် မြတ်စွာဘုရား အထံတော်မှ တစုံတခုကိုမျှ မရအပ်ချေ” ဟု ပြောဆို ကုန်လေရာ၏၊ ထိုပုဂ္ဂိုလ်တို့ အလွဲလွဲ အမှားမှား ပြောကြားရန်အခွင့် ကို ပယ်ဖြတ်လိုသောကြောင့်လည်း အလှူခံတော်မူ၏။

(၃) တနည်းကား—“အာနန္ဒာသည် ထိုအဝတ်ထည်ကို ခံယူပြီး လျှင်လည်း မိမိကိုယ်တိုင် ဝတ်ရုံသုံးဆောင်လိမ့်မည်မဟုတ်၊ ငါဘုရား အားသာလျှင် ပူဇော်မှုကို ပြုပေလိမ့်မည်။ စင်စစ်သော်ကား ပုက္ကုသ- မလ္လမင်းသားသည် အာနန္ဒာမထေရ်အား ပူဇော်လျှင် သံဃာတော်ကို လည်း ပူဇော်အပ်သည် ဖြစ်ပေလိမ့်မည်၊ ဤနည်းဖြင့် ထိုပုက္ကုသ- မလ္လမင်းသား အဖို့ရာ ကြီးစွာသော ကုသိုလ်ကောင်းမှု အစုကြီး ဖြစ်ပေလိမ့်မည်” ဟု မြတ်စွာဘုရားရှင်သည် ဆင်ခြင်သိမြင်တော်မူ သောကြောင့် အရှင်အာနန္ဒာမထေရ်အား တထည်ကို လှူစေတော် မူသည်။ အရှင်အာနန္ဒာမထေရ်သည်လည်း ထိုအကြောင်းကြောင့်ပင် အလှူခံတော်မူသည်။ ။ဤကား အထူးမှတ်ရန်တည်း)။

ထိုနောက် မြတ်စွာဘုရားရှင်သည် ပုက္ကုသ - မလ္လမင်းသားကို တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေလျက် တရားကို ဆောက်တည်စေကာ ကရားကျင့်သုံးရန် ထက်သန်ရွှင်လန်း စေတော်မူ၏။ ပုက္ကုသ-မလ္လမင်းသားသည်လည်း မြတ်စွာဘုရား ရှင်က တရားစကားဖြင့် အကျိုးစီးပွါးကို သိမြင်စေအပ်လျက်

WWW.DHAMMARANSI.COM



တရားကို ဆောက်တည်အပ်စေကာ တရားကျင့်သုံးရန်ထက်သန် ရွှင်လန်းစေအပ်ပြီးရကား နေရာမှထကာ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးအရိုအသေပြုပြီးလျှင် ဖဲ့ခွါသွားလေ၏။

ထိုနောက် အရှင်အာနန္ဒာမထေရ်သည် ပုဏ္ဏသြ-မလ္လမင်းသား ဖဲသွား၍ မကြာမြင့်မီပင် ရွှေအဆင်းရှိသော အဝတ်ချော အစုံကို မြတ်စွာဘုရားရှင်၏ ကိုယ်တော်၌ ဆက်ကပ်တင်လှူမ်းပေးလေ၏၊ မြတ်စွာဘုရားရှင်၏ ပြိုးပြိုးပြက်တောက်ပသော ပကတိကိုယ်တော်၌ ဆက်ကပ်တင်လှူမ်းလိုက်သောအခါ ထို အဝတ် အစုံသည် အရောင်အဝါကင်းသကဲ့သို့ ဖြစ်သွားလေ၏။ ဤ အကြောင်းကို အရှင်အာနန္ဒာမထေရ်က တအံ့တသြ မြတ်စွာဘုရားရှင်ကို လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို—

"အာနန္ဒာ....ဤစကားသည် မှန်ပေ၏၊ အာနန္ဒာ....ဤစကားသည် မှန်ပေ၏၊ နှစ်ပါးသော အခါတို့၌ မြတ်စွာဘုရား၏ ကိုယ်တော်သည် အလွန်လျှင် စင်ကြယ်၏၊ အရေအဆင်းတော်သည် အလွန်လျှင် ပြိုးပြိုးပြက် တောက်ပ၏၊ နှစ်ပါးသော အခါတို့ဟူသည်မှာ—

အာနန္ဒာ....၁-မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူသောအခါနှင့် ၂-ခန္ဓာအကြွင်းမရှိ ငြိမ်းခြင်းသဘော = အနုပါဒိသေသနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသော ညဉ့်အခါတို့ ဖြစ်သည်။

ချစ်သားအာနန္ဒာ.... ဤ နှစ်ပါးသောအခါ၌ မြတ်စွာဘုရား၏ကိုယ်တော်သည် အလွန်လျှင် စင်ကြယ်၏၊ အရေအဆင်းတော်သည် အလွန်လျှင် ပြိုးပြိုးပြက် တောက်ပ၏။ ချစ်သားအာနန္ဒာ .... ယနေ့ ညဉ့်သန်းလွဲ = ပစ္ဆိမယာမ်၌ ကုသိနာရုံပြည် မြို့ဝင်ခါနီး လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်ဝယ် အင်ကြင်းပင်အစုံတို့၏ အကြား၌

WWW.DHAMMARANSI.COM



မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် ဝင်စံခြင်းသည် ဖြစ်လိမ့်မည်”—

ဟု မိန့်တော်မူပြီးလျှင် “အာနန္ဒာ....လာ, သွားကြစို့၊ ကကုဓာမြစ်သို့ သွားကြကုန်စို့” ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း “ကောင်းပါပြီ မြတ်စွာဘုရား....” ဟု မြတ်စွာဘုရား မိန့်ကြားချက်ကို ဝန်ခံလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းသံဃာနှင့်တကွ ကကုဓာမြစ်သို့ ရောက်တော်မူ၍ ထိုမြစ်၌ သက်ဆင်းလျက် ရေချိုးတော်မူ, သောက်တော်မူပြီးနောက် တဖန် ပြန်တက်ပြီးလျှင် ထို မြစ်ကမ်းအနီးရှိ သရက်တောသို့ ချဉ်းကပ်တော်မူ၍ (ထိုအချိန်၌ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်၏ ရေသနုပ်တော်ကို ညှစ်ကာ ကျန်ရစ်သဖြင့် ကိုယ်တော်၏ အနီး၌ တည်ရှိသော အရှင်စုန္ဒမထေရ်ကို) “ချစ်သားစုန္ဒ.... ငါဘုရား၏ ဒုကုဋ်သင်္ကန်း (၂-ထပ်သင်္ကန်း)ကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့၊ ချစ်သားစုန္ဒ.... ငါဘုရား ပင်ပန်း၏၊ လျောင်းစက်ဦးအံ့”ဟု မိန့်တော်မူ၏။ အရှင်စုန္ဒ မထေရ်သည်လည်း “ကောင်းပါပြီ မြတ်စွာဘုရား....”ဟု မြတ်စွာဘုရား မိန့်ကြားချက်ကို ဝန်ခံစကား လျှောက်ထားပြီးလျှင် ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလေ၏။ ထိုနောက် မြတ်စွာဘုရားသည် လက်ျာခြေပေါ်၌ လက်ဝဲခြေတော်ကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် (မည်သည့်အချိန်၌ ထမည်ဟု) ဥဋ္ဌာနသညာကို နှလုံးသွင်းပိုင်းခြားလျက် လက်ျာနံတောင်းဖြင့် မြတ်သောလျောင်းစက်ခြင်းကို ပြုတော်မူ၏။ အရှင်စုန္ဒသည်ကား ထိုအရပ်၌ပင် မြတ်စွာဘုရားရှင်၏ မျက်မှောက်တော်၌ ထိုင်နေလေ၏။

### ဆွမ်းနှစ်မျိုး အကျိုးတူညီကြောင်း

ဤမျှသောအချိန်ဖြင့် အရှင်အာနန္ဒာ မထေရ်သည် မြတ်စွာဘုရားရှင်၏ အနီးထံတော်မှောက်သို့ ရောက်ရှိလာလေပြီ၊ ထို

WWW.DHAMMARANSI.COM



အခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို ဤသို့ အမှာတော်စကား မိန့်ကြားတော်မူလေ၏—

"ချစ်သားအာနန္ဒာ.... တစုံတယောက်သော သူသည် 'အချင်းစုန္ဒ....သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူ၍မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူရ၏၊ ထို့ကြောင့် သင့်အဖို့ရာ လာဘ်မကောင်းလေစွ၊ အရမတော်လေစွ' ဟု ပြောဆိုလျက် ရွှေပန်းထိမ်သည်၏သား စုန္ဒ၏ နှလုံးမသာခြင်းကို ဖြစ်စေသော်မူ ဖြစ်စေပေလိမ့်မည်။

ချစ်သားအာနန္ဒာ.... ထိုသို့ဖြစ်စေခဲ့လျှင် သင်ချစ်သားတို့သည် စုန္ဒ၏ နှလုံးမသာခြင်းကို ဤသို့ဖြေဖျောက်ကြရမည်—

'ဒကာစုန္ဒ....သင်၏ဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏၊ ထို့ကြောင့် သင့်အဖို့ရာ လာဘ်ကောင်းလေစွ၊ အရတော်လေစွ။ ဒကာစုန္ဒ.... မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ငါတို့ ကြားနာလိုက်ရ ခံယူလိုက်ရ၏၊ အဘယ်သို့ ခံယူလိုက်ရသနည်းဟူမူ—

'အခြားဆွမ်းတို့ထက် အကျိုးအာနိသင် ကြီးမားကုန်လျက် အချင်းချင်းတူမျှ၍ အကျိုးဝိပါက် တူမျှကုန်သော ဤဆွမ်းနှစ်မျိုးတို့သည် ရှိကုန်၏။ အဘယ်နှစ်မျိုးတို့နည်း ဟူမူ– (၁) အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏၊ ဤဆွမ်းလည်းတမျိုး, (၂) အကြင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ခန္ဓာကြွင်း မရှိသောငြိမ်းခြင်းသဘော= အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူ၏၊ ဤဆွမ်းလည်းတမျိုး = အခြားဆွမ်းတို့ထက် အကျိုးအာနိသင်ကြီးမားကုန်လျက် အချင်းချင်းတူမျှ၍ အကျိုးဝိပါက်တူမျှကုန်သော ဆွမ်းနှစ်မျိုးတို့ဟူသည် ဤဆွမ်းတို့ပင်တည်း'—

WWW.DHAMMARANSI.COM



ဟူ၍ မြတ်စွာဘုရား၏ မျက်မှောက်တော်မှ ဤစကားကို ငါတို့ ကြားနာလိုက်ရ၏။ ထို့ကြောင့် ရွှေပန်းထိမ်သည်သား ဒကာစုန္ဒသည် အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ အဆင်းလှခြင်းကို ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ ချမ်းသာခြင်းကို ဖြစ်စေတတ်သောကံကို ဆည်းပူးရပေပြီ၊ အခြံအရံများခြင်းကို ဖြစ်စေတတ်သောကံကို ဆည်းပူးရပေပြီ၊ နတ်ပြည်သို့ ရောက်စေတတ်သော ကံကို ဆည်းပူးရပေပြီ၊ အကြီးအကဲ ဖြစ်စေတတ်သော ကံကို ဆည်းပူးရပေပြီ'—

ဟု ဟောကြား၍ ရွှေပန်းထိမ်သည်သား စုန္ဒ၏ နှလုံးမသာခြင်းကို ဖြေဖျောက်ကြရမည်"—

ဟု မိန့်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအခိုက်ဝယ် ဤဥဒါန်းဂါထာကို ကျူးရင့်တော်မူ၏—

ဒဒတော ပုညံ ပဝၶုတိ၊
သံယမတော ဝေရံ န စီယတိ။
ကုသလော စ ဇဟာတိ ပါပကံ၊
ရာဂဒေါသမောဟက္ခယာ သ နိဗ္ဗုတော။

ဒဒတော = သဒ္ဓါကြည်ဖြူ ပေးလှူသောသူ၏ (အဖို့ရာ)။ ပုညံ = ဖြူစင်လှစွာ ကောင်းမှု တရားသည်သာ။ ပဝၶုတိ = တနေ့တခြား တိုးပွါးစည်ပင်၏။ သံယမတော = ကိုယ်နှုတ်နှလုံး စောင့်သုံးထိန်းချုပ်သူ၏ (အဖို့ရာ)။ ဝေရံ = ပါဏာတိပါတ-စသည်ထွေပြား ရန်ငါးပါးသည်။ န စီယတိ = သီလတန်ခိုး ပယ်နှိမ်ချိုးသဖြင့် မတိုးမပွါးနိုင်။ ကုသလော စ = ဝိပဿနာ ဉာဏ်ပညာ အစ အရဟတ္တမဂ်ဉာဏ်တိုင်အောင်သော ပညာဉာဏ်နှင့် လောက်ငံကိုယ် ပြည့်စုံသောသူသည်ကား။ ပါပကံ = ယုတ်မာညစ်ဆိုး ကိလေသာမျိုးကို။ ဇဟာတိ = အမြစ်

WWW.DHAMMARANSI.COM



မကျန် ပယ်လှန်စွန့်ပစ်၏။ သ–သော = ထို ဒါန, သီလ, သမထ,ပညာ = ဤလေးဖြာနှင့် ကောင်းစွာ လောက်လုံ ပြည့်စုံသောသူသည်။ ရာဂဒေါသမောဟက္ခယာ = ရာဂ, ဒေါသ, မောဟခပင်း အကြွင်းမဲ့ကုန်ခြင်းကြောင့်။ နိဗ္ဗု- တော = ကိလေသာဇာတ်သိမ်း၍ ငြိမ်းအေးရလေပြီ။

(ဤ၌။ ။သုဇာတာလှူသောဆွမ်း (=နို့ဃနာဆွမ်း)နှင့် စုန္ဒ လှူသော တောဝက်ပျိုသားဆွမ်း=ဤဆွမ်းနှစ်မျိုးတို့ အကျိုးပေး တူညီသောအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူရာဝယ် ဤသို့ မေးဖွယ်ရှိ၏—

"မြတ်စွာဘုရားသည် သုဇာတာလှူသော ဆွမ်းကို ဘုဉ်းပေး၍ ထိုနေ့မှာပင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏၊ ထိုဆွမ်းကို ဘုဉ်းပေး တော်မူသောအချိန်မှာ မြတ်စွာဘုရား၌ ရာဂ, ဒေါသ, မောဟမကင်း သေးချေ။ ယခု စုန္ဒလှူသောဆွမ်းကိုကား ရာဂ,ဒေါသ,မောဟ ကင်း ပြီးသော အချိန်၌ ဘုဉ်းပေးတော်မူအပ်လေသည်၊ ထိုဆွမ်းနှစ်မျိုးတို့ သည် အဘယ့်ကြောင့် အကျိုးပေးချင်း တူမျှကြကုန်သနည်း"ဟု မေးဖွယ်ရှိ၏။

**အဖြေကား**–(က) ပရိနိဗ္ဗာန်စံခြင်း၏ အကြောင်းအဖြစ် တူမျှ သောကြောင့်ရင်း, (ခ) သမာပတ်ကို ဝင်စားနိုင်ခြင်း၏ အကြောင်း အဖြစ် တူမျှသောကြောင့်ရင်း, (ဂ) နောက်အချိန်ဝယ် အောက်မေ့ပုံ ချင်း တူမျှသောကြောင့်ရင်း ဆွမ်းနှစ်မျိုးတို့ အကျိုးပေးပုံချင်း တူမျှ ကြလေသည်။ (ဤ၌ ဆွမ်းနှစ်မျိုးကို အဦးမူသဖြင့် ဆွမ်းအလှူဒါန နှစ်မျိုးကို ဆိုသည်ဟု အထူးမှတ်ယူရာ၏)။

(က) ခွဲဦးအုံ—မြတ်စွာဘုရားရှင်သည် သုဇာတာလှူသောဆွမ်း ကို ဘုဉ်းပေး၍ သဉပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ကိလေသပရိနိဗ္ဗာန် ဝင်စံတော်မူလေသည်၊ =ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ စုန္ဒ လှူသောဆွမ်းကို ဘုဉ်းပေး၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ခန္ဓပရိ- နိဗ္ဗာန် ဝင်စံတော်မူလေသည်၊ သုဇာတာလှူသော ပဏီတဆွမ်းကို မှီဝဲသုံးဆောင်ရသဖြင့် ထိုဆွမ်းမှ အာဟာရဇရုပ်စည်းအတောက်အပ့ ရရှိ ကာ မြတ်စွာဘုရားရှင်သန္တာန်တော်၌ ပဏီတရုပ်တို့ ဖြစ်လေသည်၊ ထိုပဏီတရုပ်တို့ကို မှီရာရရှိသောကြောင့် ကိုယ်တော်မြတ်သန္တာန်၌ဖြစ် သည့်ဝိပဿနာစိတ္တုပ္ပါဒ် မဂ်စိတ္တုပ္ပါဒ် ဖိုလ်စိတ္တုပ္ပါဒ်တော်တည်းဟူသော

WWW.DHAMMARANSI.COM



ဓမ္မကာယသည် အလွယ်ဖြင့်သာလျှင် ကိလေသာတို့ကို ပယ်စွန့်နိုင်၏=ကိလေသပရိနိဗ္ဗာန် ဝင်စံရ၏။ စုန္ဒလှူသော ပဏီတဆွမ်းကို မှီဝဲသုံးဆောင်ရသဖြင့် ထိုအတူပင် ဘောဇနသပ္ပါယ ပြီးမြောက်ပြည့်စုံခြင်းကြောင့် အလွယ်ဖြင့်ပင်လျှင် ခန္ဓာတို့ကို ပယ်စွန့်နိုင်၏=ခန္ဓပရိနိဗ္ဗာန် ဝင်စံရ၏။ သို့ရကား ကိလေသာကို ပယ်စွန့်ခြင်း=ကိလေသပရိနိဗ္ဗာန်, ခန္ဓာကိုပယ်စွန့်ခြင်း=ခန္ဓပရိနိဗ္ဗာန် = ဤပရိနိဗ္ဗာန်နှစ်ပါးတို့ အလွယ်တကူဖြင့် ပြီးမြောက်ကြောင်းအနေအားဖြင့် ဆွမ်းနှစ်ပါးတို့ တူညီကြသောကြောင့် အကျိုးပေးပုံချင်း တူမျှကြလေသည်။

(ခ) မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်မည့်နေ့၌ သုဇာတာလှူသော ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ကုဋေပေါင်း နှစ်သန်းလေးသိန်း အရေအတွက်ရှိသော ဒေဝသိကဝဠဉ္ဇနသမာပတ် (နေ့စဉ်ဝင်စားမြဲသမာပတ်) တို့ကို ဝင်စားသုံးဆောင်တော်မူ၏။ ပရိနိဗ္ဗာန်စံတော်မူမည့်နေ့၌လည်း ထိုအတူပင် စုန္ဒလှူသောဆွမ်းကို ဘုဉ်းပေးတော်မူ၍ ကုဋေပေါင်း နှစ်သန်းလေးသိန်း အရေအတွက်ရှိသော ဒေဝသိကဝဠဉ္ဇနသမာပတ်(=နေ့စဉ်ဝင်စားသုံးဆောင်မြဲ သမာပတ်)တို့ကို ဝင်စားသုံးဆောင်တော်မူ၏။ ထိုဆွမ်းတို့ကို ဘုဉ်းပေးတော်မူရသောကြောင့် ထိုသမာပတ်တို့ကို ချမ်းသာလွယ်ကူစွာ ဝင်စားတော်မူနိုင်လေသည်။ သို့ရကား ထိုကုဋေပေါင်း နှစ်သန်းလေးသိန်း အရေအတွက်ရှိသော ဒေဝသိကဝဠဉ္ဇနသမာပတ်တို့ကို ဝင်စားနိုင်ခြင်း၏ အကြောင်းအဖြစ် တူမျှသောကြောင့် ထိုဆွမ်းနှစ်မျိုးတို့ အကျိုးပေးပုံချင်း တူမျှကြလေသည်။

### ကုဋေပေါင်းနှစ်သန်းလေးသိန်းသော သမာပတ်တော်များ

ဤ၌ ကုဋေပေါင်း နှစ်သန်းလေးသိန်းအရေအတွက်ရှိသော ဒေဝသိကဝဠဉ္ဇနသမာပတ် (=နေ့စဉ်ဝင်စားသုံးဆောင်မြဲသမာပတ်) တို့ကို သံယုတ်ဋ္ဌကထာ ပဌမအုပ် သဂါထာဝဂ္ဂသံယုတ္တဋ္ဌကထာ ၆-ဗြဟ္မသံယုတ်၊ ၂-ဒုတိယဝဂ်၊ ၅-ပရိနိဗ္ဗာနသုတ်အဖွင့်၊ စာမျက်နှာ ၂၅၁-၂၅၂-တို့၌လာသောအတိုင်း ဖော်ပြဦးအံ့—

ကေစိဝါဒအလို။ ။မြတ်စွာဘုရားသည် နေ့စဉ်နေ့စဉ် မဟာကရုဏာ သမာပတ်တော်ကို အကြိမ်ပေါင်း ကုဋေတသန်းနှစ်သိန်း ဝင်စားတော်မူသည်။ အရဟတ္တဖိုလ်သမာပတ်တော်ကိုလည်း အကြိမ်ပေါင်း ကုဋေတသန်းနှစ်သိန်းပင် ဝင်စားတော်မူသည်။ သို့ရကား ၂-ရပ်ပေါင်း

WWW.DHAMMARANSI.COM



ဒေဝသိကဝဋ္ဋနသမာပတ် (နေ့စဉ် ဝင်စား သုံးဆောင်မြဲ သမာပတ်) ပေါင်း ကုဋေနှစ်သန်းလေးသိန်း ဖြစ်သည်။ ။(တနည်း) မြတ်စွာဘုရားတို့မှာ ဘဝင်စိတ်ဖြစ်ပွါးမှုအထုံသည် လျင်မြန်လှ၏၊ သမာပတ်တို့၌ လေ့လာနိုင်နင်းမှုကား အထွတ်အထိပ်ရောက်တော်မူ၏၊ ထို့ကြောင့် သမာပတ်ကို ဝင်စားခြင်း, သမာပတ်မှထခြင်းတို့မှာ စိတ္တက္ခဏနှစ်ကြိမ် သုံးကြိမ် အနည်းငယ်မျှဖြင့် ပြည့်စုံကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ရူပါဝစရသမာပတ် ၅-ပါး, အရူပါဝစရသမာပတ် ၄-ပါး, အပ္ပမညာသမာပတ် ၁-ပါး, နိရောဓသမာပတ် ၁-ပါး, အရဟတ္တဖိုလ်သမာပတ် ၁-ပါး= ဤသို့အားဖြင့် သမာပတ် ၁၂-မျိုးတို့ကို နေ့စဉ်နေ့စဉ် တမျိုးတမျိုးလျှင် အကြိမ်ပေါင်း ကုဋေတသိန်းကျစီ နံနက်အခါ၌ ဝင်စားတော်မူ၏၊ (ထို့ကြောင့် နံနက်အခါ၌ သမာပတ်ပေါင်း ကုဋေတသန်းနှစ်သိန်း ဖြစ်လေသည်)။ နေလွဲအခါ၌လည်း ထိုအတူပင် ဝင်စားတော်မူရကား နှစ်ရပ်ပေါင်းလျှင် ဒေဝသိကဝဋ္ဋနသမာပတ် (=နေ့စဉ် ဝင်စားသုံးဆောင်မြဲသမာပတ်)တို့ ကုဋေပေါင်း နှစ်သန်းလေးသိန်းဖြစ်လေသည်။ ။ဤကား ကေစိဝါဒအလိုတည်း။

**အပရေဝါဒအလို။** ။မြတ်စွာဘုရားရှင်သည် နေ့စဉ်နေ့စဉ် အရဟတ္တဖလသမာပတ်ကို ဝင်စားတော်မူ၏။ ဖလသမာပတ်ကို ဝင်စားလိုလျှင် ရှေးဦးစွာ ဝိပဿနာရှုဆင်ခြင်ရမြဲ ဓမ္မတာဖြစ်သည်၊ (=ဝိပဿနာဝီထိ ရှေးဦးစွာဖြစ်ပြီးမှ ဖလသမာပတ္တိဝီထိဖြစ်သည်ဟု ဆိုလိုသည်)။ ထိုသို့ ဝိပဿနာရှုဆင်ခြင်ရာဝယ် မြတ်စွာဘုရားရှင်မှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါးကို အဦးမူသဖြင့် ဝိပဿနာရှုတော်မူခြင်း အလေ့အလာရှိတော်မူသည်၊ (အောက် မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၃၃၄-၆-တုရားဖြစ်ခဏ်း မဟာဝဇိရဝိပဿနာကို ပြန်လည် သတိပြုစေချင်သည်)။ သို့ဖြစ်ရကား မြတ်စွာဘုရားသည် ဖလသမာပတ် (=အရဟတ္တဖိုလ်သမာပတ်)ကို ဝင်စားတော်မူလိုလျှင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်တို့တွင် အနုလောမအားဖြင့် အဝိဇ္ဇာကိုဝိပဿနာရှုပြီးလျှင် အရဟတ္တဖိုလ်ကို အကြိမ်ပေါင်း ကုဋေတသိန်းဝင်စားတော်မူသည်၊ ထိုအတူ သင်္ခါရကို ဝိပဿနာရှုပြီးလျှင် အရဟတ္တဖိုလ်ကို အကြိမ်ပေါင်း ကုဋေတသိန်း ဝင်စားတော်မူသည်၊ ဤနည်းအားဖြင့် ဝိညာဏ်ကို ဝိပဿနာရှု၍ အရဟတ္တဖလသမာပတ် အကြိမ်ပေါင်း ကုဋေတသိန်း, နာမ်ရုပ်ကို ဝိပဿနာရှု၍, သဠာယတနကိုဝိပဿနာရှု၍, ဖဿကို, ဝေဒနာကို, တဏှာကို, ဥပါဒါန်ကို, ဘဝကို, ဇာတိကို, ဇရာမရဏကို ဝိပဿနာရှု၍ အရဟတ္တဖလသမာပတ် အကြိမ်ပေါင်း ကုဋေ

WWW.DHAMMARANSI.COM



တသိန်း ဝင်စားတော်မူသည်။ ပေါင်းလျှင် အနုလောမပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်ကို အဦးမူ၍ အရဟတ္တဖိုလ်သမာပတ် အကြိမ်ပေါင်း ကုဋေတသန်းနှစ်သိန်း ဖြစ်လေသည်။

ထို့အတူပင် ပဋိလောမပဋိစ္စသမုပ္ပါဒ် သမာပတ်အားဖြင့် ဇရာမရဏ ကို ဝိပဿနာရှု၍ အရဟတ္တဖိုလ်သမာပတ် အကြိမ်ပေါင်း ကုဋေတသိန်း, ဤနည်းအားဖြင့် ဇာတိကို ဝိပဿနာရှု၍ ။ပ။ ဘဝကို, ဥပါဒါန်ကို, တဏှာကို, ဝေဒနာကို, ဖဿကို, သဠာယတနကို, နာမ်ရုပ်ကို, ဝိညာဏ်ကို, သင်္ခါရကို ဝိပဿနာရှု၍ အရဟတ္တဖိုလ်သမာပတ် အကြိမ်ပေါင်း ကုဋေတသိန်း, အဝိဇ္ဇာကို ဝိပဿနာရှု၍ အရဟတ္တဖိုလ်သမာပတ် အကြိမ် ပေါင်း ကုဋေတသိန်း ဝင်စားတော်မူသည်။ ပေါင်းလျှင် ပဋိလောမ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ရပ်ကို အဦးမူ၍ အရဟတ္တဖိုလ်သမာပတ် အကြိမ်ပေါင်း ကုဋေ တသန်းနှစ်သိန်း ဖြစ်လေသည်။ နှစ်ရပ်ပေါင်း လျှင် မြတ်စွာဘုရားရှင် နေ့စဉ်နေ့စဉ် ဝင်စားတော်မူအပ်သော အရ- ဟတ္တဖိုလ်သမာပတ်ပေါင်းကား ကုဋေပေါင်း နှစ်သန်းလေးသိန်း ဖြစ် လေသည်။ ။ဤကား အပရေဝါဒအလိုတည်း။

ဤ၌–"ဖော်ပြရာပါ ကုဋေပေါင်း နှစ်သန်းလေးသိန်းသော ဝဋ္ဋနုပဿန- သမာပတ်တို့ကို နေ့စဉ်နေ့စဉ်ပင် မြတ်စွာဘုရားရှင် ဝင်စားတော်မူအပ် ပါလျက် အဘယ့်ကြောင့် ဘုရားဖြစ်မည့်နေ့နှင့် ပရိနိဗ္ဗာန်စံတော်မူမည့် နေ့တို့၌ ဝင်စားအပ်သော ထိုသမာပတ်တို့ကို အထူးပြု၍ ဆိုရသနည်း" ဟု မေးခဲ့သော် "အခြားနေ့တို့၌ ရိုးရိုးတန်းတန်းပင် ထိုသမာပတ်တို့ကို ဝင်စားတော်မူသည်၊ ဘုရားဖြစ်မည့်နေ့နှင့် ပရိနိဗ္ဗာန်စံတော်မူမည့်နေ့ တို့၌ကား ထူးခြား၍ ရူပသတ္တက (=ရုပ်တရား၌ခုနစ်ပါးသောအခြင်း အရာ), နာမသတ္တက(=နာမ်တရား၌ ခုနစ်ပါးသော အခြင်းအရာ)= ဤ ၁၄-ပါးသော အခြင်းအရာတို့ဖြင့် ရောစပ်နှောက်မွှေ ချေပြီးမှ မဟာ- ဝိပဿနာကို အဦးမူသဖြင့် ထိုသမာပတ်တို့ကို ဝင်စားတော်မူသည်၊ ထို့ကြောင့် ထိုနှစ်နေ့တို့၌ ဝင်စားအပ်သော ထိုသမာပတ်တို့ကို အထူး ပြု၍ ဆိုရသည်"ဟု ဖြေဆိုရာ၏၊ ဤစာပိုဒ်စကားရပ်ကား သုတ်မဟာ- ဝဂ္ဂဋီကာမှ။

(ဂ) ဆက်ဦးအံ့–သုဇာတာ သူဌေးကတော်သည် ဘုရားဖြစ်ပြီး သည့် နောက်အချိန်၌ "ငါ့ဆနာနို့ဆွမ်း လှူခဲ့သော ပုဂ္ဂိုလ်သည် ပဉ္စောင်ပင်စောင့် ရုက္ခစိုးနတ်မင်း မဟုတ်ဘူးတဲ့၊ ထိုပုဂ္ဂိုလ်သူမြတ်ကား ဘုရားလောင်းတဲ့၊ ထိုဘုရားလောင်းသည် ငါလှူသော ထိုဃနာနို့ဆွမ်း

WWW.DHAMMARANSI.COM



ကို ဘုဉ်းပေးသုံးဆောင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီတဲ့၊ ထိုမြတ်စွာဘုရားရှင်အဖို့ရာ သတ္တဋ္ဌာန စံနေတော်မူစဉ် ၄၉-ရက်ပတ်လုံး ထိုင်ါလှူသော နို့ဃနာဆွမ်းဖြင့် မျှတတော်မူခြင်းဖြစ်သတဲ့'' ဟူသော သတင်းစကားကို ကြားသိလေသည်။ ဤသတင်းစကားကောင်းကို ကြားသိရ၍ ''ငါ့အဖို့ရာ အရတော်လေစွ'' ဟု အဖန်ဖန်အောက်မေ့သော သုဇာတာသူဌေးကတော်၏ သန္တာန်ဝယ် အလွန်အားကြီးသော နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း=ပီတိ, သောမနဿတရားများ အဖန်ဖန် ဖြစ်ပွါးလေသည်။ ရွှေပန်းထိမ်သည်သား စုန္ဒ၏ သန္တာန်၌လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နောက်အချိန်၌''ငါသည် နောက်ဆုံးဆွမ်းကို မြတ်စွာဘုရားအား လှူဒါန်းအပ်ပြီတဲ့၊ ငါ၏ ဆွမ်းနှင့်စပ်၍ မြတ်စွာဘုရားသည် တရားအပေါင်း၏ ဦးထိပ်သဖွယ်ဖြစ်သော နိဗ္ဗာန်ကို ယူအပ်ပြီတဲ့၊ ငါ့ဆွမ်းကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူသတဲ့''ဟု သတင်းစကား ကြားသိရ၍ ''ငါ့အဖို့ရာ အရတော်လေစွ'' ဟု အဖန်ဖန် အောက်မေ့လတ်သည်တွင် အလွန်အားကြီးသော နှစ်သက်ခြင်း, ဝမ်းမြောက်ခြင်း=ပီတိ, သောမနဿတရားများ အဖန်ဖန်ဖြစ်ပွါးလေသည်။ ဤသို့ အလှူရှင်နှစ်ဦးတို့၏ အောက်မေ့ပုံချင်း တူမျှသောကြောင့်လည်း ဆွမ်းနှစ်မျိုးတို့ အကျိုးပေးပုံချင်း တူမျှကြလေသည်။ ဤကား အထူးမှတ်ဖွယ်တည်း)။

## ကုသိနာရုံပြည်သို့ ရောက်ခြင်း

ထို့နောက် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို ''အာနန္ဒာ.... လာ,သွားကြစို့၊ ဟိရညဝတီမြစ်၏ ဟိုမှာဖက်ကမ်း ကုသိနာရုံပြည် မြို့ဝင်ခါနီး လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ သွားကြကုန်စို့''ဟု မိန့်တော်မူ၏။ ''ကောင်းပါပြီ မြတ်စွာဘုရား....''ဟု အရှင်အာနန္ဒာမထေရ်သည်လည်း မြတ်စွာဘုရားရှင် မိန့်ကြားချက်ကို ဝန်ခံစကား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် များစွာသော ရဟန်းသံဃာနှင့် အတူတကွ ဟိရညဝတီမြစ်၏ ဟိုမှာဖက်ကမ်း ကုသိနာရုံပြည် မြို့ဝင်ခါနီး လမ်းကွေ့ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွရောက်ပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို''အာနန္ဒာ....အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်သို့ ဦးခေါင်းပြုကာ ညောင်

WWW.DHAMMARANSI.COM



စောင်းကို ခင်းလော့၊ အာနန္ဒာ....ငါဘုရား ပင်ပန်းလှ၏၊ လျောင်း စက်အံ့”ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်သည်လည်း “ကောင်းပါပြီ . မြတ်စွာ ဘုရား····”ဟု လျှောက်ထားဝန်ခံ၍ မြတ်စွာဘုရား မိန့်ကြားတော် မူချက်အတိုင်း အင်ကြင်းပင် အစုံတို့၏ အကြား၌ မြောက်အရပ် သို့ ဦးခေါင်းပြုကာ ညောင်စောင်းကို ခင်းလေ၏။ မြတ်စွာဘုရား ရှင်သည်လည်း လက်ျာခြေပေါ်၌ လက်ဝဲခြေကို စဉ်းငယ်လွန်ကာ တင်ထား၍ သတိရှိလျက် ဆင်ခြင်လျက် လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူ၏။

(ဤအရာဝယ် မှတ်ဖွယ်အထူးကို ပြဆိုဦးအံ့—

ဤယခု ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွချီတော်မူရာဝယ် အခြံ အရံ ရဟန်းသံဃာကား မရေမတွက်နိုင်အောင်ပင် များလှ၏။ ချဲ့ဦးအံ့– ဝေဠုဝ ရွာငယ်၌ ဝေဒနာကိုခွါတော်မူသောအခါမှ စ၍ “မကြာမြင့်မီ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်”ဟု သတင်းကြားကြ၍ ထိုထိုအရပ်မှလာရောက်ကြသော ရဟန်းတို့အနက် ရဟန်းတပါးမျှ အရပ် တပါးသို့ ဖဲသွားသောမည်သည် မရှိ၊ ထို့ကြောင့် ရဟန်းသံဃာကား မရေမတွက်နိုင်အောင်ပင် များလှ၏။

ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်အတွင်းဝယ် ညောင်စောင်း ခင်းမည့်နေရာ၏ ဦးခေါင်းဖက်=မြောက်ဖက်၌ အင်ကြင်းပင်တတန်း, ခြေရင်းဖက်=တောင်ဖက်၌ အင်ကြင်းပင်တတန်းရှိ၏၊ ထိုအင်ကြင်းပင် နှစ်တန်းတွင်လည်း ခေါင်းရင်းဖက်က အင်ကြင်းပင်ပျိုတပင်, ခြေရင်း ဖက်က အင်ကြင်းပင်ပျိုတပင် ရှိလေသည်၊ ၎င်းကို အင်ကြင်းပင်အစုံ ဟူ၍ ခေါ်ဆိုလေသည်။ တနည်း–အင်ကြင်းပင်အစုံဟူသည် အမြစ်ချင်း, ပင်စည်ချင်း, အကိုင်းအခက်အရွက်ချင်း အချင်းချင်းဖွဲ့စပ်လျက်တည် သော အင်ကြင်းပင်အစုံတည်း။ ထိုဥယျာဉ်အတွင်း မင်းတို့၏ အိပ်ရာ ညောင်စောင်း ရှိလေသည်၊ ထိုညောင်စောင်းကိုပင် မြတ်စွာဘုရားရှင် က အခင်းခိုင်း၍ အရှင်အာနန္ဒာကလည်း ခင်း၍ပေးလေသည်။

“အာနန္ဒာ...ငါဘုရား ပင်ပန်းလှ၏၊ လျောင်းစက်အံ့”ဟူသော ဤစကားရပ်ဝယ် မြတ်စွာဘုရား၏ ပကတိကိုယ်တော်အားသည် ပကတိ ရိုးရိုးဆင် ကုဋေတထောင်အား ရှိ၏၊ ဆဒ္ဒန်ဆင် ဆယ်စီးအား ရှိ၏၊

WWW.DHAMMARANSI.COM



မဇ္ဈိမပဋိပဒါ ကုဋ္ဌေတသောင်းအား ရှိ၏။ ထိုအလုံးစုံသော အားအစွမ်းသည်ပင် စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးပြီးနောက် ဝမ်းသွေးသွန်သော ရောဂါဖြစ်သည့် အချိန်ကစ၍ ပြာစစ်=ရေစစ်၌ လောင်းထည့်အပ်သော ရေကဲ့သို့ ကုန်ခန်းလေတော့သည်။ ပါဝါပြည်မှ ကုသိနာရုံပြည်သည် သုံးဂါဝုတ်သာ ဝေးကွာ၏၊ ဤအတွင်းဝယ် အကြိမ်ပေါင်း ၂၅-ထောက်နားနေတော်မူကာ ကြိုးစား၍ ကြွတော်မူလာသော်လည်း နေဝင်ဆည်းဆာအချိန်ကျမှ ကုသိနာရုံပြည် အင်ကြင်းဥယျာဉ်သို့ ရောက်တော်မူလေသည်။ ဤသို့လျှင် ရောဂါသည် အလုံးစုံသော ကျန်းမာခြင်းကို နှိမ်နင်းလွှမ်းမိုး၍ တက်လာလေသည်၊ ဤအကြောင်းကို ပြတော်မူသကဲ့သို့ "အာနန္ဒာ ...ငါဘုရား ပင်ပန်းလှ၏၊ လျောင်းစက်အံ့" ဟု တလောကလုံး ထိတ်လန့်ဖွယ်စကား မိန့်ကြားတော်မူလေသည်။

မေးဖွယ်ရှိပြန်သည်မှာ— "အဘယ့်ကြောင့် မြတ်စွာဘုရားရှင်သည် ဤသို့စင်.ကြီးစွာသော လုံ့လဖြင့် ကုသိနာရုံသို့ ကြွတော်မူလာသနည်း၊ အခြားနေရာများ၌ ပရိနိဗ္ဗာန် မစံနိုင်ဘူးလော" ဟု မေးဖွယ်ရှိ၏။ အဖြေကား—ပရိနိဗ္ဗာန် မစံနိုင်ရာအရပ်ဟူ၍ မရှိပါ၊ စင်စစ်သော်ကား အကြောင်းသုံးပါးတို့ကြောင့် မြတ်စွာဘုရားသည် ကုသိနာရုံပြည်သို့ ကြိုးစား၍ ကြွတော်မူလာလေသည်။

(၁) ချဲ့ဦးအံ့—ဤဆိုလတ္တံ့သော အကြောင်းသုံးပါးကို မြတ်စွာဘုရားရှင် သိမြင်တော်မူလေသည်၊ သိမြင်တော်မူပုံမှာ "ငါဘုရားသည် ကုသိနာရုံပြည်မှတပါး အခြားအရပ်၌ ပရိနိဗ္ဗာန်စံခဲ့သော် မဟာသုဒဿနသုတ္တန်ကြီးကို ဟောဖို့ရန် အကြောင်းပွင့် ဖြစ်လိမ့်မည်မဟုတ်။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်စံမှသာလျှင် နတ်ပြည်၌သာ ခံစားသင့်သည့် ကြီးစွာသော စည်းစိမ်ကို လူ့ပြည်၌ပင် ငါဘုရားအလောင်း ခံစားအပ်ခဲ့ပုံကို ဖော်ပြသည့် မဟာသုဒဿနသုတ်ကို နှစ်ဘာဏဝါရ(သံဂါယနာတင်သောအခါ နှစ်ကြိမ်ရွတ်ဆိုရသည့်) အတိုင်းအရှည်ပမာဏရှိသော စကားအစဉ်ဖြင့် ဟောကြားရလိမ့်မည်၊ ငါဘုရား၏အထံမှ ထိုမဟာသုဒဿနသုတ္တန်ကြီးကို ကြားနာကြရ၍ များစွာသော လူအပေါင်းတို့သည် ကုသိုလ်ကောင်းမှုကို ပြုရကောင်းသည်ဟု အောက်မေ့ကြပေလိမ့်မည်" ဟု သိမြင်တော်မူလေသည်။ ဤကား အကြောင်းတပါး,—

(၂) ထို့ပြင်လည်း "ကုသိနာရုံပြည်မှတပါး အခြားဌာန၌ ပရိနိဗ္ဗာန် စံလွန်လျှင် ငါဘုရားကို သုဘဒ္ဒပရိဗိုဇ်သည် ဖူးမြော်ခွင့်ရလိမ့်မည်မဟုတ်၊ ထိုသုဘဒ္ဒပရိဗိုဇ်သည်လည်း ဗုဒ္ဓဝေနေယျသာ ဖြစ်သည်။

WWW.DHAMMARANSI.COM



သာဝကဝေနေယျ မဟုတ်ချေ၊ သို့ရကား ထိုသုဘဒ္ဒပရိဗိုဇ်ကို သာဝက တို့သည် ဆုံးမချွတ်ခြင်းငှါ မတတ်နိုင်ကုန်။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံလွန်လျှင်ကား ထိုသုဘဒ္ဒပရိဗိုဇ်သည် ငါဘုရားကို ဆည်း ကပ်၍ ပြဿနာကို မေးလျှောက်လိမ့်မည်၊ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုသည့်အဆုံး၌လည်း သရဏဂုံတည်၍ ငါဘုရားအထံ၌ ရှင်ရဟန်း အဖြစ်ကို ရယူပြီးလျှင် ကမ္မဋ္ဌာန်းကို သင်ယူလျက် ငါဘုရားအသက်ရှိ စဉ်ပင် အရဟတ္တဖိုလ်သို့ ရောက်ရှိ၍ ပစ္ဆိမသာဝက = နောက်ဆုံး တပည့် ဖြစ်ပေလိမ့်မည်''ဟု သိမြင်တော်မူလေသည်။ ဤသည်လည်း အကြောင်းတပါး,—

(၃) ထို့ပြင်လည်း ''ကုသိနာရုံပြည်မှတပါး တခြားဌာန၌ ငါဘုရား ပရိနိဗ္ဗာန်ဝင်စံလျှင် ဓာတ်တော်များဝေတနိရာ၌ ခိုက်ရန်ကြီးစွာ ဖြစ်ရှိ ကာ သွေးချောင်းစီးအံ့ကဲ့သို့ ဖြစ်လိမ့်မည်။ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံလွန်လျှင်ကား ဒေါဏပုဏ္ဏားသည် ထိုခိုက်ရန်မှုကို ငြိမ်းအေးစေ၍ ဓာတ်တော်များကို ဝေတနိပေးလိမ့်မည်''ဟု သိမြင်တော်မူလေသည်။ ဤသည်လည်း အကြောင်းတပါး—

ဖော်ပြရာပါ ဤအကြောင်းသုံးပါးတို့ကြောင့် မြတ်စွာဘုရားသည် ဤကဲ့သို့ ကြံစည်၍ ကုသိနာရုံပြည်သို့ ကြွလာတော်မူလေသည်။ ။ ဤကား အဖြေတည်း)။

## အင်ကြင်းပင်နှင့် နတ်တို့က ပူဇော်ကြခြင်း

ထိုသို့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာနညောင်စောင်း၌ လျောင်း စက်တော်မူသောအခါ အင်ကြင်းပင်အစုံတို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်ကြလျက် ရှိကုန်၏၊ ထိုအင်ကြင်းပင် တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ပန်းပွင့်တို့ကို မြတ်စွာဘုရားရှင်ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေ ကုန်၏။

မန္ဒာရဝမည်သော နတ်ပန်း( = ထင်ရှားပန်း)တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထိုနတ်ပန်းတို့ကိုလည်း နတ်တို့ သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။

WWW.DHAMMARANSI.COM



နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထိုစန္ဒကူးနံ့သာမှုန့်တို့ကိုလည်း နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။

နတ်တူရိယာတို့ကိုလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက် ရှိကုန်၏။ နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ်လျက် ရှိကုန်၏။

## အမြတ်ဆုံးသော ပူဇော်မှု

ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သားအာနန္ဒာ....အင်ကြင်းပင်အစုံတို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ်ပွင့်ကြလျက် ရှိကုန်၏၊ ထိုအင်ကြင်းပင်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ပန်းပွင့်တို့ကို မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။

မန္ဒာရဝမည်သော နတ်ပန်း(=ထင်ရှားပန်း)တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏။ ထိုနတ်ပန်းတို့ကိုလည်း နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။

နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့သည်လည်း ကောင်းကင်မှ ကျလာကုန်၏၊ ထိုစန္ဒကူးနံ့သာမှုန့်တို့ကိုလည်း နတ်တို့သည် မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ကြလေကုန်၏။

နတ် တူရိယာတို့ကိုလည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက် ရှိကုန်၏။

WWW.DHAMMARANSI.COM



နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ်လျက် ရှိကုန်၏။

ချစ်သားအာနန္ဒာ.... ဤမျှလောက် ပူဇော်မှုဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည် မမည်သေး၊ အလေးအမြတ်ပြုသည်, မြတ်နိုးသည်, ပူဇော်သည်, ပသသည် မမည်သေး။ ချစ်သားအာနန္ဒာ....ရဟန်းယောကျ်ားဖြစ်စေ, ရဟန်းမိန်းမဖြစ်စေ, ဥပါသကာယောကျ်ားဖြစ်စေ, ဥပါသိကာမိန်းမဖြစ်စေ အမှတ်မထင် အကြင်သူသည် လောကုတ္တရာတရားနှင့် လျော်သောတရားကို ကျင့်လျက်နေ၏၊ လျော်သောအကျင့်ကို ကျင့်လျက်နေ၏၊ တရားနှင့်လျော်စွာ ကျင့်လျက်နေ၏၊ ထိုသူသည် အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေပြုသည် မည်၏၊ အလေးပြုသည်, မြတ်နိုးသည်, ပူဇော်သည်, ပသသည်မည်၏။

ချစ်သားအာနန္ဒာ····သို့ရကား ဤသာသနာတော်၌ လောကုတ္တရာတရားနှင့် လျော်သောတရားကို ကျင့်လျက်နေကုန်အံ့၊ လျော်သောအကျင့်ကို ကျင့်လျက်နေကုန်အံ့၊ တရားနှင့်လျော်စွာ ကျင့်လျက်နေကုန်အံ့ဟု ဤသို့ နှလုံးသွင်းလျက် သင်တို့ ကျင့်ကြံကြိုးကုတ် အားထုတ်ရမည်"—

ဟု မိန့်တော်မူ၏။

(ဤ၌။ ။အင်ကြင်းပင်တို့က မြတ်စွာဘုရားကို ပူဇော်ကြရာဝယ် ဘုမ္မစိုးနတ်တို့က ထိုအင်ကြင်းပင် အကိုင်းအခက်တို့ကို လှုပ်ချ၍ ပူဇော်ကြသည်ဟု မှတ်ယူရာ၏။

မန္ဒာရဝနတ်ပန်းတို့ဟူသည် နန္ဒာရေကန်၌ဖြစ်သော ပန်းတို့တည်း။ ထို နတ်ပန်းတို့သည် အရွက်ပမာဏမှာ သစ်ရွက်ထီးခန့်ပမာဏ ရှိကြလျက် ပြည်တောင်းကြီးခန့်ပမာဏ ဝတ်ဆံဝတ်မှုန်ကို ယူကြကုန်၏။ မန္ဒာရဝနတ်ပန်းတို့သာ မဟုတ်ကုန်သေး၊ ပင်လယ်ကသစ်ပန်း အစရှိသော အခြား နတ်ပန်းတို့သည်လည်း ရွှေပန်းတောင်းများအပြည့် စကြာဝဠာအနားရေး၌ တည်ကြသောနတ်များ,တာဝတိံသာနတ်ပြည်၌ တည်ကြသောနတ်များ, ဗြဟ္မာ့ပြည်၌ တည်ကြသော ဗြဟ္မာများက

WWW.DHAMMARANSI.COM



ပစ်ချပူဇော်အပ်ကြသဖြင့် ကောင်းကင်မှ မပြတ်မစဲ တသဲသဲကျလျက် ရှိကုန်၏။

နတ်၌ဖြစ်သော စန္ဒကူးမှုန့်တို့ ကျလာသည်ကိုဆိုခြင်းမှာ မှတ်နိုင်ရုံ ဥပလက္ခဏာ နည်းပြမျှသာဖြစ်သည်၊ စင်စစ်ကား နတ်စန္ဒကူးမှုန့်များသာ မဟုတ်ကုန်သေး၊ နဂါးပြည် ဂဠုန်ပြည် လူ့ပြည်၌ဖြစ်သော စန္ဒကူး မှုန့်များ အခြားအခြားသော အကျော် စမွာ နံ့သာနီ စသော အလုံး စုံသော နတ်နံ့သာမှုန့်များ ဆေးဒန်းမြင်းသိလာမှုန့် မျက်စဉ်းခေတ် ကျောက်မှုန့် ရွှေမှုန့် ငွေမှုန့်များ အလုံးစုံသော နတ်နံ့သာ အထုံအခိုး များသည်လည်း ရွှေကြုတ်ငွေကြုတ်စသည်အပြည့် ဖော်ပြရာပါ နတ် ဗြဟ္မာတို့က ပစ်ချပူဇော်အပ်ကြသဖြင့် ကောင်းကင်မှ မပြတ်မစဲ ဘုရားရှင်ကိုယ်တော်ထက်၌ တသဲသဲ ကျလျက်ရှိကုန်၏။

နတ်တူရိယာတို့ဖြင့် ပူဇော်ခဏ်း၌လည်း စကြဝဠာတိုက်တသောင်း၌ ရှိကြသည့် နတ်, နဂါး, ဂဠုန်, လူတို့၏ အလုံးစုံသော တူရိယာမျိုး များကို ဤ စကြဝဠာတိုက်၌ စုပေါင်းကြကာ ကောင်းကင်၌ တီးမှုတ် ကြ၏ဟု မှတ်ယူရာ၏။

## အလွန်ကြီးစွာသော နတ်ပန်းကုံးကြီး

နတ်သီချင်းသံတို့ ကောင်းကင်၌ ဖြစ်ပေါ် လျက် ရှိကုန်၏-ဟူရာဝယ် အကျယ်အဓိပ္ပါယ်ကား—ဝရုဏ, ဝါရဏ မည်ကြသည့် အသက်ရှည်သော နတ်များရှိကြလေသည်။ ထိုနတ်တို့သည် "အလောင်းတော်နတ်သား သည် လူ့ပြည်၌ဖြစ်၍ ဘုရားဖြစ်လိမ့်မည်" ဟူသော သတင်းကိုကြားကြ ရ၍ "ပဋိသန္ဓေယူသော နေ့၌ အလောင်းတော်ကို ပူဇော်ရန် ပန်းကုံးကို ယူဆောင်သွားကြမည်" ကြံကြလျက် ထို အချိန်ကပင် ပန်းကုံးကို စတင် သီကုံးကြလေသည်။ ထိုနတ်တို့ ပန်းကုံး သီကုံးနေကြစဉ်ပင် "ဘုရားအလောင်းသည် မယ်တော်ဝမ်း၌ ဖြစ်လေပြီ" ဟု ကြား၍ အခြား နတ်များက "သင်တို့သည် အဘယ်သူ့အတွက် သီကုံးကြ သနည်း" ဟု မေးမြန်းပြောဆိုအပ်ကုန်ရကား "နတ်ပန်းကုံးကား ယခု တိုင်ပင် သီကုံး၍ မပြီးသေး၊ မယ်တော်ဝမ်းမှ ဖွားသန့်သော နေ့၌ ယူဆောင်သွားရောက် ပူဇော်ကြရတော့အံ့" ဟု ပြောဆိုကြကုန်၏။

တဖန် "ဘုရားအလောင်းတော် ဖွားသန့်တော်မူပြီးပြီ" ဟူသော သတင်းစကား ကြားသိကြရပြန်သော် "တောထွက်တော်မူသော နေ့၌ သွားရောက်ပူဇော်ကြကုန်အံ့" ဟု ပြောဆိုကြကုန်၏။ နှစ်ဆယ့်ကိုးနှစ်

WWW.DHAMMARANSI.COM



ကြာ လူ့ဘောင်၌နေ၍ "ယနေ့ ဘုရားအလောင်းတော် တောထွက်တော်မူပြီ" ဟူသော သတင်းစကား ကြားသိကြရပြန်သော် "ဘုရားဖြစ်တော်မူသောနေ့၌ သွားရောက်ပူဇော်ကြကုန်အံ့" ဟု ပြောဆိုကြကုန်၏။ ခြောက်နှစ်ကြာ ဒုက္ကရစရိယာ ကျင့်တော်မူ၍ "ယနေ့ ဘုရားဖြစ်တော်မူပြီ" ဟူသော သတင်းစကား ကြားသိကြရပြန်သော်လည်း "ဓမ္မစကြာတရားဦး ဟောကြားတော်မူသောနေ့၌ သွားရောက်ပူဇော်ကြကုန်အံ့" ဟု ပြောဆိုကြပြန်၏။ "ခုနစ်ရက် ခုနစ်လီ မဟာဗောဓိမဏ္ဍိုင်အနီး၌ သတ္တဋ္ဌာန စံနေတော်မူပြီး၍ ယခုအခါ ဣသိပတန=မိဂဒါဝုန်တောသို့ ကြွရောက်တော်မူကာ ဓမ္မစကြာတရားဦး ဟောကြားတော်မူပြီးပြီတဲ့"ဟူသော သတင်းစကား ကြားသိကြရပြန်သော်လည်း "ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့၌ သွားရောက်ပူဇော်ကြကုန်အံ့" ဟု ပြောဆိုကြပြန်၏။ "ယနေ့ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူပြီတဲ့" ဟူသော သတင်းစကား ကြားသိကြရပြန်သော်လည်း "အဘိဓမ္မာတရားဟောပြီး၍ တာဝတိံသာ နတ်ပြည်မှ သက်ဆင်းတော်မူသောနေ့၌ ပူဇော်ကြကုန်အံ့" ဟု ပြောဆိုကြပြန်၏။ "ယနေ့ တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူပြီတဲ့" ဟူသော သတင်းစကား ကြားသိကြရပြန်သော်လည်း "အာယုသင်္ခါရ လွှတ်တော်မူသောနေ့၌ သွားရောက်ပူဇော်ကြကုန်အံ့" ဟု ပြောဆိုကြပြန်၏။ "ယနေ့ အာယုသင်္ခါရ လွှတ်တော်မူပြီ" ဟု အခြားနတ်တို့ ပြောကြား၍ သတင်းစကား ကြားသိကြရသောအခါမှာလည်း "ပန်းကုံးကြီးကလည်း ပြီးပင်မပြီးနိုင်သေး၊ ပရိနိဗ္ဗာန် စံတော်မူသောနေ့၌မှ သွားရောက်ပူဇော်ကြရတော့အံ့" ဟု ပြောဆိုကြကုန်၏။

ယခု နောက်ဆုံး သတင်းအနေဖြင့် "ယနေ့ မြတ်စွာဘုရားသည် အင်ကြင်းပင်ပျို အစုံတို့၏ အကြား၌ သတိ,သမ္ပဇဉ် ယှဉ်တော်မူလျက် လက်ျာနံတောင်းဖြင့် မြတ်သော လျောင်းစက်မှုသို့ ကပ်ရောက်တော်မူလေပြီ၊ မိုးသောက်အားကြီး လင်းခါနီးအချိန်၌ ပရိနိဗ္ဗာန် ဝင်စံတော်မူလိမ့်မည်၊ သင်တို့သည် အဘယ်သူ့အတွက် ဤပန်းကုံးကြီးကို သီကုံး၍ နေကြသနည်း" ဟု အခြားနတ်တို့ပြောဆို၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတော့မည့် သတင်းစကား ကြားသိကြရသော်ကား ထို ဝရုဏ, ဝါရုဏ-မည်သော သက်တမ်းရှည်နတ်တို့သည်—

"ဤအမှုသည် အဘယ်မည်သောအမှုနည်း (=ဘယ့်နှယ်ဟာလဲ) မြတ်စွာဘုရားအလောင်းတော်သည် ယနေ့ပင် မယ်တော်ဝမ်း၌ ပဋိသန္ဓေ ယူနေတော်မူပြီ၊ ယနေ့ပင် မယ်တော်ဝမ်းမှ ဖွားသန့်တော်မူပြီ၊

WWW.DHAMMARANSI.COM



ယနေ့ပင် တောထွက်တော်မူပြီ၊ ယနေ့ပင် ဘုရားဖြစ်တော်မူပြီ၊ ယနေ့ပင် ဓမ္မစကြာတရားဦး ဟောတော်မူပြီ၊ ယနေ့ပင် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီ၊ ယနေ့ပင် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူပြီ၊ ယနေ့ပင် အာယုသင်္ခါရ လွှတ်တော်မူပြီ၊ ယနေ့ပင် ပရိနိဗ္ဗာန် စံတော်မူတော့မည်တဲ့ (=ခုပဲ သန္ဓေယူ, ခုပဲ ဖွားတော်မူ, ခုပဲ တောထွက်, ခုပဲ ဘုရားဖြစ်, ခုပဲ တရားဦးဟော, ခုပဲ တန်ခိုးပြာဋိဟာပြ, ခုပဲ နတ်ပြည်မှဆင်း, ခုပဲ အာယုသင်္ခါရလွှတ်, ခုပဲ ပရိနိဗ္ဗာန်စံတော်မူတော့မည်တဲ့)။ တကယ်ဆိုလျှင် နောက်တနေ့ ယာဂုသောက်ရုံ ကာလတိုင်ရုံ ဆိုင်းငံ့တည်နေတော်မူသင့်ပါသည်။ ဤသို့ အချိန်တို တောင်းစွာဖြင့် ပရိနိဗ္ဗာန် စံတော်မူရမည်မှာ ပါရမီတော်ဆယ်ပါးကို အထွတ်အထိပ်ရောက် ဖြည့်ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော ယောကျ်ားမြတ် အဖို့ရာ မသင့်လျော်စွာ့တကား"— ဟု ညည်းတွားပြောဆိုကြကာ သီကုံး၍မပြီးသေးသော ပန်းတို့ကိုပါ ယူဆောင်ခဲ့ကြ၍ ဘုရားရှင်ထံမှောက်သို့ လာရောက်ကြသည်တွင် ဤစကြဝဠာတိုက်အတွင်း၌ နေရာကို မရရှိကြသဖြင့် စကြဝဠာတိုက်၏ အနားရေး၌ပင်လျှင် ထိုပန်းကုံးကြီးကို ကောင်းကင်၌ တွဲလျားဆွဲချိတ်ကြကာ ထို စကြဝဠာအနားရေးမှာပင် ပြေးသွားကြကုန်လျက် တဦးလက်မှ တဦးလက်သို့ ပြောင်းရွှေ့ တွဲယှက်ကြ၍ရှင်း, တဦးလည်မှ တဦးလည်သို့ပြောင်းရွှေ့ ဖက်ရမ်းကြကုန်၍ရှင်း ရတနာသုံးပါးဂုဏ်ကို အာရုံပြုကြလျက် မြတ်စွာဘုရားရှင်၏ မဟာပုရိသလက္ခဏာတော်ကြီး ၃၂-ပါး, ခြောင်ခြည်တော် ၆-ပါး, ပါရမီတော် ၁၀-ပါး, အဖြစ်တော် (=ဇာတ်တော်) ၅၅၀, ဗုဒ္ဓဉာဏ်တော် ၁၄-ပါးတို့ကို အကြောင်းပြု၍ သီချင်းကဗျာ ဂါထာဂီတိများကို ပျော်ပြောင်းအိန္ဒြေချို ဖွဲ့ဆိုကြ၍ ထိုထို သီချင်းကဗျာ ဂါထာဂီတိ အဆုံး အဆုံး၌ "မဟာယသော=များသော အခြံအရံ ကျော်စောသတင်းရှိတော်မူသော မြတ်စွာဘုရားပါတကား၊ မဟာယသော=များသော အခြံအရံ ကျော်စောသတင်းရှိတော်မူသော မြတ်စွာဘုရားပါတကား" ဟု ချီးမွမ်းထောမနာစကား နှုတ်မြွက်ပြောကြားကြလေသည်။ ဤသည်ကိုပင် ရည်၍ ပါဠိတော်၌ "နတ်သီချင်းသံတို့သည်လည်း မြတ်စွာဘုရားကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ ဖြစ်ပေါ် လျက်ရှိကုန်၏" ဟု ဟောတော်မူအပ်လေသည်။

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန ညောင်စောင်း၌ လျောင်းတော်မူရင်းကပင် မြေအပြင်မှ စကြဝဠာအနားရေးတိုင်, စကြဝဠာအနားရေးမှ ဗြဟ္မာ့ပြည်တိုင် စည်းဝေးနေသော နတ် ဗြဟ္မာ ပရိသတ်၏

WWW.DHAMMARANSI.COM



ကြီးစွာသော လုံ့လဥဿာဟကို မြင်တော်မူ၍ အရှင်အာနန္ဒာအား ထို အကြောင်းကို မိန့်ကြားတော်မူလေသည်။ ဤသို့ နတ် ဗြဟ္မာ တို့၏ ကြီးစွာသော အာမိသပူဇာကို ပြုတော်မူပြီးနောက် ထိုအာမိသ-ပူဇာဖြင့်လည်း ကိုယ်တော်မြတ်အား အမြတ်ဆုံး အကောင်းဆုံး ပူဇော်သည် မမည်သေးကြောင်းနှင့် ဓမ္မပူဇာဖြင့် ပူဇော်မှသာ အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သည်မည်ကြောင်း ဆက်လက် ဟောကြားတော်မူလေသည်။ ထို စကားရပ်၌ ဆိုလိုရင်း အဓိပ္ပါယ်ကား "ချစ်သားအာနန္ဒာ...အင်္ဂါရှစ်ပုံ ပြည့်စုံစေကာ ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ဝပ်စင်း ကျောက်ဆစ်တံတားခင်းလျက် ဘုရားဆုကို ပန်ခဲ့ လေးအသင်္ချေ ကမ္ဘာတသိန်းကြာ ပါရမီတို့ကို ဖြည့်ခဲ့သော ငါဘုရားသည် ပန်း, နံ့သာ, တူရိယာ, နတ်သီချင်းတို့ဖြင့် အပူဇော်ခံဖို့ရန် ရည်သန်၍ ဆုပန်ခဲ့သည်မဟုတ်, ပါရမီတို့ကို ဖြည့်ခဲ့သည် မဟုတ်၊ ထို့ကြောင့် ဤနတ်ပန်းနံ့သာ, တူရိယာ, နတ်သီချင်းတို့ဖြင့် ငါဘုရားကို ပူဇော်ခြင်းသည် အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သည်မမည်။ ဓမ္မာနုဓမ္မပဋိပတ်ဖြင့် ပူဇော်မှသာ အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သည်မည်၏" ဟု ဆိုလိုသည်။

ဤ၌ မေးမြန်းဖွယ်ရှိလာပြန်သည်မှာ "မြတ်စွာဘုရားသည် အခြားနေရာများ၌ နှမ်းကြပ်ပွင့်ကလေး တပွင့်မျှကိုပင် ယူဆောင်ကာ ဘုရားဂုဏ်ကျေးဇူးတို့ကို ဆင်ခြင်၍ ပူဇော်လျှင်ပင် ဘုရားဉာဏ်ဖြင့် မပိုင်းခြားနိုင်လောက်အောင် အကျိုးကြီးမြတ်ကြောင်း ချီးမွမ်းဟောကြားတော်မူပါလျက် ဤယခုအရာ၌ကျမှ သို့စင်ကြီးမြတ်သော ပူဇော်မှုကို အဘယ့်ကြောင့် ပယ်မြစ်တော်မူပါသနည်း" ဟု မေးဖွယ်ရှိပြန်၏။

အဖြေကား—ပရိသတ်ကို ချီးမြှောက်တော်မူလိုသောကြောင့်၎င်း, သာသနာအရှည် တည်တံ့ခြင်းကို အလိုတော်ရှိသောကြောင့်၎င်း ပယ်မြစ်တော်မူသည်။ ချဲ့ဦးအံ့—အကယ်၍ မြတ်စွာဘုရားရှင်က ဤသို့ ပယ်တော်မမူလျှင် နောက်အခါဝယ် (တရားတော်၌) သီလလာသော အရာ, သမာဓိလာသော အရာတို့၌ သီလ, သမာဓိကို ဖြည့်ကျင့်ကြလိမ့်မည်မဟုတ်၊ ဝိပဿနာလာသော အရာ၌ ဝိပဿနာတရားကို အားထုတ်ကြတော့မည်မဟုတ်ပဲ အလုပ်အကျွေး ဒကာ, ဒကာမတို့ကို ပန်း, နံ့သာစသည်တို့ဖြင့် ပူဇော်ဖို့ရန်သာ ဟောပြ ဆောက်တည်စေကြ၍ အာမိသပူဇာမှုကိုသာ ပြုစေလျက် နေကြပေလိမ့်မည်။ အာမိသပူဇာဟူသည်မှာလည်း သုံးပါးသိက္ခာ သာသနာကို တရက်မျှ ယာဂုတကြိမ် သောက်ချိန်လောက်မျှဆောင်ထားခြင်းငှါ စွမ်းနိုင်သည်မဟုတ်။မှန်၏-

WWW.DHAMMARANSI.COM



မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့် တူသော ကျောင်းတိုက်ပေါင်း အထောင်သည်ရှင်း, မဟာစေတီနှင့် တူသော စေတီဆူရေ အထောင်သည်ရှင်း သာသနာကို အရှည်အကြာ ဆောင်ထားနိုင်သည်မဟုတ်၊ စင်စစ်သော်ကား တည်ဆောက်လှူဒါန်းပူဇော်သူ၏ လူနတ်နိဗ္ဗာန် ချမ်းသာသုံးတန် ရဖို့ရန် ဥပနိဿယအကြောင်းသာ ဖြစ်သည်။

ကောင်းစွာကျင့်ကြံခြင်း=သမ္မာပဋိပတ်သည်သာ မြတ်စွာဘုရားအား သင့်လျော်သော ပူဇော်ခြင်းဖြစ်သည်။ မှန်၏–ထိုကောင်းစွာကျင့်ခြင်း တည်းဟူသော ဓမ္မပူဇာကိုသာ မြတ်စွာဘုရားကလည်း တောင့်တတော်မူအပ်လေသည်။ ထို ကောင်းစွာ ကျင့်ခြင်းတည်းဟူသော ဓမ္မပူဇာ သည်သာ သာသနာကို အဓွန့်ရှည်စွာ ဆောင်ထားခြင်းငှါလည်း စွမ်း နိုင်၏။ထို့ကြောင့် မြတ်စွာဘုရားသည် ဤသို့ ဟောတော်မူအပ်လေ သည်။ (အာမိသပူဇာ အကျိုးမရှိ၍ ဟောတော်မူသည် မဟုတ်)။ ဤကား အဖြေတည်း။

**လောကုတ္တရာတရားအားလျော်သောပဋိပတ်=အကျင့်**

ဤ၌ ဓမ္မာနုဓမ္မပဋိပတ်ခေါ် သော လောကုတ္တရာတရား ကိုးပါးအား လျော်သောအကျင့်=ပဋိပတ်ကို ကျင့်သုံးခြင်းသည်ပင် မြတ်စွာဘုရားကို အမြတ်ဆုံး ပူဇော်ခြင်းဖြစ်လေသည်။ထို ဓမ္မာနုဓမ္မအကျင့်ပဋိပတ်= လောကုတ္တရာတရားအားလျော်သော အကျင့်ဟူသည်မှာ သရဏဂုံ သီလ မှစ၍ ဂေါတြဘုတိုင်အောင်သော ပုဗ္ဗဘာဂပဋိပဒါ=မဂ်၏ရှေ့အဖို့ (ရှေ့ ပိုင်း) ၌ ဖြစ်သည့် အကျင့်များဖြစ်လေသည်။

ထို့ကြောင့် အကြင်ရဟန်းသည် အဂါရဝတရား ခြောက်ပါးတို့၌ တည်၍ မြတ်စွာဘုရား ပညတ်တော်မူအပ်သော သိက္ခာပုဒ်များကို လွန် ကျူးငြားအံ့၊ မအပ်သော ရှာမှီးခြင်းဖြင့် ပစ္စည်းလေးဖြာ ဖွေရှာ၍ အသက်မွေးငြားအံ့၊ ထိုရဟန်းသည် ဓမ္မာနုဓမ္မပဋိပတ်ကို မကျင့်သော ရဟန်းမည်၏။ အကြင်ရဟန်းသည်ကား မိမိအတွက် မြတ်စွာဘုရား ပညတ်ထားသည့် အားလုံးသော သိက္ခာပုဒ်တည်းဟူသော ဘုရားစည်း ကမ်း ဘုရားတမျဉ်းကြိုးကို အဏုမြူမျှလည်း မလွန်ကျူး၊ဤရဟန်းသည် ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်သော ရဟန်းမည်၏။ ရဟန်းမိန်းမ၌လည်း ဤနည်းအတူတည်း။

အကြင်ဥပါသကာသည် ပါဏာတိပါတ=သူ့အသက်ကိုသတ်ခြင်း– စသော ဝေရတရားငါးပါး(မိမိအပေါ် ရန်သူပမာ မကောင်းကျိုးကို

WWW.DHAMMARANSI.COM



သာ ပေးတတ်သည့်အမှုငါးပါး)အကုသိုလ်ကမ္မပထတရား ဆယ်ပါးတို့ကို ဆောက်တည်ကျင့်ကြံခြင်းအံ့၊ ဤဥပါသကာသည် ဓမ္မာနုဓမ္မပဋိပတ်ကို မကျင့်သော ဥပါသကာမည်၏။ အကြင်ဥပါသကာသည်ကား သရဏဂုံ သုံးပါး, ငါးပါးသီလ, ဆယ်ပါးသီလတို့ကို လုံခြုံအောင် စောင့်ထိန်း ဖြည့်ကျင့်၏၊ တလ တလ၏အတွင်း အဋ္ဌမီနေ့လေးရက်, ဥပုသ်နေ့လေး ရက်အားဖြင့်=ရှစ်ရက်သီတင်း ဥပုသ်စောင့်သုံးခြင်းအမှုကို ပြု၏၊ စွန့်ကြဲ ပေးကမ်းလှူဒါန်းလေ့ရှိ၏၊ရတနာသုံးပါးကို နံ့သာပန်းတို့ဖြင့် ပူဇော်၏၊ မိဖနှစ်ပါး, တရားစောင့်သော သမဏ ဗြာဟ္မဏခေါ်တွင် သူတော်စင် တို့ကို ပြုစုလုပ်ကျွေး၏၊ ထိုဥပါသကာသည် ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့် သော ဥပါသကာမည်၏။ ဥပါသိကာ ဒါယိကာမ၌လည်း ဤနည်း အတူ တည်း။

ဤဓမ္မာနုဓမ္မပဋိပတ်ဖြင့် မြတ်စွာဘုရားကို ပူဇော်ခြင်းသည် နိရာမိသ ပူဇာလည်းမည်၏၊ ဤနိရာမိသ အမည်ရသည့် အမြတ်ဆုံးသော ပူဇော်ခြင်းသည်သာ သာသနာကို အခွန့်ရှည်စွာ တည်တံ့အောင် ဆောင်ထားနိုင်၏။ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ ယောကျ်ား, ဥပါသိကာမိန်းမဟူသော= ဤပရိသတ်လေးပါးတို့ မြတ် စွာဘုရားရှင်ကို ဤနိရာမိသပူဇာဖြင့် ပူဇော်၍နေကြသမျှ ကာလပတ် လုံး ဘုရားရှင်သာသနာတော်သည် ကောင်းကင်အလယ်၌ လပြည့် ဝန်းကဲ့သို့ ထွန်းလင်းတင့်တယ်လိမ့်မည် ကေန်ဖြစ်သတည်း)။

## ဥပဝါဏမထေရ်

ထိုအခါဝယ် အရှင်ဥပဝါဏမထေရ်သည် မြတ်စွာဘုရားကို သပ်ခပ်လျက် မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်တည်နေဆဲရှိ၏။ ထိုအခါ မြတ်စွာဘုရားသည် အရှင်ဥပဝါဏမထေရ်ကို "ရဟန်း.... ဖဲသွားလော့၊ ငါဘုရားရှေ့၌ ရပ်မနေလင့်"ဟု မိန့်တော်မူကာ ဖဲ သွားစေတော်မူ၏။ အရှင်ဥပဝါဏ မထေရ်သည်လည်း တခွန်း တည်းသောစကားတော်ဖြင့်ပင် ထန်းရွက်ယပ်ဝန်းကိုချ၍ အပြစ် လွတ်ရာအရပ်၌ ရပ်တည်နေလေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်၏ စိတ်သန္တာန်ဝယ် "ဤ အရှင်ဥပဝါဏသည် ကာလရှည်မြင့်စွာ(ပဌမဗောဓိ = ဝါတော် နှစ်ဆယ်အတွင်းက) မြတ်စွာဘုရားရှင် ထံတော်ပါး၌ နေ၍ အနီး၌

WWW.DHAMMARANSI.COM



အမြဲရှိသော အလုပ်အကျွေး ဖြစ်ခဲ့ဘူးပါလျက် မြတ်စွာဘုရားသည် ဤယခုနောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီးကာလ၌ 'ရဟန်း…. ဖဲသွားလော့၊ ငါဘုရားရှေ့၌ ရပ်မနေလင့်'ဟု မိန့်လျက်ဖဲစေတော်မူ၏။ ထိုသို့ ဖဲစေရာ၌ အကြောင်းအဘယ်သို့ရှိသနည်း"ဟု အကြံအစည်ဖြစ်ရှိကာ အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား…. ဤအရှင်ဥပဝါဏသည် ကာလရှည်မြင့်စွာ ရှင်တော်ဘုရား ထံတော်ပါး၌နေ၍ အနီး၌ အမြဲရှိသော အလုပ်အကျွေး ဖြစ်ခဲ့ဘူးပါလျက် ရှင်တော်ဘုရားသည် ဤယခုနောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီးကာလ၌ 'ရဟန်း…ဖဲသွားလော့၊ ငါဘုရားရှေ့၌ ရပ်မနေလင့်' ဟု မိန့်လျက် ဖဲစေတော်မူခဲ့ပါသည်၊ ထိုသို့ဖဲစေရာ၌ အကြောင်းအဘယ်သို့ ရှိပါသနည်း"—

ဟု မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် "အာနန္ဒာသည် ဥပဝါဏရဟန်းမှာ အပြစ်ရှိ၍ ဖဲစေသည်ဟု မှတ်ထင်နေ၏၊ ယခုအခါ ငါဘုရားသည် ဥပဝါဏ ရဟန်း၏ အပြစ်မရှိသောအဖြစ်ကို ပြောကြားပေအံ့"ဟု -ကြံစည်တော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သားအာနန္ဒာ …. စကြဝဠာပေါင်း တိုက် တသောင်းတို့၌ ရှိနေသော နတ်ဗြဟ္မာ အပေါင်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် (အသညသတ်ဗြဟ္မာနှင့် အရူပဗြဟ္မာတို့ကို ထား၍) များသောအားဖြင့် စည်းဝေးလာကြကုန်၏။ ချစ်သားအာနန္ဒာ…. ကုသိနာရုံပြည် ဤအင်ကြင်းဥယျာဉ်၏ ထက်ဝန်းကျင် တဆယ့်နှစ်ယူဇနာအတွင်း၌ တန်ခိုးကြီးသောနတ်တို့ဖြင့် မတွေ့မထိ မပြည့်သော အရပ်ဒေသမည်သည် သားမြီးဖျား တထောက်မျှပင် မရှိချေ။ (က)

ချစ်သားအာနန္ဒာ…. နတ်တို့သည် ဥပဝါဏရဟန်းကို ငါတို့ကား မြတ်စွာဘုရားကို ဖူးမြော်ရန် အဝေးမှ လာခဲ့ရ

WWW.DHAMMARANSI.COM



ကုန်၏၊ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်တို့သည် လောကဝယ် တရံတခါသာ ပွင့်တော်မူကြကုန်၏၊ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူခြင်းသည် ယနေ့ညဉ့် သန်းလွဲ = ပစ္ဆိမယာမ်၌ပင် ဖြစ်တော့မည်၊ တန်ခိုးကြီးသော ဤဥပဝါဏရဟန်းကလည်း မြတ်စွာဘုရား ရှေ့တော်၌ ကွယ်လျက်ရပ်တည်နေဘိ၏၊ ငါတို့သည် ဤယခုနောက်ဆုံးကာလ၌ မြတ်စွာဘုရားအား ဖူးမြော်ခွင့်ကို မရကြတော့ပါတကား' ဟု ကဲ့ရဲ့စကား ပြောကြားနေကြ၏။ (ထိုကြောင့် ငါဘုရားသည် ဥပဝါဏရဟန်းကို ဖယ်ရှားစေသည်) (ခ)"—

ဟု ရှင်းလင်းမိန့်ဆိုတော်မူ၏။

(ဤ၌ မှတ်ဖွယ်အထူး ပြဆိုဦးအံ့—(က) စကားရပ်ဝယ် မြတ်စွာဘုရားရှင်နှင့် အနီးကပ်ဆုံးသောအရပ်၌ သားမြီးဖျားတထောက်မျှသော အရပ်မှာပင် သိမ်မွေ့သော ခန္ဓာကိုယ်အတ္တဘောကို ဖန်ဆင်း၍ တကျိပ်စီ တကျိပ်စီသော နတ်ဗြဟ္မာတို့ ရပ်တည်နေကြလေသည်။ ထိုနတ်ဗြဟ္မာတို့၏ အပြင်ဖက်၌ နှစ်ကျိပ်စီ နှစ်ကျိပ်စီ, ထိုအပြင်ဖက်၌ သုံးဆယ်စီ သုံးဆယ်စီ, ထိုအပြင်ဖက်၌ လေးဆယ်စီ လေးဆယ်စီ, ထိုအပြင်ဖက်၌ ငါးဆယ်စီ ငါးဆယ်စီ, ထိုအပြင်ဖက်၌ ခြောက်ကျိပ်စီ ခြောက်ကျိပ်စီသော နတ်ဗြဟ္မာတို့ ရပ်တည်နေကြလေသည်။ ထိုနတ်ဗြဟ္မာတို့သည် အချင်းချင်းလက်ဖြင့်ဖြစ်စေ ခြေဖြင့်ဖြစ်စေ အဝတ်ဖြင့်ဖြစ်စေ မထိပါးကြကုန်၊ "ဖယ်လော့၊ ငါ့ကို မထိပါးလင့်"ဟု ပြောဆိုရမည့် အခြင်းအရာမည်သည် မရှိချေ။

(ခ) စကားရပ်ဝယ် အရှင်ဥပဝါဏမထေရ်သည် ပင်ကိုယ်ကပင် ဆင်ပေါက်ငယ်ပမာ ကိုယ်ခန္ဓာကြီးသူ ဖြစ်သည့်ပြင် ပံသုကူသင်္ကန်းကို ရုံ၍ထားပြန်ရကား အလွန်ကြီး ကြီးသကဲ့သို့ ဖြစ်တော်မူကာ မြတ်စွာဘုရားရှင်၏ရှေ့တော်၌ ဖုံးလွှမ်းပိတ်ကွယ်ထားသကဲ့သို့ ဖြစ်နေလေသည်။ သို့ရကား နတ်ဗြဟ္မာများသည် မြတ်စွာဘုရားရှင့် ရှေ့မျက်နှာတော်ကို ဖူးမြော်ခွင့် မရကြသည့်အတွက် ထိုကဲ့သို့ ကဲ့ရဲ့ကြလေသည်။

ဤ၌ "နတ်ဗြဟ္မာတို့သည် ဥပဝါဏမထေရ်၏ကိုယ်ကို ဖောက်ထွင်း၍ မြတ်စွာဘုရားမျက်နှာတော်ကို ဖူးမြင်ခြင်းငှါ မတတ်နိုင်ဘူးလော"ဟု မေးဖွယ်ရှိ၏။ **အဖြေကား**—အိမ်း....မတတ်နိုင်ကြပေ။ မှန်၏—နတ်

WWW.DHAMMARANSI.COM



ဗြဟ္မာတို့သည် ပုထုဇန်ပုဂ္ဂိုလ်တို့ကိုသာ ဖောက်ထွင်း၍ မြင်နိုင်ကုန်၏၊ ရဟန္တာပုဂ္ဂိုလ်တို့ကို ဖောက်ထွင်း၍ မမြင်နိုင်ကြကုန်။ အထူးအားဖြင့် ဥပဝါဏမထေရ်မှာ တန်ခိုးအရှိန်အဝါ ကြီးမြတ်လှသူဖြစ်သောကြောင့် ထိုမထေရ်၏အနီးသို့ ကပ်ရောက်ခြင်းငှါပင် မစွမ်းနိုင်ကြကုန်။

ဤ၌ "အခြားတပါးသော ရဟန္တာတို့သည် ဥပဝါဏမထေရ်လောက် တန်ခိုးအရှိန်အဝါ မကြီးကြပဲ အဘယ့်ကြောင့် ဥပဝါဏမထေရ်သာ ထိုကဲ့သို့ တန်ခိုးအရှိန်အဝါ ကြီးမြတ်တော်မူရသနည်း"ဟု မေးဖွယ်ရှိပြန်၏။ အဖြေကား—ကဿပမြတ်စွာဘုရားရှင့် စေတီတော်၌ အစောင့်အရှောက်နတ် ဖြစ်ခဲ့ဘူးသောကြောင့် ထိုကဲ့သို့ တန်ခိုးအရှိန်အဝါ ကြီးမြတ်တော်မူသည်။

**စေတီတော်စောင့်နတ်**

ချဲ့ဦးအံ့—လွန်ခဲ့သော ကိုးဆယ့်တကမ္ဘာထက်က ဝိပဿီမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူလတ်သော် တခဲနက်သော ရွှေတုံးကြီးနှင့်တူသည့် သာရီရိက(တဆူတည်းသော)ဓာတ်တော်အတွက် စေတီတည်ထားကြလေသည်။ (အထူးကား သက်တော်ရှည်မြတ်စွာဘုရားတို့ ပရိနိဗ္ဗာန် စံတော်မူကြလျှင် သာရီရိကဓာတ်တော်သည် တဆူတည်းသာ ကြွင်းကျန်၍ စေတီတော်တဆူသာလျှင် လူတို့တည်ထားကိုးကွယ်ကြမြဲ ဓမ္မတာဖြစ်သည်)။ လူများသည် ဝိပဿီမြတ်စွာဘုရား၏ တဆူတည်းသော သာရီရိကဓာတ်တော် ကိန်းစံရာ စေတီတော်ကို အလျားတတောင် အနံတထွာ အထုနှစ်လက်မရှိသော ရွှေသားစတီအုတ်တို့ဖြင့် အကြေတေမြေညက်အစား ဆေးဒန်း မြင်းသီလာမှုန့်တို့ကို အသုံးပြု၍ ၎င်း ရေအစား နှမ်းဆီကို အသုံးပြု၍၎င်း တယူဇနာအမြင့်ရှိအောင် တည်ထားကြလေကုန်၏။

ထို့နောက် ဘုမ္မစိုးနတ်တို့က တယူဇနာမြင့်အောင် ထပ်ဆင့်တည်ကြပြန်လေသည်၊ ထို့နောက် အာကာသစိုးနတ်တို့က တယူဇနာမြင့်အောင် ထပ်ဆင့်တည်ကြပြန်လေသည်။ ထို့နောက် ဥဏှဝလာဟကနတ်တို့က တယူဇနာမြင့်အောင်၊ အဗ္ဘဝလာဟကနတ်တို့က တယူဇနာမြင့်အောင်၊ စတုမဟာရာဇ်နတ်တို့က တယူဇနာမြင့်အောင်၊ ထို့နောက် တာဝတိံသာနတ်တို့က တယူဇနာမြင့်အောင် ထပ်ဆင့်တည်ကြပြန်လေသည်။ ဤသို့လျှင် ဝိပဿီမြတ်စွာဘုရားရှင်၏ တဆူတည်းသော သာရီရိကဓာတ်တော်ကိန်းစံရာ စေတီတော်သည် ခုနစ်ယူဇနာအမြင့် ရှိလေသည်။

WWW.DHAMMARANSI.COM



လူအများတို့ ပန်း, နံ့သာ, အဝတ်သင်္ကန်း စသည်တို့ကို ယူဆောင်၍ စေတီတော်ကို ပူဇော်ရန် လာရောက်ကြလျှင် စေတီတော်စောင့်နတ်မင်းသည် ထိုပူဇော်ဖွယ်ဝတ္ထုတို့ကို ယူဆောင်၍ ထိုလူများမြင်ကြစဉ်ပင် စေတီတော်ကို ပူဇော်ပေးလေသည်။

ထိုအခါက ဤယခု အရှင်ဥပဝါဏမထေရ်အလောင်းသည် ပုဏ္ဏားသူဋ္ဌေးတဦးဖြစ်၍ ရွှေရောင်အဆင်း ဝါဝင်းသော အဝတ်သင်္ကန်းတထည်ကို ယူဆောင်၍ စေတီတော်ကို ပူဇော်ရန် လာရောက်လေ၏။ စေတီတော်စောင့်နတ်သည် ထိုသူ၏လက်မှ အဝတ်သင်္ကန်းကို ယူ၍ စေတီတော်ကို ပူဇော်ပေးလေသည်။ ပုဏ္ဏားသူဋ္ဌေးသည် ထိုနတ်ကို မြင်၍ ကြည်ညိုသောစိတ်ရှိရကား "ငါသည်လည်း နောက်အခါ၌ ဤသို့သဘောရှိသော မြတ်စွာဘုရား၏ စေတီတော်၌ အစောင့်နတ်မင်း ဖြစ်ရပါလို၏"ဟု ဆုတောင်းမှု ပြုခဲ့၍ ထိုဘဝမှ စုတေလတ်သော် နတ်ပြည်၌ ဖြစ်လေ၏။

ထိုသူ နတ်ပြည်,လူ့ပြည်၌ ကျင်လည်စဉ်ပင် ကဿပမြတ်စွာဘုရား လောက၌ ပွင့်ထွန်းတော်မူ၍ ပရိနိဗ္ဗာန် စံတော်မူခဲ့လေသည်။ ထိုကဿပမြတ်စွာဘုရားရှင်၏ သာရီရိကဓာတ်တော်သည်လည်း (သက်တော်ရှည်ဘုရားဖြစ်၍)တဆူသာ ကြွင်းကျန်ရစ်လေသည်။ ထိုတဆူတည်းသော သာရီရိကဓာတ်တော်ကို ယူဆောင်ကြ၍ မင်းနှင့်တကွလူအပေါင်းတို့သည် တယူဇနာအဝန်းအဝိုင်းအမြင့်ရှိသော စေတီတော်ကို တည်ထားကြလေသည်။ ဥပဝါဏမထေရ်၏အလောင်းဖြစ်သော ထိုသူသည် ထိုကဿပမြတ်စွာဘုရားရှင်၏ စေတီတော်၌ အစောင့်နတ်မင်းဖြစ်၍ သာသနာတော်ကွယ်ပလတ်သော် နတ်ပြည်၌ တဖန်ဖြစ်ပြီးလျှင် အကျွန်ုပ်တို့ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာသောအခါ နတ်ပြည်မှ စုတေခဲ့၍ မြတ်သောအမျိုး၌ ပဋိသန္ဓေ ယူနေလျက်တောထွက်ကာ ရဟန်းပြုပြီးလျှင် အရဟတ္တဖိုလ်သို့ ရောက်ဆိုက်တော်မူခဲ့လေသည်။

ဤသို့လျှင် ကဿပမြတ်စွာ စေတီတော်၌ အစောင့်နတ်မင်းဖြစ်၍ လာခဲ့သောကြောင့် အရှင်ဥပဝါဏမထေရ်သည် တန်ခိုးအရှိန်အဝါကြီးမြတ်တော်မူသည်။ ဤကား အဖြေတည်း)။

ဤသို့ မြတ်စွာဘုရားရှင်က "အရှင်ဥပဝါဏကို အပြစ်ရှိ၍ ဖယ်ရှားစေသည် မဟုတ်၊ နတ်တို့က ကွဲရွဲသောကြောင့် ဖယ်ရှား

WWW.DHAMMARANSI.COM



စေရကြောင်း”ကို မိန့်တော်မူလေလျှင် အရှင်အာနန္ဒာသည် တဖန်ဆက်၍ မြတ်စွာဘုရားကို—

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား........ရှင်တော်ဘုရားသည် နတ်ဗြဟ္မာများကို အဘယ်ကဲ့သို့ ဖြစ်ရှိနေကြသည်ကို နှလုံးသွင်းဆင်ခြင်တော်မူမိပါသနည်းဘုရား”—

ဟု လျှောက်ထားမေးမြန်းလေ၏။ (နတ်ဗြဟ္မာတို့သည် ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူမည်ကို သည်းခံနိုင်စွမ်းရှိကြပါ၏လော ဟု မေးလိုရင်းဖြစ်သည်။) ထိုအခါ မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာတို့ သည်းမခံနိုင်ကြသည့်အဖြစ်ကို ပြတော်မူလို၍ အရှင်အာနန္ဒာမထေရ်မြတ်ကို—

“ချစ်သားအာနန္ဒာ....ကောင်းကင်၌ မြေပြင်ဟု အမှတ်ရှိလျက် တည်နေသောနတ်တို့သည် “ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူလိမ့်မည်တကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်တကား၊ ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလိမ့်မည် တကား”ဟု ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှုလူးလှိမ့်ကုန်၏၊ ထိုထို ဤဤ လူးလှိမ့်ကုန်၏။

ချစ်သားအာနန္ဒာ....မြေပြင်၌ မြေပြင်ဟုအမှတ်ရှိလျက် တည်နေသော နတ်တို့သည် ‘ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်တကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်တကား၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ

WWW.DHAMMARANSI.COM



ကွယ်ပျောက်တော်မူလိမ့်မည် တကား’ ဟု ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့လဲကျကုန်၏၊ ရှေး၌ လူးလှိမ့်ကုန်၏၊ ထိုထို ဤဤ လူးလှိမ့်ကုန်၏။

ကာမရာဂကင်းပြီးသော နတ်တို့သည်ကား ‘ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသောသဘော ရှိကုန်၏။ ဤပြုပြင်ရသော သင်္ခါရတရားထည်း၌ ထိုမြဲမှုသဘောကို အဘယ်မှာ ရနိုင်ပါအံ့နည်း = မရနိုင်သည်သာတည်း’ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏”—

ဟု မိန့်တော်မူ၏။

(ဤစကားရပ်တွင် “ကောင်းကင်၌ မြေပြင်ဟု အမှတ်ရှိလျက် တည်နေသော နတ်တို့”—ဟူသည်မှာ ပကတိကောင်းကင်ကို မြေပြင်ဖြစ်အောင် ဖန်ဆင်း၍ ထိုဖန်ဆင်းအပ်သော မြေပြင်၌ မြေပြင်ဟုအမှတ်ပြုလျက် တည်နေကြသောနတ်တို့ဟု ဆိုလိုသည်။ “မြေပြင်၌ မြေပြင်ဟု အမှတ်ရှိလျက် တည်နေသောနတ်တို့” ဟူသည်မှာလည်း ပကတိရှိရင်းစွဲဖြစ်သော ဤမဟာပထဝီမြေကြီး၌ မိမိတို့၏ကိုယ်ကို ဆောင်စွမ်းနိုင်လောက်အောင် တန်ခိုးအာနုဘော်ဖြင့် မြေအသစ်ဖန်ဆင်း၍ ထိုဖန်ဆင်းအပ်သော မြေပြင်၌ မြေပြင်ဟု အမှတ်ပြုလျက် တည်နေကြသော နတ်တို့ဟု ဆိုလိုသည်။

ပကတိမြေကြီးကား ကြမ်းတမ်း၍ နတ်တို့၏ ပကတိကိုယ်ကား သိမ်မွေ့နူးညံ့လှသောကြောင့် ပကတိမြေကြီးသည် နတ်တို့၏ကိုယ်ကို ဆောင်ထားခြင်းငှါ မတတ်နိုင်၊ ထို ပကတိမြေပေါ်၌ နတ်တို့၏ ပကတိကိုယ် ရပ်တည်လိုက်လျှင် မြေကြီးပေါ်၌ ထောပတ်စိုင် ထောပတ်ခဲကို ချထားသကဲ့သို့ စိမ့်၍စိမ့်၍ ဝင်သွား၏။ ထို့ကြောင့် တချိန်က မြတ်စွာဘုရားရှင်ထံသို့ ဟတ္ထက-မည်သော ဗြဟ္မာတဦး လာရောက်ရပ်တည်ရာ ရပ်တည်၍ မဖြစ်နိုင် မြေထဲသို့ စိမ့်၍စိမ့်၍ ဝင်သွားသောကြောင့် မြတ်စွာဘုရားရှင်က “ဟတ္ထက....သင်၏ ခန္ဓာကိုယ် အတ္တဘောကို ရုန့်ရင်းကြမ်းတမ်းသော အတ္တဘောဖြစ်အောင် ဖန်ဆင်းလော့” ဟု နည်းပေးစကား မိန့်ကြားတော်မူလေသည်။ ထို့ကြောင့် ဤယခုအခါ၌လည်း နတ်တို့သည် ပကတိမြေကြီးအပေါ်၌ ရပ်တည်ရန် မစွမ်းနိုင်ကြ၍ မိမိတို့၏ အတ္တဘောကို ဆောင်နိုင်လောက်အောင်

WWW.DHAMMARANSI.COM



ပကတိမြေကို နူးညံ့လှစွာ ဖန်ဆင်းပြီးမှ ထိုမြေပေါ်၌ လူးလိမ့်ငိုကြွေးမှု ပြုကြလေသည်)။

**သံဝေဂရစေမည့် ဌာနလေးပါး**

ထို့နောက် ဆက်၍ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား...အရပ်မျက်နှာတို့၌ ဝါကပ်၍ ဝါကျွတ်ပြီးသော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြရန် ရှေးအခါက ကြွလာကြပါကုန်၏၊ ထိုသို့ ကြွလာသော ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါက တပည့်တော်များ ဖူးမြော်ခွင့်, ဆည်းကပ်ခွင့်ကို ရခဲ့ပါကုန်၏။ မြတ်စွာဘုရား...ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူသွားပြီး နောက်အခါ၌ကား ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ရှေးအခါကလို တပည့်တော်များ ဖူးမြော်ခွင့်,ဆည်းကပ်ခွင့်ကို ရကြတော့မည် မဟုတ်ပါဘုရား" ဟု လျှောက်ထားလေ၏။

ဘုရားရှင်လက်ထက်တော်က ရဟန်းတို့သည် ၁-ဝါဆိုရက်နီးကပ်သောအခါ ကမ္မဋ္ဌာန်းသင်ယူရန်အတွက် ဘုရားရှင်ရှိရာသို့ လာရောက်၍ စည်းဝေးကြသည် တကြိမ်, ၂-ဝါကျွတ်သောအခါ မိမိတို့သင်ယူအပ်သော ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ရရှိသော မဂ်ဖိုလ်တရားထူးကို လျှောက်ထားရန် ဘုရားရှင်ရှိရာသို့ လာရောက်၍ စည်းဝေးကြသည် တကြိမ် = ဤသို့ အခါနှစ်ပါးတို့၌ ရဟန်းတို့ စည်းဝေးကြလေသည်။ ဘုရားရှင်လက်ထက်မှာကဲ့သို့ပင် သီဟိုဠ်ကျွန်း၌လည်း ၁-ဝါဆိုရက်နီးကပ်သောအခါ ဤမှာဖက်ကမ်းနေ ရဟန်းတို့သည် လောဟပါသာဒပြာသာဒ်၌ စည်းဝေးကြ၍ ထိုမှာဖက်ကမ်း (= မဟာဂါမဖက်ကမ်း)နေ ရဟန်းတို့သည် **ကာကဝဏ္ဏတိဿ** မင်းကြီး ဆောက်လုပ်သော တိဿကျောင်းတိုက်ကြီး၌ စည်းဝေးကြကုန်၏။ ထိုရဟန်းတို့တွင် ဤမှာဖက်ကမ်းနေ ရဟန်းတို့သည် အမှိုက်စွန့်ရန်တောင်း, တံမြက်စည်းများကို ယူဆောင်ကြကာ မဟာဝိဟာရကျောင်းတိုက်၌ လာရောက်စုဝေးကြ၍ မဟာစေတီ၌ အင်္ကတေမှု လိုအပ်သလို အင်္ကတေ တေးဖာမှု, ထုံးသင်္ကန်း စသည်ကပ်မှု)များ ပြုလုပ်ကြပြီးလျှင်

WWW.DHAMMARANSI.COM



"ဝါကျွတ်သောအခါ လာရောက်ကြ၍ လောဟပါသာဒပြာသာဒ်၌ စည်းဝေးကြကုန်လော့" ဟု တိုင်ပင်ညီညွတ်ကြကာ မိမိ မိမိတို့ နေရာ၌ တံမြက်လှည်းမှု အမှိုက်စွန့်မှု-စသောဝတ်ကို ပြုကြပြီးလျှင် မိမိတို့ ချမ်းသာရာအရပ်၌ ဝါကပ်သီတင်းသုံးတော်မူကြလေသည်။

၂-ဝါကျွတ်သောအခါ တဖန်လာရောက်ကြ၍ လောဟပါသာဒပြာသာဒ်အတွင်း ပဉ္စနိကာယတန်ဆောင်းဝန်း "နိကာယ်ငါးခဏ်း တန်ဆောင်းဝန်း"၌ စည်းဝေးကြကာ ပါဠိသင်သော ရဟန်းတို့က ပါဠိတော်ကို သရဇ္ဈာယ်ကြ၍ အဋ္ဌကထာသင်သော ရဟန်းတို့က အဋ္ဌကထာကို သရဇ္ဈာယ်ကြလေသည်။ ပါဠိကို ဖြစ်စေ, အဋ္ဌကထာကိုဖြစ်စေ မှားယွင်း၍ သရဇ္ဈာယ်သော ရဟန်းကို "ငါ့ရှင်သည် အဘယ်ဆရာ၏ အထံ၌ သင်ယူအပ်သနည်း"ဟု မေးမြန်းစိစစ်၍ ဖြောင့်မှန်အောင်ပြုလုပ်ကာ ရွတ်အံသင်ကြားစေကြလေ၏။ ထိုမှာဇက်ကမ်း( = မဟာဂါမဇက်ကမ်း) နေ ရဟန်းတို့သည်လည်း တိဿကျောင်းတိုက်ကြီး၌ ဤအတူပင် ပြုလုပ်ကြကုန်၏။

ဤသို့လျှင် မြတ်စွာဘုရား လက်ထက်တော်က နှစ်ပါးသော အခါတို့ဝယ် စည်းဝေးကြသော ရဟန်းတို့အနက် ဝါဆိုဦးအခါ ကမ္မဋ္ဌာန်းကို သင်ယူ၍သွားပြီးလျှင် ဝါကျွတ်သောအခါ မိမိရရှိသော မဂ်ဖိုလ်တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားရန် လာရောက်ကြသည့် ရဟန်းတို့ကိုရည်၍ အရှင်အာနန္ဒာမထေရ်သည် ရှေးဆိုအပ်ပြီးသောအတိုင်း မြတ်စွာဘုရားကို လျှောက်ထားလေသည်။

အရှင်အာနန္ဒာမထေရ်သည်ကား ဝတ်အကျင့်နှင့် ပြည့်စုံသူ ဖြစ်သောကြောင့် သီတင်းကြီးရဟန်း ကြွလာသည်ကို မြင်လျှင် မည်သည့်အခါမျှ မာန်မာနခက်ထန်၍ ထိုင်မနေ၊ ခရီးဦးကြိုဆို၍ သီတင်းကြီး အာဂန္တုရဟန်း၏ လက်မှ ထီး, သပိတ်, သင်္ကန်းများကို ဆီးကြိုယူပြီးလျှင် ထိုင်စရာအင်းပျဉ်ကို ခင်း၍ နေရာပေးလေသည်၊ ထိုနေရာ၌ သီတင်းကြီးရဟန်း ထိုင်နေပြီးလတ်သော် ရှိခိုးဝတ်ပြုပြီးမှ ထို အာဂန္တုသီတင်းကြီး ရဟန်းအတွက် ရသင့်

WWW.DHAMMARANSI.COM



သောကျောင်းကို သုတ်သင်ရှင်းလင်း၍ ပေးလေသည်။ သီတင်းငယ် အာဂန္တုရဟန်းကို မြင်လျှင်လည်း ဆိတ်ဆိတ်နေတော်မမူပဲ ထို အာဂန္တုရဟန်းအနီး၌ ရပ်တည်၍ ပြုသင့်သမျှသော ဝတ်များကို ပြုတော်မူလေသည်။ ထို့ကြောင့် အရှင်အာနန္ဒာမထေရ်သည် ထိုမိမိပြုနေကျဖြစ်သည့် ဝတ်ကြီး ဝတ်ငယ်များ မယုတ်လျော့မှုကို တောင့်တလင့်ဆို အလိုရှိတော်မူသည်ဖြစ်၍ မြတ်စွာဘုရားရှင်အား ထိုကဲ့သို့ လျှောက်ကြားလေသည်။

လိုအခါ မြတ်စွာဘုရားရှင်သည် "အာနန္ဒာကား 'ကြည်ညို မြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ငါဖူးမြော်ခွင့် ရတော့မည် မဟုတ်'ဟု ကြံစည်ပူပန်နေ၏၊ ယခုအခါ အာနန္ဒာအား ငါဘုရားသည် ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို ဖူးမြော်ခွင့် အလွယ်နှင့် ရနိုင်မည့်ဌာနကို ကြားပေအံ့၊ ယင်းအရပ်၌ နေလတ်သော် ထိုထို၌၌ မလှည့်လည်ရပဲ ကြည်ညိုမြတ်နိုးဖွယ်ဖြစ်သည့် ရဟန်းတို့ကို အလွယ်နှင့် ဖူးမြော်ခွင့် ရပေလိမ့်မည်" ဟု ကြံစည် ဆင်ခြင်တော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်ကို—

"ချစ်သားအာနန္ဒာ .... သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတို့သည် လေးပါး ရှိကုန်၏။ လေးပါးတို့ဟူသည်မှာ—

(၁) ချစ်သားအာနန္ဒာ .... လုမ္ဗိနီအင်ကြင်းတောဌာနသည် "ဤဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏" ဟု ကြံစည် အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတပါးဖြစ်သည်။

(၂) ချစ်သားအာနန္ဒာ .... မဟာဗောဓိ မဏ္ဍိုင်ဌာနသည် "ဤဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးသော သမ္မာသမ္ဗောဓိဉာဏ်တော်ကို ရတော်မူ၏" ဟု ကြံစည် အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုး

WWW.DHAMMARANSI.COM



ကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတပါးဖြစ်သည်။

(၃) ချစ်သားအာနန္ဒာ...မိဂဒါဝုန် တောအရပ်သည် "ဤဌာနၚ် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်မွေစက်ကို ဟောမြွက်လည်စေတော်မူ၏" ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား အဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတပါးဖြစ်သည်။

(၄) ချစ်သားအာနန္ဒာ....ကုသိနာရုံပြည် အရပ်သည် "ဤဌာနၚ် မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော = အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူ၏" ဟု ကြံစည်အောက်မေ့ကာ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတပါးဖြစ်သည်။

ချစ်သားအာနန္ဒာ....သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသား အဖို့ရာ ဖူးမြော်ထိုက်၍ ယင်းသို့ ဖူးမြော်သသူအား သံဝေဂရစေမည့် ဌာနတို့သည် ဤလေးပါးတို့ပေတည်း။

ချစ်သားအာနန္ဒာ .... သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမများသည် "၁-ဤလုမ္ဗိနီဌာနၚ် မြတ်စွာဘုရား ဖွားမြင်တော်မူ၏" ဟူ၍၎င်း "၂-ဤ မဟာဗောဓိဌာနၚ် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏" ဟူ၍၎င်း "၃-ဤ မိဂဒါဝုန်ဌာနၚ် မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်မွေစက်ကို ဟောမြွက်လည်စေတော်မူ၏" ဟူ၍၎င်း "၄-ဤ ကုသိနာရုံဌာနၚ် မြတ်စွာဘုရားသည် ခန္ဓာကြွင်း

WWW.DHAMMARANSI.COM



မရှိသော ငြိမ်းခြင်းသဘော = အနုပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံတော်မူ၏"ဟူ၍၄င်း ကြီးစည်အောက်မေ့ကြလျက် လာရောက်ကြလိမ့်မည်။ ချစ်သားအာနန္ဒာ....စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်ကြသော သူတို့သည် ကြည်ညိုသော စိတ်ရှိလျက် သေကြကုန်လျှင် ထိုသူအားလုံးတို့သည် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည့်မှ နောက်ကာလ၌ ကောင်းသောလားရာ နတ်ရွာသုဂတိသို့ ရောက်ရှိကြလိမ့်မည်"—

ဟု မိန့်တော်မူလေ၏။

### အရှင်အာနန္ဒာ၏ အသေးစိတ် မေးလျှောက်ခွင်း

ထိုနောက် အရှင်အာနန္ဒာမထေရ်က အသေးစိတ်မေးလျှောက်၍ မြတ်စွာဘုရားရှင်က အသေးစိတ် ဖြေကြားတော်မူပုံမှာ—

(ရှင်အာနန္ဒာ) မြတ်စွာဘုရား····အကျွန်ုပ်တို့သည် မာတုဂါမနှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရပါမည်နည်း။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ....မတွေ့မမြင်ရအောင်ကျင့်သုံးရမည်(= မကြည့်နှင့်ဟု ဆိုလိုသည်)။

(မာတုဂါမကို မကြည့်ခြင်းသည် အကောင်းဆုံးသော ကျင့်ထုံးဖြစ်သည်ဟု ဆိုလို၏။ မှန်၏—တံခါးပိတ်၍ ကျောင်းအိပ်ရာနေရာ၌ နေသော ရဟန်းသည် တံခါးဝ၌ လာရောက်ရပ်တည်သော မာတုဂါမကို မမြင်ရသေးသမျှ ကောန်ပင် လောဘမဖြစ်, စိတ်မတုန်လှုပ်ချေ၊ မြင်မှသာလျှင် တပ်မက်ခြင်း စိတ်တုန်လှုပ်ခြင်း ဖြစ်နိုင်သည်၊ ထို့ကြောင့် "မကြည့်နှင့် အာနန္ဒာ...."ဟု အကောင်းဆုံး ကျင့်ထုံးကို ဟောကြားဖြေဆိုတော်မူလေသည်)။

(ရှင်အာနန္ဒာ) မြတ်စွာဘုရား····တွေ့မြင်ခဲ့သော် အဘယ်သို့ကျင့်သုံးရပါမည်နည်း။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ....စကားမပြောပဲ နေရမည် (= စကားမပြောနှင့် အာနန္ဒာ....ဟု ဖြေတော်မူလိုရင်း ဖြစ်သည်)။

WWW.DHAMMARANSI.COM



(ဆွမ်းကို ယူ၍ လာရောက်ရပ်တည်သောအခါ-စသည်တို့၌ မာတု-ဂါမကို မမြင်၍ မဖြစ်၊ မြင်ရပါလိမ့်မည်၊ ထိုသို့ မြင်သောအခါ အဘယ်သို့ ကျင့်သုံးရမည်နည်းဟု ရှင်အာနန္ဒာက မေးလျှောက်သည်။ ။ ထိုအခါ မြတ်စွာဘုရားရှင်က သန်လျက်ကို စွဲကိုင်၍ "ငါနှင့်စကားပြောလျှင် ဤနေရာမှာပင် သင့်ဦးခေါင်းကို တောင်းလောင်းပြတ်ကြွေအောင် ဖြတ်ခြေရလိမ့်မည်"ဟု ပြောဆိုရပ်တည်လာသော ရန်သူယောကျ်ားနှင့်သော်၎င်း, "ငါနှင့်စကားပြောလျှင် ဤနေရာ၌ပင် သင့်အသားကို ကျွတ်ကျွတ်ဝါး၍ ငါစားရလိမ့်မည်"ဟု ပြောဆို ရပ်တည်လာသော ဘီလူးမနှင့်သော်၎င်း စကားပြောဆိုရခြင်းက တော်သေး=မြတ်သေး၏၊ မှန်၏-ထိုသို့ ပြောဆိုခြင်းကြောင့် တဘဝမှာသာ ပျက်စီးခြင်းဖြစ်နိုင်သည်၊ အပါယ်လေးဘုံ၌ မပိုင်းခြားနိုင်သော ဒုက္ခကို ခံစားရမှုကား မဖြစ်နိုင်ချေ။ မာတုဂါမနှင့် အာလာပ=အစဦးစွာပြောဆိုခြင်း, သလ္လာ-ပ=ထပ်ခါထပ်ခါ (စကားလက်ဆုံကျ၍) ပြောဆိုခြင်းမျိုး ဖြစ်ရှိလတ်လျှင် အကျွမ်းဝင်မှု ရင်းနှီးမှု=ဝိဿာသဖြစ်၏၊ ဝိဿာသဖြစ်လျှင် ရာဂသို့သက်ဆင်းမှုဖြစ်၏၊ ထိုသို့ဖြစ်လျှင် သီလပျက်စီးခြင်းသို့ ရောက်၍ အပါယ်သို့ကျကာ ဆင်းရဲဒုက္ခကြီးစွာ ခံစားရ၏၊ ထို့ကြောင့်"စကားမပြောနှင့် အာနန္ဒာ...."ဟု ဟောကြားဖြေဆိုတော်မူလေသည်)။

**(ရှင်အာနန္ဒာ)** မြတ်စွာဘုရား.... (မလွှဲသာ၍) စကားပြောရသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း။

**(မြတ်စွာဘုရား)** ချစ်သားအာနန္ဒာ....အမိရင်း = စသည်ကဲ့သို့ အမှတ်သတိထား၍ ပြောဆိုရမည်။

(အကယ်၍ မာတုဂါမက "ယနေ့ အဘယ်နေ့ပါနည်း"သည်ဖြင့် နေ့ကို မေးလျှင်၎င်း, သီလကို တောင်းလျှင်၎င်း, တရားဟောဖို့ရန် တောင်းပန်စကား လျှောက်ကြားလျှင်၎င်း, ပြဿနာမေးလျှောက်လျှင်၎င်း ထိုသို့သော အခါမျိုး၌ ဖြေကြားရမည်မှာ ရဟန်းတို့ပြုရမည့် ကိစ္စပင်ဖြစ်သည်၊ ဤသို့သော အခါမျိုး၌ မဖြေမကြား စကားမဆိုလျှင် "ဤရဟန်းကား အအ-ကြီးပါ၊ ဤရဟန်းကား နားထိုင်းသူကြီးပါ၊ စားပြီးလျှင် ခံတွင်းပိတ်၍ ဆိတ်ဆိတ်နေဘိ၏"ဟု ကဲ့ရဲ့စကား အပြောကြားခံရတတ်သည်၊ ထို့ကြောင့် ထိုကဲ့သို့သော အခါမျိုး၌ ဧကန်ပင် ပြောဆိုရပါလိမ့်မည်၊ ဤသို့ "မလွှဲသာ၍ စကားပြောရသော် အဘယ်သို့ ကျင့်သုံးရပါမည်နည်း"ဟု ရှင်အာနန္ဒာက မေးလျှောက်လေသည်။ ထိုအခါ မြတ်စွာဘုရားရှင်က "ဧဝ တုမှေ ဘိက္ခဝေ မာတုမတ္တီသု

WWW.DHAMMARANSI.COM



> မာတုစိတ္တံ ဥပဋ္ဌပေထ၊ ဘဂိနိမတ္တီသု ဘဂိနိစိတ္တံ ဥပဋ္ဌပေထ၊ ဓီတုမတ္တီသု ဓီတုစိတ္တံ ဥပဋ္ဌပေထ=ချစ်သားရဟန်းတို့.... လာကြကုန်လော့၊ သင်ချစ်သားတို့သည် အမိမျှအတိုင်းအရှည်ရှိသော (အမိအရွယ်ရှိသော) မာတုဂါမတို့၌ အမိရင်းပမာ မေတ္တာစိတ်ကို ထားရှိကြကုန်လော့၊ အစ်မ,နှမမျှအတိုင်းအရှည်ရှိသော (အစ်မအရွယ်, နှမအရွယ်ရှိသော) မာတုဂါမတို့၌ အစ်မရင်း,နှမရင်းပမာ မေတ္တာစိတ်ကို ထားရှိကြကုန်လော့၊ သမီးမျှအတိုင်းအရှည်ရှိသော(သမီးအရွယ်ရှိသော) မာတုဂါမတို့၌ သမီးရင်းပမာ မေတ္တာစိတ်ကို ထားရှိကြကုန်လော့”ဟူ၍ (သံ ၂၊ ၃၂၉=သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ သဠာယတနသံယုတ်၊ ၁၃၊ ၁-ဂဟပတိဝဂ်၊ ၄-ဘာရဒွါဇသုတ်၌)လာသော အဆုံးအမ ဩဝါဒကို ရည်ညွှန်းတော်မူ၍ “ချစ်သားအာနန္ဒာ....အမိရင်းစသည်ကဲ့သို့ အမှတ်သတိထား၍ ပြောဆိုရမည်”ဟု ဟောကြားဖြေဆိုတော်မူလေသည်)။

(ရှင်အာနန္ဒာ) မြတ်စွာဘုရား....ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူသွားသောအခါ တပည့်တော်များသည် ရှင်တော်ဘုရား၏ ဥတုဇရုပ်ကလာပ်တော်နှင့် စပ်လျဉ်း၍ အဘယ်သို့ ဆောင်ရွက်ရပါမည်နည်း။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ.... မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ပူဇော်မှု၌ သင်ချစ်သားတို့ ကြောင့်ကြမစိုက်ကုန်လင့်၊ ချစ်သားအာနန္ဒာ....ငါဘုရား လေးနက်စွာတိုက်တွန်း၏–သင်ချစ်သားတို့သည် မြတ်သောအကျင့်၌သာ အားစိုက်ကြကုန်လော့၊ မြတ်သောအကျင့်၌ မမေ့မလျော့ ပြင်းစွာအားထုတ်ကြလျက် နိဗ္ဗာန်သို့ စိတ်ကို စေလွှတ်၍နေကြကုန်လော့။ ချစ်သားအာနန္ဒာ....မြတ်စွာဘုရား၌ အလွန်ကြည်ညိုကုန်သော မင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူဌေးသူကြွယ်ပညာရှိတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်အား ပူဇော်မှုကို ပြုကြလိမ့်မည်။

(ရှင်အာနန္ဒာ) မြတ်စွာဘုရား....ထိုမင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူဌေးသူကြွယ်ပညာရှိတို့သည် ရှင်တော်ဘုရား၏ ဥတုဇရုပ်ကလာပ်တော်၌ အဘယ်သို့ ဆောင်ရွက်အပ်ပါသနည်း (=ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ ထိုမင်း, ပုဏ္ဏား,

WWW.DHAMMARANSI.COM



သူဌေးသူကြွယ် ပညာရှိတို့သည် ကေန်ပင် အကျွန်ုပ်ကို 'အရှင် အာနန္ဒာဘုရား....တပည့်တော်များသည် မြတ်စွာဘုရား၏ ဥတ္တ-ဇရုပ်ကလာပ်တော်၌ အဘယ်သို့ ဆောင်ရွက်ကြရပါမည်နည်း'ဟု မေးကြပါလိမ့်မည်၊ ထိုသူတို့အား တပည့်တော်သည် အဘယ်သို့ စကားတုံ့ = အဖြေပေးရပါမည်နည်း-ဟု မေးလိုရင်းဖြစ်သည်)။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ....စကြဝတေးမင်း၏ ဥတုဇ ရုပ်ကလာပ်၌ ဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏ ဥတုဇ ရုပ်ကလာပ်တော်၌ ဆောင်ရွက်အပ်ပေ၏။

(ရှင်အာနန္ဒာ) မြတ်စွာဘုရား···· စကြဝတေးမင်း၏ ဥတုဇ ရုပ်ကလာပ်၌ အဘယ်သို့ ဆောင်ရွက်ကြပါသနည်း။

(မြတ်စွာဘုရား) ချစ်သားအာနန္ဒာ....စကြဝတေးမင်း၏ ဥတုဇ ရုပ်ကလာပ်ကို ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ရစ်ပတ်ကြရသည်။ (ထိုကာသိတိုင်းဖြစ် အဝတ်သစ်မှာ အလွန်နူးညံ့လှသောကြောင့် ဆီကို မစုပ်မယူနိုင်၊ ဝါဂွမ်းစိုင်ကသာ ဆီကို စုပ်ယူနိုင်သည်ဖြစ်သောကြောင့်) ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ရစ်ပတ်ပြီးနောက် ဝါဂွမ်းနုဖြင့် တဖန်ရစ်ပတ်ကြရပြန်သည်။ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးနောက် ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် တဖန်ရစ်ပတ်ကြရပြန်သည်။ ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ရစ်ပတ်ပြီးနောက် ဝါဂွမ်းနုဖြင့် တဖန်ရစ်ပတ်ကြရပြန်သည်။ ဤနည်းအတိုင်း ပုဆိုး အစုံငါးရာတို့ဖြင့် စကြဝတေးမင်း၏ ဥတုဇ ရုပ်ကလာပ်ကို ရစ်ပတ်ပြီးလျှင် ဆီနှင့်တကွသော (ဆီထည့်ထားသော) ရွှေတလား= ရွှေခေါင်း၌ထည့်၍ အခြားရွှေတလားဖုံး= ရွှေခေါင်းဖုံးဖြင့် ဖုံးအုပ်ပြီးသော် အလုံးစုံသော နံ့သာထင်းတို့ကို ထင်းပုံပြု၍ စကြဝ-တေးမင်း၏ ဥတုဇရုပ်ကလာပ်ကို မီးသဂြိုဟ်ကြရ၏။ လမ်းလေးခွဆုံရာ၌ စကြဝတေးမင်း၏ စေတီကို တည်ထားကြရကုန်၏။ ချစ်သား အာနန္ဒာ....ဤဆိုအပ်ပြီးသောအတိုင်း စကြဝတေးမင်း၏ ဥတုဇ ရုပ်ကလာပ်၌ ဆောင်ရွက်ကြရ၏။

WWW.DHAMMARANSI.COM



### စေတီ တည်ထားရမည်

ချစ်သားအာနန္ဒာ.... စကြဝတေးမင်း၏ ဥတုဇ ရုပ်ကလာပ်၌ ဆောင်ရွက်ကုန်သကဲ့သို့ မြတ်စွာဘုရား၏ ဥတုဇ ရုပ်ကလာပ်တော်၌လည်း ဆောင်ရွက်အပ်ပေ၏၊ လမ်းလေးခွဆုံရာ၌ မြတ်စွာဘုရား၏ စေတီတော်ကို တည်ထားအပ်ပေ၏။ ထိုစေတီတော်၌ အကြင်သူတို့သည် ပန်းကိုဖြစ်စေ နံ့သာကိုဖြစ်စေ နံ့သာမှုန့်ကိုဖြစ်စေ တင်လှူမူလည်း တင်လှူကြလိမ့်မည်၊ ရှိခိုးမူလည်း ရှိခိုးကြလိမ့်မည်၊ စိတ်ဖြင့်မူလည်း ကြည်ညိုကြလိမ့်မည်၊ ထိုသို့ပြုခြင်းသည် ရှည်မြင့်စွာသောကာလပတ်လုံး ထိုသူတို့အဖို့ရာ စီးပွါး,ချမ်းသာ အလို့ငှါ ဖြစ်ပေလိမ့်မည်။

### စေတီထိုက်သော ပုဂ္ဂိုလ်လေးမျိုး

ချစ်သားအာနန္ဒာ.... ဤ (ဆိုလတ္တံ့သော) ပုဂ္ဂိုလ်လေးမျိုးတို့သည် စေတီတည်ထိုက်ကုန်၏။ လေးမျိုးတို့ဟူသည်မှာ—

၁။ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို စေတီတည်ထိုက်၏၊

၂။ ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်၏၊

၃။ မြတ်စွာဘုရား၏ သာဝက(အရိယာ) ကို စေတီတည်ထိုက်၏၊

၄။ စကြဝတေးမင်းကို စေတီတည်ထိုက်၏။—

ဤလေးမျိုးတို့ဖြစ်သည်။

ချစ်သားအာနန္ဒာ···· အဘယ်သို့သော အကျိုးထူးကို စွဲ၍ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်ကို စေတီတည်ထိုက်သနည်းဟူမူကား—ချစ်သား အာနန္ဒာ····"ဤစေတီသည်ကား အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်၏ စေတီတော်တည်း"ဟု လူအများတို့သည် မိမိစိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုစေကြကုန်၏၊ ထိုလူတို့သည် ထိုစေတီတော်၌ သဒ္ဓါရွှန်းစို ကြည်ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်၌

WWW.DHAMMARANSI.COM



ကောင်းသောလားရာ နတ်ရွာသို့ ရောက်ရကုန်၏။ ချစ်သား အာနန္ဒာ····ဤအကျိုးထူးကို စွဲ၍ အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဘုရားသခင်ကို စေတီတည်ထိုက်၏။

ချစ်သားအာနန္ဒာ···· အဘယ်သို့သော အကျိုးထူးကို စွဲ၍ ပစ္စေကဗုဒ္ဓါကို စေတီတည်ထိုက်သနည်းဟူမူကား— ချစ်သား အာနန္ဒာ....“ဤစေတီသည်ကား ကိုယ်တိုင် သစ္စာလေးပါး တရား ထူးကို သိမြင်တော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ စေတီတော် တည်း” ဟု လူအများတို့သည် မိမိစိတ်ကို သဒ္ဓါရွှန်းစို ကြည်ညို စေကြကုန်၏၊ ထိုလူတို့သည် ထိုစေတီတော်၌ သဒ္ဓါရွှန်းစို ကြည် ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်၌ ကောင်းသောလားရာ နတ်ရွာသို့ ရောက်ရကုန်၏။ ချစ်သား အာနန္ဒာ.... ဤအကျိုးထူးကို စွဲ၍ ပစ္စေကဗုဒ္ဓါကို စေတီတည် ထိုက်၏။

ချစ်သားအာနန္ဒာ····အဘယ်သို့သော အကျိုးထူးကိုစွဲ၍ မြတ် စွာဘုရား၏ တပည့်သာဝက (အရိယာ)ကို စေတီတည်ထိုက်သ နည်းဟူမူကား— ချစ်သားအာနန္ဒာ···· “ဤစေတီသည်ကား အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ထိုဘုရားသခင့် တပည့် သာဝက အရိယာ၏ စေတီတော်တည်း” ဟု လူအများတို့သည် မိမိစိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုစေကြကုန်၏၊ ထိုလူတို့သည် ထို စေတီတော်၌ သဒ္ဓါရွှန်းစို ကြည်ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ် ကြွေ စုတေသည်မှနောက်၌ ကောင်းသောလားရာ နတ်ရွာသို့ ရောက်ရကုန်၏။ ချစ်သားအာနန္ဒာ....ဤအကျိုးထူးကိုစွဲ၍ မြတ်စွာ ဘုရား၏ တပည့်သာဝက အရိယာကို စေတီတည်ထိုက်၏။

ချစ်သားအာနန္ဒာ.... အဘယ်သို့သော အကျိုးထူးကိုစွဲ၍ စကြ- ဝတေးမင်းကို စေတီတည်ထိုက်သနည်းဟူမူကား— ချစ်သား အာနန္ဒာ.... “ဤစေတီသည်ကား တရားစောင့်သော ထိုတရား မင်း (=စကြဝတေး)၏ စေတီတည်း”ဟု လူအများတို့သည် မိမိစိတ်ကို သဒ္ဓါရွှန်းစို ကြည်ညိုစေကြကုန်၏၊ ထိုလူတို့သည် ထို စေတီ၌ သဒ္ဓါရွှန်းစို ကြည်ညိုကြပြီးသော် ကိုယ်ခန္ဓာပြတ်ကြွေ

WWW.DHAMMARANSI.COM



စုတေသည်မှနောက်၌ ကောင်းသောလားရာ နတ်ရွာသို့ရောက်ရ ကုန်၏။ ချစ်သားအာနန္ဒာ.... ဤအကျိုးထူးကိုစွဲ၍ စကြဝတေး မင်းကို စေတီတည်ထိုက်၏။

ချစ်သားအာနန္ဒာ စေတီတည်ထိုက်သော ပုဂ္ဂိုလ်တို့ကား ဤဆိုအပ်ပြီးသော လေးမျိုးတို့ပေတည်း။

ဤကား အရှင်အာနန္ဒာမထေရ်က အသေးစိတ် မေးလျှောက်၍ မြတ်စွာဘုရားရှင်က အသေးစိတ် ဖြေကြားတော်မူပုံတည်း။

(ဤ၌ မေးဖွယ်ရှိသည်မှာ-"မြတ်စွာဘုရားရှင်သည် အဘယ့်ကြောင့် အိမ်ရာတည်ထောင် လူ့ဘောင်၌နေ၍ စုတေသေလွန်သော စကြဝတေး မင်း၏ စေတီတည်ထိုက်သောအဖြစ်ကို ခွင့်ပြုတော်မူ၍ သီလဝန္တ ပုထုဇန်ရဟန်း၏ အတွက်မူ အဘယ့်ကြောင့် စေတီတည်ထိုက်သောအဖြစ် ကို ခွင့်ပြုတော်မမူပါသနည်း"ဟု မေးဖွယ်ရှိ၏။

အဖြေကား—"အံ့သြဖွယ်ဖြစ်မည်မဟုတ်သောကြောင့် ခွင့်ပြုတော် မမူ"ဟု အကျဉ်းဖြေရာ၏။ အကျယ်ကား—သီလဝန္တပုထုဇန် ရဟန်းတို့ အတွက် စေတီကို ခွင့်ပြုတော်မူအပ်လျှင် (အခြားဌာနကို မဆိုထား ဘိဦး) သီဟိုဠ်ကျွန်းမှာပင် စေတီတို့၏နေရာ မရှိလောက်အောင်ပင် များမြောက်လေရာ၏၊ အခြားဌာနတို့၌လည်း ထိုအတူပင်တည်း။ သို့ ရကား သီလဝန္တပုထုဇန်ရဟန်းတို့အတွက် စေတီကို ခွင့်ပြုတော်မူခဲ့လျှင် စေတီတော်တွေ အလွန့်အလွန် များနေ၍ ထိုစေတီများမှာ အံ့သြဖွယ် ဖြစ်မည်မဟုတ်သောကြောင့် ခွင့်ပြုတော်မမူ။ စကြဝတေးမင်းကား တဦးတည်းသာဖြစ်၍ ထိုစကြဝတေးမင်း၏ စေတီသည် အံ့သြဖွယ်ဖြစ် နိုင်လေသည်၊ ထို့ကြောင့် စကြဝတေးမင်း၏ စေတီတည်ထိုက်သော အဖြစ်ကို ခွင့်ပြုတော်မူသည်။ သီလဝန္တပုထုဇန်ရဟန်းအတွက် စေတီ တည်ထိုက်မှုကို ခွင့်မပြုအပ်သော်လည်း ထိုပုထုဇန်သီလဝန္တရဟန်းအား ပရိနိဗ္ဗာန်စံလွန်သော ရဟန်းအားကဲ့သို့ပင် ကြီးစွာသော ပူဇော်သက္ကာ- ရမှုကို ပြုရန် သင့်လှ အပ်စပ်လှသည်သာဖြစ်၏။ ဤကား အဖြေတည်း)။

### အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများ

ထိုသို့ မြတ်စွာဘုရားရှင်က မေးလျှောက်အပ်သမျှကို အသေး စိတ် ဖြေကြားတော်မူပြီးသောအခါ အရှင်အာနန္ဒာ မထေရ်သည်—

WWW.DHAMMARANSI.COM



"မြတ်စွာဘုရားသည် ငါ့အား သံဝေဂရစေမည့် ဌာနလေးပါးကိုလည်း ဟောကြားအပ်ပြီးပြီ၊ စေတီတော်ကို ဖူးမြော်ရန် လှည့်လည်ခြင်း၏ အကျိုးရှိသောအဖြစ်ကိုလည်း ဟောကြားအပ်ပြီးပြီ၊ မာတုဂါမများအပေါ်၌ ကျင့်သုံးရန်နှင့်စပ်၍ မေးမြန်း လျှောက်ထားချက်ကိုလည်း ဖြေကြားအပ်ပြီးလေပြီ၊ ကိုယ်တော်မြတ်၏ ဥတုဇရုပ်ကလာပ်တော်၌ စီမံပူဇော်ရမည့် လုပ်ငန်းရပ်များကိုလည်း ဟောကြားအပ်ပြီးလေပြီ၊ စေတီထိုက်သည့် ပုဂ္ဂိုလ်လေးမျိုးတို့ကိုလည်း ဟောကြားအပ်ပြီးလေပြီ၊ ဧကန်ပင် ယနေ့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်"—

ဟု ဆင်ခြင်စဉ်းစားလေသည်။ ထိုသို့ဆင်ခြင်စဉ်းစားသော အရှင်အာနန္ဒာ၏ စိတ်သန္တာန် (=စိတ်အစဉ်) ဝယ် အားကြီးသော နှလုံးမချမ်းသာမှု (=စိတ်မချမ်းသာမှု)ဖြစ်ရှိလေသည်၊ ထိုအခါ မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် "မြတ်စွာဘုရား၏ အနီး၌ ပိုကြွေးခြင်းသည် အလွန်မချမ်းသာဖွယ်ဖြစ်သည်၊ သို့ရကား တနေရာသို့ သွားရောက်၍ ငါ၏နှလုံးပူပန်မှုကို ပါးအောင်ပြုရတော့မည်" ဟု အကြံအစည် ဖြစ်ပြီးနောက် အရှင်အာနန္ဒာသည် *ကျောင်းတွင်းသို့ ဝင်၍ တံခါးတိုင်ကို မှီပြီးလျှင် "ငါသည် သိက္ခာသုံးပါး အကျင့်တရားကို ကျင့်နေဆဲ(=သေက္ခ) ပုဂ္ဂိုလ်မျှသာ ဖြစ်၍ အထက်မဂ်သုံးပါး အလို့ငှါ ပြုဖွယ်ကိစ္စရှိချေသေး၏၊ ငါ့အား အစဉ်သနားစောင့်ရှောက်တော်မူသော ဆရာသခင် မြတ်စွာဘုရားရှင်သည်လည်း မကြာခင် ပရိနိဗ္ဗာန် စံတော်မူပေလိမ့်မည်" ဟု ကြံစည်အောက်မေ့ကာ သည်းစွာငိုကြွေးလျက် ရပ်တည်နေလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို "ရဟန်းတို့... အာနန္ဒာ အဘယ်မှာနည်း" ဟု မေးတော်မူ၍ ရဟန်းတို့က "မြတ်စွာဘုရား... ဤအရှင်အာနန္ဒာသည် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကို မှီပြီးလျှင် 'ငါသည် သိက္ခာသုံးပါး အကျင့်တရားကိုကျင့်နေဆဲ(=သေက္ခ) ပုဂ္ဂိုလ်မျှသာဖြစ်၍ အထက်မဂ်သုံးပါးအလို့ငှါ

---

* ဤ၌ ကျောင်းဟူသည် ညီမှုရာတန်ဆောင်းဝန်းကို ဆိုလိုသည်။

WWW.DHAMMARANSI.COM



ပြုဖွယ်ကိစ္စရှိချေသေး၏၊ ငါ့အား အစဉ်သနား စောင့်ရှောက်တော်မူသော ဆရာသခင်မြတ်စွာဘုရားရှင်သည်လည်း မကြာခင် ပရိနိဗ္ဗာန် စံတော်မူပေလိမ့်မည်’ဟု ငိုကြွေးလျက် ရပ်တည်နေပါသည်” ဟု လျှောက်ထားကြလေလျှင် မြတ်စွာဘုရားရှင်သည် ရဟန်းတပါးကို “ရဟန်း သွားလော့၊ သင်သည် ငါဘုရား၏ စကားဖြင့် ‘ငါ့ရှင်အာနန္ဒာ… သင့်ကို မြတ်စွာဘုရားသည် ခေါ်တော်မူ၏’ဟု အာနန္ဒာကို ခေါ်ချေလော့” ဟု မိန့်တော်မူ၏။

ထိုရဟန်း၏ သွားရောက် ခေါ်ငင်ချက်အရ အရှင်အာနန္ဒာ မထေရ်သည်မြတ် မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ လျှောက်ပတ်သောနေရာ၌ ထိုင်နေလတ်သော် မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို—

“တန်တော့ ချစ်သားအာနန္ဒာ.... မစိုးရိမ်မပူဆွေးလင့်၊ မငိုကြွေးလင့်၊ ‘ချစ်ခင်မြတ်နိုးအပ်သောသူ အားလုံးတို့နှင့် ရှင်ကွဲကွဲကွာခြင်း = နာနာဘာဝ, သေကွဲကွဲကွာခြင်း = ဝိနာဘာဝ, ဘဝခြားလျက် ကွဲကွာခြင်း = အညထာဘာဝကို ‘ရှေးမဆွကပင် ငါဘုရား ဟောကြားအပ်ခဲ့ပြီမဟုတ်လော။- ချစ်သားအာနန္ဒာ....ဤအရာ၌ အသစ်ဖြစ်ပေါ်လာခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း, ပြုပြင်ပေးရခြင်းသဘောရှိ၍ ပျက်စီးခြင်းသဘောရှိသောတရားကို မြတ်စွာဘုရား၏ ကိုယ်တော်ပင် ဖြစ်လင့်ကစား ‘မပျက်စီးပါစေလင့်’ ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်အံ့နည်း၊ ဤသို့ ရနိုင်ရန်အကြောင်း မရှိချေ။

ချစ်သားအာနန္ဒာ.... သင်ချစ်သားသည် မြတ်စွာဘုရား၏ စီးပွါး, ချမ်းသာကို လိုလားလျက် မျက်မှောက် မျက်ကွယ် ခြားနားခြင်းမရှိပဲ ပြုအပ်သည့် အတိုင်းမသိများပြားစွာသော မေတ္တာကာယကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခဲ့လေပြီ၊ မြတ်စွာဘုရား၏ စီးပွါး, ချမ်းသာကို လိုလားလျက် မျက်မှောက် မျက်ကွယ် ခြားနားခြင်းမရှိပဲ ပြုအပ်သည့် အတိုင်းမသိ

WWW.DHAMMARANSI.COM



များပြားစွာသော မေတ္တာဝစီကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခဲ့လေပြီ၊ မြတ်စွာဘုရား၏ စီးပွါးချမ်းသာကို လိုလားလျက် မျက်မှောက်မျက်ကွယ် ခြားနားခြင်းမရှိပဲ ပြုအပ်သည့် အတိုင်းမသိ များပြားစွာသော မေတ္တာမနောကံဖြင့် ကြာမြင့်စွာသော ကာလပတ်လုံး မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးခဲ့လေပြီ။ ချစ်သားအာနန္ဒာ ··· သင်ချစ်သားသည် ကုသိုလ်ကောင်းမှုကို များစွာပင် ပြုပြီးသူဖြစ်၏၊ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရစ်လေဦး၊ လျင်စွာပင် ရဟန္တာဖြစ်ပေလိမ့်မည်" ——

ဟု သောကပျောက်ရေး အားပေးတရား ဟောကြားတော်မူလေ၏။

(ဤ၌။ ။အရှင်အာနန္ဒာ၏မြတ်စွာဘုရားရှင်အပေါ်၌ ပြုအပ်သော မေတ္တာကာယကံ–ဟူသည်မှာ မေတ္တာရှေ့ထား၍ ပြုလုပ်အပ်သော မျက်နှာသစ်တော်ရေ, ဒန်ပူဆက်ကပ်ခြင်း–စသော ကာယကံမှု အားလုံးတည်း။ မေတ္တာဝစီကံ-ဟူသည်မှာ မေတ္တာရှေ့ထား၍ မျက်နှာတော်သစ်ရန် အချိန်တန်ပါပြီဘုရား -စသည်ဖြင့် လျှောက်ထားခြင်း-စသော ဝစီကံမှုအားလုံးတည်း။

တနည်းကား အဆုံးအမ ဩဝါဒကို ကြားနာရ၍ "သာဓု ဘန္တေ= သာဓုပါ မြတ်စွာဘုရား...."ဟု လျှောက်ထားခြင်းသည်လည်း မေတ္တာဝစီကံသာလျှင် ဖြစ်၏။ မေတ္တာမနောကံဟူသည်မှာ စောစောထ၍ ကိုယ်လက်ဘုတ်သင်ပြီးလျှင် ဆိတ်ငြိမ်ရာ၌ ထိုင်နေလျက် "မြတ်စွာဘုရားသည် အနာရောဂါ ကင်းတော်မူပါစေ၊ ဖောက်ပြန်ပျက်စီးခြင်း ကင်းတော်မူပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူပါစေ"ဟု ဖြစ်စေအပ်သော မနောကံတည်း)။

ထိုနောက် မြတ်စွာဘုရားရှင်သည် တနေရာရာ၌ ခေါက်လိပ်၍ တည်နေသော မဟာပထဝီမြေကြီးကို ဖြန့်လိုက်သောယောက်ျားကဲ့သို့ရင်း, တွန့်လိပ်၍တည်နေသော ကောင်းကင်ကြီးကို ချဲ့ထွင်သော ယောက်ျားကဲ့သို့ရင်း, ယူဇနာပေါင်း တသိန်းခြောက်သောင်းလေးထောင် အစောက်ရှိသော စကြဝဠာတောင်ကြီးကို

WWW.DHAMMARANSI.COM



အောက်သို့သက်စေသော ယောက်ျားကဲ့သို့၎င်း, ယူဇနာပေါင်း တသိန်းခြောက်သောင်းရှစ်ထောင် အစောက်ရှိသော မြင်းမိုရ် တောင်မင်းကို မြှောက်ချီသော ယောက်ျားကဲ့သို့၎င်း, ယူဇနာ တရာ အမြင့်အပြန့်ရှိသော ဇမ္ဗူသပြေပင်ကို ပင်စည်၌ကိုင်၍ လှုပ်လိုက်သော ယောက်ျားကဲ့သို့၎င်း အရှင်အာနန္ဒာမထေရ်၏ ဂုဏ်ကျေးဇူး စကားကို ဟောကြားတော်မူလိုရကား ရဟန်း တို့ကို—

"ရဟန်းတို့....ရှေးကာလ၌ ပွင့်တော်မူကြသော အရဟံ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်တို့၏ အလုပ် အကျွေးတို့သည်လည်း ငါဘုရား၏ အလုပ်အကျွေးဖြစ်သူ အာနန္ဒာကဲ့သို့သာ ဂုဏ်ကျေးဇူး အတိုင်းအရှည် ရှိခဲ့ကြ လေပြီ။

ရဟန်းတို့....နောက်ကာလ၌ ပွင့်တော်မူကြမည့် အရဟံ ဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်တို့၏ အလုပ် အကျွေးတို့သည်လည်း ငါဘုရား၏ အလုပ်အကျွေးဖြစ်သူ အာနန္ဒာကဲ့သို့သာ ဂုဏ်ကျေးဇူး အတိုင်းအရှည် ရှိကြ လိမ့်မည်။

ရဟန်းတို့....အာနန္ဒာသည် ပညာရှိပေ၏၊ ထက်မြက် သောဉာဏ် ရှိပေ၏၊ 'ဤအခါကား မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရဟန်းတို့ ချဉ်းကပ်ရန် အခါတည်း၊ ဤ အခါကား ရဟန်းမိန်းမတို့ ချဉ်းကပ်ရန် အခါတည်း၊ ဤ အခါကား ဥပါသကာ(＝ဒါယကာ)တို့ ချဉ်းကပ်ရန် အခါတည်း၊ ဤ အခါကား ဥပါသိကာ(＝ဒါယိကာမ)တို့ ချဉ်းကပ်ရန် အခါတည်း၊ ဤ အခါကား မင်းနှင့် အမတ် ကြီးတို့ တိတ္ထိနှင့်တိတ္ထိတပည့်တို့ ချဉ်းကပ်ရန် အခါတည်း' ဟု သိပေ၏။ ။(ဤစကားရပ်ဝယ် ပစ္စုပ္ပန်အနေအား ဖြင့် အခြားစကြဝဠာတိုက်၌ အစိန္တေယျမြတ်စွာဘုရားမှ တပါး အခြားဘုရားတဆူ ပွင့်ထွန်းနေဆဲမရှိသောကြောင့်

WWW.DHAMMARANSI.COM



'ရဟန်းတို့....ယခုအခါ ပွင့်တော်မူကြွဆဲဖြစ်သည့်' - အစ ရှိသော ပန္နရပ္ပန္နဝါရကို မဟောအပ်သတည်း)။

### အရှင်အာနန္ဒာ၏ အံ့ဖွယ်ဂုဏ်လေးပါး

ရဟန်းတို့....အာနန္ဒာ၌ မဖြစ်ဘူးမြဲဖြစ်သော ဤ အံ့ဖွယ် ဂုဏ်လေးပါးတို့ ထင်ရှားရှိကုန်၏။ လေးပါးတို့ဟူသည် မှာ——

(၁) ရဟန်းတို့ .... ရဟန်းပရိသတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏၊ ရဟန်းတို့....အာနန္ဒာသည် တရား ဟောမှုကို ရပ်နား၍ ဆိတ်ဆိတ် နေသည်တိုင်အောင် ရဟန်းပရိသတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာ လျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ်တပါး)။

(၂) ရဟန်းတို့....ရဟန်းမိန်းမပရိသတ်သည် အကယ် ၍ အာနန္ဒာကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ .... အာနန္ဒာသည် တရားဟောမှုကိုရပ်နား၍ ဆိတ်ဆိတ်နေသည်တိုင်အောင် ရဟန်းမိန်းမ ပရိသတ်သည် တရားနာ၍ မရောင့်ရဲနိုင် သည်သာလျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ်တပါး)။

(၃) ရဟန်းတို့....ဥပါသကာပရိသတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့

WWW.DHAMMARANSI.COM



ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့...အာနန္ဒာသည် တရားဟောမှုကို ရပ်နား၍ ဆိတ်ဆိတ် နေသည်တိုင်အောင် ဥပါသကာပရိသတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ်တပါး)။

(၄) ရဟန်းတို့ ... ဥပါသိကာ ဒါယိကာမပရိသတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့....အာနန္ဒာသည် တရားဟောမှုကို ရပ်နား၍ ဆိတ်ဆိတ်နေသည်တိုင်အောင် ဥပါသိကာ ဒါယိကာမပရိသတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ်တပါး)။

ရဟန်းတို့ .... အာနန္ဒာ၌ မဖြစ်ဘူးမြဲဖြစ်သော အံ့ဖွယ်ဂုဏ်တို့ကား ဤလေးပါးတို့တည်း။ (မြတ်စွာဘုရား မိန့်ကြားတော်မူချက်ကား မပြီးဆုံးသေးပါ)။

(ဤ၌။ ။ဘုရားဖူးရန် လာရောက်ကြသော ပရိသတ်လေးပါးလုံးပင် ရှင်အာနန္ဒာထံသို့ လာရောက်ကြလေသည်။ ထိုပြင်လည်း "အရှင်အာနန္ဒာသည် ထက်ဝန်းကျင် ကြည်ညိုဖွယ်ကို ဆောင်တော်မူသတဲ့၊ အဆင်းတော်တင့်တယ် ရှုချင်ဖွယ်ရှိသတဲ့၊ ဗဟုသုတများကြွယ်သံဃာကို တင့်တယ်တော်မူစေသတဲ့" ဤသို့ အစရှိသည်ဖြင့် အရှင်အာနန္ဒာမထေရ်၏ ဂုဏ်သတင်းတို့ကို ကြား၍လည်း လာရောက်ကြလေသည်။ ထိုပရိသတ်အားလုံးပင် ရှင်အာနန္ဒာမထေရ်ကို တွေ့မြင်ကြရသောအခါ "ငါတို့၏ အကြားနှင့် လက်တွေ့မျက်တွေ့ ညီညွတ်ပါပေသည်" ဟု နှစ်သက်ဝမ်းမြောက်ကြလေသည်။ ။ တရားဟောမှု— ဟူသည်မှာလည်း ပဋိသန္ထာရ=အစေ့အစပ် တရားစကားဖြစ်သည်။ အရှင်အာနန္ဒာမထေရ်သူမြတ်သည် မိမိထံမှောက် ရောက်ရှိလာသော ရဟန်းပရိသတ်ကို "ငါ့ရှင်....ခံ့ကျန်းပါ၏လော၊ ဣရိယာပထ မျှတပါ၏

WWW.DHAMMARANSI.COM



လော၊ ယောနိသောမနသိကာရဖြင့် ရဟန်းတို့အလုပ်ကို အားထုတ်ကျင့်ကြံနိုင်ပါ၏လော၊ ဆရာဥပဇ္ဈာယ်တို့အပေါ်၌ ပြုဖွယ်ရှိသောဝတ်များကို ဖြည့်စွမ်းနိုင်ကြပါ၏လော”— ဤသို့ ဧည့်သည်ဖြင့် ပဋိသန္ထာရ=အစေ့အစပ် တရားစကား မိန့်ကြားတော်မူလေသည်။ ဘိက္ခုနီပရိသတ်၌ ထို့ထက်ထူး၍ “နှမတို့...ဂရုဓံရှစ်ပါး တရားတို့ကို ဆောက်တည်၍ ကျင့်ကြပါ၏လော”ဟု ပဋိသန္ထာရ=အစေ့အစပ်စကား မိန့်ကြားတော်မူလေသည်။ ဥပါသကာ ဒါယကာတို့ မိမိထံမှောက် လာရောက်ကြလျှင် “ဒါယကာ...သင်၏ ဦးခေါင်း, အင်္ဂါ မနာကျင်ပဲရှိပါ၏လော၊ သင်၏ သား သမီး ညီများ ရောဂါဘယ ကင်းရှင်းကြပါ၏လော”ဟု ဤကဲ့သို့ ပဋိသန္ထာရအမှုကို ပြုတော်မမူ၊ စင်စစ်သော်ကား “ဒါယကာတို့.... သရဏဂုံသုံးပါး ငါးပါးသီလတို့ကို လုံခြုံအောင် စောင့်ရှောက်ကြပါ၏လော၊ တလလျှင် ရှစ်ကြိမ်ကျ ဥပုသ်သီတင်း စောင့်သုံးခြင်းအမှုကို ပြုကြပါ၏လော၊ မိဖတို့အပေါ်၌ ပြုစုလုပ်ကျွေးခြင်း ကျင့်ဝတ်ကို ဖြည့်ကျင့်ကြပါ၏လော၊ တရားစောင့်သော ရဟန်း, ပုဏ္ဏား သူမြတ်များကို ပြုစုလုပ်ကျွေးကြပါ၏လော” ဤကဲ့သို့သာ ဥပနိသိန္နကထာ=အနီးသို့ လာရောက်ဆည်းကပ်သူတို့အား ဟောကြားမြဲ တရားစကား မိန့်ကြားတော်မူလေသည်။ ဥပါသိကာ ဒါယိကာမတို့လာလျှင်လည်း ထိုနည်းအတူပင်တည်း)။

### စကြဝတေးမင်း၏ အံ့ဖွယ်ဂုဏ်လေးပါး

ရဟန်းတို့....စကြဝတေးမင်း၌ မဖြစ်ဘူးမြဲဖြစ်သော ဤ အံ့ဖွယ်ဂုဏ်လေးပါးတို့ ထင်ရှားရှိကုန်၏။ လေးပါးတို့ ဟူသည်မှာ—

(၁) ရဟန်းတို့...မင်းပရိသတ်သည် အကယ်၍ စကြဝတေးမင်းကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို ပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောလျှင် ယင်းသို့ ပြောဆိုအပ်သော စကားဖြင့်လည်း ထို ပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့....စကြဝတေးမင်းသည် စကားပြောမှုကိုရပ်နား၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ်တပါး)။

WWW.DHAMMARANSI.COM



(၂) ရဟန်းတို့...ပုဏ္ဏားပရိသတ်သည်၊ ( ပ )၊

(၃) ရဟန်းတို့...သူဌေးသူကြွယ် ပရိသတ်သည်၊(ပ)၊

(၄) ရဟန်းတို့...သူတော်သူမြတ် ပရိသတ်သည် အကယ်၍ စကြဝတေးမင်းကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထို ပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထို ပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကား ပြောလျှင် ယင်းသို့ ပြောဆိုအပ်သော စကားဖြင့်လည်း ထို ပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့.... စကြဝတေးမင်းသည် စကားပြောမှုကိုရပ်နား၍ ဆိတ်ဆိတ် နေသည်တိုင်အောင် သူတော်သူမြတ် ပရိသတ်သည် မရောင့်ရဲနိုင်သည်သာလျှင် ဖြစ်၏။(ဤသည်လည်း အံ့ဖွယ် တပါး)။　(ဤလေးပါးတို့ပင်တည်း)။

ရဟန်းတို့····ဤအတူပင် အာနန္ဒာ၌ မဖြစ်ဘူးမြဲဖြစ် သော ဤအံ့ဖွယ်ဂုဏ်လေးပါးတို့ ထင်ရှားရှိကုန်၏။ လေး ပါးတို့ဟူသည်မှာ—

(၁) ရဟန်းတို့···· ရဟန်းပရိသတ်သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍ တရားဟောလျှင် ယင်းသို့ ဟောကြားအပ်သော တရားဖြင့်လည်း ထိုပရိသတ်သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့ ···· အာနန္ဒာသည် တရားဟောမှုကို ရပ်နား၍ဆိတ်ဆိတ်နေသည်တိုင်အောင် ရဟန်းပရိသတ်သည် တရားနာ၍ မရောင့်ရဲနိုင်သည်သာ လျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ်တပါး)။

(၂) ရဟန်းတို့····ရဟန်းမိန်းမပရိသတ်သည်၊ (ပ)၊

(၃) ရဟန်းတို့····ဥပါသကာ ဒါယကာ ပရိသတ် သည်၊ (ပ)၊

WWW.DHAMMARANSI.COM



(၄) ရဟန်းတို့…. ဥပါသိကာ ဒါယိကာမပရိသတ် သည် အကယ်၍ အာနန္ဒာကို ဖူးမြော်ရန် ချဉ်းကပ်လျှင် ထိုပရိသတ်သည် ဖူးမြော်ရသဖြင့် နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ အာနန္ဒာသည် အကယ်၍တရားဟောလျှင် ယင်းသို့ဟောကြားအပ်သောတရားဖြင့်လည်း ထိုပရိသတ် သည် နှစ်သက်ဝမ်းမြောက်၏။ ရဟန်းတို့….အာနန္ဒာသည် တရားဟောမှုကို ရပ်နား၍ဆိတ်ဆိတ်နေသည်တိုင်အောင် ဥပါသိကာ ဒါယိကာမပရိသတ်သည် တရားနာ၍ မရောင့် ရဲနိုင်သည်သာလျှင် ဖြစ်၏။ (ဤသည်လည်း အံ့ဖွယ် တပါး)။

ရဟန်းတို့….အာနန္ဒာ၌ မဖြစ်ဘူးမြဲဖြစ်သော အံ့ဖွယ် ဂုဏ်တို့ကား ဤလေးပါးတို့တည်း”—

ဟု မိန့်တော်မူ၏။

(ဤစကားရပ်ဖြင့် မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို စကြဝတေးမင်းနှင့် ဥပမာပြုတော်မူသည်။ ထိုစကားရပ်ဝယ် စကြဝတေးမင်းထံ ချဉ်းကပ်လာသော မင်းပရိသတ်အရ အဘိသိက် သွန်းပြီးသောမင်း, အဘိသိက်မသွန်းရသေးသောမင်း အားလုံးကိုပင် ယူရမည်။ ထိုမင်းတို့သည် “စကြဝတေးမင်းကား ရပ်ဆင်းတင့်တယ် ရှုချင်ဖွယ် ကြည်ညိုဖွယ်ရှိလျက် ကောင်းကင်ဖြင့်လှည့်လည်ကာ ပြည်ရေး ပြည်ရာများကို ဆုံးမစီရင်တော်မူသည့် တရားကိုစောင့်သော ဓမ္မရာဇ် မင်းဖြစ်သတဲ့”ဟူသော စကြဝတေးမင်း၏ ဂုဏ်ကျေးဇူးကို ကြားကြ၍ လာရောက်ဖူးမြော်ကြသည်တွင် “အကြားနှင့်အမြင် ညီညွတ်ပါပေ သည်”ဟု နှစ်သက်ဝမ်းမြောက်ကြလေသည်။

စကြဝတေးမင်းသည် မင်းပရိသတ်များ မိမိထံမှောက် လာရောက် ကြလျှင် “အမောင်တို့….အသို့နည်း (=ဘယ့်နှယ်လဲ) ရာဇဓမ်ဆယ်ပါး မင်းကျင့်တရားကို ဖြည့်စွမ်းကြပါ၏လော၊ ရာဇပဝေဏီ အစဉ်အဆက် ကို မပျက်ရအောင် စောင့်ရှောက်ကြပါ၏လော”ဟု အစေ့အစပ်စကား ပြောကြားလေသည်။ ပုဏ္ဏားပရိသတ်များ မိမိထံမှောက် လာရောက် ကြလျှင် “ဆရာတို့….အသို့နည်း (=ဘယ့်နှယ်လဲ)ဗေဒင်ကျမ်းများကို ပို့ချကြရပါ၏လော၊ ဆရာတို့ထံ အန္တေဝါသိကတပည့်များသည် ဗေဒင်

WWW.DHAMMARANSI.COM



ကျွမ်းများကို သင်ကြားကြပါ၏လော၊အလှူကိုငှင်း, အဝတ်သစ်တို့ကို ငှင်း,(အညိုအဝါရောင်)ကြောင်သောနို့စား နွားမများကိုငှင်း ရကြပါ၏လော”ဟု အစေ့အစပ်စကားပြောကြားလေသည်။ သူဌေးသူကြွယ်ပရိသတ်များ မိမိထံမှောက် လာရောက်ကြလျှင် “အမောင်တို့....အသို့နည်း (=ဘယ့်နှယ်လဲ) အမောင်တို့အဖို့ရာ မင်းမျိုးများမှ မတရားဒဏ်ဖြင့်ဖြစ်စေ မတရားသောအခွန်အတုတ်ဖြင့်ဖြစ်စေ နှိပ်စက်ညှဉ်းပန်းခြင်း ကင်းပါ၏လော၊ အချိန်မှန်မှန် မိုးရွာသွန်းပါ၏လော၊ ကောက်စပါးများကော သန်ထွားကုံလုံ ပြည့်စုံကြပါ၏လော”ဟု အစေ့အစပ်စကား ပြောကြားလေသည်။ သူတော်သူမြတ် ပရိသတ်များ မိမိထံမှောက် လာရောက်ကြလျှင် “အရှင်တို့...,အသို့နည်း ရဟန်းတို့အသုံးအဆောင်များ ရလွယ်ကြပါ၏လော၊ ရဟန်းတရား၌ မမေ့မလျော့ပဲနေနိုင်ကြပါ၏လော”ဟု အစေ့အစပ်စကား ပြောကြားလေသည်)။

## မဟာသုဒဿနသုတ်ကို ဟောတော်မူခြင်း

ဤသို့ မြတ်စွာဘုရား(အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးများကို) မိန့်ကြားတော်မူပြီးလတ်သော် အရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်ကို—

“မြတ်စွာဘုရား....ရှင်တော်ဘုရားသည် ကျေးတောကျုံး၌ မြို့လက်မျှသာဖြစ်သော ဤ(ကုသိနာရုံ)မြို့သိမ် မြို့ငယ်၌ ပရိနိဗ္ဗာန် စံတော်မမူပါလင့်၊ မြတ်စွာဘုရား....အခြားတပါးသော စမ္ပာပြည် ရာဇဂြိုဟ်ပြည် သာဝတ္ထိပြည် သာကေတပြည် ကောသမ္ဗီပြည် ဗာရာဏသီပြည်ကြီးတို့သည် ရှိကြပါကုန်၏၊ ထိုပြည်ကြီးများ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံတော်မူပါ။ ထိုပြည်ကြီးများ၌ ရှင်တော်ဘုရားကို အလွန်ကြည်ညိုကြသည့် မင်းသူဌေး ပုဏ္ဏားသူဌေး သူကြွယ်သူဌေးတို့သည် များစွာရှိကြပါသည်၊ ထိုသူဌေးများသည် ရှင်တော်ဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ခမ်းနားကြီးကျယ်စွာ ပူဇော်ကြပါလိမ့်မည်”—

ဟု လျှောက်ထားလေ၏။

WWW.DHAMMARANSI.COM



ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ....'ကျေးတောကျ၍ မြို့လက်မျှသာဖြစ်သော မြို့သိမ် မြို့ငယ်'ဟု ဤသို့ မဆိုလင့်၊ ချစ်သားအာနန္ဒာ....ဤသို့ မဆိုလင့်။

ချစ်သားအာနန္ဒာ....ရှေး၌ဖြစ်ဘူး အံ့ကြောင်းထူးကဲ တရားစောင့်သော တရားနှင့်အညီမင်းပြုသော သမုဒြာလေးစင်းအပိုင်းအခြားရှိသည့် လေးကျွန်းလုံးကို အစိုးရသော **မဟာသုဒဿန** စကြာဝတေးမင်းသည် ရှိ၏၊ ထိုမင်းသည် ရန်အပေါင်းကို အောင်နိုင်လျက် တိုင်းနိုင်ငံကို တည်ငြိမ်စေသည့်ပြင် (စကြာဝတေးမင်းတို့ဆိုင်ရာ)ရတနာခုနစ်ပါးနှင့် ပြည့်စုံ၏။ ချစ်သားအာနန္ဒာ....ဤကုသိနာရုံမြို့သည် ထိုစဉ်အခါက မဟာသုဒဿနစကြာမင်း၏ **ကုသာဝတီ**အမည်ရှိသော နေပြည်တော် ဖြစ်ခဲ့ဘူး၏။ အရှေ့အနောက် အလျား တဆယ့်နှစ်ယူဇနာရှိ၏၊ တောင်မြောက် အနံ ခုနစ်ယူဇနာရှိ၏။

ချစ်သားအာနန္ဒာ····ကုသာဝတီ နေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ အစားအစာပေါများ၏။ ချစ်သားအာနန္ဒာ···· ဥပမာအားဖြင့် ဝေဿဝဏ်နတ်မင်း၏ အာဠကမန္ဒာမည်သော နတ်မြို့တော်သည် ပြည့်စုံကြွယ်ဝသကဲ့သို့, စည်ပင်ဝပြောသကဲ့သို့, များသောနတ်ဦးရေရှိသကဲ့သို့, နတ်ဘီလူးမျိုးစုံတို့ဖြင့် ပြွမ်းသကဲ့သို့,အစားအစာ ပေါများသကဲ့သို့ ချစ်သားအာနန္ဒာ····ဤအတူပင် ကုသာဝတီနေပြည်တော်သည် ပြည့်စုံကြွယ်ဝ၏၊ စည်ပင်ဝပြော၏၊ များသောလူဦးရေရှိ၏၊ လူမျိုးစုံတို့ဖြင့် ပြွမ်း၏၊ အစားအစာ ပေါများ၏။

ချစ်သားအာနန္ဒာ....ကုသာဝတီ နေပြည်တော်သည် ဆင်သံ, မြင်းသံ,ရထားသံ,စည်ကြီးသံ, မုရိုးစည်သံ, စောင်းသံ, သီချင်းသံ, ခရသင်းသံ, စည်းဝါးသံ(ကြေးနင်းခွက်ခွင်းသံ), "စားလှည့်ပါ သောက်လှည့်ပါ ခဲလှည့်ပါ-ဟု ဖိတ်မန္တကပြုသော"=ဖိတ်ခေါ်သံ ဖိတ်ကြားသံ = ဤအသံဆယ်မျိုးတို့ဖြင့် နေ့ရောညဉ့်ပါ မစဲ မဆိတ်သည်သာဖြစ်၏။

WWW.DHAMMARANSI.COM



(ဤ၌။ ။အခြားသောမြို့များ၌ "အမှိုက်စွန့်ကြကုန်လော့၊ ပေါက်တူး ယူကြကုန်လော့၊ ခြင်းတောင်းယူကြကုန်လော့၊ အရပ်တပါး သွားကြကုန်စို့၊ ဆန်ထုပ်ကို ယူကြကုန်လော့၊ ထမင်းထုပ်ကိုယူကြကုန်လော့၊ ကာလက်နက်များကို စစ်တိုက်သွားရန် ပြင်ဆင်ကြကုန်လော့"—ဤသို့သော အမင်္ဂလာ အသံတို့သာ ဖုံးအုပ်၍နေ၏၊ ကုသာဝတီနေပြည်တော်၌ကား ထိုကဲ့သို့ မဟုတ်ချေ၊ "စားလှည့်ပါ သောက်လှည့်ပါ ခဲလှည့်ပါ"— ဤသို့အစရှိသော ဖိတ်မန္တကပြုသည့် မင်္ဂလာရှိသောအသံတို့ဖြင့်သာ နေ့ရောညဉ့်ပါ မစဲမဆိတ်သည်သာလျှင်ဖြစ်၏ဟု ဆိုလိုသည်)။

ချစ်သားအာနန္ဒာ....ကုသာဝတီ နေပြည်တော်သည် တံတိုင်း ခုနစ်ထပ်တို့ဖြင့် ရံအပ်ပေ၏"—ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားရှင်သည် နှစ်ဘာဏဝါရ အတိုင်းအရှည်ရှိသော မဟာသုဒဿနသုတ္တန်ကြီးကို (အကျယ်ကို သုတ်မဟာဝါပါဠိတော် မြန်မာပြန်၌ ကြည့်ရှုလေ) ဟောကြား ပြီးဆုံးစေတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်မြတ်ကို—

"ချစ်သားအာနန္ဒာ....သင်သွားချေလော့၊ ကုသိနာရုံပြည်သို့ ဝင်ပြီးလျှင် 'ဝါသေဋ္ဌအနွယ်ဖြစ်သော မလ္လမင်းတို့....ယနေ့ညဉ့်သန်းလွဲ ပစ္ဆိမယာမ်၌ပင် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူခြင်းသည် ဖြစ်ပေလိမ့်မည်။ ဝါသေဋ္ဌအနွယ်ဖြစ်သော မလ္လမင်းတို့····လာကြကုန်လော့၊ လာကြကုန်လော့။ 'ငါတို့၏ နယ်ပယ်အတွင်း၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပါလျက် ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် မရလိုက်ကြ'ဟု နောက်အခါ နှလုံးမသာ မဖြစ်ကြကုန်လင့်'ဟူ၍ကုသိနာရုံပြည်သား မလ္လမင်းတို့အား ပြောကြားချေလော့"—

ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီ မြတ်စွာဘုရား...." ဟု ဝန်ခံစကား လျှောက်ထားပြီးလျှင် အဖော်ရဟန်းတပါးနှင့်အတူတကွ ကုသိနာရုံပြည်သို့ ဝင်လေ၏။

(ဤ၌—"မြတ်စွာဘုရား ကြွရောက်တော်မူလာကြောင်းကို ထိုမလ္လမင်းတို့ မသိကြဘူးလော"ဟု မေးဖွယ်ရှိ၏။ အဖြေကား—မသိမဟုတ် သိကြပါ၏၊ မြတ်စွာဘုရားရှင်တို့ ရောက်တော်မူလေရာ အရပ်ဒေသ

WWW.DHAMMARANSI.COM



တိုင်းမှာပင် သဒ္ဓါတရားရှိသောနတ်များ, ဥပါသကာများ၏ ဓမ္မကြို ကာ ကြီးစွာသော ကြွေးကြော်သံ အုတ်အုတ်ကျက်ကျက်သံသည် ဖြစ် မြဲ မမှတာပင်။ သို့သော် မလ္လမင်းတို့ကား တစုံတခု ပြုရန်ကိစ္စဖြင့် စည်း ဝေးနေကြသောကြောင့် မလာရောက်တည့်နိုင်ပဲ ရှိကြလေသည်။ ထို အင်ကြင်းဥယျာဉ်အတွင်း၌ မြတ်စွာဘုရားကို ရည်ညွှန်း၍ ဆောက်လုပ် အပ်သောကျောင်း မရှိသောကြောင့်၎င်း, ရဟန်းသံဃာတော် အရေ အတွက်ကလည်း များလှသောကြောင့်၎င်း "ထိုမလ္လမင်းများ လာ ရောက်ကြ၍ ရဟန်းသံဃာအတွက် နေရာထိုင်ခင်း ခင်းကျင်းစီမံ လှူ ဒါန်းကြလိမ့်မည်" ဟု ဆင်ခြင်တော်မူ၍ ထိုမင်းတို့ထံ အချိန်မဟုတ် သော အကာလ=ညဉ့်အခါ၌သော်လည်း မြတ်စွာဘုရားသည် အရှင် အာနန္ဒာကို စေလွှတ်တော်မူလေသည်။ ယင်းသို့ စေလွှတ်တော်မူရာမှာ လည်း "အဘယ့်ကြောင့် မြတ်စွာဘုရားသည် နောက်ဆုံးအခါ၌ ကိုယ် တော်၏ အကြောင်းအရာသတင်းစကားကို ငါတို့အား မပြောကြားစေ ဘိသနည်း—ဟု ထိုမလ္လမင်းတို့ နှလုံးမသာယာမှု မဖြစ်ပါစေလင့်" ဟု ရည်ရွယ်တော်မူ၍ ဖော်ပြရာပါအတိုင်း မှာကြား၍ အရှင်အာနန္ဒာကို သတင်းစကား သွားရောက်ပို့စေတော်မူလေသည်)။

## မလ္လမင်းတို့ ရှိခိုးခြင်း

အရှင်အာနန္ဒာမထေရ်သူမြတ် ကုသိနာရုံပြည်သို့ ဝင်ကြွသွား တော်မူသောအခါ ကုသိနာရုံပြည်သား မလ္လမင်းတို့ကား မင်း ကိစ္စတခုဖြင့် မင်းကွန်း = လွှတ်တော်ရုံး၌ တစုတရုံးတည်း စုရုံး စည်းဝေးနေဆဲဖြစ်ကြသည်။ ထိုအခါ အရှင်အာနန္ဒာသည် မလ္လ မင်းတို့၏ လွှတ်တော်ရုံးသို့ ကြွရောက်ပြီးလျှင် မြတ်စွာဘုရားရှင် မှာကြားတော်မူလိုက်သည့်အတိုင်း—

"ဝါသေဋ္ဌအနွယ်ဖြစ်သော မလ္လမင်းတို့.... ယနေ့ညဉ့် သန်းလွဲ ပစ္ဆိမယာမ်၌ပင် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော် မူခြင်းသည် ဖြစ်ပေလိမ့်မည်။ ဝါသေဋ္ဌ အနွယ်ဖြစ်သော မလ္လမင်းတို့.... လာကြကုန်လော့၊ လာကြကုန်လော့။ 'ငါ တို့၏ နယ်ပယ်အတွင်း၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော် မူပါလျက် ငါတို့သည် နောက်ဆုံးကာလ၌ မြတ်စွာဘုရား

WWW.DHAMMARANSI.COM



ကို ဖူးမြော်ခွင့် မရလိုက်ကြ' ဟု နောက်အခါ နှလုံးမသာ မဖြစ်ကြကုန်လင့်"—

ဟု မလ္လမင်းတို့အား ပြောကြားတော်မူလေ၏။

အရှင်အာနန္ဒာမထေရ်၏ စကားကို ကြားကြရလျှင် မလ္လမင်းတို့သည်၎င်း, ထိုမင်းတို့၏ သားသမီး ချွေးမ မိဖုရားတို့သည်၎င်း အလွန်ကြေကွဲ ဝမ်းနည်းကြလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်တကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူလိမ့်မည်တကား၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူလိမ့်မည်တကား"ဟု ဆံပင်တို့ကိုဖြန့်၍ ငိုကြွေးကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှု လူးလိမ့်ကုန်၏၊ ထိုထို ဤဤ လူးလိမ့်ကုန်၏။

ထိုအခါ မလ္လမင်းတို့သည်၎င်း, ထိုမင်းတို့၏ သားသမီး ချွေးမ မိဖုရားတို့သည်၎င်း အလွန်ကြေကွဲ ဝမ်းနည်းကြလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ အင်ကြင်းဥယျာဉ်သို့ သွားရောက်ကြကာ အရှင်အာနန္ဒာမထေရ်ထံသို့ ချဉ်းကပ်ကြလေ၏။ ထိုအခါ အရှင်အာနန္ဒာ၏စိတ်သန္တာန်ဝယ်—

"ငါသည် ကုသိနာရုံပြည်သား မလ္လမင်းများကို တယောက်စီ တယောက်စီ မြတ်စွာဘုရားရှင်အား ဖူးမြော်ကန်တော့စေလျှင် မလ္လမင်းတို့ ကန်တော့၍ မပြီးသေးမီပင် ဤညဉ့်သည် ကုန်ဆုံးသွားလိမ့်မည်၊ ငါသည် ကုသိနာရုံပြည်သား မလ္လမင်းများကို အမျိုးတူ အစုလိုက် အစုလိုက်ထား၍ 'မြတ်စွာဘုရား....ဤမည်သောမလ္လမင်းသည် သားသမီး မိဖုရား အမတ် ပရိသတ်နှင့်တကွ ရှင်တော်ဘုရားကို ခြေတော်ဦးခိုက်လျက် ကန်တော့ပါသည်'ဟု လျှောက်ကာ

WWW.DHAMMARANSI.COM



လျှောက်ကာ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့စေရပါမှ ကောင်းလေစွ"—

ဟု အကြံဖြစ်ရှိပြီးနောက် အရှင်အာနန္ဒာသည် မိမိကြံစည်ဆင်ခြင်မိသည့်အတိုင်း ကုသိနာရုံပြည်သား မလ္လမင်းများကို အမျိုးတူ အစုလိုက် အစုလိုက်ထား၍ "မြတ်စွာဘုရား···· ဤမည်သောမလ္လမင်းသည် သားသမီး မိဖုရား အမတ် ပရိသတ်နှင့်တကွ ရှင်တော်ဘုရားကို ခြေတော်ဦးခိုက်လျက် ကန်တော့ပါသည်"ဟု လျှောက်ကာ လျှောက်ကာ ကန်တော့စေလေ၏။ ဤနည်းဖြင့် အရှင်အာနန္ဒာသည် ကုသိနာရုံပြည်သား မလ္လမင်းများကို မြတ်စွာဘုရားရှင်အား ရှိခိုးကန်တော့စေရာ ညဉ့်ဦးယံ၌ပင်လျှင် ပြီးဆုံးလေ၏။

## သုဘဒ္ဒပရိဗိုဇ်ဝတ္ထု

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ တည်းခိုနေထိုင်ဆဲရှိ၏။ ထိုသုဘဒ္ဒပရိဗိုဇ်သည် "ယနေ့ညဉ့် သန်းလွဲ ပစ္ဆိမယံ၌ ရဟန်းမြတ်ဂေါတမ၏ ပရိနိဗ္ဗာန်စံခြင်းသည် ဖြစ်လိမ့်မည်တဲ့"ဟု သတင်းစကား ကြားသိလေ၏။ ထိုအခါ သုဘဒ္ဒပရိဗိုဇ်၏ စိတ်သန္တာန်ဝယ်—

"အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဘုရားသခင်တို့သည် လောက၌ တရံတခါသာ ပွင့်တော်မူကြကုန်၏–ဟု အသက်အရွယ် ကြီးရင့်ကြသော ဆရာ, ဆရာ့ဆရာဖြစ်ကြသည့် ပရိဗိုဇ်ဆရာကြီးများ ပြောကြားသောစကားကို ငါ ကြားရဘူးသည်။ ယနေ့ညဉ့် သန်းလွဲ ပစ္ဆိမယံ၌ပင်လျှင် ရဟန်းမြတ်ဂေါတမ၏ ပရိနိဗ္ဗာန် စံခြင်းသည် ဖြစ်ပေလိမ့်မည်၊ ငါ့သန္တာန်မှာလည်း ဤယုံမှားတခု ဖြစ်ပေါ်လျက်ရှိ၏၊ 'ဤယုံမှားကို ငါပယ်ဖျောက်နိုင်အောင် ရဟန်းဂေါတမသည် ငါ့အား တရားဟောခြင်းငှါ စွမ်းနိုင်၏'ဟု

WWW.DHAMMARANSI.COM



ငါသည် ရဟန်းမြတ်ဂေါတမအပေါ်၌ အကြွင်းမဲ့ ယုံကြည်၏”——

ဟု အကြံအစည် ဖြစ်ရှိလေသည်။

**သုဘဒ္ဒ၏ အတိတ်အကြောင်း**

ဤယခု သုဘဒ္ဒပရိဗိုဇ်ဟူသည်မှာ ဥပကနှင့် စာပါတို့၏သား သုဘဒ္ဒလည်းမဟုတ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီး နောက် အရှင်မဟာကဿပမထေရ်မြတ်ကြီး ပါဝါပြည်မှ ကုသိ-နာရုံပြည်သို့ ရဟန်းများစွာဖြင့် ကြွရောက်လာတော်မူသောအခါ နောက်ပါရဟန်းတို့အထဲမှ “မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီဖြစ်၍ ငါတို့ ပြုလုပ်လိုရာ လွတ်လပ်စွာ ပြုလုပ်ကြရတော့မည်” ဟု ရှိုင်း ပြရင့်သီးသည့်စကား ပြောကြားသော တောထွက်သုဘဒ္ဒရဟန်း ကြီးလည်း မဟုတ်ချေ။ စင်စစ်သော်ကား ဤယခု **သုဘဒ္ဒပရိ-ဗိုဇ်**ဟူသည်မှာ အလွန်ထင်ရှားသည့် ပုဏ္ဏားသူဌေးမျိုးမှ ပရိဗိုဇ် ရဟန်းပြုသည့် မြတ်စွာဘုရား၏ နောက်ဆုံး ဝေနေယျဖြစ်သော အဝတ်ဝတ်သည့် ပရိဗိုဇ်ရဟန်းတဦး ဖြစ်လေသည်။

ထိုနောက်ဆုံး ဗုဒ္ဓဝေနေယျဖြစ်သည့် သုဘဒ္ဒပရိဗိုဇ်၏ စိတ် သန္တာန်ဝယ် ဤယနေ့(ပရိနိဗ္ဗာန် စံတော်မူခါနီး)မှကပ်၍ အဘယ့် ကြောင့် ဤဖော်ပြရာပါ အကြံအစည်မျိုး ဖြစ်ရသနည်းဟူမူ နောက်ဆုံးအချိန်မှ အကျွတ်တရားရနိုင်သည့် ဥပနိဿယပစ္စည်း ရှေးကောင်းမှုကို ဆည်းပူးခဲ့သောကြောင့် ဤယနေ့ နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီးမှ ဤဖော်ပြရာပါ အကြံအစည် ဖြစ်ရ လေသည်။

ဆွဲဦးအံ့——ရှေးအခါ ကုသိုလ်ကောင်းမှု ပြုလုပ်ဆည်းပူးစဉ်က ညီအစ်ကိုနှစ်ဦးတို့ ရှိကြလေသည်၊ ထိုညီအစ်ကို နှစ်ဦးသားတို့ သည် တပေါင်းတစည်းတည်း ကောက်စပါးကို ပြုလုပ်ကြလေ သည်။ ထိုသူနှစ်ယောက်တို့တွင် အစ်ကိုကြီးဖြစ်သူ၏ စိတ်သန္တာန် ဝယ် “တကြိမ် တကြိမ်ပြုလုပ်အပ်သော ကောက်စပါး၌ ငါသည် ကောက်ဦးကိုးကြိမ် အလှူဒါနပြုသင့်၏”ဟုအကြံဖြစ်ရှိလေသည်။

WWW.DHAMMARANSI.COM



အစ်ကိုကြီးဖြစ်သူသည် ထိုသို့အကြံဖြစ်ရှိသည့်အတိုင်းကောက်စပါး စိုက်ပျိုးကြဲချသောအခါ မျိုးစပါးထဲမှ အဦးအဖျားကိုယူ၍ မျိုးဦးဒါန ပေးလှူပြီးနောက် ကောက်စပါးပင်များ ကောက်သားဝင်သောအခါ (=ဖုံးသော လုံးသောအခါ) "ငါ့ညီ…. ယခု ကောက်ပင်များ ကောက်သားဝင်သောအခါမှာ ကောက်သား နို့ရည်ကို ဖောက်ထုတ်၍ ကောက်သားဦးအလှူဒါန ပြုကြစို့လား"ဟု တိုင်ပင်စကား ပြောကြားလေသော် ညီဖြစ်သူသည် "အစ်ကိုကြီး…. အစ်ကိုကြီးသည်ကား ကောက်နုကလေးများကို ဖျက်ဆီးလိုဘိ၏တကား"ဟု ကန့်ကွက်စကား ပြောကြားလေ၏။

အစ်ကိုကြီးဖြစ်သူသည် ညီဖြစ်သူက မိမိအလိုသို့ မလိုက်ပါမည်ကို ကောင်းစွာရိပ်မိ သိရှိ၍ လယ်ခင်းကို တဝက်တဝက်စီ ခွဲဝေပြီးလျှင် မိမိအဖို့ ရရှိသော လယ်ခင်းမှ ကောက်သားကိုခွဲ၍ နို့ရည်ကို ထုတ်ပြီးလျှင် ထောပတ်, ဆီဦးတို့နှင့် ရောစပ်၍ **ကောက်သားဦး အလှူဒါန** ကို ပေးလှူလေသည်။ မှံဆန်းပြုလုပ်လောက်သောအခါ **မုံ့ဆန်းအလှူဒါန** ကို ပေးလှူလေသည်။ ကောက်စပါးတို့ရင့်၍ ရိတ်သောအခါမှာလည်း ရှေးဦးရိတ်သော ကောက်ဆုပ်တို့ကို ယူ၍ **ရိတ်ဦး အလှူဒါန** ကို ပေးလှူလေသည်။ ကောက်လှိုင်းထုံးဖွဲ့သော အခါမှာလည်း ရှေးဦးစွာ ထုံးဖွဲ့သော ကောက်လှိုင်းများကို ထုတ်ယူ၍ **ကောက်လှိုင်းဦး အလှူဒါန**ကို ပေးလှူလေသည်။ ကောက်လှိုင်းတို့ကို တပေါင်းတည်း စုပုံသောအခါမှာလည်း အဦးအစကို ယူ၍ **ကောက်ပုံဦး အလှူဒါန** ကို ပေးလှူလေသည်။ ကောက်ပုံမှထုတ်၍ နယ်သော အခါမှာလည်း **နယ်ဦး အလှူဒါန** ကို ပေးလှူလေသည်။ နယ်ပြီးသော ကောက်စပါးများကို လှေ့ပြီးလျှင် တလင်းအပြင်၌ စပါးပုံပြုလုပ်သောအခါ အဦး အစကို ယူ၍ **စပါးပုံဦးအလှူဒါန** ကို ပေးလှူလေသည်။ ကောက်နယ်တလင်းမှ ကျီအတွင်းသို့ ထည့်သွင်းသောအခါမှာလည်း အဦးအစကိုယူ၍ **ကျီဦးအလှူဒါန**ကို ပေးလှူလေသည်။ ဤသို့လျှင် အစ်ကိုကြီးဖြစ်သူသည် ကောက်စပါး

WWW.DHAMMARANSI.COM



တကြိမ် တကြိမ် စိုက်ပျိုးရာ၌ ကိုးကြိမ် ကိုးကြိမ် **အဦးဒါန** ကို လှူဒါန်းလေသည်။

ညီဖြစ်သောသူသည်ကား မိမိစိုက်ပျိုးအပ်သော ကောက်စပါး များ အားလုံး ရိတ်သိမ်းပြီး၍ ကျီကြအတွင်း သွင်းပြီးနောက်မှ ထိုကျီကြမှထုတ်၍ အလှူဒါန ပြုလေသည်။

ထိုညီနောင် နှစ်ယောက်တို့တွင် အစ်ကိုကြီးဖြစ်သူသည် ဤ ဘုရားသာသနာဝယ် **အညာသိကောဏ္ဍည** မထေရ် ဖြစ်လာလေ သည်။ မြတ်စွာဘုရားသည် "အဘယ်သူအား ငါသည် တရားဦး ဟော ရပါမည် နည်း" ဟု ဆင်ခြင် ကြည့်ရှု တော် မူလေ သော် "အညာသိကောဏ္ဍညသည် ကောက်စပါး တကြိမ်စိုက်ပျိုးရာ၌ ကိုးကြိမ် "အဦးဒါန"ကို ပေးလှူခဲ့သူ ဖြစ်သည်။ ဤဓမ္မစကြာ တရားဦးကို အဦးဒါနရှင်ဖြစ်သူ ထိုအညာသိကောဏ္ဍညအား ငါဘုရား ဟောကြားပေအံ့" ဟု ကြံစည်ဆင်ခြင်တော်မူ၍ သူခပ် သိမ်းတို့၏ အလျှင်လက်ဦး ဓမ္မစကြာတရားထူးကို ဟောကြား တော်မူလေသည်။ ထိုအညာသိကောဏ္ဍညသည် ဗြဟ္မာပေါင်း တဆယ့်ရှစ်ကုဋေတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည် လေသည်။

ညီဖြစ်သောသူသည်ကား နောက်ချန်၍ နောက်ကာလမှ အလှူဒါနကို ပေးလှူသောကြောင့် ဤဘုရားရှင်ပွင့်ထွန်းတော် မူသောအခါ **သုဘဒ္ဒပရိဗိုဇ်** ဖြစ်၍ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီးမှ ရှေး၌ဆိုအပ်ပြီးသည့်အတိုင်း ကြံစည်ဆင်ခြင်မိ၍ မြတ်စွာဘုရားကို ဖူးမြော်ရန် အလိုရှိလာလေသည်။ (ဤကား သုဘဒ္ဒပရိဗိုဇ်၏ အတိတ်အကြောင်းဝတ္ထုတည်း)။ (ဒီ ဋ္ဌ ၂၊ မျက်နှာ ၁၇၉-၁၈၀-တို့မှ)

သုဘဒ္ဒပရိဗိုဇ်သည် ပါရမီကောင်းမှု ကုသိုလ်၏လှုံ့ဆော် ချက်အရ ထိုသို့ကြံစည်ပြီးသောအခါ အချိန်ကိုမဆွဲပဲ ထိုခဏ မှာပင် အင်ကြင်းဥယျာဉ်သို့ သွားရောက်၍ အရှင်အာနန္ဒာမထေရ် ထံသို့ ချဉ်းကပ်ပြီးလျှင် မထေရ်မြတ်ကို—

WWW.DHAMMARANSI.COM



"အို အရှင်အာနန္ဒာ….အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓ ဂုဏ်ရှင် ဘုရားသခင်တို့သည် လောက၌ တရံတခါသာ ပွင့်တော်မူကြကုန်၏-ဟု အသက်အရွယ်ကြီးရင့်ကြသော ဆရာ, ဆရာ့ဆရာဖြစ်ကြသည့် ပရိဗိုဇ်ဆရာကြီးများ ပြော ကြားသောစကားကို ကျွန်ုပ်ကြားရဘူးပါသည်။ ယနေ့ညဉ့် သန်းလွဲ ပစ္ဆိမယံ၌ပင်လျှင် ရဟန်းမြတ်ဂေါတမ၏ ပရိ- နိဗ္ဗာန် စံခြင်းသည် ဖြစ်ပေလိမ့်မည်၊ အကျွန်ုပ်၏သန္တာန် မှာလည်း ဤယုံမှားတခု ဖြစ်ပေါ်လျက် ရှိပါ၏၊ 'ဤ ယုံမှားကို ငါပယ်ဖျောက်နိုင်အောင် ရဟန်းမြတ်ဂေါတမ သည် ငါ့အား တရားဟောခြင်းငှါ စွမ်းနိုင်၏' ဟု အကျွန်ုပ်သည် ရဟန်းမြတ်ဂေါတမအပေါ်၌ အကြွင်းမဲ့ ယုံကြည်ပါ၏။ အိုအရှင်အာနန္ဒာ….အကျွန်ုပ်တောင်းပန် ပါ၏၊ အကျွန်ုပ်သည် ရဟန်းမြတ်ဂေါတမကို ဖူးမြော်ခွင့် ရပါလိုသည်"—

ဟု တောင်းပန်စကား လျှောက်ထားလေ၏။

ဤသို့ လျှောက်ထားလေသော် အရှင်အာနန္ဒာမထေရ်မြတ် သည် "ဤသာသနာပြင်ပ ဗာဟိရကအယူရှိကြသော တိတ္ထိတို့ မည်သည် မိမိအယူကိုသာ စွဲမြဲစွာ ယူတတ်ကြ၏၊ ထိုသုဘဒ္ဒပရိ- ဗိုဇ်၏ မိစ္ဆာအယူကို စွန့်ပယ်ဖို့ရန် မြတ်စွာဘုရား တရားများစွာ ဟောကြားတော်မူနေပါလျှင် ကိုယ်တော်မြတ်၏ကိုယ်နှုတ်ပင်ပန်း နွမ်းနယ်ရုံသာ ရှိပေလိမ့်မည်၊ ဤသုဘဒ္ဒပရိဗိုဇ်သည် မိမိ၏ မိစ္ဆာအယူကို စွန့်ပယ်လိမ့်မည်မဟုတ်၊ မြတ်စွာဘုရားသည်လည်း ပကတိအားဖြင့်ပင် ပင်ပန်းနွမ်းနယ်တော်မူဆဲ ဖြစ်လေသည်"ဟု ကြံစည်ဆင်ခြင်တော်မူပြီးလျှင် သုဘဒ္ဒပရိဗိုဇ်ကို—

"ငါ့ရှင်သုဘဒ္ဒ….ခွင့်မပြုနိုင်ပါ၊ မြတ်စွာဘုရားသည် ပင်ပန်းတော်မူလျက်ရှိ၏၊ မြတ်စွာဘုရားကို မညှဉ်းဆဲ ပါလင့်"—

ဟု မြန်ကြားတော်မူလေ၏။

WWW.DHAMMARANSI.COM



သုဘဒ္ဒပရိဗိုဇ်သည် "ငါ့အား ဤအရှင်အာနန္ဒာသည် ခွင့်မပြုချေ၊ သို့သော် အလိုရှိသောသူမည်သည်ကား သူ့အလိုလိုက်၍ ပြုလုပ်ထိုက်ပေသည်"ဟု ကြံစည်ပြီးလျှင် နှစ်ကြိမ်မြောက်လည်း ရှေးနည်းအတူ တောင်းပန်စကား လျှောက်ထားလေ၏။ အရှင်အာနန္ဒာမထေရ်သည်လည်း ရှေးနည်းအတူပင် ပြန်ကြားတော်မူလေ၏။ သုံးကြိမ်မြောက်လည်း သုဘဒ္ဒပရိဗိုဇ်သည် ရှေးနည်းအတူ တောင်းပန်စကား လျှောက်ထားပြန်လေသော် ရှေးနည်းအတူပင် အရှင်အာနန္ဒာမထေရ်သည်လည်း ပြန်ကြားတော်မူလေ၏။

မြတ်စွာဘုရားရှင်သည် သုဘဒ္ဒပရိဗိုဇ်နှင့် အရှင်အာနန္ဒာ စကားပြောဆိုနေသည်ကို ပကတိနားဖြင့်ပင် ကြားသိတော်မူလေလျှင် သုဘဒ္ဒအတွက်ပင် လုံ့လကြီးစွာဖြင့် ကုသိနာရုံပြည်သို့ ကြွလာတော်မူခဲ့ရခြင်း ဖြစ်သောကြောင့် အရှင်အာနန္ဒာမထေရ်ကို—

> "ချစ်သားအာနန္ဒာ····တားမြစ်ရန် မသင့်၊ သုဘဒ္ဒကို မတားမြစ်ပါလင့်။ ချစ်သားအာနန္ဒာ...........သုဘဒ္ဒသည် မြတ်စွာဘုရားကို ဖူးမြော်ခွင့် ရပါစေလော့။ သုဘဒ္ဒသည် ငါဘုရားကို မေးမြန်းလျှင် ထိုမေးမြန်းသမျှသည် ညှဉ်းဆဲလို၍မဟုတ်ပဲ သိလို၍မေးခြင်းသာ ဖြစ်လိမ့်မည်၊ သူမေးသည်ကို ငါဘုရား ဖြေကြားလိုက်လျှင် ထိုအဖြေကို လျင်မြန်စွာ သူသိပေလိမ့်မည်"—

ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်ကို "ငါ့ရှင်သုဘဒ္ဒ···· မြတ်စွာဘုရားသည် သင့်အား ခွင့်ပြုတော်မူနေပြီ၊ သွားပေတော့"ဟု ခွင့်ပြုစကား မိန့်ကြားလေ၏၊ ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ ဆည်းကပ်၍ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြား၍ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေလျက် အပြစ်လွတ်ရာနေရာ၌ ထိုင်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ဤသို့ လျှောက်ထားမေးမြန်းလေ၏—

WWW.DHAMMARANSI.COM



"အို အရှင်မြတ်ဂေါတမ.... အကြင် သမဏ, ဗြာဟ္မဏ အမည်ခံပုဂ္ဂိုလ်တို့သည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းနှင့်လည်း ပြည့်စုံကုန်၏၊ ဂိုဏ်းဆရာလည်း ဖြစ်ကြကုန်၏၊ ထင်ရှားကျော်စောကုန်၏၊ အယူဝါဒ တီထွင်သူတို့ ဖြစ်ကြကုန်၏၊ သူတော်ကောင်းဟု လူအများက သမုတ်ထားသူများ ဖြစ်ကုန်၏၊ ဤသူတို့ကား အဘယ်သူတို့နည်းဟူမူ (၁) ပူရဏကဿပ (၂) မက္ခလိဂေါသာလ (၃) အဇိတကေသကမ္ဗလ (၄) ပကုဓကစ္စာယန (၅) ဗေလဋ္ဌ၏သား သဉ္စယနှင့် (၆) နာဋ၏သား နိဂဏ္ဌတို့ပင်တည်း။

ထိုသူအားလုံးတို့သည်ပင် မိမိတို့၏ ဝန်ခံချက်အတိုင်း တရားအားလုံးကို သိကြပါကုန်သလော၊ သို့မဟုတ် ထိုသူအားလုံးတို့သည်ပင် မိမိတို့ ဝန်ခံချက်အတိုင်း တရားအားလုံးကို မသိကြကုန်သလော၊ သို့မဟုတ် အချို့က သိ၍ အချို့က မသိပဲရှိကြပါကုန်သလော"—

ဟု မေးလျှောက်လေ၏။

(ကျွဲ့၊—သုဘဒ္ဒ၏ မေးလိုရင်းမှာ.... "မြတ်စွာဘုရား.... ပူရဏကဿပ အစရှိသော တိတ္ထိဂိုဏ်းဆရာကြီး ခြောက်ဦးတို့သည် အသီး အသီး 'ငါတို့ကား သဗ္ဗညု=ခပ်သိမ်းသောတရားကို သိသူများဖြစ်ကြသည်'ဟု ဝန်ခံကြပါသည်၊ သူတို့၏တပည့်ဖြစ်သူ လူအများကလည်း -သူတို့ကို တကယ့်သူတော်ကောင်းကြီးများဟု အသိအမှတ် ပြုကြပါသည်။ ထို တိတ္ထိဂိုဏ်းဆရာကြီး ခြောက်ဦးတို့သည် သူတို့၏ ဝန်ခံချက်အတိုင်း တကယ်ပင် ခြောက်ဦးလုံးပင် သဗ္ဗညုဘုရားများ ဖြစ်ကြပါသလော၊ သို့မဟုတ် ခြောက်ဦးလုံးပင် သဗ္ဗညုဘုရား မဟုတ်သူများ ဖြစ်ကြပါသလော၊ သို့မဟုတ် တချို့က သဗ္ဗညုဘုရားဟုတ်၍ တချို့က သဗ္ဗညုဘုရား မဟုတ်သူများ ဖြစ်ကြပါသလော။ ။သဗ္ဗညုဘုရားများဖြစ်ခဲ့လျှင် သူတို့ဟောပြအပ်သော အယူဝါဒ တရားစကားများသည် သံသရာဝဋ်မှ ထွက်မြောက်စေတတ်သည့် နိယျာနိကတရားများသာ ဖြစ်မည်။ ထိုသူတို့ ဟောပြအပ်သော အယူဝါဒ တရားစကားများသည် အားလုံးပင် နိယျာနိကတရားချည်း ဖြစ်ပါသလော၊ သို့မဟုတ်

WWW.DHAMMARANSI.COM



အားလုံးပင် နိယျာနိကတရား မဟုတ်သည်ချည်း ဖြစ်ပါသလော၊ သို့မဟုတ် တချို့တရားက နိယျာနိကတရားဖြစ်၍ တချို့တရားက နိယျာနိကတရားမဟုတ်ပဲ ရှိပါသလော–ဟု မေးလျှောက်လိုရင်း ဖြစ်သည်)။

ထိုသို့ မေးလျှောက်သောအခါ မြတ်စွာဘုရား၏ ကုသိနာရုံပြည်သို့ ကြွလာတော်မူခြင်းကပင် "ပဌမယံ၌ မလ္လမင်းတို့အား တရားဟောမည်၊ ပြီးလျှင် မဇ္ဈိမယံ၌ သုဘဒ္ဒအား တရားဟောမည်၊ ပြီးလျှင် ပစ္ဆိမယံ၌ ရဟန်းသံဃာကို အဆုံးအမ=ဩဝါဒပေး၍ မိုးသောက်အားကြီး လင်းခါနီး၌ ငါဘုရား ပရိနိဗ္ဗာန်စံမည်"ဟူသော ရည်ရွယ်တော်မူချက်ဖြင့် ကြွလာတော်မူခြင်း ဖြစ်ရကား ထို တိတ္ထိဂိုဏ်းဆရာကြီးတို့တရား၏ နိယျာနိကတရား မဟုတ်ကြောင်း ဟောပြသဖြင့် သုဘဒ္ဒအဖို့ရာ တစုံတရာအကျိုးရှိမည် မဟုတ်သောကြောင့်၎င်း, ထိုသို့ဟောပြနေရန် အချိန်အခါ အခွင့်ပင် မရှိတော့သောကြောင့်၎င်း မြတ်စွာဘုရားရှင်သည် သုဘဒ္ဒပရိဗိုဇ်ကို တကယ်ပင် သံသရာဝဋ်မှ ကျွတ်လွတ်စေမည့် အဋ္ဌင်္ဂိကမဂ်တည်းဟူသော မဇ္ဈိမပဋိပဒါ တရားဒေသနာကို ဟောပြတော်မူလိုသည်ဖြစ်၍—

"ချစ်သားသုဘဒ္ဒ..........မမေးလင့်၊ 'ထိုသူအားလုံးတို့သည်ပင် မိမိတို့၏ ဝန်ခံချက်အတိုင်း တရားအားလုံးကို သိကြပါကုန်သလော၊ သို့မဟုတ် ထိုသူအားလုံးတို့သည်ပင် မိမိတို့ဝန်ခံချက်အတိုင်း တရားအားလုံးကို မသိကြကုန်သလော၊ သို့မဟုတ် အချို့ကသိ၍ အချို့ကမသိပဲ ရှိကြပါကုန်သလော'ဟူသော ဤအမေးကို လွှတ်ရာဖယ်ရှားထားလိုက်ဦးလော့။

ချစ်သားသုဘဒ္ဒ.......သင့်အား ငါဘုရားသည် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကိုသာလျှင် ဟောအံ့၊ ထိုတရားကို သင်နာလော့၊ ကောင်းစွာ နှလုံးသွင်းလော့၊ အကျယ်အားဖြင့် ငါဘုရား ဟောကြားပေအံ့"—

WWW.DHAMMARANSI.COM



ဟု မိန့်တော်မူ၍ သုဘဒ္ဒပရိဗိုဇ်က "ကောင်းပါပြီ မြတ်စွာဘုရား...."ဟု ဝန်ခံစကား လျှောက်ထားလေလျှင် မြတ်စွာဘုရားရှင်သည် ဤဆိုလတ္တံ့သော တရားစကားကို ဟောကြားတော်မူလေ၏—

"ချစ်သားသုဘဒ္ဒ....အကြင်ဓမ္မဝိနယ ( = တရားသဖြင့်ဆုံးမရာ) သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည် မရှိ၊ ထိုအရိယမဂ်တရားမရှိသော သာသနာ၌ သောတာပန် ရဟန်းသည်လည်း မရှိ၊ ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည်လည်း မရှိ၊ တတိယအဆင့် အနာဂါမ်ရဟန်းသည်လည်း မရှိ၊ စတုတ္ထအဆင့် ရဟန္တာရဟန်းသည်လည်း မရှိ။

ချစ်သားသုဘဒ္ဒ.... အကြင်ဓမ္မဝိနယ ( = တရားသဖြင့်ဆုံးမရာ)သာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည်ရှိ၏၊ ထိုအရိယမဂ်တရားရှိသော သာသနာ၌ သောတာပန်ရဟန်းသည်လည်း ရှိ၏၊ ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည်လည်း ရှိ၏၊ တတိယအဆင့် အနာဂါမ်ရဟန်းသည်လည်း ရှိ၏၊ စတုတ္ထအဆင့် ရဟန္တာရဟန်းသည်လည်း ရှိ၏။

ချစ်သားသုဘဒ္ဒ....ငါဘုရား၏ တရားသဖြင့် ဆုံးမရာဤဓမ္မဝိနယသာသနာ၌ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်တရားသည် ထင်ရှားရှိပေ၏၊ ဤအရိယမဂ်တရား ထင်ရှားရှိရာ ငါဘုရား၏ ဓမ္မဝိနယသာသနာ၌သာလျှင် သောတာပန်ရဟန်းသည် ရှိပေ၏၊ ဤအရိယမဂ်တရား ထင်ရှားရှိရာ ငါဘုရား၏ ဓမ္မဝိနယသာသနာ၌သာလျှင် ဒုတိယအဆင့် သကဒါဂါမ်ရဟန်းသည် ရှိပေ၏၊ ဤအရိယမဂ်တရား ထင်ရှားရှိရာ ငါဘုရား၏ ဓမ္မဝိနယသာသနာ၌သာလျှင် တတိယအဆင့် အနာဂါမ်ရဟန်းသည် ရှိပေ၏၊ ဤအရိယမဂ်တရား ထင်ရှားရှိရာ ငါ

WWW.DHAMMARANSI.COM



ဘုရား၏ ဓမ္မဝိနယသာသနာ၌သာလျှင် စတုတ္ထအဆင့် ရဟန္တာရဟန်းသည် ရှိပေ၏။

ဤငါဘုရား၏ ဓမ္မဝိနယသာသနာတော်မှတပါးသော အယူဝါဒ(=သာသနာ)တို့သည် တရားကိုသိမြင်ကြသည့် (မဂ္ဂဋ္ဌအရိယာလေးယောက်,ဖလဋ္ဌအရိယာလေးယောက်, မဂ်လေးပါးကိုရဖို့ရန် အားထုတ်ဆဲဖြစ်သည့် ဝိပဿက လေးယောက်တည်းဟူသော) = ရဟန်းမြတ် တကျိပ် နှစ်ယောက်တို့မှ ဆိတ်သုဉ်းကုန်၏။

ချစ်သားသုဘဒ္ဒ....ဤဖော်ပြရာပါ ရဟန်းမြတ် တကျိပ် နှစ်ယောက်တို့သည် မှန်စွာ အဆင့်ဆင့်ဟောပြောလျက် နေကြကုန်သည်ရှိသော် လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်လေရာ၏။

ချစ်သားသုဘဒ္ဒ........ငါဘုရားသည် သဗ္ဗညုတဉာဏ်ကို ရှာလိုသည်ဖြစ်၍ နှစ်ဆယ့်ကိုးနှစ်အရွယ်က ရဟန်းပြုခဲ့၏၊ ချစ်သားသုဘဒ္ဒ....ငါရဟန်းပြုသည်မှစ၍ အနှစ်ငါးဆယ် ကျော်ခဲ့လေပြီ။ ဤငါဘုရား၏ သာသနာတော်မှအပ၌ အရိယမဂ်တရား၏ ရှေ့ပိုင်းဖြစ်သော ဝိပဿနာကို ပွါး များသောသူသည်လည်း မရှိချေ၊ သောတာပန်ရဟန်း သည်လည်း မရှိချေ၊ ဒုတိယအဆင့် သကဒါဂါမိရဟန်း သည်လည်း မရှိချေ၊ တတိယအဆင့် အနာဂါမိရဟန်း သည်လည်း မရှိချေ၊ စတုတ္ထအဆင့် ရဟန္တာရဟန်းသည် လည်း မရှိချေ။

ဤငါဘုရား၏ ဓမ္မဝိနယသာသနာတော်မှ တပါး သော အယူဝါဒ ( = သာသနာ ) တို့သည် တရားကို သိမြင်ကြသည့် ရှေးဖော်ပြရာပါ ရဟန်းမြတ် တကျိပ် နှစ်ယောက်တို့မှ ဆိတ်သုဉ်းကုန်၏။ ချစ်သားသုဘဒ္ဒ···· ဤရဟန်းမြတ် တကျိပ်နှစ်ယောက်တို့သည် မှန်စွာ အဆင့် ဆင့် ဟောပြောကြလျက် နေကြကုန်သည်ရှိသော် လောက

WWW.DHAMMARANSI.COM



သည့် ရဟန္တာတို့မှ မဆိတ်မသုဉ်းသည်သာ ဖြစ်လေရာ၏" -

ဟု တရားစကား ဟောကြားတော်မူလေ၏။

### သုဘဒ္ဒပရိဗိုဇ်ရဟန်းပြု၍ ရဟန္တာဖြစ်ခြင်း

ဤသို့ မြတ်စွာဘုရားရှင်က တရားစကား ပြောကြားတော်မူလတ်သည်ရှိသော် သုဘဒ္ဒပရိဗိုဇ်သည် မြတ်စွာဘုရားရှင်ကို "မြတ်စွာဘုရား....အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ မြတ်စွာဘုရား....အလွန်နှစ်သက်ဖွယ်ရှိပါပေစွ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား..........လောကဥပမာအားဖြင့် မှောက်၍ထားအပ်သော ဝတ္ထုကို လှန်လိုက်သကဲ့သို့၎င်း, ဖုံးအုပ်ထားသော အရာဝတ္ထုကို ဖွင့်လှစ်လိုက်သကဲ့သို့၎င်း, မျက်စိလည် လမ်းမှားသောသူအား လမ်းမှန်ကို ပြောကြားလိုက်သကဲ့သို့၎င်း 'မျက်စိအမြင်ရှိသော သူတို့သည် အဆင်းအမျိုးမျိုးတို့ကို မြင်ကြပေလိမ့်မည်'ဟု အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ထွန်းညှိထားသကဲ့သို့၎င်း ထိုအတူပင် မြတ်စွာဘုရားသည် အကျွန်ုပ်အား များစွာသောအကြောင်းဖြင့် တရားတော်ကို ထင်ရှားစွာ ဟောပြတော်မူအပ်ပါပေပြီ၊ မြတ်စွာဘုရား····ထိုအကျွန်ုပ်သုဘဒ္ဒသည် မြတ်စွာဘုရားကို၎င်း, တရားတော်ကို၎င်း, ရဟန်းသံဃာတော်ကို၎င်း ကိုးကွယ်ရာ ဆည်းကပ်ရာ ပုန်းအောင်းရာဟူ၍ သိမှတ်ဆည်းကပ်ပါ၏။ မြတ်စွာဘုရား····အကျွန်ုပ်သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရပါရစေ"ဟု လျှောက်ထားတောင်းပန်လေ၏။

ထိုသို့ လျှောက်ထားတောင်းပန်သောအခါ မြတ်စွာဘုရားရှင်က—

"ချစ်သားသုဘဒ္ဒ.... ဤသာသနာတော်မှ တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသောသူသည် ဤဓမ္မဝိနယသာသနာတော်၌ အကယ်၍ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရယူလိုမူ လေးလတို့ပတ်လုံး ပရိဝါသ်ကျင့်သုံးရသည်။

WWW.DHAMMARANSI.COM



လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သော စိတ်ရှိကြလျှင် ရှင်ပြု၍ပေးကြလိမ့်မည်၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးကြလိမ့်မည်။ သို့သော်လည်း ဤအရာ၌ ငါဘုရားသည် ပုဂ္ဂိုလ်၏ ခြားနားချက် ( = ဤသူကား တိတ္ထိယပရိဝါသ် ကျင့်သုံးထိုက်သူဖြစ်သည်၊ ဤသူကား တိတ္ထိယပရိဝါသ် ကျင့်သုံးထိုက်သူ မဟုတ်–ဟူသော အချက်)ကို လင်းလင်းထင်ထင် သိမြင်အပ်ပေ၏"—

ဟူ၍ မိန့်တော်မူလေလျှင် သုဘဒ္ဒပရိဗိုဇ်သည်—

"မြတ်စွာဘုရား····ဤသာသနာတော်မှ တပါးသော အယူရှိသည့် တိတ္ထိဖြစ်ဘူးသော သူတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ အကယ်၍ ရှင်အဖြစ်, ရဟန်းအဖြစ်ကို ရယူလိုကြမူ လေးလတို့ပတ်လုံး ပရိဝါသ်ကျင့်သုံးကြရသည်ဖြစ်လျှင် လေးလလွန်သောအခါ ရဟန်းတို့သည် ကျေနပ်သောစိတ်ရှိကြ၍ ရှင်ပြု၍ပေးကြ, ရဟန်းအဖြစ်သို့ မြှင့်တင်၍ ပေးကြမည်ဖြစ်လျှင် အကျွန်ုပ်သည် လေးနှစ်ပတ်လုံး တိတ္ထိယပရိဝါသ်ကို ကျင့်သုံးပါမည်၊ လေးနှစ်လွန်သောအခါ ရဟန်းတို့သည် ကျေနပ်သောစိတ်ရှိတော်မူကြပါလျှင် ရှင်ပြုပေးတော်မူကြပါစေ၊ ရဟန်းအဖြစ်သို့ မြှင့်တင်ပေးတော်မူကြပါစေ"—

ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင်အာနန္ဒာမထေရ်ကို "ချစ်သားအာနန္ဒာ............သို့ဖြစ်လျှင် သုဘဒ္ဒကို ရှင်, ရဟန်းပြုပေးလိုက်လော့"ဟု မိန့်ကြားတော်မူ၍ အရှင်အာနန္ဒာမထေရ်သည်လည်း "ကောင်းပါပြီ မြတ်စွာဘုရား....''ဟု လျှောက်ထားဝန်ခံလေ၏။

ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် အရှင်အာနန္ဒာမထေရ်ကို"ငါ့ရှင်အာနန္ဒာ....သင်တို့သည် ဤသာသနာတော်ဝယ် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ တပည့်အဖြစ်ဖြင့် အဘိသိက်သွန်းခြင်းကို ရရှိပါပေကုန်၏၊ ငါ့ရှင်အာနန္ဒာ....သင်တို့သည် လာဘ်ကောင်း

WWW.DHAMMARANSI.COM



ပါပေကုန်စွ၊ အရှင်တော်ပါပေကုန်စွ”ဟု လျှောက်ထားပြော ဆိုလေ၏။

(တိတ္ထိတို့၏အယူဝါဒ၌ ဆရာဖြစ်သူက အကြင်တပည့်ကို “ဤသူကို ရှင်ပြုပေးလိုက်၊ ဤသူကို ဆုံးမလိုက်၊ ဤသူကို ကံမြစ်လိုက်=အနုသာသနီစကား ပြောကြားလိုက်”ဟု မိမိကိုယ်စား တာဝန်လွှဲစကား ပြောကြား၏၊ ထိုတာဝန်လွှဲစကား အပြောအကြားခံရသော တပည့်သည် ဆရာဖြစ်သူက မိမိရာထူး၌ ထားအပ်သည် မည်လေသည်။ သို့ရကား တပည့်ဖြစ်သောသူအဖို့ရာ “ဤသူကို ရှင်ပြုပေးလိုက်၊ ဤသူကို ဆုံးမလိုက်၊ ဤသူကို ကံမြစ်လိုက်”ဟု ဆရာဖြစ်သူက မိန့်ကြားသည့် တာဝန်လွှဲစကားများသည် ကြီးမားသောလာဘ်ကြီးတခု ဖြစ်လေသည်။ သုဘဒ္ဒပရိဗိုဇ်သည် ထိုတိတ္ထိတို့၏ အယူဝါဒအတိုင်း အရှင်အာနန္ဒာမထေရ်ကို ဤကဲ့သို့ ပြောကြားလေသည်)။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် သုဘဒ္ဒပရိဗိုဇ်ကို သင့်လျော်ရာနေရာ၌ ခေါ်ဆောင်သွား၍ ရေဖူးမှ ရေဖြင့် ဦးခေါင်းကို ဆွတ်ပြီးလျှင် တစပဉ္စကကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၍ ဆံမုတ်ဆိတ်ကို ပယ်ရိတ်ခြင်း, သင်္ကန်းတို့ကို ဝတ်စေခြင်း, သရဏဂုံပေးခြင်းတည်းဟူသော ရှင်ပြုမှုကိစ္စ သုံးရပ်တို့ကို အစဉ်အတိုင်း ပြုပေးပြီးလျှင် သုဘဒ္ဒသာမဏေကို မြတ်စွာဘုရားရှင်ထံတော်သို့ ခေါ်ဆောင်သွားလေ၏။

မြတ်စွာဘုရားရှင်သည် သုဘဒ္ဒသာမဏေအား ထိုခဏမှာပင် ပဉ္စင်းခံပေးစေ၍ ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူလေသည်။ သုဘဒ္ဒရဟန်းသည် မြတ်စွာဘုရား ဟောကြားအပ်သော ထိုကမ္မဋ္ဌာန်းကိုယူ၍ အင်ကြင်းဥယျာဉ်အတွင်း ဆိတ်ငြိမ်ရာ တခုသောနေရာ၌ စင်္ကြံသွားခြင်း ဣရိယာပုထ်ဘခုတည်းဖြင့် မနေမနား တရားအားထုတ်လေရာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မမူမီ ထိုညဉ့်မှာပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်၍ ဘုရားရှင်ထံမှောက်သို့ လာရောက်ရှိခိုး၍ ထိုင်နေလေ၏။

အရှင်သုဘဒ္ဒသည် အာသဝေါကုန်ခန်းရဟန္တာတို့တွင် တပါးအပါအဝင်ဖြစ်၍ မြတ်စွာဘုရား၏ နောက်ဆုံး=ပစ္ဆိမ မျက်မှောက်တပည့်သာဝက ဖြစ်လေသတည်း။

WWW.DHAMMARANSI.COM



(နောက်ဆုံး=ပစ္ဆိမ မျက်မှောက်သာဝက-ဟူရာ၌— (၁) အကြင်သူသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ရှင်သာမဏေအဖြစ်ကို ရယူ၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်မှ ရဟန်းအဖြစ်ကို ရယူကာ ကမ္မဋ္ဌာန်းတရား သင်ကြားအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုသူသည်လည်း နောက်ဆုံး=ပစ္ဆိမ မျက်မှောက်တပည့်သာဝကမည်၏။ (၂) အကြင်သူသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် ရှင်အဖြစ်,ရဟန်းအဖြစ်ကို ရယူ၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်မှ ကမ္မဋ္ဌာန်းတရား သင်ကြားအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုသူသည်လည်း နောက်ဆုံး=ပစ္ဆိမ မျက်မှောက်တပည့်သာဝကပင်မည်၏။ (၃) အကြင်သူသည် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပင် ရှင်အဖြစ်ကိုလည်း ရယူ, ရဟန်းအဖြစ်ကိုလည်းရယူ, ကမ္မဋ္ဌာန်းတရားကိုလည်း သင်ကြားအားထုတ်၍ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်မှ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထိုသူသည်လည်း နောက်ဆုံး=ပစ္ဆိမမျက်မှောက်တပည့်သာဝကပင်မည်၏။ ဤယခု အရှင်သုဘဒ္ဒရဟန်းသည်ကား မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်ပင် ရှင်အဖြစ်ကို ရယူ, ရဟန်းအဖြစ်ကိုလည်း ရယူ, ကမ္မဋ္ဌာန်းတရားကိုလည်း သင်ကြားအားထုတ်၍ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်မှာပင် အရဟတ္တဖိုလ်သို့လည်း ရောက်ဆိုက်သူ ဉက္ကဋ္ဌနောက်ဆုံး=ပစ္ဆိမ မျက်မှောက်တပည့်သာဝကဖြစ်သည်ကို အထူးမှတ်ယူရာ၏)။

## ဓမ္မပဒကျမ်းလာ သုဘဒ္ဒပရိဗိုဇ်ဝတ္ထု

ဤဆိုအပ်ပြီးသော သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းအရာဝတ္ထုစကားအစဉ်သည် သုတ်မဟာဝါပါဠိတော်နှင့် အဋ္ဌကထာတို့၌ လာရှိသော စကားအစဉ် ဖြစ်လေသည်။ ဓမ္မပဒကျမ်းလာ သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းအရာဝတ္ထု စကားအစဉ်ကိုလည်း ဤ၌ အကျဉ်းမျှ ဖော်ပြဦးအံ့—

မြတ်စွာဘုရားရှင် မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်အတွင်း ပရိနိဗ္ဗာနညောင်စောင်း၌ လျောင်းတော်မူစဉ် ဤသုဘဒ္ဒပရိဗိုဇ်သည် "ငါကား ပြဿနာသုံးရပ်တို့၌ မိမိ၏ ယုံမှားသံသယကို ပရိဗိုဇ်ဆရာကြီးများကိုသာ မေးမြန်း၍ ရဟန်းမြတ်ဂေါတမကိုမူ 'အသက်အရွယ် ငယ်သူဖြစ်သည်' ဟူသော အမှတ်ဖြင့် အထင်

WWW.DHAMMARANSI.COM



သေးကာ မမေးခဲ့မိချေ။ ယခုလည်း ထိုရဟန်းမြတ်ဂေါတမ၏ ပရိနိဗ္ဗာန် စံလွန်ရန် အချိန်နီးကပ်လာလေပြီ၊ ယခု မမေးလိုက်မိလျှင် နောက်တချိန်၌ ငါ့အဖို့ရာ ရဟန်းမြတ်ဂေါတမအား မမေးလိုက် မိခြင်း ဟူသော အကြောင်းကြောင့် နှလုံးမသာယာမှု ဖြစ်လေရာ၏''ဟု ကြံစည်ဆင်ခြင်မိကာ မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ သွားရောက်၍ အရှင်အာနန္ဒာအား ဘုရားကို ဖူးမြော်ခွင့်ပြုရန် လျှောက်ထားလေရာ အရှင်အာနန္ဒာက ရှေးဖော်ပြရာပါအတိုင်း တားမြစ်အပ်ပါသော်လည်း မြတ်စွာဘုရားရှင်က "ချစ်သားအာနန္ဒာ....သုဘဒ္ဒကို မတားမြစ်ပါလင့်၊ ငါဘုရားကို အမေးပုစ္ဆာပြဿနာ မေးလျှောက်ပါစေ''ဟု ခွင့်ပြုစကား မိန့်ကြားတော်မူလတ်သည်တွင် တင်းထိမ်ကန့်လန့်ကာအတွင်းသို့ ဝင်ရောက်၍ ညောင်စောင်းတော်အောက်က ထိုင်နေပြီးလျှင်—

"အိုရဟန်းမြတ်.... အသို့နည်း (= ဘယ့်နှယ်လဲ) ၁-ကောင်းကင်၌ ခြေရာမည်သည် ဖြစ်နိုင်ရှိနိုင်ပါသလော၊

၂-ဤဘုရားမြတ်စွာ သာသနာတော်မှ အပြင်အပ တိတ္ထိတို့၏အယူဝါဒ၌ ကိလေသာကို ငြိမ်းစေတတ်သည့် ရဟန်းသူမြတ်များ ဖြစ်နိုင်ရှိနိုင်ပါသလော၊

၃-မဖောက်မပြန် မပျက်မစီးပဲ အမြဲတည်သော သင်္ခါရ တို့မည်သည် ဖြစ်နိုင်ရှိနိုင်ပါကုန်၏လော''—

ဟူ၍ ဤအမေးပုစ္ဆာ ပြဿနာသုံးချက်တို့ကို မြတ်စွာဘုရားရှင်အား လျှောက်ထားမေးမြန်းလေသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် သုဘဒ္ဒပရိဗိုဇ်အား ထိုသုံးမျိုးလုံးပင် မဖြစ်နိုင်ကြောင်း မရှိနိုင်ကြောင်း ဖြေကြားတော်မူလိုသည်ဖြစ်၍ ဤဆိုလတ္တံ့သော ဂါထာတို့ဖြင့် တရားကိုဟောကြားတော်မူလေသည်—

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။ (၁)

WWW.DHAMMARANSI.COM



သုဘဒ္ဒ = ချစ်သားသုဘဒ္ဒ....။ အာကာသေ=အဇဋာကာသ ပြင် မိုးကောင်းကင်၌။ ပဒံ = တဦးတယောက်၏ ခြေရာမည်သည်။ နတ္ထိ = မရှိကေန် စင်စစ်မှန်၏။ နတ္ထိ ဣဝ = မရှိကေန် စင်စစ်မှန်သကဲ့သို့။ ဗာဟိရေ = ဤသာသနာတော်မှ အပြင်အပ တိတ္ထိတို့၏အယူဝါဒ၌။ သမဏော = ကိလေသာခပ်သိမ်းကို အေးငြိမ်းစေတတ် ရဟန်းမြတ်တကျိပ်နှစ်ပါးသည်။ နတ္ထိ = မရှိကေန် စင်စစ်မှန်၏။ ပဇာ = လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းသည်။ ပပဉ္စာဘိရတာ = တဏှာ,မာန,ဒိဋ္ဌိအား သုံးထွေပြားသည့် ပပဉ္စတရား၌သာ ပျော်ပါးနှစ်ခြိုက်၍နေပေ၏။ တထာဂတာ = ဘုရားရှင်တို့သည်။ နိပ္ပပဉ္စာ = ဗောဓိညောင်မင်း ပင်ခြေရင်း၌ပင် အကြွင်းမဲ့ပယ်ဖြတ်ပြီးကြ၍ ပပဉ္စတရား လားလားမျှ ရှိတော်မမူကြကုန်။

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။ (၂)

သုဘဒ္ဒ = ချစ်သားသုဘဒ္ဒ....။ အာကာသေ = အဇဋာကာသပြင် မိုးကောင်းကင်၌။ ပဒံ = တဦးတယောက်၏ ခြေရာမည်သည်။ နတ္ထိ = မရှိကေန် စင်စစ်မှန်၏။ နတ္ထိ ဣဝ = မရှိကေန် စင်စစ်မှန်သကဲ့သို့။ ဗာဟိရေ = ဤသာသနာတော်မှ အပြင်အပ တိတ္ထိတို့၏အယူဝါဒ၌။ သမဏော = ကိလေသာခပ်သိမ်းကို အေးငြိမ်းစေတတ် ရဟန်းမြတ်တကျိပ်နှစ်ပါးသည်။ နတ္ထိ = မရှိကေန် စင်စစ်မှန်၏။ သဿတာ = မဖောက်မပြန် မပြိုမကွဲ မြဲသောသဘောရှိကုန်သော။ သင်္ခါရာ = ခန္ဓာငါးပါး သင်္ခါရတရားတို့သည်။ နတ္ထိ = တစိုးတစိ မရှိကေန် စင်စစ်မှန်ကုန်၏။ ဗုဒ္ဓါနံ = သဗ္ဗညုထွတ်တင် ဘုရားရှင်တို့၏ (သန္တာန်၌)။ ဣဉ္ဇိတံ = တဏှာတည်းဟူသော တုန်လှုပ်ခြင်း, မာနတည်းဟူသော တုန်လှုပ်ခြင်း—စသည်တို့တွင်

WWW.DHAMMARANSI.COM



တပါးပါးသော တုန်လှုပ်ခြင်းသည်။ နတ္ထိ = မရှိကြောင်း စင်စစ်မှန်၏။

ဤတရားဒေသနာ ဂါထာနိဂုံး ဆုံးသောအခါ၌ သုဘဒ္ဒပရိဗိုဇ်သည် အနာဂါမိဖိုလ်၌ တည်လေ၏။ ထိုအခိုက် မြတ်စွာဘုရား၏အနီး၌ ရောက်ဆိုက်သော ပရိသတ်အဖို့ရာလည်း အကျိုးရှိသော တရားဒေသနာ ဖြစ်လေ၏။

ဤကား ဓမ္မပဒကျမ်း၌လာသော သုဘဒ္ဒပရိဗိုဇ်၏ အကြောင်းအရာဝတ္ထုတည်း။ ။ဤအရာ၌ သုဘဒ္ဒပရိဗိုဇ်သည် သုတ်မဟာဝါပါဠိတော်လာ ပြဿနာကို မေးမြန်းလျှောက်ထား၍ မြတ်စွာဘုရား၏ ဖြေကြားချက်ကို နာယူပြီးနောက် ဓမ္မပဒကျမ်းလာ ပြဿနာသုံးချက်ကို ဆက်၍လျှောက်ထား မြတ်စွာဘုရား၏ ဖြေကြားချက်ကို နာယူ၍အဆုံး အနာဂါမ်အရိယာဖြစ်ပြီးလျှင် သုတ်မဟာဝါပါဠိတော်လာအတိုင်း သရဏဂုံခံယူကာ ရှင်,ရဟန်းအဖြစ်ကို တောင်းခံရယူ၍ ရဟန်းတရားအားထုတ်သဖြင့် ဘုရားပရိနိဗ္ဗာန် စံတော်မမူမီ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကာ မြတ်စွာဘုရား၏ နောက်ဆုံးပစ္ဆိမ မျက်မှောက်သာဝကဖြစ်လေသည်ဟု မှတ်ယူလျှင် ကျမ်းဂန်နှစ်ရပ် မဆန့်ကျင်ပဲ စကားချင်းစပ်မိ၏။

## မြတ်စွာဘုရား၏ နောက်ဆုံးဩဝါဒစကားတော်

မြတ်စွာဘုရားရှင်သည် နောက်ဆုံး = ပစ္ဆိမ တပည့်သာဝကဖြစ်သူ သုဘဒ္ဒပရိဗိုဇ် ရဟန္တာဖြစ်ပြီးသောအခါ ရဟန်းသံဃာအား နောက်ဆုံးဩဝါဒပေးတော်မူလိုသည်ဖြစ်၍ အရှင်အာနန္ဒာမထေရ်ကို (တရားနာခံပြုကာ) ဤဆိုလတ္တံ့သောအတိုင်း မိန့်ကြားတော်မူလေသည်။ မိန့်ကြားတော်မူပုံမှာ—

"ချစ်သားအာနန္ဒာ ···· သင်ချစ်သားတို့၏ စိတ်သန္တာန်မှာ 'တရားစကားတော်သည် ပေါကြွားသောဆရာဘုရားမှ ကင်းကွာခဲ့လေပြီ (= ပေါကြွားသူဆရာဘုရားမှ ကင်းကွာသော တရားစကားတော်ဖြစ်ခဲ့လေပြီ)၊ ငါတို့၏ ဆရာဘုရားသည် မရှိ

WWW.DHAMMARANSI.COM



တော့ပြီ’ဟု ဤသို့သော ထင်မှတ်မှု အားငယ်မှု ဖြစ်သော်မှု ဖြစ်လေရာ၏။ ချစ်သားအာနန္ဒာ····ဤအရာကို ဤသို့ မထင်မှတ်ထိုက်ပေ၊ ချစ်သားအာနန္ဒာ···· လေးဆယ့်ငါး၀ါ ကာလကြာအောင် ငါဘုရား ဟောကြားပညတ်အပ်သော တရားတော်, ဝိနည်းတော်သည် ငါဘုရားကွယ်လွန်သောအခါ၌ သင်ချစ်သားတို့၏ ဆရာဘုရားပင် ဖြစ်ပေ၏။ (က)

ချစ်သားအာနန္ဒာ....ယခုအခါ ရဟန်းတို့သည် အချင်းချင်း တပါးက တပါးကို ‘အာဝုသော = ငါ့ရှင်’ဟူသော စကားဖြင့်ကြီး, ငယ် မရွေး ခေါ်ဝေါ်ပြောဆိုကြသကဲ့သို့ ငါဘုရား ကွယ်လွန်သောအခါ၌ကား ဤကဲ့သို့ မခေါ်ဝေါ် မပြောဆိုကြလင့်။ ချစ်သားအာနန္ဒာ....မထေရ်ကြီးဖြစ်သော ရဟန်းက သီတင်းငယ်ဖြစ်သော ရဟန်းကို အမည်ဖြင့်ဖြစ်စေ အနွယ်ဖြင့်ဖြစ်စေ ‘အာဝုသော = ငါ့ရှင်’ဟူသော စကားဖြင့်ဖြစ်စေ ခေါ်ဝေါ်ပြောဆိုကြရမည်။ သီတင်းငယ်ဖြစ်သော ရဟန်းသည်ကား မထေရ်ကြီးဖြစ်သော ရဟန်းကို ‘ဘန္တေ = အရှင်ဘုရား....’ ဟူ၍သော်၎င်း ‘အာယသ္မာ = သက်တော်ရှည်အရှင်....’ ဟူ၍သော်၎င်း ဤသို့သာ ခေါ်ဝေါ်ပြောဆိုကြရမည်။ (ခ)

ချစ်သားအာနန္ဒာ....သံဃာတော်သည် ငါဘုရား ကွယ်လွန်သောအခါ၌ အသေးအနုပ် သိက္ခာပုဒ်များကို ပယ်နုတ်လိုခဲ့သော် ပယ်နုတ်လေလော့။ (ဂ)

ချစ်သားအာနန္ဒာ .... ငါဘုရား ကွယ်လွန်သောအခါ၌ ဆန္နရဟန်းအား ဗြဟ္မဒဏ်ပေးအပ်၏ = ပေးရမည်” ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်က “မြတ်စွာဘုရား....ဗြဟ္မဒဏ်ဟူသည် အဘယ်ပါနည်း” ဟု လျှောက်ထားမေးမြန်းလေလျှင် မြတ်စွာဘုရားရှင်သည် “ချစ်သားအာနန္ဒာ....ဆန္နရဟန်းသည် သူပြောဆိုလိုရာစကားကို ပြောဆိုနိုင်၏၊ သို့ရာတွင် ရဟန်းတို့ကမူ ထိုဆန္နရဟန်းကို မပြောဆိုအပ် မဆုံးမအပ် မကံမြစ်အပ်၊ ဤကား ဗြဟ္မဒဏ်တည်း”ဟု မိန့်တော်မူ၏။ (ဃ)

WWW.DHAMMARANSI.COM



(ဌ) ဩဝါဒစကားရပ်တို့တွင် (က) မှတ်စကားရပ်၌—

ချစ်သားအာနန္ဒာ....ငါဘုရားသည် ယခုသက်တော်ထင်ထင် တည်ရှိနေစဉ် သင်ချစ်သားတို့အား "ဤအပြစ်ကား ပေါ့သောအပြစ်ဖြစ်သည်၊ ဤအပြစ်ကား လေးသောအပြစ် ဖြစ်သည်၊ ဤအပြစ်ကား ကုစား၍ ရကောင်းသောအပြစ်ဖြစ်၍ ဤအပြစ်ကား ကုစား၍ မရကောင်းသော အပြစ်ဖြစ်သည်၊ ဤအပြစ်ကား လောကဝဇ္ဇအပြစ်=ဇာတိ အကုသိုလ်ဖြစ်သော အပြစ်ဖြစ်၍ ဤ အပြစ်ကား ပဏ္ဏတ္တိဝဇ္ဇ=ဘုရားပညတ်ချက်အရသာ အပြစ်ဖြစ်သည်၊ ဤမည်သောအာပတ်သည် ပုဂ္ဂိုလ်၏ အထံ၌ ထနိုင် ငြိမ်းနိုင်၏၊ ဤ အာပတ်သည် ဂိုဏ်း၏အထံ၌ ထနိုင် ငြိမ်းနိုင်၏၊ ဤ အာပတ်သည် သံဃာ့အထံ၌သာ ထနိုင် ငြိမ်းနိုင်၏" ဤသို့ အစ ရှိသည်ဖြင့် အာပတ်ခုနစ်ပုံနှင့် စပ်၍ သက်ရောက်လာသောအကြောင်း ဝတ္ထုများ၌ မဟာဝဂ္ဂ စူဠဝဂ္ဂခန္ဓက ပရိဝါရတို့နှင့်တကွသော ဥဘတော-ဝိဘင်း = ဘိက္ခုဝိဘင်း၊ ဘိက္ခုနီဝိဘင်းတည်းဟူသော ဝိနည်းတရားတော် (ဝိနည်း ၅-ကျမ်း ပါဠိတော်)ကို ပကိဏ္ဏကဒေသနာ အဋ္ဌကထာနှင့်တကွ ဟောကြားအပ်ခဲ့လေပြီ၊ ထို အလုံးစုံသော ဝိနည်းပိဋကတ်သည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်သောအခါ. သင်ချစ်သားတို့အတွက် ဆရာဘုရားကိစ္စကို ရွက်ဆောင်ပြီးစေရစ်လိမ့်မည်။

ချစ်သားအာနန္ဒာ....ငါဘုရားသည် ယခု သက်တော်ထင်ထင် တည်ရှိနေစဉ် သင်ချစ်သားတို့အား "ဤတရားတို့သည် သတိပဋ္ဌာန်လေးပါးတို့တည်း၊ သမ္မပ္ပဓာန်လေးပါးတို့တည်း၊ ဣဒ္ဓိပါဒ်လေးပါးတို့တည်း၊ ဣန္ဒြေငါးပါးတို့တည်း၊ ဗိုလ်ငါးပါးတို့တည်း၊ ဗောဇ္ဈင်ခုနစ်ပါးတို့တည်း၊ မဂ္ဂင်ရှစ်ပါးတို့တည်း"ဟု ထိုထိုအခြင်းအရာဖြင့် ဤ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ ဝေဘန်ကာ ဝေဘန်ကာ သုတ္တန်ပိဋကတ်ကို ဟောကြားအပ်လေပြီ၊ ထိုအလုံးစုံသော သုတ္တန်ပိဋကတ်သည်လည်း ငါဘုရား ပရိနိဗ္ဗာန် စံလွန်သောအခါ သင်ချစ်သားတို့အတွက် ဆရာဘုရားကိစ္စကို ရွက်ဆောင်ပြီးစေရစ်လိမ့်မည်။

ဤတွင်သာမကသေး ယခု ငါဘုရား သက်တော်ထင်ထင် တည်ရှိနေစဉ် "ဤ တရားတို့သည် ခန္ဓာငါးပါးတို့တည်း၊ အာယတနတဆယ့်နှစ်ပါးတို့တည်း၊ ဓာတ်တဆယ့်ရှစ်ပါးတို့တည်း၊ သစ္စာလေးပါးတို့တည်း၊ ဣန္ဒြေနှစ်ဆယ့်နှစ်ပါးတို့တည်း၊ ဟိတ်ကိုးပါးတို့တည်း၊ အာဟာရလေးပါးတို့တည်း၊ ဖဿ ခုနစ်ပါးတို့တည်း၊ ဝေဒနာ ခုနစ်ပါး, သညာ ခုနစ်ပါး, စေတနာခုနစ်ပါး, စိတ်ခုနစ်ပါးတို့တည်း။ ထိုတရားတို့တွင်လည်း ဤရွေ

WWW.DHAMMARANSI.COM



ဤမျှတို့ကား ကာမာဝစရတရားတို့တည်း၊ ဤရွေ့ ဤမျှတို့ကား ရူပါဝစရတရားတို့တည်း၊ ဤရွေ့ ဤမျှတို့ကား အရူပါဝစရတရားတို့တည်း၊ ဤရွေ့ ဤမျှတို့ကား ဝဋ်တရား၌ အကျုံးဝင်ကြ၍ ဤရွေ့ ဤမျှတို့ကား ဝဋ်တရား၌ အကျုံးမဝင်ကြကုန်၊ ဤရွေ့ ဤမျှတို့ကား လောကီတရားတို့ဖြစ်၍ ဤရွေ့ ဤမျှတို့ကား လောကုတ္တရာတရားတို့ဖြစ်ကြသည်' ဤသို့ စသည်ဖြင့် ဤ ခန္ဓာအစရှိသော တရားများကို ခွဲခြမ်းစိတ်ဖြာ ဝေဘန်ကာ ဝေဘန်ကာ သမန္တပဋ္ဌာန်း ၂၄-ကျမ်းရှိသည့် အနန္တနယပဋ္ဌာန်းကျမ်းကြီးဖြင့် နောက်ဆုံးအတွက်တပ် တန်းဆာဆင်အပ်သော အဘိဓမ္မာပိဋကကို ဟောကြားအပ်လေပြီ၊ ထိုအလုံးစုံသော အဘိဓမ္မာပိဋကသည်လည်း ငါဘုရား ပရိနိဗ္ဗာန် စံလွန်သောအခါ သင်ချစ်သားတို့အတွက် ဆရာဘုရားကိစ္စကို ရွက်ဆောင် ပြီးစေရစ်လိမ့်မည်။ ဤသို့လျှင် ငါဘုရားသည် ဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန် စံလွန်သည်တိုင်အောင် လေးဆယ့်ငါးဝါ ကာလတို့ပတ်လုံး ဟောကြားအပ်သော ဤ ဓမ္မဝိနယတရားတော်မြတ်အစုသည် ပိဋကအားဖြင့် သုံးသွယ်, နိကာယ်အားဖြင့် ငါးဖြာ, အင်္ဂါအားဖြင့် ကိုးတန်, ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ဤသို့ မြားမြောင်လှသော အပြားရှိပေ၏။ ဤ ဖော်ပြရာပါ ဘုရားပေါင်း ရှစ်သောင်းလေးထောင်ဟု ခေါ်ဆိုထိုက်သည့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကား ထင်ရှားစွာတည်လျက်ပင် ရှိကုန်၏၊ ငါဘုရားတဆူတည်းသာ ပရိနိဗ္ဗာန် စံသေးသည်။ ယခု ငါဘုရားသက်တော်ထင်ရှားရှိစဉ်မှာ သင်ချစ်သားတို့ကို ငါဘုရားတဆူတည်းသာ ဆုံးမနေ၏၊ ကံမြစ်နေ၏။ ငါဘုရား ပရိနိဗ္ဗာန် စံလတ်သော် ဤ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့သည် ငါဘုရားအရာ၌ တည်ရစ်ကြကာ သင်ချစ်သားတို့ကို ဆုံးမရစ်ကြပေလိမ့်မည်၊ ကံမြစ်ရစ်ကြပေလိမ့်မည်"—

ဟု အကြောင်းပေါင်းများစွာ ဖော်ပြလျက် မြတ်စွာဘုရားသည် ရဟန်းသံဃာကို ဆုံးမတော်မူလေသည်၊ အားပေးစကား မိန့်ကြားတော်မူလေသည်။

( ခ ) မှတ်စကားရပ်ဖြင့် ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံတော်မူပြီး နောက်အခါ၌ ရဟန်းသံဃာတို့ လိုက်နာရန် စာရိတ္တကို ညွှန်ပြတော်မူသည်။

( ဂ ) အမှတ်ပြ စကားရပ်၌ "အသေးအနုပ် သိက္ခာပုဒ်များကို နုတ်ပယ်ကြ"ဟု ဧကန် တခွန်းတည်းသောစကား မိန့်ကြားတော်မမူပဲ

WWW.DHAMMARANSI.COM



အဘယ့်ကြောင့် "ပယ်နုတ်လိုခဲ့သော် ပယ်နုတ်လေလော့" ဟု နှစ်ခု စကား မိန့်ကြားတော်မူသနည်း–ဟု မေးရန်ရှိ၏။ အဖြေကား–အရှင် မဟာကဿပမထေရ်၏ သဒ္ဓါအား ပညာအားတို့ကို မြင်တော်မူ၍ ကြောင့် နှစ်ခုစကား မိန့်ကြားတော်မူသည်။ ချဲ့ဦးအံ့–မြတ်စွာဘုရား ရှင်သည် ကိုယ်တော်မြတ်က "ပယ်နုတ်ကြ" ဟု ကေန်တခွန်းတည်းသော စကားကို မိန့်ကြားတော်မူစေကာမူ သံဃာနာတင်သောအခါ အရှင် မဟာကဿပသည် ဘယ်နည်းဖြင့်မျှ ပယ်နုတ်လိမ့်မည်မဟုတ်ကြောင်း ကို ကောင်းစွာသိမြင်တော်မူသည်၊ ထို့ကြောင့် "ပယ်နုတ်လိုခဲ့သော် ပယ်နုတ်လေလော့" ဟု နှစ်ခုစကား မိန့်ကြားတော်မူသည်။ ။ ဤကား အထူးမှတ်ရန်တည်း)။

ထိုသို့ အရှင်အာနန္ဒာမထေရ်ကို မိန့်ကြားတော်မူပြီးသော အခါ မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို–

"ရဟန်းတို့ .... တစုံတယောက်သော ရဟန်း၏ စိတ် သန္တာန်ဝယ် 'ဘုရားဟုတ်လေသလော မဟုတ်သလော၊ တရားကောင်း ဟုတ်လေသလော မဟုတ်သလော၊ သံဃာ စစ် ဟုတ်လေသလော မဟုတ်သလော၊ နိဗ္ဗာန်ရောက် ကြောင်း မဂ်အစစ် ဟုတ်လေသလော မဟုတ်သလော၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ဟုတ်လေသလော မဟုတ်သလော' ဟု ဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှား တွေးတောမှု ဖြစ်ရှိငြားအံ့၊ ရဟန်းတို့....ငါဘုရားကို မေး ကြကုန်လော့။ 'မြတ်စွာဘုရားသည် ငါတို့မျက်မှောက်၌ ထင်ရှားရှိခဲ့ပါလျက် ငါတို့သည် မြတ်စွာဘုရားကို မျက်မှောက် တော်၌ ပြန်၍မေးခြင်းငှါ မစွမ်းနိုင်ခဲ့ကြပါတကား' ဟု သင်ချစ်သားတို့သည် နောင်တတဖန် ပူပန်ခြင်း မဖြစ်ကြ စေကုန်လင့်"–

ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူလတ်သော် ရဟန်းတို့သည် ဆိတ်ဆိတ်သာ နေကြကုန်၏။ နှစ်ကြိမ်မြောက် ထပ်၍ မိန့်တော် မူသောအခါမှာလည်း ထိုအတူ ဆိတ်ဆိတ်သာ နေကြကုန်၏၊ သုံးကြိမ်မြောက် မိန့်တော်မူသောအခါမှာလည်း ထိုအတူပင်

WWW.DHAMMARANSI.COM



ဆိတ်ဆိတ်သာ နေကြသောကြောင့် မြတ်စွာဘုရားရှင်သည် ရဟန်းတို့ကို—

"ရဟန်းတို့...သင်တို့သည် 'ငါတို့ကား ဘုရားအထံ၌ ရှင်ရဟန်းပြုကြသူများ ဖြစ်သည်၊ ငါတို့၏ပစ္စည်းလေးပါး တို့မှာလည်း မြတ်စွာဘုရား၏ ဥစ္စာတို့သာ ဖြစ်ကုန်၏၊ ထို ငါတို့သည် ဤမျှကြာအောင် ယုံမှားမှုကို မပြုကြပဲ ယခုနောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီးအခါမှ ယုံမှား မှုကို ပြုရန်မထိုက်'ဟု အောက်မေ့ကြကာ ဘုရား၌ ရိုသေ သဖြင့် မမေးကြသည်မူလည်း ဖြစ်နိုင်၏။ ရဟန်းတို့.... တိုသို့ ဖြစ်ခဲ့လျှင် အဖော်ရဟန်း အချင်းချင်းကိုမူလည်း မိမိ၏ ယုံမှားတွေးတောချက်ကို ပြောကြားလော့"—

ဟု မိန့်တော်မူပြန်၏။ ဤသို့ပင် မိန့်တော်မူသော်လည်း ထိုရဟန်း တို့သည် ဆိတ်ဆိတ်သာလျှင် နေကြလေကုန်၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားရှင်ကို—

"မြတ်စွာဘုရား....လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ၊ မြတ်စွာဘုရား....မဖြစ်စဘူး အထူးဖြစ်ပါပေစွ၊ မြတ်စွာ ဘုရား .... ဤ ရဟန်းသံဃာထည်း၌ 'ရဟန်းတပါးမျှ၏ သန္တာန်မှာပင် မြတ်စွာဘုရား၌ဖြစ်စေ တရားတော်၌ဖြစ် စေ သံဃာတော်၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတောခြင်း အလျှင်းမရှိ'ဟူ၍ အကျွန်ုပ်ယုံကြည် ပါသည်ဘုရား"—

ဟု လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အရှင် အာနန္ဒာမထေရ်ကို—

"ချစ်သားအာနန္ဒာ...သင်ချစ်သားသည် ယုံကြည်ခြင်း ကြောင့်သာလျှင် ဤသို့ဆိုပေ၏၊ ချစ်သားအာနန္ဒာ....ဤ ရဟန်းသံဃာထည်း၌ ရဟန်းတပါးမျှ၏ သန္တာန်မှာပင် မြတ်စွာဘုရား၌ဖြစ်စေ တရားတော်၌ဖြစ်စေ သံဃာတော် ၌ဖြစ်စေ မဂ်၌ဖြစ်စေ အကျင့်၌ဖြစ်စေ ယုံမှားတွေးတော

WWW.DHAMMARANSI.COM



ခြင်း အလျှင်းမရှိကြောင်းကို မြတ်စွာဘုရား၏ အဖို့ရာ သိပြီးပင်ဖြစ်ပေ၏။ (ယုံကြည်ချက်မျှသာ မဟုတ်ဟူလို)။

ချစ်သားအာနန္ဒာ....ဤရဟန်းငါးရာတို့အနက် နောက်ဆုံး (= အောက်ဆုံး)ဖြစ်သော ရဟန်းသည်ပင် အပါယ်သို့ ကျရောက်ခြင်းသဘော မရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် နောက်ဆုံး လားရောက်ရာရှိသော သောတာပန်အရိယာ ဖြစ်ပေ၏ (အရှင်အာနန္ဒာကို ရည်ညွှန်းသည်)"—

ဟူ၍ မိန့်တော်မူပြီးလျှင် ရဟန်းတော်များကို နောက်ဆုံးဩဝါဒ ပေးတော်မူသောအားဖြင့်—

"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ = ရဟန်းတို့....သင်ချစ်သားတို့အဖို့ရာ ယခု ငါဘုရား နောက်ဆုံး ဩဝါဒစကား မိန့်ကြားလိုသည်မှာ—ဝယဓမ္မာ သင်္ခါရာ = ပြုပြင်ပေးရသမျှ သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘောရှိကြကုန်၏၊ အပ္ပမာဒေန သမ္ပာဒေထ = သတိရကား မမေ့သော သတိတရားဖြင့် သင်ချစ်သားတို့သည် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့"—

ဟူ၍ မိန့်တော်မူ၏။ ဤသည်လျှင် မြတ်စွာဘုရား၏ နောက်ဆုံး ဩဝါဒမိန့်ခွန်းတော်ပေတည်း။ ဤသို့လျှင် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ညောင်စောင်း၌ လျောင်းတော်မူရင်းကပင် ၄၅-ဝါ ကာလကြာ ဟောကြား ပေးဝေခဲ့သမျှသော ဩဝါဒအလုံးစုံကို အပ္ပမာဒတပုဒ်ထည်း၌ ထည့်သွင်း၍ နောက်ဆုံး ဩဝါဒ ပေးတော်မူလေသတည်း။

### ပရိနိဗ္ဗာန် ဝင်စံတော်မူခြင်း

ဗုဒ္ဓဝင်စာရှု သပ္ပုရိသနွယ်ဝင် အို သူတော်စင်····အသင်၏ စိတ်၌ တခု သဘိချပ်စေချင်သည်မှာ–မြတ်စွာဘုရားသည် "အပ္ပမာဒေန သမ္ပာဒေထ" ဟူသော စကားကို မိန့်ကြားတော်မူပြီး

WWW.DHAMMARANSI.COM



နောက် တခွန်းတပါဒမျှ နှုတ်တော်အိနိ်နဲ့၍ မိန့်တော်မမူတော့ချေ၊ အင်္ကြင်းတောကြီး တခုလုံး တိတ်ဆိတ်၍သွားလေပြီ။ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဖို့ရန် ပြင်ဆင်မှု ပရိကံစိတ်အလုပ်ကိုသာ ပြုလုပ်တော်မူလေတော့သည်၊ ကာယကံ, ဝစီကံမဖက် မနောကံ သက်သက်ဖြင့် ပရိနိဗ္ဗာန် ဝင်စံဖို့ရန် ပြင်ဆင်မှု = ပရိကံဘာဝနာစိတ် အလုပ်ကိုသာ ပြုလုပ်ပွါးများတော်မူသည်မှာ—

ရှေးဦးစွာ ရူပါဝစရကြိယာပဌမဈာန်ကို ဝင်စားတော်မူ၏၊ ထိုဈာန်မှ ထပြီးသော် ဒုတိယဈာန်ကို ဝင်စားတော်မူ၏၊ ထိုဈာန်မှ ထပြီးသော် တတိယဈာန်ကို ဝင်စားတော်မူ၏၊ ထိုဈာန်မှ ထပြီးသော် ရူပါဝစရကြိယာ စတုတ္ထဈာန်ကို ဝင်စားတော်မူ၏၊ ထိုဈာန်မှ ထပြီးသော် အရူပါဝစရကြိယာ အာကာသာနဉ္စာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်မှ ထပြီးသော် ဝိညာဏဉ္စာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်မှ ထပြီးသော် အာကိဉ္စညာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်မှ ထပြီးသော် နေဝသညာနာသညာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုနေဝသညာနာသညာယတနသမာပတ်မှ ထပြီးသော် သညာ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုသို့ နိရောဓသမာပတ်ကို ဝင်စားတော်မူသောအခါ မြတ်စွာဘုရားရှင်၏ ကိုယ်တော်မှာ ထွက်လေ, ဝင်လေ = ထွက်သက်, ဝင်သက်နှစ်ပါးတို့ ချုပ်ငြိမ်း၍နေလေသည်၊ ယင်းသို့ ဘုရားရှင်၏ ကိုယ်တော်မှာ ထွက်လေ, ဝင်လေနှစ်ပါးတို့ ချုပ်ငြိမ်းနေသည်ကို မြင်ရ၍ အရှင်အာနန္ဒာမထေရ်သည် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို "အရှင်အနုရုဒ္ဓါဘုရား....မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် စံတော်မူသွားပြီလော"ဟု စိုးရိမ်တကြီး မေးလျှောက်လေသည်။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်က "ငါ့ရှင်အာနန္ဒာ .... မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် စံတော်မမူသေးပါ၊ သညာ ဝေဒနာတို့၏ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတော်မူလျက် ရှိပါသည်" ဟု ပြန်ကြားဖြေဆိုတော်မူလေ၏။

WWW.DHAMMARANSI.COM



(ဤအရာ၌။ ။"အရှင်အနုရုဒ္ဓါမထေရ်သည် မြတ်စွာဘုရားရှင် နိရောဓသမာပတ်ဝင်စားတော်မူနေသည်ကို အဘယ်သို့ သိသနည်း" ဟု မေးဖွယ်ရှိ၏၊ အဖြေကား—အရှင်အနုရုဒ္ဓါမထေရ်သည် မြတ်စွာဘုရားရှင်နှင့် အတူတကွ ထိုထို ရူပါဝစရစျာန်သမာပတ်လေးပါး အရူပါဝစရစျာန်သမာပတ်လေးပါးတို့ကို လိုက်ပါဝင်စားတော်မူသည်၊ (=မြတ်စွာဘုရားရှင် ရူပါဝစရပဥ္စမစျာန်ကို ဝင်စားတော်မူသောအခါ အရှင်အနုရုဒ္ဓါသည်လည်း ထိုစျာန်ကို ဝင်စားတော်မူသည်၊ မြတ်စွာဘုရားရှင် ရူပါဝစရပဥ္စမစျာန်မှ ထတော်မူသောအခါ အရှင်အနုရုဒ္ဓါသည်လည်း ထိုစျာန်မှ ထတော်မူလေသည်၊ ဤနည်းအားဖြင့်)အရှင်အနုရုဒ္ဓါမထေရ်သည် နေဝသညာနာသညာယတနစျာန်မှ ထတော်မူသည်တိုင်အောင် မြတ်စွာဘုရားနှင့် အတူတကွ လိုက်ပါဝင်စားတော်မူ၍ မြတ်စွာဘုရား နိရောဓသမာပတ်ဝင်စားတော်မူသောအခါမှ မိမိကချန်၍ နေရစ်တော်မူခဲ့လေသည်။

ထို့ကြောင့် "ယခုအခါ မြတ်စွာဘုရားသည် နိရောဓသမာပတ်ကို ဝင်စားတော်မူနေဆဲ ဖြစ်၏၊ နိရောဓသမာပတ်အတွင်း၌လည်း စုတိပြတ်ကြွေ သေလွန်ခြင်း=ပရိနိဗ္ဗာန် စံခြင်းမည်သည် အလျင်းမရှိ" ဟု သိတော်မူသည်။ ဤနည်းဖြင့် အရှင် အနုရုဒ္ဓါမထေရ်သည် မြတ်စွာဘုရားရှင် နိရောဓသမာပတ် ဝင်စားတော်မူနေသည်ကို သိတော်မူ၏)။

ထို့နောက် မြတ်စွာဘုရားသည် သညာ ဝေဒနာတို့၏ ချုပ်ရာ နိရောဓသမာပတ်မှ ထတော်မူ၍ နေဝသညာနာသညာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုနေဝသညာနာသညာယတနသမာပတ်မှ ထတော်မူ၍ အာကိဉ္စညာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထို အာကိဉ္စညာယတနသမာပတ်မှ ထတော်မူ၍ ဝိညာဏဉ္စာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထို ဝိညာဏဉ္စာယတနသမာပတ်မှ ထတော်မူ၍ အာကာသာနဉ္စာယတနသမာပတ်ကို ဝင်စားတော်မူ၏၊ ထို အာကာသာနဉ္စာယတနသမာပတ်မှ ထတော်မူ၍ ရူပါဝစရဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူ၏၊ ထို စတုတ္ထစျာန်မှ ထတော်မူ၍ တတိယစျာန်ကို ဝင်စားတော်မူ၏၊ ထို တတိယစျာန်မှ ထတော်မူ၍ ဒုတိယစျာန်ကို ဝင်စားတော်မူ၏၊ ထို ဒုတိယစျာန်မှ ထတော်မူ၍ ပဌမစျာန်ကို ဝင်စားတော်မူ၏။

WWW.DHAMMARANSI.COM



(ဤ၌။ ။မြတ်စွာဘုရားသည် အသုဘပညတ်ဆယ်ပါး၊ ရွှေကသိုဏ်းပညတ်ရှစ်ပါး၊ ကာယဂတာသတိ၏ အာရုံဖြစ်သော ကာယအစုပညတ်၊ အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်၊ မေတ္တာ ကရုဏာ မုဒိတာဟုဆိုအပ်သော ဗြဟ္မဝိဟာရတရားသုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်သုံးမျိုး၊ ပရိစ္ဆေဒါကာသ ပညတ်တပါး=ဤ နှစ်ဆယ့်လေးပါးသော အာရုံတို့၌ ရူပါဝစရကြိယာ ပဌမဈာန်ကို ဝင်စားတော်မူသည်။ ထို နှစ်ဆယ့်လေးပါးတို့မှ (အသုဘပညတ်ဆယ်ပါးနှင့် ကာယအစုပညတ် = ဤ ဆယ့်တပါးကိုနုတ်၍ ကျန်သော) တဆယ့်သုံးပါးသော အာရုံတို့၌ ရူပါဝစရကြိယာ ဒုတိယဈာန် တတိယဈာန်တို့ကို ဝင်စားတော်မူသည်။ ရွှေကသိုဏ်းပညတ်ရှစ်ပါး၊ ထွက်သက်ဝင်သက် ပညတ်တပါး၊ ဥပေက္ခာဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်တပါး၊ ပရိစ္ဆေဒါကာသပညတ်တပါး၊ အရူပအာရုံလေးပါး= ဤ တဆယ့်ငါးပါးသော အာရုံတို့၌ စတုတ္ထဈာန်ကို ဝင်စားတော်မူသည်။

ဤ စကားရပ်သည်လည်း အကျဉ်းစကားမျှသာ ဖြစ်သည်၊ စင်စစ်သော်ကား ရှေ့ပြည်နိဗ္ဗာန် ဝင်စံတော်မူအံ့သော မြတ်စွာဘုရားသည် အလုံးစုံသော ရှေး (ဆွမ်းနှစ်မျိုး အကျိုးတူညီကြောင်း၊ စာမျက်နှာ ၂၇၃ - ၂၇၄) ၌ ဖော်ပြအပ်သည့် ကုဋေပေါင်း နှစ်သန်း လေးသိန်း အရေအတွက်ရှိသည့် ဝဋ္ဋနသမာပတ်တို့ကို ဝင်စားတော်မူ၍ (အရပ်တပါး သွားအံ့သောသူသည် ဆွေမျိုးအပေါင်းကို လည်ဖက်နမ်းရှုပ်အားရအောင်စုတ်ပြီးမှ သွားသကဲ့သို့)အလုံးစုံသော သမာပတ်ချမ်းသာကို ဝ-လင်စွာ ခံစားသုံးဆောင်တော်မူပြီးမှ ရှေ့ပြည်နိဗ္ဗာန် ဝင်စံတော်မူသည်-ဟု အထူးမှတ်ယူရာ၏)။

တဖန် မြတ်စွာဘုရားရှင်သည် ပဌမဈာန်မှ ထတော်မူ၍ ဒုတိယဈာန်ကို ဝင်စားတော်မူပြန်၏၊ ထို ဒုတိယဈာန်မှ ထတော်မူ၍ တတိယဈာန်ကို ဝင်စားတော်မူပြန်၏၊ ထို တတိယဈာန်မှ ထတော်မူ၍ စတုတ္ထဈာန်ကို ဝင်စားတော်မူပြန်၏၊ ထို စတုတ္ထဈာန်မှ ထတော်မူပြီးနောက် ထို စတုတ္ထဈာန်၌ ပါရှိသော ဥပေက္ခာ, ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ နှစ်ပါးတို့ကို တပါးစီရင်း နှစ်ပါးပေါင်း၍ရင်း ဆင်ခြင်တော်မူပြီးမှ ထို ပစ္စဝေက္ခဏာ မဟာကြိယာဇောတို့၏ အဆုံးဝယ် အဗျာကတ

WWW.DHAMMARANSI.COM



ဒုက္ခသစ္စာဖြစ်သော ( သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ပဌမမဟာဝိပါက်)ဘဝင်စိတ်ဖြင့် ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်း ဒုက္ခဇာတ်သိမ်းတော်မူလေသတည်း။

(ဤ၌။ ။(၁)ဈာန်ကို ဝင်စားပြီးလျှင် ထိုဈာန်မှထ၍ ဘဝင်စိတ်သို့ သက်ရောက်သောပုဂ္ဂိုလ်၏ ထိုဘဝင်စိတ်ခဏ၌ ပရိနိဗ္ဗာန်စံခြင်းကို ဈာနသမနန္တရပရိနိဗ္ဗာန်=ဈာန်၏အခြားမဲ့၌ ပရိနိဗ္ဗာန်စံခြင်းဟုခေါ်၏၊ (၂) ဈာန်ကိုဝင်စားပြီးလျှင် ထိုဈာန်မှထ၍ ထိုဈာန်၌ပါရှိသော ဈာန်အင်္ဂါတို့ကို အစိတ်စိတ်အားဖြင့်ရင်း, အပေါင်းအားဖြင့်ရင်း ဆင်ခြင်ပြီးမှ ထိုဆင်ခြင်သော ပစ္စဝေက္ခဏာဇော၏အဆုံးဝယ် ဘဝင်စိတ်သို့ သက်ရောက်သောပုဂ္ဂိုလ်၏ ထိုဘဝင်စိတ်ခဏ၌ ပရိနိဗ္ဗာန်စံခြင်းကို ပစ္စဝေက္ခဏာသမနန္တရပရိနိဗ္ဗာန်=ပစ္စဝေက္ခဏာဇော၏အခြားမဲ့၌ ပရိနိဗ္ဗာန်စံခြင်းဟု ခေါ်၏။ ထိုနှစ်မျိုးတို့တွင် မြတ်စွာဘုရားရှင်သည် ၂-အမှတ်ပြ ပရိနိဗ္ဗာန်စံခြင်းဖြင့် ပရိနိဗ္ဗာန်စံတော်မူလေသည်ဟု အထူးမှတ်ယူရာ၏။)

ဤတွင် အခန်း ၄၀-ပြီး၏။

WWW.DHAMMARANSI.COM



## အခန်း—၄၁

### သံဝေဂကထာများ

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက်ပင် မွေးညှင်းရှင်ပျ ကြက်သီးထစေလျက် ကြောက်မက်ဖွယ်ရာ ကြီးစွာသောမြေလျင်လှုပ်ခြင်းသည် ဖြစ်လေ၏။ တော်လည်းသံ = နတ်စည်တို့သည်လည်း တဗြိမ့်ဗြိမ့် မြည်ဟည်းလေကုန်၏။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက်ပင် **သဟမ္ပတိဗြဟ္မာကြီး** သည် ဤဆိုလတ္တံ့သော သံဝေဂဂါထာကို ရွတ်ဆိုလေ၏—

သဗ္ဗေဝ နိက္ခိပိဿန္တိ၊
ဘူတာ လောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊
လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ယတ္ထ လောကေ = ဖြစ်လျှင်ပျက်ရ အကြင်လောကကြီးထဲ၌။ သမ္ဗုဒ္ဓေါ = သစ္စာလေးပါး ဓမ္မခပင်း လင်းလင်းထင်တင် ကိုယ်တော်တိုင်သိမြင်တော်မူသော။ ဗလပ္ပတ္တော = ကာယ,ဉာဏ ဗလစွမ်းဟုန် အားဆယ်စုံနှင့် ကုံလုံပြည့်ဝတော်မူသော။ အပ္ပဋိပုဂ္ဂလော = နှိုင်းပြိုင်စံယှဉ် ပုဂ္ဂိုလ်တုရှိတော်မမူသော။ သတ္ထာ = လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင် ဦးထိပ်တင်ကြီး ဖြစ်တော်မူသော။ ဧတာဒိသော တထာဂတော = ဤသို့ရှုအပ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ။ ပရိနိဗ္ဗုတော = ပရိနိဗ္ဗာန် ဝင်စံတော်မူရချေသေး၏။ တတ္ထ လောကေ = ဖြစ်လျှင် ပျက်ရ ထိုလောကကြီးထဲ၌။ သဗ္ဗေဝ ဘူတာ = ရှိသမျှ ဥဿုံ သတ္တဝါအလုံးစုံတို့သည်ပင်လျှင်။ သမုဿယံ =

WWW.DHAMMARANSI.COM



ရုပ်နာမ်အစုဟူသော ဤခန္ဓာကိုယ်အတ္တဘောကို။ နိက္ခိပိဿန္တိ = စုတိတိုင်လစ် ထိုချိန်ခေတ်ဝယ် စွန့်ပစ်ကြရကုန်လိမ့်မည်တကား....။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက်ပင် သိကြားနတ်မင်းသည် ဤဆိုလတ္တံ့သော သံဝေဂဂါထာကို ရွတ်ဆိုလေ၏—

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ = တေဘူမက သင်္ခါရတို့သည်။ ဝတ—ဧကန္တေန = စင်စစ်ဧကန် အမှန်အားဖြင့်။ အနိစ္စာ = အမြဲမရှိကြကုန်။ ဥပ္ပါဒဝယဓမ္မိနော = ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကြကုန်၏။ ဥပ္ပဇ္ဇိတွာ = ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ = ချုပ်ပျောက်ကြကုန်၏။ တေသံ = ထိုတေဘူမက သင်္ခါရတို့၏။ ဝူပသမော = ချုပ်ရာငြိမ်းရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်သည်။ သုခေါ = ချမ်းသာဧကန် စင်စစ်မှန်စွာ့တကား....။

တနည်း—သင်္ခါရာ = တေဘူမက သင်္ခါရတို့သည်။ (ယသ္မာ = အကြင်ကြောင့်၊ ထည့်)။ ဥပ္ပဇ္ဇိတွာ = ဥပါဒ်ထင်ရှား ဖြစ်ပွါးကြ၍။ နိရုဇ္ဈန္တိ = ဘင်ခဏသို့ရောက် ချုပ်ပျောက်ကြကုန်၏။ (တသ္မာ = ထိုကြောင့်)။ ဥပ္ပါဒဝယဓမ္မိနော = ဖြစ်ခြင်း ပျက်ခြင်း သဘောရင်းသာရှိကုန်၏ (ခိုင်မြဲခြင်းသဘော အလျှင်း မရှိဟုဆိုလိုသည်)။ (ယသ္မာ = အကြင်ကြောင့်) ဥပ္ပါဒဝယဓမ္မိနော = ဖြစ်ခြင်း ပျက်ခြင်း သဘောရင်းသာရှိကြကုန်၏။ (တသ္မာ = ထို့ကြောင့်)။ အနိစ္စာ ဝတ = မမြဲဧကန် မှန်လှကုန်စွာ့တကား။ တေသံ = ထိုတေဘူမက သင်္ခါရတို့၏။ ဝူပသမော = ငြိမ်းရာအေးရာ မဟာအသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်သည်။ သုခေါ = ချမ်းသာဧကန် စင်စစ်မှန်စွာ့တကား....။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့် တပြိုင်နက်ပင် အရှင်အနုရုဒ္ဓါမထေရ်သည် ဤသံဝေဂဂါထာတို့ကို ရွတ်ဆိုတော်မူ၏—

နာဟု အဿာသပဿာသော၊
ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိမာရဗ္ဘ၊
ယံ ကာလမကရီ မုနိ။

အာဝုသော = ငါ့ရှင်ဘုရား ရဟန်းများတို့....။ အနေဇော = ဘဝတဏှာ ဧဇာခပ်သိမ်း ငြိမ်းတော်မူပြီးသော။ ယံ–ဓယာ မုနိ = အကြင်ဗုဒ္ဓမုနိ တုမရှိသား တြိဘဝဆရာ တို့မြတ်စွာသည်။ သန္တိံ = အနုပါဒိသေသ နိဗ္ဗာနဓာတ်ကို။ အာရဗ္ဘ = ငါသွားတော့မည် ရည်ရွယ်တော်မူ၍။ ကာလံ အကရိ = ပရိနိဗ္ဗာန် ဝင်စံတော်မူလေပြီ။ ဌိတ-စိတ္တဿ = လောကဓံလေ့ မုန်တိုင်းဖြေ့လည်း မရွေ့မယိုင် ကြံ့ခိုင်သောစိတ်ရှိတော်မူထသော။ တာဒိနော = တာဒိ ဂုဏ်နှင့် ပြည့်စုံတော်မူထသော။ တဿ မုနိနော = ထိုဗုဒ္ဓမုနိ တုမရှိသား တြိဘဝဆရာ တို့မြတ်စွာ၏။ အဿာ-သပဿာသော = ထွက်လေ, ဝင်လေ ဤနှစ်ထွေသည်။ နာဟု = သန္တိနိရောဲ ကိန်းစံပျော်၍ မပေါ်မဖြစ်တော့ပြီ တကား····။

အသလ္လီနေန စိတ္တေန၊
ဝေဒနံ အဇ္ဈဝါသယိ။
ပဇ္ဇောတဿေဝ နိဗ္ဗာနံ၊
ဝိမောက္ခော စေတသော အဟု။

အာဝုသော = ငါ့ရှင်ဘုရား ရဟန်းများတို့....။ သတ္ထာ = ငါတို့ဆရာ ဘုရားမြတ်စွာသည်။ အသလ္လီနေန=တွန့်တိုညှိုးငယ်ခြင်း အလျှင်းမရှိသော။ စိတ္တေန=စိတ်တော်ဖြင့်။ ဝေဒနံ = ကိုယ်တော်မြတ်၌ ရောက်ဆိုက်ကပ်လာ

WWW.DHAMMARANSI.COM



ဒုက္ခဝေဒနာကို။ အဇ္ဈဂါသယိ = အဓိဝါသနခန္တီနှလုံး ကိုယ်တော်သုံး၍ အပြုံးမပျက် မဖောက်ပြန် သည်းခံတော် မူခဲ့လေပြီ။ ပဇ္ဇောတသာ နိဗ္ဗာနံ ဇာဝ = လောင်စာပြတ် ကင်း မီးတောက်မီးလျှံ၏ ငြိမ်းခြင်းကဲ့သို့။ တဿ သမ္ဗုဒ္ဓ- နော = ထိုငါတို့ဆရာ ဘုရားမြတ်စွာ၏။ စေတသော ဝိမောက္ခော = တစုံတခုသောတရားဖြင့်မျှ မတားမြစ်အပ် စိတ်တော်မြတ်၏ အဖြစ်ဇာတ်ရုပ်သိမ်း အပြီးတိုင်ချုပ်ငြိမ်း လွတ်မြောက်ခြင်းသည်။ အဟု = ဖြစ်ခဲ့လေပြီတကား....။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ပရိနိဗ္ဗာန် စံတော်မူသည်နှင့်တပြိုင်နက်ပင် အရှင်အာနန္ဒာမထေရ် သည် ဤသံဝေဂဂါထာကို ရွတ်ဆိုတော်မူ၏—

တဒါသိ ယံ ဘိံသနကံ၊ တဒါသိ လောမဟံသနံ။
သဗ္ဗာကာရဝရူပေတေ၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။

အာဝုသော = ငါ့ရှင်ဘုရား ရဟန်းများတို့....။သဗ္ဗာ- ကာရဝရူပေတေ = အလုံးစုံမြင့်မြတ် ချီးမွမ်းအပ်သည့် ကြောင်းရပ်ဖုံဖုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံထင်ရှားငါတို့ဆရာ ဘုရားသည်။ ပရိနိဗ္ဗုတေ = ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းတော်မူသည်ရှိသော်။ တဒါ = ထိုအခိုက်၌။ ဘိံသနကံ = ကြောက်ဖွယ်ထန်ပြင်း မြေလှုပ်ခြင်းသည်။ အာသိ = အထင်အရှား ဖြစ်ပွါးခဲ့လေပြီတကား။ တဒါ= ထိုပရိနိဗ္ဗာန် ဝင်စံသောအခိုက်၌။ လောမဟံသနံ = မွေး ညှင်းရှင်ပျ ကြက်သီးထဖွယ် ခြောက်သွယ်ထန်ပြင်း မြေ လှုပ်ခြင်းသည်။ အာသိ = အထင်အရှား ဖြစ်ပွါးခဲ့လေပြီ တကား....။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူလတ်သည်ရှိသော် ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူရာအရပ်၌ ရှိကြသည့် ရာဂမကင်း ဒေါသမကင်းကြသေးသော ပုထုဇန် သောတာပန် သကဒါဂါမ်ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား

WWW.DHAMMARANSI.COM



သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာ ဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတ ကား၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် (သတ္တ-လောက၏ မျက်စိသဖွယ် ဖြစ်တော်မူသော မြတ်စွာဘုရားသည်) အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူခဲ့လေပြီ တကား...."ဟု ပြောဆိုကြကာ လက်မောင်းတို့ကို မြှောက်ချီ၍ ငို ကြွေးမြည်တမ်းကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျ ကုန်၏၊ ရှေးရှု လူးလှိမ့်, ထိုထို ဤဤ လူးလှိမ့်ကုန်၏။

ရာဂဒေါသကင်းပြီးသော အနာဂါမ်ရဟန်း ရဟန္တာရဟန်း တို့သည်ကား "ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသော သဘောရှိကုန်၏၊ ဤပြုပြင်ရသော သင်္ခါရတရားထည်း၌ ထိုမမြဲမှု သဘောကို အဘယ်မှာ ရနိုင်ပါအံ့နည်း = မရနိုင်သည်သာ တည်း"ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကြကုန်၏။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းတို့ကို—

"ငါ့ရှင်တို့....တန်ကြလော့၊မစိုးရိမ်မပူဆွေးကြလင့်၊ မငို ကြွေးကြလင့်၊ ချစ်ခင်မြတ်နိုးအပ်သောသူ အားလုံးတို့နှင့် ရှင်ကွဲကွဲကွာခြင်း = နာနာဘာဝ, သေကွဲကွဲကွာခြင်း = ဝိနာဘာဝ,ဘဝခြားလျက် ကွဲကွာခြင်း = အညထာဘာဝ ကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားအပ်ခဲ့ပြီ မဟုတ်လော၊ ငါ့ရှင်တို့··· ဤအရာ၌ အသစ်ဖြစ်ပေါ်လာ ခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း, ပြုပြင်ပေးရခြင်းသဘောရှိ၍ ပျက်စီးခြင်းသဘောရှိသောတရားကို 'မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်အံ့ နည်း၊ ဤသို့ ရနိုင်ရန်အကြောင်း မရှိချေ။

ငါ့ရှင်တို့.... 'အရှင်ကောင်း အရှင်မြတ်တို့သည် မိမိ တို့ကိုယ်တိုင်က သည်းမခံနိုင်ကြလျှင် ကြွင်းကျန်သော လူ အပေါင်းကို အဘယ်မှာလျှင် သက်သာစေနိုင်ကြလိမ့်မည်

WWW.DHAMMARANSI.COM



နည်း'ဟု နတ်တို့ကပင် ကဲ့ရဲ့စကား ပြောကြားကြ ကုန်၏''—

ဟု သတိပေးသံဝေဂစကား မိန့်ကြားတော်မူလေ၏။

ထိုအခါ အရှင်အာနန္ဒာမထေရ်က အရှင်အနုရုဒ္ဓါမထေရ်ကို "အရှင်အနုရုဒ္ဓါဘုရား.... အရှင်ဘုရားသည် နတ်ဗြဟ္မာများကို အဘယ်ကဲ့သို့ ဖြစ်ရှိနေကြသည်ကို နှလုံးသွင်းဆင်ခြင်မိပါသနည်း ဘုရား"ဟု မေးမြန်း လျှောက်ထားလေလျှင် အရှင်အနုရုဒ္ဓါ မထေရ်သည် အရှင်အာနန္ဒာမထေရ်ကို—

"ငါ့ရှင်အာနန္ဒာ····ကောင်းကင်၌ မြေပြင်ဟု အမှတ် ရှိလျက် တည်နေသောနတ်တို့သည် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော် မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော် မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိ-နိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ပညာမျက်စိ ရှိတော်မူ သော မြတ်စွာဘုရားသည် (တနည်း—သတ္တလောက၏ မျက်စိသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်) အလွန် လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူခဲ့လေပြီ တ ကား....'ဟု ပြောဆိုကြကာ ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြ ကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှုလူးလှိမ့်၊ ထိုထို ဤဤ လူးလှိမ့်ကြကုန်၏။

ငါ့ရှင်အာနန္ဒာ.... မြေပြင်၌ မြေပြင်ဟုအမှတ်ရှိလျက် တည်နေသောနတ်တို့သည် 'ဘုန်းတော်ကြီးသော မြတ်စွာ ဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေ ပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ် သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည် (တနည်း—သတ္တလောက၏ မျက်စိ

WWW.DHAMMARANSI.COM



သဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်) အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူခဲ့လေပြီတကား....’ ဟု ပြောဆိုကြကာ ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေးရှု လူးလှိမ့်, ထိုထို ဤဤ လူးလှိမ့်ကြကုန်၏။

ကာမရာဂကင်းပြီးသော နတ်တို့သည်ကား ‘ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသောသဘောရှိကုန်၏၊ ဤပြုပြင်ရသော သင်္ခါရတရားထည်း၌ ထိုမမြဲမှုသဘောကို အဘယ်မှာရနိုင်ပါအံ့နည်း = မရနိုင်သည်သာတည်း’ ဟု အောက်မေ့ဆင်ခြင်လျက် သည်းခံနိုင်ကုန်၏”—

ဟု မိန့်တော်မူ၏။ ထိုနောက် အရှင်အနုရုဒ္ဓါမထေရ်နှင့် အရှင်အာနန္ဒာမထေရ်တို့သည် ထိုညဉ့်ကြွင်း မိုးသောက်ယံ (အနည်းငယ်သောအချိန်ကျန်)ကို “ငါ့ရှင်....နတ်နှင့်တကွသော လောကဝယ် ဖက်ပြိုင်မည့်သူမရှိ ငါတို့၏ဆရာ ဘုရားမြတ်စွာအားပင်သော်မှ ဤသေမင်းသည် မရှက်တုံ့သေး၏၊ သာမန်လောကီ ထိုထို ဤဤ လူများအပေါင်းအားကား အဘယ်အကြောင်းကြောင့် ရှက်လိမ့်မည်နည်း=မရှက်အံ့သည်သာတည်း” ဤသို့အစရှိသည့် သေခြင်းတရားနှင့်စပ်သော တရားစကားဖြင့် ကုန်လွန်စေကြကုန်၏။ မထေရ်နှစ်ပါး တရားစကား ပြောဆိုနေစဉ် မကြာမြင့်မီပင် အရုဏ်တက်၍လာလေတော့၏။

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် အရှင်အာနန္ဒာမထေရ်ကို “သွားပါချေ ငါ့ရှင်အာနန္ဒာ....ကုသိနာရုံပြည်သို့ ဝင်၍ မလ္လမင်းတို့အား ‘အိုဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့.... မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူလေပြီ၊ ယခုအခါ၌ ဆောင်ရွက်ရန်မှာ သင်တို့၏ အလိုအတိုင်းပင်ဖြစ်သည်’ ဟု ပြောကြားချေလော့” ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာ မထေရ်သည်လည်း ကောင်းပါပြီဝန်ခံ၍ အဖော်ရဟန်းတပါးကို ခေါ်ဆောင်ကာ ကုသိနာရုံပြည်သို့ ဝင်ကြွတော်မူလေ၏။

WWW.DHAMMARANSI.COM



ထိုအချိန်၌ မလ္လမင်းများသည် "မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာဌာန၌ အဘယ်သို့သော ပန်း,နံ့သာ-စသည် ပူဇော်ဖွယ် ဖြစ်သင့်သည်၊ ရဟန်းသံဃာတော်များအတွက် အဘယ်သို့သော နေရာထိုင်ခင်း စီမံသင့်သည်၊ အဘယ်သို့သော ခဲဖွယ်ဘောဇဉ်များကို စီမံသင့်သည်"— ဤသို့အစရှိသည်ဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် စံခြင်းနှင့် စပ်သော ပြုဖွယ်ကိစ္စဖြင့်ပင်လျှင် မင်းတဲ = လွှတ်တော်၌ တိုင်ပင်ဆွေးနွေး စည်းဝေးလျက်ရှိနေကြကုန်၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် ကုသိနာရုံပြည်သား မလ္လမင်းများ၏ စည်းဝေးတိုင်ပင်ရာ လွှတ်တော်သို့ သွားရောက်ပြီးလျှင်—

> "ဒိဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့...မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူလေပြီ၊ ယခုအခါ၌ ဆောင်ရွက်ရန်မှာ သင်တို့၏ အလိုအတိုင်းပင်ဖြစ်သည်"—

ဟု မိန့်ကြားတော်မူလေ၏။ အရှင်အာနန္ဒာ၏ ဤစကားကို ကြားကြကုန်သည်ရှိသော် မလ္လမင်းတို့သည်၎င်း ထိုမင်းတို့၏ သားသမီးချွေးမ မိဖုရားတို့သည်၎င်း အလွန်ကြေကွဲ ဝမ်းနည်းကြလျက် စိတ်ဆင်းရဲကုန်သည်ဖြစ်၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီတကား၊ ပညာမျက်စိ ရှိတော်မူသော မြတ်စွာဘုရားသည်(တနည်း—သတ္တလောက၏ မျက်စိသဖွယ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်) အလွန်လျင်မြန်စွာ လောကမှ ကွယ်ပျောက်တော်မူခဲ့လေပြီတကား...."

ဟု ပြောဆိုကြကာ အချို့က ဆံပင်တို့ကို ဖြန့်၍ ငိုကြွေးကြကုန်၏၊ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေ့ရှုလူးလှိမ့်, ထိုထို ဤဤ လူးလှိမ့်ကြကုန်၏။

WWW.DHAMMARANSI.COM



## ဥတုဇရုပ်ကလာပ်တော်ကို ပူဇော်ကြခြင်း

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် မင်းချင်းယောက်ျားတို့ကို "အချင်းတို့....ထိုသို့မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူပြီဖြစ်ရကား ကုသိနာရုံပြည်၌ရှိသည့် ပန်း, နံ့သာကိုငင်း, အတီးအမှုတ် = တူရိယာ အလုံးစုံကိုငင်း စုခဲ့ကြလော့" ဟု အမိန့်ပေးစကား ပြောကြားကြ၍ ပန်း,နံ့သာမျိုးစုံတို့ကိုငင်း,အတီးအမှုတ် = တူရိယာမျိုးစုံတို့ကိုငင်း, ပုဆိုးအစုံ ( = ပိတ်ချောအုပ်) ငါးရာတို့ကိုငင်း ယူဆောင်ခဲ့ကြ၍ အင်ကြင်း ဥယျာဉ်အတွင်း မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ရှိရာသို့ သွားရောက်ချဉ်းကပ်ကြပြီးလျှင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို က-ခြင်း သီ-ခြင်း တီးမှုတ်ခြင်းတို့ဖြင့်ငင်း, ပန်း,နံ့သာတို့ဖြင့်ငင်း အရိုအသေပြုကြ, အလေးပြုကြ, မြတ်နိုးကြ, ပူဇော်ကြလျက် ပိတာန်မျက်နှာကြက်များကို ပြုလုပ်ကြက်ကြကာ တန်ဆောင်းဝန်းများကို အသစ်စီမံကြလျက် ထိုနေ့အဖို့ကို ကုန်လွန်စေကြကုန်၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် "မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ရန်မှာ ယနေ့အချိန်အလွန်နှောင်းသွားလေပြီ၊ ငါတို့သည် ဥတုဇရုပ်ကလာပ်တော်ကို နက်ဖြန်ကျမှ မီးသဂြိုဟ်ကြကုန်စို့"ဟု ကြံစည်တိုင်ပင်ဆွေးနွေးဆုံးဖြတ်ကြလေသည်။

ထိုနောက် မလ္လမင်းများသည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို က-ခြင်း သီ-ခြင်း တီးမှုတ်ခြင်းတို့ဖြင့်ငင်း, ပန်း,နံ့သာတို့ဖြင့်ငင်း အရိုအသေပြုကြ, အလေးပြုကြ, မြတ်နိုးကြ, ပူဇော်ကြလျက် ပိတာန်မျက်နှာကြက်များကို ပြုလုပ်ကြက်ကြကာ တန်ဆောင်းဝန်းများကို အသစ်စီမံကြရင်းပင် နှစ်ရက်မြောက်သောနေ့ကိုလည်းကုန်လွန်စေကြကုန်၏။ ထိုအတူ သုံးရက်မြောက်သောနေ့ လေးရက်မြောက်သောနေ့ ငါးရက်မြောက်သောနေ့ ခြောက်ရက်မြောက်သောနေ့ကိုလည်း ကုန်လွန်စေကြကုန်၏။

ထိုနောက် ခုနစ်ရက်မြောက်သောနေ့၌ ကုသိနာရုံပြည်သား မလ္လမင်းများသည်—

WWW.DHAMMARANSI.COM



"ငါတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို က-ခြင်း သီ-ခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း, ပန်း,နံ့သာတို့ဖြင့်၎င်း အရိုအသေပြုကြ, အလေးပြုကြ, မြတ်နိုးကြ, ပူဇော်ကြလျက် မြို့၏အပြင် တောင်ဖက်လမ်းဖြင့် မြို့၏အပြင် တောင်အရပ်သို့ ဆောင်ယူကြပြီးလျှင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို မြို့၏တောင်ဖက်၌ပင် မီးသင်္ဂြိုဟ်ကြကုန်စို့"—

ဟု တိုင်ပင်ဆုံးဖြတ်ကြကုန်၏။

ထိုနောက် အကြီးအမှူး ( အားကောင်း မောင်းသန် ) မလ္လမင်းရှစ်ဦးတို့သည် ဦးခေါင်းဆေးကြ၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ကြကုန်လျက် "မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ငါတို့ချီမကုန်အံ့"ဟု ရည်ရွယ်ကာ တပြိုင်နက် ချီမကြသည်တွင် ရုပ်ကလာပ်တော်ကို ကြွစေခြင်းငှါပင် မတတ်နိုင်ပဲ ရှိကြကုန်၏။ ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် အခြားမထေရ်ကြီးများ ထင်ရှားရှိကြသော်လည်း အရှင်အနုရုဒ္ဓါမထေရ်သည် ဒိဗ္ဗစက္ခုအဘိညာဏ်ရှိသည့်အရာဝယ် ဧတဒဂ်ရပုဂ္ဂိုလ် ဖြစ်တော်မူရကား "ဤအရှင်အနုရုဒ္ဓါသည် ငါတို့အား ထင်ရှားအောင် ဖြေကြားတော်မူနိုင်လိမ့်မည်"ဟု ယုံကြည်ချက်ပြင်းစွာ ရှိကြလျက် အရှင်အနုရုဒ္ဓါမထေရ်မြတ်ကို—

"အရှင်အနုရုဒ္ဓါဘုရား....ဤအကြီးအမှူး မလ္လမင်းရှစ်ဦးတို့သည် ဦးခေါင်းဆေးကြ၍ အသစ်စက်စက် အဝတ်တို့ကို ဝတ်ဆင်ကြကုန်လျက် 'မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ငါတို့ ချီမကုန်အံ့'ဟု ရည်ရွယ်ကာ တပြိုင်နက် ချီမကြသော်လည်း ရုပ်ကလာပ်တော်ကို ကြွစေခြင်းငှါပင် မတတ်နိုင်ပဲရှိကြပါသည်၊ အရှင်အနုရုဒ္ဓါဘုရား··· အကြောင်းအထောက်အပံ့ကား အဘယ်ပါနည်း"—

ဟု မေးလျှောက်ကြကုန်၏။ အရှင်အနုရုဒ္ဓါမထေရ်မြတ်က "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့···သင်တို့၏အလိုကားတမျိုး,

WWW.DHAMMARANSI.COM



နတ်တို့၏အလိုကားတမျိုး ဖြစ်၍နေ၏”ဟု မိန့်တော်မူလေလျှင် မလ္လမင်းတို့သည် “အရှင်အနုရုဒ္ဓါဘုရား…နတ်တို့၏အလိုကား အဘယ်သို့ပါနည်း”ဟု မေးလျှောက်ကြလေကုန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် မလ္လမင်းတို့ကို—

“ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့…သင်တို့၏အလိုကား ‘ငါတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို က-ခြင်း သီခြင်း တီးမှုတ်ခြင်းဖြင့်၎င်း, ပန်း, နံ့သာတို့ဖြင့်၎င်း အရိုအသေပြုကြ, အလေးပြုကြ, မြတ်နိုးကြ, ပူဇော်ကြလျက် မြို့၏အပြင် တောင်ဖက်လမ်းဖြင့် မြို့၏အပြင် တောင်အရပ်သို့ ဆောင်ယူကြပြီးလျှင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို မြို့၏တောင်ဖက်၌ပင် မီးသဂြိုဟ်ကြကုန်အံ့’ဟု ဤသို့ဖြစ်၏။

ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့…နတ်တို့၏အလိုကား ‘ငါတို့သည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို နတ်တို့၏ က-ခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း, နတ်ပန်း,နံ့သာတို့ဖြင့်၎င်း အရိုအသေပြုကြ, အလေးပြုကြ, မြတ်နိုးကြ, ပူဇော်ကြလျက် မြို့၏အပြင် မြောက်ဖက်လမ်းဖြင့် မြို့၏မြောက်အရပ်သို့ ဆောင်ယူကြပြီးလျှင် မြောက်ဖက်တံခါးမှ မြို့တွင်းသို့ သွင်းကြလျက် မြို့လယ်လမ်းအတိုင်း ပင့်ဆောင်ကြကာ အရှေ့တံခါးမှထွက်၍ မြို့၏အရှေ့အရပ် မလ္လမင်းများ၏ *မကုဋဗန္ဓန–မည်သော စေတီဌာနၞ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို မီးသဂြိုဟ်ကြကုန်အံ့’ဟု ဤသို့ဖြစ်၏”—

ဟု မိန့်တော်မူလေ၏။ မလ္လမင်းတို့သည်လည်း “အရှင်ဘုရား…နတ်တို့၏အလိုအတိုင်းပင် ဖြစ်ပါစေလော့”ဟု လျှောက်ထားကြကုန်၏။

---

* မလ္လမင်းများ အဘိသိက်ခံသောအခါ မကိုဋ်ဖွဲ့ဆောင်ခြင်းစသည်ဖြင့် တန်းဆာဆင်ရာဖြစ်သော မင်းကွန်း=ဗိုလ်တဲကို ရှိသေလေးစားရာဌာနဖြစ်သောကြောင့် မကုဋဗန္ဓနစေတီဟု ခေါ်ဆိုအပ်လေသည်။

WWW.DHAMMARANSI.COM



ထိုစဉ်အခါ မလ္လမင်းတို့၏ ကုသိနာရုံပြည်ဝယ် အိမ်ဝင်း ခြံစပ်နှင့် အညစ်အကြေးစွန့်ရာ တံမြက်ချေးစွန့်ရာ အရပ်များပါ မကျန် မန္ဒာရဝနတ်ပန်း(＝ထင်ရှားပန်း)တို့ဖြင့် ဒူးဆစ်မြုပ် လောက်အောင် ဖြန့်ခင်းထားလျက် ရှိပေ၏။

ထိုအခါ နတ်တို့သည်၎င်း, ကုသိနာရုံပြည်သား မလ္လမင်းတို့ သည်၎င်း နတ်,လူတို့၏ က-ခြင်း သီခြင်း တီးမှုတ်ခြင်းတို့ဖြင့်၎င်း, ပန်း,နံ့သာတို့ဖြင့်၎င်း အရိုအသေပြုကြ, အလေးပြုကြ, မြတ်နိုးကြ, ပူဇော်ကြလျက် မြို့၏အပြင် မြောက်ဖက်လမ်းဖြင့် မြို့၏မြောက် အရပ်သို့ ဥတ္တရ ရုပ်ကလာပ်တော်ကို ဆောင်ယူကြပြီးလျှင် မြောက်ဖက်တံခါးမှ မြို့တွင်းသို့သွင်းကြလျက် မြို့လယ်လမ်းအတိုင်း ခမ်းနားစွာ ပင့်ဆောင်ကြလေကုန်၏။

**ဥတ္တရရုပ်ကလာပ်တော်ကို ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာက မဟာလတာတန်းဆာဖြင့် ပူဇော်ခြင်း**

ထိုသို့ မြတ်စွာဘုရားရှင်၏ ဥတ္တရရုပ်ကလာပ်တော်ကို မြို့လယ် လမ်းအတိုင်း ပင့်ဆောင်အပ်သည်ရှိသော် ဗန္ဓုလ စစ်သူကြီး ကတော် မလ္လိကာသည် "မြတ်စွာဘုရား၏ ဥတ္တရရုပ်ကလာပ် တော်ကို ပင့်ဆောင်လာကြပြီတဲ့"ဟူသော သတင်းစကားကို ကြားသိရ၍ မိမိ၏အရှင်လင် ဗန္ဓုလစစ်သူကြီး ကွယ်လွန်သည့် အချိန်မှစ၍ မဝတ်မဆင် မသုံးစွဲပဲ သိမ်းဆည်း၍ထားအပ်သော (ဝိသာခါ၏ အဆင်တန်းဆာနှင့် အလားတူဖြစ်သည့်) မဟာ- လတာတန်းဆာကို သိမ်းဆည်းရာမှ ထုတ်ဆောင်စေပြီးလျှင် "ဤတန်းဆာဖြင့် မြတ်စွာဘုရားကို ငါပူဇော်ပေအံ့"ဟု ကြံရွယ် ကာ မြူမှုန်များကိုပွတ်သုတ်စေ၍ နံ့သာရေဖြင့် ဆေးကြောပြီးလျှင် မိမိ၏အိမ်တံခါးဝက အသင့်ရပ်တည် စောင့်မျှော်နေလေ၏။

ထိုမဟာလတာတန်းဆာကား (၁) ဝိသာခါ၏အထံ (၂) မလ္လိကာ၏အထံ (၃) ဒေဝဒါနိယ–မည်သော ခိုးသူ၏အိမ်＝ဤသုံးဌာနတို့၌သာလျှင် ရှိ၏ဟူသတတ်။ ။ ထိုမဟာလတာတန်းဆာကိုပင် ယခုခေတ်အခါ၌ မလ္လိကာ တန်းဆာဟု ခေါ်၏။

WWW.DHAMMARANSI.COM



မလ္လိကာစစ်သူကြီးကတော်သည် မြတ်စွာဘုရား၏ ဥတုဇ ရုပ်ကလာပ်တော် မိမိအိမ်တံခါးဝသို့ ရောက်လတ်သည်ရှိသော် "အမောင်မင်းများတို့...မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို ခေတ္တခဏ ချထားကြပါဦး"ဟု တောင်းပန်ပြောဆို၍ ထို မဟာလတာတန်းဆာကို မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ် ကိုယ်တော်၌ စွပ်လိုက်ဝတ်လိုက်လေ၏။ ဦးခေါင်းတော်မှစ၍ စွပ်အပ်ဝတ်အပ်သော ထိုမဟာလတာတန်းဆာသည် ခြေဖဝါး တော်အပြင်သို့ တိုင်ရောက်လေသည်။ ရွှေရောင်အဆင်း ဝါဝင်း သော မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်ကိုယ်တော်သည် ရတနာခုနစ်ပါး ခြယ်စီအပ်သော မဟာလတာတန်းဆာဖြင့် တန်းဆာဆင်အပ်ရကား အလွန်ပင် တင့်တယ်လှပေ၏။

ထိုတင့်တယ်ပုံကို မြင်ရ၍ မလ္လိကာသည် သဒ္ဓါကြည်ညိုစိတ် တရိပ်ရိပ်ဖြစ်ရှိလျက် "မြတ်စွာဘုရား... ...သံသရာဝဋ်၌ ကျင်လည် ရသမျှ ကာလပတ်လုံး တပည့်တော်မအဖို့ရာ အသီးအခြား တန်းဆာဆင်ရခြင်းကိစ္စဟူ၍ မဖြစ်ရပါလို၊ တပည့်တော်မ၏ ဖြစ်လေရာရာ သံသရာဘဝကိုယ်ခန္ဓာသည် အမြဲတစေ တန်းဆာ ဆင်ပြီးဝတ်ပြီးကဲ့သို့သာလျှင် ဖြစ်ရပါလို၏"ဟု ဆုတောင်း ပဋ္ဌနာမှုကို ပြုလေ၏။ မလ္လိကာသည် နောက်အခါ၌ စုတိပြတ်ကြွေ သေလွန်ပြီးနောက် တာဝတိံသာနတ်ပြည်၌ ဆုတောင်းပြည့်ဝ သော နတ်သမီး ဖြစ်လေသည်။ ထိုအကြောင်းအရာအကျယ်ကို (ဝိမာနဝတ္ထု ဌ၊ စာမျက်နှာ ၁၅၀-မှစ၍) ၁-ဗုဒ္ဓိဝိမာန၊ ၃-ပါရိစ္ဆတ္တကဝဂ်၊ ၈-မလ္လိကာဝိမာနဝတ္ထုအဖွင့် အဋ္ဌကထာ၌ ကြည့်ရှုမှတ်ယူရာ၏။

ထိုနောက်မှ မလ္လမင်းများသည် မြတ်စွာဘုရားရှင်ရုပ်ကလာပ် တော်ကို မဟာလတာတန်းဆာနှင့်တကွ ချီမ-ကြ၍ အရှေ့တံခါးမှ ထုတ်ဆောင်ကြပြီးလျှင် မြို့၏အရှေ့မျက်နှာ မလ္လမင်းများ၏ မကုဋဗန္ဓန-မည်သော စေတီဌာန၌ မြတ်စွာဘုရားရှင်ရုပ်ကလာပ် တော်ကို ချထားကြကုန်၏။

WWW.DHAMMARANSI.COM



ဥတုဇရုပ်ကလာပ်တော်၌ ဆောင်ရွက်ကြပုံ

ထိုအခါ မလ္လမင်းတို့သည် အရှင်အာနန္ဒာမထေရ်ကို "အရှင်အာနန္ဒာဘုရား....တပည့်တော်များသည် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်၌ အဘယ်သို့ ဆောင်ရွက်ကြရပါမည်နည်း"ဟု မေးလျှောက်ကြကုန်၏။ "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့.... စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ စီမံဆောင်ရွက်သကဲ့သို့ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်၌ စီမံဆောင်ရွက်အပ်ပေ၏"ဟု အရှင်အာနန္ဒာမထေရ်က ပြန်ကြားမိန့်ဆိုတော်မူလေလျှင် မလ္လမင်းတို့သည် တဖန်ဆက်၍ "အရှင်အာနန္ဒာဘုရား.... စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ အဘယ်သို့ စီမံဆောင်ရွက်ကြပါကုန်သနည်း"ဟု မေးမြန်းလျှောက်ထားကြကုန်၏။ ထိုအခါ အရှင်အာနန္ဒာမထေရ်သည် မလ္လမင်းတို့ကို—

"ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့....စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်ကို အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ရကုန်၏၊ အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနုဖြင့် ရစ်ပတ်ရပြန်ကုန်၏။ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးလျှင် တဖန် အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ရပြန်ကုန်၏။ ဤနည်းအတိုင်း အဝတ်စုံငါးရာတို့ဖြင့် စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်ကို ရစ်ပတ်ပြီးလျှင် ဆီနှင့်တကွသော (=ဆီထည့်ထားသော)ရွှေတလား (=ရွှေခေါင်း) ၌ ထည့်၍ အခြားရွှေတလားဖုံး (=ရွှေခေါင်းဖုံး) ဖြင့် ဖုံးအုပ်ပြီးသော် နံ့သာမျိုးစုံတို့ကို ထင်းပုံပြု၍ စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်ရကုန်၏။ လမ်းမလေးခု (=လမ်းလေးခွ) ဆုံရာ၌ စကြဝတေးမင်း၏ သရီရဓာတ်များကို စေတီတည်ထားရကုန်၏။ ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့ .... ဤ ဆိုအပ်ပြီးသောအတိုင်း စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ စီမံဆောင်ရွက်ရကုန်၏။

WWW.DHAMMARANSI.COM



ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့....စကြဝတေးမင်း၏ ဥတုဇရုပ်ကလာပ်၌ စီမံဆောင်ရွက်ရသကဲ့သို့ပင် မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်၌ စီမံဆောင်ရွက်အပ်ပေ၏။ လမ်းမလေးခု (= လမ်းလေးခွ) ဆုံရာ၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို စေတီတော်တည်ထားအပ်ပေ၏။ ထိုစေတီ၌ အကြင်သူတို့သည် ပန်းကိုဖြစ်စေ နံ့သာကိုဖြစ်စေ နံ့သာမှုန့်ကိုဖြစ်စေ တင်လှူမူလည်း တင်လှူကုန်ငြားအံ့၊ ရှိခိုးမူလည်း ရှိခိုးကုန်ငြားအံ့၊ စိတ်ဖြင့်မူလည်း သဒ္ဓါရွှန်းစို ကြည်ညိုကုန်ငြားအံ့၊ ထိုသူတို့၏ ထိုအပြုအမူများသည် ရှည်လျားစွာသော ကာလပတ်လုံး စီးပွါးချမ်းသာအလို့ငှါ ဖြစ်ပေလိမ့်မည်"—

ဟု (အောက်၌)မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည့်အတိုင်း ပြန်ကြားမိန့်ဆိုတော်မူလေ၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများသည် "အချင်းတို့.... ထိုသို့ဖြစ်လျှင် မလ္လမင်းတို့၏ ဝါဂွမ်းနုများကို စုခဲ့ကြကုန်လော့"ဟု မင်းချင်းယောကျ်ားတို့ကို အမိန့်ပေးစကား ပြောကြားကြလေကုန်၏။

ထိုနောက် မလ္လမင်းတို့သည် မြတ်စွာဘုရား၏ ဥတုဇ ရုပ်ကလာပ်တော်ကို အရှင်အာနန္ဒာ ပြန်ကြားမိန့်ဆိုတော်မူသည့်အတိုင်း အသစ်စက်စက်အဝတ်ဖြင့် ရစ်ပတ်ပြီးလျှင် ဝါဂွမ်းနုဖြင့် ရစ်ပတ်ကြကုန်၏၊ ဝါဂွမ်းနုဖြင့် ရစ်ပတ်ပြီးလျှင် အသစ်စက်စက် အဝတ်ဖြင့် ရစ်ပတ်ပြန်ကုန်၏။ ဤနည်းအတိုင်း အဝတ်စုံငါးရာတို့ဖြင့် မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်ကို ရစ်ပတ်ကြပြီးလျှင် ဆီနှင့်တကွသော (= ဆီထည့်ထားသော) ရွှေတလား (= ရွှေခေါင်း)၌ ထည့်သွင်းကြ၍ ရွှေတလားဖုံး (= ရွှေခေါင်းဖုံး) ဖြင့် ဖုံးအုပ်ပြီးသော် နံ့သာမျိုးစုံတို့ကို ထင်းပုံပြု၍ မြတ်စွာဘုရားရှင်၏ ဥတုဇရုပ်ကလာပ်တော်ကို ထိုထင်းပုံထက်၌ တင်ထားကြလေ၏။

WWW.DHAMMARANSI.COM



## မဟာကဿပမထေရ်ဝတ္ထု

ထိုစဉ်အခါ အရှင်မဟာကဿပမထေရ်မြတ်သည် ပါဝါပြည် တွင်း၌ ဆွမ်းခံ လှည့်လည်တော်မူပြီးသော် “ကုသိနာရုံပြည်သို့ သွားပေအံ့” ဟု ကြံစည်ဆင်ခြင်တော်မူကာ ရဟန်းငါးရာတို့နှင့် အတူတကွ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာတော်မူလျက် ရှိ၏။ ထိုအခါ အရှင်မဟာကဿပမထေရ်သည် ခရီးမမှ ဖဲခဲ့၍ တခုသောသစ်ပင်ရင်း၌ ရဟန်းတို့နှင့် အတူတကွ ထိုင်နေတော် မူလေ၏။

ဤ၌ နေ့သန့်ရန် ထိုင်နေခြင်း မဟုတ်၊ အပန်းဖြေရန် ထိုင်နေခြင်းဖြစ်သည်ကို အထူးမှတ်ယူရာ၏၊ ချဲ့ဦးအံ့— မထေရ်မြတ်၏ ပရိသတ်ရဟန်း အားလုံးပင် ဘုန်းကြီးသူ ချမ်းသာစွာကြီးပွါးခဲ့ရသူများ ဖြစ်ကြလေသည်။ ထိုရဟန်း တို့သည် မွန်းတည့်ရှိန်ရှိန် နေ့အချိန်၌ လောလောပူသည့် ကျောက်ဖျာအတူ အလွန် ပူပြင်းလှသော မြေအပြင်ဝယ် ခြေလျင်ကြွလာကြရကုန်သဖြင့် အလွန်လျှင် ပင်ပန်းလျက် ရှိကြကုန်၏။

အရှင် မဟာကဿပမထေရ်မြတ်သည် ထိုရဟန်းတို့ အလွန်ပင်ပန်းကြသည်ကို မြင်တော်မူ၍ “ရဟန်းတို့သည် ပင်ပန်းကြလှ၏၊ သွားရမည့် ခရီးသည်လည်း အဝေးကြီး မဟုတ်တော့ချေ၊ အတန်ငယ် အပန်းဖြေ အပူအအိုက်ကို ငြိမ်းအေးစေပြီး ညနေချမ်းအချိန်ကျမှ ကုသိနာရုံပြည်သို့ အရောက်သွားကာ မြတ်စွာဘုရားရှင်ကို ဖူးမြော်တော့ မည်” ဟု ကြံစည်တော်မူကာ ခရီးမမှ ဖဲခဲ့၍ တခုသော သစ်ပင်ရင်း၌ သင်္ကန်းကြီးကို ခင်းပြီးလျှင် ရေဗူးမှရေဖြင့် လက်ခြေတို့ကို ဆွတ်ဖျန်းအေးချမ်းစေပြီး ခေတ္တအပန်းဖြေ နားနေတော်မူလေသည်။ ပရိသတ် ရဟန်းတို့သည်လည်း သစ်ပင်ရင်း၌ ထိုင်နေကြကာ ကမ္မဋ္ဌာန်းနှလုံး ကျင့်သုံး ကြလျက် အချို့က ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူး စကားကို ပြောကြားကြကာ ထိုင်နေလျက် ရှိကြကုန်၏။

WWW.DHAMMARANSI.COM



ထိုအချိန်၌ တက္ကတွန်း တယောက်သည် ကုသိနာရုံပြည်မှ မန္ဒာရဝနတ်ပန်းပွင့်ကြီး တခုကို အရိုးငှါးတပ်ပြီးလျှင် ထီးကဲ့သို့ ဆောင်းမိုးယူဆောင်ကာ ပါဝါပြည်ဖက်သို့ လာလျက်ရှိ၏။ အရှင်မဟာကဿပမထေရ်သည် ထို တက္ကတွန်းလာနေသည်ကို အဝေးမှပင် မြင်တော်မူ၍—

"တက္ကတွန်း၏ လက်အတွင်း၌ ဤ မန္ဒာရဝနတ်ပန်းပွင့်ကြီးကို လင်းလင်းထင်ထင် မြင်၍နေရ၏၊ ဤ မန္ဒာရဝနတ်ပန်းမည်သည်ကို လူ့ပြည်ခရီး၌ အခါခပ်သိမ်း မြင်ရသည် မဟုတ်ချေ၊ စင်စစ်သော်ကား တန်ခိုးရှင်တဦးဦး တန်ခိုးအစီအရင်ပြုသောအခါမျိုး, ဘုရားအလောင်းတော်များ မယ်တော့်ဝမ်းသို့ သက်သောအခါမျိုး (=ပဋိသန္ဓေနေသောအခါမျိုး) စသည်တို့၌သာ ထင်ရှားဖြစ်ပေါ်မြဲ ဖြစ်လေသည်။ ယနေ့ကား တန်ခိုးရှင်တဦး တယောက်မျှ တန်ခိုးအစီအရင်ကို ပြုအပ်သည်လည်း မဟုတ်၊ ငါ၏ဆရာ မြတ်စွာဘုရားသည် မယ်တော့်ဝမ်းသို့ သက်တော်မူသည်လည်း မဟုတ်၊ မယ်တော့်ဝမ်းမှ ဖွားမြောက်တော်မူသည်လည်း မဟုတ်၊ ယနေ့ ထို ငါ့ဆရာ မြတ်စွာဘုရား၏ သဗ္ဗညုတရွှေဉာဏ်ကို ရတော်မူခြင်း လည်း ဖြစ်သည်မဟုတ်၊ ဓမ္မစကြာတရားဦး ဟောတော်မူခြင်း, ယမိုက်ပြာဋိဟာပြုတော်မူခြင်း, တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူခြင်း, အာယုသင်္ခါရကို လွှတ်တော်မူခြင်းများလည်း ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား ငါ၏ဆရာ မြတ်စွာဘုရားသည် အသက်အရွယ်တော်ကြီး ရင့်ခဲ့လေပြီ၊ ဧကန်ပင် ပရိနိဗ္ဗာန် စံတော်မူပြီ ဖြစ်လိမ့်မည်"—

ဟု ကြံစည်တော်မူပြီးနောက် "ထို တက္ကတွန်းကို မေးဦးမှပဲ" ဟု ဒိတ်တော်ဖြစ်ရှိကာ "အကယ်၍ ထိုင်နေရင်းကပင် မေးခဲ့လျှင် ငါ့ဆရာဘုရားအပေါ်၌ မရိုသေမှု ပြုရာရောက်ချေတော့မည်" ဟု စဉ်းစားတော်မူမိ၍ နေရာမှထကာ တည်နေရင်းအရပ်မှ အနည်း

WWW.DHAMMARANSI.COM



ငယ်ဖလက်၍ ဆဒ္ဒန်ဆင်မင်းသည် ပတ္တမြားဦးခက်ကို ဆင်ရွက် ခြီရုံသည့်အလား မြတ်စွာဘုရားရှင် လဲလှယ်ပေးအပ်သည့် မိုး တိမ်ညိုအဆင်းရှိသော ပံသုကူသင်္ကန်းကို ခြုံရုံတော်မူ၍ လက် သည်းဆယ်ပွင့်ဖြင့် တင့်တယ်တောက်ပသောလက်အုပ်ကို ဦးထိပ် ထက်တင်ထားပြီးလျှင် ဘုရားရှင်၌ ပြုအပ်သောရိုသေခြင်းဖြင့် တက္ကတွန်းဖက်သို့ မျက်နှာတော်မူကာ "ငါ့ရှင် .... ငါတို့ဆရာ မြတ်စွာဘုရားကို သင်သိပါသလော" ဟု မေးတော်မူလေ၏။

(ဤ၌— "အရှင်မဟာကဿပမထေရ်သည် မြတ်စွာဘုရားရှင် ပရိ- နိဗ္ဗာန် စံတော်မူခြင်းကို သိလျက်နှင့် မေးသလော၊ မသိသည်ဖြစ်၍ မေးသလော" ဟု မေးမြန်းဖွယ်ရှိ၏။ ဤအမေးအတွက် မသိ၍ မေး သည်ဟု ယူဆသည့်ဖက်မှ အကြောင်းတင်ပြချက်ကို အဋ္ဌကထာဆရာ တော်တို့ လက်ခံတော်မမူကြချေ။ အဋ္ဌကထာဆရာတော်များ လက်ခံ တော်မူသည့် အကြောင်းပြဖြေဆိုချက်မှာ—

"ဤအရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ကို မသိရန် အကြောင်း အလျှင်းပင်မရှိချေ၊ စကြဝဠာတိုက်တသောင်း တသိမ့်သိမ့် တုန်လှုပ်ခြင်း-စသော နိမိတ်ကြီးများဖြင့် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူခြင်းကား အလွန်ထင်ရှားလှပေ၏။

စင်စစ် အကြောင်းမှန်သော်ကား အရှင်မဟာကဿပထေရ်၏ ပရိ- သတ်တွင် အချို့သောရဟန်းတို့က မြတ်စွာဘုရားကို ဖူးမြော်ကြဘူး၍ အချို့သော ရဟန်းတို့ကမူ မဖူးမြော်ကြဘူးချေ၊ ထို ရဟန်းတို့အနက် ရှေးက ဖူးမြော်ကြဘူးသော ရဟန်းတို့ကလည်း (ဖူးမြော်ဘူး၍ပင်) ဖူးမြော်ချင်ကြကုန်၏၊ ရှေးက မဖူးမြော်ကြဘူးသော ရဟန်းတို့ကလည်း (မဖူးမြော်ကြဘူးသောကြောင့်ပင်) ဖူးမြော်ချင်ကြကုန်၏။

ယခုမမေး၍ ဘုရားပရိနိဗ္ဗာန် စံတော်မူသည်ကို ကြိုတင်၍ မသိကြ လျှင် ရှေးက မဖူးမြော်ကြဘူးသော ရဟန်းတို့သည် အလွန့်အလွန် ဖူးမြော်လိုကြသောကြောင့် ကုသိနာရုံပြည်သို့ ရောက်လျှင် "မြတ်စွာ ဘုရားရှင် အဘယ်မှာနည်း" ဟု မေးကြလိမ့်မည်၊ ယင်းသို့မေး၍ "မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီ" ဟူသောသတင်းစကားကို ကြား သိကြရသော် ဆောက်တည်နိုင်ကြလိမ့်မည် မဟုတ်၊ သင်္ကန်းသပိတ် တို့ကို စွန့်ပစ်ကြကာ သင်္ကန်းတထည်တည်းရှိကြ၍ရင်း, မကောင်းသဖြင့် ဝတ်ရုံကြ၍ရင်း ရင်ပတ်တို့ကို ထုနှက်ကြကာ သည်းစွာငိုကြွေးကြလိမ့်

WWW.DHAMMARANSI.COM



မည်၊ ထိုသို့ ငိုကြွေးရာ၌ မြင်ကြသူ လူအပေါင်းတို့သည် "အရှင်မဟာကဿပမထေရ်နှင့် အတူတကွ ရောက်ကြသော ပံသုကူဓုတင်ဆောင် ရဟန်းတို့သည် မိမိတို့ကိုယ်၌က မိန်းမများပမာ သည်းစွာငိုကြွေးကြကုန်ဘိ၏၊ ထိုရဟန်းတို့သည် ငါတို့ကို အဘယ်မှာလျှင် သက်သာစေနိုင်ကြလိမ့်မည်နည်း = မသက်သာစေနိုင်ကြမည်သာတည်း" ဟု ကေန်ပင် ငါ၏အပေါ်၌ အပြစ်ပြကာ ပြောဆိုကြလိမ့်မည်။ ယခု ဤနေရာကား လူသူလေးပါး တိတ်ဆိတ်သော တောကြီးဖြစ်သည်၊ ဤတောကြီးထဲ၌ ဟုတ်ဟုတ်ညားညား = လျော်စွာတော်စွာ ( = ထိုရဟန်းတို့စိတ်ရှိသလို)ငိုကြွေးကြကုန်သော် ငါ့အပေါ်၌ အပြစ်ကျဖွယ်မရှိချေ။ အလျင်လက်ဦး ကိုတင်၍ သတင်းစကားကို ကြားသိရလျှင် စိုးရိမ်မှု = သောကတရားသည်လည်း ခေါင်းပါးနိုင်၏" ဟု ဆင်ခြင်တော်မူမိကာ အတူတကွ လိုက်ပါလာသောရဟန်းတို့၏သန္တာန်၌ သတိတရား ဖြစ်ပွါးစေခြင်းငှါ သိတော်မူလျက်ပင် မေးမြန်းတော်မူ၏" —ဟူ၍ဖြစ်သည်)။

ထိုသို့ အရှင်မဟာကဿပမထေရ်မြတ်က မေးမြန်းတော်မူလိုက်သောအခါ တက္ကတွန်းသည် "ငါ့ရှင် အိမ်း····သိပါ၏၊ ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသည်မှာ ယနေ့ ခုနစ်ရက်ရှိခဲ့ပြီ၊ ထိုပရိနိဗ္ဗာန် ပြုရာအရပ်မှ ဤမန္ဒာရဝနတ်ပန်းကို ငါယူလာခဲ့ပါသည်" ဟု ပြန်ကြားပြောဆိုလေ၏။

ထိုအခါ အရှင်မဟာကဿပမထေရ်၏ နောက်ပါရဟန်းငါးရာတို့တွင် ရာဂမကင်းသေးသော အချို့ရဟန်းတို့သည် "ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ ကောင်းသောစကားကို မိန့်ကြားတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေပြီတကား၊ သတ္တလောက၏ မျက်စိသဖွယ်ဖြစ်တော်မူသောမြတ်စွာဘုရားသည် လောကမှ ကွယ်ခြင်းမလှ ကွယ်ပျောက်တော်မူခဲ့လေပြီတကား" ဟု ပြောဆိုကြကာ လက်မောင်းတို့ကို မြှောက်၍ ငိုကြွေးကြကုန်၏၊ ကမ်းပါးပြတ်၌ ကျသကဲ့သို့ လဲကျကုန်၏၊ ရှေး႐ှု လူးလိမ့်, ထိုထို ဤဤ လူးလိမ့်ကြကုန်၏။

ကာမရာဂကင်းပြီးသော ရဟန်းတို့သည်ကား "ပြုပြင်ရသော သင်္ခါရတရားတို့သည် မမြဲသောသဘောရှိကုန်၏၊ ဤပြုပြင်ရသော

WWW.DHAMMARANSI.COM



သင်္ခါရတရားထည်း၌ ထိုမြမ္မှုသဘောကို အဘယ်မှာ ရနိုင်ပါအံ့နည်း = မရနိုင်သည်သာတည်း”ဟု အောက်မေ့ဆင်ခြင်ကြလျက် သည်းခံနိုင်ကုန်၏။

## သုဘဒ်တောထွက်ရဟန်းကြီး

ထိုစဉ်အခါ သုဘဒ္ဒမည်သော တောထွက်ရဟန်းကြီးသည် ထိုရဟန်းငါးရာ ပရိသတ်၌ ပါဝင်လျက်ရှိ၏။ ရဟန်းတော်များ ထောက်တည်ရာမရ ငိုကြွေးကြသောအခါ ထိုသုဘဒ်တောထွက် ရဟန်းကြီးသည် ရဟန်းတို့ကို—

“ငါ့ရှင်တို့ … တန်ကြလော့၊ မစိုးရိမ် မပူဆွေး မငိုကြွေးကြလင့်၊ ယခုအခါ ငါတို့သည် ထိုရဟန်းကြီးမှ ကောင်းကောင်းကြီး လွတ်မြောက်ကြကုန်ပြီ၊ ထိုရဟန်းကြီးသည် ငါတို့ကို ‘ဤအရာသည် သင်တို့အဖို့ အပ်စပ်၏၊ ဤအရာသည် သင်တို့အဖို့ မအပ်စပ်’ဟု ချုပ်ချယ်ခဲ့၏၊ ယခုအခါ၌ကား ငါတို့သည် အလိုရှိအပ်သောအရာကို ပြုကြရကုန်တော့အံ့၊ အလိုမရှိအပ်သောအရာကို မပြုလုပ်ဘဲ နေနိုင်ကြရကုန်တော့အံ့”—

ဟု ရိုင်းပြရင့်သီးသောစကားကို ပြောကြားလေ၏။

## သုဘဒ်တောထွက်ရဟန်းကြီးအကြောင်း

(ဤအရာ၌–“သုဘဒ္ဒရဟန်းကြီးသည်အဘယ့်ကြောင့် ဤသို့ ရိုင်းပြရင့်သီးသောစကားကို ပြောကြားဘိသနည်း” ဟု မေးဖွယ်ရှိ၏။ “မြတ်စွာဘုရားရှင်အပေါ်၌ ရန်ငြိုး = အာဃာတထားရှိသောကြောင့် ဤသို့ရိုင်းပြရင့်သီးသော စကားကို ပြောကြားဘိ၏”ဤကားအဖြေအကျဉ်းတည်း။

ချဲ့ဦးအံ့–တချိန်က လူဖြစ်စဉ်ဝယ် ဆေတ္တာသည်ဖြစ်ခဲ့ဘူးသော ထိုသုဘဒ်တောထွက် ရဟန်းကြီးသည် သာယာသောစကား, ဆန်းကြယ်သောအတတ်ရှိ၍ မိမိတို့ဆရာ အတတ်ဖြစ်သော ဆေတ္တာသည်အမှု၌ ကျွမ်းကျင်လိမ္မာကြ

WWW.DHAMMARANSI.COM



သည့် သား သာမဏေငယ်နှစ်ပါးနှင့်အတူတကွ အာတုမ မြို့၌ နေထိုင်ဆဲရှိလေ၏။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်ပေါင်း (၁၂၅၀) တထောင်နှစ်ရာငါးကျိပ်တို့နှင့် အတူတကွ ကုသိနာရုံပြည်မှ အာတုမမြို့သို့ ကြွလာတော်မူသည်တွင် ထိုသုဘဒ်တောထွက်ရဟန်းကြီးသည် ဘုရားရှင်ကြွလာကြောင်း သတင်းစကား ကြားသိရ၍ "မြတ်စွာဘုရား အာတုမမြို့သို့ ရောက်လျှင် ယာဂုအလှူဒါနကြီးကို ပေးလှူအံ့"ဟု ကြံစည်ကာ သား သာမဏေငယ်နှစ်ပါးတို့ကို "ချစ်သားတို့····မြတ်စွာဘုရားသည် ရဟန်းတော်ပေါင်း (၁၂၅၀) တထောင်နှစ်ရာငါးကျိပ်တို့နှင့် အတူတကွ အာတုမမြို့သို့ ကြွလာတော်မူနေသတဲ့၊ ချစ်သားတို့.... သွားကြကုန်လော့၊ သင်မုန်းအိတ်ကို ယူဆောင်ကြ၍ ခွက်ဖြင့်ငင်း, အိတ်ဖြင့်ငင်း အိမ်တိုင်း အိမ်တိုင်း လှည့်လည်ကုန်လော့၊ ဆား,ဆီ,ဆန်,ခဲဖွယ်များကို ရသမျှစုရုံး ဆောင်ယူခဲ့ကြကုန်လော့၊ မြတ်စွာဘုရား ရောက်ရှိတော်မူလာလျှင် ယာဂုအလှူဒါနကြီး ပေးလှူကုန်အံ့"ဟု ပြောဆိုစေလွှတ်လိုက်လေသည်။

သား သာမဏေငယ်တို့သည် ဖခင်တောထွက်ရဟန်းကြီး ပြောဆိုတိုင်း ပြုလုပ်ကြလေကုန်၏။ မြို့သူမြို့သား လူအများတို့သည် အသံသာယာ, ပညာဆန်းကြယ်သော ထိုသာမဏေငယ်နှစ်ပါးတို့ကို တွေ့မြင်ကြရ၍ ဆံမုတ်ဆိတ်ကို ပယ်ရိတ်ပြုပြင်လိုကြသူ မပြုပြင်လိုကြသူ အားလုံးတို့သည်ပင် အပြုအပြင်ခိုင်းကြလေသည်။ ပြုပြင်ပြီးသောအခါ "ချစ်သားတို့···· အဘယ်အရာဝတ္ထုကို ယူကြမည်နည်း"ဟု လူများက မေးကြလေသော် ထိုသာမဏေငယ်နှစ်ပါးတို့သည်"ငါတို့အဖို့ရာ အခြားတစုံတရာသောဝတ္ထုကိုမျှ အလိုမရှိပါ၊ စင်စစ်သော်ကား ငါတို့ဖခင်ရဟန်းကြီးသည် မြတ်စွာဘုရား ကြွလာတော်မူသောအခါ ယာဂုအလှူ ပေးလှူလိုပါသည်"ဟု ပြောဆိုကြလေ၏။

WWW.DHAMMARANSI.COM



ထိုစကားကို ကြားရ၍ လူတို့သည် တန်ရာတန်ကြေးကို မရေတွက်ကြပဲ ထိုသာမဏေငယ်များ ဆောင်ယူနိုင်ကြသလောက် အားလုံးကို ပေးကြသည့်ပြင် သာမဏေငယ်များ မသယ်ယူနိုင်သည့် ဆန်, ဆီ, ဆား, ခဲဖွယ်များကိုလည်း မိမိတို့အိမ်မှ အစေအပါး လူများကို လိုက်ပါပို့စေကြကုန်၏။

ထိုနောက် မြတ်စွာဘုရားရှင် အာတုမမြို့သို့ ရောက်၍ ကောက်ရိုးအုံကျောင်းသို့ ဝင်တော်မူလေလျှင် သုဘဒ်တောထွက်ရဟန်းကြီးသည် ညနေချမ်းအခါ ရွာတံခါးသို့ သွားရောက်၍ လူများကို "ဒကာတို့….ငါသည် သင်တို့ထံမှ အခြားတစုံတရာကိုမျှ မတောင့်တပါ၊ ငါ့သားငယ်များ ယူဆောင်လာသည့် ဆန်, ဆီ, ဆား,ခဲဖွယ်များသည် ပင်သံဃာတော်အတွက် လောက်လောက်ငင ရှိပါသည်၊ ဒကာတို့ကား ငါ့အား လက်အမှု အကူအညီကိုသာ ပေးကြပါလော့"ဟု ပြောဆိုခေါ်ငင်ခဲ့၍ "ဤဝတ္ထု၊ ဤဝတ္ထုများကိုလည်း ယူခဲ့ကြလော့"ဟု ခပ်သိမ်းသော အိုး,ခွက်, ယောက်မ,ခုံလောက်-စသော အဆောက်အဦများကို ယူခဲ့စေပြီးလျှင် မိမိ၏ကျောင်းတိုက်အတွင်း၌ ခုံလောက်တို့ကို တည်ထားစေကာ သက်န်းအညိုတထည်ကိုဝတ်၍ အခြားသက်န်းအညိုတထည်ကို ရုံကာ "ဤအမှုကို ပြုကြလော့၊ ဤအမှုကို ပြုကြလော့"ဟု တညဥ့်လုံးလုံး ကိုယ်တိုင်ကြပ်မစီမံလျက် အသပြာတသိန်းတန် စွန့်လွှတ်ကာ ထပ်ထပ်သောယာဂု(=ဘောဇ္ဇယာဂု)နှင့် ပျားမုံ့ဆုပ်တို့ကို များစွာ စီမံစေလေ၏။ (ဘောဇ္ဇယာဂု = ထပ်ထပ်သောယာဂုဟူသည်မှာ—ရေးဦးစွာ ဝါး၍စားပြီးမှ သောက်အပ်သောယာဂုအပြစ်မျိုးဖြစ်သည်၊ ထိုယာဂု၌ ထောပတ်,ပျား, တင်လဲ,ငါး,အမဲ,ပန်းပွင့်ရည်,သစ်သီးရည်- စသည် ခဲဖွယ်မျိုးစုံကို ထည့်သွင်းကျိုချက်အပ်လေသည်၊ မြူးထူးပျော့ရှင်

WWW.DHAMMARANSI.COM



လိုသူတို့အဖို့ရာ ခေါင်းလိမ်းဆီ ဖြစ်ကဲ့သို့ ဦးခေါင်းကို လည်း လိမ်းကျံနိုင်၍ မွှေးကြိုင်သောရနံ့ ရှိလေသည်)။

ထိုအခါ မြတ်စွာဘုရားသည် စောစောထ၍ ကိုယ် လက်သုတ်သင်မှု ပြုတော်မူပြီးလျှင် ရဟန်းအပေါင်း ခြံရံ လျက် ဆွမ်းခံလှည့်လည်တော်မူရန် အာတုမမြို့သို့ ရှေးရှု ကြွချီတော်မူလာလေ၏။ လူအပေါင်းတို့သည် သုဘဒ် တောထွက်ရဟန်းကြီးအား "မြတ်စွာဘုရားရှင် ဆွမ်းခံကြွ ဝင်တော်မူလာ၏၊ အရှင်ဘုရားသည် အဘယ်သူ့အတွက် ယာဂုကို စီရင်အပ်ပါသနည်း"ဟု ပြောကြားကြလေ၏။

သုဘဒ်တောထွက် ရဟန်းကြီးသည် မိမိဝတ်ရုံမြဲတိုင်း သောသင်္ကန်းညိုကြီးများဖြင့်ပင် လက်တဖက်က ယောက် မ, ယောက်ချိုများကို စွဲကိုင်ကာ ဖြဟ္မာထိုင် ထိုင်လျက် (= လက်ျာဒူးဝန်းကို မြေခ္ခချထားကာ ထိုင်လျက်) မြတ် စွာဘုရားကို ရှိခိုးပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား····ရှင်ပင်ဘုရားသည် တပည့်တော်၏ ဘောဇ္ဇ ယာဂုဆွမ်းကို အလှူခံတော်မူပါဘုရား"ဟု လျှောက်ထား ပင့်ဖိတ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် (ဝိနည်း မဟာဝါ၊ ဗြ- ဘေသဇ္ဇက္ခန္ဓက ပိဋကတ်မြန်မာပြန်၊ မျက်နှာ ၃၅၂-၌လာ ရှိသောအတိုင်း) အကြောင်းအရာကို မေးမြန်းကြားသိ တော်မူ၍ ထိုတောထွက်ရဟန်းကို အကြောင်းပေါင်းများ စွာတို့ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးလျှင် ထိုအကြောင်းဝတ္ထု၌ (၁) အကပ္ပိယသမာဒါန သိက္ခာပုဒ်(= မအပ်စပ်သော အရာ၌ ဆောက်တည်စေသော ရဟန်း ပြုလုပ်စေသော ရဟန်းအား ဒုက္ကဋ် အာပတ်သင့်စေ-ဟု ပညတ်သော သိက္ခာပုဒ်)နှင့် (၂) ခုရဘဏ္ဍပရိဟရဏသိက္ခာပုဒ် (= သင်မုန်းအိတ်ကို ဆောင်ယူသော ဆံတွာသည် ဖြစ်ဘူး သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ-ဟု ပညတ်အပ်

WWW.DHAMMARANSI.COM



သောသိက္ခာပုဒ်) ဤသိက္ခာပုဒ် နှစ်ပါးတို့ကို ပညတ်တော်မူပြီးလျှင်—

"ရဟန်းတို့...ကမ္ဘာကုဋေပေါင်းများစွာသော ကာလတို့ပတ်လုံး အစာအာဟာရဘောဇဉ်ကို ရှာမှီးကုန်လျက်သော သင်ချစ်သားတို့သည် အချိန်ကို ကုန်လွန်စေခဲ့ကြကုန်ပြီ၊ ဤယခု သုဘဒ်တောထွက်ရဟန်းကြီး လှူဒါန်းသည့် ယာဂုဆွမ်းကား ချစ်သားတို့အဖို့ရာ လုံးဝမအပ်စပ်သည့် မတရားသဖြင့် ဖြစ်သော ဘောဇဉ်ဖြစ်ချေသည်၊ ဤဘောဇဉ်ကို စားသုံးသူတို့အဖို့ရာ ကိုယ်အဖြစ်ထောင်ပေါင်းများစွာ အပါယ်လေးပါးတို့၌ ဖြစ်ကြရလိမ့်မည်၊ ချစ်သားတို့... ဖယ်ရှားကြလော့ မခံယူကြကုန်လင့်"—

ဟု မိန့်တော်မူပြီးလျှင် ဆွမ်းခံရွာသို့ ရှေးရှု ကြွသွားတော်မူလေ၏၊ ရဟန်းတပါးကမျှ ထိုသုဘဒ်တောထွက်ရဟန်းကြီး၏ ယာဂုဆွမ်း အနည်းငယ်မျှကိုပင်သော်လည်း မခံယူအပ်တော့ချေ။

သို့ရကား သုဘဒ်ရဟန်းကြီးသည် နှလုံးမသာမယာ ဖြစ်ရှိကာ "ဤရဟန်းကြီးသည် 'အလုံးစုံကို ငါသိ၏'ဟု ပြောဆိုလှည့်လည်၏၊ အကယ်၍ မခံယူလိုလျှင် တဦးတယောက်ကို စေလွှတ်၍ ပြောကြားသင့်၏၊ ဤယခု ကျိုပြီးချက်ပြီးသော အစာအာဟာရမည်သည် အကြာဆုံး ခံလှမှ ခုနစ်ရက်မျှသာ ခံနိုင်လေရာ ထားနိုင်လေရာ၏၊ ဤယခု ကျိုပြီးချက်ပြီးသော အစာအာဟာရသည် အစိမ်းလိုက်ထားရှိလျှင် ငါ့အဖို့ရာ တသက်ပတ်လုံး စားသောက်နိုင်လေရာ၏။ ယခုမူ ထိုအလုံးစုံကို ရဟန်းကြီးသည် ဖျက်ဆီးအပ်လေပြီ၊ ဤရဟန်းကြီးသည် ငါ့အပေါ်မှာ အကျိုးမဲ့ကို လိုလားသူ = ရန်သူဖြစ်ချေသည်" ဟု ကြံစည်အောက်မေ့ပြီးလျှင် မြတ်စွာဘုရားရှင်အပေါ်၌ ရန်ငြိုးဖွဲ့၍ "ဤရဟန်းကြီးကား မြင့်မြတ်သောသာကီဝင်မင်းမျိုးမှ ရဟန်းပြုသည့် အထက်တန်းစား ပုဂ္ဂိုလ်တပါးဖြစ်သည်၊ တစုံတရာ ငါ

WWW.DHAMMARANSI.COM



ပြောလျှင် ငါ့ကိုသာ ခြိမ်းခြောက်ပေလိမ့်မည်”ဟု ကြံစည်တွေးတောပြီးလျှင် မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကာလ၌ တစုံတရာမျှ မပြောဆိုဝံ့ခဲ့ချေ။

ထိုသုဘဒ်ရဟန်းကြီးသည် ယနေ့သော်ကား “မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီ” ဟူသော သတင်းစကားကို ကြားရ၍ သက်သာရာရသကဲ့သို့ ဖြစ်ရှိကာ လွန်စွာဝမ်းမြောက်လျက် ဤကဲ့သို့ ပြောဆိုလေသည်။

**အရှင်မဟာကဿပ၏ စိတ်အကြံတော်**

အရှင်မဟာကဿပ မထေရ်သည် ထိုသုဘဒ် ရဟန်းကြီး၏ ရင့်သီးရိုင်းပြသောစကားကို ကြားရလေလျှင် နှလုံးသား၌ ရိုက်ပုတ်လိုက်သကဲ့သို့၎င်း, ဦးထိပ်ထက်၌ စက်မိုးကြိုး ကျရောက်သကဲ့သို့၎င်း အောက်မေ့တော်မူလေ၏၊ မထေရ်မြတ်၏ စိတ်သန္တာန်ဝယ် “သြ…မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှာ ခုနစ်ရက်မျှသာရှိသေးသည်၊ ယနေ့ပင်လည်း ထိုမြတ်စွာဘုရား၏ ရွှေရောင်အဆင်း ဝါဝင်းသောသရီရဓာတ် ဥတုဇရုပ်ကလာပ်တော်ကြီး အထင်အရှား ရှိနေပေသေးသည်။ မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီး ပင်ပန်းဆင်းရဲငြိုငြင်စွာ တည်ထောင်အပ်သည့် သာသနာတော်မြတ်ကြီး၌ သို့ကလောက်စဉ် လျင်မြန်စွာ ရဟန်းယုတ်တည်းဟူသော အမှိုက်သရိုက် ဆူးငြောင့်ခလုတ်များ ထင်ရှားဖြစ်ပေါ်ဘိ၏၊ ဤရဟန်းယုတ်ကြီးကား မဟာန့်တားသဖြင့် ကြီးပွါး၍များလာခဲ့လျှင် သူကဲ့သို့ပင် အခြားတပါးသော ရဟန်းယုတ် အပင်းအသင်းအဖော်အပေါင်းတို့ကို ရရှိ၍ သာသနာတော်ကို ဆုတ်နစ်စေနိုင်သည်” ဟု ဆင်ခြင်တော်မူကာ ဓမ္မသံဝေဂ = တရားသံဝေ ကြီးစွာဖြစ်လေ၏။

WWW.DHAMMARANSI.COM



ထို့နောက် မထေရ်မြတ်၏ သန္တာန်ဝယ် ဤဆိုလတ္တံ့သောအတိုင်း ဓမ္မသံဂါယနာတင်ဖို့ရန် အကြံအစည်များ ဆက်လက်ဖြစ်ပွါးလာလေသည်၊ ဖြစ်ပွါးပုံမှာ—

“အကယ်၍ ငါသည် ဤသက်ကြားတောထွက် ရဟန်းအိုကြီးကို ဤအရပ်၌ပင် ပုဆိုးကြမ်းကိုဝတ်စေကာ ပြာဖြင့်ကြဲဖျန်း၍ နှင်ထုတ်လိုက်မည်ဆိုပါက များစွာသော လူအပေါင်းတို့သည် ‘ရဟန်းဂေါတမ၏ ဥတုဇရုပ်ကလာပ် ထင်ရှားရှိနေစဉ်ပင် သူ၏တပည့်များ အငြင်းပွါးကုန်ကြပြီ’ ဟု ငါ့တို့အပေါ်၌ အပြစ်တင်ပြ ပြောဆိုကြလိမ့်မည်။ ငါကား အောင့်အည်း သည်းခံဦးမည်။

မှန်၏—မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်များသည် မကုံးမသီအပ်သေးသည့် ပန်းပုံကြီးသဖွယ် ဖြစ်ရှိနေပေသေးသည်၊ ထိုတရားပန်းပုံကြီးဝယ် လေတိုက်ခတ်အပ်သည့် မကုံးမသီရသေးသော ပန်းများသည် ကစဉ့်ကလျား လွင့်ပါးသွားနိုင်ကုန်သကဲ့သို့ ထို့အတူပင် ဤသုဘဒ္ဒရဟန်းကြီးကဲ့သို့သော ပုဂ္ဂိုလ်ယုတ်တို့၏ အစွမ်းအားဖြင့် အချိန်အခါ လွန်၍ လွန်၍ သွားခဲ့လျှင် ဝိနည်းပိဋကတော်၌ သိက္ခာပုဒ် တခုစ နှစ်ခုစ ပျောက်ပျက်ကုန်လိမ့်မည်၊ သုတ္တန်ပိဋကတော်၌ အမေးအဖြေ တခုစ နှစ်ခုစ ပျောက်ပျက်ကုန်လိမ့်မည်၊ အဘိဓမ္မာပိဋကတော်၌ ကာမာဝစရတရား, ရူပါဝစရတရား, အရူပါဝစရတရား,လောကုတ္တရာတရားတည်း ဟူသော တရားတုံးများ တပါးစ နှစ်ပါးစ ပျောက်ပျက်ကုန်ကြလိမ့်မည်။ ဤနည်းဖြင့် အစဉ်အတိုင်း သာသနာတော်၏ အရင်းအမြစ်ဖြစ်သည့် သုတ်, ဝိနည်း, အဘိဓမ္မာ ပိဋကတ်တော်များ ပျောက်ပျက်ကုန်လျှင် လောကဥပမာအားဖြင့် သစ်ပင်၌ ကိုးအုပ်မှီတွယ်နေသော မြေဘုတ်ဘီလူးသည် ထိုသစ်ပင်၏ အကိုင်းအခက်များ ပျောက်ပျက်လျှင် ပင်စည်ကိုမှီ၍ နေနိုင်သေး၏၊ ပင်စည်ပျောက်ပျက်လျှင် အမြစ်ကို

WWW.DHAMMARANSI.COM



မှီတွယ်၍ နေနိုင်သေး၏၊ အမြစ် ပျောက်ပျက်လျှင်ကား လုံး၀ မှီရာမရှိတော့သကဲ့သို့ ထိုအတူ ငါတို့သည်လည်း မှီရာကင်းမဲ့သူများ ဖြစ်ကြရပေတော့မည်။ (တနည်း-ဖခင် ဖြစ်သော မြေဘုတ်ဘီလူးသည် မိမိ၏သားငယ်ဖြစ်သော မြေဘုတ်ဘီလူးအား ကိုယ်ပျောက်ဆေးမြစ် တခုခုကို ပေးအပ်ထားလေရာ ထိုကိုယ်ပျောက်ဆေးမြစ် သတိလစ်၍ ဖြစ်စေ, အလုအယက်ခံရ၍ဖြစ်စေ ပျောက်ပျက်သော မြေဘုတ်ဘီလူးငယ်သည် ထောက်ရာတည်ရာ မရနိုင်သကဲ့သို့ ထိုအတူပင် ပိဋကတ်တော်များ ပျောက်ပျက်၍ သွားကုန်လျှင် ငါတို့သည်လည်း ထောက်ရာတည်ရာမရ ဖြစ်ကြရပေတော့မည်)။ သို့ရကား ငါတို့သည် ဓမ္မဝိနယသံဂါယနာကို တင်ကြမည်၊ ဤသို့ သံဂါယနာတင်လျှင် ပန်းသီကြိုးဖြင့် ကောင်းစွာသီကုံးအပ်သည့်ပန်းများပမာ ဤဓမ္မဝိနယသာသနာသည် မတုန်မလှုပ် မယိမ်းမယိုင် ကြံ့ခိုင်ပေလိမ့်မည်။

ဤသို့ ဓမ္မဝိနယသံဂါယနာတင်ဖို့ရန်ပင် မြတ်စွာဘုရားသည် ငါ့အား သုံးဂါဝုတ်သို့တိုင်တိုင် ကြွရောက်ကာ ခရီးဦးကြိုဆိုမှု ပြုတော်မူခဲ့လေသည်၊ အဆုံးအမ ဩဝါဒ သုံးခဏ်းဖြင့် ရဟန်းပဉ္စင်းအဖြစ်ကို ပေးတော်မူခဲ့လေသည်၊ ကိုယ်တော်မြတ်မှ ၀တ်ရုံနေဆဲသင်္ကန်းကို ချွတ်တော်မူ၍ ငါ၏ကိုယ်၌ ၀တ်ရုံနေဆဲသင်္ကန်းနှင့် သင်္ကန်းချင်းလဲလှယ်မှု ပြုတော်မူခဲ့လေသည်၊ ကောင်းကင်၌ လက်တော်ကို လှုပ်ပြ၍ စန္ဒူပမအကျင့်ပဋိပတ်ကို ဟောတော်မူရာမှာလည်း ငါ့ကို ကိုယ်တော့်မျက်မှောက် သက်သေပြုကာ ဟောကြားတော်မူခဲ့လေသည်၊ ငါ့အား သုံးကြိမ်တိုင်တိုင် အလုံးစုံသော သာသနအမွေကို အပ်နှင်းတော်မူခဲ့လေသည် (ကဿပသံယုတ်လာ ဩဝါဒသုံးသုတ်ကို ရည်ညွှန်းသည်)။ ငါသို့စင် ဘုရားရှင်သား ရဟန်းတပါး ထင်ရှားရှိနေစဉ် ဤသို့ယုတ်မာသည် သာသနာ၌ ကြီးပွါးခြင်းကို

WWW.DHAMMARANSI.COM



မရစေလင့်။ အဓမ္မ=မတရား မထွန်းကားသေးမီ, တရား= ဓမ္မကို မတားမြစ်အပ်သေးမီ, အဝိနယ = ဘုရားရှင်အဆုံးအမ မဟုတ်သောအရာများ မထွန်းကားသေးမီ, ဝိနယ= ဘုရားရှင် အဆုံးအမ တရားတော်များ မတားမြစ်အပ်သေးမီ, အဓမ္မဝါဒီ = မတရား ပြောကြားသူတို့ အားမရှိသေးမီ, ဓမ္မဝါဒီ = တရားသည်ကို ပြောကြားသူတို့ အားမနဲ့ကြသေးမီ,အဝိနယဝါဒီ = ဘုရားရှင်အဆုံးအမ မဟုတ်သော အရာများ ပြောကြားသူတို့ အားမရှိကြသေးမီ, ဝိနယဝါဒီ = ဘုရားရှင်အဆုံးအမ တရားတော်ကို ပြောဆိုဟောကြားလေ့ ရှိသူတို့ အားမနဲ့ကြသေးမီ ငါသည့်သုတ်, အဘိဓမ္မာ, ဝိနည်း တရားတော်များကို သံဂါယနာတင်ပေအံ့၊ ထိုသို့ သံဂါယနာတင်သည်ရှိသော် ရဟန်းတို့သည် မိမိတို့ စွမ်းနိုင်သလောက် တတ်နိုင်သလောက် ဉာဏ်ငုံနိုင်သလောက် သင်ယူကြ၍ အပ်, မအပ် = ဝိနည်းတရားစကား ပြောကြားဆွေးနွေးကြလိမ့်မည်၊ ထိုအခါ ဤသူယုတ်မာသည် မိမိအလိုလိုပင် အနှိပ်ခံရခြင်းသို့ ရောက်ရှိကာ ဦးခေါင်းတဖန် ထောင်ဝံ့တော့လိမ့်မည် မဟုတ်သည့်ပြင် ဘုရားရှင် သာသနာတော်သည်လည်း ပြည့်စုံစည်ပင် ဝပြောခြင်းသို့ ရောက်ပေလိမ့်မည်"—

ဤကဲ့သို့ ဓမ္မသံဂါယနာ တင်ဖို့ရန် အကြံအစည်များ ဆက်လက်ဖြစ်ပွါးလာလေသည်။

မထေရ်မြတ်သည် "ငါ့သန္တာန်ဝယ် ဤသို့သော စိတ်အကြံ ဖြစ်ရှိသည်" ဟူ၍ ရဟန်းတပါးအားမျှ အခြားမည်သူတဦးတယောက်အားမျှ မိန့်ကြားတော်မမူပဲ ထိုစိုးရိမ်ပူဆွေး ငိုကြွေးကြသော ရဟန်းအပေါင်းကို ဤဆိုလတ္တံ့သော အတိုင်း သက်သာရာရအောင် တရားစကား ဟောကြားတော်မူလေသည်။ ဟောကြားတော်မူပုံမှာ—

"ငါ့ရှင်တို့....တန်ကြလော့၊မစိုးရိမ်မပူဆွေး မငိုကြွေးကြကုန်လင့်၊ 'ချစ်ခင်မြတ်နိုးအပ်သောသူ အားလုံးတို့နှင့် ရှင်

WWW.DHAMMARANSI.COM



ကွဲကွဲကွာခြင်း = နာနာဘာဝ, သေကွဲကွဲကွာခြင်း = ဝိနာဘာဝ, ဘဝခြားလျက်ကွဲကွာခြင်း = အညထာဘာဝကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားအပ်ခဲ့ပြီ မဟုတ်လော။ ငါ့ရှင်တို့….'ဤအရာ၌ အသစ်ဖြစ်ပေါ်လာခြင်း, ထင်ရှားဖြစ်ပေါ်ခြင်း, ပြုပြင်ပေးရခြင်းသဘောရှိ၍ ပျက်စီးခြင်းသဘောရှိသောတရားကို 'မပျက်စီးပါစေလင့်' ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာ ရနိုင်အံ့နည်း၊ ဤသို့ ရနိုင်ရန်အကြောင်း မရှိချေ'ဟု ဤစကားကို မြတ်စွာဘုရားရှင် ကြိုတင်၍ ဟောတော်မူဘူးသည် မဟုတ်ပါလော"—

ဟု သက်သာရာရအောင် တရားစကား ဟောကြားတော်မူလေသည်။

## ဥတုဇရုပ်ကလာပ်တော်ကို မီးသင့်ပုံ ဟုံကြခြင်း

ထိုစဉ်အခါ အကြီးအမှူး(အားကောင်းမောင်းသန်)မလ္လမင်းလေးဦးတို့သည် ဦးခေါင်းဆေးကြ၍ အသစ်စက်စက်အဝတ်တို့ကို ဝတ်ဆင်ကြကုန်လျက် "မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငါတို့ မီးတိုက်ကုန်အံ့"ဟု ရည်ရွယ်ကာ မီးတိုက်ကြသည်ရှိသော် မီးစွဲလောင်စေခြင်းငှါ မည်သည့်နည်းဖြင့်မျှ မတတ်နိုင်ပဲ ရှိကြကုန်၏။

(ဤ၌။ ။စန္ဒကူးနံ့သာထင်းပုံကား သံတောင်တရာ့နှစ်ဆယ်အမြင့်ရှိ၏၊ မလ္လမင်းတို့သည် လေးယောက်မီးရှို့၍ မတောက်လေလျှင် ရှစ်ယောက်, ဆယ့်ခြောက်ယောက်, သုံးဆယ့်နှစ်ယောက် တိုး၍ တိုး၍ မီးတောက်လောင်စေရန် အစုံအစုံသော မီးရှူးတိုင်ကြီးများကို ငယ်ကိုင်ယူကြကာ ထန်းရွက်ယပ်ဝန်းတို့ဖြင့် ယပ်ကြ သားရေဖားဖို့တို့ဖြင့် ဖိုကျင်ထိုးကြ မီးတောက်လောင်ရန် အနည်းနည်းပြုလုပ်ကြသော်လည်း မည်သည့်နည်းဖြင့်မျှ မီးစွဲလောင်စေခြင်းငှါ မတတ်နိုင်ပဲ ရှိကြကုန်၏။

ခွဲ့ဦးအံ့–အသိတိမဟာသာဝကမထေရ်မြတ်ကြီးတို့၌ အထူးကြည်ညိုကြ၍ ထိုမထေရ်မြတ်တို့၏ အလုပ်အကျွေး ဒကာရင်းချာ အိမ်ထောင်ပေါင်း ရှစ်သောင်းတို့သည် နတ်ပြည်၌ ဖြစ်ရှိကြလေသည်၊ ထိုနတ်တို့အနက် အရှင်မဟာကဿပမထေရ်မြတ်၌ အထူးကြည်ညို၍ နတ်ပြည်၌

WWW.DHAMMARANSI.COM



ဖြစ်ကြသော နတ်တို့သည် ထိုအစည်းအဝေး၌ "ငါတို့၏ ဆွမ်းခံ ကိုယ်တော်ကြီး အရှင်မဟာကဿပမထေရ်မြတ်သည် အဘယ်မှာနည်း" ဟု ကြည့်ရှုဆင်ခြင်ကြသည်တွင် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ခရီး အကြား ကြွလာတော်မူနေသော မထေရ်မြတ်ကြီးကို မြင်ကြ၍ "ငါတို့၏ ဆွမ်းခံကိုယ်တော်ကြီး အရှင်မဟာကဿပမထေရ်သည် ရှိခိုးတော်မမူရသေးမီ ဤနံ့သာထင်းပုံကြီး မီးမစွဲလောင်ပါစေသား" ဟု အဓိဋ္ဌာန်မူ ပြုကြသောကြောင့် မီးမစွဲလောင်ပဲ ရှိရလေသည်)။

ထိုအခါ မလ္လမင်းတို့သည် အရှင်အနုရုဒ္ဓါမထေရ်ကို မီးမစွဲ လောင်ခြင်း၏ အကြောင်းကို မေးလျှောက်ကြသဖြင့် အရှင် အနုရုဒ္ဓါမထေရ်က "ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့...နတ်တို့၏ အလိုကား တမျိုးဖြစ်နေ၏" ဟု မိန့်တော်မူလေလျှင် မလ္လမင်းတို့ သည် "အရှင်ဘုရား····နတ်တို့၏အလိုကား အဘယ်သို့ပါနည်း" ဟု မေးလျှောက်ကြပြန်၏။ ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်သည် မလ္လမင်းတို့ကို—

"ဝါသေဋ္ဌနွယ်ဖွား မလ္လမင်းများတို့····'အရှင်မဟာ-ကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ငါးရာမျှသော ရဟန်းသံဃာများနှင့်အတူ ကြွလာတော်မူလျက် ရှိ၏၊ အရှင်မဟာကဿပသည် မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးခိုက်၍ ရှိမခိုးရသေးမီ မြတ်စွာဘုရား၏ နံ့သာထင်းပုံသည် မီးမတောက်လောင်စေသတည်း' ဟု နတ်တို့၏အလိုသည် ဖြစ်လျက်ရှိ၏"—

ဟု မိန့်တော်မူလေသော် မလ္လမင်းတို့သည် "အရှင်ဘုရား···· နတ်တို့၏အလိုအတိုင်းသာ ဖြစ်ပါစေလော့" ဟု လျှောက်ထား ကြကုန်၏။

လူအပေါင်းတို့သည် ထိုအကြောင်းကို ကြားသိကြရ၍ "အို အချင်းတို့....မဟာကဿပအမည်တော်ရှိသော ရဟန်းတော်သည် ရဟန်းငါးရာတို့နှင့်အတူတကွ 'မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးအံ့' ဟု လာနေသတဲ့၊ ထိုမဟာကဿပရဟန်းတော် မရောက် လာသေးလျှင် စန္ဒကူးနံ့သာထင်းပုံသည် မီးတောက်လိမ့်မည်

WWW.DHAMMARANSI.COM



မဟုတ်ဘူးတဲ့၊ အချင်းတို့........ထိုမဟာကဿပရဟန်းတော်သည် အသားမည်းလေသလော၊ အသားဖြူဖြူလော၊ အရပ်တော်ရှည်ရှည်လော၊ အရပ်တော်တိုတိုလော၊ အဘယ်သို့သော အဆင်း အရောင် ပုံပန်းသဏ္ဌာန် ရှိလေသနည်း။ အချင်းတို့....ဤသို့ သဘောရှိသော ရဟန်းတော်တပါး ထင်ရှားရှိနေပါလျက် မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံတော်မူခြင်းမည်သည် အဘယ်သို့ ဖြစ်ပေမည်နည်း"ဟု ကြံစည်ကြ၍ အချို့က နံ့သာ,ပန်း-စသည် လက်စွဲကြလျက် ခရီးရင်ဆိုင် သွားကြလေ၏။ အချို့ကမူ လမ်းခရီး များကို အဆန်းတကြယ် မွမ်းမံပြင်ဆင်ကြလျက် ကြွလာမည့်လမ်း ကို မြော်မှန်းရပ်တည်လျက် နေကြကုန်၏။

ထိုအခါ အရှင်မဟာကဿပမထေရ်သည် ကုသိနာရုံပြည် မလ္လမင်းတို့၏ မကုဋဗန္ဓန-မည်သော စေတီဌာန၌ စန္ဒကူးနံ့သာ ထင်းပုံသို့ ကြွရောက်ချဉ်းကပ်ပြီးနောက် သင်္ကန်းကို ပခုံးတဖက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် စန္ဒကူးနံ့သာထင်းပုံ ကို လက်ျာရစ် သုံးပတ်လှည့်လည်ကာ ဆင်ခြင်တော်မူလတ်သည် တွင် "ဤအရပ်၌ မြတ်စွာဘုရား၏ ဦးခေါင်းတော်ရှိ၏၊ ဤ အရပ်၌ မြတ်စွာဘုရား၏ ခြေတော်ရှိ၏"ဟု ကောင်းစွာ ပိုင်းပိုင်း ခြားခြား သိတော်မူ၍ ဥတုဇရုပ်ကလာပ်တော်၏ ခြေရင်းတော်၌ ရပ်တည်ပြီးလျှင် အဘိညာဏ်၏ အခြေပါဒကဖြစ်သော စတုတ္ထ ဈာန်ကို ဝင်စား၍ ထိုဈာန်မှထပြီးနောက် "အကန့်တထောင်တို့ ဖြင့် တန်းဆာဆင်အပ်သည့် စက်လက္ခဏာပါရှိသော မြတ်စွာ ဘုရား၏ ခြေတော်အစုံတို့သည် ဝါဂွမ်းစိုင်အထပ်အလွှာများနှင့် တကွ ပုဆိုးအစုံငါးရာတို့ကိုရင်း, ရွှေတလား = ရွှေခေါင်းကိုရင်း, စန္ဒကူးနံ့သာထင်းပုံကိုရင်း နှစ်ဖြာခွဲကာ ငါ၏ဦးထိပ်ထက်၌ တည်လာပါစေကုန်သတည်း"ဟု အဓိဋ္ဌာန်တော်မူလိုက်လေ၏။

အဓိဋ္ဌာန်စိတ်နှင့်တပြိုင်နက်ပင် ပုဆိုးအစုံ ငါးရာတို့ကို နှစ်ဖြာ ခွဲလျက် တိမ်တိုက်ကြားမှ လပြည့်ဝန်းကြီး ပေါ်ထွန်းလာသည့် ပမာ မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် ထွက်ပြူ၍လာလေ ကုန်၏။ မထေရ်မြတ်သည် ပွင့်သစ်စ ကြာနီပန်းအသွေး နီတွေး

WWW.DHAMMARANSI.COM



သော မိမိလက်တို့ကို ဖြန့်၍ မြတ်စွာဘုရား၏ ရွှေရောင်အဆင်း ဝါဝင်းသော ခြေတော်အစုံတို့ကို ဖမျက်တော်တိုင် မြဲစွာ ဆုပ်ကိုင်၍ မိမိ၏ဦးခေါင်း ဦးထိပ်ဖျားဝယ် တင်ထားမြတ်နိုး ရှိခိုးတော်မူလေ၏။

လူများအပေါင်းသည် ထိုအံ့ဖွယ်သရဲကို မြင်ကြရ၍ တပြိုင် နက်တည်းပင် သည်းစွာဟစ်အော် ကောင်းကြီးကြွေးကြော်ကြ၍ နံ့သာ,ပန်း-စသည်တို့ဖြင့် ပူဇော်ကြကာ မိမိတို့အလိုရှိတိုင်းပင် ရှိခိုးဦးညွှတ်ကြလေ၏။ အရှင်မဟာကဿပမထေရ်နှင့်အတူတကွ လိုက်ပါလာကြသော ရဟန်းငါးရာတို့သည်လည်း သင်္ကန်းကို ပခုံးတဖက်၌ လက်ကန်တော့တင်ကြကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လက်ျာရစ်သုံးပတ်လှည့်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်ရှိခိုးကြလေ၏။

ဤသို့လျှင် အရှင်မဟာကဿပမထေရ်မြတ်သည်၎င်း, လူများ အပေါင်းသည်၎င်း, ရဟန်းငါးရာတို့သည်၎င်း မြတ်စွာဘုရား၏ ခြေတော်တို့ကို အလိုရှိတိုင်း ဦးခိုက်ရှိခိုးပြီးကြလေလျှင် တဖန် အဓိဋ္ဌာန်ဖွယ်ကိစ္စ မရှိ၊ ပကတိအဓိဋ္ဌာန်ချက်ဖြင့်ပင် မထေရ် မြတ်၏ လက်တော်မှ လွတ်လျှင်ပင် ချိပ်ရည်အသွေး နီတွေးသော အဆင်းရှိသည့် မြတ်စွာဘုရား၏ ခြေတော်အစုံတို့သည် စန္ဒကူး ထင်းတုံး အစရှိသည်တို့တွင် တစုံတခုကိုမျှ မလှုပ်ရှားစေပဲ ရွှေတလား=ရွှေခေါင်းတော်အတွင်း တည်မြဲတိုင်းသော မူလ နေရာ၌ တဖန်ပြန်၍ တည်လေကုန်၏။ မှန်၏—မြတ်စွာဘုရား၏ ခြေတော်အစုံတို့ ရွှေတလား=ရွှေခေါင်းတော်မှ ထွက်သော အခါ ရွှေတလား=ရွှေခေါင်းတော်အတွင်းသို့ ပြန်ဝင်သော အခါများ၌ ဝါမျှင်တခုမျှ, အမြိတ်အဆာချည်မျှင်တပင်မျှ, ဆီကြည်တပေါက်မျှ, စန္ဒကူးနံ့သာထင်းတုံးတတုံးမျှ မူလတည်နေ ရာဌာနမှ လှုပ်ရှားသောမည်သည် မရှိ၊ အလုံးစုံသည်ပင် မူလ တည်နေမြဲဌာန၌ တည်နေကြသည်ချည်း ဖြစ်ပေ၏။

လဝန်းနေဝန်းတို့ ပေါ်ထွန်းထွက်ပြူပြီးနောက် ထိုလဝန်း နေဝန်းတို့ အတ္တတောင်စွယ်သို့ ဝင်ကွယ်ကြသည့်အလား မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားရှင်၏ ခြေတော်တို့ ရွှေတလား = ရွှေခေါင်းတော်အတွင်းသို့ ဝင်ကွယ်ကြသောအခါ လူများအပေါင်းသည် သည်းထန်စွာ ငိုကြွေးကြလေ၏။ ပရိနိဗ္ဗာန် စံတော်မူသောအခါကထက် သာလွန်စွာ သနားစဖွယ် ဖြစ်လေတော့၏။

အရှင်မဟာကဿပမထေရ်နှင့် ထိုရဟန်းငါးရာတို့ အလိုရှိသမျှ ရှိခိုးပြီးလတ်သော် မြတ်စွာဘုရား၏ ဥတ္တမ ရုပ်ကလာပ်တော်တည်ရာ စန္ဒကူးနံ့သာထင်းပုံသည် လူ့ပြည်လူသား တဦးတယောက်ကမျှ မီးမရှို့ရပဲ နတ်တို့၏အာနုဘော်ကြောင့် ထက်ဝန်းကျင်မှ တပြိုင်နက်တည်း မီးတောက်လောင်လေတော့၏။ (ယင်းကိုပင် **တေဇောဓာတ်မီး လောင်ကျွမ်းသည်ဟု ခေါ်ဆို၏**)။

တေဇောဓာတ်မီးလောင်ကျွမ်းသော မြတ်စွာဘုရားရှင်၏ ဥတ္တမရုပ်ကလာပ်တော်မှ အရေပါး,အရေထူ,အသား,အကြော,အစေးတို့၏ ပြာများ မှိုင်းများ မထင်မရှိပဲ သရီရဓာတ်တော်တို့သည်သာလျှင် ကြွင်းကျန်ရစ်ကုန်၏။ လောကဥပမာအားဖြင့် မီးတောက်လောင်သော ထောပတ်ဆီတို့၏ ပြာများ မှိုင်းများ မထင်သကဲ့သို့တည်း။ ရုပ်ကလာပ်တော်ကို ရစ်ပတ်၍ထားသော ပုဆိုးအစုံငါးရာတို့တွင်လည်း အတွင်းအကျဆုံးပုဆိုးနှင့် အပြင်အကျဆုံးပုဆိုး ဤနှစ်ထည်တို့ကိုသာလျှင် မီးမလောင်ပဲ ရှိကုန်၏။

### သရီရဓာတ်တော်များအကြောင်း

(ဤအရာ၌ ဗုဒ္ဓဝင်စာဖတ် ပရိသတ်တို့ အထူးမှတ်ရန်ကို ပြဆိုဦးအံ့— သက်တော်ရှည်မြတ်စွာဘုရားများ၏ သရီရဓာတ်တော်၏ ဖရိုဖရဲ တဆူစီမကွဲပဲ ရွှေခဲရွှေတုံးကြီးပမာ တဆူတည်းသာ ကြွင်းကျန်ရစ်ကုန်၏။ အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရားသည်ကား သက်တော်တိုတောင်းသော မြတ်စွာဘုရား ဖြစ်တော်မူသည့်အတွက် ပရိနိဗ္ဗာန် စံတော်မမူမီကပင် "ငါဘုရားသည် မကြာမြင့်မီ တည်း၍ ပရိနိဗ္ဗာန် စံရမည်ဖြစ်သည်၊ ငါဘုရား၏ သာသနာသည် အလုံးစုံသော အရပ်မျက်နှာသို့ မပြန့်နှံ့ သေးချေ၊ သို့ရကား ငါဘုရားပင် ပရိနိဗ္ဗာန် စံယူလင့်ကစား ငါဘုရား၏ မုံညင်းစေ့ခန့်မျှသော ဓာတ်တော်ကိုပင်လည်း ပင့်ဆောင်ကြကာ မိမိ မိမိတို့၏ **နေရာ၌**

WWW.DHAMMARANSI.COM



စေတီတော်တည်ထား၍ လူများအပေါင်းသည် နတ်ရွာသုဂတိသို့ လား ရောက်ကြစေသတည်း”ဟု ရည်ရွယ်တော်မူကာ သရီရဓာတ်တော်များ အဆူဆူကွဲပြားရန် အဓိဋ္ဌာန်တော်မူခဲ့လေသည်။

ဤ၌ ၁-အစိတ်စိတ် မကွဲပြားသော = အဝိပ္ပကိဏ္ဏဓာတ်တော်, ၂-အစိတ်စိတ် အဆူဆူကွဲပြားသော=ဝိပ္ပကိဏ္ဏဓာတ်တော်ဟူ၍ ဓာတ် တော် ၂-မျိုးပြားလေသည်။

ထို နှစ်မျိုးတို့တွင် ၁-စွယ်တော်လေးဆူ, ညှပ်ရိုးတော်နှစ်ဆူ, နဖူး သင်းကျစ်တော်ဓာတ်တဆူ = ဤ ခုနစ်ဆူသော ဓာတ်တော်တို့မှာ သက်တော်ရှိစဉ် မူလပုံအသွင်အတိုင်း အစိတ်စိတ်မကွဲပြားပဲ တည်ရှိ ရစ်သည့် အဝိပ္ပကိဏ္ဏဓာတ်တော်များ ဖြစ်လေသည်။

၂-ထိုမှကြွင်းသော အရိုးတော်စသည်မှ ဖြစ်ပွါးသော ဓာတ်တော် များမှာ အစိတ်စိတ်အဆူဆူ ကွဲပြားသည့် ဝိပ္ပကိဏ္ဏဓာတ်တော်များ ဖြစ် လေသည်။ ထို ဓာတ်တော်များမှာ အချင့်အတွက် ပမာဏအားဖြင့် ၁၆-ပြည်သား (=တတင်းသား)ခန့် ကြွင်းကျန်ရစ်လေသည်။

ထို ဓာတ်တော်တို့အနက် (၁) အငယ်ဆုံး ဓာတ်တော်များမှာ မုံညင်းစေ့ခန့် ပမာဏရှိ၍ မုလေးပန်း(=မြတ်လေးပန်း)ငုံနှင့် အဆင်း တူကြလျက် အချင့်ပမာဏအားဖြင့် ၆-ပြည်သားခန့် ကြွင်းကျန်ရစ်ကြ လေသည်။ (၂) အလတ်စားဓာတ်တော်များမှာ ဆန်ကျိုးခန့်ပမာဏ ရှိ၍ ပုလဲအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကြလေသည်။ (၃) အကြီးစားဓာတ် တော်များမှာ ပဲနောက်စေ့ခန့် ပမာဏရှိ၍ ရွှေအဆင်းနှင့် အဆင်းတူ ကြလျက် အချင့်ပမာဏအားဖြင့် ၅-ပြည်သားခန့် ကြွင်းကျန်ရစ်ကြ လေသည်။ ။ဤအကြောင်းအရာများကား သုတ်မဟာဝါအဋ္ဌကထာ နှင့် ဗုဒ္ဓဝင်ပါဠိတော် မျက်နှာ ၃၈၄၊ ဓာတုဘာဇနီယကထာ၌ လာရှိ သည်)။

ဥတုဇရုပ်ကလာပ်တော်ကို တေဇောဓာတ်မီး လောင်ကျွမ်း ပြီးလတ်သော် ကောင်းကင်မှ မောင်းဖျားခန့် သလုံးမြင်းခေါင်း ခန့် ထန်းလုံးခန့်မျှသော ရေအယဉ်ကြီးများ နတ်တို့အာနုဘော် ကြောင့် ကျရောက်ကြကာ စန္ဒကူးနံ့သာထင်းပုံကို ငြိမ်းစေကြလေ ၏။ ပတ်ဝန်းကျင်၌ တည်ရှိသော အင်ကြင်းပင်တို့၏ ပင်စည် အကြား သစ်ခွအကြားတို့မှလည်း ရေပန်းကြီးများ ဖျာထွက်၍

WWW.DHAMMARANSI.COM



စန္ဒကူးနံ့သာထင်းပုံကို ငြိမ်းစေကြလေ၏။ မြတ်စွာဘုရား၏ ဥတု-ဇရုပ်ကလာပ်တော်တင်ထားရာ စန္ဒကူးနံ့သာ ထင်းပုံကြီးကား အလွန်ကြီးမား၏၊ သံတောင်တရာ့နှစ်ဆယ်ခန့် မြင့်၏၊ သို့ရကား နံ့သာထင်းပုံ၏ ပတ်ဝန်းကျင်မှလည်း မြေအပြင်ကို ဖောက်ခွဲကာ ထွန်တုံးဦးခန့် ပမာဏရှိသော ရေလုံးကြီးများ ပန်းတက်ကာ နံ့သာထင်းပုံကို ငြိမ်းစေကြလေ၏။ ကုသိနာရုံပြည်သား မလ္လမင်းများသည်လည်း ရွှေအိုးငွေအိုးများအပြည့်ထည့်၍ ယူဆောင်လာသော နံ့သာမျိုးစုံရေဖြင့် သွန်းလောင်းကြကာ အသွားရှစ်ချောင်းရှိသော ရွှေထွန်ခြစ် ငွေထွန်ခြစ်တို့ဖြင့် မွှေနှောက်ကြဖြန့်ကြ၍ စန္ဒကူးနံ့သာထင်းပုံကို ငြိမ်းစေကြကုန်၏။ ။ ဤ အရာ၌ အထူးအံ့ဖွယ်ကောင်းသောအချက်မှာ—နံ့သာထင်းပုံကို တေဇောဓာတ်မီးလောင်ကျွမ်းနေစဉ် ပတ်ဝန်းကျင်တည်ရှိသော အင်ကြင်းပင်တို့၏ အခက်ကြား အခွကြား အရွက်ကြားတို့မှ မီးလျှံများ တဖွားဖွား တက်ကြသော်လည်း အရွက်, အခက်, အပွင့်များ မီးလောင်သည်ဟူ၍ မရှိကြ၊ ပိုးရွခြပုန်းများ ပျောက်များသည်လည်း မီးလျှံများ အကြားမှပင် အနေမပျက် လှည့်လည်ကျက်စား သွားလာကြလေသည်။

## သာမုကိဋ္ဌနသဘင် ဆင်ယင်ကျင်းပခြင်း

ဤသို့ စန္ဒကူးနံ့သာထင်းပုံကို မီးငြိမ်းသတ်ကြပြီးနောက် မလ္လမင်းများသည် မင်းကွန်း = မင်းတဲ၌ ၁-တောင်ဇလပ် ၂-ကုက်-မံ = မာလာကျိုကျူ ၃-လေးညှင်းပွင့် ၄-ပန်းညိုရွက် = ဤ လေးမျိုးတို့ကို ကြိတ်၍ပြုအပ်သော နံ့သာဖြင့် ပြေပြစ်အောင် လိမ်းကျံပက်ဖျန်းမှုပြုကြ၍ ၁-ဇလပ်ပန်း ၂-မုလေးပန်း ၃-နေ့စာ ပန်း ၄-မာလာကျိုကျူပန်း ၅-ပေါက်ပေါက်ပန်း = ဤပန်း ၅-မျိုးတို့ကို ကြဲဖြန့်ကြပြီးလျှင် ဗိတာန်မျက်နှာကြက် ဖွဲ့ယှက်ကြ၍ ရွှေကြယ် ငွေကြယ်-စသည်စီခြယ်ကြကာ ထိုမင်းတဲ၌ နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာဆိုင်းတို့ကို အပြိုင်းပြိုင်း အရွဲရွဲ တွဲရရွဲဆွဲကြ ပြီးနောက် မင်းကွန်း = မင်းတဲမှသည် မကုဋဗန္ဓနစေတီအရောက် တင်းထိမ်ကန့်လန့်ကာ ဖျာကာမှုကို ပြုကြ၍ ဗိတာန်မျက်နှာကြက်

WWW.DHAMMARANSI.COM



ဖွဲ့ယှက်ကြကာ ရွှေကြယ်ငွေကြယ်စသည့် စီခြယ်ကြလျက် ထိုနေရာ၌လည်း နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာဆိုင်းများကို အပြိုင်းပြိုင်းအရွဲရွဲ ချိတ်ဆွဲကြပြီးလျှင် မြစိမ်းရောင်ဝါးတို့ဖြင့် အဆင်းငါးပါးရှိသော အလံတံခွန်တို့ကို စိုက်ထူလွှင့်တင်ကြကာ ထက်ဝန်းကျင်မှ လေတဖျတ်ဖျတ် ခတ်အပ်သော ကုက္ကားတို့ကိုလည်း ဝန်းရံစိုက်ထူ၍ သန့်ရှင်းပြေပြစ်သော လမ်းခရီးတို့၌ ငှက်ပျောပင်များ ရေပြည့်အိုးများ စိုက်ပျိုးတည်ထားစေကြလျက် မီးရှူးမီးတိုင်များကို မားမားထွန်းညှိစိုက်ထူကြပြီးလျှင် တန်းဆာစုံလင် ဆင်ယင်အပ်ပြီးသော မင်္ဂလာဆင်တော်၏ ကျောက်ကုန်းထက်၌ ဓာတ်တော်နှင့်တကွသော ရွှေခေါင်းကိုတင်ထားကြလေသည်။ ။(ဤ၌ မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ရာဌာနကားမြို့၏အရှေ့ဖက် မကုဋဗန္ဓနစေတီဖြစ်သည်။ မင်းကွန်း = မင်းတဲ ဗိုလ်တဲကား မြို့တွင်းမှာဖြစ်သည်ကို ဉာဏ်မျက်စိဖြင့် ကြည့်ရှုသိမြင်ထားရာ၏)။

ထို့နောက်မှ မလ္လမင်းတို့သည် သရီရဓာတ်တော်များပါရှိသည့် ရွှေခေါင်းကို မင်္ဂလာဆင်တော်ထက် အသင့်တင်ကြပြီးနောက် ပန်း,နံ့သာ-စသည်တို့ဖြင့် ပူဇော်ကြလျက် သာဓုကီဠနပွဲကြီးသဘင်ဆင်ယင်ကျင်းပ(တီးမှုတ် ကခုန် ပူဇော်ကြ)ကာ ကုသိနာရုံမြို့တွင်းသို့ သွင်းဆောင်ခဲ့ကြ၍ ထိုမြို့တွင်းဝယ် အသင့်ပြင်ဆင်ထားသော မင်းကွန်း = ဗိုလ်တဲအတွင်း သရဘမည်သောသားရဲအရုပ်ခုံ (တနည်း–ရတနာခုနစ်ပါးဖြင့်ပြီးသော) ပလ္လင်ပျံ၌ တင်ထားကြပြီးလျှင် ထို၏အထက်အတက်၌ ထီးဖြူတော်ကို အုပ်မိုး၍ထားကြလေသည်။

ထို့နောက် မလ္လမင်းတို့သည် သရီရဓာတ်တော်များ ထားရှိရာမင်းကွန်းဗိုလ်တဲလုံခြုံရေးအတွက် ရှေးဦးစွာ ဦးကင်းချင်း ထိလုမျှ ဆင်တပ်ကြီးကို ဝန်းရံချထားစေလေသည်၊ ထို၏ အပြင်ဖက်မှလည်ချင်းထိလုမျှ မြင်းတပ်ကြီးကို ဝန်းရံ ချထားစေလေသည်၊ ထို၏ အပြင်ဖက်မှ ဦးစွန်းချင်းထိလုမျှ ရထားတပ်ကြီး, ထို၏ အပြင်ဖက်မှ လက်ရုံးချင်းထိလုမျှ ခြေလျင်တပ်ကြီး, ထို၏ အပြင်

WWW.DHAMMARANSI.COM



ဖက်မှ အစွန်းချင်းထိလုမျှ လေးသည်တော်တပ်ကြီး, လှံတပ်ကြီးများကို အထပ်ထပ်ဝန်းရံ ချထားစေကြလေသည်။ ဤသို့လျှင် မလ္လမင်းတို့သည် ထက်ဝန်းကျင် တယူဇနာအရပ်တိုင်တိုင် ချပ်မိန်ညိုကွန်ရက်ကို ဖွဲ့ယှက်အပ်သည့်အလား ပြုလုပ်ကြ၍ ခုနစ်ရက်ပတ်လုံး အစောင့်အနေများ ချထားကာ သာဓုကီဠန = သူတော်ကောင်းတို့၏ မြူးထူးပျော်ရွှင်မှု ဈာပနသဘင်ကို ကြီးကျယ်စွာ ဆင်ယင်ကျင်းပကြလေသည်။

ထိုမလ္လမင်းတို့သည် အဘယ့်ကြောင့် ဤသို့ ပြုလုပ် စီမံကြသနည်းဟူမူ–ရှေးလွန်ခဲ့ပြီးသော နှစ်သတ္တာဟ (= ၁၄-ရက်)တို့၌ ထိုမလ္လမင်းတို့သည် ရဟန်းသံဃာတော်အတွက် နေရာထိုင်ခင်း စီမံခြင်း, ခဲဖွယ်ဘောဇဉ်များကို စီမံခြင်းကိစ္စကို ရွက်ဆောင်အားထုတ်နေကြရသဖြင့် သာဓုကီဠနသဘင် ဆင်ယင်ကျင်းပခွင့် မရခဲ့ကြချေ၊ ထို့ကြောင့် ထိုမင်းတို့၏စိတ်သန္တာန်ဝယ် "ဤယခုသတ္တာဟ (= ခုနစ်ရက်) ပတ်လုံး ငါတို့သည် သာဓုကီဠန = သူတော်ကောင်းတို့၏ ဓမ္မသံဝေဂနှင့် စပ်သော မြူးထူးပျော်ရွှင်မှု ဈာပနသဘင်ကို ဆင်ယင်ကျင်းပကြကုန်အံ့၊ ငါတို့ မေ့လျော့ပျော်ရွှင်နေကြသည်ကို သိရှိ၍ တစုံတယောက်သောသူ လာရောက်ကာ သရီရဓာတ်တော်များကို ခိုးဆောင်သွားနိုင်ရန် အကြောင်းရှိချေသည်၊ ထို့ကြောင့် အစောင့်အနေကို လုံခြုံစွာ ချထားပြီးမှ ငါတို့ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပကြမည်" ဟု ကြံစည်ဆင်ခြင်ခြင်း ဖြစ်ရှိခဲ့လေသည်။ ထို့ကြောင့် ထိုမလ္လမင်းတို့သည် ဤသို့ ပြုလုပ်စီမံကြလေသည်။

### သရီရဓာတ်တော်များကို ဝေဘန်ခြင်း အကြောင်း

မဂဓတိုင်းရှင်ဘုရင်အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားသိလေ၏။ သတင်းစကား ကြားသိပုံ အကြောင်းအရာ အကျယ်မှာ—

ရှေးဦးစွာ အဇာတသတ်မင်း၏ အမတ်ကြီးများသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူကြောင်းကို ကြားသိကြ၍ "မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားစင်လျက် ပရိနိဗ္ဗာန် စံတော်မူလေပြီ၊ ထိုမြတ်စွာဘုရား ကို တဖန်အသက်ရှင်အောင် ဆောင်ပြန်ခြင်းငှါ ဘယ်နည်းဖြင့်မျှ မတတ်နိုင်ချေ = မဖြစ်နိုင်ချေ။ ပုထုဇန်တို့၏ သဒ္ဓါတရား အရာ မှာလည်း ငါတို့မင်းကြီးနှင့် တူသောသူ တလူမျှ မရှိဖြစ်ချေသည့်၊ အကယ်၍ ငါတို့မင်းကြီးသည် ဤနည်းအတိုင်း (= ပကတိအနေ အတိုင်း) ထိုသတင်းကို ကြားသိတော်မူရလျှင် ဧကန်ပင် ငါတို့ မင်းကြီး၏ နှလုံးကား ကွဲချိမ့်မည်၊ စင်စစ်သော်ကား ငါတို့သည် မင်းကြီးကို ရင်ကွဲနာဖြင့် နတ်ရွာမစံအောင် စောင့်ရှောက်သင့် လှသည်”ဟု ကြံစည်တိုင်ပင်ကြ၍ ရွှေခေါင်း = ရွှေတင်း သုံးလုံး တို့ကို ယူဆောင်ကြလျက် စတုမဓုအပြည့် ထည့်ကြပြီးလျှင် အဇာ- တသတ်မင်းကြီးထံ သွားရောက်ကြ၍—

“အရှင်မင်းကြီး····အကျွန်ုပ်တို့သည် မကောင်းသော အိပ်မက်ကို မြင်မက်အပ်ပါသည်၊ ထိုအိပ်မက်ဆိုး မကောင်းကျိုးကို ပယ်ဖျောက်နိုင်ရန်အတွက် အရှင်မင်း ကြီးတို့သည် ဘွဲ့ဖြူနှစ်ထပ် ဝတ်စုံတော်များဝတ်ကြပြီးလျှင် နှာခေါင်းဖုပေါ်ရုံမျှ (= နှာခေါင်းမျှကိုဖော်၍) စတုမဓု ရွှေတင်း၌ လျောင်းတော်မူမှ သင့်ပါမည်”—

ဟု လျှောက်ထားကြလေကုန်၏။ မင်းကြီးသည်လည်း အကျိုး လိုလားသည့် အမတ်တို့စကားကို ကြားရလျှင် “အမတ်တို့···· သင်တို့ပြောသည့်အတိုင်း ဖြစ်ပစေ”ဟု ပြောဆိုလက်ခံကာ ဘွဲ့ဖြူနှစ်ထပ် ဝတ်စုံတော်များ ဆင်ဝတ်၍ နှာခေါင်းမျှကိုသာ ဖော် ပြီးလျှင် စတုမဓုရွှေတင်း၌ လျောင်းတော်မူလေ၏။

ထိုအခါ အမတ်တယောက်သည် အဆင်တန်းဆာတို့ကိုချွတ်၍ ဆံပင်ဖားယားချပြီးလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ အရပ်မျက်နှာဖက်သို့ မျက်နှာမူလျက် (= ကုသိနာရုံပြည်ဖက်သို့ မျက်နှာမူလျက်) လက်အုပ်ကို ချီမြှောက်ပြီးလျှင် အဇာတသတ် မင်းကြီးကို—

“အရှင်မင်းကြီး.......သေခြင်းတရားမှ လွတ်သော သတ္တဝါမည်သည်မရှိပါ၊ အကျွန်ုပ်တို့၏ အာယုဝဍ္ဎန =

WWW.DHAMMARANSI.COM



> အသက်ရှည်ဆေးကြီး သဖွယ်လည်း ဖြစ်တော်မူသော, အရိုအသေပြုရာ စေတီတဆူလည်း ဖြစ်တော်မူသော, ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူသော, ရာဇအဘိသိက်သဘင် ဆင်ယင်ရာ၌ မင်္ဂလာအဘိသိက်ရေချမ်း သွန်းဖျန်းရာ လည်းဖြစ်တော်မူသော လူနတ်တို့၏ဆရာ ထိုဘုရားမြတ်စွာ သည် ယခုအခါဝယ် ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန် ဝင်စံ တော်မူခဲ့ပါပြီ"—

ဟု လျှောက်ထားလေ၏။ အဇာတသတ်မင်းသည် ထိုသတင်း စကားကို ကြားသိလျှင်ကြားသိခြင်း တွေဝေမိန်းမော နစ်မျော၍ သွားလေတော့၏၊ သောကအရှိန်မီး အဟုန်ကြီးလှသောကြောင့် စတုမဓုတင်း၌ အငွေ့တခြောင်းခြောင်း တထောင်းထောင်းလွှတ် လေ၏၊ ထိုအခါ အမတ်တို့သည် အဇာတသတ်မင်းကို ပွေ့ချီကြ၍ ဒုတိယ စတုမဓုရွှေတင်း၌ ထည့်သွင်း လျောင်းစေကြလေကုန်၏။ အဇာတသတ်မင်းသည် တဖန် သတိရလာပြန်၍ "အမတ်တို့.... အဘယ်စကားကို သင်တို့ပြောကြားလိုက်ကြသနည်း"ဟု မေးလေ ၏။ "မြတ်သောမင်းကြီး....မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော် မူပြီ"ဟု အမတ်တို့က လျှောက်ထားကြလေလျှင် အဇာတသတ် မင်းကြီးသည် တဖန် တွေဝေမိန်းမော နစ်မျောပြန်လေ၏၊ စတုမဓုရွှေတင်း၌ အငွေ့တခြောင်းခြောင်း တထောင်းထောင်း လွှတ်ပြန်လေ၏။ ထိုအခါ မင်းကြီးကို အမတ်တို့သည် ထိုဒုတိယ ရွှေတင်းမှ ပွေ့ချီကြ၍ တတိယစတုမဓုရွှေတင်း၌ ထည့်သွင်း လျောင်းစေကြလေကုန်၏။ မင်းကြီးသည် တဖန် သတိရလာပြန်၍ ရှေးနည်းအတူ မေးပြန်လေလျှင် ရှေးနည်းအတူပင် အမတ်တို့က လျှောက်ထားကြ၍ ရှေးနည်းအတူပင် တွေဝေမိန်းမော နစ်မျော ပြန်လေ၏။ ထိုအခါ မင်းကြီးကို စတုမဓုရွှေတင်းမှ ထုတ်ဆယ် ပွေ့ချီ၍ နံ့သာရေမိုး ချိုးပေးပြီးလျှင် ဦးထိပ်ထက်၌ ရေစင်ရေချမ်း များကို ဒိုးအလုံးလုံး သွန်းဖျန်း၍ ပေးကြလေကုန်၏။

WWW.DHAMMARANSI.COM



အဇာတသတ်မင်းသည် သတိရလာ၍ နေရာမှ ထပြီးလျှင် နှံ့သာမျိုးစုံဖြင့်ထုံအပ်သည့် မဟူရာကျောက်ရောင် ညိုမှောင်သော ဆံတို့ကို ဖရိုဖရဲ ကြဲဖြန့်၍ ရွှေပျဉ်ချပ်တန္တုန်း ကျောက်ကုန်းထက်၌ ဖားယားချလျက် လက်ဖြင့် ရင်ကို ထုပြီးလျှင် သန္တာညွန့်ပုံမှီ တွတ်တွတ်နီသောလက်ချောင်းတို့ဖြင့် ကောင်းစွာခင်းစီအပ်သော ရွှေတံကပျဉ်အဆင်းရှိသည့်ရင်ကို ချပ်စပ်သည့်ပမာ မြဲမြဲစွာကိုင်၍ သည်းထန်စွာငိုကြွေးလျက် သူရူး၏ပုံအဆင်းဖြင့် မြို့တွင်းမင်းလမ်း မသို့ သက်လေ၏။

အဇာတသတ်မင်းသည် တန်းဆာဆင်အပ်သော ကခြေသည့် အပေါင်းခြံရံလျက် မြို့မှထွက်၍ ဇီဝက၏ သရက်ဥယျာဉ်ကျောင်း တိုက်သို့ သွားရောက်ကာ မြတ်စွာဘုရား တရားဟောတော်မူမှာ နေရာကို ကြည့်ရှု၍—

"ဘုန်းတော်ကြီးမြတ်သော သဗ္ဗညုမြတ်စွာဘုရား …. အရှင်ဘုရားသည် ဤနေရာ၌ ထိုင်နေ၍ တပည့်တော်အား တရားဟောခဲ့သည် မဟုတ်ပါလော၊ အရှင်ဘုရားတို့သည် (ဤနေရာ၌ တရားဟောတော်မူကြကာ) တပည့်တော်၏ သောက ခြောင့်တံသင်းကို ပယ်ရှင်းတော်မူခဲ့ကြသည် မဟုတ်ပါလော၊ တပည့်တော်သည် အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူ = သရဏဂုံတည်သူ ဥပါသကာတယောက်ဖြစ်ပါသည်၊ မြတ်စွာဘုရား….ယခုအခါ၌ကား ရှင်တော်ဘုရားတို့သည် တပည့်တော်အား စကား တုံ့တခွန်းမျှ မြွက်ညွှန်းတော်မမူကြပါတကား"—

ဤကဲ့သို့ ပြောဆိုကာ သည်းစွာငိုကြွေး၍ "ရှင်တော်ဘုရား…. တပည့်တော်သည် အခြားအခါ ဤသို့သော အချိန်မျိုး၌ 'ရှင်တော်ဘုရားတို့သည် ရဟန်းများစွာ ခြံရံကုန်လျက် ဇမ္ဗူဒိပ်တခွင်ဝယ် ဒေသစာရီ ကြွချီတော်မူကြသတဲ့' ဟူသော သတင်းစကားကို ကြားသိရသည်မဟုတ်ပါလော၊ယခုအခါမှာမူ တပည့်တော်သည် ရှင်တော်ဘုရားတို့အတွက်တာ မသင့်လျော်သောသတင်းစကား ကိုသာ ကြားသိရပါတော့သည်ဘုရား…." ဤသို့ အစရှိသော

WWW.DHAMMARANSI.COM



လွှမ်းဆွတ် တ-သ စကားများကိုလည်း ပြောကြား၍ ဂါထာ ခြောက်ဆယ်မျှဖြင့် ဘုရားဂုဏ်ကို အဖန်ဖန် အောက်မေ့ပြီးလျှင်—

"ငါ့အဖို့ရာ ငိုကြွေးနေရုံမျှဖြင့် ကိစ္စမပြီးသေး၊ မြတ်စွာဘုရား၏ ဓာတ်တော်များကို ဆောင်ယူစေရန်အရေးကား ကြီးကျယ်စွာရှိသေး၏"—

ဟု ဆက်လက်ကြံစည် စဉ်းစားမိလေ၏။ ။ဤကား အဇာတသတ်မင်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်း သတင်းစကားကို ကြားသိပုံ အကျယ်တည်း။

ထိုနောက် မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းသည် မလ္လမင်းများထံသို့ "ကုသိနာရုံပြည်သား မလ္လမင်းများတို့ .... မြတ်စွာဘုရားသည်လည်း အသမ္ဘိန္နခတ္တိယနွယ်ရိုး မင်းမျိုးဖြစ်တော်မူ၏၊ ငါသည်လည်း ထိုအတူ အသမ္ဘိန္န ခတ္တိယနွယ်ရိုး မင်းမျိုးဖြစ်၏၊ သို့ရကား ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို တစုတပုံ ရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို စေတီပုထိုး တည်ထားပူဇော်အံ့" ဟု သံတမန်စေလွှတ်ကာ သဝဏ်လွှာပါးလိုက်လေ၏။

သံတမန်လွှတ်ကာ သဝဏ်လွှာပါးပြီးနောက် "မလ္လမင်းများသည် အကယ်၍ ပေးကြလျှင် အပြစ်မရှိ ကောင်းလှ၏၊ မပေးကြလျှင်ကား ရနိုင်သောနည်းဖြင့် သရီရဓာတ်တော်တို့ကို ငါ ဆောင်ယူမည်ဟု ကြံစည်စဉ်းစား၍ အဇာတသတ်မင်းကိုယ်တိုင်လည်း ဆင်, မြင်း, ရထား, ခြေလျင်အားဖြင့် အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးကို ခင်းကျင်းစီစဉ်ကာ ရာဇဂြိုဟ်ပြည်မှ ထွက်ခဲ့လေ၏။ (၁)

အဇာတသတ်မင်းနည်းအတူပင် ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည်၎င်း (၂)၊ ကပိလဝတ်ပြည်သား သာကီဝင်မင်းများသည်၎င်း (၃)၊ အလ္လကပ္ပပြည်သား ဗုလိ (ကာဗုလိ) မင်းများသည်၎င်း (၄)၊ ရာမရွာသား ကောဠိယမင်းများသည်၎င်း (၅)၊ သံတမန်လွှတ်ကာ သဝဏ်လွှာပါးကြပြီးလျှင် "မလ္လမင်း

WWW.DHAMMARANSI.COM



များသည် အကယ်၍ ပေးကြလျှင် အပြစ်မရှိ ကောင်းလှဘိ၏၊ မပေးကြလျှင်ကား ရနိုင်သောနည်းဖြင့် သရီရဓာတ်တော်တို့ကို ငါတို့ဆောင်ယူကြမည်” ဟု ကြံစည်စဉ်းစားကြ၍ အင်္ဂါလေးပါး ရှိသော စစ်တပ်ကြီးကို ခင်းကျင်းစီစဉ်ကြကာ မိမိတို့ပြည်မှ ထွက်ခဲ့ကြလေ၏။

ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည်လည်း မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူကြောင်း ကြားသိလေလျှင် မလ္လမင်းများထံသို့ “ကုသိနာရုံပြည်သား မလ္လမင်းများတို့....မြတ်စွာဘုရားသည်လည်း ခတ္တိယနွယ်ရိုး မြတ်သောမင်းမျိုး ဖြစ်တော်မူ၏၊ ငါသည်လည်း ဗြာဟ္မဏနွယ်ရိုး မြတ်သောပုဏ္ဏားမျိုး ဖြစ်၏၊ သို့ရကား ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို တစုတပုံ ရထိုက်၏၊ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို စေတီပုထိုး တည်ထားပူဇော်အံ့” ဟု သံတမန် စေလွှတ်ကာ သဝဏ်လွှာပါးပြီးလျှင် မိမိကိုယ်တိုင်လည်း မိမိအခြံအရံ ပရိ-သတ်နှင့်တကွ ထွက်ခဲ့လေ၏။ (၆)

ပါဝါပြည်သား မလ္လမင်းများသည်လည်း အဇာတသတ်မင်း နည်းအတူပင် သံတမန်လွှတ်ကာ သဝဏ်လွှာပါးကြ၍ အင်္ဂါ လေးပါးရှိသော စစ်တပ်ကြီးကို ခင်းကျင်းစီစဉ်ကြကာ ပါဝါပြည် မှ ထွက်ခဲ့ကြလေ၏။ (၇) (ဤခုနစ်ပြည်ထောင်မင်းများအနက် ပါဝါပြည်သား မလ္လမင်းများသည် အခြားပြည်ထောင်မင်းများ ထက် ကုသိနာရုံပြည်နှင့် အလွန်နီးကပ်လှစွာ သုံးဂါဝုတ်မျှသာ ခရီးဝေးသည့် ပါဝါပြည်၌ နေကြပါလျက် မြတ်စွာဘုရားသည် လည်း ပါဝါပြည်သို့ ဝင်ပြီးမှ ကုသိနာရုံပြည်သို့ ကြွလာတော်မူခဲ့ ပါလျက် အဘယ့်ကြောင့် အလျင်လက်ဦး မလာရောက်နိုင်ကြ သနည်း-ဟု မေးခဲ့သော် “ထိုပါဝါပြည်သား မလ္လမင်းများကား အခမ်းအနား အဆောင်အယောင် အခြားမင်းများထက် အလွန် ကြီးကျယ်ခမ်းနား များပြားလှသောကြောင့် ထိုအခမ်းအနား ကြီးကျယ်စွာကို စီမံခန့်ခွဲနေကြရသဖြင့် နောက်ကျနေကြခြင်းဖြစ် သည်”ဟု ဖြေဆိုရာ၏)။

WWW.DHAMMARANSI.COM



ဤကဲ့သို့ ခုနစ်ပြည်ထောင်မင်းများက သံတမန် စေလွှတ်ကြကာ သဝဏ်လွှာပါးကြ၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးများဖြင့် လာရောက်ကြကာ "ငါတို့အား ဓာတ်တော်တို့ကိုမူလည်း ပေးကုန်လော့၊ ဓာတ်တော်များကို မပေးလိုကြမူ စစ်ကိုမူလည်း ထိုးကုန်လော့" ဟု အရေးဆိုကြကာ ကုသိနာရုံပြည်ကို ဝိုင်း၍ ထားကြလေသော် ကုသိနာရုံပြည်သား မလ္လမင်းများသည်—

"ငါတို့သည် မြတ်စွာဘုရားထံ ပင့်လျှောက်လွှာပို့၍ ပင့်ကြသည်လည်း မဟုတ်၊ ကိုယ်တိုင်သွားရောက်၍ ပင့်ကြသည်လည်း မဟုတ်၊ စင်စစ်သော်ကား မြတ်စွာဘုရားသည် ကိုယ်တော်တိုင်သာ ကြွတော်မူလာ၍ သတင်းစကား ကြားရောက်သိစေတော်မူကာ ငါတို့ကို တမင်ခေါ်တော်မူစေခဲ့လေသည်။ သင်မင်းတို့သည်လည်း မိမိတို့၏ တိုင်းနိုင်ငံအတွင်း ဖြစ်ထွန်း ပေါ်ပေါက်သော ရတနာများကို ငါတို့အား ပေးကြမည် မဟုတ်၊ နတ်နှင့်တကွသော သတ္တလောကကြီးထဲ၌လည်း ဘုရားရတနာနှင့် တူသော ရတနာမည်သည် တစိုးတစိ မရှိချေ၊ ဤသို့သော အမြတ်ဆုံးဖြစ်သည့် ဘုရားရတနာကို ရရှိကြ၍ ငါတို့သည် ဘယ်နည်းဖြင့်မှ မပေးနိုင်ကြကုန်။ သင်တို့သည်သာ အမိနို့ကိုသောက်စို့ခဲ့ကြရသည် မဟုတ်၊ ငါတို့သည်လည်း အမိနို့ကို သောက်စို့အပ်ခဲ့ကြရသည်။ သင်တို့သာ ယောကျ်ားများဖြစ်ကြသည် မဟုတ်၊ ငါတို့သည်လည်း ယောကျ်ားများ ဖြစ်ကြသည်။ သင်တို့ ပြောဆိုသည့်အတိုင်း သူရှုံး ငါနိုင် အပြိုင်စစ်ထိုးမှု ဖြစ်စေတော့"—

ဟု ပြန်ကြားပြောဆိုကြကာ ငါတလူလူ မာန်မူကြ၍ သတင်းအသွားအပြန် ပို့သစေကြလေသည်။ အချင်းချင်း မာနလွှမ်းဖုံးကြီးဝါးမှုကို ပြုကြလေသည်။ ။(စစ်တိုက်ကြလျှင်ကား ကုသိနာရုံပြည်သား မလ္လမင်းများကသာ အောင်နိုင်ကြမည် ဖြစ်၏၊ အကြောင်းကား မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ဆည်းကပ်ပူဇော်ကြရန် လာရောက်ကြသော နတ်တို့သည် "နည်း

WWW.DHAMMARANSI.COM



မှန်လမ်းကျအားဖြင့် သရီရဓာတ်တော်များသည် မလ္လမင်းတို့၏ ဥစ္စာတို့သာ ဖြစ်ကုန်၏" ဟု အမှန်အတိုင်း ဆင်ခြင်အောက်မေ့ကြကာ ထိုမလ္လမင်းတို့၏ အပင်းအသင်း၌ တည်ကြလေကုန်သည်၊ ထို့ကြောင့် စစ်တိုက်ကြလျှင် မလ္လမင်းများကသာ အောင်နိုင်ကြမည်ဖြစ်၏)။

## ဒေါဏပုဏ္ဏား ဓာတ်တော်များကို ခွဲဝေပေးခြင်း

ဤသို့ ခုနစ်ပြည်ထောင်မင်းတို့နှင့် မလ္လမင်းတို့ အချင်းချင်း စစ်ပြိုင်အံ့သောစကား ပြောကြားကြလေလျှင် ဒေါဏပုဏ္ဏားသည် ထိုမင်းတို့၏ ခိုက်ရန်စကားကို ကြားသိရ၍ "ဤမင်းများကား မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူရာဌာန၌ ခိုက်ရန်ငြင်းခုံမှုပြုကြဘိ၏၊ ဤအမှုသည် လုံးဝမသင့်လျော်ချေ၊ ဤခိုက်ရန် ငြင်းခုံမှုဖြင့် အကျိုးမရှိ၊ ငါသည် ထိုခိုက်ရန်ငြင်းခုံမှုကို ငြိမ်းစေအံ့" ဟု ကြံစည်ဆင်ခြင်၍ ထိုငြင်းခုံရာအရပ်သို့ သွားရောက်ကာ မြေကုန်းမြင့်တခု၌ ရပ်တည်ပြီးလျှင် နှစ်ဘာဏဝါရမျှ (=သံဂါယနာတင်သောအခါ မထေရ်မြတ်တို့ နှစ်ကြိမ်ရွတ်ဖတ်ရသည့်ပါဠိအစု) အတိုင်းအရှည်ရှိသည့် ဒေါဏဂဇ္ဇိတ=ဒေါဏပုဏ္ဏား၏ ဘုရားဂုဏ်တို့ကို ချီးမွမ်းကြုံးဝါးချက်(မြတ်စွာဘုရား၏ အကြောင်းနှင့်ပြည့်စုံပုံ = ဟေတုသမ္ပဒါ, အကျိုးနှင့်ပြည့်စုံပုံ = ဖလသမ္ပဒါ, သတ္တဝါတို့အား ကျေးဇူးပြုမှုနှင့်ပြည့်စုံပုံ သတ္တူပကာရသမ္ပဒါ = ဤသမ္ပဒါသုံးပါး အဝတ္ထာသုံးပါးနှင့်စပ်သော ဘုရားရှင့်ဂုဏ်တို့ကို ချီးမွမ်းကြုံးဝါးချက်) မည်သော တရားဂါထာအစုကို အားသွန်ရွတ်ဆို ပြောကြားလေ၏။

(ဤသို့ အားသွန်ရွတ်ဆို ကြုံးဝါးနိုင်ရန်ပင် လွန်ခဲ့သော တချိန်က မြတ်စွာဘုရားသည် ဥက္ကဋ္ဌပြည်နှင့် သေတဗျမြို့တို့အကြား ခရီးကြွသွားတော်မူစဉ် "နောက်မှလိုက်လာသော ဒေါဏပုဏ္ဏားသည် ငါဘုရား၏ ခြေတော်ရာတို့ကို မမြင်ရမီအတွင်း ဤခြေတော်ရာများသည် မကွယ်မပျောက်ကြစေသား" ဟု အဓိဋ္ဌာန်တော်မူ၍ တခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူခဲ့လေသည်။

WWW.DHAMMARANSI.COM



ဒေါဏပုဏ္ဏားသည်လည်း "ဤခြေရာတို့ကား နတ်နှင့်တကွသော လောက၌ အမြတ်ဆုံးပုဂ္ဂိုလ်၏ ခြေရာတို့ဖြစ်ကုန်သည်" ဟု မှတ်ယူ သိရှိကာ ခြေရာခံလိုက်၍ မြတ်စွာဘုရားအထံသို့ ဆည်းကပ်လေသည်၊ မြတ်စွာဘုရားသည်လည်း ထိုဒေါဏပုဏ္ဏားအား တရားဟောတော်မူလေ သည်၊ ထို့ကြောင့် ထိုဒေါဏပုဏ္ဏားသည် မြတ်စွာဘုရား၌ သဒ္ဓါတရား သက်ဝင်ကာ ဤဒေါဏဂဇ္ဇိတမည်သော တရားဂါထာများကို အားသွန် ရွတ်ဆိုနိုင်လေသည်။ (ဤအကြောင်းအရာ အကျယ်ကို ပိဋကတ်တော် မြန်မာပြန် အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် ပဌမပဏ္ဏာသက၊ ၄-စက္ကဝဂ်၊ ၆-ဒေါဏသုတ်၌ ကြည့်ရှုမှတ်ယူရာ၏)။

ထိုသို့ ဒေါဏပုဏ္ဏားကြီး နှစ်ဘာဏဝါရမျှ ရွတ်ဆိုရာတွင် ပဌမဘာဏဝါရ၌ ထိုမင်းများကား အငြင်းပွါးဆူညံနေကြသဖြင့် တပုဒ်မျှ မကြားမသိလိုက်ကြကုန်၊ ဒုတိယဘာဏဝါရ ပြီးဆုံးခါ နီးအချိန်တိုင်မှ "ဤအသံကား ဆရာကြီး၏အသံနှင့်တူစွ့တကား၊ အချင်းတို့....ဤအသံကား ဆရာကြီး၏အသံနှင့် တူစွ့တကား" ဟု ပြောဆိုကြကာ အားလုံးသောမင်းတို့သည် အသံတိတ်ငြိမ်သက် ၍ သွားကြလေသည်။ မှန်၏—ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထိုစဉ်အခါ အမျိုးကောင်းသား လုလင်များသည် များသောအားဖြင့် ဒေါဏ ဆရာကြီး၏တပည့်များသာ ဖြစ်ကြလေ၏၊တပည့် မဟုတ်သူကား မရှိသလောက်ပင် ရှားလှ၏။ ထိုအခါ ဒေါဏဆရာကြီးသည် ထိုမင်းများ မိမိစကားကို ကြားကြ၍ အသံတိတ် ဆိတ်ဆိတ်နေ ကြသည်ကို သိရှိကာ တဖန်ဆက်၍—

"အရှင်တို့····အကျွန်ုပ်၏ တခွန်းသောစကားကို နား ထောင်ကြပါဦး၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်း ခံသောဝါဒ ရှိပါသည်။ ထိုမြတ်စွာဘုရား၏ သရီရဓာတ် တော်များကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန် မသင့်လျော်ပါ။

အရှင်တို့····ငါတို့အားလုံးပင် တပေါင်းတည်း အညီ အညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ သရီရဓာတ်တော် များကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါကုန်စို့။ မြတ်စွာဘုရားကို လူအများတို့ ကြည်ညိုကြပါသည်၊ ထိုလူများအတွက် အရပ်

WWW.DHAMMARANSI.COM



မျက်နှာ မှာမှာဒေသတို့၌ စေတီပုထိုးများ အနှံ့အပြား တည်ရှိကြပါစေ"—

ဟု ထိုမင်းတို့ကို ပြောကြားလေ၏။ ထိုအခါ မင်းများသည်လည်း ဒေါဏဆရာကြီး ပြောကြားချက်ကို သဘောကျ နှစ်သက်ကြကာ "ဆရာပုဏ္ဏား....သို့ဖြစ်လျှင် ဆရာကြီးသည်ပင် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ အညီအမျှ ကောင်းစွာခွဲဝေပါလော့"ဟု ဆိုကြကုန်၏။

ဒေါဏပုဏ္ဏားသည် "အရှင်တို့....ကောင်းပါပြီ"ဟု ထိုမင်းတို့ ပြောကြားချက်ကို ဝန်ခံ၍ ရွှေတလား = ရွှေတင်းကို ဖွင့်စေလေ၏။ မင်းတို့သည် ရွှေတင်းအနီးသို့လာရောက်ကြ၍ ရွှေတင်း၌သာ မလှုပ်မလှက် ပကတိတည်နေသော ရွှေရောင် အဆင်းရှိသည့် ဓာတ်တော်များကို ဖူးမြော်ကြရလေလျှင်—

"သဗ္ဗညုတွတ်တင် ရှင်ပင်မြတ်ဘုရား···· ရှေးအခါက ဆိုလျှင် တပည့်တော်များသည် အရှင်ဘုရားတို့၏ မဟာ-ပုရိသလက္ခဏာတော်ကြီးသုံးဆယ့်နှစ်ပါးတို့ဖြင့် တန်းဆာ ဆင်အပ်လျက် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် စီခြယ် အပ်သည့် လက္ခဏာတော်ငယ် ရှစ်ဆယ်တို့ဖြင့် တင့်တယ် တောက်ပသော ရွှေရောင်အဆင်း ဝါဝင်းသောကိုယ် တော်မြတ်ကို ဖူးမြော်ကြရပါသည်။ ယခုသော်ကား ရွှေ ရောင်အဆင်း ဝါဝင်းသော သရီရဓာတ်တော်များသာ ကြွင်းကျန်ကြပါတော့သည်၊ မြတ်စွာဘုရား .... ဤသို့ဖြစ်ရ ခြင်းသည် အရှင်ဘုရားတို့ အဖို့ရာ မသင့်လျော်လှပါ ဘုရား"—

ဟု ပြောဆိုငိုကြွေးကြလေကုန်၏။

ထိုအခါ ဒေါဏပုဏ္ဏားသည် မင်းအများတို့မေ့လျော့ကြသော အဖြစ်ကို ရိပ်မိသိရှိကာ မြတ်စွာဘုရား၏ လက်ျာစွယ်တော်ဓာတ် ကို နှိုက်ယူကာ မိမိ၏ဦးရစ် ( = ခေါင်းပေါင်း)ကြား၌ ဝှက်ထား လိုက်လေ၏။ ထိုနောက် မင်းများသတိရလာကြသောအခါ သရီရ

WWW.DHAMMARANSI.COM



ဓာတ်တော်များကို ရှစ်ပုံရှစ်စု ပြည်တောင်းဖြင့်ခြင်တွယ်၍ (တပုံလျှင် နှစ်ပြည်ကျစီ)ခွဲဝေလေ၏။ အလုံးစုံသော ဓာတ်တော်များသည် ပကတိပြည်တောင်းဖြင့် ဆယ့်ခြောက်ပြည် (=တတင်းသား)ရှိကြလေသည်။ ပြည်ထောင်မင်းတဦးတဦးလျှင် နှစ်ပြည်ကျ နှစ်ပြည်ကျစီ ရရှိကြလေသည်။

(သူခိုးလက်မှ သူခိုးက်လုသည်-ဟူဘိသကဲ့သို့) ဒေါဏပုဏ္ဏားကြီး ဓာတ်တော်များကို ခွဲဝေပေးနေစဉ်ပင် သိကြားနတ်မင်းသည် "နတ်နှင့်တကွသော လူအပေါင်း၏ ယုံမှားကို ပယ်ဖျောက်ရန် အမှန်လေးချက် တရားနက်ကို ဟောမြွက်တော်မူကြောင်း ကောင်းမြတ်သော ဥပနိဿယည်း ပစ္စည်းစင်စစ်ဖြစ်သည့် မြတ်စွာဘုရား၏ လက်ျာစွယ်တော်မြတ်ကို အဘယ်သူသည် ရယူအပ်လေသနည်း"ဟု ကြည့်ရှုလတ်သော် ဒေါဏပုဏ္ဏားကြီး ဦးရစ်(=ခေါင်းပေါင်း)ကြား၌ ဝှက်ယူ၍ ထားအပ်သည်ကို ထင်ရှားစွာမြင်သိ၍ "ဤပုဏ္ဏားသည်လည်း လက်ျာစွယ်တော်မြတ်အား လျောက်ပတ်သော ပူဇော်မှုကို ပြုနိုင်လိမ့်မည်မဟုတ်၊ ထိုလက်ျာစွယ်တော်မြတ်ကို ငါပင့်ဆောင်ယူတော့အံ့"ဟု ကြံစည်ဆင်ခြင်ကာ ဦးရစ်(=ခေါင်းပေါင်း)ကြားမှ လက်ျာစွယ်တော်ဓာတ်ကို ပင့်ဆောင်ယူ၍ ရွှေပန်းတောင်း၌ ထားပြီးလျှင် နတ်ပြည်သို့ ပင့်ဆောင်လျက် စူဠာမဏိစေတီတော်အတွင်း ထည့်သွင်း ဌာပနာလေ၏။

ဒေါဏပုဏ္ဏားသည်လည်း သရီရဓာတ်တော်များကို ပြည်ထောင်မင်းတို့အား ခွဲဝေပေးပြီးလျှင် မိမိဦးရစ် ခေါင်းပေါင်းအကြား၌ ဝှက်၍ ထားသော လက်ျာစွယ်တော်ဓာတ်ကို စမ်းသပ်ရှာဖွေသော်လည်း မတွေ့မမြင်ရကား ခိုးဝှက်၍ ယူထားအပ်သောကြောင့် "အဘယ်သူသည် ငါ၏ စွယ်တော်ဓာတ်ကို ယူအပ်သနည်း"ဟု လည်း မမေးဝံ့၊ "ဆရာကြီး ··· ဆရာကြီးသည်ပင် ဓာတ်တော်များကို ခွဲဝေပေးအပ်သည် မဟုတ်လော၊ ဆရာကြီးသည် အဘယ့်ကြောင့် ရှေးဦးကပင် မိမိ၏ ဓာတ်တော်များ အလိုရှိကြောင်းကို မစဉ်းစား မဆင်ခြင်ဘိသနည်း"ဟု မိမိအပေါ်၌ အပြစ်တင်ကြမည်ကို ဆင်ခြင်စဉ်းစား

WWW.DHAMMARANSI.COM



မိသောကြောင့် "ငါ့အားလည်း ဓာတ်တော်ဝေစုများ ပေးကြပါကုန်လော့"ဟူ၍လည်း မပြောဆိုဝံ့ချေ။ သို့ရကား "ဤဓာတ်တော်ခြင်သော ပြည်တောင်းသည်လည်း ဓာတ်တော်အလားရှိသည်သာ ဖြစ်၏၊ ယင်း ပြည်တောင်းဖြင့် ဓာတ်တော်များကို ခြင်တွယ်အပ်ခဲ့ကုန်ပြီ၊ သို့ရကား ငါသည် ဤပြည်တောင်းကိုပင် စေတီပုထိုး တည်ထားကိုးကွယ်ရတော့မည်"ဟု ကြံစည် စဉ်းစားပြီးလျှင် ပြည်ထောင်မင်းတို့ကို—

"အရှင်တို့ … အကျွန်ုပ်အား ဤဓာတ်တော်ခြင်သော ပြည်တောင်းကို ပေးကြပါလော့၊ အကျွန်ုပ်သည်လည်း ဓာတ်တော်ခြင်သောပြည်တောင်းကို စေတီပုထိုး တည်ထား ကိုးကွယ်ပူဇော်ပါအံ့"—

ဟု ပြောဆိုလေ၏။ ပြည်ထောင်မင်းတို့သည်လည်း ဒေါဏပုဏ္ဏားအား ဓာတ်တော်ခြင်သောပြည်တောင်းကို သဘောတူ ပေးကြလေကုန်၏။

### မောရိယမင်းတို့ နောက်မှရောက်လာကြခြင်း

ပိပ္ပလိဝနတိုင်းသား မောရိယမင်းများသည်လည်း မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူကြောင်း သတင်းကြားသိကြ၍ အဇာတသတ်မင်းနည်းတူ သံတမန်စေလွှတ်ကာ သဝဏ်လွှာပါးကြ၍ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးဖြင့် ကုသိနာရုံပြည်အရောက် (နောက်ကျမှ) ချီတက်လာကြလေ၏။

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများက "မြတ်စွာဘုရား၏ သရီရဓာတ်တော်အဖို့ဝေစုကား မရှိတော့ပြီ၊ ပြည်ထောင်မင်းတို့အား သရီရဓာတ်တော်တို့ကို ခွဲဝေ၍ ပေးပြီးကုန်ပြီ၊ ဤမီးသဂြိုဟ်ရာအရပ်မှ မီးသွေးကိုသာ ယူဆောင်ကြကုန်လော့"ဟု ဆိုသဖြင့် မောရိယမင်းတို့သည် မီးသဂြိုဟ်ရာအရပ်မှ မီးသွေးကိုသာ ယူဆောင်ပြန်သွားကြလေကုန်၏။

WWW.DHAMMARANSI.COM



## ဓာတ်တော်စေတီကို ပူဇော်ခြင်း

(၁) မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်၏။ (၂) ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည် ဝေသာလီပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ (၃) ကပိလဝတ်ပြည်သား သာကီဝင်မင်းများသည်လည်း ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ (၄) အလ္လကပ္ပပြည်သား ကာဗုလိ မင်းများသည်လည်း မိမိတို့အလ္လကပ္ပပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ (၅) ရာမရွာသား ကောဠိယမင်းများသည်လည်း မိမိတို့ရာမရွာ၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ (၆) ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည်လည်း မိမိ၏ဝေဋ္ဌဒီပတိုင်း၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်လေ၏။ (၇) ပါဝါပြည်သား မလ္လမင်းများသည်လည်း မိမိတို့ပါဝါပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ (၈) ကုသိနာရုံပြည်သား မလ္လမင်းများသည်လည်း မိမိတို့ကုသိနာရုံပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ (၉) ဒေါဏပုဏ္ဏားသည်လည်း မိမိရသောပြည်တောင်းကို စေတီပုထိုး တည်ထားပူဇော်လေ၏။ (၁၀) ပိပ္ပလိဝနတိုင်းသား မောရိယမင်းများသည်လည်း မိမိတို့ရရှိခဲ့သည့် မီးသင်္ဂြိုဟ်ရာအရပ်မှ ပင့်ဆောင်ခဲ့သော မီးသွေးတို့ကို ပိပ္ပလိဝနတိုင်း၌ စေတီပုထိုး တည်ထား ပူဇော်ကြကုန်၏။ ဤသို့လျှင် သရီရဓာတ် စေတီပုထိုးတော်မြတ် ရှစ်ဆူနှင့် ကိုးခုမြောက် ပြည်တောင်း စေတီပုထိုးတဆူ, ဆယ်ခုမြောက် မီးသွေးစေတီပုထိုး တဆူအားဖြင့် ဤစေတီ ပုထိုးတော် ဆယ်ဆူတို့ ထင်ရှား ဖြစ်ပေါ်ခဲ့လေသတည်း။

WWW.DHAMMARANSI.COM



## အဇာတသတ်မင်း စေတီတည်ထားခြင်း အကြောင်း

ထို စေတီပုထိုးတော် ဆယ်ဆူတို့အနက် အဇာတသတ်မင်း စေတီပုထိုးတော် တည်ထားပုံ အကြောင်းကို သုတ်မဟာဝါ အဋ္ဌကထာ ဋီကာတို့၌ အထူးဖွင့်ပြထားပုံကို ဤ၌ ရေးသား ဖော်ပြဦးအံ့—

အဇာတသတ်မင်းသည် သရီရဓာတ်တော်များ ဝေစုရယူပြီး နောက် ကုသိနာရုံပြည်နှင့် ရာဇဂြိုဟ်ပြည်အကြား နှစ်ဆယ့်ငါး ယူဇနာ ဝေးကွာသောခရီး တလျှောက်၌ အကျယ်အပြန့် ရှစ် ဥသဘရှိသောလမ်းကို ညီညွတ်အောင် ပြုစေပြီးလျှင် ကုသိနာရုံ ပြည်သား မလ္လမင်းတို့ မကုဋဗန္ဓနစေတီနှင့် မြို့လယ်မင်းကွန်း = မိုလ်တဲမင်းတဲအကြား၌ ပူဇော်မှု ပြုကြသည့်နည်းတူ နှစ်ဆယ့်ငါး ယူဇနာ ဝေးကွာသော ခရီး၌ ကြီးစွာသောပူဇော်မှု ပြုလုပ် စေပြီးလျှင် လူအပေါင်းတို့ မငြိုးငွေ့ မပျင်းရိစေခြင်းငှါ လမ်းခရီး တလျှောက် အလုံးစုံသောအရပ်တို့၌ ဈေးဆိုင်များကိုလည်း ဖြန့် ခင်းရောင်းချစေ၍ ရွှေတလား=ရွှေတင်း၌ ထည့်သွင်းအပ်သော ဝေစုရ ဓာတ်တော်များကို လှံတပ်ကြီးဖြင့် ဝန်းဝိုင်းခြံရံစောင့် ရှောက်ကာ ကြီးစွာသော အခမ်းအနားဖြင့် ဓာတ်တော်များကို ရာဇဂြိုဟ်ပြည်ဖက်သို့ ပင့်ဆောင်လာခဲ့လေသည်။

ဓာတ်တော်များ ရာဇဂြိုဟ်ပြည်သို့ မရောက်သေးမီပင် ကြို တင်၍ မိမိ၏ နိုင်ငံတော်အတွင်း၌ ယူဇနာငါးရာ အဝန်းအဝိုင်း ရှိသော လူထုပရိသတ်ကြီးကို စည်းဝေးစေလေသည်။ အဇာတ- သတ်မင်း၏ စစ်သည်ဗိုလ်ပါတို့သည် ဓာတ်တော်များကို ပင့် ဆောင်ကြကာ ကုသိနာရုံပြည်မှ သာဓုကီဠနသဘင် ဆင်ယင် ကျင်းပ ထွက်ခဲ့ကြသည့်တွင် လမ်းခရီးအကြား ရွှေအဆင်းရှိသော ပန်းတို့ ပွင့်သောနေရာတိုင်း နေရာတိုင်း၌ ဓာတ်တော်တို့ကို လှံ တပ်ကြီးအတွင်း၌ ထားရှိကာ ပူဇော်မှု ပြုကြလေ၏။ ထိုပန်းများ ကုန်သောအခါမှ ရှေ့သို့ ခရီးဆက်ကြလေသည်။ ရထားဦးစွန်း တည်ရာအရပ်သို့ ရထားနောက်စွန်းရောက်ရှိလျှင် ထိုနေရာ၌ တထောက်နားကြကာ ခုနစ်ရက်ကြာ သာဓုကီဠနသဘင် ဆင်

WWW.DHAMMARANSI.COM



ယင်ကျင်းပကြလေသည်။ ဤနည်းဖြင့် ဓာတ်တော်များကို ပင့်ဆောင်၍လာကြသော အဇာတသတ်မင်း၏ တိုင်းသားပြည်သူ ဗိုလ်လူတို့အဖို့ရာ အချိန်အခါကား ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်တို့ပင် ကျော်လွန်ခဲ့လေကုန်ပြီ။

မိစ္ဆာအယူရှိကြသူများက "ရဟန်းဂေါတမ ပရိနိဗ္ဗာန် စံလွန်ချိန်မှစ၍ အဇာတသတ်မင်းသည် အနိုင်အထက်ပြုမှုကာ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပခြင်းဖြင့် ငါတို့ကို နှိပ်စက်ဖိစီးအပ်ကုန်ပြီ၊ ငါတို့၏အလုပ်အကိုင်အားလုံး ပျက်စီးပြုန်းတီးကုန်လေပြီ" ဟု ကဲ့ရဲ့ရှုတ်ချမှု ပြုကြလေသည်၊ ယင်းသို့ ကဲ့ရဲ့ရှုတ်ချမှု ပြုကြသော မိစ္ဆာအယူရှိကြသူ လူပေါင်း ရှစ်သောင်းခြောက်ထောင်မျှတို့သည် ရတနာသုံးပါးအပေါ်၌ စိတ်ပြစ်မှား၍ အပါယ်ဘုံ၌ ဖြစ်ကြရလေသည်။

ရဟန္တာ အရှင်မြတ်တို့သည် ဆင်ခြင်ကြည့်ရှုတော်မူကြသည်တွင် "ရတနာသုံးပါး၌ စိတ်ပြစ်မှားကြ၍ လူအများ အပါယ်ဘုံ၌ ဖြစ်ကြ၏" ဟု သိမြင်တော်မူကြ၍ "ဓာတ်တော်များကို ရာဇဂြိုဟ်ပြည်သို့ အမြန်ရောက်အောင် ဆောင်စေရန် ဥပါယ်တမျဉ်ကို သိကြားနတ်မင်းကို ငါတို့ ပြုစေကြမည်" ဟု ကြံစည်တော်မူကြလျက် သိကြားနတ်မင်းထံ သွားရောက်ကြပြီးလျှင် ထိုအကြောင်းကို ပြောကြားကြ၍ "သိကြားနတ်မင်း.... ဓာတ်တော်များကို ရာဇဂြိုဟ်သို့ အလျင်အမြန်ရောက်အောင် ဆောင်စေရန် ဥပါယ်တမျဉ်ကို ပြုပါလော့" ဟု မိန့်တော်မူကြလေ၏။ သိကြားမင်းသည်လည်း ရဟန္တာအရှင်မြတ်တို့ကို—

"အရှင်ဘုရားတို့.... အဇာတသတ်မင်းနှင့် အလားတူ သဒ္ဓါတရားရှိသူ ပုထုဇန် တလူမျှ မရှိပါ၊ သူသည် တပည့်တော်၏ စကားကို လိုက်နာလိမ့်မည်မဟုတ်ပါ။ ဥပါယ်နည်းလမ်းကောင်း လျှောက်ထားလိုပါသည်မှာ—တပည့်တော်သည် မာရ်နတ် ဖန်ဆင်းအပ်သည်နှင့် အလားတူ ကြောက်မက်ဖွယ်သော အဆင်းများကို ဖန်ဆင်း၍ ပြပါမည်၊ ကြောက်မက်ဖွယ်သောအသံကို ဖန်ဆင်း၍ ကြား

WWW.DHAMMARANSI.COM



စေပါမည်။ နတ်ဖမ်း နတ်ပူးသောရောဂါ ချေဆတ်သော ရောဂါ နှတ်မဖြိန်နာရောဂါတို့ကို ပြုလုပ်ဖန်ဆင်းပါမည်။ အရှင်ဘုရားတို့သည် အဇာတသတ်မင်းကို 'မြတ်သော မင်းကြီး.... ဓာတ်တော်ပူဇော်ပွဲ ရက်အရှည်ဆွဲလွန်းသော ကြောင့် နတ်များ အမျက်ထွက်ကုန်ပါပြီ၊ ဓာတ်တော်များ ကို လျင်မြန်စွာ ရာဇဂြိုဟ်ပြည်သို့ရောက်အောင် ဆောင် စေပါလော့' ဟု မိန့်ကြားတော်မူကြပါ၊ ဤသို့ပြုမှသာ အဇာတသတ်မင်းသည် ဓာတ်တော်များကို လျင်မြန်စွာ ဆောင်စေပါလိမ့်မည်"—

ဟု အကြံပေးစကား လျှောက်ထားလေသည်။ ထိုနောက် သိကြား မင်းသည် မိမိလျှောက်ထားသမျှ အလုံးစုံကို စီမံဖန်ဆင်းလေ၏။

ရဟန္တာ မထေရ်မြတ်တို့သည်လည်း အဇာတသတ်မင်းထံသို့ ကြွရောက်တော်မူကြ၍ "မြတ်သောမင်းကြီး....ဓာတ်တော်ပူဇော်ပွဲ ရက် အလွန်ဆွဲလွန်းသောကြောင့် နတ်များ အမျက်ထွက်ကုန် ပါပြီ၊ ဓာတ်တော်များကို လျင်မြန်စွာ ရာဇဂြိုဟ်ပြည်သို့ရောက် အောင် ပင့်ဆောင်စေပါလော့"ဟု မိန့်တော်မူကြကုန်၏။ အဇာ-တသတ်မင်းသည် "အရှင်ဘုရားတို့.... တပည့်တော်၏ စိတ်မှာ ဓာတ်တော်ပူဇော်ပွဲ ကျင်းပရ၍ မရောင့်ရဲ တင်းမတိမ်သေးပါ၊ သို့သော်လည်း ဓာတ်တော်များကို လျင်မြန်စွာ ရာဇဂြိုဟ်ပြည်သို့ ရောက်အောင် ပင့်ဆောင်ကြကုန်လော့"ဟု လျှောက်ထား၍ ထို အတိုင်း အမြန်ပင့်ဆောင်ရန် မင်းချင်းတို့ကို အမိန့်ပေးလေသည်။ ဤသို့လျှောက်ထား အမိန့်ပေးသည့်နေ့မှာ ကုသိနာရုံပြည်မှ ဓာတ်တော်များကို ပင့်ဆောင်လာ၍ ခုနစ်နှစ် (နှင့်) ခုနစ်လပြည့် သောနေ့ဖြစ်သည်၊ ထိုနေ့မှနောက် ခုနစ်ရက်မြောက်၌ ဓာတ် တော်များကို ရာဇဂြိုဟ်ပြည်အရောက် ပင့်ဆောင်ကြလေသည်။ ဤသို့ ပင့်ဆောင်အပ်သော ဓာတ်တော်များကိုယူ၍ အဇာ-တသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ စေတီပုထိုးကို တည်ထားလေ သည်။ အခြားသောမင်းပုဏ္ဏားတို့သည်လည်း မိမိ မိမိတို့၏ ဗိုလ် ပါအင်အားအလျောက် ဓာတ်တော်များကိုရင်း, ပြည်တောင်း

WWW.DHAMMARANSI.COM



မီးသွေးများကိုရင်း မိမိတို့ပြည်၌ စေတီပုထိုးတည်ထား ပူဇော်ကြလေသည်။ ဤအကြောင်းကို ဒုတိယ, တတိယသံဂါယနာ တင်သောအခါ သံဂီတိကာရကမထေရ်မြတ်တို့သည် အောက်စာမျက်နှာ ၅၃၄ "ဓာတ်တော်စေတီကို ပူဇော်ခြင်း" အခဏ်း၌ လာရှိသည့်အတိုင်း "မဂဓတိုင်းရှင် ဘုရင် အဇာတသတ် မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်၏" အစရှိသည်ဖြင့် မိန့်ဖော်ဟောကြားတော်မူကြလေကုန်၏။

**အရှင်မဟာကဿပမထေရ်နှင့် အဇာတသတ်မင်းတို့ တိုင်ပင်ကြ၍ လျှို့ဝှက်သောဓာတ်တော်ဌာပနာတိုက်ကြီး တည်ထားကြခြင်း**

ဓာတ်တော်ဝေစုဖြင့် မင်းပုဏ္ဏားတို့ မိမိတို့တိုင်းပြည်များ၌ စေတီပုထိုးများ တည်ထားပြီးကြလတ်သော် အရှင်မဟာကဿပ မထေရ်သည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူ၍—

(၁) ထိုထိုစေတီများ၌ တည်ထားမြဲအတိုင်း တည်ရှိကြမည့် ဓာတ်တော်များအတွက် မိစ္ဆာဒိဋ္ဌိ အယူရှိသူတို့ ဖျက်ဆီးကြမည့် အန္တရာယ်ကိုရင်း၊

(၂) လျှို့ဝှက်သော ဓာတ်တော် ဌာပနာတိုက်ကြီး တည်ထားပါလျှင် နောက်အခါ၌ အသောကမင်းတရားသည် ထိုဌာပနာတိုက်ကြီးမှ ဓာတ်တော်တို့ကို ထုတ်ယူ ပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းလုံးအနှံ့ ပြန့်အောင်ပြုလတ်သော် နတ်လူတို့အတွက် ကြီးစွာသော စီးပွါး,ချမ်းသာကို ရွက်ဆောင်နိုင်လိမ့်မည် အဖြစ်ကိုရင်း—

ဤအကြောင်းနှစ်ရပ်ကို မြင်တော်မူ၍ အဇာတသတ်မင်းထံသို့ ကြွရောက်တော်မူပြီးလျှင် "မြတ်သောမင်းကြီး.... လျှို့ဝှက်သော ဓာတ်တော်ဌာပနာတိုက်တခု တည်ဆောက်ပြုလုပ်မှ သင့်လျော်မည်" ဟု လေးနက်စွာ မိန့်ကြားတော်မူလေ၏။

အဇာတသတ်မင်းက "ကောင်းပါပြီ အရှင်ဘုရား....လျှို့ဝှက်အပ်သော ဓာတ်တော်ဌာပနတိုက်ကြီး တည်ဆောက်ရန် အမှုမှာ

WWW.DHAMMARANSI.COM



တပည့်တော်၏ တာဝန်ရှိပါစေ၊ ကျန်သော ခတ်တော်များကို ကား အဘယ်သို့ ပင့်ဆောင်ရမည်နည်း” ဟု လျှောက်ထား လေလျှင် အရှင်မဟာကဿပ မထေရ်မြတ်သည် “မြတ်သော မင်းကြီး···· အခြားမင်းများ လက်ဝယ်ရောက်ရှိနေသည့် ဓာတ် တော်များကို ပင့်ဆောင်ရန်မှာ သင်မင်းကြီး၏ တာဝန်မဟုတ်၊ ငါတို့၏ တာဝန်သာ ဖြစ်သည်’’ဟု မိန့်တော်မူ၍ အဇာတသတ် မင်းကလည်း “ကောင်းပါပြီ အရှင်ဘုရား....အရှင်ဘုရားတို့သည် ဓာတ်တော်များကိုသာ ပင့်ဆောင်တော်မူကြပါ၊ တပည့်တော် သည် ဓာတ်တော်ဌာပနာတိုက်ကြီးကို တည်ဆောက်ပါမည်”ဟု သဘောတူစကား လျှောက်ထားဝန်ခံလေ၏။

ဤသို့ ဆရာ, ဒကာ တိုင်ပင် သဘောတူကြပြီးနောက် အရှင် မဟာကဿပ မထေရ်မြတ်သည် ဓာတ်တော်ဝေစုရသော ထိုထို မင်းတို့ထံ ကြွသွား၍ အကြောင်းအကျိုး မိန့်ကြားတော်မူကာ ထိုထိုမင်းတို့၏ နန်းအိမ်၌ ကိုးကွယ်ပူဇော်လောက်ရုံမျှ ဓာတ်တော် များကို ချန်ထား၍ ကြွင်းသောဓာတ်တော်များကို ရာဇဂြိုဟ်ပြည် သို့ ပင့်ဆောင်တော်မူခဲ့လေ၏။

အထူးအားဖြင့် ရာမရွာ၌ရှိသော ဓာတ်တော်များကို နဂါးတို့ သိမ်းဆည်းစောင့်ရှောက်ကြသဖြင့် ထိုဓာတ်တော်များအတွက် တာ အန္တရာယ်မရှိ ဖြစ်လေသည်။ အရှင်မဟာကဿပမထေရ် မြတ်သည် “နောက်အခါဝယ် သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်၌ **မဟာစေတီ**တည်သောအခါ ထိုဓာတ်တော် များကို ယူဆောင်၍ ဌာပနာကြလိမ့်မည်”ဟု သိမြင်တော်မူ၍ ထိုဓာတ်တော်များကို မယူဆောင်ခဲ့ပဲ ကြွင်းသော ခုနစ်ပြည် ထောင်တို့မှ ဓာတ်တော်များကိုသာ ယူဆောင်တော်မူခဲ့၍ ရာဇဂြိုဟ်ပြည်၏ အရှေ့တောင်ထောင့်အရပ်၌ ရပ်တည်တော်မူ ပြီးလျှင် “ဤအရပ်၌ ကျောက်များရှိလျှင် ကွယ်ပစေသတည်း၊ မြေသည် အလွန်စင်ကြယ်သည် ဖြစ်စေသတည်း၊ ရေမထ မပေါ် မထွက်စေသတည်း”ဟု အမိန့်ရှိတော်မူလေ၏။

WWW.DHAMMARANSI.COM



အဇာတသတ်မင်းသည် ထိုနေရာကို တူးစေပြီးလျှင် ထိုနေရာမှ ထုတ်ဖော်တူးယူအပ်သောမြေဖြင့်ပင် အုတ်များကို ပြုလုပ်စေ၍ အသီတိမဟာသာဝကကြီးတို့၏ စေတီတော်အဆူဆူကို တည်ထား ပြုလုပ်စေလေ၏။ "ဤအရပ်၌ မင်းကြီးသည် အဘယ်ကို ပြုစေသနည်း"ဟု မေးသောသူတို့အားလည်း "မဟာသာဝကကြီးများ၏ စေတီတော်များ တည်ထားပြုလုပ်စေ၏"ဟူ၍သာ ဖြေကြားပြောဆိုကြရ၏။ တဦးတယောက်မျှ ဓာတ်တော်များ ဌာပနာတိုက်ကြီး တည်ထားသည်ကို မသိရချေ။

### ဓာတ်တော်များ ကြုတ်အထပ်ထပ်၌ ထည့်သွင်းဌာပနာခြင်း

ထို တူးဖော်ရာမြေအရပ် အတောင်ရှစ်ဆယ်နက်လတ်သော်ကား အဇာတသတ်မင်းသည် အောက်အပြင်၌ ကြေးအခင်းကြီးကို ခင်းစေ၍ ထိုကြေးအခင်းပေါ်၌ ထူပါရာမစေတီအိမ်ပမာဏရှိသော ကြေးနီတိုက်အိမ်ကြီးကို ပြုလုပ်စေပြီးလျှင် အဆင့်ဆင့်ငုံနိုင်လောက်သော စန္ဒကူးရွှေကြုတ်ရှစ်လုံး, စန္ဒကူးရွှေစေတီရှစ်ဆူစသည်တို့ကို အသင့်စီမံ ပြုလုပ်စေလေသည်။

ထို့နောင်မှ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ရှေးဦးစွာ စန္ဒကူးရွှေ=စန္ဒကူးဝါကြုတ်၌ ထည့်ပြီးလျှင် ထိုကြုတ်ကိုလည်း အခြားစန္ဒကူးရွှေကြုတ်၌ ထည့်စေလေသည်၊ ထိုကြုတ်ကိုလည်း အခြားစန္ဒကူးရွှေကြုတ်၌ ထည့်စေလေသည်၊ ဤနည်းဖြင့် စန္ဒကူးရွှေ=စန္ဒကူးဝါကြုတ် ရှစ်လုံးတို့ကို တလုံးတည်းပြုလုပ်ပြီးလျှင် ဤနည်းအတိုင်းပင် စန္ဒကူးရွှေ=စန္ဒကူးဝါကြုတ်ရှစ်လုံးတို့ကို ၎င်းစန္ဒကူးရွှေ=စန္ဒကူးဝါစေတီရှစ်ဆူတို့၌ ထည့်သွင်းစေလေသည်။

စန္ဒကူးဝါစေတီရှစ်ဆူတို့ကို စန္ဒကူးနီကြုတ်ရှစ်လုံးတို့၌ ရှေးနည်းအတူ အဆင့်ဆင့်ထည့်စေပြီးလျှင် ထိုစန္ဒကူးနီကြုတ်ရှစ်လုံးတို့ကို စန္ဒကူးနီစေတီရှစ်ဆူတို့၌ ထည့်သွင်းစေလေသည်။

တဖန် ထိုစန္ဒကူးနီစေတီရှစ်ဆူတို့ကို ဆင်စွယ်ကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့် ထည့်စေပြီးလျှင် ထိုဆင်စွယ်ကြုတ် ရှစ်လုံး

WWW.DHAMMARANSI.COM



တို့ကို ဆင်စွယ်စေတီရှစ်ဆူတို့၌ အဆင့်ဆင့် ထည့်သွင်းစေလေသည်။

တဖန် ထိုဆင်စွယ်စေတီရှစ်ဆူတို့ကို ရတနာခုနစ်ပါးစီခြယ်သော ကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်စေပြီးလျှင် ထိုကြုတ်ရှစ်လုံးတို့ကို ရတနာခုနစ်ပါးစီခြယ်သော စေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

တဖန် ထိုရတနာခုနစ်ပါးစီ စေတီရှစ်ဆူတို့ကို ရွှေကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်စေပြီးလျှင် ထိုရွှေကြုတ်ရှစ်လုံးတို့ကို ရွှေစေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

တဖန် ထိုရွှေစေတီရှစ်ဆူတို့ကို ငွေကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့် ထည့်စေပြီးလျှင် ထိုငွေကြုတ်ရှစ်လုံးတို့ကို ငွေစေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

တဖန် ထိုငွေစေတီရှစ်ဆူတို့ကို မြကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့် ထည့်စေပြီးလျှင် ထိုမြကြုတ်ရှစ်လုံးတို့ကို မြစေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

တဖန် ထိုမြစေတီရှစ်ဆူတို့ကို ပတ္တမြားနီကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့် ထည့်စေပြီးလျှင် ထိုပတ္တမြားနီကြုတ်ရှစ်လုံးတို့ကို ပတ္တမြားနီစေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

တဖန် ထိုပတ္တမြားနီစေတီရှစ်ဆူတို့ကို မသာရဂလ်ကျောက် (=ပတ္တမြားပြောက်) ကြုတ်ရှစ်လုံးတို့၌ အဆင့်ဆင့်ထည့်စေပြီးလျှင် ထိုပတ္တမြားပြောက်ကြုတ်ရှစ်လုံးတို့ကို ပတ္တမြားပြောက်စေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

တဖန် ထိုပတ္တမြားပြောက်စေတီရှစ်ဆူတို့ကို ဖလ်ကြုတ်ရှစ်လုံးတို့၌ ထည့်စေပြီးလျှင် ထိုဖလ်ကြုတ်ရှစ်လုံးတို့ကို ဖလ်စေတီရှစ်ဆူတို့၌ ထည့်သွင်းစေပြန်လေသည်။

အလုံးစုံသော ကြုတ်,စေတီတို့၏ အထက်ဆုံး=အပြင်အကျဆုံး ဖလ်စေတီသည် သီဟိုဠ်ကျွန်း၌ရှိ ထူပါရာမစေတီမျှ ပမာဏ

WWW.DHAMMARANSI.COM



ရှိ၏။ ထိုဖလ်စေတီ၏အထက်၌ ရတနာခုနစ်ပါးဖြင့်ပြီးသော စေတီအိမ်ကို ဆောက်လုပ်စေ၏၊ ထို၏အထက်၌ ရွှေဖြင့်ပြီးသော စေတီအိမ်, ထို၏အထက်၌ ငွေစေတီအိမ်, ထို၏အထက်၌ ကြေးနီ စေတီအိမ်ကို ဆောက်လုပ်စေ၏။

ထိုကြေးနီစေတီအိမ်၌ ရတနာခုနစ်ပါးတို့ကို သဲအဖြစ်ကြဲဖြန့်၍ ရေပန်း, ကြည်းပန်း = ကုန်းပန်းအထောင်တို့ကို ဖြန့်ကြဲပြီးလျှင် ငါးရာ့ငါးဆယ်ဇာတ်တော်များ, အသီတိမဟာသာဝကကြီးများ, ခမည်းတော်သုဒ္ဓေါဒနမင်းကြီး, မယ်တော်မဟာမာယာဒေဝီ, ဖွားဖက်တော်ခုနစ်ဦး-စသည် ထည့်သွင်းသင့်သမျှ အလုံးစုံတို့ကို ရွှေစင်ရုပ် သွန်းလုပ်ကာ ထည့်စေလေသည်။ ရေပြည့်သော ရွှေမှုတ်အိုးငါးရာ, ငွေမှုတ်အိုးငါးရာတို့ကိုလည်း တည်ထား စေလေသည်။ ရွှေတံခွန် အလံငါးရာတို့ကိုလည်း တလွင့်လွင့် စိုက်ထူစေလေသည်။ ရွှေဆီမီးခွက်ငါးရာ,ငွေဆီမီးခွက်ငါးရာတို့ကို ပြုလုပ်စေပြီးလျှင် နံ့သာဆီအပြည့်ထည့်၍ ထိုဆီမီးခွက်တို့၌ ဘွဲ့ဖြူချည်ဆီမီးစာများကို တည်ထားစေလေ၏။

ထိုနောက် အရှင်မဟာကဿပမထေရ်သည် "ပန်းများ မညှိုးကြပါစေကုန်သတည်း၊ နံ့သာများ မပြယ်ပျောက်ပါစေကုန် သတည်း၊ ဆီမီးများ မငြိမ်းပါစေကုန်သတည်း" ဟု အဓိဋ္ဌာန် တော်မူ၍ ရွှေပြားဝယ်—

"နောက်အခါ၌ ပိယဒါသ-မည်သော မင်းသားသည် ထီးဖြူတော်စိုက်ဆောက်၍ အသောက-မည်သော တရား မင်းဖြစ်လိမ့်မည်၊ ထို **အသောကမင်းသည်** ဤဓာတ်တော် များကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ ဖြန့်အောင်ပြုရစ်လိမ့်မည်"—

ဟု အက္ခရာတံဆိပ် ထွင်းထုရေးနှိပ်ကာ ထားစေတော်မူလေ၏။

အဇာတသတ်မင်းသည် အလုံးစုံသော အဆင်တန်ဆာ ရတနာတို့ဖြင့် ပူဇော်၍ အစဆုံးဖြစ်သည့် ရတနာခုနစ်ပါးဖြင့် ပြီးသော စေတီအိမ်တံခါးမှ အစပြုကာ တံခါးများကို ပိတ်လျက် ထွက်ခဲ့လေ၏။ အဇာတသတ်မင်းသည် ကြေးနီစေတီအိမ်တံခါး

WWW.DHAMMARANSI.COM



ကို ပိတ်ပြီးလျှင် တံခါးလှည့်ကြိုး၌ မင်းတံဆိပ်ခတ်နှိပ်သော (သံကောက်)သော့ကို ဖွဲ့ချည်၍ ထိုသော့၌ပင် ကြီးစွာသော ပတ္တမြားတုံးကြီးကို ထားစေပြီးနောက် "နောင်သောအခါ မင်းဆင်းရဲသည် ဤပတ္တမြားရတနာကို ယူ၍ ထုခွဲရောင်းချပြီးသော် ဓာတ်တော်များအား ပူဇော်မှု ပြုရစ်စေသတည်း"ဟု ကမ္ပည်းအက္ခရာတို့ကို ထွင်းထုရေးနှိပ်ကာ ထားစေလေ၏။

ထိုနောက် သိကြားနတ်မင်းသည် ဝိသကြုံနတ်သားကို ခေါ်၍ "အမောင်ဝိသကြုံ........အဇာတသတ်မင်းသည် ဓာတ်တော်များ ဌာပနာမှုကို အတတ်နိုင်ဆုံးပြု၍ ပြီးချေပြီ၊ အမောင်သွား၍ ဤဓာတ်တော်ဌာပနာတိုက်ကြီး၌ အစောင့်အရှောက်ကို ချထားပါချေလော့"ဟု ပြောဆိုစေခိုင်းလေ၏။ ဝိသကြုံနတ်သားသည် ဓာတ်တော်ဌာပနာတိုက်ရှိရာသို့ လာလတ်၍ လောလောပူလျက် ကြောက်မက်ဖွယ် မြင်ကွင်းရှိသည့် အချင်းချင်းထိစပ်သော ယန္တ-ရားကို တပ်ဆင်လေသည်၊ တပ်ဆင်ပုံမှာ—သစ်သားဘီလူးရုပ်များကို ဖလ်ရောင်အဆင်းရှိသော သန်လျက်ကိုယ်စီ စွဲကိုင်စေကာ ဓာတ်တော်တိုက် ပတ်ပတ်လည်၌ လေနှင့်တူသော အဟုန်ဖြင့် အစဉ်မပြတ် ပတ်ပတ်လှည့်လည်သော စက်ယန္တရားကို တပ်ဆင်ပြီးလျှင် မယ်နတခုတည်း = ခလုတ်တခုတည်းဖြင့် ဖွဲ့ချည်၍ ဝိသကြုံနတ်သားသည် နတ်ပြည်သို့ ပြန်သွားလေ၏။

အဇာတသတ်မင်းသည် တဖန်ဆက်၍ ဓာတ်တော်ဌာပနာတိုက် ပတ်ဝန်းကျင်၌ အုတ်တိုက်ကျောင်း အခြင်းအရာဖြင့် ကျောက်တံတိုင်းဝန်းပတ်ပြီးလျှင် ထို၏အထက်၌ ကျောက်ဖျာကြီးတခုဖြင့် ပိတ်ဖုံး၍ မြေဖို့စေပြီးနောက် မြေကို အညီအညွတ်ပြုပြီးသော် ထို၏အထက်၌ ကျောက်စေတီတဆူ တည်ထားလေ၏။

ဤသို့ ဓာတ်တော်ဌာပနာမှု ပြုပြီးလတ်သော် အသက်အတိုင်း တည်နေတော်မူ၍ အရှင်မဟာကဿပမထေရ်သည် ပရိနိဗ္ဗာန် စံလွန်တော်မူလေပြီ၊ အဇာတသတ်မင်းတရားသည်လည်း ကံအားလျော်စွာ လားရောက်လေပြီ၊ ထိုစဉ်က လူများလည်း စုတိပြတ်ကြွေ သေလွန်ကြလေပြီ။ ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကား

WWW.DHAMMARANSI.COM



ဤသို့မမြဲခြင်းသဘော မခိုင်ခြင်းသဘော မသက်သာခြင်းသဘော ရှိကုန်စွတကား····။

**အသောကမင်း စေတီအနှံ့အပြား တည်ခြင်း**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာ နှစ်ပေါင်း နှစ်ရာကျော်ရောက်လတ်သောအခါ၌ **ပိယဒါသ**မည် သော မင်းသားသည် ထီးဖြူတော်စိုက်ဆောက်၍ **အသောက** မည်သောတရားမင်း ဖြစ်ပြီးလျှင် ထိုဓာတ်တော်များကို တူးဖော် ထုတ်ယူ၍ ဇမ္ဗူဒိပ်ကျွန်းအနှံ့ စေတီများ တည်ထားကိုးကွယ်လေ သည်။ အကြောင်းအရာ အကျယ်သော်ကား—

ထို အသောကမင်းတရားသည် **နိဂြောဓ**သာမဏေကို အမှီပြု ကာ သာသနာတော်၌ သဒ္ဓါရွှန်းစို ကြည်ညိုခြင်းပြင်းစွာ ဖြစ်ရှိ ရကား ကျောင်းပေါင်း ရှစ်သောင်းလေးထောင် ဆောက်လုပ် စေပြီးလျှင် ရဟန်းသံဃာတော်ကို "အရှင်ဘုရားတို့····တပည့် တော်သည် ကျောင်းပေါင်း ရှစ်သောင်း လေးထောင်တို့ကို ဆောက်လုပ်ပြီးပြေစေအပ်ပါကုန်ပြီ၊ ဓာတ်တော်များကို အဘယ်မှ ရနိုင်ပါမည်နည်းဘုရား"ဟူ၍ မေးလျှောက်လေသည်။ ထိုအခါ ရဟန်းသံဃာအပေါင်းက—

> "မြတ်သောမင်းကြီး....မြတ်စွာဘုရား၏ သရီရဓာတ် တော်များကို အရှင်မဟာကဿပမထေရ်နှင့်အဇာတသတ် မင်းတို့ လျှို့ဝှက်စွာ ဌာပနာထားသော ဓာတ်တော်တိုက် ကြီး ဌာပနာတိုက်ကြီး ရှိ၏-ဟု ငါတို့ ကြားသိကြရ၏၊ သို့သော် ဤမည်သောဌာန၌ ရှိ၏-ဟူ၍ကား ကွဲကွဲ ပြား ပြား မသိအပ်ချေ"—

ဟူ၍ မိန့်ဆိုအပ်လေသော် အသောကမင်းတရားသည် ဓာတ် တော်များရှိလိမ့်မည်အထင်နှင့် ရာဇဂြိုဟ်ပြည်၌ မူလပဌမ အဇာ- တသတ်မင်း တည်ထားသောစေတီကို ဖြိုဖျက်စေ၍ ထိုစေတီ အတွင်း၌ ဓာတ်တော်များကို မတွေ့မမြင်ရကား ထိုဖြိုဖျက်အပ် သောစေတီကို နဂိုရ်ပကတိအတိုင်း ပြန်လည်တည်ထားပြီးလျှင်

WWW.DHAMMARANSI.COM



ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါ-သိကာ မိန်းမတည်းဟူသော ပရိသတ်လေးပါးတို့ကို ပင့်ခေါ်ဆောင်၍ ဝေသာလီပြည်သို့ သွားရောက်လေသည်။

ထိုဝေသာလီပြည်၌ လိစ္ဆဝီမင်းများ မူလပဌမတည်ထားသော စေတီကိုဖြိုဖျက်စေ၍ ထိုစေတီအတွင်း၌လည်း ဓာတ်တော်များကို မတွေ့မမြင်ရကား ထိုစေတီပျက်ကို နဂိုရ်ပကတိအတိုင်း ပြန်လည်တည်ထားပြီးလျှင် ပရိသတ်လေးပါးကို ပင့်ခေါ်ဆောင်၍ ကပိ-လဝတ်ပြည်သို့တဖန် သွားပြန်လေသည်။ ထိုကပိလဝတ်ပြည်၌လည်း ရှေးနည်းအတူ ဓာတ်တော်များကို မရရှိရကား ရာမရွာသို့ သွားရောက်ပြန်လေသည်။ ရာမရွာ၌ကား နဂါးတို့သည် စေတီတော်ကို ဖျက်ဆီးခွင့်မပေးကြကုန်၊ (အဘယ်သို့ပြုလုပ်ကြသနည်းဟူမူ)စေတီ၌ ဖြိုဖျက်ရန် ပေါက်ချလိုက်သော ပေါက်တူးပေါက်ချွန်းများ အပိုင်းအပိုင်း ပြတ်၍သွားလေသည်။

ဤသို့လျှင် ရာမရွာ၌လည်း ဓာတ်တော်များကို မရရှိ၍ အစဉ်အတိုင်း အလ္လကပ္ပတိုင်း,ဝေဌဒီပတိုင်း,ပါဝါပြည်, ကုသိနာရုံပြည်တို့သို့သွားရောက်၍ အလုံးစုံသော ထိုတိုင်းထိုပြည်တို့၌ မူလတည်ရင်း စေတီတို့ကို ဖြိုဖျက်၍ ဓာတ်တော်များကို မရရှိပဲသာလျှင် စေတီပျက်များကို နဂိုရ်ပကတိအတိုင်း ပြန်လည်တည်ထားပြီးလျှင် တဖန် ရာဇဂြိုဟ်ပြည်သို့ သွားပြန်လေသည်။

ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ပရိသတ်လေးပါးတို့ကို စည်းဝေးစေ၍ "ဤမည်သောနေရာ၌ အဇာတသတ်မင်း ဓာတ်တော်များကို ဌာပနာခဲ့သည်-ဟု ရှေးကကြားဘူးသူ တစုံတ-ယောက် ရှိပါသလော"ဟု မေးလေ၏။ ထိုအစည်းအဝေး၌ အသက်တရာ့နှစ်ဆယ်နှစ်ရှိသော မထေရ်ကြီးတပါးသည် "မြတ်သောမင်းကြီး····ဤမည်သောနေရာ၌ ဓာတ်တော်များ ဌာပနာသည်ဟူ၍ကား ကေန်ကေ မသိရပါ၊ အထူးမှာ ငါ၏ဖခင်မထေရ်ကြီးသည် ငါ့ကို ခုနစ်နှစ်သားအရွယ်ကာလတုန်းက ပန်းတောင်း ပန်းကပ်ကို ယူစေပြီးလျှင် 'သာမဏေ····လာလော့၊ ဤမည်သောချုံအတွင်း၌ ကျောက်စေတီတဆူ ရှိ၏၊ ထိုစေတီသို့

WWW.DHAMMARANSI.COM



သွားကြကုန်စို့’ ဟု ပြောဆိုကာ သွားရောက်ပူဇော်ကြပြီးနောက် ငါ့ဖခင်မထေရ်ကြီးက ‘သာမဏေ....ဤနေရာကို သတိတရ မှတ်သောင်ထားသင့်၏’ဟု မိန့်ဆိုဘူးပါသည်။ မြတ်သောမင်းကြီး.... ငါသည် ဤမျှလောက် သိပါ၏”ဟု ပြောဆိုလေ၏။

(ဤ၌-ကေစိဆရာတို့က “ထိုအံစည်းအဝေးမှာ ဈာန်အဘိညာဏ်တရားထူးရသောရဟန်းတို့ မပါရှိသောကြောင့် ဤမထေရ်ကြီးပြောသည်ကိုသာ အထူးဖော်ပြရသည်”ဟု ဆိုကြ၏။ အပရေဆရာတို့ကမူ “ဈာန်အဘိညာဏ်တရားထူးရသောရဟန်းတို့ မပါရှိမဟုတ် ပါရှိပါ၏၊ သို့သော်လည်း ဂုဏ်အပ္ပိစ္ဆတာကျေးဇူးရှင်များဖြစ်ကြ၍ မိမိတို့ကိုယ်ကို လျှို့ဝှက်ကြကာ ‘ဤသီတင်းကြီးမထေရ်၏ စကားကို အမှီပြု၍ ဓာတ်စမ်းရှာဖွေလျှင်ကောင်းမင်းကြီး သိပေလိမ့်မည်’ဟု ကြံစည်ဆင်ခြင်တော်မူကြ၍ မပြောဆိုကြလေကုန်”ဟု မိန့်ဆိုကြ၏။ ။ဋီကာမှ)။

ထိုအခါ အသောက မင်းတရားသည် “ဤနေရာသည်ပင် အဇာတသတ်မင်း ဓာတ်တော်များကို ဌာပနာရာဌာန စင်စစ်ဖြစ်တော့သည်”ဟု ပြောဆိုကာ ချုံနွယ်ပိတ်ပေါင်းများကို ပယ်ရှားရှင်းလင်းစေ၍ ကျောက်စေတီကိုလည်း, ထိုအောက်မှမြေများကိုလည်း ဖယ်ရှားစေလတ်သော် အောက်အပြင်၌ အင်္ဂတေမြေအခင်းကို ထင်လင်းတွေ့မြင်ရလေ၏။ ထိုနောင်မှ အင်္ဂတေနှင့်အုတ်များကို ဖယ်ရှားထုတ်နုတ်ပြီးသော် အစဉ်သဖြင့် ဓာတ်တော်ဌာပနာတိုက်ပရိဝုဏ်အတွင်း သက်ဆင်း၍ သဲအဖြစ်ခင်းထားသော ရတနာခုနစ်ပါးကိုလည်း, သန်လျက်ကိုယ်စီ လက်စွဲထားသော ယန္တရားစက်ရုပ်များ မရပ်မနား လှည့်လည်နေကြသည်ကိုလည်း အံ့ဩဖွယ်ရာ တွေ့မြင်ရလေ၏။

အသောကမင်းတရားသည် နတ်ဝင်နတ်ထိန်းများကို ခေါ်စေ၍ ဗလိပူဇော်မှုပြုလုပ်စေသော်လည်း ယန္တရားစက်ရုပ်များ၏ အစအဆုံးကို မတွေ့နိုင်ပဲရှိရကား နတ်တို့အား ရှိခိုးဦးညွှတ်လျက် “အကျွန်ုပ်သည် ဤဓာတ်တော်များကို ပင့်ဆောင်၍ ကျောင်းပေါင်း ရှစ်သောင်း လေးထောင်တို့၌ သိုမှီးဌာပနာပြီးလျှင် ပူဇော်သက္ကာရမှု ပြုပါမည်၊ အကျွန်ုပ်အား နတ်အများသည်

WWW.DHAMMARANSI.COM



အန္တရာယ်အနှောက်အယှက်မှု မပြုကြပါကုန်လင့်”ဟုတောင်းပန်စကား ပြောကြားလေ၏။

သိကြားနတ်မင်းသည် ခရီးဒေသစာရီ လှည့်လည်ရင်းက ထိုအခြင်းအရာကို မြင်လတ်၍ ဝိသကြုံနတ်သားကို ခေါ်ပြီးလျှင် “အမောင်ဝိသကြုံ ··· အသောကမင်းတရားသည် ‘ဓာတ်တော်များကို ထုတ်ယူမည်’ ဟု ဌာပနာတိုက်ပရိဝုဏ်အတွင်း သက်ဆင်းလတ်ပြီ၊ အမောင်သွား၍ ယန္တရားရုပ်များကို ဖယ်ရှားပါလေလော့” ဟု ပြောဆိုလေ၏။ ဝိသကြုံနတ်သားသည် ဦးစွန်းငါးခုရှိသော သူငယ်၏ အသွင်ဖြင့် ထိုအရပ်သို့ လာရောက်၍ အသောကမင်း၏ ရှေ့မှောက်၌ လေးလက်စွဲကာ ရပ်တည်ပြီးလျှင် “ မြတ်သောမင်းကြီး···· ဤယန္တရားရုပ်များကို အကျွန်ုပ်ဖယ်ရှားပါမည်” ဟု ပြောဆိုလေသော် အသောကမင်းတရားက “ဖယ်ရှားပါ ချစ်သား....”ဟု အခွင့်ပြုစကား မိန့်ကြားလတ်သည်တွင် သူငယ်ပုံဟန် ဖန်ဆင်းထားသော ဝိသကြုံနတ်သားသည် မြှားကိုဆွဲကိုင်၍ ယန္တရားအစပ်၌ တချက်တည်း ပစ်လိုက်လေ၏။ ထိုအခါ အလုံးစုံသော ယန္တရားရုပ်များသည် ဖရိုဖရဲ ကြွ၍ သွားလေကုန်၏။

ထိုအခါ အသောကမင်းတရားသည် တံခါးလှည့်ကြိုး၌ ဖွဲ့ချည်ထားသော မင်းတံဆိပ်ခတ်နှိပ်ထားသည့် သံကောက်( = သော့)ကို ဆွဲကိုင်ကြည့်လေ၏၊ အဖိုးများစွာထိုက်သော ပတ္တမြားတုံးကို တွေ့မြင်ရပြီးနောက် တဖန် ရွှေလွှာ၌ ရေးထွင်းထားသည့်—

> “နောင်အခါ မင်းဆင်းရဲသည် ဤပတ္တမြားရတနာကို ယူ၍ ထုခွဲရောင်းချပြီးသော် ဓာတ်တော်များအား ပူဇော်မှု ပြုရစ်စေသတည်း”—

ဟူသော အက္ခရာများကို တွေ့မြင်ရပြန်၍ အမျက်ထွက်ပြီးလျှင် “ငါသို့သောမင်းကို မင်းဆင်းရဲဟူ၍ မပြောဆိုသင့်” ဟု နှုတ်မြွက်ပြောဆိုကာ အဖန်ဖန်အားထုတ်၍ တံခါးများကို ဖွင့်စေပြီးသော် ဓာတ်တော်ဌာပနာတိုက်အိမ်အတွင်းသို့ ဝင်ရောက်လေ၏။

WWW.DHAMMARANSI.COM



လွန်ခဲ့သောနှစ်ပေါင်း (၂၁၈) နှစ်ရာတဆယ့်ရှစ်နှစ်တက်က ထွန်းညှိတင်ထားခဲ့သော ဆီမီးများသည် ထွန်းညှိစကအတိုင်းပင် တောက်ပလျက် ရှိကြကုန်၏၊ ကြာညိုပန်းများသည် ထိုခဏ၌ ယူဆောင်တင်လှူအပ်ကုန်သကဲ့သို့ လန်းဆန်းဆဲရှိကြကုန်၏၊ ပန်းအခင်းသည်လည်း ထိုခဏ၌ ခင်းအပ်သကဲ့သို့ပင် လန်းဆန်းတင့်တယ်ဆဲရှိ၍ နေ၏၊ နံ့သာများသည်လည်း ထိုခဏ၌ ကြိတ်၍ တင်လှူအပ်ကုန်သကဲ့သို့ပင် အနံ့မစဲ မခန်းခြောက်ပဲ ကြိုင်လှိုင်ဆဲ ရှိကြကုန်၏။

အသောကမင်းတရားသည် ရွှေပြားကို ကိုင်ယူ၍ အရှင်မဟာကဿပမထေရ် ရေးထိုးတော်မူစေခဲ့သည့်—

"နောက်အခါ၌ ပိယဒါသ-မည်သော မင်းသားသည် ထီးဖြူတော်စိုက်ဆောက်၍ အသောကမည်သော တရားမင်းဖြစ်လိမ့်မည်၊ ထိုအသောကမင်းသည် ဤဓာတ်တော်များကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ ပြန့်အောင် ပြုရစ်လိမ့်မည်"—

ဟူသောစာတမ်းကို ဖတ်ရှုရ၍ အားရဝမ်းသာ ဖြစ်ရှိပြီးလျှင် "အို အချင်းတို့.... ငါ့ကို အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် ကောင်းစွာမြင်တော်မူအပ်လေပြီ"ဟု ပြောဆိုကာ လက်ဝဲလက်မောင်းကို ခွေ၍ လကျာလက်ဖြင့် လက်ခမောင်း တဖြောင်းဖြောင်း ခတ်လေတော့၏။

ထိုနောင်မှ အသောကမင်းတရားသည် ထိုနေရာ၌ ကိုးကွယ်ပူဇော်လောက်ရုံမျှ ဓာတ်တော်များကို ချန်ထား၍ ကြွင်းသော ဓာတ်တော်များကို ပင့်ဆောင်ပြီးလျှင် ဓာတ်တော် အိမ်တို့ကိုလည်း ရှေးက ပိတ်သည့်နည်းအတိုင်း ပိတ်ပြီးမှ အလုံးစုံကို နဂိုရ်ပကတိအတိုင်း အသစ်တဖန် မွမ်းမံတည်ဆောက်၍ ထို၏အထက်၌ ကျောက်စေတီကို တည်ထားစေပြီးသော် မိမိဆောက်လုပ်သော ကျောင်းတိုက်ပေါင်း ရှစ်သောင်းလေးထောင်တို့၏ အတွင်း၌ ဓာတ်တော်များကို စေတီတည်ထားလေသတည်း။

WWW.DHAMMARANSI.COM



### ဗုဒ္ဓရတနာခဏ်းနိဂုံး

ဗုဒ္ဓဝင်စာဖတ် ပရိသတ်သူတော်ကောင်းတို့ ···· ဤတွင် (ဗုဒ္ဓရတနာ) အခဏ်းကို နိဂုံးအုပ်ပါတော့မည်။ အသင်ဗုဒ္ဓဝင် စာဖတ် ပရိသတ် သူတော်ကောင်းများသည် ဤဗုဒ္ဓရတနာခဏ်းကို ဖတ်ရှုကြရာ၌ ဗုဒ္ဓမြတ်စွာနှင့်စပ်၍ အရေးကြီးသော (၁) ပဋိသန္ဓေယူတော်မူသည့်နေ့, (၂) ဖွားမြင်တော်မူသည့်နေ့, (၃) တောထွက်တော်မူသည့်နေ့, (၄) ဘုရားဖြစ်တော်မူသည့်နေ့, (၅) ဓမ္မစကြာတရားဦး ဟောကြားတော်မူသည့်နေ့, (၆) ပရိနိဗ္ဗာန်စံတော်မူသည့်နေ့, (၇) တေဇောဓာတ်မီးလောင်ကျွမ်းသည့်နေ့= ဤနေ့ကြီးခုနစ်နေ့ကို အထူးသတိချပ်မိကြပေလိမ့်မည်။

ထိုနေ့ကြီး ခုနစ်နေ့တို့မှာ (၁) မဟာသက္ကရာဇ် ၆၇-ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့၌ ဘုရားအလောင်းတော် ပဋိသန္ဓေ ယူတော်မူလေသည်၊ (၂) မဟာသက္ကရာဇ် ၆၈-ခုနှစ် ကဆုန်လပြည့် သောကြာနေ့၌ ဖွားမြင်တော်မူလေသည်၊ (၃) မဟာသက္ကရာဇ် ၉၇-ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့၌ တောထွက်တော်မူလေသည်၊ (၄) မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရားဖြစ်တော်မူလေသည်၊ (၅) ၎င်းမဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့၌ ဓမ္မစကြာတရားဦး ဟောတော်မူလေသည်၊ (၆) မဟာသက္ကရာဇ် ၁၄၈-ခုနှစ် ကဆုန်လပြည့် အင်္ဂါနေ့၌ ပရိနိဗ္ဗာန် စံတော်မူလေသည်၊ (၇) ထိုနှစ် ကဆုန်လပြည့်ကျော် ၁၂-ရက် တနင်္ဂနွေနေ့၌ တေဇောဓာတ်မီး လောင်ကျွမ်းလေသည်။

ဤနေ့ကြီးခုနစ်နေ့ကို အောက်မေ့ဆင်ခြင်က၁ မြတ်စွာဘုရားကို ရိုသေမြတ်နိုး ရှိခိုးနိုင်ရန်အတွက် **လယ်တီဆရာတော်ဘုရားကြီး**သည် ဤဆိုလတ္တံ့သော "ခုနစ်နေ့ဘုရားရှိခိုးလင်္ကာ"များကို ရေးသားဖွဲ့ဆိုတော်မူခဲ့ပါသည်—

### ခုနစ်နေ့ ဘုရားရှိခိုးလင်္ကာ

(၁) သုံးလူ့ရှင်ပင်၊ ကျွန်ုထိပ်တင်....။ သောင်းခွင်စကြဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာရုံးစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသည်၊

WWW.DHAMMARANSI.COM



ဝါဆိုလပြေ့၊ ကြက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ **နတ်လူငြိမ်းဘို့ ကိန်းပါကို–နတ်လူငြိမ်းဘို့ ကိန်းပါကို။**

(၂) သန္ဓေယူခါ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြုံ၊ ကဆုန်လပြေ့၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီ၌၊ မဟာလိုက်ဆူ၊ ဖွားတော်မူသည်၊ **နတ်လူအောင်မြို့ လမ်းပါကို–နတ်လူအောင်မြို့ လမ်းပါကို။**

(၃) **ဖွားမြင်မြောက်သော်၊** ဆယ့်ခြောက်နှင်ရှယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရှယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငို၊ သံဝေပိုက၊ ဝါဆိုလပြေ့၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ **စုံမြိုင်ပင်ရိပ် ခမ်းမှာကို–စုံမြိုင်ပင်ရိပ် ခမ်းမှာကို။**

. (၄) **တောရပ်မြိုင်ပေါ်၊** ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြေ့၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မငြိုးကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ **သုံးဘော်လူတို့ ငြိမ်းပါကို–သုံးဘော်လူတို့ ငြိမ်းပါကို။**

(၅) ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီအပေါင်း၊ တိုက်တသောင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြေ့၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ **တရားနတ်စည် ယွှမ်းတယ်ကို–တရားနတ်စည် ယွှမ်းတယ်ကို။**

(၆) တရားနတ်စည်၊ ဆော်ယွှမ်းလည်က၊ သုံးမည်တုံသိုက်၊ တသောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူးတို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ ရာလေးဆယ်ရှစ်၊ သက္ကရာဇ်ဝယ်၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြေ့၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ **ဝှန်းဆူသောင်းလုံး ကျော်တယ်ကို–ဝှန်းဆူသောင်းလုံး ကျော်တယ်ကို။** (လပြေ့–တို့မှာ လပြည့်ဖြစ်သည်)။

WWW.DHAMMARANSI.COM



(၇) နိဗ္ဗုဒ္ဓိမြို့၊ ရှမအိသား၊ သိင်္ဂီရွှေလှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနှော၊ ဓာတ်တောဇောလျှင်၊ ရှင်စောညဏ်စက်၊ မိဋ္ဌာန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ ၊**မေ့တော်ရှစ်စိတ် ကြွင်းတယ်ကို—မေ့တော်ရှစ်စိတ် ကြွင်းတယ်ကို။** ။(ဤဌာ—မေ့တော်ရှစ်စိတ်ဆိုသော်လည်း ရှစ်စရွတ် ဟုသာ မှတ်ယူရာ၏)။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ ဆွေ့ ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြတ်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒနာဖြင့်၊ သဒ္ဓါဖိုးဖိုး၊ ကျွန်ရှိခိုးသည်၊ ၊**ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။**

**ကြွက်-သန်, ပူး-ဖွား၊ ကျား-တောသွား၊ ဆင်-ဘုရားဖြစ်၊**
**ဝက်လှစ်-နာဂ၊ နိဗ်-သိဟ၊ ဂရုဠ-ဓာတ်မီးလောင်။**

**(ရွှေးပေါ်ရာဏခုနစ်နေ့လင်္ကာ၊ဆောင်)**

ဤခုနစ်နေ့ဘုရားရှိခိုးလင်္ကာကို နှုတ်ရအာဂုံဆောင်ကြ၍ ဘုရားအာရုံ နှလုံး၌ ထုံနိုင်ကြပါစေကုန်သတည်း။

အခန်း ၄၁-ပြီး၏။

# ဤတွင်ရွှေ့ ဗုဒ္ဓရတနာအခန်း ပြီး၏။

WWW.DHAMMARANSI.COM

# ဓမ္မရတနာ

## အခန်း-၄၂

ဤ ဓမ္မရတနာ (တရားရတနာ) အခန်း၌ မဂ်လေးပါး, ဖိုလ် လေးပါး, နိဗ္ဗာန်တည်းဟူသော လောကုတ္တရာတရားကိုးပါး ပရိယတ္တိတရား ထိုပရိယတ်ဖြင့် ထင်ရှားဖော်ပြအပ်သည့် ပဋိပတ် တရား ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးများ ဤသို့စသည် များစွာ သောတရားတို့အနက် ရွေးဦးစွာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး အပေါင်းတည်းဟူသော **ဓမ္မရတနာ** အကြောင်းကို မကျဉ်းမကျယ် မှတ်သိလွယ်ရုံ ဖော်ပြပါအံ့—

### ဘုရားဂုဏ်တော်ကိုးပါး

မြတ်စွာဘုရားရှင်၌ ထင်ရှားရှိသော ဂုဏ်ကျေးဇူးတော်များ မှာ အသင်္ချေယျ အပ္ပမေယျပင် ဖြစ်ပေ၏။ ထိုအသင်္ချေယျ အပ္ပ- မေယျ ဂုဏ်တော်တို့အနက်မှ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ အလွယ်တကူ မှတ်ယူကြည်ညိုနိုင်စေရန် ဥပလက္ခဏာ နည်းပြ အားဖြင့် ထိုထိုသုတ္တန်ပေါင်းများစွာတို့၌ **အရဟံ - အစရှိသော** ဂုဏ်တော်ကိုးပါးကို မြတ်စွာဘုရား ဟောကြားတော်မူအပ်ခဲ့လေ သည်။ (တရားဂုဏ်တော် ခြောက်ပါး, သံဃဂုဏ်တော် ကိုးပါး ဟောကြားတော်မူရာ၌လည်း ဤနည်းအတူပင်တည်း)။

### ဘုရားဂုဏ်တော်ကိုးပါးပြ ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာ- စရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော- ပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ။

### ဘုရားဂုဏ်တော်ကိုးပါး ဘာသာပြန်

(ဤဘုရားဂုဏ်တော်ကိုးပါး, တရားဂုဏ်တော်ခြောက်ပါး, သံဃဂုဏ် တော်ကိုးပါးဆိုင်ရာ မြန်မာပြန် အနက်နိဿယတို့မှာ ထင်ရှားသော

WWW.DHAMMARANSI.COM



ဆရာတော် တပါးတပါးလျှင် တမူတမူကျစီ နိဿယ ပြန်ဆိုတော်မူခဲ့ကြပါသည်။ ထို နိဿယမူပေါင်းများစွာတို့အနက်မှ အနှစ်သာရ ပြည့်နှက်ပါလျက် စာဖတ်ပရိသတ်တို့၏ မျက်မှောက်သို့ မရောက်သေးသော (တနည်း–အရောက်အပေါက် နည်းပါးသေးသော) မြင်းခြံမြို့ ၉-ဆောင်တိုက် အဂ္ဂမဟာပဏ္ဍိတ ဝေဇယန္တာအုတ်ကျောင်း ဆရာတော် အရှင်ဝေပုလ္လာဘိဓဇမထေရ် နိဿယမြန်မာပြန်ဆိုချက်ကို ဤကျမ်း၌ ဦးတည်ဖော်ပြပါမည်)—

ယော ဘဂဝါ=အကြင်ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အစိန္တေယျ မြတ်စွာဘုရားသည်။ သမတိံသပါရမိယော = ဤကား အစ ဤမျှ အဆုံး ဂဏန်းကျူးလည်း တောင်လုံးမြေစုဏ္ဏ အမှုန့်မလောက်ကြွားသော်ကြောက်အံ့သော ဆောက်ဦးသမ္ဘာရ အမျှ သုံးဆယ်သော ပါရမီတော်တို့ကို။ ပူရေတွာ = လောကခွတ်တရိုး, ဆွေတော်မျိုးနှင့်, ကိုယ်ကျိုးစင်စစ် ဖြစ်စေအံ့ဟု ဖြည့်ကျင့်တော်မူပြီး၍။ သဗ္ဗကိလေသေ=ဗျည်းသတ္တရှိ မှတ်သိချက်မှန် နို, လက်, နာမ်ကို ကိ, သန်မြောက်ကိန်း ထောင့်ငါးရာမှတ်ထိမ်းသော ခပ်သိမ်းသော ကိလေသာတို့ကို။ ဘဉ္ဇိတွာ = ဝဇီရိန်စက်မျိုး မဂ်တန်ခိုးဖြင့် ဖျက်ချိုးတော်မူပြီး၍။ အနုတ္တရံ = ဗြဟ္မာ, နတ်, လူ သုံးဘုံသူတို့တွင် အတူမရှိသော။ သမ္မာသမ္ဗောဓိံ = ရွှေကြာပဒုံ နေအရုဏ်နှင့် ဆုံမိသဖြင့် ကောင်းစွာပွင့်သကဲ့သို့ လေးဆင့်မြောက်မဂ် ဉာဏ်ရောင်စက်နှင့် ပေါင်းဖက်ရကား တရားလုံးစုံ ဆုံးကုန်မြင်မှု စပ်ယှဉ်၍ မတုနိုင်သော သဗ္ဗညုတရွှေဉာဏ်တော်ကို။ အဘိသမ္ဗုဒ္ဓေါ = ပစ္စဝေက္ခဏာဇော စောကာလွယ်ကူ ရတော်မူပြီ။ (ဝိသုဒ္ဓိမဂ် မဟာဋီကာပဌမအုပ် စာမျက်နှာ ၂၁၉-နှင့်အညီ ထည့်အပ်သော အနိယတ်ဝါကျဖြစ်သည်)။

(၁) သော ဘဂဝါ = ထိုဘုန်းတော်နေရှိန် ထိန်တဝင်းဝင်း ထွန်းလင်းတောက်ပတော်မူသော အစိန္တေယျ မြတ်စွာဘုရားသည်။ ဇာတိပိ = ဤသို့အတိတေက ငြိပေ

WWW.DHAMMARANSI.COM



လှသော ကိလေသမာရ် ကိုယ်တွင်းရန်ကို ဉာဏ်ဝဇီရိန် လက်နက်တော်ချိန်ပြီးလျှင် တရှိန်တည်းပစ်ခတ် အဆုံး တိုင်သတ်တော်မူခြင်း.... (က)၊ ထက်ကြွပ်မကွာ ဝါသနာ ဘာဂီ လာဝသီနှင့်တကွ ပါရမီလက်ရှိန် စက်ဝဇီရိန်ဖြင့် တရှိန်တည်းပစ်ခတ်၍ သတ်အပ်သောကိလေသာရန်ဘေး ဝေးသည့်ထက်ဝေးတော်မူခြင်း ... (ခ)၊ ပညာရှိယောင် သူတော်ယောင်သို့ ဆောင်ကုန်သသူ တပါးလူတို့သည် သူတပါးတို့ မနှစ်မြို့၍ ပြစ်ဒိုကြမည် ကဲ့ရဲ့မည်ကို ကြံစည် စိုးရိမ်သဖြင့် အချိန်ကာလ ဌာနနီးဝေး ရွေးကာချယ်ကာ ဆိတ်ကွယ်ရာ၌ ယုတ်မာညစ်ကျု မကောင်းပြုသကဲ့သို့ ဒုစရိုက်ကို ပြုထိုက်ရာသော ရဟောဌာန မောဟအဝိဇ္ဇာ မပိတ်ကာသဖြင့် ဆိတ်ကွယ်ရာကင်းတော်မူခြင်း... (ဂ)၊ အဝိဇ္ဇာတည်းဟူသော ပုံတောင်းအချက် ဇရာ,မရဏ တည်းဟူသောအကွပ်နှင့်စပ်လျက် စဉ်ဆက်မကွာ တည် လစ်ပါသော သင်္ခါရာဒိဆယ်တန့် သံသရာစက်အကန့်တို့ကို အရဟတ္တမဂ်ဉာဏ်ပုဆိန်ဖြင့် တချိန်တည်းရိုက်ချိုး သွန်သွန် ကျိုးစေတော်မူခြင်း.... (ဃ)၊ အာဟာရ,ဇာတိ, ခေတ် ဝိသယ အနန္တလောကဓာတ် နတ်နှင့်တကွသော လူသုံးဦး တို့ အဖူးအမြော် အပူဇော်ကို ခံတော်မူထိုက်ခြင်း.... (င)၊ ယင်းသို့ အရိနံ ဟတ, အာရကနှင့်, ရဟအဘာဝ, အရာဟတ, ပစ္စယအရဟာဟူသော သဒ္ဒါအဘိဓာန် မဟာ တံဆိပ်ခံတော်မူသောကြောင့်လည်း။ အရဟံ = အရဟ - ဟူ သောဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား....။

(၂) သောဘဂဝါ = ထိုမြတ်စွာဘုရားသည်။ ဇာတိဝိ = ဤသို့ လေးသစ္စာကို ဆရာမရှိ ကိုယ်တိုင်ပင်သိသော် လည်း မိမိသယမ္ဘူ သိတော်မူတိုင်း သူတပါးအား ထင် ရှားစေရန် မဝေဘန်နိုင်သောကြောင့် သမ္ဗုဒ္ဓ-ဟူသော အမည်မျှ လှစ်ချေပြရသော ပစ္စေကဗုဒ္ဓါအရှင်ဘုရား (၊)၊ လေးသစ္စာကို ဆရာပြမှ သိပါသော်လည်း သိကပိုင်းခြား

WWW.DHAMMARANSI.COM



သူတပါးကို ထင်ရှားစိမ့်ငှါ ဟောနိုင်စွာသောကြောင့် သမ္မာဗုဒ္ဓနာမံ ရွေဘွဲ့တော်ခံအပ်သော ရဟန္တာအရှင်မြတ်များ (။) = ဤသို့အားဖြင့် နှစ်ပါးသော သာဝက, ပစ္စေကဗုဒ္ဓါ သမ္မာဗုဒ္ဓ, သမ္ဗုဒ္ဓတို့ထက် ဥက္ကဋ္ဌဂုဏ်ကြီး အစုံပြီးသဖြင့် ချီးမွမ်းအံ့ဩ၍မဆုံးမကုန် အလုံးစုံသော တရားမြတ်တို့ကို ဗုဓဓာတ် သံ,သမ္မာ ခြံရံကာပြည့်စုံစွာသောကြောင့်လည်း။ **သမ္မာသမ္ဗုဒ္ဓေါ = သမ္မာသမ္ဗုဒ္ဓ-ဟူသောဂုဏ်**တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွ‌တကား....။

(၃) သော ဘဂဝါ = ထိုမြတ်စွာဘုရားသည်။ ဇာတိ-ပိ = ဤသို့ အတီတာနန္တရ ဘဝမှလျှင် စ၍ဟိတ်,ဖိုလ်တိတ်ထိုထိုက ကိုယ်,သူတထူးတို့၏ ဖြစ်ဘူးသောခန္ဓာအစဉ်အသွင်, မျိုး, ဇာတ်, အာယုကပ်- စသည်တို့ကို တပ်အပ်မျက်မှောက် လိုရာကောက်၍ တလျှောက်တည်းသိတော်မူနိုင်သော ပုဗ္ဗေနိဝါသဉာဏ်တော်....(က)၊ အနန္တစကြ-ဝဠာ သတ္တဝါအတိုင်းမသိတို့၏ စုတိ, ပဋိသန် စုန်,အဆန်အားဖြင့် ခံစားစံစား ကံအလျောက်လားသည်တို့ကို ပိုင်းခြားထင်ထင် အကြွင်းမဲ့မြင်တော်မူခြင်း.... ကိုယ်ခန္ဓာတွင်း မျက်ကွင်းမျက်မှောင် မျက်တောင်မျက်ခုန်း သားအရေဖုံးအပ်သော နှလုံးသည်းပွတ် အူကစ္ဆတ်တို့ကို လွတ်လွတ်ကျူရှု အနီးကပ်မြင်တော်မူခြင်း.... မြင်းမိုရ်တောင်လုံး ဖုံးအုပ်သောမှုံညင်းစေ့ သိမ်မွေ့လှစွာ ပရမာနု မြူတခုကိုပင် လူ့ရပ်နတ်ရွာ ဗြဟ္မာမိုးဖျား စက္ကဝါခြားသော်လည်း ပတ္တမြားလက်တင် အဝေးကပင် မြင်တော်မူခြင်း.... ယင်းသို့ဝေး, နီး အကြီး, အငယ် ကာကွယ်ဖုံးပိတ် တိမ်ရိပ်မိုးမှောင် ညဉ့်သန်းခေါင်နှင့် တောတောင်နံရံ အခံအတားတို့ကို ထွင်းဖောက်၍ တလျှောက်တည်းမြင်တော်မူသော ဒိဗ္ဗစက္ခုဉာဏ်တော်.... (ခ)၊ ကာမ, ဘဝ- စသည်လုံးစုံ အာသဝေါကုန်တော်မူခြင်း ... အမိတပရမ အသဒိသဖြစ်သော ပဝိတပါရမီတော်အဟုန်ကြောင့် တစုံတယောက်

WWW.DHAMMARANSI.COM



သောသူနှင့်မျှ မတူမတန် သာယမ္ဘူမမြောက်စ် မင်းဆုံးဖြစ်တော်မူခြင်း တည်းဟူသော အာသဝက္ခယဉာဏ်တော်.... (ဂ) ဤသို့ သုံးပါးဝိဇ္ဇာ ပု, ဒိ, အာ-နှင့် ဝိ, မ, ဓေ, ဒိ, အာ, ပု, ဇုတွင်, ဒိ-ဟုတကြိမ် ရှစ်ပါးချိန်လျက် သိ, ဇုန်, ဘော, ဇာ, သတ်, စတ္တာဟူသော ပဉ္စဒသ စရဏတို့နှင့် ပြည့်ဝစုံဟိတ် ဂုဏ်နိမိတ်ကြောင့်လည်း။ဝိဇ္ဇာစရဏသမ္ပန္နော= ဝိဇ္ဇာစရဏသမ္ပန္န-ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား....။

(၄) သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဇုတိပိ= ဤသို့ မဟာဇေယျခုံ ပြည့်နိဗ္ဗာန်ရွှေဘုံသို့ လေးစုံသော မဂ်ဉာဏ်ဖြင့် တရံတခါက် မပြန်ရောက်ပဲ တလျောက် တည်းကြွသွားတော်မူသော အကြောင်းကြောင့်၎င်း.... ( ၊ )၊ ၁-ရိုးလည်းမရိုး ကျိုးလည်းမနပ် အပြစ်ထပ်သဖြင့် မချစ်အပ်သော စကားတခွန်း, ၂-ရိုးလည်းမရိုး ကျိုးလည်းမနပ် အပြစ်ထပ်သော်လည်း ချစ်အပ်သောစကားတခွန်း, ၃-ဖြောင့်မှန်ရိုးလျက် ကျိုးမနပ်သဖြင့် မချစ်အပ်သောစကားတခွန်း, ၄-ကျိုးကားမနပ် ဖြောင့်ရိုးမတ်သဖြင့် ချစ်အပ်သောစကားတခွန်း, ၅-ရိုးလည်း ရိုးမတ်အကျိုးနပ်လျက် မချစ်အပ်သောစကားတခွန်း,၆-ရိုးလည်း ရိုးမတ် ကျိုးလည်းနပ်သဖြင့် ချစ်အပ်သောစကား တခွန်း= ယင်းသို့ လောကဝေါဟာ ပြောရာစကား ခြောက်ခွန်းထားသည်တွင် အများတို့သည် မချစ်မည်ကို မြွန်ည်ဆန်ကျိုး ကြီမစိုးပဲ ရိုးမတ်ဖြောင့်သား အကျိုးများသော စကားတော်နှစ်ခွန်းကိုသာ ပြဿနာ်းသမှ မိန့်ဆိုခြင်းပြုတော်မူသောကြောင့်၎င်း....( ၊ ၊ )။သုဂတော = သုဂတ-ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား....။

(၅) သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဇုတိပိ = ဤသို့ ဇုန္ဒြိယဗဒ္ဓ ခန္ဓသဏ္ဌာနပညတ်ဖြစ်သော သတ္တာဝါ အပေါင်းတို့သည် ကောင်း,မကောင်းသော ကုသိုလ်,

WWW.DHAMMARANSI.COM



အကုသိုလ် ထို၏အကျိုးဖြစ်သော ဝိပါက်,ကဋတ္တာရုပ် တို့၏ အုပ်စည်းဆက်စပ် တပေါင်းတည်းဖြစ်တတ်သော ခပ်သိမ်းသော သတ္တလောကကို အာသယ,အနုသယ- သို့စသောအခြင်းအရာဖြင့် ကောင်းစွာ သိတော်မူတတ် သော အကြောင်းကြောင့်ငှင်း....(၊)၊ အနိန္ဒြိယဗဒ္ဓ အဋ္ဌကလာပ်ရုပ်အပေါင်း ငှင်းသတ္တလောက, သင်္ခါရ- လောကတို့ ဖြစ်ရာပျက်ရာ တည်ရာအနေ မြေပြင်ရေပြင် ကောင်းကင်သမုဒ္ဒရာ စကြဝဠာမြင်းမိုရ် ထိုထို ဗိမာန် ဘုံဆောင် တောတောင်ပတ်ကုံး သုံးဆယ့်တဘုံ အလုံး စုံသော ဩကာသလောကကို ပရိမာဏအစဉ်အလာ သဏ္ဌာလင်းပြ စာရင်းဖွဲ၍ အကြွင်းမဲ့သိတော်မူတတ်သော အကြောင်းကြောင့်ငှင်း....(။)၊ ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓ= လောကနှစ်တန် ရုပ်နှင့်နာမ်တို့ တရံမလစ် ဖြစ်တတ်သော သင်္ခါရလောကကို သဘာဝ, ပစ္စယ, အနိစ္စ-သို့စသော အခြင်းအရာအားဖြင့် ပိုင်းခြားထင်ထင် အကြွင်းမဲ့ ကုန်စင် အောင် သိမြင်တော်မူတတ်သော အကြောင်းကြောင့် ငှင်း....(၊၊၊)။ လောကဝိဒူ=လောကဝိဒူ-ဟူသော ဂုဏ်တော် ထူးဖြင့် ချီးကျူးအပ်ပါပေစွာတကား....။

(၆) သော ဘဂဝါ = ထိုမြတ်စွာဘုရားသည်။ ဣတိပိ = ဤသို့လျှင် တထောင်ဝါဒ ဆောင်ကာမျှဖြင့် ပါပစရိုက် မာနစိုက်သော ပရိဗိုဇ်သစ္စကနှင့် ပေါက္ခရသာတိ-စသော လူယောက်ျား...., သူစိလောမ ခရလောမ အာဠဝကနှင့် ဒေဝရာဇာ ဗကဗြဟ္မာ-စသော နတ်ယောက်ျား...., စူဠောဒရ မဟောဒရ-စသော ဒေါသပွါးစီး နဂါးကြီး တို့နှင့်တကွ စီးတော်ဆင် ဓနပါလ-သို့စသော တိရစ္ဆာန် ယောက်ျား.... = ထိုမယဉ်ကျေးသူ နတ်, လူ, တိရစ္ဆာန် မာန်တက်သမှု ရန်ဖက်ပြုသူတို့ကို အတုမရှိသော သီလ, သမာဓိ, ပညာ-သို့စသော ဒေသနာဖြင့် ကောင်းစွာ ယဉ်ကျေးအောင် အရေးပြုလုပ် ကောင်းစွာဟောကြား

WWW.DHAMMARANSI.COM



ဆုံးမတတ်သော ဂုဏ်တော်ပုဒ်ကြောင့်လည်း။ **အနုတ္တရောပုရိသဒမ္မသာရထိ = အနုတ္တရောပုရိသဒမ္မသာရထိ**-ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား….။

(၇) သော ဘဂဝါ = ထိုမြတ်စွာဘုရားသည်။ ဣတိပိ = ဤသို့ နာယကဦးစီး လှည်းမှူးကြီးသည် သီးသီး များစွာ လှည်းနောက်ပါတို့ကို ဝါဋ္ဋ, စောရ, ဒုဗ္ဘိက္ခနှင့်, နိရုဒကဆိုး ကန္တာရအမျိုးမျိုးတို့မှ သည်ပိုးဆောင်ကြဉ်း၍ မင်းတို့နေပြည် ရပ်သာစည်၌ အတည်မြဲမြံ ထာဝရကံ အားဖြင့် ပျော်စံစေဖို့ အရောက်ပို့သကဲ့သို့ ထို့တူမခြား ရှင်တော်ဘုရားလည်း သုံးပါးဘုံသူ နတ်လူမြဟ္မာ ဝေနေယျာတို့အား သံသရာလမ်း ခရီးကြမ်း၌ ပင်ပန်းစွာဘိ ဇာတိဇရာ ဗျာဓိမရဏ-ဤသို့စသော ဒုက္ခသစ္စာမျိုးအပေါင်းမှ အကြောင်းဖြစ်သော သမုဒယသစ္စာကို ပယ်ခွါသော အားဖြင့် ထုတ်ဆောင်၍ အောင်ဘုမ္မိနက် နိရောဓသစ္စာ တည်းဟူသော ရွှေနန်းထက်သို့ မဂ္ဂသစ္စာ ဝဲယာရှစ်စင်း ထီးဖြူတော်ကျင်းပြီးလျှင် မင်းခမ်းအစဉ် သဘင်တော်မြတ် ဝင်စံတော်မူစေတတ်သောကြောင့်လည်း။ **သတ္ထာ ဒေဝမနုဿာနံ = သတ္ထာ ဒေဝမနုဿာနံ** - ဟူသော ဂုဏ်တော်ထူး ဖြင့် ချီးကျူးအပ်ပါပေစွတကား….။

(၈) သော ဘဂဝါ = ထို မြတ်စွာဘုရားသည်။ ဣတိပိ = ဤသို့ ဒုက္ခ, သမုဒယ, နိရောဓ, မဂ် = လေးချက်သော သစ္စာတို့ကို သံသရာလမ်း စခန်းမြင့်ညောင်း ဘဝပေါင်းတို့က ကောင်းစွာဆည်းပူးတော်မူခဲ့သော ပါရမီတော်အဟုန်ကြောင့် အင်စုံရလတ် ဉာဏ်အရဟတ်နှင့် သဗ္ဗညုတ အတုလမှန်ကင်း ဉာဏ်တော်ရောင်လင်းပြီးလျှင် မကြွင်းအနုမြူ ကိုယ်တော်လည်း သိတော်မူ၍ နတ်, လူ, ဗြဟ္မာ ဝေနေယျာတို့အား ပါရမီအလျောက် ချီးမြှောက်လျှင်ဆော သိစေတော်မူတတ်သော သဘောကြောင့်

WWW.DHAMMARANSI.COM



လည်း။ ဗုဒ္ဓေါ = ဗုဒ္ဓ-ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူး အပ်ပါပေစွတကား····။

(၉) သော ဘဂဝါ = ထို မြတ်စွာဘုရားသည်။ ဣတိပိ = ဤသို့ ၁-ငယ်စေလိုက ကိုယ်တော်မြတ်ကို သဝ် သပ်ပါယ်ပါယ် အနုမြူသဖွယ်မျှ ငယ်စွာဖန်ဆင်းတော်မူနိုင် ခြင်း....၊ ၂-ကြီးစေလိုက မြင်းမိုရ်တပြေး လွန်လိုသေးလည်း လေးကျွန်းပတ်ဝိုက် တိုက်စကြဝဠာ နရက်ရွာက ဘဝဂ် ပါကျုံး လောကဓာတ်အားလုံးကို ဖုံးအုပ်နိုင်အောင် မြင့်ခေါင်ကြီးမားသော ကိုယ်တော်မြတ်ကို သပ္ပါယ်စွာ ဖန်ဆင်းတော်မူနိုင်ခြင်း....၊ ၃-မြေကိုဖောက်ထွင်း ရေကို ခွင်းလျက် မြင်းမိုရ်, သတ္တရဘန် ပတ်ခြီလျဉ်းစပ် အတွင်း ရပ်၌သော်လည်း ကျဉ်းကျပ်ခြင်းမရှိ ပကတိမိုးပြင် တန်ခိုး ဆင်၍ လျှိုးဝင်ပျံကြွတော်မူနိုင်ခြင်း....၊ ၄-လိုတော်ရှိရာ ရပ်မျက်နှာသို့ လျင်စွာခေါက်ခေါက် ကြွရောက်တော်မူနိုင် ခြင်း....၊ ၅-မိဠ္ဌာန်ရှင်ကြည် စိတ်သန်ရည်တိုင်း မည်သည် မဆို အလိုတော်ရှိပြီးစီးခြင်း....၊ ၆-ဗုဒ္ဓကိစ္စ ဘုရားဓမ္မတာ ပြုထိုက်ရာတို့၌ လိုက်ပါအစိုးရတော်မူခြင်း....၊ ၇-တန်ခိုး ဣဒ္ဓိပါဒ် အရပ်ရပ်တို့၌ သုံးသပ်လေ့လာ နိုင်နင်းတော် မူခြင်း၊ ၈-ပြုပြုသမျှ ကိစ္စထိုထို၌ စိတ်လိုကိုယ်စိုး တန်ခိုး တော်၏အပြီးအဆုံးသို့ ရောက်ခြင်း....၊ ယင်းသို့ အဏိမာ, မဟိမာ,လဃိမာ-အစဉ်လာသော မဟာဇောတိ လောကို တန်ခိုး ဣဒ္ဓိပါဒ်ရှစ်မျိုးနှင့်တကွ အစိုးရခြင်းအရာ၌ ပမာမျှ မရသော အသာစာရဏာအရိယိဒ် ဣဒ္ဓိတကာကို၏အထွတ် အထိပ်ဖြစ်သော စိတ်တော်အလို ကိုယ်တော်ပါနိုင် သုံး ခရိုင်၌ အဆုံးတိုင် စိုးအုပ်တော်မူနိုင်ခြင်းတည်းဟူသော ဣဿရိယဘုန်းတော်.... (၁)၊ မဂ္ဂ, ဖလ, နိဗ္ဗာန-ဟူသော နဝလောကုတ် တရားတော်အချုပ်သို့ အနုတ္တရ ဉာဏ္ဍ မြောက် ထင်ရှားစွာ ရောက်တော်မူခြင်းတည်းဟူသော ဓမ္မဘုန်းတော်.... (၂)၊ ဘုံမနုဿ ဥက္ကဋ္ဌ၌ အနုတ္တရဖြစ်

WWW.DHAMMARANSI.COM



ဘုရားဘုန်းမြင့် ပွင့်တော်မူပြီ ပွင့်လာပြီဟု တညီတညာ ထက်မြဲပတ္တာတိုင် စက္ကဝါမဆံ့ ပြန့်နှံ့ ကျော်စောလျက် လောကဓာတ်လုံး ညွှတ်ရှိုးနိဗ္ဗာန် မဆိတ်ပြတ်ပဲ ပရိသတ် အခြံအရံများခြင်းတည်းဟူသော ယသဘုန်းတော်....(၃)၊ ဝစန, ရူပ, ဉာဏ, ဇုဒ္ဓိပါဒ် = လေးရပ်ရှိန်ဝေ အစိန္တေ ဖြစ်၍ ကေတိသ ကိန်းပြရှုံးဖွဲ့ သုံးဆယ့်တစ်ခရိုင် ဘုံနေ ထိုင်သူတို့သည် မြိုင်မည်, တုမည်ကိုမဆိုထား စကား လေသံ ကြံရုံမျှ မကြံစည်ကောင်း တပေါင်းတရုံး ဘုန်း တော်, ကံတော် ရွှေဉာဏ်တော်နှင့် အသံတော်စကား တော်၏ လွန်မြတ်ခြင်း...., အဆင်းတော် ရူပကာယ တူပမာမမျှသော ပူဇာရဟအထူးထူး လူသုံးဦးတို့ ဖူးမြော် ပူဇော်၍ မရောင့်ရဲနိုင်အောင် လွန်ကဲသော အသရေ ရှိတော်မူခြင်းတည်းဟူသော သိရီဘုန်းကော်.... (၄)၊ ကိုယ်တော်မြတ်၏ အတ္တဟိတ အသဒိသဘောဂ လောကီ ဖြစ်သော အစီးအပွါးတော် ...., ဘဝတောအုပ် မသော ရုတ်စေပဲ- လောကုတ္တရာဖြစ်သော အစီးအပွါးတော်...., သတ္တဝါဝေနေယျ အနန္တတို့၏ မဟန္တဘောဂ လောကီ ဥတ္တာ လောကုတ္တရာအစီးအပွါး = ဤသို့အားဖြင့် များမြတ် သော အကျိုးအာနိသင်တို့ကို မငြင်မငြိ အလိုတော်ရှိရာ လိုက်ပါပြီးစီးတော်မူစေနိုင်ခြင်းတည်းဟူသော ကာမ ဘုန်းတော်....(၅)၊ လေးဆယ့်ငါးဝါ ပတ်လုံးကြာအောင် မေ့တာလေ့ ညဉ့်နေ့မဟူ ပုရေဘတ္တ ပစ္ဆာဘတ္တ ပဌမ ယာမ်-စသည်တို့၌ ဘုရားအမှု ကိစ္စစုကို တခုမကျန် တရံ မယုတ် အားသွန်ထုတ်တော်မူခြင်းတည်းဟူသော ပယတ္တ ဘုန်းတော်....(၆)၊ ယင်းသို့ ဘဇီ, ဘဂီ, ဘာဂီ, ဝိဘတ္တ- စသည်များစွာ ဂုဏ်တောဇာတို့ကြောင့်လည်း။ ဘဂဝါ = ဘဂဝါ-ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့ တကား....။

WWW.DHAMMARANSI.COM



### မကျဉ်းမကျယ် မှတ်သားရန် အစိမ့်ပွါယ်

မြတ်စွာဘုရားရှင်၌ ဤဂုဏ်တော်ကိုးပါးမှတပါး မရေမတွက်နိုင်အောင် များစွာသောဂုဏ်ကျေးဇူးများ ထင်ရှားရှိပါသော်လည်း လူ, နတ်, ဗြဟ္မာ သတ္တဝါတို့၏ အလိုစရိုက်နှင့် လိုက်လျောရုံမျှ ထိုထိုသုတ္တန်များ၌ ဤ ဂုဏ်တော်ကိုးပါးကို မြတ်စွာဘုရား ဟောကြားတော်မူအပ်၏၊ တနည်းအားဖြင့် ဤဂုဏ်တော်ကိုးပါး ဖြင့်ပင် တပါးသောဂုဏ်တော်များကိုလည်း သိမ်းကျုံးသင်္ဂြိုဟ်သဘောတူရာပေါင်းယူနိုင်သောကြောင့် ဤဂုဏ်တော်ကိုးပါးကို ထိုထိုသုတ္တန်များ၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်၏။ ယခုအခါ ထိုဂုဏ်တော်ကိုးပါးနှင့်စပ်၍ မကျဉ်းမကျယ် မှတ်သားဖွယ်ကို ပြဆိုရေးသားပေအံ့—

### (၁) အရဟံဂုဏ်တော်

ဤဂုဏ်တော်အရာ၌ ၁-ဂုဏ်တော်နှင့် ၂-ဂုဏ်တော်ရှင် မြတ်စွာဘုရားကို ရှေးဦးစွာ ခွဲခြား၍ သတိချပ်ထားရာ၏။ ၁-ဂုဏ်တော်ဟူသည်မှာ—မြတ်စွာဘုရားရှင် ခန္ဓာအစဉ်ဒြပ်သန္တာန်တော်၌ တည်ရှိဖြစ်ပွါးသည့် ဓမ္မသဘာဝ ကျေးဇူးများကို ခေါ်ဆို၍၊ ၂-ဂုဏ်တော်ရှင် မြတ်စွာဘုရားဟူသည်မှာ—ထို ဓမ္မသဘာဝ ကျေးဇူးများ၏ ဖြစ်ပွါးတည်ရှိရာ ခန္ဓာအစဉ် ဝိသေသဒြပ်သန္တာန်တော်ကို ခေါ်ဆိုလေသည်။

ထိုတွင် ဤ "အရဟံ" ဂုဏ်တော်အရာ၌ ကျေးဇူး ၅-ချက်အနက်သဘောကို မှတ်ယူရာ၏။ ထိုအနက် ၅-မျိုးတို့မှာ—

(က) အရိ+ဟတ-မှ (တ) ကိုချေ၍ အရဟ-ဖြစ်လာသည်။ (အရိ=တထောင်ငါးရာ ကိလေသာ ရန်သူတို့ကို+ဟတ= လောကုတ္တရာမဂ်ဖြင့် အကြွင်းမဲ့ဂယ်သတ်တော်မူပြီးသော မြတ်စွာဘုရား-ဟု ဆိုလိုသည်)။ ထင်ရှားစေဦးအံ့—လောကသဘောအားဖြင့် ရန်သူဖြစ်သောသူသည် မိမိ၏အကျိုးမဲ့ကိုသာ ပြုသကဲ့သို့ ထိုအတူ တထောင့်ငါးရာ ကိလေသာတရားတို့သည်လည်း မိမိဖြစ်ပွါးရာပုဂ္ဂိုလ်၏ အကျိုးမဲ့ကိုသာ ပြုတတ်၏၊ ထို့ကြောင့် ထို

WWW.DHAMMARANSI.COM



ကိလေသာတရားတို့သည် မိမိဖြစ်ပွါးရာ ပုဂ္ဂိုလ်များ၏ ရန်သူကြီးများသာ ဖြစ်ကြရကား မြတ်စွာဘုရားအလောင်းတော်သန္တာန်၌ ဖြစ်သော ကိလေသာတို့သည် ဘုရားအလောင်းတော်၏ ရန်သူကြီးများသာ ဖြစ်ကြသဖြင့် အရိ = ရန်သူဟူသော အမည်ကို ရရှိကြလေသည်။

ထို ၁၅၀၀ သောင်းငါးရာ ကိလေသာရန်သူများကို မြတ်စွာဘုရားသည် မဟာဗောဓိမဏ္ဍိုင် အပရာဇိတပလ္လင်တော်၌ (ရှေးဖော်ပြရာပါ) မဟာဝဇိရဝိပဿနာတရား ပွါးများတော်မူသဖြင့် ရရှိအပ်သော လောကုတ္တရာမဂ်လေးပါးတို့ဖြင့် အစုလိုက် အစုလိုက် ပယ်သတ်တော်မူအပ်လေပြီ။ ထို့ကြောင့် လောကုတ္တရာမဂ်လေးပါး ဓမ္မသဘာဝ ကျေးဇူးများသည် (အရိဟတ-ပုဒ်မှ နိရုတ္တိနည်းအရ ပြောင်းလဲလာသည့်) အရဟံဂုဏ်တော် မည်၍ ထို အရဟံဂုဏ်တော် = လောကုတ္တရာမဂ်လေးပါးတို့ဖြစ်ပွါးရာ မြတ်စွာဘုရားရှင်၏ ခန္ဓာတော်အစဉ်သည် အရဟံဂုဏ်တော်ရှင် ဖြစ်လေသည်။

( ခ ) တနည်း အာရက -မှ (နိရုတ္တိနည်းအားဖြင့်) အရဟ ဖြစ်လာသည်။ (အာရက = ကိလေသာရန်သူတို့မှ ဝေးကွာတော်မူသောမြတ်စွာဘုရားဟု ဆိုလိုသည်)။ ထင်ရှားစေဦးအံ့-မြတ်စွာဘုရားသည် ရှေး (က-အမှတ်ပါ စကားရပ်) ၌ ပြအပ်ခဲ့သောအတိုင်း ကိုယ်တော်မြတ်၏ ၁၅၀၀ သောင်းငါးရာ ကိလေသာရန်သူတို့ကို ဝါသနာအငွေ့ခိုးတော်နှင့်တကွ လောကုတ္တရာမဂ်လေးပါးဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူအပ်ခဲ့လေသည်၊ ထို ပယ်သတ်အပ်ပြီးသော ဝါသနာအငွေ့ခိုးတော်နှင့်တကွ ၁၅၀၀ သောင်းငါးရာ ကိလေသာရန်သူတို့သည် ကိုယ်တော်မြတ်သန္တာန်၌ ဘယ်သောအခါမျှ မဖြစ်ကြ = မဥပါဒ်ကြတော့ပေ၊ ကိုယ်တော်မြတ်မှ အဝေးကြီး ဝေးကွာကြလေတော့၏၊ ကိုယ်တော်မြတ်သည်လည်း ထို ဝါသနာအငွေ့ခိုးတော်နှင့်တကွသော ၁၅၀၀ သောင်းငါးရာ ကိလေသာ ရန်သူတို့မှ အဝေးကြီး ဝေးကွာတော်မူလေတော့၏။ ထို့ကြောင့် ဝါသနာအငွေ့ခိုးတော်နှင့်တကွ ထို ၁၅၀၀ သောင်းငါးရာ

WWW.DHAMMARANSI.COM



ကိလေသာ ရန်သူတို့မှ ဝေးကွာတော်မူခြင်းသည် အရဟံဂုဏ်တော်မည်၍ ထို ဂုဏ်တော်၏ဖြစ်ပွါးရာ မြတ်စွာဘုရားရှင်၏ ခန္ဓာတော်အစဉ်သည် ဂုဏ်တော်ရှင် ဖြစ်လေသည်။ ဤဂုဏ်တော်ကား မဂ်လေးပါးကြောင့် ရအပ်သော အကျိုးဂုဏ်တော် ဖြစ်လေသည်။

(ဤ ဆိုအပ်ပြီးသော က-မှတ်၊ ခ-မှတ် အရဟံဂုဏ်တော်များအရ ရဟန္တာသာဝကအရှင်မြတ်များသည်လည်း တထောင့်ငါးရာ ကိလေသာရန်သူတို့ကို အမြစ်ပြတ် ပယ်သတ်တော်မူကြသောကြောင့် အရဟံဂုဏ်ရှင် ဖြစ်ထိုက်ကြသည် ဟု ထင်မှတ်ဖွယ်ရှိသော်လည်း ထို သာဝက ရဟန္တာအရှင်မြတ်များမှာ ကိလေသာကိုသာပယ်၍ ဝါသနာအငွေ့ ခေါ်တ်ကိုကား မပယ်သတ်နိုင်ကြသဖြင့် အရဟံဟူသောဂုဏ်ထူးကို မရရှိကြပဲ မြတ်စွာဘုရားရှင်ကသာ မဂ်လေးပါးဖြင့် ဝါသနာအငွေ့ ခေါ်တ်နှင့်တကွ ကိလေသာ ခပ်သိမ်းကို ပယ်သတ်တော်မူသောကြောင့် မြတ်စွာဘုရားသည်သာ အရဟံဂုဏ်ထူးကို ရရှိတော်မူလေသည်။

ဝါသနာအငွေ့ ခေါ်တ် ဟူသည်မှာ ကိလေသာကို ပယ်ပြီးသော ရဟန္တာအရှင်မြတ်၏ သန္တာန်၌သော်လည်း ကိလေသာကို မပယ်ရသေးသော ပုဂ္ဂိုလ်၏ လုံ့လပယောဂနှင့်တူသည့် လုံ့လပယောဂကို ဖြစ်စေတတ်သော (ခန္ဓာသန္တာန်ဝယ် ပုထုဇန်ဘဝက အဖန်ဖန်ဖြစ်ပွါးခဲ့သည့်)ကိလေသာတရားတို့က ခြင်းချန်၍ ထားခဲ့သော အစွမ်းသတ္တိထူး အထုံခေါ်တ်တမျိုးဖြစ်လေသည်။

ဘုရားရှင် လက်ထက်တော်အခါက အရှင်ပိလိန္ဒဝစ္ဆ-မည်သော ရဟန္တာမထေရ်မြတ်တပါးရှိလေသည်၊ ထိုမထေရ်မြတ်သည် လွန်ခဲ့သော အခါက ဇာတ်ဝါဒ မာန်မာနခက်ထန်သည့် ပုဏ္ဏားမျိုး၌ ဘဝငါးရာ ဆက်၍ ဖြစ်ခဲ့လေရာ ထိုဇာတိမာန်ကိလေသာဖြင့်ပင် မိမိတို့အမျိုးမှတပါး အခြားအမျိုးများကို ဝသလ=သူယုတ်မာဟူ၍ ခေါ် ဆိုပြောကြားခဲ့လေသည်၊ ယခုနောက်ဆုံး ရဟန္တာဖြစ်သောဘဝ၌ ထိုဇာတိမာန်ကိလေသာကို အမြစ်ပြတ်ပယ်ပြီး ဖြစ်သော်လည်း လွန်ခဲ့သော ဘဝများစွာက ထိုအရှင်၏သန္တာန်ဝယ် အဖန်ဖန်ဖြစ်ပွါးခဲ့သော ဇာတိမာန် ကိလေသာက အထုံအငွေ့ ဝါသနာခေါ်တ် သတ္တိထူးတမျိုးကို ထိုခန္ဓာအစဉ်၌ ခြင်းချန်ထားခဲ့လေသောကြောင့် ထိုဝါသနာအငွေ့ခေါ်တ်ကြောင့်ပင် တွေ့သမျှသောလူများကို ဝသလ- ဟဲ့သူယုတ်မာဟု ရှိင်း

WWW.DHAMMARANSI.COM



ပြစ္စာ ခေါ်ဝေါ်ပြောဆိုလေသည်။ ဤကဲ့သို့ အရှင်ပိလိန္ဒဝစ္ဆရဟန္တာမထေရ်၏သန္တာန်၌ ဇာတိမာန်ကိလေသာပင်မရှိသော်လည်း ထိုကိလေသာက ဤခန္ဓာအစဉ်ဝယ် ဝသလ=ဟဲ့သူယုတ်မာဟု ရိုင်းပြစ္စာ ခေါ်ဝေါ်ပြောဆိုကြောင်း အထုံအငွေ့ခာတ် သတ္တိထူးတမျိုး ထားရှိခဲ့လေသည်၊ ထိုကဲ့သို့သော ကိလေသာ၏ အထုံအငွေ့ခာတ် သတ္တိထူးမျိုးကို ဝါသနာ ဟူ၍ ခေါ်သည်)။

(ဂ) တနည်း-အ+ရဟ = နှစ်ပုဒ်ကိုပေါင်း၍အရဟံ = ဆိတ်ကွယ်ရာ၌ မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား၊ (တနည်း) မကောင်းမှုကို ပြုလုပ်ရန် ဆိတ်ကွယ်ရာဟူ၍ပင် ရှိတော်မမူသော မြတ်စွာဘုရားဟုဆိုလိုသည်။ ထင်ရှားစေဦးအံ့— လောက၌ ပညာရှိယောင် သူတော်ယောင် ဟန်ဆောင်ကြသော ဗာလသူယုတ်တို့သည် (မိမိတို့ကိုယ်တိုင်က ဗာလသူယုတ်ဖြစ်၍ မကောင်းမှုကို မပြုပဲလည်း မနေနိုင်ကြ,သူတပါးတို့က မိမိတို့ကို တကယ့်ပညာရှိ သူတော်ကောင်းတွေဟုလည်း အထင်ကြီးစေလိုကြသဖြင့်)လူသူတပါး ကဲ့ရဲ့ရှုတ်ချမည်ကို ကြောက်ရွံ့ကြသောကြောင့် ဆိတ်ကွယ်ရာ အခါကာလ, ဒေသကို ရွေးချယ်ကာ မကောင်းမှုကို ပြုကြကုန်၏။ မြတ်စွာဘုရားမှာမူကား ထိုသို့ မဟုတ်ချေ၊ မဟာဗောဓိမဏ္ဍိုင်၌ပင် ထိုမကောင်းမှု ပြုလုပ်ရန် အခြေခံအကြောင်းရင်းဖြစ်သည့် ကိလေသာတို့ကို ဝါသနာနှင့်တကွ ပယ်သတ်တော်မူပြီးဖြစ်သောကြောင့် မကောင်းမှုပြုရန် ဆိတ်ကွယ်ရာဟူ၍ပင် အလျှင်းမရှိ၊ ထိုသို့မရှိသဖြင့် ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုပြုခြင်းလည်း အလျှင်းမရှိ။ သို့ရကား မကောင်းမှု၏အခြေခံအကြောင်းတရားတို့ကို အမြစ်ပြတ်ပယ်သတ်တော်မူပြီးဖြစ်သောကြောင့် "မကောင်းမှုပြုရန် ဆိတ်ကွယ်ရာအရပ်ဟူ၍ပင် အလျှင်းမရှိခြင်း, ထိုသို့မရှိသဖြင့် ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုပြုမှု အလျှင်းမရှိခြင်းများ"သည် ဤ(ဂ)အမှတ်ပါ အရဟံဂုဏ်တော်မည်၍ ဘုရားဒြဗ်တော်မှာ ထိုဂုဏ်တော်ရှင်ဖြစ်လေသည်။

(ဃ) တနည်း—အရ+ဟတမှ(နိရုတ္တိနည်းအားဖြင့်)အရဟဖြစ်လာသည်။ (အရ = သံသရာစက်၏အကန့်တို့ကို+ဟတ = မှုန်းမှုန်းညက်ညက် ရစရာမရှိအောင် ချိုးဖျက်ပြီးသော မြတ်စွာ

WWW.DHAMMARANSI.COM



ဘုရားဟု ဆိုလိုသည်)။ ထင်ရှားစေဦးအံ့ — ကာမဘဝ, ရူပဘဝ, အရူပဘဝ = ဤဘဝသုံးပါးကို ဝဋ်ရထားကြီးဟူ၍ တင်စားခေါ် ဆိုအပ်လေသည်။ ခန္ဓာ, အာယတန, ဓာတ်တရားတို့ မပြတ်ဖြစ် ခြင်းကို သံသရာဟူ၍ ခေါ်ဆိုအပ်သည်၊ ထိုသံသရာကိုပင် ဝဋ် ရထားကြီး၌ တပ်ဆင်၍ထားအပ်သည့် ရထားဘီးကြီးဟူ၍ တင် စား ခေါ်ဆိုအပ်သည်။ (သံသရာစက်ဟူ၍လည်း ခေါ်၏)။ ထို သံသရာစက် = ရထားဘီးမှာ အဝိဇ္ဇာနှင့် ဘဝတဏှာတည်းဟူ သော ပုံတောင်း=အချက်ပါရှိလေသည်၊ (အဝိဇ္ဇာနှင့်ဘဝတဏှာ ကို သံသရာစက် = ရထားဘီးကြီး၏ မူလအခြေတည် ဖြစ်သော ကြောင့် ပုံတောင်း = အချက်ဟူ၍ တင်စား ခေါ်ဆိုအပ်လေ သည်)။ ကာမကုသိုလ်စေတနာ, ရူပကုသိုလ်စေတနာတည်းဟူ သော ပုညာဘိသင်္ခါရကို ကာမဘဝ, ရူပဘဝဝဋ်ရထားဘီးကြီး တို့၌ အသီး အသီး တပ်ဆင်၍ထားအပ်သည့် အကန့်အထောက် ဟူ၍ တင်စားခေါ်ဆိုအပ်လေသည်၊ အကုသိုလ်စေတနာတည်းဟူ သော အပုညာဘိသင်္ခါရကို အပါယ်ဘဝဝဋ်ရထားဘီးကြီး၌ တပ် ဆင်၍ထားအပ်သည့် အကန့်အထောက်ဟူ၍ တင်စားခေါ်ဆိုအပ် လေသည်၊ အရူပကုသိုလ်စေတနာတည်းဟူသော အာနေဉ္ဇာဘိ- သင်္ခါရကို အရူပဘဝဝဋ်ရထားဘီးကြီး၌ တပ်ဆင်၍ထားအပ်သည့် အကန့်အထောက်ဟူ၍ တင်စားခေါ်ဆိုအပ်လေသည်။ ထိုသင်္ခါရ သုံးပါးတို့ကို အရင်းမူလပိုင်းက အဝိဇ္ဇာ ဘဝတဏှာတည်းဟူ သော အချက် = ပုံတောင်း အကြောင်းတရား, အဖျားပိုင်းက ဇရာမရဏတည်းဟူသော အကွပ်အကျိုးတရားတို့နှင့် ဆက်စပ်၍ နေသောကြောင့် သံသရာစက် = ရထားဘီးကြီး၏ အကန့်အ ထောက်အဖြစ်ဖြင့် တင်စားခေါ်ဆိုအပ်လေသည်။ ဇရာ,မရဏတ- ရားနှစ်ပါးတို့ကိုကား ထိုထိုဘဝ၌အဆုံးအစွန်းအနေဖြင့် ထင်ရှား သောကြောင့် သံသရာစက် = ရထားဘီးကြီး၏ အကွပ်အဖြစ်ဖြင့် တင်စားခေါ်ဆိုအပ်လေသည်။ ။ (အချုပ်အားဖြင့် ဤယခုပဋ္ဌမ နည်း၌ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်တို့တွင် အဝိဇ္ဇာနှင့်တဏှာကို ပုံတောင်း = အချက်အဖြစ်ဖြင့်၎င်း, ဇရာနှင့်မရဏကို သံသရာ စက် = ရထားဘီးကြီး၏ အကွပ်အဖြစ်ဖြင့်၎င်း, သင်္ခါရသုံးမျိုးတို့

WWW.DHAMMARANSI.COM



ကို သံသရာစက် = ရထားဘီးကြီး၏ အကန့်အထောက်အဖြစ် ဖြင့်၎င်း, ကျန်သောပဋိစ္စသမုပ္ပါဒ်အင်္ဂါတရားတို့ကိုကား သံသရာ ဝဋ်ရထားလုံး = ရထားကိုယ်ထည်ကြီး အဖြစ်ဖြင့်၎င်း တင်စား ခေါ်ဆိုအပ်လေသည်)။

အာသဝတရား ထင်ရှားဖြစ်ခြင်းကြောင့် အဝိဇ္ဇာတရား ဖြစ် ပွါးရသည်၊ အဝိဇ္ဇာ၏အကြောင်းကား အာသဝတရားတည်း၊ ထို့ကြောင့် ထိုအာသဝတရားကို သံသရာစက် = ရထားဘီးကြီး ၏ အဝိဇ္ဇာ ဘဝတဏှာတည်းဟူသော ပုံတောင်း = အချက်၌ တပ်ဆင်လျှိုထိုး၍ထားအပ်သော ဝင်ရိုးအဖြစ်ဖြင့် တင်စားခေါ် ဆိုအပ်လေသည်။

ဤသို့လျှင် အဝိဇ္ဇာ, ဘဝတဏှာတည်းဟူသော အချက်ပုံ တောင်း, အဘိသင်္ခါရ သုံးပါးတည်းဟူသော အကန့်အထောက်, ဇရာမရဏ တည်းဟူသော အကွပ်ရှိလျက် အာသဝတည်းဟူ သော ဝင်ရိုးဖြင့် လျှိုထိုးပြီးလျှင် ဘဝသုံးပါး ဝဋ်ရထား၌ တပ်ဆင်၍ ထားအပ်သည့် အစမထင် သံသရာတခွင်ကပင် မရပ်မတည် အမြဲလည်ခဲ့သော သံသရာစက် = ဝဋ်ရထားဘီး ကြီး၏ အဘိသင်္ခါရသုံးပါး အကန့်အထောက်များကို (နောက် ထပ် သံသရာစက်ကြီး မလည်နိုင်အောင်)မြတ်စွာဘုရားရှင်သည် မဟာဗောဓိမဏ္ဍိုင်၌ပင် ကာယိက, စေတသိက ဝီရိယနှစ်ထွေ ခြေတော်အစုံတို့ဖြင့် သီလတည်းဟူသော အောင်မြေခုံ၌ အစုံ ရပ်တည်တော်မူကာ သဒ္ဓါတရားတည်းဟူသော လက်ဖြင့် ကမ္မ- က္ခယကုသိုလ်ခေါ်သည့် မဂ်ဉာဏ်ပုဆိန်ကို မြဲမြဲစွာ စွဲကိုင်တော် မူလျက် တခုမကျန် မှုန့်မှုန့်ညက်ညက် ဖြိုဖျက်ဖြတ်တောက်တော် မူအပ်လေသည်။

ထို့ကြောင့် မဂ်ဉာဏ်လေးချက်တည်းဟူသော ပုဆိန်ဖြင့် သံသ- ရာစက် = ဝဋ်ရထားဘီးကြီး၏ အကန့်အထောက် ဖြစ်သည့် အဘိသင်္ခါရသုံးမျိုးတို့ကို ပယ်ချိုးဖြတ်တောက်ခြင်းသည် ဤယခု (ဿ)အမှတ်ပြ အရဟံဂုဏ်တော်မည်၍ ဘုရားဒြဗ်တော်မှာ ထို ဂုဏ်တော်နှင့်ရှင်ဖြစ်လေသည်။

WWW.DHAMMARANSI.COM



တနည်း—အစမထင်သော သံသရာဝဋ်ကို သံသရာစက်ဟု ခေါ်ဆိုအပ်လေသည်။ ထိုသံသရာစက်ဟူသည်မှာလည်း ပရမတ္ထသဘာဝဓမ္မစစ်စစ်ကို ဉာဏ်မြင့်စေ့စပ်စွာ ကြည့်ရှုလျှင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂-ရပ်တို့ပင် ဖြစ်လေသည်။

အဝိဇ္ဇာသည် မူလအခြေတည်ဖြစ်သောကြောင့် ထိုသံသရာစက်ကြီး၏ အချက် = ပုံတောင်းဖြစ်လေသည်။ ဇရာ,မရဏနှစ်ပါးသည် ဘဝတရပ်၏ အဆုံးသတ်ဖြစ်သောကြောင့် ထိုသံသရာစက်ကြီး၏ အကွပ်ဖြစ်လေသည်။ ကျန်သောအင်္ဂါ ၁၀-ပါးတို့သည် အဝိဇ္ဇာလျှင် မူလအခြေတည်ရှိသောကြောင့်၎င်း, ဇရာမရဏလျှင် အဆုံးသတ်ရှိသောကြောင့်၎င်း ထိုသံသရာစက်ကြီး၏ အကန့်အထောက်များ ဖြစ်ကြလေသည်။ မြတ်စွာဘုရားရှင်သည် မဂ်ဉာဏ်လေးချက် ဓားလက်နက်ဖြင့် ထိုသံသရာစက်၏ အကန့်များကို အကြွင်းမဲ့ ပယ်သတ်ဖျက်ဆီးတော်မူပြီး ဖြစ်လေသည်။ သို့ရကား မဂ်ဉာဏ်လေးချက် ဓားလက်နက်ဖြင့် သံသရာစက်၏ အကန့် ဆယ်တန့်သောတရားတို့ကို ပယ်ရှား ဖြတ်တောက်ခြင်းသည် ဤ(ဃ)အမှတ်ပါ အရဟံဂုဏ်တော်ဖြစ်၍ ဘုရားဒြဗ်တော်မှာ ဂုဏ်တော်၍ရှင်ဖြစ်လေသည်။ ။(ဤနောက်နည်းကိုပင် ရှေးဂုဏ်တော်အနက်၌ ဖော်ပြအပ်ခဲ့သည်)။

(င) တနည်း—အရဟ = လူနတ်မြဟ္မာသတ္တဝါတို့၏ပူဇာ-ဝိသေသနှင့်တကွ လေးဝသောပစ္စည်းတို့ကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား-ဟု ဆိုလိုသည်။ မှန်၏—မြတ်စွာဘုရားသည် လောက၌ အမြတ်ဆုံးသော အလှူခံပုဂ္ဂိုလ်ဖြစ်တော်မူသောကြောင့် လူနတ်မြဟ္မာတို့၏ ပူဇာဝိသေသ လေးဝသောပစ္စည်းတို့ကို ခံယူတော်မူထိုက်လေသည်။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူလာလျှင် တန်ခိုးကြီးသော နတ်လူတို့သည် အခြားတပါး၌ ပူဇော်မှု မပြုကြတော့ပဲ မြတ်စွာဘုရား၌သာ ပူဇော်မှု ပြုကြလေသည်။

ပြုကြပုံအမြွက်မှာ သဟမ္ပတိမြဟ္မာကြီးသည် မြင်းမိုရ်တောင်မျှရှိသော ရတနာပန်းဆိုင်းဖြင့် မြတ်စွာဘုရားရှင်ကို ပူဇော်လေ

WWW.DHAMMARANSI.COM



သည်၊ ထိုမှတပါး အခြားသော နတ်လူများ ဗြဟ္မာသာရမင်း, ကောသလမင်းအစရှိသော ပုဂ္ဂိုလ်များသည်လည်း မိမိတို့စွမ်းအားရှိသမျှ မြတ်စွာဘုရားကို ပူဇော်ကြလေသည်။ ဤတွင်မျှမကသေး မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်မှာလည်း အသောကမင်းတရားသည် မြတ်စွာဘုရားကို ရည်စူး၍ ကိုးဆယ့်ခြောက်ကုဋေသောဥစ္စာကို စွန့်လွှတ်ကာ ဇမ္ဗူဒိပ်တကျွန်းလုံး၌ ကျောင်းတိုက်ကြီးပေါင်း ရှစ်သောင်းလေးထောင်-စသည် တည်ထားကော်ရော် ပူဇော်လှူဒါန်းလေသည်။

သို့ရကား လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သည့် အတုမရှိသော သီလဂုဏ်, သမာဓိဂုဏ်,ပညာဂုဏ်,ဝိမုတ္တိဂုဏ်,ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတို့မှ ဤ(၁) အမှတ်ပြ အရဟံဂုဏ်တော်ဖြစ်၍ ဘုရားဒြပ်တော်မှာ ဂုဏ်တော် ရှင်ဖြစ်လေသည်။ ။(ဤအရဟံဂုဏ်တော် ၅-ချက်နှင့် ရှေးဖော်ပြရာပါအနက်ကို ဆက်စပ်တဖန် သုံးသပ်ဖတ်ရှုပါဦး)။

အရဟံဂုဏ်တော် ပြီး၏။

## (၂) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်

သမ္မာ = မဖောက်မပြန် အမှန်အတိုင်း+သံ = ဆရာမကူ = သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်+ဗုဒ္ဓ = ခပ်သိမ်းသော ဉေယျတရားတို့ကို သိတော်မူသော မြတ်စွာဘုရားဟု ဆိုလိုသည်။ ထင်ရှားစေဦးအံ့–မည်သည့်ဆရာ တဦးတယောက်ကမျှ ဟောပြသွန်ကြား၍မဟုတ်ပဲ မိမိအလိုလို ကိုယ်တိုင်ထိုးထွင်း၍ သစ္စာဉေယျတရားတို့ကို သိသောဉာဏ်ကို သယမ္ဘူဉာဏ်ဟူ၍ခေါ်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့မှာ သယမ္ဘူဉာဏ်ဖြင့်ပင် ဆရာမကူပဲ မိမိတို့ အလိုလို သစ္စာတရားတို့ကို ထိုးထွင်း၍ သိမြင်တော်မူကြသည့်အတွက် သမ္ဗုဒ္ဓဟူသောဂုဏ်ထူးကို ရရှိတော်မူကြသော်လည်း မိမိတို့သိပြီးသော သစ္စာတရားကို ဝေါဟာရ ပညတ်တင်ကာ သူတပါးတို့အား မဟောပြနိုင်သောကြောင့် သမ္မာသမ္ဗုဒ္ဓဟူသောဂုဏ်ထူးကိုကား ရတော်မမူကြချေ။ အရိယာ သာဝကတို့မှာလည်း

WWW.DHAMMARANSI.COM



ဟောပြမည့်သူ ဆရာအထောက်အကူရမှ သစ္စာတရားတို့ကို ထိုးထွင်းသိမြင်တော်မူကြကာ သူတပါးတို့အားလည်း ဆရာဘုရားဟောကြားသည့်နည်းအတိုင်း သစ္စာတရားတို့ကို ဟောပြနိုင်ကြသည့်အတွက် သမ္မာဗုဒ္ဓဟူသော ဂုဏ်ထူးကို ရရှိကြ၍ သယမ္ဘူဉာဏ်ဖြင့် သစ္စာတရားတို့ကို သိကြသည် မဟုတ်သောကြောင့် သမ္ဗုဒ္ဓ-ဟူသော ဂုဏ်ထူးကိုကား ရရှိတော်မမူကြချေ။ မြတ်စွာဘုရားရှင်တို့မှာကား ကိုယ်တိုင်ကလည်း သယမ္ဘူဉာဏ်ဖြင့် သစ္စာဉေယျ တရားတို့ကို သိမြင်တော်မူကြသောကြောင့် သမ္ဗုဒ္ဓဟူသော ဂုဏ်ထူး, တပည့်သာဝကတို့အားလည်း အာသယဓာတ်နှင့်လျော်စွာ ဝေါဟာရပညတ်တင်၍ ဟောပြတော်မူနိုင်ကြသောကြောင့် သမ္မာဗုဒ္ဓဟူသော ဂုဏ်ထူး = ၍ဂုဏ်ထူးနှစ်ရပ်တို့ကို ပေါင်းစပ်ကာ"သမ္မာသမ္ဗုဒ္ဓ" ဟူသော ဂုဏ်တော်ကြီးကို ရရှိတော်မူကြလေသည်။

သို့ရကား ခပ်သိမ်းသော သစ္စာဉေယျတရားတို့ကို မဖောက်မပြန် အမှန်အတိုင်း ဆရာမကူပဲ သိမြင်နိုင်သည့် သဗ္ဗညုတဉာဏ်အထွတ်တပ်သော မြတ်စွာဘုရား၏ မဂ်ဉာဏ်တော်လေးရပ်တို့သည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်မည်၍ ဘုရားဖြစ်တော်မှာ ဂုဏ်တော်ရှင် ဖြစ်လေသည်။ (ဂုဏ်တော်အနက်ကို ပြန်၍သုံးသပ်ရွတ်ဖတ်လေပါဦး)။

သမ္မာသမ္ဗုဒ္ဓဂုဏ်တော် ပြီး၏။

## (၃) ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်

ဝိဇ္ဇာသုံးပါး (တနည်း) ဝိဇ္ဇာရှစ်ပါး, စရဏတရား တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား-ဟု ဆိုလိုသည်။

ဝိဇ္ဇာသုံးပါးကို ဘယဘေရဝသုတ် (မ ၁၊ ၂၆-မျက်နှာ)၌ ဟောတော်မူသည်၊ ဝိဇ္ဇာရှစ်ပါးကို အမ္ဗဋ္ဌသုတ် (ဒီ ၁၊၉၄-မျက်နှာ) ၌ ဟောတော်မူသည်။ ထိုသို့ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး နှစ်နည်းအားဖြင့် ဟောကြားတော်မူခြင်းမှာ တရားနာပုဂ္ဂိုလ်တို့၏

WWW.DHAMMARANSI.COM



အလိုအဇ္ဈာသယနှင့် လိုက်လျောညီညွတ်စွာ ဟောကြားတော်မူခြင်းဖြစ်လေသည်။

"ပု, ဒိ, အာ, ဝိ၊ မ, ဣဒ်, ဒိဗ်, စေ၊ မှတ်လေသုံး, ရှစ်-ဝိဇ္ဇာဖြစ်" ဟူသောလင်္ကာ (ဆောင်ပုဒ်) အတိုင်း ၁-ပုဗ္ဗေနိဝါသဉာဏ်၊ ၂-ဒိဗ္ဗစက္ခုဉာဏ်၊ ၃-အာသဝက္ခယဉာဏ်၊ ၄-ဝိပဿနာဉာဏ်၊ ၅-မနောမယိဒ္ဓိဉာဏ်၊ ၆-ဣဒ္ဓိဝိဓဉာဏ်၊ ၇-ဒိဗ္ဗသောတဉာဏ်၊ ၈-စေတောပရိယဉာဏ် = ဤကား ဝိဇ္ဇာရှစ်ပါးတို့တည်း။ ထိုရှစ်ပါးတို့တွင် ( ပု, ဒိ, အာ )ရှေ့သုံးပါးကို ဝိဇ္ဇာသုံးပါးဟူ၍ ခေါ်၏။

၁-ပုဗ္ဗေနိဝါသဉာဏ်=ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့သိမြင်သောဉာဏ်။ ဤဉာဏ်တော်ဖြင့် မြတ်စွာဘုရားသည် ကိုယ်တော်မြတ်နှင့်တကွ သတ္တဝါတို့၏ အတိတ် ဖြစ်ရပ်များကို လင်းလင်းသိမြင်တော်မူကာ ဟောကြားတော်မူလေသည်။

၂-ဒိဗ္ဗစက္ခုဉာဏ် = နတ်မျက်စိကဲ့သို့ အဝေးအရပ်၌ တည်ရှိသောအဆင်း တစုံတရာဖြင့် ဖုံးကွယ်ထားသောအဆင်း သိမ်မွေ့နူးညံ့သောအဆင်းတို့ကို လင်းလင်းသိမြင်သောဉာဏ်။

၃-အာသဝက္ခယဉာဏ်=အာသဝေါတရား လေးပါးတို့ အကြွင်းမဲ့ကုန်ရာ ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်အရဟတ္တဖိုလ်ဉာဏ်။

၄-ဝိပဿနာဉာဏ် = ရုပ်နာမ်မွေ့ သင်္ခါရတို့၏ အနိစ္စသဘော ဒုက္ခသဘော အနတ္တသဘောတို့ကို ပေါ်လောထင်ထင် သိမြင်သော ဉာဏ်။

၅-မနောမယိဒ္ဓိဉာဏ် = ခန္ဓာကိုယ်အတွင်း ဈာန်စိတ်ကြောင့်ဖြစ်သည့် အခြားသော မနောမယရုပ်ကိုယ်ကို ဖြစ်စေနိုင်သောဉာဏ်။

၆-ဣဒ္ဓိဝိဓဉာဏ် = အရာအထောင်စသည် ဣဒ္ဓိရုပ် အမျိုးမျိုးကို ဖန်ဆင်းနိုင်သောဉာဏ်။

၇-ဒိဗ္ဗသောတဉာဏ် = နတ်တို့၏ နားကဲ့သို့ အဝေးအရပ်၌ တည်ရှိသောအသံ တစုံတရာခြားကွယ်နေသောအသံ သိမ်မွေ့နူးညံ့

WWW.DHAMMARANSI.COM



သော အသံအမျိုးမျိုးတို့ကို ပကတိနားဖြင့် ကြားသကဲ့သို့ပင် ကြားသိနိုင်သောဉာဏ်။

၈-**စေတောပရိယဉာဏ်** = သူတပါးတို့၏ စိတ်ဖြစ်ဟန်ကို တဆယ့်ခြောက်ပါးသော အခြင်းအရာဖြင့် သိရှိသောဉာဏ်။

ဤဝိဇ္ဇာရှစ်ပါးတို့တွင် ၄-အမှတ်ပြ ဝိပဿနာဉာဏ်ကား ကာမာဝစရဉာဏ်တည်း။ ၃-အမှတ်ပြ အာသဝက္ခယဉာဏ်ကား လောကုတ္တရာဉာဏ်တည်း။ ကြွင်းသောခြောက်ပါးတို့ကား ရူပါဝစရကြိယာ အဘိညာဉ်ဉာဏ်တို့တည်း။

**"သီ, ဣန်, ဘော, ဇာ၊ သတ်, စတ္တာ၊ မှတ်ပါစရဏ"** ဟူသော လင်္ကာ (ဆောင်ပုဒ်) အတိုင်း ၁-သီလသံဝရ၊ ၂-ဣန္ဒြိယေသု ဂုတ္တဒွါရတာ၊ ၃-ဘောဇနေ မတ္တညုတာ၊ ၄-ဇာဂရိယာနုယောဂ၊ ၅-၁၁-သူတော်ကောင်းတရားခုနစ်ပါး၊ ၁၂-၁၅ ရူပါဝစရကြိယာဈာန်လေးပါး = ဤကား စရဏတဆယ့်ငါးပါးတို့တည်း။

၁-**သီလသံဝရ** = ပါတိမောက္ခသံဝရသီလကို လုံခြုံစွာ စောင့်ထိန်းခြင်း။

၂-**ဣန္ဒြိယေသုဂုတ္တဒွါရတာ**=မျက်စိ,နား,နှာ, လျှာ, ကိုယ်, စိတ်-ဟူသော ဣန္ဒြေခြောက်ပါးတို့၌ အကုသိုလ်တရားတို့ မဝင်ရောက် မဖြစ်ပွါးနိုင်အောင် သတိတည်းဟူသော တံခါးမိုလ် တံခါးမှူးကို ခန့်ထား၍ လုံခြုံအောင်စောင့်ထိန်းခြင်း။

၃-**ဘောဇနေ မတ္တညုတာ** = ဆွမ်းကို ခံယူရာ သုံးဆောင်ရာတို့၌ အတိုင်းအရှည်ကို သိခြင်း။ ဒါယကာ၏ သဒ္ဓါတရားက အားကြီး၍ လှူဖွယ်ဝတ္ထုအင်အားက နည်းနေလျှင် ထိုလှူဖွယ်ဝတ္ထုအင်အားကိုငဲ့၍ အနည်းငယ်ကိုသာ ခံယူခြင်း, လှူဖွယ်ဝတ္ထုကပင် အားကြီးသော်လည်း ဒါယကာ၏ သဒ္ဓါတရားက အားနည်းနေလျှင် ထိုသဒ္ဓါတရား အင်အားကိုငဲ့၍ အနည်းငယ်ကိုသာ ခံယူခြင်း, ဒါယကာ၏ သဒ္ဓါတရားကလည်း အားကြီး လှူဖွယ်ဝတ္ထုကလည်း အားကြီးနေလျှင် မိမိပမာဏကို နှိုင်းချိန်၍ မှတရုံမျှ

WWW.DHAMMARANSI.COM



ခံယူခြင်းများကို ခံယူရာ၌ အတိုင်းအရှည်ကို သိခြင်းဟူ၍ ခေါ်၏။ စားသုံးသောအခါ လေးလုပ်ငါးလုပ် လျှော့၍ စားသုံးခြင်း ပစ္စဝေက္ခဏာတင် ဆင်ခြင်၍ စားသုံးခြင်းများကို သုံးဆောင်ရာ၌ အတိုင်းအရှည်ကို သိခြင်းဟူ၍ ခေါ်၏။

၄-ဇာဂရိယာနုယောဂ = နိုးချပ်မှုနှင့်ယှဉ်ခြင်း (= နိုးချပ်မှုကို အဖန်ဖန်အားထုတ်ခြင်း)။ မအိပ်ပဲနေရုံမျှကို နိုးချပ်မှုဟု မဆိုရ။ တနေ့လုံးနှင့် ညဉ့်အဖို့ရာ ယံသုံးပါးရှိရာဝယ် ပဌမယံနှင့် ပစ္ဆိမယံ ၌အချိန်များ၌ ထိုင်လျက် စင်္ကြံသွားလျက် ရဟန်းတရား ပွါးများ အားထုတ်ကာ မိမိ၏စိတ်ကို နီဝရဏ အကုသိုလ် တရားတို့မှ စင်ကြယ်အောင်အားထုတ်ခြင်းကို နိုးချပ်မှုနှင့်ယှဉ်ခြင်းဟူ၍ ခေါ်၏။ (တနေ့အဖို့ရာ ၂၄-နာရီရှိရာဝယ် ညဉ့် ၁၀-နာရီမှ သန်းခေါင်ကျော် ၂-နာရီတိုင်ရုံသာ ခန္ဓာကိုယ်အပန်းအနွမ်းပြေအောင် အိပ်စက်၍ ကျန်သော နာရီ ၂၀-တို့ပတ်လုံး ရဟန်းတရား ပွါးများ အားထုတ်ခြင်းဟု ဆိုလိုသည်)။

၅-၁၁-သူတော်ကောင်းတရား ခုနစ်ပါးတို့ဟူသည်မှာ သဒ္ဓါ, သတိ, ဟိရီ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ပညာ = ၌တရားခုနစ်ပါးတို့တည်း။ (သဲ, သ, ဟိ, ဩ၊ စ္စ, ဝိ, ပေါ၊ မှတ်လော ခုနစ်ဖြာ)။

၁၂-၁၅-(စတ္တာ) ရူပါဝစရဈာန် လေးပါးတို့ ဟူသည်မှာ စတုက္ကနည်း ရူပါဝစရဈာန်လေးပါးတို့တည်း။

(ဤ၌။ ။သီလသံဝရ အစရှိသော တဆယ့်ငါးပါးသော တရားတို့ဖြင့် အရိယသာဝက=မြတ်စွာဘုရား၏ တပည့်သာဝကသည် ရှေးက တခေါက်မျှမရောက်ဘူးသော အမြိုက်နိဗ္ဗာန်အရပ်သို့ ဖြောင့်မတ်စွာ ကေန် သွားရောက်နိုင်လေသည်၊ ထို့ကြောင့် ထိုတရား တဆယ့်ငါးပါးတို့ကို စရဏတရား တဆယ့်ငါးပါးတို့ဟူ၍ ခေါ်သိုရလေသည်။

ဝိဇ္ဇာတရားတို့သည် မျက်စိနှင့် တူကုန်၏၊ စရဏတရားတို့သည် ခြေနှင့်တူကုန်၏။ မျက်စိသာရှိ၍ ခြေမရှိလျှင်ငှင်း, ခြေသာရှိ၍ မျက်စိမရှိလျှင်ငှင်း အလိုရှိရာအရပ်သို့ မရောက်နိုင်သကဲ့သို့ ဝိဇ္ဇာတည်းဟူသော မျက်စိသာရှိ၍ စရဏတရားတည်းဟူသော ခြေမရှိလျှင်ငှင်း, စရဏတရားတည်းဟူသော ခြေသာရှိ၍ ဝိဇ္ဇာတရားတည်းဟူသော မျက်စိမရှိလျှင်

WWW.DHAMMARANSI.COM



ရှင်း အလိုရှိရာ နိဗ္ဗာန်အရပ်သို့မရောက်နိုင်ချေ၊ ထို့ကြောင့် အသိဉာဏ် ဝိဇ္ဇာမျက်စိ ကိုယ်ကျင့် စရဏတရားတည်းဟူသောခြေ နှစ်ပါးစုံအောင် ကျင့်ဆောင်ကြိုးကုတ် အားထုတ်ရာ၏။

ဤ၌– “ဝိဇ္ဇာတရား စရဏတရားတို့နှင့် ပြည့်စုံမှုကို တပည့်သာဝက တို့၌လည်း ရအပ်ပါလျက် အဘယ့်ကြောင့် မြတ်စွာဘုရားကိုသာ ဝိဇ္ဇာ-စရဏသမ္ပန္န-ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါသနည်း” ဟု မေးဖွယ် ရှိ၏။ အဖြေကား – ဤဝိဇ္ဇာတရား စရဏတရားတို့နှင့် ပြည့်စုံမှုကို တပည့် သာဝကတို့၌လည်း ရအပ်ပါ၏၊ သို့သော်လည်း မြတ်စွာဘုရား၏ ဝိဇ္ဇာတရားနှင့် ပြည့်စုံမှု စရဏတရားနှင့် ပြည့်စုံမှုသည် ပြဆိုလတ့ံသော ဂုဏ်ကျေးဇူးအထူးကို ရွက်ဆောင်နိုင်၍ တပည့်သာဝကတို့၏ ဝိဇ္ဇာတရား နှင့်ပြည့်စုံမှု စရဏတရားနှင့် ပြည့်စုံမှုမှာ ထိုသို့ မရွက်ဆောင်နိုင်သော ကြောင့် မြတ်စွာဘုရားကိုသာ ဝိဇ္ဇာစရဏသမ္ပန္န-ဟူသော ဂုဏ်ထူးဖြင့် ချီးကျူးအပ်ပါ၏ဟူလို။

ထိုဝိဇ္ဇာဉာဏ်နှင့်ပြည့်စုံခြင်း=ဝိဇ္ဇာသမ္ပဒါ, စရဏတရားနှင့် ပြည့်စုံ ခြင်း=စရဏသမ္ပဒါနှစ်ပါးတို့တွင် မြတ်စွာဘုရား၏ ဝိဇ္ဇာသမ္ပဒါသည် သဗ္ဗညုတဉာဏ်ကို ပြည့်စေ၍ တည်၏(=ဝိဇ္ဇာသမ္ပဒါကြောင့် သဗ္ဗညုတ ဉာဏ်ဖြစ်ပေါ်ရသည်ဟူလို)။ စရဏသမ္ပဒါသည် ကြီးမြတ်သောကရုဏာ ရှင်၏အဖြစ်ကို ပြည့်စေ၍ တည်၏ (=စရဏသမ္ပဒါကြောင့် မဟာ-ကရုဏာတရား ဖြစ်ပွါးပေါ်ပေါက်သည်ဟု ဆိုလို၏)။ ထိုသို့ ဝိဇ္ဇာသမ္ပဒါ ကြောင့် သဗ္ဗညုတဉာဏ်ရှင်, စရဏသမ္ပဒါကြောင့် မဟာကရုဏာတော် ရှင်ဖြစ်သောကြောင့်ပင် မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်ဖြင့် ခပ် သိမ်းသော သတ္တဝါတို့၏ အကျိုးရှိသောအမှု မရှိသောအမှုကို သိတော် မူပြီးလျှင် မဟာကရုဏာဖြင့် အကျိုးမရှိမည့်အမှုကို ရှောင်ကြဉ်စေ၍ အကျိုးရှိမည့်အမှု၌ ယှဉ်စေတော်မူလေသည်။ ထိုသို့ မြတ်စွာဘုရားရှင် ကိုယ်နှိုက်က ဝိဇ္ဇာသမ္ပဒါ စရဏသမ္ပဒါဂုဏ်ရှင် ဖြစ်တော်မူသောကြောင့် ကိုယ်တော်မြတ် တည်ထား ဟောကြားအပ်သော သာသနာတော်သည် သံသရာဝဋ်မှ ကောင်းစွာ ကျွတ်လွတ်ထွက်မြောက်စေတတ်သည့်=နိယျာ-နိကသာသနာတော်ဖြစ်ရသည့်ပြင် ကိုယ်တော်မြတ်၏ တပည့်သာဝက များတို့ ကျင့်အပ်သော အကျင့်ပဋိပတ်သည်လည်း ဖြောင့်မတ် မှန်ကန်သော သမ္မာပဋိပတ် ဖြစ်ရလေသည်)။

ထို့ကြောင့် ဖော်ပြရာပါ ဝိဇ္ဇာသမ္ပဒါ, စရဏသမ္ပဒါတရား အစုသည် ဝိဇ္ဇာစရဏသမ္ပဒါဂုဏ်တော်မည်၍ ဘုရားဒြပ်တော်မှာ

WWW.DHAMMARANSI.COM



ထိုဂုဏ်တော်နှင့် ဝိဇ္ဇာစရဏသမ္ပန္နပုဂ္ဂိုလ်မြတ်ကြီး ဖြစ်လေသည်။ (ဂုဏ်တော်အနက်ကို ပြန်၍သုံးသပ် ရွတ်ဖတ်လေပါဦး)။

ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော် ပြီး၏။

## (၄) သုဂတဂုဏ်တော်

ဤသုဂတဂုဏ်တော်အတွက် အဋ္ဌကထာ၌ လေးချက်ဖွင့်ပြသည်၊ ၎င်းတို့မှာ—(၁) သု = တင့်တယ်သော+ဂတ = သွားခြင်းဖြင့် သွားတော်မူသော မြတ်စွာဘုရား။ ဤ၌ အရိယမဂ်ကို မြတ်စွာဘုရား၏ သွားခြင်းဟူ၍ ခေါ်ဆိုသည်၊ ထိုအရိယမဂ်သည် အပြစ်မရှိ စင်ကြယ်သောကြောင့် တင့်တယ်သည်၊ သို့ရကား မြတ်စွာဘုရားရှင်သည် အပြစ်မရှိစင်ကြယ်တင့်တယ်သော အရိယမဂ်တည်းဟူသော ဉာဏ်အသွားဖြင့် ဘေးကင်းရာနိဗ္ဗာန်အရပ်သို့ မငြိမကပ် သွားရောက်တော်မူတတ်သောကြောင့် သုဂတမည်တော်မူ၏။ (ဤအလို အရိယမဂ်ကား ဂုဏ်တော်ဖြစ်၍ ဘုရားဒြပ်တော်ကား ဂုဏ်တော်နှင့် ဖြစ်လေသည်)။

(၂) သု = ကောင်းသော နိဗ္ဗာန်အရပ်သို့+ဂတ = ဉာဏ်တော်အသွားဖြင့် ကြွသွားတော်မူသော မြတ်စွာဘုရား။ နိဗ္ဗာန်တရားတော်မှာ ဒုက္ခသင်္ခါရမျိုး တစိုးတစိမရှိရကား ဧကန်စင်စစ် သုခသာလျှင်ဖြစ်သောကြောင့် ထိုနိဗ္ဗာန်သည် ဧကန်အကောင်းဆုံး ဌာနဖြစ်လေသည်၊ ထိုအကောင်းဆုံးဖြစ်သော နိဗ္ဗာန်အရပ်သို့ မဂ်ဉာဏ်လေးပါးဖြင့် တထိုင်တည်း သွားရောက်တော်မူသောကြောင့် မြတ်စွာဘုရားသည် သုဂတမည်တော်မူလေသည်။ (ဤအလိုလည်း မဂ်ဉာဏ်လေးပါးတို့မှာ ဂုဏ်တော်ဖြစ်၍ ဘုရားဒြပ်တော်မှာ ဂုဏ်တော်နှင့် ဖြစ်လေသည်)။ ဤနှစ်နည်းလုံးမှာပင် အရိယမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် အာရုံပြုခြင်းကိုပင် နိဗ္ဗာန်သို့သွားရောက်ခြင်းဟု ဆိုသည်၊ ဤအရာမျိုးကို ဉာဏဂတိ = ဉာဏ်ဖြင့်သွားခြင်းမျိုးဟုခေါ်၍ ခန္ဓာကိုယ်အထည်ဒြပ်ကြီး ရွာသို့ မြို့သို့ တောသို့ ထိုထိုအရပ်ဒေသတို့သို့ ရောက်၍ သွားခြင်းမျိုးကို ကာယဂတိ=ကိုယ်ဖြင့်သွားခြင်းမျိုးဟု ခေါ်၏။

WWW.DHAMMARANSI.COM



(၃) သု-သမ္မာ=ကောင်းစွာ+ဂတ=နိဗ္ဗာန်သို့ မဂ်ဉာဏ်ဖြင့် သွားတော်မူတတ်သော မြတ်စွာဘုရား။ ဤနည်း၌ ကောင်းစွာ သွားခြင်းဟူသည် ဆန့်ကျင်ဖက်ဖြစ်သော ကိလေသာတရားတို့ဖြင့် အလွှမ်းမိုးမခံရဘဲ သွားခြင်းကို ဆိုသည်။ ထိုထိုမဂ်လေးပါးတို့ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ကိုယ်တော်မြတ်သန္တာန်သို့ တဖန်ပြန်၍ မလာစေဘဲ နိဗ္ဗာန်သို့ သွားတော်မူတတ်သော မြတ်စွာဘုရားဟု ဆိုလိုသည်။

ဤဆိုအပ်ပြီး သုံးနည်းလုံးမှာပင် ပရမတ္ထ သဘာဝစစ်စစ်ကို ကြည့်ရှုလျှင် မဂ်လေးပါးဖြင့် နိဗ္ဗာန်ကို အာရုံပြုခြင်း=နိဗ္ဗာန်သို့ သွားရောက်ခြင်းဟူသော လိုရင်းအနက် တချက်တည်းပင် ထွက်ရှိလေသည်၊ ထို့ကြောင့် ဂုဏ်တော်အနက်၌ "မဟာဇေယျခုံပြည်နိဗ္ဗာန်ရွှေဘုံသို့ လေးစုံသောမဂ်ဉာဏ်ဖြင့် တရံတခေါက် မပြန်ရောက်ဘဲ တလျှောက်တည်း ကြွသွားတော်မူသောအကြောင်းကြောင့်ရင်း"ဟု (၊)အမှတ်ပြ ပဌမနည်း ပြန်ဆိုလေသည်။

(၄) သု-သမ္မာ=ကောင်းစွာ+ဂဒ=သင့်လျော်ပတ်သောဌာန၌ သင့်လျော်ပတ်သော စကားကို မြွက်ကြားမိန့်ဆိုတော်မူသော မြတ်စွာဘုရား။ (ဤနည်း၌ သုဂဒ-ဟု ဆိုလိုလျက် ဒ-အက္ခရာကို တ-အက္ခရာပြု၍ သုဂတ-ဟု ဆိုလေသည်)။

"စကားခြောက်ခွန်း၊ လူဝယ်ထွန်း၊ လေးခွန်းကိုပယ်--နှစ်ခွန်းတယ်"ဟူသောအတိုင်း--

၁-မှန်လည်းမမှန် အကျိုးလည်းမရှိ သူတပါးလည်း မချစ်အပ်သော စကား(=သီလဝန္တပုဂ္ဂိုလ်ကို "ဒုဿီလပုဂ္ဂိုလ်"ဟု ပြောအပ်သော စကားမျိုး)၊ ထိုစကားမျိုးကို မြတ်စွာဘုရား မိန့်ကြားတော်မမူ။

၂-မှန်ပင်မှန်သော်လည်း အကျိုးမရှိဘဲ သူတပါးလည်း မချစ်အပ်သောစကား (=ဒုဿီလပုဂ္ဂိုလ်ကို ဆုံးမလို၍

WWW.DHAMMARANSI.COM



မဟုတ်ပဲ နှလုံးနာ၍ "ဒုဿီလပုဂ္ဂိုလ်"ဟု ပြောအပ်သော စကားမျိုး)၊ထိုစကားမျိုးကိုလည်း မြတ်စွာဘုရား မိန့်ကြား တော်မမူ။

၃-မှန်လည်းမှန်၍ အကျိုးရှိပြီးလျှင် အပြောခံရသူ သူတပါးမှုကား မချစ်အပ်သောစကား(=အပါယ်ငရဲသို့ ကျရောက်မည့် ဒေဝဒတ်ကို မဟာကရုဏာတော်ဖြင့် "အပါယ်ငရဲသို့ ကျရောက်မည့် ဒေဝဒတ်"ဟု ပြောအပ် သောစကားမျိုး)၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ ပြောသင့်က မိန့်ကြား ပြောဆိုတော်မူ၏။

၄-မှန်လည်းမမှန် အကျိုးလည်းမရှိပဲလျက် သူတပါး တို့ ချစ်နှစ်သက်အပ်သောစကား (=ဗေဒင်ကျမ်းလာ အစီအမံအတိုင်း ပါဏာတိပါတ-စသည်အမှု ပြုလုပ် ခြင်းသည် နတ်ရွာသုဂတိသို့ ပို့ဆောင်နိုင်၏-ဤသို့စသည် ပြောဆိုအပ်သော စကားမျိုး)၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရား မိန့်ကြားတော်မမူ။

၅-မှန်ပင်မှန်သော်လည်း အကျိုးမရှိပဲ သူတပါးတို့ ချစ်နှစ်သက်အပ်သောစကား(=မှန်ကန်၍ တဦးနှင့်တဦး အချစ်ဆိတ်သုဉ်း အမုန်းပွါးမည့် ဂုံးတိုက်စကားမျိုး)၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရား မိန့်ကြားတော်မမူ။

၆-မှန်လည်းမှန် အကျိုးလည်းရှိ၍ သူတပါးတို့လည်း ချစ်နှစ်သက်အပ်သောစကား(=သင့်လျော်ကပ်သော နေရာဌာန၌ ဟောကြားအပ်သော ဒါန, သီလ-စသည် တို့နှင့်စပ်သော တရားစကားမျိုး)၊ ထိုစကားမျိုးကို မြတ်စွာဘုရားသည် အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ မိန့်ကြား ပြောဟောတော်မူ၏။

ဤကဲ့သို့ လောကဝယ် စကားခြောက်မျိုးရှိသည့်အနက် မြတ်စွာ ဘုရားရှင်သည် ၃-အမှတ်ပြ မှန်လည်းမှန်၍ အကျိုးရှိပြီးလျှင်

WWW.DHAMMARANSI.COM



အပြောခံရသူ သူတပါးမှုကား မချစ်အပ်သောစကားနှင့် ၆-အမှတ်ပြ မှန်လည်းမှန် အကျိုးလည်းရှိ၍ သူတပါးတို့လည်း ချစ်နှစ်သက်အပ်သောစကား ဤစကားနှစ်မျိုးကိုသာ မိန့်ကြားတော်မူလေသည်။ ယင်းသို့ မိန့်ကြားတော်မူအပ်သော စကားနှစ်မျိုးမှာလည်း ၃-အမှတ်ပြ မှန်၍ အကျိုးရှိပြီးလျှင် အပြောခံရသူသာ မချစ်နှစ်သက်အပ်သောစကားပင် ဖြစ်လင့်ကစား အခြားသူများ နားဥကြားလျှင်ကား လောက၏ စီးပွါးချမ်းသာကို ရွက်ဆောင်နိုင်သောကြောင့် ကောင်းစွာအပြစ်မရှိ ပြောဆိုမိန့်ကြားအပ်သည်သာ မည်လေသည်။

သို့ရကား ဤနည်းအရ မှန်၍ အကျိုးရှိပြီးလျှင်(သူတဖက်သားအပြောခံရသူများ) ချစ်နှစ်သက်အပ်သည်ဖြစ်စေ မချစ်မနှစ်သက်အပ်သည်ဖြစ်စေ ကောင်းစွာအပြစ်မရှိသော စကားနှစ်မျိုးကို မိန့်ကြားတော်မူခြင်းသည် ဂုဏ်တော်မည်၍ ဘုရားဒြဗ်တော်သည် ဂုဏ်တော်ရှင် ဖြစ်လေသည်။ (ဂုဏ်တော်အနက်နှင့် ပြန်၍ စပ်ဟပ် သုံးသပ်ကြည့်ပါလေ)။

**အဘယရာဇကုမာရသုတ်အကျဉ်း**

ရှေးဖော်ပြရာပါ စကားခြောက်မျိုးအကြောင်းကား မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ၊ ၁-ဂဟပတိဝဂ်၊ ၈-အဘယရာဇကုမာရသုတ်၌ လာရှိသည်။ အကြောင်းအရာ အကျဉ်းချုပ်ကား—

အခါတပါး၌ မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဝယ် ကိန်းအောင်းမွေ့လျော် နေတော်မူစဉ် ဗိမ္ဗိသာရမင်းကြီး၏သား အဘယမင်းသားသည် မိမိ၏ဆရာ နာဋပုတ္တတက္ကတွန်းဆရာကြီးထံသို့ သွားရောက်ရှိခိုး၍ အပြစ်လွတ်ရာအရပ်၌ ထိုင်နေလေသည်။ ထိုအခါ နာဋပုတ္တဆရာကြီးက အဘယမင်းသားကို—

"မင်းသား....သင်သွားပါချေ၊ ရဟန်းဂေါတမ၏အပေါ်၌ အယူဝါဒ အပြစ်ဒေါသ တင်ပြပါလေ၊ ယင်းသို့တင်ပြလျှင် သင်မင်းသားအတွက် 'အဘယမင်းသားသည်

WWW.DHAMMARANSI.COM



အလွန်တန်ခိုးအာနုဘော်ကြီးသည့် ရဟန်း ဂေါတမ၏ အပေါ်မှာပင် အယူဝါဒ အပြစ်ဒေါသ တင်ပြနိုင်ပါပေ၏' ဟု အလွန်ကောင်းသော ကျော်စောသတင်း ပြန့်တက်ခြင်း ဖြစ်ပါလိမ့်မည်"—

ဟု ပြောဆိုလေသည်။ အဘယမင်းသားက "အရှင်ဘုရား.... အကျွန်ုပ်သည် ဘယ်လိုနည်းဖြင့် တန်ခိုးအာနုဘော်ကြီးသော ရဟန်းဂေါတမ၏ အပေါ်၌ အယူဝါဒ အပြစ်ဒေါသ တင်ပြနိုင်လိမ့်မည်နည်း (= တင်ပြနိုင်မည် မဟုတ်ပါ)" ဟု လျှောက်ဆိုလေလျှင် နာဋပုတ္တဆရာကြီးသည် အဘယမင်းသားကို—

မင်းသား .... သင်သွားပါချေ၊ ရဟန်းဂေါတမရှိရာသို့ သွားရောက်ပြီးလျှင် ရဟန်းဂေါတမကို "အရှင်ဘုရား ... မြတ်စွာဘုရားသည် သူတပါးတို့ မချစ်မနှစ်သက်အပ်သော စကားကို ပြောကြားရာပါသလော" ဟု မေးမြန်းပါလေ။ ထိုသို့ သင်က မေးမြန်းအပ်သည်ဖြစ်၍ ရဟန်းဂေါတမက "မင်းသား....မြတ်စွာဘုရားသည် သူတပါးတို့ မချစ်မနှစ်သက်အပ်သောစကားကို ပြောကြားရာ၏" ဟု အကယ်၍ သင့်အား ဖြေကြားခဲ့လျှင် သင်သည် ရဟန်းဂေါတမကို "အရှင်ဘုရား....ထိုသို့ဖြစ်လျှင် အရှင်ဘုရား၏အဖို့ရာ ပုထုဇန် သူငါအများနှင့် ထူးခြားချက် အဘယ်မှာရှိတော့အံ့နည်း။ မှန်ပါသည်—ပုထုဇန် သူငါအများလည်း သူတပါးတို့ မချစ်မနှစ်သက်အပ်သော စကားကို ပြောကြားလေရာ၏" ဟု အယူဝါဒ အပြစ်တင်စကား ပြောကြားပါလေ (၁)။

ထိုသို့မဟုတ်ပဲ သင်က မေးမြန်းအပ်သည်ဖြစ်၍ ရဟန်းဂေါတမက "မင်းသား....မြတ်စွာဘုရားသည် သူတပါးတို့ မချစ်မနှစ်သက်အပ်သော စကားကို မပြောကြားလေရာ" ဟု အကယ်၍ သင့်အား ဖြေကြားခဲ့လျှင်လည်း သင်သည် ရဟန်းဂေါတမကို "အရှင်ဘုရား....ထိုသို့ဖြစ်လျှင် အရှင်ဘုရားသည် ရှင်ဒေဝဒတ်ကို 'အပါယ်သို့ လားမည့် ဒေဝ-

WWW.DHAMMARANSI.COM



ဒတ်, ငရဲသို့ လားမည့် ဒေဝဒတ်, ကမ္ဘာပတ်လုံး ငရဲ၌ တည်ရကျက်ရမည့် ဒေဝဒတ်, ကုစား၍မရသောဒေဝဒတ်' ဟု အဘယ့်ကြောင့် မိန့်ကြားအပ်ပါသနည်း။ ဆက်၍ လျှောက်ထားရပါလျှင် အရှင်ဘုရား၏ ထိုသို့ မိန့်ကြားသောစကားကြောင့် ရှင်ဒေဝဒတ်သည် အမျက်ထွက်ကာ နှလုံးမသာမယာ ဖြစ်ခဲ့ရပါပြီ" ဟု အယူဝါဒ အပြစ်တင် စကား ပြောကြားပါလေ (၂)။

မင်းသား...သင်မင်းသားကသာ ရဟန်း ဂေါတမကို ဤ ဖော်ပြရာပါ အစွန်းနှစ်ဖက် မလွတ်ထွက်နိုင်သော ပြဿနာကို မေးမြန်းအပ်ပါလျှင် ထိုရဟန်းဂေါတမသည် လည်ချောင်း၌ ငါးမျှားသံချိတ် ငြိချိတ်နေသောယောက်ျား ကဲ့သို့ မထွေးနိုင် မမျိုနိုင် ဖြစ်မည်ကေန္နပေ—

ဟု သင်ကြားပြောပြလေ၏။

(ဤ၌။ ။နာဋပုတ္တဆရာကြီးသည် ဤ ပြဿနာကို လေးလကြာ စဉ်းစားပြီးမှ အဘယမင်းသားကို သင်ကြားပေးလေသည်၊ ထင်ရှား စေဦးအံ့–မြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မမူမီအချိန်က တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် ငါဘုရား ငါဘုရားဟု ဝါကြွား ဝန်ခံကြသဖြင့် အဟုတ်ပင် ဘုရားအစစ်ထင်ကြကာ ၎င်းဆရာကြီးတို့ထံ၌ လူပေါင်း များစွာတို့ တပည့်ခံခဲ့ကြလေသည်။ မြတ်စွာဘုရား ထင်ရှားပွင့်ထွန်း တော်မူလာသော အချိန်မှစ၍ ၎င်းတိတ္ထိ ဆရာကြီးတို့၏ တပည့်ဖြစ်သူ လူပေါင်းများစွာတို့သည် အစုလိုက် အပြုံလိုက်ပင် ပါရမီကောင်းမှု ကုသိုလ်ထူးရှိကြသူများပီပီ မြတ်စွာဘုရားထံ၌ တပည့်ခံကြလေသည်။

ထိုအခါ နာဋပုတ္တဆရာကြီးသည် "ရဟန်းဂေါတမကား ငါ့တပည့် များကိုခွဲ၍ ယူသွားလေပြီ၊ ကိုင်း....ငါသည် အကြင်ပြဿနာကို ရဟန်း ဂေါတမကို မေးလိုက်လျှင် ထို ရဟန်းဂေါတမသည် ၎တ်တုတ်မျှင် ထိုင် ရာက မထနိုင်လေရာ၊ ထို ပြဿနာတခုကို စီမံဦးမှပဲ" ဟု ကြံစည်ဆင် ခြင်ကာ မိမိ၏ဒကာ အဘယမင်းသားအိမ်မှ ဆွမ်းအပို့ခံကာ ဆွမ်း ကောင်းများကို စားလျက် များစွာသောပြဿနာတို့ကို စိတ်ကူးဖြင့်ပင် စီရင်ပြီးလျှင် "အင်း....ဤပြဿနာ၌ ရဟန်းဂေါတမသည် ဤမည်သော အပြစ်ကို တင်ပြလိမ့်မည်၊ ဤ ပြဿနာ၌ကျပြန်တော့ ဤမည်သော

WWW.DHAMMARANSI.COM



အဖြေကို တင်ပြလိမ့်မည်” ဟု တွေးတော၍ ထိုပြဿနာအားလုံးကို အတည်မပြုပဲ ပယ်ရှားပြီးလျှင် လေးလလွန်သောအခါ ရှေးဖော်ပြရာပါ “သူတပါးတို့ မချစ်မနှစ်သက်အပ်သော စကားကို မြတ်စွာဘုရား ပြောကြားရာပါသလော” ဟူသော ပြဿနာကို သူ၏စိတ်တွင် သိမြင်လာလေသည်။

ထိုအခါ နာဋပုတ္တဆရာကြီး၏ စိတ်သန္တာန်ဝယ် “ဤ ပြဿနာအတွက် အမေး, အဖြေ=နှစ်ရပ်လုံးမှာပင် ရဟန်းဂေါတမသည် အဖြေကို ဖော်ပြနိုင်လိမ့်မည် မဟုတ်၊ ဤပြဿနာကား အလွန်လေးနက်သည့် ခါးပိုက်ဆောင်ပြဿနာ ဖြစ်လေသည်၊ အဘယ်သူများ ဤ ပြဿနာကို ယူဆောင်၍ ရဟန်းဂေါတမ၏ အပေါ်၌ အဖြေဒေါသ တင်ပြနိုင်ပါလိမ့်မည်နည်း” ဟု စဉ်းစားမိပြန်လေသည်။ ထို့နောင်မှ “အဘယမင်းသားသည် ပညာရှိသူဖြစ်၏၊ သူသည် ဤပြဿနာကို ယူဆောင်ကာ ရဟန်းဂေါတမ၏ အပေါ်၌ အဖြေဒေါသ တင်ပြနိုင်လိမ့်မည်၊ သို့ရကား ထိုအဘယမင်းသားကိုပင် ဤပြဿနာကို သင်ကြားစေမည်” ဟု ဆုံးဖြတ်ချက် ချမှတ်ကာ ယခု အဘယမင်းသား မိမိထံမှောက် လာရောက်သောအခါတွင် ဖော်ပြရာပါအတိုင်း သင်ကြားပြောဆိုပေးလေ၏)။

ထိုသို့ နာဋပုတ္တဆရာကြီးက သင်ကြားပြောဆိုပေးသောအခါ အဘယမင်းသားသည် သူတပါးအပေါ်ဝယ် အဖြေတင်လိုသော ဆန္ဒ ပြင်းပြသူဖြစ်သောကြောင့် “ကောင်းပါပြီ အရှင်ဆရာကြီး....” ဟု ဝန်ခံကာ နေရာမှထ၍ နာဋပုတ္တဆရာကြီးကို တရိုတသေ ရှိခိုးပြီးလျှင် ဘုရားရှင်သီတင်းသုံးတော်မူရာ ဝေဠုဝန်ကျောင်းတိုက်သို့ သွားရောက်၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးနောက် အပြစ်လွတ်ရာအရပ်၌ ထိုင်နေလျက် နေကို ကြည့်ရှုလေသည်။ ထိုအချိန်တွင် နေဝင်ရန်အချိန် နီးကပ်ပြီဖြစ်၍ အဘယမင်းသား၏ စိတ်သန္တာန်ဝယ် “ဤပြဿနာကို ငါ့ဆရာကြီးသည် လေးလကြာ စီရင်အပ်လေသည်၊ ထိုသို့စဉ် နက်နဲလှသော ပြဿနာ၌ အစွန်း တဖက်တဖက်ကို ယူဆောင်မေးဖြေနေရလျှင် ကြွင်းကျန်သော နေ့ပိုင်းအချိန်တိုကလေးသည် လောက်ငလိမ့်မည်မဟုတ်” ဟု အောက်မေ့ကာ “ယနေ့အဖို့ရာ မြတ်စွာဘုရား၏အပေါ်မှာ အဖြေတင်ပြရန် အချိန်မရှိတော့ပေ၊ ငါသည် နက်ဖြန်ကျမှ မိမိနန်းတော်ဝယ် မြတ်စွာဘုရား၏ အပေါ်မှာ အဖြေဒေါသ တင်ပြ

WWW.DHAMMARANSI.COM



ရပေတော့မည်” ဟု ကြံစည်စဉ်းစားပြီးလျှင် အဘယမင်းသား သည် မြတ်စွာဘုရားရှင်ကို “မြတ်စွာဘုရား .... ရှင်ပင်ဘုရားသည် နက်ဖြန် ကောင်းမှုကုသိုလ်အလို့ငှါ ကိုယ်တော်မြတ်လျှင် လေးပါး မြောက်ရှိ၍ (ရဟန်းသုံးပါးနှင့်တကွ ရှင်တော်ဘုရားပါ ပေါင်း လေးပါး) တပည့်တော်၏ ဆွမ်းကို သည်းခံသာယာတော်မူပါ ဘုရား” ဟု လျှောက်ထားပင့်ဖိတ်လေ၏။

(ဤ၌။ ။အဘယမင်းသား၏ စိတ်အကြံမှာ...(၁) ဘုရားနှင့် တကွ ရဟန်းများစွာကို ပင့်ဖိတ်လျှင် ရဟန်းအများ ထိုင်နေကြသည် ရှိသော် အနည်းငယ်မျှသော စကားကို ပေး၍ ပြဿနာကို မေးလျှင်ပင် ပုဂ္ဂိုလ်များနေသည့်အတွက် တယောက်တပေါက်ဆိုသကဲ့သို့ တခြား သုတ္တန် တခြားအကြောင်း တခြားဝတ္ထုများကို ဖော်ပြပြောကြား ပေလိမ့်မည်၊ ထိုသို့ဖြစ်လျှင် ငြင်းခုံမှုသော်ငငြင်း အုတ်အုတ်ကျက်ကျက် သော်ငငြင်း ဖြစ်ပေလိမ့်မည်။ (၂) မြတ်စွာဘုရားတပါးတည်း ပင့်ဖိတ် ပြန်လျှင်လည်း “ဤ အဘယမင်းသားကား အလွန်ဝန်တိုစေးနှဲသော သူပါတကား၊ မြတ်စွာဘုရားရှင်ကို နေ့စဉ်နေ့စဉ် ရဟန်းပေါင်းအရာ အထောင်နှင့်တကွ ဆွမ်းခံလှည့်လည်တော်မူသည်ကို အမြင်သားဖြစ်ပါ လျက် ဘုရားတဆူတည်းကိုသာ ပင့်ဖိတ်ဘိ၏” ဟု ငါ၏အပေါ်မှာ ကဲ့ရဲ့မှု=ဂရဟာဘေး ဖြစ်ပေလိမ့်မည်။ ရဟန်းသုံးပါးနှင့်တကွ မြတ်စွာ ဘုရားပါ လေးပါးကို ပင့်သော်ကား ဆိုခဲ့ပြီးသော အပြစ်နှစ်ပါး ဖြစ်ပွါးလိမ့်မည်မဟုတ်” ဟု ဆင်ခြင်စဉ်းစားမိလေသည်၊ ထို့ကြောင့် ရဟန်းသုံးပါး နောက်ပါထား၍ မြတ်စွာဘုရားပါ ပေါင်းလေးပါးကို ပင့်ဖိတ်လေသည်)။

မြတ်စွာဘုရားသည်လည်း ဆိတ်ဆိတ်နေသဖြင့် အဘယမင်း သား ပင့်လျှောက်ချက်ကို လက်ခံသာယာတော်မူလေသည်။ အဘယမင်းသားသည် မြတ်စွာဘုရား လက်ခံတော်မူသည်ကို သိ၍ နေရာမှ ထကာ မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြု၍ မိမိ နန်းတော်သို့ ပြန်သွားလေ၏။

နောက်တနေ့ နံနက်ရောက်၍ မြတ်စွာဘုရားရှင် အဘယ မင်းသား၏ နန်းတော်သို့ (မင်းသား ပင့်လျှောက်ချက်အတိုင်း) ကြွရောက် ဆွမ်းဘုဉ်းပေးပြီးလတ်သော် အဘယမင်းသားသည်

WWW.DHAMMARANSI.COM



နိမ့်သော တနေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားကို နာဋပုတ္တ ဆရာကြီး သင်ကြားပေးလိုက်သည့်အတိုင်း—

"မြတ်စွာဘုရား....သူတပါးတို့ မချစ်မနှစ်သက်အပ်သော စကားကို မြတ်စွာဘုရားသည် မိန့်ကြားတော်မူရာပါ သလော"—

ဟု မေးလျှောက်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် အဘယ မင်းသားကို—

"အဘယမင်းသား....သင်ယခုမေးအပ်သော ပြဿနာ၌ 'မိန့်ကြားရာ၏' ဟူ၍ ဖြစ်စေ၊ 'မမိန့်ကြားလေရာ' ဟူ၍ ဖြစ်စေ တဖို့တစုတည်းဖြင့် ဖြေကြားမှု မဖြစ်နိုင်။ (＝ဤ သို့သော စကားမျိုးကို မြတ်စွာဘုရားသည် မိန့်လည်း မိန့်ကြားလေရာ၏၊ မမိန့်လည်း မမိန့်ကြားလေရာ။ မိန့်ကြား ဟောဆိုမှုကြောင့် အကျိုးရှိမည်ကို မြင်လျှင် မိန့်ကြား ဟောဆိုလေရာ၏။ မိန့်ကြားဟောဆိုမှုကြောင့် အကျိုးရှိ မည်ကို မမြင်လျှင်＝အကျိုးမရှိမည်ကိုသာ မြင်လျှင် ထို စကားမျိုးကို မိန့်ကြားတော်မမူရာ)"—

ဟူ၍ မိန့်ကြားတော်မူကာ နာဋပုတ္တတက္ကတွန်းဆရာကြီး လေးလ ကြာ စီရင်အပ်သည့် ပြဿနာကို မိုးကြိုးစက်ဖြင့် တောင်ထွတ်ကို တချက်တည်းဖြိုဖျက်လိုက်သကဲ့သို့ စကားတခွန်းတည်းဖြင့် မှုန့်မှုန့် ညက်ညက် ချေဖျက်တော်မူလိုက်လေသည်။

ထိုအခါ အဘယမင်းသားသည် မြတ်စွာဘုရားရှင်အား အပြစ် ဒေါသ ဆံမြှူမျှ မတင်ပြနိုင်တော့ပဲ—

"မြတ်စွာဘုရား····ဤပြဿနာ၌ တက္ကတွန်းဆရာကြီး အားလုံး ပျက်ပြုန်း ဆုံးရှုံးကုန်ကြပြီဘုရား"—

ဟု လျှောက်ထားလေ၏။ မြတ်စွာဘုရားက "မင်းသား....သင် သည် အဘယ်ကြောင့် 'မြတ်စွာဘုရား....ဤပြဿနာ၌ တက္ကတွန်း ဆရာကြီးအားလုံး ပျက်ပြုန်းဆုံးရှုံးကုန်ကြပြီဘုရား' ဟု ပြောဆိုဘိ သနည်း" ဟု မေးမြန်းတော်မူလေလျှင် အဘယမင်းသားသည်

WWW.DHAMMARANSI.COM



မိမိနှာ၌ပုဏ္ဏဆရာကြီးထံရောက်၍ ထိုဆရာကြီးက သင်ကြားပေး လိုက်သည့် (ရှေးဖော်ပြရာပါ) အကြောင်းအရာ အားလုံးကို ဖွင့်ဟပြောကြားထားလေ၏။ (ရှေ့စာမျက်နှာ ၅၇၈-ကို ပြန်၍ ကြည့်ပါ)။

ထိုအချိန်၌ အသက်အရွယ်နုနယ်ငယ်လှသည့် ပက်လက်အိပ်ရုံ မျှသာအိပ်တတ်သော ကလေးသူငယ်တယောက်သည် အဘယ မင်းသား၏ ပေါင်ပေါ်(ရင်ခွင်)ထက်၌ ထိုင်လျက်သားရှိနေ ၏။ ။(ထိုသို့ရှိနေအောင် တမင်ပြုလုပ်ထားခြင်း ဖြစ်လေသည်၊ မှန်၏—အမြွက်ထောင်သော ဝါဒသမားများသည် တဖက်နှင့် တဖက် ဝါဒယှဉ်ပြိုင်မှု ပြုလုပ်ကြသည်ရှိသော် တစုံတခုသော သစ်သီးကိုဖြစ်စေ ပန်းပွင့်ကိုဖြစ်စေ စာအုပ်ကိုဖြစ်စေ လက်ဖြင့် စွဲကိုင်၍ နေထိုင်တတ်ကြလေသည်၊ ထိုဝါဒသမားများသည် မိမိက နိုင်လျှင် တဖက်သားကို လွှမ်းလွှမ်းမိုးမိုး ဖိ၍ပြောကြားကြကုန်၏၊ မိမိက ရှုံးမည့်အရိပ်နိမိတ်ပေါ်လျှင် သစ်သီးကိုစားနေသည့် အ ယောင်, ပန်းပွင့်ကို နမ်းရှူနေသည့်အယောင်, စာအုပ်ကို ဖတ်နေ သည့်အယောင်ပြုလုပ်ကြကာ ပြန့်လွင့်သောအမှုအရာကို ပြကြ ကုန်၏။ ဤယခု အဘယမင်းသားသည်ကား "သြ....ယခု ငါ ဝါဒပြိုင်ရမည့် မြတ်စွာဘုရားသည်ကား ဝါဒစစ်ပွဲ အကြိမ်ကြိမ် ဆင်နွှဲအောင်မြင်ပြီးသူ သူတပါးဝါဒကို နှိမ်နင်းနိုင်သူ ဖြစ်ပေ သည်။ ငါက အောင်နိုင်လျှင် ကောင်းပါ၏၊ အကယ်၍ ငါရှုံး မည့်အရိပ်ပေါ်လျှင် ဤသူငယ်ကို ဆိတ်၍ ငိုအောင်ပြုလုပ်မည်၊ ထိုနောင်မှ 'အိုအချင်းတို့....ဤကလေးကား ငိုလှဘိ၏၊ ထကြပါ ဦးစို့၊ နောက်မှပဲ စဉ်းစားဆင်ခြင်ကြပါစို့"ဟု စကားဖြန့်ဖို့ရန် ကြံစည်ထားလေသည်၊ ထို့ကြောင့် သူငယ်ကိုပွေ့ချီကာ ထိုင်နေ လေသည်)။

မြတ်စွာဘုရားသည်ကား အဘယမင်းသားထက် အပြန်ပေါင်း အရာ အထောင်မက ဝါဒအရာ လိမ္မာတော်မူသည် ဖြစ်ရကား "ဤမင်းသား၏ ပေါင်ထက်မှာရှိသော ဤကလေးသူငယ်ကိုပင် ဥပမာပြု၍ ချင်း၏ဝါဒကို ဖြိုဖျက်တော်မူမည်"ဟု ကြံစည်စဉ်းစား

WWW.DHAMMARANSI.COM



ဆင်ခြင်တော်မူပြီးလျှင် (အဘယမင်းသား ကလေးကို မဆိုတ်မီပင်)—

အဘယမင်းသား.... ယခု ငါဘုရား မေးမည့်စကားကို သင်အဘယ်သို့ မှတ်ထင်သဘောကျသနည်း (=သင်သဘောကျသည့်အတိုင်း ဖြေဆိုနိုင်ခွင့်ရှိသည်)၊ အကယ်၍ သင့်ပေါင်ပေါ်မှာ ယခုတင်ထားသော ဤကလေးသူငယ်သည် သင်ကပဲ မေ့လျော့ခြင်းကြောင့် ဖြစ်စေ အထိန်းတော်ကပဲ မေ့လျော့ခြင်းကြောင့်ဖြစ်စေ သစ်သားထင်းချောင်းကိုသော်၎င်း အိုးခြမ်းကွဲ ပုလင်းကွဲကိုသော်၎င်း ကလေးအမိုက်ဖြစ်၍ ခံတွင်း၌ထည့်သွင်းသည်ဆိုကြပါစို့၊ ထိုကလေးသူငယ်ကို သင်သည် အဘယ်သို့ ပြုမူမည်နည်း—

ဟု မေးတော်မူလေ၏။ ထိုအခါ အဘယမင်းသားသည် မြတ်စွာဘုရားကို—

မြတ်စွာဘုရား ···· တပည့်တော်သည် ထိုသူငယ်၏ ခံတွင်း၌ ထည့်သွင်းသည့် သစ်သားထင်းချောင်း (သို့မဟုတ်) အိုးခြမ်းကွဲ, ပုလင်းကွဲကို အလျင်အမြန် ထုတ်ဆောင်ပစ်မည်သာ ဖြစ်ပါသည်ဘုရား၊ မြတ်စွာဘုရား.... အကယ်၍များ စောစောစီးစီး အလျင်လက်ဦး ပဌမပိုင်းမှာ အလွယ်နှင့် ထုတ်ဆောင်၍ မပစ်နိုင်ခဲ့လျှင် လက်ဝဲလက်ဖြင့် ကလေး၏ ဦးခေါင်းကို မြဲမြဲနိုင်နိုင် မလှုပ်နိုင်အောင် ပွေ့ကိုင်ပြီးလျှင် လက်ျာလက်ဖြင့် လက်ညှိုးကို ကွေးပြီးလျှင် သွေးသံရဲရဲဖြစ်နေစေကာမူ ထိုသစ်သားထင်းချောင်း(သို့မဟုတ်) အိုးခြမ်းကွဲ, ပုလင်းကွဲကို ဆွဲထုတ်ယူမည်ကေန်ပင် ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းမှာ ထိုကလေးအပေါ်၌ တပည့်တော်၏ မေတ္တာ,ကရုဏာ ကြီးမားစွာဖြစ်ရှိသောကြောင့် ဖြစ်ပါသည်ဘုရား—

ဟုလျှောက်ထားလေ၏။ မြတ်စွာဘုရားသည် အဘယမင်းကို—

WWW.DHAMMARANSI.COM



၁-အဘယမင်းသား… ဤအတူပင်လျှင် မှန်လည်း မမှန် အကျိုးလည်းမရှိ သူတပါးတို့လည်း မချစ်မနှစ်သက် အပ်သော စကားမျိုးကို မြတ်စွာဘုရားသည် မိန့်ကြားတော်မမူ၊

၂-မှန်ပင်မှန်သော်လည်း အကျိုးမရှိ၍ သူတပါးတို့လည်း မချစ်မနှစ်သက်အပ်သော စကားမျိုးကိုလည်း မြတ်စွာဘုရားသည် မိန့်ကြားတော်မမူ၊

* ၃-မှန်လည်းမှန် အကျိုးလည်းရှိ၍ အပြောခံရသူ သူတပါးတို့ကမူ မချစ်မနှစ်သက်အပ်သော စကားမျိုးကို မြတ်စွာဘုရားသည် အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ ပြောသင့်က (= ပြော၍အကျိုးရမည်ဖြစ်က) မိန့်ကြားပြောဆိုတော်မူ၏၊

၄-မှန်လည်းမမှန် အကျိုးလည်းမရှိပဲလျက် သူတပါးတို့ ချစ်နှစ်သက်အပ်သော စကားမျိုးကိုလည်း မြတ်စွာဘုရားသည် မိန့်ကြားတော်မမူ၊

၅-မှန်ပင် မှန်သော်လည်း အကျိုးမရှိပဲ သူတပါးတို့ ချစ်နှစ်သက်အပ်သော စကားမျိုးကိုလည်း မြတ်စွာဘုရားသည် မိန့်ကြားတော်မမူ၊

* ၆-မှန်လည်းမှန် အကျိုးလည်းရှိ၍ သူတပါးတို့လည်း ချစ်နှစ်သက်အပ်သော စကားမျိုးကို မြတ်စွာဘုရားသည် အခါအခွင့်ကို ကြည့်ရှုဆင်ခြင်၍ ပြောသင့်က (= ပြော၍ အကျိုးရမည်ဖြစ်က) မိန့်ကြားပြောဆိုတော်မူ၏။

အဘယမင်းသား…ထိုသို့ လေးခွန်းကို ရှောင်ပယ်၍ နှစ်ခွန်းကို မိန့်ကြား ပြောဆိုတော်မူခြင်းမှာ သတ္တဝါတို့ အပေါ်၌ ငါဘုရား၏ မေတ္တာ,ကရုဏာ ကြီးမားစွာဖြစ်ရှိသောကြောင့်ဖြစ်သည်—

ဟု မိန့်ကြားတော်မူလေ၏။ ။(သူတပါးတို့ ချစ်နှစ်သက်အပ်သည်ဖြစ်စေ မချစ်မနှစ်သက်အပ်သည်ဖြစ်စေ မှန်ကန်၍ အကျိုး

WWW.DHAMMARANSI.COM



ရှိသောစကားမျိုးကို မြတ်စွာဘုရား မိန့်ကြားပြောဆိုတော်မူ၏-ဟု အချုပ်မှတ်ယူရာ၏)။

(ဤအရာ၌။ ။၄-အမှတ်ပြ "မှန်လည်းမမှန် အကျိုးလည်းမရှိ ပဲလျက် သူတပါးတို့ ချစ်နှစ်သက်အပ်သောစကား" နှင့်စပ်၍ အဋ္ဌကထာ၌ ဤစကားမှာ အဋ္ဌာနီယကထာ=ယုတ္တိမရှိ ပြောမိပြောရာ မဖြစ်နိုင်သည်ကို ပြောကြားသော စကားဖြစ်သည်ဟု မိန့်တော်မူပြီးလျှင် ဤဆိုလတ္တံ့သော တောသားအဖိုးအိုဝတ္ထုကို ထုတ်ဆောင်ပြထားသည်၊ ဗဟုသုတအလို့ငှါ ထိုဝတ္ထုကို ဖော်ပြဦးအံ့-

**တောသားအဖိုးအိုဝတ္ထု**

တောကအဖိုးအိုတယောက် မြို့သို့လာရောက်၍ သေတင်းကုပ် (=အရက်ဆိုင်)၌ သေသောက်နေသည်ကို လိမ်လည်လှည့်ဖြားလိုကြသည့် များစွာသောမြို့သား သေသောက်ကြူးသမား(=အရက်သမား)တို့သည် သေသောက်ရာ ဌာန၌ တည်နေကြ၍ ထိုအဖိုးအိုနှင့် အတူတကွ သေသောက်ကြ(=အရက်သောက်ကြ) လေသော် "ငါတို့သည် ဤတောသားအဖိုးအို၏ အဝတ်,အရုံများကိုငင်းလက်၌ပါသော ဘဏ္ဍာစုကိုငင်း အလုံးစုံကို လှည့်ပတ်၍ ယူကြကုန်အံ့" ဟု ကြံစည်တိုင်ပင်ကြ၍ "ငါတို့သည် အသီးအသီး တဦးစီ မိမိကိုယ်တွေ့ အကြောင်းအရာ စကားကို ပြောကြားကြကုန်အံ့၊ မဟုတ်မမှန်ဘူး-ဟု ပြောကြားသောသူ (သို့မဟုတ်) ပြောစကားကို မယုံကြည်သောသူကို ကျွန်ပြု၍ သိမ်းယူကြစတမ်း" ဟု ကတိကဝတ်ပြုကြပြီးလျှင် အဖိုးအိုကိုလည်း "အဖိုး....အဖိုးတို့ကော ဤကတိကဝတ်ကို နှစ်သက်အပ်ပါ၏လော = သဘောတူပါ၏လော" ဟု မေးကြလေ၏။ အဖိုးအိုကလည်း "ငါ့မြေးတို့....အိမ်းကောင်းပြီ၊ ငါ့မြေးတို့ပြောသည့်အတိုင်း ဖြစ်ပါစေ" ဟု သဘောတူလက်ခံလိုက်လေသည်။

ထိုနောက်မှ မြို့သား သေသောက်ကြူး (=အရက်သမား)တယောက်က မိမိကိုယ်တွေ့အကြောင်းစကားကို

WWW.DHAMMARANSI.COM



ပြောပြသည်မှာ—သူငယ်ချင်းတို့…· ငါ့မိခင်မှာ ငါ့ပဋိ-သန္ဓေ တည်ရှိနေစဉ် သီးသီးကိုစားလိုသည့် ချင်ခြင်းဖြစ်ရှိလေသည်၊ ငါ့မိခင်သည် အခြား သီးသီးခူးပေးမည့်သူကို မရနိုင်သဖြင့် ငါ့ကိုပင် သီးသီးခူးဖို့ရန် စေလွှတ်လိုက်လေသည်။

အမိဝမ်းခေါင်း ကိန်းအောင်းနေသော ငါသည် သီးပင်ရှိရာသို့ သွားရောက်၍ သီးပင်ထက်သို့ မတက်နိုင်ရကား ကိုယ်တိုင်ပင် မိမိကိုယ်ကို ခြေ၌ကိုင်၍ တင်းပုတ်ကိုကဲ့သို့ သစ်ပင်ထက်သို့ ပစ်လွှင့်လိုက်လေသည်၊ ထို့နောင်မှ ငါသည် သစ်ပင်ထက်ဝယ် တကိုင်းမှ တကိုင်းသို့ လှည့်လည် ပြောင်းကူး သီးသီးတို့ကို ခူးပြီးလျှင် အောက်သို့ မဆင်းနိုင်ရကား အိမ်သို့တဖန် ပြန်သွား၍ လှေကားကို ယူဆောင် သစ်ပင်၌ထောင်၍ ဆင်းခဲ့ပြီးမှ မိခင်ထံသို့ သွား၍ သီးသီးများကို မိခင်အား ပေးခဲ့လေသည်၊ ထိုငါ ခူးဆောင်ခဲ့သည့် သီးသီးများကား ကြီးထွားလှကုန်၏၊ အိုးစရည်းကြီး (= အိုးတုတ်ကြီး) ခန့်ပမာဏရှိကုန်၏။

ထိုသီးသီးများထဲမှ ငါ့မိခင်သည် တထိုင်တည်းဖြင့် သီးသီး အလုံးခြောက်ဆယ်တို့ကို ချင်ခြင်းပြေအောင် စားအပ်လေကုန်သည်။ ငါ့ပုဆိုးခါးပုံ (ခါးပိုက်) တခုတည်းဖြင့် ခူးဆောင်အပ်ခဲ့သော သီးသီးများ အနက်မှ ငါ့မိခင်စား၍ကျန်သော သီးသီးများမှာ ငါတို့ရွာ တရွာလုံးရှိ လူကြီးလူငယ် အားလုံးတို့ အတွက် ဖြစ်ကြလေသည်၊ ငါတို့အိမ် ဧည့်ခန်းမှာ တဆယ့်ခြောက်တောင် ကျယ်ဝန်းလေသည်၊ ထိုဧည့်ခန်းထဲမှ ရှိရင်းစွဲ အိမ်ထောင်ပရိဘောဂ ကြီးငယ်များကို ဖယ်ရှား၍ သီးသီးများကို ထားကြရာ အိမ်ခေါင်မိုးအထိ သီးသီးများဖြင့် ပြည့်၍ နေလေသည်၊ ဧည့်ခန်းအတွင်းထားရှိရာမှ ပိုလျှံသောသီးသီးများကို အပြင်သို့ ထုတ်ယူ၍ အိမ်တံခါးဝ၌ စုပုံ၍ထားရှိရာ အတောင်ရှစ်ဆယ်မြင့်သောတောင်တလုံးခန့်ပမာဏရှိလေသည်။ မိတ်

WWW.DHAMMARANSI.COM



ဆွေတို့....အသို့နည်း (= ဘယ့်နှယ်လဲ) ဤယခုပြောပြခဲ့သည့် ဖြစ်ရပ်ကို ယုံကြည်နိုင်ကြပါကုန်၏လော-ဟု မေးလေ၏။

တောသားအဖိုးအိုသည် မတုန်မလှုပ် ဆိတ်ဆိတ်နေ၍ ကျန်သောမြို့သား သေသောက်ကြူး (= အရက်သမား) အားလုံးတို့ ဖြေကြားပြီးသည်၏ အဆုံး၌ မြို့သား သေသောက်ကြူးများက "ဘယ့်နှယ်တုန်း အဖိုး....ဤဖြစ်ရပ်ကို ယုံကြည်ပါ၏လော" ဟု မေးအပ်ရကား "ငါ့မြေးတို့....ဤကဲ့သို့ ဖြစ်မည်ဆိုလျှင် ဖြစ်ပါလိမ့်မည်၊ တိုင်းပြည်ကြီးကိုက ကြီးပေတာကိုး၊ တိုင်းပြည်က အလွန်ကြီးလေတော့ ယုံကြည်နိုင်ပါသည်''ဟု ဖြေကြားလေ၏။

ပဋ္ဌမသေသောက်ကြူး (= အရက်သမား) ပြောဆိုသကဲ့သို့ပင် ကျန်သော သေသောက်ကြူး=အရက်သမား အားလုံးတို့ အလားတူ အကြောင်းကင်းမဲ့သောစကား (= ဖြစ်နိုင်ဖို့ရန် အကြောင်း မတန်သောစကား) များကို အသီးအသီး တယောက်တမျိုးစီ ပြောကြား၍ပြီးကြလေသော်-နောက်ဆုံး၌ တောသားအဖိုးအိုက—

ငါ့မြေးတို့....အဖိုး၏ ကိုယ်တွေ့ အကြောင်း အရာကိုလည်း နားထောင်ကြပါဦး၊ မောင်တို့၏ မြို့က အိမ်များသာ ကြီးကျယ် ခမ်းနားကြသည်မဟုတ်ပါ၊ အဖိုးတို့၏ တောက အိမ်များလည်း ကြီးကျယ် ခမ်းနားလှပါသည်။ အထူးပြောလိုသည်ကား အဖိုးတို့၏အိမ်မှာ အခြားသော ယာခင်းများထက် ဝါခင်းက ပို၍ များပြားလှပါသည်၊ ကျယ်ဝန်းလှပါသည်။ ပယ်ပေါင်း(= ဇကပေါင်း)အရာများစွာ ကျယ်ဝန်းလှသော အဖိုးတို့၏ ထိုဝါခင်းကြီး အလယ်၌ ဝါပင်ကြီးတပင် ထူးထူးချွန်ချွန် အတောင်ရှစ်ဆယ်ခန့်မြင့်အောင် ပေါက်လျက် ရှိပါသည်။ ထိုဝါပင်ကြီး၏ ခက်မငါးဖြာ ရှိကြရာဝယ် ကျန်သောခက်မများက အသီးဟူ၍ လုံးဝမသီးကြပဲ အရှေ့ဖက်သို့ထွက်သော ခက်

WWW.DHAMMARANSI.COM



မကြီးမှ ထူးထူးဆန်းဆန်း အိုးစရည်း (= အိုးတုတ်ကြီး) ခန့် လုံးပတ်ရှိသည့် ဝါသီးကြီးတလုံးတည်း သီးပါသည်၊ ထိုဝါသီးကြီး၏ အစိတ်အမွှာ ခြောက်စိတ် ခြောက်မွှာတို့၌ ဝါပွင့်ခိုင်ကြီး ခြောက်ခိုင် ပွင့်ကြပါသည်။

အဖိုးသည် ဆံမုတ်ဆိတ်ကို ပယ်ရိတ်၍ ရေမိုးချိုး,နံ့သာများလိမ်းကျံပြီးလျှင် ဝါခင်းသို့သွားရောက်၍ ထိုဝါပွင့်ခိုင်ကြီး ခြောက်ခိုင် အထူးတဆန်း ပွင့်နေကြသည်ကို မြင်ရလေလျှင် အားရဝမ်းသာစွာ ရပ်တည်ရင်းကပင် လက်ကိုဆန့်တန်းလှမ်း၍ ထိုဝါပွင့်ခိုင်ကြီး ခြောက်ခိုင်တို့ကို ခူးယူလိုက်ပါသည်။ ထိုထက်ထူးဆန်းသည်မှာ—ထိုဝါပွင့်ခိုင်ကြီး ခြောက်ခိုင်တို့သည် အဖိုး၏လက်သို့ ရောက်လျှင်ပင် ဝါပွင့်အသွင်ပျောက်၍ အားကောင်း မောင်းသန် ကျွန်ယောကျ်ား ခြောက်ယောက်တို့ ဖြစ်လာကြလေသည်၊ ထိုသူ ခြောက်ယောက်လုံးပင် ငါအဖိုးအိုကို တယောက်တည်း စွန့်ပစ်ထားခဲ့ကြ၍ အရပ်တပါး ပြေးသွားကြလေသည်၊ ဤမျှအခါရှည်မြင့်ကြာအောင် ထိုငါ၏ ကျွန်ခြောက်ယောက်တို့ကို မတွေ့မမြင်ရပဲ ယနေ့မှပင် တွေ့မြင်ရကုန်တော့သည်။ ထို ကျွန် ခြောက် ယောက် တို့ ကား အခြားမဟုတ်ပေ၊ အမောင်တို့ ခြောက်ယောက်သာလျှင် ဖြစ်ကုန်၏၊ သင်ကား နန္ဒ-မည်သော ကျွန်တည်း၊ သင်ကား ပုဏ္ဏ-မည်သောကျွန်တည်း၊ သင်ကား ဝဍ္ဍမာန-မည်သော ကျွန်တည်း၊ သင်ကား စိတ္တ-မည်သောကျွန်တည်း၊ သင်ကား မင်္ဂလ-မည်သော ကျွန်တည်း၊ သင်ကား ပေါဋ္ဌိယ-မည်သောကျွန်တည်းဟု ပြောဆိုကာ ထိုင်နေရာမှ လျင်စွာထ၍ ထိုင်နေကြသည့် ထိုမြို့သား သေသောက်ကြူး = အရက်သမား ခြောက်ဦးလုံးတို့ကိုပင် ဥဿျှောင် ဆံထုံးတို့၌ မြဲစွာဆွဲ၍ ရပ်တည်နေလေ၏။

မြို့သား သေသောက်ကြူး = အရက်သမားခြောက်ဦးတို့သည်လည်း ကျွန်တော်တို့သည် အဖိုး၏ ကျွန်များ

WWW.DHAMMARANSI.COM



မဟုတ်ကြပါ" ဟူ၍လည်း မပြောနိုင်ကြတော့ကုန်၊ (ပြောကြလျှင်လည်း မူလ ကတိကဝတ်စကားအရ ကျွန်များပင်ဖြစ်ကြရပေမည်)။ ထို့နောက်မှ အဖိုးအိုသည် ထိုသူခြောက်ယောက်လုံးတို့ကို တရားရုံးသို့ ဆွဲငင်ခေါ်ဆောင်သွားကာ ကျွန်တံဆိပ် ခတ်နှိပ်စာရင်းတင်ပြီးလျှင် အသက်ထက်ဆုံး ကျွန်များပြုလုပ်၍ သုံးဆောင်လေ၏တဲ့။ ။ဤကဲ့သို့သောစကားမျိုးကို မြတ်စွာဘုရားသည် သူတပါးတို့ နားထောင်၍ အပြင်းပြေ စိတ်ရွှင်လန်း နှစ်သက်နိုင်သော်လည်း မှန်လည်းမမှန် အကျိုးလည်း မရှိသောကြောင့် ဘယ်သော အခါမှာမှ မိန့်ကြားတော်မမူ။ ။မ ဋ္ဌ၊ ၃၊ မျက်နှာ ၇၈,၇၉-မှ)။

ထို့နောက် အဘယမင်းသားသည် မြတ်စွာဘုရားရှင်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... မင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူဌေးသူကြွယ်ပညာရှိ, ရဟန်းပညာရှိတို့က ပြဿနာတို့ကို စီမံကြကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ မေးလျှောက်ကြသောအခါ 'ငါဘုရားကို ချဉ်းကပ်၍ ဤသို့ဤပုံ မေးမြန်းကြသော ထိုပညာရှိတို့အား ငါဘုရားသည် ဤသို့ ဤပုံ ဖြေဆိုပေအံ့' ဟူ၍ ရှေးဦးမဆွကပင် မြတ်စွာဘုရား၏ စိတ်တော်ဝယ် ကြံစည်စဉ်းစားအပ်ပြီးဖြစ်ပါသလော၊ သို့မဟုတ် ထိုဖြေဆိုချက်သည် တခဏချင်း ရှင်တော်ဘုရား၏ ဉာဏ်တော်၌ ထင်မြင်လာပါသလော" ဟု မေးမြန်း လျှောက်ထားလေ၏။ မြတ်စွာဘုရားက "အဘယမင်းသား.... ထိုသို့ဖြစ်လျှင် ဤအရာ၌ သင့်ကိုပင် တဖန် ငါပြန်၍ မေးပေအံ့၊ သင်နှစ်သက်သဘောကျသည့်အတိုင်း ဖြေဆိုနိုင်သည်၊ မင်းသား....ယခု ငါဘုရားမေးမြန်းမည့်စကားကို သင်အဘယ်သို့ မှတ်ထင် သဘောကျသနည်း၊ သင်သည် ရထားဖက်ဆိုင်ရာ အင်္ဂါကြီးငယ် အသွယ်သွယ်တို့၌ ကျွမ်းကျင်လိမ္မာသူ ဖြစ်သည် မဟုတ်လော" ဟု မေးတော်မူသည်တွင် အဘယမင်းသားသည် "မှန်ပါသည် မြတ်စွာဘုရား .... အကျွန်ုပ်သည် ရထားဖက်

WWW.DHAMMARANSI.COM



ဆိုင်ရာ အင်္ဂါကြီးငယ် အသွယ်သွယ်တို့၌ ကျွမ်းကျင်လိမ္မာသူ ဖြစ်ပါသည်''ဟု ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်က အဘယ မင်းသားကို "မင်းသား....ယခု ငါဘုရား မေးမြန်းမည့်စကားကို သင်အဘယ်သို့ မှတ်ထင် သဘောကျသနည်း၊ အမှတ်မထင်အကြင်သူတို့က သင့်ထံသို့ ချဉ်းကပ်၍ 'ဤရထားဖက်ဆိုင်ရာ အင်္ဂါကြီးငယ် အစုကား အဘယ် အမည်ရှိပါသနည်း'ဟု မေးမြန်းကြလျှင် သင်၏ စိတ်ဝယ် 'အမှတ်မထင် အကြင်သူတို့က ငါ့ထံသို့ ချဉ်းကပ်ကြ၍ ဤသို့ ဤပုံ မေးမြန်းကြလျှင် ငါသည် ထိုသူတို့အား ဤသို့ ဤပုံ ဖြေဆိုပေအံ့'ဟူ၍ ရှေးဦးမဆွကပင် ကြံစည်စဉ်းစားအပ်ပြီးဖြစ်သလော၊ သို့မဟုတ် ထိုဖြေဆိုချက်သည် တခဏချင်း သင်၏ ဉာဏ်၌ ထင်မြင်လာလေသလော" ဟု မေးမြန်းလေလျှင် အဘယမင်းသားသည် "မြတ်စွာဘုရား···· အကျွန်ုပ်သည်ကား ရထားအတတ် ဖက်ကမ်းခတ်အောင် တတ်မြောက်သူဟု ထင်ရှား ကျော်ကြားသူတယောက် ဖြစ်ပါသည်၊ ရထားဖက်ဆိုင်ရာ အင်္ဂါကြီးငယ်တို့၌ ကျွမ်းကျင်လိမ္မာသူဖြစ်ပါသည်၊ ရထားဖက်ဆိုင်ရာ အင်္ဂါကြီးငယ် အသွယ်သွယ်တို့သည် အကျွန်ုပ်၏ အဖို့ရာ ကောင်းစွာ ထင်လင်းပြီးသားချည်း ဖြစ်ပါကုန်သည်၊ သို့ရကား ဤရထား၏ အင်္ဂါကြီးငယ်နှင့်စပ်၍ မေးအပ်သမျှသော ပြဿနာ၏ အဖြေများသည် အကျွန်ုပ်၏ ဉာဏ်၌ တခဏချင်း ထင်မြင်လာပါသည်" ဟု ဖြေကြားလျှောက်ထားလေ၏။

ထိုအခါ မြတ်စွာဘုရားရှင်သည် အဘယမင်းသားကို "မင်းသား.... ဤအတူပင်လျှင် မင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူဌေးသူကြွယ်ပညာရှိ, ရဟန်းပညာရှိတို့က ပြဿနာတို့ကို စီမံကြကာ ငါဘုရားထံသို့ ချဉ်းကပ်၍ မေးလျှောက်ကြလေလျှင် ဤပြဿ-နာ၏ အဖြေသည် တခဏချင်းပင် ငါဘုရား၏ ဉာဏ်၌ ထင်မြင်လာပေ၏၊ ထိုသို့ ထင်မြင်လာခြင်းသည် အဘယ် အကြောင်း ကြောင့်နည်းဟူမူ–မင်းသား.... ငါဘုရားသည် သဗ္ဗညုတဉာဏ်တော်တည်းဟူသော ဓမ္မဓာတ်ကို ကောင်းစွာ ထိုးထွင်းသိအပ်

WWW.DHAMMARANSI.COM



ရအပ်လေပြီ၊ ယင်းသည့် သဗ္ဗညုတဉာဏ်တည်းဟူသော ဓမ္မခေတ်ကို ကောင်းစွာ ထိုးထွင်းသိအပ်ရအပ်သောကြောင့်ပင် ဤပြဿနာများ၏ အဖြေများသည် ငါဘုရား၏ ဉာဏ်၌ တခဏချင်းပင် ထင်မြင်လာပေ၏" ဟု သာယာခွန်းညိမ့် မိန့်တော်မူလေလျှင် အဘယမင်းသားသည် သရဏဂုံခံယူကာ ထိုနေရာမှာပင် ဥပါသကာအဖြစ်သို့ ရောက်ရှိလေ၏။ ။ဤကား အဘယရာဇကုမာရသုတ် အကျဉ်းချုပ်တည်း။

(ဤအဘယ မင်းသားသည် နောက်တချိန် သာသနာ၀န်ထမ်းရဟန်းပြုကာ ရဟန်းတရား ပွါးများအားထုတ်သဖြင့် ပဋိသမ္ဘိဒါပတ္တဆဠဘိညရဟန္တာဖြစ်၍ ထက်သောပညာ ရွှင်သောပညာ လျင်သောပညာ ကြီးသောပညာ ဆန်းကြယ်သောပညာ= ဤပညာ ၅-ပါးနှင့် ပြည့်စုံသူဖြစ်ကြောင်း (အပဒါနပါဠိ၊ ဒုတိယတာဂ၊ စာမျက်နှာ ၁၅ဂ, ၉, ၁၆၀-၌) အကျယ်လာရှိသည်။ အလိုရှိသူတို့သည် ပိဋကတ်တော်မြန်မာပြန်မှ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

သုဂတဂုဏ်တော် ပြီး၏။

## (၅) လောကဝိဒူဂုဏ်တော်

လောက = ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော လောကကို (တနည်း) သတ္တလောက, သင်္ခါရလောက, ဩကာသလောက တည်းဟူသော လောကသုံးပါးကို+ဝိဒူ = ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား။

ဤလောကဝိဒူဂုဏ်တော်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ နှစ်နည်းဖွင့်ပြ၏။ (၁) ပဌမနည်းမှာ လောကအရဥပါဒါနက္ခန္ဓာ ၅-ပါးတို့ကို ကောက်ယူ၍ ထိုဥပါဒါနက္ခန္ဓာ ၅-ပါး-တည်းဟူသော လောကကို (က) ဒုက္ခသဘာ၀အားဖြင့်၎င်း, (ခ) "ထိုခန္ဓာလောကကို ဤတဏှာ-စသော အကြောင်းတရားတို့သည် ဖြစ်စေကြကုန်၏"ဟု အကြောင်း သမုဒယအားဖြင့်၎င်း, (ဂ) "ထိုခန္ဓာလောက ဒုက္ခသဘောအစုသည် ဤနိရောဓသစ္စာ = နိဗ္ဗာန်တရား၌ အကြွင်းမဲ့ချုပ်ငြိမ်း၏" ဟု ဒုက္ခနိရောဓအားဖြင့်၎င်း,

WWW.DHAMMARANSI.COM



(ဃ) “ဤအရိယမဂ်တရားသည် ထိုဒုက္ခခန္ဓာလောက၏အကြွင်းမဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းကေန် စင်စစ်မှန်၏”ဟု ဒုက္ခနိရောဓဂါမိနီပဋိပဒါအားဖြင့်၎င်း လေးဖက်လက်တန် ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဥပါဒါနက္ခန္ဓာလောကကို အကြွင်းမရှိ သိတော်မူတတ်သော မြတ်စွာဘုရား-ဟု ဆိုလိုသည်။

ဤပဌမနည်း၌ လောကအရ ဥပါဒါနက္ခန္ဓာကို ကောက်ယူ၍ မြတ်စွာဘုရားသည်ယင်းဥပါဒါနက္ခန္ဓာတည်းဟူသောလောကကို သိတော်မူရာ၌ ဥပါဒါနက္ခန္ဓာ တရားသားသက်သက်ကိုသာ သိတော်မူသည်မဟုတ်၊စင်စစ်သော်ကား ၁-ထိုဥပါဒါနက္ခန္ဓာတရားသားတို့၏ ဒုက္ခသဘောကိုလည်း သိတော်မူ၏၊ ၂-ထိုခန္ဓာလောကဒုက္ခသဘောအစုကိုဖြစ်စေတတ်သည့် တဏှာ-စသော အကြောင်း = သမုဒယတရားအစုကိုလည်း သိတော်မူ၏၊ ၃-ထိုခန္ဓာလောကဒုက္ခသဘောအစု၏ချုပ်ရာ နိရောဓသစ္စာ = နိဗ္ဗာန်တရားကိုလည်း သိတော်မူ၏၊ ၄-ထို နိရောဓသို့ ရောက်ကြောင်း အရိယမဂ်တည်းဟူသော မဂ္ဂသစ္စာကိုလည်း သိတော်မူ၏။ ဤသို့လျှင် ဥပါဒါနက္ခန္ဓာ တရားသားသက်သက်မျှကိုသာ သိတော်မူသည်မဟုတ်ပဲ ထိုခန္ဓာလောကနှင့်စပ်၍ သိသင့်သိထိုက်သမျှသော ဒုက္ခသဘော, ဒုက္ခသမုဒယသဘော, ဒုက္ခနိရောဓသဘော, ဒုက္ခနိရောဓဂါမိနီပဋိပဒါသဘော = ဤလေးပါး(လေးဖက်လက်တန်)တို့ဖြင့် ဥပါဒါနက္ခန္ဓာလောကကို ခပ်သိမ်းဥဿုံ စုံအောင်သိတော်မူတတ်သောကြောင့် မြတ်စွာဘုရားသည် လောကဝိဒူမည်တော်မူ၏။ ဤပဌမနည်းအလို ဥပါဒါနက္ခန္ဓာလောကကို လေးဖက်လက်တန် ခပ်သိမ်းဥဿုံ ခြင်းရာစုံအောင် သိသောဉာဏ်တော်ကား လောကဝိဒူဂုဏ်တော်ဖြစ်၍ ဘုရားဒြပ်တော်သည် ဂုဏ်တော်ရှင် ဖြစ်လေသည်။

(၂) ဤဆိုအပ်ပြီးသော ပဌမနည်းအရ လောကဝိဒူဂုဏ်တော်ကို သဘာဝအားဖြင့် အကြွင်းမဲ့ပြအပ်ပြီး ဖြစ်သော်လည်း လောကအရ ဥပါဒါနက္ခန္ဓာလောကကိုသာ ပြဆိုအပ်သဖြင့် မပြည့်စုံသေးရကား ထိုလောကအရကို အကြွင်းမဲ့ ပြည့်စုံအောင်

WWW.DHAMMARANSI.COM



ပြလိုသောကြောင့် အဋ္ဌကထာ၌ ဒုတိယတနည်း မိန့်ဆိုတော်မူပြန်သည်။

ထိုဒုတိယနည်း၌ အဓိပ္ပါယ်မှာ – လောကသည် ၁-သတ္တ- လောက ၂-သင်္ခါရလောက ၃-ဩကာသလောကဟူ၍ သုံးမျိုးရှိလေသည်။ ဖြစ်တတ်ပျက်တတ်သော သဘော, ဖြစ်ရာပျက်ရာ သဘောကို လောကဟူ၍ ခေါ်ဆို၏။ အဘိဓမ္မာသဘာဝ အားဖြင့် သက်ရှိခန္ဓာတရားအစုကို ဣန္ဒြိယဗဒ္ဓခန္ဓာဟူ၍ ခေါ်၏။ သက်မဲ့ခန္ဓာတရားအစုကို အနိန္ဒြိယဗဒ္ဓခန္ဓာဟူ၍ ခေါ်၏။

၁-သက်ရှိ = ဣန္ဒြိယဗဒ္ဓဖြစ်သော ခန္ဓာအပေါင်း ခန္ဓာအစဉ်ကို (အဆင်း စသည်တို့၌ တပ်မက်တတ်သောကြောင့် = သတ္တ+ ကုသိုလ်, အကုသိုလ် ထို၏အကျိုးတရားတို့ ဖြစ်ပွါးရာ ပျက်စီးရာ ဖြစ်သောကြောင့် = လောက = ဤသို့ အမည်နှစ်ပါးစပ်၍) သတ္တလောကဟု ခေါ်ဆို၏။

၃-အနိန္ဒြိယဗဒ္ဓဖြစ်သော သက်မဲ့ခန္ဓာအပေါင်း ခန္ဓာအစဉ်ကို (ဝါ) အနန္တစကြဝဠာ တုံ့ ဗိမာန်-စသည်များကို (တသ = ထိတ်လန့်ခြင်းမကင်းကြသေးသော ပုထုဇန် သောတာပန် သကဒါဂါမ် သတ္တဝါများ, ထာဝရ = ယင်းထိတ်လန့်ခြင်း ကင်းရှင်းကြနိုင်တည်တံ့ကြသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်များ = ဤသို့ တသ, ထာဝရအားဖြင့် နှစ်ထွေပြားကြသည့် သတ္တဝါများ၏ တည်နေရာဖြစ်သောကြောင့် ဩကာသ+ထိုသတ္တဝါများ၏ ဖြစ်ပွါးပျက်စီးရာ ဌာနဖြစ်သောကြောင့် လောက = ဤသို့ အမည်နှစ်ပါးကိုစပ်၍) ဩကာသလောကဟု ခေါ်ဆို၏။

၂-ဖော်ပြရာပါ သက်ရှိဣန္ဒြိယဗဒ္ဓခန္ဓာ,သက်မဲ့အနိန္ဒြိယဗဒ္ဓခန္ဓာ နှစ်မျိုးလုံးတို့ကိုပင် (အကြောင်းတရားတို့က ပြုပြင်အပ်သောကြောင့် သင်္ခါရ+ဖြစ်တတ်ပျက်တတ်သောကြောင့် လောက = ဤသို့ အမည်နှစ်ပါးကိုစပ်၍) သင်္ခါရလောကဟု ခေါ်ဆို၏။ ထိုဖော်ပြရာပါ လောကသုံးပါးကို ပိုင်းခြားထင်ထင် အကြွင်းမဲ့ သိမြင်တော်မူတတ်သော မြတ်စွာဘုရား-ဟု ဆိုလိုသည်။

WWW.DHAMMARANSI.COM



ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာရှိတိုင်း အနည်းငယ် ချဲ့၍ ပြဦးအံ့—
(၂) "ကော လောကော သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ = ခပ်သိမ်းသော သတ္တဝါတို့သည်ပင် ဆိုင်ရာအကြောင်းတရားလျှင် အခြေခံတည်ရာရှိကြကုန်မှုသည် တခုသော လောကမည်၏ (ပဋိသမ္ဘိဒါမဂ်၊ မျက်နှာ ၁၁၇)"-ဤသို့စသည်ဖြင့် လာရှိသော အရာ၌ လောကအရ သင်္ခါရလောကကို ကောက်ယူရသည်။ (ဤ၌ "ခပ်သိမ်းသော သတ္တဝါတို့သည်"ဟု သတ္တလောက အသံပါရှိသော်လည်း ပုဂ္ဂလာဓိဋ္ဌာန ဓမ္မဒေသနာ ပုဂ္ဂိုလ်ကို အခြေတည်၍ တရားသားကို ဟောကြားသော အရာဖြစ်သောကြောင့်၎င်း "ဆိုင်ရာအကြောင်းတရားလျှင် အခြေခံတည်ရာရှိကြမှု"သည် မုချအားဖြင့် သင်္ခါရတို့၏ သဘောသာဖြစ်၍ သတ္တဝါ၏သဘော မဟုတ်သောကြောင့်၎င်း ဤဒေသနာ၌ လောကအရ သင်္ခါရလောကကို ကောက်ယူရသည်)။

မြတ်စွာဘုရားသည် ထိုသင်္ခါရလောကသဘောကို ၁-ခပ်သိမ်းသော သင်္ခါရတို့၏ သက်ဆိုင်ရာအကြောင်းတရားလျှင် အခြေခံတည်ရာရှိကြမှု အနေအားဖြင့် တခုသောသင်္ခါရလောကကို၎င်း, ၂-နာမ်တရား ရုပ်တရားအနေအားဖြင့် နှစ်ပါးသော သင်္ခါရလောကတို့ကို၎င်း, ၃-ဝေဒနာသုံးပါး အနေအားဖြင့် သုံးပါးသော သင်္ခါရလောကတို့ကို၎င်း, ၄-အာဟာရလေးပါးအနေအားဖြင့် လေးပါးသော သင်္ခါရလောကတို့ကို၎င်း, ၅-ဥပါဒါနက္ခန္ဓာငါးပါးအနေအားဖြင့် ငါးပါးသော သင်္ခါရလောကတို့ကို၎င်း, ၆-အဇ္ဈတ္တိကာယတနခြောက်ပါး အနေအားဖြင့် သင်္ခါရလောကခြောက်ပါးတို့ကို၎င်း, ၇-ဝိညာဏဋ္ဌိတိခုနစ်ပါး အနေအားဖြင့် သင်္ခါရလောကခုနစ်ပါးတို့ကို၎င်း, ၈-လောကဓံရှစ်ပါး အနေအားဖြင့် သင်္ခါရလောက ရှစ်ပါးတို့ကို၎င်း, ၉-သတ္တာဝါသဘုံကိုးဝအနေအားဖြင့် သင်္ခါရလောကကိုးပါးတို့ကို၎င်း, ၁၀-ရုပ်အာယတနဆယ်ပါး အနေအားဖြင့် သင်္ခါရလောက ဆယ်ပါးတို့ကို၎င်း, ၁၁-အာယတန ဆယ့်နှစ်ပါး အနေအားဖြင့် သင်္ခါရလောက တဆယ့်နှစ်ပါးတို့ကို၎င်း, ၁၂-ဓာတ်တဆယ့်ရှစ်ပါး

WWW.DHAMMARANSI.COM



အနေအားဖြင့် သင်္ခါရလောက တဆယ့်ရှစ်ပါးတို့ကိုငင်း-၍သို့ အစရှိသော နည်းအားဖြင့် သင်္ခါရလောကရှိသမျှကို ခြင်းရာကုန် အောင် သိမြင်တော်မူလေသည်။

(၁) မြတ်စွာဘုရားရှင်သည် သင်္ခါရလောကကို ကြွင်းမဲ့ကုန်စင် သိမြင်တော်မူသကဲ့သို့ သတ္တလောက = သက်ရှိခန္ဓာအပေါင်း ကိုလည်း ကြွင်းမဲ့ကုန်စင် သိမြင်တော်မူလေသည်။ မှန်၏-မြတ်စွာ ဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့၏ ၁-အာသယကိုလည်း ပိုင်းခြားသိမြင်တော်မူ၏၊ ၂-အနုသယကိုလည်း ပိုင်းခြားသိမြင် တော်မူ၏၊ ၃-စရိုက်ကိုလည်း ပိုင်းခြားသိမြင်တော်မူ၏၊ ၄-အဓိ- မုတ္တိကိုလည်း ပိုင်းခြားသိမြင်တော်မူ၏၊ ဉာဏ်ပညာမျက်စိဝယ် ကိလေသာမြူမှုန် နည်းပါးကြသော သတ္တဝါတို့ကိုငင်း,ဉာဏ်ပညာ မျက်စိဝယ် ကိလေသာမြူမှုန် များပြားကြသော သတ္တဝါတို့ကိုငင်း, သဒ္ဓါစသောဣန္ဒြေငါးပါးတို့ ထက်မြက်သောသတ္တဝါ,နုံ့နှေးသော သတ္တဝါတို့ကိုငင်း ကောင်းသော အခြင်းအရာ (=ကောင်းသော ပြကဟေ့သဘော ဝင်္ဂကင်းခြင်းကို လိုလားသည့် ဆန္ဒသဘော) ရှိကြသော သတ္တဝါ, ထိုသဘောမရှိကြသော သတ္တဝါတို့ကိုငင်း သမ္မတ္တနိယာမ-ခေါ်သည့် မဂ်ဉာဏ်အမြင်ကို သိစေဖို့ရန် လွယ်ကူ ကြသည့် သဒ္ဓါ,ပညာရှိကြသော သတ္တဝါ, မရှိကြသော သတ္တဝါ တို့ကိုငင်း မဂ်ဖိုလ်၏အန္တရာယ်ကို ပြုတတ်သည့် ကံ,ကိလေသာ, ဝိပါက အပိတ်အပင် အဆီးအတားမှကင်းကြ၍ မဂ်ဖိုလ်ကိုရထိုက် သောသတ္တဝါ, ထိုအပိတ်အပင် အဆီးအတားရှိနေကြ၍ မဂ်ဖိုလ် ကို မရထိုက်သောသတ္တဝါတို့ကိုငင်း ပိုင်းခြားသိမြင်တော်မူ၏။

**၁-အာသယ။**　　။သတ္တဝါတို့၏ စိတ်ဓာတ်ကိန်းတည်ရာကို အာသယ-ဟူ၍ခေါ်၏။ သားသမင်သည် မိမိအလိုရှိရာ ဌာနဌ် တနေ့လုံးကျက်စားပြီးသော် တဖန်ပြန်လာ၍ မိမိ၏နေရာ တော အုပ်၌ပင် ကိန်းတည်နေထိုင်လေသည်၊ သို့ရကား တောအုပ်ကို သားသမင်၏ကိန်းတည်ရာ = အာသယဟူ၍ ခေါ်ဆိုအပ်လေ သည်။ ထို့အတူ သတ္တဝါတို့၏ စိတ်ဓာတ်သည်လည်း ထိုထိုအာရုံ တို့၌ အာဂန္တုဧည့်သည်သဘောဖြင့် လှည့်လည်ကျက်စား ဖြစ်ပွါး

WWW.DHAMMARANSI.COM



ပြီးနောက် အချို့ (ဝဋ္ဋနိဿိတ = သံသရာဝဋ်၌မှီကြသော) သတ္တဝါတို့၏ စိတ်ဓာတ်မှာ မိစ္ဆာဒိဋ္ဌိတရား၌ ကိန်းတည်နေထိုင်လေသည်၊ အချို့ (ဝိဝဋ္ဋနိဿိတ = ဝဋ်ကင်းရာ၌မှီကြသော+သုဒ္ဓ = စင်ကြယ်သော) သတ္တဝါတို့၏ စိတ်ဓာတ်မှာ ပညာတရား၌ ကိန်းတည်နေထိုင်ဖြစ်ပွါးလေသည်၊ သို့ရကား ထိုမိစ္ဆာဒိဋ္ဌိတရားနှင့် ပညာတရား = ဤနှစ်ပါးတို့ကို သတ္တဝါတို့၏ စိတ်ဓာတ် ကိန်းတည်ရာဖြစ်သောကြောင့် အာသယ-ဟူ၍ ခေါ်ဆိုလေသည်။

တဖန် ဒိဋ္ဌိအာသယမှုလည်း ၁-သဿတဒိဋ္ဌိအာသယ, ၂-ဥစ္ဆေဒဒိဋ္ဌိအာသယဟူ၍ = နှစ်မျိုးပြားပြန်လေသည်။ ပညာအာသယသည်လည်း ၁-အနုလောမခန္တီခေါ်သော ဝိပဿနာပညာအာသယ, ၂-မဂ်ဉာဏ်တည်းဟူသော ယထာဘူတဉာဏ်အမြင်အာသယဟူ၍ နှစ်မျိုးပြားပြန်လေသည်။

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ အာသယကို သိတော်မူရာ၌ ၁-ဤသတ္တဝါကား ဝဋ္ဋနိဿိတသတ္တဝါဖြစ်ပြီးလျှင် သဿတဒိဋ္ဌိတည်းဟူသော အာသယရှိသူ ဖြစ်သည် (= ဤသတ္တဝါ၏ စိတ်ဓာတ်သည် သဿတဒိဋ္ဌိ၌ အမြဲကိန်းတည်နေသည်)၊ ၂-ဤသတ္တဝါကား ဝဋ္ဋနိဿိတ သတ္တဝါပင်ဖြစ်ပြီးလျှင် ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော အာသယရှိသူဖြစ်သည် (= ဤသတ္တဝါ၏စိတ်ဓာတ်သည် ဥစ္ဆေဒဒိဋ္ဌိ၌ အမြဲကိန်းတည်နေသည်)၊ ၃-ဤသတ္တဝါကား ဝိဝဋ္ဋနိဿိတသတ္တဝါ သုဒ္ဓသတ္တဝါဖြစ်ပြီးလျှင် ဝိပဿနာဉာဏ်ပညာတည်းဟူသော အာသယဓာတ်ရှိသူ ဖြစ်သည် (= ဤသတ္တဝါ၏စိတ်ဓာတ်သည် ဝိပဿနာဉာဏ်ပညာ၌ အမြဲကိန်းတည်နေသည်)၊ ၄-ဤသတ္တဝါကား ဝိဝဋ္ဋနိဿိတသုဒ္ဓသတ္တဝါဖြစ်ပြီးလျှင် မဂ်ဉာဏ်တည်းဟူသော ယထာဘူတဉာဏ်အာသယရှိသူဖြစ်သည် (= ဤ သတ္တဝါ၏ စိတ်ဓာတ်သည် မဂ်ဉာဏ်ပညာ၌ အမြဲကိန်းတည်နေသည်) ဟူ၍ ပိုင်းပိုင်းခြားခြား သိမြင်တော်မူလေသည်။

၂-အနုသယ။ ။ သတ္တဝါတို့၏ သန္တာန်ဝယ် မဂ်ဉာဏ်ဖြင့် မပယ်သတ်ရသေးသမျှ ကာလပတ်လုံး သင့်လျော်လျောက်ပတ်

WWW.DHAMMARANSI.COM



သောအကြောင်းကို ရရှိလျှင် ဥပါဒ်, ဌီ, ဘင်အားဖြင့် အထင်အရှား ဖြစ်ပွါးဖို့ရန် အဖန်ဖန် ကိန်းတည်ရှိနေသော ကိလေသာ မျိုးစေ့ခာတ် ခုနစ်ပါးရှိလေသည်၊ ထို ခာတ်ခုနစ်ပါးတို့ကို အနုသယခာတ်ဟူ၍ ခေါ်၏။ ခုနစ်ပါးဟူသော်ကား ၁-ကာမရာဂါနုသယ = ကာမရာဂခေါ်သော လောဘကိလေသာ မျိုးစေ့ခာတ်, ၂-ဘဝရာဂါနုသယ = ဘဝရာဂခေါ်သော လောဘကိလေသာမျိုးစေ့ခာတ်, ၃-ပဋိဃာနုသယ = ဒေါသကိလေသာမျိုးစေ့ခာတ်, ၄-မာနာနုသယ = မာန်မာနကိလေသာမျိုးစေ့ခာတ်, ၅-ဒိဋ္ဌာနုသယ = ဒိဋ္ဌိကိလေသာမျိုးစေ့ခာတ်, ၆-ဝိစိကိစ္ဆာနုသယ = ဝိစိကိစ္ဆာကိလေသာမျိုးစေ့ခာတ်, ၇-အဝိဇ္ဇာနုသယ = မောဟကိလေသာမျိုးစေ့ခာတ် ဤ ခာတ်ခုနစ်မျိုးတို့ပင်တည်း။

မြတ်စွာဘုရားသည် သတ္တဝါတို့၏ အနုသယခာတ်ကို ပိုင်းခြားသိမြင်တော်မူရာ၌ ဤသတ္တဝါသည် ကာမရာဂါနုသယ မြောက်မြားအားကြီးသူ ဖြစ်သည်၊ ဤ သတ္တဝါကား ဘဝရာဂါနုသယ မြောက်မြားအားကြီးသူ ဖြစ်သည်၊ ဤ သတ္တဝါကား ပဋိဃာနုသယ၊ ( ပ )၊ မာနာနုသယ, ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ မြောက်မြားအားကြီးသူ ဖြစ်သည်၊ ဤသတ္တဝါကား အဝိဇ္ဇာနုသယ မြောက်မြားအားကြီးသူ ဖြစ်သည်-ဟူ၍ ပိုင်းပိုင်းခြားခြား သိမြင်တော်မူလေသည်။

ဤ၌ အနုသယကိလေသာနှင့်စပ်၍ အဝတ္ထာ = အခိုက်အတန့်သို့ လိုက်၍ ကိလေသာ သုံးမျိုးရှိသည်ကို သတိပြုမှတ်ယူရာ၏၊ သုံးမျိုးတို့ဟူသည်မှာ— (၁) အနုသယကိလေသာ = မျိုးစေ့ခာတ်ကိလေသာ, (၂) ပရိယုဋ္ဌာနကိလေသာ = ဥပါဒ် ဌီ ဘင်အားဖြင့် အထင်အရှား ဖြစ်ပွါးထကြွလာသောကိလေသာ, (၃) ဝီတိက္ကမကိလေသာ = ကိုယ်နှုတ်တို့ဖြင့် ကျူးကျော်ထိပါးလာသည်တိုင်အောင် ကြမ်းတမ်းလာသောကိလေသာ = ဤ သုံးမျိုးတို့ဖြစ်သည်။

WWW.DHAMMARANSI.COM



ပုထုဇန် သတ္တဝါတယောက်သည် ဒါနကောင်းမှု ပြုနေသည် ဆိုကြပါစို့၊ ထိုသို့ ဒါနကောင်းမှု ပြုနေ၍ မဟာကုသိုလ်စိတ်များ ဖြစ်ပွါးနေခိုက်မှာပင်သော်လည်း ထိုပုထုဇန်သတ္တဝါ၏ သန္တာန်ဝယ် မဂ်ဖြင့် မပယ်သတ်ရသေးသောကြောင့် သင့်လျော်လျောက်ပတ်သော ဣဋ္ဌအာရုံ ကာမဂုဏ်နှင့် တွေ့ကြုံလျှင် ဥပါဒ်, ဌီ, ဘင်အားဖြင့် လောဘတရား ထင်ရှားဖြစ်ပေါ်မည့် ကာမရာဂ ခေါ်သော လောဘကိလေသာမျိုးစေ့ဓာတ်ကား ကိန်းတည်လျက်ပင် ရှိနေလေသည်၊ ထိုလောဘကိလေသာမျိုးစေ့ဓာတ်ကို ကာမရာဂါနုသယကိလေသာ = လောဘမျိုးစေ့ဓာတ်ကိလေသာဟူ၍ ခေါ်ဆိုလေသည်။ နောက်တချိန်ဝယ် မိမိအလိုရှိအပ်သော ဣဋ္ဌအာရုံ ကာမဂုဏ်နှင့် တွေ့ကြုံသောအခါ ထိုကာမရာဂါနုသယကိလေသာမှပင် အကြောင်းရင်းအခြေခံပြု၍ ကာမရာဂလောဘကိလေသာများ တရိပ်ရိပ်တဖွားဖွား ဖြစ်ပွါးလာလေသည်၊ ထိုလောဘကိလေသာများကို ပရိယုဋ္ဌာနကိလေသာဟူ၍ ခေါ်ဆိုလေသည်။ ထိုသို့ ပရိယုဋ္ဌာနကိလေသာ ဖြစ်ပွါးလာသောအခါ သတိသံဝေဂရရှိ၍ ယောနိသောမနသိကာရဖြင့် ထိန်းသိမ်းစောင့်ရှောက်ပယ်ရှားနိုင်က ထိုမျှဖြင့် ရပ်စဲသွားနိုင်၏၊ ယောနိသောမနသိကာရကို မရပဲ အယောနိသောမနသိကာရ ဆက်လက်၍ အားကောင်းနေလျှင် ထိုသူ၏ သန္တာန်၌ ကာယကံကျူးလွန်မှု, ဝစီကံကျူးလွန်မှု = ပြုမှား, ပြောမှား အပြစ်များကို ဖြစ်ပွါးစေလျက် ထိုပရိယုဋ္ဌာနကိလေသာထက် ရုန့်ရင်းကြမ်းတမ်းစွာသော လောဘကိလေသာ ထင်ရှား ဖြစ်ပေါ်လာ၏၊ ထိုကဲ့သို့ ကာယကံကျူးလွန်မှု, ဝစီကံကျူးလွန်မှု = ပြုမှား, ပြောမှား အပြစ်များကို ဖြစ်ပွါးစေလျက် ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ပေါ်လာသော ထိုလောဘကိလေသာကို ဝီတိက္ကမကိလေသာဟူ၍ ခေါ်၏။ ဤကား အခိုက်အတန့် = အဝတ္ထာအားဖြင့် လောဘကိလေသာသုံးမျိုး ပြားပုံတည်း။ ကြွင်းသောဒေါသစသည်တို့၌လည်း ဤနည်းကိုမှီ၍ အခိုက်အတန့် = အဝတ္ထာအားဖြင့် ကိလေသာသုံးပါးစီပြားပုံကို သိမှတ်ရာ၏။

WWW.DHAMMARANSI.COM



၃-စရိတ။ ။စရိတ-ဟူသည် သုစရိုက် = ကောင်းမှု၊ ဒုစရိုက်= မကောင်းမှုတို့ကို ဆိုသည်။ တနည်း - ဤဘဝ၌ အဖြစ်များသော ရာဂ, ဒေါသ, မောဟ, သဒ္ဓါ, ဗုဒ္ဓိ = အသိဉာဏ်ပညာ, ဝိတက် = ဤ တရားခြောက်ပါးတို့ကို စရိုက်ခြောက်ပါး ဟူ၍ ခေါ်ဆိုသည်။ (ဤ၌ အတိတ်သံသရာ ဘဝအဆက်ဆက်က ပါလာသော ကောင်းမှု အထုံဓာတ်, မကောင်းမှု အထုံဓာတ်ကို ဝါသနာဟုခေါ်၍ ယခုဘဝ၌ အဖြစ်များသော ဖော်ပြရာပါ တရားခြောက်မျိုးကို စရိုက်ခေါ်၏-ဟု ဝါသနာနှင့် စရိုက်တို့၏ အထူးကို သတိပြုရာ၏)။

မြတ်စွာဘုရားသည် ခပ်သိမ်းသော သတ္တဝါတို့ကို စရိုက်အားဖြင့် ဤသတ္တဝါသည် သုစရိုက် = ကောင်းမှု ပြောများသူဖြစ်၏၊ ဤ သတ္တဝါကား ဒုစရိုက် = မကောင်းမှု ပြောများသူဖြစ်၏။ ဤ သတ္တဝါသည် ရာဂစရိုက် ပြောများသူ ဖြစ်၏၊ ဤသတ္တဝါကား ဒေါသစရိုက် ပြောများသူ, ဤ သတ္တဝါကား မောဟစရိုက် ပြောများသူ, ဤ သတ္တဝါကား သဒ္ဓါစရိုက် ပြောများသူ, ဤ သတ္တဝါကား ဗုဒ္ဓိစရိုက် ပြောများသူ, ဤ သတ္တဝါကား ဝိတက်စရိုက် ပြောများသူ ဖြစ်၏ဟု ပိုင်းခြားသိမြင်တော်မူသည့်ပြင် ထို သတ္တဝါတို့၏ စရိုက်များကို သဘာဝအားဖြင့်ရင်း ညစ်ညူးကြောင်း = သံကိလေသ, ဖြူစင်ကြောင်း = ဝေါဒါန အားဖြင့်ရင်း အကြောင်းရင်း = သမုဋ္ဌာန်အားဖြင့်ရင်း အကျိုးရင်း = ဖလ, အကျိုးဆက် = အာနိသံသအားဖြင့်ရင်း ဤသို့စသော အပြားဖြင့် ပိုင်းခြားကုန်စင် သိမြင်တော်မူလေသည်။

၄-အဓိမုတ္တိ။ ။ထိုထိုသတ္တဝါတို့၏ နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ကို အဓိမုတ္တိခေါ်၏။ ထိုအဓိမုတ္တိသည် (၁) ယုတ်ညံ့သော နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်တည်းဟူသော ဟီနာဓိမုတ္တိ, (၂) မြင့်မြတ်သော နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်တည်းဟူသော ပဏီတာဓိမုတ္တိ-ဟူ၍ နှစ်မျိုးပြားလေသည်၊ ယင်းအဓိမုတ္တိ = အဇ္ဈာသယဓာတ်ခံကြောင့်ပင် ယုတ်ညံ့သော နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ခံ ရှိကြသူများသည် မိမိတို့နှင့်

WWW.DHAMMARANSI.COM



သဘောတူ ထိုယုတ်ညံ့သော နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ခံ ရှိသူတို့နှင့် ပေါင်းသင်းကြ၍ မြင့်မြတ်သော နှလုံးသွင်း အလို အဇ္ဈာသယဓာတ်ခံရှိကြသူများလည်း မိမိတို့နှင့် သဘောတူ ထို မြင့်မြတ်သော နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ခံ ရှိသူတို့နှင့် ပေါင်းသင်းကြလေသည်။

မြတ်စွာဘုရားသည် သတ္တဝါတို့၏ နှလုံးသွင်း အလိုအဇ္ဈာ-သယဓာတ်ကို "ဤသတ္တဝါ၏ အဓိမုတ္တိ = နှလုံးသွင်း အလို အဇ္ဈာသယဓာတ်ကား ယုတ်ညံ့၏၊ ဤ သတ္တဝါ၏ အဓိမုတ္တိ = နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ကား မြင့်မြတ်၏၊ ထိုတွင်လည်း ဤသတ္တဝါ၏အဓိမုတ္တိ = နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ကား နုံ့နေး၍ ဤသတ္တဝါ၏ အဓိမုတ္တိ = နှလုံးသွင်း အလိုအဇ္ဈာသယ ဓာတ်ကား ထိုထက် နုံ့နေးပြီးလျှင် ဤ သတ္တဝါ၏ အဓိမုတ္တိ = နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ကား ထိုထက် အထူးသဖြင့် နုံ့နေး၏"ဟု ပိုင်းခြားထင်ထင် သိမြင်တော်မူလေသည်။ မှန်၏-သတ္တဝါတို့အဖို့ရာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတည်း ဟူသော ဇူန္ဒြေငါးပါး အထက် အနိမ့်သို့လိုက်၍ အဓိမုတ္တိ = နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်၏ ထက်မြက်မှု နုံ့နေးမှု = စသည် ဖြစ်ရလေသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် သက်ရှိခန္ဓာတည်းဟူသော သတ္တလောကကို အာသယလေးမျိုးအားဖြင့်၎င်း အနုသယခုနစ် မျိုးအားဖြင့်၎င်း စရိုက်သုံးမျိုး ( = အဘိသင်္ခါရသုံးမျိုး) တနည်း စရိုက်ခြောက်မျိုးအားဖြင့်၎င်း အဓိမုတ္တိအားဖြင့်၎င်း - ဤသို့အစ ရှိသော ရှေးဖော်ပြရာပါ အခြင်းအရာတို့ဖြင့် ကြွင်းမဲ့ကုန်စင် သိမြင်တော်မူလေသည်။

(၃) မြတ်စွာဘုရားရှင်သည် သတ္တလောကကို ပိုင်းခြား ကုန်စင် သိမြင်တော်မူသကဲ့သို့ ဩကာသလောက = သက်မဲ့ခန္ဓာ စကြဝဠာ ဘုံဗိမာန် တောတောင်စသည်တို့ကိုလည်း ကြွင်းမဲ့ ကုန်စင် သိမြင်တော်မူလေသည်။

WWW.DHAMMARANSI.COM



ထို စကားကို ရှဲ့ဦးအံ့—လောကဓာတ်တခုဟု ခေါ်ဆိုသော စကြဝဠာတိုက်ကြီး တခုမှာ ပတ်ဝန်းကျင် လေးမျက်နှာမှ ကျောက်တံတိုင်းကြီး ခတ်ထားသည့်ပမာ စကြဝဠာကျောက်တောင်ကြီး ဝိုင်းလျက်တည်ရှိလေသည် (=စက္က=လှည်းဘီးကြီး ရထားဘီးကြီးကဲ့သို့+ဝါဠ = ဝန်းဝိုင်း၍တည်နေသော ကျောက်တောင်ကြီး)။ ထိုစကြဝဠာကျောက်တောင်ကြီးဖြင့် ထက်ဝန်းကျင်မှ ဝန်းရံအပ်သောကြောင့် လောကဓာတ်တခုကို စကြဝဠာတိုက်ကြီးတခုဟူ၍ ခေါ်ဆိုအပ်လေသည်။ ထို စကြဝဠာတိုက် လောကဓာတ်ကြီး တခုမှာ အရှေ့နှင့် အနောက်အားဖြင့်၎င်း တောင်နှင့်မြောက်အားဖြင့်၎င်း ယူဇနာပေါင်း (၁၂၀၃၄၅၀) တသန်းနှစ်သိန်းသုံးထောင်လေးရာ့ငါးဆယ် ကျယ်ပြန့်လေသည်။ အဝန်းအဝိုင်းအားဖြင့် ယူဇနာပေါင်း (၃၆၁၀၃၅၀) သုံးသန်းခြောက်သိန်းတသောင်းသုံးရာ့ငါးဆယ် အဝန်းအဝိုင်း ရှိလေသည်။

ထို စကြဝဠာ လောကဓာတ်တိုက်တခု၌ မြေကြီးအထုကား ယူဇနာပေါင်း (၂၄၀၀၀၀) နှစ်သိန်းလေးသောင်း ရှိလေသည်၊ ထိုမြေထုတွင် အထက်ပိုင်းတဝက် = ယူဇနာပေါင်း တသိန်းနှစ်သောင်းမှာ- ပကတိမြေသားဖြစ်၍ အောက်ပိုင်းတဝက် = ယူဇနာပေါင်းတသိန်းနှစ်သောင်းမှာ ကျောက်သားမြေ ဖြစ်လေသည်။

ထို မြေအထုကို ယူဇနာပေါင်း (၄၈၀၀၀၀) လေးသိန်းရှစ်သောင်း အထုရှိသော အောက်ရေထုက ခံထားလေသည်။ ထိုရေထုအောက်မှ ယူဇနာပေါင်း (၉၆၀၀၀၀) ကိုးသိန်းခြောက်သောင်းရှိသော လေထုက ခံလင့်လေသည်။ ထို လေထု၏ အောက်၌ကား အဆုံးအပိုင်း အခြားမရှိသော ကောင်းကင်ကြီး သာလျှင် ဖြစ်လေ၏။ ဤကား စကြဝဠာ လောကဓာတ်တခု၏ အောက်ခံအောက်ပိုင်း မြေတည်နေပုံတည်း။

ဤသို့တည်ရှိနေသော မြေပြင်၏အထက် ဗဟိုချက်မဝယ် သမုဒြာအလယ်၌ ယူဇနာပေါင်း(၈၄၀၀၀)ရှစ်သောင်းလေးထောင်

WWW.DHAMMARANSI.COM



ရေတွင်မြုပ်၍ ယူဇနာပေါင်း (၈၄၀၀၀) ရှစ်သောင်း လေး ထောင်ပင် ရေမှအထက် စွင့်စွင့်တက်သော **မြင်းမိုရ်တောင်ကြီး** တည်ရှိလေသည်။

ထိုမြင်းမိုရ်တောင်၏ အပြင်ယံ ပဌမပတ်အနေဖြင့် ယူဇနာ ပေါင်း (၄၂၀၀၀)လေးသောင်းနှစ်ထောင် ရေတွင်မြုပ်၍ ထိုမျှ ယူဇနာပေါင်း လေးသောင်းနှစ်ထောင်ပင် ရေမှအထက် စွင့်စွင့် တက်သော **ယုဂန္ဓိုရ်တောင်** တည်ရှိလေသည်။ (၁)

ထိုယုဂန္ဓိုရ်တောင်၏ အပြင်ယံမှ ယူဇနာပေါင်းနှစ်သောင်း တထောင် ရေတွင်မြုပ်၍ ထိုမျှ ယူဇနာပေါင်း နှစ်သောင်း တ ထောင်ပင် ရေမှအထက် စွင့်စွင့်တက်သော **ဣသဓရတောင်** တည် ရှိလေသည်။ (၂)

ထိုဣသဓရတောင်၏ အပြင်ယံမှ ယူဇနာပေါင်း(၁၀၅၀၀) တသောင်းငါးရာ ရေတွင်မြုပ်၍ ထိုမျှ ယူဇနာပေါင်း(၁၀၅၀၀) တသောင်းငါးရာပင် ရေမှအထက် စွင့်စွင့်တက်သော **ကရဝီက တောင်** တည်ရှိလေသည်။ (၃)

ထိုကရဝီကတောင်၏ အပြင်ယံမှပတ်လျက် ယူဇနာပေါင်း (၅၂၅၀) ငါးထောင်နှစ်ရာငါးဆယ် ရေတွင်မြုပ်၍ ထိုမျှ ယူဇနာပေါင်း (၅၂၅၀) ငါးထောင်နှစ်ရာငါးဆယ်ပင် ရေမှ အထက် စွင့်စွင့်တက်သော **သုဒဿနတောင်** တည်ရှိလေသည်။(၄)

ထိုသုဒဿနတောင်၏ အပြင်ယံမှပတ်လျက် ယူဇနာပေါင်း (၂၆၂၅) နှစ်ထောင်ခြောက်ရာနှစ်ဆယ့်ငါးယူဇနာ ရေတွင်မြုပ် ၍ ထိုမျှ ယူဇနာပေါင်း (၂၆၂၅) နှစ်ထောင်ခြောက်ရာ နှစ်ဆယ့်ငါး ယူဇနာပင် ရေမှအထက် စွင့်စွင့်တက်သော **နေမိန္ဓရ တောင်** တည်ရှိလေသည်။ (၅)

ထိုနေမိန္ဓရတောင်၏ အပြင်ယံမှပတ်လျက် ယူဇနာပေါင်း (၁၃၁၂) တထောင်သုံးရာတဆယ့်နှစ်ယူဇနာနှင့် နှစ်ဂါဝုတ် ရေတွင်မြုပ်၍ ထိုမျှပင် ရေမှအထက် စွင့်စွင့်တက်သော **ဝိနတက တောင်** တည်ရှိလေသည်။ (၆)

WWW.DHAMMARANSI.COM



ထိုဝိနတကတောင်၏ အပြင်ယံမှပတ်လျက် ယူဇနာပေါင်း (၆၅၆)ခြောက်ရာငါးဆယ့်ခြောက်ယူဇနာနှင့်တဂါဝုတ် ရေတွင် မြုပ်၍ ထိုမျှပင် ရေမှအထက် စွင့်စွင့်တက်သော **အဿကဏ်တောင်** **တည်**ရှိလေသည်။ (၇)

ထိုအလယ်မဟုတ် မြင်းမိုရ်တောင်နှင့် တောင်ရံခုနစ်လုံးတို့၏ အကြားအကြား၌ သီဒါခေါ်သော မြစ်ကြီးခုနစ်တန် ခြားလျက် ခြားလျက် တည်ရှိလေသည်။

ထိုမြင်းမိုရ်တောင်၏ တောင်ဖက်မျက်နှာ ယမုဩာအတွင်း ပေါ်ထွန်း၍တည်နေသော ကျွန်းငယ်အရံငါးရာနှင့် တကွသော ကျွန်းကြီးကို ကျွန်းဦး၌ပေါက်သည့် **သပြေပင်**ကို အစွဲပြု၍ **ဇမ္ဗူဒီပါ** = လက်ျာတောင်ကျွန်းဟု ခေါ်သည်။

ထို့အတူ မြင်းမိုရ်တောင်၏ အနောက်ဖက်မျက်နှာ၌ ကျွန်းငယ် အရံငါးရာနှင့်တကွသော **အပရဂေါယာန** = အနောက်ကျွန်း, မြောက်ဖက်မျက်နှာ၌ ထို့အတူ **ဥတ္တရကုရု** = မြောက်ကျွန်း, အရှေ့ဖက်မျက်နှာ၌ **ပုဗ္ဗဝိဒေဟ** = အရှေ့ကျွန်းတို့ တည်ရှိကြလေသည်။

ဤဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၌ **ဟိမဝန္တာ**တောင်ကြီးသည် ယူဇနာငါးရာမြင့်၍ အလျား,အနံ ယူဇနာသုံးထောင် ကျယ်ပြန့်လေသည်။ တောင်ထွတ်ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် တန်းဆာဆင်အပ်လေသည်။

ဤဇမ္ဗူဒီပါကျွန်းဦးသပြေပင်၏ပမာဏမှာ— ပင်စည်အဝန်း တဆယ့်ငါးယူဇနာ, မြေပြင်မှ ခက်မအထိ ပင်စည်အမြင့် ယူဇနာ ငါးဆယ်, ခက်မကြီးများမှာလည်း ယူဇနာငါးဆယ်စီပင်ရှိကြ၍ ယူဇနာတရာ ပြန့်ကျယ်သော ရိပ်ဝန်းရှိလျက် အမြင့်ယူဇနာမှာလည်း တရာပင်ရှိလေသည်။

ဇမ္ဗူဒိပ်ကျွန်းဦး သပြေပင်ပမာဏအတိုင်းပင် အသုရာပြည် (မြင်းမိုရ်တောင်အောက်၌ တည်ရှိသော ရှေးတာဝတိံသာနတ်ဟောင်းများနေရာ) မှာရှိသော **သခွတ်ပင်**, ဂဠုန်ပြည်မှာရှိ

WWW.DHAMMARANSI.COM



သော လက်ပံပင်, အနောက်ကျွန်းဦးမှာရှိသော ထိန်ပင်, မြောက်ကျွန်းမှာတည်ရှိသော ပဒေသာပင်, အရှေ့ကျွန်းမှာ တည်ရှိသော ကုက္ကိုပင်, တာဝတိံသာနတ်ပြည်မှာတည်ရှိသော ပင်လယ်ကသစ်ပင် တို့သည်လည်း ပင်စည်လုံးပတ် တဆယ့်ငါးယူဇနာစီ, ပင်စည်အမြင့် ယူဇနာငါးဆယ်စီ, ခက်မကြီးများ ယူဇနာငါးဆယ်စီ, အပြန့်အကျယ် ယူဇနာ တရာစီ,အမြင့်ယူဇနာ တရာစီပင် ရှိကြလေသည်။ ဤသည်တို့ကို ကမ္ဘာပတ်လုံးတည်မည့် သစ်ပင်ကြီးခုနစ်ပင်တို့ဟူ၍ ခေါ်ဆိုအပ်ကုန်သည်။

စကြဝဠာတံတိုင်း ကျောက်တောင်ဝိုင်းကြီးမှာ ယူဇနာ (၈၂၀၀၀)ရှစ်သောင်းနှစ်ထောင် သမုဒ္ဒရာရေတွင်မြုပ်၍ ယူဇနာ (၈၂၀၀၀)ရှစ်သောင်းနှစ်ထောင်ပင် ရေမှအထက် ငွင့်ငွင့်တက် (မြင့်)လျက် ဖော်ပြရာပါ လောကဓာတ်တခုကို ဝန်းရံပတ်လျက် တည်ရှိလေသည်။

(ဇမ္ဗူဒီပါကျွန်းသည် လှည်းဦးသဏ္ဌာန်, အပရဂေါယာန= အနောက်ကျွန်းသည် ကြေးမုံ(မှန်အပြင်)သဏ္ဌာန်,ပုဗ္ဗဝိဒေဟ=အရှေ့ကျွန်းသည် လ-ခြမ်းသဏ္ဌာန်,ဥတ္တရကုရု=မြောက်ကျွန်းသည် အင်းပျဉ်သဏ္ဌာန်(၄-ထောင့်)ဖြစ်၍ ထိုထိုကျွန်းကြီးတို့နှင့် အရံကျွန်းငယ်ဌ ဖြစ်ပွါးတည်နေကြသော လူတို့၏ မျက်နှာမှာလည်း ထိုထိုကျွန်းသဏ္ဌာန်ပင်ဖြစ်၏-ဟု ဆရာတို့ ဆိုကြကုန်၏။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာ ပဌမအုပ်၊ မျက်နှာ၂၄၃-မှ)။

ထိုလောကဓာတ် စကြဝဠာတခုအတွင်း၌ တည်ရှိသော လ-ဗိမာန်သည် ၄၉-ယူဇနာရှိ၏၊ နေဗိမာန်သည် ယူဇနာ ၅၀-ရှိ၏။ တာဝတိံသာနတ်ပြည်, အသုရာနတ်ပြည်, အဝီစိငရဲကြီး,ဇမ္ဗူဒီပါကျွန်း = ဤလေးဌာနတို့မှာ ယူဇနာ (၁၀၀၀၀) တသောင်းစီ ကျယ်ပြန့်ကုန်၏ (သောင်းလေးရပ်ခေါ်၏)။ အပရဂေါယာန = အနောက်ကျွန်းမှာ ယူဇနာ(၇၀၀၀)ခုနစ်ထောင်,ပုဗ္ဗဝိဒေဟ = အရှေ့ကျွန်းမှာ ထိုအတူ ယူဇနာ(၇၀၀၀)ခုနစ်ထောင်,ဥတ္တရကုရု = မြောက်ကျွန်းမှာ ယူဇနာ (၈၀၀၀)ရှစ်ထောင် ကျယ်ပြန့်လေသည်။ ထိုဖော်ပြရာပါ အလုံးစုံသည် စကြဝဠာ တိုက်တခု

WWW.DHAMMARANSI.COM



လောကဓာတ်တိုက်တခုမည်လေသည်။ လောကဓာတ်သုံးခုဆုံရာ၌ **လောကန္တရိက်ငရဲကြီးများ** ရှိလေသည်။

ထိုလောကဓာတ် စကြဝဠာတိုက်ကြီး တခုတခု၌ မြေအပြင်ဝယ် လူ့ဘုံနှင့်စပ်လျက် တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံ တည်းဟူသော အပါယ်သုံးဘုံ တည်ရှိ၍ အောက်မြေအတွင်း၌ ငရဲကြီးရှစ်ထပ်တို့ အရံဥဿဒ ငရဲငယ်များ ရံလျက် တည်ရှိလေသည်၊ ငရဲ, တိရိစ်, ပြိတ်, အသုရာ = ဤလေးဖြာသောဘုံများကို **အပါယ်လေးဘုံ** ခေါ်ဆိုလေသည်။

မြေအပြင်၌ လူ့ဘုံတည်ရှိ၍ ယုဂန်ထိပ်ဖျားမြင်းမိုရ်ခါး၌ စတုမဟာရာဇ်နတ်ဘုံ, မြင်းမိုရ်တောင်ထိပ်၌ တာဝတိံသာနတ်ဘုံ (ဤနတ်ဘုံနှစ်မျိုးကား မြေနှင့်စပ်ဆက်မှုရှိသည်)၊ ထို၏ အထက်ကောင်းကင်၌ ယာမာနတ်ဘုံ, ထို၏အထက်၌ တုသိတာနတ်ဘုံ, ထို၏အထက်၌ နိမ္မာနရတိနတ်ဘုံ, ထို၏အထက်၌ ပရနိမ္မိတဝသဝတ္တိနတ်ဘုံတို့တည်ရှိလေသည်။ ဤဆိုအပ်ပြီးသော လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်ကို **ကာမသုဂတိခုနစ်ဘုံ** ဟုခေါ်သည်။ အောက်အပါယ်လေးဘုံနှင့် ဤကာမသုဂတိ ခုနစ်ဘုံတို့ကို ပေါင်း၍ **ကာမ(၁၁)တဆယ့်တဘုံ** ဟုခေါ်သည်။

ကာမာဝစရ နတ်ပြည် ခြောက်ထပ်၏ အထက်၌ ဗြဟ္မပါရိသဇ္ဇာဘုံ, ဗြဟ္မပုရောဟိတာဘုံ, မဟာဗြဟ္မာဘုံ တည်းဟူသော ရူပါဝစရ ပဌမဈာန်သုံးဘုံတို့ တပြင်တည်း တည်ရှိလေသည်။ ထို၏အထက်၌ ပရိတ္တာဘာဘုံ, အပ္ပမာဏာဘာဘုံ, အာဘဿရာဘုံတည်းဟူသော ရူပါဝစရ ဒုတိယဈာန် ဗြဟ္မာဘုံသုံးဘုံတို့ တပြင်တည်း တည်ရှိလေသည်။ ထို၏အထက်၌ ပရိတ္တသုဘာဘုံ, အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ တည်းဟူသော ရူပါဝစရ တတိယဈာန် ဗြဟ္မာဘုံသုံးဘုံတို့ တပြင်တည်း တည်ရှိလေသည်။ ထို၏အထက်၌ ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ, အသညသတ် ဗြဟ္မာဘုံ, (တပြင်တည်း တည်သည်၊) ထို၏အထက်၌ အဝိဟာဘုံ, ထို၏အထက်၌ အတပ္ပါဘုံ, ထို၏အထက်၌ သုဒဿာဘုံ, ထို၏အထက်၌ သုဒဿီဘုံ, ထို၏အထက်၌ အကနိဋ္ဌဘုံတည်းဟူသော သုဒ္ဓါ-

WWW.DHAMMARANSI.COM



ဝါသ ဗြဟ္မာဘုံ ငါးဘုံတို့ အဆင့်ဆင့်တည်ရှိကြလေသည်။ ဝေဟပ္ဖိုလ်ဘုံ,အသညသတ်ဘုံနှင့် သုဒ္ဓါဝါသငါးဘုံ = ဤခုနစ်ဘုံတို့ကို ရူပါဝစရ စတုတ္ထဈာန်ဘုံ ခုနစ်ဘုံဟုခေါ်သည်။ ပေါင်းလျှင် **ရူပါဝစရ ဗြဟ္မာဘုံ (၁၆) တဆယ့်ခြောက်ဘုံဖြစ်၏။**

ထို ရူပါဝစရဗြဟ္မာဘုံ (၁၆) တဆယ့်ခြောက်မှ အထက်ကောင်းကင်၌ အာကာသာနဉ္စာယတန (အရူပ) ဗြဟ္မာဘုံ, ထို၏အထက်၌ ဝိညာဏဉ္စာယတန (အရူပ) ဗြဟ္မာဘုံ, ထို၏အထက်၌ အာကိဉ္စညာယတန (အရူပ) ဗြဟ္မာဘုံ, ထို၏အထက်၌ နေဝသညာနာသညာယတန (အရူပ) ဗြဟ္မာဘုံ = ဤ **အရူပဗြဟ္မာဘုံ လေးဘုံတို့** အဆင့်ဆင့် တည်ရှိကြလေသည်။ ရူပါဝစရ ဗြဟ္မာဘုံ (၁၆)ဘုံနှင့် ပေါင်းလျှင် ဗြဟ္မာဘုံ (၂၀)နှစ်ဆယ်ဖြစ်၏။ ထို ဗြဟ္မာဘုံ (၂၀)နှစ်ဆယ်နှင့် ကာမ (၁၁) တဆယ့်တဘုံ ပေါင်းသော် (၃၁) သုံးဆယ့်တဘုံဖြစ်၏။ ဤကား စကြဝဠာတိုက်တခု လောကဓာတ် တခု၌ (၃၁) သုံးဆယ့်တဘုံတို့ တည်နေဟန် အမြွက်တည်း။

-ဤသို့လျှင် အနန္တစကြဝဠာ အနန္တလောကဓာတ် တိုက်တည်းဟူသော ဩကာသလောကကိုလည်း မြတ်စွာဘုရားသည် အနန္တဉာဏ်တော်ဖြင့် ပိုင်းခြားထင်ထင် သိမြင်တော်မူလေသည်။ ဤသို့ သတ္တလောက, သင်္ခါရလောက, ဩကာသလောက တည်းဟူသော လောကသုံးပါးကို အကြွင်းမရှိ သိတော်မူတတ်သော ဉာဏ်တော်ကား လောကဝိဒူဂုဏ်တော်ဖြစ်၍ ဘုရားဒြဗ်တော်ကား ဂုဏ်တော်ရှင်ဖြစ်လေသည်။ ဂုဏ်တော်အနက်ရင်းကို ပြန်၍ကြည့်ရှုရာ၏။

လောကဝိဒူဂုဏ်တော် ပြီး၏။

### (၆) အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်

ဤအနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်အရာ၌ အဋ္ဌကထာ (ဝိသုဒ္ဓိမဂ်)ဝယ် အနုတ္တရောအရ အနုတ္တရဂုဏ်တော်တပါး, ပုရိ-

WWW.DHAMMARANSI.COM



သဒ္ဓမ္မသာရထိအရ ဂုဏ်တော်တပါး = ဤသို့ ဂုဏ်တော်နှစ်ပါး ခွဲ၍တနည်း၊ နှစ်ပါးလုံးကိုပေါင်း၍ အနုတ္တရောပုရိသဒမ္မသာရထိ ဂုဏ်တော်တပါး အနေအားဖြင့် တနည်း = ဤသို့ နှစ်နည်းဖွင့် သည့်အတိုင်း ဖော်ပြပေအံ့—

(က) **အနုတ္တရဂုဏ်တော်။** ။သီလအစရှိသော ဂုဏ်ကျေးဇူးတို့ ဖြင့် ကိုယ်တော်မြတ်ထက် သာလွန်မြင့်မြတ်သူ တလူမျှမရှိပဲ ကိုယ် တော်မြတ်ကသာ ထိုကျေးဇူးတို့ဖြင့် အလုံးစုံသော သတ္တလောက ကို လွှမ်းမိုးတည်တော်မူသောကြောင့် မြတ်စွာဘုရားသည် အနု- တ္တရ မည်တော်မူလေသည်။ ချဲ့ဦးအံ့– မြတ်စွာဘုရားသည် သီလ ဂုဏ်ကျေးဇူးအားဖြင့်လည်း အလုံးစုံသော လောကကို လွှမ်းမိုး (သာလွန်)၍တည်တော်မူ၏၊ သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ် ကျေးဇူးအားဖြင့်လည်း အလုံးစုံသော လောကကို လွှမ်းမိုး (သာလွန်)၍ တည်တော်မူ၏။ ထို့ကြောင့် အလုံးစုံသော လောကထက် သာလွန်သော သီလ, သမာဓိ, ပညာ, ဝိမုတ္တိ,ဝိမုတ္တိဉာဏဒဿနဂုဏ်ကျေးဇူးတို့မှာ အနုတ္တရ ဂုဏ်တော် ဖြစ်၍ ဘုရားမြတ်တော်မှာ ဂုဏ်တော်ရှင်ဖြစ်လေသည်။

( ခ ) **ပုရိသဒမ္မသာရထိဂုဏ်တော်။** ။ဆုံးမသင့်သော သတ္တဝါတို့ ကို ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သော မြတ်စွာဘုရား ဟု ဆိုလိုသည်။(ပုရိသဒမ္မ = ဆုံးမသင့်သော သတ္တဝါတို့ကို+ သာရ- ထိ = ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သော မြတ်စွာဘုရား)။ ဤ၌ ဆုံးမသင့်သော သတ္တဝါတို့ဟူသည် မယဉ်ကျေးကြသေး သဖြင့် ယဉ်ကျေးအောင်ဆုံးမထိုက်သော တိရစ္ဆာန်သတ္တဝါ, လူ သတ္တဝါ, နတ်သတ္တဝါတို့တည်း။ ချဲ့ဦးအံ့– မြတ်စွာဘုရားသည် အပလာလနဂါးမင်း စူဠောဒရနဂါးမင်း မဟောဒရနဂါးမင်း အဂ္ဂိသိခနဂါးမင်း ဓူမသိခနဂါးမင်း အရဝါဠနဂါးမင်း ဓနပါလ ဆင်မင်း-အစရှိသော တိရစ္ဆာန် သတ္တဝါတို့ကိုလည်း ယဉ်ကျေး အောင် အဆိပ်ကင်းအောင် ဆုံးမတော်မူပြီးလျှင် သရဏဂုံသီလ တို့၌ တည်စေတော်မူ၏။ နိဂဏ္ဌသား သစ္စကပရိဗိုဇ်, အမ္ဗဋ္ဌ လုလင်, ပေါက္ခရသာတိပုဏ္ဏားပဏ္ဍိတ်,သောဏဒဏ္ဍပုဏ္ဏား,ကူဋ-

WWW.DHAMMARANSI.COM



ဒန္တပုဏ္ဏားစသော လူသတ္တဝါတို့ကိုင်း, အာဠဝကဘီလူး သူစိလောမဘီလူး ခရလောမဘီလူး သိကြားမင်း-စသောနတ်သတ္တဝါတို့ကိုင်း ယဉ်ကျေးအောင် ဆုံးမတော်မူလေသည်။

မြတ်စွာဘုရားသည် လုံးဝမယဉ်ကျေးသေးသောသတ္တဝါတို့ကိုသာ ယဉ်ကျေးအောင် ဆုံးမတော်မူသည်မဟုတ်သေး၊ စင်စစ်သော်ကား သီလဝိသုဒ္ဓိရှိပြီးသော ပုဂ္ဂိုလ်စသည်တို့အား ပဌမဈာန်စသည်ကို ရရှိအောင် သောတာပန် အရိယာ စသည်တို့အား အထက်ဖြစ်သော မဂ်တို့ကိုရရှိအောင် နည်းလမ်း အကျင့်ပဋိပတ်ကို ဟောကြားညွှန်ပြတော်မူခြင်းဖြင့် အစိတ်အဝက် ယဉ်ကျေးပြီးသော သတ္တဝါတို့ကိုလည်း အရဟတ္တဖိုလ်ပေါက် အထွတ်အထိပ်ရောက် ယဉ်ကျေးအောင် ဆုံးမတော်မူသည်သာလျှင်တည်း။ ထို့ကြောင့် ဤပုရိသဒမ္မသာရထိဂုဏ်တော်အရာ၌ "လုံးဝမယဉ်ကျေးသေးသော သတ္တဝါတို့ကို အောက်အောက်ဖြစ်သော သီလ-စသော ဂုဏ်ကျေးဇူးသို့ ရောက်ရှိအောင်, အောက်အောက်ဖြစ်သော ဂုဏ်ကျေးဇူးသို့ရောက်ရှိပြီးသော (အစိတ်အဝက်ယဉ်ကျေးပြီး) သတ္တဝါတို့ကိုလည်း အထက်အထက်ဂုဏ်ကျေးဇူးသို့ အရဟတ္တဖိုလ်ပေါက် ရောက်ရှိအောင် ဆုံးမနည်းညွှန်တော်မူတတ်သော မြတ်စွာဘုရား" ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမနည်းညွှန်ပြတတ်သည့် ဒေသနာဉာဏ်တော်သည် ပုရိသဒမ္မသာရထိ ဂုဏ်တော်ဖြစ်၍ မြတ်စွာဘုရား ဒြပ်တော်သည် ဂုဏ်တော့်ရှင်ဖြစ်လေသည်။

တနည်း—အနုတ္တရောနှင့် ပုရိသဒမ္မသာရထိ နှစ်ရပ်ပေါင်း၍ အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်တပါး အနေအားဖြင့် မှတ်ယူရာ၏။ မယဉ်ကျေးသေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှုဝယ် အတုမရှိ သာလွန်မြင့်မြတ်တော်မူသော မြတ်စွာဘုရား-ဟု ဆိုလို၏။ ထင်ရှားစေဦးအံ့–ဆင်ဆရာ, မြင်းဆရာ, နွားဆရာတို့သည် ဆင်,မြင်း,နွား (မယဉ်ကျေးကြသည်) များကို ယဉ်ကျေးအောင် ဆုံးမကြသည် ဆိုရငြားသော်လည်း တနေရာတည်း တထိုင်တည်းဖြင့် ထိုဆင်, မြင်း, နွားတို့ကို အပြီးတိုင်

WWW.DHAMMARANSI.COM



ယဉ်ကျေးအောင် ဆုံးမနိုင်ကြသည် မဟုတ်ကြကုန်၊ နေ့ရက်လရှည်ကြာစွာ အကြိမ်ကြိမ်ဆုံးမ၍ ယဉ်ကျေးကြပြီဟု ဆိုရငြားသော်လည်း ထိုဆရာတို့ သင်ကြားဆုံးမအပ်သော ဆင်လိမ္မာ, မြင်းလိမ္မာ, နွားလိမ္မာတို့မှာ အပြီးတိုင်စင်စစ် လိမ္မာကြသည် မဟုတ်ကုန်၊ တရံတခါ စိတ်ဖောက်၍ ကာယ ကအောက် ပြုလုပ်တတ်ကြလေသည်။ မြတ်စွာဘုရားရှင်သည်ကား သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမရာဝယ် တနေရာတည်း တထိုင်တည်း ဖြင့် ပင်ဝိမောက္ခတရား ရှစ်ပါးရောက် ယဉ်ကျေးအောင် အရဟတ္တဖိုလ်ပေါက် ယဉ်ကျေးအောင် ဆုံးမတော်မူလေသည်၊ ယင်းသို့ အရဟတ္တဖိုလ်ပေါက် ယဉ်ကျေးခြင်း အထွတ်အထိပ်သို့ ရောက်ပြီးသော ဝေနေယျသတ္တဝါတို့မှာ ဘယ်သောအခါမှ စိတ်ဖောက်၍ ကာယိကအောက် ပြုလုပ်ကြသောဟူ၍ မရှိတော့ပဲ အပြီးတိုင် ယဉ်ကျေးကြလေတော့သည်။ ထို့ကြောင့် မယဉ်ကျေးသော သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှုဝယ် မြတ်စွာဘုရားရှင်သည်သာလျှင် အတုမရှိ သာလွန် မြင့်မြတ်တော်မူလေသည်။ သို့ရကား သတ္တဝါတို့ကို ယဉ်ကျေးအောင် ဆုံးမမှုဝယ် အတုမရှိ သာလွန် မြင့်မြတ်သော မြတ်စွာဘုရား၏ ဒေသနာဉာဏ်တော် စသည်များသည် အနုတ္တရော ပုရိသဒမ္မသာရထိ ဂုဏ်တော်ဖြစ်၍ ဘုရားဖြစ်တော်မှာ ဂုဏ်တော့ရှင် ဖြစ်လေသည်။

အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော် ပြီး၏။

## (၇) သတ္ထာဒေဝမနုဿာနံဂုဏ်တော်

မျက်မှောက်ဘဝအကျိုး, တမလွန်ဘဝအကျိုး, နိဗ္ဗာန်တည်းဟူသော ပရမတ္ထ အကျိုး = ဤအကျိုးသုံးမျိုးရရှိအောင် နတ်လူတို့အား ထိုက်သည်အားလျော်စွာ သင်ကြားပြသ ဆိုဆုံးမတော်မူတတ်သော မြတ်စွာဘုရားဟု ဆိုလိုသည်။ မှန်၏–မြတ်စွာဘုရားသည် သတ္တဝါတို့ကို ချင်းတို့၏ ဥပနိဿယ ကောင်းမှုကံအကြောင်း အလျောက် အချို့ကို မျက်မှောက်ဘဝ အကျိုးရအောင်, အချို့ကို တမလွန်ဘဝ အကျိုးရအောင်, အချို့ကို မျက်မှောက်ဘဝ တမလွန်ဘဝ အကျိုးနှစ်ပါးရအောင်, အချို့ကို

WWW.DHAMMARANSI.COM



ပရမတ္ထနိဗ္ဗာန် အကျိုးရအောင် သင်ကြားဟောပြ ဆိုဆုံးမတော်မူလေသည်။ ထို့ကြောင့် နတ်လူတို့အား မျက်မှောက် အကျိုး, တမလွန်အကျိုး,နိဗ္ဗာန်အကျိုး = ၃ုံသုံးမျိုးရရှိအောင် သင်ကြားဟောပြ ဆိုဆုံးမသော ဒေသနာဉာဏ်တော်-စသည်သည် သတ္ထာ-ဒေဝမနုဿာနံ ဂုဏ်တော်ဖြစ်၍ ဘုရားဒြဗ်သည် ဂုဏ်တော်ရှင်ဖြစ်လေသည်။

တနည်းကား—နတ်လူတို့၏ လှည်းမှူးကြီးသဖွယ် ဖြစ်တော်မူသောကြောင့် မြတ်စွာဘုရားသည် သတ္ထာဒေဝမနုဿာနံ - မည်တော်မူလေသည်။ ထင်ရှားစေဦးအံ့—ရေမရှိသည့် အသွားရခက်သောခရီးကို ကန္တာရခေါ်၏ (ကံ = ရေကို, တာရ = လွန်သောခရီးဟု ဆိုလိုသည်)၊ ကန္တာရဟူသောပုဒ်သည် ဝိဂ္ဂဟ်ဝစနတ္ထပြုစဉ်အခါ ရေမရှိသော ခရီးခဲ = နိရုဒကကန္တာရကို ဟောသော်လည်း ရုပ်ပြီးသောအခါ သဒ္ဒါစည်းကမ်း သဒ္ဒါသဘောအရ ခရီးခဲသာမည်ကို ဟောလေသည်၊ ထို့ကြောင့် ကန္တာရပုဒ်ကို ခရီးခဲဟုသာ အနက်မြန်မာ ပြန်ဆိုရလေသည်။ ထိုခရီးခဲကား ၁-**စောရကန္တာရ** = လူဆိုးတို့ သောင်းကျန်း ထကြွသောခရီးခဲ, ၂-**ဝါဠ-ကန္တာရ** = ခြင်္သေ့ သစ်ကျား သားကောင်ရဲများ သောင်းကျန်းထကြွသောခရီးခဲ, ၃-**ဒုဗ္ဘိက္ခကန္တာရ** = အစာထမင်း မရှိခေါင်းပါးသောခရီးခဲ,၄-**နိရုဒကကန္တာရ** = ရေမရှိသော ရေပြတ်သောခရီးခဲ, ၅-**ယက္ခကန္တာရ** = ဘီလူးစိုးအုပ်သောခရီးခဲဟူ၍ = ငါးမျိုးရှိလေသည်။

လှည်းမှူး ယာဉ်မှူး ကုန်သည်မှူးသည် မိမိနှင့်အတူပါသော လှည်းကုန်သည် အပေါင်းကို ဖော်ပြရာပါခရီးခဲငါးမျိုးကို လွန်မြောက်ကျော်နင်းနိုင်ကြအောင် စောင့်ရှောက်သကဲ့သို့ ဘေးမဲ့မြေသို့ရောက်အောင် ပို့ဆောင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားတည်းဟူသော လှည်းမှူး ကုန်သည်မှူးသည်လည်း ဘဝခရီးသွား သတ္တဝါအများတည်းဟူသော ကိုယ်တော်နှင့်အတူပါ ကုန်သည်အပေါင်းတို့ကို ဇာတိခရီးခဲ, ဇရာခရီးခဲ, ဗျာဓိခရီးခဲ, မရဏခရီးခဲ, သောက, ပရိဒေဝ, ဒုက္ခ-ဒေါမနဿ, ဉပါယာသခရီးခဲ, ရာဂ

WWW.DHAMMARANSI.COM



ခရီးခဲ, ဒေါသခရီးခဲ, မောဟ, မာန, ဒိဋ္ဌိ, ဒုစရိုက်ခရီးခဲကို လွန်မြောက်စေကာ နိဗ္ဗာန်တည်းဟူသော ဘေးမဲ့မြေသို့ ရောက်စေတော်မူ ပို့ဆောင်တော်မူလေသည်။ ထို့ကြောင့် သတ္တဝါတို့ကို နိဗ္ဗာန်သို့ ရောက်စေကြောင်း ပို့ဆောင်ကြောင်းဖြစ်သော တရားဒေသနာတော်သည် ဂုဏ်တော်ဖြစ်၍ ဘုရားဒြဗ်တော်သည် ဂုဏ်တော်ရှင်ဖြစ်လေသည်။

(ဤသတ္ထာဒေဝမနုဿာနံ - ဂုဏ်တော်၌ ဒေဝမနုဿာနံ= နတ်လူတို့၏-ဟု အထူးဆိုခြင်းကား ဥက္ကဋ္ဌ=မြတ်သောသတ္တဝါ, ဘဗ္ဗ=ကျွတ်ထိုက်သော သတ္တဝါတို့ကို ပိုင်းခြား၍ပြသောအနေဖြင့် ဟောဆိုခြင်းဖြစ်လေသည်၊ စင်စစ်သော်ကား မြတ်စွာဘုရားသည် တိရစ္ဆာန်သတ္တဝါတို့ကိုလည်း အဆုံးအမ ဩဝါဒကို ပေးသောအားဖြင့် ဘဝခရီးခဲကို လွန်မြောက်အောင် ပို့ဆောင်တော်မူသည်သာဖြစ်၏၊ မှန်၏-တိရစ္ဆာန်သတ္တဝါတို့သည်လည်း မြတ်စွာဘုရား၏ တရားတော်ကို နာရခြင်းဖြင့် မဂ်ဖိုလ်ရကြောင်း ကောင်းမှုဥပနိဿယနှင့် ပြည့်စုံကြပြီးလျှင် ထိုသို့ ဥပနိဿယနှင့် ပြည့်စုံခြင်းကြောင့်ပင် ဒုတိယဘဝ သို့မဟုတ် တတိယဘဝ၌ မဂ်ဖိုလ်ကို ရရှိကြလေသည်။ ဤအရာ၌ အဋ္ဌကထာဝယ် မဏ္ဍူကဒေဝပုတ္တ=ဖားနတ်သားဝတ္ထုကို ဤသို့ထုတ်ပြတော်မူအပ်သည်—

## မဏ္ဍူကဒေဝပုတ္တ=ဖားနတ်သားဝတ္ထု

အခါတပါး၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် စမ္ပာပြည်ကို ဂေါစရဂါမ်ပြု၍ ဂဂ္ဂရာရေကန်၏အနီး ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေထိုင်တော်မူဆဲဖြစ်၏။ တနေ့သ၌ မြတ်စွာဘုရားသည် မိုးသောက်ထအခါ ဘုရားတို့မွေ့တော် မဟာကရုဏာသမာပတ်ကို ဝင်စား၍ ထိုသမာပတ်မှထပြီးလျှင် သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူလေသော် "ယနေ့ ငါဘုရား ညနေချမ်းအခါ၌ တရားဟောလျှင် ဖားငယ်တကောင်သည် ငါဘုရား၏ တရားသံ၌ အာရုံနိမိတ် ရယူနေစဉ် သူတပါးလှံ့လဖြင့် စုတိပြတ်ကြွေ သေလွန်၍ နတ်ပြည်၌ ဖြစ်ပြီးလျှင် များစွာသောနတ်အခြံအရံဖြင့် ငါဘုရားအထံသို့ လူအများကြည့်ရှုစဉ် လာရောက်ပေလိမ့်မည်၊ ထိုအစည်းအဝေး၌ များစွာသောသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြပေလိမ့်မည်"ဟု သိမြင်တော်မူပြီးနောက် နံနက်အခါ စမ္ပာပြည်တွင်း ဆွမ်းခံလှည့်လည်တော်မူ၍ ဆွမ်းကိစ္စပြုပြီးလတ်သော် ကျောင်းတိုက်သို့တဖန် ပြန်ကြွတော်မူ

WWW.DHAMMARANSI.COM



လာ၍ ရဟန်းတော်များ ဝတ်ပြုကြ၍ မိမိ မိမိတို့နေရာ နေ့သန့်ရာဌာနသို့ သွားကြလေလျှင် ဂန္ဓကုဋိကျောင်းတော်သို့ ဝင်၍ အရဟတ္တဖိုလ် သမာပတ်ချမ်းသာဖြင့် နေ့အဖို့(နေ့ပိုင်း)အချိန်ကို ကုန်လွန်စေတော်မူ၏။

ညနေချမ်းအခါ၌ ပရိသတ်လေးပါးတို့ စုံညီစည်းဝေးကြလတ်သော် မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိကျောင်းတော်မှ ထွက်ကြွ၍ ထိုခဏအား လျောက်ပတ်သော ပြာဋိဟာဖြင့် ဂဂ္ဂရာရေကန်၏အနီး၌ တရားမဏ္ဍပ်သို့ ဝင်တော်မူကာ ဗုဒ္ဓါသန ဓမ္မပလ္လင်၌ ထိုင်နေတော်မူလျက် ပရိသတ် လေးပါးတို့အား တရားဒေသနာမိုး ရွာသွန်းတော်မူလေ၏။

ထိုခဏ၌ ဖားငယ်တကောင်သည် ရေကန်မှတက်ခဲ့၍ "ဤအသံကား ဓမ္မကို ဟောဆိုအပ်သောအသံ ဖြစ်လေသည်"ဟု ဓမ္မဟူသောအမှတ် သညာဖြင့် တရားသံ၌ အာရုံနိမိတ်ကို ရယူကာ ပရိသတ်အစွန်အဖျား၌ ဝပ်လျက် နာယူနေလေသည်။ (ဤ၌ တိရစ္ဆာန်များမှာ လူတို့ကဲ့သို့ တရားသဘောကို နှစ်နှစ်ကာကာ ဝိညာဏ်သိ ပညာသိ အသိမျိုးဖြင့် မသိကြသော်လည်း "ဤအသံကား ဓမ္မသံ=တရားသံ, ဤအသံကား အဓမ္မသံ=မတရားသံ၊ ငါတို့ကို နှိပ်စက်ရန်မူမည့်အသံ"ဟူ၍ သညာသိ မျှဖြင့်ကား သိနိုင်ကြလေသည်)။

ထိုအခါ နွားကျောင်းသားတယောက်သည် ထိုအရပ်သို့ ရောက်လာ လျက် မြတ်စွာဘုရားရှင် တရားဟောနေတော်မူသည်ကိုငင်း, ပရိသတ် များ အလွန်ငြိမ်းချမ်းစွာ တရားနာနေကြသည်ကိုငင်း မြင်လတ်၍ ထို မြတ်စွာဘုရားနှင့် တရားနာပရိသတ်သို့ စိတ်အာရုံရောက်ရှိကာ မိမိ၌ ပါလာသော ဒုတ်နှင်တံ(ဒုတ်တံဖျား)ကိုထောက်၍ အမှတ်တမဲ့ ရပ်တည် လေလျှင် ဖားငယ်ကိုမကြည့်မမြင်မိပဲ ထိုဖားငယ်၏ဦးခေါင်း၌ ဖိထောက် ၍ ရပ်တည်မိလေ၏။

ဖားငယ်သည် တရားဟူသောသညာဖြင့် သဒ္ဓါသန့်စင် ကြည်လင် သော စိတ်ရှိလျက် ထိုခဏမှာပင် သေလွန်၍ တာဝတိံသာနတ်ပြည်ဝယ် ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ အိပ်စက်ရာမှ နိုးလာသောသူကဲ့သို့ ထိုတာဝတိံသာနတ်ပြည်ဝယ် နတ်သမီးအပေါင်းတို့ ဝန်းရံအပ်သော မိမိကိုယ်ကို မြင်ရ၍ "ငါသည် အဘယ်အရပ်မှ လာ ရောက်ကာ ဤတာဝတိံသာနတ်ပြည်၌ ဖြစ်လာရသနည်း"ဟု စဉ်းစား ဆင်ခြင်လတ်သော် ရှေး(ဖား)ဘဝကို မြင်ပြီးလျှင် "ငါသို့စင် ဖား တိရစ္ဆာန်ပင်သော်လည်း ဤတာဝတိံသာ နတ်ပြည်၌ ဖြစ်တုံသေး

WWW.DHAMMARANSI.COM



၏၊ ဤသို့စင် နတ်စည်းစိမ်ကြီးကိုလည်း ရတုံဘိသေး၏၊ ငါသည် အဘယ်သို့သော ကုသိုလ်ကံကို ပြုခဲ့လေသနည်း”ဟုဆက်လက်၍ စူးစမ်းဆင်ခြင်ပြန်သည်တွင် မြတ်စွာဘုရား၏ တရားတော်သံ၌ အာရုံနိမိတ်ယူခဲ့ခြင်းမှတပါး အခြားကုသိုလ်ကံကို မမြင်ရချေ (=တရားတော်သံ၌ အာရုံနိမိတ်ယူခဲ့ခြင်းတည်းဟူသော ကုသိုလ်ကံကိုသာ မြင်သိရလေသည်)။

ထိုဖားနတ်သားသည် ထိုခဏမှာပင် ဗိမာန်နှင့်တကွ မြတ်စွာဘုရား သိတင်းသုံးတော်မူရာ ဂဂ္ဂရာရေကန်သို့ လာရောက်၍ ဗိမာန်မှသက်ဆင်းပြီးလျှင် လူများအပေါင်း ကြည့်ရှုနေစဉ်ပင် များစွာသော နတ်သမီးအခြံအရံ ကြီးစွာသော နတ်၏အာနုဘော်ဖြင့် ဘုရားရှင်ထံတော်သို့ ချဉ်းကပ်၍ မြတ်စွာဘုရား၏ခြေတော်တို့ကို ဦးဖြင့်တိုက်လျက် လက်အုပ်ချီမိုး ရှိခိုးကာ ရပ်တည်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဖားနတ်သားကို သိတော်မူလျက်ပင်လျှင် လူများအပေါင်း၏အဖို့ရာ ကံနှင့်ကံ၏အကျိုးကိုရင်း, ဘုရားရှင်တို့၏ အာနုဘော်ကိုရင်း မျက်မှောက်ပြုနိုင်စိမ့်သောငှါ—

“ကော မေ ဝန္ဒတိ ပါဒါနိ၊ ဣဒ္ဓိယာ ယသသာ ဇလံ။
အဘိက္ကန္တေန ဝဏ္ဏေန၊ သဗ္ဗာ ဩဘာသယံ ဒိသာ။

ဣဒ္ဓိယာ=တင့်တယ်ဖွံ့ဖြိုး နတ်တို့၏တန်ခိုးဖြင့်ရင်း။ ယသသာ= သခင်ျာများလှ နတ်သမီးအခြံအရံဖြင့်ရင်း။ ဇလံ=ဇလန္တော=ထွန်းလင်းတောက်ပြောင်လျက်။ သဗ္ဗာ ဒိသာ=ဝန်းကျင်ပတ်ချာ အလုံးစုံသော အရပ်မျက်နှာတို့ကို။ အဘိက္ကန္တေန=အလွန်နှစ်သက်ဖွယ်ကောင်းကြွယ်လှစွာသော။ ဝဏ္ဏေန=ပကတိတောက်ပြောင် ကိုယ်အဆင်းအရောင်ဖြင့်။ ဩဘာသယံ = ဩဘာသယန္တော=ထွန်းလင်းတောက်ပလျက်။ မေ=ငါဘုရား၏။ ပါဒါနိ=ရွှေကြာပဒုံ ခြေတော်အစုံတို့ကို။ ဝန္ဒတိ=သဒ္ဓါရိုကျိုး လက်အုပ်မိုး၍ ရှိခိုးဦးညွတ်လာသောသူသည်ကား။ ကော=ဘယ်နတ် ဘယ်လူ အဘယ်သူပေနည်း”—

ဟု မေးမြန်းတော်မူလေ၏။ ထိုအခါ ဖားနတ်သားသည် မိမိ၏ရှေးဘဝသည်ကို အထင်အရှား လျှောက်ထားလိုသည်ဖြစ်၍—

“မဏ္ဍူကောဟံ ပုရေ အာသိံ၊ ဥဒကေ ဝါရိဂေါစရော။
တဝ ဓမ္မံ သုဏန္တဿ၊ အဝဓိ ဝစ္ဆပါလကော။

ဘန္တေ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား . . ။ အဟံ=မဏ္ဍူကဟူ နာမတွင်ခေါ် တပည့်တော်သည်။ ပုရေ=အတိတ်ဘ၀

WWW.DHAMMARANSI.COM



နန္တရ ဓမ္မ(?)ဘဝ၌။ ဝါရိဂေါစရော=ရေသည်သာလျှင် ကျက်စားရာ ရှိပေသော။ ဝါ—ရေသဲ၌သာ အခါရှည်လျှား ကျက်စားလေ့ရှိပါသော။ ဥဒကေ မဏ္ဍူကော=ရေ၌ပေါက်ဖွား ဖားသူငယ်သည်(ဥဒ္ဓုမာယိက ဖား-စသည်ကဲ့သို့ ကုန်း၌ဖွားသောဖားမဟုတ်ဟု ဆိုလိုသည်)။ အာသိံ =ဖြစ်ခဲ့ပါပြီ။ တဝ=တရားဟောဖော် ရှင်တော်ဘုရား၏။ ဓမ္မံ=မိန့်ဆို ညွှန်ပြ မြတ်ဓမ္မကို။ သုဏန္တဿ=တရားတော်သံ ကမ္မနိမိတ် စိတ်၌စွဲထင် နာယူစဉ်ပင်။ ဝစ္ဆပါလကော=နွားကျောင်းသားသည်။ မံ=တပည့် တော်ကို။ အဝဓိ=နှင်တံ(တံဖျာ)ဖြင့်ထောက် အသက်ပျောက်စေခဲ့ပြီ။

မုဟုတ္တံ စိတ္တပသာဒဿ၊ ဣဒ္ဓိံ ပဿ ယသဉ္စ မေ။
အာနုဘာဝဉ္စ မေ ပဿ၊ ဝဏ္ဏံ ပဿ ဇုတိဉ္စ မေ။

ဘန္တေ = ဘုန်းတော်နေရှိန် တထိန်ထိန်တောက်ပတော်မူသော မြတ်စွာဘုရား....။ မေ=မဏ္ဍူက—ခေါ် တပည့်တော်၏။ မုဟုတ္တံ= အချိန်မကြာလှ တခဏမျှပင်။ စိတ္တပသာဒဿ=ရှင်ပင်ဟောဖော် တရားတော်၌ ကော်ရော်ရွှန်းစို ကြည်ညိုခြင်းသဒ္ဓါတရား၏။ ဝါ— သဒ္ဓါတရားကြောင့်။ ဣဒ္ဓိဉ္စ=ဝန်းပတ်ကုံလုံ ပြည့်စုံသော နတ်စည်းစိမ် ကိုဋ်း။ ယသဉ္စ=သခ်ျာမျှားလုံ့ အခြံအရံကိုဋ်း။ ပဿ=ပဿာဟိ= ဆင်ခြင်သမှု ကြည့်ရှုတော်မူဘုရား။ မေ=မဏ္ဍူက-ခေါ် တပည့်တော် ၏။ အာနုဘာဝဉ္စ=လိုရာအဆင်း ပြည့်စုံခြင်း—အစရှိသော နတ်၏ သုံးဆောင်ဖွယ် အသွယ်သွယ်ကိုလည်း။ ပဿ=ပဿာဟိ=ဆင်ခြင်သမှု ကြည့်ရှုတော်မူဘုရား။ မေ=မဏ္ဍူက—ခေါ် တပည့်တော်၏။ ဝဏ္ဏဉ္စ =ကိုယ်ရေအဆင်း ပြည့်စုံခြင်းကိုဋ်း။ ဇုတိဉ္စ=ဆယ်နှစ်ယူဇနာတိုင် အောင် ပြန့်နှံ့သောကိုယ်ရောင်ကိုဋ်း။ ပဿ=ပဿာဟိ=ဆင်ခြင်သမှု ကြည့်ရှုတော်မူဘုရား။

ယေ စ တေ ဒီဃမဒ္ဓါနံ၊ ဓမ္မံ အဿောသု ဂေါတမ။
ပတ္တာ တေ အစလံ ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။

ဂေါတမ=ဂေါတမနွယ်ဖွား ရှင်တော်ဘုရား...။ ယေ စ=ဘုန်းက ကြီးထူ အကြင်သူတို့သည်ကား။ ဒီဃမဒ္ဓါနံ=ရှည်မြင့်လှစွာ အခါပတ် လုံး။ တေ=ရှင်တော်ဘုရား၏။ ဓမ္မံ=မိန့်ဖော်ဟောကြား မြတ်တရားကို။ အဿောသုံ=သဒ္ဓါရှင်အား နာကြားကြရကုန်ပြီ။ တေ=ဘုန်းကံ ကြီးထူ ထိုသည့်သူတို့သည်။ ယတ္ထ=အကြင်နိဗ္ဗာန်သို့။ ဂန္တွာ=မဂ်ပညာ အစွမ်းပေါက်၍ မြန်းရောက်ကြရကုန်သည်ရှိသော်။ သတ္တာ=သတ္တဝါ တို့သည်။ န သောစရေ=စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြရကုန်၏။ တံ

WWW.DHAMMARANSI.COM



အစလံ ဌာနံ=မတုန်လှုပ် မဖောက်ပြန် ထိုနိဗ္ဗာန်အရပ်သို့။ ပတ္တာ= မဂ်ပညာအစွမ်းပေါက်၍ မြန်းရောက်ကြရကုန်သည်သာတည်း"—

ဟူသော ဤဂါထာတို့ဖြင့် ကြားလျှောက်လေသည်။

ထိုနောက် မြတ်စွာဘုရားသည် ဖားနတ်သားနှင့် ရောက်ဆိုက်လာသော ပရိသတ်၏ ရှေးကုသိုလ်ရင်း ဥပနိဿယနှင့်ပြည့်စုံခြင်းကို ကြည့်ရှုဆင်ခြင်တော်မူကာ သပ္ပါယဖြစ်သော တရားဒေသနာအကျယ်ကို ဟောပြလေလျှင် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြ၍ ဖားနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ သုံးကြိမ်သုံးပတ် လက်ျာရစ် လှည့်ပြီးနောက် ရယှန်းသံဩာတော်အားလည်း လက်အုပ်ချီတင်မှု ပြုလုပ်ကာ များစွာသော နတ်သမီး ပရိသတ်နှင့်တကွ နတ်ပြည်သို့သာ ပြန်သွားလေ၏)။

သတ္တာ ဒေဝမနုဿာနံဂုဏ်တော် ပြီး၏။

## (၈) ဗုဒ္ဓဂုဏ်တော်

သိသင့်သမျှဉသံ အလုံးစုံသော ဉေယျတရားတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူသောကြောင့် မြတ်စွာဘုရားသည် ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးကို ရရှိတော်မူလေသည်။ တနည်း-သစ္စာလေးပါး တရားတို့ကို ကိုယ်တိုင်လည်း သိမြင်၍ ဝေနေယျတို့အားလည်း သိစေတော်မူတတ်=ဟောကြားတော်မူတတ်သောကြောင့် မြတ်စွာဘုရားသည် ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးကို ရရှိတော်မူလေသည်။

ဤတွင် ရှေး (၂)အမှတ်ပါ သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်နှင့် ယခု (၈)အမှတ်ပါ ဗုဒ္ဓ-ဂုဏ်တော်=နှစ်ရပ်တို့၏ အထူးမှာ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်အရ သစ္စာလေးပါးကို သိသော ဉာဏ်ကိုယူ၍ ဤဗုဒ္ဓဂုဏ်တော်အရ သဗ္ဗညုတဉာဏ်ကို ယူရာ၏။ တနည်း-ဉာဏ်တော်အရကောက် အတူထားလျှင်လည်း သမ္မာသမ္ဗုဒ္ဓ-ဂုဏ်တော်ဖြင့် ကိုယ်တော်မြတ်သိသော ပဋိဝေဓဉာဏ်တော် အစွမ်းကို ပြသည်၊ ဤ ဗုဒ္ဓ-ဂုဏ်တော်ဖြင့် ဝေနေယျတို့အား ဟော

WWW.DHAMMARANSI.COM



ကြားသိစေသော ဒေသနာဉာဏ်တော်အစွမ်းကို ပြသည် - ဟု အထူးမှတ်ယူရာ၏။

ဗုဒ္ဓဂုဏ်တော် ပြီး၏။

## (၉) ဘဂဝါဂုဏ်တော်

ဤ ဘဂဝါဂုဏ်တော်အတွက် မဟာနိဒ္ဒေသပါဠိတော်၌ လာသော နည်းအမျိုးမျိုး, အဋ္ဌကထာ၌လာသော ခြောက်နည်း, ဝိသုဒ္ဓိမဂ်မဟာဋီကာ၌လာသော ခုနစ်နည်း-ဤသို့ နည်းပေါင်းများစွာရှိသည့်အနက် ပါဠိတော်လာ ပဌမနည်း, အဋ္ဌကထာလာ တတိယနည်းဖြစ်သည့်"ဘုန်းတော်ခြောက်ပါးရှိမှု"တည်းဟူသော အနက်သဘောဖြင့် ဘဂဝါဂုဏ်ကို နိဿယဆရာတော်များ ဖွင့်ဆိုရေးပြတော်မူကြလေသည်။ (ဘဂ = ဘုန်းတော်ခြောက်ပါး+ဝန္တု = ရှိတော်မူသော မြတ်စွာဘုရား-ဟု ဆိုလိုသည်)။

၁-ဣဿရိယ, ၂-ဓမ္မ, ၃-ယသ, ၄-သိရီ, ၅-ကာမ, ၆-ပယတ္တ-တည်းဟူသော = ဘုန်းတော်ခြောက်ပါး (သာဝကတို့ထက်) ထူးခြားကဲလွန်စွာ ရှိတော်မူသောကြောင့် မြတ်စွာဘုရားသည် ဘဂဝါ-ဟူသော ဂုဏ်တော်ကြီးကို ရရှိတော်မူလေသည်။

**၁-ဣဿရိယဘုန်းတော်။** ။ စိုးမိုးပိုင်သခြင်းကို ဣဿရိယဟူ၍ အကျဉ်းအားဖြင့် မှတ်ယူရာ၏။ မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်းကို စိုးမိုးပိုင်သခြင်းဟူ၍ ခေါ်၏။ ထို ဣဿရိယဘုန်းတော်သည် ၁-လောကုတ္တရာ စိတ္တိဿရိယဘုန်းတော်, ၂-လောကီစိတ္တိဿရိယ ဘုန်းတော်ဟူ၍ = နှစ်မျိုးရှိလေသည်။

ထို နှစ်မျိုးတို့တွင် လောကုတ္တရာစိတ္တိဿရိယဘုန်းတော်ဟူသည်မှာ မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ စိတ်တော်ကို သူမတူတန်အောင် စိုးပိုင်တော်မူ၏၊ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြသတော်မူရာ၌ ရေအယဉ်ကို ဖြစ်စေရန်အတွက် အာပေါကသိဏ (အဓိဋ္ဌာန်၏အခြေခံ) ပါဒကဈာန်ကို ဝင်စားတော်

WWW.DHAMMARANSI.COM



မူရသည်။ ထို့နောင်မှ "ရေအယဉ်ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန် ပြုတော်မူသော အဓိဋ္ဌာန်ဇောစိတ်အစဉ် ဖြစ်သည် (= အဓိဋ္ဌာန ဝီထိ ဖြစ်သည်)။ ထို့နောင်မှ တဖန် အဘိညာဏ်၏ အခြေခံ = အာပေါကသိဏပါဒကဈာန်ကို ဝင်စားတော်မူရသည်။ ထို့နောင်မှ အဘိညာဏ်ဇောဝီထိ ဖြစ်ပေါ်လာကာ ကိုယ်တော်မြတ် အဓိဋ္ဌာန်တော်မူရာ ရူပကာယအစိတ်အပိုင်းမှ ရေအယဉ်တို့ တသွင်သွင် ဖြာစီး၍ ထွက်လာလေသည်။

ထိုသို့ ရေအယဉ်ဖြစ်ပေါ်ရန်အတွက် ဇောဝီထိလေးမျိုးတို့ဖြင့် ဖန်ဆင်းတော်မူပြီးနောက်မှ ကိုယ်တော်မြတ် အလိုတော်ရှိရာ ရူပကာယအစိတ်အပိုင်းမှ မီးအလျှံ ဖြစ်စေရန်အတွက် တေဇော-ကသိဏ (အဓိဋ္ဌာန်၏ အခြေခံ)ပါဒကဈာန်ကို ဝင်စားတော်မူရသည်။ ထို့နောင်မှ "မီးအလျှံ ဖြစ်စေသတည်း" ဟု အဓိဋ္ဌာန်တော်မူသော အဓိဋ္ဌာန်ဇောစိတ်အစဉ် ဖြစ်သည် (= အဓိဋ္ဌာန ဝီထိ ဖြစ်သည်)။ ထို့နောင်မှ တဖန် အဘိညာဏ်၏အခြေခံ= တေဇော-ကသိဏပါဒကဈာန်ကို ဝင်စားတော်မူရသည်။ ထို့နောင်မှ အဘိညာဏ်ဇောဝီထိ ဖြစ်ပေါ်လာကာ ကိုယ်တော်မြတ်အဓိဋ္ဌာန်တော်မူရာ ရူပကာယအစိတ်အပိုင်းမှ မီးအလျှံများ တဖွားဖွား တဟုန်းဟုန်း ပေါ်ထွက်လာလေသည်။

အချုပ်အားဖြင့် ပြဆိုရလျှင် ရေအယဉ်ဖြစ်ဖို့ရန် ဝီထိလေးမျိုးဖြင့် ဖန်ဆင်းတော်မူရသည်၊ မီးအလျှံ ဖြစ်ဖို့ရန်လည်း ဝီထိလေးမျိုးဖြင့် ဖန်ဆင်းတော်မူရသည်။ ထိုသို့ ဖန်ဆင်းတော်မူရာ၌ စိတ်တော်ကိုအစိုးရသော စိတ္တိဿရိယဘုန်းတော်ရှင် ဖြစ်တော်မူသည့်အတွက် ပါဒကဈာနသမာပတ္တိဝီထိများ၌ ပါဒကဈာန်ဇောများကို ကိုယ်တော်မြတ် အလိုတော်ရှိသလောက်အကြိမ်ဖြင့် ရပ်စဲစေတော်မူနိုင်သည်။ တဝီထိနှင့် တဝီထိအကြား ဘဝင်စိတ်များကိုလည်း နှစ်ကြိမ်မျှသာ ခြားစေတော်မူနိုင်သည်၊ (အခြားသူတို့မှာ တဝီထိနှင့် တဝီထိတို့အကြား ဘဝင်စိတ်များ အပိုင်းအခြားမရှိ၊ ခြားချင်သလောက် ရှည်ကြာစွာ ခြားလေသည်)။ ဤကဲ့သို့ ပါဒကဈာန်ဇောစိတ်များ ဘဝင်စိတ်များကို ကိုယ်တော်

WWW.DHAMMARANSI.COM



မြတ်အလိုတော်ရှိသလောက်သာ ဖြစ်စေနိုင်ခြင်း ဘဝင်ခြားစေနိုင်ခြင်းဖြင့် သူမတူတန်အောင် ကိုယ်တော်မြတ်၏ စိတ်တော်ကို အစိုးရတော်မူလေသည် (=စိတ်တော်ကို ကိုယ်တော်၏ အလိုတော်အတိုင်း လိုက်ပါဖြစ်ပွါးစေတော်မူနိုင်လေသည်)။ ဤကား လောကီဈာန်သမာပတ်စိတ်တော်ကို အစိုးရတော်မူပုံဖြစ်သည်။

မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ လောကုတ္တရာ အရဟတ္တဖိုလ်စိတ်ကိုလည်း သူမတူတန်အောင် အစိုးရတော်မူလေသည်၊ မှန်၏–လောကုတ္တရာစိတ္တိဿရိယဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့်ပင် မြတ်စွာဘုရားရှင်သည် ဝေနေယျတို့အား တရားဓမ္မ ဟောပြခိုက်မှာပင် အနုသန္ဓေစကား တရပ်တရပ်အကြား၌ တရားနာဝေနေယျတို့က သာဓုအနုမောဒနာ ပြုနေကြသဖြင့် ကိုယ်တော်မြတ်အဖို့ရာ ဆိတ်ဆိတ်နေခွင့် (နားနေခွင့်) ရသော အချိန်ကလေးမှာပင် အခါကို ပိုင်းခြား၍ အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားတော်မူလေသည်၊ တပါးသော အခါ၌ကား ဆိုဖွယ်ရာမရှိ၊ အခွင့်ရ၍ အလိုတော်ရှိတိုင်း အချိန်မှာပင် အရဟတ္တဖလသမာပတ်ကို ဝင်စားတော်မူလေသည်။ (အဘိဓမ္မာ အဋ္ဌသာလိနီမူလဋီကာမှ ဖော်ပြသည်)။ ဤသို့ မြတ်စွာဘုရားရှင်သည် လောကုတ္တရာစိတ်တော်ကိုလည်း အစိုးရတော်မူသည့် စိတ္တိဿရိယဘုန်းတော်ရှင် ဖြစ်တော်မူလေသည်။

လောကီစိတ္တိဿရိယဘုန်းတော်အရာ၌—

အဏိမာ မဟိမာ ဝါပိ၊ လဃိမာ ပတ္တိ ပါကမ္မံ။
ဤသိတာ ဝသိတာ စာပိ၊ ယတ္ထကာမာဝသာယိတာ။—

ဟူသော ဆောင်ပုဒ်ဂါထာအတိုင်း ဣဿရိယဘုန်းတော် (၈) မျိုးတို့ကို ကျမ်းဂန်တို့၌ ဖွင့်ပြလေသည်၊ (ဤ ဂုဏ်တော်နိဒါန်း၌လည်း ထိုရှစ်မျိုးကို ဖော်ပြ၍ အနက်ယောဇနာထားသည်၊ ဂုဏ်တော်အနက်ကို ပြန်၍ကြည့်ရှုသုံးသပ်ပါဦး)။ ထိုလောကီစိတ္တိဿရိယဘုန်းတော်ရှစ်ပါးတို့မှာ— ၁-အဏိမာဘုန်းတော်, ၂-မဟိမာဘုန်းတော်, ၃-လဃိမာ ဘုန်းတော်, ၄-ပတ္တိ ဘုန်းတော်,

WWW.DHAMMARANSI.COM



၅-ပါကမ္မဘုန်းတော်, ၆-ဤသိတာဘုန်းတော်, ၇-ဝသိတာဘုန်းတော်, ၈-ယတ္ထကာမာဝသာယိတာဘုန်းတော် = ဤရှစ်ပါးတို့ဖြစ်သည်။

**က-အဏိမာဘုန်းတော်။** ။ ငယ်စေလိုက ကိုယ်တော်မြတ်ကို သပ်သပ်ပါယ်ပါယ် အနုမြူသဖွယ်မျှ ငယ်စွာဖန်ဆင်းတော်မူနိုင်ခြင်းကို အဏိမာဘုန်းတော်ဟူ၍ ခေါ်၏။ ဤအဏိမာဘုန်းတော်ကို ဗကမြဟ္မာကြီးနှင့် ကိုယ်ဖျောက်တန်း တန်ခိုးအစွမ်းပြတော်မူရာကာလ-စသည်တို့၌ အသုံးပြုတော်မူသည်။

**ခ-မဟိမာဘုန်းတော်။** ။ကြီးစေလိုက မြင်းမိုရ်တပြေး (ထိုထက်)လွန်လိုသေးလျှင်လည်း လေးကျွန်းပတ်ဝိုက် တိုက်စကြဝဠာနရက်ရွာနှင့် ဘဝဂ်ပါကျုံး လောကဓာတ်ကြီးတခုလုံးကို (ထိုထက် ကြီးစေလိုကလည်း အလိုတော်ရှိသလောက်ပင်) ဖုံးအုပ်နိုင်အောင် မြင့်ခေါင်ကြီးမားသောကိုယ်တော်မြတ်ကို သပ္ပါယ်စွာဖန်ဆင်းတော်မူနိုင်ခြင်းကို မဟိမာဘုန်းတော်ဟူ၍ ခေါ်၏။ ဤမဟိမာဘုန်းတော်ကို အသူရိန်နတ်ကြီး ဘုရားဖူးလာသောအခါစသည်တို့၌ အသုံးပြုတော်မူသည်။

**ဂ-လဃိမာဘုန်းတော်။** ။ စိတ်တော်၏ ပေါ့ပါးခြင်းကဲ့သို့ ရူပကာယခန္ဓာကိုယ်တော်ကို ပေါ့ပါးအောင် ဖန်ဆင်းတော်မူနိုင်ခြင်းကို လဃိမာဘုန်းတော်ဟူ၍ ခေါ်၏။ ဤ လဃိမာဘုန်းတော်ကို ကောင်းကင်၌ မြေပြင်မှာကဲ့သို့ စင်္ကြံကြွတော်မူသောအခါ-စသည်၌ အသုံးပြုတော်မူသည်။

**ဃ-ပတ္တိဘုန်းတော်။** ။အလိုတော်ရှိရာ အရပ်မျက်နှာသို့ လျင်စွာခေါက်ခေါက် ရူပကာယကိုယ်တော်ပါ ကြွရောက်တော်မူနိုင်ခြင်းကို ပတ္တိဘုန်းတော်ဟူ၍ ခေါ်၏။ ဣဒ္ဓိမရှိသူ သာမန်လူတို့မှာ ထိုထိုဝေးခြား အရပ်တပါးသို့ စိတ်ကသာ သွားရောက်နိုင်ကြ၍ ရူပကာယခန္ဓာကိုယ်ကား မပါနိုင် မရောက်နိုင်ချေ။ မြတ်စွာဘုရားရှင်သည်ကား ဤပတ္တိဘုန်းတော်ရှင် ဖြစ်တော်မူသောကြောင့် စိတ်သွားရာကိုယ်ပါ အလိုတော်ရှိရာ အရပ်မျက်နှာသို့

WWW.DHAMMARANSI.COM



လျှင်စွာအခေါက်ခေါက် ရူပကာယကိုယ်ခန္ဓာကြီးပါ ကြွရောက်တော်မူနိုင်လေသည်။ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ကြွရောက်တော်မူရာ၌ စိတ္တက္ခဏအတွင်းမှာပင် ရူပကာယ ကိုယ်ခန္ဓာတော်ပါ ထိုနတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်အောင် ဤပတ္တိဘုန်းတော်ကို အသုံးပြုတော်မူသည်။

၄- ပါကမ္မဘုန်းတော်။ ။အဓိဋ္ဌာန်ရှင်ကြည် စိတ်သန်ရည်တိုင်း မည်သည့် အရာမဆို အလိုတော်ရှိတိုင်း ပြီးစီးစေနိုင်ခြင်းကို ပါကမ္မဘုန်းတော်ဟူ၍ ခေါ်၏။ ရှေးဗုဒ္ဓရတနာ (၄၁-ပရိနိဗ္ဗာန်စံတော်မူခဏ်း) ဝယ် ပရိသတ်ရှစ်မျိုးကို ဟောကြားတော်မူရာ၌ ပြဆိုအပ်သည့်အတိုင်း အခြားစကြဝဠာတိုက်သို့ ကြွရောက်၍ ထိုစကြဝဠာရှိ မင်းတို့၏အသွင်အပြင် ပုံပန်းသဏ္ဍာန်ဖြင့် တရားဟောတော်မူသောအခါ-စသည်တို့၌ဤပါကမ္မဘုန်းတော်ကြောင့် အလိုတော်ရှိတိုင်းသော ပုံပန်းသဏ္ဍာန် အသံစသည်တို့ ပြီးစီးလေသည်။

၅- ဤသိတာဘုန်းတော်။ ။သတ္တဝါတို့ကို အစိုးရတော်မူခြင်း = ကိုယ်တော်၏အလိုသို့ လိုက်ပါစေနိုင်ခြင်းကို ဤသိတာဘုန်းတော်ဟူ၍ ခေါ်၏။ ဤ-ဤသိတာဘုန်းတော်ကြောင့်ပင် ဗုဒ္ဓကိစ္စဘုရားဓမ္မတာ ပြုဆောင်တော်မူရာအဝဝတို့၌ ဝေနေယျသတ္တဝါတို့သည် ကိုယ်တော်၏ အလိုအကြိုက်သို့ လိုက်ပါလာကြရလေသည်။

၆- ဝသိတာဘုန်းတော်။ ။တန်ခိုး အဘိညာဏ် ဈာန်သမာပတ် အရပ်ရပ်တို့၌ လေ့လာနိုင်နင်းတော်မူခြင်းကို ဝသိတာဘုန်းတော်ဟူ၍ ခေါ်၏။ ဤဝသိတာဘုန်းတော်ကြောင့်ပင် ဥရုဝေလနဂါးကြီးကို ဆုံးမတော်မူရာ အခါကာလ-စသည်တို့၌ အခိုးလွှတ်ခြင်း အလျှံလွှတ်ခြင်း-စသည် အမျိုးမျိုး ပြောင်းလဲရာဝယ် ထိုနဂါးကြီးတို့၏ အလျင်လက်ဦး ကိုယ်တော်မြတ်က ထိုနဂါးကြီးများထက်ကြီးမားသော အခိုးလွှတ်ခြင်း အလျှံလွှတ်ခြင်း-စသည်ကို ပြုတော်မူနိုင်လေသည်။

WWW.DHAMMARANSI.COM



**၉- ယတ္ထကာမာဝသာယိတာဘုန်းတော်။** ။ရျောန်ဝင်စားခြင်း တန်ခိုးပြခြင်း-စသော ကိစ္စဟူဟူသမျှကို ပြုတော်မူစဉ် ပြီးဆုံးစေလိုတော်မူရာကာလ ဌာနတို့၌ ပြီးဆုံးစေလိုသည်နှင့်တပြိုင်နက် ထိုကိစ္စတို့ကို ပြီးဆုံးစေနိုင်ခြင်းကို ယတ္ထကာမာဝသာယိတာ ဘုန်းတော်ဟူ၍ ခေါ်၏။ ဤဘုန်းတော်ကြောင့်ပင် ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာအခါ-စသည်တို့၌ အထက်ပိုင်းကိုယ်တော်အစိတ်မှ မီးအလျှံ, အောက်ပိုင်းကိုယ်တော်အစိတ်မှ ရေအယဉ်၊ (တဖန် ဝေနေယျတို့ ဖူးမြော်နေစဉ် ခဏအတွင်းမှာပင်) အောက်ပိုင်းကိုယ်တော်အစိတ်မှ မီးအလျှံ,အထက်ပိုင်း ကိုယ်တော်အစိတ်မှ ရေအယဉ် တသွင်သွင် ပြောင်းလဲ၍နေအောင် ဖန်ဆင်းတော်မူလေသည်။

ဤရှစ်ပါးတို့ကို လောက၌ ထင်ရှားသည့် ဣဿရိယရှစ်ဖော် တန်ခိုးတော်ဟူ၍ခေါ်၏၊ ထိုလောကိယဣဿရိယရှစ်ပါးတို့သည် မြတ်စွာဘုရားရှင်၏အဖို့ရာ ဇုဒ္ဓိဝိအဘိညာဏ်၌ အတွင်းဝင်သည့်ပြင် သူတပါးတို့နှင့်လည်း မဆက်ဆံအောင် သူမတူတန်ထူးကဲလှပေ၏။ ဤ-ဣဿရိယရှစ်ဖော်နှင့်တကွ ရှေးဖော်ပြရာပါ လောကီ,လောကုတ္တရာ စိတ္တိဿရိယဘုန်းတော်တို့ကို(၁) အမှတ် ဣဿရိယဘုန်းတော်ဟု ခေါ်၏။

### ဣဿရိယဘုန်းတော်ဖွဲ့ ဘုရားရှိခိုး

> ပရမဋ္ဌ သကေ စိတ္တေ၊ အတ္တိဿရိယ မတ္ထကံ။
> လောကိယာ အဏိမာဒီပိ၊ အဘိဿရ နမတ္ထု တေ။

အဘိဿရ = ဣဿရိယ ပုညဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရားအား။ သကေ စိတ္တေ = ကိုယ်တော်မြတ်၏ နာမ်ခေတ်ဝိညာဏ် စိတ်သန္တာန်၌။ (ဝါ)သကေ စိတ္တေ = ဝိသယဇ္ဈတ္တ အမှတ်ပြသား အရဟတ္တ ဖလဝိညာဉ် စိတ်အစဉ်၌။ ပရမံ = သူမတူတန် ကဲလွန်ထူးမြတ်လှစွာသော။ မတ္ထကံ = အထွတ်အဖူး ထိပ်ဦးတိုင်မြောက် ပေါက်ရောက်တော်မူ

WWW.DHAMMARANSI.COM



ပြီးထသော။ ဉာဿရိယဥ္စ = ဖလသမာပတ် ချမ်းသာမြတ်ကို စိတ်ညွတ်ကာပင်ကြာမတင်ဲ ဝင်စံနိုင်ရိုး ဝသီမျိုးဖြင့် ပိုင်စိုးနိုင်နင်းတော်မူခြင်း တည်းဟူသော လောကုတ္တရာ စိတ္တိဿရိယဘုန်းတော်သည်ဝင်း။လောကိယာ = လော-ကတလွှား ကျော်ထင်ရှားကုန်သော။ အဏိမာဒိပိ = အဏိမာဒိ အစရှိသား ဥဿရိယရှစ်ဖော် လောကီတန်ခိုးတော်တို့သည်ဝင်း။ အတ္ထိ = သန္တိ = ထင်ရှားပုံသေ ရှိကုန်ပေ၏။ အဘိဿရ = ဥဿရိယ ပုညဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရားအား။ မေ = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်၏။ နမော = တုပ်ဝပ်ရှိကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု = ဖြစ်ပါစေသတည်း။

**၂-ဓမ္မဘုန်းတော်။** ။ဝါသနာ အငွေ့အသက်နှင့် တကွ တထောင့်ငါးရာ ကိလေသာတို့ကို ပယ်ဖျောက် သတ်ဖြတ်နိုင်သော မြတ်စွာဘုရားရှင်၏ မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန် = ၏ကိုးပါးသော လောကုတ္တရာတရားတော်တို့ကို ဓမ္မဘုန်းတော်ဟူ၍ ခေါ်၏။ သိသာထင်ရှားပြီ။

**ဓမ္မဘုန်းတော်ဖွဲ့ ဘုရားရှိခိုး**

သဝါသနသံကိလေသ-ပဟာယီ ဓိရ အတ္ထိ တေ။
နဝ လောကုတ္တရော ဓမ္မော၊ ဓမ္မဝန္တ နမတ္ထု တေ။

ဓိရ = သဗ္ဗညုတ ဉာဏသခင် မြတ်ရှင်ပင်....။ တေ = ရှင်ပင်ဘုရားအား။ သဝါသန သံကိလေသပဟာယီ = ဝါသနာအငွေ့အသက်နှင့်တကွ တထောင့်ငါးရာ ကိလေသာတို့ကို ပယ်ခွါလတ်လတ် အကြွင်းမဲ့သတ်တတ်သော။ နဝလောကုတ္တရော = မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် = ကိုးပါးသင်္ချာ လောကုတ္တရာ တရားတော်တည်းဟူသော။ ဓမ္မော = ဓမ္မနှုန်းခေါ် ရွှေဘုန်းတော်သည်။ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ဓမ္မဝန္တ =

WWW.DHAMMARANSI.COM



ဓမ္မဂုဏ်နွှန်း ရွှေဘုန်းတော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရားအား။ မေ = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်၏။ နမော = တုပ်ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု = ဖြစ်ပါစေသတည်း။

**၁-ယသဘုန်းတော်။** ။လောကသုံးရပ် နှံ့စပ်လွှမ်းခြုံသောဂုဏ်ကျေးဇူး သတင်းတော်ကို ယသဘုန်းတော်ဟူ၍ခေါ်၏။ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူး သတင်းတော်များမှာ မဟုတ်မမှန် လုပ်ကြံပြောဆိုရသည့် သတင်းမဟုတ်၊ တကယ်စင်စစ် အမှန်ပင်ဖြစ်ရှိ၍ ရအပ်သောဂုဏ်သတင်းများသာဖြစ်သည်၊ ထို့ကြောင့်လည်း အလွန်အမင်း သန့်ရှင်းစင်ကြယ်လှသည်။ အချို့သောသူတို့၏ ဂုဏ်ကျေးဇူးများမှာ မှန်ပင်မှန်သော်လည်း ကာမ, ရူပ, အရူပ-တည်းဟူသော လောကသုံးရပ်လုံး မနှံ့စပ်ပဲ တစိတ်တဒေသသော လောက၌သာ နှံ့ရောက်လေသည်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးသတင်းကား လောကသုံးရပ်လုံး နှံ့စပ်လွှမ်းခြုံ၍ တည်ရှိလေသည်၊ မှန်၏—ဤလူ့ပြည်၌ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့ကို သိရှိပြီး အရူပဈာန်သို့ ရောက်ရှိကာ အရူပဗြဟ္မာဘုံသို့ ရောက်ရှိကြသောသတ္တဝါတို့အဖို့ ထိုအရူပဘုံ၌ မြတ်စွာဘုရား၏ အရဟံ-အစရှိသော ကျေးဇူးဂုဏ်များကို အောက်မေ့ကြည်ညိုနိုင်ကြသည်၊ သို့ရကား မြတ်စွာဘုရား၏ ဂုဏ်တော်သတင်းတို့မှာ အရူပဗြဟ္မာဘုံ၌လည်း နှံ့စပ်ကျော်ကြားလွှမ်းခြုံလေသည်၊ ကာမဘုံ,ရူပဘုံတို့၌ကား ဆိုဖွယ်ရာမရှိဖြစ်လေ၏။

### ယသဘုန်းတော်ဖွဲ့ ဘုရားရှိခိုး

ယထာဘုစ္စဂုဏော ဓီရ၊
ယသော တိလောကဗျာပကော။
အတိသုဒ္ဓေါ ဝိ တေ အတ္ထိ၊
ယသဝန္တံ နမတ္ထု တေ။

ဓီရ = သဗ္ဗညုတ ဉာဏသခင် မြတ်ရှင်ပင်....။ တေ = ရှင်ပင်ဘုရားအား။ ယထာဘုစ္စဂုဏော = အကြွင်း မပါ

WWW.DHAMMARANSI.COM



အဝါမဖက် သက်သက်ဟုတ်မှန် ဂုဏ်နေကန့်ကြောင့် ခြေမှန်မျက်မှောက် လက်တော်ရောက်ရအပ်သော။ တိလောကဗျာပကော = လောကသုံးရပ် ထုတ်ချင်းခတ်အောင် နှံ့စပ်ထင်ရှား ကျော်ကြားစွာထသော။ အတိသုဒ္ဓေါဝိ = အလွန်အမင်း သန့်ရှင်းစင်ကြယ်သည်လည်း ဖြစ်သော။ ယသော = သီရိရ, ဓမ္မ ဂုဏ်နှစ်ဝ၏ ကျန ဟုတ်မှန် ဘဝဂ်လျှံသား မဟာနာဒိက ကလျာဏသတင်း ကျော်စောခြင်းသည်။ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ယသဝန္တ = ယသဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရားအား။ မေ = ရုပ်နာမ် ပေါင်းချုပ် အကျွန်ုပ်၏။ နမော = တုပ်ဝပ်ရှိကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွတ်ခြင်းသည်။ အတ္ထု = ဖြစ်ပါစေသတည်း။

**၄-သီရိဘုန်းတော်။** ။ရူပကာယ ကိုယ်တော်မြတ်၏ နတ်လူတို့ ဖူးမြော်၍မဝနိုင်အောင် လှပတင့်တယ်မှု အသရေတော်ကို သီရိဘုန်းတော်ဟူ၍ ခေါ်၏။ ရှေး၌ပြဆိုအပ်ခဲ့သည့်အတိုင်း မြတ်စွာဘုရား၏ ရူပကာယတော်မှာ သုံးဆယ့်နှစ်ပါးသော မဟာပုရိသလက္ခဏာတော်ကြီး ရှစ်ဆယ်သောလက္ခဏာတော်ငယ် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် လွန်စွာ့လွန်စွာ သပ္ပါယ်လှသဖြင့် ဖူးမြော်ကြသူ နတ်လူမြဟ္မာ သတ္တဝါတို့အဖို့ရာ အချိန်သာကုန်၍ ပြန်သွားကြရသော်လည်း ဖူးမြော်၍ကား တင်းမတိမ် အားမရ မဝနိုင်ပဲ ထပ်တလဲလဲ ဖူးမြော်ချင်ကြလျက်သာ ရှိလေသည်။

**သီရိဘုန်းတော်ဖွဲ့ ဘုရားရှိခိုး**

ဒဿနာရမ္မဇနာနံ၊ နယနာဘိပ္ပသာဒိကာ။
သဗ္ဗင်္ဂသိရိ အတ္ထိ၊ သိရိမန္တ နမတ္ထု တေ။

သိရိမန္တ = သီရိဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရားအား။ ဒဿနာရမ္မဇနာနံ = ဖူးမြော်လိုမှု အားသစ်ပြုသား ပြောထုနတ်လူ သတ္တဝါ

WWW.DHAMMARANSI.COM



ဟူဟူသမျှတို့၏။နယနာဘိပ္ပသာဒိကာ = ဖူးတိုင်းမြင်ရှက် မစွန့်ရက်အောင် မျက်စိအရသာ ဆောင်စွမ်းကာဖြင့် လွန်စွာ ရွှန်းစို ကြည်ညိုဖွယ်ဖြစ်သော။ သဗ္ဗင်္ဂသိရီ=ဗာတ္တိံသ လက္ခဏာ သီတာနုဗျည်း ရှုမငြီးတို့ဖြင့် နုလည်းနုနယ် ကိုယ်အင်္ဂါကြီးငယ်တို့၏ တင့်တယ်ခြင်းအသရေအစု တည်းဟူသော သိရီဘုန်းတော်သည်။ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ သိရီမန္တ = သိရီဂုဏ်နှုန်း ရွှေဘုန်းတော်ရှင်မြတ်သခင်····။တေ = ရှင်ပင်ဘုရားအား။မေ = ရုပ်နာမ် ပေါင်းချုပ် အကျွန်ုပ်၏။ နမော=တုပ်ဝပ်ရှိကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ဦးညွှတ်ခြင်းသည်။ အတ္ထု = ဖြစ်ပါစေသတည်း။

**၅-ကာမဘုန်းတော်**။ ။အလိုတော်ရှိသမျှ လုံးဝဥဿုံ အကုန်ပြီးစီးခြင်း (ယင်းသို့ ပြီးစီးခြင်း၏ အကြောင်းရင်းဖြစ်သော အဓိဂမဆန္ဒတော်) ကို ကာမဘုန်းတော်ဟူ၍ ခေါ်၏။ မြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့ဘဝကပင် "ဗုဒ္ဓေါ ဗောဓေယျံ=ငါကိုယ်တိုင်သစ္စာလေးပါး တရားဥဿုံကို သိမြင်ပြီးလျှင် ဝေနေယျတို့ကိုလည်း သိစေနိုင်ရလို၏၊မုတ္တော မောစေယျံ=ငါကိုယ်တိုင် သံသရာဝဋ်မှကျွတ်လွတ်ပြီးလျှင် ဝေနေယျတို့ကိုလည်း ချွေချွတ်နိုင်ရလို၏၊ တိဏ္ဏော တာရေယျံ = ငါကိုယ်တိုင် ဘဝသုံးခဏ်း ရေပြင်ကြမ်းကို ကူးသန်းထုတ်ချောက် နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ရောက်ပြီးလျှင် ဝေနေယျတို့ကိုလည်း ဆယ်တင်နိုင်ရလို၏" ဟု တောင့်တတော်မူခဲ့လေသည်၊ (ယင်း တောင့်တသောဆန္ဒတော်ကို အာဂမဆန္ဒတော်ဟူ၍ ခေါ်၏)။ ယင်းအာဂမ ဆန္ဒတော်ကြောင့် သဗ္ဗညုတဉာဏ်အထွတ်တပ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကို ရရှိတော်မူကာ ကိုယ်တော်တိုင်က ဗုဒ္ဓ, မုတ္တ, တိဏ္ဏ = သစ္စာလေးပါး တရားဥဿုံကို သိမြင်ပြီးသူ, သံသရာဝဋ်မှ ကျွတ်လွတ်ပြီးသူ, နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ကူးသန်းထုတ်ချောက် ရောက်တော်မူပြီးသူ ဖြစ်လာလေသည်။

WWW.DHAMMARANSI.COM



အချို့သော သူတို့မှာ စောစောပိုင်းက ကိုယ်ကျိုး,သူကျိုး = နှစ်မျိုးတို့ကို ပြည့်ဖြိုးစေရန် ရည်သန်တောင့်တသောဆန္ဒရှိခဲ့သော်လည်း ကိုယ်ကျိုး ပြည့်စုံလာသောအခါ မူလရည်သန်ချက် နှစ်ဖက်လုံးပြည့်ဝအောင် သူတပါး၏အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ခဲ၏၊ ကိုယ်ကျိုးပြည့်ဝရုံမျှဖြင့် အားရတင်းတိမ် ရောင့်ရဲရပ်စဲသွားတတ်ကြ၏။ မြတ်စွာဘုရားမှာမူ သဗ္ဗညုတဉာဏ် အထွတ်တပ်သည့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ကိုရရှိ၍ ကိုယ်တော်မြတ်၏ အကျိုး ပြည့်ဖြိုး ပြီးမြောက်လာသောအခါ ထိုမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၌ ပါရှိသောအဓိဂမဆန္ဒတော်၏ လှုံ့ဆော်တိုက်တွန်းချက်အရ ဝေနေယျတို့၏အကျိုးကိုလည်း မူလရည်ရွယ်ချက်အတိုင်း ပြည့်ဖြိုးအောင် ရွက်ဆောင်တော်မူလေသည်၊ ရွက်ဆောင်သည့်အတိုင်းလည်း အဓိပတိ အာဂမဆန္ဒတော်၏ စွမ်းရည်သတ္တိကြောင့် ဝေနေယျတို့၏ သစ္စာလေးပါး တရားကိုသိခြင်း, သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း, နိဗ္ဗာန်တည်းဟူသော တဖက်ကမ်းသို့ ကူးသန်းထုတ်ချောက် ပေါက်ရောက်ခြင်းတည်းဟူသော အကျိုးတို့ ဖြိုးဖြိုးကုံလုံ ပြည့်စုံပြီးမြောက်လေသည်။ သို့ရကား ကိုယ်ကျိုး,သူကျိုး ဖြိုးဖြိုးကုံလုံ အလိုတော်ရှိသမျှ ပြီးစီး ပြည့်စုံခြင်း (ယင်းသို့ ပြည့်စုံခြင်း၏အကြောင်းဖြစ်သော အဓိဂမဆန္ဒတော်) တို့ကို ကာမဘုန်းတော်ဟူ၍ ခေါ်ဆိုရလေသည်။

## ကာမဘုန်းတော်ဖွဲ့ ဘုရားရှိခိုး

အတ္တတ္ထံ ပရတ္ထံ ဝါပိ၊ ဓီရ ယံ အဘိပတ္ထယိ။
အတ္ထိ နိဗ္ဗတ္တိကာမေဝပိ၊ ကာမဝန္တံ နမတ္ထု တေ။

ဓီရ = သဗ္ဗညုတ ဉာဏ်သခင် မြတ်ရှင်ပင်....။ (တွံ = အရှင်ဘုရားသည်)။ ယံ အတ္တတ္ထံ ဝါ = အကြင်အမျိုးမျိုး ကိုယ်တော်မြတ်၏ အကျိုးကိုငင်း။ ယံ ပရတ္ထံ ဝါပိ = အကြင်အမျိုးမျိုး သူတပါး၏ အကျိုးကိုငင်း။ အဘိပတ္ထယိ = "ဗုဒ္ဓေါ ဗောဓေယျံ, မုတ္တော မောစေယျံ, တိဏ္ဏော တာရေယျံ" = အကြိမ်သုံးပါး နှလုံးထား၍ လိုလားတောင့်တတော်မူခဲ့လေပြီ။ (တဿ အတ္ထဿ = ထို

WWW.DHAMMARANSI.COM



မိမိ သူတပါး ကျိုးနှစ်ပါး၏)။ နိဗ္ဗတ္တိကာမောပိ = ရှယ် တိုင်းမဖောက် ခရီးရောက်အောင် ပြီးမြောက်ခြင်း, ယင်း ပြီးမြောက်ခြင်း၏ အကြောင်းရင်းမူလ အဓိဂမဆန္ဒတော် တည်းဟူသော ကာမဘုန်းတော်သည်။ အတ္ထိ = ထင်ရှား ပုံသေ ရှိပါပေ၏။ ကာမဝန္တ = ကာမ-ဂုဏ်နှုန်း ရွှေဘုန်း တော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရားအား။ မေ = ရှိပ်နာမ်ပေါင်းချုပ် အကျွန်ုပ်၏။ နမော = တုပ်ဝပ် ရှိကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျော့ ကန်တော့ဦးညွတ် ခြင်းသည်။ အတ္ထု = ဖြစ်ပါစေသတည်း။

၆-**ပယတ္တဘုန်းတော်။** ။သူမတူတန် ထက်သန် ကြီးမြတ်လှ သည့် လုံ့လဝီရိယတော်ကို ပယတ္တဘုန်းတော်ဟူ၍ခေါ်၏။ (မြတ် စွာ ဘုရားရှင်၏ နေ့စဉ် ဗုဒ္ဓကိစ္စကြီးငါးရပ်ကို မနားမနေ ရွက် ဆောင်တော်မူပုံကို အာရုံပြု၍ ကြည့်ပါ)။ ယင်းသို့ ဗုဒ္ဓကိစ္စကြီး ငါးရပ်ကို မနားမနေ ရွက်ဆောင်အားသစ်တော်မူသောကြောင့် ပင် အလုံးစုံသော သတ္တလောက၏ အလေးပြုအပ်သည့် ပုဂ္ဂိုလ် မြတ်အဖြစ်သို့ စင့်စစ်ရောက်ဆိုက်တော်မူလေသည်၊ ယင်းသို့သတ္တ- လောကတခုလုံး၏ အလေးပြုအပ်သည့် ပုဂ္ဂိုလ်မြတ် အဖြစ်သို့ စင်စစ်ဆိုက်ရောက်ကြောင်း ကောင်းမြတ်သောအခြေခံ သမ္မာ- ဝါယာမ မဂ္ဂင်ကို ပယတ္တဘုန်းတော်ဟူ၍ ခေါ်ဆို၏။

**ပယတ္တဘုန်းတော်ဖွဲ့ ဘုရားရှိခိုး**

ပယတ္တော သဗ္ဗလောကဿ၊  
ဂါရဝါပတ္တိဟေတုကော။  
ဝါယာမော သောပိ တေ အတ္ထိ၊  
ပယတ္တဝါ နမတ္ထု တေ။

ပယတ္တဝါ = ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ် သခင်....။တေ = ရှင်ပင်ဘုရားအား။ သဗ္ဗလောကဿ = အလုံးစုံလောက ရှိသမျှနတ်လူအပေါင်း၏။ ဂါရဝါပတ္တိ- ဟေတုကော = စိုးခံ့သမှု အလေးပြုအပ်သည့် ဂရုဘွဲ့ယူ

WWW.DHAMMARANSI.COM



ပုဂ္ဂိုလ်တဆူ၏ အဖြစ်သို့ စင်စစ် ဆိုက်ရောက်ကြောင်း ကောင်းမြတ်သော အခြေခံဖြစ်သော။ ဝါယာမော = သမ္မပ္ပဓာန်ကိစ္စ တပ်စွမ်းလှသား ပဓာနသညာ သမ္မာ-ဝါယာမ မဂ္ဂင်တည်းဟူသော။ သောဗိ ပယတ္တော = ပယတ္တနှုန်းခေါ် ထိုဘုန်းတော်သည်လည်း။ အတ္ထိ = ထင်ရှားပုံသေ ရှိပါပေ၏။ ပယတ္တဝါ = ပယတ္တဂုဏ်နှုန်း ရွှေဘုန်းတော်ရှင် မြတ်သခင်....။ တေ = ရှင်ပင်ဘုရား အား။ မေ = ရုပ်နာမ်ပေါင်းချုပ် အကျွန်ုပ်၏။ နမော = တုပ်ဝပ်ရိုကျိုး လက်အုပ်မိုး၍ ရှိခိုးမာန်လျှော့ ကန်တော့ ဦးညွှတ်ခြင်းသည်။ အတ္ထု = ဖြစ်ပါစေသတည်း။

ဘဂဝါဂုဏ်တော် ပြီး၏။

### ဘုရားဂုဏ်တော်တို့နှင့်စပ်၍ ပြိုးပြမ်းမှတ်ဖွယ် ပကိဏ္ဏကအဓိပ္ပါယ်

ဤအရာ၌ မြတ်စွာဘုရား၏ ဂုဏ်တော်တို့မှာ အသင်္ချေယျ အပ္ပမေယျ များလှစွာ၏၊ ထိုဂုဏ်တော်ပေါင်းများစွာတို့မှ လူနတ် ဗြဟ္မာ သတ္တဝါတို့ ဆောင်လွယ်မှတ်လွယ် ဉာဏ်ငုံလွယ်ရုံ ဂုဏ်တော်ကိုးပါး (တနည်း— ဆယ်ပါး) တို့ကို ကျမ်းဂန်တို့၌ ထုတ်ပြခြင်းဖြစ်လေသည်။

### ဂုဏ်တော်အကျဉ်းချုပ်

ထို အသင်္ချေယျ ဂုဏ်တော် (တနည်း—ဂုဏ်တော်ကိုးပါး, ဆယ်ပါး) ဘို့ကို တဖန်ထပ်၍ အကျဉ်းချုပ်ပြန်လျှင် မြတ်စွာ ဘုရား၏ ဂုဏ်တော်တို့သည် (၁) အတ္တဟိတသမ္ပတ္တိ = ကိုယ်တော်မြတ်၏ အစီးအပွါး ပြည့်စုံခြင်းကို ဖော်ပြသောဂုဏ်, (၂) ပရဟိတပဋိပတ္တိ = ဝေနေယျတို့၏ အစီးအပွါးဖြစ်အောင် ကျင့်ဆောင်ခြင်းကို ဖော်ပြသောဂုဏ်ဟူ၍ = နှစ်ပါးအပြားရှိကုန်၏။

ထိုနှစ်ပါးတို့တွင် အတ္တဟိတသမ္ပတ္တိဂုဏ်သည် ၁-ပဟာန-သမ္ပဒါ = သံကိလေသတရားတို့ကို ပယ်ရှားခြင်းနှင့် ပြည့်စုံပုံကို ဖော်ပြသောဂုဏ်, ၂-ဉာဏသမ္ပဒါ = ဉာဏ်တော် အမျိုးမျိုးနှင့်

WWW.DHAMMARANSI.COM



ပြည့်စုံပုံကို ဖော်ပြသောဂုဏ်ဟူ၍ နှစ်ပါး ရှိပြန်သည်။(အာနုဘာဝ-သမ္ပဒါ-စသည်တို့မှာ ထိုသမ္ပဒါနှစ်ပါး၌ အတွင်းဝင်နေသည်)။

ပရဟိတပဋိပတ္တိဂုဏ်သည် ၁-ပယောဂသမ္ပဒါ = လာဘ်ပူဇော်သက္ကာရ စသည်တို့ကို ငဲ့ကွက်သောစိတ် အလျှင်းမရှိပဲ ဝေနေယျတို့အား ခပ်သိမ်းသော ဝဋ်ဒုက္ခမှ ထွက်မြောက်ကြောင်း တရားတော်တို့ကို ညွှန်ပြဟောကြားတော်မူခြင်းတည်းဟူသော ဝီရိယတော်၏ စင်ကြယ်ပြည့်စုံမှု, ၂-အာသယသမ္ပဒါ = ဆန့်ကျင်ဖက်ဖြစ်သော သတ္တဝါတို့၌သော်လည်း အမြဲအစီးအပွါးကို လိုလားတော်မူခြင်း သတ္တဝါတို့၏ ဉာဏ်ပညာရင့်ကျက်ချိန်ကို စိတ်ရှည်ရှည် စောင့်ငံ့တော်မူခြင်းစသော ပရဟိတပဋိပတ္တိဖြစ်သည့် အလိုတော်၏ စင်ကြယ်ပြည့်စုံမှုဟူ၍ = နှစ်ပါး ပြားပြန်သည်။ ပစ္စည်းလေးဖြာကို ခံယူခြင်းစသည်ဖြင့် ဝေနေယျတို့၏ အကျိုးကို ကျင့်ခြင်းသည်လည်း ပရဟိတပဋိပတ္တိပင်မည်၏။ သို့ရကား ထို အတ္တဟိတသမ္ပတ္တိ, ပရဟိတပဋိပတ္တိဂုဏ်တော်နှစ်ပါးတို့ကို ထင်ရှားဖော်ပြသောအားဖြင့် ပါဠိတော်၌ အရဟံ-အစရှိသော ဂုဏ်တော်ကိုးပါးတို့ကို မြတ်စွာဘုရား ဟောကြားတော်မူလေသည်။ ဂုဏ်တော်ကိုးပါးတို့ကို ဂုဏ်တော်နှစ်ပါးတို့၌ သိမ်းကျုံးသဂြိုဟ်ယူငင်ပုံမှာ—

ဂုဏ်တော်ကိုးပါးတို့တွင် အရဟံ-ဂုဏ်တော်ဖြင့် ပဟာနသမ္ပ-ဒါနှင့်စပ်၍ မြတ်စွာဘုရား၏ အတ္တဟိတသမ္ပတ္တိ = ကိုယ်တော်အကျိုး၏ ပြည့်စုံခြင်းကို ထင်ရှားဖော်ပြသည်။ ။သမ္မာသမ္ဗုဒ္ဓ, လောကဝိဒူဂုဏ်တော်နှစ်ပါးတို့ဖြင့် ဉာဏသမ္ပဒါနှင့်စပ်၍ အတ္တ-ဟိတသမ္ပတ္တိကို ထင်ရှားဖော်ပြသည်။ (ဤ၌ "လောကဝိဒူဂုဏ်ပုဒ်ဖြင့်လည်း သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ထင်ရှားပြအပ်သည်မဟုတ်လော"ဟု မေးဖွယ်ရှိ၏။ အဖြေကား— ပြအပ်သည်မှန်ပါ၏၊ သို့သော်လည်း ထိုဂုဏ်တော်နှစ်ရပ်၏ ထူးခြားချက်ကား ရှိလေသည်။ ရှိပုံမှာ—သမ္မာသမ္ဗုဒ္ဓဟူသော ဂုဏ်ပုဒ်ဖြင့် သဗ္ဗညုတ ရွှေဉာဏ်တော်၏ အာနုဘော်ကို ထင်ရှားဖော်ပြအပ်သည်။ လောက-ဝိဒူဟူသော ဂုဏ်ပုဒ်ဖြင့်ကား အာသယာနုသယဉာဏ်- စသည်

WWW.DHAMMARANSI.COM



တို့၏ အာနုဘော်ကိုလည်း ထင်ရှားဖော်ပြအပ်သည်၊ ထို့ကြောင့် ဂုဏ်တော်နှစ်ပါး ခွဲခြား၍ ဟောကြားအပ်လေသည်။ ဤကား အဖြေတည်း)။ ။ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ဖြင့် မြတ်စွာဘုရား၏ အလုံးစုံသော အတ္တဟိတသမ္ပတ္တိကို ထင်ရှားဖော်ပြသည်။ ။ သုဂတဂုဏ်တော်ဖြင့်ကား အကြောင်းရင်းမှစ၍ မြတ်စွာဘုရား၏ အတ္တဟိတသမ္ပတ္တိ, ပရဟိတပဋိပတ္တိ နှစ်မျိုးလုံးကို ထင်ရှားဖော်ပြသည်။ ။အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်, သတ္ထာဒေဝမနုဿာနံ ဂုဏ်တော်တို့ဖြင့် ပရဟိတပဋိပတ္တိကို ထင်ရှားဖော်ပြသည်။ ။ဗုဒ္ဓဟူသော ဂုဏ်ပုဒ်ဖြင့် ကိုယ်တော်တိုင် သစ္စာလေးပါး တရားတို့ကို သိခြင်းတည်းဟူသော အတ္တဟိတသမ္ပတ္တိ = ကိုယ်တော်မြတ် အစီးအပွါး၏ပြည့်စုံခြင်း, ဝေနေယျတို့ကိုလည်း ဟောကြားလှစ်ချွေ သိစေခြင်းတည်းဟူသော ပရဟိတပဋိပတ္တိ = သူတပါးတို့၏ အစီးအပွါးကိုကျင့်ခြင်း = ဤ နှစ်ပါးတို့ကို ထင်ရှားဖော်ပြသည်။ (ထို့ကြောင့်ပင် သမ္မာသမ္ဗုဒ္ဓဂုဏ်ကို ဟောတော်မူပြီးနောက် ဗုဒ္ဓဂုဏ်ကို ဟောတော်မူပြန်သည်၊ မှန်၏—သမ္မာသမ္ဗုဒ္ဓဂုဏ်ဖြင့် ပဋိဝေဓဉာဏ်ကို ဖော်ပြ၍ ဗုဒ္ဓဂုဏ်ဖြင့် ဒေသနာဉာဏ်ကိုလည်း ဖော်ပြသည်)။ ။ဘဂဝါဂုဏ်တော်ဖြင့်လည်း အကြောင်းရင်းမှစ၍ မြတ်စွာဘုရား၏ အလုံးစုံသော အတ္တဟိတသမ္ပတ္တိ, ပရဟိတပဋိပတ္တိ = နှစ်ပါးတို့ကို ထင်ရှားဖော်ပြသည်။

တနည်း—မြတ်စွာဘုရားရှင်၏ ဂုဏ်တော်တို့သည် အကျဉ်းချုပ်အားဖြင့် ၁-ဟေတု = အကြောင်းဖြစ်သောဂုဏ်, ၂-ဖလ = အကျိုးဖြစ်သောဂုဏ်, ၃-သတ္တူပကာရ = သတ္တဝါတို့အား ကျေးဇူးပြုခြင်း = ပရဟိတပဋိပတ္တိဂုဏ်ဟူ၍ = သုံးမျိုး ရှိကုန်၏။ (ထိုဂုဏ်သုံးပါးနှင့် ပြည့်စုံခြင်းကို အစဉ်အတိုင်း ဟေတုသမ္ပဒါ, ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါဟူ၍ ခေါ်၏)။ အရဟံ-အစရှိသော ဂုဏ်တော်ကိုးပါးတို့တွင် အရဟံဂုဏ်, သမ္မာသမ္ဗုဒ္ဓဂုဏ်, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်,လောကဝိဒူဂုဏ် = ဤဂုဏ်လေးပါးတို့ဖြင့် ဖလသမ္ပဒါနှင့်စပ်၍ မြတ်စွာဘုရား၏ (ဖလ) ဂုဏ်တို့ကို ထင်ရှား

WWW.DHAMMARANSI.COM



ဖော်ပြသည်။ အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်, သတ္ထာဒေဝ-မနုဿာနံဂုဏ်ပုဒ်တို့ဖြင့် သတ္တူပကာရသမ္ပဒါနှင့်စပ်၍ မြတ်စွာဘုရား၏ (သတ္တူပကာရ) ဂုဏ်တို့ကို ထင်ရှားဖော်ပြသည်။ ဗုဒ္ဓဂုဏ်ပုဒ်ဖြင့် ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါ နှစ်ပါးတို့နှင့်စပ်၍ မြတ်စွာဘုရား၏ (ဖလ, သတ္တူပကာရ) ဂုဏ်တို့ကို ထင်ရှားဖော်ပြသည်။ သုဂတဂုဏ်, ဘဂဝါဂုဏ်ပုဒ်တို့ဖြင့်ကား သမ္ပဒါသုံးပါးလုံးနှင့်စပ်၍ မြတ်စွာဘုရား၏ ဂုဏ်သုံးမျိုးလုံး (ဟေတု, ဖလ, သတ္တူပကာရ)တို့ကို ထင်ရှားဖော်ပြသည်။ ။(ဤနည်း ၂-ပါးတို့ကို ဝိသုဒ္ဓိမဂ်မဟာဋီကာ ပဌမအုပ်၊ စာမျက်နှာ ၂၆၃,၂၆၄-တို့မှ ထုတ်ဆောင်ဖော်ပြသည်)။

**ဗုဒ္ဓါနုဿတိဘာဝနာ**

ပါဠိစာပေကို ဖတ်ရှုံသာဖတ်တတ်၍ မြန်မာစကားသက်သက်ကိုသာ တတ်သိသော ဗုဒ္ဓဘာသာ မြန်မာသူတော်စင်သည် ရှေး(အစ)၌ ဖော်ပြအပ်သည့်အတိုင်း ဘုရားဂုဏ်တော်ကိုးပါးတို့ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် အရကျက် နှုတ်တက်ဆောင်ပြီးလျှင် ဂုဏ်တော်တရပ်တရပ်စီအတွက် နှေးလည်းမနှေးကန် မြန်လည်းမမြန်လွန်းစေပဲ နှုတ်မြွက်ရွတ်ဆိုကာ ထိုပါဠိမြန်မာစကားရပ်တို့၌ ပါရှိသော မြတ်စွာဘုရား၏ အရဟံ-အစရှိသော ဂုဏ်တော်တို့ကို ထပ်တလဲလဲ အောက်မေ့ဆင်ခြင် ပွါးများရာ၏၊ထိုသို့ အောက်မေ့ဆင်ခြင်ပွါးများသော သူတော်စင်၏ သန္တာန်ဝယ် ထိုသို့ ဘုရားဂုဏ်ကို အာရုံပြုအောက်မေ့သောအခါ၌ ရာဂသောင်းကျန်းထကြွသောစိတ် ဒေါသသောင်းကျန်းထကြွသောစိတ် မောဟသောင်းကျန်းထကြွသောစိတ်များ အစဉ်သဖြင့် မဖြစ်ပွါးကြပဲ ကမ္မဋ္ဌာန်းလမ်းမှန်သို့ သက်ရောက်သဖြင့် တွန့်ဆုတ်ခြင်း ပြန့်လွင့်ခြင်းများ ကင်းရှင်းသောကြောင့် အလယ်အလတ်ဖြစ်သော သမထနိမိတ် ပဋိပတ်ဖြင့် အလွန်ဖြောင့်မတ်သော စိတ်အစဉ်သည် တသွင်သွင် ဖြစ်လေတော့၏။ ထိုသို့ အောက်မေ့ဆင်ခြင်ပွါးများဖန်များသဖြင့် ဘုရားဂုဏ်ကို အာရုံပြုသော ဘာဝနာအဆင့်ဆင့်

WWW.DHAMMARANSI.COM



ရင့်၍ရင့်၍ လာသောအခါ နီဝရဏတရားများ ကိုယ်မှခွါပြီးသာ ဖြစ်လေကုန်၏၊ကိလေသာတရားတို့သည်လည်း ဖြစ်ပွါးမှု ထကြွမှု မရှိပဲ အနယ်ထိုင်နေသည့်ပမာ ငြိမ်၍နေကုန်၏၊ သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးတို့သည် အလွန်သန့်ရှင်း ထက်မြက်၍လာကုန်၏၊ ဗုဒ္ဓါနုဿတိဘာဝနာ အလေ့အလာများသောကြောင့် ဝိတက်, ဝိစာရတို့သည် လွန်လွန်ကဲကဲ မိမိတို့ဆိုင်ရာကိစ္စတို့ကို ရွက်ဆောင်ကြလျက် ဖြစ်ပွါးကြကုန်၏၊ ထိုအခါ မိမိ၏ အလုပ်မှန်ကို လွန်စွာနှစ်သက်လျက် အားကြီးသောပီတိတရား တဖွားဖွား ဖြစ်လာလေ၏၊ ယင်းပီတိကြောင့် ကာယပဿဒ္ဓိ = ကိုယ်၏ငြိမ်းချမ်းခြင်း, စိတ္တပဿဒ္ဓိ = စိတ်၏ငြိမ်းချမ်းခြင်း = နှစ်ပါး အထူးသဖြင့် ဖြစ်ပွါးကာ ကိုယ်စိတ်တို့၏ပူပန်မှု( = သိမ်မွေ့သော အခိုက်အတန့်ရှိသည့် ဥဒ္ဓစ္စနှင့်တကွသော ကိလေသာ) များလည်း ငြိမ်းစဲအနယ်ထိုင်၍ သွားလေကုန်၏၊ ယင်းသို့ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းလှစွာသောကြောင့် သမာဓိ၏ အကြောင်းရင်းဖြစ်သော သုခတရား နိုင်ခံ့သည်ထက်နိုင်ခံ့စွာ ဖြစ်ပွါးလာလေ၏၊ သုခဖြင့်ပွါးစည်းစိုပြေရကား စိတ်အစဉ်သည် ကမ္မဋ္ဌာန်းအာရုံ၌ အလွန့်အလွန် တည်ကြည်၍ နေလေတော့၏။

ဤသို့လျှင် အစဉ်သဖြင့် ရှေ့ပိုင်းဝယ် ဝိတက်အစရှိသော ဘာဝနာအလုပ်တရားတို့ တဆင့်ထက်တဆင့် ရင့်ကျက်ရင့်ကျက်ကာ ထက်မြက်သည်ထက် ထက်ထက်မြက်မြက် ဖြစ်ပွါးကြ၍ တွန့်လည်းမတွန့်ဆုတ် ပြန့်လည်းမပြန့်လွင့်သဖြင့် အလယ်အလတ် မဏ္ဍိမသမထပဋိပတ်သို့ ဆိုက်ရောက်ကာ သဒ္ဓါ-စသော ဣန္ဒြေငါးပါးတို့သည်လည်း မိမိတို့၏ ဆိုင်ရာကိစ္စကို အညီအမျှ ပြုလုပ်ရွက်ဆောင်ကြသဖြင့် ရှေးကထက် အထူးထက်မြက်သောဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ = ဈာန်အင်္ဂါ ငါးပါးတို့သည် ဗုဒ္ဓါနုဿတိ ကာမာဝစရဘာဝနာ မဟာကုသိုလ်စိတ်၌ စိတ္တက္ခဏတချက်တည်းဝယ် ပြိုင်လျက်ဖြစ်ပေါ်လာကြ၍ ဥပစာရဈာန်ကိစ္စကို ပြီးစေကြလေသည်။ ဤသို့ဖော်ပြရာပါ ဈာန်အင်္ဂါ ငါးပါးတို့ ကာမာဝစရဘာဝနာ မဟာကုသိုလ်စိတ်နှင့် တွဲယှဉ်

WWW.DHAMMARANSI.COM



လျက် ဖြစ်ပွါးလာသောအခါ ထိုယောဂီပုဂ္ဂိုလ်ကို "ဗုဒ္ဓါနုဿတိ ဥပစာရဈာန်ကိုရသောပုဂ္ဂိုလ်" ဟူ၍ ခေါ်ဆိုရလေသည်။

(ဤဌ—"ဈာန်သည် ဥပစာရ ကာမာဝစရသမာဓိဈာန်မျှသာဖြစ်၍ အဘယ့်ကြောင့် အပ္ပနာ (ရူပါဝစရ) ဈာန်သို့ မရောက်သနည်း" ဟု မေးဖွယ်ရှိ၏။ အဖြေကား — ဘုရားဂုဏ်တော်တို့မှာ သဘာဝဓမ္မ= ပရမတ္ထဓမ္မများဖြစ်ကြကာ လွန်စွာနက်နဲသောကြောင့် အပ္ပနာဈာန်သို့ မရောက်ဟု အကျဉ်းချုပ် ဖြေဆိုရာ၏။ မှန်၏—အလွန်နက်သောရေ၌ လှေသည် ကြံ့ကြံ့မတည်နိုင်သကဲ့သို့ သဘာဝဓမ္မ ပရမတ္ထဖြစ်၍ အလွန် နက်နဲသော ဘုရားဂုဏ်တော်အဖုံဖုံ အာရုံ၌ စိတ်သည်လည်း ရူပါဝစရ အပ္ပနာ သမာဓိအနေဖြင့် မတည်နိုင်။

သဘာဝဓမ္မဖြစ်သော မြတ်စွာဘုရား၏ ဂုဏ်တော်များကို အရဟံ ဂုဏ်တော်, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်-စသည်ဖြင့် တဇ္ဇာပညတ် (ပရမတ္ထ တရားတို့၏ အနွတ္ထအမည်ပညတ်)နှင့် စပ်၍သာ အာရုံယူအပ်သည် မဟုတ်လော၊ အဘယ့်ကြောင့် "သဘာဝဓမ္မ ပရမတ္ထအာရုံဖြစ်၍ အလွန်နက်နဲသောကြောင့်" ဟု အကြောင်းပြရသနည်း-ဟု ထပ်၍ မေးဖွယ်ရှိပြန်၏။ အဖြေကား—ရှေးပိုင်း (ဘာဝနာ နုစဉ်အချိန်) ၌ တဇ္ဇာပညတ်နှင့် စပ်၍သာ အာရုံကိုယူရသော်လည်း ဘာဝနာရင့်သန် ပွါးစည်းလာသောအခါ ထိုတဇ္ဇာပညတ်ကို လွန်ကျော်၍ ပရမတ္ထ- သဘာဝ ဓမ္မအာရုံ၌သာ စိတ်သည် တည်လေတော့၏၊ ထို့ကြောင့် ထိုကဲ့သို့ အကြောင်းပြရသည်။ ဤကား အဖြေတည်း။

တဖန်တပ်၍ "အချို့သော ပဌမာရုပ္ပဝိညာဏ်-အစရှိသော သဘာဝ- ဓမ္မ ပရမတ္ထအာရုံ၌ ဒုတိယာရုပ္ပဈာန်-စသော အပ္ပနာဈာန်များ ဖြစ်ပွါးပြည့်စုံသည်မဟုတ်လော" ဟု မေးဖွယ်ရှိပြန်၏။ အဖြေကား— ဖြစ်ပွါးပြည့်စုံသည် မှန်၏၊ ထို ဒုတိယာရုပ္ပဈာန်စသည်ကား တခုသော သဘောရှိသောအာရုံ၌ ဖြစ်ပွါးပြည့်စုံကြသည်၊ ဤ ဗုဒ္ဓါနုဿတိအာရုံ ကား အထူးထူး အပြားပြား များစွာသောအာရုံဖြစ်သည်၊ ထို့ကြောင့် ထို ပဌမာရုပ္ပဝိညာဏ်-စသော အာရုံတို့နှင့် နှိုင်းယှဉ်၍ မစောဒနာသင့် ပေ။ ဤကား အဖြေတည်း။

"ဤသို့ ဆိုသော်လည်း ဆံပင်, မွေးညှင်း-စသော အထူးထူး အပြားပြားသော ကောဋ္ဌာသတို့၌ ကမ္မဋ္ဌာန်းနှလုံးသွင်းသော ပုဂ္ဂိုလ် ၏သန္တာန်ဝယ် ဘာဝနာရင့်သန်လာသောအခါ တခုသော ကောဋ္ဌာသ ၌ ရူပါဝစရ ပဌမဈာန် အပ္ပနာဘာဝနာပေါက်ရောက်သကဲ့သို့ ထို့အတူ

WWW.DHAMMARANSI.COM



ဤ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအရာ၌ အဘယ့်ကြောင့် တခုသောဘုရားဂုဏ် အာရုံ၌ အပ္ပနာဈာန်မပေါက်ပဲ ရှိရသနည်း” ဟု ထပ်ဆင့်မေးဖွယ် ရှိလာပြန်၏။ ဤ ဥပမာဆောင်မှုကား မညီညွတ်သော ဥပမာဆောင်မှု သာ ဖြစ်ချေသည်။ မှန်၏—ကာယဂတာသတိကမ္မဋ္ဌာန်း၌ ဆံပင်, မွေးညှင်း-စသောအားဖြင့် ကောဋ္ဌာသများသော်လည်း ထိုကောဋ္ဌာသ အားလုံး၏ စက်ဆုပ်ဖွယ်သောအခြင်းအရာ တခုကိုသာ အာရုံယူ၍ အပ္ပနာဘာဝနာဈာန် ဖြစ်ရလေသည်၊ ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌ကား ဘုရားဂုဏ်တော်တို့ကပင် အထူးထူး အပြားပြား များသောသဘော ရှိသောကြောင့် ထို များသောသဘောဖြင့်ပင် ကာမာဝစရ ဥပစာရ-ဘာဝနာသာ ဖြစ်ရလေသည်။ “ဂုဏ်တော်အာရုံ တခုတည်း၌သာ ဖြစ်ပါတော့လော” ဟု ထပ်၍တဖန် စောဒနာပြန်ငြားအံ့၊ ဗုဒ္ဓါနုဿတိ-ဘာဝနာအစွမ်းကြောင့် ပစ္စက္ခအားဖြင့် ဘုရားဂုဏ်တော်များ ထင်၍ လင်း၍လာသောအခါ သဒ္ဓါတရား အားကြီးသည်ထက် အားကြီး၍ လာသောကြောင့် ယောဂီပုဂ္ဂိုလ်သည် ဘယ်နည်းဖြင့်မှ ဘုရားဂုဏ် တခုတည်း၌ စိတ်ရပ်တည်၍ မနေနိုင်၊ ဤကား အဖြေတည်း။ ။ ဤကား မေးဖွယ် ဖြေဖွယ်တည်း။)

## ဗုဒ္ဓါနုဿတိဘာဝနာအကျိုး

ဤဗုဒ္ဓါနုဿတိဘာဝနာကို အခါခါကြိုးကုတ် အားထုတ် သော သူတော်စင်သည် မြတ်စွာဘုရားရှင်၌ သူမတူတန် ရိုသေ ကျိုးနွံခြင်းရှိသူ ဖြစ်လေ၏၊ ထို့ကြောင့်ပင် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့် အလားတူစွာ သဒ္ဓါတရား ကြီးထွားပြန့်ပြော ခြင်းသို့ရောက်ခြင်း, ဘုရားရှင်ဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့သော အားဖြင့် ဘာဝနာတရား ဖြစ်ပွါးသောကြောင့် သတိတရား ကြီးထွားပြန့်ပြောခြင်းသို့ရောက်ခြင်း, ထိုအောက်မေ့အပ်သော ဘုရားရှင် ဂုဏ်တော်တို့က အလွန်နက်နဲလှ အထူးထူး အပြားပြား များလှ သောကြောင့် ပညာတရား ကြီးထွားပြန့်ပြောခြင်းသို့ရောက်ခြင်း, ထို အောက်မေ့အပ်သော ဘုရားရှင်ဂုဏ်တော်များကိုယ်နှိုက်က အလွန်ပြန့်ပြောကြီးမြတ်သည့် ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းကြီးသဖွယ်ဖြစ်သောကြောင့် ကုသိုလ်တရား တိုးပွါး ပြန့်ပြောခြင်းသို့ရောက်ခြင်း ရောက်ရှိလေ၏။

WWW.DHAMMARANSI.COM



ဗုဒ္ဓါနုဿတိ ဘာဝနာကိုယ်နှိုက်က ပီတိသမ္ဗောဇ္ဈင်၏ အကြောင်းဖြစ်သောကြောင့် နုသောပီတိ, ရင့်သောပီတိတို့ ပြောများသောသူ ဖြစ်လေ၏၊ ဘုရားဂုဏ်ကို အာရုံပြုသောသတိကိုယ်နှိုက်က ဘေးကြီးဘေးငယ် ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို လွှမ်းမိုးနိုင်နင်းသော တန်ခိုးသတ္တိရှိသောကြောင့် ဘေးကြီးဘေးငယ်= ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို သည်းခံပယ်ဖျောက်နိုင်သူ ဖြစ်လေ၏၊ ဗုဒ္ဓါနုဿတိကိုယ်နှိုက်က ပိန်းကြာဖက်၌ ရေကိုကဲ့သို့ သာရိရိကဒုက္ခ= ကိုယ်၌ ကျရောက်သော ဆင်းရဲဒုက္ခများကို ပယ်ရှားဆုတ်နစ်စေတတ်သောကြောင့် ဒုက္ခကို သည်းခံနိုင်စွမ်းသောသူ ဖြစ်လေ၏၊ မြတ်စွာဘုရားရှင်နှင့် အတူတကွ နေထိုင်ရသည့် အမှတ်သညာကို ရရှိလေ၏၊ ဗုဒ္ဓါ-နုဿတိ ဘာဝနာကုသိုလ်တရား၏ ဖြစ်ပွါးကိန်းတည်ရာ ထိုယောဂီပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာသည် စေတီတိုက်အိမ်ကြီးကဲ့သို့ ပူဇော်အထူးကို ခံယူခြင်းငှါ ထိုက်တန်လေ၏၊ ထိုဗုဒ္ဓါနုဿတိဘာဝနာ အလုပ်ကို အားထုတ်သောသူ၏ စိတ်သည် အမြဲတစေ ဗုဒ္ဓဘူမိခေါ်သော သမ္မာသမ္ဗောဓိဉာဏ်၌ ညွတ်၍နေလေ၏။

ဗုဒ္ဓါနုဿတိဘာဝနာအလုပ်ကို အားထုတ်ပွါးများသောသူ၏ အဖို့ရာ ထိုဘာဝနာအစွမ်းဖြင့်ပင် အခါခပ်သိမ်း ဘုရားရှင်၏ ဂုဏ်တော်များက စိတ်၌ အပြန်ပြန် အလှန်လှန် ဖြစ်ပေါ်ထင်မြင်၍ နေရကား သီလပျက်စီးရန် လွန်ကျူးအပ်သည့်(လွန်ကျူးရမည့်)= ဝီတိက္ကမိတဗ္ဗဝတ္ထု အာရုံနှင့် ကြိုက်ကြုံပေါင်းဆုံမိစေကာမူ မြတ်စွာဘုရားကို မျက်ဝါးထင်ထင် ဖူးမြင်နေရသူ၏ သန္တာန်မှာ ကဲ့သို့ဒုစရိုက်မှုမှ ရှက်ခြင်း,ထိတ်လန့်ခြင်း = ဟိရီ,ဩတ္တပ္ပတရားတို့ အဖန်ဖန်ဖြစ်ပွါးလေ၏၊ (ဝီတိက္ကမိတဗ္ဗဝတ္ထုကို မလွန်ကျူးမိတော့ချေ)၊ ဤဗုဒ္ဓါနုဿတိဘာဝနာကို အခြေခံတည်ရာပြု၍ ဝိပဿနာတရား ပွါးများအားထုတ်လျှင် မဂ်ဖိုလ်ကို အလွယ်နှင့် ရနိုင်၏၊ ပါရမီမပြည့်စုံ မလုံလောက်သေး၍ ယခုဘဝ မဂ်ဖိုလ်ကို မရလျှင်လည်း ကောင်းရာသုဂတိဘုံဘဝသို့ လားရောက်ရ၏။

WWW.DHAMMARANSI.COM



ဤကား ဝိသုဒ္ဓိမဂ်ကျမ်းလာ ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးတည်း။ ထိုမှတပါး ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးများကို ပိဋ-ကတ်တော်မြန်မာပြန် ထေရအပဒါန်ကျမ်း သုဘူတိထေရအပ-ဒါန်မှ အကျယ်ထုတ်ဆောင် မှတ်ယူကုန်ရာ၏။

ဘုရားဂုဏ်တော် ကိုးပါး ပြီး၏။

---

### တရားဂုဏ်တော် ခြောက်ပါး

သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အ-ကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။ ။(တရားဂုဏ်တော်ခြောက်ပါး ပါဠိ။)

ဘဂဝတာ = ဣဿရိယ-စသည်ခြောက်စုံ ဂုဏ်အသ-ဒိသ ဝိသမကြောင့် တြိဘဝလုံး ညွတ်လှာရှိုးရသော ရွှေဘုန်းတော်သခင် ဘုရားရှင်သည်။ အက္ခာတော = ဒေသနာဉာဏ် ဝေဘန်ပညတ် ဟောကြားတော်မူအပ်သော။ ဓမ္မော = သ-ပရိယတ် မဂ်,ဖိုလ်မြတ်နှင့် ဓာတ်အသင်္ခတာ = ဆယ်ဖြာသောတရားတော်မြတ်သည်။ သွာက္ခာတော = အာဒိကလျာဏ မဇ္ဈေကလျာဏ ပရိယောသာန-ကလျာဏ ကေဝလသမ္ပုဏ္ဏံ သံသုဒ္ဓဂုဏ်း ကရိုဏ်း နိဂ္ဂဟိတ် ဝိတ်,လွှတ်,လေး, ပေါ့,တင်း, လျော့, ရှည်, တို့,ဖြတ်, စပ်-ဟုဆိုအပ်သော မဂဓိုရ်သား ဘာသာအားဖြင့် = ဆယ်ပါးသော ဗျဉ္ဇနဗုဒ္ဓိနှင့်ညီစွာ သဒ္ဒါခြောက်ချက် အနက်ခြောက်နည်း မလည်းမလိမ် မပိတ်မကွယ် ဝိပ္ပါယ်တိမတ် ပရိယတ်ကို လှည့်ပတ်ကောင်းမွန်စွာ ဟောကြားတော်မူခြင်း(က)....၊ မဂ်၏ဌာန ဒွေအန္တကို သံမျှမကပ် မဇ္ဈိမပဋိ-ပတ်ဖြင့် ပညတ်ဟောကြားတော်မူခြင်း....၊ ထိုဖွယ်ပုပ်သိုးလှောင်သည့်အိုးကို အားကြိုးသွန်ထုတ် မီးဖြင့်ဖုတ်သို့ သမုစ္ဆေဒမြတ် မဂ်ဖြင့်သတ်ပြီး ပဿဒ္ဓိပဟာန် ဖိုမီးလျှံဖြင့်

WWW.DHAMMARANSI.COM



တဖန်ပယ်သိမ်း ရန့်မျှမရှိန်းစေရကား ငြိမ်းပြီးသော ကိလေသာ ရှိကြောင်းရာကို ကောင်းစွာပညတ်တော်မူခြင်း (ခ–ဂ)····၊ နိစ္စဓုဝ ဝူပသမုတ် အမတဟူအရော ပုဒ်သဘောကို ဟုတ်သောအလျောက် ချီးမြှောက်ဟောကြားတော်မူခြင်း(ဃ)····၊ ယင်းသို့–ကလျာဏဟူယ သာဓု၊ သဗ္ဗညုနာ အစဖြာလျက် သု-အာချာပုဒ် သုဋ္ဌု+ အက္ခာ အနက်လာနှင့်အညီ သွာက္ခာတတာ ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား····(၁)။

ဓမ္မော=မဂ်,ဖိုလ်,နိဗ္ဗာန် = ကိုးတန်ပရမတ် လောကုတ္တရာတရားတော်မြတ်သည်။ သန္ဒိဋ္ဌိကော = ကိလေမှောင်ကို မဂ်ရောင်နေဝန်း ထွန်းခဲ့တိုင်းလျှင် ကိုယ်တိုင်ပင်တည့် သခင်ဓိဏာ ရှင်ရိယာတို့ သဒ္ဒါလေးမြတ် ရှုမြင်အပ်သောကြောင့်ရင်း( ၊ )....၊ ပသဒ္ဓနက် သံ-ကာထွက်နည်း မဂ်ယှဉ်သောအား ဖိုလ်ကားဟိတ်ခံ မြတ်နိဗ္ဗာန်မှု အာရမ္မဏိက ဝိဇယရန်နှိပ် သမ္မာဒိဋ္ဌိဖြင့် ခဲကြိတ်လှစွာ ငြိမ့်လာသား ကိလေသာယုတ် ရန်အစုတ်ကို တမုဟုတ်ချင်း ခုတ်စဉ်းမြိမြိ အောင်ပွဲတော်ခံသောကြောင့်ရင်း ( ။ )····သန္ဒိဋ္ဌိကဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား····( ၂ )။

ဓမ္မော = အရိယာမဂ်လေးပါး မြတ်တရားသည်။ အကာလိကော = လက်ဖျစ်တတွက် လျှပ်တပြက်နှင့် မျက်တောင်တခတ် မတန့်ရပ်ပဲ ခဏဟူယသမင်္ဂီ ညီမဂ်ပုဂ္ဂိုလ် ဆိုရုံဆိုပြီး ဖိုလ်ဖလဋ္ဌာန် ပစ္စယုပ္ပန်ကို အနန္တရသတ္တိ ပေးနိုင်စွမ်းရှိသောကြောင့် အကာလိကဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား.... (၃)။

ဓမ္မော = ရတနာမျိုးမြတ် ဖိုးမပြတ်နိုင်သည့် ကိုးရပ်သောလောကုတ္တရာတရားတော်သည်။ ဧဟိပဿိကော = ဆီးနှင်း,မြူ,တိမ်, သူရိန်,မီးခိုး ရန်မျိုးနှင့်မကြိမ်ရသော နိမ္မလ-လက္ခဏာ စကြာလ-မင်း၏ တင့်တယ်ခြင်း အသ

WWW.DHAMMARANSI.COM



ရေကဲ့သို့ငှင်း....၊ ဝေပုလ္လတောင်ဖြစ် မဏိစစ်ဇောတိရ မနောဟရပတ္တမြားကဲ့သို့ငှင်း....“ထင်ရှားလှစွာ ရှိစပါ၏၊ လာလှည့်ပါကြ, ရှုလှည့်ကြ”ဟု ပြအံ့သော အစီအရင်ကို ထိုက်ခြင်းရှိရကား **ဟေိပဿိက**ဟူသောဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာတကား....(၄)။

ဓမ္မော = လောကုတ္တရာ မည်သာထင်ပေါ် တရားတော်သည်။ ဩပနေယျိကော = မင်္ဂလေးတန်ကား နိဗ္ဗာန်သာခေါင် ဘေးမဲ့သောင်သို့ ဖောင်တော်ယာဉ်တွင် ရှိယာရှင်တို့ကို တင်ဆောင်ပို့ရန် ကူးတို့ခံ၏....၊နိဗ္ဗာန်, ဖိုလ်ကား ထိုရှင်များကို ထင်ရှားလျှင်ဆော မျက်မှောက် ပြုသောအားဖြင့် ဆောင်ပေသောကြောင့် **ဩပနေယျိက** ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာတကား....(၅)။

ဓမ္မော = သဒ္ဓိရ, သတ္တ, ဩကာသ-ဟု လောကတို့ ထက် လွန်မြတ်၍ ထွက်ပေသော မဂ်,ဖိုလ်,နိဗ္ဗာန် = ကိုးတန်ဝိမုတ် လောကုတ္တရာ မည်တော်သာသား အရိယာ ဖြစ်ပွါး မြတ်တရားသည်။(ဝါ)မြတ်တရားကို။ ဝိညူဟိ = ဥဃ္ဃဋိတညူ အစမူသော နုတ်လူမြဟ္မာ လေးသစ္စာကို ထင်စွာမြင်သိ ပညာရှိတို့သည်။ ပစ္စတ္တံ = ကိုယ်စီကိုယ်စီ ပါရမီရင်းနှီး ကြီးခဲ့သည့်လျောက် လက်ရောက်ထင်ရှား သိတရားကို အခြားသူ့ထံ တရံတဆစ် ငှါးရမ်း၍ မဖြစ် ရကား စင်စစ် အသီး အသီး မိမိတို့စိတ်၌။ ဝေဒိတဗ္ဗော = ပတ္တမြားလက်တင် ပြက်ပြက်မြင်၏သို့ ထင်ထင်ရှားရှား တရားဆိုနှစ် ရောက်အပ် သိအပ် ခံစားအပ်သည်ဖြစ်သော ကြောင့် **ပစ္စတ္တံဝေဒိတဗ္ဗ**ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူး အပ်ပါပေစွာ တကား.... (၆)။ ။(တရားဂုဏ်တော် ခြောက်ပါးအနက်။)

WWW.DHAMMARANSI.COM



မကျဉ်းမကျယ် မှတ်သားရန်အစီပွါယ်

(၁) သွာက္ခာတဂုဏ်တော်

တရားတော်သည် ပရိယတ်တရား,မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်အားဖြင့် ကိုးပါးသောလောကုတ္တရာတရား = ၍သို့ဆယ် ပါးအပြားရှိ၏။ ထိုတရားဆယ်မျိုးလုံးပင် ၍သွာက္ခာတဟူသော ပဌမဂုဏ်နှင့် ပြည့်စုံကြ၏။ ပြည့်စုံကြပုံမှာ—

ပရိယတ်တရားတော်သည် အစကောင်းခြင်း,အလယ်ကောင်း ခြင်း,အဆုံးကောင်းခြင်း တည်းဟူသော ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသောကြောင့်ငှင်း, အနက်,သဒ္ဒါတို့နှင့် ပြည့်စုံသောကြောင့် ငှင်း အသစ်ထည့်ရန်မလို အလုံးစုံ ပြည့်စုံလျက် နုတ်ပယ်ရန်မရှိ ပကတိအားဖြင့်ပင် ထက်ဝန်းကျင်စင်ကြယ်သောကြောင့်ငှင်း, သုံး ပါးသိက္ခာ သာသနာတည်းဟူသော မြတ်သောအကျင့်,မဂ်တည်း ဟူသောမြတ်သောအကျင့် ၍အကျင့်မြတ်နှစ်ပါးကို ထင်ရှားဖော် ပြတတ်သောကြောင့်ငှင်း ကောင်းစွာဟောကြားအပ်သောတရား တော်ဖြစ်သောကြောင့် သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံလှပေ၏။

ထင်ရှားစေဦးအံ့— မြတ်စွာဘုရား ဟောကြားတော်မူအပ် သော ပရိယတ် တရားတော်သည် ထက်ဝန်းကျင် ကောင်းခြင်း ဂုဏ်နှင့် ပြည့်စုံသောကြောင့် တဂါထာမျှသော ပရိယတ်တရား တော်ပင် ဖြစ်လင့်ကစား ထိုတရားဒေသနာသည် ပဌမပိုဒ်ဖြင့် အစ၌ ကောင်းခြင်း = အာဒိကလျာဏဂုဏ်, ဒုတိယ တတိယ ပိုဒ်တို့ဖြင့် အလယ်၌ကောင်းခြင်း = မဇ္ဈေကလျာဏဂုဏ်, နောက် ဆုံး စတုတ္ထပိုဒ်ဖြင့် အဆုံး၌ကောင်းခြင်း = ပရိယောသာန- ကလျာဏဂုဏ်တို့နှင့် ပြည့်စုံသည်သာဖြစ်၏။ ။အနုသန္ဓေစကား တရပ် အဆက်အစပ်ရှိသော သုတ္တန်တခုမှာ နိဒါန်း = စကားဦး တရားခင်းတရားပျိုးဖြင့် အစ၌ကောင်းခြင်းဂုဏ်, နိဂုံးဖြင့် အဆုံး၌ ကောင်းခြင်းဂုဏ်, ကျန်သောစကားရပ်စုဖြင့် အလယ်၌ ကောင်း ခြင်းဂုဏ်နှင့် ပြည့်စုံသည်သာဖြစ်၏။ ။အနုသန္ဓေစကား အဆက် အစပ်များသော သုတ္တန်တခုမှာ ပဌမအနုသန္ဓေ စကားရပ်ဖြင့် အစ၌ကောင်းခြင်းဂုဏ်, နောက်ဆုံး အနုသန္ဓေ စကားရပ်ဖြင့်

WWW.DHAMMARANSI.COM



အဆုံး၌ကောင်းခြင်းဂုဏ်, ကျန်သော အနုသန္ဓိစကားရပ်တို့ဖြင့် အလယ်၌ ကောင်းခြင်းဂုဏ်တို့နှင့် ပြည့်စုံသည်သာဖြစ်၏။ (ဤကား သုတ္တန်ပိဋကတရားတော်အတွက်တည်း)။

တနည်း—သုတ္တန်ဝိနယ ပိဋကနှစ်ပုံမှာလာရှိသော ပရိယတ်တရားတော် အားလုံးပင် သာဝတ္ထိ, ရာဇဂြိုဟ် ထိုထိုနိဒါန်းတို့နှင့် ပြည့်စုံသည် (=တရားဟောရာဌာနကို နိဒါန်းဟုခေါ်သည်)၊ ထိုထိုသို့သော အကြောင်းအဋ္ဌုပ္ပတ်ရှိ၍ ဟောကြားအပ်သော တရားတော်များ ဖြစ်လေသည်၊ သို့ရကား နိဒါန်း, အဋ္ဌုပ္ပတ်တို့နှင့် ပြည့်စုံသောကြောင့် အစ၌ ကောင်းခြင်းဂုဏ်နှင့်လည်း ပြည့်စုံသည်။ ဝေနေယျတို့၏ အလိုအဇ္ဈာသယနှင့် လိုက်လျောသောကြောင့်ငှင်း, ဟောကြားအပ်သော အနက်အဓိပ္ပါယ်တို့ ဟောတိုင်းကေန် မဖောက်မပြန် မှန်ကန်သောကြောင့်ငှင်း, အကြောင်း, ဥပမာတို့နှင့် ပြည့်စုံသောကြောင့်ငှင်း အလယ်၌ကောင်းခြင်းဂုဏ်နှင့်လည်း ပြည့်စုံသည်။ ကြားနာသူ ဝေနေယျတို့အဖို့ရာ သဒ္ဓါတရားကိုရရှိခြင်း, စကားတရပ်တရပ်၏ အဆုံးသတ် နိဂုံးနှင့်ပြည့်စုံခြင်းများကြောင့် အဆုံး၌ကောင်းခြင်းဂုဏ်နှင့်လည်း ပြည့်စုံသည်။

ပိဋကသုံးပုံ အလုံးစုံသော ပရိယတ္တိဓမ္မသည် အချုပ်အားဖြင့် သီလ, သမာဓိ, ဝိပဿနာပညာ, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို ထင်ရှားဖော်ပြ၏။ ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်, သံဃာစစ် သံဃာမှန်တို့ကိုဝေဘန်ဖော်ပြ၏။သမ္မာသမ္ဗောဓိဉာဏ်, ပစ္စေကဗောဓိဉာဏ်, သာဝကဗောဓိဉာဏ် = ဤဗောဓိဉာဏ်သုံးပါးသို့ ဆိုက်ရောက်ကြောင်း ကောင်းမြတ်သော ပဋိပတ်မှန်ကိုလည်း တင်ရှားဖော်ပြ၏။ သို့ရကား ပိဋကသုံးပုံ အလုံးစုံသော ပရိယတ္တိတရားတော်သည် မိမိ၏ အနက်ဖြစ်သော သီလဖြင့် အစ၌ကောင်းခြင်းဂုဏ်, သမာဓိ ဝိပဿနာပညာ မဂ်ဖိုလ်တို့ဖြင့် အလယ်၌ကောင်းခြင်းဂုဏ်, နိဗ္ဗာန်ဖြင့် အဆုံး၌ကောင်းခြင်းဂုဏ် တို့နှင့်လည်း ပြည့်စုံသည်သာဖြစ်၏။ တနည်း-သီလ သမာဓိဖြင့် အစ၌ကောင်းခြင်းဂုဏ်, ဝိပဿနာပညာ မဂ်တို့ဖြင့် အလယ်၌ ကောင်းခြင်းဂုဏ်, ဖိုလ် နိဗ္ဗာန်တို့ဖြင့် အဆုံး၌ ကောင်းခြင်းဂုဏ်

WWW.DHAMMARANSI.COM



တို့နှင့်လည်း ပြည့်စုံသည်သာဖြစ်၏။ တနည်း – ဘုရားစစ်ဘုရားမှန်ကို ဖော်ပြခြင်းဖြင့် အစ၌ကောင်းခြင်းဂုဏ်, တရားစစ်တရားမှန်ကို ဖော်ပြခြင်းဖြင့် အလယ်၌ ကောင်းခြင်းဂုဏ်, သံဃာစစ် သံဃာမှန်ကိုဖော်ပြခြင်းဖြင့် အဆုံး၌ကောင်းခြင်းဂုဏ်တို့နှင့်လည်း ပြည့်စုံသည်သာဖြစ်၏။ ပရိယတ်တရားတော်ကို ကြားနာ၍ ထိုပရိယတ်တရားတော်၌ ဟောပြအပ်သည့်အတိုင်း လိုက်နာကျင့်ကြံလျှင် မောဂ်ဉာဏ်သုံးပါးကို အကျင့်အလိုက် ရောက်ဆိုက်နိုင်သောကြောင့် ယင်းသို့ ရောက်ဆိုက်အပ်သော သမ္မာသမ္ဗောဓိဉာဏ်ဖြင့် အစ၌ကောင်းခြင်းဂုဏ်, ပစ္စေကမောဂ်ဉာဏ်ဖြင့် အလယ်၌ ကောင်းခြင်းဂုဏ်, သာဝကမောဂ်ဉာဏ်ဖြင့် အဆုံး၌ ကောင်းခြင်းဂုဏ်တို့နှင့်လည်း ပြည့်စုံသည်သာဖြစ်၏။

ဤပရိယတ်တရားတော်၌ လုပ်ငန်းစဉ် နှစ်ဆင့်ရှိသည်၊ (၁) သက်ဝင်ယုံကြည်စွာ ကြည့်ရှုကြားနာခြင်း၊ (၂) ကြည့်ရှုကြားနာရုံမျှဖြင့် ကိစ္စမပြီးသေး၊ ကြည့်ရှုကြားနာပြီးလျှင် ထိုတရားတော်၌ လာသောအတိုင်း ကျင့်ကြံခြင်း = ဤသို့ လုပ်ငန်းစဉ် နှစ်ရပ်ရှိသည်။ ယင်းလုပ်ငန်းစဉ်နှစ်ရပ်ကို အစဉ်အတိုင်း လိုက်နာကျင့်သုံး၍ ပဋိပတ်အကျိုး ပြီးမြောက်လျှင် အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။ သို့ရကား ဤပရိယတ် တရားတော်ကို အရဟတ္တဖိုလ်သို့ စိတ်ကဦးတည်၍ ကြားနာလျှင် ( = သုတမယဉာဏ်ကို အဖန်ဖန်ဖြစ်စေလျှင်) နီဝရဏတရားတို့ကို ခွါနိုင်သောကြောင့် ယင်းသို့ကြားနာခြင်း (= သုတမယဉာဏ်) ဖြင့် အစ၌ ကောင်းခြင်းဂုဏ်နှင့်လည်း ပြည့်စုံ၏။ သုတမယဉာဏ်ဖြင့် အဖန်ဖန်ကြားနာပြီးနောက် လိုက်နာကျင့်ကြံလျှင်လည်း သမထချမ်းသာ = သမာဓိနှင့်ယှဉ်သောချမ်းသာ, ဝိပဿနာချမ်းသာ = ဝိပဿနာဉာဏ်ပညာနှင့်ယှဉ်သော ချမ်းသာတို့ကို ရွက်ဆောင်နိုင်သောကြောင့် လိုက်နာကျင့်ကြံခြင်းဖြင့် အလယ်၌ ကောင်းခြင်းဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုသို့ကျင့်ကြံသည်ဖြစ်၍ ပဋိပတ်၏အကျိုး ပြီးမြောက်လျှင် အရဟတ္တဖိုလ်ကို ရွက်ဆောင်နိုင်သောကြောင့် ပဋိပတ်၏အကျိုး( = အရဟတ္တဖိုလ်) ဖြင့် အဆုံး၌ကောင်းခြင်းဂုဏ်

WWW.DHAMMARANSI.COM



နှင့်လည်း ပြည့်စုံ၏။ ဤသို့လျှင် အစ, အလယ်, အဆုံး = သုံးပါး အစုံ ကောင်းခြင်းဂုဏ်တို့ဖြင့် ပြည့်စုံထင်ရှား ဟောကြားအပ်သောကြောင့် ပရိယတ်တရားတော်သည် သွာက္ခာတတာဂုဏ်ထူးဖြင့် ချီးကျူးအပ်သော တရားတော်ဖြစ်လေသည်။

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ်တရားတော်သည် သာသနဗြဟ္မစရိယ, မဂ္ဂဗြဟ္မစရိယ-တည်းဟူသော အကျင့်မြတ်နှစ်ပါးကို ထင်ရှားဖော်ပြလေသည်။ (ထိုဗြဟ္မစရိယနှစ်ပါးတို့တွင် သာမညအားဖြင့် သိက္ခာသုံးပါး, အလုံးစုံသော တန္တိဓမ္မတရားအစုကို သာသနဗြဟ္မစရိယဟု ခေါ်၍ ခပ်သိမ်းသောသိက္ခာတို့၏ အကြည်အနှစ်သဖွယ်ဖြစ်သော သိက္ခာသုံးပါးတို့ဖြင့် သဗြိုဟ်ရေတွက်အပ်သော အရိယမဂ်တရားကို မဂ္ဂဗြဟ္မစရိယဟု ခေါ်၏)။ ယင်းသို့ အကျင့်မြတ်နှစ်ပါး ဗြဟ္မစရိယတရားတို့ကို ထင်ရှားထုတ်ဖော် ဟောပြတော်မူရာ၌လည်း အလွန်ကောင်းမြတ်လှသည့် အနက်သဘာဝနှင့်ပြည့်စုံသော ဗြဟ္မစရိယကို ထင်ရှားထုတ်ဖော် ဟောပြတော်မူ၏။ ထင်ရှားစေဦးအံ့—အကြင် ဆရာပြုလုပ်သူသည် ယာဂု, ထမင်း - စသည် မိန်းမ, ယောကျ်ား-စသည်တို့၏ အကြောင်းအရာ အကျယ်နှင့်စပ်သော စကားမျိုးကိုသာ အသားကြီးပြုလုပ်ကာ တရားသဘောပြုလုပ်ကာ ဟောပြ၏၊ ထိုသူဟောပြအပ်သော တရားသားကိုယ်နှိုက်က သံသရာဝဋ်မှ ကျွတ်လွတ်ခြင်းတည်းဟူသော အကျိုးလုံးဝမပါရှိသောကြောင့် ထိုသူ၏ ဟောပြချက်သည် အနက်နှင့် ပြည့်စုံသည်မမည်။ မြတ်စွာဘုရားသည်ကား ထိုသို့သောဟောပြချက်များကို လုံးဝပယ်ရှား၍ သတိပဋ္ဌာန်လေးပါး, သမ္မပ္ပဓာန်လေးပါး-စသည်တို့၏ အကြောင်းအရာ အကျယ်နှင့်စပ်သော တရားသားအပြည့်အဝပါရှိသည့် စကားမျိုးကိုသာ ဟောပြတော်မူ၏၊ ထိုသို့ ဟောပြတော်မူသဖြင့် မြတ်စွာဘုရား၏ တရားဒေသနာသည် သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း = နိဿရဏအကျိုးကို ဖြိုးဖြိုးကုံလုံ ပြီးစီးပြည့်စုံစေနိုင်၏၊ သို့ရကား မြတ်စွာဘုရားသည် အလွန်ကောင်းမြတ်လှသည့် သဘာဝအနက်နှင့် ပြည့်စုံသော ဗြဟ္မ-

WWW.DHAMMARANSI.COM



စရိယ = အကျင့်မြတ်ကို ဖော်ပြလျက်သာ တရားတော်ကို ဟောတော်မူလေသည်။

ဤတွင်မျှမကသေး—မြတ်စွာဘုရားသည် သဒ္ဒါပုဒ်ဗျည်းနှင့်ပြည့်စုံသော ဗြဟ္မစရိယ = အကျင့်မြတ်ကို ထင်ရှားထုတ်ဖော် ဟောပြတော်မူ၏၊ ထင်ရှားစေဦးအံ့— သဒ္ဒါပုဒ်ဗျည်းနှင့်စပ်၍ **ဗျဉ္ဇနဗုဒ္ဓိဆယ်ပါး** ဟူ၍ ခေါ်သည့် အရေးကြီးသော အချက်ကြီး ဆယ်ရပ်တို့ သိမှတ်ဖွယ်ရာ ရှိလေသည်၊ ၎င်းတို့မှာ—

၁- (**လျော့, ပြင်း, ရှည်, တို၊ လေး, ပေါ့ ကိုး၊ ပိတ်သိုလွှတ်, စပ်, ဖြတ်၊** ၊ဟူသော ဆောင်ပုဒ်လင်္ကာ အရ) လျော့လျော့အသံထား၍ ရွတ်ဆိုရသော = သိထိလအက္ခရာ (က-အက္ခရာ, စ-အက္ခရာ, ဋ-အက္ခရာစသည်တို့ကို ဆိုလိုသည်),

၂- အသံပြင်းပြင်းထား၍ ရွတ်ဆိုရသော = ဓနိတအက္ခရာ (ခ-အက္ခရာ, ဃ- အက္ခရာ-စသည်တို့ကို ဆိုလိုသည်၊ ၊**ဝဂ်ဒုတိယ၊ စတုတ္ထ၊ ခေါ်ရ ဓနိတာ၊** ၊**အကြွင်းသေသ၊ ဗျဉ္ဇန၊ နာမသိထိလာ** = ဝဂ်ဒုတိယ အက္ခရာ, စတုတ္ထ-အက္ခရာတို့ကို ဓနိတအက္ခရာဟု ခေါ်သည်။ ကျန်သောဗျည်းအက္ခရာတို့ကို သိထိလအက္ခရာဟု ခေါ်သည်),

၃- ရှည်သောအသံဖြင့် ရွတ်ဆိုရသော ဒီဃအက္ခရာ (ကာ, ကီ, ကူ, ကေ, ကော-စသည်တို့ကို ဆိုလိုသည်),

၄- တိုသောအသံဖြင့် ရွတ်ဆိုရသော ရဿအက္ခရာ (က, ကိ, ကု-စသည်တို့ကို ဆိုလိုသည်),

၅- လေးလေး တွဲ့တွဲ့ ရွတ်ဆိုရသော ဂရုအက္ခရာ (ဒီဃအက္ခရာများနှင့် နောက်က အက္ခရာနှစ်လုံးဆင့် = သံယုဂ်ရှိသော ရှေ့ကအက္ခရာ = သန္တ-စသည်၌ ရှေ့ဖြစ်သော သန်ဟုရွတ်ရသော အက္ခရာတို့ကို ဆိုလိုသည်),

၆- ပေါ့ပေါ့ရွတ်ဆိုရသော လဟုအက္ခရာ (ရှေးဖော်ပြရာပါ ရဿ အက္ခရာတို့ကို ဆိုလိုသည်),

WWW.DHAMMARANSI.COM



၇- ကရိုဏ်းကိုနှိပ် ခံတွင်းကိုပိတ်၍ ရွတ်ဆိုရသော နိဂ္ဂဟိတ်အက္ခရာ,

၈- ဆိုင်ရာဌာန်တို့ကို လွှတ်၍ဖွင့်၍ ရွတ်ဆိုရသော ဝိမုတ္တအက္ခရာ (ကာ-အက္ခရာစသည်တို့ကို ဆိုလိုသည်),

၉- စပ်၍ရွတ်ဆိုအပ်သော သမ္ဗန္ဓအက္ခရာ (ဥပသမ္ပ-ဒါ+ပေက္ခော၌ "ဒါ"နှင့် "ပေက်" တို့၏ အကြား၌မရပ်ရ မဖြတ်ရ၊ စပ်၍ဆက်၍သာ ရွတ်ဆိုရသည်၊ ဤအရာမျိုးကို ဆိုလိုသည်),

၁၀-ဖြတ်၍ရွတ်ဆိုရသော ဝဝတ္ထိတအက္ခရာ (သုဏာတု မေ-၌ "သုဏာတု"နှင့် "မေ" တို့ကို ဆက်၍စပ်၍ မရွတ်ရ၊ ဖြတ်၍သာလျှင် ရွတ်ရသည်၊ ဤအရာမျိုးကို ဆိုလိုသည်)။

ဤဆယ်မျိုးတို့ကို ဗျဉ္ဇနဗုဒ္ဓိဆယ်မျိုးဟူ၍ ခေါ်သည် (စိတ်ကြောင့်ဖြစ်သော အသံအက္ခရာသဒ္ဒါတို့ကို အနက်ကိုပြတတ်သောကြောင့် ဗျဉ္ဇနဟူ၍ ခေါ်၏၊ ထို ဗျဉ္ဇနကို တိုးပွါးဖြစ်ထွန်းစေတတ်သောကြောင့် အက္ခရုပ္ပါဒကစိတ္တုပ္ပါဒ်=အက္ခရာတို့ကို ဖြစ်စေတတ်သည့် စိတ်စေတသိက်များ=အက္ခရာဖြစ်ကြောင်း စိတ်စေတသိက်များကို ဗျဉ္ဇနဗုဒ္ဓိဟူ၍ ခေါ်၏၊ ထိုဗျဉ္ဇနဗုဒ္ဓိကား ဆိုအပ်ပြီးသည့်အတိုင်း ဆယ်မျိုးတို့ အပြားရှိကုန်၏။ ဤ၌ အကြောင်းဖြစ်သော အက္ခရုပ္ပါဒကစိတ္တုပ္ပါဒ်= အက္ခရာဖြစ်ကြောင်း စိတ်စေတသိက်များ၏ ဗျဉ္ဇနဗုဒ္ဓိဟူသော အမည်ကို အကျိုးဖြစ်သည့် အက္ခရာပေါ်၌တင်စား၍ ထိုအကျိုးဖြစ်သည့် အက္ခရာကိုလည်း ကာရဏူပစာအားဖြင့် ဗျဉ္ဇနဗုဒ္ဓိဟူ၍ ခေါ်ဆိုအပ်လေသည်)။

အကြင်ပုဂ္ဂိုလ်၏ ဟောပြောချက်သည် ဖော်ပြရာ ဗျဉ္ဇနဗုဒ္ဓိဆယ်မျိုးတို့ အပြည့်အစုံမပါရှိပဲ ဒမိဠဘာသာကဲ့သို့ တမျိုးနှစ်မျိုးလောက်သာ ပါရှိ၏၊သို့မဟုတ် ကိရာတခေါ်သော ဘာသာကဲ့သို့ ကရိုဏ်းကို ဖွင့်လှစ်၍ထားရသောကြောင့် အထက်အောက် နှုတ်ခမ်းတို့ကို မထိစေပဲ ရွတ်ဆိုရသဖြင့် နှုတ်ခမ်းသံ လုံးဝကင်းမဲ့သော ဟောပြောချက်မျိုး ဖြစ်၏၊ သို့မဟုတ် ယဝနဘာသာ( = ယွန်း

WWW.DHAMMARANSI.COM



ဘာသာ) ကဲ့သို့ အက္ခရာတိုင်းမှာပင် ( း ) ဝိသဇ္ဇနီသံပါရှိနေရကား လုံးဝဗျဉ္ဇနဗုဒ္ဓိမှ ကင်းလွတ်နေသော ဟောပြချက်မျိုး ဖြစ်၏၊ သို့မဟုတ် ပါဒသိကဘာသာ (ပါရသိကဘာသာ) အစရှိသော မိလက္ခုဘာသာ စကားကဲ့သို့ အက္ခရာတိုင်းမှာပင် အပြောက် = ဗိန္ဒု = နိဂ္ဂဟိတ် ( ံ ) ပါရှိနေသောကြောင့် အလုံးစုံ နိဂ္ဂဟီတ-ဗျဉ္ဇနဗုဒ္ဓိသာရှိသော ဟောပြချက်မျိုး ဖြစ်၏၊ ထိုပုဂ္ဂိုလ်၏ ဟောပြချက်သည် ဗျဉ္ဇနဗုဒ္ဓိနှင့် မပြည့်စုံသောကြောင့် သဒ္ဒါပုဒ်ဗျည်းနှင့် မပြည့်စုံသော ဟောပြချက်သာ ဖြစ်၏။

မြတ်စွာဘုရားသည်ကား ရှေးဖော်ပြရာပါ လျော့, ပြင်း, ရှည်, တို, လေး, ပေါ့, ဝိတ်, လွတ်, စပ်, ဖြတ် - ဟူသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးတို့ အပြည့်အစုံပါရှိစေလျက် တရားဒေသနာကို ဟောကြားတော်မူလေသည်၊ သို့ရကား မြတ်စွာဘုရား ဟောကြားညွှန်ပြအပ်သော ဗြဟ္မစရိယ = အကျင့်မြတ်သည် သဒ္ဒါပုဒ်ဗျည်းနှင့်လည်း ပြည့်စုံသော အကျင့်မြတ်သာ ဖြစ်၏။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, ၎င်းမဟာဋီကာ အစရှိသော အဋ္ဌကထာ, ဋီကာတို့၌ နေတ္တိနည်းစသည်တို့ဖြင့်လည်း အနက်, သဒ္ဒါနှင့် ပြည့်စုံပုံကို အကျယ်ဖော်ပြ ဖွင့်ဆိုတော်မူကြကုန်၏၊ ကျယ်အံ့စိုး၍ ဤ၌ မဖော်ပြတော့ပြီ)။

ဤတွင်မျှမကသေး — မြတ်စွာဘုရား ဟောပြတော်မူအပ်သော အကျင့်မြတ်တရားတော်သည် သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနတည်းဟူသော (အကျင့်မြတ်တို့၌ ရှိသင့် ရှိရမည့်) ဂုဏ်ကျေးဇူးငါးပါးတို့နှင့် ပြည့်စုံကုံလုံရကား အသစ်ထပ်လောက်၍ ဖြည့်စွက်ရန် အခြားဖြူစင်သော အနက်သဘောတရားတပါးဟူ၍ မရှိတော့သောကြောင့် အလုံးစုံထက်ဝန်းကျင် ပြည့်စုံပြီး ဖြစ်ခြင်းတည်းဟူသော ကေဝလပရိပုဏ္ဏဂုဏ်နှင့်လည်း ပြည့်စုံ၏။

ဤတွင်မျှမကသေး — မြတ်စွာဘုရား ဟောပြတော်မူအပ်သော အကျင့်မြတ်တရားတော်သည် ဒိဋ္ဌိ, မာန-အစရှိသော ညစ်ညူးကြောင်း = ဥပက္ကိလေသ-အကုသိုလ်တရားတို့ လုံးဝမပါရှိသော

WWW.DHAMMARANSI.COM



ကြောင့်၎င်း, သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ရန် ကောန်စင်စစ် ဖြစ်သောကြောင့်၎င်း, လောကာမိသ = လောဘ်ပူဇော်သက္ကာရ-စသည်တို့ကို လုံးဝမြော်ခေါ် ငဲ့ကွက်မှုမရှိသောကြောင့်၎င်း (ဤတရားကား အပြစ်ရှိသော တရားဖြစ်သည်ဟု ပြောဆိုကာ) နှတ်ပယ်ရန်လုံးဝမရှိ ပကတိအားဖြင့်ပင် ထက်ဝန်းကျင်စင်ကြယ်မှုတည်းဟူသော ပရိသုဒ္ဓဂုဏ်နှင့်လည်း ပြည့်စုံ၏။

ဤသို့လျှင် အနက်နှင့်လည်း ပြည့်စုံ, သဒ္ဒါနှင့်လည်း ပြည့်စုံ, ကျေးဇူးဂုဏ်ငါးပါးတို့နှင့်လည်း အလုံးစုံထက်ဝန်းကျင် ပြည့်စုံလျက် ပကတိအားဖြင့်ပင် ထက်ဝန်းကျင်စင်ကြယ်သော အကျင့်မြတ် = ဗြဟ္မစရိယနှစ်ပါးတို့ကို ထင်ရှားဖော်ပြတတ်သောကြောင့် မြတ်စွာဘုရား၏ ပရိယတ်တရားတော်သည် ကောင်းစွာ ဟောကြားအပ်မှု တည်းဟူသော သွာက္ခာတတာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံပါပေ၏။

တနည်းကား—မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ်တရားတော်သည် ဟောကြားအပ်သည့် အနက်အဓိပ္ပါယ်မှ ဖောက်ပြန်ယွင်းချွတ်ခြင်း အလျှင်းမရှိသောကြောင့် ကောင်းစွာ ဟောကြားအပ်သော တရားတော်ဖြစ်ရကား သွာက္ခာတတာ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံပေ၏။ ထင်ရှားစေဦးအံ့—သာသနာပြင်ပ ဗာဟိရအယူရှိသူတို့၏ ဟောပြအပ်သော တရားများမှာ အန္တရာယ်ကိုပြုတတ်သော တရားများ = အန္တရာယိကဓမ္မများဟူ၍ ဟောပြအပ်သောတရားတို့ကလည်း ချင်းတို့ဟောပြသည့်အတိုင်း အန္တရာယ်ကိုပြုနိုင်မှု မရှိသောကြောင့်၎င်း, သံသရာဝဋ်မှ ထွက်မြောက်စေတတ်သော တရားများ = နိယျာနိကဓမ္မများဟူ၍ ဟောပြအပ်သောတရားတို့ကလည်း ချင်းတို့ဟောပြသည့်အတိုင်း သံသရာဝဋ်မှ ထွက်မြောက်မှုကို မပြုနိုင်သောကြောင့်၎င်း ထိုသူတို့တရားများ၏ အနက်သဘောအဓိပ္ပါယ်သည် ဖောက်ပြန်မှားယွင်းခြင်းသို့ ရောက်ရှိလေသည်၊ သို့ရကား ထိုသူတို့ ဟောကြားအပ်သောတရားသည် ကောင်းမွန်မှန်ကန်စွာ ဟောပြအပ်မှု တည်းဟူသော သွာက္ခာတတာဂုဏ်နှင့် လုံးဝမပြည့်စုံတော့ပဲ

WWW.DHAMMARANSI.COM



မကောင်းသဖြင့် မဟုတ်မမှန်သဖြင့် ဟောပြအပ်မှုတည်းဟူသော ဒုရက္ခာတ-အပြစ်သင့်သော တရားသာလျှင် ဖြစ်လေ၏။

မြတ်စွာဘုရား ဟောပြအပ်သော ပရိယတ်တရားတော်မှာကား ထိုကဲ့သို့ မဟုတ်ချေ၊ "ဤတရားတို့ကား နတ်ရွာ, နိဗ္ဗာန်, ချာန်, မဂ်, ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သောတရားများ = အန္တရာယိကဓမ္မများဖြစ်ကြသည်"ဟု ဟောပြအပ်သောတရားတို့ကလည်း တကယ်ပင် မြတ်စွာဘုရား ဟောပြအပ်သည့်အတိုင်း နတ်ရွာ, နိဗ္ဗာန်, ချာန်, မဂ်, ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော ကြောင့်၎င်း, "ဤတရားတို့ကား သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေတတ်သော တရားများ = နိယျာနိကဓမ္မများ ဖြစ်ကြသည်" ဟု ဟောပြအပ်သော တရားတို့ကလည်း တကယ်ပင် မြတ်စွာဘုရား ဟောပြအပ်သည့်အတိုင်း သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်မှုကို ပြုတတ်သောကြောင့်၎င်း တရားတော်၏ အနက်သဘောအဓိပ္ပါယ်သည် ဘယ်သောအခါမှ ဖောက်ပြန်မှားယွင်းခြင်းသို့ မရောက်ရှိတော့ချေ၊ သို့ရကား မြတ်စွာဘုရား ဟောကြားအပ်သော ပရိယတ်တရားတော်သည် ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်မှုတည်းဟူသော သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံလေ၏။

ဆိုအပ်ပြီးသည့် ပရိယတ်တရားတော်၏ သွာက္ခာတတာဂုဏ်ကျေးဇူးနှင့် ပြည့်စုံပုံကို ပြအပ်သောနည်းနှစ်ပါးတို့ကို မြတ်စွာဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော် လေးပါးတို့နှင့်စပ်၍ မှတ်ယူမှသာ နစ်နစ်ကာကာ သဘောကျနားလည်နိုင်သည်။ အဋ္ဌကထာဋီကာဆရာမြတ်တို့ကလည်း ထို ဝေသာရဇ္ဇဉာဏ်တော်လေးပါးနှင့်စပ်၍ ပရိယတ်တရားတော်၏ သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပုံကို ဖွင့်ပြတော်မူကြသည်၊ ထို့ကြောင့် ဤဆိုလတ္တံ့သော အချုပ်အဓိပ္ပါယ်ကိုလည်း မှတ်ယူရာ၏၊ မှတ်ယူရန်မှာ—

**ဝေသာရဇ္ဇဉာဏ်တော် လေးပါး**

(၁) မြတ်စွာဘုရားရှင်သည် "ငါကား သဗ္ဗညုတဉာဏ်ရှင် သမ္မာသမ္ဗုဒ္ဓဘုရားဖြစ်သည်" ဟု ရဲရဲတောက်ဝန်ခံတော်မူသည့်

WWW.DHAMMARANSI.COM



အတိုင်း တကယ်ပင် သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူ၏။ (၂) "ငါကား ကိလေသာအားလုံး ကုန်ခန်းပြီးသူ = အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကို ရပြီးသူဖြစ်သည်"ဟု ရဲရဲတောက် ဝန်ခံတော်မူသည့်အတိုင်း တကယ်ပင် အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်နှင့် ပြည့်စုံတော်မူပြီး ဖြစ်၏။ (၃) သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသောကြောင့်ပင် "ဤတရားတို့ကား နတ်ရွာ, နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော တရားများဖြစ်သည်" ဟု အန္တရာယိကဓမ္မတို့ကိုလည်း ရဲရဲတောက် ဟောပြတော်မူခဲ့၏၊ ထိုသို့ ဟောပြတော်မူသည့်အတိုင်း ထိုအန္တရာယိကဓမ္မတို့သည်လည်း တကယ်ပင် နတ်ရွာ, နိဗ္ဗာန်, ဈာန်, မဂ်, ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်ကုန်၏။ (၄) သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသောကြောင့်ပင် "ဤတရားတို့ကား သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေတတ်သော တရားများဖြစ်သည်" ဟု နိယျာနိကဓမ္မတို့ကိုလည်း ရဲရဲတောက် ဟောပြတော်မူခဲ့၏၊ ထိုသို့ ဟောပြတော်မူသည့်အတိုင်း ထို နိယျာနိကဓမ္မတို့သည်လည်း တကယ်ပင် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေနိုင်ကုန်၏။

၁-သို့ရကား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ အဖို့ရာ "သင်သည် သဗ္ဗညုတဉာဏ်ရှင်ဟု ဝန်ခံသော်လည်း = အလုံးစုံသောတရားတို့ကို သိသော ဘုရားရှင်ဟု ဝန်ခံသော်လည်း ဤမည်သော တရားတို့ကိုကား သင် မသိအပ်ကုန်ချေ" ဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်ပြနိုင်မည့် စောဒကပုဂ္ဂိုလ်ဟူ၍ တဦးတယောက်မျှ မရှိသည်ကိုငင်း,အပြစ်တင်ပြနိုင်ကြောင်း ကိုယ်တော်မြတ်မသိအပ်သည့် တရားဟူ၍ လုံးဝမရှိသည်ကိုငင်း သိမြင်တော်မူသည့်အတွက် (တနည်း) "ငါကား ဘုရားစင်စစ် တကယ်ပင်ဖြစ်က 'ငါသည် ဘုရားဖြစ်၏' ဟု အမှန်အတိုင်း ပြောဆိုဝန်ခံခဲ့သည်" ဟု ဆင်ခြင်တော်မူသည့်အတွက် မြတ်စွာဘုရားရှင် သန္တာန်တော်၌ အလွန်အားကြီးသောဝမ်းမြောက်မှု= သောမနဿဝေဒနာနှင့် တွဲယှဉ်လျက် ပစ္စဝေက္ခဏာဉာဏ်တော် ဖြစ်ပေါ်လေသည်။ (ဤ ဉာဏ်တော်ကား ဉာဏသမ္ပဒါကိုမှီ၍

WWW.DHAMMARANSI.COM



ဖြစ်သည့် မနှိုမကြောက် ရဲရဲတောက်ဉာဏ်တော် တပါးဖြစ်သည်)။

၂-ထို့အတူပင် "သင်သည် ကိလေသာကုန်ခန်း ရဟန္တာဖြစ်သည်ဟု ဝန်ခံသော်လည်း ဤမည်သော ကိလေသာတို့ကိုကား မပယ်အပ်ကုန်သေးချေ" ဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်ပြနိုင်မည့် စောဒကပုဂ္ဂိုလ်ဟူ၍ တဦးတယောက်မျှ မရှိသည်ကိုရင်း, အပြစ်တင်ပြနိုင်ကြောင်း ကိုယ်တော်မြတ် မပယ်အပ်သေးသည့် ကိလေသာတရားဟူ၍ လုံးဝမရှိသည်ကိုရင်း သိမြင်တော်မူသည့်အတွက် (တနည်း) "ငါကား တကယ်ပင် ကိလေသာကုန်ခန်း ရဟန္တာစင်စစ် ဖြစ်လတ်ကာ 'ငါသည် ကိလေသာကုန်ခန်းသူ = ရဟန္တာဖြစ်သည်' ဟု အမှန်အတိုင်းပြောဆိုဝန်ခံခဲ့သည်" ဟု ဆင်ခြင်တော်မူသည့်အတွက် မြတ်စွာဘုရားရှင်သန္တာန်တော်၌ အလွန်အားကြီးသော ဝမ်းမြောက်မှု = သောမနဿဝေဒနာနှင့် တွဲယှဉ်လျက် ပစ္စဝေက္ခဏာဉာဏ်တော် ဖြစ်ပေါ်လေသည်။ (ဤ ဉာဏ်တော်ကား ပဟာနသမ္ပဒါကို မှီ၍ ဖြစ်သည့် မနှိုမကြောက် ရဲရဲတောက် ဉာဏ်တော်တပါးဖြစ်သည်)။

၃-ထို့အတူပင် "သင်က နတ်ရွာ, နိဗ္ဗာန်, ဈာန်,မဂ်, ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သောတရားများဟူ၍ ဟောကြားအပ်သည့် အန္တရာယိကဓမ္မတို့ကို မှီဝဲသောသူအား တကယ်စင်စစ် အန္တရာယ်မပြုနိုင်ကုန်" ဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်ပြနိုင်မည့် စောဒကပုဂ္ဂိုလ်ဟူ၍ တဦးတယောက်မျှ မရှိသည်ကိုရင်း, ထိုသို့အပြစ်တင်ပြနိုင်ကြောင်း အန္တရာယ်မပြုနိုင်သည့် အန္တရာယိကဓမ္မဟူ၍ လုံးဝမရှိသည်ကိုရင်း သိမြင်တော်မူသည့်အတွက် (တနည်း) "ငါဘုရားသည် တကယ်ပင် အန္တရာယ်ပြုတတ်သော တရားတို့ကို အန္တရာယိကဓမ္မများဟူ၍ ဟောကြားအပ်လေပြီ" ဟု ဆင်ခြင်တော်မူသည့်အတွက် မြတ်စွာဘုရားရှင် သန္တာန်တော်၌ အလွန်အားကြီးသော ဝမ်းမြောက်မှု = သောမနဿဝေဒနာနှင့် တွဲယှဉ်လျက် ပစ္စဝေက္ခဏာဉာဏ်တော် ဖြစ်ပေါ်လေသည်။ (ဤ ဉာဏ်တော်ကား ဒေသနာဝိသေသသမ္ပဒါ = ဒေသနာဉာဏ်

WWW.DHAMMARANSI.COM



အထူးနှင့် ပြည့်စုံခြင်းကို မှီ၍ဖြစ်သည့် မနှုံမကြောက် ရဲရဲတောက် ဉာဏ်တော်တပါးဖြစ်သည်)။

၄-ထိုအတူပင် "သင်က သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ရန် တရားကို ဟောပြအပ်သော်လည်း ထိုတရားသည် လိုက်နာကျင့်ကြံသောသူအား သံသရာဝဋ်မှ မကျွတ်လွတ် မထွက်မြောက် စေနိုင်"ဟု ဟုတ်မှန်သောအကြောင်းဖြင့် အပြစ်တင်ပြနိုင်မည့် စောဒကပုဂ္ဂိုလ်ဟူ၍ တဦးတယောက်မျှ မရှိသည်ကိုင်း, ထိုသို့ အပြစ်တင်ပြနိုင်ကြောင်း သံသရာဝဋ်မှ မကျွတ်လွတ် မထွက်မြောက်စေနိုင်သော နိယျာနိကဓမ္မဟူ၍ လုံးဝမရှိသည်ကိုင်း, ဟောတော်မူအပ်သော နိယျာနိကဓမ္မအားလုံးပင် သံသရာဝဋ်မှ ကျွတ်လွတ် ထွက်မြောက်စေနိုင်သည်ကိုင်း သိမြင်တော်မူသည့် အတွက် (တနည်း) "ငါဘုရားသည် တကယ်ပင် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေနိုင်သောတရားကို နိယျာနိကဓမ္မဟူ၍ ဟောကြားအပ်လေပြီ၊ ငါဘုရား ဟောကြားအပ်သည့် နိယျာနိကဓမ္မများသည် တကယ်ပင် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေနိုင်သည်"ဟု ဆင်ခြင်တော်မူသည့်အတွက် မြတ်စွာဘုရားရှင် သန္တာန်တော်၌ အလွန်အားကြီးသော ဝမ်းမြောက်မှု = သောမနဿဝေဒနာနှင့် တွဲယှဉ်လျက် ပစ္စဝေက္ခဏာဉာဏ်တော် ဖြစ်ပေါ်လေသည်။ (ဤဉာဏ်တော်ကား တရားတော်၏ တကယ်စင်စစ် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေနိုင်ခြင်း ဘေးကင်းခြင်း = ခေမသဘောကို မှီ၍ဖြစ်သည့် မနှုံမကြောက် ရဲရဲတောက် ဉာဏ်တော်တပါးဖြစ်သည်)။

ဤဖော်ပြရာပါ ပစ္စဝေက္ခဏာဉာဏ်တော်လေးပါးတို့ကို မြတ်စွာဘုရားရှင်၏ ဝေသာရဇ္ဇဉာဏ်တော်လေးပါး (= ရဲရဲတောက် ဉာဏ်တော်လေးပါးဟူ၍ ခေါ်သည်။ ထိုဝေသာရဇ္ဇဉာဏ်တော် လေးပါးတို့တွင် ရှေ့ဉာဏ်တော်နှစ်ပါးနှင့် ပြည့်စုံတော်မူသော ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပရိယတ် တရားတော်သည် (ပဌမနည်းအရ) ရှေး၌ဆိုအပ်ခဲ့သည့်အတိုင်း ကောင်းခြင်းသုံးပါး အပြည့်အဝပါရှိလျက် အနက်, သဒ္ဒါတို့နှင့်

WWW.DHAMMARANSI.COM



လည်း ပြည့်စုံကာ(အသစ်ဖြည့်စွက်ရန် ကြွင်းကျန်နေသေးသော တရားဟု လုံးဝမရှိသောကြောင့်)အလုံးစုံ ထက်ဝန်းကျင်မှ ပြည့်စုံ၍ (နုတ်ပယ်ပစ်ရမည့် ညစ်ညူးကြောင်း ဥပက္ကိလေသ = အပြစ်ဒေါသတရားဟူ၍လည်း လုံးဝမပါရှိသောကြောင့်) ပကတိအားဖြင့်ပင် ထက်ဝန်းကျင်မှ သန့်စင်သည့် အကျင့်မြတ်နှစ်ပါးတို့ကို ထင်ရှားဖော်ပြသောကြောင့် သွာက္ခာတတာဂုဏ်ကျေးဇူးနှင့် အထူးပြည့်စုံလေသည်။ နောက်ဖြစ်သော ဝေသာရဇ္ဇဉာဏ်တော်နှစ်ပါးနှင့်ပြည့်စုံတော်မူသောကြောင့် မြတ်စွာဘုရား၏ ပရိယတ်တရားတော်သည် (ဒုတိယနည်းအရ)ရှေး၌ ဆိုအပ်ပြီးသည့်အတိုင်း အန္တရာယိကဓမ္မဟူ၍ ဟောပြအပ်သော တရားတို့ကလည်း ဧကန်စင်စစ် အန္တရာယ်ကို ပြုတတ်ကုန်သောကြောင့်၎င်း, နိယျာနိကဓမ္မဟူ၍ ဟောပြအပ်သောတရားတို့ကလည်း ဧကန်စင်စစ် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်စေတတ်သောကြောင့်၎င်း မြတ်စွာဘုရား ဟောကြားအပ်သည့် အနက်အဓိပ္ပါယ်မှ ဖောက်ပြန်ယွင်းချွတ်ခြင်း အလျှင်းမရှိပဲ ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်သော တရားတော်ဖြစ်ကာ သွာက္ခာတတာဂုဏ်ကျေးဇူးနှင့် အထူးပြည့်စုံလေသည်။ •(ဤကား ပရိယတ်တရားတော်၏ သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပုံတည်း)။

လောကုတ္တရာတရားတော်ကား နိဗ္ဗာန်အားလျော်ကပတ် = နိဗ္ဗာန်သို့ ဧကန်ရောက်စေတတ်သည့် အကျင့်ပဋိပတ်မှန် = မဂ်လေးတန်(နှင့်)ထိုမှန်ကန်သောအကျင့်ပဋိပတ် = မဂ်လေးရပ်ဖြင့် ဧကန်ရောက်အပ်သော နိဗ္ဗာန်တရားတို့ကို "ဤကား နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ပဋိပတ်မှန်တည်း၊ ဤကား ထိုအကျင့်မှန်ပဋိပတ်ဖြင့် ရောက်ဆိုက်အပ်သော နိဗ္ဗာန်တည်း"ဟု ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်သောကြောင့် သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပေ၏။ (ဤကားမဂ်နှင့်နိဗ္ဗာန်တို့၏သွာက္ခာတဖြစ်ပုံတည်း)။

မဂ်,ဖိုလ်,နိဗ္ဗာန် = သုံးတန်ပြားမှု လောကုတ္တရာတရား အစုတွင် အရိယမဂ်တရားမှာ အယုတ်နှစ်ပါးသို့မလားမကပ်မူ၍ မဇ္ဈိမ

WWW.DHAMMARANSI.COM



ပဋိပတ်ကောန် အမှန်ဖြစ်သည်ကိုပင် "မဇ္ဈိမပဋိပတ်တည်း"ဟု ဟောကြားအပ်ရကား ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်မှု သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပေ၏။ သာမညဖိုလ်=အရိယဖိုလ်လေးပါးတို့မှာ ကိလေသာ ငြိမ်းစဲပြီးတရားများ အမှန်ဖြစ်သည်ကိုပင် "ဤဖိုလ်လေးပါးတို့ကား ကိလေသာမီး ငြိမ်းစဲပြီးသောတရားများဖြစ်ကြသည်"ဟု ဟောကြားအပ်ရကား ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်မှု သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပေ၏။ နိဗ္ဗာန်တရားမှာ အခါခပ်သိမ်းဖြစ်ရှိမှုသဘော, မသေပျောက်မှုသဘော-စသည်ရှိနေသော အသခ်တဓာတ် နိဗ္ဗာန် ပရမတ်ကိုပင် ထိုနိဗ္ဗာန်၌ တကယ်ရှိ အမှန်ရှိသော အခါခပ်သိမ်း ဖြစ်ရှိမှုသဘော, မသေပျောက်မှုသဘော-စသည်၏ အစွမ်းအားဖြင့် ဟောကြားအပ်ရကား ကောင်းမွန်မှန်ကန်စွာ ဟောကြားအပ်မှု သွာက္ခာတတာဂုဏ်နှင့် ပြည့်စုံပေ၏။ ။ဤကား မဂ်, ဖိုလ်, နိဗ္ဗာန် သုံးတန်ပြားသော လောကုတ္တရာတရားအစု၏ သွာက္ခာတ ဖြစ်ပုံတည်း။

သွာက္ခာတဂုဏ်တော် ပြီး၏။

## (၂) သန္ဒိဋ္ဌိကဂုဏ်တော်

ဤသန္ဒိဋ္ဌိကဂုဏ်တော်မှစ၍ တရားအရကို လောကုတ္တရာတရားကိုသာ ကိုက်ရိုက်မှချ ကောက်ယူရသည်။ (သံ=ကိုယ်တိုင်+ဒိဋ္ဌ=အရိယာပုဂ္ဂိုလ်သည် မြင်အပ်သောတရား+ ဣက-အတွက် အနက်ထူးမရှိ=သန္ဒိဋ္ဌိက=အရိယာပုဂ္ဂိုလ်သည် ကိုယ်တိုင်သိမြင်အပ်သောတရားဟု ဆိုလိုသည်)။ သောတာပန်အရိယာ သကဒါဂါမ်အရိယာ အနာဂါမ်အရိယာ ရဟန္တာအရိယာ ပုဂ္ဂိုလ်များသည် မိမိတို့ဆိုင်ရာ အရိယမဂ်တရားဖြင့် ရာဂ-စသော ကိလေသာတရားတို့ကို ပယ်အပ်ပြီးဖြစ်သောကြောင့် မိမိကိုယ်ကို ညှဉ်းပန်းရန် သူတပါးကို ညှဉ်းပန်းရန် မိမိ,သူတပါး=နှစ်ဦးသားတို့ကို ညှဉ်းပန်းရန် စိမ်အားထုတ်မှု လုံးဝမရှိ၊ထိုသို့မရှိသဖြင့် ကိလေသာကြောင့်ဖြစ်ပေါ်ရမည့် ကာယိကဒုက္ခမရှိ၊ ကိလေသာကို ပယ်ပြီးဖြစ်သောကြောင့်ပင် စေတသိကဒုက္ခကိုလည်း မခံ

WWW.DHAMMARANSI.COM



စားရ၊ ထိုသို့ ကာယိကဒုက္ခ စေတသိကဒုက္ခ = နှစ်ပါးတို့ကို မခံစားရခြင်း၏ အကြောင်းရင်းကို စဉ်းစား ဆင်ခြင်သောအခါ အရိယာပုဂ္ဂိုလ်သည် "အရိယမဂ်ဖြင့် ငါ၏ ရာဂစသောကိလေသာတို့ကို ပယ်အပ်ပြီ၊ ထိုသို့ ပယ်အပ်သောကြောင့် ထိုရာဂစသော ကိလေသာတို့ကြောင့်ဖြစ်သည့် ကာယိကဒုက္ခ,စေတသိကဒုက္ခများ ငါ့သန္တာန်၌ မဖြစ်ပါတကား၊ ထိုဒုက္ခများကို ငါမခံစားရပါတကား"ဟု အကြောင်းရင်းဖြစ်သည့် အရိယမဂ်တရားကို (သူပြောမဟုတ်ပဲ) ကိုယ်တိုင်ဒိဋ္ဌ သိမြင်အပ်လေသည်။ သို့ရကား အရိယမဂ်တရားသည် သန္ဒိဋ္ဌိက = ကိုယ်တိုင်တပ်တပ် သိမြင်အပ်သောဂုဏ်ကျေးဇူးနှင့် ပြည့်စုံလေသည်။

တနည်း---အရိယာပုဂ္ဂိုလ်တိုင်းပင် မိမိတို့၏ အရိယမဂ်ဉာဏ်ရောင်အလင်းဖြင့် သက်ဆိုင်ရာ ကိလေသာမှောင်ထုကို ဖြိုခွင်းပြီးဖြစ်သည့်အတိုင်း မိမိတို့ရရှိအပ်သော အရိယမဂ်တရား အရိယဖိုလ်တရား ထိုမဂ်ဖိုလ်တို့ဖြင့် မျက်မှောက်ပြုအပ်သော နိဗ္ဗာန်တရားကို စမ်းတဝါးဝါး အမှန်းအတား သူပြောလူပြောမျှဖြင့်မဟုတ်ပဲ (မျက်စိအမြင်ရှိသောသူတို့ အဆင်းမျိုးစုံ ရူပါရုံကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ကြရသကဲ့သို့)ပစ္စဝေက္ခဏာဉာဏ်ဖြင့် မဂ်, ဖိုလ်, နိဗ္ဗာန်ကို အာရုံပြုကာ ကိုယ်တိုင်ဒိဋ္ဌ ရှုမြင်အပ်ကြလေသည်။ ထို့ကြောင့် လောကုတ္တရာတရား ကိုးပါးလုံးပင် သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံလေသည်။ (သံ = ကိုယ်တိုင်ကိုယ်ကျ သူပြောလူပြောမဟုတ်ပဲ+ဒိဋ္ဌ = အရိယာပုဂ္ဂိုလ်တို့သည် မျက်စိဖြင့် အဆင်းကို မြင်အပ်သည့်အလား ထင်ထင်ရှားရှား ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိမြင်အပ်သော တရား+ဣက-ပစ္စည်း အနက်ထူးမရှိ-ဟု ဆိုလိုသည်)။

တနည်း--- (သံ = ချီးမွမ်းအပ်သော+ဒိဋ္ဌ = မဂ်ဉာဏ်အမြင်ဖြင့်+ဣက = ကိလေသာရန်ကို အောင်နိုင်တတ်သောတရား-ဟု ဆိုလိုသည်)ရထားဖြင့် ရန်သူကို အောင်နိုင်သောမင်းဟူသကဲ့သို့ အရိယမဂ်တရားသည် မိမိနှင့်ယှဉ်ဖက်ဖြစ်သော သမ္မာဒိဋ္ဌိဉာဏ်အမြင်ဖြင့် ကိလေသာရန်သူတို့ကို အောင်နိုင်သည်၊ အရိယဖိုလ်တရားသည် မိမိ၏ အကြောင်းဖြစ်သော အရိယမဂ်ဉာဏ်ဖြင့်

WWW.DHAMMARANSI.COM



ကိလေသာရန်သူတို့ကို အောင်နိုင်သည်၊ နိဗ္ဗာန်တရားသည် မိမိကိုအာရုံပြုသော အရိယမဂ်ဉာဏ်ဖြင့် ကိလေသာ ရန်သူတို့ကို အောင်နိုင်သည်။ ထို့ကြောင့် လောကုတ္တရာတရား ကိုးပါး (မဂ်, ဖိုလ်,နိဗ္ဗာန်) တို့သည် ချီးမွမ်းအပ်သော မဂ်ဉာဏ်အမြင်ဖြင့်ကိလေသာရန်တို့ကို အောင်နိုင်မှုတည်းဟူသော = သန္ဒိဋ္ဌိကဂုဏ်ကျေးဇူးနှင့် ပြည့်စုံကြလေကုန်သည်။ (ဂုဏ်တော်အနက်နှင့် ပြန်၍ သုံးသပ်ဆင်ခြင်ပါလေ)။

တနည်း—လောကုတ္တရာမဂ်, ဖိုလ်, နိဗ္ဗာန်တရားများကို သက်ဆိုင်ရာ ဘာဝနာဘိသမယ သစ္ဆိကိရိယာဘိသမယအားဖြင့် ပစ္စဝေက္ခဏာဉာဏ်ဖြင့် မျက်ဝါးထင်ထင် တွေ့မြင်အပ်လျှင် သံသရာဝဋ်ဒုက္ခဘေးများ ရပ်နားပြတ်စဲလေသည် (အရိယာပုဂ္ဂိုလ်များ လောကုတ္တရာမဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို မျက်ဝါးထင်ထင် သိမြင်တော်မူကြသည့်အတွက် သံသရာဝဋ်မြစ် = အနုသယတို့ ပြတ်ကာ သံသရာဒုက္ခဇာတ်သိမ်း ငြိမ်းတော်မူကြသည်ကို သတိပြုရာ၏)၊ ထို့ကြောင့် လောကုတ္တရာတရားအစုသည် (သန္ဒိဋ္ဌံ အရဟတီတိ သန္ဒိဋ္ဌိကော။ သန္ဒိဋ္ဌံ = ရှုမြင်ရန်။ အရဟတိ = ထိုက်တန်၏။ ဣတိ = ထို့ကြောင့်။ သန္ဒိဋ္ဌိကော = သန္ဒိဋ္ဌိကမည်၏။ သန္ဒိဋ္ဌိကော = ရှုမြင်ရန် ထိုက်တန်သောတရား ဟူသော ဝစနတ္ထအရ) သံသရာဒုက္ခဇာတ် ပြတ်စဲ ငြိမ်းအေးလိုသူမှန်သမျှ မမြင်မြင်အောင် ရှုကြည့်ရန် ထိုက်တန်မှု တည်းဟူသော = သန္ဒိဋ္ဌိကဂုဏ်ကျေးဇူးနှင့် ပြည့်စုံလေသည်။ (ဤနည်း၌ ဆိုလိုရင်း အချုပ်မှာ—လောကုတ္တရာတရားတို့ကိုမြင်မှ သံသရာဝဋ်ဒုက္ခဇာတ် ရပ်နား ငြိမ်းအေးနိုင်သည်၊ အခြားနည်းဖြင့် မငြိမ်းအေးနိုင်၊ သို့ရကား သံသရာဝဋ်ဒုက္ခဇာတ် ရပ်နားငြိမ်းအေးလိုသောသူတော်စင်တိုင်း မမြင်မြင်အောင် ဤလောကုတ္တရာတရားတို့ကို ရှုကြည့်ထိုက်သည်၊ ယင်းသို့ မမြင်မြင်အောင် ရှုကြည့်ထိုက်ရကား လောကုတ္တရာတရားတော်သည် သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံလေသည်-ဟု ဆိုလိုရင်းဖြစ်သည်)။

သန္ဒိဋ္ဌိကဂုဏ်တော် ပြီး၏။

WWW.DHAMMARANSI.COM



## (၃) အကာလိကဂုဏ်တော်

ဤ-အကာလိကဂုဏ်တော်၌ အရိယမဂ်တရားကိုသာ ကောက်ယူရသည်၊ ဂုဏ်တော်အနက်ကို ပြန်၍သုံးသပ် ဖတ်ရှုပါဦး။ အရိယမဂ်တရားသည် အခါမလင့် အကျိုးပေးသောတရားဖြစ်၍ အကာလိကဂုဏ်နှင့် ပြည့်စုံလေသည်။ထင်ရှားစေဦးအံ့—လောကီကုသိုလ်ကံများမှာ အမြန်ဆုံး အကျိုးပေးပါသည်ဟု ဆိုရသော ဒိဋ္ဌဓမ္မဝေဒနီယကံပင် ဖြစ်စေကာမူ မိမိတည်းဟူသော ကုသိုလ်ကံ ဖြစ်ပြီးသည်၏အခြားမဲ့၌(＝မိမိတည်းဟူသောကုသိုလ်ကံ ဖြစ်ပြီး လျှင်ပြီးခြင်း) အကျိုးပေးနိုင်ကြသည်မဟုတ်၊ အယုတ်ဆုံး နာရီပိုင်း ရက်ပိုင်းခြားပြီးမှ အကျိုးပေးသည်။ ဤ-အရိယမဂ်တည်းဟူသော လောကုတ္တရာကုသိုလ်ကား ထိုသို့မဟုတ်ချေ၊ မိမိတည်းဟူသော အရိယမဂ်ကုသိုလ်တရား ဖြစ်ပြီးလျှင်ပြီးခြင်း အခြားမရှိပဲ အရိယဖိုလ်တည်းဟူသော အကျိုးကို ပေးလေတော့သည်＝ဖြစ်စေလေတော့သည်၊ သို့ရကား အရိယမဂ်တရားသည် အခါမလင့် အကျိုးပေးသော တရားဖြစ်၍ **အကာလိက** ဂုဏ်ကျေးဇူးနှင့် ပြည့်စုံလေသည်။

ဂုဏ်တော်အနက်၌ အထူးမှတ်ရန်မှာ—အဘိဓမ္မာမဂ္ဂဝီထိအရ ဆိုင်ရာမဂ်စိတ်တို့ တကြိမ်သာဖြစ်ပြီးလျှင် ထိုမဂ်စိတ်၏ အခြားမဲ့၌ လက်ဖျစ်တတွက် မျက်တောင်တခတ် လျှပ်တပြက်မျှ အချိန်ခြားခြင်းမရှိပဲ ထိုမဂ်စိတ်၏အကျိုးဖြစ်သော ဖိုလ်စိတ်ဖြစ်လေသည်၊ မဂ်စိတ်ခဏ၌ ထိုပုဂ္ဂိုလ်ကို မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်＝မဂ်၌တည်သော အရိယာ ပုဂ္ဂိုလ်ဟု ခေါ်ရုံသာခေါ်ရပြီး ခဏမကြာ အခြားမဲ့မှာပင် အကျိုးဖိုလ်စိတ် ဖြစ်ပေါ်လာ၍ ထိုပုဂ္ဂိုလ်ကို ဖလဋ္ဌာန်ပုဂ္ဂိုလ်＝ဖိုလ်၌တည်သောအရိယာပုဂ္ဂိုလ်ဟု ခေါ်ဆိုရလေသည်။ ဤတွင် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို စိတ္တက္ခဏတချက်ခန့်သာ အချိန်ကြာသောကြောင့် "ညီမဂ်ပုဂ္ဂိုလ် ဆိုရုံဆိုပြီး" ဟု နိဿျဆရာတော် ရေးသားလေသည်။

အကာလိကဂုဏ်တော် ပြီး၏။

WWW.DHAMMARANSI.COM



## (၄) ဧဟိပဿိကဂုဏ်တော်

မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရားတော်များ သည် ပရမတ္ထအားဖြင့်လည်း တကယ်ထင်ရှားရှိသည်၊ ကိလေသာ အညစ်အကြေးမှလည်း ကင်းဝေးစင်ကြယ်၍ တကယ်ပင်နှစ်သက် ဖွယ်ဖြစ်လေသည်၊ ထို့ကြောင့် "လာစမ်းပါ, လိုက်ခဲ့စမ်းပါ, ရှုကြည့် စမ်းပါ, ကျင့်ကြည့်စမ်းပါ"ဟု ရဲရဲတောက်ဖိတ်ခေါ်စကား ပြော ကြားထိုက်လေသည်။ (ဧဟိ = လာစမ်းပါ လိုက်ခဲ့စမ်းပါ+ ဤ တရားကို ပဿ = ရှုကြည့်စမ်းပါ ကျင့်ကြည့်စမ်းပါဟူ၍+ ဣက = ရဲရဲတောက်ဖိတ်ခေါ်စကား ပြောကြားထိုက်သောတရားဟု ဆိုလို သည်)။ ရှဉ်းအံ့-လက်ဆုပ်ထဲ လက်ဝါးထဲမှာ တစုံတရာပစ္စည်း ဝတ္ထု ရွှေငွေစသည် မရှိခဲ့လျှင် ယင်းသို့မရှိသောကြောင့်ပင် ဤ လက်ဆုပ်ထဲမှာ ရွှေတွေငွေတွေရှိပါသည်ဟု နှုတ်ကဝါကြွားမည် သို့ပင် ပြောကြားသော်လည်း "လာစမ်းပါ, ဤရွှေငွေကို ရှုကြည့် စမ်းပါ" ဟူ၍ကား လက်တွေ့ဖော်ပြ၍ မပြောဆိုနိုင်ချေ။ ထိုလက် ဆုပ်ထဲမှာ ကျင်ကြီးဖြစ်စေ ကျင်ငယ်ဖြစ်စေ ရှိနေလျှင်လည်း ထို ကျင်ကြီး ကျင်ငယ်ကိုယ်နှိုက်က မစင်ကြယ် မသန့်ရှင်းသောပစ္စည်း မျိုးဖြစ်နေသောကြောင့် သူတဖက်သားကို နှစ်သက်ဖွယ်ကျေးဇူး စကား ပြောကြားပြသကာ စိတ်ရွှင်လန်းဝမ်းမြောက်ရန်အတွက် "လာစမ်းပါ, ဤဝတ္ထုတွေကို ကြည့်စမ်းပါ"ဟု ဖိတ်ခေါ်စကား မပြောကြားနိုင် မပြောကြားဝံ့ချေ၊ စင်စစ်သော်ကား မစင်ကြယ် သောပစ္စည်းမျိုးဖြစ်သောကြောင့် မြက်, သစ်ရွက်, မြေ-စသည်တို့ ဖြင့် ဖုံးလွှမ်းရမည်သာ ဖြစ်ချေသည်။

မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာတရား အစုသည် ကား တကယ်လည်း ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားဖြစ် သည်၊ တိမ်တိုက်ကင်းစင်သော ကောင်းကင်အပြင်၌ လပြည့်ဝန်း ကြီးကဲ့သို့၎င်း,နှးညံ့လှစွာသော ကမ္ဗလာအဖြူ ကတ္တီပါအဖြူ အထည် ပေါ်၌ ချထားအပ်သည့် ပတ္တမြားရတနာကြီးကဲ့သို့၎င်း ကိလေ- သာ အညစ်အကြေးမတင် ထက်ဝန်းကျင်မှလည်း စင်ကြယ်သော တရားဖြစ်သည်၊ ထိုသို့ ပရမတ္ထအားဖြင့်လည်း ထင်ရှားရှိ ထက်ဝန်း

WWW.DHAMMARANSI.COM



ကျင်မှလည်း စင်ကြယ်လှဘိသောကြောင့် "လာစမ်းပါ, လိုက်ခဲ့စမ်းပါ, ဤတရားကို ရှုကြည့်စမ်းပါ" ဟူ၍ ရဲရဲတောက်ဖိတ်ခေါ်စကား ပြောကြားထိုက်သောကြောင့် ဧဟိပဿိကဟူသော ဂုဏ်ကျေးဇူးနှင့် အထူးပြည့်စုံလေသည်။

ဧဟိပဿိကဂုဏ်တော် ပြီး၏။

## (၅) ဩပနေယျိကဂုဏ်တော်

ပုထုဇန် သူငါတို့၏စိတ်သန္တာန်၌ တရံတခါမျှ လောကုတ္တရာမဂ်,ဖိုလ်များ မဖြစ်ဘူးကြသေးချေ၊ ထို့ကြောင့်ပင် နိဗ္ဗာန်ကိုလည်း တရံတခါမျှ မျက်မှောက်အာရုံ မပြုဘူးကြသေးချေ၊ ထိုသို့မဂ်ဖိုလ်များ တရံတခါမျှ မဖြစ်ဘူးသေး နိဗ္ဗာန်ကိုလည်း တရံတခါမျှ မျက်မှောက် မပြုဘူးကြသေးသောကြောင့်ပင် သံသရာဒုက္ခဇာတ်ဝင်္ဂဆင်းရဲအမျှင်မပြတ်နိုင်ပဲ ထပ်တလဲလဲ ဆင်းရဲ၍သာ နေကြရလေသည်။ လောကုတ္တရာတရားများ အောက်ထစ်အားဖြင့် သောတာပတ္တိမဂ်စိတ်ဖိုလ်စိတ် ဤခန္ဓာကိုယ်၌ ဖြစ်လိုက်လျှင်ပင် နိဗ္ဗာန်ကို လင်းလင်းထင်ထင် မျက်စိဖြင့် မြင်ရသကဲ့သို့ မျက်မှောက်ပြုရကာ အပါယ်သံသရာဒုက္ခဇာတ် လုံးဝပြတ်စဲသွားပြီးလျှင် သုဂတိဘဝ သံသရာလည်း ခုနစ်ဘဝသာ အများဆုံး ကျန်ရှိလေတော့သည်။

တချိန်က မြတ်စွာဘုရားသည် တန်ခိုးတော်ဖြင့် ကိုယ်တော်မြတ်၏ လက်သည်းခွံတော်ပေါ်၌ မြေမှုန်အနည်းငယ်ကို တင်ထားကာ မျက်မြင်သက်သေပြ၍ ရဟန်းတို့ကို "ရဟန်းတို့.... ဤငါဘုရား၏ လက်သည်းခွံပေါ်၌ ယခုတင်ရှိနေသော မြေမှုန် (နှင့်) အောက်မဟာပထဝီမြေကြီးမှာ ရှိကြသော မြေမှုန်တို့တွင် အဘယ်က များသနည်း" ဟု မေးမြန်းတော်မူသောအခါ ရဟန်းတို့က "အောက်မဟာပထဝီမြေကြီးမှာရှိသော မြေမှုန်အစုနှင့် နှိုင်းစာလျှင် ရှင်တော်ဘုရား လက်သည်းတော်ပေါ်၌ ယခုတင်ရှိထားသော မြေမှုန်အနည်းငယ်မှာ ဂဏန်းပင် မထားလောက်အောင်နည်းပါးလှပါသည်ဘုရား၊ မဟာပထဝီမြေမှုန်အစုကသာ များလှ

WWW.DHAMMARANSI.COM



ပါသည်ဘုရား”ဟူ၍ လျှောက်ထားကြလေသည်၊ ထိုအခါ မြတ်စွာဘုရားရှင်က “ရဟန်းတို့…. ဤအတူပင် သောတာပန်ဖြစ်သော အရိယသာဝက သောတာပတ္တိမဂ်ဖြင့် ပယ်လိုက်ရသောဘဝသံသရာဒုက္ခကား အောက်မဟာပထဝီမြေကြီးမှာရှိသော မြေမှုန်မက များလှချေ၏၊ မပယ်ရသေးဘဲ ကြွင်းကျန်သေးသည့် ဘဝသံသရာ ဒုက္ခကား ငါဘုရား၏ လက်သည်းတော်ပေါ်၌ တင်ထားအပ်သည့် မြေမှုန်ပမာ နည်းလှစွာ၏ = ခုနစ်ဘဝမျှသာ အများဆုံး ကျန်ရှိလေသည်” ဟု မိန့်တော်မူဘူးလေသည်။

ဤသို့လျှင် လောကုတ္တရာတရားတို့သည် မိမိတို့ဖြစ်ရာ ပုဂ္ဂိုလ်သတ္တဝါ မိမိကို အာရုံပြုမျက်မှောက်ပြုသည့် ပုဂ္ဂိုလ်သတ္တဝါ = ခန္ဓာအစဉ်ကို သံသရာဝဋ်ဒုက္ခ အမြစ်ပြတ်ငြိမ်းစဲအောင် စွမ်းဆောင်နိုင်သောတန်ခိုးသတ္တိ ရှိကြလေသည်။ ထို့ကြောင့် သံသ-ရာ ဒုက္ခဇာတ်သိမ်း ငြိမ်းအေးလိုသော သူတော်စင်မှန်သမျှသည် မိမိ၏ အဝတ်ကိုဖြစ်စေ ဦးခေါင်းကိုဖြစ်စေ မီးစွဲလောင်နေစေကာမူ “ထိုမီးကား တဘဝတာမျှ ဒုက္ခပေးနိုင်သည်၊ ငါ့သန္တာန်၌ရှိသော ကိလေသာမီးကား ဘဝသံသရာ အနန္တ ဒုက္ခပေးနိုင်သည်၊ မဂ်ဖိုလ်ရ၍ ထိုကိလေသာမီးငြိမ်းမှသာ ဘဝသံသရာအနန္တ ဝဋ်ဒုက္ခကြီး ငြိမ်းနိုင်မည်”ဟု ယုံကြည်အောက်မေ့ကာ ထိုမီးစွဲလောင်နေသည့် အဝတ်ဦးခေါင်းတို့ကို လျစ်လျူရှုကာ (= မီးမငြိမ်းသေးပဲ) ကိုယ်တွင်း ကိလေသာမီး ငြိမ်းရေးကိုသာ ဦးစားပေး၍ ဘာဝနာအလုပ်ကို မနေမနား အားထုတ်ခြင်းဖြင့် မိမိ၏ စိတ်သန္တာန်အစဉ်၌ မဂ်ဖိုလ်တရားတို့ မရောက်ရောက်အောင် မဖြစ်ဖြစ်အောင် ကပ်၍ ဆောင်ထိုက်ပေ၏၊ နိဗ္ဗာန်တရားကိုလည်း မိမိစိတ်၏ အာရုံအဖြစ်သို့ မရောက်ရောက်အောင် (မိမိ၏စိတ်ကို နိဗ္ဗာန်တရားကို မျက်မှောက်မပြုရမရှိ ပြုရလေအောင်) ကပ်၍ ဆောင်ထိုက်ပေ၏။ ထို့ကြောင့် လောကုတ္တရာတရားကိုးပါး အစုသည် မိမိ၏စိတ်အစဉ်၌ မရောက်ရောက်အောင် အာရုံမျက်မှောက်မပြုရ ပြုရအောင် ကပ်၍ဆောင်ထိုက်သော = ဩပနေယျိက

WWW.DHAMMARANSI.COM



ဂုဏ်ကျေးဇူးနှင့် ပြည့်စုံပေ၏။ (ဥပနေယျ = ကပ်၍ ဆောင်ထိုက်သော တရား+ဗ္ဗက-ပစ္စည်း အနက်ထူး မရှိ)။

ဩပနေယျိကဂုဏ်တော် ပြီး၏။

## (၆) ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော်

ဤဂုဏ်တော်၌ "ဝိညူဟိ" အရ ၁-အကျဉ်းဥဒ္ဒေသ တရားကို နာရလျှင်ပင် မဂ်ဖိုလ်ကိုရသော = ဥဃ္ဃဋိတညူ အရိယာပုဂ္ဂိုလ်, ၂-အကျယ်နိဒ္ဒေသတရားကိုနာရလျှင် မဂ်ဖိုလ်ရသော = ဝိပဉ္စိတညူ အရိယာပုဂ္ဂိုလ်, ၃-ထို့ထက် အကျယ်ဖြစ်သော ပဋိနိဒ္ဒေသတရားကို နာရလျှင် မဂ်ဖိုလ်ကိုရသော = နေယျ အရိယာပုဂ္ဂိုလ် ဤ အရိယာပညာရှိပုဂ္ဂိုလ် သုံးမျိုးတို့ကို ကောက်ယူရသည်။

မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော လောကုတ္တရာ တရားအစုကို ဖော်ပြရာပါ အရိယာပညာရှိ ပုဂ္ဂိုလ်သုံးမျိုးတို့သည် အသီးအသီး ကိုယ်စီကိုယ်င မိမိ မိမိ၏စိတ်သန္တာန်၌ "ငါသည် အရိယမဂ်ကို ပွါးများအပ်လေပြီ၊ အရိယဖိုလ်ကို ရရှိအပ်လေပြီ၊ ထိုအရိယမဂ်ဖိုလ်တို့ဖြင့် နိဗ္ဗာန်ကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုအပ်လေပြီ"ဟု သိရှိအပ် ခံစားအပ်လေသည်။ မှန်၏–ဥပဇ္ဈာယ်ဆရာ ပွါးများအပ်သောမဂ်ဖြင့် သဒ္ဓိဝိဟာရိကတပည့်၏ ကိလေသာများကို မပယ်ရှားနိုင်ကုန်၊ဆရာ၏ဖလသမာပတ်ဖြင့် တပည့်သည် ချမ်းသာစွာ နေနိုင်သည်မဟုတ်၊ တပည့်သည် ဆရာမျက်မှောက်ပြုအပ်သော နိဗ္ဗာန်ကို အာရုံပြုရသည်မဟုတ်၊ မျက်မှောက်ပြုနိုင်သည်မဟုတ်၊ စင်စစ်ကား မိမိပွါးအပ်သောမဂ်ဖြင့်သာ မိမိ၏ ကိလေသာတို့ကို ပယ်နိုင်သည်၊ မိမိရအပ် ဝင်စားအပ်သော ဖိုလ်ဖြင့် မိမိသာ ချမ်းသာစွာ နေနိုင်သည်၊ မိမိ၏ နိဗ္ဗာန်ကို မိမိသာ မျက်မှောက်ပြုနိုင်သည်။ ထို့ကြောင့် ဤလောကုတ္တရာ တရားကိုးပါးတို့ကို သူတပါး၏ ဦးခေါင်းပေါ်၌ တင်ထားအပ်သော အဆင်တန်းဆာကဲ့သို့ မမှတ်ယူအပ်ဘဲ မိမိ မိမိတို့၏ ကိုယ်စီကိုယ်င စိတ်၌သာလျှင် အရိယာပညာရှိတို့သည် မှတ်ယူအပ် သုံးဆောင်ခံစားအပ်လေသည်။ ပညာရှိ အရိယာသူတော်

WWW.DHAMMARANSI.COM



ကောင်းတို့သာ မှတ်ယူသုံးဆောင်အပ်သော တရားဖြစ်၍ ဤလောကုတ္တရာတရားများသည် လူမိုက်တို့အဖို့ရာမှာမူ အရာပင်မဟုတ်တော့ချေ။

ဤသို့လျှင် လောကုတ္တရာတရား ကိုးပါးတို့သည် အရိယာပညာရှိပုဂ္ဂိုလ်မြတ်တို့ ကိုယ်စီကိုယ်င မိမိတို့စိတ်၌ တွေ့မြင်ခံစားအပ်မှု သိအပ်မှုတည်းဟူသော **ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်နှင့်** ပြည့်စုံပေကုန်၏။

ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်တော် ပြီး၏။

**ဓမ္မာနုဿတိဘာဝနာ**

ဓမ္မာနုဿတိဘာဝနာနှလုံး ကျင့်သုံးလိုသော သူတော်စင်သည် ဤတရားဂုဏ်တော် ခြောက်ပါးအစဉ်၌ ဖော်ပြအပ်သည့်အတိုင်း တရားဂုဏ်တော် ခြောက်ပါးတို့ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် အရကျက် နှုတ်တက်ဆောင်ပြီးလျှင် ဂုဏ်တော်တရပ်တရပ်စီအတွက် နှေးလည်းမနှေးကန် မြန်လည်းမမြန်လွန်းစေပဲ နှုတ်မြွက်ရွတ်ဆိုကာ ထိုပါဠိမြန်မာစကားရပ်တို့၌ ပါရှိသော သွာက္ခာတ-အစရှိသော ဂုဏ်တော်တို့ကို ထပ်တလဲလဲ အောက်မေ့ဆင်ခြင် ပွါးများရာ၏။ ထိုသို့ အောက်မေ့ဆင်ခြင်ပွါးများသောအခါ ထိုသူတော်စင်၏ စိတ်သန္တာန်ဝယ် ရာဂသောင်းကျန်း ထကြွသောစိတ် ဒေါသသောင်းကျန်း ထကြွသောစိတ် မောဟသောင်းကျန်း ထကြွသောစိတ်များ အစဉ်သဖြင့် မဖြစ်ပွါးကြတော့ပဲ ကမ္မဋ္ဌာန်းလမ်းမှန်သို့ သက်ရောက်သဖြင့် တွန့်ဆုတ်ခြင်း ပြန့်လွင့်ခြင်းများ ကင်းရှင်းသောကြောင့် အလယ်အလတ်ဖြစ်သော သမထနိမိတ် ပဋိပတ်ဖြင့် အလွန်ဖြောင့်မတ်သော စိတ်အစဉ်သည် တသွင်သွင်ဖြစ်လေတော့၏။

ထိုသို့ အောက်မေ့ဆင်ခြင်ပွါးများဖန်များသဖြင့် တရားဂုဏ်ကို အာရုံပြုသော ဘာဝနာအဆင့်ဆင့် ရင့်၍ရင့်၍လာသောအခါ နီဝရဏတရားများ ကိုယ်မှခွါပြီးသား (ကွာပြီးသား)ဖြစ်လေကုန်

WWW.DHAMMARANSI.COM



၏။ ကိလေသာတရားတို့သည်လည်း ဖြစ်ပွါးမှု ထကြွမှုမရှိပဲ အနယ်ထိုင်နေကြသည့်ပမာ ငြိမ်၍နေကုန်၏၊ သဒ္ဓါအစရှိသော ဣန္ဒြေငါးပါးတို့သည် အလွန်သန့်ရှင်း ထက်မြက်၍လာကုန်၏၊ ဓမ္မာနုဿတိဘာဝနာ အလေ့အလာများသောကြောင့် ဝိတက်, ဝိစာရတို့သည် လွန်လွန်ကဲကဲ မိမိတို့ဆိုင်ရာကိစ္စတို့ကို ရွက်ဆောင်ကြလျက် ဖြစ်ပွါးကြကုန်၏၊ ထိုအခါ မိမိ၏ အလုပ်မှန်ကို လွန်စွာ နှစ်သက်လျက် အားကြီးသောပီတိတရား တဖွားဖွား ဖြစ်လာလေ၏။ ယင်းပီတိကြောင့် ကာယပဿဒ္ဓိ＝ကိုယ်၏ ငြိမ်းချမ်းခြင်း, စိတ္တပဿဒ္ဓိ＝စိတ်၏ ငြိမ်းချမ်းခြင်း＝နှစ်ပါး အထူးသဖြင့် ဖြစ်ပွါးကြကာ ကိုယ်စိတ်တို့၏ ပူပန်မှုများလည်း ငြိမ်းစဲအနယ်ထိုင်၍ သွားလေကုန်၏၊ ယင်းသို့ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းလှစွာသောကြောင့် သမာဓိ၏ အကြောင်းရင်းဖြစ်သော သုခတရား ခိုင်ခံ့သည်ထက်ခိုင်ခံ့စွာ ဖြစ်ပွါးလာလေ၏၊ သုခဖြင့် ပွါးစည်းစိုပြေရကား စိတ်အစဉ်သည် ကမ္မဋ္ဌာန်းအာရုံ(＝တရားတော်ဂုဏ်)၌ အလွန့်အလွန် တည်ကြည်၍ နေလေတော့၏။

ဤသို့လျှင် အစဉ်သဖြင့် ရှေ့ပိုင်းဝယ် ဝိတက် အစရှိသော ဘာဝနာအလုပ်တရားတို့ တဆင့်ထက်တဆင့် ရင့်ကျက်ရင့်ကျက်ကာ ထက်မြက်သည်ထက် ထက်ထက်မြက်မြက် ဖြစ်ပွါးကြ၍ တွန့်လည်းမတွန့်ဆုတ် ပြန့်လည်းမပြန့်လွင့်သဖြင့် အလယ်အလတ် မစွန်းမသမထပဋိပတ်သို့ ဆိုက်ရောက်ကာ သဒ္ဓါ-စသော ဣန္ဒြေငါးပါးတို့သည်လည်း မိမိတို့၏ ဆိုင်ရာကိစ္စကို အညီအမျှ ပြုလုပ်ရွက်ဆောင်ကြသဖြင့် ရှေးကထက် အထူးထက်မြက်သော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ＝ဤ ဈာန်အင်္ဂါငါးပါးတို့သည် ဓမ္မာနုဿတိကာမာဝစရဘာဝနာ မဟာကုသိုလ်စိတ်၌ စိတ္တ-ဏ္ဍဏတချက်တည်းဝယ် ပြိုင်လျက် ဖြစ်ပေါ်လာကြ၍ ဥပစာရဈာန်ကိစ္စကို ပြီးစေကြလေသည်။ ဤသို့ ဖော်ပြရာပါ ဈာန်အင်္ဂါငါးပါးတို့ ကာမာဝစရဘာဝနာ မဟာကုသိုလ်စိတ်နှင့် တွဲယှဉ်လျက် ဖြစ်ပွါးလာသောအခါ ထိုယောဂီပုဂ္ဂိုလ်ကို "ဓမ္မာနုဿတိ ဥပစာရဈာန်ကို ရသောပုဂ္ဂိုလ်"ဟူ၍ ခေါ်ဆိုရလေသည်။ (ဤမှ

WWW.DHAMMARANSI.COM



နောက် မေးဖွယ်ဖြေဖွယ်တို့ကို ဘုရားဂုဏ်တော်ကိုးပါး အခဏ်း၌ ဆိုအပ်ပြီးသောနည်းကို အစဉ်မှီး၍ သိမှတ်ရာ၏။)

**ဓမ္မာနုဿတိဘာဝနာအကျိုး**

ဤ ဓမ္မာနုဿတိဘာဝနာကို အခါခါကြိုးကုတ် အားထုတ်သော သူတော်စင်သည် "ဤသို့စဉ် ဩပနေယျိကဂုဏ်နှင့် ပြည့်စုံသည့်တရား ဟောကြားတော်မူတတ်သော မြတ်စွာဘုရားရှင်ကို ငါသည် အတိတ်အခါကလည်း မတွေ့မြင်ရဘူး၊ ယခု ပစ္စုပ္ပန် အခါ၌လည်း ဤဘုရားကိုထား၍ ထိုသို့ ဟောကြားတတ်သူကို မတွေ့မြင်ရဘူးချေ"— ဤသို့စသည်ဖြင့် တရားဂုဏ်တော်တို့ကို အာရုံထင်ထင် တွေ့မြင်ရသဖြင့်ပင် ထိုမှ အစဉ်လျှောက်ကာ တရားတော်၏အရှင်ဖြစ်သည့် မြတ်စွာဘုရား၌၎င်း, တရားတော်၌၎င်း သူမတူတန်အောင် ရိုသေကျိုးနွံသူ ဖြစ်လေ၏။ ထို့ကြောင့်ပင် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့် အလားတူစွာ သဒ္ဓါတရားကြီးမားပြန့်ပြောခြင်းသို့၎င်း,သတိတရား ကြီးထွားပြန့်ပြောခြင်းသို့၎င်း, ပညာတရား ကြီးထွားပြန့်ပြောခြင်းသို့၎င်း, ကုသိုလ်တရား တိုးပွါးပြန့်ပြောခြင်းသို့၎င်း ရောက်ရှိလေ၏၊ နှသောပီတိ ရင့်သောပီတိတရားတို့ပြောများသောသူ ဖြစ်လေ၏၊ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို သည်းခံပယ်ဖျောက်နိုင်သူ ဖြစ်လေ၏၊ ဒုက္ခကို သည်းခံနိုင်စွမ်းသောသူ ဖြစ်လေ၏၊ တရားတော်နှင့် အတူတကွ နေထိုင်ရသည့် အမှတ်သညာကို ရရှိလေ၏၊ ဓမ္မာ-နုဿတိဘာဝနာကုသိုလ်တရား ဖြစ်ပွါးကိန်းတည်ရာ ထိုယောဂီ ပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာကြီးသည် စေတီတိုက်အိမ်ကဲ့သို့ ပူဇော်အထူး ကို ခံယူခြင်းငှါ ထိုက်တန်လေ၏၊ ထိုယောဂီပုဂ္ဂိုလ်၏စိတ်သည် လောကုတ္တရာတရား ကိုးပါးတို့ကို ရရှိရန် အမြဲတစေ ညွတ်၍ နေလေ၏၊ ထိုဓမ္မာနုဿတိဘာဝနာအလုပ်ကို အားထုတ်ပွါးများသော သူ၏အဖို့ရာ ထိုဘာဝနာအစွမ်းဖြင့်ပင် အခါခပ်သိမ်း တရားဂုဏ်တော်များက စိတ်၌ အပြန်ပြန်အလှန်လှန် ဖြစ်ပေါ် ထင်မြင်၍နေရကား သီလပျက်စီးရန် လွန်ကျူးအပ်သည့် (= လွန်ကျူးရမည့်) ဝီတိက္ကမိတဗ္ဗဝတ္ထုအာရုံနှင့် ကြိုက်ကြုံပေါင်းဆုံ

WWW.DHAMMARANSI.COM



မိစ္ဆေကာမှ တရားတော်ဂုဏ်ကို အဖန်ဖန် နှလုံးသွင်းအောက်မေ့သူဖြစ်သောကြောင့် ဒုစရိုက်မှုမှ ရှက်ခြင်း, ထိတ်လန့်ခြင်း = ဟိရီ, ဩတ္တပ္ပတရားတို့ အဖန်ဖန် ဖြစ်ပွါးလေ၏။ ဤ ဓမ္မာနုဿတိဘာဝနာကို အခြေခံတည်ရာပြု၍ ဝိပဿနာတရား ပွါးများလျှင် မဂ်ဖိုလ်ကို အလွယ်နှင့် ရနိုင်၏၊ ပါရမီမပြည့်စုံ မလုံလောက်သေး၍ မဂ်ဖိုလ်ကို မရလျှင်လည်း ကောင်းရာသုဂတိ ဘုံဘဝသို့ လားရောက်ရ၏။ ဤကား ဓမ္မာနုဿတိဘာဝနာအကျိုးတည်း။

## အထူးမှတ်ရန်

(ဤတရားဂုဏ်တော် ခြောက်ပါးတို့တွင် ၁-အမှတ်ပြ သွာက္ခာတဂုဏ်တော်တပါး၌သာ ပရိယတ်တရားတော်ပါရှိ၍ ကျန်သောဂုဏ်တော်ငါးပါးတို့၌ လောကုတ္တရာတရားတော် ကိုးပါးတို့ကိုသာ အဋ္ဌကထာ၌ ဖွင့်ပြတော်မူအပ်ကုန်လေသည်။ ထိုအကြောင်းအရာနှင့်စပ်၍ ဝိသုဒ္ဓိမဂ်မဟာဋီကာ ပဌမအုပ် စာမျက်နှာ ၂၆၇, ၂၆၈-လာ အထူးဖွင့်ပြချက်ကိုလည်း မှတ်ယူနိုင်ရန် အကျဉ်းမျှ ဖော်ပြဦးအံ့—

အဋ္ဌကထာ၌ သန္ဒိဋ္ဌိက-အစရှိသော နောက်ဂုဏ်တော်ငါးပါးတို့မှာ လောကုတ္တရာတရား၌သာ နိပ္ပရိယာယ=မုချအားဖြင့် ဖြစ်သင့်သောကြောင့် ထိုနောက်ဂုဏ်တော် ငါးပါးတို့ကို လောကုတ္တရာတရား၌သာ ဖွင့်ပြအပ်လေသည်၊ သို့သော်လည်း ထိုနောက်ဖြစ်သော ဂုဏ်တော်ငါးပါးတို့သည် ပရိယတ်တရားတော်၌လည်း ဖြစ်နိုင်သော အကြောင်းအခွင့်ရှိကုန်၏၊ ရှိကြပုံမှာ—

ဤ ပရိယတ်တရားတော်ကို အကြား အမြင်များ၍ အာဂုံပါဌ်နှုတ်တက်လာရှိကာ လွန်စွာထက်သော သတိပညာနှင့် ပြည့်စုံသူ ပညာရှိသည် အစ၌ ကောင်းခြင်း အစရှိသော ဂုဏ်အထူးအားဖြင့် ကိုယ်တိုင်ဒိဋ္ဌ ရှုမြင်အပ်သောကြောင့် ပရိယတ် တရားတော်သည် သန္ဒိဋ္ဌိကဂုဏ်နှင့်လည်း ပြည့်စုံ၏။ ဝါဒတပါးရှိသူ တိတ္ထိတို့ကို နှိမ်နင်းရာ၌ကား ချီးမွမ်းအပ်သော ပရိယတ်အသိဉာဏ် ပညာဖြင့် ရန်သူတိတ္ထိတို့ကို အောင်နိုင်သောကြောင့် "သန္ဒိဋ္ဌိယာ ဇယတီတိ သန္ဒိဋ္ဌိကော" ဟူသော ဝစနတ္ထအရ မုချအားဖြင့်ပင် ပရိယတ်တရားတော်သည် သန္ဒိဋ္ဌိကဂုဏ်နှင့် ပြည့်စုံ၏။ ကိလေသရန်ကို အောင်နိုင်ရာ

WWW.DHAMMARANSI.COM



၌ကား ပရိယတ်တရားတော်သည် ထိုကိလေသရန်ကို အောင်နိုင်ရန် အဆင့်ဆင့် အကြောင်းမူလ အခြေခံအကြောင်းဖြစ်သောကြောင့် ပရိ-ယာယအားဖြင့် သန္ဒိဋ္ဌိကဂုဏ်နှင့်ပြည့်စုံ၏။ ပရိယတ်တရားတော်သည် အလုံးစုံသော ညစ်ညူးကြောင်းအကုသိုလ်တရားတို့ကို ပယ်ရှားဖို့ရန်နှင့် ဖြူစင်သောကုသိုလ်တရားတို့ တိုးပွါးဖို့ရန် ရည်သန်၍ ဖြစ်စေအပ်သော တရား=ဟောကြားအပ်သော တရားတော်ဖြစ်သောကြောင့် "သန္ဒိဋ္ဌိ အရဟတီတိ သန္ဒိဋ္ဌိကော"ဟူသော ဝစနတ္ထအရ မမြင် မြင်အောင် မသိ သိအောင် ရှုထိုက်သောတရားဖြစ်ရကား သန္ဒိဋ္ဌိကဂုဏ်နှင့်ပြည့်စုံ၏။

ပရိယတ် တရားတော်သည် အခါမလင့် အကျိုးပေးတတ်သည့် လောကုတ္တရာ မဂ်ကုသိုလ်ကို ရရှိဖို့ရန် အကြောင်းစင်စစ် ဖြစ်သော ကြောင့် ဖလူပစာအားဖြင့် အကာလိကဂုဏ်နှင့်လည်း ပြည့်စုံ၏။

ပရိယတ်တရားတော်သည် တကယ်ပင် ထင်ရှားရှိ၍ ထက်ဝန်းကျင် စင်ကြယ်သောတရားပင်ဖြစ်ရကား "လာစမ်းပါ, လိုက်ခဲ့စမ်းပါ, ရှုကြည့် စမ်းပါ, သင်ကြားလေ့လာကြည့်စမ်းပါ"ဟု ရဲရဲတောက် ဖိတ်ခေါ်စကား ပြောကြားထိုက်သောကြောင့် ဧဟိပဿိကဂုဏ်နှင့်လည်း ပြည့်စုံ၏။

ထိုဂုဏ်တို့နှင့်ပြည့်စုံသောကြောင့်ပင် ဝဋ်ဆင်းရဲမှ ထွက်မြောက်လို သူ သူတော်ကောင်းမှန်သမျှတို့သည် မိမိ၏စိတ်ကို ထိုပရိယတ်တရား တော်၌ ကပ်၍ဆောင်ဖို့ရန်(တနည်း) ထိုပရိယတ်တရားတော်ကို မိမိ၏ စိတ်၌ မရောက်ရောက်အောင် ကပ်၍ဆောင်ဖို့ရန် ထိုက်တန်သော ကြောင့် ပရိယတ်တရားတော်သည် ဩပနေယျိကဂုဏ်နှင့်လည်း ပြည့်စုံ ၏။

မိမိ၏စိတ်ကို အရဟတ္တဖိုလ်သို့ဦးတည်ကာ(=အရဟတ္တဖိုလ်ကို ရရှိ ဖို့ရန် ရည်သန်လျက်)ဤပရိယတ်တရားတော်ကို လေ့လာခြင်း သင်ယူ မှတ်သားခြင်းဖြင့် အပြည့်အစုံ ပါဠိနှင့် စပ်သော ဝမ်းမြောက်ခြင်း, အနက်နှင့်စပ်သော ဝမ်းမြောက်ခြင်း=ဓမ္မပီတိအရသာကို ပညာရှိတို့ သည် ကိုယ်စီကိုယ်င မိမိတို့စိတ်သန္တာန်၌ ခံစံရရှိအပ်သောကြောင့် ပရိယတ်တရားတော်သည် ပစ္စတ္တံဝေဒိတဗ္ဗဂုဏ်နှင့်လည်း ပြည့်စုံ၏။

ဤကား ဝိသုဒ္ဓိမဂ်မဟာဋီကာလာ အထူးမှတ်ရန် ပရိယတ်တရား တော်၏ နောက်ဂုဏ်ငါးပါးတို့နှင့်လည်း ပြည့်စုံပုံတည်း)။

တရားဂုဏ်တော် ခြောက်ပါးပြီး၏။

WWW.DHAMMARANSI.COM



## သံဃဂုဏ်တော် ကိုးပါး

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ၊ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ ။ (သံဃဂုဏ်တော်ကိုးပါး ပါဠိ)။

ဘဂဝတော = ဣဿရိယာဒိ အဓိတဘဂျဝန် လွန်စွာ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၏။ သာဝကသံဃော = ဓမ္မ,ဝိနယ ဩဝါဒထုတ်ပြန် မိန့်တော်သံကို နာခံ၍ကျင့်တော်မူတတ်သောကြောင့် သာဝက+အဓိသီလ ညီမျှစွာတောင်း ကိုယ်, နှုတ်, စိတ်မပြောင်းမူ၍ ပေါင်းဖော်တော်မူတတ်သောကြောင့် သံဃာ=ဤသို့သောဂုဏ်သမ္ဘာကြောင့် တုလျာဓိကရဏ သမာသ်ရှေးသား ပရမတ္ထစစ် ဖြစ်၍ဖြစ်သော ရှစ်ပါးသောသာဝက အရိယာ သံဃာတော်မြတ်အပေါင်းသည်။ သုပ္ပဋိပန္နော = ပရိဠာဟ ထာဝရပြောင်ညီး လောင်သည့်မီးကို မိုးကြီး ဖျန်းဆွတ် ငြိမ်းအောင်သတ်သို့ ပရမတ်,ပညတ် လျဉ်းစပ် ရုံးပေါင်း အေးငြိမ်းကြောင်းဖြင့် ကောင်းစွာဟောကြားတော်မူသော နယူပဒေသ ဓမ္မ,ဝိနယာ ဒေသနာတော်ကို ရိုသေစွာနာမှတ်၍ ကောင်းမြတ်စွာ ကျင့်တော်မူတတ်သော အကြောင်းဗျူပ္ပတ္တိ နိမိတ်ရှိကြောင့် သုပ္ပဋိပန္န-ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွ့တကား····။ (၁)

ဘဂဝတော = မြတ်စွာဘုရား၏။ သာဝကသံဃော = တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ (ရှေးနည်းသော်လည်း အနက်အကျယ်ဆိုလေ၊ နောက်၌လည်း နည်းတူပင်)။ ဥဇုပ္ပဋိပန္နော = ကာမသုခလ္လိက, အတ္တ-

WWW.DHAMMARANSI.COM



ကိလမထာ = ယုတ်မာသောတရားနှစ်ပါးသို့ လားကပ်ခြင်းမရှိ စောင်းကြိုးညှိ၏သို့ မဇ္ဈိမပဋိပဒါ အရိယာအင်္ဂါ ညီအင်္ဂါဖြင့် စဉ်စီမထောင့် ဖြောင့်မတ် ရိုးသားသည်နှင့် ညီစွာ····၁-ဗီလာရွှေနောက် ကွေ့ကောက် မျောထုတ်သဘောယုတ်သား ဂေါမုတ်သဖွယ် နွားကျင်နှယ်သို့ စ, လယ်,ဆုံးဖျား သုံးပါးသော ဒွါရတို့၌ ကောက်ခြင်း, ၂-စန္ဒလေခ လ-ရေးသဖွယ် အလယ်,အဖျား နှစ်ပါးသော ဒွါရတို့၌ကောက်ခြင်း, ၃-နင်္ဂလကောဋိ လောကီအသုံး ထယ်ထွန်တုံးကဲ့သို့ အဆုံးအဖျား တပါးသော ဒွါရ၌ ကောက်ခြင်း ယင်းသို့ မာယာ,သာဌေယျ ကိလေသအရှိန် ကွေ့ကောက်လိမ်တို့ကို ပယ်နှိမ်သမှု ဖြောင့်မတ်စွာကျင့်ခြင်းကို ပြုတော်မူတတ်သောကြောင့် ဥဇုပ္ပဋိပန္န-ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့တကား····။ (၂)

ဘဂဝတော = မြတ်စွာဘုရား၏။ သာဝကသံဃော = တပည့်သားသံဃာတော်မြတ်အပေါင်းသည်။ ဉာယပ္ပဋိပန္နော = အသခံတခေတ် နိဗ္ဗာန်မြတ်ကို ဆတ်ဆတ်ကေန် ပုထုဇန်တို့ ဉာဏ်မြင်မျက်စိ မရှိ၍လျှင် မသိမြင်လည်း ကောင်းကင်တိမ်စွန်း ထိန်ထိန်ထွန်းသား လ-ဝန်းပမာ အရိယာတို့ သိသာရကား တရားပရမတ် မြင့်မြတ်စွာလှ နိဗ္ဗာနကို ဉာယဆို၏····၊ ထိုနိဗ္ဗာန ထိုဉာယကို တောင့်တမြော်မှန်း ကျင့်ကြိုးပမ်းတော်မူသော စွမ်းသန်စွာလှ သဘာဝကြောင့် ဉာယပ္ပဋိပန္န—ဟူသော ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့တကား····။ (၃)

ဘဂဝတော = မြတ်စွာဘုရား၏။ သာဝကသံဃော = တပည့်သား သံဃာတော်မြတ်အပေါင်းသည်။ သာမီစိပ္ပဋိပန္နော = ဟိရီ, ဩတ္တပ္ပ တရားကွပ်လျက် အဇ္ဈတ်,ဗဟိဒ္ဓ ကိုယ်,နှုတ်,စိတ်၌ အသိတ္တနှင့် စသည်သမ္ပဇဉ် အမြဲယှဉ်ပြီး အကြင်ပဋိပတ် တရားမြတ်ကို သူမလို၍ ကိုယ်အသက်ပင် ပျက်ပစေကာ ညာတာမရှိ လွန်ကဲစွာကျင့်

WWW.DHAMMARANSI.COM



တော်မူတတ်သောသတ္တိကြောင့် **သာမီစိပ္ပဋိပန္န-ဂုဏ်တော်** ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့တကား….။ (၄)

ယဒိဒံ＝ယာနိ ဣမာနိ စတ္တာရိ ပုရိသယုဂါနိ＝သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တစုံ-ဤသို့တွဲလျက် သူ့မင်္ဂသူ့ဖိုလ် ကိုယ်စီမြှောက်ပွါး လေးပါးသော ယောက်ျားမြတ်အစုံတို့သည်။ ယဒိဒံ＝ယေ ဣမေ အဋ္ဌ ပုရိသပုဂ္ဂလာ＝သောတာပတ္တိမဂ္ဂ-ဋ္ဌာန်ပုဂ္ဂိုလ်တပါး, သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်တပါး စသည်အားဖြင့် ရှစ်ပါးဖော်ပြ အရိယဟု လောမဟံသ ဘယ,ဆန္ဒိ သော-ပဟီဖြစ်တော်မူသော အာဇာနည် ယောကျ်ားမြတ်ပုဂ္ဂိုလ်တို့သည်။ သန္တိ＝ရှိကုန်၏။

ဘဂဝတော＝မြတ်စွာဘုရား၏။ ဧသ＝ဧသော သာဝကသံဃော＝ဤလေးစုံ＝ရှစ်ပါး တပည့်သားသံဃာတော်မြတ်အပေါင်းသည်။ အာဟုနေယျော ＝ ဂဠုန်, နဂါး သိကြား,မြဟ္မာ စကြာမန္ဓာတ် လောကတ္တယ နတ်တကွလူ ခပ်သိမ်းသူတို့သည် ပူဇော်ဖွယ် အမျိုးမျိုးတို့ဖြင့် ကောင်းကျိုးအာနိသင် ကြီးမြတ်အင်ကို မြော်မြင်တွေးဆ အကြွေးချ၏သို့ အဝေးမှဆောင်ယူကာ လှူဒါန်းလာသည်ကိုလည်း ကရုဏာရှေးရှု ခံယူသုံးဆောင်ခြင်းကို ပြုထိုက်သောကြောင့် **အာဟုနေယျ-ဂုဏ်တော်ထူးဖြင့်** ချီးကျူးအပ်ပါပေစွာ့တကား….။ (၅)

ပါဟုနေယျော＝ဉာတိ,သဟာယ မနာပဗန္ဓု အာဂန္တု ခရီးသွား သူတပါးတို့အား မှန်းထားဆက်ဆက် ညွတ်ပြီး သောပစ္စည်းဖြစ်လျက်လည်း ဖျက်၍အားသန် လှူဒါန်း ပူဇော်ခြင်းငှါ လျော်ကန်ခြင်း...., ခံယူသုံးဆောင်ခြင်းငှါ လည်းထိုက်ခြင်း...., ပရိဗိုဇ်မှနေ့ ရသေ့,ပုဏ္ဏား- စသော အားဖြင့် များစွာသောအလှူခံတို့၏ လှူရန်များ,နည်း ပစ္စည်းကိုယူဆောင်၍ ယခေါင်လက်မွန် တမလွန်ရည်မှတ် ပေးလှူအပ်ခြင်း-စသော ခပ်သိမ်းသော အပြားအားဖြင့်

WWW.DHAMMARANSI.COM



ပွဲါးများဆောင်ယူ ပေးစွန့်လှူသည်ကို ခံယူသုံးဆောင်ခြင်းငှါထိုက်ခြင်း....ယင်းသို့-လှူတတ်,လှူအပ် သူမြတ်တို့ဝတ် မချွတ်စေမှု ပေးလှူခံယူခြင်းကိုပြုတတ်သောကြောင့် ပါဟုနေယျ-ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့တကား....။ (၆)

ဒက္ခိဏေယျော = သီလဝန္တ ဥက္ကဋ္ဌဖြစ်သော ပုဂ္ဂလိသိဋ္ဌ ဂုဏ်နိမိတ်ကြောင့် နိဗ္ဗာန်ဆောက်ဦ ဖြစ်စိမ့်ဟူ၍ အလှူပရမတ် ပေးလှူအပ်ခြင်း..., ဆက်ကပ်ကြည်လင် ဒါနရှင်တို့အားလည်း နိသင်စီးပွါး ကြီးမားမြင့်မြတ်သည်ကိုပြုတော်မူတတ်ခြင်း.... ယင်းသို့-ဒက္ခိဏာအရဟ ဒက္ခိဏာဟိတဟု ပြုအပ်သော ပုဒ်အနက်နှင့်အညီ ဒက္ခိဏေယျ-ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့တကား....။ (၇)

အဉ္ဇလိကရဏီယော = မြေပြင် ရေပြင် ဝေဟင်ပတ်ကုံး သုံးလောကဓာတ် နတ်နှင့်တကွသော လူအပေါင်းတို့သည် ရွှေဖယောင်း, ရွှေဆီမီးတို့ကို ညီးညီးပြောင်ရွှန်းတပြိုင်တည်းထွန်းသကဲ့သို့ သွန်းသွန်းဖြောင့်မတ် ကြားညပ်ကျဲစဲ ကွဲလွဲရွှေနောက် ထက်အောက်ကွာဝေး မကွေးမကုပ် မဆုတ်မတက် အစုံသောလက်တို့ကို ဦးခေါင်းထက် အရောက်ညီစေ၍ မြှောက်ချီပြီးလျှင် ရှိပန်ဆင်သည်ကိုင်း..., ပဥ္စပတိဋ္ဌိတ ငါးဝသောထိမျိုးဖြင့် ရှိခိုးခြင်းဝန္ဒနာကံကို ခံထိုက်သော ဝန္ဒနေယျခေတ္တာဂီ အစဉ်ညီသောကြောင့်ငင်း.... အဉ္ဇလိကရဏီယ-ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွာ့တကား····။ (၈)

အနုတ္တရံ = သီလအစရှိသော ဂုဏ်တို့ကြောင့် တစုံတယောက်သော သူနှင့်မျှ အတူအဖက် မဟုတ်သော။ လောကဿ ပုညက္ခေတ္တံ = ဘူမေဒနီ မြေဆီသြဇာ ပြန့်ပြောစွာသော လယ်တာမြေကောင်းသည် အပေါင်းပရိသတ် မင်း,မှူးမတ်စသည်တို့၏ သဗ္ဗိဋ္ဌာသယအလျောက်ကောက်ပဲစသော မျိုးစေ့တို့ကျရောက်သဖြင့် အသွောက်

WWW.DHAMMARANSI.COM



အညွန့် ဖြိုးဖွံ့ပင်စည် ရှင်ကြည်ခက်လက် မြေသြဇာတက် ရကား ပြည့်နက်တုတ်ခွန် အလွန်မြိန်မြတ်သော သီးနှံအရသာဖြစ်၍ နှစ်သက်ပျော်နေ ချမ်းသာစေသကဲ့သို့ ဝိသေသပုဒ် အသီးထုတ်အပ်သော သုပ္ပဋိပန္နတာဒိ အရိယဂုဏ်ဆီ စုံညီလှစွာ သံဃာတော်တည်းဟူသောမြေကောင်းသည် အပေါင်းသဏ္ဍာဝါ မြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပေးလှူခြင်းဒါန သီလ, သရဏဂုံ အလုံးစုံသော ကောင်းမှုမျိုးတို့ကို အားကြိုးသွန်ထုတ် စိုက်ကြဲမြုပ်တိုင်းပင် သုပ္ပဋိပန္နစသည်ထက်မြက် ဂုဏ်ဆီတက်၍ ခက်လက်သီးပွင့် ကြီးရင့်သည်တန္တု လူ့စည်းစိမ်, နတ်စည်းစိမ်တို့ကို အရှိန်ညီးညီး ခံစံပြီးစေ၍ အသီးတည်းဟူသောမဂ်,ဖိုလ်မှ ချိုမြိန်လှစွာ ဝိမုတ္တိရသာတည်းဟူသော အို,နာ, သေပျောက်ခြင်းမရှိ အတိသုခ အတုလသိဝံ ပြည်မွန်အောင်ခန်းနိဗ္ဗာန်နန်း၌ စံမြန်းပျော်နေ ချမ်းသာစေနိုင်သော မြေကောင်းသဒိသ အရိယတန်ခိုး ကောင်းမှုမျိုးကို စိုက်ပျိုးကြဲမြုပ်ရာဂုဏ် လွန်ပြည့်စုံသောကြောင့် **ပုညက္ခေတ္တံလောကဿ-**ဂုဏ်တော်ထူးဖြင့် ချီးကျူးအပ်ပါပေစွတကား....။ (၉)

### ပြိုးပြွမ်းမှတ်ဖွယ် ပကိဏ္ဏကအခန်းပွါးယ်

**သာဝကသံဃာ။**　။အရိယာရှစ်ဖော် သံဃာတော်ကို မုချအားဖြင့် သာဝကသံဃာဟူ၍ ခေါ်၏၊ ကလျာဏပုထုဇန် သီလဝန် ပညဝန် အရှင်မွန် အရှင်မြတ် အပေါင်းကိုလည်း ဘုရားအဆုံးအမ ဩဝါဒကို ရိုသေစွာလိုက်နာသောကြောင့် ပရိယာယအားဖြင့် သာဝကသံဃာဟူ၍ ခေါ်၏။ ထင်ရှားစေဦးအံ့—သာဝကဟူသောပုဒ်ကို"သက္ကစ္စံ သုဏန္တီတိ သာဝကာ = ရိုသေစွာ နာယူတတ်သောကြောင့် သာဝက"ဟူ၍ ဝိဂ္ဂြိုဟ်ပြုရ၏။ ရိုသေစွာနာယူမှုဟူသည်လည်း ဆုံးမအပ်တိုင်း ကျင့်ကြံခြင်းဖြင့် ကိစ္စပြီးပြည့်စုံသောကြောင့် အရိယာအဖြစ်ကို ရွက်ဆောင်နိုင်သော နာယူခြင်းမျိုးကို ဆိုလိုသည်။ ထို့ကြောင့် ဤဝိဂ္ဂြိုဟ်အရ မုချအားဖြင့် အရိယာပုဂ္ဂိုလ်တို့သာ သာဝကသံဃာမည်၍ ကလျာဏပုထုဇန်ပုဂ္ဂိုလ်

WWW.DHAMMARANSI.COM



တို့မှာ ပရိယာယအားဖြင့် သာဝကသံဃာမည်လေသည်။ (အရိ-ယာအဖြစ်သို့ ရောက်မှသာ ရှိသေစွာ နာယူမှုကိစ္စ ပြီးဆုံးပြည့်စုံလေသည်၊ ထို့ကြောင့် အရိယာပုဂ္ဂိုလ်တို့သာ မုချအားဖြင့် သာ-ဝကသံဃာမည်၍ ကလျာဏပုထုဇန် သီလဝန် ပညာဝန် အရှင်မွန် အရှင်မြတ်အပေါင်းမှာ မဂ်ဖိုလ်သို့ပင် မရောက်သေးသော်လည်း ရောက်မည်ကေန် စင်စစ်မှန်သောကြောင့် ပရိယာယအားဖြင့် သာဝကသံဃာ အမည်ရလေသည်ဟု ဆိုလိုသည်)။ သီလ, အယူ တူညီသောအားဖြင့် စိတ်ဝယ်ပေါင်းစပ် မှတ်ယူအပ်သောကြောင့် သံဃ = သံဃာဟူ၍ ခေါ်သည်။ သီလ,အယူတူညီသောပုဂ္ဂိုလ်အပေါင်းဟု ဆိုလိုသည်၊ အရိယာသံဃာကို အရကောက်ယူရသည်၊ မှန်၏— အရိယာပုဂ္ဂိုလ်တို့၏ သီလ,အယူတို့မှာ မဂ်ဖြင့်လာသော (= မဂ်တည်းဟူသော အခြေခံ အကြောင်းမှဆင်းသက်လာသော) သီလ, အယူများဖြစ်သဖြင့် ထူးခြားကွဲလွဲချက် လုံးဝမရှိပဲ ရွှေသားကို အလယ်မှဖြတ်၍ ထားအပ်သကဲ့သို့တူညီမျှကြလေသည်။

## (၁) သုပ္ပဋိပန္နဂုဏ်တော်-စသည်

ဤသံဃဂုဏ်တော်ကိုးပါးတို့တွင် ရှေ့ဖြစ်သော သုပ္ပဋိပန္နတာ-စသော ဂုဏ်တော်လေးပါးကြောင့် အာဟုနေယျ - စသောနောက်ဂုဏ်တော်ငါးပါးတို့ ပြီးမြောက်ကြရကား ရှေ့ဂုဏ်တော်လေးပါးတို့သည် အကြောင်းဂုဏ်တော်များဖြစ်၍ နောက်ဂုဏ်တော်ငါးပါးတို့မှာ အကျိုးဂုဏ်တော်များ ဖြစ်လေသည်။

အကြောင်းဂုဏ်တော် လေးပါးဟူရာ၌လည်း လေးမျိုးလေးစား ခွဲခြား၍ ကျင့်ကြံနေရသည်မဟုတ်၊ တချက်ခုတ် လေးချက်ပြတ်ဟု ဆိုရလေအောင် အရိယမဂ်တည်းဟူသော သမ္မာပဋိပတ်ကို ကျင့်ကြံလျှင်ပင် ရှေ့ဂုဏ်တော်လေးချက် ပြည့်စုံလာလေသည်။

ထင်ရှားစေဦးအံ့— မြတ်စွာဘုရား ဟောကြားဆုံးမတော်မူအပ်သော အဆုံးအမ ဩဝါဒသာသနာတော်ဟူသည်မှာ အချုပ်အားဖြင့် မှတ်ယူလျှင် အရိယမဂ်တည်းဟူသော သမ္မာပဋိပတ်

WWW.DHAMMARANSI.COM



အကျင့်မြတ်ပင်ဖြစ်လေသည်၊ ယင်းသမ္မာပဋိပတ်ကိုပင် လေးဆယ့်ငါးဝါ ကာလကြာအောင် သတ္တဝါတို့ အလိုအဇ္ဈာသယနှင့် လိုက်လျော ညီညွတ်အောင် ဒေသနာနည်း အမျိုးမျိုးဖြင့် ဟောကြားတော်မူအပ်လေသည်၊ သို့ရကား အရိယမဂ်တည်းဟူသော သမ္မာပဋိပတ် အကျင့်မြတ်သည် သာသနာတော်တရပ်လုံး၏ လိုရင်း ပဓာန အကျင့်မြတ်ဖြစ်လေသည်။ ယင်းသမ္မာပဋိပတ် အကျင့်မြတ်ကို လိုက်နာကျင့်သုံးလျှင် သုပ္ပဋိပန္န = ကောင်းစွာ ကျင့်ကြံသော ပုဂ္ဂိုလ် ဖြစ်လေသည်။

မြတ်စွာဘုရား၏ တပည့်သား သံဃာတော်မြတ် အပေါင်းသည် ထိုသမ္မာပဋိပတ် အကျင့်မြတ်ကို လိုက်နာကျင့်သုံးသောကြောင့် **သုပ္ပဋိပန္နတာ** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၁)

ယင်း အရိယမဂ်တည်းဟူသော သမ္မာပဋိပတ် အကျင့်မြတ်ကိုပင် "ဆန့်ကျင်ဖက်ဖြစ်သော အကုသိုလ်တရားတို့ကို မဆုတ်မနစ် ဖြောင့်ဖြောင့်မတ်မတ်ကြီး ပယ်သတ်နိုင်သောကြောင့် "အနိဝတ္တိပဋိပတ် ဥဇုပဋိပတ် အကျင့်မြတ်"ဟူ၍လည်း ခေါ်ရလေသည်။ ထိုသမ္မာပဋိပတ်တည်းဟူသော မဆုတ်နစ်သောပဋိပတ်, ဖြောင့်မတ်သော ပဋိပတ် အကျင့်မြတ်ကို လိုက်နာ ကျင့်သုံးသောကြောင့် သံဃာတော်သည် **ဥဇုပ္ပဋိပန္န** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၂)

ယင်းအရိယမဂ်တည်းဟူသော သမ္မာပဋိပတ် အကျင့်မြတ်ကိုပင် နိဗ္ဗာန်အား လျော်စွာဖြစ်၍ ထိုနိဗ္ဗာန်တရားနှင့် မဆန့်ကျင်သောကြောင့် အနုလောမပဋိပတ် အပစ္စနီကပဋိပတ် (= ဉာယပဋိပတ်) အကျင့်မြတ်ဟူ၍လည်း ခေါ်ရလေသည်၊ ထိုသမ္မာပဋိပတ်တည်းဟူသော ဉာယပဋိပတ် = နိဗ္ဗာန်အားလျော်၍ နိဗ္ဗာန်နှင့် မဆန့်ကျင်သောပဋိပတ် အကျင့်မြတ်ကို လိုက်နာကျင့်သုံးသောကြောင့် သံဃာတော်သည် **ဉာယပ္ပဋိပန္န** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၃)

ယင်းအရိယမဂ်တည်းဟူသော သမ္မာပဋိပတ် အကျင့်မြတ်ကိုပင် လောကုတ္တရာတရား ကိုးပါးအား လျော်လျောက်ပတ်သော

WWW.DHAMMARANSI.COM



အကျင့်မြတ်ဖြစ်သောကြောင့် ဓမ္မာနုဓမ္မပဋိပတ်= သာမီစိပဋိ-ပတ် အကျင့်မြတ်ဟူ၍လည်း ခေါ်ရလေသည်၊ ထိုသာမီစိပဋိ-ပတ်= လောကုတ္တရာတရား ကိုးပါးအား လျော်လျောက်ပတ်သော အကျင့်မြတ်ကို လိုက်နာကျင့်သုံးသောကြောင့် သံဃာတော်သည် **သာမီစိပ္ပဋိပန္န** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၄)

ဤ၌ အရိယာရှစ်ပါး သံဃာတော်များတွင် မဂ္ဂဋ္ဌာန်အရိယာပုဂ္ဂိုလ်= မဂ်၌တည်သော အရိယာပုဂ္ဂိုလ်တို့သည် ဖော်ပြရာပါ အရိယမဂ်တည်းဟူသော သမ္မာပဋိပတ်နှင့် ပြည့်စုံတော်မူကြသောကြောင့် သုပ္ပဋိပန္နဂုဏ်ရှင် ဖြစ်တော်မူကြကုန်၏၊ ဖလဋ္ဌာန်အရိယာပုဂ္ဂိုလ်=ဖိုလ်၌တည်သောအရိယာပုဂ္ဂိုလ်တို့သည် သမ္မာပဋိပတ်ဖြင့် ရောက်ဆိုက်အပ်သော အရိယဖိုလ်, နိဗ္ဗာန်သို့ ရောက်ဆိုက်တော်မူကြပြီးဖြစ်သောကြောင့် အတိတ်ဖြစ်သော သမ္မာပဋိပတ်ကို ရည်ရွယ်၍ သုပ္ပဋိပန္နဂုဏ်ရှင် ဖြစ်တော်မူကြကုန်၏။

တနည်းကား— မြတ်စွာဘုရား ကောင်းစွာဟောကြားအပ်သည့် ဓမ္မဝိနယသာသနာ= တရားသဖြင့်ဆုံးမရာ သာသနာတော်၌ မြတ်စွာဘုရားရှင် ဆုံးမတော်မူအပ်သည့်အတိုင်း အရိယာသံဃာတော်သည် ကျင့်ကြံတော်မူ၏၊ ယင်းသို့ ကျင့်ကြံသဖြင့် အပဏ္ဏကပဋိပတ်= မချွတ်မယွင်း မှန်ကန်ကောင်းမြတ် အပြစ်ကင်းသောအကျင့်ပဋိပတ်ကို ကျင့်ကြံတော်မူကြသည်မည်၏၊ သို့ရကား သံဃာတော်သည် အပဏ္ဏကပဋိပတ်=မချွတ်မယွင်းမှန်ကန်ကောင်းမြတ် အပြစ်ကင်းသော အကျင့်ပဋိပတ်ကို ကျင့်ကြံတော်မူတတ်သောကြောင့် **သုပ္ပဋိပန္န** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၁)

သံဃာတော်သည် မဂ္ဂင်ရှစ်ပါးတည်းဟူသော မဇ္ဈိမပဋိပတ်ဖြင့် အယုတ်တရား နှစ်ပါးသို့ မလားမကပ်ပဲ ကျင့်ကြံတော်မူတတ်သောကြောင့်၎င်း, ထိုသို့ ကျင့်သဖြင့် ဒွါရသုံးပါးတို့၌ အကောက်သုံးပါးတို့ကို ပယ်ရှားဖို့ရန် ကျင့်ကြံတော်မူတတ်သောကြောင့်၎င်း, (အကောက်သုံးပါးအကြောင်း ဂုဏ်တော်အနက်၌

WWW.DHAMMARANSI.COM



ပါရှိ၏) ဖြောင့်မတ်သော အကျင့်ပဋိပတ်ကို ကျင့်ကြံတော်မူတတ်သောကြောင့်ရင်း **ဥဇုပ္ပဋိပန္န**ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၂)

မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ထိုးထွင်းသိအပ်သောကြောင့် နိဗ္ဗာန်ကို ဉာယဟူ၍ ခေါ်ဆို၏၊ ထိုနိဗ္ဗာန်တည်းဟူသော ဉာယ အလို့ငှါ ကျင့်ကြံတော်မူတတ်သောကြောင့် သံဃာတော်သည် **ဉာယပ္ပဋိပန္န** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၃)

ရှိခိုးခြင်း, ခရီးဦးကြိုခြင်း, လက်အုပ်ချီခြင်း, ပစ္စည်းလေးရပ် ဆက်ကပ်လှူဒါန်းခြင်း - စသည့်တို့ကို အရိုအသေ ပြုမှုဖြစ်သောကြောင့် သာမီစိကမ္မဟူ၍ ခေါ်ဆို၏၊ နတ် လူတို့က ထိုအရိုအသေ ပြုမှုတည်းဟူသော သာမီစိကမ္မကို သံဃာတော်အား ပြုလုပ်ကြသည်မှာ သီလ, သမာဓိ, ပညာတည်းဟူသော ဂုဏ်ကျေးဇူးကို ချီးမွမ်းပူဇော်သောအားဖြင့် ပြုလုပ်ကြခြင်း ဖြစ်လေသည်၊ မိမိကိုယ်နှိုက်ကား ထိုဂုဏ်ကျေးဇူးများ မရှိသောသူသည် ထို အရိုအသေပြုမှု = သာမီစိကမ္မကို မခံထိုက်ချေ။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည်ကား သီလ, သမာဓိ, ပညာ = သိက္ခာသုံးရပ်ဖြင့် ရေတွက်အပ်သော အရိယမဂ်တည်းဟူသော သမ္မာပဋိပတ် အကျင့်မြတ်ကို ကျင့်ကြံတော်မူသောကြောင့် နတ်လူတို့ပြုအပ်သည့် ဖော်ပြရာပါ အရိုအသေပြုမှု = သာမီစိကမ္မကို ခံယူထိုက်လေသည်၊ အရိယမဂ်တည်းဟူသော သမ္မာပဋိပတ် အကျင့်မြတ်သည် ဖော်ပြရာပါ အရိုအသေပြုမှု = သာမီစိကမ္မကို ခံယူထိုက်သော အကျင့်ဖြစ်သောကြောင့် သာမီစိပဋိပတ်လည်း ဖြစ်လေသည်၊ သို့ရကား သံဃာတော်သည် ထိုသာမီစိပဋိပတ်ကို ကျင့်ကြံတော်မူသောကြောင့် **သာမီစိပ္ပဋိပန္န** ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၄)။ ။ ဤ ဖော်ပြရာပါ ဂုဏ်လေးပါးတို့ကား အကြောင်းဂုဏ်တို့ ဖြစ်ကြ၏။

လေးစုံ=ရှစ်ပါး။ ။ဆိုအပ်ပြီးသောအကြောင်းဂုဏ်လေးပါးတို့နှင့် ပြည့်စုံတော်မူသော သံဃာတော်ကို **အစုံဖွဲ့**၍ ရေတွက်လျှင် -

WWW.DHAMMARANSI.COM



(က) **ပဌမမဂ္ဂဋ္ဌပုဂ္ဂိုလ်** = သောတာပတ္တိမဂ်၌ တည်သော ပုဂ္ဂိုလ်နှင့် **ပဌမဖလဋ္ဌပုဂ္ဂိုလ်** = သောတာပတ္တိဖိုလ်၌ တည်သောပုဂ္ဂိုလ်၊ ဤကားတစုံ,

(ခ) **ဒုတိယမဂ္ဂဋ္ဌပုဂ္ဂိုလ်**=သကဒါဂါမိမဂ်၌ တည်သော ပုဂ္ဂိုလ်နှင့် **ဒုတိယဖလဋ္ဌပုဂ္ဂိုလ်** = သကဒါဂါမိဖိုလ်၌ တည် သောပုဂ္ဂိုလ်၊ ဤကားတစုံ,

(ဂ) **တတိယမဂ္ဂဋ္ဌပုဂ္ဂိုလ်** = အနာဂါမိမဂ်၌တည်သော ပုဂ္ဂိုလ်နှင့် **တတိယဖလဋ္ဌပုဂ္ဂိုလ်** = အနာဂါမိဖိုလ်၌ တည် သောပုဂ္ဂိုလ်၊ ဤကားတစုံ,

(ဃ) **စတုတ္ထမဂ္ဂဋ္ဌပုဂ္ဂိုလ်** = အရဟတ္တမဂ်၌ တည်သော ပုဂ္ဂိုလ်နှင့် **စတုတ္ထဖလဋ္ဌပုဂ္ဂိုလ်** = အရဟတ္တဖိုလ်၌တည်သော ပုဂ္ဂိုလ်၊ ဤကားတစုံ—

ဤသို့ လေးစုံဖြစ်လေသည်၊ (ယဒိဒံ စတ္တာရိ ပုရိသယုဂါနိအရ ဖြစ်သည်)။

**ထိုအစုံလေးပါး** အရိယာသံဃာတော်များကို တပါးစီ တမျိုးစီ ရေတွက်လျှင် ရှစ်ပါး = ရှစ်မျိုး ဖြစ်လေသည်။ ယင်းရှစ်မျိုးကိုပင် **အဋ္ဌ ပုရိသပုဂ္ဂလာ**-ဟု ဟောတော်မူခြင်း ဖြစ်လေသည်။

## (၂) အာဟုနေယျဂုဏ်တော်စသည်

ဖော်ပြရာပါ လေးစုံရှစ်ပါး အရိယာသံဃာတော်များသည် ရှေးဆိုအပ်ပြီးသည့် သုပ္ပဋိပန္န-အစရှိသော အကြောင်းဂုဏ်တော် လေးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဤ ဆိုလတ္တံ့သော အကျိုးဖြစ်သည့် အာဟုနေယျ-အစရှိသော ဂုဏ်တော်ငါးပါးတို့ နှင့်လည်း ပြည့်စုံတော်မူ၏၊ ပြည့်စုံတော်မူပုံမှာ—

**အာဟုနေယျဂုဏ်တော်**။ ။(အာ = အဝေးကပင်ယူဆောင်၍+ ဟုန = ပူဇော်လှူဒါန်းအပ်သော ပစ္စည်းလေးပါးတို့ကို+ဧယျ = ခံယူတော်မူထိုက်သည်)။ အရိယာသံဃာတော်သည် ဖော်ပြရာပါ သုပ္ပဋိပန္န-အစရှိသော အကြောင်းဂုဏ်လေးပါးတို့နှင့် ပြည့်စုံ

WWW.DHAMMARANSI.COM



တော်မူခြင်းကြောင့် ပစ္စည်းလေးရပ် ဆက်ကပ်လှူဒါန်းသူ အလှူဒါယကာတို့၏ အလှူဒါန အကျိုးကြီးမြတ်အောင် ပြုလုပ်တော်မူနိုင်သည်၊ ထို့ကြောင့် အရိယာသံဃာတော်တို့ မိမိထံမှောက် အလှူခံကြွရောက်လာလျှင် မိမိလက်၌ လှူဖွယ်ဝတ္ထုထင်ရှားရှိနေလျှင် နှစ်သက်ဝမ်းမြောက်စွာ လှူဒါန်းထိုက်ပေ၏၊ အကယ်၍ မိမိလက်၌ လောလောဆယ် လှူဖွယ်ဝတ္ထု မရှိလျှင် အဝေးမှပင်သော်လည်း မရရအောင် ရှာဖွေယူဆောင်၍ လှူဒါန်းထိုက်လေသည်။ ထိုသို့ အဝေးမှပင်သော်လည်း ယူဆောင်၍ လှူဒါန်းအပ်သော ပစ္စည်းလေးရပ်တို့ကို အာဟုန-ဟူ၍ ခေါ်ဆို၏၊ ထို အာဟုန-မည်သော အဝေးမှ ယူဆောင်၍ လှူဒါန်းအပ်သော ပစ္စည်းလေးရပ်တို့ကို အရိယာသံဃာတော်သည် ရှေးဖော်ပြရာပါ အကြောင်းဂုဏ်လေးပါးတို့နှင့် ပြည့်စုံတော်မူရကား ထိုအလှူဒါန အကျိုးကြီးမြတ်အောင် ရွက်ဆောင် ပြုလုပ်တော်မူနိုင်သော ကြောင့် ခံယူခြင်းငှါ ထိုက်တန်တော်မူလေသည်၊ ထို့ကြောင့် အရိယာ သံဃာတော်သည် **အာဟုနေယျ** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

တနည်း—(အာ = အဝေးမှပင်သော်လည်း လာရောက်၍+ ဟုနေယျ = ပစ္စည်းလေးဖော်တို့ကို ပူဇော်ထိုက်သည်)။ အရိယာသံဃာတော်သည် ဖော်ပြရာပါ အကြောင်းဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် အလှူဒါန အကျိုးကြီးမြတ်အောင် ရွက်ဆောင်ပြုလုပ်တော်မူနိုင်၏၊ ထို့ကြောင့် အလှူဒါန၏ အကျိုးကြီးမြတ်မှုကို အလိုရှိသူ အလှူဒါယကာသည် အရိယာသံဃာတော်တို့ မိမိထံမှောက် အလှူခံကြွရောက်လာမှသာ ပူဇော်လှူဒါန်းထိုက်သည် မဟုတ်သေး၊ မိမိတည်းဟူသော အလှူဒါယကာကိုယ်တိုင်က အဝေးမှပင်သော်လည်း အရိယာသံဃာတော်တို့ရှိရာသို့ လာရောက်၍ ပစ္စည်းလေးဖော်ကို ပူဇော်လှူဒါန်းထိုက်လေသည်။ ယင်းသို့ အလှူဒါယကာ ကိုယ်တိုင်က အဝေးမှပင်သော်လည်း သံဃာတော်ရှိရာသို့ လာရောက်၍ ပူဇော် လှူဒါန်းအပ်သော ပစ္စည်းလေးရပ်ကို အာဟုန-ဟူ၍ ခေါ်ဆို၏။ ထို အာဟုန-

WWW.DHAMMARANSI.COM



မည်သော အလှူဒါယကာကိုယ်တိုင်က အဝေးမှပင်သော်လည်း လာရောက်၍ ပူဇော်လှူဒါန်းအပ်သော ပစ္စည်းလေးရပ်ကို အရိယာသံဃာတော်သည် (ရှေးနည်း၌ ဆိုအပ်ပြီးသော အကြောင်းကြောင့်) ခံယူခြင်းငှါ ထိုက်တန်တော်မူလေသည်၊ ထို့ကြောင့် အရိယာသံဃာတော်သည် **အာဟုနေယျ** ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။

တနည်း—သိကြားမင်းစသည်တို့က ပူဇော်အပ်သော လှူဖွယ်ဝတ္ထုကို ခံယူတော်မူထိုက်သောကြောင့် အရိယာသံဃာတော်သည် အာဟုနေယျ ဂုဏ်တော်နှင့်လည်း ပြည့်စုံတော်မူ၏။ တနည်း—ပုဏ္ဏားတို့မှာ အပူဇော်ခံမီးဟူ၍ မီးတမျိုးရှိသည်၊ (၎င်းမီးကို အာဟဝနီယ-ဟူ၍ ခေါ်၏၊ အာဟဝနီယဟူသော ပုဒ်နှင့် အာဟုနေယျ ဟူသောပုဒ်သည် သဒ္ဒါနေအနည်းငယ်ကွဲပြားသော်လည်း အနက်သွားတူညီ၏)၊ ထို အပူဇော်ခံမီး၌ ထောပတ်-စသည်ကို ပူဇော်လျှင် အလွန်အကျိုးကြီး၏ဟု ပုဏ္ဏားတို့က အယူရှိကြလေသည်။ အကယ်၍ ထောပတ်-စသည် ပူဇော်လှူဒါန်းမှု၏ အကျိုးကြီးမြတ်သောကြောင့် ပုဏ္ဏားတို့၏ အပူဇော်ခံမီးသည် အာဟဝနီယ (= အာဟုနေယျ)မည်လျှင် အရိယာသံဃာတော်သည်သာလျှင် ဧကန်စင်စစ် အလှူဒါန၏ အကျိုးကြီးမြတ်မှုကိုပြုတော်မူတတ်သောကြောင့် အာဟဝနီယ(= အာဟုနေယျ)မည်ထိုက်လေသည်။ ပုဏ္ဏားတို့က မိမိတို့၏ အပူဇော်ခံမီးသည် ထောပတ်စသည် ပူဇော်မှု၏ အကျိုးကြီးအောင် ပြုတတ်သောကြောင့် အာဟဝနီယမီး = အပူဇော်ခံထိုက်သော မီးဟူ၍ ဆိုစေကာမူ ထိုစကားမှာ စကားမျှသာဖြစ်၍ စင်စစ် ထိုမီး၌ ထောပတ်စသည် လောင်းလှူပူဇော်လျှင် ပြာဖြစ်ရုံမှတပါး အခြားအကျိုးကြီးမှုဟူ၍ မရှိချေ။ အရိယာသံဃာတော်ကား ဖော်ပြရာပါ အကြောင်းဂုဏ်လေးပါးတို့နှင့် ပြည့်စုံတော်မူရကား ပူဇော်လှူဒါန်းအပ်သော အလှူဒါန အဝဝ၏ အကျိုးကြီးမြတ်မှုကို ဧကန်စင်စစ် ပြုတော်မူနိုင်သောကြောင့် အရိယာသံဃာတော်သည်သာလျှင် အာဟုနေယျ = အပူဇော်ခံထိုက်မှုဂုဏ်နှင့် ပြည့်စုံတော်

WWW.DHAMMARANSI.COM



မူလေသည်။ ထို့ကြောင့် ဓမ္မပဒပါဠိတော်၊ ၈-သဟဿဝဂ်၊ ၆-သာရိပုတ္တတ္ထေရဿဘာဂိနေယျဝတ္ထု၊ (ပါဠိတော်နံပါတ် ၂၉, ဝိဋ္ဌကမြန်မာပြန် နံပါတ် ၂၈)၌—

ယော စ ဝဿသတံ ဇန္တု၊
အဂ္ဂိံ ပရိစရေ ဝနေ။
ဧကဉ္စ ဘာဝိတတ္တာနံ၊
မုဟုတ္တမပိ ပူဇယေ။
သာယေဝ ပူဇနာ သေယျော၊
ယဉ္စေ ဝဿသတံ ဟုတံ။

အကြင်သူသည် အနှစ်တရာပတ်လုံး တော၌ မီးကို လုပ်ကျွေးပူဇော်ရာ၏၊ အကြင်သူသည်ကား ဝိပဿနာ ပွါးများသော စိတ်ရှိသောရဟန်းတို့အား တကြိမ်တခါမျှ ပူဇော်ရာ၏၊ (ထိုသူတို့၏ ပူဇော်ခြင်း နှစ်မျိုးတို့တွင်) ထို ဝိပဿနာပွါးများသော ရဟန်းတို့အား ထို တခဏမျှ ပူဇော်ခြင်းသည်သာ မြတ်၏၊အနှစ်တရာပတ်လုံး မီးပူဇော်ခြင်းသည် မမြတ်—

ဟူ၍ ဟောတော်မူအပ်လေပြီ။ ဤကား အာဟုနေယျဂုဏ်တော်တည်း။ (၅)

**ပါဟုနေယျဂုဏ်တော်။** ။တူရူအရပ် အထောင့်အရပ်တို့မှ မိမိထံမှောက် လာရောက်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟ အာဂန္တုကဧည့်သည်တို့ကိုလည်း ပါဟုန-ဟူ၍ ခေါ်၏။ ထိုသူတို့အလို့ငှါ လက်ဆောင်ပဏ္ဏာ ပူဇော်သက္ကာရမှု ပြုရန်အတွက် စီမံအပ်သော ပေးကမ်းဖွယ်ဝတ္ထု၊ အစုစုကိုလည်း ပါဟုနဟူ၍ ခေါ်၏။ ဤ၌ကား နောက်အနက်ကို ဆိုလို၏။ (ပါဟုန = ဧည့်သည်အလို့ငှါ စီမံအပ်သော ပေးကမ်းဖွယ်ဝတ္ထု၊ အစုစုကို+ ယျ=ခံယူထိုက်သည်)။ ဧည့်သည်တို့အလို့ငှါ လက်ဆောင်ပဏ္ဏာ ပူဇော်သက္ကာရမှု ပြုရန်အတွက် စီမံအပ်သော ပေးကမ်းဖွယ်ဝတ္ထု၊ အစုစုကို ထိုအာဂန္တုဧည့်သည်များကို (သံဃာတော် ရောက်ရှိလာက) ခေတ္တဆိုင်းငံ့

WWW.DHAMMARANSI.COM



ထား၍ သံဃာတော်အားသာ အလျှင်လက်ဦး ပေးလှူထိုက်လေသည်၊ အရိယာသံဃာတော်သည်သာလျှင် ဆိုအပ်ပြီးသော အကြောင်းဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ထိုလက်ဆောင်ပဏ္ဏာ ပူဇော်သက္ကာရဝတ္ထု အစုစုတို့ကို ခံယူထိုက်လေသည်။ မှန်၏— အရိယာသံဃာတော်သည် ဘုရားတဆူနှင့် တဆူအကြား ရှည်လျားလှစွာ မရေမတွက်နိုင်သည့် နှစ်ပရိစ္ဆေဒ အချိန်ကာလ တည်းဟူသော ဗုဒ္ဓန္တရအသင်္ချေယျကပ် တကပ်တကပ်ကြာမှ တခါတခါသာ တွေ့မြင်ရသောကြောင့်၎င်း, ချစ်နှစ်သက်ဖွယ်ကို ပြုတတ်သည့် ကောင်းသောတရားတို့နှင့် ပြည့်စုံတော်မူသောကြောင့်၎င်း အတူမရှိသော ဆွေမျိုးမိတ်သင်္ဂဟ အာဂန္တုက ဧည့်သည်ဖြစ်လေသည်၊သို့ရကား လက်ဆောင်ပဏ္ဏာ ပူဇော်သက္ကာရဝတ္ထုတို့ကို ပကတိဧည့်သည် အာဂန္တုတို့မှ အလျှင်လက်ဦး ရှေးဖော်ပြရာပါ အကြောင်းဂုဏ်လေးမျိုးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အရိယာသံဃာတော်အား လှူထိုက်လေသည်၊ ထို ဝတ္ထုတို့ကို အရိယာသံဃာတော်သည် ခံယူထိုက်လေသည်။ ထို့ကြောင့် အရိယာသံဃာတော်သည် ပါဟုနေယျဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၆)

**ဒက္ခိဏေယျဂုဏ်တော်**။ ။တမလွန်လောကကို ယုံကြည်၍ လှူအပ်သော အလှူဒါနကို ဒက္ခိဏာဟူ၍ ခေါ်၏၊ ဒက္ခန္တိ ဧတာယ သတ္တာ ယထာဓိပ္ပေတာဟိ သမ္ပတ္တီဟိ ဝဍ္ဎန္တီတိ ဒက္ခိဏာ။ ဧတာယ = ဤဒါနစေတနာဖြင့်။ သတ္တာ = သတ္တဝါတို့သည်။ ယထာဓိပ္ပေတာဟိ = အကြင်အကြင်အလိုရှိအပ်ကုန်သော။ သမ္ပတ္တီဟိ = စည်းစိမ်ချမ်းသာတို့ဖြင့်။ ဒက္ခန္တိ ဝဍ္ဎန္တိ = ပွါးတိုးစည်ပင်ကုန်၏။ ဣတိ = ထိုသို့ ပွါးတိုးစည်ပင်ကြောင်းဖြစ်သော သတ္တိကြောင့်။ သာ = ထိုစေတနာသည်။ ဒက္ခိဏာ = ဒက္ခိဏာမည်၏။ (ဤကား ဒက္ခိဏာပုဒ်၏ ဝိဂ္ဂဟ်တည်း)။ ဉစ္ဆေဒဒိဋ္ဌိ အယူမှားစွဲငြိသူဖြစ်က တမလွန်လောကကို ဘယ်နည်းနှင့်မျှ မယုံကြည်ချေ၊ ထိုသို့ တမလွန်လောကကို ရှိသည်ဟုမယုံကြည်လျှင် ဘယ်နည်းနှင့်မျှ အလှူဒါနကို မပြုတော့ချေ။

WWW.DHAMMARANSI.COM



မြတ်စွာဘုရား၏ အလိုတော်မှာ အဝိဇ္ဇာနှင့်ဘဝတဏှာတည်းဟူသော သံသရာရေသောက်မြစ်နှစ်ပါးကို အကြွင်းမဲ့အမြစ်ပြတ်ပယ်သတ်ပြီးသော ဘုရား, ရဟန္တာပုဂ္ဂိုလ်များမှာ တမလွန်ဘဝလားရောက်ရန် မရှိတော့ချေ။ ထိုသံသရာရေသောက်မြစ်နှစ်ပါးတို့ မပြတ်သေးသောသူမှန်သမျှ (နှုတ်က ဘယ်မျှပင် တမလွန်လောက မရှိဘူးဟု ပြောစေကာမူ)တမလွန်လောက၌ ဖြစ်ရဦးမည်သာ အမှန်ဖြစ်၏။ ဤအရာ၌ ရေသောက်မြစ်ပြတ်ပြီးသော သစ်ပင်၏ လာလတ္တံ့သောနောက်နှစ်၌ အသီးမသီးမှုနှင့် ရေသောက်မြစ်မပြတ်သေးသော သစ်ပင်၏လာလတ္တံ့သော နောက်နှစ် နောက်နှစ်များ၌ ရေသောက်မြစ် မပြတ်သေးသမျှ အသီးသီးမှုကို မျက်မြင်ကိုယ်တွေ့ ဥပမာပြု၍ သံသရာရေသောက်မြစ် ပြတ်ပြီးသော ဘုရား, ရဟန္တာတို့၏ တမလွန်ဘဝ၌ မဖြစ်တော့မှုနှင့် သံသရာရေသောက်မြစ်မပြတ်သေးသော ပုထုဇန် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်တို့၏ တမလွန်ဘဝ၌ ထိုက်သက်ရာဘဝ၌ ပဋိသန္ဓေ တည်နေဖြစ်ပွါးမှုကို ယုံကြည်စွာ မှတ်ယူရာ၏။

ဉစ္ဆေဒဒိဋ္ဌိ အယူမှား မစွဲငြိသူဖြစ်မှ တမလွန်လောကကို ယုံကြည်နိုင်သည်။ ထိုသို့ ယုံကြည်မှ တမလွန်လောက၌ ချမ်းသာစွာ သံသရာခရီးသွားနိုင်ရေးအတွက် ဒါနကောင်းမှုကို ပြုလုပ်လေသည်။ ထိုသို့ ပြုလုပ်အပ်သော ဒါနကောင်းမှု = ဒါနစေတနာရှိသူများဖြစ်မှ တမလွန်လောကဝယ် မိမိတို့တောင့်တအလိုရှိအပ်သော သမ္ပတ္တိချမ်းသာတို့ဖြင့် တိုးပွါးစည်ပင်နိုင်လေသည်၊ ထို့ကြောင့် ထိုတမလွန်လောကကို ယုံကြည်၍ ပေးလှူအပ်သောဒါနသည် ဒက္ခိဏာမည်လေသည်။ (ဒက္ခိဏာ = တမလွန်လောက၌ ကြီးပွါးချမ်းသာစည်ပင်ကြောင်း ကောင်းမှုဒါနစေတနာ, ဒါနဝတ္ထု ဟု ဆိုလိုသည်)။

အရိယာသံဃာတော်သည် ဖော်ပြရာပါ အကြောင်းဂုဏ်လေးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် အလှူကောင်းမှုရှင် ဒါယကာ၏ တောင့်တ မျှော်လင့်ချက်အတိုင်း တမလွန်လောက၌ သမ္ပတ္တိချမ်းသာတို့ဖြင့် ပွါးတိုးစည်ပင်မှုကို ပြုတော်မူနိုင်ရကား ထို

WWW.DHAMMARANSI.COM



ဒက္ခိဏာမည်သော မြတ်သောအလှူကို ခံယူထိုက်လေသည်။ ထို့ကြောင့် အရိယာသံဃာတော်သည် ဒက္ခိဏေယျဂုဏ်နှင့် ပြည့်စုံတော်မူ၏။ (ဒက္ခိဏာ = မြတ်သောအလှူကို+ယေျ = ခံယူထိုက်သော အရိယာသံဃာတော်ဟု ဆိုလိုသည်)။

တနည်း—အရိယာသံဃာတော်သည် ထိုဒက္ခိဏာမည်သော မြတ်သောအလှူကို အကျိုးကြီးမြတ်အောင် ပြုခြင်းဖြင့် စင်ကြယ်စေတတ် = သုတ်သင်တော်မူတတ်သည်၊ သို့ရကား "ဒက္ခိဏာယ ဟိတော ဒက္ခိဏေယျော။ ဒက္ခိဏာယ = မြတ်သောအလှူအား။ ဟိတော = သင့်လျော်ကပ်သော အရိယာသံဃာတော်တည်း။ ဒက္ခိဏေယျော = မြတ်သောအလှူအား သင့်လျော်လျောက်ပတ်သော အရိယာသံဃာတော်"ဟူသော ဝစနတ္ထအရ ဒက္ခိဏေယျဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၇)

**အဉ္ဇလိကရဏီယဂုဏ်တော်။** ။ အရိယာ သံဃာတော်သည် ဖော်ပြရာပါအကြောင်းဂုဏ် လေးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် လူအပေါင်းက လက်နှစ်ဖက်တို့ကို ဦးခေါင်းထက်၌ တင်ထားကြကာ ပြုလုပ်အပ်သော လက်အုပ်ချီမိုး ရှိခိုးမှု အရိုအသေပြုမှုကို ခံယူတော်မူထိုက်လေသည်။ ထို့ကြောင့် အရိယာသံဃာတော်သည် "အဉ္ဇလိ ကရဏီယာ ဧတ္ထာတိ အဉ္ဇလိကရဏီယော။ ဧတ္ထ=ဤအရိယာရှစ်ဖော် သံဃာတော်၌။ (ပုညတ္ထိကေဟိ = ကောင်းမှုကို အလိုရှိသောသူတို့သည်)။အဉ္ဇလိ = လက်အုပ်ချီမြှောက်မှုကို။ ကရဏီယာ = ပြုအပ်၏။ ဣတိ = ဤသို့ ကုသိုလ်ကောင်းမှုကို အလိုရှိသောသူတို့၏ လက်အုပ်ချီမှု ပြုရာဖြစ်သောကြောင့်။ သော = ထိုအရိယာရှစ်ဖော် သံဃာတော်သည်။ အဉ္ဇလိကရဏီယော = အဉ္ဇလိကရဏီယ မည်တော်မူ၏" ဟူသော ဝစနတ္ထအရ အဉ္ဇလိကရဏီယဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။(၈)

**အနုတ္တရံ ပုညက္ခေတ္တံ လောကဿဂုဏ်တော်။** ။အနုတ္တရံ-ဟူသော ပုဒ်၏ မူလသဒ္ဒါနက်မှာ "နတ္ထိ ဧတော ဥတ္တရန္တိ အနုတ္တရံ။ ဧတော = ဤအရိယာသံဃာ လယ်မြေယာထက်။ ဥတ္တရံ = သာလွန်မြင့်မြတ်သော အခြားသံဃာ လယ်မြေယာသည်။ နတ္ထိ =

WWW.DHAMMARANSI.COM



မရှိ။ ဣတိ = ထိုသို့မိမိထက်သာလွန်မြင့်မြတ်သော အခြားသံဃာလယ်မြေယာ မရှိရာဖြစ်သောကြောင့်။ တံ = ထိုအရိယာသံဃာလယ်မြေယာသည်။ အနုတ္တရံ = အနုတ္တရမည်တော်မူ၏"ဟူသော ဝစနတ္ထအရ "မိမိထက် သာလွန်မြင့်မြတ်သော အခြားသံဃာလယ်မြေယာ မရှိရာဖြစ်သော"ဟု အနက်ထွက်သော်လည်း အရိယာသံဃာတော်မှာ မိမိထက်သာလွန်သော အခြားသံဃာရှိဖို့ရာဝေးစွ၊ ဂုဏ်သိက္ခာရည် တူညီသောသံဃာမျှပင် မရှိသောကြောင့် ထိုအနုတ္တရံဟူသောပုဒ်ကို "အနုတ္တရံ = အတုမရှိ လွန်မြတ်ဘိသော"ဟု အဓိပ္ပါယ်နက် ဆရာတို့ ပြန်ဆိုတော်မူကြသည်။

ပကတိမျိုးစေ့များကို စိုက်ပျိုးကြဲချရာဖြစ်သောကြောင့် ပကတိလယ်ယာမြေကို ခေတ္တဟူ၍ ခေါ်၏။ ထို့အတူ အရိယာသံဃာတော်ကိုလည်း ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာဖြစ်သောကြောင့် ပုညက္ခေတ္တဟူ၍ ခေါ်၏။ ပကတိလယ်ယာမြေသည် ပကတိမျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာဖြစ်သည့်ပြင် ထိုစိုက်ပျိုးကြဲချအပ်သော မျိုးစေ့များကိုလည်း အသီးပြန့်ပွါး ကြီးထွားများပြားလာအောင် စောင့်ရှောက်သကဲ့သို့ အရိယာသံဃာတော်သည်လည်း ကုသိုလ်ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ ဖြစ်သည့်ပြင် ထိုစိုက်ပျိုးကြဲချအပ်သော ကုသိုလ်ကောင်းမှုမျိုးစေ့များကိုလည်း အကျိုးပြန့်ပွါးကြီးထွားများပြားလာအောင် စောင့်ရှောက်လေသည် = မိမိ၏ သီလ,သမာဓိ,ပညာ မြေဩဇာတို့ဖြင့် ထိုသို့ အကျိုးတရားတည်းဟူသော အသီးများ ကြီးထွားပြန့်ပွါးများပြားအောင် ကျေးဇူးပြုလေသည်။ ထို့ကြောင့် အရိယာသံဃာတော်ကို ပုညက္ခေတ္တ = ကောင်းမှုမျိုးကို စိုက်ပျိုးကြဲချရာ+ထိုကောင်းမှု မျိုးစေ့များကို အကျိုး = အသီး ကြီးထွားအောင် စောင့်ရှောက်တတ် ကျေးဇူးပြုတတ်သောလယ်မြေယာဟု ခေါ်ဆိုရလေသည်။

ပြည့်ရှင်မင်းကြီး၏ မျိုးစေ့များကို စိုက်ပျိုးကြဲချရာဖြစ်သော လယ်ယာမြေကို"မင်းကြီး၏ လယ်ယာမြေ"ဟု ခေါ်သကဲ့သို့ ဤအတူပင် အရိယာသံဃာတော်ကိုလည်း အလုံးစုံသောလောက၏ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကြဲချရာဖြစ်သောကြောင့်၎င်း, အတု

WWW.DHAMMARANSI.COM



မရှိ လွန်မြတ်သောကြောင့်ပင်း "အနုတ္တရံ ပုညက္ခေတ္တံ လော-
ကဿ = အလုံးစုံသောလောက၏ အတုမရှိသော ကောင်းမှု
မျိုးစေ့စိုက်ပျိုးကြဲချရာ လယ်ယာမြေ"ဟူ၍ ခေါ်ဆိုရလေသည်။
ထို့ကြောင့် အရိယာသံဃာတော်သည် အနုတ္တရံ ပုညက္ခေတ္တံ လော-
ကဿ ဂုဏ်နှင့်လည်း ပြည့်စုံတော်မူ၏။ (၉)

**သံဃာနုဿတိဘာဝနာ**

သံဃာနုဿတိဘာဝနာနှလုံး ကျင့်သုံးလိုသော သူတော်စင်
သည် ဤသံဃဂုဏ်တော်ကိုးပါးအစဉ် ဖော်ပြအပ်သည့်အတိုင်း
သံဃဂုဏ်တော်ကိုးပါးတို့ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် အရ
ကျက် နှုတ်တက်ဆောင်ပြီးလျှင် ဂုဏ်တော်တရပ်တရပ်စီအတွက်
နှေးလည်းမနှေးကန် မြန်လည်းမမြန်လွန်းစေပဲ နှုတ်မြွက်ရွတ်ဆို
ကာ ထိုပါဠိမြန်မာစကားရပ်တို့၌ပါရှိသော သံဃာတော်၏ သုပ္ပ-
ဋိပန္န-အစရှိသောဂုဏ်တော်တို့ကို ထပ်တလဲလဲ အောက်မေ့ဆင်
ခြင် ပွါးများရာ၏။ ထိုသို့အောက်မေ့ဆင်ခြင် ပွါးများသောအခါ
ထိုသူတော်စင်၏စိတ်သန္တာန်ဝယ် ရာဂသောင်းကျန်းထကြွသော
စိတ် ဒေါသသောင်းကျန်းထကြွသောစိတ် မောဟသောင်းကျန်း
ထကြွသောစိတ်များ အစဉ်သဖြင့် မဖြစ်ပွါးကြတော့ပဲ ကမ္မဋ္ဌာန်း
လမ်းမှန်သို့ သက်ရောက်သဖြင့် တွန့်ဆုတ်ခြင်း ပြန့်လွင့်ခြင်းများ
ကင်းရှင်းသောကြောင့် အလယ်အလတ်ဖြစ်သော သမထနိမိတ်
ပဋိပတ်ဖြင့် အလွန်ဖြောင့်မတ်သောစိတ်အစဉ်သည် တသွင်သွင်
ဖြစ်လေတော့၏။

ထိုသို့ အောက်မေ့ဆင်ခြင်ပွါးများဖန်များသဖြင့် သံဃဂုဏ်ကို
အာရုံပြုသော ဘာဝနာအဆင့်ဆင့် ရင့်၍ရင့်၍လာသောအခါ
နီဝရဏတရားများ ကိုယ်မှခွါပြီးသား (ကွာပြီးသား) ဖြစ်လေ
ကုန်၏။ ကိလေသာတရားတို့သည်လည်း ဖြစ်ပွါးမှု ထကြွမှုမရှိပဲ
အနယ်ထိုင်နေသည့်ပမာ ငြိမ်၍နေကုန်၏၊ သဒ္ဓါအစရှိသော
ဣန္ဒြေငါးပါးတို့သည် အလွန်သန့်ရှင်း ထက်မြက်၍လာကုန်၏၊
သံဃာနုဿတိဘာဝနာ အလေ့အလာများသောကြောင့် ဝိတက်,

WWW.DHAMMARANSI.COM



ဝိစာရတို့သည် လွန်လွန်ကဲကဲ မိမိတို့ဆိုင်ရာကိစ္စတို့ကို ရွက်ဆောင်ကြလျက် ဖြစ်ပွါးကြကုန်၏၊ ထိုအခါ မိမိ၏အလုပ်မှန်ကို လွန်စွာနှစ်သက်လျက် အားကြီးသောပီတိတရား တဖွားဖွား ဖြစ်လာလေ၏၊ ယင်းပီတိကြောင့် ကာယပဿဒ္ဓိ = ကိုယ်၏ ငြိမ်းချမ်းခြင်း, စိတ္တပဿဒ္ဓိ = စိတ်၏ငြိမ်းချမ်းခြင်း = နှစ်ပါး အထူးသဖြင့် ဖြစ်ပွါးကြကာ ကိုယ်စိတ်တို့၏ ပူပန်မှုများလည်း ငြိမ်းစဲအနယ်ထိုင်၍သွားလေကုန်၏၊ ယင်းသို့ ကိုယ်စိတ်နှစ်ဖြာ ငြိမ်းချမ်းလှစွာသောကြောင့် သမာဓိ၏အကြောင်းရင်းဖြစ်သော သုခတရား နိုင်ခံ့သည်ထက်နိုင်ခံ့စွာ ဖြစ်ပွါးလာလေ၏၊ သုခဖြင့် ပွါးစည်းစိုပြေရကား စိတ်အစဉ်သည် ကမ္မဋ္ဌာန်းအာရုံ၌ အလွန့် အလွန်တည်ကြည်၍ နေလေတော့၏။

ဤသို့လျှင် အစဉ်သဖြင့်ရှေ့ပိုင်းဝယ် ဝိတက်အစရှိသော ဘာဝနာအလုပ်တရားတို့ တဆင့်ထက်တဆင့် ရင့်ကျက်ရင့်ကျက်ကာ ထက်မြက်သည်ထက် ထက်ထက်မြက်မြက်ဖြစ်ပွါးကြ၍ တွန့်လည်း မတွန့်ဆုတ် ပြန့်လည်း မပြန့်လွင့်သဖြင့် အလယ်အလတ် မဇ္ဈိမသမထပဋိပတ်သို့ ဆိုက်ရောက်ကာ သဒ္ဓါ-စသော ဣန္ဒြေငါးပါးတို့သည်လည်း မိမိတို့၏ ဆိုင်ရာကိစ္စကို အညီအမျှ ပြုလုပ်ရွက်ဆောင်ကြသဖြင့် ရှေးကထက် အထူးထက်မြက်သော ဝိတက်, ဝိစာရ, ပီတိ,သုခ, ဧကဂ္ဂတာ = ဈာန်အင်္ဂါ ငါးပါးတို့သည် သံဃာနုဿတိကာမာဝစရဘာဝနာ မဟာကုသိုလ်၌ စိတ္တက္ခဏတချက်တည်းဝယ် ပြိုင်လျက်ဖြစ်ပေါ်လာကြ၍ ဥပစာရဈာန်ကိစ္စကို ပြီးစေကြလေသည်။ ဤသို့ ဖော်ပြရာပါ ဈာန်အင်္ဂါငါးပါးတို့ကာမာဝစရဘာဝနာ မဟာကုသိုလ်စိတ်နှင့် တွဲယှဉ်လျက် ဖြစ်ပွါးလာသောအခါ ထိုယောဂီပုဂ္ဂိုလ်ကို "သံဃာနုဿတိဥပစာရဈာန်ကိုရသောပုဂ္ဂိုလ်" ဟူ၍ ခေါ်ဆိုရလေသည်။ (ဤမှနောက် မေးဖွယ် ဖြေဖွယ်တို့ကို ဘုရားဂုဏ်တော်ကိုးပါး အခဏ်း၌ ဆိုအပ်ပြီးသောနည်းကို အစဉ်မှီး၍ သိမှတ်ရာ၏)။

WWW.DHAMMARANSI.COM



## သံဃာနုဿတိဘာဝနာအကျိုး

၍သံဃာနုဿတိဘာဝနာကို အခါခါကြိုးကုတ်၍ အားထုတ်သော သူတော်စင်သည် အရိယသံဃာတော်၌ သူမတူတန် ရိုသေကျိုးနွံခြင်းရှိသူဖြစ်၏၊ ထိုကြောင့်ပင် အရိယာပုဂ္ဂိုလ်တို့၏ သဒ္ဓါတရားနှင့်အလားတူစွာ သဒ္ဓါတရား ကြီးမားပြန့်ပြောခြင်းသို့ရောက်ရှိလေ၏၊ သတိတရား ကြီးထွားပြန့်ပြောခြင်းသို့ရင်း, ပညာတရား ကြီးထွားပြန့်ပြောခြင်းသို့ရင်း, ကုသိုလ်တရား တိုးပွါးပြန့်ပြောခြင်းသို့ရင်း ရောက်ရှိလေ၏၊ နူးသောပီတိ ရင့်သော ပီတိတရားတို့ ပြောများသောသူ ဖြစ်လေ၏၊ကြောက်ခြင်းကြီးငယ် အသွယ်သွယ်ကို သည်း-ခံပယ်ဖျောက်နိုင်သူ ဖြစ်လေ၏၊ ဒုက္ခကို သည်းခံနိုင်စွမ်းသောသူဖြစ်လေ၏၊ အရိယာသံဃာတော်နှင့် အတူတကွ နေထိုင်ရသည့် အမှတ်သညာကို ရရှိလေ၏၊ သံဃာနုဿတိ ဘာဝနာ ကုသိုလ်တရား၏ ဖြစ်ပွါးကိန်းတည်ရာ ထိုယောဂီပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာကြီးသည် သံဃာတော်များ စည်းဝေးနေဆဲဖြစ်သော ဥပုသ်အိမ်သိမ်အပြင်ကဲ့သို့ ပူဇော်အထူးကို ခံယူခြင်းငှါ ထိုက်တန်လေ၏၊ ထိုယောဂီပုဂ္ဂိုလ်၏ စိတ်သည် သံဃဂုဏ်တော်တို့ကို ကိုယ်တိုင်ကရရှိရန် အမြဲတစေ ညွှတ်၍နေလေ၏။ ထိုသံဃာနုဿတိဘာဝနာအလုပ်ကို အားထုတ်ပွါးများသော သူ၏အဖို့ရာ ထိုဘာဝနာ အစွမ်းဖြင့်ပင် အခါခပ်သိမ်း သံဃဂုဏ်တော်များက စိတ်၌ အပြန်ပြန် အလှန်လှန် ဖြစ်ပေါ်၍ နေရကား သီလပျက်စီးရန် လွန်ကျူးအပ်သည့် (=လွန်ကျူးရမည့်) ဝိတိက္ကမိတဗ္ဗဝတ္ထု အာရုံနှင့် ကြုံကြိုက်ပေါင်းဆုံမိစေကာမူ အရိယာသံဃာတော်ကို မျက်ဝါးထင်ထင် ဖူးမြင်နေရသူ၏ သန္တာန်မှာကဲ့သို့ ဒုစရိုက်မှမှ ရှက်ခြင်း, ထိတ်လန့်ခြင်း = ဟိရီ, ဩတ္တပ္ပတရားတို့ အဖန်ဖန်ဖြစ်ပွါးလေ၏။ ၍သံဃာနုဿတိဘာဝနာကို အခြေခံတည်ရာပြု၍ ဝိပဿနာတရား ပွါးများလျှင် မဂ်ဖိုလ်ကို အလွယ်နှင့်ရနိုင်၏၊ ပါရမီမပြည့်စုံမလုံလောက်သေး၍ မဂ်ဖိုလ်ကိုမရလျှင်လည်း ကောင်းရာသုဂတိဘုံဘဝသို့ လားရောက်ရ၏။ ၍ကား သံဃာနုဿတိဘာဝနာအကျိုးတည်း။

သံဃဂုဏ်တော် ကိုးပါး ပြီး၏။

WWW.DHAMMARANSI.COM



## အနုဿတိကမ္မဋ္ဌာန်း နှစ်မျိုး

ဤဖော်ပြရာပါ ဘုရားဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း = ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း, တရားဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း = ဓမ္မာနုဿတိကမ္မဋ္ဌာန်း, သံဃာဂုဏ်ကို အဖန်ဖန်အောက်မေ့ခြင်း = သံဃာနုဿတိကမ္မဋ္ဌာန်းများသည် (၁) စိတ်ရွှင်လန်းအားတက်ဖို့ရန် အောက်မေ့ပွါးများခြင်း၊ (၂) ဝိပဿနာဉာဏ်ပညာအလို့ငှါ အောက်မေ့ပွါးများခြင်းဟူ၍ နှစ်မျိုးစီ ရှိကြလေသည်။

(၁) ရှေ့ဦးအံ့—အကြင်အခါ၌ အသုဘကမ္မဋ္ဌာန်းဆယ်ပါးတို့တွင် တပါးပါးကို ပွါးများသော ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်သည် အသုဘအာရုံက စက်ဆုပ်ဖွယ်ကောင်းလှသောကြောင့် ပင်ပန်းနွမ်းနယ်ပျင်းရိငြီးငွေ့ကာ သက်သာရာမရရှိပဲ နွားဆိုးနွားရှုတ်ကဲ့သို့ ထိုထိုအာရုံသို့ ပြေးသွားပြီးအံ့၊ ထိုအခါ ထိုယောဂီပုဂ္ဂိုလ်သည် မူလနှလုံးသွင်းရင်းဖြစ်သည့် ထိုအသုဘကမ္မဋ္ဌာန်းကို ခေတ္တပယ်ရှားထား၍ "ဉတိပိ သော ဘဂဝါ အရဟံ" - အစရှိသည်ဖြင့် ဘုရားဂုဏ်တော်ကိုဖြစ်စေ, တရားဂုဏ်တော်ကိုဖြစ်စေ, သံဃာဂုဏ်တော်ကိုဖြစ်စေ အဖန်ဖန် အောက်မေ့ရ၏၊ ထိုသို့ အောက်မေ့ဖန်များလတ်သောအခါ ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်သည် ကြည်လင်အားတက်၍ လာလေ၏၊ နီဝရဏအပိတ်အဆို့တရားများ ကင်းကွာ၍သွားလေ၏။ ထိုသို့ စိတ်အစဉ် ကြည်လင်အားတက်၍ လာသောအခါ ယောဂီပုဂ္ဂိုလ်သည် တဖန်မူလနှလုံးသွင်းရင်း အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းရပြန်၏။

ဥပမာအားဖြင့် အားကောင်းသော ယောက်ျားသည် ပြာသာဒ်အထွတ်ထုပိကာပြုလုပ်ရန် သစ်ပင်ကြီးကို ခုတ်လှည်း ဖြတ်တောက်လေလျှင် အကိုင်း အခက်အလက်တို့ကို ဖြတ်ကာမျှဖြင့်ပင် ဓားမကြီး အသွားတုံး၍ သစ်ပင်ကြီးကို မဖြတ်နိုင်တည့်ရှိလတ်သော် စိတ်အားမလျှော့ပဲ ပန်းပဲဖိုသို့သွားရောက်ကာ ထိုဓားမကြီးကို အသွားထက်အောင် ပြုလုပ်ပြီးလျှင် တဖန် ထိုသစ်ပင်ကြီးကို အပိုင်းအပိုင်း အလိုရှိတိုင်း ခုတ်ဖြတ်လေသကဲ့သို့တည်း။

WWW.DHAMMARANSI.COM



ထိုယောဂီပုဂ္ဂိုလ်သည် ဤနည်းအကိုင်း အနုဿတိဘာဝနာဖြင့် မိမိစိတ်ကို ကြည်လင်အားတက်ရွှင်ပျအောင် ဆုံးမပြုပြင်ပြီးလျှင် တဖန် မူလနှလုံးသွင်းရင်းဖြစ်သည့် အသုဘကမ္မဋ္ဌာန်းကို နှလုံးသွင်းပွါးများပြန်၍ အသုဘအာရုံကို အာရုံပြုသည့် ရူပါဝ-စရပဌမဈာန်ကို ဖြစ်စေပြီးနောက် ထိုဈာန်၌ပါရှိသော ဈာန်အင်္ဂါတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု သုံးသပ်ဆင်ခြင် ပွါးများကာ ဝိပဿနာဉာဏ်ဆယ်ဆင့် အစဉ်သဖြင့် ရင့်ကျက်ပြီးလျှင် လော-ကုတ္တရာမဂ်ဖိုလ်သို့ ဆိုက်ရောက်လေ၏။ ဤကား (၁-အမှတ်ပါ) စိတ်ရွှင်လန်းအားတက်ဖို့ရန် အောက်မေ့ပွါးများခြင်းတည်း။

(၂) ယောဂီပုဂ္ဂိုလ်သည် ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာ-နုဿတိ = ဤသုံးပါးတို့တွင် တပါးပါးကို အောက်မေ့ပွါးများကာ ဥပစာရဈာန်မြောက်ရောက်ရှိလတ်သောအခါ (ဗုဒ္ဓါနုဿတိပွါးများသူအဖို့) "ယခု ဇာတိပိ သော ဘဂဝါ အရဟံ-စသည်ဖြင့် အဖန်ဖန် အောက်မေ့သည်ကား အဘယ်သူနည်း၊ မိန်းမလေလော၊ ယောကျ်ားလေလော၊ နတ်, လူ, မာရ်, ဗြဟ္မာတို့တွင် တဦးဦးဖြစ်လေသလော"ဟု ပရမတ္ထ သဘာဝဉာဏ်ပညာဖြင့် ဆင်ခြင်သိမ်းဆည်း စဉ်းစားရ၏၊ ထိုသို့ ဆင်ခြင် သိမ်းဆည်း စဉ်းစားသောအခါ "မိန်းမ, ယောကျ်ား, နတ်, မာရ်, ဗြဟ္မာတို့တွင် အခြားတဦးတယောက်မျှ မဟုတ်။ ထိုမိန်းမ, ယောကျ်ား, နတ်, မာရ်, ဗြဟ္မာဟူသည် ပရမတ္ထသစ္စာနယ်ပယ်၌ ရှိလည်းမရှိ၊ စင်စစ်သော်ကား သတိနှင့်ယှဉ်သော စိတ်သည်ပင်လျှင် 'သော ဘဂဝါ ဇာတိပိ အရဟံ'-စသည်ဖြင့် ဆင်ခြင်အောက်မေ့၏"ဟု သိမြင်လာ၏။ ထိုသို့ သိမြင်ပြီးနောက် "ထို ဆင်ခြင်အောက်မေ့သော စိတ်သည် ဝိညာဏက္ခန္ဓာတည်း၊ ထို ဝိညာဏက္ခန္ဓာနှင့် အတူတကွယှဉ်သော ခံစားမှု = ဝေဒနာသည် ဝေဒနာက္ခန္ဓာတည်း၊ ထို ဝိညာဏက္ခန္ဓာနှင့် အတူတကွယှဉ်သော မှတ်သားမှု = သညာသည် သညာက္ခန္ဓာတည်း၊ ထို ဝိညာဏက္ခန္ဓာနှင့် အတူတကွဖြစ်ကြသော အာရုံကိုတွေ့ထိမှု = ဖဿ-စသော သဘောတရားတို့သည် သင်္ခါရက္ခန္ဓာတည်း၊ ဤသို့လျှင် ဤခန္ဓာလေးပါးတို့သည်

WWW.DHAMMARANSI.COM



နာမ်ခန္ဓာ = နာမ်တရားအစုတို့ ဖြစ်ကြကုန်၏”ဟု နာမ်တရားကို လည်း ပိုင်းခြားသိမြင်ပြီးလျှင် ထိုနာမ်တရားအစု၏ မှီရာကို တဖန် ပညာဖြင့် ဆက်၍ရှာကြံသည်တွင် ရှေးဦးစွာ ဟဒယဝတ္ထု ကို ဉာဏ်ဖြင့် မြင်လေ၏၊ ထိုသို့ မြင်ပြီးမှ ထိုဟဒယဝတ္ထု၏မှီရာ မဟာဘုတ်ကြီးတို့ကိုလည်း, ထို မဟာဘုတ်တို့ကို မှီ၍ဖြစ်ကြသည့် ကြွင်းသောဥပါဒါရုပ်တို့ကိုလည်း မတွေ့တွေ့အောင် မသိသိအောင် ဉာဏ်ဖြင့် ဆင်ခြင်သိမ်းဆည်းရ၏၊ထိုသို့ သိမြင်အောင်သိမ်းဆည်း ဆင်ခြင်ပြီးမှ “ဤအလုံးစုံသော ရုပ်တရားအစုသည် ရူပက္ခန္ဓာ တည်း = ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောက်ျား မိန်းမ မဟုတ်”ဟု ပိုင်းခြားသိမြင်ပြီးမှ ဆိုအပ်ပြီးသည့် အကျဉ်းအားဖြင့် ရုပ်, နာမ်နှစ်ပါး၊ အကျယ်အပြားအားဖြင့် ခန္ဓာငါးပါးတို့ကို အကျဉ်းအားဖြင့် “ဤခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာတည်း” ဟု ရှေးဦးစွာ ဒုက္ခသစ္စာကို ပိုင်းခြားသိမြင်ရာ၏၊ ထို့နောင်မှ “ထို ဒုက္ခသစ္စာကို ဖြစ်ပွါးစေတတ်သော တဏှာ = လောဘသည် သမုဒယသစ္စာတည်း၊ ထို ဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးတို့၏ ချုပ်ငြိမ်းရာသည် နိရောဓသစ္စာတည်း၊ ထို နိရောဓသစ္စာကို သိ ကြောင်း အဋ္ဌင်္ဂိကမဂ်တည်းဟူသော အကျင့်ကောင်းသည် မဂ္ဂ-သစ္စာတည်း” ဟု ဤသို့ ရှေ့ပိုင်းဝယ် သစ္စာလေးပါးတို့ကို ပိုင်း ခြားဆင်ခြင် သိမြင်ပြီးမှ ဝိပဿနာဉာဏ်စဉ်အတိုင်း ပွါးများ အားထုတ်လတ်သော် အရိယမဂ်ဖိုလ်သို့ ဆိုက်ရောက်လေ၏။ ထိုအခါ ယောဂီပုဂ္ဂိုလ်၏ ဤအနုသတိကမ္မဋ္ဌာန်းသည် ဝိပဿနာ ဉာဏ်ပညာအလို့ငှါ အောက်မေ့ပွါးများအပ်သော ကမ္မဋ္ဌာန်း ဖြစ်လေ၏။ (ဤ စကားရပ်စုကို အံ-ဋ္ဌ ၁၊ စာမျက်နှာ ၃၆၆, ၃၆၇-မှ ထုတ်နုတ်ဖော်ပြအပ်သည်)။

အနုဿတိကမ္မဋ္ဌာန်း နှစ်မျိုး ပြီး၏။

---

### ပဋိစ္စသမုပ္ပါဒ်တရား

မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ ၃၅၄-၌ ပဋိစ္စသမုပ္ပါဒ် တရား-စသည်တို့ကို “ဓမ္မရတနာအခန်းသို့ ရောက်မှ ရေးသား

WWW.DHAMMARANSI.COM



ဖော်ပြပေအံ့”ဟု ဝန်ခံညွှန်ကြားခဲ့သည့်အတိုင်း ယခုအခါ ပဋိစ္စ-သမုပ္ပါဒ်တရား အကြောင်းအရာ မကျဉ်းမကျယ်ကို ရေးသား ပြဆိုပေအံ့—

သစ္စံ သစ္စော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုဉ္စ သုဒုက္ကရာ။

၁-သစ္စာလေးပါး တရားတို့၏ မချွတ်မယွင်း မှန်ကန်ပုံ, ၂-ခန္ဓာငါးပါးတို့၏ သတ္တဝါမဟုတ်ပါပဲလျက် အမှတ်မှားအောင် သတ္တကိစ္စကို ဆောင်ရွက်ပုံ, ၃-ဘဝမှ ဘဝသို့ ကူးသန်းဆက်စပ်ကာ ပဋိသန္ဓေတည်နေပုံ, ၄-အဝိဇ္ဇာ - အစရှိသော တရားတို့၏ အကြောင်းအကျိုး အဖြစ်ဖြင့် ကျေးဇူးပြုပုံ = ဤတရားလေးမျိုးတို့မှာ ကိုယ်တိုင်သိဖို့ရန်လည်း ခဲယဉ်းလှသည့်အပြင် ကိုယ်တိုင်သိရှိပြီး သူတပါးတို့အား ဟောပြဖို့ရန် အလွန်ခဲယဉ်းလှကုန်၏—

ဟူသော သမ္မောဟဝိနောဒနီအဋ္ဌကထာ-စသည်တို့အရ ဤပဋိစ္စ-သမုပ္ပါဒ်တရားသဘောမှာ ပင်ကိုယ်ကပင် သိမြင်ရန်ခက်ခဲ နက်နဲလှသောကြောင့် ဗုဒ္ဓဝင်စာဖတ်ပရိသတ် သူတော်စင်တို့အဖို့ မကျဉ်းမကျယ် ပဋိစ္စသမုပ္ပါဒ်တရားနှင့်စပ်၍ သိမှတ်ဖွယ်တို့ကို လယ်တီဆရာတော်ဘုရားကြီး၏ “ပဋိစ္စသမုပ္ပါဒ်လကာ၁ ၁၃-ပုဒ်” တို့ကိုငုင်း, “ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်”ကိုငုင်း ဦးတည်၍ ရေးသားဖော်ပြပါမည်။

### ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသပါဠိတော်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါ-ဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ, သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ

WWW.DHAMMARANSI.COM



သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အနက်ကား—— အဝိဇ္ဇာပစ္စယာ = အဟုတ်အမှန်ကို မသိမမြင် မထင်လင်းမှု-ဟူသော အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ သင်္ခါရာ = ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရမှုတို့သည်။ သမ္ဘဝန္တိ = ဖြစ်ပွါးကုန်၏။

သင်္ခါရပစ္စယာ = ပစ္စုပ္ပန်အမှု သံသရာအမှုတို့ကို ပြုစုပျိုးထောင်ခြင်းဟူသော သင်္ခါရတရား ထင်ရှားရှိနေခြင်းကြောင့်။ ဝိညာဏံ = ဘဝသစ်၌ ဝိညာဏ်သစ်ဖြစ်ပေါ်မှုသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

ဝိညာဏပစ္စယာ = ဝိညာဏ်သစ် ဖြစ်ပေါ်မှုကြောင့်။ နာမရူပံ = နာမ်အစု, ရုပ်အစုသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

နာမရူပပစ္စယာ = နာမ်အစု,ရုပ်အစုဖြစ်ပွါးမှုကြောင့်။ သဠာယတနံ = ဒွါရခြောက်မည် အကြည်ခြောက်ပါး သဠာယတန တရားစုသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

သဠာယတနပစ္စယာ = ဒွါရခြောက်မည် အကြည်ခြောက်ပါး ထင်ရှားရှိခြင်းကြောင့်။ ဖဿော = အာရုံကို တွေ့မှု-ဟူသော ဖဿခြောက်ပါးသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

ဖဿပစ္စယာ = ဖဿခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။ ဝေဒနာ = အာရုံကို ခံစားမှု-ဟူသော ဝေဒနာခြောက်ပါးသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

ဝေဒနာပစ္စယာ = ဝေဒနာခြောက်ပါး ထင်ရှားရှိနေခြင်းကြောင့်။ တဏှာ = ဝတ္ထုအာရုံ ကာမဂုဏ်ကို ခံမင်တွယ်တာ သာယာတပ်ငြိသော တဏှာခြောက်ပါးသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

WWW.DHAMMARANSI.COM



တဏှာပစ္စယာ = တဏှာခြောက်ပါး ထင်ရှားရှိနေမှုကြောင့်။ ဥပါဒါနံ = မလွှတ်နိုင်, မခွါနိုင် ပိုင်ပိုင်စေးခွဲ အတွယ်မြဲသော ဥပါဒါန်တရားသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

ဥပါဒါနပစ္စယာ = ဥပါဒါန်တရား ထင်ရှားရှိနေမှုကြောင့်။ ဘဝေါ = လောကအစီးအပွါး သံသရာအစီးအပွါး ဟူသော = ကံတရား, ဝိပါက်တရားစုသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

ဘဝပစ္စယာ = ပစ္စုပ္ပန်စီးပွါးမှု, သံသရာစီးပွါးမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇာတိ = အဖန်ဖန်ပဋိသန္ဓေ နေရခြင်းသည်။ သမ္ဘဝတိ = ဖြစ်ပွါး၏။

ဇာတိပစ္စယာ = ပဋိသန္ဓေနေမှု ထင်ရှားရှိနေခြင်းကြောင့်။ ဇရာမရဏံ = အဖန်ဖန် အိုမင်းရင့်ဆွေးမှု, ပျက်ပြုန်းသေဆုံးမှုသည်၎င်း။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ = စိုးရိမ်ပူဆွေးမှု, ငိုကြွေးမြည်တမ်းမှု, ပင်ပန်းဆင်းရဲ,နှလုံးမသာယာမှု,သက်ကြီးရှိုက်ငင် ပင်ပန်းမှုတို့သည်၎င်း။ သမ္ဘဝန္တိ = ဖြစ်ပွါးကုန်၏။ ဧဝံ = ဤသို့။ ကေဝလဿ = သုခမဖက် သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ = ဤ ဒုက္ခအစု၏။ သမုဒယော = ဖြစ်ပွါးခြင်းသည်။ ဟောတိ = ဖြစ်၏။ ။(လယ်တီဆရာတော် အနက်)။

### လယ်တီဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်လင်္ကာ

### (၁) အဝိဇ္ဇာပစ္စယာ သင်္ခါရာ

မောဟမိရတနာ၊ ယာဉ်စကြာဖြင့်၊ သစ္စာလေးရပ်၊ လေးကျွန်းပတ်သား၊ နတ်ဝိသုဒ္ဓိ၊ တုမရှိအား၊ တြိဒွါရ၊ ရှိဦးခလျက်၊ ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်၊ ရထားသံသရာ၊ ယာဉ်စကြာ၏၊ ခြင်းရာဥပ္ပတ်၊ သမုပ္ပါဒ်ကို၊ အတပ်သိရန်၊ နိဒါန်းပြန်ပိမ့်····။

WWW.DHAMMARANSI.COM



အမှန်လေးချက်၊ သဘောနက်ကို၊ ဖုံးဖက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်၊ ဘဝမြိုသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍၊ အကုသလ၊ ဓမ္မညစ်ဆိုး၊ အပြစ်မျိုးကို၊ ကြိုးကြိုးပမ်းပမ်း၊ နေ့စဉ်ထမ်းသည်၊ ပါယ်လမ်းဓိဇ၊ အပုည နှင့်……၊ ဘဝနောင်ခါ၊ သံသရာဝယ်၊ လူ့ရွာနတ်ပြည်မြေ၊ စည်း စိမ်သွမ်းကို၊ ချမ်းသာအတိ၊ အထင်ငြိလျက်၊ 'ဂတိနောင် ကို၊ ကောင်းစေလိုဟု၊ ကုသိုလ်အရိုး၊ အမျိုးမျိုးကို၊ ကြိုးကြိုး စားစား၊ ပြုတုံငြားက၊ ဆယ်ပါးပုည၊ အာနေဥ္ဟ၊ ဘဝနှီးရင်း၊ ပွါးတုံလျှင်းသည်၊ ၊ဝဋ္ဋခင်း ဝဋ္ဋနွယ်ရှည် သတည်း။ ။(အရဆောင်လေ)။

မကျဉ်း မကျယ် အစိပ္ပါယ်

အဝိဇ္ဇာပစ္စယာ သင်္ခါရာ = အဝိဇ္ဇာဟူသော အကြောင်း ကြောင့် သင်္ခါရသုံးမျိုးတို့ ဖြစ်ပွါးကြသည်။ အနန္တစကြဝဠာ၌ အနန္တသတ္တဝါတို့ မည်မျှပင်များပြားစေကာမူ ပရမတ္ထ ဓမ္မစက္ခု ဉာဏ်ပညာမျက်စိဖြင့် ကြည့်ရှုသုံးသပ်ဆင်ခြင်လျှင် ပဋိစ္စသမုပ္ပါဒ် အင်္ဂါဆယ့်နှစ်ပါး တရားသားမျှသာ ဖြစ်ချေသည်။ (အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်,ဘဝ,ဇာတိ,ဇရာ မရဏ = ဤကား ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ -ပါးတို့တည်း။ ပဋိစ္စ = အဝိဇ္ဇာစသော အကြောင်းတရားတို့ ကိုစွဲ၍+သမုပ္ပါဒ = သင်္ခါရစသောအကျိုးတရားတို့၏ ဖြစ်ပွါးခြင်း ဟု ဆိုလိုသည်)။

ထိုတဆယ့်နှစ်ပါးတို့တွင် အဝိဇ္ဇာသည် သံသရာရှေ့ပိုင်း၏ ဝဋ္ဋ မြစ်ဖြစ်သည်၊ ထို့ကြောင့် ထိုအဝိဇ္ဇာကို ရှေးဦးစွာ စတည် ဟော ကြားတော်မူအပ်လေသည်။ "အဝိဇ္ဇာကြောင့် သင်္ခါရသုံးမျိုးတို့ ဖြစ်ပွါးကြသည်"ဟူရာ၌ အဝိဇ္ဇာကား အကြောင်း၊ သင်္ခါရသုံးမျိုး တို့ကား အကျိုးဖြစ်လေသည်။ (အဝိဇ္ဇာကြောင့် သင်္ခါရသုံးမျိုးတို့ ဖြစ်ပုံသည် လက်ာအဓိပ္ပါယ်ကို ဖော်ပြရာ၌ ထင်ရှားလိမ့်မည်)။

WWW.DHAMMARANSI.COM



စေတသိက်တရား ၅၂-ပါးတို့တွင် အပါအဝင်ဖြစ်သော မောဟ-ခေါ်သော အကုသိုလ်စေတသိက်ကို အဝိဇ္ဇာဟူ၍ ခေါ်၏။ (အဝိဇ္ဇာ = မသိခြင်းသဘောဟုဆိုလိုသည်)။ ထိုမောဟ-ခေါ်သော အကုသိုလ်စေတသိက်ကို မသိခြင်းဟူ၍၎င်း, မလိမ္မာခြင်းဟူ၍၎င်း, အညာဏဟူ၍၎င်း, အဝိဇ္ဇာဟူ၍၎င်း, မောဟမှောင်ဟူ၍၎င်း အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုလေသည်။ ထိုမသိခြင်း= မောဟအဝိဇ္ဇာသည်—

(၁) ဒုက္ခသစ္စာ = ဒုက္ခကေန် အမှန်ဖြစ်သော တေဘူမကဝဋ်တရား လောကီခန္ဓာ ငါးပါးတို့ကို ဒုက္ခဟူ၍ မသိခြင်း, (၂) သမုဒယသစ္စာ = ဒုက္ခဖြစ်ကြောင်း အမှန်ဖြစ်သော တဏှာလောဘကို 'ဤတဏှာလောဘကား ဒုက္ခဖြစ်ကြောင်း မကောင်းသောတရားတည်း'ဟု မသိခြင်း, (၃) ဒုက္ခနိရောဓသစ္စာ = ဒုက္ခချုပ်ငြိမ်းရာကေန် အမှန်ဖြစ်သော နိဗ္ဗာန်တရားကို ဒုက္ခချုပ်ငြိမ်းရာဟူ၍ မသိခြင်း, (၄) မဂ္ဂသစ္စာ = ထိုနိဗ္ဗာန်ရောက်ကြောင်းကေန် အမှန်ဖြစ်သော အရိယမဂ်တရား ရှစ်ပါးတို့ကို နိဗ္ဗာန်ရောက်ကြောင်းဟူ၍ မသိခြင်း—

ဤသို့အားဖြင့် လေးပါးရှိလေသည်။ ဤသို့ သစ္စာလေးပါး အမှန်တရားကို မသိခြင်း = မောဟလေးပါး ထင်ရှားရှိနေခြင်းကြောင့် အန္ဓဗာလ ပုထုဇန်သူငါတို့သည် အပါယ်လားကြောင်း မကောင်းမှုဒုစရိုက် အကုသိုလ်စေတနာတည်းဟူသော အပုညာဘိသင်္ခါရ (၁), ကာမသုဂတိခုနစ်ဘုံ ရူပဗြဟ္မာ တဆယ့်ခြောက်ဘုံသို့ ရောက်ကြောင်းဖြစ်သည့် ကာမကုသိုလ်စေတနာ ရူပကုသိုလ်စေ-တနာတည်းဟူသော ပုညာဘိသင်္ခါရ (၂), အရူပဗြဟ္မာဘုံ လေးရွာသို့ ရောက်ကြောင်းဖြစ်သည့် အရူပကုသိုလ်စေတနာလေးပါးတည်းဟူသော အာနေဥ္စာဘိသင်္ခါရ(၃) = ဤသင်္ခါရသုံးပါးတို့ကို ကြိုးကြိုးစားစား ပြုလုပ်ကြလေသည်။ ထို့ကြောင့်"အဝိဇ္ဇာပစ္စယာ သင်္ခါရာ = မောဟလေးပါး အဝိဇ္ဇာ အကြောင်းတရားကြောင့်

WWW.DHAMMARANSI.COM



လောကီကုသိုလ် အကုသိုလ်စေတနာတည်းဟူသော သင်္ခါရသုံးပါးတို့ ထင်ရှားဖြစ်ကြ၏”ဟု ဟောတော်မူလေသည်။

**ပဌမလင်္ကာအဓိပ္ပါယ်။** ။ပဌမလင်္ကာ၌ “မောဓိရတနာ၊ ယာဥ်စကြာဖြင့်-အစ၊ တြိဒွါရ၊ ရှိဦးခချက်” တိုင်အောင်သော စာပိုဒ်ဖြင့် မြတ်စွာဘုရားအား ရှိခိုးခြင်း = ပဏာမကိုပြဆိုသည်။ အဓိပ္ပါယ်မှာ—သမ္မုတိနတ်ဖြစ်သော စကြဝတေးမင်းတရားသည် ဇောတိရသ-အမည်ရှိသော ပတ္တမြားရတနာကြီးကို လက်ဝယ်ပိုင်သကာ စကြာရတနာဖြင့် လေးကျွန်းကို လှည့်ပတ်သကဲ့သို့ ထို့အတူ မဂ်ဉာဏ်လေးပါး ပတ္တမြားရတနာကြီးကို လက်ရပိုင်သတော်မူကာ ဒေသနာဉာဏ်တော်တည်းဟူသော ဓမ္မစကြာ ရတနာယာဉ်ကြီးဖြင့် သစ္စာလေးပါးတည်းဟူသော လေးကျွန်းကို အနှံ့ လှည့်ပတ်တော်မူသော အတုမရှိသည့် ဝိသုဒ္ဓိနတ်ဖြစ်တော်မူသော မြတ်စွာဘုရားတည်းဟူသော တရားမင်းအား ကာယဒွါရ, ဝစီဒွါရ, မနောဒွါရတည်းဟူသော ဒွါရသုံးပါးတို့ဖြင့် ဝပ်တွားရိုကျိုး ရှိခိုးဦးခပါ၏-ဟု ဆိုလိုသည်။

ဤ၌ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး လေးဆယ့်ငါးဝါကာလကြာအောင် ဒေသနာဉာဏ်တော်ဖြင့် သစ္စာလေးပါးတရားမှန်တို့ကို နည်းအမျိုးမျိုးဖြင့် မနေမနား ဟောကြားတော်မူသည်ကိုပင် “ဒေသနာဉာဏ်တည်းဟူသော ဓမ္မစကြာရတနာဖြင့် သစ္စာလေးရပ် လေးကျွန်းပတ်သည်”ဟု ဖွဲ့ဆိုတော်မူသည်။ နတ်ပြည် ဗြဟ္မာ့ပြည်၌ရှိကြသော နတ်ဗြဟ္မာတို့ကို ဥပပတ္တိနတ်ဟူ၍ ခေါ်၏၊ လူ့ပြည်လူ့ရွာ တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်သူ လူများကို သမ္မုတိနတ်ဟူ၍ ခေါ်၏။ အထက်နတ်ဗြဟ္မာတို့နည်းတူ လူအပေါင်းက “ဒေဝ = လောကသမ္မုတိနတ်”ဟူ၍ ခေါ်ဆိုသမုတ်အပ်သောသူများဟု ဆိုလိုသည်။ အာသဝေါကုန်ခန်းပြီးသော ဘုရား, ရဟန္တာတို့ကို ဝိသုဒ္ဓိနတ် = ကိလေသာကင်းစင်၍ ဖလသမာပတ်ဖြင့် တောက်ပတင့်တယ်တော်မူကြသော ပုဂ္ဂိုလ်မြတ်များဟု ခေါ်ဆို၏၊ ထိုဝိသုဒ္ဓိနတ်တို့တွင် မြတ်စွာဘုရားသည် အတုမရှိသော ဝိသုဒ္ဓိနတ်မင်း ဖြစ်လေသည်။

WWW.DHAMMARANSI.COM



"ဘဝသုံးပါး၊ ဟုန်းဟုန်းသွားသည်-မှစ၍၊ နိဒါန်းပြန်ဝိမ့်" တိုင်အောင်သော စာပိုဒ်ဖြင့် ပဋိစ္စသမုပ္ပါဒ်လက်ာကျမ်းကို ရေးသားစီကုံးမည့်အကြောင်း ဝန်ခံမှုတည်းဟူသော = ပဋိညာဉ်ကို ပြဆိုသည်။ အဓိပ္ပါယ်မှာ—ကာမဘဝ, ရူပဘဝ, အရူပဘဝတည်းဟူသော ဘဝသုံးပါး၌ ခန္ဓာ, အာယတန, ဓာတ်တရားတို့ မပြတ်မစဲ မရပ်မနား ဖြစ်ပွါး၍နေမှုတည်းဟူသော သံသရာကြီးကို "ဘဝသုံးပါး၌ တဟုန်းဟုန်း ခုတ်မောင်း၍ သွားနေသော သံသရာရထား ယာဉ်စကြာကြီး" ဟူ၍ ဖွဲ့ဆိုတော်မူသည်။ ယင်းသံသရာရထားကြီး၏ ဖြစ်ပုံအခြင်းအရာ အကြောင်းအရာ အဋ္ဌုပ္ပတ်ဟူသည်မှာ တရားကိုယ်ချ၍ ကောက်ယူလျှင် ပဋိစ္စသမုပ္ပါဒ် = အကြောင်းကိုစွဲ၍ အကျိုးတရားတို့ဖြစ်ပွါးမှုပင် ဖြစ်လေသည်။ ထို့ကြောင့် "ဘဝသံသရာရထားကြီး၏ ဖြစ်ပုံအခြင်းအရာ အကြောင်းအရာ အဋ္ဌုပ္ပတ်တည်းဟူသော ပဋိစ္စသမုပ္ပါဒ်တရားကို တပ်အပ်ထင်ထင် သိမြင်နိုင်ကြစေရန် လက်ာနိဒါန်း ပြန်ဆိုပေအံ့" ဟူ၍ ဆိုလိုသည်။

"အမှန်လေးချက်၊ သဘောနက်ကို" ဟူသည်မှာ— သဘောသဘာဝ နက်နဲလှသော သစ္စာလေးပါးတရားကို ဆိုလိုသည်။ "ဖုံးဖုက်ကွယ်ကာ၊ အဝိဇ္ဇာဟု၊ မဟာတမ၊ မှောင်ကြီးကျလျက်" ဟူသည်မှာ—အန္ဓဗာလ ပုထုဇန်တို့သန္တာန်ဝယ် ထိုသစ္စာလေးပါး အမှန်တရားကို အမှန်အတိုင်း မသိမမြင်နိုင်အောင် ရှေးဖော်ပြရာပါ မောဟလေးပါး အမှောင်ဓာတ်တရားကြီးက ဖုံးဖုက်၍ထားသည်, ကွယ်ကာ၍ထားသည်။ လကွယ်နေ့ဖြစ်ခြင်း, သန်းခေါင်အချိန်ဖြစ်ခြင်း, တောအုပ်အရပ်အလယ်၌ဖြစ်ခြင်း, မိုးတိမ်တို့ ထူထပ်အုံ့မှိုင်းနေခြင်း = ဤလေးချက် ပြည့်စုံနေသည်ကို အင်္ဂါလေးပါးရှိသော မှောင်ကြီးကျနေသည်ဟု လောကအလိုခေါ်ဆိုရလေသည်၊ ထိုမှောင်ကြီးကျနေလျှင် မည်သည့်အရာကိုမျှ မသိမမြင်နိုင်ချေ။ အန္ဓဗာလ ပုထုဇန်တို့သန္တာန်မှာလည်း ရှေးဖော်ပြရာပါ မောဟလေးပါး အင်္ဂါလေးချက် စုံပြည့်နက်သည့်

WWW.DHAMMARANSI.COM



အမှောင်ကြီးကျနေသောကြောင့် မည်သည့်တရားကိုမျှ အမှန်အတိုင်း မသိမမြင်ကြချေဟု ဆိုလိုသည်။

"ဘဝမြုံသိုက်၊ ရှိန်ရှိန်အိုက်သား၊ အမှိုက်မီးစာ၊ ဤခန္ဓာကို၊ တွယ်တာသမှု၊ အကြောင်းပြု၍"ဟူသည်မှာ — ကာမ, ရူပ, အရူပ တည်းဟူသော ဘဝသုံးပါးမှာ ရာဂမီး ဒေါသမီး မောဟမီး-အစရှိသော တဆယ့်တသီး မီးများ တဟုန်းဟုန်း တောက်လောင်နေသဖြင့် အမြဲတစေ တရှိန်ရှိန် ပူလျက် အိုက်လျက်နေသည်မှာ အမှန်ပင်ဖြစ်သည်၊ ထိုဘဝသုံးပါးတည်းဟူသော ပူလှသည့် ရှိန်လှသည့် အိုက်လှသည့် ဘဝမြုံသိုက်ကြီးအတွင်း၀ယ် ထင်ရှားဖြစ်ပေါ်နေကြသည့် ခန္ဓာတရားတို့ကား ရာဂ-အစရှိသော မီးတဆယ့်တပါးတို့၏ လောင်စာများသာ ဖြစ်၏။ အန္ဓဗာလ ပုထုဇန်တို့သည် ဖော်ပြရာပါ အဝိဇ္ဇာမှောင်ကြီးကျနေသောကြောင့် ပူလှ ရှိန်လှ အိုက်လှသော ဘဝမြုံသိုက်ကြီးအတွင်းမှာ မီးလောင်စာဖြစ်သည့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပူမှန်းမသိ လောင်မှန်းမသိ ရှိန်မှန်းမသိကြပဲ ပြင်းထန်စွာ တွယ်တာတပ်မက်ကြလေသည်၊ ယင်းသို့ တွယ်တာတပ်မက်သောကြောင့်-ဟုဆိုလိုသည်။

"အကုသလ၊ (ပ)၊ ပါယ်လမ်းဗီဇ၊ အပုညနှင့်...."ဟူသည်မှာ— ယင်းသို့ ဘဝမီးလောင်စာ ငါးခန္ဓာတို့ကို တွယ်တာတပ်မက်မှု လောဘကို အကြောင်းပြု၍ အကုသိုလ်မှန်းမသိကြပဲ မိမိပစ္စုပ္ပန်ဘဝတသက်လျာ ချမ်းသာရေးကို ရှေးရှု၍ သူ့အသက်ကို သတ်ခြင်း, သူ့ဥစ္စာကို ခိုးယူခြင်း-အစရှိသော အပါယ်လမ်းကြောင်း အပါယ်ဘဝမျိုးစေ့ဖြစ်သည့် အကုသိုလ်စေတနာ တဆယ့်နှစ်ပါးတည်းဟူသော အပုညာဘိသင်္ခါရ အကုသလ /ဓမ္မပုပ်သိုး တရားဆိုးတို့ကို ကြိုးကြိုးကုတ်ကုတ် နေ့စဉ် ပြုလုပ်မိကြလေတော့သည်။ (ဤကား အဝိဇ္ဇာကြောင့် အပုညာဘိသင်္ခါရဖြစ်ပုံတည်း)။

"ဘဝနောင်ကို၊ ကောင်းစေလို၍၊ (ပ)၊ ဆယ်ပါးပုည၊ အာနေဉ္ဇဟု"——ဟူသော ဤစာပိုဒ်ဖြင့် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရ = ဤနှစ်ပါးတို့ ဖြစ်ပွါးကြပုံကို ပြဆိုသည်။ အဓိပ္ပါယ်မှာ——သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာနှင့်

WWW.DHAMMARANSI.COM



သမုဒယသစ္စာတို့သည် လောကီသစ္စာတို့ဖြစ်ကုန်၏၊ ပူလောင်သောသစ္စာတို့ ဖြစ်ကုန်၏။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့သည် လောကုတ္တရာ သစ္စာ အေးချမ်းသော တရားတို့သာ အမှန်ဖြစ်ကုန်၏။ ထိုသော် ပုထုဇန်တို့သန္တာန်၌(အထူးသဖြင့်-ဝဋ္ဋာဘိရတ ပုထုဇန်တို့သန္တာန်၌) အဝိဇ္ဇာလေးပါး ဖုံးအုပ်ကွယ်ကာ၍ ထားခြင်းကြောင့် ပူလောင်သော လောကီသစ္စာနှစ်ပါးတို့ကို ပူလောင်သောတရားဟု လားလားမျှ မသိကြသည့်အတွက် ထိုပူလောင်သော လောကီသစ္စာနှစ်ပါးကို လိုက်စားတွယ်တာ သာယာတပ်မက်သော တဏှာလောဘ ဖြစ်၍လာလေသည်။

ထိုသို့ လိုက်စားတွယ်တာ သာယာတပ်မက်သော တဏှာလောဘ ဖြစ်ပွါး၍လာသောအခါ(ဤပဥ္စမတွဲ-အောက်စာမျက်နှာ ၁၉၈၊ လောကဝိဒူဂုဏ်အဖွင့်၌ ပြအပ်ခဲ့သော) ဝဋ္ဋာဘိရတ ပုထုဇန်တို့တွင် ဥစ္ဆေဒဒိဋ္ဌိ အာသယဓာတ်ခံရှိသော ပုထုဇန်တို့သည် တမလွန်လောကကို မယုံကြည်ကြသည့်အတွက် တမလွန်လောက ကောင်းစားချမ်းသာရေးကို လုံးဝမတွေးတောတော့ပဲ ပစ္စုပ္ပန် ဤဘဝ တသက်လျာ ချမ်းသာလျှင် ပြီးရော သဘောထားကာ ပါဏာတိပါတ - အစရှိသော အကုသိုလ်စေတနာ အပုညာဘိသင်္ခါရတို့ကို ပြုမှားကြလေတော့သည်။ သဿတဒိဋ္ဌိအာသယ ဓာတ်ခံရှိသော ဝဋ္ဋာဘိရတပုထုဇန်တို့သည်ကား နောက်နောင်ဘဝ ကောင်းစားရေး ချမ်းသာရေးကို ရှေးရှုကြလျက် (ဝိဝဋ္ဋ-ပါဒကကုသိုလ် = မဂ်ဖိုလ်နိဗ္ဗာန်၏ အခြေခံ ကုသိုလ်မျိုး မဟုတ်သည့်) ဝဋ္ဋပါဒက = တေဘူမကဝဋ်၏ အခြေခံဖြစ်သော ရိုးရိုးကာမကုသိုလ် ရူပကုသိုလ် စေတနာတည်းဟူသော ပုညာဘိသင်္ခါရ, အရူပကုသိုလ် စေတနာတည်းဟူသော အာနေဉ္ဇာဘိသင်္ခါရ = ဤနှစ်ပါးတို့ကို ကြိုးကြိုးစားစား ပြုလုပ်ကြလေတော့သည်။ (ဤကား အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရနှင့် အာနေဉ္ဇာဘိသင်္ခါရတို့ ဖြစ်ပုံတည်း)။

“ဘဝနိုးရင်း၊ ပွါးတုံလျှင်းသည်၊ ၊ဝဋ္ဋခင်းဝဋ္ဋနွယ် ရှည်သတည်း” ဤ၌ အဓိပ္ပါယ်မှာ—ဆိုအပ်ပြီးသည့်အတိုင်း အဝိဇ္ဇာ

WWW.DHAMMARANSI.COM



ကြောင့် သင်္ခါရသုံးပါးတို့ ဖြစ်ပွါးခြင်းသည် ဘဝသုံးပါး ဝဋ်ရထားကြီး မရပ်မနား လှည့်လည်ဖြစ်ပွါးဘို့ အရင်းအနှီးများ ပွါးများတိုးတက်လာခြင်းဖြစ်သည်။ ထိုသို့ ဘဝအရင်းအနှီးများ ပွါးစည်တိုးတက်လာလျှင် ကမ္မဝဋ်, ကိလေသဝဋ်, ဝိပါကဝဋ်တည်းဟူသော ဝဋ်ကြီးသုံးသင်း ဘဝဒုက္ခအခင်း ဘဝဒုက္ခအနွယ်တို့ မပြတ်နိုင် မပြယ်နိုင်အောင် ရှည်၍လာလေတော့သတည်း- ဟု ဆိုလိုသည်။ ။(ဤကား ပဌမလင်္ကာ၏ အဓိပ္ပါယ် မကျဉ်းမကျယ်တည်း။ အကျယ်ကို အလိုရှိမူ လယ်တီ ဆရာတော်ဘုရားကြီး၏ ပဋိစ္စသမုပ္ပါဒ ဒီပနီကျမ်းကို ကြည့်ရှုမှတ်ယူကုန်ရာ၏။ နောက်နောက်လင်္ကာတို့၌လည်း ဤနည်းအတူတည်း)။

## (၂) သင်္ခါရပစ္စယာ ဝိညာဏံ

ဝဋ်ခင်း ဝဋ်နွယ်၊ ရှည်ကြောင်းရွယ်သား၊ ဆယ်ဖြာ
ပုည၊ အပုညနှင့်၊ ဘဝနှီးရင်း၊ ပွါးတုံလျှင်းသော်၊ လေး
သင်း ပါယ်ရွာ၊ အဖြာဖြာလျှင်၊ ဗြဟ္မာလူနတ်၊ ဘုံသုံး
ရပ်၌၊ ခေတ်ပဓာန၊ ပြဋ္ဌာန်းလှသား၊ ဒွါရသခင်၊ ခြောက်
ဝိညာဉ်ဟု၊ အရှင်ခေတ်မင်း၊ ပေါ်တုံလျှင်း၍၊ ကိုယ်တွင်း
ကိုယ်ပြင်၊ ထွက်, ဝင်တံခါး၊ အင်ခြောက်ပါး၌၊ အများ
ရပ်နာမ်၊ အတန်တန်လျှင်၊ ဝန်းရံဖြိုးဖြိုး၊ အမျိုးမျိုးကို၊ အုပ်
စိုး ဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်၊ ထက်မြက်တေဇာ၊
သူ့ရှိန်ဝါကြောင့်၊ ငါငါ သူသူ၊ လူပဲ နတ်ပဲ၊ အထင်လွဲ
လျက်၊ ငရဲအပါယ်၊ အသွယ်သွယ်လျှင်၊ ဝဋ်နွယ်ရှည်လျား၊
တမားမားသည်၊ ။ခြောက်ပါး ဝိညာဉ်စွမ်းရည်တည်း။
(အရဆောင်လေ)။

### မကျဉ်း မကျယ် အဓိပ္ပါယ်

သင်္ခါရကြောင့် ဝိညာဏ်ခြောက်ပါး ထင်ရှားဖြစ်ပေါ်သည်- ဟူရာ၌ အကုသိုလ် စေတနာတည်းဟူသော အပုညာဘိသင်္ခါရကြောင့် အပါယ်ပဋိသန္ဓေဝိညာဏ်နှင့် ပဝတ္တိအခါ ကာမဘုံ ရူပဘုံတို့၌ အကုသလဝိပါက်ဝိညာဏ်များ ထိုက်သည်အားလျော်စွာ

WWW.DHAMMARANSI.COM



ဖြစ်ကြလေသည်။ ကာမကုသိုလ်စေတနာတည်းဟူသော ပုညာဘိသင်္ခါရကြောင့် ကာမသုဂတိ ခုနစ်ဘုံ (လူ့ဘုံ,နတ်ဘုံ) တို့၌ ပဋိသန္ဓေဝိညာဏ် ၉-မျိုးနှင့် ပဝတ္တိအခါ ကာမဘုံ ရူပဘုံတို့၌ ကာမကုသလဝိပါက်ဝိညာဏ် တဆယ့်ခြောက်မျိုးတို့ ထိုက်သည်အားလျော်စွာ ဖြစ်ကြလေသည်။ ရူပကုသိုလ် စေတနာတည်းဟူသော ပုညာဘိသင်္ခါရကြောင့် ရူပဗြဟ္မာ တဆယ့်ငါးဘုံ၌ ရူပဝိပါက် ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်တို့ ဖြစ်ကြလေသည်။ အရူပကုသိုလ် စေတနာ တည်းဟူသော အာနေဉ္ဇာဘိသင်္ခါရကြောင့် အရူပဗြဟ္မာ့ဘုံ လေးဘုံတို့၌ အရူပဝိပါက် ပဋိသန္ဓေဝိညာဏ် ပဝတ္တိဝိညာဏ်တို့ ဖြစ်ကြလေသည်။

ဤ၌ ကုသိုလ်,အကုသိုလ်စေတနာ = သင်္ခါရကြောင့် ဝိပါက် ဝိညာဏ်တို့ ဖြစ်ပေါ်ပုံကို သမင်္ဂီတာလေးပါး ( = သမင်္ဂီလေးပါး ဟုလည်း ခေါ်၏) တို့ဖြင့် အကျဉ်းမှတ်ယူရာ၏၊ မှတ်ယူပုံမှာ—

(၁) ကောင်းမှု, မကောင်းမှု ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစေတတ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာတို့ ဖြစ်ကြလေသည်၊ ထိုစေတနာတို့ ခဏပစ္စုပ္ပန် အနေအားဖြင့် ထင်ရှားရှိနေခိုက်ကို စေတနာသမင်္ဂီတာ = စေတနာသမင်္ဂီ = စေ့ဆော်ပြုလုပ်မှုနှင့် ပြည့်စုံနေခြင်းဟုခေါ်၏။

(၂) ထိုကုသိုလ်, အကုသိုလ်စေတနာတို့သည် ခဏငယ်သုံးချက် အသက်စေ့၍ ချုပ်ပျောက်ကြသောအခါ (အခြားဝိပါက် ဝိညာဏ်များကဲ့သို့) ဤခန္ဓာသန္တာန်၌ အဆက်ပြတ် အစပြတ် ချုပ်ပျောက်ကြသည်မဟုတ်ပဲ "အကြောင်းအခွင့် ညီညွတ်ပြည့်စုံလျှင် အကျိုးဝိပါက်ဝိညာဏ်စိတ် တရားလုံးတခု အနေဖြင့် ထင်ရှားဖြစ်ပေါ်လာနိုင်သော သတ္တိထူးကို" ထားရှိခဲ့၍ ချုပ်ပျောက်ကြလေသည်၊ ထိုအမှုအရာသတ္တိထူးကား ဤခန္ဓာအစဉ်၌ အဟောသိကံ မဖြစ်သေးသမျှ ကာလပတ်လုံး ငုပ်ကိန်းလိုက်ပါလျက်ရှိချေသည်၊ ထိုအမှုအရာသတ္တိထူးနှင့် ပြည့်စုံနေခြင်းကို ကမ္မသမင်္ဂီတာ = အမှုအရာသတ္တိထူးနှင့် ပြည့်စုံခြင်းဟု ခေါ်၏။

WWW.DHAMMARANSI.COM



(၃) ထိုကုသိုလ်ကံ,အကုသိုလ်ကံတို့ အကျိုးပေးချိန်တန်သော အခါ ဆိုင်ရာဒွါရ၌ ကံသော်ငှင်း, ကံပြုစဉ်က ထိုကံထမြောက် ကြောင်း အဆောက်အဦ ဝတ္ထုပစ္စည်း တည်းဟူသော = ကမ္မ- နိမိတ်အာရုံသော်ငှင်း, (သို့မဟုတ်) ထိုကံကြောင့် လားရောက် ရမည့် ဘဝဂတိ၌ တွေ့ရှိခံ, စံရမည့် အရာဝတ္ထု ပစ္စည်းများတည်း ဟူသော = ဂတိနိမိတ်အာရုံသော်ငှင်း ထင်၍ လာလေသည်၊ (သေခါနီးသောသတ္တဝါတို့မှာ ဘုရား, ရဟန္တာမှတပါး မည်သူ မဆို ဤအာရုံတို့ ထင်ကြသည်၊ ထိုထင်သောအာရုံ အခြားမဲ့ နောက်ဘဝ၌ လိုက်ပါထင်မြင်နိုင်လောက်အောင် အားရှိစွာယူပြီး မှ ဤဘဝက စုတေကြမြဲဖြစ်သည်)၊ ထိုသို့ ကံ, ကမ္မနိမိတ်, ဂတိ- နိမိတ် = သုံးပါးတို့တွင် တပါးပါးထင်နေမှုနှင့် ပြည့်စုံခြင်းကို ဥပဋ္ဌာနသမ္ပတ္တိ ဟု ခေါ်၏။

(၄) ထိုနောက် ဤဘဝမှ စုတေ၍ ထိုက်သက်ရာဘဝ၌ ပဋိ- သန္ဓေ (ဝိပါက်) ဝိညာဏ်စိတ် ဖြစ်ပေါ်လာ၏၊ ပဋိသန္ဓေအခါ၏ နောက်၌လည်း (ပဝတ္တိအခါ၌လည်း) ထိုကံ၏ အကျိုးဖြစ်သော ဝိပါက် ဝိညာဏ်စိတ်များသည် အခြားဝီထိစိတ်တို့ မဖြစ်သော အခါ၌ ဘဝအယဉ်မပြတ်ရန် ထပ်တလဲလဲ ဖြစ်ပွါးကြလေသည် (ဘဝင်ကိစ္စတပ်၍ ဖြစ်ကြလေသည်)၊ ထိုသို့ ပဋိသန္ဓေ ဝိပါက် ဝိညာဏ်, ပဝတ္တိဝိပါက်ဝိညာဏ်များ ဖြစ်ပွါးပြည့်စုံလာသည်ကို ဝိပါကသမ္ပတ္တိ = အကျိုးဝိပါက်နှင့်ပြည့်စုံခြင်း-ဟု ခေါ်ဆို၏။

ဤ၌ ဝိပါကဟူသည်မှာ ရှေးဖော်ပြရာပါ ကမ္မသမ္ပတ္တိ အမူအရာသတ္တိထူး၏ စိတ်ဝိညာဏ် ပရမတ္ထတရားလုံး (ဝိပါက် စိတ်) အဖြစ်ရောက်အောင် ရင့်ကျက်လာခြင်းပင် ဖြစ်သည်။ ဤ ဆိုအပ်ပြီးသော သမ္ပတ္တိလေးပါးကို ဆင်ခြင်လေ့လာ၍ ဝိပါက် စိတ်ဝိညာဏ်သည် စေတနာ သမ္ပတ္တိခေါ်သော သင်္ခါရကို အခြေခံ အကြောင်းပြု၍ ဖြစ်ပေါ်လာရသည်ကို သိရှိရာ၏၊ ထို့ ကြောင့် မြတ်စွာဘုရားရှင်သည် "သင်္ခါရပစ္စယာ ဝိညာဏံ = သင်္ခါရကြောင့် ဝိညာဏ်ခြောက်ပါး ဖြစ်ပွါးလာ၏" ဟု ချုပ်၍ ဟောတော်မူလေသည်။

WWW.DHAMMARANSI.COM



ဒုတိယလင်္ကာ အဓိပ္ပါယ်။ ။ "ဝင့်ခင်းဝင့်နွယ်၊ ရှည်ကြောင်းနွယ်သား၊(ပ)၊ အရှင်ခေတ်မင်း၊ ပေါ်တုံလျှင်း၍" ဟူသည်မှာ— ရှေး၌ ဆိုအပ်ပြီးသောအတိုင်း အဘိသင်္ခါရသုံးပါး ဘဝအရင်းအနှီးများ ပွါးစည်းကြီးထွားလတ်သော် ထိုက်သက်ရာရာ အပါယ်လေးဘုံလူ့ဘုံနတ်ဘုံဗြဟ္မာ့ဘုံတို့၌ ဖော်ပြရာပါသမင်္ဂတာလေးပါး အစဉ်အတိုင်း ဝိပါကသမင်္ဂတာခေါ်သော ဝိပါက်ဝိညာဏ်စိတ် ဖြစ်ပွါးပေါ်ပေါက်၍ လာလေသည်။ ထိုဝိပါက်ဝိညာဏ်စိတ်ကား နာမ်တရားတို့တွင် ပဓာနအချုပ်အချာတရားဖြစ်သည်။ မှန်၏— ရုပ်တရားဖက်၌ တေဇောခေတ်သည် ပဓာနအချုပ်အချာဖြစ်၍ နာမ်တရားဖက်၌စိတ်ဝိညာဏ်သည်ပဓာနအချုပ်အချာဖြစ်သည်။ (အကျယ်ကို ပဋ္ဌိစ္စသမုပ္ပါဒ်ဒီပနီ၌ ကြည့်ရှုရာ၏)။

ဝိပါက်ဝိညာဏ်စိတ်တို့ကို ကိစ္စအားဖြင့် ခွဲဝေလျှင် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ လျက်စိတ်၊ ထိစိတ်၊သိစိတ်ဟူ၍ ခြောက်မျိုးပြားလေသည်၊ ဤခန္ဓာကိုယ်၌ မျက်စိ၊ နား၊ နှာ၊ လျှာ၊ကိုယ်၊ စိတ်ဟူ၍ ဒွါရခြောက်ပါးတို့ ထင်ရှားရှိရာ မျက်စိ = စက္ခုဒွါရ၌ မြင်စိတ် = စက္ခုဝိညာဏ်သည် အစိုးရသခင် အရှင်စိတ်ဖြစ်လေသည်၊ နား = သောတဒွါရ၌ ကြားစိတ် = သောတဝိညာဏ်သည် အစိုးရသခင် အရှင်စိတ်ဖြစ်လေသည်၊နှာခေါင်း = ဃာနဒွါရ၌ နံစိတ် = ဃာန ဝိညာဏ်သည် အစိုးရသခင် အရှင်စိတ်၊လျှာ = ဇိဝှါဒွါရ၌ လျက်စိတ်စားစိတ် = ဇိဝှါဝိညာဏ်သည် အစိုးရသခင် အရှင်စိတ်၊ ကိုယ် = ကာယဒွါရ၌ ထိစိတ် = ကာယဝိညာဏ်သည် အစိုးရသခင် အရှင်စိတ်၊ စိတ် = မနောဒွါရ၌ သိစိတ် = မနောဝိညာဏ်သည် အစိုးရသခင် အရှင့်စိတ်ဖြစ်လေသည်။

"ကိုယ်တွင်း ကိုယ်ပြင်၊ ထွက်ဝင်တံခါး၊(ပ)၊ အုပ်စိုးဆောင်ရွက်၊ လျှမ်းလျှမ်းတက်လျှင်" ဟူသည်မှာ— (စက္ခုဝိညာဏ် = အမြင်စိတ်ဖြင့် မှတ်၍ ဖော်ပြပေအံ့) ဘုန်းရှင်ကံရှင် မင်းသားတယောက် ပေါ်ပေါက်လာလျှင် ထိုမင်းသား၏ အခြံအရံဖြစ်သောသူများ၊ ထိုမင်းသားနေထိုင်ရာ ရာဇပလ္လင်၊ ထိုရာဇပလ္လင်၏ ပတ်ဝန်းကျင်ထီးနန်း မင်းခမ်းမင်းနားများ ဖြစ်ပွါး ပေါ်ပေါက်

WWW.DHAMMARANSI.COM



လာရသကဲ့သို့ ဘုန်းရှင်ကံရှင် မင်းသားနှင့်တူသော စက္ခု-ဝိညာဏ် = အမြင်စိတ်တခုအတွက် အခြံအရံမင်းချင်းယောကျ်ားအစေအပါးတို့နှင့်တူသော ယှဉ်ဖော်ယှဉ်ဖက် စေတသိက် ခုနစ်ပါး, ရာဇပလ္လင်နှင့်တူသော စက္ခုဝတ္ထု = စက္ခုဒွါရ = မျက်စိအကြည်ရုပ်, ပတ်ဝန်းကျင်ထီးနန်း မင်းခမ်းမင်းနားများနှင့် တူသော မျက်စိအကြည် ရုပ်ကလာပ်တွင်ပါသော ရုပ်တရားများထင်ရှားဖြစ်ပေါ်လာကြရ၏။ မင်းသားသည် ဖော်ပြရာပါ အခြံအရံ့ မင်းခမ်းမင်းနားတို့ကို လျှမ်းလျှမ်းတောက်အုပ်စိုးကာ မင်းစည်းစိမ်ကို သုံးဆောင်ခံစားသကဲ့သို့ စက္ခုဝိညာဏ် အမြင်စိတ်တည်းဟူသော မင်းသားသည်လည်း ဖော်ပြရာပါ ယှဉ်ဖော်ယှဉ်ဖက် စေတသိက်ခုနစ်ပါး အခြံအရံများနှင့်တကွ စက္ခုဒသကရုပ်ကလာပ်စသော မင်းခမ်းမင်းနား ရုပ်တရားများကို လျှမ်းလျှမ်းတောက်အုပ်စိုးကာ ရူပါရုံအရသာကို ခမ်းနားစွာ ခံစားသုံးဆောင်လေသည်။ (သောတဝိညာဏ် = အကြားစိတ် - စသည်တို့၌လည်း ဤနည်းကိုမှီ၍ သိရာ၏)။

လူတယောက်၏ တနေ့တာ လုပ်ငန်းရပ်များကို ပရမတ္ထမျက်စိဖြင့် ကြည့်ရှုဆင်ခြင်လျှင် မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိမှု, သိမှုတည်းဟူသော ဝိညာဏ်ခြောက်ပါး တရားသားသာဖြစ်ကြောင်း ကောင်းစွာ တွေ့ရှိနိုင်၏၊ ထိုသို့ဖြစ်လျှင် တနေ့လုံးအုန်းအုန်းကြွက် လျှမ်းလျှမ်းတက် ပြုမူပြောဆို ကြံစည်နေသမျှအလုပ်ကိစ္စမှန်သမျှ ဝိညာဏ်ခြောက်ပါး တရားသားဖြစ်ကြောင်းထင်ရှားလေပြီ။

"ထက်မြက်တေဇာ၊ သူ့ရှိန်ဝါကြောင့်၊ (ပ)၊ ခြောက်ပါးဝိညာဏ်စွမ်းရည်တည်း" ဟူသည်မှာ—ယင်းသို့ နေ့ရှိသမျှ လရှိသမျှ နှစ်ရှိသမျှ မပြတ်ဆက်ကာ ဝိညာဏ်ခြောက်ပါးတို့ ဒုန်းဒုန်းအုန်းကြွက် လျှမ်းလျှမ်းတက် ဖြစ်ပွါးနေခြင်း အလုပ်လုပ်နေခြင်းဖြစ်ရကား ထိုဝိညာဏ်ခြောက်ပါး၏ တန်ခိုးတေဇာ အရှိန်အဝါသတ္တိကြောင့် ငါပဲ, သူပဲ, လူပဲ, နတ်ပဲ, ငါမြင်သည်, ငါကြားသည်, ငါနမ်းရှူသည်, ငါစားသည်, ငါထိသည်, ငါသိသည်, သူ

WWW.DHAMMARANSI.COM



မြင်သည်, သူကြားသည်-အစရှိသည်ဖြင့် အဖုံဖုံ အနဲနဲ အထင်လွဲမှုတွေ ပေါ်လာရလေသည်။ ထိုသို့ အထင်လွဲမှုတွေပေါ်လာလျှင် အပါယ်ငရဲ-အစရှိသော ဝဋ်နွယ်များ ရှည်သည်ထက် ရှည်လျား ကြီးမားသည်ထက် ကြီးမား၍ လာလေတော့၏၊ ဤသို့ ဖြစ်ရခြင်းသည် ဝိညာဏ်ခြောက်ပါး၏ စွမ်းရည်တည်း-ဟု ဆိုလို၏။

## (၃) ဝိညာဏပစ္စယာ နာမရူပံ

ခြောက်ပါးဝိညာဉ်၊ စွမ်းရည်အင်ကြောင့်၊ မီးတွင်ရှိန်ဝါ၊ ထက်ကြပ်ပါသို့၊ မကွာတူကွ၊ ဖြစ်ပေါ်ကြသား၊ ဖဿ, ဝေဒနာ၊ စေတနာနှင့်၊ သညာ, ဝိတက်၊ ရောင်စုံယှက်သည်၊ အမျက်ကြောင်ဝယ်၊ ကြိုးစုံခြယ်သို့၊ အသွယ်အသွယ်၊ အနွယ်နွယ်လျှင်၊ ဆန်းကြယ်စွာလှ၊ နာမ်ကာယနှင့်...,၊ ဘူတ-ဟူပေ၊ မြေ, ရေ, လေ, မီး၊ ဓာတ်ကြီးလေးတန်၊ အမာခံလျက်၊ အရံရုပ်သေး၊ နှစ်ဆယ့်လေးတည့်၊ ပေါင်းထွေးမျှညီ၊ အဌဝီသ၊ ရုပ်ကာယ-ဟု၊ နာမ, ရူပ၊ ဓမ္မအပြား၊ ဤနှစ်ပါးလည်း၊ ထင်ရှားစုံစွာ၊ ပေါ်တုံလာ၍၊ နာနာကာယ၊ အနန္တလျှင်၊ ရူပရုပ်ဟန်၊ သဏ္ဌာန်အမူ၊ ဇာတ်မတူသည့်၊ လူအရပ်ရပ်၊ နတ်အထွေထွေ၊ ရေမျိုး, ကုန်းမျိုး၊ ကောင်းဆိုးယုတ်ညံ့၊ အကန့်ကန့်လျှင်၊ ခြားသန့်ပေါ်ယယ်၊ သောသောကြွယ်သည်၊ ၊ နှစ်သွယ်နာမ်ရုပ်စွမ်းရည်တည်း။ (အရဆောင်လေ)။

### မကျဉ်း မကျယ် အဓိပ္ပါယ်

ဘုန်းရှင်ကံရှင် မင်းသားတယောက် ပေါ်ပေါက်ဖြစ်ထွန်းလာလျှင် ထိုမင်းသား၏ ဘုန်းကံကြောင့်ပင် အခြံအရံ ပရိသတ်များ အသုံးအဆောင် ထီးနန်းစည်းစိမ် မင်းခမ်းမင်းနားများတို့ အရံသင့် ပေါ်ထွန်းဖြစ်ရှိလာရသကဲ့သို့ ထို့အတူပင် ဝိညာဏ်ခြောက်ပါး မင်းသားခြောက်ယောက်တို့ ပေါ်ပေါက်ဖြစ်ထွန်းလာသောအခါ ထို ဝိညာဏ်ခြောက်ပါးဟူသော အကြောင်းကြောင့်ပင် ထို ဝိညာဏ်တို့၏ အခြံအရံ အသင်းအပင်း ပရိသတ်

WWW.DHAMMARANSI.COM



အနေဖြင့် ယှဉ်ဖော်ယှဉ်ဖက် ထိုက်သက်ရာ စေတသိက်တရားများနှင့် ထိုဝိညာဏ်တို့၏ အသုံးအဆောင် ထီးနန်းမင်းခမ်းမင်းနားများနှင့် တူသော ရုပ်တရားတို့ ထင်ရှားဖြစ်ပေါ်လာကြလေတော့သည်။

**တတိယလက်ာ အစိပ္ပါယ်။** ။မီးဟုန်းဖြစ်ပေါ်လာလျှင် ထိုမီး၏ အရှိန်အဝါသည် ထက်ကြပ်ပါလာသကဲ့သို့၎င်း, အမျက်ခေါ်သော ကြောင်ကျောက်ဝယ် အဆင်းအရောင် အမျိုးမျိုးရှိသော ကြိုးအသွယ်သွယ်တို့ အနွယ်အနွယ် ထက်ကြပ်ပါလာသကဲ့သို့၎င်း ထိုအတူပင် ဝိညာဏ်ခြောက်ပါး ဖြစ်ပွါးလာသည်ရှိသော် ထိုဝိညာဏ်တို့၏ အစွမ်းသတ္တိကြောင့် အတူတကွ ဖြစ်ပျက်မျှသည့် ဖဿ = အာရုံကို တွေ့ထိကြိတ်နယ်မှုသဘော, ဝေဒနာ = အာရုံရသ အာရုံရည်ကို ပိုင်နိုင်စွာခံစားမှုသဘော, စေတနာ = ယှဉ်ဖော် ယှဉ်ဖက်တရားတို့ကို မိမိကိစ္စ၌ မလစ်မဟင်း ရွက်ဆောင်ကြအောင် လှုံ့ဆော် တိုက်တွန်းပေးမှုသဘော - ဤသို့စသည့် အလွန်ဆန်းကြယ်လှသော စေတသိက်ခေါ်သည့် နာမ်တရားများ, မဟာဘုတ်ကြီးလေးပါး ဥပါဒါရုပ် နှစ်ဆယ့်လေးပါးတည်းဟူသော ရုပ်တရားများ ထင်ရှားဖြစ်ပေါ်လာလေတော့၏။

ယင်းသို့ နာမ်ရုပ်နှစ်ပါး ထင်ရှားပြည့်စုံစွာ ဖြစ်ပေါ်လာသော အခါ အနန္တသတ္တဝါတို့မှာ ကိုယ်ကာယအမျိုးမျိုး ပုံပန်းသဏ္ဌာန် အမျိုးမျိုး အမှုအရာအမျိုးမျိုး ဇာတ်အနွယ်အမျိုးမျိုး လူအမျိုးမျိုး နတ်အမျိုးမျိုး ရေနေသတ္တဝါအမျိုးမျိုး ကုန်းနေသတ္တဝါအမျိုးမျိုး အမြက်စား အကောင်းစား သတ္တဝါ, အညံ့စားသတ္တဝါအမျိုးမျိုး ကွဲပြားကြကာ သူ့အမျိုးနှင့် သူ့ဇာတ်အနွယ် ခြားလျက်သန့်လျက် မရောနိုင် မတွက်နိုင်အောင် သောသောကြွက် ထင်ရှားဖြစ်ပွါးကြလေကုန်တော့သည်။

ဤ၌ သတ္တဝါတယောက်နှင့် တယောက် အယုတ်သဖြင့် ညီအစ်ကို မောင်နှမ ညီအမပင် ဖြစ်လင့်ကစား အဆင်း ပုံပန်းသဏ္ဌာန် စိတ်နေသဘောထားပ စ၍ အမှုအရာ မတူကြခြင်း, အထူးထူး အပြားပြား အဆန်းတကြယ်ဖြစ်ကြခြင်း၏ အကြောင်း

WWW.DHAMMARANSI.COM



ရင်းမှာ တဏှာနှင့်ယှဉ်သော စိတ်ဆန်းကြယ်မှု မတူမှုကြောင့် ဖြစ်လေသည်။ တဏှာက စိတ်နှင့်တွဲယှဉ်မိတွယ်ကာ အကြင်သို့ သဘောရှိသော အဆင်းပုံပန်းသဏ္ဌာန် စိတ်နေသဘောထားကို သာယာတပ်မက် နှစ်သက်၏၊ ထိုတဏှာ၏ လှုံ့ဆော်ချက်အရ ထိုတဏှာသာယာတပ်မက်နှစ်သက်သော အဆင်းပုံပန်းသဏ္ဌာန် စိတ်နေသဘောထားရှိသော ခန္ဓာကိုယ်ကို ရရှိဖို့ရန် ကောင်း, မကောင်းကံကို ပြုလေတော့၏ (=တဏှာဆန်းကြယ်သော ကြောင့် ကံဆန်းကြယ်သည်)။ ထိုပြုခဲ့သောကံက အမျိုးမျိုးဖြစ် လေသောကြောင့် ထိုကံအမျိုးမျိုး၏ အကျိုးခန္ဓာတို့ ဖြစ်ပွါးပေါ် ပေါက်လာသော အခါမှာလည်း ဘဝဂတိအမျိုးမျိုး ဇာတ် အမျိုးမျိုး အဆင်းပုံပန်းသဏ္ဌာန်အမျိုးမျိုး စိတ်နေသဘောထား အမျိုးမျိုး တယောက်နှင့်တယောက် မတူထူးခြား ကွဲပြားဆန်း ကြယ်စွာ ဖြစ်လာကြလေသည် (=ကံဆန်းကြယ်သောကြောင့် ဘဝဂတိ-စသည် အဆန်းတကြယ် ဖြစ်ပေါ်လာသည်) ဟု ဆိုလိုသည်။

### (၄) နာမရူပပစ္စယာ သဠာယတနံ

ထင်ရှားစွေ့စုံ၊ အပုံပုံလျှင်၊ တည်တုံ့နာမ်ရုပ်၊ ကိုယ်
သမုတ်သား၊ အထုပ်အထယ်၊ ကြီးငယ်ကာယ၊ ပေါ်ပြန်
ကလည်း၊ ဒွါရတွင်မည်၊ ဖိတ်ဖိတ်လည်သည်၊ အကြည်
ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်၊ အရိုးစီစဉ်၊ အမြင်-စက္ခု,၊
ကြားမှု-သောတ,၊ ဃာန-အနံ့,၊ လျက်ရန်-ဇိဝှါ,၊ ကာယ-
တွေ့ထိ,၊ အသိ-မနော၊ မရောမယှက်၊ တလက်လက်လျှင်၊
အမျက်စိန်ရည်၊ လဲ့လဲ့ကြည်သို့။ ခြောက်မည်အာရုံ၊ အလုံး
စုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ အကုန်ထင်၍၊
ဤရှင်, ဤလူ၊ ဤမူ နေ,လ၊ ရူပသဏ္ဌာန်၊ အသံအမျိုး၊
အခိုးလှိုင်ပျံ့၊ ရနံ့ထိုထို၊ အချို, အချဉ်၊ ဤလျှင်အပူ၊ ဤမူ
အအေး၊ အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ ငါ
မင်းပျိုဟု၊ အဆိုအထင်၊ အမြင်မှောက်မှား၊ စိတ်နေကြွား

WWW.DHAMMARANSI.COM



ဘို၊ တံခါးခြောက်သင်း၊ ကိုယ်လုံးလင်းသည်၊ ၊ခြောက်ခင်းမာတ်မှန် စွမ်းရည်တည်း။ (အရဆောင်လေ)။

ဤစာပိုဒ်မှ စ၍ လက်ာကိုအရင်းတည်ကာ အဓိပ္ပါယ်ကိုပေါင်း၍ ပြဆိုတော့အံ့—ဝိညာဏ်ကြောင့် ဖြစ်ပေါ်ကြသော ရူပကာယ, နာမကာယ=နှစ်ပါးတို့တွင် ရူပကာယ၏အာနုဘော်ကြောင့် မျက်စိအကြည်, နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်ဟူသော ရုပ်အကြည်ငါးပါးတို့ ဖြစ်ပေါ်လာကြကုန်၏။နာမကာယ၏ အာနုဘော်ကြောင့် မနောဟူသော စိတ်ဝိညာဏ်အကြည် ဖြစ်ပေါ်လာ၏။

သတ္တဝါလေးမျိုးရှိသည်— (၁) အဏ္ဍဇသတ္တဝါ= အဉ္စ်သန္ဓေတည်စွဲဖြစ်ပွါးသောသတ္တဝါ, (၂) ဇလာဗုဇသတ္တဝါ= အမိသားအိမ်၌ သန္ဓေတည်စွဲဖြစ်ပွါးသောသတ္တဝါ, (၃) သံသေဒဇသတ္တဝါ = ရေညှိစသည် ကြာပန်းစသည် အမြှုပ်အမှေး၌ သန္ဓေတည်စွဲဖြစ်ပွါးသောသတ္တဝါ, (၄) ဩပပါတိကသတ္တဝါ= ပဋိသန္ဓေတည်နေစအချိန်ကပင် တဆယ့်ခြောက်နှစ်အရွယ် အနှစ်နှစ်ဆယ်အရွယ် ကိုယ်ထည်ထင်ရှား ဖြစ်ပွါးသောသတ္တဝါ= ဤသို့ လေးမျိုးရှိကြသည်။

အုန်းသီး ထန်းသီး သရက်သီး ပိန္နဲသီး-စသော ခပ်သိမ်းသော အသီးတို့မှာ အချိန်ကျလျှင် အစေ့အိမ် အဆံအိမ်ပေါ်၍ အစေ့အဆံ တည်ချိန်ကျလျှင် တည်ကြထည့်ကြကုန်သကဲ့သို့ ထို့အတူ အဏ္ဍဇသတ္တဝါ, ဇလာဗုဇသတ္တဝါတို့မှာ ပဋိသန္ဓေ တည်နေပြီးနောက် ပဝတ္တိအခါ၌ မျက်စိ, နား, နှာ, လျှာဟူသော ရုပ်အကြည်လေးပါး ဖြစ်ချိန်ပေါ်ချိန် ကျသောအခါ မျက်စိအိမ်, နားအိမ်, နှာခေါင်းအိမ်, လျှာအိမ်တို့နှင့်တကွ အကြည်လေးပါးတို့ ထင်ရှား ဖြစ်ပေါ်၍ လာကြကုန်၏၊ အကြည်ရုပ်တည်းဟူသော အဆံထည့်၍ လာကြကုန်၏။ ကိုယ်အကြည်သည်မူကား ပဋိသန္ဓေ ဝိညာဏ်နှင့် အတူတကွပြိုင်လျက် တည်၍လာ၏။

WWW.DHAMMARANSI.COM



ဥပပတ်ပုဂ္ဂိုလ်,သံသေဒဇပုဂ္ဂိုလ်တို့၌ကား ရုပ်အကြည်ငါးပါး လုံးပင် ပဋိသန္ဓေစိတ်ဝိညာဏ်နှင့် အတူတကွပြိုင်လျက် ဖြစ်ပေါ် လာကြကုန်၏၊ မြဟ္မာတို့၌ကား ဃာနဓာတ်အိမ်, ဇိဝှါဓာတ်အိမ်, ကာယဓာတ်အိမ်တို့မှာ အိမ်သက်သက်သာ တည်ရှိကြကုန်၏၊ ပသာဒဓာတ်အကြည် မပါရှိကြကုန်။

သတ္တဝါတို့မှာ မျက်စိကိုဖြစ်စေတတ်သော အတိတ်ကံရှိသည်၊ ထိုကံကြောင့် ကမ္မဇရုပ်များ ဖြစ်ပေါ်လာကြသည်၊ ထို ကမ္မဇ မဟာဘုတ်ရုပ်တို့ကို မှီ၍ဖြစ်သော အကြည်ဓာတ်ရုပ်ကို မျက်စိ အကြည်ရုပ်ဟု ခေါ်၏၊ ထို့အတူ နားကိုဖြစ်စေတတ်သော ( ပ ) နှာခေါင်းကိုဖြစ်စေတတ်သော, လျှာကိုဖြစ်စေတတ်သော,ကာယ =ကိုယ်ကိုဖြစ်စေတတ်သော အတိတ်ကံရှိသည်၊ ထို အတိတ် ကံကြောင့် ကမ္မဇရုပ်များ ဖြစ်ပေါ်လာကြသည်၊ ထို ကမ္မဇ- မဟာဘုတ်ရုပ်တို့ကို မှီ၍ဖြစ်သော အကြည်ဓာတ်ရုပ်များကို နား အကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်ရုပ်ဟု ခေါ်၏။ (ဤကား ရူပကာယကြောင့် ရုပ်အကြည်အာယတန ငါးပါး ဖြစ်ပွါးကြောင်းတည်း)။

ဖဿ,ဝေဒနာ,စေတနာ-အစရှိသော စေတသိက်တရား နာမ- ကာယကြောင့် မနောအကြည်ဟူသော မနာယတနသည် ဖြစ်ပွါး လာ၏။ ဤမနောအကြည် = မနာယတနဟူသည်လည်း ပဓာန ဓာတ်မင်းဖြစ်သော စိတ်ဝိညာဏ်ပင်တည်း။ ထိုသို့ဖြစ်လျှင် "အမိ ကြောင့် သားသမီးဖြစ်သည်"ဟူသကဲ့သို့ "ဝိညာဏ်ကြောင့် နာမ် ရုပ်ဖြစ်သည်"ဟု ရှေး၌ဆိုပြီးဖြစ်၍ "သား သမီးတို့မှ အမိဖြစ်ပြန် သည်"ဟု ဆိုသကဲ့သို့ ဖြစ်ရာသည်မဟုတ်လော—ဟု မေးဖွယ်ရှိ၏။ အဖြေကား—သစ်စေ့မှ သစ်ပင်ဖြစ်၏၊ သစ်ပင်မှ တဖန်သစ်စေ့ ဖြစ်ပြန်၏၊ ထိုသို့ဖြစ်ရာ၌ ရှေးသစ်စေ့ကား တခြား၊ နောက်သစ် စေ့ကား တခြားတည်း။ ဤအတူပင် စေတသိက်နာမ်တရား ၅၂- ပါးရှိသည်တွင် ဝိတက်,ဝိစာရလွန်ကဲသောအခါလည်းရှိ၏၊ ဝီရိ- ယလွန်ကဲသောအခါလည်းရှိ၏၊ ပီတိလွန်ကဲသောအခါ, ဆန္ဒ လွန်ကဲသောအခါ, နွားငတ်ရေချ လောဘလွန်ကဲသောအခါ,

WWW.DHAMMARANSI.COM



ယမ်းပုံမီးကျ ဒေါသလွန်ကဲသောအခါလည်းရှိ၏၊ ဤသို့အစရှိ သည်ဖြင့် အသီးအသီး လွန်ကဲမိ လွန်ကဲရာ လွန်ကဲစွာဖြစ်ကြသော အလှည့်အလည်ရှိကြ၏၊ ထိုသို့ရှိရာ၌ ဝိတက်လွန်ကဲသောအခါ ဝိတက်လှုံ့ဆော်တိုင်း စိတ်ဝိညာဏ်သည် ရွှေဆောင် ရွှေသွား လမ်းညွှန်လမ်းပြအနေဖြင့် ဖြစ်ပေါ်လိုက်ပါ၍ လာရလေသည်။ ယင်းသို့ ဝိတက်,ဝိစာရ,လောဘ,ဒေါသ-အစရှိသော နာမ်တရား တို့၏ လှုံ့ဆော်ချက်ဖြင့် စိတ်ဝိညာဏ်တဖွားဖွား ရွှေသွားပြု၍ ဖြစ်ပေါ်ရသောအခါ စေတသိက် နာမ်တရားတို့ကြောင့် စိတ် ဝိညာဏ်ဟူသော မနာယတန ဖြစ်ပေါ်လာသည် မည်၏။ (တနည်း) "မီးကြောင့် လေဖြစ်သည်၊ လေကြောင့် မီးပွါးပြန် သည်"ဟူသကဲ့သို့ မီးနှင့်တူသော စိတ်ဝိညာဏ်ကြောင့် လေနှင့်တူ သော စေတသိက်နာမ်တရားတို့ ဖြစ်ပွါးကြ၍ ထိုလေနှင့်တူသော စေတသိက်နာမ်တရားတို့ကြောင့်ပင် မီးနှင့်တူသော စိတ်ဝိညာဏ် တရား အဆင့်ဆင့်ပွါးရပြန်လေသည်။

တနည်း—မြေ,ရေ,မီး,လေဟူသော = ဓာတ်ကြီး လေးပါးတို့ သည် အချင်းချင်း မကင်းရာမကင်းအပ်ဖြစ်ကြ၍ တပါးဖြစ်လျှင် အခြားသုံးပါးတို့ တပါတည်းဖြစ်ပေါ်ကြရသကဲ့သို့ ထို့အတူ ဝိညာဏ်ဖြစ်ပေါ်လျှင်လည်း ထိုက်သက်ရာစေတသိက်နာမ်တရား တို့ တပါတည်း ဖြစ်ပေါ်ကြရလေသည်၊ စေတသိက်နာမ်တရားစု ဖြစ်ပေါ်လျှင်လည်း စိတ်ဝိညာဏ် အမြဲပါဝင်ဖြစ်ပွါးရတော့၏။ (ဤကား နာမကာယကြောင့် စိတ်အကြည်မနာယတန ဖြစ်ပွါး ကြောင်းတည်း)။

သက်ရှိသတ္တဝါတို့သန္တာန်ဝယ် ဤအကြည်ခြောက်ပါး ထင် ရှားဖြစ်ကြရှိကြသောကြောင့်သာ အသုံးဝင်လေသည်၊ အကယ်၍ မရှိကြပါမူ ထင်းတုံးပမာ ဘာမျှအသုံးကျမည်မဟုတ်ချေ။ ထို အကြည်ခြောက်မျိုးကိုပင် ဒွါရခြောက်ပါး တံခါးခြောက်ပေါက် ဟူ၍လည်း ခေါ်ဆို၏။ ဒွါရဆိုသော်လည်း အပေါက်ဟင်းလင်း အာကာသတံခါးမျိုးဖြစ်၍ ဆိုသည်မဟုတ်၊ ဖန်တံခါး မှန်တံခါး များကဲ့သို့ ဖိတ်ဖိတ်လည်သော အကြည်တံခါးမျိုးသာဖြစ်ကြ၏။

WWW.DHAMMARANSI.COM



မျက်စိအကြည်သည် မျက်လုံးအိမ်မှာ ဖြစ်ပေါ်၏၊ နားအကြည်သည် နားတွင်းမှာ, နှာအကြည်သည် နှာခေါင်းတွင်းမှာ, လျှာအကြည်သည် လျှာအပြင်ပေါ်မှာ, ကာယအကြည်သည် တကိုယ်လုံး အတွင်းအပြင်မှာ အနှံ့အပြား ဖြစ်ပေါ်၏။ စိတ်ဝိညာဏ် မနောအကြည်ကား နှလုံးအိမ်တွင်းမှာ ဖြစ်ပေါ်၏။ ဤသည်ကိုပင် လက်ာ၌“အကြည်ခြောက်မျိုး၊ ကိုယ်လုံးဖြိုးလျက်”ဟု စပ်ဆိုလေသည်။

သစ်ကိုင်း သစ်ခက်ပေါ်၌ ငှက်နားသည်နှင့်တပြိုင်နက် အကိုင်းလှုပ်ခြင်း, မြေ၌အရိပ်ထင်ခြင်း = ဤနှစ်မျိုး တချိန်တည်းဖြစ်သကဲ့သို့ အဆင်းမျိုးစုံ ရူပါရုံသည် မျက်စိအကြည်, မနောအကြည် = ဤအကြည်နှစ်ချက်၌ တပြိုင်နက် ထင်ပြတိုက်ဆိုက်လေ၏၊ ထိုအခါ မြင်မှု = စက္ခုဝိညာဏ်ခေါင်းဆောင်လျက် စက္ခုဒွါရဝီထိစိတ်အစဉ် မနောဒွါရနောက်လိုက် ဝီထိစိတ်အစဉ်များ စိတ္တနိယာမအတိုင်း ဖြစ်ပွါးကြကာ ဤကား နေတည်း, ဤကား လ-တည်း, ဤကား လူတည်း,ဤကား နွားကျွဲ-စသည်တည်း— ဤသို့စသည်ဖြင့် မြင်ကြ,သိကြလေသည်။

ထို့အတူ မိုးသံ, လေသံ, စည်သံ, စောင်းသံ, လူသံ, နွားသံ-စသော အသံမျိုးစုံ သဒ္ဒါရုံတို့ နားအကြည်,မနောအကြည် = ဤအကြည်နှစ်ချက်၌ တပြိုင်နက် ထင်ပြတိုက်ဆိုက်လေ၏။ (ပ)။ မွှေးသောအနံ့,ပုပ်သောအနံ့-အစရှိသော အနံ့မျိုးစုံ ဂန္ဓာရုံတို့ နှာခေါင်းအကြည်,မနောအကြည် = ဤအကြည်နှစ်ချက်၌ တပြိုင်နက် ထင်ပြတိုက်ဆိုက်လေ၏။ အချို,အချဉ်-စသော ရသာမျိုးစုံ ရသာရုံတို့ လျှာအကြည်,မနောအကြည် = ဤအကြည်နှစ်ချက်၌ တပြိုင်နက် ထင်ပြတိုက်ဆိုက်လေ၏။ အပူအချမ်း အကြမ်းအနု အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံအစုသည် ကာယအကြည်, မနောအကြည် = ဤအကြည်နှစ်ချက်၌ တပြိုင်နက် ထင်ပြတိုက်ဆိုက်လေ၏။ ကြွင်းသော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံတို့နှင့်တကွ ဆိုအပ်ပြီးသည့် အဆင်း, အသံစသော အာရုံငါးမျိုး = ဤအာရုံခြောက်မျိုးလုံးပင် မနောအကြည်၌ ထင်ပြတိုက်ဆိုက်လာလေ၏၊ ထိုအခါ မနောဒွါရ ဝီထိ

WWW.DHAMMARANSI.COM



စိတ်အစဉ်များ ဖြစ်ပွါးကြကာ သိမှုအမျိုးမျိုး တဖြိုးဖြိုး ဖြစ်ပွါးလာလေသည်။ ဤကိုရည်၍ လင်္ကာ၌ "အရိုးစိစဉ်၊ အမြင်-စက္ခု၊ (ပ)၊ အတွေးအသိ၊ ပြည့်စုံဘိ၍"ဟု စပ်ဆိုလေသည်။

ထိုသို့ မြင်မှု, ကြားမှု, နံမှု, လျက်မှု, တွေ့ထိမှု, သိမှု ကြံဖန်မှုတို့ နေ့ညဉ့်မစဲ တသသဖြစ်ပွါးနေခြင်းကြောင့်ပင် ပုထုဇန်သတ္တဝါတို့၏သန္တာန်၌ "ငါမြင်သည်, ငါကြားသည်, ငါနမ်းရှူသည်, ငါစားသည်, ငါတွေ့ထိသည်, ငါသိသည်, ငါကြံသည်, ငါမိုက်သည်, ငါလိမ္မာသည်"—ဤသို့စသည်ဖြင့် သက္ကာယဒိဋ္ဌိငရဲအိုးကြီးထဲမှာ လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယ-စသော အကုသိုလ်ငရဲမီးလျှံတို့သည် တဟုန်းဟုန်းတောက်လောင်၍ နေကြကုန်၏။ တံခါးကြီးခြောက်ပေါက်မှာပင် အကုသိုလ်ငရဲမီးများ တကိုယ်လုံး လင်း၍နေ၏။ ဤသို့ဖြစ်ခြင်းမှာ အာယတနခြောက်သင်း၏ အစွမ်းကြောင့် ဖြစ်လေသည်။ ထို့ကြောင့် လင်္ကာ၌ "အတွေးအသိ၊ ပြည့်စုံဘိ၍၊ ငါ၏ဤကိုယ်၊ (ပ)၊ ခြောက်ခင်းဓာတ်မှန် စွမ်းရည်တည်း"ဟု စပ်ဆိုလေသည်။

## (၅) သဠာယတနပစ္စယာ ဖဿော

ဓာတ်မှန်အကြည်၊ ခြောက်မျိုးတည်က၊ ခြောက်မည့်အာရုံ၊ အလုံးစုံလည်း၊ ပုံသဏ္ဌာန်ရိပ်၊ နိမိတ်အသွင်၊ ကိုယ်လုံးထင်၍၊ ဝိညာဉ်ခြောက်ဆင့်၊ ဖွားဖွားပွင့်က၊ နှိုင်းသင့်တူမျှ၊ ပုမာပြမူ၊ သိကြွခစက်ရှိန်၊ လက်လက်ထိန်သား၊ ဝရဇိန်သွား၊ ရွှပ်ရွှပ်ဝါးသို့၊ ခြောက်ပါးဖဿ၊ ဖြန်းဖြန်းထ၍၊ ရသခြောက်မည်၊ အာရုံရည်ကို၊ ကြိတ်နည်သောအား၊ တွေ့ထိခြားက၊ ဤကားဇာဠ၊ အနိဋ္ဌနှင့်၊ ဤမျှမကောင်း၊ ဤမျှကောင်းဟု၊ အကြောင်းသွေးဆော်၊ အရေးပေါ်လျက်၊ ခြောက်ဖော်အာရုံ၊ ရသဂုဏ်တို့၊ အကုန်ပေါ်ထွက်၊ ရွှမ်းရွှမ်းတက်၍၊ မက်ဖွယ်မုန်းဖွယ်၊ အနှုန်းခြယ်သည့်၊ ခြောက်သွယ်ဖဿ စွမ်းရည်တည်း။ (အရဆောင်လေ)။

WWW.DHAMMARANSI.COM



အဓိပ္ပါယ်ကား—သဠာယတနခေါ်သော ဖော်ပြရာပါ ခြောက်ပါး ဒွါရ=ဒွါရ ခေါ်သော ခြောက်ပါး မှန်အကြည်ခြောက်မျိုးတို့ ဤကိုယ်ခန္ဓာ၌ သူ့နေရာနှင့်သူ တည်ကြဖြစ်ပွါးကြသည်ရှိသော် မှန်အပြင်၌ အရိပ်ထင်သကဲ့သို့ စက္ခု-ဒွါရ = မျက်စိခေါ်မှန်အကြည်၌ အဆင်းမျိုးစုံ ရူပါရုံတို့ ပုံသဏ္ဌာန်အရိပ် နိမိတ်အသွင် ထင်လာကြ၏၊ သောတဒွါရ = နားခေါ်မှန်အကြည်၌ အသံမျိုးစုံ သဒ္ဒါရုံတို့ ပုံသဏ္ဌာန်အရိပ် နိမိတ်အသွင် ထင်လာကြ၏၊ ဃာနဒွါရ = နှာခေါင်းခေါ်မှန်အကြည်၌ အနံ့မျိုးစုံ ဂန္ဓာရုံတို့ ပုံသဏ္ဌာန်အရိပ် နိမိတ်အသွင် ထင်လာကြ၏၊ ဇိဝှါဒွါရ = လျှာခေါ်မှန်အကြည်၌ ရသာမျိုးစုံ ရသာရုံတို့ ပုံသဏ္ဌာန်အရိပ် နိမိတ်အသွင် ထင်လာကြ၏၊ ကာယ-ဒွါရ = ကိုယ်ခေါ်မှန်အကြည်၌ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံတို့ ပုံသဏ္ဌာန်အရိပ် နိမိတ်အသွင် ထင်လာကြ၏၊ မနောဒွါရ = စိတ်ဝိညာဏ်ခေါ်မှန်အကြည်၌ အာရုံခြောက်ပါးတို့ ထိုက်သည်အားလျော်စွာ ပုံသဏ္ဌာန်အရိပ် နိမိတ်အသွင် ထင်လာကြ၏။

ထိုသို့ ထိုထိုဆိုင်ရာဒွါရ၌ ဆိုင်ရာအာရုံတို့ ထင်ကြသောအခါ (မီးခတ်သံနှင့် မီးခတ်ကျောက်တို့ ခတ်မိတိုက်မိသောအခါ မီးပွါးများပွင့်သကဲ့သို့) မြင်မှု, ကြားမှု, နံမှု, လျက်မှု, ထိမှု, သိမှုတည်းဟူသော ဝိညာဏ်ခြောက်ပါးတို့ ဆိုင်ရာဒွါရ၌ တဖွားဖွား ပွင့်၍ ဖြစ်၍ လာကြလေ၏။

ထိုသို့ ဒွါရ, အာရုံ, ဝိညာဏ် = သုံးပါးတို့ ပေါင်းဆုံမိခြင်းကို အကြောင်းပြု၍ စက္ခုဒွါရ = မျက်စိအကြည်, အဆင်းရူပါရုံ, မြင်မှု = စက္ခုဝိညာဏ် = ဤသုံးပါးပေါင်းဆုံမိခြင်းကြောင့် စက္ခုသမ္ဖ-ဿ = မျက်စိအတွေ့ ဖြန်းဖြန်းထ၍လာလေသည်၊ သောတဒွါရ = နားအကြည်, အသံ = သဒ္ဒါရုံ, ကြားမှု = သောတဝိညာဏ် = ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် သောတသမ္ဖဿ = နားအတွေ့ ဖြန်းဖြန်းထ၍ လာလေသည်၊ ဃာနဒွါရ = နှာခေါင်းအကြည်, ဂန္ဓာရုံ = အနံ့မျိုးစုံ, နံမှု = ဃာနဝိညာဏ် = ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ဃာနသမ္ဖဿ = နှာခေါင်းအတွေ့ ဖြန်းဖြန်းထ၍ လာလေသည်၊ ဇိဝှါဒွါရ = လျှာအကြည်, ရသာ

WWW.DHAMMARANSI.COM



မျိုးစုံ = ရသာရုံ,လျက်မှု = ဇိဝှါဝိညာဏ် = ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ဇိဝှါသမ္ဖဿ = လျှာအတွေ့ ဖြန်းဖြန်းထ၍လာလေသည်၊ ကာယဒွါရ = ကိုယ်အကြည်,အတွေ့မျိုးစုံ=ဖောဋ္ဌဗ္ဗာရုံ, ထိမှု = ကာယဝိညာဏ် = ဤသုံးပါးတို့ ပေါင်းဆုံမိခြင်းကြောင့် ကာယသမ္ဖဿ = ကိုယ်အတွေ့ ဖြန်းဖြန်းထ၍ လာလေသည်၊ မနောဒွါရ = စိတ်အကြည်,အာရုံခြောက်မျိုးတို့တွင် တမျိုးမျိုး,သိမှု = မနောဝိညာဏ် = ဤသုံးပါး ပေါင်းဆုံမိခြင်းကြောင့် မနောသမ္ဖဿ = စိတ်အတွေ့ ဖြန်းဖြန်းထ၍ လာလေသည်။

ထိုဖဿခြောက်ပါးတို့သည် သိကြားလက်နက် ဝဇီရစိန်လက်နက်ကဲ့သို့ ဆိုင်ရာအာရုံများ၏ ဣဋ္ဌရသ = ကောင်းသောရသာရည်, အနိဋ္ဌရသ = မကောင်းသောရသာရည်များ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးကြလေသည်၊ စက္ခုသမ္ဖဿ = မျက်စိအတွေ့က စက္ခုဒွါရ၌ထင်လာသော ရူပါရုံအမျိုးမျိုး၏ ဣဋ္ဌရသ, အနိဋ္ဌရသများ ထင်ရှား ပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်နယ်ပေးလေသည်၊ ကျန်သော ဖဿ ငါးပါးကလည်း မိမိတို့ဆိုင်ရာ ဒွါရ၌ ထင်လာသော အာရုံတို့၏ ဣဋ္ဌရသ, အနိဋ္ဌရသများ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ် ကြိတ်နယ်ပေးလေသည်။ စက္ခုသမ္ဖဿ = မျက်စိအတွေ့က ရူပါရုံ အမျိုးမျိုးကို ဖိနှိပ်ကြိတ်ဝါးပေးသည့်အလား တွေ့ထိပေးမှုကြောင့် ထိုရူပါရုံအမျိုးမျိုးတို့အနက် ဣဋ္ဌရူပါရုံမှ ဣဋ္ဌရသရည်များ, အနိဋ္ဌရူပါရုံမှ အနိဋ္ဌရသရည်များ တဒီးဒီး ယိုစီး၍ကျသည့်အလား ထင်ရှားပေါ်လွင်လာလေသည်။ ထို့အတူ သောတသမ္ဖဿ = နားအတွေ့က သဒ္ဒါရုံအမျိုးမျိုးကို, (ပ)၊ ဃာနသမ္ဖဿ = နှာခေါင်းအတွေ့က ဂန္ဓာရုံအမျိုးမျိုးကို, ဇိဝှါသမ္ဖဿ = လျှာအတွေ့က ရသာရုံအမျိုးမျိုးကို, ကာယသမ္ဖဿ=ကိုယ်အတွေ့က ဖောဋ္ဌဗ္ဗာရုံအမျိုးမျိုးကို, မနောသမ္ဖဿ = စိတ်အတွေ့က မနောဒွါရ၌ ထင်လာသော အာရုံခြောက်ပါးတို့အနက် တမျိုးမျိုးကို ဖိနှိပ်ကြိတ်ဝါးပေးသည့်အလား တွေ့ထိပေးမှုကြောင့် ထိုအာရုံတို့အနက် ဣဋ္ဌအာရုံတို့မှ ဣဋ္ဌရသရည်များ, အနိဋ္ဌအာရုံတို့မှ အနိဋ္ဌရသရည်များ

WWW.DHAMMARANSI.COM



တဒီးဒီး ယိုစီး၍ကျသည့်အလား ထင်ရှားပေါ်လွင်လာလေသည်။ ဖသအားကောင်းလျှင် အားကောင်းသလောက် အာရုံ၏ ဣဋ္ဌ-ရသရည်များ အနိဋ္ဌရသရည်များ ထင်ရှားပေါ်လွင်၍လာကြလေသည်။ ယင်းသို့ ဣဋ္ဌရသရည်များ ထင်ရှားပေါ်လွင်လာသော အခါ အလိုရှိအပ်သောအရာဝတ္ထု ကောင်းသောအရာဝတ္ထု တပ်မက်ဖွယ်အရာဝတ္ထုဟူ၍ မှတ်ယူကြလေတော့၏၊ အနိဋ္ဌရသရည်များ ထင်ရှားပေါ်လွင်လာသောအခါ အလိုမရှိအပ်သော အရာဝတ္ထု မကောင်းသောအရာဝတ္ထု ရွံမုန်းဖွယ်အရာဝတ္ထုဟူ၍ မှတ်ယူကြလေတော့၏။

ဤကဲ့သို့ အလိုရှိအပ်သောအရာဝတ္ထု,အလိုမရှိအပ်သောအရာဝတ္ထု, ကောင်းသောအရာဝတ္ထု မကောင်းသောအရာဝတ္ထု, တပ်မက်ဖွယ်အရာဝတ္ထု ရွံမုန်းဖွယ် အရာဝတ္ထုဟူ၍ ခွဲမှတ်ယူရလေအောင် အာရုံ၏ ဣဋ္ဌရသရည်များ အနိဋ္ဌရသရည်များ ထင်ရှားပေါ်လွင်လာအောင် ဖိနှိပ်ကြိတ်ဝါးပေးသည့်အလား တွေ့ထိပေးမှုသည် ဖဿ၏ စွမ်းရည်သတ္တိဖြစ်လေသည်။

## (၆) ဖဿပစ္စယာ ဝေဒနာ

ဖဿခြောက်မည်၊ သူ့စွမ်းရည်ဖြင့်၊ ကြိတ်နည်သော
အား၊ စက်ရှိန်ဝါး၍၊ ခြောက်ပါးအာရုံ၊ မြေ့မြေ့တုန်လျက်၊
ခြောက်စုံရသ၊ အနိဋ္ဌနှင့်၊ ဣဋ္ဌဟူသည်၊ အရည်ဒီးဒီး၊
ယိုထွက်စီးသော်....။ ခုတ်သီးခြောက်ဖြာ၊ ဝေဒနာဟု၊
ထွေလာအထူး၊ ထွက်ပေါ်မြူး၍၊ ခြောက်ဦးရှမ်းစည်၊ အာ-
ရုံရည်ကို၊ မည်မည်ရရ၊ ခံစံကြမှ၊ သုခ, သုခ၊ သာ,
မသာနှင့်၊ ထွေလာများတောင်း၊ ကောင်း, မကောင်း
လည်း၊ ထောင်းထောင်း ငေါ်ငေါ်၊ သိထင်ပေါ်၍၊
ကောင်းသော် စိတ်ဝမ်း၊ ဖိတ်ဖိတ်လျှမ်းလျှင်၊ ရွှင်လန်း
နှလုံး၊ စွင့်စွင့်ပြုံး၏။ မုန်းဖွယ်တွေ့ကာ၊ ခြောက်သွေ့ နွမ်း
ညှိုး၊ နှလုံးဆိုး၍၊ အခိုးလူလူ၊ ပွက်ပွက်ဆူမျှ၊ ပူပူပင်ပင်၊
မရွှင်မလန်း၊ စိတ်ကုန်ခန်း၏။ ချမ်းသာသုခ၊ တခုမျှဩ၊

WWW.DHAMMARANSI.COM



လောကအထူး၊ အကုန်စုံ၏။ ပုပ္ပရူပ၊ မြင်သမျှလည်း၊ သုခ ဖွဲ့ချည်း၊ လုံ့လသည်း၏။ အရည်းသူမြတ်၊ ပရမတ်ကို၊ ချန်လှပ်ဖယ်ရှား၊ အလွတ်ထား၍၊ အများလောက၊ ရှိသမျှကို၊ ဒုက္ခပွါးမှု၊ များစွာပြုသည်၊ ၊သုခဝေဒနာစွမ်း ရည်တည်း။ (အရဆောင်လေ)။

၀

အာရုံခြောက်ပါး ရှိကြသည့်အနက် ဆိုင်ရာဖဿတို့က ဖိနှိပ်ကြိတ်ဝါးပေးမှုကြောင့် အာရုံတပါးတပါး တမျိုးတမျိုးမှ ဣဋ္ဌရသရည်, အနိဋ္ဌရသရည် တစုံစီတစုံစီ ပေါ်ထွက်လာကြောင်း ထင်ရှားသိသာပြီ၊ ဒွါရခြောက်မည် အကြည်ခြောက်ပါးတို့၌ ဆိုင်ရာအာရုံတို့ တိုက်ဆုံထင်ကြသောအခါ မီးပွင့်မီးပွါးပမာ ဖြစ်ပေါ်လာသော စိတ်ဝိညာဏ်ခြောက်ပါးတို့သည် မြင်ရုံ, ကြားရုံ, နံရုံ, လျက်ရုံ, ထိရုံ, သာမန်သိရုံသာ စွမ်းနိုင်ကြ၏၊ ထို့ထက်ပိုလွန်၍ ကောင်းမကောင်းဟူသော ဣဋ္ဌရသ အနိဋ္ဌရသများ ပေါ်ထွက်လာအောင်ကား ဝိညာဏ်ခြောက်ပါးတို့က မစွမ်းနိုင်ကြချေ။ အာရုံ၏ ဣဋ္ဌရသရည် အနိဋ္ဌရသရည်များ တဒီးဒီး ယိုစီး၍ထွက်လာသကဲ့သို့ ထင်ရှားပေါ်ထွက်လာအောင် ဖိနှိပ်ကြိတ်ဝါးပေးမှုကား ဖဿခြောက်ပါး၏ အလုပ်သာလျှင် ဖြစ်၏။ ယင်းသို့ ဖဿခြောက်ပါးတို့က ဆိုင်ရာအာရုံများကို ဖိနှိပ်ကြိတ်ဝါးပေးမှုကြောင့် အာရုံက ဣဋ္ဌမျိုးဖြစ်၍ ဣဋ္ဌရသရည်များ ပေါ်ထွက်လာသောအခါ ထိုအာရုံ၏ ဣဋ္ဌရသရည်ကို မည်မည်ရရ(မယ်မယ်ရရ) ခံစားသုံးဆောင်သော သုခသောမနဿ ဝေဒနာခေတ်ကြီးတို့သည် တဖွားဖွား ဖြစ်ပေါ်လာ၍ အာရုံ၏ အရသာကို မြိန်ရှက်စွာ ခံစားကြလေကုန်၏၊ အာရုံက အနိဋ္ဌမျိုးဖြစ်၍ အနိဋ္ဌရသရည်များ ပေါ်ထွက်လာသောအခါ ထိုရသာရည်ကို မသာမယာ ဆင်းရဲပင်ပန်း ညှိုးနွမ်းစွာ မယ်မယ်ရရ ခံစားသုံးဆောင်သော ဒုက္ခဒေါမနဿဝေဒနာခေတ်ကြီးတို့သည် တဖွားဖွားဖြစ်ပေါ်၍လာကြကုန်၏။ ဤအနက်ကိုပင် ရည်ရွယ်၍ ပါဠိတော်၌ "ဖဿပစ္စယာ ဝေဒနာ = ဖဿခြောက်ပါးကြောင့် ဝေဒနာခြောက်ပါးတို့ ထင်ရှားဖြစ်ကြကုန်၏"ဟု ဟောတော်မူသည်။

WWW.DHAMMARANSI.COM



(ဤ၌။ ။သုခဝေဒနာဟူသည်မှာ ကာယိကသုခ=ကိုယ်ချမ်းသာမှုကို ဆိုသည်။ သောမနဿဝေဒနာဟူသည်မှာ စေတသိကသုခ= စိတ်ချမ်းသာမှုကို ဆိုသည်။ ဒုက္ခဝေဒနာဟူသည်မှာ ကာယိကဒုက္ခ=ကိုယ်ဆင်းရဲမှုကို ဆိုသည်။ ဒေါမနဿဝေဒနာ ဟူသည်မှာ စေတသိကဒုက္ခ=စိတ်ဆင်းရဲမှုကို ဆိုသည်။ ရံခါ သုခနှင့် သောမနဿကို ပေါင်း၍ သုခဝေဒနာဟူ၍၎င်း, ဒုက္ခနှင့် ဒေါမနဿကို ပေါင်း၍ ဒုက္ခဝေဒနာဟူ၍၎င်း ရေးသားခေါ်ဝေါ်ပြောဆိုအပ်၏။

ဝေဒနာသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ သုံးမျိုးရှိသော်လည်း ဤယခုလက်ာ၌ အကုသိုလ်ဥပေက္ခာနှင့် အကုသလဝိပါက်ဥပေက္ခာတို့ကို ဒုက္ခ၌သွင်း၍ ဆိုထားသည်၊ ကုသိုလ်ကြိယာ ဥပေက္ခာနှင့် ကုသလဝိပါက်ဥပေက္ခာတို့ကို သုခ၌သွင်း၍ ဆိုထားသည်ဟု အထူးမှတ်ယူထားရာ၏။

ဤလက်ာ၏ အနက်အဓိပ္ပါယ်အကျယ်ကို ပဋိစ္စသမုပ္ပါဒဒီပနီကျမ်း၌ ကြည့်ရှုဖြစ်အောင် ကြည့်ရှုရာ၏၊ ဤကျမ်း၌ကား လက်ာအဓိပ္ပါယ် ဆက်စပ်မိရုံမျှ ဖော်ပြရေးသားပေအံ့၊ နောက်နောက်လက်ာတို့၌လည်း ဤနည်းအတူတည်း)။

ခေတ်ကြီးခြောက်ဖြာ ဝေဒနာ-ဟူသည်မှာ (၁) စက္ခုသမ္ဖဿဇာဝေဒနာ = မျက်စိ အတွေ့ကြောင့် ဖြစ်သော ဝေဒနာ၊ (၂) သောတသမ္ဖဿဇာဝေဒနာ = နား အတွေ့ကြောင့် ဖြစ်သော ဝေဒနာ၊ (၃) ဃာနသမ္ဖဿဇာဝေဒနာ = နှာခေါင်း အတွေ့ကြောင့်ဖြစ်သောဝေဒနာ၊ (၄) ဇိဝှါသမ္ဖဿဇာဝေဒနာ = လျှာ အတွေ့ကြောင့်ဖြစ်သောဝေဒနာ၊ (၅) ကာယသမ္ဖဿဇာဝေဒနာ=ကိုယ်အတွေ့ကြောင့်ဖြစ်သောဝေဒနာ၊ (၆) မနောသမ္ဖဿဇာဝေဒနာ = စိတ်အတွေ့ကြောင့်ဖြစ်သောဝေဒနာ = ဤဝေဒနာခေတ်ကြီး ခြောက်ပါးကို ဆိုလိုသည်။

အာရုံ၏အရသာကို ထိုဝေဒနာခေတ်ကြီးများကသာ ပိုင်နိုင်စွာ ခံစားကြလေသည်၊ ထို့ကြောင့် လက်ာ၌ "မည်မည်ရရ၊ ခံစံကြမှု" ဟု စပ်ဆိုလေသည်။ ထိုသို့ ဝေဒနာခေတ်ကြီးများက အာရုံ၏ အရသာကို ပိုင်နိုင်စွာ ခံစားကြသောအခါ တင့်တယ်သည်, မတင့်တယ်သည်, သာယာဖွယ်ရှိသည်, မရှိသည်, ကောင်းသည်,

WWW.DHAMMARANSI.COM



မကောင်းသည်-စသော အသိအထင် အမှတ်များ တထောင်းထောင်းဖြစ်ပေါ်၍လာပြီးလျှင် ကောင်းသောအာရုံဖြစ်က ကိုယ်စိတ်နှစ်ပါး ရွှင်အားမဆုံး တပြုံးပြုံးဖြစ်၍နေကြ၏၊ မုန်းဖွယ်အာရုံ မကောင်းသောအာရုံဖြစ်က ခြောက်သွေ့နွမ်းညှိုး နှလုံးသိုးလျက် အခိုးတလူလူထွက်မျှ တပူပူတပင်ပင် ခံစားကြရ၏။

လောကလူအပေါင်းတို့၏ တခုတည်းသောရည်ရွယ်ချက်ကား ချမ်းသာသုခ ဝေဒနာဓာတ်ကြီးကို ရဖို့ရန်သာတည်း၊ ပုပုရွရွ မြင်သမျှကို လုံ့လကြိုးကုတ် တလှုပ်လှုပ်ဖြင့် အားထုတ်၍ နေကြသမျှသည် ချမ်းသာသုခ ဝေဒနာဓာတ်ကြီးကို ရဖို့ရန် လုံ့လအားသည်း၍ နေကြခြင်းသာဖြစ်သည်။ ဤသုခဝေဒနာဓာတ်ကြီးကား အရိယာ သူမြတ်များကို ချန်လှပ်ထား၍ အများသော ပုထုဇန်လောကကို ဒုက္ခပွါးအောင် ပြုဆောင်တတ်ပေ၏၊ သူသူငါငါ အဆင်းရဲခံ၍ ပြုလုပ်နေကြသမျှသည် ထိုသုခဝေဒနာကို ရလိုသောကြောင့်သာဖြစ်၏၊ အယုတ်သဖြင့် မိမိကိုယ်ကို သေစေလို၍ အဆိပ်မျိုသောသူ, ကြိုးဆွဲချသောသူ, ရေထဲခုန်ချသောသူ, လက်နက်ဖြင့် သတ်သောသူတို့သည်လည်း "သေမှ ချမ်းသာမည်၊ သေမှ အေးမည်" ဟု ချမ်းသာသုခကို ရလိုသောကြောင့် ထိုသို့ပြုလုပ်ကြလေသည်။

## (၇) ဝေဒနာပစ္စယာ တဏှာ

သုခဝေဒနာ၊ စွမ်းရည်ဖြာ၍၊ ရသာမြိန်ရှမ်း၊ အစိမ့်မှန်းက၊ သွန်းသွန်းဆူကြွ၊ ထိုသုခ၌၊ ပိယ-ဟူသား၊ အချစ်ပွါး၍၊ ခြောက်ပါးဝေဒနာ၊ မြိန်ရှက်စွာကို၊ လွယ်ကာမနေး၊ လိုတိုင်းပေးသည်၊ သူဌေးရတနာ၊ ပမာအလား၊ ကြင်မယားနှင့်၊ ဝတ်စားရွှေငွေ၊ လယ်မြေလုပ်ခင်း၊ ထမင်းဘောဇဉ်၊ သဘင်ပွဲလမ်း၊ အခဏ်းခဏ်းတည့်၊ ပန်းမျိုးနံ့သာ၊ အဖြာဖြာလျှင်၊ ရူပါရမ္မဏာ၊ စသည်အပုံ၊ ပဥ္စာရုံနှင့်၊ ခြောက်စုံဖသာ၊ စက္ခု-စသား၊ ဒွါရခြောက်မည်၊ အကြည်အလင်း၊ ကိုယ်တွင်းဓာတ်နု၊ အစုစုလျှင်၊ ဗဟုဘေဒါ၊ များပြားစွာသည်၊ ဓမ္မာရမ္မဏာ၊ ကာမဝတ္ထု၊ အစုအပုံ၊

WWW.DHAMMARANSI.COM



ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တများများ၊ နေ့စဉ်ပွါး၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြပဲ၊ ကာမထောင်တွင်း၊ ခန္ဓာကင်းသည်၊ ၊ခြောက်သင်းတဏှာ စွမ်းရည်တည်း။ (အရဆောင်လေ)။

အဆင်းရူပါရုံကို မြင်သောအခါ စက္ခုသမ္ဖဿ = မျက်စိအတွေ့၏ အာနုဘော်ကြောင့် ထိုအာရုံမှ ရှုချင်ဖွယ်ကောင်းသောဇာဇ္ဇရသသည် ပေါ်ထွက်၍လာ၏။ ထိုအခါ ထိုအာရုံမှ ပေါ်ထွက်၍လာသော ဇာဇ္ဇရသကို "ကောင်းစွ ကောင်းစွ၊ လှပတင့်တယ်စွ" ဟု ခံစား စံစားသော စက္ခုသမ္ဖဿဇာ = မျက်စိ အတွေ့ကြောင့်ဖြစ်သော သုခဝေဒနာသည် စိတ်သန္တာန်အစဉ်မှာ ရသာမြိန်ရှမ်း အစိမ့်မွှန်းလျက် သွန်းသွန်းဆူကြွ ဖြစ်ပေါ်၍လာလေ၏။ ထိုအခါ ခြောက်သွေ့သောထမင်းကို ထောပတ်ရည် ဆမ်းလိုက်သကဲ့သို့ စိတ်အစဉ် ရွှမ်းရွှမ်းစို၍လာ၏။ ညှိုးနွမ်းနေသော ပဒုမာကြာကို သီတာရေချမ်း ဆွတ်ဖျန်းပေးလိုက်သဖြင့် လန်းဆန်းဖွံ့ဖြိုး၍လာသကဲ့သို့ စိတ်သန္တာန်အစဉ် ရွှင်လန်းဖွံ့ဖြိုး၍ လာ၏၊ မျက်နှာရုပ် ရွှမ်း၍, စို၍, အသွေးအရည်တက်၍လာ၏။ ထိုသို့ စက္ခုအပြင် စိတ်အစဉ်မှာ ရွှမ်းရွှမ်းစိုတက်၍လာသော ထိုသုခဝေဒနာသည် မျက်စိအရသာခံမှု, မျက်စိမြိန်ရှက်မှု, မျက်စိဆိမ့်အိမ့်မှု မည်၏။ (အသံ = သဒ္ဒါရုံကို ကြားသောအခါ, အနံ့ = ဂန္ဓာရုံကို နမ်းရှူသောအခါ-စသည်တို့၌ နားအရသာခံစားမှု, နှာခေါင်းအရသာခံစားမှု, နားနှာခေါင်းမြိန်ရှက်မှု, နားနှာခေါင်း ဆိမ့်အိမ့်မှု-စသည်တို့ကိုလည်း ဤနည်းအတူ အာရုံခြောက်ပါးစုံအောင် သိရှိမှတ်ယူရာ၏)။

ထိုသို့ သုခဝေဒနာခြောက်မျိုး ဖြစ်ပွါး၍ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် မြိန်ရှက်မှု ဆိမ့်အိမ့်မှုများ ဖြစ်ပွါးသောအခါ အစိမ့်ခံလိုသော မြိန်ရှက်မှုကို ရယူလိုသော တဏှာရာဂဝေတ်ကြီးခြောက်မျိုးသည် တဖွားဖွား ဖြစ်ပေါ်၍လာလေ၏။ ထိုအကြောင်းကို ပါဠိတော်၌ "ဝေဒနာပစ္စယာ တဏှာ = ဝေဒနာဟူသော အကြောင်းကြောင့် တဏှာခြောက်ပါး ဖြစ်ပွါးလာကြ၏" ဟု

WWW.DHAMMARANSI.COM



ဟောတော်မူသည်။ တဏှာခြောက်ပါး ဟူသည်မှာ ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မ-တဏှာ = ဤခြောက်ပါးတို့တည်း။

သတ္တဝါတို့သည် အသက်ခန္ဓာကို တွယ်တာကြရင်း ဖြစ်ကုန်၏၊ ထိုသို့ အသက်ခန္ဓာကို တွယ်တာကြသောကြောင့် အသက်ကို တည်စေနိုင်သော ထမင်းကိုရင်း, ထမင်းဖြစ်ကြောင်းဆန်ကိုရင်း, ဆန်ဖြစ်ကြောင်း စပါးကိုရင်း, စပါးဖြစ်ကြောင်း နွား, ကျွဲ, လယ်ယာ, မိုးမြေကိုရင်း တွယ်တာကြရကုန်၏။ ထို အလုံးစုံကို တွယ်တာမှုကြောင့် ထို အလုံးစုံကို ရယူနိုင်ကြောင်းဖြစ်သည့် ငွေကြေးကို တွယ်တာကြရကုန်၏။ ဤသို့လျှင် တဏှာလောဘ သည် ဝတ္ထုတခုကို အရင်းပြုကာ တွယ်တာမိလျှင် ထိုတွယ်တာ အပ်သော ဝတ္ထုတခုနှင့် စပ်လျဉ်းသမျှ အရာမက, အထောင်မက အဆင့်ဆင့်တွယ်တာမှု ပြန့်ပွါး၍ သွားလေတော့၏။ ထို့အတူ စက္ခုသမ္ဘဿဇာဝေဒနာတည်းဟူသော မျက်စိအရသာ တခုကို တွယ်တာတပ်မက်မိသည့်အတွက် ထိုမျက်စိအရသာကို ပေးစွမ်း နိုင်သည့် ကောင်းသောအဆင်း = ရူပါရုံကိုရင်း, ထိုအဆင်းနှင့် ပြည့်စုံသည့် သက်ရှိ သက်မဲ့ဝတ္ထု အစုစုကိုရင်း, ထို ဝတ္ထုနှင့် စပ်လျဉ်းသမျှတို့ကိုရင်း တွယ်တာတပ်မက်မှု အဆင့်ဆင့်ပွါး၍ ပွါး၍ သွားလေတော့၏။ (သောတသမ္ဖဿဇာဝေဒနာ-အစ ရှိသော နားအရသာ, နှာခေါင်းအရသာ, လျှာအရသာ, ကိုယ် အရသာ, စိတ်အရသာတို့ကို တွယ်တာတပ်မက်မိသည့်အတွက် ထိုအရသာတို့ကို ပေးစွမ်းနိုင်သည့် ကောင်းသောအသံ = သဒ္ဒါ-ရုံ, အနံ့ = ဂန္ဓာရုံ-စသည် စပ်လျဉ်းသမျှတို့ကို တွယ်တာတပ်မက်မှု အဆင့်ဆင့်ပွါး၍ ပွါး၍ သွားပုံကိုလည်း ဤနည်းအတူ မှတ်ယူ ရာ၏)။

ထိုသို့ ပညတ်နယ်ပယ် အထည်ဝတ္ထု အမည်အမျိုး-စသည့် အားဖြင့် များပြားကျယ်ဝန်းလှသော တဏှာလောဘ၏ အာရုံ စုကို ပရမတ္ထမျက်စိဖြင့် ချုပ်၍ကြည့်ရှုလျှင် အာရုံခြောက်ပါးသာ လျှင် ဖြစ်၏၊ ထို့ကြောင့် ထိုအာရုံခြောက်ပါးဖြင့်ချုပ်၍ ရူပတဏှာ,

WWW.DHAMMARANSI.COM



သဒ္ဒတဏှာ - စသည်ဖြင့် တဏှာခြောက်ပါးကို မြတ်စွာဘုရား ဟောကြားတော်မူအပ်လေသည်။ (လက်ဝဲ၌ ထိုအာရုံခြောက်ပါးကိုပင် စကြဝတေးမင်း၏ အလိုခပ်သိမ်းပေးနိုင်သော အသုံးတော်ခံ သူဌေးရတနာနှင့် ဥပမာထား၍ ရေးသားဖွဲ့ဆိုတော်မူအပ်လေသည်)။

ယင်းသို့ အာရုံခြောက်ပါး ကာမဝတ္ထု အစုစုသောတရားတို့၌ ခံ့မင်တပ်မက်မှု တဏှာလောဘတရား နှေ့စဉ်ပွါးနေကြသောကြောင့်ပင် သတ္တဝါတို့သည် နက်နဲသောတရားအချက်ကို အိပ်မက်တွင်မျှ မမြင်မက်ကြပဲ ကာမဝတ္ထုအစုစုတည်းဟူသော ကာမထောင်အတွင်း၌ပင် ခန္ဓာကင်းကြေ စုတေ စုတေ၍ သွားကြရလေသည်-ဟု ဆိုလိုသည်။

(ဂ) တဏှာပစ္စယာ ဥပါဒါန်

တဏှာခြောက်မည်၊ အရင်းတည်လျက်၊ အရှည်မျှားလျှား၊ အစဉ်ပွါးက၊ လေးပါးအမှန်၊ ဥပါဒါန်လည်း၊ ခန္ဓာကာယ၊ အစ္စတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံ၌၊ အကုန်နှီးရင်း၊ အစွဲပြင်း၏။ ၁-အသင်းပွါးများ၊ သား,မယားက၊ စသည်ဖြာဖြာ၊ မဆုံးရာသား၊ ကာမဝတ္ထု၊ စွဲလမ်းပြုသည်၊ ကာမုပါဒါန်....၊ ၂-တဖန်ထိုပြင်၊ မိစ္ဆာညာဉ်ဖြင့်၊ အမြင်ယွင်းဖောက်၊ အယူမှောက်သည်၊ ခြောက်ဆယ်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ....၊ ၃-တစ်ထိုမှ၊ ဂေါသီလကို၊ ဝဋ်မှထုတ်တတ်၊ စွဲထင်မှတ်သည်၊ သီလဗ္ဗတုပါဒါန်....၊ ၄-ခန္ဓာငါးပါး၊ တရားအစု၊ ဓာတ်အနုကို၊ ကိုယ်ဟုစွဲကပ်၊ အမြဲမှတ်သည်၊ အတ္တဝါဒုပါဒါန်....၊ အထန်အပြင်း၊ အစွဲတင်း၍၊ ဝဋ်ခင်းဝဋ်နယ်၊ ဝဋ်ပင်လယ်မှ၊ လွတ်ဖွယ်မအား၊ တမားမားသည်၊ ။လေးပါး ဥပါဒါန် စွမ်းရည်တည်း။ (အရဆောင်လေ)။

ဖော်ပြရာပါ တဏှာခြောက်ပါး တပ်မက်မှုတရားတို့ကို အားမရှိမီ နုစဉ်ကာလကပင် ပယ်နိုင်လျှင်ကောင်း၏၊ ထိုသို့ မပယ်နိုင်ပဲ

WWW.DHAMMARANSI.COM



နေ့ရှည်-လများ နှစ်ရှည်ပွါးလတ်သည်ရှိသော် မိမိ၏ အဇ္ဈတ္တ-ခန္ဓာကိုယ်နှင့်တကွ အပြင်အပ ဗဟိဒ္ဓဖြစ်သော ကာမဝတ္ထု ကာမအာရုံ အလုံးစုံတို့၌ အပြင်းအထန် တဏှာဖြင့်စွဲလမ်းမှု, ဒိဋ္ဌိဖြင့်စွဲလမ်းမှုဟူသော ဥပါဒါန်တရား လေးပါးတို့ ထင်ရှားဖြစ်ပေါ်လာတော့၏။ ဥပါဒါန်တရား လေးပါးတို့ဟူသည်မှာ ၁-ကာမုပါဒါန်, ၂-ဒိဋ္ဌုပါဒါန်, ၃-သီလဗ္ဗတုပါဒါန်, ၄-အတ္တဝါဒုပါဒါန် = ဤ လေးပါးတို့တည်း။

၁-ထိုလေးပါးတို့တွင် "ဖွတ်ကြီးလျှင် မိကျောင်း၊ မြွေကြီးလျှင် နဂါး" ဟူသကဲ့သို့ ရှေးဖော်ပြရာပါ တဏှာခြောက်ပါးသည်ပင် အစွဲအလမ်း အားကြီး ပြင်းထန်လာသောအခါ ကာမုပါဒါန်မည်၏။ (ဤ စကားရပ်ဖြင့် အားနည်းသော တဏှာ လောဘသည် တဏှာမည်၍ အဖြေရ အဖျောက်ရ ခက်အောင် အားကြီးပြင်းထန်သော တဏှာလောဘသည် ဥပါဒါန်မည်၏-ဟူ၍တဏှာအရနှင့် ကာမုပါဒါန်အရ အထူးကို သိမှတ်ရာ၏)။

၂-နိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါး (ဗြဟ္မဇာလသုတ်၌လာသော) ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိ-အစရှိသော အစွဲအလမ်းပြင်းသော မိစ္ဆာဒိဋ္ဌိစုသည် ဒိဋ္ဌုပါဒါန် မည်၏။ (နိယတမိစ္ဆာ-ဒိဋ္ဌိကြီးသုံးပါးတို့မှာ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိတို့တွင် ဥစ္ဆေဒဒိဋ္ဌိမျိုး၌ ပါဝင်သောကြောင့် လက်ာ၌ "ခြောက်ဆယ့်နှစ်ပါး၊ ပြားသည်ဒိဋ္ဌိ" ဟု စပ်ဆိုလေသည်)။ (မိစ္ဆာဒိဋ္ဌိ ၆၂-ပါးကို ဝိဋ္ဌကတ်မြန်မာပြန် သီလက္ခန်ကျမ်း၌ ကြည့်ရှုမှတ်ယူကုန်ရာ၏)။

၃-ဘုရားရှင်လက်ထက်တော်အခါက ပုဏ္ဏတက္ကတွန်း, သေ-နိယတက္ကတွန်းတို့ကဲ့သို့ နွားတို့၏အလေ့အကျင့်, ခွေးတို့၏အလေ့အကျင့်ကို သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်စေတတ်သော အလေ့အကျင့်ဟု အထင်မှား အမြင်မှား စွဲလမ်းမှု = မိစ္ဆာဒိဋ္ဌိသည် သီလဗ္ဗတုပါဒါန် မည်၏။ (ပုဏ္ဏတက္ကတွန်း, သေနိယတက္ကတွန်းတို့၏ အကြောင်းကို ပိဋကတ်မြန်မာပြန် မဇ္ဈိမပဏ္ဏာသ ကုက္ကုရ-ဝတိကသုတ်မှ ထုတ်နုတ်မှတ်ယူကုန်ရာ၏)။

WWW.DHAMMARANSI.COM



နွားတို့၏ အလေ့အကျင့်ဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်၏ဟု အယူမှားသော တက္ကတွန်းများကို ဂေါဝတိက တက္ကတွန်းများဟု ခေါ်၏၊ ထိုသူတို့၏ အယူမှာ—ရှေးရှေးဘဝတို့က ပြုခဲ့သမျှသော မကောင်းမှု ကံဟောင်းစုသည် ယခုဘဝ၌ နွားများကဲ့သို့ အနှမ်းအပါး အဆင်းရဲခံ၍ တဘဝလုံးကျင့်လျှင် နေ့စဉ်နေ့တိုင်း မကောင်းကျိုးကို ပေးရသဖြင့် ယခုဘဝ၌ပင် ရှေးမကောင်းမှု ကံဟောင်းစု ကုန်ဆုံးခြင်းသို့ ရောက်လေ၏။ ယခုဘဝမကောင်းမှု အသစ်လည်း မဖြစ်၊ ထိုသို့ ဖြစ်ခဲ့သော် မကောင်းမှုကံဟောင်း, မကောင်းမှုကံသစ် အလုံးစုံပင် မျိုးပြတ်လေတော့၏၊ အမြဲချမ်းသာသော သုခကို ရ၏-ဟု ယူသော အယူဖြစ်သည်။ ထိုအယူကို ယူ၍ ကျင့်သောသူသည် နွားသွားသကဲ့သို့ လေးဖက်တောက် သွား၏၊ နွားအိပ်သကဲ့သို့ အိပ်၏၊ ထမင်းအစာကိုပေးလျှင်လည်း နွားစားသကဲ့သို့ စား၏၊ နွားတို့၏ စိတ်နေကို အကုန်ယူ၍ ကျင့်၏၊ ထိုအကျင့်ကို ပေါ့ပေါ့ယူ၍ ပေါ့ပေါ့ကျင့်လျှင် သေသည်၏ အခြားမဲ့၌ နွားဖြစ်တတ်၏၊ တင်းတင်းပြင်းပြင်းယူ၍ တင်းတင်း ပြင်းပြင်းကျင့်လျှင် သေသည်၏အခြားမဲ့၌ ငရဲသို့ကျရောက်ရ၏။

ခွေးတို့၏ အလေ့အကျင့်ဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်၏ဟု အယူမှားသော တက္ကတွန်းများကို ကုက္ကုရဝတိကတက္ကတွန်းများ ဟု ခေါ်၏၊ ထိုသူတို့၏အယူမှာ—ခွေးတို့နှင့်တူစွာ သွား, လာ, နေထိုင်, စားသောက်, အိပ်မှုတည်း။ ခွေးတို့၏ စိတ်နေကို အကုန် ယူ၍ ကျင့်သုံးခြင်းတည်း။ ဤ အကျင့်လည်း ပေါ့ပေါ့ကျင့်လျှင် ခွေးဖြစ်ဖို့, တင်းတင်းပြင်းပြင်းကျင့်လျှင် ငရဲကျဖို့သာ ဖြစ်၏။

၄-အတ္တ = လိပ်ပြာ = ငါဟူ၍ အထင်မှား အမြင်မှားသော အားဖြင့်ဖြစ်သော သက္ကာယဒိဋ္ဌိ နှစ်ဆယ်တို့သည် အတ္တဝါဒုပါဒါန် မည်၏။ ခန္ဓာငါးပါးတို့ရှိရာဝယ် တပါးတပါး၌ သက္ကာယဒိဋ္ဌိ လေးမျိုးစီ ဖြစ်၏။ ရူပက္ခန္ဓာ၌ ၁-ရုပ်သည် အတ္တ = လိပ်ပြာ = ငါတည်းဟု ရုပ်နှင့်အတ္တ မကွဲမပြား အယူမှားမှုတပါး, ၂-နာမ် တရားကို အတ္တဟုမှတ်ယူကာ သစ်ပင်သည် အရိပ်ရှိသကဲ့သို့ အတ္တသည် ရုပ်ရှိ၏ဟု အယူမှားမှုတပါး, ၃-နာမ်တရားကိုပင်

WWW.DHAMMARANSI.COM



အတ္တဟုမှတ်ယူကာ ပန်းပွင့်၌ ရနံ့တည်သကဲ့သို့ အတ္တ၌ ရုပ်သည် တည်၏ဟု အယူမှားမှုတပါး၊ ၄-နာမ်တရားကိုပင် အတ္တဟု မှတ်ယူကာ ကြုတ်၌ ပတ္တမြားတည်သကဲ့သို့ ရုပ်၌ အတ္တ = လိပ်ပြာ တည်၏ဟု အယူမှားမှုတပါး = ဤသို့ ရူပက္ခန္ဓာနှင့်စပ်၍ သက္ကာ-ယဒိဋ္ဌိလေးပါး ဖြစ်ရှိလေသည်။ နာမ်ခန္ဓာလေးပါးတို့၌လည်း တပါးတပါးနှင့်စပ်၍ သက္ကာယဒိဋ္ဌိလေးပါးစီဖြစ်ရကား သက္ကာ-ယဒိဋ္ဌိနှစ်ဆယ်ဖြစ်၏။ ထိုသက္ကာယဒိဋ္ဌိနှစ်ဆယ်ကို အတ္တဝါဒုပါ-ဒါန်ဟူ၍ ခေါ်၏။

ဤဥပါဒါန်လေးပါး ဖြစ်ပွါးလာလျှင် ဝဋ်ခင်း ဝဋ်နွယ် ဝဋ် ပင်လယ်မှ ကျွတ်လွတ်ရန် မလွယ်ကူတော့ပဲ သံသရာဝဋ်ထဲမှာ တမားမား တဖားဖား တည်နေရလေတော့၏-ဟု ဆိုလိုသည်။

### (၉) ဥပါဒါနပစ္စယာ ဘဝေါ

စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ့်အတွက် ကြောင့်၊ သက်သတ်ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဆယ်ဘန်၊ အပြစ်လျှံ၏....။ တဖန်နောက်နှောင်း၊ ငါ လျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မြော် လျက်၊ သူတော်ဓလေ့၊ ရသေ့ရဟန်း၊ လှူဒါန်းဝေငှ၊ ပဥ္စင်နှင့်၊ အဋ္ဌအင်္ဂါ၊ ဒသင်္ဂါတည့်၊ လေးလီမြဟ္မ၊ ဝိဟာရချွန်၊ ဆယ်တန်ကုသိုလ်၊ အလိုင်းများစွာ၊ ဘာဝနာဟု၊ ဆယ် ဖြာပုည၊ ကုသလကို၊ လုံ့လကြိုးစား၊ ကောင်းကျိုးပွါး ၏....။ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ် သမျှ၌၊ ဇီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုးတရား၊ အရှည်ပွါးသည်၊ နှစ်ပါးဘဝစွမ်းရည်တည်း။ (အရ ဆောင်လေ)။

လက်ာ၏ အဓိပ္ပါယ်အကျဉ်းချုပ်မှာ—သတ္တဝါတို့သန္တာန်၌ ဥပါဒါန်အစွဲပြင်းထန်သောကြောင့် မိမိ၏ ခန္ဓာဓမ္မ ကိုယ်ကာယ ၌ အတ္တအစွဲ (= သက္ကာယဒိဋ္ဌိ = အတ္တဝါဒုပါဒါန်) မြဲသည်

WWW.DHAMMARANSI.COM



ထက်မြဲ၍လာသည်၊ ထိုသို့ မြဲခိုင်၍လာသောကြောင့် ကိုယ့်အတွက် တာ တသက်လျာ = တခဏမျှ ချမ်းသာရေးကို ရှေးရှု၍ သူ့အသက်သတ်ခြင်း,သူ့ဥစ္စာကိုခိုးယူခြင်း–အစရှိသော အကုသိုလ်ကမ္မပထဆယ်ပါး တည်းဟူသော အကုသိုလ်ကမ္မဘဝအပြစ်များ ဖြစ်ပွါးလာလေသည်။ ဤကိုယ်ခန္ဓာ ပစ္စုပ္ပန်ဘဝ၌ ချမ်းသာသကဲ့သို့ နောက်နောက်ဘဝ၌ ချမ်းသာဖို့ရန် အကြောင်းရည်ရော် အရှည်မြော်၍ သူတော်ကောင်းတို့၏ အလေ့အကျင့်ဖြစ်သော ဒါန,သီလ,ဘာဝနာ = လောကီဘဝဂါမိ ကုသိုလ်များကို လုံ့လကြိုးစားအားထုတ်သဖြင့် ကာမကုသိုလ်,ရူပကုသိုလ်, အရူပကုသိုလ်တည်းဟူသော ကုသိုလ်ကမ္မဘဝတရား ဖြစ်ပွါးလာလေသည်။ ဤ အကုသိုလ်ကမ္မပထဆယ်ပါးတည်းဟူသော အကုသိုလ်ကမ္မဘဝ, ဒါန, သီလ, ဘာဝနာ = လောကီဘဝဂါမိ ကုသိုလ်တည်းဟူသော ကုသိုလ်ကမ္မဘဝ = ဤနှစ်ပါးတို့ကို ကမ္မဘဝဟူ၍ ခေါ်၏။ ထိုကမ္မဘဝကြောင့် ထိုက်သက်ရာရာ ကာမဘုံ ရူပဘုံ အရူပဘုံတို့၌ ဝိပါက်နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များ ဖြစ်ပွါးလာလေသည်၊ ထိုဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်များကို ဥပပတ္တိဘဝဟူ၍ ခေါ်၏။ (လောကီကုသိုလ်,အကုသိုလ် ကမ္မပထတရားများသည် ဥပပတ္တိဘဝကို ဖြစ်စေတတ်သောကြောင့် ဘဝမည်ကြ၍ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့မှာ ကမ္မဘဝ၏အကျိုးအနေဖြင့်ဖြစ်ပွါးတတ်သောကြောင့် ဘဝမည်ကြသည်)။ ဤကား လင်္ကာ၏ အဓိပ္ပါယ် အကျဉ်းချုပ်တည်း။

ဤအရာဝယ် သမ္မောဟဝိနောဒနီမည်သော ဝိဘင်း အဋ္ဌကထာ၌ လာရှိသောအတိုင်း ဥပါဒါန်လေးပါးတို့ကြောင့် ကမ္မဘဝ,ဥပပတ္တိဘဝ = နှစ်ပါးတို့ အသေးစိတ်ဖြစ်ပုံကို အကျဉ်းအားဖြင့် ဖော်ပြဦးအံ့—

အဘယ်ဥပါဒါန်သည် အဘယ်ဘဝ၏ အကြောင်း = ပစ္စည်း ဖြစ်နိုင်သနည်းဟုမေးခဲ့လျှင်“ဥပါဒါန်လေးမျိုးလုံးပင် ဘဝနှစ်မျိုးလုံး၏ အကြောင်း = ပစ္စည်း ဖြစ်နိုင်သည်သာတည်း”ဟု ဖြေဆိုရာ၏။ ခွဲဦးအံ့–ပုထုဇန်သည် သူရူးနှင့်တူ၏၊ သို့ရကား ထိုပုထုဇန်

WWW.DHAMMARANSI.COM



သည့်"ဤကား သင့်၏၊ဤကား မသင့်"ဟု မနှိုင်းချင့် မဝေဘန်နိုင်ပဲ ခပ်သိမ်းသော(=လေးမျိုးလုံးသော) ဥပါဒါန်၏ အစွမ်းဖြင့် ခပ်သိမ်းသော ကာမ,ရူပ,အရူပ ဥပပတ္တိဘဝသုံးမျိုးလုံးကို တောင့်တကာ ခပ်သိမ်းသော လောကီကုသိုလ် အကုသိုလ် ဘဝဂါမိကမ္မဘဝကို ပြုလုပ်အားထုတ်လေသည်။ ပြုလုပ်ပုံမှာ—

ဤလောက၌ အချို့ပုထုဇန်သည် တဆင့်ကြားဖြင့်ဖြစ်စေ, မျက်မြင်ကိုအစဉ်လျှောက်သောအားဖြင့်ဖြစ်စေ "ဤကာမဝတ္ထု စည်းစိမ်တို့သည် လူ့ပြည်လောကဝယ် ဥစ္စာပေါများသောမင်းမျိုးစသည့်တို့၌၎င်း, ကာမာဝစရနတ်ပြည်ခြောက်ထပ်တို့၌၎င်း ပြည့်စုံကုံလုံကုန်၏"ဟုကြံစည်စဉ်းစား၍ ထိုကာမဝတ္ထုစည်းစိမ်တို့ကို ရရှိဖို့ရန် အကုသိုလ်ကံမကောင်း အပေါင်းမှားပြီးလျှင် သူတော်မဟုတ် သူယုတ်တို့၏ မတရားစကားကို နာကြားမိခြင်း-စသည်က လှည့်ပတ်ဖြားယောင်းအပ်ရကား"ဤ သူ့အသက်သတ်ခြင်း-စသောအမှုဖြင့် လူ့ရပ်နတ်ပြည်ရှိ ကာမဝတ္ထုစည်းစိမ်တို့ ပြည့်စုံကုံလုံနိုင်ကုန်၏"ဟု အထင်အမြင်လွဲမှားကာ ကာမုပါဒါန်တရား၏ လှုံ့ဆော်ချက်အရ သူ့အသက်ကို သတ်ခြင်း-အစရှိသော ဒုစရိုက်များကို ပြုမှားလေတော့၏။ ထိုပုထုဇန်သည် ဒုစရိုက်များ ပြည့်ပွါးခြင်းကြောင့် အပါယ်လေးဘုံ၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍နေရလေ၏။(တနည်း)ပုထုဇန်ပုဂ္ဂိုလ်သည် မျက်မှောက်ထင်ထင် မြင်၍နေရသော ကာမဝတ္ထုစည်းစိမ်တို့ကို တောင့်တ၍ဖြစ်စေ, မိမိရရှိပြီးသော ကာမဝတ္ထုတို့ကို လုံခြုံစေလို အရှည်တည်စေလို၍ဖြစ်စေ (တရားသည်,မတရားသည် နားမလည်ပဲ) ကာမုပါဒါန်တရား၏ လှုံ့ဆော်ချက်ကြောင့် ကာယဒုစရိုက်-စသည်တို့ကို ပြုမှားလေ၏၊ ထိုပုထုဇန်သည် ဒုစရိုက်များ ပြည့်ပွါးခြင်းကြောင့် အပါယ်လေးဘုံ၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍နေရလေ၏။ ထိုသို့ဖြစ်ရာ၌ ထိုပုထုဇန်၏ အပါယ်ဘဝပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဒုစရိုက်အကုသိုလ်ကံများသည် ကမ္မဘဝမည်၍ ထိုကံကြောင့်ဖြစ်သော အပါယ်ဘဝ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝမည်ကြကုန်၏။ (ဤကား ကာမု-

WWW.DHAMMARANSI.COM



ပါဒါနိကြောင့် အကုသိုလ်ကမ္မဘဝနှင့် ထို၏အကျိုး ဥပပတ္တိဘဝတို့ ဖြစ်ပုံတည်း)။

အခြားပုထုဇန်တဦးသည် ရှေးနည်းအတူပင် ကြံစည်စဉ်းစား၍ ကာမဝတ္ထုစည်းစိမ်တို့ကို ရရှိဖို့ရန် ကံကောင်းထောက်မ သူတော်ကောင်းတို့ကို ပေါင်းသင်းရ၍ သူတော်ကောင်းတရားကို နာကြားခြင်း-စသည်တို့ဖြင့် ပညာဉာဏ်တရား အဆင့်ဆင့်တိုးပွါးရင့်ကျက်က "ဤသုစရိုက်ကောင်းမှုဖြင့် လူ့ရပ်နတ်ပြည်၌ ကာမဝတ္ထုစည်းစိမ်တို့ ပြည့်စုံကုံလုံနိုင်ကုန်၏"ဟု အမှန်အတိုင်းသိရှိကာ ကာယသုစရိုက်-စသည်တို့ကို ပြုလုပ်အားထုတ်လေ၏၊ ထိုပုထုဇန်ပုဂ္ဂိုလ်သည် သုစရိုက်ကောင်းမှုများ ပြည့်ပွါးခြင်းကြောင့် နတ်ပြည်၌ဖြစ်စေ, လူ့ပြည်၌ဖြစ်စေ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရလေ၏။ ထိုသို့ဖြစ်ရာ၌ ထိုပုထုဇန်၏ လူ့ရပ်နတ်ရွာ ဘဝပဋိသန္ဓေ၏အကြောင်းဖြစ်သော သုစရိုက်ကုသိုလ်ကံများသည် ကမ္မဘဝမည်၍ ထိုကံကြောင့်ဖြစ်သော လူ့ရပ်နတ်ရွာ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝမည်ကြကုန်၏။ (ဤကား ကာမုပါဒါနိကြောင့် ကာမာဝစရကုသိုလ်ကမ္မဘဝနှင့် ထို၏အကျိုး ဥပပတ္တိဘဝတို့ ဖြစ်ပုံတည်း)။

အခြား ပုထုဇန်တဦးသည်"ရူပဗြဟ္မာ့ဘုံ အရူပဗြဟ္မာ့ဘုံတို့၌ ကာမဝတ္ထု စည်းစိမ်တို့သည် ဤကာမဘုံထက် အထူးသဖြင့် ပြည့်စုံကုံလုံကြကုန်၏"ဟု ကြား၍ဖြစ်စေ, ကြံဆ၍ဖြစ်စေ ကာမုပါဒါန်တရား၏ လှုံ့ဆော်ချက်အရပင် ရူပကုသိုလ် အရူပကုသိုလ် ဈာန်သမာပတ်တရားတို့ကို ဖြစ်ပွါးစေပြီးလျှင် ( = ရအောင်အားထုတ်ပြီးလျှင်) ထိုသမာပတ်တို့၏ အစွမ်းကြောင့် ရူပဗြဟ္မာ့ဘုံ အရူပဗြဟ္မာ့ဘုံ၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရလေ၏။ ထိုသို့ဖြစ်ရာ၌ ထိုပုထုဇန်၏ ရူပ,အရူပဗြဟ္မာဘဝပဋိသန္ဓေ၏အကြောင်းဖြစ်သော ရူပကုသိုလ်, အရူပကုသိုလ်ကံများသည် ကမ္မဘဝမည်၍ ထိုကံတို့ကြောင့်ဖြစ်သော ရူပ, အရူပဗြဟ္မာဘဝ ဝိပါက် နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝ မည်ကြကုန်၏။ (ဤကား ကာမုပါဒါနိကြောင့် မဟဂ္ဂုတ်ကုသိုလ် ကမ္မဘဝနှင့် ထို၏အကျိုး

WWW.DHAMMARANSI.COM



ဥပပတ္တိဘဝတို့ ဖြစ်ပုံတည်း)။ ။ဤကား ကာမုပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝတို့ ဖြစ်ပုံတည်း။

အခြားပုထုဇန်တယောက်သည် "ဤအတ္တလိပ်ပြာ မည်သည် ကား ကာမသုဂတိဘုံ၌ (သို့မဟုတ်)ရူပဗြဟ္မာ့ဘုံ၌ (သို့မဟုတ်) အရူပဗြဟ္မာ့ဘုံ၌ ပြတ်မှသာ ကောင်းစွာ အပြီးအပြတ် အဆုံးသတ် ပြတ်နိုင်သည်"ဟု ဥစ္ဆေဒဒိဋ္ဌိ တည်းဟူသော ဒိဋ္ဌုပါဒါန်ကို အကြောင်းပြုကာ ထိုကာမသုဂတိဘုံ, ရူပ, အရူပဗြဟ္မာ့ဘုံသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်ကံတို့ကို ပြု၏။ ထိုပုထုဇန်၏ ထိုကာမကုသိုလ်မဟဂ္ဂုတ်ကုသိုလ်ကံများ သည် ကမ္မဘဝမည်ကြ၍ ထိုကံတို့ကြောင့်ဖြစ်သော ဝိပါက် နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝမည်ကြလေသည်။ ။ဤ ကား ဒိဋ္ဌုပါဒါန်ကြောင့် ကမ္မဘဝ,ဥပပတ္တိဘဝတို့ဖြစ်ပုံတည်း။

အခြား ပုထုဇန်တယောက်သည် "ဤအတ္တလိပ်ပြာမည်သည် ကား ကာမသုဂတိဘုံ၌ (သို့မဟုတ်) ရူပဗြဟ္မာ့ဘုံ၌ (သို့မဟုတ်) အရူပဗြဟ္မာ့ဘုံ၌ ကောန်စင်စစ် ချမ်းသာမှုရှိနိုင်သည်,ပူပန်မှုငြိမ်း အေးနိုင်သည်"ဟု အတ္တဝါဒုပါဒါန်၏လှုံ့ဆော်ချက်အရထိုကာမ သုဂတိဘုံ, ရူပ,အရူပဗြဟ္မာ့ဘုံသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်ကံတို့ကိုပြု၏၊ ထိုပုထုဇန်၏ ထို ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်ကံများသည် ကမ္မဘဝမည်ကြ၍ ထိုကံတို့ကြောင့်ဖြစ်သော ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝ မည်ကြလေသည်။ ။ဤကား အတ္တဝါဒုပါဒါန် ကြောင့် ကမ္မဘဝ,ဥပပတ္တိဘဝတို့ ဖြစ်ပုံတည်း။

အခြားပုထုဇန်တယောက်သည်"ဤအလေ့,အကျင့် = သီလဗ္ဗ- တမည်သည် ကာမသုဂတိဘုံ၌ (သို့မဟုတ်) ရူပဗြဟ္မာ့ဘုံ၌ (သို့မဟုတ်)အရူပဗြဟ္မာ့ဘုံ၌ ဖြည့်ကျင့်သောသူ၏ သန္တာန်၌သာ ချမ်းသာလွယ်ကူစွာ ပြည့်စုံလုံလောက်နိုင်သည်"ဟု သီလဗ္ဗတု- ပါဒါန်၏ လှုံ့ဆော်ချက်အရ ထိုကာမသုဂတိဘုံ, ရူပ, အရူပ ဗြဟ္မာ့ဘုံသို့ ကပ်ရောက်ကြောင်းဖြစ်သော ကာမကုသိုလ် မဟဂ္ဂုတ် ကုသိုလ်ကံတို့ကို ပြု၏၊ ထိုပုထုဇန်၏ ထိုကာမကုသိုလ် မဟဂ္ဂုတ်

WWW.DHAMMARANSI.COM



ကုသိုလ်ကံများသည် ကမ္မဘဝမည်ကြ၍ ထိုကံတို့ကြောင့်ဖြစ်သော ဝိပါက် နာမ်ခန္ဓာ ကမ္မဇရုပ်များသည် ဥပပတ္တိဘဝမည်ကြလေသည်။ ။ဤကား သီလဗ္ဗတုပါဒါန်ကြောင့် ကမ္မဘဝ, ဥပပတ္တိဘဝတို့ ဖြစ်ပုံတည်း။

## (၁၀) ဘဝပစ္စယာ ဇာတိ

ဘဝစွမ်းရေး ကံနှစ်ထွေကြောင့်၊ သမ္ဘေသတ္တာ၊ သတ္တဝါတို့၊ ဖြစ်ရာဘဝ၊ ဆုံးပြန်ကလျှင်၊ ဇေ, စုတု၊ ငါးခုခန္ဓာ၊ ကံချရာ၌၊ ဓမ္မတာစစ်၊ သစ်တလဲလဲ၊ အနဲနဲလျှင်၊ ဖြစ်မြဲဇာတိ၊ သန္ဓေငြိ၍၊ တြိဘုံပြင်၊ နယ်တခွင်၌၊ အစဉ်ပြည့်ပွါး၊ အစားစားလျှင်၊ မားမားမတ်မတ်၊ ဇာတ်အမျိုးမျိုး၊ တန်ခိုးထင်,တိမ်၊ ဂုဏ်သိရ်နိမ့်,မြင့်၊ အကျင့်ဆိုး,ကောင်း၊ အပေါင်းများစွာ၊ သတ္တဝါဟု၊ နာနာကာယ၊ ဖြစ်ပြန် ကြသည်၊ ။ လေးဝဇာတိစွမ်းရည်တည်း။ (အရှေဆောင်လေ)။

ဤ "ဘဝပစ္စယာ ဇာတိ"ဟူသောအချက်၌ ဘဝပစ္စယာ-အရ အကြောင်းဖြစ်သော ကုသိုလ်ကမ္မဘဝ,အကုသိုလ်ကမ္မဘဝ တို့ကိုသာ ယူရမည်။ ဇာတိ-အရ ထိုကုသိုလ် အကုသိုလ်ကမ္မဘဝ တို့ကြောင့်ဖြစ်သော ကုသလဝိပါက် နာမ်ခန္ဓာ, အကုသလ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့၏ ဥပါဒ် = ဖြစ်ပွါးမှုကို ကောက်ယူရမည်။ ထင်ရှားစေဦးအံ့—ရှေး "သင်္ခါရပစ္စယာ ဝိညာဏံ" အရ ကုသိုလ်,အကုသိုလ်သင်္ခါရကြောင့် ဝိပါက်ဝိညာဏ် ထင်ရှားဖြစ်ပွါး၏-ဟူသည်မှာ အတိတ်ဘဝ ကုသိုလ်, အကုသိုလ် သင်္ခါရကြောင့် ဤယခု ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်ဝိညာဏ်ဖြစ်ပွါးသည်ကို ဆိုသည်၊ ဤယခု "ဘဝပစ္စယာ ဇာတိ" အရ ကုသိုလ်, အကုသိုလ်ကမ္မဘဝကြောင့် အနာဂတ်ကာလ၌ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့၏ ဥပါဒ် = ဖြစ်ပွါးမှုတည်းဟူသော ဇာတိ၏ ထင်ရှားဖြစ်မှုကို ဆိုသည်။ (နောက်၌ ထင်ရှားလတ္တံ့)။

WWW.DHAMMARANSI.COM



အောက်"သင်္ခါရပစ္စယာ ဝိညာဏံ"ဟူသောအချက်၌ ကုသိုလ်, အကုသိုလ် သင်္ခါရကြောင့် သမင်္ဂီတာလေးပါး = သမင်္ဂီလေးပါး အစဉ်အတိုင်း ဝိပါက် ဝိညာဏ်ဖြစ်ပွါးပုံကို စာမျက်နှာ(၇၀၀)၌ ဖော်ပြခဲ့ပြီ။ ထိုစကားရပ်၌ အတိတ်ဘဝ ကုသိုလ်, အကုသိုလ် သင်္ခါရကြောင့် ဤ ယခု ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေအခါ ပဝတ္တိအခါ တို့၌ ဝိပါက်ဝိညာဏ် ဖြစ်ပွါးသကဲ့သို့ ထို့အတူပင် ဤယခုပစ္စုပ္ပန် ဘဝ ပြုလုပ်အားထုတ်အပ်သော ကုသိုလ်, အကုသိုလ်ကမ္မဘဝ ကြောင့် သမင်္ဂီတာလေးပါး = သမင်္ဂီလေးပါး အစဉ်အတိုင်းပင် နောက်အနာဂတ်ဘဝ၌ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့ ဥပါဒ် = ဖြစ်ပွါးကြလိမ့်မည်၊ ထိုအချက်ကိုပင် "ဘဝပစ္စယာ ဇာတိ = ကမ္မဘဝကြောင့် ဥပပတ္တိဘဝတရား ဥပါဒ်ထင်ရှား ဖြစ်ပွါး၏" ဟူ၍ ဟောတော်မူသည်။ (ဤစကား ပရမတ္ထကထာ = အတိမ္မော သဘာဝစစ်စစ် စကားတည်း)။

**လက်ာအဓိပ္ပါယ်။** ။လက်ာ၌စကား လူအများ နားလည်လွယ် ရန် ပရမတ် ပညတ် ရောစပ်လျက် ရေးသား စီစဉ်တော်မူအပ် လေသည်။ အဓိပ္ပါယ်မှာ—

ကုသိုလ်ကမ္မဘဝ, အကုသိုလ်ကမ္မဘဝတည်းဟူသော ကံနှစ် ပါးတို့၏ အစွမ်းသတ္တိကြောင့် ခပ်သိမ်းသော သတ္တဝါတို့သည် ယခု လောလောဆယ်ဖြစ်ရာ ပစ္စုပ္ပန်ဘဝ ဆုံးပြန်ကြလျှင် ထိုကံ နှစ်ပါးတို့ အကျိုးပေးပစ်ချရာ ထိုက်သက်ရာရာ ရုပ်ခန္ဓာတပါး သာရှိသော အသညသတ်ဘုံ, နာမ်ခန္ဓာ လေးပါးသာရှိသော အရူပလေးဘုံ, ခန္ဓာငါးပါး အပြည့်အစုံရှိသော ကာမဘုံနှင့် (အသညသတ်ကြဉ်သော) ရူပါဝစရဗြဟ္မာ့ဘုံတို့၌ ကမ္မနိယာမ ဓမ္မတာအတိုင်း ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်တို့ ဥပါဒ် = ဖြစ်ပွါးမှုတည်းဟူသော ဇာတိပေါ်သည်။

ဤမှ နောက်၌ စာနေကျဉ်းရန် ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ်ဟု ရေးရမည့် အရာ၌ "ဥပပတ္တိဘဝ" ဟူ၍သာ ရေးတော့မည်။ ဥပပတ္တိဘဝခေါ်သော ဝိပါက်နာမ်ခန္ဓာ ကမ္မဇရုပ် တရားတို့၌ ဥပါဒ်ခဏ = ဖြစ်ဆဲခဏ, ဌီခဏ = တည်ဆဲခဏ, ဘင်ခဏ =

WWW.DHAMMARANSI.COM



ပျက်ဆဲခဏဟူ၍ = ခဏငယ်အချိန်တို့ သုံးပိုင်းရှိရာ ဥပါဒ် ခဏအခိုက်ကို ဇာတိဟု ခေါ်သည်၊ ဌီခဏအခိုက်ကို ဇရာဟု ခေါ်သည်၊ ဘင်ခဏအခိုက်ကို မရဏဟု ခေါ်သည်။ ကမ္မဘဝ = အကြောင်းကံတရားက ဥပပတ္တိဘဝ ဥပါဒ်ခဏ တည်းဟူသော ဇာတိဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်၊ ယင်းသို့ ကမ္မဘဝကြောင့် ဥပပတ္တိဘဝ ဥပါဒ်ခဏ အခိုက်တည်းဟူသော ဇာတိတရား ဖြစ်ပွါးလာသည်ကိုပင် လက်ာ၌ "ဖြစ်မြဲဇာတိ၊ သန္ဓေပြု၍" ဟု စပ်ဆိုလေသည်။

ယင်း ဥပပတ္တိဘဝ ဥပါဒ်ခဏအခိုက်တည်းဟူသော ဇာတိတရားသည်လည်း တဘဝတွင် တကြိမ်သာဖြစ်သည် မဟုတ်၊ အကြိမ်ကြိမ်ဖြစ်၍ အစဉ်သဖြင့် ကိုယ်ခန္ဓာပြည့်ဖြိုးပွါးများကာ မားမားမတ်မတ် အထည်ဒြပ်သဏ္ဌာန် ပေါ်ပေါက်ကြကာ မိမိမိမိတို့၏ ကမ္မဘဝအလိုက် မင်းဇာတ်ရှိသောသတ္တဝါ, ပုဏ္ဏားဇာတ်ရှိသောသတ္တဝါစသည်, တန်ခိုးကြီးသောသတ္တဝါ, တန်ခိုးသေးသောသတ္တဝါ, ဂုဏ်သိရ်နိမ့်သောသတ္တဝါ, ဂုဏ်သိရ်မြင့်သောသတ္တဝါ, အကျင့်ဆိုးသောသတ္တဝါ, အကျင့်ကောင်းသောသတ္တဝါဟု ကိုယ်ခန္ဓာအမျိုးမျိုးနှင့် သတ္တဝါအမျိုးမျိုးတို့ ဖြစ်ကြလေသည်၊ ထိုသို့ ဖြစ်ခြင်းမှာ အဏ္ဍဇဇာတိ = ဥ၌သန္ဓေဖြစ်ပွါးမှု, ဇလာဗုဇဇာတိ = အမိသားအိမ်၌ သန္ဓေဖြစ်ပွါးမှု, သံသေဒဇဇာတိ = ရေညှိစသည် ကြာပန်းစသည် အမြုပ်အမှေး၌ သန္ဓေဖြစ်ပွါးမှု, ဥပပတ္တိဇာတိ = ပဋိသန္ဓေအချိန်ကပင် မိန်းမဖြစ်လျှင် တဆယ့်ခြောက်နှစ်အရွယ်, ယောကျ်ားဖြစ်လျှင် အနှစ်နှစ်ဆယ် နှစ်ဆယ့်ငါးနှစ်အရွယ် ကိုယ်ထည်ထင်ရှားစွာ သန္ဓေဖြစ်ပွါးမှုတည်းဟူသော ဇာတိလေးမျိုး၏ အစွမ်းသတ္တိကြောင့် ဖြစ်သည်ဟု ဆိုလိုသည်။

(ဤ၌။ ။တမိဝမ်းတွင်း တက်အောက်ဆင်းကြသော သွေးရင်းသားရင်းဖြစ်ကြသည့် ညီ, အစ်ကို မောင်, နှမ ညီ, အစ်မတို့ပင်သော်လည်း အချင်းချင်း မတူကြပဲ အယုတ်အမြတ်အားဖြင့် ကွဲပြားအောင် ကမ္မဘဝတည်းဟူသော အကြောင်းရင်းကံက ပြုပြင်ပေးသည်၊ ထိုကြောင့်

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင်သည် (ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်၊ စာမျက်နှာ ၂၄၄-၌) "ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပဏီတတာယ=သတ္တဝါတို့ကို အညံ့စား အမြတ်စားဖြစ်ဖို့ရန် ကံသည် ခွဲဝေ၍ပေး၏" ဟု ဟောတော်မူသည်။ ဤအတူးကိုလည်း သိမှတ်ရာ၏)။

## (၁၁) ဇာတိပစ္စယာ ဇရာမရဏံ

သန္ဓေဇာတိ၊ တဖန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊ အရပ်ရပ်တည့်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ စ, လယ်, အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏ, သန္တတိ၊ အဂ္ဂဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ငြီး၍၊ အကြီး, အငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနှင်၏။ လေးအင်သေမှု၊ တခုခုလည်း၊ ဗဟုအန္တရာယ်၊ အသွယ်သွယ်နှင့်၊ နီးနွယ်ရုံးစည်း၊ တလုံးတည်းလျှင်၊ ကြီးကြီး, ငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ချုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်၊ ဇရာ, မရဏစွမ်းရည်တည်း။ (အရဆောင်လေ)။

ကမ္မဘဝက ဥပပတ္တိဘဝ၏ ဥပါဒ်ထင်ရှား ဖြစ်ပွါးလာအောင် ကျေးဇူးပြုပေးသည်၊ ယင်း ဥပပတ္တိဘဝ၏ ဥပါဒ်ထင်ရှား ဖြစ်ပွါးလာမှုကို ဇာတိဟူ၍ ခေါ်၏၊ ယင်းသို့ ဥပါဒ်ခဏတည်းဟူသော ဇာတိပေါ်လျှင် ထိုတရားတို့၏ ဌီခဏတည်းဟူသော=ဇရာတရား, ဘင်ခဏတည်းဟူသော=မရဏတရားတို့သည် အစဉ်အတိုင်း ဖြစ်ပွါးလေတော့၏ (ကမ္မဘဝက ဥပပတ္တိဘဝအား ဥပါဒ်ခဏအားဖြင့် ထင်ရှားဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးသည်၊ ဌီ, ဘင်အား ကျေးဇူးပြုပေးသည်မဟုတ်၊ ဥပါဒ်တည်းဟူသော ဇာတိတရား ထင်ရှားဖြစ်ပေါ်လာလျှင်ပင် ဌီတည်းဟူသော ဇရာတရား, ဘင်တည်းဟူသော မရဏတရားတို့ကား (ဒီ၏ နောက်က ရေထက်ကြပ် ပါလာသကဲ့သို့) တဆက်တည်း

WWW.DHAMMARANSI.COM



ပေါ်ပေါ်လာလေတော့သည်ဟု ဆိုလိုသည်)။ ဤသို့ ဇာတိရှိမှသာ ဇရာ, မရဏတို့ ဖြစ်ပေါ်နိုင်၍ ဇာတိမရှိလျှင် ဇရာ, မရဏတို့ မဖြစ်ပေါ်နိုင်သောကြောင့် မြတ်စွာဘုရားရှင်သည် "ဇာတိပစ္စယာ ဇရာ, မရဏံ = ဇာတိဟူသောအကြောင်းကြောင့် ဇရာ, မရဏနှစ်ပါး ထင်ရှားဖြစ်ပေါ်၏" ဟု ဟောတော်မူ၏။ (ဆိုခဲ့ပြီးသော စကားရပ်တို့ကို ဆင်ခြင်စဉ်းစား၍ ဇာတိ-ဟူသည် ထိုထို ဘဝတလျှောက်လုံး၌ ဖြစ်ပေါ်ကြသော ခန္ဓာတို့၏ ဥပါဒ်ခဏ = ဖြစ်ဆဲခဏကို ခေါ်၏၊ ဇရာ-ဟူသည် ထိုခန္ဓာတို့၏ ဌီခဏ = တည်ဆဲ ရင့်ရော်ဆဲခဏကို ခေါ်၏၊ မရဏ-ဟူသည် ထိုခန္ဓာတို့၏ ဘင်ခဏ = ပျက်စီးချုပ်ပျောက်ဆဲခဏကို ခေါ်၏ ဟု အထူးသတိချပ် သိမှတ်ရာ၏။ ဤကား ပရမတ္ထကထာ = သဘာဝစစ်စစ် စကားတည်း)။

လက်ာအခိပ္ပါယ်။ ။ဘဝအသစ်၌ ပဋိသန္ဓေ တည်နေစွဲငြိလျှင် ဇာတိတရား အကြိမ်ကြိမ် အဆက်ဆက် ဖြစ်ပွါးကာ ခန္ဓာအစဉ် ကြီးထွားလျက် လူလူ, နတ်နတ်, မတ်မတ်မားမား ထင်မှားဖွယ်ရာ ဖြစ်၍လာ၏၊ ထိုသို့ ဖြစ်သည်ရှိသော် တဘဝအတွက်တာ (ယခုအခါကဲ့သို့ အနှစ်တရာတမ်း၌) ပဌမအရွယ် = ရှေ့ပိုင်း သုံးဆယ့်သုံးနှစ်လေးလ, မဇ္ဈိမအရွယ် = အလယ်ပိုင်း သုံးဆယ့်သုံးနှစ်လေးလ, ပစ္ဆိမအရွယ် = နောက်ပိုင်း သုံးဆယ့်သုံးနှစ်လေးလ ဤသို့ အရွယ်သုံးပါး ထင်ရှားရှိမြဲတုံးဖြင့် ထိုထို ဘဝခန္ဓာတို့၏ ဥပါဒ်ခဏတည်းဟူသော ဇာတိတရား နာရီမလပ် အချိန်မလပ် ထပ်ခါထပ်ခါ ဖြစ်တိုင်းဖြစ်တိုင်း ထိုဇာတိ၏နောက်မှ ဌီခဏ တည်းဟူသော ရင့်ရော်မှု = ဇရာတရားသည်လည်း နေ့ညမစဲ တသဲသဲ တရွရွ အမြဲထက်ကြပ် ကပ်လျက် လိုက်ပါလာလေတော့၏။ ယင်း ရင့်ရော်မှု = ဇရာတရားကို ဇရာမီးဟူ၍ ခေါ်၏။

ထို ဇရာမီးသည် (၁) ခဏဇရာ = ထိုထို ဘဝခန္ဓာတို့၏ ဌီခဏအချိန်ပိုင်းတည်းဟူသော ရင့်ရော်အိုမင်းမှု, (၂) သန္တတိဇရာ = အအေးရုပ်သန္တာန်အစဉ်, အပူရုပ်သန္တာန်အစဉ် စသည်တို့၏ တချိန်ထက်တချိန် သန္တတိအားဖြင့် ရင့်ရော်အိုမင်းမှုဟူ၍

WWW.DHAMMARANSI.COM



=နှစ်ပါး ရှိလေသည်၊ ထိုကိုပင် "ခဏ, သန္တတိ၊ အဒ္ဓဇရာ၊ နှစ်ဖြာလေဝင်မီး၊ ရှိန်ရှိန်ငြီး၍"ဟု လက်ာ၌ စပ်ဆိုသည်။

(ဤအရာ၌။ ။ "အသက်အရွယ် ငယ်သူ ကြီးသူ ဟူဟူသမျှ၌ပင် ခဏဇရာ, သန္တတိဇရာ=ဤ ဇရာနှစ်ပါး ထင်ရှားဖြစ်ကြရှိကြပါလျက် အသက်အရွယ် ငယ်သူတို့မှာမူ ဆံဖြူခြင်း, သွားကျိုးခြင်း, အသားအရေ တွန့်လိမ်ခြင်း-စသော ဇရာသဘော မပေါ်လွင် မထင်ရှားမူ၍ အဘယ့်ကြောင့် အသက်အရွယ် ကြီးရင့်သောသူတို့မှာမှ ထိုဆံဖြူခြင်း, သွားကျိုးခြင်း, အသားအရေ တွန့်လိမ်ခြင်း-စသော ဇရာသဘော ပေါ်ပေါ်ပေါ်လွင် ထင်ရှားရသနည်း"ဟု မေးမြန်းဖွယ် ရှိ၏။

**အဖြေကား**—ဇရာဒဏ်ချက် အနှိပ်စက်နာသောကြောင့် အသက်ကြီးရင့်သူတို့မှာသာ ထို ဆံဖြူခြင်း, သွားကျိုးခြင်း, အသားအရေ တွန့်လိမ်ခြင်း-စသော ဇရာသဘောတို့ ပေါ်ပေါ်ပေါ်လွင် ထင်ရှားကြကုန်၏-ဟု ဖြေဆိုရာ၏၊ ချဲ့ဦးအံ့—ကလလရေကြည် ပဋိသန္ဓေ တည်နေချိန်မှ အစပြု၍ သတ္တဝါတို့မှာ အစဉ်သဖြင့် ရှေးရှေးရုပ်များ၏ ဌီခဏတည်းဟူသော ဇရာသို့ရောက်သောအခါ၌ အသစ်အသစ် ဥပါဒ်ဖြစ်ပေါ်ကြရသည့် နောက်နောက်ရုပ်များသည် ရှေးရှေးရင့်ရော်ပြီးသော ရုပ်များ၏ သဘောအားလျော်စွာ ရင့်ရော်ကြကာ, အထူးသဖြင့် ရင့်ရော်ကြကာ, ထို့ထက် အထူးသဖြင့် ရင့်ရော်ကြကာ ဥပါဒ်ထင်ရှား ဖြစ်ပွါး၍လာကြရလေသည်၊ ထို့ကြောင့် တရက်ထက် တရက်, တလထက်တလ, တနှစ်ထက်တနှစ်, တရွယ်ထက် တရွယ် အစဉ်သဖြင့် အလွန့်အလွန် ရင့်ရော်သော ရုပ်များ၏ ရင့်ရော်ချိန်ဟု ခေါ်ဆိုအပ်သော ဌီခဏ၌ နောက်ထပ်အသစ် ဥပါဒ်ဖြစ်ပွါးသော ရုပ်တရားများသည် ဆံဖြူခြင်း,သွားကျိုးခြင်း,အသားအရေတွန့်လိမ်ခြင်း-အစရှိသော ဇရာသဘော ပေါ်ပေါ်ပေါ်လွင်လျက် ထင်ရှားဥပါဒ်ကြရလေသည်၊ ထို့ကြောင့် အသက်ကြီးရင့်သူတို့မှာသာ ထိုဆံဖြူခြင်း, သွားကျိုးခြင်း,အသားအရေတွန့်ခြင်း—စသော ဇရာသဘောတို့ ပေါ်ပေါ်ပေါ်လွင် ထင်ရှားကြကုန်သည်။

ထိုဆံဖြူခြင်း, သွားကျိုးခြင်း,အသားအရေ တွန့်လိမ်ခြင်းများသည် မျက်စိဖြင့်ကြည့်၍ မြင်အပ်သော စက္ခုဝိညေယျတရားများဖြစ်ကြ၍ ဇရာတရားအစစ် မဟုတ်ကြကုန်၊ ဇရာတရား၏ ဒဏ်ချက်များသာ ဖြစ်ကြလေသည်၊ ဇရာတရားအစစ်ကား စိတ်ဖြင့်သာ ကြံဆ၍ သိအပ်သော=မနောဝိညေယျတရား ဖြစ်လေသည်။

WWW.DHAMMARANSI.COM



ထင်ရှားစေဦးအံ့—ရေကြမ်းတိုက်စား၍ သွားသောလမ်း, မီး အကြီးအကျယ် လောင်ကျွမ်း၍သွားသော လမ်းတို့၌ ရေဒဏ်, မီးဒဏ် ကြောင့် မြက်သစ်ပင်များ ကျိုးပြတ်ပျက်စီး၍ကျန်ရစ်ခြင်း, မီးသွေး ပြာများသာ ကြွင်းကျန်ရစ်ခြင်းစသည်တို့ကို မြင်ရ၍ တိုက်စားသွား သောရေ, လောင်ကျွမ်းသွားသောမီးတို့ကိုကား စိတ်ဖြင့်ကြံဆကာသာ သိရလေသည်၊ ထို့အတူ ဇရာတည်းဟူသောရေကြမ်း, ဇရာတည်းဟူ သောမီးကြီး တိုက်စား,လောင်ကျွမ်း၍သွားသော လမ်းခရီးဟုဆိုအပ် သော အလွန့်အလွန် ရင့်ရော်ရင့်ရော်သောရုပ်တရားတို့၌ ဖြစ်ပေါ်ကြ သည့် မျက်စိဖြင့်မြင်ကောင်းသော ဆံဖြူခြင်း (သို့မဟုတ်-ဖြူသောဆံ များ) သွားကျိုးခြင်း (သို့မဟုတ်-ကျိုးပဲ့သောသွားများ), အသား အရေတွန့်လိမ်ခြင်း (သို့မဟုတ်-တွန့်လိမ်သော အသားအရေများ)—စ သည့်သဘောများကို ဇရာရေကြမ်း, ဇရာမီးကြီးတို့ နှိပ်စက်တိုက်စား, လောင်ကျွမ်းသွားသော ဒဏ်ချက်များဟူ၍သာ မှတ်ယူအပ်ကုန်၏၊ ထိုဒဏ်ချက်များကိုမြင်ရသဖြင့် ဇရာရေကြမ်း,ဇရာမီးကြီးတို့ကို စိတ်ဖြင့် မှန်းဆ၍ သိအပ်ကုန်၏။ (ဤစကားရပ်တို့ကား အလွန်နက်နဲ၏၊ အ ခေါက်ခေါက်ဖတ်၍ စဉ်းစားမှ လေးနက်သောအနက်အဓိပ္ပါယ်ကို သိ နိုင်၏၊ ကြိုးစား၍ဖတ်ကြား စဉ်းစားကြပါလေ)။

ရှေးဖော်ပြရာပါ ခဏဇရာမီး, သန္တတိဇရာမီးတို့ တညီးညီး တရှိန်ရှိန် အချိန်မစဲ ဟသဲသဲလောင်ကျွမ်းမှုကြောင့် ငယ်သော အရွယ်, အလယ်အလတ်အရွယ်, ကြီးသောအရွယ်, ဆယ်နှစ် အရွယ်, အနှစ်နှစ်ဆယ်အရွယ်, အနှစ်သုံးဆယ်အရွယ်-စသည်ဖြင့် အရွယ်ခြားနား အစားစား ဖြစ်ရလေသည်။ ထိုသို့ဖြစ်အောင် သတ္တဝါတို့ကို ဇရာတရားက မောင်းနှင်၍ ပေးနေလေသည်။

ဇရာခေါ်သော ဌီခဏ၏ အခြားမဲ့မှာပင် ဘင်ခဏသို့ရောက် ရှိကြကာ သတ္တဝါတိုင်း ခဏိကမရဏအားဖြင့် အချိန်တိုင်း သေ လွန်၍ နေကြလေသည် (သမ္မုတိမရဏသို့ မရောက်သေး၍ သေ မှန်းမသိကြချေ)။

ထင်ရှားစေဦးအံ့–သေဆုံးပျက်စီးခြင်း = မရဏသည် (၁) ခဏိကမရဏ, (၂)သမုစ္ဆေဒမရဏ, (၃)သမ္မုတိမရဏဟူ၍ = သုံးမျိုးရှိ၏။

WWW.DHAMMARANSI.COM



ထိုသုံးမျိုးတို့တွင်(၁)ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ မိမိတို့ဘင်ခဏသို့ ရောက်ရှိကြသဖြင့် သေဆုံးပျက်စီးခြင်းကို = ခဏိကမရဏဟူ၍ ခေါ်၏။ စိတ်,စေတသိက်တရား တစုတစု တခုတခုလျှင် ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏဟူ၍ = ခဏငယ်သုံးချက်စီ အချိန်ပိုင်း အသက်ရှည်ကြလေသည်၊ ထိုခဏငယ်သုံးချက် အချိန်ပိုင်းကာလကို စိတ္တက္ခဏကြီး တချက်ဟူ၍ ခေါ်ဆိုသည်။ မျက်စိတမှိတ် လျှပ်တပြက် အချိန်တိုကလေး အတွင်းမှာပင် ထိုစိတ္တက္ခဏပေါင်း ကုဋေတသိန်းကျော်ကျော် ဖြစ်၍ချုပ်ကြလေသည်။ (လက္ခဏရုပ်လေးခု ဝိညတ်ရုပ်နှစ်ခုတို့ကို ကြဉ်၍)ကျန်သောရုပ် ၂၂-ပါးတို့သည် စိတ္တက္ခဏပေါင်း ဆယ့်ခုနစ်ချက်ခန့်စီ အသက်ရှိကြကုန်၏။ ဝိညတ်ရုပ်နှစ်ပါးတို့သည် စိတ္တာနုပရိဝတ္တိဓမ္မမျိုးဖြစ်ကြ၍ စိတ်ဖြစ်လျှင် ဖြစ်ကြ၍ စိတ်ချုပ်လျှင်ချုပ်ကြကုန်၏။ လက္ခဏရုပ်လေးပါးတို့တွင် ဥပစယရုပ်နှင့် သန္တတိရုပ်တည်းဟူသော ဇာတိရုပ်သည် ရုပ်၏ ဥပါဒ်ခဏပိုင်းဖြစ်၍ ခဏငယ်တချက်ခန့်စီ အသက်ရှိကြလေသည်။ ဇရတာရုပ်သည် ရုပ်၏ဌီခဏပိုင်းဖြစ်၍ ခဏငယ် ၄၉-ချက်ခန့် အသက်ရှိလေသည်၊ အနိစ္စတာရုပ်သည် ရုပ်၏ဘင်ခဏပိုင်းဖြစ်၍. ခဏငယ်တချက်ခန့် အသက်ရှိလေသည်။ ။ (လျှပ်တပြက်တွင်၊ စိတ္တက္ခဏော၊ အပေါင်းရေ၊ ကုဋေတသိန်းဟူ၊ ။ ပရမတ္ထသံခိပ်မှ)။ ။သို့ရကား သတ္တဝါတိုင်း သတ္တဝါတိုင်းပင် မျက်စိတမှိတ် လျှပ်တပြက် အချိန်ပိုင်းကာလအတွင်း၌ ခဏိကမရဏသေခြင်းမျိုးဖြင့် အကြိမ်ပေါင်း ကုဋေတသိန်းကျော်ကျော် သေဆုံးလျက် ရှိကြလေသည်။

(၂) သမုစ္ဆေဒမရဏဟူသည်မှာ ရဟန္တာပုဂ္ဂိုလ်တို့၏ ဝဋ်ဆင်းရဲကို အကြွင်းမဲ့ အမြစ်ပြတ် ဖြတ်တောက်သွားသော သေခြင်းမျိုးကို ခေါ်ဆိုသည်၊ မှန်၏-ရဟန္တာပုဂ္ဂိုလ်များမှာ ပရိနိဗ္ဗာနစုတိ၏ နောက်ကာလဝယ် ရုပ်နာမ်အသစ် ဘဝအသစ် မဖြစ်တော့ပဲ ဆိမ်းတောက်ကြီး ငြိမ်းစဲသွားသည့်ပမာ သံသရာဝဋ်ဆင်းရဲကြီး အပြီးတိုင် အမြစ်ပြတ်၍သွားလေတော့သည်၊ ထို့ကြောင့် ထို

WWW.DHAMMARANSI.COM



ရဟန္တာပုဂ္ဂိုလ်တို့၏ စုတေခြင်း = သေခြင်းမျိုးကို သမုစ္ဆေဒ-မရဏ = သံသရာဝဋ်ဒုက္ခ အမြစ်ပြတ်သေဆုံးခြင်းဟူ၍ခေါ်၏။

(၃) သမ္မုတိမရဏဟူသည်မှာ ဘုရား,ရဟန္တာမှ ကြွင်းသော သတ္တဝါတို့၏ တဘဝ၌အကျုံးဝင်သော ဇီဝိတိန္ဒြေ သန္တာန်အစဉ် ပြတ်စဲသေဆုံးသွားခြင်းကို ခေါ်သည်။ (ထိုမှတပါး "သစ်ပင် သေပြီ၊ သံသေပြီ၊ ပြဒါး သေပြီ"—အစရှိသည်ဖြင့် လောက သမ္မုတိဝေါဟာရအားဖြင့် ပြောကြားကြသော အသက်မဲ့ဝတ္ထု တို့၏ သေခြင်းဟူသော ဝေါဟာရကိုလည်း သမ္မုတိမရဏဟူ၍ပင် ခေါ်ဆို၏၊ သို့သော် ထိုသေခြင်းကို ဤယခု မရဏအခဏ်း၌ အလို မရှိအပ်ချေ၊ မဆိုလိုချေ။ သက်ရှိသတ္တဝါတို့၏ တဘဝအတွက်တာ ဇီဝိတိန္ဒြေအစဉ် အဖြစ်ရပ်နား ပြတ်စဲသွားခြင်း = သေခြင်းတည်း ဟူသော သမ္မုတိမရဏကိုသာ ဤယခု မရဏအခဏ်း၌ အလိုရှိ အပ်၏၊ ဆိုလို၏)။

ထိုသမ္မုတိမရဏသည်လည်း (၁) အာယုက္ခယမရဏ = အသက်ရှည်ရန် ကံအစွမ်းပင်ရှိသေးသော်လည်း အသက်တမ်း ကုန်၍ သေခြင်း, (၂) ကမ္မက္ခယမရဏ = အသက်တမ်းပင်ကျန် ရှိသေးသော်လည်း ကံစွမ်းကုန်၍ သေခြင်း, (၃) ဥဘယက္ခယ-မရဏ = အသက်တမ်း, ကံစွမ်း = နှစ်ပါးစုံကုန်၍ သေခြင်း, (၄) ဥပစ္ဆေဒကမရဏ = အသက်တမ်း, ကံစွမ်း = နှစ်ပါးတို့ ကျန်ရှိသေးသော်လည်း ဥပစ္ဆေဒက အကုသိုလ်ကံဆိုးက ဝင် ရောက် ဖြတ်တောက်သဖြင့် သေခြင်းဟူ၍ = လေးမျိုး ရှိလေ သည်။ ။(အသက်တမ်းကုန်၊ ကံစွမ်းကုန်နှင့်၊ အကုန်နှစ်မျိုး၊ ကံဆိုးဖြတ်ချွေ၊ သေမြဲပေ၊ လေးထွေမရဏ၊ ။ပရမတ္ထသံခိပ်မှ)။

ထိုဖော်ပြရာပါ သေခြင်းတရား လေးပါးတို့တွင် တပါးပါး သည် အသက်ကို ရန်ရှာမည့် များစွာသော အန္တရာယ်တို့နှင့် ပေါင်းသင်းနှီးနွှယ် မိတ်သင့်ကာ သတ္တဝါတို့ကို မျက်နှာကြီး,ငယ် အရွယ်မထောက် အချိန်ရောက်လျှင် တဘဝအတွက်တာ ခန္ဓာ ပြတ်ကြွေ စုတေရန် နှိပ်စက်လေတော့သည်။ ထိုသို့အန္တရာယ် များစွာတို့နှင့် ပေါင်းသင်းနှီးနွှယ်မိတ်သင့်၍ သေခြင်းလေးပါးတို့

WWW.DHAMMARANSI.COM



တွင် တပါးပါးတို့ နှိပ်စက်လာသောအခါ ကြီး,ငယ်မဟူ သတ္တဝါ ဖိုလ်လူတို့သည် မငြင်းသာ မဆန်သာ ခန္ဓာပြတ်ကြွေ စုတေကြရ လေတော့သည်၊ ဤအနက်ကိုရည်၍ လက်ဝဲ “လေးအင်သေမှု၊ တခုခုလည်း၊ (ပ)၊ ဇရာမရဏ စွမ်းရည်တည်း”ဟူ၍ စပ်ဆိုတော်မူအပ်လေသည်။

(အထူးမှတ်ရန်။ ။ဤဇာတိ, ဇရာ, မရဏတရား=သုံးပါးတို့သည် ဤသတ္တဝါတို့အဖို့ရာ နှိပ်စက်ရန်အခွင့်ရှာ၍ လှည့်လည်ကျက်စား သွားလာနေကြသော ရန်သူလူသတ်သမားများနှင့် တူကြကုန်၏။

ထင်ရှားစေဦးအံ့–ယောကျ်ားတယောက်မှာ နှိပ်စက်သတ်ဖြတ်ရန် အခွင့်အပေါက်ရှာ၍ လှည့်လည်ကျက်စား သွားလာနေကြသော ရန်သူ သုံးယောက်တို့ ရှိကြလေရာ၏၊ ထိုသုံးယောက်တို့အနက် ပဌမရန်သူက “မိတ်ဆွေတို့....ငါသည် ဤမည်သောတောအုပ်၏ ကျေးဇူးကို ပြောဆို၍ ထိုယောကျ်ားကို ခေါ်ဆောင်ကာ ထိုတောအုပ်သို့ သွားနှင့်ပေအံ့၊ ဤသို့ခေါ်ဆောင်သွားရာ၌ ငါ့အဖို့ရာ ခဲယဉ်းခြင်းမရှိ”ဟု ပြောဆိုလေရာ၏ (၁)။ ထိုအခါ ဒုတိယရန်သူက “မိတ်ဆွေ....သင်ကား ထိုယောကျ်ားကို ခေါ်ဆောင်၍ တောအုပ်သို့အရောက် သွားပြီးသောအခါ ရိုက်နှက်ပုတ်ခတ်၍ ထိုယောကျ်ား အားနွဲ့အောင် ငါပြုလုပ်ပါမည်၊ ဤသို့ အားနွဲ့အောင် ပြုလုပ်ခြင်းကိစ္စ၌ ငါ့အဖို့ရာ ခဲယဉ်းခြင်းမရှိ” ဟုပြောဆိုလေရာ၏ (၂)။ ထိုအခါ တတိယရန်သူက “မိတ်ဆွေ... ထိုယောကျ်ားကို ရိုက်နှက်ပုတ်ခတ်၍ အားနွဲ့အောင် ပြုအပ်ပြီးလတ်သော် ထက်လှစွာသော သန်လျက်ဖြင့် ထိုသူ့ဦးခေါင်းကိုဖြတ်ရန်မှာ ငါ့တာဝန်ရှိပါစေ”ဟု ပြောဆိုလေရာ၏ (၃)။ ထိုရန်သူသုံးယောက်တို့သည် ဤကဲ့သို့ ပြောဆိုကြပြီးလျှင် ပြောဆိုတိုင်ပင်ကြသည့်အတိုင်း ပြုလုပ်ကုန်လေရာ၏။

ထိုရန်သူသုံးဦးတို့တွင် ပဌမရန်သူ၏ တောအုပ်ကျေးဇူးကို ပြောဆို၍ ထိုယောကျ်ားကို ခေါ်ယူကာ တောအုပ်သို့သွားသောအခါကဲ့သို့ ပဋိသန္ဓေ ဝင်သောကာလ၌ လိုချစ်လှစွာသောဆွေမျိုးအဝန်းမှ ဆွဲငင်ထုတ်ယူကာ ဂတိငါးပါးတို့တွင် တပါးပါး၌ ဖြစ်စေခြင်းမည်သည် ဇာတိ၏ အလုပ်ကိစ္စဖြစ်၏။ ဒုတိယရန်သူ၏ ထိုယောကျ်ားကို ရိုက်နှက်ပုတ်ခတ်၍ အားနွဲ့အောင်ပြုခြင်းကဲ့သို့ ဂတိငါးဖြာဝယ် ဖြစ်လေတိုင်းသော ခန္ဓာတို့၌ အားအင်ဗလ လျော့ကျဆုတ်ယုတ်ကာ သူတပါးပြုမှ နေရသော အခြေအနေ, အိပ်ရာညောင်စောင်းလျှင် ပုန်းအောင်းလည်းလျောင်း

WWW.DHAMMARANSI.COM



ရာရှိသော အခြေအနေသို့ရောက်အောင် ပြုလုပ်ပေးမှုသည် ဇရာ၏ အလုပ်ကိစ္စဖြစ်၏။ တတိယရန်သူ၏ ထက်လှစွာသောသန်လျက်ဖြင့် ထိုယောကျ်ား၏ ဦးခေါင်းကို ဖြတ်ခြင်းကဲ့သို့ တဘဝ အတွက်တာ အသက်=ဇီဝိတသန္တာန်အစဉ် ကုန်ဆုံးပြတ်စဲအောင် ပြုလုပ်ပေးမှုသည် မရဏ၏ အလုပ်ကိစ္စဖြစ်၏။

တနည်းကား–အပြစ်ထူပြောလှသည့် ကန္တာရခရီးခဲသို့ ဝင်ရောက်မိခြင်းကိုကဲ့သို့ ဇာတိဒုက္ခကို မှတ်ယူရာ၏၊ ထိုခရီးခဲအတွင်း၌ အစားပြတ်, အသောက်ပြတ်သော ယောကျ်ား၏ အားနွဲ့ခြင်းကိုကဲ့သို့ ဇရာဒုက္ခကို မှတ်ယူရာ၏၊ ထိုအားနွဲ့သောယောကျ်ား၏ မသွားနိုင် မလာနိုင်ဖြစ်ရှိက ခြင်္သေ့, သစ်, ကျား သားရဲများ အနှိပ်စက်ခံရသဖြင့် အကျိုးမဲ့သေကြေပျက်စီးခြင်းကိုကဲ့သို့ မရဏဒုက္ခကို မှတ်ယူရာ၏။ ဤကား အထူးမှတ်ရန်တည်း)။

## (၁၂) သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသ သစ္စာဝဏ္ဏ

သန္ဓေဇာတိ၊ ခန္ဓာရှိက၊ ဉာတိ, ဘောဂ- စသည် သင်းပင်း၊ ကွေကွင်းခြင်းနှင့်၊ မကင်းစသာ၊ ကြုံကြိုက်လာသော်၊ ပူဆာသောက၊ ရှုတငိုကြွေး၊ သက်မွေးဝန်ထမ်း၊ ပူ, ချမ်း ဒုက္ခ၊ အနိဋ္ဌကြောင့်၊ စိတ်ကမကြည်၊ မဆည်ငင်ရှိုက်၊ အလိုက်အလှဲ၊ ဆင်းရဲငါးပါး၊ အကျဉ်းအားတည့်၊ ကျယ်ပွါး အနန္တ၊ တွေ့ကြုံရသည်၊ ၊မူလဇာတိ အနှုန်းတည်း။ (အရဆောင်လေ)။

**လင်္ကာအဓိပ္ပါယ်။** ။ဇာတိရှိသော် ဇရာမရဏ ရှိသကဲ့သို့ ဇာတိခေါ်သော ပဋိသန္ဓေ လေးထွေအပြား ခန္ဓာများရှိခဲ့သော် ဘဝဓမ္မတာအတိုင်း ( ဉာ, ဘော, ရောဂါ၊ သီလာ, ဒိဋ္ဌိ၊ ငါးပါးရှိ၊ မှတ်သိဗျသနာ- ဤလင်္ကာအရ) (၁) ဆွေမျိုးတို့၏ ပျက်စီးခြင်း = ဉာတိဗျသန, (၂) စီးပွါးဥစ္စာပျက်စီးခြင်း = ဘောဂ-ဗျသန, (၃) အနာရောဂါ စွဲကပ်နှိပ်စက်ခြင်း = ရောဂဗျသန, (၄) ကိုယ်ကျင့် သီလပျက်စီးခြင်း = သီလဗျသန, (၅) အယူဖောက်ပြန်ပျက်စီးခြင်း = ဒိဋ္ဌိဗျသန = ဤဗျသန ငါးမျိုးတို့နှင့် တွေ့ဆုံကြုံကြိုက်လာတတ်၏၊ ထိုသို့ကြုံကြိုက်လာသော် နှလုံးပူရှိန်

WWW.DHAMMARANSI.COM



စိုးရိမ်ခြင်း တည်းဟူသော သောကတရား, နှုတ်ကဟစ်အော် ငိုကြွေးမြည်တမ်းမှု တည်းဟူသော ပရိဒေဝတရား,ကိုယ်ဆင်းရဲမှု တည်းဟူသော ဒုက္ခတရား,စိတ်ဆင်းရဲမှုတည်းဟူသော ဒေါမနဿတရား, နှလုံးပြင်းစွာ ပူပန်မှုတည်းဟူသော ဥပါယာသတရား = အကျဉ်းအားဖြင့် ဤဆင်းရဲငါးပါး၊ အကျယ်အားဖြင့် များပြားစွာလှ ဒုက္ခအနန္တတို့နှင့် တွေ့ကြုံရတတ်၏။ ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းတရားမှာ ဇာတိတရားပင် ဖြစ်၏ဟု ဆိုလိုသည်။

**(၁၃) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ**

ဝဋ်သံသရာ၊ ရှည်မင်းစွာဌ်၊ သုငါကစ၊ ဖြစ်သမျှကား၊ သတ္တမဟုတ်၊ ခေတ်မှန်ထုတ်သော်၊ နာမ်ရုပ်နှစ်သင်း၊ အမြင်လင်းလေ့။ အရင်းအဝိဇ္ဇာ၊ ထိုမှဖြာ၍၊ ဇရာ, မရဏ၊ အဆုံးကျသည်၊ ဓမ္မအပြား၊ ဆယ့်နှစ်ပါးကို၊ ဤကား လူပင်၊ ဤလျှင်နတ်ပဲ၊ အထင်လွဲလျက်၊ တဝဲလည်လည်၊ ဝဋ်နွယ်စည်၍····။ရှည်လေသမျှ၊ အနန္တကား၊ သုခဟူသည့်၊ မြူမျှမကွက်၊ အဆက်ဆက်လျှင်၊ သက်သက်ဒုက္ခ၊ ခေတ်မှန်ရသည်၊ ၊ဘဝ ဤကိုယ် ဖြစ်ထုံးတည်း။ (အရဆောင်လေ)။

(လင်္ကာရင်းဖြင့်ပင် အနက်အဓိပ္ပါယ်ထင်ရှားပြီးဖြစ်၍ ဤလင်္ကာအတွက် အနက်အဓိပ္ပါယ်ကို မရေးတော့ပြီ)။

ဤကား ပဋိစ္စသမုပ္ပါဒ်တရားတည်း။

---

**ပဋိသမ္ဘိဒါဉာဏ်တော် လေးပါး**

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့် တပြိုင်နက်ပင် ပဋိသမ္ဘိဒါ ဉာဏ်တော်လေးပါးကိုလည်း ရတော်မူပြီးသားဖြစ်လေ၏–ဟူ၍ အောက်ဖြစ်သော ဘုရားဖြစ်တော်မူခန်း၌ ဖော်ပြခဲ့သည့် ပဋိသမ္ဘိဒါဉာဏ်တော်လေးပါးတို့ဟူသည်မှာ (၁) အတ္ထပဋိသမ္ဘိဒါဉာဏ်တော်, (၂) ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်,(၃)

WWW.DHAMMARANSI.COM



နိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်တော်, (၄) ပဋိဘာနပဋိသမ္ဘိဒါ ဉာဏ်တော် = ဤဉာဏ်တော်လေးပါးတို့တည်း။

### (၁) အတ္ထပဋိသမ္ဘိဒါဉာဏ်တော်

အထူးထူးအပြားပြား အထွေထွေ အမျိုးမျိုးကို ပဋိသမ္ဘိဒါ ဟူ၍ ခေါ်၏။ ထိုအထူးထူး အပြားပြား အထွေထွေ အမျိုးမျိုး တို့၌ စေ့စပ်စုံလင်စွာ သိမြင်သောဉာဏ်သည် ပဋိသမ္ဘိဒါဉာဏ် မည်၏။ အနက်သဘောအမျိုးမျိုး အကျိုးတရားအမျိုးမျိုးတို့၌ စေ့ စပ်စုံလင်စွာ ခွဲခြမ်းသိမြင်သောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။ ဤအတ္ထပဋိသမ္ဘိဒါဉာဏ်၌ အတ္ထအရမှာ (က)အကြောင်း ကြောင့် ဖြစ်ပေါ်သမျှသော အကျိုးတရားစု၊ (ခ) နိဗ္ဗာန်၊ (ဂ) ပါဠိတော်၏ အနက်သဘော၊ (ဃ) ဝိပါက်စိတ်စေတသိက်တရား စု၊ (င) ကြိယာစိတ်စေတသိက်တရားစု = ဤသို့ ၅-မျိုးရှိလေ သည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့် တပြိုင်နက် ဤအတ္ထ ၅-မျိုးတို့ကို စေ့စပ်စုံလင်စွာ ခွဲခွဲခြမ်းခြမ်း သိမြင်သော ဉာဏ်တော် (=အတ္ထပဋိသမ္ဘိဒါဉာဏ်တော်)ကို ရတော်မူပြီး သား ဖြစ်လေတော့၏။ ယင်း အတ္ထပဋိသမ္ဘိဒါဉာဏ်တော်၏ အစွမ်းဖြင့် တခုတခုသောတရား၏ အနက်အဓိပ္ပါယ် အမျိုးမျိုး, အကျိုး အမျိုးမျိုးကို အထူးထူး အထွေထွေ ကိုယ်တိုင်လည်း သိမြင် ၍ သူတပါးတို့အားလည်း သိမြင်လွယ်အောင် ဟောပြတော်မူ နိုင်၏။ ဤ၌ အတ္ထ ၅-မျိုးကိုအာရုံပြု၍သိသော မဟာကြိယာဉာဏ- သမ္ပယုတ်စိတ်လေးပါးတို့၌ ယှဉ်သောဉာဏ်ပညာ,နိဗ္ဗာန်ကို အာရုံ ပြု၍သိသော မဂ်ဉာဏ်လေးပါး ဖိုလ်ဉာဏ်လေးပါးတို့ကို အတ္ထပဋိ- သမ္ဘိဒါဉာဏ်တော်ဟူ၍ ခေါ်၏၊ ဤကား မြတ်စွာဘုရား၏ အတ္ထ- ပဋိသမ္ဘိဒါဉာဏ်တော်ကို ဆိုလိုသည်။ (အရှင်အာနန္ဒာ မထေရ်- စသော ပဋိသမ္ဘိဒါဉာဏ်ရသည့် သေက္ခအရိယာ ပုဂ္ဂိုလ်တို့၏ အတ္ထပဋိသမ္ဘိဒါ အရမှာ အတ္ထ ၅-မျိုးကို အာရုံပြု၍ သိသော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးပါး၌ ယှဉ်သောဉာဏ်

WWW.DHAMMARANSI.COM



ပညာ, နိဗ္ဗာန်ကို အာရုံပြု၍သိသော အောက်မဂ်ဉာဏ်, အောက်ဖိုလ်ဉာဏ်တို့ကို ကောက်ယူရသည်)။

## (၂) ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်

တရားအထူးအထွေ အမျိုးမျိုး အကြောင်းတရား အမျိုးမျိုးတို့၌ စေ့စပ်စုံလင်စွာ ခွဲခြမ်းသိမြင်သောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။ ဤဓမ္မပဋိသမ္ဘိဒါဉာဏ်၌ ဓမ္မအရမှာ (က) အကျိုးကို ဖြစ်စေတတ်သော အကြောင်းတရားစု၊ (ခ) အရိယမဂ်လေးပါး၊ (ဂ) ပါဠိတော်အစဉ်၊ (ဃ) ကုသိုလ် စိတ် စေတသိက်၊ (င) အကုသိုလ် စိတ် စေတသိက် = ဤသို့ ၅-မျိုးရှိလေသည်။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့် တပြိုင်နက် ဤဓမ္မ ၅-မျိုးတို့ကို စေ့စပ်စုံလင်စွာ ခွဲခွဲခြမ်းခြမ်း သိမြင်သောဉာဏ်တော် (= ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်) ကိုလည်း ရတော်မူပြီးသား ဖြစ်လေတော့၏။ ယင်းဓမ္မပဋိသမ္ဘိဒါဉာဏ်တော်၏ အစွမ်းဖြင့် ဖော်ပြရာပါ ဓမ္မအမျိုးမျိုးတို့ကို အထူးထူး အထွေထွေ ကိုယ်တိုင်လည်း သိမြင်၍ သူတပါးတို့အားလည်း သိမြင်လွယ်အောင် ဟောပြတော်မူနိုင်၏။ ဤ၌ မြတ်စွာဘုရား၏ ဓမ္မပဋိသမ္ဘိဒါဉာဏ်တော်အရ ဓမ္မ ၅-မျိုးကို အာရုံပြု၍သိသော မဟာကြိယာဉာဏ်ကို ကောက်ယူ၍ အရှင်အာနန္ဒာမထေရ်-စသော ပဋိသမ္ဘိဒါဉာဏ် ရသည့် သေက္ခအရိယာ ပုဂ္ဂိုလ်တို့၏ ဓမ္မပဋိသမ္ဘိဒါဉာဏ်အရမူ ဓမ္မ ၅-မျိုးကို အာရုံပြု၍သိသော မဟာကုသိုလ်ဉာဏ်ကို ကောက်ယူရာ၏။ (နောက်ဉာဏ်နှစ်ပါးတို့၌လည်း ဤနည်းအတူတည်း)။

## (၃) နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်

ဖော်ပြရာပါ အတ္ထ ၅-မျိုး, ဓမ္မ ၅-မျိုးတို့ကို သဘာဝကျကျ ထုတ်ဆိုကြောင်းဖြစ်သော သဘာဝနိရုတ္တိခေါ်သည့် အရိယဝေါဟာရ မာဂဓဘာသာ သဒ္ဒါအမျိုးမျိုးကို စေ့စပ်စုံလင်စွာ ခွဲခြမ်းသိမြင်သောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်မည်၏။ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့်တပြိုင်နက် သဘာဝ-နိရုတ္တိ အရိယဝေါဟာရ မာဂဓဘာသာ သဒ္ဒါအမျိုးမျိုးတို့ကို

WWW.DHAMMARANSI.COM



စေ့စပ်စုံလင်စွာ ခွဲခွဲခြမ်းခြမ်း သိမြင်သောဉာဏ်တော် (=နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်) ကိုလည်း ရတော်မူပြီးသား ဖြစ်လေတော့၏။ ယင်းနိရုတ္တိပဋိသမ္ဘိဒါ ဉာဏ်တော်ကို ရတော်မူသောကြောင့်ပင် သဘာဝနိရုတ္တိ အရိယဝေါဟာရ မာဂဓဘာသာ သဒ္ဒါအမျိုးမျိုးတို့ကို ကိုယ်တိုင်လည်း သိမြင်၍ သူတပါးတို့အားလည်း သိမြင်လွယ်အောင် ဟောပြတော်မူနိုင်၏။

မှန်၏——အတ္ထ ၅-မျိုး ဓမ္မ ၅-မျိုးတို့အနက် တမျိုးတမျိုး တခုတခုဆိုင်ရာ သဘာဝကျကျ ထုတ်ဆိုကြောင်းဖြစ်သော သဘာဝနိရုတ္တိ အရိယဝေါဟာရ မာဂဓဘာသာ သဒ္ဒါအမျိုးမျိုးရှိလေသည်။ (ဥပမာ)ဖဿတရားလုံးတခုဆိုင်ရာ သဘာဝနိရုတ္တိ အရိယဝေါဟာရ မာဂဓဘာသာ သဒ္ဒါအမျိုးမျိုးကို ခွဲခွဲခြမ်းခြမ်း စေ့စပ်စုံလင်စွာ သိမြင်တော်မူသောကြောင့်ပင် ယင်းဖဿတရားလုံး တခုကို "ဖဿော, ဖုသနာ, သမ္ဖုသနာ, သမ္ဖုသိတတ္တံ"-ဟု သဘာဝနိရုတ္တိ စုံလင်စွာ ဟောပြတော်မူလေသည်။ တကျော လောဘတရားလုံးတခုကိုပင် ပုဒ်ပေါင်းတရာကျော်ဖြင့် ဟောပြတော်မူလေသည် (ဓမ္မသင်္ဂဏီပါဠိတော်ကို ကြည့်ပါလေ)။

## (၄) ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တော်

ရှေ့ဖြစ်သော အတ္ထပဋိသမ္ဘိဒါဉာဏ်, ဓမ္မပဋိသမ္ဘိဒါဉာဏ်, နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့ကို "အတ္ထပဋိသမ္ဘိဒါဉာဏ်ကား အတ္ထ ၅-မျိုးတို့ကို ခွဲခွဲခြမ်းခြမ်း စေ့စပ်စုံလင်စွာ သိမြင်ခြင်းအလုပ်ကို ပြုလုပ်၏၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်သည်ကား ဓမ္မ ၅-မျိုးတို့ကို ခွဲခွဲခြမ်းခြမ်း စေ့စပ်စုံလင်စွာ သိမြင်ခြင်းအလုပ်ကို ပြုလုပ်၏၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်သည်ကား သဘာဝနိရုတ္တိ သဒ္ဒါအမျိုးမျိုးတို့ကို ခွဲခွဲခြမ်းခြမ်း စေ့စပ်စုံလင်စွာ သိမြင်ခြင်းအလုပ်ကို ပြုလုပ်၏"ဟု ခွဲခွဲခြမ်းခြမ်း စေ့စပ်စုံလင်စွာ သိမြင်သောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်မည်၏။ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူသည်နှင့် တပြိုင်နက်ပင် ဤပဋိဘာနပဋိသမ္ဘိဒါဉာဏ်တော်ကိုလည်း ရပြီးသား ဖြစ်လေတော့၏။ (ဤ ၃-နိရုတ္တိပဋိသမ္ဘိဒါ

WWW.DHAMMARANSI.COM



ဉာဏ်, ၄-ပဋိဘာနပဋိသမ္ဘိဒါဉာဏ်တို့အရမှာ ရှေးနည်းကိုမှီး၍ မဟာကြိယာ,မဟာကုသိုလ်ဉာဏ်တို့ ဖြစ်ကုန်၏ဟု သိမှတ်ရာ၏)။

(အထူးမှတ်ရန်။ ။ထိုပဋိသမ္ဘိဒါဉာဏ်လေးပါးတို့အနက် ၄-အမှတ်ပြ ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ရှေ့ဉာဏ်သုံးပါး၏ အလုပ်ကိစ္စကို သိသော်လည်း မိမိကိုယ်တိုင်ကမူ ထိုဉာဏ်တို့၏ အလုပ်ကိစ္စကို မပြုလုပ်နိုင်။ အသံမကောင်းသော ဗဟုဿုတရဟန်းသည် အသံကောင်းသော အပ္ပဿုတဓမ္မကထိကရဟန်း၏ အလုပ်ကို မပြုလုပ်နိုင်သကဲ့သို့တည်း။

အသံမကောင်း ဉာဏ်သာကောင်းသည့် ဗဟုဿုတရဟန်း, အသံသာကောင်း၍ ဉာဏ်မကောင်းသော အပ္ပဿုတရဟန်းဟူ၍=ရဟန်းနှစ်ပါးတို့ အတူတကွ တရားဟောသင်ကြားကြပြီးနောက် အသံကောင်းသည့် အပ္ပဿုတရဟန်းသည် ရောက်လေရာရာ ဌာနတိုင်း၌ မိမိ၏အသံကောင်းခြင်းဂုဏ်ဖြင့် ပရိသတ်အားလုံးကို ချောက်ချားစေလျက် တရားကို ဟောပြ၏၊ တရားနာပရိသတ်တို့သည် အလွန်အားရမ်းဝမ်းမြောက်သောစိတ်ရှိကြကာ "ဤရဟန်းသည် ယခု တရားဟောပုံအတိုင်းသာဆိုလျှင် တိပိဋကဓရပုဂ္ဂိုလ်တပါး ဖြစ်လိမ့်မည်ထင်သည်"ဟု ချီးမွမ်းစကား ပြောကြားကြကုန်၏။ ထိုစကားကိုကြား၍ အသံမကောင်းသော ဗဟုဿုတရဟန်းသည် မနာလို=ငြူစူစိတ်ဝင်ရောက်ကာ "နောက်တခါ တရားနာကြည့်တော့ ဤပုဂ္ဂိုလ်သည် တိပိဋကဓရပုဂ္ဂိုလ်ဟုတ်သည်, မဟုတ်သည်ကို ဒကာတို့ သိကြပေလိမ့်မည်"ဟု မနာလိုစကား ပြောကြားလေ၏။ (နောက်အခါ တရားနာကြည့်တော့ သိကြလိမ့်မပေါ့-ဟု ပြောဆိုခြင်းမှာ "အပ္ပဿုတပုဂ္ဂိုလ်ဖြစ်သည့်အတွက် နောက်တကြိမ် ဟောလျှင်လည်း ထိုတရားကိုပင် ဟောလိမ့်မည်၊ ထိုကိုယ်တော်မှာ အခြားတရားဟောစရာ ဘာမျှမရှိ"ဟု ဆိုလိုသည်)။ ထိုအသံမကောင်းသည့် ဗဟုဿုတရဟန်းသည် မနာလို၍ ထိုသို့ပင် ပြောဆိုသော်လည်း သူကိုယ်တိုင်ကမူ ပရိသတ်အားလုံးကို ချောက်ချားစေလျက် တရားဟောဆိုရန်ကား ဘယ်နည်းဖြင့်မျှ မစွမ်းနိုင်ချေ။

ထို့အတူပင် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့တွင် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ရှေ့ဉာဏ်သုံးပါး၏ အလုပ်ကိစ္စကို သိသော်လည်း မိမိကိုယ်တိုင်ကမူ ထိုဉာဏ်တို့၏ အလုပ်ကိစ္စကို မပြုလုပ်နိုင်။ ဤသို့ အထူးမှတ်ရာ၏၊ ဤအကြောင်းကို ဝိဘင်းအဋ္ဌကထာ စာမျက်နှာ(၃၇၆)၌ ဖော်ပြထား၏)။

ပဋိသမ္ဘိဒါဉာဏ်တော်လေးပါး ပြီး၏။

WWW.DHAMMARANSI.COM



## အသာဓာရဏဉာဏ်တော် ခြောက်ပါး

ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့နှင့် မဆက်ဆံပဲ မြတ်စွာဘုရား ရှင်တို့မှာသာ ရစကောင်းသော ဉာဏ်တော်ခြောက်ပါးတို့ကို "အသာဓာရဏဉာဏ်တော်ခြောက်ပါး" ဟူ၍ ခေါ်သည်။ ခြောက်ပါးဟူသော်ကား— (၁) ဣန္ဒြိယပရောပရိယတ္တဉာဏ်၊ (၂) အာသယာနုသယဉာဏ်၊ (၃) ယမကပါဋိဟိရဉာဏ်၊ (၄) မဟာကရုဏာသမာပတ္တိဉာဏ်၊ (၅) သဗ္ဗညုတဉာဏ်၊ (၆) အနာဝရဏဉာဏ် = ဤဉာဏ်တော်ခြောက်ပါးတို့တည်း။

(၁) ထိုခြောက်ပါးတို့တွင် သတ္တဝါတို့၏ ဣန္ဒြေရင့်, မရင့်ကို သိသော ဉာဏ်သည် **ဣန္ဒြိယပရောပရိယတ္တဉာဏ်**မည်၏။ မြတ်စွာ ဘုရားသည် ဤဉာဏ်တော်ဖြင့် "ဤသတ္တဝါတို့သည် ရင့်ကျက် သောဣန္ဒြေရှိကြကုန်၏၊ ဤသတ္တဝါတို့သည် နုသောဣန္ဒြေရှိကုန်၏၊ ဤသတ္တဝါတို့သည် ကျွတ်ထိုက်ကုန်၏၊ ဤသတ္တဝါတို့သည် မကျွတ် ထိုက်ကုန်"ဟူ၍ ခွဲခြမ်းသိမြင်တော်မူ၏။ ။(ဤအရာ၌ ဣန္ဒြေ ဟူသည်မှာ—သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ = ဤတရား ငါးပါးတို့တည်း)။

(၂) **အာသယာနုသယဉာဏ်**ဟူသည်မှာ သတ္တဝါတို့၏ နှလုံး သွင်း အာသယနှင့် အနုသယခေတ်ခံကို သိသောဉာဏ်တည်း။ (ဤအာသယာနုသယဉာဏ်တော်အဓိပ္ပါယ်ကို အောက် စာမျက် နှာ ၅၉၇,၅၉၈-ဘုရားဂုဏ်တော်ကိုးပါး လောကဝိဒူဂုဏ်တော် အခန်း၌ ပြန်၍ကြည့်ရှုမှတ်သားရာ၏)။ အာသယာနုသယ ဟူသော ပါဠိနှစ်ရပ်ကို မြန်မာဘာသာ၌ "သတ္တဝါတို့၏ နှလုံး သွင်း,အတွင်းမျိုးစေ့ခေတ်"ဟူ၍ခေါ်၏။ မြတ်စွာဘုရားသည် ဤ အာသယာနုသယဉာဏ်တော်ဖြင့် သတ္တဝါတို့၏ နှလုံးသွင်း အတွင်းမျိုးစေ့ခေတ်ကို "ဤသတ္တဝါ ဤသတ္တဝါတို့မှာ ဤမည် သော အာသယ=နှလုံးသွင်းပြင်းထန်၍ ဤမည်သော အနုသယ =အတွင်းကိလေသာမျိုးစေ့ခေတ် လွန်ကဲကြကုန်၏"ဟု ခွဲခြမ်း သိမြင်တော်မူလေသည်။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားရှင်သည် ဆိုအပ်ပြီးသော ဣန္ဒြိယပရောပရိယတ္တဉာဏ်, အာသယာနုသယဉာဏ် = ဤဉာဏ်တော်နှစ်ပါးကို ပိုင်နိုင်တော်မူသောကြောင့် သတ္တဝါတို့၏ စရိုက်အားလျော်သော တရားကို ဟောတော်မူ၍ လွယ်ကူစွာ ချွတ်တော်မူနိုင်သည်။ ဤဉာဏ်နှစ်ပါးတို့နှင့် မပြည့်စုံသည့်အတွက်ပင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသော်မှ သတ္တဝါတို့၏ ဣန္ဒြေရင့်, မရင့်နှင့် နှလုံးသွင်း အတွင်းအနုသယဓာတ်သဘောကို မသိနိုင်သောကြောင့် တရံတခါ သတ္တဝါတို့နှင့် လျော်သောတရားကို မဟောမိပဲ သတ္တဝါသဘောထားနှင့် တရားဆင်ပုံ လွဲနေ၍ တရားထူးကို ရအောင် မဟောနိုင်ပဲ ရှိရလေသည်။

(၃) ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို စီရင်နိုင်သောဉာဏ်တော်သည် **ယမကပါဋိဟီရဉာဏ်တော်** မည်၏။ မြတ်စွာဘုရားသည် ဤယမကပါဋိဟီရဉာဏ်တော်ကို အသုံးပြု၍ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို (က) မဟာဗောဓိမဏ္ဍိုင်၌ နတ်ဗြဟ္မာတို့၏ ယုံမှား = သံသယ, မာန် = မာနကို ပယ်ဖျောက်ခြင်းငှါတကြိမ်၊ (ခ) ကပိလဝတ်ပြည်သို့ ပဌမအခေါက် ကြွရောက်တော်မူစဉ် ဆွေမျိုးသာကီဝင်တို့၏ မာန်စွယ်ကို နှိမ်ချိုးခြင်းငှါ တကြိမ်၊ (ဂ) သာဝတ္ထိပြည် ကဏ္ဍဥယျာဉ်မှုး နေချင်းပေါက် နေချင်းကြီး နေချင်းပွင့် နေချင်းသီး စိုက်ပျိုးသည့် သရက်ပင်အနီး၌ တိတ္ထိတို့၏ မာန်မာနကို နှိမ်ချိုးရန်တကြိမ်၊ (ဃ) ပါထိကပုတ္တကို အကြောင်းပြု၍ စည်းဝေးရာ၌တကြိမ် ပြတော်မူ၏။ (ဤယမကပါဋိဟီရဝတ္ထုနှာ ဘုရားရှိခိုးကို ဤမဟာဗုဒ္ဓဝင်ကျမ်း တတိယတွဲ မျက်နှာ ၅၃၀၊ ၅၃၁၊ ၅၃၂၊ ၅၃၃၊ ၅၃၄-တို့၌ ရေးသားခဲ့ပြီ)။

(၄) **မဟာကရုဏာသမာပတ္တိဉာဏ်** ဟူသည်မှာ မြတ်စွာဘုရားသည် သံသရာတည်းဟူသော သမုဒ္ဒရာကြီးထဲ၌ ဇာတိ,ဇရာ,မရဏ အစရှိသော လှိုင်းလုံးကြီးများဖြင့် လွှမ်းမိုးနစ်မျောလျက်ရှိကြသော ဒုက္ခိတသတ္တဝါတို့ကို မြင်တော်မူ၍ "ဤလောကကြီးသည် မီး

WWW.DHAMMARANSI.COM



လောင်နေသော နှောင်အိမ်ကြီးကဲ့သို့ ပြောင်ပြောင်တောက် လောင်၍ နေဘိတကား”-ဤသို့စသည်ဖြင့် ကြီးစွာသောသနားမှု နှင့် ယှဉ်သော မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၏၊ ထိုသမာပတ်နှင့်ယှဉ်သော ဉာဏ်သည် မဟာကရုဏာသမာပတ္တိ ဉာဏ်မည်၏။ မြတ်စွာဘုရားရှင်သည် နေ့တိုင်း နေ့တိုင်း ညဥ့် အခါ, နံနက်မိုးသောက်အခါတို့၌ အကြိမ်ပေါင်း ကုဋေနှစ်သန်း လေးသိန်းအရေအတွက်ရှိသည့် ဤမဟာကရုဏာသမာပတ်တို့ကို ဝင်စားတော်မူ၏။

(၅) သဗ္ဗညုတဉာဏ်ဟူသည်မှာ သိဖွယ်ရှိသမျှ ဉေယျတရား အလုံးစုံတို့ကို အကုန်သိမြင်သော ဉာဏ်တော်မြတ်ဖြစ်သည်။ ဤ သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်သောကြောင့် မြတ်စွာဘုရားရှင်ကို “သဗ္ဗညုဗုဒ္ဓ”ဟူ၍ ခေါ်ဆိုရလေသည်။ ယင်းသဗ္ဗညုတဉာဏ် တော်ကိုပင် သမန္တစက္ခု-ဟူ၍လည်း ခေါ်၏။ ထိုသဗ္ဗညုတဉာဏ် တော်၏ အလုံးစုံသောတရားတို့ကို သိမြင်တော်မူပုံကို ပဋိသမ္ဘိဒါ မဂ် ပိဋကတ်မြန်မာပြန်မှ ထုတ်ယူမှတ်သားကုန်ရာ၏။

(၆) အနာဝရဏဉာဏ်တော်ဟူသည်မှာ သဗ္ဗညုတဉာဏ်တော် ကိုပင် “တစုံတခုသောတရားက-မျှ တစုံတယောက်သောပုဂ္ဂိုလ် က-မျှ မသိမြင်အောင် တားမြစ်ပိတ်ဆို့ခြင်းငှါ မစွမ်းနိုင်သော ကြောင့် “နတ္ထိ အာဝရဏံ ဧတဿာတိ အနာဝရဏံ”ဟူသော ဝစနတ္ထအရ အနာဝရဏဉာဏ်တော်ဟူ၍ ခေါ်၏။ သဒ္ဓါ,ဝီရိယ, သတိ, သမာဓိ, ပညာ = ဤတရား ငါးပါးတို့ကို ဆိုင်ရာကိစ္စ၌ အစိုးရခြင်းကြောင့် ဣန္ဒြေဟူ၍ငှင်း၊ မသဒ္ဓါခြင်း, ပျင်းရိခြင်း, မေ့လျော့ခြင်း, ပြန့်လွင့်ခြင်း, တွေဝေခြင်း = ဤဆန့်ကျင်ဖက် တရားငါးမျိုးတို့ကို လွှမ်းမိုးနှိမ်နင်းတတ်သောကြောင့် ဗိုလ်ဟူ၍ ငှင်း ခေါ်ဆိုအပ်သကဲ့သို့တည်း။

ဤကား အသာဓာရဏဉာဏ်တော် ခြောက်ပါးတည်း။

WWW.DHAMMARANSI.COM



## ဒသဗလဉာဏ်တော် ဆယ်ပါး

ဒသဗလဉာဏ်တော် ဆယ်ပါးဟူသည်မှာ—

(၁) **ဌာနာဌာနကောသလ္လဉာဏ်တော်** = အကြောင်းဟုတ်သည် မဟုတ်သည်ကို အမှန်အတိုင်း သိမြင်သောဉာဏ်တော်၊

(၂) **ဝိပါကဉာဏ်တော်**=ကာလသုံးပါး၌ ပြုလုပ်ဆောက်တည် အပ်သော ကံတရားတို့၏ အကျိုးဝိပါက်ကို ဇနကအကြောင်း, ဥပတ္ထမ္ဘကအကြောင်းများနှင့်တကွ အမှန်အတိုင်း သိမြင်သော ဉာဏ်တော်၊

(၃) **သဗ္ဗတ္ထဂါမိနီပဋိပဒါဉာဏ်တော်** = အလုံးစုံသော ဘုံဘဝသို့ လားစေတတ် ရောက်စေတတ်သော အကျင့်အမျိုးမျိုး, နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ပဋိပတ်မျိုးကို အမှန်အတိုင်း သိမြင် သောဉာဏ်တော်၊

(၄) **အနေကဓာတုနာနာဓာတုဉာဏ်တော်** = သက်ရှိ ဖြစ်သည့် ဥပါဒိန္နကသင်္ခါရတို့နှင့်စပ်သော ခန္ဓာသဘောအမျိုးမျိုး အာယ- တနသဘောအမျိုးမျိုး ဓာတ်သဘောအမျိုးမျိုးတို့ကိုဎင်း, သက်မဲ့ ဖြစ်သော အနုပါဒိန္နကသင်္ခါရလောက၏ ထူးပြားကွဲလွဲချက် အမျိုးမျိုးကိုဎင်း အမှန်အတိုင်း သိမြင်သောဉာဏ်တော်၊

(ပစ္စေကဗုဒ္ဓါအရှင်မြတ်များနှင့် အဂ္ဂသာဝကနှစ်ပါးတို့သည် ဥပါ- ဒိန္နက=သက်ရှိသင်္ခါရလောက၏ ထူးပြားချက်ကိုသော်မှလည်း တစိတ် တဒေသသာ သိတော်မူကြ၏၊ အနုပါဒိန္နက သက်မဲ့သင်္ခါရလောက၏ ထူးပြားချက်ကိုကား သိတော်မမူကြကုန်။

မြတ်စွာဘုရားရှင်သည်ကား "ဤမည်သော ဓာတ်သဘော လွန်ကဲ ပြောများသောကြောင့် ဤမည်သောသစ်ပင်၏ ပင်စည်သည် ဖြူသော အဆင်းရှိ၏။ ဤမည်သောသစ်ပင်၏ ပင်စည်သည် မည်းနက်သော အဆင်းရှိ၏၊ ဤမည်သောသစ်ပင်၏ပင်စည်သည် ချောမွတ်၏။ ဤမည် သောသစ်ပင်၏ ပင်စည်သည် အခွံထူ၏၊ ဤမည်သောသစ်ပင်၏ ပင် စည်သည် အခွံပါး၏၊ ဤမည်သောဓာတ်သဘော လွန်ကဲပြောများ သောကြောင့် ဤသစ်ပင်၏ အရွက်သည် အဆင်း=သဏ္ဌာန်-စသည် အားဖြင့် ဤသို့သဘောရှိ၏။ ဤမည်သောဓာတ်သဘော လွန်ကဲပြော

WWW.DHAMMARANSI.COM



များသောကြောင့် ဤမည်သောသတ်ပင်၏ အပွင့်သည် ညိုသောအဆင်းရှိ၏, ဝါရွှေသောအဆင်းရှိ၏,နီမြန်းသောအဆင်းရှိ၏,ဖြူသောအဆင်းရှိ၏, ကောင်းသောရနံ့ရှိ၏, မကောင်းသောရနံ့ရှိ၏။ ဤမည်သောဓာတ်သဘော လွန်ကဲပြောများသောကြောင့် ဤမည်သောသတ်ပင်၏ အသီးသည် ငယ်၏, ကြီး၏,ရှည်၏,ပုတိုတိုရှိ၏,လုံးဝန်း၏, ပုံပန်းလှ၏, ပုံပန်းမလှ,ချောမွတ်၏, ကြမ်းတမ်း၏,ကောင်းသောရနံ့ရှိ၏,မကောင်းသောရနံ့ရှိ၏, အရသာချို၏, ခါး၏,ချဉ်၏,စပ်၏,ဖန်၏။ ဤမည်သောဓာတ်သဘော လွန်ကဲပြောများသောကြောင့် ဤသတ်ပင်၏ဆူးသည် ထက်၏, မထက်, ဖြောင့်၏,ကောက်၏, နီ၏, မည်း၏, ညို၏,ဖြူ၏" ဤသို့အစရှိသည်ဖြင့် အနုပါဒ်နှက သက်မဲ့သင်္ခါရလောက၏ ဓာတ်သဘောထူးပြားချက်ကို ပိုင်းခြားသိမြင်တော်မူ၏။ မှန်၏—ဤအနေကဓာတု နာနာဓာတု ဉာဏ်တော်အားအစွမ်းကား ဘုရားရှင်တို့၏ ဉာဏ်တော်အားသာဖြစ်၏၊ အခြားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏ဉာဏ်အားမဟုတ်ချေ။ ဤအထူးကို သိမှတ်ရာ၏။ အဘိ-ဋ္ဌ ၂၊ ၄၃၈—မျက်နှာမှ)။

(၅) **နာနာဓိမုတ္တိကဉာဏ်တော်** = သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်း အလိုသဘောထားကို အမှန်အတိုင်း သိမြင်သောဉာဏ်တော်၊

(၆) **ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်** = သတ္တဝါတို့၏ ဣန္ဒြေရင့်သည်,မရင့်သည်ကို အမှန်အတိုင်း သိမြင်သောဉာဏ်တော်၊

(၇) **ဈာနဝိမောက္ခသမာဓိသမာပတ္တိဉာဏ်တော်** = ဈာန်တရား, ဝိမောက္ခတရား, သမာဓိတရား, သမာပတ်တို့၏ ညစ်ညူး ဆုတ်ယုတ်ကြောင်းတရား, ဖြူစင်တိုးတက်ကြောင်းတရား, ဈာန်စသည်တို့မှ ထကြောင်းတရားများကို အမှန်အတိုင်း သိမြင်သော ဉာဏ်တော်၊

(၈) **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်** = ရှေး၌ဖြစ်ဘူးသော ဘုံဘဝခန္ဓာအစဉ်ကို အမှန်အတိုင်း သိမြင်သောဉာဏ်တော်၊

(၉) **စုတူပပါတဉာဏ်တော်** (တနည်း) ဒိဗ္ဗစက္ခုဉာဏ်တော် = သတ္တဝါတို့၏ စုတေခြင်း,ပဋိသန္ဓေတည်နေခြင်းကို အမှန်အတိုင်း သိမြင်သောဉာဏ်တော်၊

WWW.DHAMMARANSI.COM



(၁၀) **အာသဝက္ခယဉာဏ်တော်** = အာသဝတရားတို့၏ ကုန်ရာဖြစ်သော အရဟတ္တမဂ်ဉာဏ်တော်။ ဤကား ဒသဗလဉာဏ်တော်ဆယ်ပါးတို့တည်း။

## ဉာဏ်တော်ဆယ်ပါး အသုံးပြုတော်မူပုံ

မြတ်စွာဘုရားသည် ရှေးဦးစွာ ဌာနာဋ္ဌာနဉာဏ်တော်ဖြင့် ဝေနေယျသတ္တဝါတို့၏ အာသဝက္ခယဉာဏ် = အရဟတ္တမဂ်ဉာဏ်ကို ရခြင်း မရခြင်း၏အကြောင်း ဟုတ်,မဟုတ်ဖြစ်သော နိယတမိစ္ဆာဒိဋ္ဌိ = ကိလေသာ အပိတ်အပင်တရား ရှိ,မရှိကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ထိုနောင်မှ ကမ္မဝိပါကဉာဏ်တော်ဖြင့် ထိုဝေနေယျသတ္တဝါတို့မှာ ဝိပါကန္တရာယ် = ချွန်မဂ်ဖိုလ်၏ အန္တရာယ်ကိုပြုတတ်သည့် အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေတည်နေမှုရှိ, မရှိကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ထိုနောင်မှ သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်တော်ဖြင့် ထိုဝေနေယျသတ္တဝါတို့မှာ ကမ္မန္တရာယ်ခေါ်သည့် *ပဉ္စာနန္တရိယကံကြီးငါးမျိုး ရှိ, မရှိကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ထိုသို့ ရှေ့ဉာဏ်တော်သုံးပါးတို့ဖြင့် ဝေနေယျသတ္တဝါတို့မှာ ကမ္မန္တရာယ်,ကိလေသန္တရာယ်,ဝိပါကန္တရာယ်တည်းဟူသော (ချွန်မဂ်ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သည့်) အန္တရာယ်ကြီး သုံးပါး ရှိ,မရှိ ကြည့်ရှုဆင်ခြင်တော်မူပြီးမှ ထိုအန္တရာယ်သုံးပါး အနှောက်အယှက်တရားတို့မှ ကင်းစင်သော ဝေနေယျသတ္တဝါတို့အား စရိုက်နှင့်လျော်လျောက်ပတ်သောတရားကို ဟောကြားဖို့ရန် အနေကဓာတု နာနာဓာတုဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ စရိုက်အထူးအပြားကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ထိုနောင်မှ ထိုသတ္တဝါတို့၏ လုံ့လပယောဂ စင်ကြယ်မှု,မစင်ကြယ်မှုကို ဂရုမမူ ယူတော်မမူပဲ နှလုံးသွင်းသဘောထားအားလျော်စွာ တရား

*ပဉ္စာနန္တရိယကံကြီးငါးမျိုးဟူသည်မှာ—အခြားမဲ့ ဒုတိယဘဝ၌ မုချအပါယ်ပဋိသန္ဓေကျိုးပေးမည့် (၁) အမိသတ်ခြင်း=မာတုဃာတကကံ၊ (၂) အဖသတ်ခြင်း=ပိတုဃာတကကံ၊ (၃) ရဟန္တာကိုသတ်ခြင်း=အရဟန္တဃာတကကံ၊ (၄) ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုခြင်း=လောဟိတုပ္ပါဒကကံ၊ (၅) သံဃာကို သင်းခွဲခြင်း=သံဃဘေဒကကံ= ဤငါးပါးတို့တည်း။

WWW.DHAMMARANSI.COM



ဟောဖို့ရန် နာနာဓိမုတ္တိကတာဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ နှလုံးသွင်းသဘောထားကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ထိုသို့ ထိုသတ္တဝါတို့၏ နှလုံးသွင်းသဘောထားကို ကောင်းစွာသိမြင်တော်မူပြီးမှ စွမ်းအားအလျောက် တရားဟောဖို့ရန် ဣန္ဒြိယပရောပရိယတ္တဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ သဒ္ဓါစသောဣန္ဒြေတို့ အနု,အရင့်ကို ကြည့်ရှုဆင်ခြင်တော်မူသည်။ ဤသို့ကြည့်ရှုဆင်ခြင်တော်မူသဖြင့် ထိုသတ္တဝါတို့မှာ ဈာန်မဂ်ဖိုလ် ရလောက်သောဣန္ဒြေရင့်ကျက်မှု ရှိကြသည်ကို သိမြင်တော်မူပြီးလတ်သော် ထိုကျွတ်ထိုက်သောသတ္တဝါတို့သည် ဝေးခြားသောအရပ်၌ အကယ်၍တည်နေကြလျှင် ဈာနာဒိသံကိလေသ ဝေါဒါနဝုဋ္ဌာနဉာဏ်တော်ဖြင့် ဈာန်-စသောတရားတို့၌ အထွတ်အထိပ်ရောက် လေ့လာနိုင်နင်းတော်မူသည်ဖြစ်ရကား တန်ခိုးအထူးဖြင့် ထိုသတ္တဝါတို့ထံ အမြန်ကြွရောက်တော်မူသည်။ ကြွရောက်တော်မူပြီးလျှင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ ရှေးဘဝဖြစ်ပုံကိုဇင်း, ဒိဗ္ဗစက္ခုဉာဏ်တော်စွမ်းဖြင့် ရောက်အပ်သော စေတောပရိယဉာဏ်တော်ဖြင့် ထိုသတ္တဝါတို့၏ လောလောဆယ်=ပစ္စုပ္ပန်စိတ်ဖြစ်ပုံအထူးကိုဇင်း ကြည့်ရှုဆင်ခြင်တော်မူလျက် အာသဝက္ခယဉာဏ်တော်အစွမ်းဖြင့် အရဟတ္တမဂ်သို့ ရောက်ကြောင်း အကျင့်ပဋိပတ်၌ တွေဝေခြင်း ကင်းတော်မူပြီးဖြစ်ရကား ထိုသတ္တဝါတို့အား အရဟတ္တမဂ်ကို ရရှိဖို့ရန် တရားဟောတော်မူလေသည်။ ထို့ကြောင့် ဤဒသဗလဉာဏ်တော်ဆယ်ပါးတို့ကို ဤအစဉ်အတိုင်း ဟောကြားအပ်ကုန်၏။ (အံ-ဋ္ဌ၊၃၊၂၉၀-မှ)။

ဤကား ဒသဗလဉာဏ်တော် ဆယ်ပါးတို့တည်း။

---

## စုဒ္ဒသဗုဒ္ဓဉာဏ်တော်=ဗုဒ္ဓဉာဏ်တော် ၁၄-ပါး

ဗုဒ္ဓဉာဏ်တော် ၁၄-ပါးဟူသည်မှာ-သစ္စဉာဏ်တော် ၄-ပါး, ပဋိသမ္ဘိဒါဉာဏ်တော် ၄-ပါး,အသာဓာရဏဉာဏ်တော် ၆-ပါး= ဤ ၁၄-ပါးတို့တည်း။ ထို ၁၄-ပါးတို့တွင် သစ္စဉာဏ် ၄-ပါးနှင့် ပဋိသမ္ဘိဒါဉာဏ်၄-ပါးတို့သည် သာဝကတို့နှင့် ဆက်ဆံကုန်၏၊

WWW.DHAMMARANSI.COM



သာဝကတို့လည်း ရရှိကုန်၏၊ အသာဓာရဏဉာဏ်တော် ၆-ပါး တို့ကား ဘုရားရှင်တို့နှင့်သာ ဆက်ဆံကုန်၏၊ သာဝကတို့နှင့် မဆက်ဆံကုန်။

အသာဓာရဏဉာဏ်တော် ၆-ပါးတို့သည် ဘုရားရှင်တို့၏ သီးခြားဉာဏ်တော်များဖြစ်ကုန်သကဲ့သို့ ထို့အတူ ဘုရားရှင်တို့၏သာ သီးခြားဥစ္စာဖြစ်သည့် အာဝေဏိကဂုဏ်တော် ၁၈-ပါးတို့ ရှိကြလေသည်။ ထိုအာဝေဏိကဂုဏ်တော် ၁၈-ပါးဘုရားရှိခိုးကို လယ်တီဆရာတော်ဘုရားကြီး ရေးသားစီစဉ်တော်မူခဲ့သည့် အတိုင်း ဤအရာ၌ ဆက်လက်ထုတ်ဖော် ပြဆိုပေအံ့—

**အာဝေဏိကဂုဏ်တော် ပါဠိနှင့်အနက်**

ဇေယျတု။ ။ဗုဒ္ဓါနံ ဇိဝိတဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊ (၃)။

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ (၃)။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ၊ နတ္ထိ ဝီရိယဿ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ပညာယ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ၊ (၆)။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အပ္ဖုဋံ၊ နတ္ထိ

WWW.DHAMMARANSI.COM



ဝေဂါယိတဏ္ဍံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါ-
နုပေက္ခာ၊ (၆)။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ
ဘဂဝတော န သက္ကာ ကေနစိ အန္တရာယော ကာတုံ။

(အနက်ကား)။ ။ဇေယျတု = အစ္ဆုတ်, ဗာဟိ နှစ်လီဘေး
ဒဏ် တွင်း, ပရန်ကို တွန်းလှန်ပယ်နှင် အောင်ပွဲယင်ပါစေသ
တည်း····။

ဗုဒ္ဓါနံ = သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။ ဇီဝိတဿ = ပွင့်
ရာတမ်းမှတ် အာယုကပ်ကို ငါးရပ်ပုံစု လေးခုဆုံးတိုင် ရှည်နိုင်
တည်နေမြဲဖြစ်သော အသက်တော်၏။ အန္တရာယော=လေးခုလုံး
လုံးမဆုံးမီခင် အလယ်တွင်၌ ဝင်၍လတ်လတ် ဖျက်ဆီးတတ်သော
အန္တရာယ်ကို။ ကေနစိ = ဒေဝဒတ်နှင့် မာရ်နတ်စစ်မှူး ဘီလူး
အာဠဝက စသည်အပုံ တစုံတယောက်သောသူမျှပင်။ ကာတုံ =
ပျက်စီးလေအောင် ကြံဆောင်အားထုတ် ပြုလုပ်စီရင်ခြင်းငှါ။ န
သက္ကာ = မတတ်နိုင်။ ဗုဒ္ဓါနံ = သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏။
သဗ္ဗညုတညာဏဿ = အပရိယန္တ ဉေယျအထု တရားစုဝယ်
တခုမကြွင်း ခပင်းဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်နိုင်သော
သဗ္ဗညုတရွှေဉာဏ်တော်မြတ်၏။ အန္တရာယော=ဉာဏ်ကြီးသဗ္ဗည်
မထင်သာအောင် ကွယ်ကာဖျက်ဆီးတတ်သော အန္တရာယ်ကို။
ကေနစိ = မဟေသရ ဗကဗြဟ္မာ အသုရာနှင့် များစွာလူတွင်
တယောက်ပင်မျှ။ ကာတုံ = မမြင်သာအောင် ကြံဆောင်အား
ထုတ် ပြုလုပ်စီရင်ခြင်းငှါ။ န သက္ကာ = မတတ်နိုင်။

ဘဂဝတော = ခြောက်ပါး, ရှစ်သွယ် ဘုန်းတော်ကြွယ်သော။
ဗုဒ္ဓဿ = သဗ္ဗညုမြတ်စွာဘုရား၏။ ဉာဏံ = သဗ္ဗညုတရွှေဉာဏ်
တော်မြတ်သည်။ အတီတံသေ = အတိတ်သံသရာ ကမ္ဘာသာ
လျှင် ဧ-ရာမထင် ရှေ့တပြင်က လွန်ကုန်ကြသော ဉေယျ, သတ္တာ
များစွာအထု တရားစု၌။ အပ္ပဋိဟတံ = ပရမာမြူနု တခုမျှပင် မြင်
ခွင့်မပေး အရေးကန့်လန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခ
တရားမှ ကင်းတော်မူ၏ (၁)။

WWW.DHAMMARANSI.COM



ဘဂဝတော = ခြောက်ပါး, ရှစ်မျိုး ဘုန်းတော်ဖြိုးသော။ ဗုဒ္ဓဿ = သဗ္ဗညုမြတ်စွာဘုရား၏။ ဉာဏံ = သဗ္ဗညုတရွှေဉာဏ်တော်မြတ်သည်။ အနာဂတံသေ = အနာဂတ်သံသရာ ကမ္ဘာဘာတွင် ဆုံးရာမထင် နောက်တပြင်၌ အစဉ်ရှည်ဝေး လာအံ့သေးသော ခေ ယျ, သစ္စာ များစွာအထု တရားစု၌။ အပ္ပဋိဟတံ = ပရမာမြူနု တခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူ၏ (၂)။

ဘဂဝတော = ခြောက်ပါး, ရှစ်မြောက် ဘုန်းတော်တောက်သော။ ဗုဒ္ဓဿ = သဗ္ဗညုမြတ်စွာဘုရား၏။ ဉာဏံ = သဗ္ဗညုတရွှေဉာဏ်တော်မြတ်သည်။ ပစ္စုပ္ပန္နံသေ = ကေတိ"သ ဘုံဘဝနှင့် အနန္တစကြဝဠာ ရပ်ရွာဝန်းကျင် နယ်တပြင်၌ မျက်မြင်မစဲ ဖြစ်မြဲပျက်မှု ယခုတည်လစ်လောလောဖြစ်သော ခေ ယျ,သစ္စာ များစွာအထု တရားစု၌။ အပ္ပဋိဟတံ = ပရမာမြူနု တခုမျှပင် မြင်ခွင့်မပေး အရေးကန့်လန့် တားဟန့်ပိတ်ပင်နိုင်သော ပဋိပက္ခတရားမှ ကင်းတော်မူ၏(၃)။

ဣမေဟိ တီဟိ ဓမ္မေဟိ = ဤသုံးဖြာသော အသာဓာရဏ မမ္ဗျှမျှ ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ=လောက်လွှဲကိုင ပြည့်စုံလှသော။ ဘဂဝတော = ခြောက်ပါး, ရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ=သဗ္ဗညုမြတ်စွာဘုရား၏။ သဗ္ဗံ = တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ ကာယကမ္မံ = သွား,ရပ်,ထိုင်, လျှောင်း ရွှေ့,နှောင်း တက်, ဆုတ် ဆန့်, ရုပ်ချိကြွ စသည်များပြားလှုပ်ရှားပြုပြင်သမျှသော ကိုယ်အမူအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ = သာတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် = ပညာလေးပါး ရှေ့သွားရှေ့ဆောင်ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ = သမ္ပဇဉ်ဉာဏ် စိမ်တိုင်းပင် အစဉ်တခိုက် လိုက်ကာဖြစ်တော်မူပေ၏ (၄)။

သဗ္ဗံ = တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသော။ ဝစီကမ္မံ = နှုတ်လျှာအိန့်၍ မိန့်ဖော်ကျူးရင့် လွှစ်ဖွင့်သမျှသော နှုတ်အမူအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ = သာတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်,

WWW.DHAMMARANSI.COM



ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် = ပညာလေးပါး ရှေးသွားရှေ့ဆောင်ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ = သမ္ပဇဉ်ဉာဏ် ဓိမံတိုင်းပင် အစဉ်တစိုက် လိုက်ကာဖြစ်တော်မူပေ၏ (၅)။

သဗ္ဗံ=တခုမကြွင်း ခပင်းဉဿုံ အလုံးစုံသော။ မနောကမ္မံ = ကြံကြံသမျှသော စိတ်အမူအရာတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ = သာတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မော-ဟသမ္ပဇဉ် = ပညာလေးပါး ရှေးသွားရှေ့ဆောင်ရှိတော်မူပေ၏။ ဉာဏာနုပရိဝတ္တံ = သမ္ပဇဉ်ဉာဏ် စိမံတိုင်းပင် အစဉ်တစိုက် လိုက်ကာဖြစ်တော်မူပေ၏ (၆)။

ဣမေဟိ ဆဟိ ဓမ္မေဟိ = ဤခြောက်ဖြာသော အသာဓာရဏ ဓမ္မပုံ့ပျုံး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ = လောက်လွှဲကုံ ပြည့်စုံလှသော။ ဘဂဝတော = ခြောက်ပါး, ရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ = သဗ္ဗညု မြတ်စွာဘုရားအား။ ဆန္ဒဿ = စကြဝဠာပေါင်း တသောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါကို ခေမာသောင်သို့ ငါဆောင်ပို့မည် ရည်သန်တောင့်တသော ဘုရားအလျာ သုမေဓာရှင်ရသေ့ သန္တာန်၌ဖြစ်သော အာဂမဆန္ဒတော်…, ဘုန်းခြောက်ဖြာတွင် ကာမာမည်သီး လိုတိုင်းပြီးသော အဓိဂမဆန္ဒတော် = နှစ်ပါး၏။ ဟာနိ = ရည်သန်သလောက် မမြောက်မပြီး ပျက်စီးချို့ငဲ့ခြင်းမည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ (၇)။

ဓမ္မဒေသနာယ = ဝဋ္ဋသုံးဖြာ သံသရာမှ နိယျာနိက နိဿရဏ စစ် ဖြစ်စေခြင်းငှါ စိတ်ဖြာဝေဘန် ခွဲပြည့်သွန်သော အမွန်ထွေလာ ဒေသနာတော်မြတ်၏။ ဟာနိ = နိယျာနိက နိဿရဏာဟု ဖလ ကျိုးကြီး မပြီးစီးပဲ ချွတ်လွဲယုတ်လျော့ခြင်းမည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ(၈)။

ဝိရိယဿ = ယူဇနာဝန်းညီ သုံးလီသန်းပေါင်း ခြောက်သိန်း လောင်းလျက် တသောင်းသုံးရာ ငါးဆယ်သာတည့် စကြဝဠာ တွင်း ဝင်းဝင်းထိန်ညီး မီးကျီးလုံးသွား အပြည့်ထားလျက် တဖက်

WWW.DHAMMARANSI.COM



ကမ်းတိုင် ရောက်ပေနိုင်မူ အကြွင်သူကား ဘုရားဖြစ်မည် စင်စစ် ဟူက ဆံမြှုမတွန့် ဝံ့ဝံ့စားစား ကူးသွားနိုင်မျှ ရဲရင့်လှသည့် ပယာတ္တမည်သော အာဂမဝီရိယတော်…, အသာခေရဏာ ကိစ္စ လေးတန် ကုံလောက်ငံ၍ သမ္မပ္ပဓာန်ကိစ္စ တပ်စွမ်းလှသော အာ-ဂမဝီရိယတော်…, နေ့တိုင်းစတေ ငါးတွေကိစ္စ မလပ်ရအောင် ထာဝရအားသစ်ပြုမြဲဖြစ်သော အမိဂမဝီရိယတော် = သုံးပါး၏။ ဟာနိ = ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ (၉)။

သမာဓိဿ = အဋ္ဌဒိသာ ရှစ်မျက်နှာမှ လာလာသရွေ့ မုန်တိုင်းဖော့လည်း မရွေ့မယိုင် မြင်းမိုရ်နိုင်သို့ တပြိုင်နက်သား ရှစ်ပါး လောကဓံ ဝန်းရံပတ်ဆုံ တွေ့ခိုက်ကြုံလည်း တုန်မလှုပ်ပဲ အမြဲတည်တံ့တော်မူသော ပကတိသမာဓိတော်…, ဝသီငါးရပ် ကမ်းဆုံးခတ်လျက် ထူးမြတ်လွန်ကဲသော ဈာန်ဝိဓအဘိညာဏ်, ဒိဗ္ဗစက္ခုအဘိညာဏ်, ဒိဗ္ဗသောတအဘိညာဏ်, စေတောပရိယ အဘိ-ညာဏ်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်, ယထာကမ္မူပဂ-အဘိညာဏ်, အနာဂတံသအဘိညာဏ်မျိုး တန်ခိုးဣဒ္ဓိပါဒ်တော်တို့၏ အခြေဖြစ်သော အပ္ပနာသမာဓိတော် = နှစ်ပါး၏။ ဟာနိ = ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ = အနုမြူမျှ ရှိတော်မမူ (၁၀)။

ပညာယ = စကြဝဠာပေါင်း သောင်းတိုက်အပြင် ဘုံသုံးခွင်ဝယ် သင်္ခါရဓမ္မ ဟူသမျှကို တစမကြွင်း လင်းလင်းထင်ထင် အဆုံးမြင်လျက် နေ့စဉ်မစဲ ရှုစမြဲအစဉ်ဖြစ်သော ကုဋေနှစ်သန်း လေးသိန်းအရေအတွက်ရှိသော မဟာဝဇိရဉာဏ်တော်မြတ်၏။ ဟာ-နိ = ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ (၁၁)။

ဝိမုတ္တိယာ = ကုဋေတသိန်း ပျက်ကိန်းတူစွာ စကြဝဠာဝယ် မြဟ္မာလူနတ် လေးရပ်ပါယ်ဘုံ အကုန်မကြွင်း ခပင်းရုံးပေါင်း လွှမ်းမွှမ်းညောင်းအောင် သွန်းလောင်းဖြန့်ဖြူးတော်မူအပ်သော

WWW.DHAMMARANSI.COM



မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟု ဆိုအပ်သော ဗြဟ္မ-ဝိဟာရ စေတောဝိမုတ္တိတရားလေးပါး…,ဗြဟ္မာလူနတ် ပရိသတ်အား တရားဟောစဉ် အခိုက်တွင်မျှ မလပ်ရအောင် နေ့ညမစဲ ဝင်စားမြဲ အစဉ်ဖြစ်သော ကုဋေနှစ်သန်း လေးသိန်းမျှလောက်သော အရဟတ္တဖလ စတုတ္ထဈာန် အမွန်ရတနာ ချမ်းသာသုခ ထူးမြတ်လှသော ဝိမုတ္တိတရား = ဤငါးပါး၏။ ဟာနိ = ယုတ်လျော့ခြင်းမည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ (၁၂)။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ = ဤတဆယ့်နှစ်ဖြာသော အသာ-ဓာရဏ ဓမ္မပုံ့ပျူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာဂတဿ = လောက်လွှဲ့ကိုင်ပြည့်စုံလှသော။ ဘဂဝတော = ခြောက်ပါး, ရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ = သဗ္ဗညုမြတ်စွာဘုရားအား။ ဒဝါ = သတိ, သမ္ပဇဉ် မယှဉ်မဖက် အပျက်အချော် သရော်ဖျင်းပေါ့ အသော့အသွမ်း ရွှင်လန်းမြူးရယ် ကျီစယ်သမှု ပြုအပ်ဆိုအပ် ကြံစည်အပ်သော ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတော်များသည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ (၁၃)။

ရဝါ = သတိ, သမ္ပဇဉ် မတင်မဆေး အရေးတကြီး ကပြီး ကပြုန်း ကရုန်း ကရင်း မစဉ်းမစား ပြုမိပြော၍ ယွင်းမှားလျော့မေ့ မစေ့မစပ် လစ်လပ်ဟင်းဟာသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုဖြစ်တင်ရန်အမှုသည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ (၁၄)။

အပ္ဖုဋံ = စဉ်းစဉ်းစားစား ပြုပါပြောလည်း ဉာဏ်အားသေး၍ အရေးအခွင့် မြင်သင့်သမျှ တကွလုံးစုံ ကုန်အောင်မပြန့် မနှံ့မစပ် လစ်လပ်ဟာဟင်း ကျန်ကြွင်းသောအရာရှိသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ ပြောဆိုဖြစ်တင်ရန်အမှုသည်။ နတ္ထိ = အနုမြူမျှ ရှိတော်မမူ (၁၅)။

ဝေဂါယိတတ္တံ = စိတ်မာန်အလျောက် ကြောက်လန့်တကြား ကစားရွှင်မြူး အလွန်ကြူး၍ ကိုယ်ကျူးနှုတ်ကျူ လွန်လွန်ကဲကဲ လွဲလွဲချော်ချော် မတော်မှားယွင်းသည်ဟု ပညာရှိပုဂ္ဂိုလ်တို့ပြောဆိုဖြစ်တင်ရန်အမှုသည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ(၁၆)။

WWW.DHAMMARANSI.COM



အဗျာဝဋ္ဋမနော = ကိုယ်တော်မြတ်၏ အတ္တဟိတ ကြီးလှစီးပွါး····, တသောင်းတိုက်နေ ဗိုလ်ခြေများစွာ သတ္တဝါတို့၏ ချမ်းသာစီးပွါး=နှစ်ပါးအကျိုး ဖြိုးဖြိုးမယုတ် အားထုတ် ကျင့်ဆောင်တော်မူမည့် ရွယ်ရည်ရှေးရှု တည်နေတော်မူသော မဟာ-ဥဿာဟ ဗျာပါရအမူအရာမှ ရုံခါကင်း၍ဖြစ်သော ဇောစိတ္တုပ္ပါဒ်တော်မည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ(၁၇)။

အပ္ပဋိသင်္ခါနုပေက္ခာ = စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယာ, မန ခြောက်ဒွါရတွင် ထင်ထင်သမျှ ရူပ,သဒ္ဒ,ဂန္ဓ, ရသာ, ဖောဋ္ဌဗ္ဗာနှင့် ဓမ္မာဟူသည့် ခြောက်မည်အာရုံ အလုံးစုံကို မစုံမစမ်းကြောင်းလမ်းပြက်ပြက် သက်သက်မသိ သတိမမူ လျစ်လျူရှုခြင်းမည်သည်။ နတ္ထိ = အနုမြူမျှရှိတော်မမူ(၁၈)။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ = ဤ တဆယ့်ရှစ်ဖြာသော အသာဓာရဏ ဓမ္မပုံပျူး ဂုဏ်ကျေးဇူးတော်တို့နှင့်။ သမန္နာ-ဂတဿ = လောကလွှ်ကိုင ပြည့်စုံလှသော။ ဘဂဝတော = ခြောက်ပါး, ရှစ်တန် ဘုန်းတော်လျှံသော။ ဗုဒ္ဓဿ = သဗ္ဗညူမြတ်စွာဘုရားအား။ ကေနစိ = တစုံတယောက်သောသူသည်။ အန္တရာယော = အသက်တော်နှင့် ဉာဏ်တော်ဂုဏ်ရှိန် မှေးမှိန်ပျက်စီးကြောင်းအန္တရာယ်ကို။ ကာတုံ = နည်းပေါင်းများစွာ ဆင်ကာအားထုတ် ပြုလုပ်စီရင်ခြင်းငှါ။ န သက္ကာ = မတတ်နိုင်။

တဒေဝ ဝစနံ သစ္စံ၊ ဘဂဝန္တံ နမာမဟံ။
ဧတေန သစ္စပုညေန၊ စိန္တာ မယှံ သမိဇ္ဈတံ။

တဒေဝ ဝစနံ = တဆယ့်ရှစ်ဖြာ အာဝေဏိက ဘုရားကျေးဇူး ဂုဏ်အထူးတို့ကို ချီးကျူးကြည်ညို ဖွင့်ဆိုမြွက်ကြား တိုစကားသည်သာလျှင်။ သစ္စံ = မတိမ်းမစောင်း ကောင်းမြတ်ကေန်စင်စစ်မှန်၏။ ဘဂဝန္တံ = အာဝေဏိက ဓမ္မဘုန်းဟုန် ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ = အကျွန်ုပ်သည်။ နမာမိ = ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွတ်ပါ၏ဘုရား။ ဧတေန သစ္စပုညေန = ဗုဒ္ဓဓမ္မ ဋ္ဌာရသကို ထုတ်ဆို

WWW.DHAMMARANSI.COM



သစ္စာ, ရိုသေမြတ်နိုး ရှိခိုးဦးညွတ်ရပါသော ကောင်းမှုကုသိုလ်ကံ စေတနာကြောင့်။ မယှံ = အကျွန်ုပ်၏။ စိန္တာ = လောကီ, လောကုတ် ပစ္စုပ်,သံသာ နှစ်ဖြာအကျိုး ပွါးတိုးဖို့ရန် တောင့်တ အပ်သမျှ ကောင်းမြတ်သောအကြံသည်။ သမိဇ္ဈတံ = သမိဇ္ဈတု = ကြံစည်သည့်တိုင်း မဆိုင်းလျင်စွာ ပြည့်စုံအောင်မြောက်ပါ စေသတည်း။

အာဝေဏိကဂုဏ်တော် ၁၈-ပါး ပြီး၏။

(ဝေသာရဇ္ဇဉာဏ်တော် လေးပါးအကြောင်းကို ဤမဟာဗုဒ္ဓဝင် ပဉ္စမတွဲ အောက်စာမျက်နှာ(၆၄၉)မှစ၍ ရေးသားအပ်ပြီးဖြစ်သော ကြောင့် ဤ၌ မရေးတော့ပြီ။

ဤ၌။ ။ပဋိသမ္ဘိဒါဉာဏ်တော်, အသာဓာရဏဉာဏ်တော်, ဒသ-ဗလဉာဏ်တော်-စသော ဘုရားရှင်၏ဂုဏ်ကျေးဇူးတော်တို့ကို ဖော်ပြခြင်း မှာ သမုဒ္ဒရာရေ၏ ဆားငန်အရသာကို သိသာလောက်ရုံ ရေတပေါက်ကို ခပ်ယူ၍ သောက်သုံးစေခြင်းကဲ့သို့ မြတ်စွာဘုရား၏ မဟာသမုဒ္ဒရာ ရေအထုမက များလှစွာသော ဂုဏ်ကျေးဇူးတော်တို့မှ ရေတပေါက်မျှ သော ဂုဏ်ကျေးဇူးတော်တို့ကို ထုတ်ဖော်ပြခြင်းဖြစ်သည်၊ ဤကျမ်း၌ မဖော်ပြရသေးသည့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကား သမုဒ္ဒရာ ရေအထုမက များလှကုန်၏ဟု အထူးသတိချပ် သိမှတ်ကုန်ရာ၏)။

---

ဓမ္မစက္ကပဝတ္တနသုတ္တန် အထူးမှတ်ဖွယ်

ယခုအခါ အောက်မဟာဗုဒ္ဓဝင် ဒုတိယတွဲ စာမျက်နှာ (၄၃၀)၌ ညွှန်ပြမှာကြားခဲ့သည့် "ဓမ္မစက္ကပဝတ္တနသုတ္တန်, အနတ္တလက္ခဏသုတ္တန်တို့ အတွက် အထူးမှတ်ဖွယ်"ကို အစဉ်အတိုင်း ဖော်ပြပေအံ့—

မြတ်စွာဘုရားရှင် ပွင့်တွန်းတော်မမူမီ မဇ္ဈိမတိုက်တခွင်၌ ရဟန်းအမည်ခံ ဂိုဏ်းဆရာကြီးများသည် ထင်ရှားပေါ်ထွက်နေကြ၏၊ ထိုများစွာသော ရဟန်းအမည်ခံ ဂိုဏ်းဆရာကြီးတို့သည် အချို့က ကာမသုခလ္လိကာနုယောဂအလုပ်ကို, အချို့က အတ္တကိလမထာနုယောဂအလုပ်ကို ရဟန်းကိစ္စ ရဟန်းအလုပ်အနေဖြင့်

WWW.DHAMMARANSI.COM



ကျင့်ကြ ကြံကြ ဟောကြားပြသနိုင်ကြလေသည်။ ထိုကဲ့သို့ လောကကြီး၌ အယုတ်တရားနှစ်ပါးကို တကယ့်တရားစစ် တရားမှန်အနေဖြင့် ကျင့်, ကြံ, ဟောကြား ပြသကြမှု တည်းဟူသော မှောင်ကြီးဖုံးအုပ်နေစဉ် မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် (၁၀၃)ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်လုဆဲဆဲအချိန်တွင် ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူလေသည်။ (ဓမ္မစကြာပါဠိ,အနက်ကို နှလုံးသွင်းထားပါ။)

ဤဓမ္မစက္ကပဝတ္တနသုတ္တန်ကို မြတ်စွာဘုရားရှင်က စ-တင်၍ "ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ = ရဟန်းတို့...ရဟန်းဖြစ်သူသည် ဤဆိုလတ္တံ့သော အယုတ်တရား အစွန်းနှစ်ပါးတို့ကို မမှီဝဲအပ်ကုန်"ဟူသော ဤစာပိုဒ်ဝါကျကို ရွတ်ဆိုလိုက်သည်နှင့်တပြိုင်နက် ဖြစ်ပေါ်လာသော ပွဲတင်သံကြီးသည် ဘုရားရှင်၏ အာနုဘော်ကြောင့် အောက်အဖို့ အဝီစိတိုင်အောင်, အထက်အဖို့ ဘဝဂ်တိုင်အောင် နိုက်ရောက်လျက် ဇာတိခေတ် စကြဝဠာတိုက်တသောင်းကို ပြန့်နှံ့၍တည်လေသည်။ ထိုအချိန်၌ပင် ရင့်ကျက်သော ကုသိုလ်မူလရှိကြလျက် သစ္စာလေးပါးတရားသိဖို့ရန် အဓိကာရ(အထိကရ)ကောင်းမှု ကုသိုလ်ထူးပါရှိပြီးဖြစ်ကြသည့် တဆယ့်ရှစ်ကုဋေ အရေအတွက်ရှိသော မြဟ္မာအပေါင်းတို့သည် ဗုဒ္ဓသိပတနမိဂဒါဝုန်တောဝယ် ဓမ္မစကြာတရားဦး ဟောမည့်နေရာ၌ အညီအညွတ် စည်းဝေးလာရောက်ကြပြီး ဖြစ်နှင့်လေသည်။ ဓမ္မစကြာတရားဦးကို စ၍ဟောသည့်အချိန်မှာ အနောက်အရပ်သို့ နေဝင်လုဆဲဆဲ, အရှေ့အရပ်မှ လဝန်းထွက်ပြူဆဲအချိန် ဖြစ်လေသည်။

ဤဓမ္မစက္ကပဝတ္တနသုတ္တန် ဒေသနာစဉ် အကျဉ်းချုပ်မှာ—မြတ်စွာဘုရားရှင်သည် ပဉ္စဝဂ္ဂီတို့အား ရှေးဦးစွာ ရှောင်ကြဉ်ရမည့် အယုတ်တရားနှစ်ပါးတို့ကို ဟောတော်မူသည်။ ထို့နောက် လိုက်နာကျင့်သုံးရမည့် မဂ္ဂင်ရှစ်ရပ် မဇ္ဈိမပဋိပတ်ကို ဟောတော်မူသည်။ ထို့နောက် သစ္စာလေးပါးကို အကျဉ်းချုပ်ဟောတော်မူသည်။ ထို့နောက် ကိုယ်တော်မြတ်အဖို့ရာ သစ္စာလေးပါးတို့

WWW.DHAMMARANSI.COM



အနက် တပါးတပါး၌ ရထိုက် ဖြစ်ထိုက်သော ဉာဏ်သုံးပါးစီ ပြည့်စုံမှ ဘုရားအဖြစ် ဝန်ခံတော်မူကြောင်းကို ဟောတော်မူသည်။ ထို့နောက် ဤတရားဒေသနာကို ဟောတော်မူစဉ် အရှင်ကောဏ္ဍညသည် သောတာပန်တည်ကြောင်း, ဓမ္မစကြာကို မြတ်စွာဘုရားရှင် လည်စေပြီးလတ် ဖြစ်စေပြီးလတ်သော် ဘုမ္မစိုးနတ်တို့မှအစ ဗြဟ္မာများကျအောင် ကောင်းကြီးကြွေးကြော်ကြကြောင်း, မဟာပထဝီ ဤမြေကြီးတုန်လှုပ်ကြောင်း, သဗ္ဗညုတဉာဏ်တော်အာနုဘော်ကြောင့်ဖြစ်သော စိတ္တပစ္စယ ဥတုသမုဋ္ဌာန အရောင်အလင်းကြီး နတ်ဗြဟ္မာတို့အရောင်ထက် အဆရာထောင်ကြီးကျယ်စွာ ဖြစ်ပေါ်လာကြောင်း ဟောတော်မူသည်။ ထိုအချိန်၌ မြတ်စွာဘုရားရှင်၏ သန္တာန်တော်မှာ ဓမ္မစကြာတရားဟောတော်မူစ အချိန်မှာကဲ့သို့ ပြီးဆုံးချိန်၌လည်း အလွန်နှစ်သက်, ဝမ်းမြောက်တော်မူခြင်း ဖြစ်သဖြင့် ပီတိအဟုန်ကို ငုံ၍ထားတော်မမူနိုင်တော့ပဲ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော = အို····ကောဏ္ဍညသည် သစ္စာလေးပါး တရားကိုသိမြင် ကျွတ်တမ်းဝင်ခဲ့လေပြီတကား၊ အို....ကောဏ္ဍညသည် သစ္စာလေးပါး တရားကိုသိမြင် ကျွတ်တမ်းဝင်ခဲ့လေပြီတကား"ဟု နှုတ်တော်မြွက်၍ ဥဒါန်းကျူးတော်မူကြောင်း ဟောတော်မူသည်၊ (ဤဥဒါန်းကျူးရင့်သော အသံတော်သည်လည်း စကြဝဠာတိုက်တသောင်း နှံ့၍တည်[illegible]သည်)၊ ထို့နောက် အရှင်ကောဏ္ဍညက မြတ်စွာဘုရား၏အထံတော်၌ ရှင်,ရဟန်းအဖြစ်ကို ရပါလိုကြောင်း တောင်းပန်သဖြင့် မြတ်စွာဘုရားရှင်သည် ဧဟိ ဘိက္ခု–ခေါ်တော်မူ၍ အရှင်ကောဏ္ဍည "ဧဟိ ဘိက္ခု"ရဟန်းပဉ္စင်းဖြစ်ကြောင်း ဟောတော်မူသည်။ ဤကား ဓမ္မစက္ကပဝတ္တနသုတ်၏ အကျဉ်းချုပ်ဟောပုံ အစဉ်တည်း။

**ဓမ္မစကြာ အရကောက်**

(ဤအရာ၌။ ။ဓမ္မစကြာဟူသည် အဘယ်ကိုခေါ်သနည်း–ဟု မေးဖွယ်ရှိ၏။ အဖြေကား–မြတ်စွာဘုရား၏ သန္တာန်တော်၌ဖြစ်သည့်

WWW.DHAMMARANSI.COM



ပဋိဝေဓဉာဏ်(မဂ်ဉာဏ်လေးပါးကို ပဋိဝေဓဉာဏ်ခေါ်သည်), ဒေသနာဉာဏ် ဤဉာဏ်တော်နှစ်ပါးကို ဓမ္မစကြာဟူ၍ ခေါ်၏။

ချဲ့ဦးအံ့ – မဟာဗောဓိပလ္လင်၌ ထိုင်နေတော်မူသော မြတ်စွာဘုရား (ဖြစ်အံ့ဆဲဆဲသော အလောင်းတော်)၏သန္တာန်၌ ဖြစ်ပွါးသည့် သစ္စာလေးပါးတို့၌ တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော မဂ်ဉာဏ်လေးပါးသည်၎င်း, ဣသိပတနမိဂဒါဝုန်တော၌ ထိုင်နေတော်မူကာ ဓမ္မစကြာတရားဦးဟောတော်မူသော မြတ်စွာဘုရား၏ သန္တာန်တော်၌ ဖြစ်သော တဆယ့်နှစ်ပါးသော အခြင်းအရာရှိသည့် သစ္စဒေသနာကို ဖြစ်စေတတ်သော ဒေသနာဉာဏ်တော်သည်၎င်း ဓမ္မစကြာမည်လေသည်။ ထိုဉာဏ်နှစ်ပါးလုံးသည်ပင် ရန်သူကို နှိမ်နင်းသတ်ဖြတ်နိုင်သော စက်လက်နက်ပမာ ကိလေသာရန်သူတို့ကို နှိမ်နင်းသတ်ဖြတ်နိုင်သောကြောင့် ဓမ္မစက္က=စက်လက်နက်နှင့်တူသော ဉာဏ်တရားတော်နှစ်ပါး= ဓမ္မစကြာမည်လေသည်။

ထိုဉာဏ်နှစ်ပါးလုံးပင် မြတ်စွာဘုရားရှင်၏ နှလုံးရင်တွင်း၌ဖြစ်သော ဉာဏ်သာလျှင်ဖြစ်၏။ ထိုဉာဏ်နှစ်ပါးလုံးကို ဤတရားဦးဒေသနာဖြင့် လင်းစွာပြတော်မူသော မြတ်စွာဘုရားသည် ဓမ္မစကြာကို လည်စေအပ်သည် ဖြစ်စေအပ်သည်မည်၏။ ထိုဓမ္မစကြာကို အရှင်ကောဏ္ဍညမထေရ် ဗြဟ္မာတဆယ့်ရှစ်ကုဋေတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ဆဲခဏတိုင်အောင် မြတ်စွာဘုရားသည် ဖြစ်စေဆဲ=လည်စေဆဲ မည်၏၊ အကြောင်းကား ဖြစ်စေမှု=လည်စေမှုကိစ္စ မပြီးဆုံးသေးသောကြောင့်တည်း။ အရှင်ကောဏ္ဍညမထေရ်နှင့် ဗြဟ္မာတဆယ့်ရှစ်ကုဋေတို့ သောတာပတ္တိဖိုလ်၌ တည်ပြီးခါမှစ၍ မြတ်စွာဘုရားသည် ဓမ္မစကြာကို လည်စေအပ်ပြီး ဖြစ်စေအပ်ပြီး မည်လေ၏၊ အကြောင်းကား ကဿပမြတ်စွာ သာသနာကွယ်ပသည်မှစ၍ ဤဘုရားပွင့်ထွန်းတော်မူသည့်တိုင်အောင် ဤမျှရှည်ကြာ ကာလပတ်လုံး တဦးတယောက်မျှ မဖြစ်စေဘူး မလည်စေဘူးသော ဖော်ပြရာပါ ဉာဏ်တော်နှစ်ဖြာ ဓမ္မစကြာကို ဖြစ်စေ လည်စေခြင်း ကိစ္စပြီးသောကြောင့်တည်း။ (သာရတ္ထဋီ ၃၊ မျက်နှာ ၁၇၁-မှ)။

ဤအရာဝယ် ပဋိဝေဓခေါ်သော မဂ်ဉာဏ်လေးပါးတို့ သစ္စာလေးချက်ကို သိကြရာ၌ နိရောဓသစ္စာ=နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သိကြသည်၊ ကျန်သောသစ္စာသုံးပါးတို့ကိုကား ကိစ္စသိဒ္ဓိအားဖြင့် သိကြသည်ဟု မှတ်ယူရာ၏။ ကိစ္စသိဒ္ဓိအားဖြင့် သိကြခြင်းဟူသည်မှာ မဂ်

WWW.DHAMMARANSI.COM



ဉာဏ်က သစ္စာလေးပါးကို ဖုံးလွှမ်းကာကွယ်တတ်သော မောဟ= အဝိဇ္ဇာ ကိလေသာကို ပယ်သတ်လိုက်သဖြင့် ထိုခဏ (မဂ်ခဏ)မှာပင် သစ္စာလေးပါးကို သိခြင်းကိစ္စ ပြီးပြီးသားဖြစ်သည်ကို ဆိုလိုသည်)။

ဤကား ဓမ္မစက္ကပဝတ္တနသုတ္တန် အထူးမှတ်ဖွယ်တည်း။

---

**အနတ္တလက္ခဏသုတ္တန် အထူးမှတ်ဖွယ်**

မြတ်စွာဘုရားသည် အရှင်ကောဏ္ဍညမထေရ်ကို သောတာ-ပတ္တိဖိုလ်၌ တည်စေပြီးနောက် ဝါဆိုလပြည့်ကျော် တရက်နေ့မှစ၍ မြို့ရွာအတွင်း ဆွမ်းခံမျှပင် ဝင်တော်မမူတော့ပဲ ထိုပဉ္စဝဂ္ဂီရဟန်းတို့ကို ကလေးသူငယ်များကိုကဲ့သို့ စောင့်ရှောက်တော်မူကာ ကျောင်းတိုက်အတွင်း၌ပင် သီတင်းသုံးနေထိုင်တော်မူ၍ တရားဟောပြ ဆုံးမတော်မူလေသည်။ ထိုအခါ လပြည့်ကျော် တရက်နေ့ နှစ်ရက်နေ့တို့၌ အရှင်ဝပ္ပနှင့် အရှင်ဘဒ္ဒိယတို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ ဧဟိ ဘိက္ခု-ရဟန်းအဖြစ်ကို ခံယူကြလေသည်။

ထိုနောက် မြတ်စွာဘုရားသည် အရှင်ကောဏ္ဍည, အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ ရဟန်းသုံးပါးတို့ကိုသာ ဆွမ်းခံကြွကြစေ၍ အရှင်မဟာနာမ်, အရှင်အဿဇိတို့ကို ဆွမ်းခံမကြွကြစေပဲ ကျောင်းတိုက်မှာပင် နေစေ၍ တရားဟောပြ ဆုံးမတော်မူလေသည်။ အရှင်ကောဏ္ဍည, အရှင်ဝပ္ပ, အရှင်ဘဒ္ဒိယ ရဟန်းတော်သုံးပါးတို့ ခံယူခဲ့သောဆွမ်းဖြင့် မြတ်စွာဘုရားရှင်ရော ပဉ္စဝဂ္ဂီငါးဦးတို့ပါ= ၆ျခြောက်ပါးတို့ မျှတကြလေသည်။ ထိုအခါ လပြည့်ကျော်သုံးရက်, လေးရက်နေ့တို့၌ အရှင်မဟာနာမ်နှင့် အရှင်အဿဇိတို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ ဧဟိ ဘိက္ခု-ရဟန်းအဖြစ်ကို ခံယူကြလေသည်။

ဤသို့ ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြပြီးသော် ဝါဆိုလပြည့်ကျော် ( ၅ ) ရက်နေ့၌ မြတ်စွာဘုရားသည် "ယခုအခါ ထို ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့အား အရဟတ္တမဂ်ဖိုလ်ပေါက် ရောက်အောင် တရားကို ဟောပေအံ့"

WWW.DHAMMARANSI.COM



ဟု ကြိုးစည်ဆင်ခြင်တော်မူကာ ထိုနေ့၌ ဤအနတ္တလက္ခဏာသုတ္တန်ကို ဟောကြားတော်မူသည်။ (အနတ္တလက္ခဏာသုတ်ပါဠိ,အနက်ကို နှလုံးသွင်းထားပါ)။

ဤ အနတ္တလက္ခဏာသုတ္တန် ဒေသနာစဉ် အကျဉ်းချုပ်မှာ—

(က) မြတ်စွာဘုရားသည် ရှေးဦးစွာ "ရူပံ ဘိက္ခဝေ အနတ္တာ = ရဟန်းတို့...ရုပ်သည် အတ္တမဟုတ်"-စသည်ဖြင့် ခန္ဓာငါးပါးတို့၏ အနတ္တဖြစ်ပုံကို ဒုက္ခလက္ခဏာကို အခြေခံထား၍ ဟောကြားတော်မူသည်။

(ခ) ထို့နောင်မှ ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ပုံ, ဒုက္ခဖြစ်ပုံ, အနတ္တဖြစ်ပုံကို "တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါ = ရဟန်းတို့...သင်တို့သည် ယခု ငါဘုရား မေးမည့် ထိုအရာကို အဘယ်သို့ မှတ်ထင်သဘောကျကြကုန်သနည်း၊ ရုပ်သည် မြဲသလော, မမြဲသလော"-စသည်ဖြင့် ဟောတော်မူသည်။ ဤကဲ့သို့ ခန္ဓာငါးပါးတို့၏ အနိစ္စဖြစ်ပုံကို တကျော့တပြန်, ဒုက္ခဖြစ်ပုံကို တကျော့တပြန်, အနတ္တဖြစ်ပုံကို တကျော့တပြန် မေးတော်မူ၍ တရားနာပုဂ္ဂိုလ်တို့ သဘောကျ သိမှတ်အပ်သည့်အတိုင်း ဖြေကြားစေကာ ဟောတော်မူသော ဒေသနာကို တေပရိဝဋ္ဋဓမ္မဒေသနာ = သုံးကျော့သုံးပြန်မေးဖြေ၍ ဟောကြားအပ်သော တရားဒေသနာဟူ၍ အဋ္ဌကထာ, ဋီကာကျမ်းကြီးတို့၌ အမည်သတ်မှတ်ထားလေသည်။ ဤ အခဏ်း၌လည်း အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့ကို အခြေခံအကြောင်းပြုကာ အနတ္တလက္ခဏာကို ဟောပြတော်မူလိုရင်း ဖြစ်သည်။

ချဲ့ဦးအံ့—မြတ်စွာဘုရားသည် အချို့သုတ္တန်၌ အနိစ္စလက္ခဏာနှင့်စပ်၍ အနတ္တလက္ခဏာကို ဟောပြတော်မူလေသည်၊ (ဥပရိပဏ္ဏာသပါဠိတော်လာ ဆဆက္ကသုတ္တန်ကို ကြည့်ရှုရာ၏)။ အချို့သုတ္တန်၌ ဒုက္ခလက္ခဏာနှင့်စပ်၍ အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောပြတော်မူလေသည်၊ (ဤ ယခု အနတ္တလက္ခဏာသုတ္တန်ပဌမပိုင်း စကားရပ်ကို ကြည့်ရှုရာ၏)။ အချို့ သုတ္တန်၌

WWW.DHAMMARANSI.COM



အနိစ္စ, ဒုက္ခ = နှစ်ပါးတို့နှင့် စပ်၍ အနတ္တလက္ခဏာကို ထင်ရှား အောင် ဟောပြတော်မူလေသည်၊ (ဤ ယခု အနတ္တလက္ခဏာ သုတ္တန် ဝေပရိဝဋ္ဋဓမ္မဒေသနာခဏ်းကိုငင်း, ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် အရဟန္တသုတ် 'သံ ၂-၆၇, ၆၉-မျက်နှာ'စသည်ကိုငင်း ကြည့်ရှုရာ၏)။ ထိုသို့ အနိစ္စ, ဒုက္ခနှင့် စပ်၍ အနတ္တလက္ခဏာကို ဟောပြတော်မူရခြင်းမှာ အနိစ္စသဘော, ဒုက္ခသဘောတို့က လောက၌ ထင်ရှား၍ အနတ္တသဘောက လောက၌ မထင်ရှား သောကြောင့် ဖြစ်သည်။

ထင်ရှားစေဦးအံ့— အသုံးအဆောင် အိုးခွက် - စသည်တို့ မတော်တဆ ကွဲ၍သွားကြသောအခါ လူအများတို့သည် "သြ.... အနိစ္စ"ဟူ၍ ပြောဆိုကြကုန်၏၊ "သြ....အနတ္တ"ဟူ၍ကား ပြောဆို သူ မရှိကြကုန်။ မိမိတို့ကိုယ်၌ အိုင်းအမာ အနာအဖုတို့ ထပေါ် ပေါက်ကြကုန်သော်ငင်း, ဆူးစူးကြကုန်သော်ငင်း လူအများတို့ သည် "သြ....ဒုက္ခ ဒုက္ခ" ဟူ၍ ပြောဆိုကြကုန်၏၊ "သြ....အနတ္တ" ဟူ၍ကား ပြောဆိုသူ မရှိကြကုန်။ ထိုသို့ "သြ....အနတ္တ" ဟူ၍ မပြောကြခြင်းမှာ အနတ္တလက္ခဏာက မထင်လင်း, မြင်နိုင်ခဲ, သိစေနိုင်ခဲသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် အနတ္တလက္ခဏာကို အနိစ္စလက္ခဏာနှင့် စပ်၍ငင်း,ဒုက္ခလက္ခဏာ နှင့် စပ်၍ငင်း, နှစ်ပါးစုံနှင့် စပ်၍ငင်း ဟောပြတော်မူလေသည်။ ထို အနတ္တလက္ခဏာကို ဤ အနတ္တလက္ခဏာသုတ္တန် ယခု ဝေပရိ- ဝဋ္ဋဓမ္မဒေသနာခဏ်း၌လည်း အနိစ္စ, ဒုက္ခ = နှစ်ပါးတို့နှင့် စပ်၍ ဟောပြတော်မူလေသည်။

(ဂ) ထို့နောက် "တသ္မာ တိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ။ပ။ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ=ရဟန်းတို့.... ထို့ကြောင့် (=ထိုသို့ ခန္ဓာငါးပါးလုံးပင် အနိစ္စ, ဒုက္ခဖြစ်ကုန်ရ ကား ငါ့ဥစ္စာဟူ၍ ငါဟူ၍ ငါ၏အတ္တဟူ၍ မရှုသင့်သောကြောင့်) အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အတွင်း, အပြင်, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီးဖြစ်သော အလုံးစုံသောရုပ်ကို 'ငါ၏ဥစ္စာ မဟုတ်, ငါမဟုတ်, ငါ၏အတ္တ မဟုတ်'ဟူ၍ ဟုတ်မှန်

WWW.DHAMMARANSI.COM



သည့်အတိုင်း (=အမှန်အကန်) ကောင်းမြတ်လှစွာ ဝိပဿနာ ပညာ မဂ်ပညာဖြင့် ရှုအပ်၏"-ဤသို့ စသည်ဖြင့် ခန္ဓာငါးပါး တို့၌ ဝိပဿနာပညာဖြင့်ရှုပုံ, မဂ်သို့ဆိုက်ရောက်သောအခါ မဂ် ပညာဖြင့် ကိစ္စသိဒ္ဓိအားဖြင့် သိမြင်ပုံကို ဟောတော်မူသည်။

(အထူးမှတ်ရန်မှာ။ ။ ဝိပဿနာရှုရာ၌ အနိစ္စဟူ၍ရှုလျှင် မာနစွဲကို ပယ်နိုင်၏၊ ဒုက္ခဟူ၍ရှုလျှင် တဏှာစွဲကို ပယ်နိုင်၏၊ အနတ္တဟူ၍ ရှုလျှင် ဒိဋ္ဌိစွဲကို ပယ်နိုင်၏၊ ဤအခဏ်း၌လည်း "ငါ၏ဥစ္စာမဟုတ်"ဟူ၍ ရှုခြင်းသည် တဏှာစွဲကို ပယ်ဖို့ရန် ရှုခြင်းတည်း၊ ဒုက္ခဝိပဿနာနှင့် အသွားတူ၏။ "ငါမဟုတ်" ဟူ၍ ရှုခြင်းသည် မာနစွဲကို ပယ်ဖို့ရန် ရှုခြင်းတည်း၊ အနိစ္စဝိပဿနာနှင့် အသွားတူ၏။ "ငါ၏အတ္တမဟုတ်" ဟူ၍ရှုခြင်းသည် ဒိဋ္ဌိစွဲကို ပယ်ဖို့ရန် ရှုခြင်းတည်း၊ အနတ္တဝိပဿနာ ပင်တည်း-ဟူ၍ အထူးသိမှတ်ရာ၏)။

(ဃ) ထိုနောက် ဒေသနာနိဂုံးအနေဖြင့်"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော"-စသည်ဖြင့် ခန္ဓာငါးပါးတို့ကို (ဂ) အမှတ်ပါအတိုင်း ဝိပဿနာရှုဖန်များလျှင် ဝုဋ္ဌာနဂါမိနီ-ဝိပဿနာဉာဏ်(=မဂ်သို့ရောက်စေတတ်သော ဝိပဿနာဉာဏ်), မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့် အရ-ဟတ္တဖိုလ်တိုင်အောင် ဖြစ်ပွါးပုံကို ဟောကြားတော်မူသည်။

(င) ထိုနောက် ဤအနတ္တလက္ခဏာသုတ်ကို ဟောတော်မူစဉ် ပဉ္စဝဂ္ဂီရဟန်းတို့ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကာ ရဟန္တာဖြစ်ကြကြောင်း ဟောကြားနိဂုံးသတ်တော်မူသည်။

ဤသုတ္တန်ကို ထောက်သဖြင့် ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့သည် ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုဆင်ခြင်သော ခန္ဓ-ကမ္မဋ္ဌာန်းဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်တော်မူကြကြောင်း သိသာ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာသူတော်ကောင်းတို့ အဖို့လည်း—

၁-ရုပ်ဟုတွင်မည်....၊ခန္ဓာသည်ကား၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါ

WWW.DHAMMARANSI.COM



ဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်,....၊ ဒုက္ခ, အနတ္တပါတကား။

၂-ဝေဒနာမည်....၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....,၊ ဒုက္ခ, အနတ္တပါတကား။

၃-သညာတွင်မည်....၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....,၊ ဒုက္ခ, အနတ္တပါတကား။

၄-သင်္ခါရမည်....၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....,၊ ဒုက္ခ, အနတ္တပါတကား။

၅-ဝိညာဏ်ခြောက်မည်....၊ ခန္ဓာသည်လည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏....။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏....။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး....။ ပညာစက္ခု၊ မြော်ထောက်ရှုသော်၊ သူ့သဘာဝ၊ အနိစ္စသည်....,၊ ဒုက္ခ, အနတ္တပါတကား။

ဤ ခန္ဓာငါးပါး ဝိပဿနာတရားလင်္ကာကို နှုတ်ရဆောင်ကာ ရွတ်ဆိုပွါးများ တရားနှလုံး သွင်းသင့်ပေ၏။ (ပါဠိလို နှလုံးသွင်းပွါးများခြင်းထက် အနက်အဓိပ္ပါယ် ထင်မြင်လွယ်အောင် ဤ လင်္ကာ ၅-ပုဒ်ကို ထည့်သွင်း ဖော်ပြအပ်သည်။)

အနတ္တလက္ခဏသုတ္တန် အထူးမှတ်ဖွယ် ပြီး၏။

WWW.DHAMMARANSI.COM



## ရတနသုတ် ပါဠိနှင့်အနက်

ဤ မဟာဗုဒ္ဓဝင်ကျမ်း အောက် တတိယတွဲ စာမျက်နှာ (၃၀၅) အောက်ခြေ၌ "ဤ ရတနသုတ်တော်အတွက် နာပျော် ကြည်ညိုဖွယ်ရှိသော ပါဠိအနက်ကို အထက်မမ္မရတနာအခန်း၌ ဖော်ပြထားပါသည်" ဟူသော ညွှန်ကြားချက်အရ ယခုအခါ ထို ရတနသုတ်ပါဠိနှင့် ဂုဏ်တော်အနက် ရေးသားတော်မူသော **ကိုးဆောင်ဆရာတော်ဘုရား** ရေးသားသည့် ရတနသုတ်အနက်ကို ထုတ်ဆောင်ပြပါတော့အံ့—

ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယော-တိ=သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ=တိဿော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ, ဇာတိံ, အဘိနိက္ခမနံ, ပဓာနစရိယံ, ဗောဓိပလ္လင်္ကေ မာရဝိဇယံ, သဗ္ဗညုတညာဏပ္ပဋိဝေဓံ, ဓမ္မစက္ကပဝတ္တနံ, နဝ လောကုတ္တရဓမ္မေတိ သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ—

ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

ပဏိဓာနတော=သာရမဏ္ဍာ ကမ္ဘာမထက် စတုတ္ထမင်းတရားကြီး၏ ရွှေဖဝါးတော်မြတ်အောက် လျှားမှောက်ဝပ်စင်း ကိုယ်ဖြင့်ခင်း၍ တျင်းတျင်းသန်စွမ်း မူထမ်းအားကြီး အရင်းနီးခဲ့သဖြင့် ချီးမြှောက် ပေးသနားတော်မူအပ်သော နိယတဗျာဒိတ်ပန်းကို မွှမ်းမွှမ်းထိပ်ပြင် ပန်ဆင်တော်မူပြီးသည်မှ။ ပဋ္ဌာယ = စ၍။ တထာဂတဿ=ဂင်္ဂါဝါဠု သဲစုအတူ လွန်တော်မူသော တဆူ

WWW.DHAMMARANSI.COM



မကြွင်း တရားမင်းတို့ကဲ့သို့ လာခြင်းကောင်းတော်မူသော အစိ-
န္တေယျမြတ်စွာဘုရား၏။ ဒသ ပါရမိယော=ဥစ္စာ, သား, မယား
ပြည်တိုင်းကားတို့ကို ပယ်ရှားစွန့်လှူ ဖြည့်ကျင့်တော်မူသော
ဒသပါရမီတော်တို့ငင်း။ ဒသ ဥပပါရမိယော=မျက်စိ, နား, နှာ,
အင်္ဂါခြေ, လက်တို့ကို ရက်ရက်စွန့်လှူ ဖြည့်ကျင့်တော်မူသော
ဒသ ဥပပါရမီတော်တို့ငင်း။ ဒသ ပရမတ္ထပါရမိယော=အသက်
ကိုစင် မခင်မမက် ရက်ရက်စွန့်လှူ ဖြည့်ကျင့်တော်မူသော ဒသ
ပရမတ္ထပါရမီတော်တို့ငင်း။ ဇူတိ = ဤသို့။ သမတ္တိံသ ပါရမိ-
ယော = သုံးဆယ်ပါးသုံးလီ အမျှသုံးဆယ်သော ပါရမီတော်တို့ကို
ငင်း....။ ပဉ္စ မဟာပရိစ္စာဂေ = ကိုယ်ခန္ဓာနှင့် ပြည်ရွာ, သား,
မယား, ဥစ္စာအားဖြင့် ငါးပါးသောစွန့်ခြင်းကြီးတို့ကိုငင်း....။
လောကတ္ထစရိယံ = သတ္တလောကဓာတ် သူကျိုးမြတ်စေခြင်းငှါ
ရိုးမတ်စွာ ကျင့်တော်မူခြင်းငင်း။ ဉာတတ္ထစရိယံ = ဆွေတော်
မျိုးတော် သူကျိုးကိုမြော်ခေါ်၍ ကျင့်တော်မူခြင်းငင်း။ ဗုဒ္ဓတ္ထ-
စရိယံ = ကိုယ်ကျိုးစင်စစ် ဘုရားဖြစ်စေခြင်းငှါ သစ်သစ်အားယူ
ကျင့်တော်မူခြင်းငင်း။ ဇူတိ = ဤသို့။ တိဿော စရိယာယော=
သုံးပါးသင့်လျော် အကျင့်တော်တို့ကိုငင်း....။ ပစ္ဆိမဘဝေ =
ပစ္ဆိမသမုပ္ပါဒ် ရဟတ်စက်ကြီး ပျက်စီးရပ်သိမ်း ချုပ်ငြိမ်းရာခေတ်
အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ ဂဗ္ဘဝေါက္ကန္တိံ=ဖလ်သား
မှန်သား ရံတားသိဂီ စေတီတော်တွင်း ရွှေဆင်းတုသွင်းသကဲ့သို့
သနင်းတောင်ညာ မယ်မာယာ၏ ရတနာပလ္လင် တိုက်ဝမ်းဝင်၍
မြန်းရှင်သန္ဓေ တည်စံနေခြင်းကိုငင်း....။ ဇာတိံ = လုမ္ဗိနီဟု ဂုဏ်
ဆီသင်းကြိုင် အင်ကြင်းမြိုင်၌ တပြိုင်စက္ကဝါ ဘဝဂ်ပြောတိ ယော-
မနာကြီး သြဘာချီးလျက် မီးရှူးသန့်စင် ဖွားမြော်မြင်ခြင်းကို
ငင်း....။ အဘိနိက္ခမနံ = သံယောဇဉ်နှင့် မယှဉ်မစပ် အစဉ်ဖြတ်
လျက် မြတ်သောတောထွက်တော်မူခြင်းကိုငင်း....။ ပဓာနစရိယံ
= တနေ့စာတွက် သစ်တရွက်နှင့် နှစ်သက်စေပြီး သစ်ဘသီးမျှ
ကြီးလျှင်တခြမ်း နှမ်းတစေ့, ဆန်တစေ့ ရံခါလည်း မတွေ့ရပဲ
နေ့ဆက်ရက်ဆက် ထက်မြက်ဥဿာဟ ဒုက္ကရစရိယာ ခြောက်နှစ်
ကြာပင် ငြိုငြင်စွာ ကျင့်တော်မူခြင်းကိုငင်း....။ ဗောဓိပလ္လင်္ကေ=

WWW.DHAMMARANSI.COM



ရှုတနာပလ္လင် ဖောဓိပင်၌။ မာရဝိဇယံ = ဒေဝပုတ္တ စသည် အပြား မာရ်ငါးပါးကို လုံခြုံမဖက် ဉာဏ်လက်နက်ဖြင့် ပယ် ဖျက်ကုန်စင် ပြီးအောင်မြင်ခြင်းကိုငင်း....။ သမ္ဗုဒ္ဓတညာဏပ္ပဋိ- ဝေဓံ = သစ္စာလေးဝ ခြေယျာငါးပါး တရားမူလ ဟူသမျှကို မြူမျှမကျန် ဘူသယံဖြင့် သူမဆံဘိ ထိုးထွင်း၍ သိတော်မူခြင်းကို ငင်း....။ ဓမ္မစက္ကပဝတ္တနံ = မိဂဒါဝုန် တောရဂုံ၌ ဘုံပယဝိ သုန် သုန်ဟီအောင် ဂုဏ်ဆိပြည့်နှက် ပဉ္စဝဂ်တို့အား ဓမ္မစက်ထူး တရား ဦးကို ဖြန့်ဖြူးဟောကြားတော်မူခြင်းကိုငင်း....။ နဝ လောကုတ္တရ- ဓမ္မေ = မဂ်ဖိုလ်ရှစ်တန် နေရဗ္ဗာန်ဟု ဝေဘန်ပိုင်းခြား ကိုးပါးသော လောကုတ္တရာတရားတို့ကိုငင်း....။ ဉတိ = ဧဝမာဒိကေ = ဤသို့ အစရှိကုန်သော။ သဗ္ဗေပိ = အလုံးစုံလည်းဖြစ်ကုန်သော။ ဇူမေ ဗုဒ္ဓဂုဏေ = ဤစရိယ, စာဂီ ပါရမီအဆင့်ဆင့် ရင့်ထက်ရင့်၍ ပွင့်ခြင်းသို့ ရောက်တော်မူသော အစိန္တေယျ မြတ်စွာဘုရား၏ များစွာသောကျေးဇူးတော် ဂုဏ်တော်တို့ကို။ အာဝဇ္ဇေတွာ = ဉာဏ်သမ္ဗဇဉ် ကြံဆင်ခြင်တော်မူ၍။ ဝေသာလိယာ = တံတိုင်း သုံးရပ် ထပ်လျက်ထပ်လျက် ပတ်ယှက်ဆူဝေ လူနေအိမ်ခြေ မရေ တွက်သာ ကျယ်ဝန်းစွာသောကြောင့် ဝေသာလီအမည်ရှိသော ပြည်ကြီး၌။ တိသု ပါကာရန္တရေသု = မီးတားရံဆိုင်း ထပ်ထပ် ဝိုင်းသား တံတိုင်းသုံးခုတို့၏ အကြားတို့၌။ တိယာမရတ္တိံ = ညဉ့်ဦး, သန်းခေါင်, သောက်ရောင်ဝိုးဝင်း မိုးအလင်းဟူသော ယင်း ညဉ့်သုံးယံကာလပတ်လုံး။ ပရိတ္တံ=ရတနသုတ် ရွှေနှုတ်မြွက် ဖော် ပရိတ်တော်ကို။ ကရောန္တော = သဒ္ဒါမပျက် အနက်မမှား သနားရှေးရှု ဟောရွတ်တော်မူပေသော။ အာယသ္မာ အာနန္ဒ- ထေရော ဝိယ = ဗဟုသုတ - စသည်တေဒဂ် ပွါးတက်အစဉ် ငါးချက်တင်သော အရှင်အာနန္ဒာမထေရ်မြတ်ကဲ့သို့။ ကာရုည- စိတ္တံ = ဒုက္ခိတသတ္တဝါ ဝေနေယျာတို့အား ကြင်နာသနားခြင်း နှင့် ယှဉ်သော စိတ်ကို။ ဉပဋ္ဌပေတွာ = ဖြစ်စေ၍——

ကောဋိသတသဟဿေသု = ထောင်သောင်း သိန်း သန်း ဂဏန်းခြေပေါင်း မရေကောင်းမျှ ကုဋေပေါင်း တသိန်းကုန်

WWW.DHAMMARANSI.COM



သော။ စက္ကဝါဠေသု = ယုဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သား တောင်စကြာဝဠာ ကာရံကျောက်စိုက် ဝန်း၍ ဝိုက်သော တိုက်လောကဓာတ်တို့၌။ ဝသန္တာ = ဘုံအသီးသီး ကြီးကြီးငယ်ငယ် သွယ်သွယ်ဝဝ နေထိုင်ကြကုန်သော။ ဒေဝတာ = အာကာသလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။ ယဿ = အကြင်ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်၏။ အာဏံ = သိန်းကုဋေကုန် ဘုံစက္ကဝါ တုန်သွက်ခါမျှသော အာဏာတော်စက်ရိပ်ကို။ ပဋိဂ္ဂဏှန္တိ = ဝမ်းသာရွှင်မြူး လွန်ကြည်နူးလှ၍ ဦးဖြင့်ခံယူကြကုန်၏။ ယဉ္စ = ယံ ဧဝ ပရိတ္တံ = အကြင်ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်သည်သာလျှင်။ ဝေသာလိယာ = ဝေသာလီအမည်ရှိသော။ ပုရေ = ရာဇဌာနီ ကျုံးသိအောင်စည် မင်းနေပြည်၌။ —

ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ = ရောဂါသောင်းကျန်း ဘီလူးဖမ်းနှင့် ကုန်ခန်းခေါင်းပါးသော ထမင်းကြောင့်ဖြစ်သော။ တိဝိဓံ ဘယံ = ကပ်ကြီးသုံးကပ် မရပ်တည်နိုင် အပြိုင်တိုက်ရေး သုံးပါးအပြားရှိသော ဘေးကို။ ခိပ္ပံ = အလျင်အမြန်။ အန္တရဓာပေသိ = ကွယ်စေပျောက်စေ ငြိမ်းချမ်းစေ၏။ တံ ပရိတ္တံ = ထို မဟာပ္ပလမျိုး အကျိုးအာနိသံသ ကြီးမားလှသော ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကို။ ဟေ = သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့....။ မယံ = ငါတို့သည်။ ဘဏာမ = သဒ္ဒါမပျက် အနက်မယိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းစိမ့်ငှါ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်အံ့....။

(ဤကား ရတနသုတ် အမွှန်းဖြစ်သည်၊ ထို အမွှန်းစကားရပ်တွင် ပဏ်ဓာနတော ပဌာယ-အစရှိသော စုဏ္ဏိယ = စကားပြေ ပါဠိစုကား ဓမ္မပဒ အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၂၇၅, ၂၇၆၊ ၂၁-ပကိဏ္ဏကဝဂ် ၁-အတ္တနောပုဗ္ဗကမ္မဝတ္ထု၌ လာရှိသည်။ ကောဋိသတသဟဿေသု-စသော ၂-ဂါထာတို့မှာ ရှေးဆရာတော်များ ဖွဲ့ဆိုရေးသားအပ်သည့် အမွှန်းဂါထာတို့ဖြစ်သည်။ ဤမှနောက် ယာနီဓ ဘူတာနိ သမာဂတာနိ-အစရှိသော ဂါထာတို့မှာ ဘုရားဟောဂါထာများဖြစ်၍

WWW.DHAMMARANSI.COM



အဆုံးသုံးဂါထာတို့မှာ သိကြားမင်း ရွတ်ဆိုသော ဂါထာတို့ဖြစ်သည်ဟု အဋ္ဌကထာမှတ်ရာ၏)။

(၁) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

(၂) တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

(၁) ဘုမ္မာနိ = ဗိမာန်ဘုံဆောင် ဂုဏ်ရောင်ကြက်သရေ ဘုန်းမိုးဖွေလျက် မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ = အကြင်ဘုမ္မစိုး၊ရုက္ခစိုး တန်ခိုးကြီးလတ် စတုမဟာရာဇ်၊ တာဝတိံသာစသောနတ်တို့သည်၎င်း။ အန္တလိက္ခေ = တန်ခိုးဂုဏ်ရောင် ဘုံဆောင်ကွန့်ဝဲ ပန်းဆိုင်းဆွဲသကဲ့သို့ လွန်ကဲဇမ္ဗူပါဒ် ကောင်းကင်ရပ်၌။ ဌိတာနိ = အာကာသလွှမ်းမိုး အုပ်စိုးတည်နေကြကုန်သော။ ယာနိ ဘူတာနိ ဝါ = အကြင်ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းရုံးများစွာ နတ်ဗြဟ္မာတို့သည်၎င်း။ ဣဓ = ဤပရိတ်တော် မြတ်ရွတ်ဖတ်သရဇ္ဈာယ်ရာအရပ်သို့။ သမာဂတာနိ = အညီအညာ စည်းဝေးလာကြကုန်၏။ သဗ္ဗေဝ = အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ ဘူတာ = ထိုဘုမ္မစိုး၊ရုက္ခစိုး၊အာကာသစိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။ သုမနာ = နှစ်သက်ရွှင်ပျ ဝမ်းမြောက်ကြကုန်သည်။ ဘဝန္တု = ဖြစ်ပါစေကုန်သတည်း။ အထောပိ = ထို့မှတပါး အထူးအားဖြင့်လည်း။ ဘာသိတံ = ရှင်တော်ဘုရား ဟောကြားမြွက်ဖော် ပရိတ်တော်ကို။ သက္ကစ္စ = အရို အသေ အလေးအမြတ်ပြု၍။ သုဏန္တု = အာရုံတပါး စိတ်မသွား စေဝဲ မှတ်သားနာခံကြစေကုန်သတည်း။

(၂) ဘူတာ = တန်ခိုးဇမ္ဗူပါဒ် ကြီးမြတ်ထင်လင်း အဓိနတ်မင်းတို့····။ တုမှေ = သင်နတ်မင်းတို့သည်။ (ဓမ္မသဝနတ္ထံ =

WWW.DHAMMARANSI.COM



ရှိသေသောစိတ်ထားဖြင့် ပရိတ်တရားတော်မြတ်ကို နာခြင်းငှါ။ ယသ္မာ=အကြင့်ကြောင့်။ သမာဂတာ=အညီအညာ စည်းဝေး လာကြကုန်၏)။ တသ္မာ ဟိ = တသ္မာ ဧဝ=ထိုကြောင့်သာလျှင်။ သဗ္ဗေ = ခပ်သိမ်းကုန်သော။ ဘူမေ = သင်နတ်မင်းတို့သည်။ ဘာသိတံ=ရှင်တော်ဘုရား ဟောကြားမြွက်ဖော် ပရိတ်တော်ကို။ နိသာမေထ = ရှိသေလေးမြတ် စွဲကပ်အာရုံ မှတ်သားနာခံကြပါ ကုန်လော့။ မာနုသိယာ=စိတ်စေတနာ သဒ္ဓါမညှိုး မြင့်မြတ်သော လူမျိုး၌ဖြစ်သော။ ပဇာယ = တတ်သိလိမ္မာ သတ္တဝါအား။ မေတ္တံ = အေးကြည်လှစွာ ရေမေတ္တာကို။ ကရောထ = ညီညာ ဝိုင်းအုံ သွန်းဖျန်းကြပါကုန်လော့။ ယေ မနုဿာ = စိတ်စေတနာ သဒ္ဓါပြောထူ အကြင်လူတို့သည်။ ဘူမေ = သင်နတ်မင်းတို့ကို။ ဥဒ္ဒိဿ = ရည်ရော်သမှု အာရုံပြု၍။ ဒိဝါ စ = နေ့၌ရင်း။ ရတ္တော စ = ညဉ့်၌ရင်း။ ဗလိံ = ဗလိနတ်စာ ပူဇော်သက္ကာကို။ ယသ္မာ = အကြင့်ကြောင့်။ ဟရန္တိ = ပူဇော်ပသ တင်မြှောက်ကြကုန်၏။ တသ္မာ ဟိ = တသ္မာ ဧဝ = ထို့ကြောင့်သာလျှင်။ ဘူမေ = သင်နတ်မင်းတို့သည်။ နေ မနုဿေ = ထိုလူတို့ကို။ အပ္ပမတ္တာ= နေ့နေ့ညည မမေ့ကြကုန်သည်ဖြစ်၍။ ရက္ခထ=အန္တရာယ်ဘေး ဘျမ်း မြှေးမသန်းပဲ အေးချမ်းစေကြောင်း မေတ္တာလောင်း၍ အပေါင်းညီညာ စောင့်ရှောက်ကြပါကုန်လော့။

(၃) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၃) ဣဓ ဝါ = ဤလူ့ပြည်၌ရင်း။ ဟုရံ ဝါ = နဂါးပြည်, ဂဠုန်ပြည် သို့စသည်၌ရင်း။ သဂ္ဂေသု ဝါ = မဟာပုညဝန် ဂုဏ် တံခွန်ကြောင့် ဘုံခွန်ရပ်တည် လျှပ်ခြည်ပျို့ပျို့ နတ်ပြည်တို့၌ရင်း။ ယံကိဉ္စိ = အလုံးစုံသော။ ဝိတ္တံ = ပီတိအစွမ်း ဆီထိပွမ်းသို့ ရွှင် လန်းနှစ်သက် စုံမက်မြတ်နိုးခြင်းကိုဖြစ်စေတတ်သော။ ပဏီတံ=

WWW.DHAMMARANSI.COM



ဇုဋ္ဌ,ကန္တ မနာပဖြစ်၍ ဌာနအလိုက် ဖိုးထိုက်ဖိုးတန် တန်ခိုး လျှံသား မျိုးမှန်ဇာတိ လောကီ့မင်္ဂလာ ထူးမြတ်စွာသော။ ယံ ရတနံ=အကြင်ရွှေ,ငွေ,ပုလဲ,ပတ္တမြား စသောအားဖြင့် များပြား စွာလှ ကာမဘောဂီ သောဘိဏီဖြစ်သော လောကီဥစ္စာ ရတနာ သည်။ အတ္ထိ = ရှိ၏။ တထာဂတေန = အတိသောဘဏ မဏိ-ဇောတရ တြိလောကအနဂ္ဃ သဃမ္ဘူဖြစ်၍ စံတူပမာ မရှိသာ အောင် ရတနာခေါ်မှီ သမ္ဘာတော်ပျို့လှသော ငါတို့ကျေးဇူး တော်ရှင်မြတ်စွာဘုရားနှင့်။ သမံ=တူမျှသော။ နံ ရတနံ = ထို ရွှေ,ငွေ-စသော လောကီဥစ္စာ ရတနာသည်။ နော အတ္ထိ=မရှိ။ ဣဒမ္ပိ ဗုဒ္ဓေ=အယံ ဧဝ ဗုဒ္ဓေါ = ဇာတိ, အာဏာ, မဟာဝိသယ တိဌာနလောကခေတ် နတ်နှင့်တကွသော လူအပေါင်းတို့ ညွတ် ပျောင်းအဉ္ဇလီ တင်ချီရှိ့ရှိ့ ပဏ္ဍာတော်ကြို့ရသော ဤငါတို့ ကျေးဇူးရှင် မြတ်စွာဘုရားသည်သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ အတိဇုဋ္ဌမောဠိ သောဘိဏီဖြစ်၍ လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=ပဇ္ဇုပွန်နှင့် သံသရာကောင်းကျိုး တိုးထက်တိုးအောင် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီး အစစ် လောကုတ္တရာ ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန=ဤသို့မဖောက်မပြန် အမှန်ကိုသာ ဆိုရသောသစ္စာ ကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍ မျှမငွေ့ပဲ ပြကတေ့ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ, လောကုတ္တရာ မင်္ဂလာအစီးအပွါးသည်။ ဟောတု=ဖြစ်ပါစေ သတည်း။

(၄) ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယ-ဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၄) ခယံ = ကိလေသာစက်မီး ရန်မက်ကြီးတို့၏ ပျက်စီး ကုန်ခန်းရာလည်းဖြစ်ထသော။ ဝိရာဂံ=ကာမဂုဏ်တပ် အာရုံတော်

WWW.DHAMMARANSI.COM



တို့၏ ပြတ်ရာကင်းရာလည်းဖြစ်ထသော။ အမတံ=ဘယ်ခါသမယ ဘယ်ကာလမှ နာရချည်သေး အိုချည်သေးနှင့် ဘယ်ဘေး ဘယ်ဒဏ် ခံရဦးအံ့ မထိတ်လန့်ရပဲ ဗိမာန့်တရထည် အမြဲတည်လျက် မပြည်မဘွေ့ အရှည်နေရသဖြင့် စုတေပျက်စီးခြင်းလည်း မရှိထသော။ ပဏီတံ=နိစ္စမူဝ ရူပသမော သဘောဂမ္ဘီ သန္တိလက္ခဏာ ဂုဏ်အင်္ဂါတို့နှင့် စုံလင်စွာညီညွတ်၍ အထွတ်အမြတ်ဆုံးလည်း ဖြစ်ထသော။ ယံ နိဗ္ဗာနံ=အကြင်သုံးတကျော်မှ ရှုန်းခါလည်းထွက် ဟုန်းကာတက်သော ရာဂဂ္ဂိကြီး ဆယ့်တစ်မီးကိုလည်း အငြိမ်းငြှိမ်းသတ် ထိုသကတ်ကြောင့် ပရမတ်တံဆိပ် ကွင်းကွင်းနှိပ်ရသော နိဗ္ဗာန်တရားတော်မြတ်သို့။ သမာဟိတော=မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ကြံ့ခိုင်စွာဘိ တည်ကြည်ငြိမ်သက်သောစိတ်ရှိတော်မူသော။ သကျမုနိ=သာကီဝင်မျိုး တန်ခိုးဘုန်းတန်း မဆုံးခန်းသဖြင့် နှုန်းနှမ်းသူတို့ ဦးနှိမ်ကြို့ရသော ငါတို့ကျေးဇူးတော်ရှင် မြတ်စွာဘုရားသည်။ အဇ္ဈဂါ=နိသရဏတ္တ စသည်လေးနက် ထွေးမယှက်ပဲ လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ပိုင်းခြားကုန်စင် သိမြင်တော်မူလေပြီ....။ တေန ဓမ္မေန=ထိုအထူးထူး ကျေးဇူးတော်မြတ် ဂုဏ်တော်မြတ်တို့ဖြင့် ကပ်ဆုံးကမ္ဘာ ပတ်လုံးကြာအောင် အံ့အာသရဲ လွန်ကဲချီးမွမ်း၍ မကုန်နိုင်သော နိဗ္ဗာန်တရားတော်မြတ်နှင့်။ သမံ=တူမျှသော။ ကိဉ္စိ=တစုံတခုသောတရားသည်။ န အတ္ထိ=မရှိ။ ဣဒမ္ပိ ဓမ္မေ=အယံ ဧဝ ဓမ္မော=ဤသုံးတကျော်မှ ရှုန်းခါလည်းထွက် ဟုန်းကာတက်သော ရာဂဂ္ဂိကြီး ဆယ့်တစ်မီးကိုလည်း အငြိမ်းငြှိမ်းသတ် ထိုသကတ်ကြောင့် ပရမတ်တံဆိပ် ကွင်းကွင်းနှိပ်ရသော နိဗ္ဗာန်တရားတော်သည်သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ အတိဇုဋ္ဌမောဠိ သောဘိဏီဖြစ်၍ လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=မင်္ဂလာကြီးအစစ် လောကုတ္တရာရတနာတော်ကြီး ဖြစ်ပေ၏။ ဧတေန သစ္စေန=ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသောသစ္စာကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီးအပွါးသည်။ ဟောတု=ဖြစ်ပါစေသတည်း။

WWW.DHAMMARANSI.COM



(၅) ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၅) ဗုဒ္ဓသေဋ္ဌော=သမ္မာဗုဒ္ဓ သမ္ဗုဒ္ဓတို့ထက် ဥက္ကဋ္ဌဂုဏ်ကြီး အစုံပြီးသဖြင့် ချီးမွမ်းအံ့ဩ၍မဆုံးမကုန်နိုင်သော သုံးဘုံလုံးနတ် အစိန္တေယျ ဘုရားမြတ်သည်။ ယံ သမာဓိံ=အကြင်အထက်ရပ် မဂ်အရဟတ်နှင့် ဖက်စပ်လာဘိ သမာဓိကို။ သုစိံ=ကိလေသာ ဟူလျှင် မြူမဝင်သံဖြင့် ဖြူစင်သန့်ရှင်းလှ၏ဟူ၍။ ပရိဝဏ္ဏယီ= ဂုဏ်ထူးထုတ်၍ ရွေ့နှုတ်လှစ်ကျူ ဟောကြားတော်မူလေပြီ····။ ယံ သမာဓိံ=အကြင်အထက်ရပ် မဂ်အရဟတ်နှင့် ဖက်စပ်လာဘိ သမာဓိကို။ အာနန္တရိကံ=မိမိကွယ်ပ အခြားမဲ့ကာလ၌ မုချ ဆတ်ဆတ် အကျိုးကိုပေးတတ်၏ဟူ၍။ ဗုဒ္ဓါ=အဆူဆူသော ရှင်တော်ဘုရားတို့သည်။ အာဟု=သဘောသွားတူ ဟောကြား တော်မူကုန်ပြီ။ တေန သမာဓိနာ=ထိုအထက်ရပ် မဂ်အရဟတ်နှင့် ဖက်စပ်လာဘိ သမာဓိနှင့်။ သမော=ရူပ, အရူပ ဟူသမျှသော တူမျှစွာဘိ သမာဓိသည်။ န ဝိဇ္ဇတိ=မရှိ။ ဣဒမ္ပိ ဓမ္မေ=အယံ ဧဝ ဓမ္မော=ဤအထက်ရပ် မဂ်အရဟတ်နှင့်ဖက်စပ်လာဘိ သမာ- ဓိသည်သာလျှင်။ ပဏီတံ=လောကီဥစ္စာ ရတနာတို့ထက် သာလွန် မြင့်မြတ်သော။ ရတနံ=လောကီ,လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာကြီးအစစ် ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန= ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသောသစ္စာကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီးအပွါးသည်။ ဟောတု=ဖြစ်ပါစေ သတည်း။

WWW.DHAMMARANSI.COM



(၆) ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၆) သတံ = ဘုရားစသော အရိယန္တယ်ပေါင်း သူတော်ကောင်းတို့သည်။ ပသတ္ထာ = နှစ်ထောင်းအားရမ်း ချီးမွမ်းတော်မနာအပ်ကုန်သော။ ယေ ပုဂ္ဂလာ = အကြင် အရိယာပုဂ္ဂိုလ်တို့သည်။ အဋ္ဌ = ရှစ်ယောက်တို့သည်။ ဟောန္တိ = ဖြစ်ကုန်၏။ (တနည်းကား) ပသတ္ထာ = ဘုရားစသော အရိယန္တယ်ပေါင်း သူတော်ကောင်းတို့ နှစ်ထောင်းအားရမ်း ချီးမွမ်းတော်မနာအပ်ကုန်သော။ ယေ ပုဂ္ဂလာ = အကြင် အရိယာပုဂ္ဂိုလ်တို့သည်။ အဋ္ဌသတံ = သော, သ, အ, ခိ ရိယမဂ္ဂါစဉ်တိုင်းသာလျှင် ဒွါဒ,ဒွါဒဇောဝီ, ဒွနှင့် ဇယမဂ္ဂဋ္ဌာန် ပေါင်းပြန်သချာ ဇောပဋ္ဌာကို သဒ္ဒါ, ပညာ နှစ်ဖြာခုရ မြောက်ပွါးပြအပ်ရကား တရာ့ရှစ်ယောက်တို့သည်။ ဟောန္တိ = ဖြစ်ကုန်၏။ ဧတာနိ = ထိုရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်တို့သည်။ (တနည်းကား) ဧတာနိ = ထိုတရာ့ရှစ်ယောက်သော အရိယာ ပုဂ္ဂိုလ်တို့သည်။ စတ္တာရိ ယုဂါနိ = မဂ်ချင်း ဖိုလ်ချင်း စပ်လျဉ်းသောလျောက် ပေါင်း၍ ကောက်ရကား လေးယောက်အစုံတို့သည်။ ဟောန္တိ = ဖြစ်ကုန်၏။ သုဂတဿ = မြတ်စွာဘုရား၏။ သာဝကာ = တပည့်ရင်းစစ် ဖြစ်ကြီးဖြစ်တော်မူကြကုန်သော။ တေ ပုဂ္ဂလာ = ထိုလေးယောက်အစုံ ဂုဏ်မဟိမ္မာ အရိယဇာတ် ပုဂ္ဂိုလ်မြတ်တို့သည်။ ဒက္ခိဏေယျာ = မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆုံးစွန် တမလွန်ကို ရည်ညွှန်သတ်မှတ် သူဆက်ကပ်တိုင်း မြတ်သောအလှူကို ခံယူသုံးဆောင်ခြင်းငှါ လိုက်ကုန်၏။ ဧတေသု = ထို အရိယာပုဂ္ဂိုလ်တို့၌။ (ဝါ) ထို အရိယာပုဂ္ဂိုလ်တို့အား။ ဒိန္နာနိ = သဒ္ဓါကြည်ဖြူ ပေးအပ်သော အလှူတို့သည်။ မဟပ္ဖလာနိ = ယာမြေကောင်း၌ ရေလောင်းကြီးကုတ် မျိုးကောင်းမြုပ်

WWW.DHAMMARANSI.COM



က ခွန်တုတ်ပြည့်နှက် ရည်ရွယ်တိုင်းထွက်သကဲ့သို့ မျက်မှောက်, မျက်ကွယ် ရွယ်ရာရည်ရာ ဆုပတ္ထနာတိုင်း သုခါဘိဝုဒ္ဓိ များမြတ်သော အကျိုးကျေးဇူးရှိကုန်၏။ ဧဒမ္ပိ သံဃေ=အယံ ဧဝ သံဃော = ဤလေးယောက်အစုံ ဂုဏ်မပဟိန္ဒိ အရိယဇာတ် သံဃာတော်မြတ်သည်သာလျှင်။ ပဏီတံ=လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ = လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာကြီးအစစ် ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန= ဤသို့မဖောက်မပြန် အမှန်ကိုသာ ဆိုရသော သစ္စာကြောင့်။ ပါဏီနံ= သတ္တဝါတို့အား။ သုဝတ္ထိ=လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီးအပွါးသည်။ ဟောတု= ဖြစ်ပါစေသတည်း။

(ဤ၌။ ။အရိယာ တရာ့ရှစ်ပါးကောက်ယူပုံမှာ--- မဂ္ဂဋ္ဌာန်= မဂ်၌တည်သောအရိယာလေးပါး, ဖလဋ္ဌာန်= ဖိုလ်၌တည်သော အရိယာလေးပါးတို့ ရှိရာဝယ် (မဂ္ဂဋ္ဌာန်အရိယာလေးပါးကို အသာထား၍) ဖလဋ္ဌာန်အရိယာလေးပါးတို့တွင် ၁-သောတာပတ္တိဖလဋ္ဌာန်=သောတာပန် အရိယာပုဂ္ဂိုလ်သည် (က) ကောဇီဇီသောတာပန်= ဘဝမျိုးစေ့ တဘဝသာရှိသော သောတာပန်၊ (ခ) ကောလံကောလ သောတာပန်= နှစ်ဘဝ သုံးဘဝမှ ခြောက်ဘဝတိုင် ဘဝမျိုးစေ့ ကျန်ရှိသေးသော သောတာပန်၊ (ဂ) သတ္တက္ခတ္တုပရမသောတာပန်= အလွန်ဆုံး ခုနစ်ကြိမ်ဘဝမျိုးစေ့ ကျန်ရှိသေးသော သောတာပန်ဟူ၍ သုံးမျိုးအပြားရှိ၏။ ထိုသုံးမျိုးတို့ကို ပဋိပဒါ လေးမျိုးတို့ဖြင့် မြှောက်ပွါးသော် သောတာပန် ၁၂-ပါးဖြစ်၏။ (တရားအားထုတ်သည်မှ နိဗ္ဗာန်ကိုသည် တိုင်အောင် ဤအတွင်းသည် ပဋိပဒါခေတ်ဖြစ်သည်၊ နိဗ္ဗာန်ကိုပြီးသည်နောက် မဂ်ဉာဏ်ရောက်အောင် အဘိညာ (=လျှံသောဝိပဿနာဉာဏ်ပညာ)၏ ခေတ်ဖြစ်သည်။ ပဋိပဒါခေတ်၌ မပင်မပန်း ချမ်းသာလွယ်ကူစွာ နိဗ္ဗာန်ကို ခါနိုင်သော ပုဂ္ဂိုလ်ကို သုခပဋိပဒါရှိသော ပုဂ္ဂိုလ်ဟုခေါ်၏၊ ထိုပဋိပဒါခေတ်၌ ခဲယဉ်းငြိုငြင်စွာ နိဗ္ဗာန်ကိုခါရသောပုဂ္ဂိုလ်ကို ဒုက္ခပဋိပဒါရှိသော ပုဂ္ဂိုလ်ဟုခေါ်၏။ အဘိညာခေတ်၌ နိဗ္ဗာန်ကိုပြီးနောက် မဂ်သို့ လျင်စွာရောက်သော ဝိပဿနာ ဉာဏ်ပညာရှိသောသူကို ခိပ္ပါဘိညပုဂ္ဂိုလ်ဟုခေါ်၏။ နိဗ္ဗာန်ကိုပြီးနောက် မဂ်သို့ နှေးကန်စွာရောက်သော ဝိပဿနာ ဉာဏ်ပညာရှိသောသူကို ဒန္ဓာဘိညပုဂ္ဂိုလ်ဟုခေါ်၏။ ၁-လွယ်ကူစွာ နိဗ္ဗာန်ကို ခါနိုင်၍ မဂ်ဉာဏ်သို့ လျင်မြန်စွာ

WWW.DHAMMARANSI.COM



ရောက်သော ပုဂ္ဂိုလ်ကို သုခပဋိပဒါခိပ္ပါဘိညပုဂ္ဂိုလ်ဟု ခေါ်၏။ ၂-လွယ်ကူစွာ နိဝရဏကို ခွါနိုင်ပြီးနောက် နှေးကန်စွာ မဂ်သို့ရောက်သော ပုဂ္ဂိုလ်ကို သုခပဋိပဒါဒန္ဓာဘိညာ ပုဂ္ဂိုလ်ဟု ခေါ်၏။ ၃-ခဲယဉ်းငြိုငြင်စွာ နိဝရဏကို ခွါပြီးနောက် မဂ်ဉာဏ်သို့ လျင်မြန်စွာ ရောက်သောပုဂ္ဂိုလ်ကို ဒုက္ခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ်ဟု ခေါ်၏။ ၄-ခဲယဉ်းငြိုငြင်စွာ နိဝရဏကို ခွါပြီးနောက် နှေးကန်စွာ မဂ်သို့ရောက်သော ပုဂ္ဂိုလ်ကို ဒုက္ခပဋိပဒါဒန္ဓာဘိညာပုဂ္ဂိုလ်ဟု ခေါ်၏။ သောတာပန်အရိယာ တမျိုးမျိုးလျှင် ဤပဋိပဒါလေးပါးဖြင့် မြှောက်ပွါး၍ ယူရသဖြင့် သောတာပန် ၁၂-ပါး ဖြစ်၏။

သကဒါဂါမ် အရိယာသည်လည်း ကာမသကဒါဂါမ်, ရူပသကဒါဂါမ်, အရူပသကဒါဂါမ်ဟူ၍=သုံးမျိုးပြား၏။ ထိုသုံးမျိုးတို့ကို ပဋိပဒါလေးမျိုးတို့ဖြင့် မြှောက်ပွါးသော် သကဒါဂါမ်အရိယာ ၁၂-ပါးဖြစ်၏။ သောတာပန် ၁၂-ပါး သကဒါဂါမ် ၁၂-ပါးတို့ကို ရည်၍ နိသျ္ဒ "ဒွါဒ, ဒွါဒ" ဟု ရေးသားလေသည်။

အနာဂါမ်အရိယာသည် ၁-အန္တရာပရိနိဗ္ဗာယီအနာဂါမ်၊ ၂-ဥပဟစ္စ-ပရိနိဗ္ဗာယီအနာဂါမ်၊ ၃-သသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်၊ ၄- အသင်္ခါရ ပရိနိဗ္ဗာယီအနာဂါမ်၊ ၅-ဉဒ္ဓံသောတအကနိဋ္ဌဂါမီအနာဂါမ် ဟူ၍ ငါးမျိုး ပြား၏။ အနာဂါမ် အရိယာတို့နေရာ သုဒ္ဓါဝါသငါးဘုံတို့ရှိရာ အဝိဟာ ဘုံ၌ အနာဂါမ်ငါးမျိုး, အတပ္ပါဘုံ၌ အနာဂါမ်ငါးမျိုး , သုဒဿာဘုံ၌ အနာဂါမ်ငါးမျိုး, သုဒဿီဘုံ၌ အနာဂါမ်ငါးမျိုး, အကနိဋ္ဌဘုံ၌ (ဉဒ္ဓံ-သောတအကနိဋ္ဌဂါမီ အနာဂါမ်ကိုနုတ်၍ကျန်သော) အနာဂါမ်လေး မျိုးတို့ကို ရအပ်ကုန်ရကား အနာဂါမ်အရိယာပေါင်း ၂၄-ပါးဖြစ်၏။

ရဟန္တာအရိယာသည် ၁-သုက္ခဝိပဿကရဟန္တာ=ဈာန် အဘိညာဉ် မပါဝိပဿနာသက်သက်သာရှိသောရဟန္တာ၊ ၂-သမထယာနိကရဟန္တာ =ဈာန်အဘိညာဉ်သမာပတ်ရှိသော ရဟန္တာဟူ၍ နှစ်မျိုးပြား၏။ ယင်းသို့ အနာဂါမ်အရိယာ ၂၄-ပါး ရဟန္တာအရိယာ ၂-ပါးတို့ကိုရည်၍ နိသျ္ဒ "ဇောဝီ,ဒွေနှင့်" ဟု ရေးသားလေသည်။ (ဇောဝီ=၂၄-ပါး၊ ဒွေ= ၂-ပါး ဟုဆိုလိုသည်)။

ဆိုအပ်ပြီးသည့် သောတာပန်အရိယာ ၁၂-ပါး, သကဒါဂါမ်အရိယာ ၁၂-ပါး, အနာဂါမ်အရိယာ ၂၄-ပါး, ရဟန္တာအရိယာ ၂-ပါးတို့နှင့် မဂ္ဂဋ္ဌာန်အရိယာ ၄-ပါးတို့ကို ပေါင်းသော် ၅၄-ပါးဖြစ်၏။ ထို ၅၄-ပါးကို သဒ္ဓါဓုရ, ပညာဓုရ ၂-ပါးတို့ဖြင့် မြှောက်ပွါးသော် (သဒ္ဓါဓုရအရိယာ

WWW.DHAMMARANSI.COM



၅၄-ပါး, ပညာဓုရအရိယာ ၅၄-ပါးဟုဆိုလိုသည်) အဋ္ဌသတံအရ အရိယာပုဂ္ဂိုလ်ပေါင်း တရာ့ရှစ်ပါးဖြစ်၏။ ။သုတ္တနိပါတ အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၂၇၁, ၂၇၂-ရတနသုတ်အဖွင့်မှ ထုတ်နုတ်ဖော်ပြသည်)။

(၇) ယေ သုပ္ပယုတ္တာ မနသာ ဒဠ္ဟေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၇) ဂေါတမသာသနမှိ = ဂေါတမ- မည်သော စောမြတ်စွာ၏ သာသနာတော်တွင်း၌။ ယေ ခီဏာသဝါ=အကြင်ပါပက အာသဝရေကြီး တွေတွေစီးကို နေမီးနှုန်းအပ် ဘုန်းအရဟတ်၏ ဆုံးသတ်ဂဏ်စွမ်း အကုန်ခန်းတော်မူကြသော ရဟန္တာ အရှင်မြတ်တို့သည်။ ဒဠ္ဟေန=ကျောက်ဖြင့်ပြီးသော တောင်ကြီးအသွင် အလွန်လျှင် မြဲမြံခိုင်ခံ့လှစွာသော။ မနသာ = သမာဓိမဂ္ဂင် ယှဉ်တော်မူသောစိတ်ဖြင့်။ သုပ္ပယုတ္တာ=ကောင်းကောင်းမွန်မွန် လွန်စွာမြဲမြံ ကျင့်ကြံအားထုတ်တော်မူကြကုန်သည်ဖြစ်၍။ နိက္ကာမိနော =သမ္မာဒိဋ္ဌိ အမှူးရှိသော ဝီရိယအဟုန်ဖြင့် ဥသုံသောကိလေသာနှောင်အိမ်မှ တရှိန်တည်း လွတ်မြောက်တော်မူကြလေကုန်ပြီ။ တေ ခီဏာသဝါ= ထိုရဟန္တာအရှင်မြတ်တို့သည်။ ပတ္တိပတ္တာ=ရတုံလတ်သော အရဟတ္တဖိုလ်ကြီး နဂိုရ်ထီးကို ခိုမှီးတဖန် (ဝင်စားသောအားဖြင့်) ရတော်မူကြပြန်ကုန်သည်ဖြစ်၍။ အမတံ = သေခြင်းကင်းသဖြင့် အချင်းခပ်သိမ်း ငြိမ်းချမ်းသာယာလှသော နိဗ္ဗာန်ကို။ ဝိဂယှ=မပြတ်မလပ် အထပ်ထပ်လျှင် အရဟတ္တဖိုလ်ဇောတို့ဖြင့် အာရုံပြုကုန်၍။ မုဓာ=သွားခရီးကို အားကြီးမှောင့်ယောင့် တားဆီးနှောင့်တတ်သော တထောင့်ငါးရာ ကိလေသာရန်သူ မာန်မမူနိုင်သောအားဖြင့်။ လဒ္ဓါ=အပြီးအပိုင် လက်ကိုင်ရတော်မူကုန်သည်ဖြစ်၍။ နိဗ္ဗုတိံ=မီးဆယ့်တရပ် ကြွင်းမဲ့သတ်သော အရဟတ္တဖိုလ်ချမ်းသာကို။ ဘုဉ္ဇမာနာ=ကြည်သာရွှင်လန်း

WWW.DHAMMARANSI.COM



ချမ်းချမ်းမြမြ ခံစားတော်မူကြကုန်၏။ ဣဒမ္ပိ သံဃေ=အယံ ဧဝ သံဃော=ဤပါပက အာသဝရေကြီး တွေတွေစီးကို နေမီးနှုန်း အဝ် ဘုန်းအရှတ်၏ ဆုံးသတ်ဂုဏ်စွမ်း အကုန်ခန်းတော်မူကြသော ရဟန္တာသံဃာတော်သည်သာလျှင်။ ပဏီတံ = လောကီ ဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာကြီးအစစ် ရတနာ တော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန=ဤသို့မဖောက်မပြန် အမှန် ကိုသာ ဆိုရသောသစ္စာကြောင့်။ ပါဏီနံ = သတ္တဝါတို့အား။ သုဝတ္ထိ=လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီး အပွါးသည်။ ဟောတု=ဖြစ်ပါစေသတည်း။

(၈) ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၈) ပထဝိဿိတော=တဆယ့်ခြောက်တောင် ဖွဲ့ရှိုးဆောင်၍ ရှစ်တောင်ထဲလိုက် မြေဝင်စိုက်အဝ်သော။ ဣန္ဒခီလော=မြို့မြို့ကြီးနိုင် တံခါးတိုင်သည်။ စတုဗ္ဘိ ဝါတေဟိ = လေးမျက်နှာက ပက်ပါ ရူးရူး ဟူးဟူးခုန်စိုင်း အုံကာဝိုင်းသော မှန်မှိုင်းမပြေ မုန်တိုင်း လေတို့ကြောင့်။ အသမ္ပကမ္ပိယော = အနည်းငယ်မျှ ဗယ်,ညာ တိမ်းပါး ယိမ်းယိုင်၍မသွားနိုင်သည်။ သိယာ ယထာ = ဖြစ် သကဲ့သို့။ ယော သပ္ပုရိသော = အရိယမဂ်လမ်း ထက်စခန်းသို့ တက်လှမ်းကာမှီ လာဝသီနှင့် ပါရမီပြည့်ကြောင်း ယူမြော်ညောင်း သော အကြင် သူတော်ကောင်း သောတာပန် ပုဂ္ဂိုလ်သည်။ အရိယသစ္စာနိ=ဒု,သ,နိ,မဂ်=လေးချက်သချော အရိယသစ္စာတို့ကို။ အဝေစ္စ = ပဌမမဂ် ဉာဏ်ဖြင့်သက်၍။ ပဿတိ = မြင်၏။ တံ သပ္ပုရိသံ=ထိုသူတော်ကောင်း သောတာပန်ပုဂ္ဂိုလ်ကို။ တထူပမံ = တိုလာဘော, အလာဘော, ယသော, အယသော သို့စသော

WWW.DHAMMARANSI.COM



အားဖြင့် လောကဓံရှစ်တွေ မှန်တိုင်းလေတို့ကြောင့် အခြေ တိမ်းပါး ယိမ်းယိုင်၍မသွားနိုင်သော တံခါးတိုင်ကြီးနှင့်တူ၏ ဟူ၍။ အဟံ=ငါဘုရားသည်။ ဝဒါမိ=ဟော၏။ ဣဒမ္ပိ သံဃေ= အယံ ဧဝ သံဃော = ဤသူတော်ကောင်း သောတာပန် သံဃာ တော်သည်သာလျှင်။ ပဏီတံ = လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=လောကီ,လောကုတ္တရာ မွန်မြတ် စွာသော မင်္ဂလာကြီးအစစ် ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန = ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသောသစ္စာ ကြောင့်။ ပါဏီနံ = သတ္တဝါတို့အား။ သုဝတ္ထိ = လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီးအပွါးသည်။ ဟောတု = ဖြစ်ပါစေသတည်း။

(၉) ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၉) ယေ သောတာပန္နာ = အကြင်မိစ္ဆာဒိဋ္ဌိ ဝိစိကိစ္ဆာ ယှဉ်ကာမကပ် စင်စွာပြတ်ကြကုန်သော သတ္တက္ခတ္တုပရမ သော-တာပန်ပုဂ္ဂိုလ်တို့သည်။ ဂမ္ဘီရပညေန=မြေအောက်, ရေအောက် လေတလျှောက်နှင့် အစောက်လဟာ အောက်အဇဋာကို ဖောက် ကာထွက်လေ နက်လေလေကဲ့သို့ တွက်ရေမဆုံး အနှုန်းမစပ် မြတ်ပုညဝန် ဂုဏ်တံခွန်ကြောင့် အလွန်နက်နဲစုံးရှသော ဉာဏ် ပညာရှိတော်မူသော မြတ်စွာဘုရားသည်။ သုဒေသိတာနိ = နက်နက်နဲနဲ ခဲခဲကြိတ်ကြိတ် စိတ်စိတ်ဖြာဖြာ ကျိုးကြောင်းရှာ၍ ကောင်းစွာဟောကြားတော်မူအပ်ကုန်သော။ အရိယသစ္စာနိ= မြတ်လည်းမြတ်သော ဆတ်ဆတ်ဧကန် မှန်လည်းမှန်သော လေးတန်ထင်ရှား မြတ်တရားတို့ကို။ ဝိဘာဝယန္တိ = မင်္ဂလာ တန်ဆောင် ပညာရောင်ဖြင့် ထင်သာအောင် ပြုတော်မူကြလေ

WWW.DHAMMARANSI.COM



ကုန်၏။ တေ သောတာပန္နာ=ထိုသတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။ ဘုသံ ပမတ္တာ=လွန်လွန်မင်းမင်း သွန်ဆင်းအာရုံကာမဂုဏ်တို့၌ ခုံမင်မြူးထူး မေ့လျော့ကြူးကုန်သည်။ ကိဉ္စာပိ ဟောန္တိ=အကယ်၍ကား ဆယ်ရေးတရေး ဖြစ်တတ်ကြကုန်သေး၏။ တထာပိ=ထိုသို့မြူးထူး မေ့လျော့ကြူး၍ မူးရစ်ကာမဂုဏ် ဖြစ်တတ်ကြကုန်သော်လည်း။ တေ သောတာပန္နာ=ထိုသတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်တို့သည်။ အဋ္ဌမံ ဘဝံ=ခုနစ်ကြိမ်ထက်ဖြစ်ချိန်မရောက် ခေတ်ရှိန်ပျောက်၍ ရှစ်ကြိမ်မြောက်ဖြစ်သောဘဝကို။ န အာဒိယန္တိ=မယူကြကုန်။ ဣဒမ္ပိ သံဃေ = အယံ ဧဝ သံဃော = ဤသတ္တက္ခတ္တုပရမသောတာပန် သံဃာတော်သည် သာလျှင်။ ပဏီတံ=လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=လောကီ,လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာကြီးအစစ် ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန=ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသော သစ္စာကြောင့်။ ပါဏီနံ = သတ္တဝါတို့အား။ သုဝတ္ထိ = လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီးအပွါးသည်။ ဟောတု=ဖြစ်ပါစေသတည်း။

(၁၀) သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

(၁၁) စတူဟ+ပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၀) အဿ=ထိုသောတာပန်ဟု နာမံတော်ရှိ ဂုဏ်ထူးသိအပ်သော အရိယာပုဂ္ဂိုလ်မြတ်သည်။ ဒဿနသမ္ပဒါယ = သောတာပတ္တိ မျိုးဦးရှိသား အရိယာမဂ် ထိန်လက်ဝိုးဝင်း ပြည့်စုံခြင်းနှင့်။ သဟာဝ=တပြိုင်နက်သာလျှင်။ ဇဟိတာ=သုတ်သင်

WWW.DHAMMARANSI.COM



ရှင်းလင်း ကင်းကင်းပြတ်ပြတ် စွန့်ပယ်အပ်ကုန်သော။ ဓမ္မာ= ဘဝကြီးငယ် အသွယ်သွယ်၌ တွယ်တွယ်ငြိငြိ ဖိလျက်ကြိတ်လျက် တနှိပ်စက်တည်း နှိပ်စက်သောတရားတို့သည်။ သက္ကာယဒိဋ္ဌိ= ခန္ဓာရုပ်နာမ် သမုဒ္ဒာန်ကို "ရူပံ အတ္တတော သမနုပဿတိ" အစရှိသည်ဖြင့် ငါ၏ဥစ္စာ ငါဟုယူမှား နှစ်ဆယ်သော သက္ကာယ ဒိဋ္ဌိတရားငှင်း။ ဝိစိကိစ္ဆိတဉ္စ = သဿတုစ္ဆေဒ အဓိစ္စသမုပ္ပန် သွင်သဏ္ဍာန်စသည်တို့ကို ထောက်ခံသဟဲပြု၍ "ဤယခု ငါ အတိတ်က ဖြစ်ဘူးပါလေ၏လော" သို့စသော အတိတ်ငါးရပ်, အနာဂတ်ငါးတန်, ပစ္စုပ္ပန်ခြောက်ပါး အပေါင်းအားဖြင့် ၁၆-ပါးသော ယုံမှားခြင်း....၊ ဗုဒ္ဓ, ဓမ္မ, သံဃ, သိက္ခာ ပုဗ္ဗာ, ပရန် ပုဗ္ဗန္တာပရန္တ ပဋိစ္စသမုပ္ပါဒ်=ပေါင်းရှစ်ရပ်၌ ရစ်ပတ်ယုံမှားခြင်း.... ယင်းသို့ ၁၆-ပါး, ၈-ပါး ဖြစ်ပွါးလာတိ ယုံမှားရှိသော ဝိစိကိစ္ဆာ တရားငှင်း။ သီလဗ္ဗတံ ဝါပိ=နွားတို့အကျင့် ခွေးအကျင့်ကား သင့်မြတ်လှစွာ သံသရာမှ မြန်စွာငြိမ်းအေး လွတ်မြောက်ရေး-ဟု တွေးမှားသော သီလဗ္ဗတပရာမာသတရားငှင်း။ ဣတိ=ဤသို့။ တယော=သုံးပါးတို့သည်။ အဿ ဘဝန္တိ=ဖြစ်ကုန်၏။ ကိဉ္စိ= စိုးစဉ်းအနည်းငယ် မကြီးကျယ်သော။ ယံ ကိလေသဇာလံ= အကြင်ကိလေသာတည်းဟူသော ကွန်ယက်သည်။ အတ္ထိ=ရှိ၏။ တမ္ပိ=ထိုကိလေသာတည်းဟူသော ကွန်ယက်ကိုလည်း။ ဇဟိတံ =စွန့်ပယ်အပ်ပြီ။ (တနည်းကား) ကိဉ္စိ=မကြီးမကျယ် အနည်း ငယ်သာလျှင်ဖြစ်သော။ ကိလေသဝဋ္ဋံ=ကာမဂုဏ်၌ အာရုံ လှည့်ကာ ငြိမွေလာသော ကိလေသာဝဋ်တရားသည်။ ယဒိ အတ္ထိ=ကိုယ်၌တွယ်လျက် အကယ်၍ကား ကျန်ရှိငြားသေး၏။ တထာပိ=ထိုသို့ကိုယ်ဝယ် အနည်းငယ်မျှ တွယ်တွယ်ငြိငြိ ကိလေ သာရှိသေးသော်လည်း—

(၁၁) သော = ထိုသောတာပန်ပုဂ္ဂိုလ်သည်။ စတူဟိ = လေးပါးကုန်သော။ အပါယေဟိ=တိရစ္ဆာန်, ပြိတ္တာ သူရကာ, နရက် ကြောက်မက်ဖွယ် အပါယ်ဘေးကြီးတို့မှ။ ဝိပ္ပမုတ္တော= မယှဉ်းမချွတ် စင်းလုံးကျွတ်အောင် ကင်းလွတ်တော်မူရလေပြီ။

WWW.DHAMMARANSI.COM



သ = ခြောက်ပါးကုန်သော။ အဘိဋ္ဌာနာနိ စ = ပဉ္စာနန္တရိယ အညသတ္ထာရုဒ္ဒေသ ခြောက်ဝသျှော ရုန့်ရင်းသောအရာတို့ကို လည်း။ ကာတုံ=ပြုခြင်းငှါ။ အဘဗ္ဗော=မထိုက်။ ဣဒမ္ပိ သံဃေ= အယံ ဧဝ သံဃော=ဤသောတာပန်ဟု နာမံတော်ရှိ ဂုဏ်ထူး သိအပ်သော အရိယာသံဃာတော်သည်သာလျှင်။ ပဏီတံ = လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ= လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာကြီးအစစ် ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန=ဤသို့ မဖောက် မပြန် အမှန်ကိုသာ ဆိုရသော့သစ္စာကြောင့်။ ပါဏီနံ=သတ္တဝါ တို့အား။ သုဝတ္ထိ = လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာအစီးအပွါးသည်။ ဟောတု=ဖြစ်ပါစေသတည်း။

(၁၂) ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၂) သော=ထိုသစ္စာလေးရပ် တရားမြတ်ကို တပ်အပ် ထင်ထင် ဆတ်ဆတ်မြင်သော အရှင်အရိယာ သောတာပန် ပုဂ္ဂိုလ်သည်။ ကာယေန ဝါ=ကိုယ်ဖြင့်ငှင်း။ ဝါစာ = ဝါစာယ ဝါ=နှုတ်ဖြင့်ငှင်း။ ဥဒ=ထိုမှို။ စေတသာ ဝါ=ကိုယ်လည်းမလှုပ် နှုတ်လည်းမမြွက် စိတ်သက်သက်ဖြင့်ငှင်း။ ပါပကံ = မှေးမှေး မှိန်မှိန် သေးသိမ်ယုတ်ညံ့သော။ ကမ္မံ=အကုသိုလ်နှု မကောင်းမှု ကို။ ကိဉ္စာပိ ကရောတိ=အကယ်၍ကား တိမ်းပါးခဲ့ရေး ပြုလုပ် မိတတ်သေး၏။ တထာပိ=ထိုသို့ သတိလွတ်ကင်း ချွတ်ယွင်း တိမ်းပါး ပြုလုပ်မိငြားသော်လည်း။ သော = ထိုသောတာပန် ပုဂ္ဂိုလ်သည်။ တဿ=ထိုမိမိပြုသော မကောင်းမှုအနည်းငယ်ကို။ ပဋိစ္ဆဒါယ=မပြောပလောက် ပျောက်လွယ်,ငြိုးလွယ် အနည်း ငယ်သာတကားဟု ဖုံးကွယ်လျှို့ဝှက်ခြင်းငှါ။ အဘဗ္ဗော=မထိုက်။

WWW.DHAMMARANSI.COM



ဒိဋ္ဌပဒသာ = ဘေးခပ်သိမ်းတို့ ငြိမ်းရာအမှန် မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်ပုဂ္ဂိုလ်၏။ အဘဗ္ဗတာ = ပြုမိသမျှ မှုပါပကို ကာယ, ဝစီ, မနသီဖြင့် ထိုဉ်ကောက်ကျစ် ဖုံးလွှမ်းခြင်းငှါမထိုက်သည်၏အဖြစ်ကို။ သတ္ထာရာ = ငါတို့ဆရာ အစိန္တေယျ ဘုရားမြတ်စွာသည်။ ဝုတ္တာ = ဟောကြားတော်မူအပ်ပြီ။ ဣဒမ္ပိ သံဃေ = အယံ ဧဝ သံဃော = ဤသစ္စာလေးရပ် တရားမြတ်ကို တပ်အပ်ထင်ထင် ဆတ်ဆတ်မြင်သော အရှင်အရိယာ သောတာပန်သံဃာသည်သာလျှင်။ ပဏီတံ = လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ = လောကီ,လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာကြီးအစစ် ရတနာတော်ကြီး ဖြစ်ပေ၏။ ဧတေန သစ္စေန = ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသော သစ္စာကြောင့်။ ပါဏီနံ = သတ္တဝါတို့အား။ သုဝတ္ထိ = လောကီ, လောကုတ္တရာ မွန်မြတ်စွာသော မင်္ဂလာ အစီးအပွါးသည်။ ဟောတု = ဖြစ်ပါစေသတည်း။

(၁၃) ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၃) ဂိမှာန်=ဥဏှာဂုဏ် ဂုဏ်ယူပြင်းပြ နွေလေးလတို့တွင်။ ပဌမသ္မိံ ဂိမှေ = ရှေးဦးအစ နွေကာလဖြစ်သော။ မာသေ = စိတြနှင့် မိဿရာသီ ခါညီဝေါဟာ ဂေါဇာအသစ် သင်္ကြာရာဇ် ပြောင်းကူး နှစ်နှောင်းဦးသား တန်းခူးခေါ်ဝေါ်သောလ၌။ ဖုဿိတဂ္ဂေ = ခါညီစရိုက် ရာသီလိုက်၍ အကိုက်ညွန့်ရှင် လန်းလန်းရွှင်လျက် ဝန်းကျင်ပတ်ကုံး ရှုမြင်၍မဆုံးနိုင်အောင် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော။ ဝနပ္ပဂုမ္ဗေ = လေပြင်းမုန်တိုင်း ဒုံကာဆိုင်းလည်း ကိုင်းချင်းခက်ချင်း တက်ဆင်းယှဉ်တွဲ အေးယာဉ်လွဲသို့ ဖွဲ့ကာအီကာ လေပြည်လာလည်း သာယာလှုံးလွန်း ဖူးအညွန့်

WWW.DHAMMARANSI.COM



တို့ မြူးကွန့်ကြရုံ မြူခိုးမှုန်လည်း အုံတဝိုင်းဝိုင်း ဆိုင်းတမှိုမှို မှိုင်း ညှိုညှို့နှင့် နှစ်မြို့ဖွယ်ရှိလှသော တောအုပ်ကြီးသည်။ သသိရိကော ယထာ = စိမ့်စမ်းစွေသွန် ရေတံခွန်နှင့် လေဝှန်လောင်းသုတ် ရွက်ဟောင်းပြုတ်၍ ကျေးနှုတ်အသွင် ရွက်သစ်ပြင်လျက် ပင်ငယ် တသီး ပင်ကြီးတရပ် ပင်လတ်တချို့ ကင်းငုံစို့နှင့် အချို့ကြီးရင့် သီးကာပွင့်သဖြင့် လွင့်တကြိုင်ကြိုင် မြိုင်ဟေမဝန် မွှေးပေါင်းသွန်၍ အလွန်လျှင်နှစ်သက်ဖွယ်, ရှုချင်ဖွယ် တင့်တယ်လှပသောအသရေ ရှိသကဲ့သို့။ တထူပမံ = ထိုတောအုပ်ကြီးသဖွယ် တင့်တယ်စွာလှ ကလျာဏသုံးစုံ သဒ္ဒါလက်ာရ အတ္ထာလင်္ကာရတည်းဟူသော ပန်းရန့်တို့နှင့် ပြည့်စုံသော။ နိဗ္ဗာနဂါမိံ = ခန္ဓာကောင်ကြီး တောက်လောင်မီးကို ဆီး၍ငြိမ်းကာ နိဗ္ဗုတာသို့ လျင်စွာဖြောင့် မတ် ရောက်စေတတ်သော။ ဓမ္မဝရံ = ဝိမုတ္တိရသ တပါးပြလျက် ဓမ္မ, ဝိနယာ နှစ်ပါးလာသား သုံးဖြာပိဋကတ် ငါးရပ်နိကာယ် အင်္ဂါကိုးသွယ်နှင့် အကျယ်ထုတ်ပြန် ဓမ္မက္ခန်ပေါင်း လေးထောင် ဆောင်းလျက် ရှစ်သောင်း အရေအတွက်ရှိသော ပရိယတ္တိ တရားတော်မြတ်ကို။ ပရမံ ဟိတာယ=အလွန်မြတ်သော ပရမတ် သဘော လောကုတ္တရာ ဥစ္စာစီးပွါး ကြီးမားဖြစ်ထွန်းစေခြင်း အကျိုးငှါ။ ဘဂဝါ = မြတ်စွာဘုရားသည်။ အဒေသယိ = ဩဃ, ယောဂ နှစ်မွန်းကြသော ဒုက္ခိတသတ္တဝါ ဝေနေယျာတို့အား ကရုဏာရှေးရှု ဟောကြားတော်မူလေပြီ....။ ဣဒမ္ပိ ဗုဒ္ဓေ = အဃံ ဧဝ ဗုဒ္ဓေါ = ဩဃ, ယောဂ နှစ်မွန်းကြသော ဒုက္ခိတသတ္တဝါ ဝေနေယျာတို့အား ကရုဏာရှေးရှု ဟောကြားတော်မူပေသော လူသုံးဦးတို့ကိုးကွယ်ရာ အစိန္တေယျဘုရားမြတ်စွာသည်သာလျှင်။ ပဏီတံ = ဝိသိဋ္ဌတရ အတိဇုဋ္ဌမောဠိ သောဘိဏီဖြစ်၍ လောကီ ဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ = ပစ္စုပ္ပန် နှင့် သံသရာကောင်းကျိုး တိုးထက်တိုးအောင် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ် လောကုတ္တရာ ရတနာတော် ကြီး ဖြစ်ပေ၏။ ဧတေန သစ္စေန = ဤသို့ မဖောက်မပြန် အမှန် ကိုသာ ဆိုရသောသစ္စာကြောင့်။ ပါဏီနံ = သတ္တဝါတို့အား။ သုဝတ္ထိ = ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ကျန်းကျန်းမာမာ

WWW.DHAMMARANSI.COM



ချမ်းချမ်းသာသာ လောကီ, လောကုတ္တရာ မင်္ဂလာအစီးအပွါး သည်။ ဟောတု = ဖြစ်ပါစေသတည်း။

(၁၄) ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၄) ဝရော = သဗ္ဗညုတ မကုဋ္ဌကုဋ္ဌ အတုလရန်နိုင် ဉာဏ် မဏ္ဍိုင်ကို ပြိုင်ဖော်မယှ ပိုင်တော်မူသဖြင့် တဆူဓမ္မရာဇ် မင်းဆုံး ဖြစ်၍ စင်စစ်လွန်ကဲ ထူးမြတ်တော်မူထသော။ ဝရညူ = မြတ်စွာ လှသော ပရမဂမ္ဘီ သန္တိခေမံ နေရဗာန်ကို ရွှေဉာဏ်တော်တွင်း သွင်းလျက်သွင်းလျက် ဝင်းဝင်းလက်မျှ မျက်မှောက်ထိမိ ကိုယ် တော်တိုင် သိတော်မူထသော။ ဝရဒေါ = ကာမ, ရူပ, အရူပ-ဟု လူတကွနတ် သုံးဘုံရပ်သူတို့အား မြတ်သောအကျိုးကို ပေးတော် မူထသော။ ဝရာဟရော = ကာမ, ရူပ, အရူပ-ဟု လူတကွနတ် သုံးဘုံရပ်သူတို့၏ မြတ်သောအကျိုးကို ဆောင်တော်မူထသော။ အနုတ္တရော = လူ့နတ်ဗြဟ္မာ ဘုံသုံးရွာ၌ နှိုင်းရာမရှိ အမိတပရမ ပစိတကြောင့် အသဒိသပုဂ္ဂိုလ် ထုတ်ဆိုပတ်ကုံး မစပ်နှုန်းနိုင် အောင် အမြတ်ဆုံးဖြစ်တော်မူသော ရှင်ပင်ဘုရားသည်။ ဓမ္မဝရံ = မဂ်, ဖိုလ်, နိဗ္ဗာန်, ဓမ္မက္ခန်ကျယ်ဝင့် နယ်ကုန်ဖွင့်အပ်သည့် ဆယ် သင့်သောတရားတော်မြတ်ကို။ အဒေသယိ = မှောင်အဝိဇ္ဇာ ပပိတ်ကာစိမ့် စိတ်ဖြာခွဲဝေ ဟောကြားတော်မူလေပြီ။ ဣဒမ္ပိ ဗုဒ္ဓေ = အယံ ဧဝ ဗုဒ္ဓေါ = ဤလူ, နတ်, ဗြဟ္မာ ဘုံသုံးရွာ၌ နှိုင်းရာမရှိ အမိတပရမ ပစိတကြောင့် အသဒိသပုဂ္ဂိုလ် ထုတ်ဆို ပတ်ကုံး မစပ်နှုန်းနိုင်အောင် အမြတ်ဆုံးဖြစ်တော်မူသော ရှင် တော်ဘုရားသည်သာလျှင်။ ပဏီတံ = ဝိသိဋ္ဌတရ အတိဇုဋ္ဌ- မောဋ္ဌိ သောဘိဏီဖြစ်၍ လောကီဥစ္စာ ရတနာတို့ထက် သာလွန် မြင့်မြတ်သော။ ရတနံ = ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးထက် တိုးအောင် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ် လောကုတ္တရာရတနာတော်ကြီး ဖြစ်ပေ၏။ ဧတေန သစ္စေန =

WWW.DHAMMARANSI.COM



ဤသို့ မဖောက်မပြန် အမှန်ကိုသာ ဆိုရသောသစ္စာကြောင့်။ ပါဏီနံ = သတ္တဝါတို့အား။ သုဝတ္ထိ = ဘေးရန်ဟူ၍ မြူမျှမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ, လောကုတ္တရာ မင်္ဂလာအစီးအပွါးသည်။ ဟောတု = ဖြစ်ပါစေ သတည်း။

(၁၅) ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၅) ယေသံ ခီဏာသဝါနံ = အကြင်တရားကိုယ်အားဖြင့် တိုထိုမလွတ် ဂေါတြဘူနယ်ကုန် ဘုံအားဖြင့် ဘဝဂ်တိုင် တက်နိုင်ဆုတ်နစ် မြုပ်နှစ်ကာမျှော အာသဝေါတို့၏ ကြာတောမိုးရေ ကွာလျှောကြွေသကဲ့သို့ ပရမေဘုန်းတန်း အဆုံးခန်းတော်မူကြသော ရဟန္တာအရှင်မြတ်တို့အား။ ပုရာဏံ = အာသဝဆူလျှမ်း မယူမှန်းနိုင်သဖြင့် သူကာဏ်းဝိုးဝါး ခရီးလမ်းသွားသကဲ့သို့ မှားချည်,မှန်ချည် သံသရာမြင့်ရှည်အောင် လည်ရခြင်းအကြောင်း အတိတ်ကကောင်း, မကောင်းခဲ့သည့် အဟောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည်။ ခီဏံ=မဂ်ပုဆိန်ဖြင့် တချိန်တည်း ခုတ်လေစ်နုတ်ပစ်၍ အငုတ်အမြစ်နှင့်တကွကုန်ပြီ။ နဝံ သမ္ဘဝံ = တရံတဆစ်တဖန် ဖြစ်လတ္တံ့သော အသစ်ကုသိုလ်ကံ, အကုသိုလ်ကံသည်လည်း။ နတ္ထိ = မရှိ။ အာယတိကေ = လာလတ္တံ့သော။ ဘဝသ္မိံ = ဘဝခန္ဓာ သံသရာ၌။ ဝိရတ္တစိတ္တာ = တပ်ခြင်းကင်းသဖြင့် အချင်းခပ်သိမ်းချစ်ဖွယ်ခင်ဖွယ် နှစ်သက်ဖွယ်ဟု မတွယ်တာသော စိတ်ရှိတော်မူကုန်၏။ ခီဏဗီဇာ = မျိုးသီးလုံးကို မီးအုံးသောပုံ, ပြုတ်သောပုံကဲ့သို့ ကုန်ပြီးသောပဋိသန္ဓေမျိုးစေ့ရှိတော်မူကုန်၏။ အဝိရုဠှိဆန္ဒာ = သံသရာအစွန်း ကွန့်ကွန့်လည်လည် အညွန့်ရှည်အောင် မစည်ပင်မကြီးပွါး နည်းပါးကင်းပြတ်သော အလိုဆန္ဒရှိ

WWW.DHAMMARANSI.COM



တော်မူကုန်၏။ အယံ ပဒီပေါ = ထိန်တပြောင်ပြောင် ရှိန်ရောင် ညီးညီး၍ဆီမီးသည်။ နိဗ္ဗုတော ယထာ = သွားရာမမြင် ၍တွင် ပျောက်ပြေ ငြိမ်းသေလေသကဲ့သို့။ (ဤစာပိုဒ်ကို ဟောစဉ်ခဏ လိစ္ဆဝီမင်းတို့ ထွန်းထားသော ဆီမီး ငြိမ်းသည်ကို သက်သေဥပမာညွှန်ပြ၍ ဟောခြင်းဖြစ်သည်)။ ဓီရာ = သမာဓိဂုဏ် အင်စုံကြီးရင့် ဉာဏ်မျက်စိ ပွင့်တော်မူကုန်သော။ တေ ခီဏာသဝါ = ထို ရဟန္တာ အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ = ခန္ဓာပျက်ကိန်း လက်စသိမ်း၍ အငြိမ်းကြီးငြိမ်းတော်မူကြလေကုန်ပြီ။ ဣဒမ္ပိ သံဃေ = အယံ ဧဝ သံဃော = ၍တရားကိုယ်အားဖြင့် ထိုထိုမလွတ် ဂေါတြဘူနယ်ကုန် ဘုံအားဖြင့် ဘဝဂ်တိုင် တက်နိုင်ဆုတ်နစ် မြုပ်နစ်ကာမျှော အာ-သဝေါတို့၏ ကြာတောမိုးရေ ကွာလျော့ကြွေသကဲ့သို့ ပရမေဘုန်းတန်း အဆုံးခန်းတော်မူသော ရဟန္တာသံဃာတော်သည်သာလျှင်။ ပဏီတံ=ဝိသိဋ္ဌတရ အတိဇုဋ္ဌမောဠီ သောဘိဏီဖြစ်၍ လောကီဥစ္စာ ရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ= ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးတက်တိုးအောင် မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ် လောကုတ္တရာ ရတနာတော်ကြီးဖြစ်ပေ၏။ ဧတေန သစ္စေန=၍သို့မဖောက်မပြန် အမှန်ကိုသာ ဆိုရသော သစ္စာကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍ မြူမျှပဲ့ အရှေ့လောကဓာတ်မှ တက်လတ်သော ဘာနုမရာဇာ စကြာနေမင်းသည် ဆီးနှင်း,မြူ,တိမ် သူရိန်,မီးခိုး ရန်မျိုးနှင့်မကြိမ်ရ၍ နိမ္မလလက္ခဏာရှိသကဲ့သို့ ပြကတိပွင့်လန်း၍ ချမ်းသာတကာတို့အထွတ်အဖျား ဘုရား,ပစ္စေကဗုဒ္ဓါ, အရိယာသာဝက အမိတာဘဂျဝန် ဘဝန္တဂူ=သုံးဌာနဆုတို့တွင် တခုခု အလိုရှိအပ်သောအမိဋ္ဌာန်ဖြင့် နိဗ္ဗာန်တိုင်အောင်သော လောကီ,လောကုတ္တရာ မင်္ဂလာအစီးအပွါးသည်။ ဟောတု = ဖြစ်ပါစေသတည်း။

(၁၆) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

WWW.DHAMMARANSI.COM



(၁၆) ဘုမ္မာနိ = ဗိမာန်ဘုံဆောင် ဂူဟ်ရောင်ကြက်သရေ ဘုန်းမိုးရွှေလျက် မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ = အကြင်ဘုမ္မစိုး,ရုက္ခစိုး တန်ခိုးကြီးမြတ် စတုမဟာရာဇ်, တာဝတိံ-သာ-စသောနတ်တို့သည်ငှင်း။ အန္တလိက္ခေ=တန်ခိုးဂုဟ်ရောင် ဘုံဆောင်ကွန့်ဝဲ ပန်းဆိုင်းဆွဲသကဲ့သို့ လွန်ကဲဇုဋ္ဌိပါဒ် ကောင်းကင်ရပ်၌။ ဣတာနိ = အာကာသလွှမ်းမိုး အုပ်စိုးတည်နေကြကုန်သော။ ယာနိဘူတာနိဝါ = အကြင်ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းရုံးများစွာ နတ်,ဗြဟ္မာတို့သည်ငှင်း။ ဇုမ = ဤပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာအရပ်သို့။ သမာဂတာနိ = အညီ အညာ စည်းဝေးလာကြကုန်၏။ တေ မယံ = ထိုသို့ညီညာ ရောက်လာသမျှ ဂါရဝညွှတ်ပျောင်း အကျွန်ုပ် နတ်အပေါင်းတို့သည်။ တထာဂတံ = ရှေးရှေးသခင် နောင်တော်ရှင်တို့ကဲ့သို့ အစဉ်သဖြင့်လာခြင်းကောင်းတော်မူသော။ ဒေဝမနုဿပူဇိတံ = ဗြဟ္မာ, နတ်, လူ = သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ရှိပူဇော်အပ်သော။ ဗုဒ္ဓံ=သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားကုန်စင် ကိုယ်တော်တိုင်မြင်ပြီး၍, အကြင်နတ်လူ သုံးဘုံသူတို့အားလည်း နယူပဒေမူသေပေးအပ် သိစေတော်မူတတ်သော= နှစ်ရပ်ထုတ်ပြ ပုဒ်ဝစနကြောင့် ဗုဒ္ဓနာမံ ရွှေဘွဲ့တော်ခံအပ်သော သယမ္ဘူထွတ်ထားအစိန္တေယျမြတ်စွာဘုရားကို။ နမဿာမ = ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါကုန်၏။ တေန=ထိုသို့ ရှိခိုးပူဇော်ကြသော ပဏာမစေတနာ၏ မဟာနုဘော် ဂုဏ်တေဇော်ကြောင့်။ ပါဏီနံ =သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍ မြူငွေ့မသန်း ကျန်းမာချမ်းသာခြင်းသည်။ ဟောတု=ဖြစ်ပါစေသတည်း။

(၁၇) ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

(၁၇) ဘုမ္မာနိ = ဗိမာန်ဘုံဆောင် ဂုဟ်ရောင်ကြက်သရေ ဘုန်းမိုးရွှေလျက် မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ=

WWW.DHAMMARANSI.COM



အကြွင်ဘုမ္မစိုး, ရုက္ခစိုး တန်ခိုးကြီးမြတ် စတုမဟာရာဇ်, တာဝ-တိံသာ- စသော နတ်တို့သည်၎င်း။ အန္တလိက္ခေ = တန်ခိုးဂုဏ်ရောင် ဘုံဆောင်ကွန့်ဝဲ ပန်းဆိုင်းဆွဲသကဲ့သို့ လွန်ကဲထူးခြားပါဒ်ကောင်းကင်ရပ်၌။ ဠိတာနိ=အာကာသလွှမ်းမိုး အုပ်စိုးတည်နေကြကုန်သော။ ယာနိ ဘူတာနိ ဝါ=အကြွင်ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းရုံးများစွာ နတ်, ဗြဟ္မာတို့သည်၎င်း။ ဣဓ=ဤပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာအရပ်သို့။ သမာဂတာနိ= အညီအညာ စည်းဝေးလာကြကုန်၏။ တေ မယံ=ထိုသို့ညီညာ ရောက်လာသမျှ ဂါရဝညွတ်ပျောင်း အကျွန်ုပ်နတ်အပေါင်းတို့သည်။ တထာဂတံ=ယုတ်မာဆိုးတောင်း ကိလေပေါင်းကို ပြတ်တောင်းစင်ကြယ် ပယ်သောအခြင်းအရာအားဖြင့်ဖြစ်သော။ ဒေဝမနုဿ-ပူဇိတံ=ဗြဟ္မာ, နတ်,လူ=သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ရှိခိုးပူဇော်အပ်သော။ ဓမ္မံ=မိမိဟူသော ဖြူစင်ကုသိုလ် တရားကိုလျှင် ရှိသေသဖြင့် ကျင့်သောသူအား ပါယ်လေးပါးသို့ မလားရအောင်ဆောင်ယူပြီးလျက် ဝဋ်မှထွက်စေတတ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်=ဆယ်ပါးသောတရားတော်မြတ်ကို။ နမဿာမ=ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါကုန်၏။ တေန=ထိုသို့ရှိခိုးပူဇော်ကြသော ပဏာမစေတနာ၏ မဟာနု-ဘော် ဂုဏ်တေဇော်ကြောင့်။ ပါဏီနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍ မြူငွေ့မသန်း ကျန်းမာချမ်းသာခြင်းသည်။ ဟောတု=ဖြစ်ပါစေသတည်း။

(၁၈)　ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

(၁၈) ဘုမ္မာနိ = ဗိမာန်ဘုံဆောင် ဂုဏ်ရောင်ကြက်သရေ ဘုန်းမိုးဇွေလျက် မြေ၌တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ = အကြွင် ဘုမ္မစိုး, ရုက္ခစိုး တန်ခိုးကြီးမြတ် စတုမဟာရာဇ်,တာဝတိံ-သာစသော နတ်တို့သည်၎င်း။ အန္တလိက္ခေ = တန်ခိုးဂုဏ်ရောင်

WWW.DHAMMARANSI.COM



ဘုံဆောင်ကွန့်ဝဲ ပန်းဆိုင်းဆွဲသကဲ့သို့ လွန်ကဲဇုဋ္ဌိပါဒ် ကောင်းကင်ရပ်၌။ ဌိတာနိ = အာကာသလွှမ်းမိုး အုပ်စိုးတည်နေကြကုန်သော။ ယာနိ ဘူတာနိ ဝါ = အကြင်ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းရုံးများစွာ နတ်,ဗြဟ္မာတို့သည်ငင်း။ ဣဓ = ဤပရိတ်တော်ဖြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာအရပ်သို့။ သမာဂတာနိ=အညီအညာ စည်းဝေးလာကြကုန်၏။ တေ မယံ=ထိုသို့ညီညာ ရောက်လာသမ္မဂါရဝညွှတ်ပျောင်း အကျွန်ုပ်နတ်အပေါင်းတို့သည်။ တထာဂတံ = ကိုယ်ကျိုးစီးပွါး လွန်ကြီးမားအောင် တရားသဖြင့် ကောင်းစွာကျင့်တော်မူပေသော။ ဒေဝမနုဿပူဇိတံ = ဗြဟ္မာ, နတ်, လူ = သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ရှိပူဇော်အပ်သော။ သံဃံ=ကံကြီး,ငယ်ကို နှိုးနွယ်အတူ ဆောင်တော်မူသော အယူသီလ ကလျာဏပုထုဇဉ် သံဃာတော်အရှင်နှင့်တကွ သခင်ပရမတ် မြတ်ဟုစွာတောင်း အရိယာသံဃာတော်မြတ်အပေါင်းကို။ နမဿာမ=ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါကုန်၏။ တေန=ထိုသို့ ရှိခိုးပူဇော်ကြသော ပဏာမစေတနာ၏ မဟာနုဘော် ဂုဏ်တေဇော်ကြောင့်။ ပါဏိနံ=သတ္တဝါတို့အား။ သုဝတ္ထိ=ဘေးရန်ဟူ၍ မှုန်မွှေမသန်း ကျန်းမာချမ်းသာခြင်းသည်။ ဟောတု=ဖြစ်ပါစေသတည်း။

ရတနသုတ် နိဂုံးချုပ် အာသီသလင်္ကာ

ယံကိဉ္စိ, ခယံ, ယံဗုဒ်, ယေပုဂ်၊
ယေသုပ်, ယထိန်, ယေရိ, သဟာ။
ကိဉ္စာ, ဝနပ်, ဝရော, ခီဏံ၊
ဝန္ဒာမိ သိရသာမဟံ—

အခံမူလ ယာနီဓ-နှင့် အာသီသဝတ် ယွင်းမချွတ်ပဲ ရွတ်ဖတ်ကြလေ၊ ကပ်သုံးထွေကို ဝေသာလီတွင် နိဒါန်းတင်တိုင်း အလျင်ဆောစွာ ကင်းစေပါလိမ့်····။ ကမ္ဘဝါသော ပဗ္ဗာသောဟု နယောပဒေသ နေမကျအောင် ဖွေဆစမ်းဝါး မဆန်းပြားလင့်....။ ဘုရားရှင်ပင် စိရင်

WWW.DHAMMARANSI.COM



မမ္မစက် ရွှေနှုတ်ထွက်ထက် ထက်မြက်ပုံရည် ခံ့အတည်ကို ယုံကြည်သူတို့ ဂုဏ်ရည်သို့ လိမ့်....။ ထို့ကြောင့်အန္တရာယ် စင်ကြယ်လိုသူ များရှင်လူတို့ အတူမရ ဂုဏ်ပေါင်းပြသား ရတနသုတ်ခေါ် ပရိတ်တော်ကို ပူဇော်မြတ်နိုး ယုံကြည်ကိုး၍——ရိုးရိုးရွတ်,နာစေကုန်သောဝ်။

( ဤရတနသုတ်အနက်နိဿျနှင့် အာသိဝါသလကၤာကို " မြင်းခြံမြို့ ၆-ဆောင်မှု မဟာပရိတ်တော်ကြီး နိဿျသစ်ကျမ်း"မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်)။

အခန်း ၄၂ -ပြီး၏။

ဤတွင်ရွှေ မမ္မရတနာအခန်း ပြီး၏။

# ဤတွင်ရွှေ့ကား
# မဟာဗုဒ္ဓဝင် ပဉ္စမတွဲတည်း။

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM

# မဟာဗုဒ္ဓဝင် ပဉ္စမတွဲ
## မှတ်သားဖွယ် အက္ခရာစဉ်


အက္ခရာစဉ် — စာမျက်နှာ

[ အ ]

အကပ္ပိယသမာဒါနသိက္ခာပုဒ် ၅၀၉
အကာလိကဂုဏ်တော်(အဖွင့်) ၆၅၇
အကုသိုလ်ဆုတ်ယုတ်မည့် သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ၁၄၁-၁၆၀
အကုသိုလ်တိုးပွါးမည့် သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ၁၄၁-၁၆၀
အကောင်းအမြတ်ကို ရနိုင်သူ ၂၅၉
အကျင့်မြတ်ဂုဏ် ၅-ပါး ၆၄၇
အကျင့်မြတ် ၂-ပါး ၆၄၄
အကျိုးတူသည့်ဆွမ်း ၂-မျိုး ၄၁၀
အကျိုးသံဃဂုဏ် ၅-ပါး ၆၇၂
အကြောင်းသံဃဂုဏ် ၄-ပါး ၆၇၂
အချစ်ဓာတ်ဖြစ်စေသည့် အကြောင်း ၂-ပါး ၅
အခွန်အတုတ် ကောက်ယူရာ၌ သိမှတ်ဖွယ် ၂၀၅
အဂ္ဂဒါန(=အလှူဦး)၉-ပါး ၄၆၂
အဂ္ဂသာဝက ၂-ပါး ဓာတ်တော် စေတီတည်ခြင်း ၃၁၆
အဂ္ဂသာဝကနှစ်ပါး ပရိနိဗ္ဗာန် စံခြင်း ၃၁၅
အင်ကြင်းပင် အစုံဟူရာ၌ ရှင်းပြချက် ၄၁၀

[ အ ]

အင်ကြင်းပင်တို့ ဘုရားကို ပူဇော်ခြင်း၌ မှတ်ဖွယ် ၄၂၂
အင်ကြင်းပင်တို့မှ မိုးထွက်ခြင်း ၅၂၁
အင်ကြင်းပင်နှင့် နတ်တို့က ပူဇော်ကြခြင်း ၄၂၁
အစ္စန္တနိဒ္ဒေသ အမေးအဖြေ ၁၈၁
အစာမကြေရောဂါ ဖြစ်တတ်ပုံ ၃၆
အစား၌ တပ်မက်မှုဖြေနည်း ၅၁၀
အစည်းအဝေးများကို မကြာ မကြာ ကျင်းပသင့်ခြင်း ၂၀၂
အစွဲ ၃-ပါးနှင့် လက္ခဏာရေး ၃-ပါး ၃၆၅
အဇ္ဈတ္တဘာဝနာနှင့် ဗဟိဒ္ဓ ဘာဝနာ ၂-ပါးရှိပုံ ၃၅၀
အဇ္ဈတ္တရုပ်၌ နီလကသိုဏ်း စသည်ပွါးများပုံ ၃၅၁
အဇာတသတ်မင်း ဓာတ်တော် ပင့်ပုံ ၅၃၆
အဇာတသတ်မင်း လိစ္ဆဝီမင်း တို့ကို စစ်တိုက်လိုရပုံ ၁၉၈
အဇာတသတ်မင်း ပူဇော်ပုံ ၅၂၄-၇
အဇာတသတ်မင်း ဝဇ္ဇီတို့ကို ပမ်းရန် စစ်ပြင်ခြင်း ၃၇
အဋ္ဌနဂတောအုပ် ၁
အဋ္ဌလိကရဏီယဂုဏ်တော် (အဖွင့်) ၆၈၂

WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အဘယရာဇကုမာရသုတ် | ၅၇၈ |
| အဘိဘာယတနရှစ်ပါး | ၃၄၆ |
| အဘိသင်္ခါရ ၃-ပါး | ၆၉၄ |
| အမင်္ဂလာအသံ | ၄၅၇ |
| အမ္ဗပါလီလာရောက်ဆည်းကပ်ခြင်း | ၃၀၀ |
| အမ္ဗပါလီ သရက်ဥယျာဉ်ကို လှူဒါန်းခြင်း | ၃၀၆ |
| အမ္ဗရွာသို့ ကြွခြင်း | ၃၇၉ |
| အမ္ဗလဋ္ဌိကာ(သရက်ဥယျာဉ်)သို့ ကြွတော်မူခြင်း | ၂၉၆ |
| အမိတောဒနသာကီဝင်၏သား (မဟာနာမမင်း) | ၁၇ |
| အမိမျိုးထက် အဖမျိုးသာ ပဓာနဖြစ်ရပုံ | ၂၄ |
| အမေး ၄-ထွေ | ၃၈၅ |
| အမျိုးစုအလိုက် မိလ္လမင်းတို့ ကန်တော့ပုံ | ၄၆၀ |
| အမျိုးသမီးတို့ကို သိမ်းပိုက်ခြင်းကြောင့် ဆုတ်ယုတ်ပုံ | ၂၀၉ |
| အမြတ်ဆုံးသော ပူဇော်မှု | ၄၂၁ |
| အမျဝေခြင်းကြောင့် နတ်တို့ စောင့်ရှောက်ခြင်း | ၂၈၅ |
| အမြွာပူး တဆယ့်ခြောက်ကြိမ် မလ္လိကာ မွေးဖွားခြင်း | ၂၉ |
| အယုဝါဒ တီထွင်သူ ၆-ဦး | ၄၆၆ |
| အရဟတ္တဖိုလ် မရ၍ ငိုသော မထေရ် | ၁၅၂ |
| အရဟတ္တ ဖလသမာပတ် ၃-မျိုး | ၃၀၉ |
| အရဟံဂုဏ်တော်(အဖွင့်) | ၅၆၂-၉ |
| [ အ ] | |
| အရာမကသော ပုဏ္ဏား ပရိသတ်ဟူရာ၌ ရှင်းချက် | ၃၄၆ |
| အရာမကသော မင်းပရိသတ်ဟူရာ၌ ရှင်းချက် | ၃၄၄ |
| အရိယပညာ | ၂၄၅ |
| အရိယ ဖိုလ်ဟူသော ပညာတ်ကို တောင့်တသော လောဘ ဖြစ်ပုံ | ၁၄၄ |
| အရိယမဂ်၏ တဆက်တည်း အကျိုးပေးပုံ | ၆၅၇ |
| အရိယမဂ်တရားရှိသည့် သာသနာ၌သာ အရိယာ ဖြစ်နိုင်သည် | ၄၆၈ |
| အရိယလူမျိုး | ၂၈၂ |
| အရိယသစ္စာလေးပါးကို ဟော ကြားတော်မူခြင်း | ၂၈၈ |
| အရိယာတို့ သိတင်းသုံးဖော်ကို ပူဇော်ကြခြင်း | ၆ |
| အရိယာပုဂ္ဂိုလ်၏ သဒ္ဒါ | ၂၃၇ |
| အရိယာပုဂ္ဂိုလ် ရှိနိုင်သည့် သာသနာ စိစစ်ချက် | ၄၆၈ |
| အရူပဈာန်(ဝိမောက္ခ) | ၃၅၆ |
| အရူပ ၄-ဘုံ | ၆၀၈ |
| အရှိအသေ ပြုခြင်း, အလေး ပြုခြင်းစသည်၏ အဓိပ္ပါယ် | ၂၀၈ |
| အရိုးဆက်ပုံအမျိုးမျိုး | ၃၇၄-၅ |
| အရှင်အနုရုဒ္ဓါ၏ သတိပေးချက် | ၄၉၁ |
| အရှင်အနုရုဒ္ဓါ၏ သံဝေဂါထာ | ၄၈၉ |
| အရှင်အနုရုဒ္ဓါ ဘုရားနှင့်အတူ သမာပတ် ဝင်စားပုံ | ၄၈၃-၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အရှင်အာနန္ဒာ အာသေးစိတ် မေးလျှောက်ခြင်း | ၄၃၉ |
| အရှင်အာနန္ဒာ၏ အံ့ဖွယ် ၄-ပါး | ၄၅၀ |
| အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးကို ဘုရားရှင် ဟောခြင်း | ၄၄၉ |
| အရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူး များ | ၄၄၅ |
| အရှင်အာနန္ဒာ၏ သံဝေဂ ဂါထာ | ၄၉၀ |
| အရှင်အာနန္ဒာ ငိုကြွေးပုံ | ၄၄၆ |
| အရှင်အာနန္ဒာတောင်းပန်ခြင်း | ၃၆၁ |
| အရှင်အာနန္ဒာဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက်တော်မူပုံ | ၁၃ |
| အရှင်အာနန္ဒာ မာရ်နတ်နှောက်ယှက်ခံရပုံ | ၃၂၀ |
| အရှင်အာနန္ဒာ သင်္ကန်းအလှူခံခြင်းနှင့်စပ်၍ ရှင်းချက် | ၄၀၇ |
| အရှင်အာနန္ဒာ သောကပါးစေရန် မိန့်တော်မူပုံ | ၃၂၃ |
| အရှင်ဥပသေန | ၂၂၀ |
| အရှင်မဟာကဿပ၏ အဓိဋ္ဌာန် | ၅၁၇ |
| အရှင်မဟာကဿပ၏ အဓိဋ္ဌာန် ၃-ချက် | ၅၄၃ |
| အရှင်မဟာကဿပ၏ စိတ်အကြံ | ၅၁၁ |
| အရှင်မဟာမောဂ္ဂလ္လာန်၏ စေတီ | ၇၀၆ |
| အရှင်ယသ | ၂၂၀ |
| အရှင်သာရိပုတ္တရာ၏ စေတီ | ၇၁၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ အ ] | |
| အရှင်သာရိပုတ္တရာ ရဲရင့်သော စကားကို ဆိုခြင်း | ၂၆၈ |
| အလိုဆိုးရှိသော ရဟန်း | ၂၃၅ |
| အလွန်ကြီးစွာသော နတ်ပန်းကုံးကြီး(လုပ်ပုံ) | ၄၂၃ |
| အဝိဇ္ဇာကို အစဆုံး ဟောရခြင်း အကြောင်း | ၆၉၃ |
| အဝိဇ္ဇာပစ္စယာ သင်္ခါရာ (အဖွင့်) | ၆၉၂-၉ |
| အဝိဇ္ဇာ ၄-ပါး | ၆၉၄ |
| အဝိတက္ကအဝိစာရ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ | ၁၄၃-၁၆၀ |
| အသက်ကြီးသူ၌ ဇရာသဘော ထင်ရှားရပုံ | ၇၃၃ |
| အသက်ရှည်စေနိုင်သော သမာပတ် | ၇၀၉ |
| အသပြာတသိန်းဖြင့် အမ္ဗပါလီ၏ ဆွမ်းကို တောင်းကြခြင်း | ၃၀၂ |
| အသဇီရဟန်း | ၂၂၇ |
| အသာဓာရဏဉာဏ်တော် ၆-ပါး | ၇၄၅ |
| အသားငါးကို စားခြင်းကြောင့် ဘီလူးတို့ ပူးဝင်တတ်ခြင်း | ၅၈ |
| အသီတိမဟာသာဝကတို့၏ ဒကာ နတ်များ | ၅၁၅ |
| အသောကမင်း ဓာတ်တော် ရှာခြင်း | ၅၄၅ |
| အသောကမင်း စေတီများ တည်ခြင်း | ၅၄၅ |
| အသံ ၁၀-မျိုး | ၄၅၆ |

WWW.DHAMMARANSI.COM




အက္ခရာစဉ် — စာမျက်နှာ

[ အာ ]

အာမဂန္ဓိယသဒ္ဒါ (အဓိပ္ပါယ်) ၂၃၇
အာစရိယဝါဒ (အဓိပ္ပါယ်) ၃၈၇
အာဋာနာဋိယ ပရိတ်အရံအတား ၅၁
အာဋာနာဋိယသုတ်ကို ဟော တော်မူခြင်း ၄၈
အာနေဉ္ဇာဘိသင်္ခါရဖြစ်ပုံ ၆၉၈
အာမိသပူဇာထက် ဓမ္မပူဇာက မြတ်ပုံ ၄၂၈
အာမိသပူဇာ မချီးမွမ်းထိုက်ပုံ ၄၂၆
အာယုပါလက္ခဖလသမာပတ် ၃၁၀
အာယုသင်္ခါရအကြောင်း ၃၀၉
အာယုသင်္ခါရ ၂-မျိုးကို ပြဆိုခြင်း ၃၃၁
အာယုသင်္ခါရ လွှတ်တော်မူ ကြောင်း မိန့်တော်မူခြင်း ၃၅၇
အာယုသင်္ခါရလွှတ်တော်မူခြင်း ၃၂၈
အာယုသင်္ခါရ လွှတ်တော်မူပုံ ရှင်းပြချက် ၃၃၁
အာယုသင်္ခါရလွှတ်၍ မြေလှုပ်ခြင်း ၃၄၁
အာဝါသမစ္ဆရိယနှင့် မကောင်းကျိုး ၁၁၃-၇
အာဝုသော စကားလုံး အသုံး ပြုနည်း ၄၇၇
အာဝေဏိကဂုဏ်တော် ၇၅၁
အာသယ (အကျယ်) ၅၉၇
အာသယာနုသယဉာဏ် ၇၄၄
အာသဝက္ခယဉာဏ် ၇၄၉
အာဟုနေယျဂုဏ်တော် ၆၇၆
အာဠဝကမနုဿနတ်မြို့ ၄၅၆
အာဠာရ၏ အံ့ဩဖွယ် ၄၀၁

အက္ခရာစဉ် — စာမျက်နှာ

[ ဣ ]

အိပ်ခြင်း၌ မွေ့လျော်ပုံ ၂၃၅
ဣဒ္ဓိပါဒ် ၄-ပါးအစွမ်း ၃၁၇
ဣန္ဒသာလ လိုဏ်ဂူအတွင်း သိကြားဘဝထပ်၍ဖြစ်ခြင်း ၁၆၂
ဣန္ဒြိယပရောပရိယတ္တဉာဏ် ၇၄၄-၈
ဣန္ဒြိယသံဝရ အမေးအဖြေ ၁၇၂
ဣဿရိယ ဘုန်းတော် ၂-မျိုး ၆၁၈
ဣဿာ၏ အခြေခံတရား ၁၁၉
ဣဿာနှင့်စပ်၍မှတ်ဖွယ်များ ၁၁၀-၂
ဣဿာ, မစ္ဆရိယကြောင့် ဆင်းရဲပင်ပန်းကြရပုံ ၁၁၀

[ ဥ ]

ဥက္ကစေလမြို့ ၃၁၆
ဥစ္ဆေဒဒိဋ္ဌိ၌ နိယတဒိဋ္ဌိဝင်ခြင်း ၇၂၁
ဥဇုပဋိပန္နဂုဏ်တော် ၆၇၃-၄
ဥတုဇရုပ်ကလာပ် အလိုလို မီးလောင်ခြင်း ၅၁၉
ဥတုဇရုပ်က လူ၌ အိမ်ရှင်သဖွယ် ဖြစ်ပုံ ၁၆၁
ဥတုဇရုပ်ကလာပ်ကို ပူဇော် ကြခြင်း ၄၉၅
ဥတုဇရုပ်ကလာပ်ကို မီးသင်္ဂြိုဟ် ခြင်း ၅၁၅
ဥတုဇရုပ်ကလာပ်ဆောင်ရွက်ပုံ ၅၀၀
ဥတုဇရုပ်ကလာပ်၌ ပြုလုပ်ရမည့် နည်းလမ်း ၄၄၁
ဥဒါန်းကျူးရင့်ပုံ ရှင်းပြချက် ၃၃၂
ဥဒေနစေတီအကြောင်း ၃၁၈
ဥပဝါဏကို ဖယ်စေရခြင်း ၄၂၉
ဥပဝါဏထေရ် တန်ခိုးကြီးခြင်း အကြောင်း ၄၃၁

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဦ ] | |
| ဥပဝါဏမထေရ် | ၄၂၈ |
| ဥပဋ္ဌာန သမင်္ဂီတာ(အဓိပ္ပါယ်) | ၇၀၁ |
| ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ | ၇၂၃ |
| ဥပါဒါနပစ္စယာ ဘဝေါ (အဖွင့်) | ၇၂၃ |
| ဥပါဒါန် ၄-ပါး | ၇၂၀ |
| ဥပေက္ခာ ၂-မျိုး | ၁၃၀ |
| ဥပေက္ခာဝေဒနာကိုရှုမှတ်ပုံ | ၁၃၈ |
| [ ဧ ] | |
| ဧကံသဗျာကရဏီယ အမေးအဖြေ | ၃၈၅ |
| ဧဟိပဿိကဂုဏ်တော်အဖွင့် | ၆၅၈ |
| ဧဟိပဿိကပုဒ်ခွဲပုံ | ၆၇၈ |
| [ ဩ ] | |
| ဩကပ္ပနသဒ္ဓါ | ၂၃၇-၈ |
| ဩကာသလောက(အကျယ်) | ၆၀၂ |
| ဩပနေယျိကဂုဏ်တော် (အဖွင့်) | ၆၅၉ |
| ဩပနေယျိက ပုဒ်ခွဲပုံ | ၆၆၀-၁ |
| ဩဝါဒ ၃-ခက်ဖြင့် ရဟန်းဖြစ်သူ | ၅၁၃ |
| [ က ] | |
| ကကုစာမြစ်၌ ရေသောက်ချိုးတော်မူခြင်း | ၄၁၀ |
| ကခြေသည် နတ်သမီးတို့ သူဇာဗျိုင်းမကိုပြက်ရယ်ပြုကြခြင်း | ၁၀၃ |
| ကဋိဿဟမည်သူ၏ လားရာ | ၂၉၂ |
| ကဌဝါဟနဇာတ်ကို ဟောတော်မူခြင်း | ၂၄ |
| [ က ] | |
| ကတိကဝတ်အသစ်ပြုခြင်း | ၂၂၆ |
| ကန္တာရ ၅-မျိုး | ၆၁၂ |
| ‘ကပ္ပ’အရ အာယုကပ်နှင့် ဘဒ္ဒကပ်အဆုံးအဖြတ် | ၃၁၈ |
| ကမ္မဋ္ဌာန်းနှင့် ပုဂ္ဂိုလ် ၃-မျိုး | ၁၃၅ |
| ကမ္မဋ္ဌာန်း ၂-မျိုး | ၁၃၄ |
| ကမ္မပထဖြင့် မိုဝ်အပ်သော တရေး ခွဲပြပုံ | ၁၆၈-၉ |
| ကမ္မဝိပါကဇ တန်ခိုးကြောင့် မြေလျှိုပ်ရခြင်း | ၃၄၀ |
| ကမ္မသမင်္ဂီတာ (အဓိပ္ပါယ်) | ၇၀၀ |
| ကရေရိကုဋိကျောင်းတော် | ၈၀ |
| ကလေးငယ်ကို ချီထားသည့် ပရိယာယ် | ၅၈၄ |
| ကဝိမဏ္ဍန မေဒနီကျမ်း | ၆၇ |
| ကာမ ၁၁-ဘုံ | ၆၀၇ |
| ကာမတဏှာ၏နေအိမ်သဖွယ်ဖြစ်သော ဂေဟတရား ၆-ပါး | ၁၄၁ |
| ကာမုပါဒါန်အကြောင်း | ၇၂၁ |
| ကာယသင်္ဂဏ်တာ=ကိုယ် အပေါင်းအသင်း ရှိခြင်း | ၂၃၉ |
| ကာယိကဝီရိယနှင့် စေတသိက ဝီရိယ အဓိပ္ပါယ် | ၂၃၉ |
| ကာဠကဏ္ဏိမည်သူများ | ၂၈၃ |
| ကာဠိမ္မ မည်သူ၏ လားရာ | ၂၉၂ |
| ကိစ္စကြီးငယ်၌ မေ့လျော့ခြင်း မရှိပုံ | ၂၃၄ |
| ကိစ္စကြီးငယ်များကိုပြုဆိုချက် | ၂၃၄ |
| ကိစ္စမများခြင်းသည် ကြီးပွါး တိုးတက်ကြောင်း | ၂၃၂ |

WWW.DHAMMARANSI.COM




အက္ခရာစဉ် စာမျက်နှာ

[ က ]

ကိုရာတာဘာသာ (ဇာတ်) ၆၇၆
ကိလေသာဘိုးကြီးဖြစ်ရှင် ဇာတရေး ကြိုးပုံ ၆၈၀
ကုက္ကုရမည်သူ၏ လားစား ၂၈၂
ကုက္ကုရဝတ (ခွေးအကျင့်) အကြောင်း ၁၂၂
ကုဋေရှစ်သန်းဘလားသိန်း (သမာပတ်များ) ၄၀၃
ကုလာမစွန့်ပယ်ရသည့်မကောင်းကျိုး ၈၁၃-၇
ကုလသုတ္တန်ဟောစေသော် ၁၃
ကုသာဝတီပြည် ၇၂၆
ကုသိနာရုံ၌ ပရိနိဗ္ဗာန်စံမြင်း အကြောင်း ၄-ပါး ၄၁၉
ကုသိနာရုံပြည်၏ အမည် ဟောင်း ၇၂၉
ကုသိနာရုံပြည်သို့ရောက်ခြင်း ၁၁၇
ကုသိနာရုံ မလ္လမင်းတို့၏ သတ္တိရေး ၁၂၉
ကုသိနာရုံသို့ ကြွတော်မူခြင်း ၁၉၄
ကုသိုလ် ဆုတ်ယုတ်မည့် လောဘနည်းသား ဒေါသနည်းသား ဥစ္စတ္တာ ၁၃၀-၁၃၀
ကုသိုလ်တိုးပွါးမည့် လောဘနည်းသား ဒေါသနည်းသား ဥစ္စတ္တာ ၁၃၀-၁၃၆
ကုသိုလ်များသော နတ်တို့ ရှေးဆေးပါနိုး၌ ဖြစ်ကြောင်း ၆၂
ကုဟာနာ (ပဉ္စပ္ပါယ်) ၁၃၀
ကေဝဋ်ပုဏ္ဏားကို ကြွတော်မူခြင်း ၂၈၀
[illegible] ၈၁

အက္ခရာစဉ် စာမျက်နှာ

[ က ]

ကောသလမင်းကြီး ဇေတ ဆီရှင် သွားခြင်း ၂၆
ကောသလမင်းကြီး မလ္လိကာ ဒေဝီ၏ ဆော်ပေးခြင်း ၁၂
ကောသလမင်းကြီး ငါဖြင့်ဝပ်၍ ရှိခိုးခြင်း ၁၆
ကောသလမင်းကြီး ဘာဂါဝင် မင်းသားကို ပေးသည်ပုံ ၁၆
ကောသလမင်းကြီး သားနှင့် ရင်းနှီးရန် ၁၀
ကောသလမင်းသော ရှင် သူငယ်ချင်း ၁
ကောသလမလ္လိကာနှင့် ဒေဝီ မလ္လိကာ ထိုအကြောင်း ၄၅
ကောက်ပင်ဖို့သို့ တကာကြီး ငွေ ၈၇
ကောင်းကင်ကို ခြေဖြင့် မှတ်ထင်ပ် ၃၃၄
ကောင်းချိုး ပေးသည့်ကို ခြေလှုပ်ခြင်း ၃၄၁
ကောင်းခြင်း ၄-ပါး (လောကဓမ္မ ဆိုင်ရာ) ၆၃၁
ကောင်းမှုတော်ကို ခါတိုင်း ခြေသုံးခြင်း ၃၃၀
ကိုယ်ကာယ ၂-မျိုး ၈၉-၆
ကိုယ်ကောင်ကာကြီးမှားမှု ၃၀၀
ကိုယ်ထောက်စကားမြ ၂၁၀ ၅၈၃
ကျောင်းဆောက် ဒကာဝင် ပါဘာမင်းကြီး ပြုတော်မူ ၂၀၁
ကျောက်ခင်းမှတ်တော်၌ စိတ်ပေးသွား ကောင်းသော ၁၃၀

WWW.DHAMMARANSI.COM




အက္ခရာစဉ် စာမျက်နှာ

[ က ]

ကျောင်းပရိဝုဏ်မှ လွန်၍ စိတ်မသွားစေသော ရဟန်း ၁၇၇
ကြေးမုံတရား ၄-ပါး ၂၉၅
ကြုတ်အထပ်ထပ်၌ ဓာတ်တော် ဌာပနာခြင်း ၅၄၁-၂
ကြောင်ကျောက်၏ သဘာဝ ၇၀၅
ကျွန်မသမီးမှ မိဖုရားခေါင်ကြီး ဖြစ်လာခြင်း ၁၉
ကျွန်းကြီး ၄-ကျွန်း ၆၀၅-၆

[ ခ ]

ခဏိက ဖလသမာပတ် ၃၁၀
ခဏိက မရဏ ၇၃၅
ခန္ဓာကိုယ်၌သာ စိတ်ကို ထားသော ရဟန်း ၁၇၈
ခန္ဓာ ၅-ပါး ဝိပဿနာလင်္ကာ ၇၆၅-၆
ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ် ၂၂၈
ခုနှင်နေ့ ဘုရားရှိခိုးလင်္ကာ ၅၅၀
ခုနစ်ပြည်ထောင်မင်းတို့ ဓာတ်တော်တောင်းခြင်း ၅၂၇
ခုရဘဏ္ဍပရိဟရဏ သိက္ခာပုဒ် ၅၀၉
ချစ်ခြင်း၏ အကြောင်းရင်း ၁၂၂-၃
ချစ်ခြင်းမုန်းခြင်းကြောင့် ကုလာမစ္ဆရိယဖြစ်ပုံ ၁၁၉
ချောင်းရေနောက်ရာမှ ကြည်လာခြင်း ၃၉၅
ခြေတော်အစုံ ထင်းပုံတွင်းမှ ထွက်လာခြင်း ၅၁၇
ခြေတော်ရာ ချထားခဲ့ပုံ ၅၃၀
ခွေးအကျင့်(ကုက္ကုရဝတ) အကြောင်း ၇၂၂

အက္ခရာစဉ် စာမျက်နှာ

[ ဂ ]

ဂန္ဓကုဋိကျောင်းတော် ၈၀
ဂိဇ္ဈကုဋ်တောင်၏အနက် ၁၉၈
ဂိရိဂ္ဂမဟာပူဇာသဘင် ၂၅၈
ဂီတဝါဒိတကို ဘုရားရှင် ချီးမွမ်းခြင်းအကြောင်း ၇၅
ဂုဏ်ကြီးသူကို ကိုးကားသော စကားကို ဝေဖန်နည်း ၃၇၉
ဂုဏ်တော်အကျဉ်းချုပ် ၂-မျိုး ၆၃၀
ဂုဏ်တော်အကျဉ်းချုပ် ၄-မျိုး ၆၃၂
ဂေဟဿိတ အဓိပ္ပါယ် ၁၄၁
ဂေဟဿိတ ဒေါမနဿဝေဒနာ ဖြစ်ပုံ ၁၄၃
ဂေါပကနတ်သားဝတ္ထု ၈၂
ဂေါပိကာမင်းသမီး ၈၇
ဂေါဝတ (နွားအကျင့်) အကြောင်း ၇၂၂

[ င-စ ]

ငိုကြွေးသောအားဖြင့် မြေလှုပ်ခြင်း ၃၄၁
စက်လက်နက်နှင့် တူသောဉာဏ် ၂-ပါး ၇၆၁
စက္ခု,မန ၂-ဒွါရ၌ အာရုံတင်ပုံ ၇၁၀
စကား ၆-ခွန်း ၅၇၆
စကားနိမိတ် အရိပ်အရောင် ပြခဲ့ရာ အရပ် ၁၅-ဌာန ၃၆၃
စကားပြောမှု၌ မှေ့လျော့ပုံ ၂၃၄
စကားမများခြင်းသည် ကြီးပွါးတိုးတက်ကြောင်း ၂၃၃
စကြဝတေးမင်း၏အံ့ဖွယ် ၄-ပါး ၄၅၂
စကြဝတေးမင်း၏ ဥတုဇရုပ် ကလာပ်၌ ဆောင်ရွက်ပုံ ၅၀၀

WWW.DHAMMARANSI.COM




| အကြောင်းအရာစဉ် | စာမျက်နှာ |
|---|---|
| [ စ ] | |
| စကြဝဠာတောင်ကြီး | ၆၀၆ |
| စစ်တိုက်လျှင် ကုသိုလ်နှင့်ရှုံမင်းတို့ အောင်နိုင်မည့်အကြောင်း | ၅၂၉ |
| စစ်ပွဲနိုင် တာဝတိံသာနတ်တို့ ဝမ်းမြောက်ခြင်းဖြစ်ပုံ | ၁၈၇ |
| စစ်မထွက်ရန် အမတ်တို့ လျှောက်ထားတတ်ပုံ | ၃၇ |
| စည်းစိမ်ပျက်မှု(သီလမဲ့သူ၌) ဖြစ်တတ်ပုံ | ၂၇၇ |
| စည်းစိမ်ပျက်လျှင်း စသော လက္ခဏာ | ၂၇၇ |
| စည်းစေးအပြီး နောက်ချန် နေခဲ့ခြင်း၏ အပြစ်များ | ၂၀၃ |
| စည်းစေးတိုင်ပင်မှု မပြုခြင်း ကြောင့် ပျက်စီးတတ်ပုံ | ၂၀၂ |
| စတုတ္ထ အပရိဟာနိယတရား အမိပ္ပါယ် | ၂၂၈ |
| စတုတ္ထ အမေးအဖြေ | ၁၂၄ |
| စတုတ္ထ ကြီးပွါးကြောင်းတရား | ၂၁၇ |
| စတုတ္ထ ကြီးပွါးကြောင်း တရား ခုနစ်ပါး | ၂၄၁ |
| စတုမဟာရာဇ်တင်းမှ အငွေ့ထွက် အောင် ပုံ | ၅၂၅ |
| စန္ဒကူး ထင်းပုံပမာဏ | ၅၂၂ |
| စန္ဒူပမအကျင့် | ၅၁၃ |
| စမ္ပေဝေမြင်းနှင့်တူသူ | ၈၅-၆ |
| စရဏ ၁၅-ပါး | ၅၇၂ |
| စရပ်ကြီး၌ တာဝန်အသီးသီး ခွဲထားပုံ | ၁၀၁ |
| စရိတ (စရိုက်အကျယ်) | ၆၀၁ |
| စာပါလစေတီ၌ အာယုသင်္ခါရ လွှတ်တော်မူခြင်း | ၃၂၀ |
| စာပါလစေတီ၌ မာရ်နတ် လျှောက်ထားပုံ | ၃၅၉ |
| စိတ်ကြိုက်အမျိုး၌ မတွေ့မဝေ ပဋိသန္ဓေနေရခြင်း | ၁၀၉ |
| စိတ်ရှင်လန်းအောင် ပွါးသော ဘာဝနာ | ၆၀၇ |
| စိတ်ဝမ်းကွဲအောင် ပြုလုပ်ခြင်း | ၂၁၀ |
| စိတ်ဝမ်းကွဲစေခြင်းဥပါယ် | ၂၁၄ |
| စိတ်သည် နာမ်တရား၌ ပဓာန | ၇၀၂ |
| စိတ္တလတာဥယျာဉ်ဖြစ်ပုံ | ၁၀၁-၂ |
| စိတ္တသင်္ဂဏိကာ=စိတ်အပေါင်း အသင်းရှိခြင်း | ၂၃၉ |
| စုတူပပါတဉာဏ် | ၇၄၀ |
| စုန္ဒရှေ့ပန်းထိမ်သည်ဝတ္ထု | ၃၉၀ |
| စူဠအနာထပိဏ်သူဌေးအိမ်၌ ရဟန်းတော် ၅၀၀-နေ့စဉ် ဆွမ်းစားတော်မူခြင်း | ၁၁ |
| စူဠသုဘဒ္ဒာမဏိစေတီ | ၅၃၃ |
| စေတနာသမင်္ဂီတာရှင်းချက် | ၇၀၀ |
| စေတသိက်ကြောင့် စိတ်ဖြစ်ပုံ | ၇၀၀ |
| စေတီအထပ်ထပ်၌ ဓာတ်တော် ဌာပနာခြင်း | ၅၄၁-၂ |
| စေတီစောင့်ခြင်းအကျိုး | ၄၃၁ |
| စေတီတော်စောင့်နတ် | ၄၃၁ |
| စေတီထိုက်သော ပုဂ္ဂိုလ် ၄-မျိုး | ၄၄၃ |
| စေတီပုထိုး ၁၀-ဆူ | ၅၃၅ |
| စောင့်ရှောက်မှုနှင့် လုံခြုံစေမှု အထူး | ၂၁၁ |
| စောင်းသံကို ဘုရားရှင် ချီးမွမ်း ခြင်း အကြောင်း | ၇၅ |
| စွဲမြဲသောသတိနှင့် ပြည့်စုံသော မထေရ်သုံးပါး | ၂၄၀ |

WWW.DHAMMARANSI.COM



[illegible]

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တဏှာသန္တ၏အကြောင်းရင်း | ၁၂၄ |
| တဏှာသန္တကြောင့် ချစ်ခြင်း မုန်းခြင်းဖြစ်ရပုံ | ၁၂၂-၃ |
| တဏှာသန္တ ၅-ပါး | ၁၂၃ |
| တဏှာနှင့် ကာမုပါဒါန်အထူး | ၇၂၁ |
| တဏှာပစ္စယာ ဥပါဒါန်(အဖွင့်) | ၇၂၀ |
| တတိယ အပရိဟာနိယတရား အဓိပ္ပါယ် | ၂၂၆ |
| တတိယအမေးအဖြေ | ၁၂၂ |
| တတိယကြီးပွါးကြောင်းတရား | ၂၀၄ |
| တတိယကြီးပွါးကြောင်းတရား ခုနစ်ပါး | ၂၃၆ |
| တန်ခိုးကြီးနတ်တို့ သိမ်းပိုက်မြေ၌ တန်ခိုးကြီးလူတို့ အိမ်ဆောက်ခြင်း | ၂၀၀ |
| တန်ခိုးငယ်နတ်တို့ သိမ်းပိုက်မြေ၌ တန်ခိုးငယ်လူတို့ အိမ်ဆောက်ခြင်း | ၂၀၀ |
| တန်ခိုးရှင်တို့ ဘိညာဉ်စွမ်းအား ဈာန်ကစားနှင့်(ချီလကာ် အဖြေ) | ၃၃၇ |
| တန်ခိုးသေးသော နတ်ခန္ဓာသည် အနာဂါမိဖိုလ်ကို မဆောင်နိုင်ပုံ | ၈၇ |
| တန်ဆောင်မုန်းလပြည့်နှင့် လက္ခယ်နေ့၌ အဂ္ဂသာဝက ၂-ပါး ပရိနိဗ္ဗာန်စံခြင်း | ၃၁၆ |
| တပည့်က ဆရာကို သတိပေးသောဝတ္ထု | ၁၄၀ |
| တရားဂုဏ်တော် ၆-ပါး | ၆၃၀ |
| တရားဂုဏ်၌ မတုန်မလှုပ် ကြည်ညိုခြင်း | ၂၉၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ တ ] | |
| တရားစကားပြောခြင်းကြောင့် စကား၌ မွေ့လျော်သည် မမည်ပုံ | ၂၃၄ |
| တရားတော် ၁၀-ပါး | ၆၄၁ |
| တရားနှင့်လျော်စွာကျင့်လျက် ဘုရားရှင်ကို ပူဇော်ခြင်း | ၄၂၂ |
| တရားဝိနည်းသည် ဆရာဘုရား ဖြစ်ခြင်း | ၄၇၆-၇ |
| တာဝတိံသာနတ်နှင့် လိစ္ဆဝီမင်းများ | ၁၀၃ |
| တာဝတိံသာတ်၌ပင် ဗြဟ္မာ ဖြစ်ကြသော နတ်များ | ၈၇ |
| တိဏ္ဏသာကိဝင်နှင့် နဋ္ဌသာကိဝင် မည်ကြပုံ | ၄၀ |
| တိတ္ထိဆရာကြီး ၆-ဦး | ၄၆၆ |
| တိတ္ထိတပည့်တို့၏ လာဘ်ကောင်း အယူအဆ | ၄၇၂ |
| တိတ္ထိယ ပရိဝါသ် | ၄၇၀ |
| တိပိဋကစူဠာဘယထေရ် | ၂၄၁ |
| တိဿထေရ်(သေနဝါသီ) | ၂၅၅ |
| တုဋ္ဌမည်သူ၏ လားရာ | ၂၆၂ |
| တုတ်, ဓား ဆောင်ရသော ချမ်းသာနှင့် မဆောင် ရသော ချမ်းသာ | ၁၈၇ |
| တေဇောဓာတ်မီး လောင် ကျွမ်းခြင်း | ၅၁၉ |
| တေဇောဓာတ်သည် ရုပ်တရား၌ ပဓာန | ၇၀၂ |
| တေပရိဝဋ္ဋဓမ္မဒေသနာ (အဓိပ္ပါယ်) | ၇၆၃ |
| တေမာသိက ပဋိပဒါ=သုံးလ ကျင့်စဉ်ကို ကျင့်ပုံ | ၁၄၇ |

WWW.DHAMMARANSI.COM


အက္ခရာစဉ် စာမျက်နှာ

[ တ-ထ ]

တောကျောင်း၏ အကျိုး ၂၂၉
တောကျောင်း သတ်မှတ်ချက် ၂၂၉
တောထွက်ရဟန်း၏ ရိုင်းပြသော စကား ၅၀၆
တောသားအဖိုးအိုဝတ္ထု ၅၈၇
တောင်ရံ ၇-လုံး ၆၀၄-၅
တွေတွေဝေဝေဖြင့် (သိလမ့်သူ) သေတတ်ခြင်း ၂၇၈
ထပ်ထပ်သော ယာဂု(လုပ်ပုံ) ၅၀၈
ထမင်းလုပ်နှင့် ပါးစပ် တန်ရုံသာ စားရပုံ ၁၆၀
ထေရဝါဒ ၃၈၇

[ ဒ ]

ဒက္ခိဏေယျဂုဏ်တော်(အဖွင့်) ၆၈၀
ဒဏ်ကင်းလိုလျက် ဒဏ် မကင်းခြင်းအကြောင်း ၁၁၀
ဒမိဠဘာသာ(စကား) ၆၄၆
ဒသဗလဉာဏ်တော် ၇၄၇
ဒါယကာ က မြတ်သောနတ် ဖြစ်၍ ဆရာရဟန်းက ယုတ်နိမ့်သောနတ် ဖြစ်ပုံ ၈၃
ဒိဋ္ဌုပါဒါန်အကြောင်း ၇၂၁
ဒီဃကာရာယနအား စစ်သေနာပတိရာထူးပေးခြင်း ၃၄
ဒီဃကာရာယနသည် ဝိဋူဍဘ အား မင်းပြုလုပ်စေခြင်း ၃၅
ဒီဃဘာဏက အဘယထေရ် ၂၄၀
ဒုက္ခလက္ခဏာ ထင်လွယ်ခြင်း ၇၆၄
ဒုက္ခလက္ခဏာဖြင့် အနတ္တကို ဟောခြင်း ၇၆၃

ဒုတိယ အပရိဟာနိယတရား အဓိပ္ပါယ် ၂၂၅
ဒုတိယ အမေးအဖြေ ၁၁၈
ဒုတိယကြီးပွါးကြောင်းတရား ၂၀၂
ဒုတိယ ကြီးပွါးကြောင်း တရား ခုနစ်ပါး ၂၃၂
ဒုဿီလနှင့် ငါးပါးသီလ ၅၀
ဒေသနာဉာဏ်၏ အာနုဘော် ကြောင့် မြေလျှပ်ခြင်း ၃၄၁
ဒေါဏဂဇ္ဇိတတရား ၅၃၁
ဒေါဏပုဏ္ဏား စွယ်တော်ကို ခိုးခြင်း ၅၃၂
ဒေါဏပုဏ္ဏား ဓာတ်တော် ဝေခြင်း ၅၃၀
ဒေါမနဿ ၂-မျိုး ၁၂၉
ဒွါရ ၂-မျိုး၌ အာရုံထင်ပုံ ၇၁၀

[ ဓ ]

ဓမ္မအာရ ၅-မျိုး ၇၄၁
ဓမ္မစက္ကပဝတ္တနသုတ် (မှတ်ဖွယ်) ၇၅၈
ဓမ္မစကြာအရကောက် ၇၆၀
ဓမ္မစကြာဟောချိန် ၇၅၉
ဓမ္မစကြာဟောရာ၌မြေလျှပ်ခြင်း ၃၄၁
ဓမ္မ ၁၀-မျိုး ၆၄၁
ဓမ္မနွယဉာဏ်ဖြင့် အရှင် သာရိပုတ္တရာ သိပုံ ၂၇၀
ဓမ္မပဋိသမ္ဘိဒါဉာဏ်တော် ၇၄၁
ဓမ္မပဒကျမ်းလာ သုဘဒ္ဒပရိဗိုဇ်ဝတ္ထု ၄၇၃
ဓမ္မပူဇာသာ အမြတ်ဆုံး ပူဇော်ခြင်း မည်ပုံ ၄၂၆

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဓ-န ] | |
| ဓမ္မမစ္ဆရိယနှင့်မကောင်းကျိုး | ၁၁၄-၈ |
| ဓမ္မရတနာခဏ်း | ၅၅၃ |
| ဓမ္မာဒါသ=ကြေးမုံတရားကို ဟောတော်မူခြင်း | ၂၉၅ |
| ဓမ္မာနုဓမ္မရှင်းချက် | ၄၂၇ |
| ဓမ္မာနုဿတိဘာဝနာ | ၆၆၂ |
| ဓမ္မာနုဿတိဘာဝနာအကျိုး | ၆၆၄ |
| ဓမ္မိယလာဘ်ကို သီလရှိသူတို့နှင့် ဝေငှသုံးသင့်ပုံ | ၂၄၅ |
| ဓာတ်ချောက်ချားအင် (လက်ာအဖြေ) | ၃၃၆ |
| ဓာတ်တော်အဆူဆူကွဲရပုံ | ၅၂၀ |
| ဓာတ်တော်အားလုံး ရာဇဂြိုဟ်သို့ ဆောင်ခြင်း | ၅၄၀ |
| ဓာတ်တော်ခြင် ပြည်တောင်းကို ဒေါဏပုဏ္ဏား ရခြင်း | ၅၃၄ |
| ဓာတ်တော်စေတီ ပူဇော်ခြင်း | ၅၃၅ |
| ဓာတ်တော်တိုက်ကို အသောကမင်း တွေ့ခြင်း | ၅၄၈ |
| ဓာတ်တော်တိုက်ကြီး တည်ပုံ | ၅၃၉ |
| ဓာတ်တော်ပမာဏနှင့် အရောင်များ | ၅၂၀ |
| ဓာတ်တော်များကို ဆောင်ယူပုံ | ၅၂၂ |
| ဓာတ်တော်များကို ဝေပုံ | ၅၂၃ |
| ဓာတ်တော်ရှစ်စု ခွဲဝေခြင်း | ၅၃၁ |
| နကုလပိတာနှင့် ဇနီး အလက်မင်္ဂ ၃-ပါးရခြင်း | ၅ |
| နကုလပိတာနှင့်ဇနီး ပရိနိဗ္ဗာန်စံပွဲ | ၆ |
| နကုလပိတာနှင့်ဇနီး သောတာပန်ဖြစ်ခြင်း | ၃ |
| နဂါးပြည်သို့ မဟာနာမမင်းကို ဆောင်ယူခြင်း | ၄၁ |
| [ န ] | |
| နက်နဲသောတရားကို မသိနိုင်ခြင်း အကြောင်း | ၃၂၀ |
| နည်းလမ်းမှန်သူကို နတ်များ ကူခြင်း | ၅၃၀ |
| နမော တဿ ဂါထာဖြင့် သိကြားမင်း ဥဒါန်းကျူးပုံ | ၁၉၅ |
| နတ်ခန္ဓာကိုယ် ကမ္မဇရုပ်လွှမ်းပုံ | ၁၆၁ |
| နတ်အစေအပါးဖြစ်ပုံ | ၃၉ |
| နတ်စန္ဒကူးမှုန့်(နှင့်စပ်၍ မှတ်ဖွယ်) | ၄၂၃ |
| နတ်တို့ စောင့်ရှောက်၍ ကောင်းကျိုးရခြင်း | ၂၀၆ |
| နတ်တို့အလိုနှင့် မလ္လာမင်းတို့ အလို ကွဲပြားပုံ | ၄၉၃ |
| နတ်တို့၏ အမိဋ္ဌာန် | ၅၁၆ |
| နတ်တို့၏ သားမယား စသည်ဖြစ်ပေါ်ပုံနှင့် အလုပ်ကိစ္စများ | ၃၈ |
| နတ်တို့ စောင့်ရှောက်ခြင်း မရှိက အနာရောဂါ ဖြစ်ပွါးတတ်ပုံ | ၂၁၃ |
| နတ်တို့ စောင့်ရှောက်မှု ရရှိနည်း | ၂၁၀ |
| နတ်တို့သေသော် အသေကောင် မကျန်ပုံ | ၁၆၁ |
| နတ်တူရိယာတို့ဖြင့် ပူဇော်ခြင်း(၌ မှတ်ဖွယ်) | ၄၂၃ |
| နတ်နှင့် နာမ်ကမ္မဋ္ဌာန်း | ၁၃၅ |
| နတ်ဗြဟ္မာတို့ ငိုကြွေးပုံ | ၄၉၂-၃ |
| နတ်ဗြဟ္မာတို့ စုဝေး ရောက်ရှိကြပုံ | ၄၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ န ] | |
| နက်ဖြူဟူသာများ ပူပန်ကြပုံ | ၄၃၃ |
| နတ်သိလ္လား ပူးသူကို ကုသပုံ | ၅၉ |
| နတ်မိဖုရားဖြစ်ပုံ | ၇၈ |
| နတ်များအတွက် ဝေဒနာ ကမ္မဋ္ဌာန်း ထင်ရှားခြင်း | ၁၃၁ |
| နတ်များအား ဗလိနတ်စာ ပေး၍ တိုးတက်ပုံ | ၂၁၀ |
| နတ်ရုံရှေ့မှောင်းမဖြစ်ပုံ | ၇၉ |
| နတ်သမီး သတိပေး၍ ရဟန္တာဖြစ်ခြင်း | ၁၅၂ |
| နတ်သား နတ်သမီး ဖြစ်ပေါ်လာပုံ | ၇၈ |
| နန္ဒတပည့် | ၃၉၇ |
| နန္ဒာကန် ဖြစ်ပုံ | ၁၀၁-၂ |
| နန္ဒာမည်သူ၏ လားရာ | ၂၉၂ |
| နဝမ, ဒသမ, ဧကာဒသမ အမေးအဖြေ | ၁၆၂ |
| နဝမာသိကပဋိပဒါ=ကိုးလ ကျင့်စဉ်ကို ကျင့်ပုံ | ၁၄၇ |
| နာဂထေရီမကြီး၏ တန်ခိုး | ၂၆၀ |
| နာဂမထေရ်၏ ရဲရဲတောက် နှလုံးရည် | ၂၆၂ |
| နာဂမုဏ္ဍာကျွန်မ | ၁၇ |
| နာဂါပလောကိတ=ဆင်ပြောင်ပြန်ကြည့် စေတီတော် | ၃၇၆ |
| နာဋပုတ္တဆရာကြီး၏ ပုစ္ဆာ | ၅၈၀ |
| နာတိကရွာ၏ အကြောင်း | ၂၈၈ |
| နာတိကရွာသို့ ကြွတော်မူခြင်း | ၂၉၁ |
| နာနာဓိမုတ္တိကဉာဏ်တော် | ၇၄၈ |
| နာမရူပပရိစ္ဆေဒ သင်္ဂါယနာန် (အဖွင့်) | ၇၀၆ |
| နာမ်ကမ္မဋ္ဌာန်းအကြောင်း | ၁၃၄ |
| [ နိ ] | |
| နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာ ၃-ပါးဖြင့် ဟောသော သုတ်များ | ၁၃၉ |
| နာမ်ကမ္မဋ္ဌာန်း နှလုံးသွင်းပုံ ၃-မျိုး | ၁၃၅ |
| နာမ်တရားကို ဝိပဿနာရှုပုံ | ၁၃၅-၇ |
| နာဠကရွာ၌ အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်စံခြင်း | ၃၁၆ |
| နာဠန္ဒမြို့သို့ ကြွတော်မူခြင်း | ၂၆၈ |
| နိကဋမည်သူ၏ လားရာ | ၂၉၂ |
| နိဂြောဓသာမဏေ | ၅၄၅ |
| နိပ္ပေသိကတာ အဓိပ္ပါယ် | ၁၇၀ |
| နိဗ္ဗာန်ကို သမဏ ဗြာဟ္မဏတိုင်း မရနိုင် | ၁၈၃ |
| နိဗ္ဗာန် မျက်မှောက် မပြုဘူး၍ ဝဋ်ဆင်းရဲ မပြတ်ပုံ | ၆၅၉ |
| နိဗ္ဗာန်ရောက်ကြောင်းတရား | ၄၆၇ |
| နိဗ္ဗာန်ဟူသော ပညတ်တရားအကြောင်း | ၁၄၅ |
| နိမိတ် အရိပ်အရောင် ပြတော်မူခြင်း | ၃၁၇ |
| နိယတမိစ္ဆာဒိဋ္ဌိကြီး ၃-ပါးသည် ဥစ္ဆေဒဒိဋ္ဌိ ဝင်သည် | ၇၂၀ |
| နိယျာနိကတရား သိစစ်ချက် | ၄၆၇ |
| နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော် | ၇၄၁ |
| နိရောဓသမာပတ်ကို ဘုရားရှင် ဝင်စားပုံ | ၄၈၃ |
| နိရောဓသမာပတ် (ဝိမောက္ခ) | ၃၅၆ |
| နေက္ခမ္မတရားများ | ၁၄၀ |
| နေက္ခမ္မသိတအဓိပ္ပါယ် | ၁၄၁ |
| နေက္ခမ္မသိတဒေါမနဿ- ဝေဒနာ ဖြစ်ပွါးပုံ | ၁၄၅ |

WWW.DHAMMARANSI.COM




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ န ] | |
| နန္ဒမိတ္တကထာအဓိပ္ပါယ် | ၁၇၇ |
| နေ့သက်ဆိုးဘုရားရှင်၏ ကြွပါ | ၄၇၆-၄၇၂ |
| နေ့သက်ဆိုးဘုရားရှင်၏ ဝိတ်ကြွားတော်မူချက် | ၄၀၀ |
| နေ့သက်ဆိုး မျက်မှောက် သာဓက ၃-ပါး | ၄၇၃ |
| နေ့သက်ဆိုးမှ တရားနာရမေ့ သည့် ကုသိုလ် | ၄၆၂-၃ |
| နို့ရေဖြင့် ပိဋ္ကမျိုးဘာနေရာကို ဆေးခြင်း | ၂၂ |
| နိုးကြားခြင်းသည် ကြီးပွါး တိုးတက်ကြောင်း | ၂၃၃ |
| နိဿာ ၄-မျိုး | ၅၂၁ |
| နွားအကျင့်ကြောင့် နွားဖြစ်သူ | ၃၂၀ |
| နွားအကျင့် (= ဂေါဝတ) အကြောင်း | ၃၂၂ |
| နှလုံးမသာယာခြင်း ၂-မျိုး | ၁၂၉ |
| နှုတ်အကျင့် ၂-မျိုး | ၁၆၃-၆ |
| [ ပ ] | |
| ပကတိမြေသို့ နှုတ်[illegible] တည်နိုင်ပုံ | ၄၉၈ |
| ပကိဏ္ဏကဒေသနာ | ၉၀၇ |
| ပင်လယ်နှတ်ကသာဝင် အကြောင်း | ၁၀၂ |
| ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ (အဓိပ္ပါယ်) | ၆၆၀ |
| ပစ္စဝေက္ခဏ[illegible] | [illegible] |
| ပစ္စဝေက္ခဏ[illegible] မှုကို ပြပုံ | [illegible] |
| [ ပ ] | |
| ပစ္စယသာဓက ၃-မျိုး | ၄၇၃ |
| ပဋ္ဌာန်းအဘိဓမ္မာနိဿယတရား အဓိပ္ပါယ် | ၂၂၉ |
| ပဋိပဒာ၏ အဖြေ | ၁၂၆ |
| ပဋိစ္စ ကြီးပွါးကြောင်းတရား | ၂၀၀ |
| ပဋိစ္စ ကြီးပွါးကြောင်းတရား ခုနစ်ပါး | ၂၄၂ |
| ပဋိသန္ဓေ၏ စောင်းလံကို ချိုးမှုမ်း တော်မူရပုံ ရှင်းချက် | ၇၅ |
| ပဋိသန္ဓေနေသည်သားမ်ား ဓာတ်ရှင်းဂါထာများ | ၆၇ |
| ပဋိသန္ဓေနေသည်သားအား ခုံမေးခြင်း | ၁၉၅ |
| ပညာ၏ အဓိပ္ပါယ် | ၂၆၇ |
| ပညာနှင့်ပြည့်စုံ ဖြစ်ခဲသော တော်စိတ်၏အဓိပ္ပါယ် | ၂၆၇ |
| ပဋိစ္စ ကြီးပွါးကြောင်းတရား | ၂၀၁ |
| ပဋိနယသည် ပါဠိနားမြို့ ဖြစ်နိုင်ပုံ | ၁၉၀ |
| ပဋိနှလုံးမူပါဠိ ဥဒဓာ (ပါဠိသနက်) | ၆၉၀ |
| ပဋိနှလုံးမူပါဠိတော် | ၀၇၉ |
| ပဋိနှလုံးမူပါဠိတော်သနှင့် ဘမျိုး | ၆၂-၇၈ |
| [illegible] | |
| [illegible] | ၄၀၅ |
| [illegible] | ၃၃၂ |
| [illegible] | ၁၂၆ |
| [illegible] | |
| [illegible] | ၄၄၀ |
| [illegible] | ၂၉၀ |

WWW.DHAMMARANSI.COM




| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပဋိသမ္မောဒစကား (အရှင်အာနန္ဒာ)ပြောပုံ | ၄၅၁ |
| ပဋိသန္ထာရစကား (စကြာဝတေးမင်း)ပြောပုံ | ၄၅၅ |
| ပဋိသမ္ဘိဒါဉာဏ်လေးပါး | ၃၃၉ |
| ပဏ္ဍုကမ္ဗလာအကြောင်း | ၁၀၂ |
| ပတောဒသုတ်အကျဉ်း | ၈၅-၆ |
| ပဓာနအချုပ်တရား ၂-ပါး | ၃၀၂ |
| ပန်းကုံးငှုပ်ပွဲ | ၁၀၃ |
| ပန်း ၅-မျိုးဖြင့် ပူဇော်ခြင်း | ၅၂၁ |
| ပပဉ္စသညာကြောင့် ဝိနိစ္ဆယ ဝိတက်ဖြစ်ရပုံ | ၁၂၆ |
| ပပဉ္စသညာ သင်္ခါရာမျှတရား | ၁၂၆ |
| ပရမတ္ထအားဖြင့် အလုပ် ၆-မျိုးသာရှိပုံ | ၃၀၃ |
| ပရိတ်ရွတ်ရန် အစီအမံ မှတ်ဖွယ် | ၅၈ |
| ပရိနိဗ္ဗာန်စံခါနီး၌ အများဆုံး ဟောသောတရား | ၂၆၅ |
| ပရိနိဗ္ဗာန်စံရန် ပရိကမ်ပြုပုံ | ၄၈၃ |
| ပရိနိဗ္ဗာန်စံရန် ဘုရားဖြစ်စက မာရ်နတ်လျှောက်ခြင်း | ၃၅၃ |
| ပရိနိဗ္ဗာန်စံ၍ မြေလှုပ်ခြင်း | ၃၄၁ |
| ပရိနိဗ္ဗာန် ၂-မျိုး | ၄၈၆ |
| ပရိနိဗ္ဗာန်(ဘုရားရှင်)စံတော်မူခြင်း | ၄၈၂ |
| ပရိဘောဂဘဏ္ဍ | ၁၂၃ |
| ပရိယတ်တရား၏ လုပ်ငန်းစဉ် ၂-ဆင့် | ၆၄၃ |
| ပရိယတ်တရား၌ မှတ်ဖွယ် ၆-ပါး ရှိပုံ | ၆၆၅ |
| ပရိယတ္တိဓမ္မ၏ ပြုအပ်သော တရားအကျဉ်းချုပ် | ၆၄၂ |
| [ ပ ] | |
| ပရိယတ္တိဗဟုသုတရှိသူ ၄-မျိုး | ၂၃၈-၉ |
| ပရိယေသနသုတ္တ | ၁၂၃ |
| ပရိသတ်အလယ်၌ (သီလမဲ့သူ) ညှိုးငယ်ရခြင်း | ၂၄၈ |
| ပရိသတ်တို့ မလိမ္မာသေးသမျှ ပရိနိဗ္ဗာန်မစံသေး | ၃၅၈ |
| ပရိသတ်တို့ လိမ္မာကြ၍ ပရိနိဗ္ဗာန် စံရန် လျှောက်ခြင်း | ၃၂၃ |
| ပရိသတ် ရှစ်ပါး | ၃၄၂ |
| ပသာဒသဒ္ဒါ (အဓိမောက္ခ) | ၂၃၃ |
| ပသေနဒီကောသလမင်း ဇန္နုလကို ကြိုဆိုခြင်း | ၁၀ |
| ပါဋလိပုတ်ပြည်တည်ခြင်း | ၂၈၀ |
| ပါဋလိပုတ်မြို့၏ ဘေး ၃-မျိုး | ၂၈၂ |
| ပါဋလိရွာသားတို့ကို ဟောသော တရား | ၂၃၂ |
| ပါဏာတိပါတ စသော ရန်သူ ၅-ပါး | ၄၂၃ |
| ပါတိမောက္ခသံဝရသီလ အကြောင်း | ၁၆၃ |
| ပါဒသိကာဘာသာ(စကား) | ၆၄၃ |
| ပါဝါပြည်နှင့် ကုသိနာရုံ ၃-ဂါဝုတ်သာဝေးခြင်း | ၄၁၉ |
| ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ၂၅-ထောက်နား၍ကြွရခြင်း | ၃၁၉ |
| ပါဝါပြည်သို့ကြွလာတော်မူခြင်း | ၃၉၀ |
| ပါဟုနေယျဂုဏ်တော်(အဖွင့်) | ၆၃၉ |
| ပိဋကတ်ပျောက်ကွယ်ရာ၌ ဖြစ်မည့်အပြစ်များ | ၅၁၂ |
| ပိဋကတ်များကွယ်ပျောက်နိုင်ပုံ | ၅၁၂ |
| ပိဋကတ် ၃-ပုံ၏အကျဉ်းချုပ် ပြဆိုသောသဘော | ၆၄၂ |

WWW.DHAMMARANSI.COM



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ပ ] | |
| ပိဏ္ဍပါတ်ခွတင်ဆောင်ဟုခေါ်ပုံ | ၁၄၈ |
| ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား | ၁၄၄ |
| ပုက္ကုသမလ္လမင်းသား၏ ထူးခြားသော သဒ္ဓါ့စေတနာ | ၄၀၆ |
| ပုက္ကုသမလ္လမင်းသားဝတ္ထု | ၄၀၁ |
| ပုညာဘိသင်္ခါရဖြစ်ပုံ | ၆၉၈ |
| ပုဏ္ဏတက္ကတွန်းအကြောင်း | ၇၂၁ |
| ပုနဗ္ဗသုရဟန်း | ၂၂၇ |
| ပုဗ္ဗေနိဝါသာနုဿတိဉာဏ် | ၇၄၈ |
| ပိုလ်တထောင်တင်လေး၏ အစွမ်းသတ္တိများ | ၂၈ |
| ပြည်တောင်းကို ဒေါဏပုဏ္ဏားရခြင်း | ၅၃၄ |
| ပြိုးပြမ်းမှတ်ဖွယ် ပကိဏ္ဏက အဓိပ္ပါယ် | ၃၀၄ |
| [ ဖ ] | |
| ဖဿ၏ စွမ်းရည် | ၇၁၃ |
| ဖဿပဉ္စမက တရားတို့ကို သိမ်းဆည်း ရှုမှတ်ပုံ | ၁၃၅ |
| ဖဿပဉ္စမကယူပုံ | ၁၃၆ |
| ဖဿပစ္စယာ ဝေဒနာ(အဖွင့်) | ၇၁၄ |
| ဖဿဖြစ်ခြင်းအကြောင်း ၃-ပါး | ၇၁၂ |
| ဖားနတ်သားဝတ္ထု | ၆၁၃ |
| ဖိုလ်ဟူသော ပညတ်တရား အကြောင်း | ၁၄၅ |
| ဖြားယောင်းမှု၏ အဓိပ္ပါယ် | ၂၁၄ |
| ဖြူစင်သောကုသိုလ် ရှင်းချက် | ၉၀ |
| ဖွားမြင်ပြီးနောက် ၅-ရက်မြောက် ကိုအမှတ်ရနိုင်သောမထေရ် | ၂၄၀ |
| [ ဗ ] | |
| ဗန္ဓုလ၏ စွမ်းအား | ၉ |
| ဗန္ဓုလစစ်သေနာပတိ တရား စီရင်ခြင်း | ၂၉ |
| ဗန္ဓုလစစ်သေနာပတိနှင့်ဇနီး မလ္လိကာတို့ အကြောင်း | ၂၄ |
| ဗန္ဓုလနှင့်သားများကို မင်း ပရိယာယ်ဖြင့်အလတ်ခိုင်းပုံ | ၃၀ |
| ဗန္ဓုလ မိဘစကားနားထောင်ပုံ | ၁၀ |
| ဗန္ဓုလမင်းအဖြစ် တောင့်တ နေသည်ဟု ကုံးတိုက်ခြင်း | ၃၀ |
| ဗန္ဓုလမင်းသား | ၈ |
| ဗန္ဓုလရေကန်စောင့်များကို ဖယ်ရှား၍ မလ္လိကာနှင့် ရေချိုးကြခြင်း | ၂၆ |
| ဗလဝဝိပဿနာအဆင့်သို့ ရောက်ပုံ | ၁၃၇ |
| ဗဟုသုတရှိသူ ၂-မျိုး | ၂၃၀-၉ |
| ဗဟုသုတရှိသူဟူရာ၌ အဓိပ္ပါယ် | ၂၃၀ |
| ဗုဒ္ဓဂုဏ်တော် (အဖွင့်) | ၆၁၇ |
| ဗုဒ္ဓစက္ခုဉာဏ်တော်များ | ၆ |
| ဗုဒ္ဓဉာဏ်တော် ၁၄-ပါး | ၇၅၀ |
| ဗုဒ္ဓရတနာခဏ်းနိဂုံး | ၅၅၀ |
| ဗုဒ္ဓါနုဿတိဖြင့် အပ္ပနာ မရောက်နိုင်ပုံ | ၆၃၅ |
| ဗုဒ္ဓါနုဿတိ ဘာဝနာ | ၆၃၃ |
| ဗောဓိဉာဏ် ၃-ပါး | ၆၄၂ |
| ဗျဉ္ဇနဗုဒ္ဓိအရကောက် | ၆၄၆ |
| ဗျဉ္ဇနဗုဒ္ဓိ ၁၀-ပါး | ၆၄၅ |
| ဗျသနတရား ၅-ပါး | ၇၃၀ |
| ဗြဟ္မဒဏ်ပေးရန်အမိန့် | ၄၇၇ |
| ဗြာဟ္မဏတိဿဘေး | ၂၆၀ |

WWW.DHAMMARANSI.COM




အက္ခရာစဉ် စာမျက်နှာ

[ ဘ ]

ဘဂဝါဂုဏ်တော် (အဖွင့်) ၆၁၁
ဘဒ္ဒမည်သူ၏လားရာ ၂၈၂
ဘဏ္ဍာရွာ၌ တရားဟောခြင်း ၃၇၆
ဘဏ္ဍာရွာသို့ ကြွတော်မူခြင်း ၃၇၄
ဘဝအမျိုးမျိုး ဖြစ်ပေါ်ပုံ ၇၂၄-၈
ဘဝငါးရာဆက်ကာ ဘုရား ခမည်းတော် မယ်တော် ဖြစ်ခဲ့သူများ ၄
ဘဝငါးရာဆက်ကာ ဘုရား မိထွေး ဖထွေး ဖြစ်ခဲ့သူများ ၄
ဘဝနိကန္တိအကြောင်း ၈၄
ဘဝပစ္စယာ ဇာတိ (အဖွင့်) ၇၂၀
ဘဝသက်တမ်းချင်းတူသူ ၃-ဦး ၁၉၂
ဘာရတရွာ ၂၆၀
ဘီလူး၏ကိုယ်ပျောက်ဆေးမြစ် ၅၁၃
ဘီလူးတို့ ပူးဝင်တတ်သော နေရာ နှင့် အစားအသောက်များ ၅၀
ဘုန်းကံရှင်များ အကြောင်း ကြောင်းကို ထောက်မြော် တတ်ခြင်း ၁၂
ဘုန်းကံရှိသူများ ရဲစွမ်းသတ္တိ ရှိကြခြင်း ၄၆
ဘုန်းတော် ၆-ပါး ၆၁၀
ဘုန်းတော်ယံ ၈-ပါး ၆၂၀
ဘုန်းတော်ဖွဲ့ ဘုရားရှိခိုး များ ၆၂၃-၆၃၀
ဘုံ ၃၁ (အကျယ်) ၆၀၇-၈
ဘုံစဉ်စံ ၃-ပဿက် ၁၉၂
ဘုရားကိုအကြည်ညိုဆုံးမင်း ၂၂၄
ဘုရားဂုဏ်၌ မတုန်မလှုပ် ကြည်ညိုပုံ ၂၈၆
ဘုရားဂုဏ်တော်ကိုးပါး ၅၅၃

[ ဘ ]

ဘုရားဂုဏ်တော်၌ မှတ်ဖွယ် များ ၆၁၁
ဘုရားပစ္စေကဗုဒ္ဓါတို့၏ အရိုးဆက်ပုံ ၃၇၁
ဘုရားမပွင့်မီ ဂိုဏ်းဆရာများ ၃၁၈
ဘုရားမှတပါး အခြားမကြွ နိုင်သည့်ဝက်သားဒွန်း ၃၉၂
ဘုရားရှင် အလုပ်အကျွေးများ ၄၄၉
ဘုရားရှင်၏ ကိုယ်စား တရား ဝိနည်း ဖြစ်ခြင်း ၄၇၆
ဘုရားရှင်၏ နောက်ဆုံး ဖိတ်ကြားတော်မူချက် ၄၈၀
ဘုရားရှင်၏ မိကြီး ဖကြီး သာ ငါးရာဆက်ကာ ဖြစ်ခဲ့သူများ ၄
ဘုရားရှင်ကိုအယူငါဒတင်ခြင်း ၁၇၉
ဘုရားရှင်တို့၏ဥက္ကဋ္ဌ ဆန္ဒတော် ၁၂၉
ဘုရားရှင်တို့ တနေရာတည်းသာ ဆွမ်းခံတော်မူလေ့မရှိခြင်း ၄၁၀
ဘုရားရှင် ပရိနိဗ္ဗာန်စံရာ၌ ရဟန်းများငိုကြွေးပုံ ၄၉၁-၁
ဘုရားရှင်ရောက်မည်ကို အရပ်တိုင်း၌ ကြိုတင် သိကြပုံ ၃၅၇-၈
ဘုရားလောင်း၏သဒ္ဓါ ၂၇၇
ဘုဇတိနုတ်သမီးအကြောင်း ၈၀
ဘုဇတိနုတ်သမီး ဘုရားလိုက် သမ္ဗုတ္တော သည်းတော်ခြင်း အကြောင်း ၈၀
ဘေးကင်းစေသော အစား အစာနှင့် နေရာအရပ် ၅၈
ဘောဂမြို့သို့ ကြွခြင်း ၃၇၉
ဘောဇ္ဈယာဂ (သုတ်) ၅၁၈

WWW.DHAMMARANSI.COM



အက္ခရာစဉ် စာမျက်နှာ

[ မ ]

မအပ်သည်ကို မဆောက်တည်စေရ ၅၀၉
မအပ်သော ရှာမှီးခြင်း ၂၁-ပါး ၁၇၀
မကုဋဗန္ဓနစေတီ ၄၉၇
မကောက်ယူဘူးသော အခွန်ကောက်ခြင်းအပြစ် ၂၀၅
မကောင်းသတင်း(သီလမဲ့သူ၌) ကျော်စောခြင်း ၂၇၇
မကြောက်မရွံ့ အာယုသင်္ခါရလွှတ်ပုံ ၃၅၇
မဂ်ဉာဏ်၏ သစ္စာ ၄-ပါးသိပုံ ၇၆၁
မဂ္ဂါနန္တရဖလသမာပတ် ၃၀၉
မဂ်ဟူသော ပညတ်တရားအကြောင်း ၁၄၅
မဃလုလင် အဖွဲ့သားတို့၏ တမလွန်ဘဝ ၁၀၂
မဃလုလင်၏ ဇနီးလေးယောက် ၉၇
မဃလုလင်တို့အဖွဲ့ အဖမ်းခံရခြင်း ၉၃
မဃလုလင်တို့အဖွဲ့ကို ရွာစားခန့်၍ ဆုလာဘ်ပေးခြင်း ၉၅
မဃလုလင်တို့ အိမ်သားစု၏ ကုသိုလ်များ ၁၀၁
မဃလုလင်ဝတ္ထု ၈၉
မင်္ဂလာပွဲထိုင် အဝတ်ချော အလှူခံခြင်း ၄၀၇
မင်္ဂလာရှိသော အသံ ၄၅၇
မင်းတို့၏ကြီးပွါးကြောင်း တရားခုနစ်ပါး ၂၀၁
မင်းသားနှင့် ဝိညာဏ် ၆-ပါး တူပုံ ၇၀၂-၄

[ မ ]

မစလရွာစား လုယုတ်မာ၏ အကြံ ၉၂
မစိတ္တာ (သိကြားမင်းမိဖုရား) ၉၇
မစ္ဆရိယ၏အခြေခံတရား ၁၁၉
မစ္ဆရိယ ၅-ပါး ၁၁၃
မစ္ဆရိယ ၅-ပါး၏ အပြစ် ၁၁၆
မစ္ဆရိယနှင့် စပ်၍ မှတ်ဖွယ်များ ၁၁၂-၈
မဏ္ဍူကဒေဝပုတ္တဝတ္ထု ၆၁၃
မထေရ်မြတ် ၃-ပါး ဝတ္ထု ၁၇၇
မနန္ဒာ (သိကြားမင်းမိဖုရား) ၉၇
မန္ဒာရဝနတ်ပန်း ၄၉၈
မန္ဒာရဝ နတ်ပန်း လူ့ပြည်၌ ရောက်တတ်ပုံ ၅၀၃
မနာလိုခြင်း ဣဿာ၏ အကြောင်းအရာများ ၁၁၀-၂
မပညတ်သောအရာကို ပညတ်ခြင်း စသည်၏ အဓိပ္ပါယ် ၂၀၅
မမြတ်သော ရှာမှီးခြင်းနှင့် မြတ်သော ရှာမှီးခြင်းများ ၁၆၉
မမှဲ့ဝဲအပ်သော အာရုံများ ၁၇၂
မရဏ၏ အလုပ်ကိစ္စ ၇၃၈
မရဏ ၃-မျိုး ၇၃၄
မလ္လမင်း အားလုံးကိုသတ်၍ မင်းပြုရန် ဗန္ဓုလကြံခြင်း ၁၀
မလ္လမင်းတို့ ရှိခိုးခြင်း ၄၅၈
မလ္လမင်းတို့က ၇-ပြည်ထောင် မင်းတို့ကို အောင်နိုင်ပုံ ၅၂၉
မလ္လမင်းများ ငိုကြွေးပုံ ၄၅၆
မလ္လိကာအား အရှင်သာရိပုတ္တရာ တရားဟောတော်မူခြင်း ၃၁
မလ္လိကာ၏ ဆုတောင်း ၄၉၆

WWW.DHAMMARANSI.COM



အက္ခရာစဉ် စာမျက်နှာ

[ မ ]


မလ္လိကာကိုယ်ဝန်ရ၍ ချင်ခြင်း တပ်ခြင်း ၂၅
မလ္လိကာနတ်သို့ဖြစ်ပုံ ၄၉၉
မလ္လိကာနှစ်ဦး၏ အထူး ၄၅
မလ္လိကာ သားသို့ထွန်းကား လာမည်ကို ဘုရားရှင် မြင်တော်မူခြင်း ၂၅
မသုစမ္မာ (သိကြားမင်း မိဖုရား) ၉၇
မသုဇာ (သိကြားမင်း မိဖုရား) ၉၇
မဟာကရုဏာသမာပတ္တိဉာဏ် ၇၄၅
မဟာကပ္ပိနမင်း စသူတို့၏သဒ္ဓါ ၂၃၇
မဟာကဿပထေရ် ဝတ္ထု ၅၀၂
မဟာကောသလမင်း ၈
မဟာဂတိမ္ဗယ အဘယထေရ် ၂၄၀
မဟာဂီရိရွာ ၂၅၅
မဟာစေတီ ၅၄၀
မဟာနာဂထေရ် ၃၃၀
မဟာနာမမင်း ကျွန်မနှင့် အတူ ထမင်းစားဟန်ဆောင်ပုံ ၁၀
မဟာနာမသာကီဝင်၏ သမီးတော်ဝါသဘခတ္တိယာ ၁၇
မဟာပဒေသ ၄-ပါး ၃၀၄
မဟာလတာတန်းဆာ ဆင်မြန်း နိုင်သူ သုံးဦး ၃၃
မဟာလတာ တန်းဆာဖြင့် ပူဇော်ခြင်း ၄၉၀
မဟာလတာ တန်းဆာရှိသူ ၄၉၀
မဟာလိမင်းသား အခွန်တသိန်း ထွက်သောတံခါးကို အပိုင်စား ရခြင်း ၉

[ မ ]

မဟာလိ လိစ္ဆဝီမင်း မှာကြား လိုက်ပုံ ၂၇
မဟာလိ လိစ္ဆဝီမင်းသား (အကြောင်း) ၈
မဟာသိဝထေရ်၏ဝါဒ ၃၁၉
မဟာသိဝ မထေရ်ကြီးဝတ္ထု ၁၄၈
မဟာသုဒဿနသုတ်ဟောခြင်း ၄၅၅
မာတုဂါမနှင့်စပ်၍ ရဟန်းတို့ ကျင့်သုံးဖွယ် ၄၃၉
မာရ်နတ်အား ပရိနိဗ္ဗာန်စံမည့် အကြောင်း မိန့်တော်မူခြင်း ၃၂၈
မာရ်နတ် တောင်းပန်ခြင်း ၃၂၃
မိတ်ဆွေနှင့် အပေါင်းအသင်း အထူး ၂၃၅
မိတ္တဒုဗ္ဘိမည်သော (ဝိဋူဍူဘ)မင်း ၈
မိမိကိုယ်ကိုသာ မှီခိုရာပြု၍နေပုံ ၃၁၄
မီးမလောင်နိုင်သော ဘုရားရှင် ရုပ်ကလာပ်တော် ၅၁၅
မီးမလောင်သော ပုဆိုး ၂·ထည် ၅၁၉
မီးသွေးကို ပူဇော်ရန် ရသောမင်း ၅၃၄
မုဒိန်းကျင့်ခြင်းအပြစ် ၂၀၀·၉
မုန်းခြင်း၏ အကြောင်းရင်း ၁၁၂·၃
မုန္နာဋ္ဌိ သေသောက်ကြူး ၃၉၆
မွေ့လျော်ရသောကြောင့် နေ့ချင်းပင် မိဖုရားခေါင်ကြီးဖြစ်ခြင်း ၄၆
မေတ္တာ ကာယကံ ၂-မျိုး ၂၄၄·၆
မေတ္တာချစ်နှင့် တဏှာချစ် ဖြစ်ပေါ်ရန် အကြောင်း ၂·ပါး ၅
မေတ္တာမနောကံ ၂-မျိုး ၂၄၅·၈
မေတ္တာဝစီကံ ၂-မျိုး ၂၄၄·၇

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ ] | |
| မေတ္တာ ၃-ပါး (အရှင်အာနန္ဒာ ထားပုံ) | ၄၄၇-၈ |
| မေဒါင္ဂုပြန်ဂိုးသို့ ကောသလ မင်းကြီးသွားခြင်း | ၃၄ |
| မောရိယမင်းတို့နောက်ကျခြင်း | ၅၃၄ |
| မောဟ ၄-ပါး | ၆၉၄ |
| မျက်ကွယ်မေတ္တာ ၃-မျိုး ထားရှိပုံ | ၂၄၈ |
| မျက်မှောက်မေတ္တာနှင့် မျက်ကွယ် မေတ္တာ | ၂၄၈ |
| မျက်မှောက်မေတ္တာ ၃-မျိုး ထားရှိပုံ | ၂၄၈ |
| မျက်မှောက်,မျက်ကွယ် ၂-မျိုးလုံး မေတ္တာ ၃-ပါး ရှိသင့်ပုံ | ၂၄၄-၅ |
| မြင်နိုင်ခဲသော တရား ၄-မျိုး | ၆၉၀ |
| မြင့်မြတ်သော ဘုရားရှင်၏ အလိုတော် | ၁၅၉ |
| မြင်းမိုရ်တောင် | ၆၀၄ |
| မြင်းလိမ္မာ ၄-မျိုးနှင့် ယောကျ်ား လိမ္မာ ၄-မျိုး | ၈၅ |
| မြစ်တွင်း အဆိပ်ခပ်သည့်အကုသိုလ် အကျိုး | ၃၈ |
| မြတ်စွာဘုရား၏ အတောက်ပဆုံး အခါ ၂-ပါး | ၄၀၉ |
| မြတ်စွာဘုရား၏ နောက်ဆုံး သြဝါဒ | ၄၇၆ |
| မြတ်စွာဘုရား၏ မိဖဟောင်း | ၁ |
| မြတ်စွာဘုရားထံသို့ သိကြားမင်း ဆည်းကပ်ခြင်း | ၇၇ |
| မြတ်စွာဘုရား၌ မခံသာအောင် အေးမှု,ပူမှု မရှိခြင်း | ၂၀၁ |
| [ မ ] | |
| မြတ်စွာဘုရား၌ လျှို့ဝှက်ခြင်း မရှိပုံ | ၃၁၃ |
| မြတ်စွာဘုရားပရိနိဗ္ဗာန်စံလောက် အောင် ရောဂါကြမ်း ကပ်ခြင်း | ၃၀၈ |
| မြတ်စွာဘုရား ပွင့်တော်မူသော အခါ နတ်ပြည်စည်ကား ကြောင်း | ၈၂ |
| မြတ်စွာဘုရား ရုပ်ကလာပ်ကို ချီမ၍ မရနိုင်ပုံ | ၄၉၆ |
| မြတ်ဖျားစိန္တေ ပရမေဘို့ သန္တေ ယူခါ(ချီ-လင်္ကာ) | ၃၄၀ |
| မြေကြန်အတတ် | ၂၀၀ |
| မြေ(လျှော)လှုပ်ခြင်းအကြောင်း ရှစ်ပါး | ၃၃၃ |
| မြေထု (အတိုင်းအတာ) | ၆၀၃ |
| မြေပြင်ကို မြေပြင်မှတ်ထင်ပုံ (ရှင်းချက်) | ၄၃၄ |
| မြေလှုပ်ပုံ ၆-မျိုးကို ပြဆိုခြင်း | ၃၃၂ |
| မြို့၏အသံ ၁၀-မျိုး | ၄၅၆ |
| မြို့စောင့်ဥပမာ | ၂၇၀ |
| မြို့စွန်ရွာဖျားဦ တန်ခိုးကြီးယက္ခတို့ အနေများခြင်း | ၅၀ |
| မြို့ရွာနီးကျောင်းအပြစ် | ၂၂၉ |
| မွေးဖွားပြီးနောက် ၉-ရက်မြောက် ကို အမှတ်ရနိုင်သော မထေရ် | ၂၄၀ |
| မှိုဝဲအပ်သော အာရုံများ | ၁၇၂-၄ |
| မှိုဝဲအပ်သော နှလုံးမသာခြင်းနှင့် မမှိုဝဲအပ်သော နှလုံးမသာ ခြင်း | ၁၂၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ မ-ယ ] | |
| မှိဝဲအပ်သော ရုပ်ရုံ့ မမှိဝဲအပ်သော ရုပ်ရုံစသည်များ | ၁၇၅ |
| မှိဝဲအပ်သော လျှစ်လျူရှုခြင်းနှင့် မမှိဝဲအပ်သော လျှစ်လျူရှုခြင်း | ၁၃၀ |
| မှိဝဲအပ်သော ဝမ်းမြောက်ခြင်းနှင့် မမှိဝဲအပ်သော ဝမ်းမြောက်ခြင်း | ၁၂၈ |
| မှုင်းပြာမထင်စေတတ်တော်သော ကျန်ခြင်း | ၅၁၉ |
| ယက္ခနတ်တို့ ခံရမည့် အပြစ်ဒဏ် | ၅၆ |
| ယန္တရား တပ်ဆင်သည့် ဓာတ်တော်တိုက် | ၅၄၄ |
| ယမကပါဋိဟာရိယဉာဏ်တော် | ၇၄၅ |
| ယမကပါဋိဟာရိယပြုရာ အခါ၄-ပါး | ၇၄၅ |
| ယမကပြာဋိဟာပြပုံ (အစီအစဉ်) | ၆၁၈ |
| ယဝနတာဘာသာ (စကား) | ၆၄၇ |
| ယုဂန္ဓိုရ်တောင် | ၆၀၄ |
| ယုတ်ညံ့သောသူနှင့် မပေါင်းခြင်းသည် ကြီးပွါး တိုးတက်ကြောင်း | ၂၃၃ |
| ယုံတမ်းစကားပြောသည့်ဝတ္ထု | ၅၈၇ |
| [ ရ ] | |
| ရင်ကွဲနာကျတတ်ပုံ | ၂ |
| ရတနသုတ် နိဂုံးချုပ် အာသီသ လင်္ကာ | ၇၉၂ |
| ရတနသုတ် ပါဠိအနက် | ၇၆၇ |
| ရတနသုတ် ပဒ်စဉ်ဂါထာ | ၇၉၂ |
| ရတနာတို့ဖြစ်ရာမြေဟု လက်ဖြင့် ပုတ်ခတ်ခြင်း | ၁၉၅ |
| [ ရ ] | |
| ရန်ကင်းလိုလျက် ရန်မကင်းခြင်း အကြောင်း | ၁၁၀ |
| ရန်သူများ ပြေးစေရန် လေး အတတ်ကို ပြကြခြင်း | ၃၉ |
| ရန်သူ လူသတ်သမား ၃-ဦး | ၇၃၇ |
| ရဟန္တာ၏ ဂုဏ်အင်္ဂါ ၂-ပါး | ၇ |
| ရဟန္တာကိုယ်ကို ဖောက်၍ နတ်တို့ မမြင်နိုင်ပုံ | ၄၃၀ |
| ရဟန္တာ မဆိတ်သုဉ်းသော လောက | ၄၆၉ |
| ရဟန္တာရှိနိုင်သည့် သာသနာ | ၄၆၈ |
| ရဟန်း၏ အလိုဆိုးရှိပုံ | ၂၃၅ |
| ရဟန်းတို့အား ဘုရားရှင်က တဖန် ဟောတော်မူခြင်း | ၅၇ |
| ရဟန်းတို့၏ ကြီးပွါးကြောင်း တရား ၆-ပါး | ၂၄၄ |
| ရဟန်းတို့၏ ဓမ္မာနုဓမ္မပဋိပတ် အကျင့် | ၄၂၇ |
| ရဟန်းတို့ကို ဝေသာလီသို့ ဝါ ကပ်စေရာ၌ ရှင်းချက် | ၃၀၈ |
| ရဟန်းတို့ ကြီးပွါးကြောင်း တရား ခုနစ်ပါး | ၂၂၁ |
| ရဟန်း ၂-ပါး ဥပမာ | ၇၄၃ |
| ရဟန်းများ ကြွလာ နေထိုင်ခြင်း၏ အကျိုး | ၂၁၂-၃ |
| ရဟန်းများ ဘုရားရှင်ထံ ဆည်း ကပ်ချိန် ၂-မျိုး | ၄၃၅ |
| ရဟန်းများ ဘုရားရှင် ပရိနိဗ္ဗာန် စံ၍ ငိုကြွေးပုံ | ၄၉၀-၁ |
| ရဟန်းများ မကျက်စားအပ်သော အရပ် ၆-ပါး | ၁၇၀ |

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရဟန်းများ မသွားသင့်သော အိမ် ၉-မျိုး | ၁၄ |
| ရဟန်းများ သွားသင့်သော အိမ် ၉-မျိုး | ၁၅ |
| ရဟန်းမြတ် ၁၂-ယောက် | ၄၆၉ |
| ရာဂဒေါသကင်းပြီး ရဟန်းတို့၏ နှလုံးသွင်းပုံ | ၄၉၁ |
| ရာဂမကင်းသော ရဟန်းများ ငိုကြွေးပုံ | ၄၉၀-၁ |
| ရာဇဂြိုဟ်၌ ဓာတ်တော်အားလုံး စုခြင်း | ၅၄၀ |
| ရာမရွာမှ ဓာတ်တော်များ | ၅၄၀ |
| ရုပ်ကမ္မဋ္ဌာန်းအကြောင်း | ၁၃၄ |
| ရုပ်ကမ္မဋ္ဌာန်းနောက်မှ နာမ်ကမ္မဋ္ဌာန်း ဖော်ရသော သုတ်များ | ၁၃၉ |
| ရူပကာယကြောင့် ရုပ်အကြည်များ ဖြစ်ပုံ | ၃၀၀ |
| ရူပ ၁၆-ဘုံ | ၆၀၃-၀ |
| ရူပဗြဟ္မာဖြစ်သော ဗေဒိမောက္ခ ၃-ပါး | ၃၅၆ |
| ရေအယဉ်ကြီးများ ကောင်းကင်မှ စီးသွင်းခြင်း | ၅၂၀ |
| ရေထုကြီး (အတိုင်းအဆသော) | ၆၀၃ |
| ရေလုံးကြီးများ မြေကိုဖောက်၍ ထွက်လာခြင်း | ၅၂၁ |
| ရှိမ်းပြုသော သောတာပတ်ရဟန်းကြီး၏ စကား | ၅၀၆ |
| ရှင်ပြုမှုကိစ္စ ၃-ရပ် | ၄၇၂ |
| ရှင်မြည်ဘောင်မင်းတို့ ငိုကြွေးပုံ | ၅၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ရ ]** | |
| ရှစ်ယောင်းသောနတ်တို့ သိကြားမင်းနှင့်အတူ သောတာပန် ဖြစ်ကြခြင်း | ၁၉၆ |
| ရှာမှီးခြင်း ၂-မျိုး | ၁၆၃ |
| ရွေးကာကြောင့် မြစ်တွင်းနှင့် ကန်းပေါ် ပြောင်းရွှေ့ အိပ်ကြပုံ | ၄၂ |
| ရွေးဟောင်းကျင့်ထုံးလိုက်နာပုံ | ၂၀၅ |
| **[ လ ]** | |
| လက်ဦးအလှူ ၉-ပါး | ၄၆၂ |
| လက်ဦးဆုံး တရားနာရစေသည့် ကုသိုလ် | ၄၆၂-၃ |
| လက်တွေ့ဖော်ပြနိုင်သောတရား | ၆၅၈ |
| လက်သည်းခွံပေါ်မှ မြေမှုန့် ဥပမာတရား | ၆၅၉ |
| လက္ခဏာရေး ၃-ပါးနှင့် အစွဲ ၃-ပါး | ၇၆၅ |
| လကျာ်စွယ်တော်ကို သိကြားမင်း ခိုးခြင်း | ၅၃၃ |
| လင်ကုသိုလ်ပြု၍ မယားမရနိုင်ပုံ | ၁၀၁-၂ |
| လပနာအာခိပ္ပါယ် | ၁၇၀ |
| လာဘမစ္ဆရိယနှင့် မကောင်းကျိုး | ၁၁၄-၇ |
| လိစ္ဆဝီမင်း ငါးရာတို့ ဗန္ဓုလကို ဖမ်းရန် စစ်ထွက်ကြခြင်း | ၂၆ |
| လိစ္ဆဝီမင်းတို့ ဆွမ်းယပ်မံဖိတ်ရခြင်းအကြောင်း | ၃၀၅ |
| လိစ္ဆဝီမင်းတို့ မြတ်စွာဘုရားကို အဖူးမြော် ရောက်ကြခြင်း | ၃၀၀ |

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ လ ]** | |
| လိစ္ဆဝီမင်းများကို နတ်တို့နှင့် အတူထားရပုံ | ၃၀၃ |
| လူအမျိုးမျိုး မတူခြင်း အကြောင်း | ၇၃၀ |
| လူတယောက်၏ အလုပ် ၆-မျိုး | ၇၀၃ |
| လူတို့၏မမွာနုမမ္မပဋိပတ်အကျင့် | ၄၂၇ |
| လူများအတွက် နတ်တို အိမ်နေ ရာသိမ်းပိုက်ကြခြင်း | ၂၀၀ |
| လူ့ခန္ဓာကိုယ် ဉတုဇရုပ်လှမ်းပုံ | ၁၆၁ |
| လူ့ဘဝမှ စုတေ၍ သိကြားဖြစ် ပြန်ခြင်း | ၁၉၁ |
| လေထုကြီး(အတိုင်းအတာ) | ၆၀၃ |
| လေးကျွန်းပုံသဏ္ဍာန် | ၆၀၆ |
| လေးလကြိမ်စည်ထားသောပုဏ္ဏာ | ၅၈၀ |
| လောကဥ္စ ရဟန္တာမဆိတ်သုဉ်း | ၄၆၉ |
| လောကယူပုံ ၂-မျိုး | ၅၉၃-၅ |
| လောကဝိဒူ ဂုဏ်တော်(အဖွင့်) | ၅၉၃ |
| လောက ၃-ပါး | ၅၉၅ |
| လောကိစိတ္တိသာရိယ ဘုန်းတော် ၈-ပါး | ၆၂၀ |
| လောကုတ္တရာတရားအား လျော် သော ပဋိပတ်အကျင့် | ၄၂၇ |
| လောမဝေမြေင်းနှင့် တူသူ | ၈၅-၆ |
| လောဟပါသာဒ၌ ရဟန်းတို့ စည်းဝေးပုံ | ၄၃၅ |
| လိုချင်ခြင်း တဏှာဆန္ဒကြောင့် ချစ်ခြင်း မုန်းခြင်း ဖြစ်ရပုံ | ၁၂၂ |
| လိုဏ်နှင့်ဂူတို့ ထူးခြားပုံ | ၆၁ |
| လျစ်လျူရှုခြင်း ၂-မျိုး | ၁၃၀ |
| လှည်းဝါးရာ ဖြတ်သွားသည်ကို မသိသူ | ၄၀၁ |
| **[ လ-ဝ ]** | |
| လျို့ဝှက်သော ဓာတ်တော် တိုက်ကြီး | ၅၃၉ |
| ဝင်္ဂတော် ၁၂-ပါး အကြောင်း | ၃၉၆ |
| ဝဏ္ဏမစ္ဆရိယနှင့် မကောင်း ကျိုး | ၁၁၄-၇ |
| ဝန်တိုခြင်း မစ္ဆရိယ အကြောင်းအရာ | ၁၁၂-၈ |
| ဝမ်းမြောက်ခြင်း ၂-မျိုး | ၁၂၈ |
| ဝမ်းမြောက်မှုကို ရရှိခြင်း | ၁၈၆ |
| ဝမ်းသွေးသွန်ခြင်းနှင့် စပ်၍ မှတ်ဖွယ် | ၃၉၃ |
| ဝရုဏစသော အသက်ရှည် နတ်တို့ ပန်းကုံးပုံ | ၄၂၃ |
| ဝလဉ္ဇနဖလသမာပတ် | ၃၁၀ |
| ဝလဉ္ဇန သမာပတ် (အဓိပ္ပါယ်) | ၄၁၄-၆ |
| ဝလဉ္ဇနသမာပတ် ကုဋ္ဌေ နှစ်သန်းလေးသိန်း | ၄၀၅ |
| ဝဿကာရပုဏ္ဏား၏ အကြံပေး ချက်များ | ၂၁၆ |
| ဝါဒပြိုင်သူတို့၏ နည်းပရိယာယ် များ | ၅၀၄ |
| ဝါဒရှင်တိုင်း နိဗ္ဗာန်မရနိုင် | ၁၀၃ |
| ဝါသနာဓာတ်ကိုပယ်ခြင်း | ၅၆၄ |
| ဝါသဘခတ္တိယာ မိဖုရားခေါင်ကြီး | ၁၇ |
| ဝါသဘခတ္တိယာ လျှို့ဝှက် သတင်းပို့ခြင်း | ၂၁ |
| ဝါသေဋ္ဌအနွယ် မလ္လမင်းများ | ၄၅၇-၈ |
| ဝါးအစည်းခြောက်ဆယ်ကို မန္တလ ခုတ်ဖြတ်ဟန် | ၉ |
| ဝိဇ္ဇာစရဏသမ္ပန္န ဂုဏ်တော် (အဖွင့်) | ၅၇၀-၅ |

အက္ခရာစဉ် စာမျက်နှာ

[ ဝ ]

ဝိဇ္ဇာ ၃-ပါး ၈-ပါး ၇၇၀-၁
ဝိညာဉ် ၆-ပါးနှင့် မင်းသား တူပုံ ၇၀၂-၄
ဝိညာဏပစ္စယာ နာမရူပံ (အဖွင့်) ၇၀၄
ဝိဋူဍဘ အမည်ရခြင်း အကြောင်း ၁၉
ဝိဋူဍဘအား ရှိမခိုးရအောင် ကြံပုံ ၂၁
ဝိဋူဍဘ ကျွန်မသားဖြစ်ကြောင်း လျှောက်ထားကြခြင်း ၂၂
ဝိဋူဍဘ စစ်သေနာပတိ ဖြစ်လာပုံ ၂၀
ဝိဋူဍဘတို့ သားအမိ ရာထူးမှ အချခံရခြင်း, ရာထူး ပြန်ရခြင်း ၂၃
ဝိဋူဍဘမင်းအကြောင်း ၈
ဝိဋူဍဘမင်း ပရိသတ်နှင့်တကွ ပျက်စီးခြင်း ၄၁
ဝိနည်းပိဋကလာ မဟာပဒေသ ၃၀၄
ဝိနယလေးပါး ၃၀၇
ဝိနိစ္ဆယ ၂-မျိုး ၁၂၅
ဝိနိစ္ဆယဝိတက်ကြောင့် လိုချင်ခြင်း တဏှာဆန္ဒဖြစ်ရပုံ ၁၂၄
ဝိပါက်ဝိညာဉ် ၆-ပါး ၇၀၂
ဝိပလ္လာသ ၁၂-ပါး ၃၂၀
ဝိပဿနာရှုရန် ပွါးသော ဘာဝနာ ၆၈၇
ဝိပဿနာသို့ အနုသာတိမှ တက်ပုံ ၆၈၈-၉
ဝိပါကညာဏ် ၇၄၇
ဝိပါကသမင်္ဂီတာ ၇၀၀

အက္ခရာစဉ် စာမျက်နှာ

[ ဝ ]

ဝိဘဇ္ဇဗျာကရဏီယ အမေး အဖြေ ၃၇၅
ဝိမောက္ခ ၈-ပါး(အကျယ်) ၃၅၄-၇
ဝိမောက္ခ ၈-ပါးတို့ကို ဟော တော်မူခြင်းအကြောင်း ၃၅၆
ဝိမောက္ခ ၈-ပါး ဝင်စားရခြင်း အကျိုး ၃၅၆
ဝိမောက္ခဟူ၍ ခေါ်ရခြင်း (အဓိပ္ပါယ်) ၃၅၆
ဝိသာခါ ဘုံစဉ်စံပုံ ၁၉
ဝိသဇ္ဇနဆန္ဒ ၁၂၃
ဝီရိယရှိသူ ၂-မျိုး ၂၃၉
ဝေဇယန္တာပြာသာဒ်ကို တုန် လှုပ်စေသူ ၃၃၉
ဝေဒနာကမ္မဋ္ဌာန်း ၁၂၇
ဝေဒနာကို ရှင်းပြချက် ၇၁၆
ဝေဒနာ ၆-ပါးဖြစ်ပုံ ၇၁၅
ဝေဒနာပစ္စယာ တဏှာ(အဖွင့်) ၇၁၇
ဝေပစိတ္တိအသုရာ ၁၀၇
ဝေရ=ရန်သူ ၅-ပါး ၄၂၇
ဝေသာရဇ္ဇဉာဏ်တော် ၄-ပါး ၆၄၉
ဝေသာလီတပြည်လုံး ပျက် ပြုန်းခြင်း ၂၁၉
ဝေသာလီပြည် အမ္ဗပါလီ သရက်ဥယျာဉ်သို့ကြွတော် မူခြင်း ၂၉၈
ဝေသာလီပြည်ကို နောက်ဆုံး ကြည့်တော်မူခြင်း ၃၃၄
ဝေသာလီပြည် ပျက်စီးခြင်း ၂၁၅
ဝေဿကာရပုဏ္ဏားအစွမ်း ၂၁၄-၅
ဝေဠုဝရွာ၌ နောက်ဆုံး ဝါကပ်တော်မူခြင်း ၃၀၇


WWW.DHAMMARANSI.COM

WWW.DHAMMARANSI.COM




| အကြောင်းအရာ | စာမျက်နှာ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| [ သ ] | | [illegible] | |
| သကဒါဂါမိမဂ်ဉာဏ်ရရှိသော လူ့ဘဝလာတိုးသက်ရှည်ခြင်း | ၁၃၀ | [illegible] | [illegible] |
| သကဒါဂါမိနှိုးနိုင်သည့်သာသနာ | ၆၆၀ | [illegible] | [illegible] |
| သက်ရှိ သက်မဲ့ ဝေဒနာဝါကို | ၃၇၄ | [illegible] | [illegible] |
| သက္ကပဉ္စသုတ်ကိုဟောတော်မူခြင်း | ၆၀ | [illegible] | [illegible] |
| သက္ကပဉ္စသုတ်၌ ဗျပ်ကမ္မဋ္ဌာန်း ဟော မဟာဆိုးပြတ်ချက် | ၁၄၀ | သဒ္ဒါ ၄-မျိုး | [illegible] |
| သက္ကပဉ္စဟု ခေါ်တွင်ကြောင်း | ၁၉၆ | [illegible] | [illegible] |
| သက္ကာယဂရဲဆိုးနှင့်အကုသိုလ် မီးလျှံ | ၇၁၁ | [illegible] | [illegible] |
| သက်နှင်းချင်း(ဘုရားရှင်)လဲပုံ | ၅၁၃ | [illegible] | [illegible] |
| သင်္ခါရပစ္စယာဝိညာဏ်(အမှင့်) | ၆၉၉ | [illegible] | [illegible] |
| သင်္ခါရလောကအမျိုးမျိုး | ၅၉၆-၇ | [illegible] | [illegible] |
| သင်္ခါရ ၃-ပါး | ၆၉၄ | [illegible] | [illegible] |
| သင်္ဂုန်းအိတ်ကို မဆောင်ရသော ရဟန်း | ၅၀၉ | [illegible] | [illegible] |
| သစ္စာဆိုမှုကြောင့် ဆင်မနင်း ပုံ | ၈၄ | [illegible] | [illegible] |
| သစ္စာသည် မှီခိုအားထားရာ ဖြစ်ပုံ | ၈၄ | [illegible] | [illegible] |
| သစ်ပင်ကြီး ၇-ပင် | ၆၀၅၆ | [illegible] | [illegible] |
| သစ်ပင် သစ်စေ့ အပြန်အလှန် ဖြစ်ပုံ | ၇၀၀ | [illegible] | [illegible] |
| သည်းခံခြင်းသည် ဘုရားရှင်၏ ဝါဒ | ၅၃၁ | [illegible] | [illegible] |
| သတိသမ္ပဇဉ်ရှိသည်ဖြစ်၍ တရားနှင့်မွေ့လျော်နေ ရခြင်း | ၁၃၀ | [illegible] | [illegible] |
| သတိရှိလျက် အာယုသင်္ခါရ လွှတ်တော်မူပုံ | ၃၃၀ | [illegible] | [illegible] |

WWW.DHAMMARANSI.COM



အက္ခရာစဉ် စာမျက်နှာ

[ သ ]


သဗ္ဗညုဘုရားတို့ ဖိတ်မန်
စကား ၁၀၉
သဗ္ဗညုမဟုတ်ပဲ သဗ္ဗညုဟု
ဝန်ခံသူ ၆-ဦး ၄၆၆
သဗ္ဗတ္ထဂါမိနီ ပဋိပဒါဉာဏ် ၇၄၇
သဗ္ဗာဘိဘူပစ္စေကဗုဒ္ဓါ ၃၉၇
သမင်ခြေရာကောက်နည်း ၁၃၈-၉
သမဂ္ဂီတာ ၄-ပါး ၇၀၀
သမဏဗြာဟ္မဏတိုင်းနိဗ္ဗာန်မရပုံ ၁၈၁
သမ္မာသမ္ဗုဒ္ဓဂုဏ်တော်
(အဖွင့်) ၅၆၉-၅၇၀
သမ္မုတိမရဏ ၄-ပါး ၇၃၆
သမာဓိ၏ အဓိပ္ပါယ် ၂၆၇
သမာဓိရှင် ၂-ဦးတို့၏
ခြားနားချက် ၄၀၃
သမာဓိ သံဝတ္တနိက သီလမည်ပုံ ၂၆၅
သမာဓိ၌တည်၍ ဖြစ်စေအပ်သော
ပညာ၏အဓိပ္ပါယ် ၂၆၇
သမာပတ် ကုဋေ ၂-သန်း
၄-သိန်း ၄၁၄
သမာပတ် ၉-ပါး ဘုရားရှင်
ဝင်စားပုံ ၄၈၃-၅
သမုစ္ဆေဒမရဏ ၇၃၅
သမုဒ္ဒြာအတွင်း ရေလိုက်
ဖန်ဆင်းနေသော မယေရ် ၃၃၈
သရဏဂုံမှ ဂေါတြဘုအထိ
ဓမ္မာနုဓမ္မမည်ပုံ ၄၂၇
သရီရဓာတ်တော်ကို စေတီ
တည်ရခြင်း ၅၀၁
သရီရဓာတ်တော်များ
အကြောင်း ၅၁၉
သလဠာဂါရကျောင်းတော် ၈၀

[ သ ]

သလ္လသုတ်ကို ဟောတော်မူခြင်း ၃၂
သဝိတက္ကသဝိစာရသောမနသ်,
သဝိတက္ကသဝိစာရဒေါမနသ်,
သဝိတက္ကသဝိစာရ-
ဥပေက္ခာ ၁၄၂-၁၆၀
သဠာယတနပစ္စယာ ဖဿော
(အဖွင့်) ၇၁၁
သဟမ္ပတိဗြဟ္မာ၏သံဝေဂ
ဂါထာ ၄၈၇
သာကီဝင်မင်းတို့ ဇာတိမာန်
ခက်ထန်ကြပုံ ၂၁
သာကီဝင်တို့ လေးအတတ်
ပြကြခြင်း ၃၉
သာကီဝင်မင်းတို့၏
ရှေးအကုသိုလ်ကံ ၄၃
သာကီဝင်တို့၏ နန်းတော်ကို
ဝိဋူဍဘ ကြည့်ရှုလိုခြင်း ၂၀
သာကေတပုဏ္ဏားကြီး
ဇနီးမောင်နှံအကြောင်း ၁
သာဓုကီဠနသဘင် ၅၂၁-၃
သာမိစိပ္ပဋိပန္နဂုဏ်တော်
(အဖွင့်) ၆၇၃-၅
သာရဏီယအကျိုးပြဝတ္ထုများ ၂၅၅
သာရဏီယဝတ်ကို ဖြည့်ကျင့်
ရခြင်းအကျိုး ၆-ပါး ၂၅၄
သာရဏီယဝတ်နှင့် စပ်၍
သိမှတ်ဖွယ် ၂၅၀
သာရန္ဒဒနတ်ကွန်းကျောင်း ၂၁၃-၄
သာဝကပုဒ် အဓိပ္ပါယ် ၆၇၁
သာဝကသံဃာအရေအတွက် ၆၇၁
သာသနာ အရှည်တည်တံ့ရေး
တရား ၃၇-ပါး ၃၇၁

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သာသနာ တည်တံ့ရေးတရား | ၃၇၁ |
| သာသနာပြင်ပ၌ အရိယာ မရှိနိုင် | ၄၆၉ |
| သာဠမည်သူ၏ လားရာ | ၂၉၂ |
| သားမြီးဖျား တခထောက်စာ၌ နတ်ပြဟ္မာတကျိပ်နေပုံ | ၄၃၀ |
| သားသမီးမထွန်းကားရ၍မလိုကာ အနှင်ခံရခြင်း | ၂၄ |
| သိက္ခာပုဒ် အသစ်ထားခြင်း | ၂၂၆ |
| သိက္ခာပုဒ်အားဖြင့် မိုးအပ် သောတရား ခွဲပြပုံ | ၁၆၈-၉ |
| သိကြားမင်း စည်းစိမ် ပျက်စီး ရတော့မည်ကြောင့် ထိတ်လန့်ပုံ | ၆၃ |
| သိကြားမင်း တရားစီရင်ပုံ | ၇၉ |
| သိကြားမင်း နတ်တို့နှင့် ဘုရားထံ သွားခြင်း | ၆၅ |
| သိကြားမင်း နည်းပရိယာယ် ဆင်ပုံ | ၁၅၄ |
| သိကြားမင်းနှင့် မြတ်စွာဘုရား အမေးအဖြေများ | ၁၀၉ |
| သိကြားမင်း ပရိနိဗ္ဗာန်စံမည့်ပုံ | ၁၉၁ |
| သိကြားမင်း သိကြားဘဝ အသစ်ကို ရရှိခြင်း | ၁၆၀ |
| သိကြားမင်း ဘဝသစ်ရခြင်း | ၁၆၀ |
| သိကြားမင်းရသည့် အကျိုးထူး ၆-ပါး | ၁၉၂ |
| သိကြားမင်း၏ ဘုရားရှိခိုး ဂါထာ | ၁၉၃ |
| သိကြားမင်း၏ အသုံးအဆောင် များ | ၁၀၂ |
| သိကြားမင်း၏ သံဝေဂဂါထာ | ၄၈၈ |
| [ သ ] | |
| သိကြားမင်း၏ မိဖုရားများ | ၉၇ |
| သိကြားမင်း လာရောက်၍ ခြေဆေးပေးခြင်း | ၁၅၄ |
| သိကြားမင်း သေအံ့သော ပုဗ္ဗနိမိတ် ဖြစ်ပေါ်ခြင်း | ၆၂ |
| သိကြားမင်း သောတာပန် တည်ခြင်း | ၁၅၉ |
| သီလ စင်ကြယ်ခြင်း စသည်မျှဖြင့် ရပ်နားမနေသင့်ပုံ | ၂၃၅ |
| သီလ၏ အဓိပ္ပါယ် | ၂၆၇ |
| သီလ ပျက်စီးသူ၏အပြစ် ၅-ပါး | ၂၇၂ |
| သီလရှိသူ၏အကျိုး ၅-ပါး | ၂၇၆ |
| သီလဗ္ဗတုပါဒါန်အကြောင်း | ၇၂၀ |
| သီလရနံ့၏အစွမ်း | ၁၅၅ |
| သီလ,သမာဓိ,ပညာကိုသာ ဟောတော်မူခြင်း | ၂၆၅ |
| သီလ၏ မကျိုး,မပေါက်,မကျား, မပြောက်ပုံ | ၂၆၃ |
| သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိ၏ အဓိပ္ပါယ် | ၂၆၇ |
| သီဟိုဠ်ကျွန်း၌ ရဟန်းများ စည်းဝေးချိန် ၂ မျိုး | ၄၃၅ |
| သီချင်းသံကို ဘုရားရှင် ချီးမွမ်း ခြင်းအကြောင်း | ၇၅ |
| သုဂတာဂုဏ်တော် (အဖွင့်) | ၅၇၅ |
| သုတ္တ အဓိပ္ပါယ် | ၃၀၇ |
| သုတ္တန် ပိဋကလာ မဟာပဒေသ | ၃၀၄ |
| သုတ္တာနုလောမ အဓိပ္ပါယ် | ၃၀၇ |
| သုဒတ္တ မည်သူ၏လားရာ | ၂၉၂ |
| သုဓမ္မာစရပ်အမည် ဖြစ်ပုံ | ၉၇-၁၀၀ |
| သုဓမ္မာစရပ် သုံးပိုင်းခွဲပုံ | ၁၀၀ |
| သုနက္ခတ်ပရိဗိုဇ်မ | ၃၉၇ |

WWW.DHAMMARANSI.COM



| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |


[ သ ]

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| သုပ္ပဋိပန္နဂုဏ်တော် | ၆၇၂-၄ |
| သုပ္ပဝါသာသူဌေးကတော်အိမ်၌ ရဟန်း ၅၀၀-နေ့စဉ် ဆွမ်းဘုဉ်းပေးခြင်း | ၁၁ |
| သုဘဒ္ဒ၏အတိတ်အကြောင်း | ၄၆၁ |
| သုဘဒ္ဒပရိဗိုဇ်ရဟန်းပြုခြင်း | ၄၇၀ |
| သုဘဒ္ဒပရိဗိုဇ်ရဟန္တာဖြစ်ခြင်း | ၄၇၀ |
| သုဘဒ္ဒပရိဗိုဇ်-မူကွဲရှင်းချက် | ၄၇၃-၆ |
| သုဘဒ္ဒပရိဗိုဇ်ဝတ္ထု | ၄၆၀ |
| သုဘဒ္ဒမည်သူ၏လားရာ | ၂၉၂ |
| သုဘဒ္ဒ ခ-ဦး ထူးခြားပုံ | ၄၆၁ |
| သုဘဒ်တောထွက်ရဟန်းကြီး | ၅၀၆ |
| သုဘဒ်ပရိဗိုဇ်၏အမေးပုစ္ဆာ | ၄၆၆ |
| သုရဘိပစ္စေကဗုဒ္ဓါ | ၃၉၆ |
| 'သူကရမဒ္ဒဝ' အရ အယူ အဆများ | ၃၉၁ |
| သုဇာအတွက် မင်္ဂလာပွဲ ကျင်းပခြင်း | ၁၀၇ |
| သုဇာ အသုရာနတ်မင်းကြီး သမီး | ၁၀၆ |
| သုဇာ၏ဆုတောင်း | ၁၀၈ |
| သုဇာပျိုင်းမ အိုးထိန်းသည် သမီး ဖြစ်ခြင်း | ၁၀၅ |
| သုဇာဇျိုင်းမ ငါးပါးသီလ ကျင့်သုံးခြင်း | ၁၀၄ |
| သူတော်ဥစ္စာ ၇-ပါး | ၅၇၃ |
| သူရိယဝစ္ဆသာကို ပဉ္စသိခ နတ်သားရခြင်း | ၁၉၅ |
| သူရိယဝစ္ဆသာနတ်သမီး၏ အလှဖွဲ့များ | ၆၇-၇၄ |
| သေနကျောင်းနေ တိဿထေရ် | ၂၅၅ |
| သေနိယတက္ကတွန်းအကြောင်း | ၇၂၁ |

[ သ ]

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| သေရမည့်အချိန် မရအောင် အလုပ်မများပုံ | ၁၅၀ |
| သေသူတို့၏လားရာကို ဟော ကြားပုံ | ၂၉၂ |
| သောကကို ပယ်ဖျောက်ပေး မည့်သူ ဘုရားမှတပါး မမြင်တွေ့ရပုံ | ၆၃ |
| သောက စသည့် အဖွင့် | ၇၃၀ |
| သောတာပန် ရှိနိုင်သည့် သာသနာ | ၄၆၀ |
| သောမနဿ ၂-မျိုး | ၁၂၀ |
| သောက်ရေဆောင်စေတော် မူခြင်း | ၃၉၄ |
| သံဂါယနာတင်ရသည့် အကြောင်းများ | ၅၁၃ |
| သံဂါယနာတင်ရန် ဆုံးဖြတ် ခြင်း၏အကြောင်း ၈-မျိုး | ၅၁၄ |
| သံဂါယနာ သုံးတန် | ၃၈၈ |
| သံဃဂုဏ်ကို အကြောင်း အကျိုးခွဲပုံ | ၆၇၂ |
| သံဃဂုဏ်တော်ကိုးပါး | ၆၆၇ |
| သံဃဂုဏ်၌ မတုန်မလှုပ် ကြည်ညိုပုံ | ၂၉၇ |
| သံဃပုဒ် အဓိပ္ပါယ် | ၆၇၂ |
| သံဃရက္ခိတသာမဏေဝတ္ထု | ၃၇၇ |
| သံဃာ၏အကြောင်း ဂုဏ် ၄-ပါး နှင့် အကျိုး ဂုဏ် ၅-ပါး | ၂၉၇ |
| သံဃာကို အားပေးစကား မိန့်ကြားပုံ | ၅၇၉ |
| သံဃာနုဿတိဘာဝနာ | ၆၀၄ |
| သံဃာနုဿတိဘာဝနာအကျိုး | ၆၀၆ |
| သံဃာ ၄-စုံ ၈-ပါး | ၆၇၅ |

WWW.DHAMMARANSI.COM




| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ သ ] | |
| သံဝေဂကထာများ | ၄၀၃ |
| သံဝေဂရစေမည့် ဌာန ၄-ပါး | ၄၃၅ |
| သံသရာရထားကြီး | ၅၆၆ |
| သံသရာ၏ ရှေ့ပိုင်းဝဋ်မြစ် | ၆၉၃ |
| သံသရာ ချဲ့တတ်သော ပပဉ္စတရား | ၁၂၆-၇ |
| သံသရာ၌ ချမ်းသာဖြင့် မွေ့လျော်သူ ၃-ဦး | ၁၉၂ |
| [ သ-ဟ ] | |
| သွာက္ခာတဂုဏ်တော်(အဖွင့်) | ၆၄၁ |
| ဟတ္ထကဗြဟ္မာအကြောင်း | ၄၃၄ |
| ဟတ္ထိရွာသို့ ကြွခြင်း | ၃၇၉ |
| ဟိမဝန္တာတောင် | ၆၀၅ |
| ဟိရညဝတီမြစ် | ၄၁၇ |
| ဟိရီ၊ဩတ္တပ္ပတို့၏ ထူးခြားပုံ | ၂၃၀ |
| ဟောရန်ခက်သော တရား ၄-မျိုး | ၆၉၀ |


ပ၊ မ၊ သ၊ စ - ၆၀/ ၅၊ ၁၂၊ ၉၅ (၅၀၀၀) လစ်သို့